www.burmeseclassic.com

# ရွှေဥဒေါင်း

# ဝတ္ထုတိုပေါင်းချုပ် ပထမတွဲ

## (လူညံ့စားဝန်ဝန် လောကဓံ ဝတ္ထုတိုများ)



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

စိတ်ကူးချိုချိုစာအုပ်

# ရွှေဥဒေါင်း

# ဝတ္ထုတိုပေါင်းချုပ်ဆဋ္ဌမတွဲ

၂၀၀၆ ခုနှစ်၊ နိုဝင်ဘာလ
ပထမအကြိမ် (ဝတ္ထုတိုပေါင်းချုပ်)

www.burmeseclassic.com

www.burmeseclassic.com

ရှေ့ဦးဒေါင်း ဝတ္ထုတိုပေါင်းချုပ် ဆဋ္ဌမတွဲ

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၄၈၇၀၆၁၁ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၄၂၀၀၆၁၂ တို့ဖြင့်

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာအုပ်တိုက်၊ ၈၅၊ ၁၆၄ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်နှင့် ပုံနှိပ်သူ - ဦးနိုင်ဦး၊ ငွေပြည်တော်ပုံနှိပ်တိုက်၊ သိမ်ဖြူလမ်း၊ ရန်ကုန်တို့က ပထမအကြိမ် စောင်ရေ- ၅၀၀ ရိုက်နှိပ်ကာ ၂၀၀၇ ခု၊ ဇန်နဝါရီလတွင် တန်ဖိုး ၂၈၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

စာအုပ်ချုပ် - ကိုမြင့်

# မာတိကာ

| | | |
|---|---|---|
| ၁။ | ယောက်ျားဘသား | ၁ |
| ၂။ | မောင်သိန်းတင်၊ မသိန်းရှင် | ၄၈ |
| ၃။ | ဓားမြှောင်နှင့် မောင်းချွား | ၆၆ |
| ၄။ | မင်းကတော် မမြမေ၏ အရှက်တော်ပုံ | ၈၁ |
| ၅။ | ရုပ်ခွဲနာမ်ခွဲ | ၉၂ |
| ၆။ | ငါးရာတမ်း | ၁၀၆ |
| ၇။ | ဖြတ်လမ်းကြိုက်သူ | ၁၂၀ |
| ၈။ | ဦးသီဟန်၏ ဖြောင့်ချက် | ၁၃၄ |
| ၉။ | ကိုယ့်အတာတ်နဲ့ ကိုယ်ပတ် | ၁၅၂ |
| ၁၀။ | ဘဝရေစက် | ၁၆၈ |
| ၁၁။ | ကစားတိုင်းနိုင်သောနည်း | ၁၇၉ |
| ၁၂။ | ကျားသည် လူကို အဘယ့်ကြောင့်ကိုက်သနည်း | ၁၈၇ |
| ၁၃။ | မေတ္တာသက်စေသော မုသား | ၂၀၉ |
| ၁၄။ | နဂါးခံတွင်းဂူကြီး | ၂၂၃ |
| ၁၅။ | အံ့ဖွယ်ရောဂါ | ၂၄၆ |
| ၁၆။ | ပင်္ဂိုသန္ဓေမှ ကုသိုလ်ကံထောက်ပံ့သော်လည်း | ၂၆၆ |
| ၁၇။ | ကံကောင်းလို့ မသေ | ၂၈၈ |
| ၁၈။ | ကံကောင်းတဲ့ ခွေး | ၃၀၆ |
| ၁၉။ | သခင်ကျောက်ဖလူး | ၃၂၅ |
| ၂၀။ | စက္ကူမီးအိမ် သုံးလုံးထွန်းသောအိမ် | ၃၄၃ |
| ၂၁။ | အင်္ဂါဂြိုဟ်၌ လူရှိသလော | ၃၅၆ |
| ၂၂။ | လူဆိုးခေတ် | [illegible] |
| ၂၃။ | ထီးကိုး | [illegible] |
| ၂၄။ | ကာလယန္တရား | [illegible] |

www.burmeseclassic.com

www.burmeseclassic.com

# ယောက်ျားဘသား

အခန်း ( ၁ )

လန်ဒန်မြို့၊ ဆိုပ်ကမ်းသာလမ်းရှိ အမျိုးသားပျော်ပွဲစားရုံကြီး၌ တစ်နေ့သော ညနေခင်းအချိန်တွင် မြန်မာလူမျိုး လူငယ်တစ်စုတို့သည် လက်ဖက်ရည်သောက်ရင်း ပျော်ရွှင်စွာ စကားပြောလျက်ရှိကြ၏။ ၎င်းပျော်ပွဲရုံမှာ အခြားသော ကုလား၊ တရုတ်လက်ဖက်ရည်ဆိုင်များထက် အနည်းငယ် ဈေးကြီးမြင့်သော်လည်း သပ်ရပ်ခန့်နားစွာ ခင်းကျင်းထားသည်တစ်ကြောင်း၊ ဆိုင်ရှင်လင်မယားတို့၏ လောကဝတ်ပျူငှာ ရှိခြင်းကြောင့်တစ်ကြောင်း၊ ဟိုက်ကွတ်လွှတ်တော်နှင့် အတွင်းဝန်ရုံးကြီးများမှ စာရေးစာချီတို့သည် ထိုဆိုင်ကို ချီးမြှင့်ကြသဖြင့် အလွန်တရာ လူသန့်သော ပျော်ပွဲရုံကြီး ဖြစ်လေသည်။ ၎င်းစာရေးစာချီများသည် တစ်ရုံးစီပင် အလုပ်လုပ်ကိုင်ကြသော်လည်း ထိုပျော်ပွဲရုံအတွင်း၌ တွေ့ဆုံဖန်များသည်ဖြစ်သောကြောင့် ဖောက်သည်မှန်သမျှတို့သည် တစ်ယောက်နှင့်တစ်ယောက် မိတ်ကျွမ်းဝင်နေကျ သူငယ်ချင်းများသဖွယ် ရယ်မောကာ အရောတဝင် စကားပြောဆိုတတ်ကြလေသည်။

ကျွန်ုပ်တို့ ရေးသားဖော်ပြလျက်ရှိသော ညနေခင်းအချိန်၌ကား တစ်ခုသော ထောင့်တွင် တည်ခင်းထားသော ကျောက်စားပွဲကြီး၌ ခြောက်ယောက်မျှသော လူငယ်စုတို့သည် ဘောလုံးပွဲအကြောင်းကို ပြောလျက်ရှိရာမှ ဘိုင်စကုပ်များ

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကို ဆက်မိကြလေရာ ၎င်းတို့အနက် တစ်ယောက်သောသူမှာ ဘိုင်စကုပ်ဇာတ်လိုက်တစ်ယောက် ဖြစ်လေသည်။ ဇာတ်လိုက်မောင်သန်းညွှန့်မှာ အင်္ဂလိပ်စာတတ် ဇာတ်လိုက်တစ်ယောက်ဖြစ်၍ နာမည်ကျော်ဇာတ်ကားကြီးများတွင် ပါဝင်ကပြခဲ့ဖူးသည်ဖြစ်ရကား၊ ဘိုင်စကုပ်အကြောင်းကို စကားစပ်မိကြသည်နှင့် တစ်ပြိုင်နက် တစ်ဦးတည်း ကန့်ထရိုက်ခံ၍ စကားပြောဆိုလျက် ရှိလေ၏။ ထိုအခါက အော်လံပီယာရုံကြီးတွင် ပြသလျက်ရှိသော သံလက်သီးအမည်ရှိကားမှာ အလွန်တရာ လူကြိုက်များလှသည်ဖြစ်သောကြောင့် တနင်္ဂနွေလေးပတ်ပင် ပြပြီးသော်လည်း လူစည်ကားလှ၍ တိုးမပေါက်နိုင်အောင် ရှိသေးသည်ဖြစ်ရာ ၎င်းကား၌ ဇာတ်လိုက်မှာ မောင်သန်းညွှန့်ပင် ဖြစ်လေသည်။ ထိုကား၌ ဇာတ်လိုက်သည် ဂုဏ်သရေရှိ မိကောင်းဖခင်သားတစ်ယောက် ဖြစ်ပါလျက် အိမ်များကို တိတ်တဆိတ်ဖောက်ထွင်း၍ မီးခံသေတ္တာများကို နောက်ဆုံးပေါ်ပေါက်သည့် လက်နက်ကိရိယာများနှင့် ဖွင့်ရသောအခန်းများလည်း ပါရှိလေရာ မောင်သန်းညွှန့်သည် မီးခံသေတ္တာကို ဖွင့်နိုင်သော သူခိုး၏ ဂုဏ်အရည်အချင်းကို ချီးမွမ်းဖွယ်တစ်ခု ဖြစ်လေအောင် အကျယ်တဝင့် ထုတ်ဖော်ပြောဆိုလျက် ရှိလေ၏။ ကြားရသူများသည်လည်း ထိုအကြောင်းကို မောင်သန်းညွှန့်၏ နှုတ်မှ ညနေတိုင်းလိုပင် ကြားခဲ့ရသည်ဖြစ်သောကြောင့် နားငြီးလှသော်လည်း အားနာနာနှင့် နားထောင်လျက်ရှိကြစဉ် အသက်သုံးဆယ်အရွယ်ခန့်ရှိ လူတစ်ယောက်သည် ဆိုင်တွင်းသို့ ဝင်လာလေ၏။

ထိုဝိုင်း၌ရှိသော လူငယ်များသည် ထိုသူအား လောကဝတ်ပျူငှာ သူ့ထက်ငါ ဖိတ်ကြားခေါ်ငင်ကြပုံကို ထောက်သည်ရှိသော် နောက်ဝင်လာသောလူသည် ၎င်းပျော်ပွဲရုံ၌ လူချစ်များသော လူတစ်ယောက်ဖြစ်ဟန် လက္ခဏာ ရှိပေသည်။ ၎င်းမောင်တင်မြင့်မှာ အရပ်အမောင်း ထောင်ထောင်မောင်းမောင်းနှင့် လုံးကြီးပေါက်လှဖြစ်၍ ၎င်း၏ အရုပ်အရည်မှာ ဇာတ်လိုက်မောင်သန်းညွှန့်ကဲ့သို့ ချောမောလှပသည်ဟု မဆိုနိုင်ငြားသော်လည်း ခံ့ညားသော ကာယဗြေနှင့် ပြည့်စုံသည့်ပြင် ၎င်းကို မြင်ရသူအပေါင်းတို့မှာ ဤသူကား မဟုတ်လျှင် မခံတတ်၊ သေးနုတ်ညစ်ပတ်သော အပြုအမူမျိုးကိုလည်း အဘယ်အခါမှ ပြုမည့်လူတစ်ယောက်မဟုတ်မှု၍ ယုံကြည်စိတ်ချနိုင်မည့် လူစားမျိုးတစ်ယောက် ဖြစ်လေသည်။

မောင်တင်မြင့်သည် အိုင်အေစာမေးပွဲကို အောင်မြင်ပြီးနောက် မိဘများသေဆုံးသောအခါတွင် အတွင်းဝန်ရုံးကြီး၌ စာရေးအလုပ် လုပ်ကိုင်လျက်ရှိသည်။ လူ့ပျိုကြီးဖြစ်သော ဘကြီးတစ်ယောက် သေဆုံးသဖြင့် တစ်သိန်းကျော်မျှသော အမွေအနှစ်တို့ကို ရရှိရာတွင် အလုပ်မှ နုတ်ထွက်၍ ဘဏ်တိုးနှင့် အေးအေးစား



ကြလေ၏။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



၎င်းနောက် သူငယ်ချင်းများသည် အခြားစကားများကို ပြောဆိုကြပြီး နောက် ခွဲခွာခါနီး၌ မောင်တင်မြင့်အား လောင်းထားသည့်အကြောင်းကို သတိပေး ကြရာတွင်...

တစ်ယောက်။ ။'ခင်ဗျားဖောက်ကြောင်း သက်သေခံ ဘယ်လိုပြမလဲ'

မြင့်၊ ။'ကျုပ်ဖောက်တဲ့ တိုက်တံခါးမှာ အတွင်းက ကျုပ်နာမည် T.M လို့ အတိုကောက် ရေးထားခဲ့မယ်ဗျာ'

သွင်နု။ ။'ကြိုက်ပြီ... စိန်လိုက်'

၎င်းနောက် သူငယ်ချင်းများသည် ပျော်ပွဲရုံမှ ထွက်လာကြ၍ လူစုခွဲသွား ကြလေ၏။

❖

## အခန်း ( ၂ )

မောင်တင်မြင့်သည် မန္တလေးသို့ အလည်အပတ် သွားရောက်၍ ပြန်လာသောအခါ ၌ အားလပ်သူတစ်ယောက် ဖြစ်သည့်အတိုင်း ရေကြောင်းခရီးဖြင့် အေးအေးဆေး ဆေး ပြန်လာခဲ့ရာ ဒုတိယတန်းဖြင့် စာပို့သင်္ဘော စီးနင်းလာခဲ့၏။ ယင်းသို့လာခဲ့ ၍ ပထမတန်း၌ လိုက်ပါလာသော အသက် ၂၀ အရွယ်ခန့်ရှိ မိန်းကလေး တစ်ယောက်အပေါ်၌ မျက်စိကျခဲ့လေရကား၊ ၎င်းနှင့် အသိအကျွမ်းဖွဲ့ရန် နည်း လမ်း ရှာခဲ့ပါသော်လည်း ပထမတန်းနှင့် ဒုတိယတန်း ဖြစ်နေသောကြောင့် ချက် ကောင်းရှာ၍ မတွေ့နိုင်အောင် ရှိနေခဲ့၏။ သို့ဖြစ်၍ သင်္ဘောစာရေးအား ပထမ တန်း၌ လစ်လပ်သောအခန်း ရှိပါသေးသလောဟု မေးမြန်းရာ ထိုအပတ်တွင် အလွန်လူကျပ်၍ ပထမတန်း၌ ဥရောပတိုက်သား ခရီးသည်များ ပြည့်နှက်အောင် ပါလာလေရကား၊ ထိုအကြံကိုလည်း လက်လျှော့လိုက်ရ၏။

၎င်းမိန်းကလေး၏ အစေခံနှင့်တူသော မိန်းမကြီးတစ်ယောက်သည် တတိယတန်း၌ ပါလာသည်ကို တွေ့မြင်ရပြန်သဖြင့် ၎င်းနှင့် အသိအကျွမ်းဖွဲ့ရန် ကြိုးစားပါသော်လည်း မိန်းမကြီးသည် မသက်ာဟန်လက္ခဏာရှိသဖြင့် မောင် တင်မြင့်အား အဖက်မလုပ်ဘဲ ရှိပြန်လေရကား ထိုအကြံသည်လည်း အထ မမြောက်ချေ။ လမ်း၌ ဆိပ်ကမ်းများတွင် ဆိုက်ကပ်သောအခါ မိန်းကလေးသည် ကမ်းသို့ဆင်း၍ မြို့တွင်းသို့ ကားနှင့်လည်ပတ်ရာတွင် မောင်တင်မြင့်နှင့် မကြာ ခဏ မျက်လုံးချင်း ဆုံမိခဲ့၏။ သို့ရာတွင် ထိုထက်နီးကပ်သော အခွင့်အရေးသို့



မရောက်နိုင်ခဲ့ချေ။ ရန်ကုန်မြို့သို့ ရောက်သောအခါ၌ အရာရှိနှင့်တူသော လူကြီး တစ်ယောက်သည် သင်္ဘောဆိပ်မှ လာရောက်ကြိုဆို၍ မိန်းကလေးအား ကားနှင့် တင်ခေါ်သွားလေရာ ထိုအခါမှစ၍ သူငယ်မသည် မောင်တင်မြင့်၏မျက်လုံးမှ လုံးလုံးကွယ်ပျောက်သွားလေ၏။

ချစ်ခြင်းတည်းဟူသော မေတ္တာစိတ်သည် ဝက်သက်ရောဂါနှင့်တူသည် ဟု အင်္ဂလိပ်လူမျိုးများ ပြောတတ်ကြ၏။ အကြောင်းကိုဆိုသော် ဝက်သက်ရောဂါ သည် ငယ်ရွယ်နုနယ်စဉ်အခါက ဖြစ်ပေါ်ခဲ့လျှင် အရေးမကြီးလှသော်လည်း ကြီး ပြင်းလာသည့်အခါမှ စွဲကပ်ခဲ့သော် အလွန်တရာ ပြင်းထန်တတ်လေရာ မေတ္တာ စိတ်မှာလည်း ထိုနည်းအတူပင် ဖြစ်၏။ မောင်တင်မြင့်မှာ အကယ် အဟုတ် အဟုတ် ချစ်ကြိုက်သူနှင့် မတွေ့ခဲ့သဖြင့် အသက် ၃၁ နှစ်တိုင်အောင် လူပျိုကြီး လုပ်၍နေခဲ့ရာ ထိုသူငယ်မကို မြင်ရသောအခါ၌ကား လွန်မင်းစွာ ပြင်းထန်လှသော မေတ္တာဓာတ်၏ ဖွဲ့နှောက်ချောက်ချားခြင်းကြောင့် သူငယ်မကလေး ပျောက်ကွယ် ၍သွားလျှင်ပင် ကယောင်ချောက်ချားနှင့် ကျန်ရစ်နေခဲ့လေ၏။ ယင်းသို့ တစ်ဘီး လိမ့်ချစ်ကြိုက်ပါသော်လည်း ထိုသူငယ်မသည် မည်သူ့သမီးဖြစ်၍ မည်သည့်အရပ် ၌ နေထိုင်သည်ကိုမျှ မသိလိုက်ရသည် ဖြစ်သောကြောင့် ကမ်းမမြင်သော သမုဒ္ဒရာ အလယ်၌ ကျရောက်နေသောသူ၏အလား မျှော်လင့်ခြင်းအလျှင်းကင်းလျက် ရှိ နေခဲ့လေ၏။

မောင်တင်မြင့်သည် ဘရုကင်းလမ်း(ဘိုကလေးဈေးလမ်း)၌ရှိသော မိမိ၏ တိုက်ခန်းသို့ ပြန်ရောက်သောအခါ အိပ်ရာသို့ မဝင်သေးဘဲ ဧည့်ခန်းရှိ ပက်လက် ကုလားထိုင်ပေါ်၌ထိုင်ကာ ဆေးပြင်းလိပ်ကို ဖွာလျက် ထိုည၌ လောင်းထားခဲ့ သော ကိစ္စကို သတိမရဘဲ သင်္ဘောပေါ်၌ မြင်ခဲ့ရသော သူငယ်မ၏ မျက်နှာ ကလေးသည် မိမိမျက်နှာအနီး၌ ဝဲကာဝဲကာနေပြီးနောက် ပက်လက်ကုလားထိုင် ပေါ်၌ပင် အိပ်ပျော်၍သွားလေ၏။

❖

## အခန်း ( ၃ )

ရာဇဝတ်ဝန် ဦးသိန်းဟန်သည် ဆင်းရဲနွမ်းပါးသော မိဘများမှ ဆင်းသက်ပေါက် ဖွားခဲ့၍ ခုနစ်တန်းမျှသော ပညာကို အနိုင်နိုင်သင်ကြားပြီးနောက် ဆရာကျောင်းသို့ တက်ခဲ့ရသူဖြစ်ရာ ကုတ်ကုတ်ပတ်ပတ်နှင့် အနွံအတာခံ၍ အမှုထမ်းရွက်ခဲ့သည်

www.burmeseclassic.com

www.burmeseclassic.com



မရောက်နိုင်ခဲ့ချေ။ ရန်ကုန်မြို့သို့ ရောက်သောအခါ၌ အရာရှိနှင့်တူသော လူကြီးတစ်ယောက်သည် သင်္ဘောဆိပ်မှ လာရောက်ကြိုဆို၍ မိန်းကလေးအား ကားနှင့်တင်ခေါ်သွားလေရာ ထိုအခါမှစ၍ သူငယ်မသည် မောင်တင်မြင့်၏ မျက်လုံးမှ လုံးလုံးကွယ်ပျောက်သွားလေ၏။

ချစ်ခြင်းတည်းဟူသော မေတ္တာစိတ်သည် ဝက်သက်ရောဂါနှင့်တူသည်ဟု အင်္ဂလိပ်လူမျိုးများ ပြောတတ်ကြ၏။ အကြောင်းကိုဆိုသော် ဝက်သက်ရောဂါသည် ငယ်ရွယ်နုနယ်စဉ်အခါက ဖြစ်ပေါ်ခဲ့လျှင် အရေးမကြီးလှသော်လည်း ကြီးပြင်းလာသည့်အခါမှ စွဲကပ်ခဲ့သော် အလွန်တရာ ပြင်းထန်တတ်လေရာ မေတ္တာစိတ်မှာလည်း ထိုနည်းအတူပင် ဖြစ်၏။ မောင်တင်မြင့်မှာ အကယ် အဟုတ်အဟုတ် ချစ်ကြိုက်သူနှင့် မတွေ့ခဲ့သဖြင့် အသက် ၃၁ နှစ်တိုင်အောင် လူပျိုကြီးလုပ်၍နေခဲ့ရာ ထိုသူငယ်မကို မြင်ရသောအခါ၌ကား လွန်မင်းစွာ ပြင်းထန်လှသော မေတ္တာဓာတ်၏ မွှေနှောက်ချောက်ချားခြင်းကြောင့် သူငယ်မကလေး ပျောက်ကွယ်၍သွားလျှင်ပင် ကယောင်ချောက်ချားနှင့် ကျန်ရစ်နေခဲ့လေ၏။ ယင်းသို့ တစ်ဘီးလိမ့်ချစ်ကြိုက်ပါသော်လည်း ထိုသူငယ်မသည် မည်သူ့သမီးဖြစ်၍ မည်သည့်အရပ်၌ နေထိုင်သည်ကိုမျှ မသိလိုက်ရသည် ဖြစ်သောကြောင့် ကမ်းမမြင်သော သမုဒ္ဒရာအလယ်၌ ကျရောက်နေသောသူ၏အလား မျှော်လင့်ခြင်းအလျှင်းကင်းလျက် ရှိနေခဲ့လေ၏။

မောင်တင်မြင့်သည် ဘုရားကင်းလမ်း(ဘိုကလေးဈေးလမ်း)၌ရှိသော မိမိ၏ တိုက်ခန်းသို့ ပြန်ရောက်သောအခါ အိပ်ရာသို့ မဝင်သေးဘဲ ဧည့်ခန်းရှိ ပက်လက်ကုလားထိုင်ပေါ်၌ထိုင်ကာ ဆေးပြင်းလိပ်ကို ဖွာလျက် ထိုညဥ့်၌ လောင်းထားခဲ့သော ကိစ္စကို သတိမရဘဲ သင်္ဘောပေါ်၌ မြင်ခဲ့ရသော သူငယ်မ၏ မျက်နှာကလေးသည် မိမိမျက်နှာအနီး၌ ဝဲကာဝဲကာနေပြီးနောက် ပက်လက်ကုလားထိုင်ပေါ်၌ပင် အိပ်ပျော်၍သွားလေ၏။

❖

## အခန်း ( ၃ )

ရာဇဝတ်ဝန် ဦးသိန်းဟန်သည် ဆင်းရဲနွမ်းပါးသော မိဘများမှ ဆင်းသက်ပေါက်ဖွားခဲ့၍ ခုနစ်တန်းမျှသော ပညာကို အနိုင်နိုင်သင်ကြားပြီးနောက် ဆပ်ကျောင်းသို့ တက်ခဲ့ရသူဖြစ်ရာ ကုတ်ကုတ်ပတ်ပတ်နှင့် အနွံအနာခံ၍ အမှုထမ်းရွက်ခဲ့သည့်



[illegible] အကပ်အရပ်လည်း ကောင်းသူတစ်ယောက် ဖြစ်လေရကား ပင်စင်ယူရသည့် [illegible]ဘမ်းသို့ ရောက်သောအခါ၌ ရာဇဝတ်ဝန်ကြီးဘဝသို့တိုင် ရောက်ခဲ့လေပြီ။

အချို့သော ပုလိပ်အရာရှိကြီးများသည် လက်အောက်ငယ်သားများကို [illegible]အဘန်းတိုးမြှင့်ပေးရာ၌ လာဘ်ယူလေ့ရှိကြလေရာ ဆပ်အင်စပက်တော် [illegible]မှ အင်စပိတ်တော် ဖြစ်လိုသောအခါတွင် ငွေ ၁၀၀၀ ကျပ်မျှလည်းကောင်း၊ [illegible]ဝတ်ဝန်ကလေး ဖြစ်လိုသောအခါ၌ ငွေ ၅၀၀၀ ကျပ်မျှလည်းကောင်း၊ ဝန်ကြီးဖြစ်လိုသောအခါ၌ ၁၀၀၀၀ ကျပ်မျှလည်းကောင်း လက်သိပ်ထိုးပေးခဲ့ရလေသည်။

ဦးသိန်းဟန်မှာ ကြီးပွားလိုသောစိတ် အထူးအားကြီးသူတစ်ယောက် ဖြစ်[illegible] အခွင့်အရေးပေါ်လာသောအခါ၌ ငွေထိုးနိုင်စေရန် ကုတ်ကုတ်ပတ်ပတ်နှင့် [illegible]ဆောင်း၍ လောဘကြီးသော အထက်အရာရှိကြီးများ ပေါ်လာသည့်အခါတိုင်း ဦးသိန်းဟန်မှာ ကော်ပေါက်တွေ့၍ မိမိထက် ဝါရင့်သော အခြားအရာရှိများကိုပင် [illegible]ဆင့်မှတစ်ဆင့် ကျော်တက်နိုင်ခဲ့လေသည်။

ဦးသိန်းဟန်၏ တွက်ကိန်းမှာ ရာဇဝတ်ဝန်ကလေး ဖြစ်ရန်အတွက် ငွေ ၅၀၀၀ ကျပ် ပေးရခြင်းမှာ များပြားလှသည်မဟုတ်။ အကြောင်းကိုဆိုသော် [illegible]ဝတ်ဝန်ကလေးဖြစ်သူ တစ်ယောက်သည် ဤမျှလောက်ငွေကို လခဖြင့် [illegible]ဆောင်းရန် ခဲယဉ်းသည်မှန်သော်လည်း ချက်ကောင်းတွေ့သောအခါ၌ တစ်ချက်[illegible]ခုတ်မျှနှင့် ပြန်ရနိုင်သောကြောင့် ဖြစ်လေသည်။ ဦးသိန်းဟန်သည် လာဘ်ယူခြင်း၌ အလွန်ရဲရင့်သည် မှန်၏။ သို့ရာတွင် ပါးနပ်သူတစ်ယောက်ဖြစ်သည့်အတိုင်း မိမိတစ်ကိုယ်တည်း မသိမ်းယူဘဲ အထက်သို့ လက်ဆောင်ပို့ခဲ့သည်သာဖြစ်သောကြောင့် ပင်စင်ယူရန် သက်တမ်းစေ့သောအခါတွင် နာမည်လည်း ကောင်း[illegible]၊ ပစ္စည်းလည်း မြောက်မြားစွာ စုမိ၏။ ဝန်ကြီးလည်း ဖြစ်သေး၏။

ဦးသိန်းဟန်သည် ခင်မြကြီးခေါ် သမီးတစ်ယောက် ငယ်ရွယ်စဉ်ကပင် မယားသေဆုံးခဲ့သော်လည်း ထပ်မံ၍ အိမ်ထောင်မပြုဘဲ မိမိ၏ အလုပ်ကိုသာလျှင် မယားအမှတ်နှင့် ချစ်ခင်ကြိုးပမ်းစွာ ထမ်းရွက်ခဲ့လေသည်။ ထိုသူသည် ကြေးငွေ[illegible]သည်း စုမက်သူဖြစ်၍ သုံးစွဲခြင်းအရာ၌ ချွေတာခြင်းရှိသော်လည်း သမီးခင်မြကြီးအတွက်ကိုမူ အဘယ်အခါမျှ ကြေးငွေနှင့်ပတ်သက်၍ တွန့်တိုခြင်းမရှိသဖြင့် တစ်ယောက်တည်းသောသမီး ခင်မြကြီးကို ဘိုမကလေးများနှင့်အတူ ကွန်ဗင့်ကျောင်း၌ ပညာသင်စေလျက် မိမိ၏ တစ်သက်တွင် ၎င်း၏ ရည်ရွယ်ချက်မှာလည်း ထိုသမီးကလေးတစ်ယောက် လင်ကောင်းရစေမှုပင် ဖြစ်လေ၏။

ကျွန်ုပ်တို့ ရေးသားဖော်ပြလျက်ရှိသော အချိန်အခါ၌ ဦးသိန်းဟန်မှာ ပင်စင်ယူရန် နှစ်နှစ်မျှ လိုတော့သည်ဖြစ်ရာ ခင်မြကြီးမှာလည်း ရုပ်ဆင်းသာ[illegible]

www.burmeseclassic.com



နှင့်ပြည့်စုံသော အမျိုးသမီးအပျိုကြီးတစ်ယောက် ဖြစ်ခဲ့လေပြီ။ ဦးသိန်းဟန်သည် မိမိကိုယ်တိုင် လာဘ်ယူခြင်းစသော မရိုးသားသည့် အပြုအမူတို့ကို ပြုမူခဲ့သည် မှန်သော်လည်း သမီးခင်မြကြီး၏ ရိုးဖြောင့်မြင့်မြတ်သော သဘောကို သိသည် ဖြစ်၍ ထိုသို့သော အပြုအမူကို အထက်အရာရှိကြီးများထက်ပင် ထိုသမီး မသိစေရအောင် လျှို့ဝှက်ခဲ့လေ၏။

ဦးသိန်းဟန်၏ အကြံအစည်မှာ အမှုထမ်းနှစ်မစေ့မီအတွင်း တတ်နိုင်သမျှ ဥစ္စာပစ္စည်းစုဆောင်း၍ ပင်စင်ယူသောအခါ၌ မိမိ၏သမီး အိမ်ထောင်မပြုသေးသည်ဖြစ်ပါလျှင် မိမိမွေးဖွားရာဇာတိဖြစ်သော ရွှေဘိုမြို့သို့ပြန်၍ လူရတတ်ကြီးတစ်ယောက်အနေခြင့် ခမ်းနားစွာနေထိုင်ရန် ဖြစ်လေသည်။

သားအဖနှစ်ယောက်တို့သည် ကုက္ကိုင်းလမ်းရှိ အိမ်ကြီးတစ်ဆောင်၌ နေထိုင်လျက်ရှိကြရာ ထိုညဉ့်၌ သားအဖနှစ်ယောက်တို့သည် ဧည့်ခန်းတွင် ထိုင်လျက် သမီးဖြစ်သူက ရွှေဘိုမြို့၌ရှိသော မိမိ၏ အဒေါ်များနှင့် တွေ့ခဲ့ရပုံ အဖြစ်အပျက်များကို ပြန်ပြောင်းပြောဆိုလျက်ရှိလေ၏။ သမီးဖြစ်သူသည် အသက် ၂၀ ပင် ပြည့်ခဲ့သော်လည်း ဖခင်၏ နှုတ်ခမ်းမွေးကို ရုံဖန်ဆွဲခြင်း၊ ရင်ခွင်ပေါ်၌ ထိုင်ခြင်း စသည်တို့ကို ပြုတတ်သည်ဖြစ်သောကြောင့် ထိုသားအဖနှစ်ယောက်တို့မှာ တစ်ယောက်အားတစ်ယောက် အထူးကြင်နာ၍ ချစ်ကျွမ်းတဝင်နေထိုင်တတ်ကြကြောင်း ထင်ရှားပေသည်။

၁၁ နာရီ ထိုးလတ်သော် ဦးသိန်းဟန်သည် ခရီးပန်းလာခဲ့သော သမီးခင်မြကြီးကို အိပ်ရာသို့ဝင်စေရန် တိုက်တွန်းပြီးနောက် ကုလားထိုင်ပေါ်၌ထိုင်ကာ ဆေးပြင်းလိပ်ကိုဖွာရင်း ဘဏ်တိုက်၌သွင်းထားသော မိမိ၏ငွေများကို မှတ်တမ်းစာအုပ်၌ လှန်လှောကာ တွက်ချက်ကြည့်ရှုနေလေ၏။

❖

## အခန်း ( ၄ )

မောင်တင်မြင့်သည် ၎င်း၏တိုက်ခန်းအတွင်း၌ ဧည့်ခန်းရှိ ကုလားထိုင်ပေါ်တွင် အိပ်ပျော်လျက်ရှိရာ တစ်စုံတစ်ယောက်သောသူသည် အခန်းတွင်း၌ ဖြည်းညင်းစွာ လျှောက်နေသည့် ခြေသံများကို ကြားသည်နှင့် ဖျတ်ခနဲ လန့်နိုးလေ၏။ သို့ရာတွင် မည်သူမည်ဝါဖြစ်သည်ဟု မသိသေးသည်နှင့် အိပ်ရာမှ မထသေးဘဲ တိတ်တဆိတ်ကြည့်လျက်ရှိစဉ် လက်နှိပ်ဓာတ်မီးရောင်ကို ဖျတ်ခနဲ မြင်လိုက်ရသည်နှင့်



...သူပင်ဖြစ်စေ ရိုးဖြောင့်သောအကြံအစည်နှင့် လာသူမဟုတ်ဟု အယူရှိ၏။ ...ောင်သည် မောင်တင်မြင့် လှဲနေသော ကုလားထိုင်မှတစ်ပါး အခန်းတစ်ခန်းလုံး ...ို အနှံ့အပြားထိုးလျက်ရှိရာ မောင်တင်မြင့်လည်း အိပ်လျက်ပင် နေသေး၏။ ...ောင်သည် တဖြည်းဖြည်းနီးလာ၍ မောင်တင်မြင့်၏ ကုလားထိုင်နှင့် သုံးပေ ...သွားသောနေရာသို့ ရောက်လာသောအခါမှ မောင်တင်မြင့်သည် ကုလားထိုင်မှ ...ခုန်ခနဲ့ထ၍ ထိုသူ၏ ခြေနှစ်ချောင်းရှိရာသို့ ဒိုင်ဗင်ထိုးဝင်လိုက်ရာ ထိုသူသည် ...တ်လက်လန်၍ လဲသွားလေ၏။ ထို့နောက် မောင်တင်မြင့်သည် ဖျတ်လတ်သူ ...တစ်ယောက် ဖြစ်သည့်အလျောက် လဲနေသောသူကို လျှင်မြန်စွာ ခွစီးပြီးမှ ၎င်း၏ ...က်မှ လွတ်ကျသော လက်နှိပ်ဓာတ်မီးဖြင့် မျက်နှာကို ထိုးကြည့်ရာတွင် မိမိ ...ယ်သောလူတစ်ယောက် ဖြစ်နေကြောင်း တွေ့ရ၏။ ၎င်းနောက်မှ မောင်တင်မြင့် ...သည် ထိုသူ၏လက်ကို ကိုင်ဆွဲကာ ဓာတ်မီးခလုတ်ရှိရာသို့ ခေါ်သွား၍ ဓာတ်မီး ...ကို ဖွင့်လိုက်လေ၏။

ထိုသူသည်ကား အရပ်ပုပု၊ ဆံပင်ကောက်ကောက်နှင့် လူငယ် တစ်ယောက်ဖြစ်ရာ မီးလင်း၍လာသောအခါ၌ မောင်တင်မြင့်အား သွားဖြဲကာ ကြည့်ရှုနေ၏။ မောင်တင်မြင့်သည် ဤအဖြစ်မျိုး၌ သွားဖြဲကာ ရယ်နိုင်သော လူတစ်ယောက်ကို စိတ်ထဲ၌ ချီးမွမ်းမိသဖြင့် ကရုဏာပင် ဖြစ်ပြီးလျှင် အကြံတစ်ခုလည်း ရသည်နှင့် နီးနော မေးမြန်း၏။

'မင်း ဘယ်သူလဲ'

'ဘချောပါတဲ့ခင်ဗျာ'

'ငါ့အိမ်မှာ ခိုးဖို့လာတယ် ဟုတ်စ...'

'မှန်ပါတယ်၊ စားစရာ မရှိလို့'

'တော်ပြီ၊ ငါသိတယ်၊ သို့သော် ငါ့ကို ကူညီရင် မင်းကို ပုလိပ်လက် ခအပ်ဘူး၊ ကူညီမလား'

'မြို့တော်ဝန်ကို သတ်ဖို့ဆိုရင်တောင် ကူညီပါမယ်'

'ကောင်းပြီ၊ ငါကိုယ်တိုင် ဒီကနေ့ည အိမ်ဖောက်ဖို့ ကြံစည်နေတုန်း မင်းရောက်လာတာ အခန့်သင့်တယ်'

'ဆရာလည်း ဒီအလုပ်ထဲကလား'

'ဒါပေါ့ကွဲ့၊ ကိုင်း... မင်း ဘာလုပ်ချင်သလဲ ပြောစမ်း'

'ထမင်းတစ်နပ် စားပါရစေ ဆရာ'

'ထမင်းတော့ မရှိဘူးကွဲ့၊ ဘီစကွတ်နဲ့ ငါးသေတ္တာတော့ ရှိတယ်'

'ဘာမဆို စားနိုင်ပါတယ်ဆရာ'

www.burmeseclassic.com

www.burmeseclassic.com



သူခိုးဘချောသည် ဘီစကွတ်မုန့်နှင့် ငါးသေတ္တာကို မြိန်ရှက်စွာ စားသောက်လျက်ရှိစဉ် မောင်တင်မြင့်သည် ၎င်းအမူအရာကိုကြည့်ရင်း ဆေးလိပ်သောက်ကာ အကြံထုတ်လျက် ရှိလေ၏။

ထို့နောက် မောင်တင်မြင့်နှင့် ဘချောတို့သည် အိမ်ပေါ်မှ ဆင်းလာကြ၍...

'ဘယ်ကိုလဲ ဆရာ'

'အိမ်ဖောက်ရတာ မြို့ထဲမှာ လူရှုပ်တယ်၊ ဘယ်ဘက် လူရှင်းသလဲ'

'ကုက္ကိုင်းဘက် သွားပါလားဆရာ'

'အေး... ကောင်းတယ်'

ဒါလဟိုဇီလမ်း(မဟာဗန္ဓုလလမ်း)သို့ ရောက်သောအခါ တက္ကစီတစ်စီးနှင့် အဆင်သင့်တွေ့သည်နှင့် ၎င်းတို့နှစ်ယောက်သည် ကားပေါ်သို့ တက်၍ ကုက္ကိုင်းဘက်သို့မောင်းရန် စေလွှတ်လိုက်လေ၏။

ဗဟန်းဘက်သို့ ရောက်သောအခါ မောင်တင်မြင့်သည် တက္ကစီကို ရပ်စေ၍ အခပေးပြီးနောက် ကုက္ကိုင်းဘက်သို့ နှစ်ယောက်သား ခြေကျင်လျှောက်ကြလေ၏။ ဝင်းကြီးအတွင်း ဆောက်လုပ်ထားသော အိမ်တစ်အိမ်သို့ ရောက်သောအခါ...

'တော်ပြီဟေ့၊ ဝေးဝေးမသွားကြစို့နဲ့၊ ဒီအိမ် တော်ပြီ'

'ကောင်းပြီ ဆရာ'

ထိုအရပ်၌ကား ၃ နာရီကျော် ၎င်းအချိန်၌ လူသွားလူလာ အလျှင်းကင်းလေရာ အိမ်ကြီးများအတွင်း၌ လူများသည် ဆိတ်ငြိမ်စွာ အိပ်ပျော်လျက်ရှိကြလေ၏။ ထိုသူနှစ်ယောက်တို့သည် ဝင်းထရံကို ကျော်ဝင်ကြပြီးနောက် ကျောက်စရစ်ခင်းထားသော လမ်းကလေးတစ်လျှောက် သတိနှင့် လျှောက်လာကြပြီးလျှင် အိမ်ရှေ့တံခါးသို့ ချဉ်းကပ်ကြလေ၏။ ၎င်းနောက် မောင်တင်မြင့်၏ အမိန့်အရ ဘချောသည် မိမိ၏အိတ်မှ စက္ကူတစ်ရွက်နှင့် ဖန်ဘူးငယ်တစ်ခုကို ထုတ်လေ၏။

'ဘာလဲဟေ... မင်းဟာ'

'ကော်ဘူး ဆရာ'

'အေး... ကောင်းတယ်၊ မင်းတို့နည်းမျိုးက ရေးကျတာကိုးကွဲ့၊ သို့သော် မရှိရင်လည်း သုံးရပါလေရဲ့'

'ဆရာတို့ကတော့ ဘယ်လိုဟာ သုံးသလဲ'

'ရှိပါစေကွယ်၊ လုပ်သာလုပ်ပါ၊ နောက်တော့ ငါ သင်ပေးပါ့မယ်'

ဘချောသည် ဖန်ဘူးမှ ကော်ရည်ကို စက္ကူရွက်ပေါ်သို့ လောင်းထည့်ပြီးနောက် စက္ကူရွက်ကို မှန်ပြတင်း၌ ကပ်လေ၏။ ထို့နောက် မှန်ကို စက္ကူပေါ်မှ



ဘစ်ချက်မျှ ခပ်ဆတ်ဆတ် ခေါက်လိုက်ရာ အသံကျယ်စွာမမြည်ဘဲ မှန်ကွဲသွားလေ၏။ ထို့နောက် ဘချောသည် မှန်ကွဲပေါက်မှ လက်နှိုက်၍ ပြတင်းတံခါးကလန့်ကို ဖွင့်လေ၏။

'ငါ့လူ တော်သားပဲဟေ့'

'ဆရာချီးမွမ်းရင် တော်ပြီဆရာ'

တံခါးပွင့်လာသောအခါ ဘချောလည်း ရှေ့မှဝင်သွားရာ မောင်တင်မြင့်လည်း နောက်မှဝင်၍ လိုက်လေ၏။ မောင်တင်မြင့်သည် လက်နှိပ်ဓာတ်မီးဖြင့် မီးခလုတ်ရှိရာကို ရှာပြီးနောက် မီးဖွင့်လိုက်သောအခါတွင် သပ်ရပ်ခမ်းနားစွာဖြင့် ပြင်ဆင်ထားသော ဧည့်ခန်းကြီးကို တွေ့ရလေ၏။ ၎င်းနောက် မောင်တင်မြင့်သည် မောင်းချခြားကိုဖွင့်လျက် တံခါး၏နောက်၌ မိမိ၏အမည် အတိုကောက် T.M ဟူသော စာလုံးများကို ထွင်းတော့မည်ပြုဆဲတွင် ခွေးဟောင်သံများ ကြားပြီးနောက် လျင်မြန်စွာဆင်းလာသော ခြေသံများကို ကြားရလေ၏။ ဘချောလည်း ဆိတ်လန့်တုန်လှုပ်စွာဖြင့် ပြတင်းပေါက်ရှိရာသို့ ပြေးမည်အပြုတွင် အလျင်လိုအားကြီးသဖြင့် လက်လက်ပြောင်အောင်တိုက်ထားသော ကြမ်းပေါ်၌ ဒုန်းခနဲ ချော်၍လဲလေ၏။ ယင်းသို့အလဲတွင် နောက်စေ့သည် မာသောကြမ်းပြင်နှင့် ပြင်းသန်စွာ ရိုက်မိသဖြင့် ဘချောမှာ မူးမူးဝေဝေနှင့် ထရန် ကြိုးစားလေ၏။ သို့ပါသော်လည်း အမူးမပြေဘဲရှိနေသော ဘချောသည် တစ်ဖန်ထပ်၍လဲပြန်ရာ ခြေသံများသည် နီးသည်ထက် နီးကပ်၍လာလေ၏။ ထိုအတောအတွင်း မောင်တင်မြင့်သည် တစ်ကိုယ်တည်း လက်လွတ်ပြေးထွက်လိုက ထွက်ပြေးနိုင်သည်မှန်သော်လည်း လုပ်ဖော်ကိုင်ဖက်တစ်ယောက်ကို ပစ်ထားခဲ့ခြင်းမှာ မောင်တင်မြင့်၏ ဝါသနာ မဟုတ်သဖြင့် ဘချောအား တွဲခေါ်လျက်ရှိ၏။ သို့ပါသော်လည်း နောက်ကျခဲ့လေပြီ။ ခြေသံသည် ဧည့်ခန်းတံခါးဝသို့ ရောက်လာပြီးနောက် လူ တစ်ယောက်သည် ခြောက်လုံးပြူးသေနတ်ကို ကိုင်လျက် ဝင်လာလေ၏။ ၎င်း၏နောက်မှလည်း ဘူတယ်ရီယာခေါ် ဘွတ်ခွေးကြီးတစ်ကောင်လည်း ပါလာသေး၏။

အိမ်ရှင်သည် အခန်းတွင်းသို့ ဝင်မိသည်နှင့်တစ်ပြိုင်နက် ခြောက်လုံးပြူးနှင့်ချိန်လျက် လက်မြှောက်လိုက်ဟု အမိန့်ပေးလိုက်ရာ ဘွတ်ခွေးကြီးကလည်း သခင်၏စကားကို အဓိပ္ပာယ်လေးနက်စေအောင် ပြုမည့်လက္ခဏာနှင့် သွားဖြီးလျက် ဟိန်းလေရကား မောင်တင်မြင့်နှင့် ဘချောတို့သည် သွက်သွက်လက်မြှောက်ကြလေ၏။

ဘချောသည်လည်း အိမ်ရှင်၏မျက်နှာကို ကြည့်လျက်...

www.burmeseclassic.com

www.burmeseclassic.com



'အလိုလေးဗျ ဝန်ကြီးပါကလား'ဟု ပြောလိုက်ရာ ရာဇဝတ်ဝန်ကြီး ဦးသိန်းဟန်သည် ဘချောဘက်သို့ ရုတ်တရက်လှည့်၍ 'ခွေးမသား၊ ငါ့အိမ်မှန်းနင်တို့ မသိဘူးလား'ဟု ငေါက်၍ မေး၏။

ချော။ ။'မသိပါဘူးဘုရား၊ သိလျှင် ကျွန်တော်မျိုး မကြံစည်ဝံ့ပါ ဘုရား'

ဟန်။ ။'မင်း ဘယ်သူလဲ'

ချော။ ။'ကျွန်တော်မျိုး ဘချောပါ ဘုရား'

ဟန်။ ။'မင်းကကော'

မြင့်။ ။'ကျွန်တော်က ...'

ချော။ ။'သူက ကျွန်တော်မျိုးဆရာ လူကုံထံသူခိုးကြီးပါဘုရား'

ဟန်။ ။'ဟေ ...'

ချော။ ။'အိမ်ဖောက်တဲ့ အလုပ်မှာ နံပါတ်ဝမ်းဆရာကြီးပါ ဘုရား'

ထိုအခါ မောင်တင်မြင့်က ဘချောသည် လျှာမသွက်တန်သည့်နေရာ၌ လျှာသွက်လျက်ရှိချေပြီဟု စိတ်ထဲက ကိုနံဆဲလျက်ရှိ၏။ သို့ရာတွင် ရာဇဝတ်ဝန် ဦးသိန်းဟန်သည် မောင်တင်မြင့် တွေးထင်သည့်အတိုင်း စိတ်ဆိုးသော အမူအရာမပြဘဲ မျက်နှာထားတစ်မျိုး ပြောင်းလျက် 'ကောင်းပြီ၊ မင်းတို့ သွားကြတော့၊ နက်ဖြန်ကျတော့ ငါ့ရုံးကို လာခဲ့ကြ၊ ကြားလား၊ မင်းနာမည် ဘယ်သူလဲ'

မြင့်။ ။'မောင်တင်မြင့်ပါတဲ့ ခင်ဗျာ'

ဟန်။ ။'မောင်တင်မြင့်တဲ့လား၊ ကောင်းပြီ၊ နက်ဖြန်တော့ ငါ့ရုံးခန်းကို လာခဲ့ကြ၊ ငါ စကားပြောစရာရှိတယ်၊ ကြားလား'

မြင့်။ ။'ကောင်းပါပြီခင်ဗျာ၊ သို့သော် ကျွန်တော် တစ်ခု ခွင့်တောင်းပါရစေ၊ ဒီအိမ်အတွင်းမှာ ကျွန်တော့်နာမည်ကို အတိုကောက် ရေးထားခဲ့ပါရစေ ခင်ဗျား၊ ခွင့်ပြုပါ'

ဟန်။ ။'အလို ...၊ ဘယ့်နှယ်လူလဲ၊ ဆင်းသွားကြ၊ သွားကြ၊ ကြာကြာနေရင် ငါက ခွေးနဲ့ရှူးတိုက်လိုက်မိလိမ့်မယ် သွား ... သွား မြန်မြန်သွားကြ'

ထိုစကားကို ကြားလေလျှင် ဘချောသည် နှစ်ခွန်းထပ်၍ ပြောသည့်တိုင်အောင် မစောင့်ဘဲ ပြတင်းပေါက်မှ ခုန်ထွက်ပြေးလေရာ မောင်တင်မြင့် တစ်ယောက်တည်း ကျန်နေရစ်လေ၏။

မြင့်။ ။'ကျွန်တော် တစ်ခုပြောပါရစေ ...'

ဟု ပြောဆဲတွင် မိန်းကလေးတစ်ယောက်သည် အခန်းတွင်းသို့ ဝင်လာရာ မောင်တင်မြင့်သည် ထိုမိန်းကလေးကို ချက်ချင်းမှတ်မိ၍ မိန်းကလေးကလည်း ခုဘ်မိသောမျက်နှာနှင့် တန့်ရပ်ကာနေလေ၏။



ဟန်။ ။'သမီးလား ဟေ့'

မြ။ ။'ဟုတ်တယ် ဖေဖေ၊ အခန်းထဲက လူသံကြားတာနဲ့ ကျွန်မ ဆင်းလာခဲ့တယ်၊ ဘာဖြစ်ကြတာလဲ ဖေဖေ'

ဟန်။ ။'ဘာမှ မဖြစ်ပါဘူး သမီးရယ်၊ ဖေဖေတို့အိမ်ကို သူခိုးဖောက်ပြီး ဝင်တာ၊ ဟောဒီမောင်ရင်က မြင်လေတော့...'

မြင့်။ ။'အင်မတန် သူခိုးကြီးခင်ဗျာ၊ အသားက မည်းမည်း၊ အရုပ်ကြီးကလည်း မြင့်ပါဘိသနဲ့၊ ကျွန်တော့်မြင်တော့ ထွက်ပြေးရောခင်ဗျာ'

ဟန်။ ။'ကိုင်း ... ကိုင်း ကျေးဇူးတင်ပါတယ် သွားပေတော့ ... သွားပေတော့'

မြင့်။ ။(ခင်မြကြီးဘက်သို့ လှည့်လျက်)-'မန္တလေး သွားလည်ရတာ ပျော်ပါစခင်ဗျာ'

ဟန်။ ။'မောင်က ကျုပ်သမီးကို သိသလား'

မြင့်။ ။'မန္တလေးကအပြန် စာပို့သင်္ဘောပေါ်မှာ မြင်ဖူးပါတယ်'

မြ။ ။'ကျွန်မလည်း ရှင့်ကို မြင်မိပါရဲ့၊ ရှင်က ဒုတိယတန်းက စီးလာတယ် မဟုတ်လား'

မြင့်။ ။'မှန်ပါတယ်၊ ကျွန်တော်က ...'

ဦးသိန်းဟန်သည် သူခိုးတစ်ယောက်နှင့် မိမိ၏ သမီး စကားပြောခြင်းကို မနှစ်သက်သည်နှင့်– 'ကိုင်း ... ကိုင်း၊ ညဉ့်နက်လာပါပြီ၊ ပြန်ပါတော့ မောင်၊ ပြန်ပါတော့'

မြင့်။ ။'ကောင်းလှပါပြီ ခင်ဗျာ၊ ပြန်ပါဦးမယ်'ဟု ပြောပြီးနောက် ခင်မြကြီး၏ မျက်နှာကို တစ်ချက်ကြည့်ပြီးလျှင် ပြတင်းပေါက်မှ ကျော်ထွက်သွားလေ၏။

ဦးသိန်းဟန်မှာ သူခိုးများနှင့် ပူးပေါင်း၍ ဝင်ငွေများအောင် လုပ်တတ်သော အကျင့်ရှိသည်ဖြစ်ရာ ထိုသူနှစ်ယောက်ကို ဖမ်းဆီးခြင်းထက် ၎င်းတို့ကို ဆိုင်ရာ နေရာတွင် အသုံးပြုခြင်းက မိမိအတွက် ကျေးဇူးများမည်ဟု တွက်ကိန်းရသည့် အတွက်ကြောင့် ထိုကဲ့သို့ ပြုမူခြင်းဖြစ်ကြောင်းကို ဖတ်ရှုသူတိုင်း တွေးတောနိုင်ဖွယ်ရာ ရှိပေသည်။ သို့ရာတွင် မိမိ၏ ထုံးစံအတိုင်း သမီး ခင်မြကြီး မသိစေရန် ကိုမူ အစဉ်မပြတ် ကြိုးစားခဲ့၏။

❖

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၅ )

ပဲခူးမြို့ ရတနာသီရိဆန်စက်ပိုင်ရှင် သူဌေး ဦးထွန်းငွေဆိုသူမှာ ငယ်ရွယ်စဉ်က ဆင်းရဲနွမ်းပါးခဲ့ဖူးသော်လည်း ငွေရှာခြင်းအတတ်၌ ကျွမ်းကျင်သည်တစ်ကြောင်း၊ ရှာ၍ရသော ပစ္စည်းများကို လုံခြုံစွာ သိမ်းဆည်းထားတတ်ရုံမျှမက တိုးပွားအောင် ပြုလုပ်တတ်သည်တစ်ကြောင်းကြောင့် ပွဲလုလင်ဘဝမှသည် စက်ပိုင်ကြီးတစ်ဦး၏ အခြေအနေသို့တိုင် ရောက်လာခဲ့သူတစ်ဦး ဖြစ်လေရာ ပထမ မယားကြီး သေဆုံးပြီးသည်နောက် ဦးထွန်းငွေသည် နောက်တစ်ကြိမ် အိမ်ထောင်ပြုသောအခါတွင် ပစ္စည်းရှိသောမိန်းမထက် ဂုဏ်ရှိသောမိန်းမကိုသာလျှင် ရှာ၍ယူအံ့ဟု ရည်ရွယ်ချက် ထားခဲ့သည့်အတိုင်း တစ်နေ့သ၌ အရေးပိုင်ဦးလှဘော်၏ နှမ အပျိုကြီး မခင်ကျော့နှင့် စေ့စပ်ထိမ်းမြားခဲ့သဖြင့် မိမိ၏ ရည်ရွယ်ချက် ထမြောက်အောင်မြင်ခဲ့လေသည်။

ဦးထွန်းငွေမှာ ဥစ္စာကြွယ်ဝချမ်းသာသည်မှန်သော်လည်း ညံ့ဖျင်းသော အမျိုးအနွယ်မှ ဆင်းသက်ခဲ့သည်ဖြစ်သောကြောင့် အကယ် အမျိုးကြီးမြတ်သော လူကြီးလူကောင်းများနှင့် ပေါင်းသင်းဆက်ဆံရာတွင် လူတန်းမစေ့အောင် ဖြစ်နေတတ်လေသည်။ ဒေါ်ခင်ကျော့မှာမူ အရေးပိုင်တစ်ဦး၏ နှမတစ်ယောက်ဖြစ်ရကား လူကုံထံများနှင့် ပေါင်းသင်းဆက်ဆံရာတွင် လင်ယောကျ်ားကိုသာ သွန်သင်ခဲ့ရသည်ဖြစ်၍ လင်နှင့်မယားပင် ဖြစ်သော်လည်း ဆရာနှင့် တပည့်ကဲ့သို့ ဖြစ်နေခဲ့ပြီးလျှင် ခင်ပွန်းအပေါ်၌ သြဇာစူးလျက် ရှိခဲ့၏။

စက်သူဌေးကတော် ဒေါ်ခင်ကျော့မှာ အင်္ဂလိပ်ကျောင်းထွက်တစ်ယောက်ဖြစ်သဖြင့် ဘိုဆန်သောမိန်းမတစ်ယောက်ဖြစ်ရကား မိမိတို့၏ ဥယျာဉ်ကြီးအတွင်း၌ ပျော်ပွဲသဘင် ဆင်ယင်ကျင်းပသောအခါတွင် ရပ်ဝေးနေမိတ်ဆွေများအား လေးငါးရက်တန်သည်ပင် ဖိတ်ပြီးလျှင် ပျော်ရွှင်စွာ နေထိုင်စားသောက်စေခဲ့၏။ ယင်းသို့ဖြစ်ရာ ရန်ကုန်၊ အင်းစိန်၊ ညောင်လေးပင် အစရှိသော မြို့ကြီးများမှ အားလပ်သောအရာရှိများနှင့် ၎င်းတို့ကတော်များသည်လည်းကောင်း၊ စက်ပိုင်ရှင်များသည်လည်းကောင်း ဦးထွန်းငွေတို့၏ ဥယျာဉ်ကြီးသို့ ဆိုက်ရောက်လာကြ၍ အငြိမ့်ပွဲသဘင်များဖြင့် ပျော်ရွှင်စွာ တည်းခိုနေထိုင်စားသောက်ကာ ရှိနေကြလေ၏။

စက်သူဌေးကတော် ဒေါ်ခင်ကျော့၏ မောင်ဖြစ်သူ အရေးပိုင် ဦးလှဘော်မှာ ဤအခါ၌ သေဆုံးခဲ့ပြီဖြစ်ရာ ကျန်ရစ်သော တစ်ယောက်တည်းသောသား မောင်ချစ်ဆွေကို ထိုလင်မယားတို့က သားအမှတ်ဖြင့် မွေးစားထားခဲ့၏။ ဒေါ်ခင်



ကျော့တို့၌ သားသမီးတစ်ယောက်မျှ မွေးဖွားခြင်းမရှိသည်နေရာတွင် ဒေါ်ခင်ကျော့သည် တူ မောင်ချစ်ဆွေကို သားအရင်းကဲ့သို့ပင် ချစ်ခင်စွာ မွေးမြူခဲ့လေသည်။

ဦးထွန်းငွေသည် ပစ္စည်းအရာ၌သာလျှင် တွန့်တိုခြင်းရှိတတ်သည်ဖြစ်၍ လက်ရှိဖြစ်သော ပစ္စည်းများ ပျောက်ဆုံးမည်ကိုလည်း အထူးစိုးရိမ်တတ်သည်ဖြစ်သောကြောင့် မိမိတို့၏ နေအိမ်၌ ဧည့်သည်များ လာရောက်တည်းခိုကြမည်ကို သိသည်နှင့်တစ်ပြိုင်နက် ရန်ကုန်မြို့တွင် ဥရောပတိုက်သားတစ်ယောက်က ဖွင့်ထားသော စုံထောက်အဖွဲ့သို့ စုံထောက်တစ်ယောက် စေလွှတ်စောင့်ကြပ်နေထိုင်စေရန် စာဖြင့် ရေးသား မှာထားလိုက်လေ၏။ ထိုစုံထောက်အဖွဲ့မှာ အစိုးရအမှုထမ်းများ မဟုတ်။ သူကြွေး ခိုင်လုံသူများ၏ ကိစ္စများကို အဖိုးအခနှင့် ဆောင်ရွက်ပေးသူများ ဖြစ်ကြလေသည်။

ဦးထွန်းငွေသည် ဥယျာဉ်ပွဲသဘင် ဆင်ယင်ကျင်းပခြင်း အလုပ်များကို အပိုအလုပ်ဟူ၍ အောက်မေ့သဖြင့် သဘောမတူလှသော်လည်း ဒေါ်ခင်ကျော့၏ သြဇာကို တော်လှန်ခြင်းငှာ မဝံ့သည်ဖြစ်၍ သဘောတူခဲ့လေရာ စုံထောက်အဖွဲ့သို့ လူတစ်ယောက်စေလွှတ်ရန် စာပေးပြီးသောအခါမှ စိတ်၏ သက်သာခြင်း ရခဲ့လေ၏။

❖

## အခန်း ( ၆ )

တစ်နေ့သော ညနေခင်းအချိန်၌ မောင်တင်မြင့်သည် ဂျင်မခါနာကလပ်အနီးရှိ ခင်းတိုးမင်းရှင်းဟိုတယ်၌ ကိတ်မုန့်နှင့် လက်ဖက်ရည်များကို သောက်စားလျက် ရှိစဉ် အခြားသော စားပွဲများ၌လည်း ဥရောပတိုက်သား အရာရှိကြီးများ၊ သူဌေး ကိုယ်စားလှယ်ကြီးများသည် ရေခဲမုန့်၊ ကိတ်မုန့် အစရှိသည် စားဖွယ်များကို စားသောက်ကာ ရှိနေကြလေ၏။ ထိုဟိုတယ်သည်ကား ဆိပ်ကမ်းသာလမ်းရှိ အမျိုးသားပျော်ပွဲရုံထက် လက်ဖက်ရည်၊ မုန့် စသည်တို့၌ အဖိုးများသလောက် သာလွန်လှသည် မဟုတ်သော်လည်း အလွန့်အလွန် လူသန့်လှသည်ဖြစ်သောကြောင့် ပိုက်ဆံကြွယ်ဝသော မောင်တင်မြင့်ကဲ့သို့ လူများအတွက်မှာမူ တစ်နည်းအားဖြင့် အပျင်းပြေဖွယ်ရာတစ်ခု ဖြစ်ပေ၏။

မောင်တင်မြင့်သည် လက်ဖက်ရည်သောက်လျက်ရှိစဉ် မိမိနှင့် တစ်အားခြားသော စားပွဲ၌ အသက် ၂၀ ကျော်အရွယ် မြန်မာလူမျိုးတစ်ယောက်နှင့်

www.burmeseclassic.com

www.burmeseclassic.com



မျိုတစ်ယောက်၊ မိန်းမကြီးတစ်ယောက်တို့သည် ရေခဲမုန့်နှင့် ကိတ်မုန့်များ စားလျက်ရှိကြ၏။ မိန်းမပျိုကလေးမှာ အတော်ပင် ရုပ်ရည်ချောမော၍ မိန်းမကြီးနှင့် သားအမိတော်ဟန် လက္ခဏာရှိပေရာ၊ ယောကျ်ားလေးမှာလည်း မိန်းမအပျိုကလေးကို ပိုး၍နေတုန်းရှိပေ၏။ ထိုသုံးဦးလုံးတို့မှာ အလွန်တရာ လူရည်သန့်လှသောကြောင့် အထက်တန်းစား မြန်မာလူမျိုးများ ဖြစ်ရမည်ဟု မောင်တင်မြင့်က တွေးထင်လျက် ထိုသုံးဦးတို့အား အတန်ငယ် ဂရုစိုက်၍ ကြည့်မိလေ၏။

ယောကျ်ားကလေးသည် စားစရာများကို အလျှံပယ် မှာယူကာ စားသောက်ရင်း ရယ်ကာမောကာ၊ စကားပြောကာဖြင့် ရွှင်ပျသောအမူအရာရှိလေရာ သားအမိနှစ်ယောက်တို့ကမူ စကားများစွာ မပြောဘဲ ထိုသူငယ်ပြောသော စကားများကိုသာ နားထောင်လျက် ရယ်ခွင့်သင့်သောအခါတွင် ပြုံးကြလေ၏။

စားသောက်၍ ပြီးကြသဖြင့် ဘွိုင်ကုလားသည် သင့်ကျသောငွေကို ဘီလ်စာရင်းပြုလုပ်၍ ယူလာသောအခါတွင် ထိုသူငယ်သည် အင်္ကျီအိတ်ကိုနှိုက်ရင်း မျက်နှာ သွေးဆုတ်သွားသကဲ့သို့ ဖြူဖပ်ဖြူရော် ဖြစ်သွားသည်ကို မောင်တင်မြင့်က မြင်လိုက်ရ၏။ ထိုအခါ မောင်တင်မြင့်သည် စာတစ်ရွက်ပေါ်၌ 'ကူညီခွင့်ရှိက ကူညီပါရစေ'ဟု လျင်မြန်စွာ ရေးသားပြီးလျှင် ဘွိုင်ကုလားတစ်ယောက်ကို ခေါ်၍ ထိုသူငယ်ထံ သွားရောက်ပေးစေ၏။ ထိုသူငယ်လည်း စာကိုဖတ်ကြည့်ပြီးနောက် ဝမ်းမြောက်လှသော အမူအရာနှင့် ပျာယီးပျာယာ ထလာပြီးလျှင်...

'ကျေးဇူးတင်ပါတယ် မိတ်ဆွေ၊ သိပ်ပြီးခွကျနေတာပဲ၊ ပိုက်ဆံအိတ် မေ့နေရစ်လို့ အရှက်ကွဲရတော့မလို ဖြစ်နေတော့တာပဲ'ဟု ပြောရာတွင် မောင်တင်မြင့်သည် ငါးကျပ်တန် စက္ကူတစ်ချပ်ကို ထုတ်လျက် 'လူတစ်ဖက်သားမှာ အကျဉ်းအကျပ်ကျနေတဲ့အခါ ကူညီနိုင်ခွင့်ရခြင်းဟာ ကျုပ်ကုသိုလ်ပါပဲ'ဟု ပြော၍ ပေးလေ၏။ သူငယ်လည်း ငွေစက္ကူကို လှမ်းယူ၍ မောင်တင်မြင့်၏ အမည်နှင့် လိပ်စာကို မေးပြီးလျှင် နက်ဖြန်ပင် လူကိုယ်တိုင် လာပေးပါမည်ဟု ကတိထားပြီးမှ မိမိ၏ အဖော်များထံ သွားလေ၏။ ငွေပေးပြီးသော် ထိုသုံးဦးသားတို့သည် စားပွဲမှထကြ၍ တက္ကစီတစ်စီးနှင့် ထွက်သွားကြလေ၏။

မောင်တင်မြင့်လည်း ဟိုတယ်မှ ထွက်လာပြီးနောက် တက္ကစီနှင့် အိမ်သို့ ပြန်လာခဲ့ရာ အိမ်ပေါက်သို့ ပြန်ရောက်သောအခါတွင် ဘချောနှင့်တွေ့သဖြင့် ဝမ်းမြောက်ဝမ်းသာ အိမ်တွင်းသို့ ခေါ်သွားလေ၏။ ဘချောမှာ ထိုည၌က မောင်တင်မြင့်နှင့် ခွဲသွားကတည်းကမှ စ၍ တစ်ကြိမ်မှ မဆုံစည်းကြဘဲ ရှိရာ မောင်တင်မြင့်သည် မိမိတို့ ဖောက်ဝင်ခဲ့ကြသော အိမ်ရှင်သားအဖတို့၏ အကြောင်းကို ဘချောအား မေးလိုသဖြင့် ဘချောနှင့် အလွန်ပင် တွေ့လို၏။ အကြောင်းကိုဆိုသော်



မောင်တင်မြင့်သည် မိမိ ချစ်ကြိုက်လာခဲ့မိသော မိန်းကလေး၏ နေအိမ်ကို သိရပြီဟု ဝမ်းမြောက်ဝမ်းသာ ရှိနေရာမှ အိမ်ရှင်သားအဖနှစ်ယောက်တို့သည် ထိုအိမ်ကြီးမှ ပျောက်ခြင်းမလှ ပျောက်ကွယ်သွားကြသောကြောင့် ဖြစ်လေသည်။ အကြောင်းကား ဦးသိန်းဟန်သည် ခွင့် ၁၀ လ ယူ၍ ကလောမြို့၊ ပြင်ဦးလွင်မြို့၊ ရွှေဘိုမြို့ စသည်များသို့ သွားရောက်လည်ပတ်နေခြင်းကြောင့် မောင်တင်မြင့် မတွေ့ရခြင်း ဖြစ်လေသည်။ ဘချောသည် ထိုလူကြီးကို မြင်လျှင်မြင်ချင်း မှတ်မိဟန်ရှိ၍ ၎င်းထံ စုံစမ်းမေးမြန်းအံ့ဟု မောင်တင်မြင့်က ကြံစည်မိသော်လည်း ဘချောကိုယ်တိုင်မှာ ကွယ်ပျောက်လျက်ရှိခဲ့၏။

သို့ဖြစ်၍ မောင်တင်မြင့်သည် ဘချောကို မြင်သောအခါတွင် အိမ်တွင်းသို့ ခေါ်၍ အကျိုးအကြောင်းကို မေးမြန်းရာ ဘချောမှာ အငတ်ငတ်အပြတ်ပြတ်နှင့် မြို့တကာ ရောက်နေခဲ့ကြောင်း ပြောပြ၍ သိရာတွင် မောင်တင်မြင့်က အစေခံအဖြစ်နှင့် မိမိ၏ နေအိမ်၌ အမှုထမ်းရန် ပြောလေ၏။ ဘချောကလည်း ဝမ်းမြောက်ဝမ်းသာ သဘောတူညီ၍ ထိုနေ့၌ပင် မောင်တင်မြင့်၏ နေအိမ်သို့ ပြောင်းလာခဲ့လေ၏။

နောက်တစ်နေ့၌ မောင်တင်မြင့်သည် ရှိမနီဟိုတယ်မှ ဘချော ယူလာခဲ့သော နံနက်စာကို စားလျက်ရှိစဉ် ယမန်နေ့ညနေက မင်းတိုးမင်းရှင်းဟိုတယ်၌ တွေ့ခဲ့သော သူငယ်သည် တိုက်ပေါ်သို့ တက်လာလေ၏။ ကုလားထိုင်ပေါ်တွင် ထိုင်ပြီးနောက် ထိုသူငယ်က မိမိမှာ အရေးပိုင် ဦးလှဘော်၏ သားရင်းဖြစ်၍ ပဲခူးမြို့ စက်ပိုင်ကတော် ဒေါ်ခင်ကျော့မွေးစားသည့်သား မောင်ချစ်ဆွေဖြစ်ကြောင်းနှင့် ပြောပြပြီးလျှင် ပဲခူးသို့ အလည်လိုက်ရန် ခေါ်လေ၏။ ထိုအခါ၌ အဒေါ်၏ ဥယျာဉ်ကြီးတွင် ပွဲသဘင် ကျင်းပလျက်ရှိသဖြင့် အရပ်ရပ်မှ ဧည့်သည်များလည်း ရှိနေကြသောကြောင့် အပျင်းပြေဖွယ်ရာ ကောင်းကြောင်းနှင့် ပြောပြပြီးလျှင် မောင်ချစ်ဆွေသည် မောင်တင်မြင့်အား ယခုမှပင် သိရသော်လည်း ငယ်သူငယ်ချင်းတစ်ယောက်၏အနေဖြင့် စိတ်ရောမာန်ပါ တိုက်တွန်းခေါ်ငင်လေ၏။ မောင်တင်မြင့်မှာ အားလပ်သူတစ်ယောက် ဖြစ်သည်ပြင် ထိုသူငယ်က တကယ့်သဘောဖြင့် ခေါ်ငင်ခြင်းဖြစ်ကြောင်း သိသည်နှင့် လိုက်ပါရန် ကတိထားရာတွင် မောင်ချစ်ဆွေက ၎င်းနေ့ နာရီပြန်နှစ်ချက်ရထားနှင့် သွားကြဖို့ ပြောပြီးလျှင် အစေခံတစ်ယောက်ကိုလည်း ခေါ်ငင်နိုင်ကြောင်းနှင့် ပြောကာ ဘူတာရုံ၌ ဆုံကြဖို့ပြောပြီးမှ ထွက်သွားလေ၏။ ယမန်နေ့က ချေးလိုက်သော ငွေငါးကျပ်အကြောင်းကိုမူ မောင်ချစ်ဆွေက စကားစပ်၍ မပြောချေ။ ငွေမှုကြေးမှု ပတ်သက်၍မူ ၎င်းသူငယ်သည် အလွန်တရာ သတိမေ့တတ်ကြောင်းနှင့် သူ၏ သူငယ်ချင်းများက စွပ်စွဲပြောဆိုကြလေသည်။

www.burmeseclassic.com



ထို နာရီပြန်တစ်ချက်ခွဲအချိန်တွင် မောင်တင်မြင့်သည် သင့်လျော်သော အဝတ်အစားများကို သားရေအိတ်တွင် ထည့်လျက် တပည့်ကျော် ဘချောနှင့် မီးရထားဘူတာရုံသို့ သွားကြသောအခါ မောင်ချစ်ဆွေမှာ ရောက်နှင့်လေပြီ။ မောင်ချစ်ဆွေနှင့်အတူ မိတ်ဆွေတစ်ယောက်လည်း ပါလာလေရာ မောင်ချစ်ဆွေသည် ထိုသူကို မောင်တင်မြင့်နှင့် အသိအကျွမ်း ဖွဲ့ပေးလေ၏။ ထိုသူသည် မောင်တင်မြင့် အရွယ်ခန့်ပင် ရှိ၍ အလွန်တရာ စကားနည်းလေရာ အမည်မှာ မောင်ဘထွန်း ဖြစ်လေ၏။ မောင်ချစ်ဆွေက မောင်ဘထွန်းမှာလည်း မောင်တင်မြင့်ကဲ့သို့ပင် အဒေါ်၏ ဥယျာဉ်ပွဲသို့ အလည်လိုက်မည့်သူတစ်ယောက် ဖြစ်ကြောင်းနှင့် ပြောပြ၍ ဒုတိယတန်းလက်မှတ်များကို ဝယ်ယူကြပြီးလျှင် ရထားပေါ်သို့ တက်ကြလေ၏။

လမ်းခရီး၌ မောင်ချစ်ဆွေနှင့် မောင်တင်မြင့်တို့ကသာလျှင် စကားပြောကြ၍ မောင်ဘထွန်းဆိုသူကမူ အလျှင်း စကားမပြောဘဲ မောင်တင်မြင့်ကို ရံဖန်ရံခါ စိုက်၍ကြည့်နေတတ်၏။

ပဲခူးဘူတာသို့ ဆိုက်ရောက်ကြသောအခါ မောင်ချစ်ဆွေ၏အဒေါ် စက်ပိုင်ကတော်ကြီးသည် ဘေဘီအော်စတင်ကားကလေးနှင့် ဘူတာရုံမှ ကြိုလျက်ရှိရာ မိမိ၏တူသည် သူငယ်ချင်း အမြောက်အမြားကို ခေါ်၍လာသည်ကို မြင်သောအခါ ကားကလေးနှင့် မဆံ့သောကြောင့် ကြိုတင်၍ အကြောင်းမကြားကောင်းလားဟု မြည်တွန်တောက်တီး၏။ ထိုအခါ မောင်ချစ်ဆွေက မြင်းရထားနှင့် လိုက်ခဲ့မည်ဟု ပြောရာတွင် မောင်တင်မြင့်က မိမိမှာ သြောင်းညာလှသောကြောင့် လမ်းလျှောက်၍ တဖြည်းဖြည်း လိုက်ခဲ့ပါမည်ဟု ပြောပြီးနောက် အခြားသူများကို ကားနှင့် သွားစေ၍ ဆရာတပည့်နှစ်ယောက်တို့သည် မောင်ချစ်ဆွေ ညွှန်ကြားချက်အရ ပဲခူး–ရန်ကုန်လမ်းပေါ်၌ရှိသော ဒေါ်ခင်ကျော့၏ ဥယျာဉ်ကြီးသို့ ခြေကျင်လျှောက်လာကြလေ၏။

မီးရထားတံတားခုံးကြီးကို ကျော်ပြီးနောက် အတန်ငယ် လျှောက်မိကြသောအခါ နှစ်ယောက်စီး မော်တော်ကားတစ်စီးသည် လမ်းဘေးတွင် ရပ်လျက်ရှိရာ ဒရိုင်ဘာထိုင်သော နေရာ၌ကား မိန်းမပျိုကလေးတစ်ယောက်သည် စိတ်ရှုပ်သော အမူအရာနှင့် တောင်မြောက်လေးပါးကို မျှော်ကြည့်လျက်ရှိနေသည်ကို တွေ့ရသည်ကို တွေ့ရလေ၏။ မောင်တင်မြင့်သည် ကားကလေးအနီးသို့ ချဉ်းကပ်၍ မိန်းမပျို၏ မျက်နှာကို မြင်ရသည်နှင့်တစ်ပြိုင်နက် အံ့သြလှသော အမူအရာရှိလေရာ ထိုမိန်းမပျိုမှာ အခြားမဟုတ်၊ ရာဇဝတ်ဝန် ဦးသိန်းဟန်၏ သမီး ခင်မြကြီးပင် ဖြစ်လေသည်။



အကျိုးအကြောင်းကို မေးမြန်းရာ ခင်မြကြီးက မိမိမှာ တည်းခိုနေသော အိမ်မှ တူးဆီတာကားကလေးကို ကိုယ်တိုင်မောင်း၍ ထွက်လာရာ ကျွတ်ပေါက်၍ ဒုက္ခရောက်နေကြောင်းနှင့် ပြောပြ၏။ ထိုအခါတွင် မောင်တင်မြင့်က စပယ်ယာဘီးကို ထုတ်၍ တပည့်ကျော် ဘချောနှင့် နှစ်ယောက် ကားကို တပ်ဆင်ပေးပြီးနောက် မည်သည့်နေအိမ်၌ တည်းခိုပါသနည်းဟု မေးရာ စက်သူဌေးကတော် ဒေါ်ခင်ကျော့အိမ်၌ တည်းခိုလျက်ရှိကြောင်း၊ ၎င်းတို့ တူဝရီးနှင့် ယခုပင် တွေ့ဆိုက်သော်လည်း ထိုအခါက ဘီးမပေါက်သေးသောကြောင့် လက်ပြ၍ မောင်းသွားကြကြောင်းနှင့် ပြန်ပြောလေ၏။ မောင်တင်မြင့်က မိမိလည်း ထိုအိမ်၌ပင် တည်းခိုမည်ဖြစ်ကြောင်း ပြောပြရာ ခင်မြကြီးက အတူလိုက်ခဲ့ရန် ပြောသဖြင့် ဘချောသည် ကားနောက်ရှိ ဒစ်ကီပေါ်မှ လိုက်လျက် ဒေါ်ခင်ကျော့အိမ်သို့ ကားကို လှည့်၍ မောင်းနှင်လာကြလေ၏။

စက်ပိုင်ကတော် ဒေါ်ခင်ကျော့၏ ဥယျာဉ်သို့ ရောက်ကြသောအခါ ရာဇဝတ်ဝန် ဦးသိန်းဟန်မှာ မိမိသမီး ခင်မြကြီးသည် သူခိုး မောင်တင်မြင့်နှင့် အတူတွဲလျက် ကားစီးလာကြသည်ကို မြင်ရသဖြင့် မျက်မှောင်တကြုတ်ကြုတ်နှင့် ရှိနေလေ၏။ ဦးသိန်းဟန်က ထိုအကောင်သည် မည်သည့်နည်းနှင့် ဤအိမ်သို့ ရောက်အောင် ဝင်နိုင်လေသနည်းဟု အံ့သြစွာနှင့် ရှိနေသော်လည်း ထိုသူ၏ အကြောင်းကို သမီးအားလည်းကောင်း၊ အိမ်ရှင်များအားလည်းကောင်း ပြောပြရန် အခွင့်မသာအောင် ရှိနေသေး၏။

❖

## အခန်း ( ၇ )

မောင်တင်မြင့်မှာ ခင်မြကြီးကို မန္တလေးမှအပြန် စာပို့သင်္ဘောပေါ်၌ တွေ့မြင်လိုက်ရကတည်းကပင် တစ်သက်တွင် မဖြစ်ပေါ်ဖူးသော မေတ္တာစိတ်သည် ထက်ထက်သန်သန်ကြီး ဖြစ်ပေါ်လာခဲ့ရာ မောင်တင်မြင့်က မိမိ၏မေတ္တာအလျောက် သက်စွန့်ကြိုးပမ်းကြံစည်တော့မည်ဟု အားခဲသည့်အခါတိုင်း ခင်မြကြီးမှာ ပျောက်ကွယ်၍ သွားခဲ့သည်သာ ဖြစ်ခဲ့၏။ ယခုအကြိမ် ကံအားလျော်စွာ ဒေါ်ခင်ကျော့၏ အိမ်၌ ဧည့်သည်အဖြစ်နှင့် အတူတကွ တည်းခိုမိကြသောအခါ၌ကား မောင်တင်မြင့်မှာ ခင်မြကြီးသည် မိမိအပေါ်၌ အပြန်အလှန် နှစ်ခင်သည် ချစ်ခင်သည်ကို အပထား၍ မိမိ၏မေတ္တာကို မည်သည့်နည်းနှင့် အကာန် ဖွင့်ဟ၍

www.burmeseclassic.com



ပြောရမည်ကို အခွင့်ရအောင် ကြိုးစားအံ့တကားဟု အားခဲလျက် ရှိခဲ့၏။ ထိုသို့သော အကြံအစည် ရှိခဲ့ပါလျှင် မောင်တင်မြင့်သည် လျင်မြန်စွာ ဆောင်ရွက်ဖို့လည်း လိုပေ၏။ အကြောင်းကိုဆိုသော် စက်ပိုင်ကတော်ကြီးသည် ဧည့်သည်များအား ခုနစ်ရက်၊ တစ်ပတ်မျှ မိမိတို့ဥယျာဉ်၌ ပွဲသဘင်ကျင်းပ၍ ပျော်ရွှင်စွာနေကြရန် ဖိတ်ကြားထားခြင်းဖြစ်ရာ ထိုရက်ကကျော်လွန်လျှင် မိန်းကလေးကို မြင်ဖို့ရန်ပင်လျှင် ခဲယဉ်းတော့မည်ဖြစ်၍ ပြောရန်ရှိသောစကားကို ထိုရက်အတွင်း ပြောဖြစ်အောင် စီမံမည်ဖြစ်လေသည်။

မောင်တင်မြင့်သည် ဧည့်သည်များအနက် အထူးသဖြင့် ဦးသိန်းဟန်သား' အဖနှင့် အိမ်ရှင်ဒေါ်ခင်ကျော့တို့၏ အခြေအနေကို ထောက်လှမ်းစုံစမ်းရာတွင် ဦးသိန်းဟန်သည် စက်ပိုင်ရှင် ဦးထွန်းငွေ၏နေအိမ်ကို တေးပြများတိုက်ခိုက်စဉ်အခါက အထူးဂရုစိုက်၍ ဆောင်ရွက်ပေးခဲ့ဖူးသည်အတွက် မိတ်ဆွေဖြစ်ကြပြီးလျှင် ပွဲသဘင် ကျင်းပသောအခါ၌ ထိုသားအဖတို့ကို ဖိတ်ကြားခြင်းဖြစ်ကြောင်းနှင့်သိရ၏။ ထိုညဦ ညစာထမင်းစားပြီးအချိန်တွင် မောင်တင်မြင့်သည် မိတ်ဆွေမောင်ချစ်ဆွေကိုခေါ်၍ ဥယျာဉ်၏ တစ်ခုသောထောင့်၌ရှိသော ထိုင်ခုံကလေးပေါ်တွင် ထိုင်လျက် လူငယ်တို့ဘာဝ ရယ်ကာမောကာနှင့်ရှိစဉ် မောင်တင်မြင့်သည် ခင်မြကြီးတို့သားအဖနှစ်ယောက်အကြောင်းကို အထူးစုံစမ်းထောက်လှမ်းလျက်ရှိ၏။ မောင်ချစ်ဆွေကလည်း ဘွင်းဘွင်းကြီးရှိသော စိတ်သဘောရှိသည်ပြင် မောင်တင်မြင့်ကိုမြင်ကတည်းက ချစ်ခင်ယုံကြည်သောစိတ် ရှိပြီးဖြစ်ရကား မိမိ၏ဦးလေးနှင့်အဒေါ်တို့သည် မိမိကိုကြေးငွေအတော်အတန် စုဆောင်းပြီးရှိနေသော ရာဇဝတ်ဝန်ဦးသိန်းဟန်၏သမီး ခင်မြကြီးနှင့် ပေးစားရန်စီမံလျက်ရှိကြကြောင်း၊ ခင်မြကြီး၏ဖခင် ဦးသိန်းဟန်ကလည်း ထိုအကြံကိုသဘောတူသည်ဟု ဒေါ်ခင်ကျော့က ပြောသဖြင့် သိရကြောင်း၊ မိမိသိရှိရသလောက်မှာ ခင်မြကြီးသည် ရုပ်ဆင်းသဏ္ဍာန်နှင့်ပြည့်စုံသည်ပြင် ချစ်ခင်ဖွယ်ကောင်းသော စိတ်သဘောလည်းရှိကြောင်း၊ သို့ရာတွင် မိမိကမူ ရန်ကုန်မြို့၊ စမ်းချောင်းရပ် ရှောလမ်း၌နေသော ပင်စင်အငြိမ်းစား သစ်တောဝန် ဦးစော၏သမီး မခင်ညွန့်ကိုသာလျှင် ချစ်ခင်စုံမက်ကြောင်း၊ မိမိက ယင်းကဲ့သို့ စုံမက်ချစ်ခင်ကြောင်းကို မခင်ညွန့်အား တစ်ကြိမ်တစ်ခါမျှ မပြောရဖူးသေးသည်မှန်သော်လည်း ပြောရလျှင် နေရာကျမည်ထင်သည်ပြင် မိဘများကလည်း သဘောတူကြမည် လက္ခဏာရှိကြောင်း၊ သို့ရာတွင် သစ်တောဝန်ဦးစောမှာ လခတစ်ထောင်ကျော် စားရဖူးသော အရာရှိတစ်ယောက်ဖြစ်သော်ငြားလည်း သားနှစ်ယောက်ကို ဘိလပ်သို့စေလွှတ်၍ အခြားနှစ်ယောက်ကို ကောလိပ်ကျောင်း၌ ပညာသင်ပေးရသည်ဖြစ်သောကြောင့် ကြေးငွေဥစ္စာ စုဆောင်းနိုင်ခြင်းမရှိ ဖြစ်ရကား



ခင်၏အဒေါ်နှင့် ဦးလေးတို့က မည်သည့်နည်းနှင့်မျှ သဘောတူကြမည်မဟုတ်ကြောင်း၊ သို့ဖြစ်သောကြောင့် မိမိမှာ ၎င်းတို့ပေးစားလိုသော မိန်းကလေးကိုလည်း မယူနိုင်၊ မိမိသဘောကျသော မိန်းကလေးအကြောင်းကိုလည်း အဒေါ်များအား မပြောဝံ့ဘဲ အကျဉ်းအကျပ်ကျလျက် ရှိနေကြောင်းများနှင့် ပြောပြလေ၏။ မောင်တင်မြင့်က မခင်ညွန့်ဆိုသည်မှာ မင်းတိုးမင်းရှင်းဟိုတယ်တွင် တွေ့မြင်လိုက်ရသော မိန်းကလေးဟုတ်ပါ၏လောဟု မေးမြန်းရာ မောင်ချစ်ဆွေက ဟုတ်ပါကြောင်းနှင့် ပြန်ပြောလေ၏။

❖

## အခန်း ( ၈ )

မောင်တင်မြင့်၏အိပ်ခန်းမှာ ဥယျာဉ်ကြီးအတွင်း၌ရှိသော အိမ်ကြီးအပေါ်ထပ်၌ ထောင့်ခန်းတစ်ခန်းဖြစ်လေရာ ၎င်းတို့ဆိုက်ရောက်သောညဦ တပည့်ကျော်ဘချောသည် မောင်တင်မြင့်၏အခန်းသို့ လာရောက်၍ ရာဇဝတ်ဝန် ဦးသိန်းဟန်သည်လည်း ဧည့်သည်အဖြစ်နှင့် ထိုအိမ်၌ တည်းခိုနေသည်ဖြစ်သောကြောင့် ထိတ်သန့်ဖွယ်ရာကောင်းကြောင်းနှင့် ပြောလေ၏။ မောင်တင်မြင့်ကမူ မိမိတို့ကောင်းမွန်စွာနေထိုင်က မည်သူ့ကိုမျှ ကြောက်ဖို့မရှိကြောင်းနှင့် ပြောပြလျက်ရှိစဉ်... အပြင်မှ တံခါးခေါက်သံကြားပြီးနောက် ရာဇဝတ်ဝန်ထောက် ဦးသိန်းဟန်ကိုယ်တိုင် အခန်းတွင်းသို့ ဝင်လာလေ၏။

ဘချောသည် ဦးသိန်းဟန်ကိုမြင်သည်နှင့်တစ်ပြိုင်နက် အခန်းထဲမှ ထွက်သွားမည်ပြုရာ ဦးသိန်းဟန်က အပေါက်မှဆီး၍ တားလေ၏။

မြင့်။ ။'သွားပါစေ... ကျွန်တော့်လူ သွားပါစေ'

ဟန်။ ။'မသွားစေရဘူး'

မောင်တင်မြင့်လည်း တင်းမာသောမျက်နှာထားနှင့် ထိုင်ရာမှထပြီးလျှင် ဦးသိန်းဟန်ကို ကွေ့ရှောင်၍ တံခါးကိုဖွင့်ပေးလိုက်ရာ ဘချောလည်း စွတ်ခနဲထွက်ပြေးလေ၏။ ၎င်းနောက် မောင်တင်မြင့်သည် ကုလားထိုင်သို့ ပြန်ထိုင်၍ 'ကိုင်း—ကျွန်တော်တို့ အေးအေးဆေးဆေး စကားပြောနိုင်ပါပြီ' ဟု ပြောရာ ဦးသိန်းဟန်မှာ ခံဘဲဆိုးနေသောမျက်နှာထားနှင့် မျက်မှောင်ကြုတ်လျက်ရှိ၏။

ဟန်။ ။'မင်းတို့လူစု ဒီမှာ ဘာလုပ်ကြမလို့လဲ'

မြင့်။ ။'ဘာရယ်လို့ မဟုတ်သေးပါဘူး၊ မောင်ချစ်ဆွေက ခေါ်လို့လိုက်လာတာပါ တယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟန်။ ။'မင်းကို ငါသိတယ်'

မြင့်။ ။'တစ်ကြိမ်တွေ့ရုံနဲ့ မှတ်မိတာ ခင်ဗျားတော်တော်မှတ်ဉာဏ်ကောင်းသားပဲ'

ဟန်။ ။'မင်းတို့အကြံ ဘာလဲ... ပြောစမ်း'

မြင့်။ ။'ပွဲကလျှင်လည်း ပွဲကြည့်၊ ကျွေးလျှင်လည်း စား၊ ပျင်းလျှင်လည်း လျှောက်လည် ဒါပါပဲ'

ဟန်။ ။'နက်ဖြန် မင်းတို့ ဒီအိမ်က ထွက်သွားရမယ်'

မြင့်။ ။'ခင်ဗျာ... ဘယ့်နှယ် ခင့်ဗျာ၊ ဒီကနေ့ပဲ ရောက်တယ်၊ နက်ဖြန်ပြန်ရမယ်ဆိုလို့ အရင်လိုလုချေကလား'

ဟန်။ ။'တောင်ဟာ မြောက်ဟာ ပြောမနေနဲ့။ နက်ဖြန်အထိ အချိန်ပေးမယ်၊ နက်ဖြန်ကိုမင်းတို့ ပြန်ရမယ်'

မြင့်။ ။'ခင်ဗျား ဒီအိမ်ကို ဘယ်တုန်းက ဝယ်လိုက်သလဲ'

ဦးသိန်းဟန်သည် ရှေးကထက်ပင် တင်းမာသောမျက်နှာထားမြင့် 'မင်းကဒါမျိုးတွေ လုပ်နေလျှင် နက်ဖြန်ကျအောင်တောင် အချိန်မပေးပေဘူး၊ ခုချက်ချင်းစီမံရလိမ့်မယ်'

မြင့်။ ။'ကျွန်တော့်ကိုငဲ့ညှာပြီး မစီမံဘဲများဖြင့် မနေပါနဲ့၊ ခုချက်ချင်း စီမံစရာရှိလျှင် စီမံပါ'

ဟန်။ ။'မင့်အကြောင်းကို ငါအကုန်ပြောပြလိုက်မယ်၊ မကြောက်ဘူးလား'

မြင့်။ ။'မကြောက်ပေါင်၊ ဘာများ ခင်ဗျား ပြောစရာရှိလို့လဲ'

ဟန်။ ။'မင်း သူခိုးမဟုတ်ဘူးလား'

မြင့်။ ။'မဟုတ်ပေါင်'

ဟန်။ ။'ငါ့အိမ်ထဲကို ဖောက်ပြီး မင်းဝင်တာကို ငါ မမြင်သမို့လား'

မြင့်။ ။'ကျွန်တော်ပြောပါရစေဦး'

ဟန်။ ။'ဘာများ မင်းက ပြောစရာရှိသေးလို့လဲ'

မောင်တင်မြင့်က မိမိသည် ဦးသိန်းဟန်၏အိမ်တွင်းသို့ ဖောက်ထွင်း၍ဝင်ရခြင်းမှာ ခိုးယူရန်အကြံရှိသောကြောင့်မဟုတ်၊ မိတ်ဆွေများနှင့် လောင်းစားခြင်းပြုမိသောကြောင့် ဝင်ရခြင်းဖြစ်ကြောင်းနှင့် ရှင်းလင်းပြောပြရသော် ဦးသိန်းဟန်ယုံမည်မဟုတ်ကြောင်းကို စဉ်းစားမိသဖြင့် အကြံတစ်မျိုး ထုတ်လျက်။

မြင့်။ ။'ခင်ဗျားအိမ်ထဲကို ကျွန်တော် ဖောက်ထွင်းပြီးဝင်တဲ့အကြောင်းကို လူတွေပြောပြမယ် ဟုတ်စ'

ဟန်။ ။'ပြောမယ်'



မြင့်။ ။'ကောင်းပြီ... ကျွန်တော့်ကို ခင်ဗျားက ဖမ်းပြီး ဘယ်အတွက်ကြောင့်ရဲစခန်းမပို့ဘဲ ထားတယ်ဆိုတဲ့အကြောင်းကိုတော့ ခင်ဗျားပြောပြမလား'

ဦးသိန်းဟန်သည် ထိုစကားကိုကြားရသောအခါ၌ လန့်သကဲ့သို့ ဆတ်ခနဲဖြစ်သွားရာ မောင်တင်မြင့်က စေ့စေ့ကြည့်လျက် ရှိ၏။ ထိုခဏအတွင်း၌ ထိုသူနှစ်ယောက်တို့မှာ မည်သူက ပို၍ စိတ်ဆိုးသည်ဟု မပြောနိုင်အောင်ပင်ဖြစ်၏။ ဦးသိန်းဟန်မှာ နဖူး၌အကြောကြီးများ ထောင်၍ထနေရာ မောင်တင်မြင့်မှာလည်း မျက်နှာများ တွတ်တွတ်နီလျက်ရှိ၏။ ဦးသိန်းဟန်၏လက်ယာဘက်လက်ချောင်းများသည် ဖြန့်ထားရာမှ လက်သီးဆုပ်ဖြစ်အောင် ဆုပ်ထား၍ ထိုးတော့မည်အဟန်နှင့် အပေါ်သို့ မြှောက်လာရာ...

မြင့်။ ။'လုပ်လေ၊ လုပ်လေ... စမ်းကြည့်စမ်းပါ၊ ထိရုံကလေး ထိကြည့်စမ်းပါ။ လူကောင်ကြီးလို့ ကျုပ်က ကြောက်မယ်မှတ်သလား'

ဦးသိန်းဟန်မှာ မိမိ၏တစ်သက်တာတွင် မိမိထင်သလို လုပ်၍မရသောသူတစ်ယောက်နှင့် တွေ့နေကြောင်းသိ၍ မြှောက်ထားသောလက်ကို ချလိုက်လေ၏။ မောင်တင်မြင့်မှာ လက်ပိုက်ကာ လှည့်သွား၍ ပြတင်းပေါက်တွင်မှီကာရပ်လျက်...

မြင့်။ ။'ကျွန်တော်မေးတဲ့ မေးခွန်းကို ခင်ဗျားမဖြေသေးဘူး' ဟု ပြောရာတွင် ဦးသိန်းဟန်သည် မည်သို့မျှမပြောဘဲ နဖူးမှထွက်လာသော ချွေးများကို လက်ကိုင်ပဝါနှင့် သုတ်နေလေ၏။

မြင့်။ ။'သတ္တိရှိလျှင် လာပါ၊ ခင်ဗျားနဲ့ကျုပ်နဲ့ ပရိသတ်ထဲဆင်းပြီး တစ်ယောက်တစ်လှည့်စီ ပြောကြရအောင်၊ ခင်ဗျားစကားနှင့် ကျုပ်စကား ဘယ်သူ့စကား ယုံမလဲကြည့်ရအောင် တယ်လာတဲ့လူဗျာ၊ သူများအခန်းထဲဝင်လာပြီး ဖော်ပြောလိုက်မလေးဘာလေးနဲ့။ ဘချောနဲ့ခင်ဗျားနဲ့ ဘယ်သူက ယုတ်မာသလဲ ဆိုစမ်း၊ သူ့ခမျာက ရိုးရိုးခိုးစားတယ်၊ ခင်ဗျားကတော့ လခကြီးလည်း စားသေးရဲ့...'

မောင်တင်မြင့်သည် ပြောမည့်စကားကို ဆုံးအောင်မပြောတော့ဘဲ ရုတ်တရက် ရပ်တန့်၍ 'ကိုင်း... ခင်ဗျားဒီအခန်းထဲက ထွက်သွားလျှင် ကောင်းလိမ့်မယ်ထင်တယ်' ဟု ပြောသောအခါ ဦးသိန်းဟန်သည် စကားတစ်ခွန်းမျှမပြောဘဲ အပြင်သို့ထွက်သွားလေ၏။

ဦးသိန်းဟန်ထွက်သွားသောအခါ မောင်တင်မြင့်သည် စီးကရက်တစ်လိပ်ကို ညှိသောက်ရင်း တဖြည်းဖြည်းအမျက်ပြေလာ၍ 'အင်း... ငါလုပ်ပံ့နဲ့ဆော့ တို

www.burmeseclassic.com



လူကြီးကတော့ ငါ့ကို သမက်တော်ချင်ပုံရှည်းပဲ’ဟု တစ်ယောက်တည်း ပြောကာ ရယ်မောလေ၏။

❖

## အခန်း ( ၉ )

နောက်တစ်နေ့နံနက်၌ မောင်တင်မြင့်သည် ခင်မြကြီးကို အိမ်ပြင်တွင် တွေ့၍ ကြံရည်ဖန်ရည်ရှိသော လူတစ်ယောက်ဖြစ်သည့်အတိုင်း စပါးတစ်တောင်းကို ဆွဲယူပြီးလျှင် ဘိလပ်ကြက်များကို အစာကျွေးရန်ဟု ခင်မြကြီးကို ခေါ်သွားလေ၏။ ထိုသူနှစ်ယောက်တို့သည် ဥယျာဉ်၏ တစ်ခုသောထောင့်တွင် ခြံနှင့်မွေးမြူထားသော ဘိလပ်ကြက်ကြီးများရှိရာသို့ သွားကြပြီးလျှင် ကြက်များကို အစာကျွေးရင်း မောင်တင်မြင့်က ရယ်မောဖွယ်ရာစကားများကို သွက်လက်စွာနှင့် အမျှင်မပြတ်အောင် ပြောလျက်ရှိရာ ခင်မြကြီးမှာ မပြုံးမရယ်ဘဲ မနေနိုင်အောင်ဖြစ်၍ ဤလူကား ပျော်ရွှင်ဖွယ်ရာကောင်းသော လူတစ်ယောက်ပေတည်းဟု စိတ်ထဲ၌ ချီးမွမ်းမိလေ၏။

ယင်းသို့ရှိစဉ် မောင်ချစ်ဆွေရောက်လာ၍ ‘ဘာလုပ်ကြသလဲဗျ၊ ကြက်ကျွေးကြတာလား၊ ညီတော်က နံသနဲ့ဗျာ...၊ ခင်ဗျားတို့မို့ ကြံကြံစည်စည်’ဟုပြော၍ ရတ်တရက် ရပ်သွားလေ၏။ ထိုသို့ရပ်တန့်ခြင်းမှာ မောင်တင်မြင့်၏မျက်နှာထားကို မြင်သောကြောင့်ဖြစ်ရာ ၎င်း၏မျက်နှာထားမှာ ထိုခဏ၌ ကြောက်မက်ဖွယ်ရာပင်တည်း။ ခင်မြကြီးက ‘ကြည့်စမ်း... ကြည့်စမ်း ကြက်ကလေးကို ကြက်မကြီး နင်းမိပြီ’ဟုပြော၍ ထွက်သွားရာ မောင်ချစ်ဆွေက ‘ကျွန်တော်က နှောင့်ယှက်တာမဟုတ်ပါဘူးမိတ်ဆွေ၊ ဦးလေးကြီးက အတင်းတိုက်တွန်း လွှတ်လိုက်လို့ပါ၊ အခုတောင် ပြတင်းပေါက်က မှန်ပြောင်းနဲ့ကြည့်နေသေးတယ်’ဟုပြောလေ၏။

၎င်းနောက် ခင်မြကြီးပြန်လာ၍ သုံးဦးသားတို့သည် အိမ်သို့ပြန်သွားကြလေရာ ဦးသိန်းဟန်သည် မိမိ၏သမီးကို အိမ်ပေါ်သို့ ခေါ်သွားလေ၏။ အိပ်ခန်းတွင်းသို့ရောက်၍ တံခါးပိတ်ပြီးသောအခါ...

ဟန်။ ။‘ငါ့သမီး အစစအရာရာမှာ သတိထားနော်’

မြ။ ။‘ဘာလဲဖေဖေ’

ဟန်။ ။‘မောင်တင်မြင့်ဆိုတဲ့လူဟာ လူဆိုးကွဲ့’

မြ။ ။(အံ့ဩလျက်)‘ဘယ်လိုလူဆိုးလဲ ဖေဖေ’



ဟန်။ ။‘လူဆိုးဆို သူခိုးကွဲ့’

မြ။ ။‘ဟင်... ဟိုတုန်းက ဖေဖေ ဒီလိုမပြောပါပဲကလား’

ဟန်။ ။‘ဖေဖေလည်း နောက်မှသိတယ်’

မြ။ ။‘ဟုတ်ပါ့မလား ဖေဖေ’

ဟန်။ ။‘ဖေဖေက ပုလိပ်ကွဲ့။ လူဆိုးလူကောင်းကို ဖေဖေလောက် ဘယ်သူသိမလဲ’

၎င်းနောက် ဦးသိန်းဟန်က မိမိမှာ အမိမရှိသော ခင်မြကြီးအပေါ်၌ အမိလည်းကောင်း၊ အဖလည်းကောင်းဖြစ်၍ အမိအရာဖြစ်သော စကားကိုလည်း ပြောရမည်အကြောင်းနှင့် စကားခံပြီးလျှင် စက်ပိုင်သူဌေးဦးထွန်းငွေ၊ ဒေါ်ခင်ကျော့တို့၏သား မောင်ချစ်ဆွေနှင့် လူကြီးချင်း စကားစေ့စပ်ထားကြောင်းနှင့် ပြောပြ၍ ခင်မြကြီး၏ သဘောကို မေးရာ ခင်မြကြီးက စဉ်းစားခွင့်ပေးပါမည့်အကြောင်းနှင့် အခွင့်တောင်းလေ၏။

ခင်မြကြီးမှာ တိုင်ပင်ရမည့် သူငယ်ချင်း မိတ်ဆွေသော်လည်းကောင်း၊ ဆွေမျိုးညာတိသော်လည်းကောင်း အနီးအပါး၌ မရှိသည်ဖြစ်၍ ဤအရေးကြီးလှသော ကိစ္စကြီး၌ မိမိ၏ စဉ်းစားဉာဏ်ကိုသာလျှင် အသုံးပြုရရှာ၏။ ခင်မြကြီးသည် မောင်တင်မြင့်ကို ရှေးဦးစွာ စာပို့သဘော်ပေါ်၌ တွေ့မြင်ရစဉ်က မောင်တင်မြင့်၏စိတ်၌ဖြစ်သကဲ့သို့ အချစ်မာတ်ချင်း ရိုက်သည်ဟူ၍ မဆိုနိုင်ငြားသော်လည်း အခြားယောကျ်ားများထက် ဂရုစိုက်မိသည်ကား မှန်၏။ သို့ဖြစ်၍သာလျှင် မိမိတို့အိမ်အတွင်း၌ ထိုညတွင် မောင်တင်မြင့်ကို မြင်သောအခါ ရုတ်တရက် မှတ်မိလိုက်ခြင်း ဖြစ်ပေသည်။ ၎င်းနောက် ပဲခူးသို့ရောက်လာကြ၍ စက်ပိုင်ကြီးအိမ်၌ အတူဘည်းခိုလျက်ရှိကြစဉ် မောင်တင်မြင့်သည် ခင်မြကြီးကို အထူးဂရုစိုက်ကြောင်း တွေ့ရသည်ပြင် မောင်တင်မြင့်ကိုယ်တိုင်မှာလည်း လူ့သဘာဝမည်သည့်ထက် ထူးကဲသော လူရုပ်လူရည်လည်းကောင်း၊ စိတ်နေသဘောထားရှိဟန် လက္ခဏာရှိပြန်သောကြောင့် ခင်မြကြီးက သမီးရည်းစားတို့၏ ချစ်ခြင်းမဟုတ်စေကာမူ အရေးယူခံခြင်းတည်းဟူသော စိတ်သဘောသည် ဖြစ်ပေါ်လျက်ရှိ၏။ ယခုမှာ မိမိအား အသက်တမျှ ချစ်ခင်လှသော မွေးသဖခင်က မောင်ချစ်ဆွေနှင့် သဘောတူညီကြောင်း ပြောပြသောအခါ ခင်မြကြီးမှာ မောင်တင်မြင့်၏အကြောင်းကို ထည့်သွင်း၍ မစဉ်းစားဘဲမနေနိုင်အောင် ဖြစ်၏။ ရုပ်ရည်အားဖြင့် နှိုင်းချိန်သော် မောင်ချစ်ဆွေက နုရည်ဖတ်ရည်ရှိသည်မှန်သော်လည်း မောင်တင်မြင့်က ခံ့ညား၍ ယောကျ်ားပီသသော ကိုယ်ပေါက်ကိုယ်ရောက်ရှိ၏။ စိတ်သဘောမှာ မောင်ချစ်ဆွေသည် ဘွင်းဘွင်းကြီးပြောတတ်ဆိုတတ်၍ တွတ်တီးတွတ်တာနှင့် ဟာခ်နည်းအောင်ခြင်း

www.burmeseclassic.com



ချစ်ခင်ဖွယ်ရာပင် ကောင်းသည်မှန်သော်လည်း လေးနက်ခြင်းမရှိ၊ မိန်းမတို့က အားထားလောက်သော အရည်အချင်းမျိုးလည်းမရှိချေ။ သို့ရာတွင် မောင်တင်မြင့်မှာ ဦးသိန်းဟန်ပြောသည့်အတိုင်း မှန်ခဲ့ပါလျှင် လူဆိုးတစ်ယောက်ဖြစ်နေသည်ပြင် မိမိအား ချစ်ကြိုက်ပါသည်ဟု ဖွင့်ဟပြောဆိုခြင်းမရှိသေးချေ စသည်ဖြင့် စဉ်းစားစိတ်ကူးမိ၏။ သို့ဖြစ်ရကား မောင်ချစ်ဆွေသည် ဦးလေးနှင့်အဒေါ်တို့၏ တိုက်တွန်းနှိုးဆော်ခြင်းကြောင့် ခင်မြကြီးအား ချစ်စကားကြိုက်စကား ပြောမိရာတွင် ခင်မြကြီးမှာ ဖခင်၏စကားကို တော်လှန်ဖူးသည်မရှိသဖြင့် လက်ခံမိ၏။ ယင်းသို့လက်ခံသည့်အခါတွင် မောင်ချစ်ဆွေသည် ရှုးရှုးမူးမူးနှင့် ချစ်ကြိုက်သောလုလင်ပျိုတစ်ယောက်၏ အလားကဲ့သို့ အူယားဖားယားမရှိဟူ၍လည်း ခင်မြကြီးက စဉ်းစားမိလေ၏။

❖

## အခန်း ( ၁၀ )

ယင်းသို့လက်ခံပြီးသည့် နောက်တစ်နေ့နံနက်၌ ခင်မြကြီးသည် မြို့ထဲသို့သွားမည်ဟု တူးဆီတာကားကလေးပေါ်မှ ထိုင်လျက်တစ်စုံတစ်ယောက်ကို စောင့်နေစဉ် မောင်တင်မြင့်သည် အနီးသို့ချဉ်းကပ်လာလေ၏။ မောင်တင်မြင့်သည်လည်း မောင်ချစ်ဆွေနှင့် ခင်မြကြီးတို့၏အကြောင်းကို ကြားပြီးဖြစ်၏။ စင်စစ်မှာ စက်ပိုင်ကြီး ဦးထွန်းငွေသည် အလွန်တရာ ငွေဖြုန်းလှသော တူတစ်ယောက် မိမိ၏လက်မှ လွတ်ချေတော့မည်ဟု ဝမ်းသာလှသဖြင့် ခင်မြကြီးတို့၏အကြောင်းကို ညှို့သည့်တိုင်းအား ပြောလျက်ရှိ၏။

မောင်တင်မြင့်သည် တူးဆီတာကားနှင့် ၎င်းပေါ်တွင် ထိုင်နေသော ခင်မြကြီးကိုမြင်လေလျှင် နောက်သို့လှည့်၍ကြည့်လိုက်ရာ မောင်ချစ်ဆွေ လာနေသည်ကို မြင်သည်နှင့်တစ်ပြိုင်နက် ကားပေါ်သို့ ခုန်တက်စက်နှိုးလေ၏။

မြ။ ။'ဘယ့်နှယ် လုပ်တာလဲ... မတော်ပါဘူး ကိုတင်မြင့်'

မြင့်။ ။'ကျုပ်ပြောစရာရှိတဲ့ စကားကို နားထောင်ပြီးတဲ့အခါကျတော့ ခင်မြကြီး သဘောအတိုင်းပြုဖို့ ကျုပ်ကတိထားပါမယ်'

ယင်းသို့ပြောပြီးနောက် မောင်တင်မြင့်သည် နှိုးပြီးသောစက်ကို မောင်းနှင်ထွက်သွားရာ မောင်ချစ်ဆွေမှာ နားမလည်နိုင်သောအမူအရာနှင့် ငေးလျက်ကျန်နေခဲ့လေ၏။



မောင်တင်မြင့်သည် မော်တော်ကားကို ပဲခူးဘက်သို့မလှည့်ဘဲ ရန်ကုန်ဘက်သို့ လှည့်ကာ တဖြည်းဖြည်းမောင်းနှင်လျက်...

မြင့်။ ။'အရေးကြီးတဲ့ စကားတစ်ခု မေးပါရစေ မှန်မှန်ပြောမလား... မြ'

မြ။ ။'မေးပါ...'

မြင့်။ ။'မောင်ချစ်ဆွေကို တကယ်ကေန် စုံမက်ရဲ့လား'

မြ။ ။'မိဘစကား နားထောင်ရခြင်း ဖြစ်ပါတယ်'

မြင့်။ ။'တော်ပြီ... မှန်မှန်ပြောပါပေတယ်'

၎င်းနောက် မောင်တင်မြင့်က မိမိမှာ မှတ်မိသည့်အရွယ်မှစ၍ လူတစ်ဖက်သားအား စိတ်နှလုံးပူပန်အောင် ပြုလုပ်ခြင်းမှ တတ်နိုင်သမျှ ရှောင်ကြဉ်ခဲ့ကြောင်း၊ ယခုကိစ္စ၌ ခင်မြကြီး၏သဘောနှင့် အထူးသဖြင့် မောင်ချစ်ဆွေ၏သဘောကို မိမိသိပြီးဖြစ်သောကြောင့်၊ အကယ်၍ ခင်မြကြီးသည် မောင်ချစ်ဆွေအားလည်းကောင်း၊ မောင်ချစ်ဆွေသည် ခင်မြကြီးအားလည်းကောင်း၊ အကယ်စင်စစ် ချစ်ခင်ကြသည်မှန်ပါလျှင် မိမိက တစ်စုံတစ်ရာပါဝင်စွက်ဖက်ရန် မရှိကြောင်း။ ယခုမှာမူကား... မောင်ချစ်ဆွေသည် အခြားမိန်းကလေးတစ်ယောက်နှင့် ချစ်ခင်စုံမက်၍နေပါလျက် ငွေမက်သော အဒေါ်နှင့် ဦးလေးတို့၏စကားကို နားထောင်ရရှာသည်ပြင်၍ ခင်မြကြီးနှင့်ထိမ်းမြားရန် သဘောတူရခြင်းဖြစ်ကြောင်း၊ အကယ်၍ ထိုအကြံအသည် ထမြောက်အောင်မြင်ခဲ့ပါလျှင် မောင်ချစ်ဆွေနှင့် ခင်မြကြီးတို့မှာ နောင်အခါ၌ နောင်တရ၍ တစ်ဖန်ပြုပြင်နိုင်ရန် အကြောင်းမရှိသည်ဖြစ်သောကြောင့် တစ်သက်တာလုံး နှလုံး၏ပူပန်ဆင်းရဲခြင်းဖြစ်ရမည်အကြောင်း၊ မိမိမှာ ခင်မြကြီးကို သဆော်သါတွင် မြင်ကတည်းက တစ်သက်တွင် မဖြစ်ပေါ်ဖူးသော မေတ္တာစိတ်ဓာတ်သည် ရင်တွင်း၌ အပူတပြင်း တိုးဝှေ့ခုန်ကြွလျက်ရှိသည်မှန်သော်လည်း အကယ်၍ ခင်မြကြီးတို့သည် တစ်ဦးနှင့်တစ်ဦး တကယ်စင်စစ် ချစ်ခင်စုံမက်ကြသဖြင့် ထိမ်းမြားခြင်းဖြစ်ခဲ့ပါလျှင် မေတ္တာဓာတ်ပြင်းသဖြင့် အသည်းနှလုံး လောင်ကျွမ်းစေကာမူ သက်လျှော့၍ တိတ်တဆိတ်နေရမည်ဖြစ်ကြောင်း၊ သို့ဖြစ်သောကြောင့် အချိန်ရှေ့နှင့်သေးမီ ခင်မြကြီးက မောင်ချစ်ဆွေအား ဖွင့်ဟမေးမြန်း၍ ၎င်းပြန်ပြောသော စကားအရ ရှေ့အဖို့၌ ပြုမူသင့်ကြောင်းများနှင့် ပြောပြလေ၏။

ကျွန်ုပ်တို့သည် မောင်တင်မြင့်အပေါ်၌ ခင်မြကြီး၏ စိတ်နေသဘောထားကို အထက်တွင် ဖော်ပြခဲ့ပြီးဖြစ်ရာ ရိုးဖြောင့်တည်ကြည်သောမျက်နှာဖြင့် ပြောဆိုလေသော ထိုစကားကို ကြားရသောအခါ၌ တကယ်ပင် စဉ်းစားဆင်ခြင်သင့်သော စကားများပေတကားဟု အောက်မေ့၍ မောင်တင်မြင့်အကြံပေးသည့်အတိုင်း မောင်ချစ်ဆွေအား မေးမြန်းရန်ဝန်ခံလေ၏။

www.burmeseclassic.com



မောင်တင်မြင့်လည်း အယူခံ လက်ခံလိုက်သော ရာဇဝတ်ကောင်၏ပမာ ဝမ်းမြောက်ဝမ်းသာနှင့် မော်တော်ကားကို ဥယျာဉ်ဘက်သို့ လှည့်၍ မောင်းနှင်ခဲ့သတည်း။

❖

## အခန်း ( ၁၁ )

တန်ဆောင်မုန်းလဆန်း ၁၄ ရက်နေ့ညဥ့်သည်ကား စက်ပိုင်ကတော်ကြီး၏ ဥယျာဉ်၌ ဧည့်သည်များ တည်းခိုသည့်နောက်ဆုံးညဥ့်ဖြစ်လေရာ အောင်ဘညို တို့၏ ဓာတ်သည်လည်း ဥယျာဉ်ကြီးအတွင်း၌ ကပြမည်ဖြစ်၏။ ထိုနေ့မှာ နောက်ဆုံးနေ့ဖြစ်သည့်ပြင် ဓာတ်ပွဲလည်းရှိသည်ဖြစ်သောကြောင့် ဧည့်သည်များသည် အထူးသဖြင့် သုပ်လုပ်ရှားရှား ရှိနေကြလေ၏။

မောင်တင်မြင့်မှာ ခင်မြကြီးနှင့် မောင်ချစ်ဆွေတို့ လက်ထပ်ခြင်းကိစ္စ ရပ်စဲလိုက်ပြီဖြစ်ကြောင်းကို မောင်ချစ်ဆွေက ပြောပြ၍ သိရသဖြင့် ရွှင်ပျသောအမူအရာနှင့် မိမိ၏အခန်းမှ အပြင်သို့မျှော်ကြည့်လျက်ရှိ၏။ မောင်ချစ်ဆွေသည် မောင်တင်မြင့်နှင့် သိကျွမ်းရသည်မှာ ရက်ပေါင်းများစွာ မကြာသေးသော်လည်း မောင်တင်မြင့်မှာ လူတိုင်းက ယုံကြည်ခြင်း ရှိတတ်သူတစ်ယောက် ဖြစ်သည့်အားလျော်စွာ မောင်ချစ်ဆွေက ဦးလေးနှင့်အဒေါ်များအား ထိုအကြောင်းကို မပြောမီ မောင်တင်မြင့်အား ရှေးဦးစွာပြောပြလေသည်။ မောင်ချစ်ဆွေမှာ ဦးလေးနှင့်အဒေါ်တို့ကို ရှို့ကြောက်သည်မှန်သော်လည်း ရန်ကုန်၌ရှိနေသော မခင်ညွန့်အား စင်စစ်ချစ်ကြိုက်လျက်ရှိသည်ဖြစ်သောကြောင့် ခင်မြကြီးက ထိုကိစ္စပြီးပြတ်ကြောင်းနှင့် ပြောပြသောအခါတွင် အလျှင်းဝမ်းမနည်းဘဲ ဝမ်းသာလျက်ပင် ရှိဘိ၏။ ရန်ကုန်မြို့ရှိ မခင်ညွန့်သည် ခင်မြကြီးနှင့် နှိုင်းစာသည်ရှိသော် မည်သူက သာသည်အကြောင်းကို မောင်တင်မြင့်နှင့် မောင်ချစ်ဆွေတို့ ငြင်းခုံကြကာ မပြီးဆုံးနိုင်အောင်ပင် ရှိပေလိမ့်မည်။

မောင်တင်မြင့်သည် ပွဲရုံဆောက်လျက်ရှိသော လူများကို ရွှင်ပျသော စိတ်နှလုံးဖြင့် ကြည့်လျက်ရှိစဉ် တပည့်ကျော် ဘချောသည် အခန်းတွင်းသို့ဝင်လာ၍ အခန်းတံခါးကို ပိတ်ပြီးလျှင် ဝမ်းမြောက်ဝမ်းသာရှိသော အမူအရာဖြင့် သေတ္တာငယ်တစ်လုံးကို မောင်တင်မြင့်၏လက်သို့ ထည့်လေ၏။ မောင်တင်မြင့်လည်း နားမလည်သော အမူအရာနှင့် သေတ္တာငယ်ကို ဖွင့်ကြည့်ရာ စိန်နားကပ်၊ စိန်လက်



စွပ်၊ စိန်ကြယ်သီး၊ စိန်ဆံထိုး အစရှိသည့် လက်ဝတ်လက်စားများကို အံ့ဩဘွယ်ရာနှင့် တွေ့မြင်ရလေ၏။

မြင့်။ ။'ဟဲ့ကောင်၊ ဘယ့်နှယ်ဟာတွေလဲဟဲ့'

ချော။ ။'တပည့်လိမ္မာ၊ ဆရာ အာပတ်လွတ်သတဲ့ဆရာ'

မြင့်။ ။'ဘာလဲ ပြောပါဦး မင့်ဟာ...'

ချော။ ။'စိန်တွေလေ... ဆရာ'

မြင့်။ ။'စိန်တွေ ဟုတ်ပါပြီ၊ ဘယ်သူ့ဟာတွေလဲ'

ချော။ ။'ဒေါ်ခင်ကျော့ဟာတွေလေ ဆရာ'

မြင့်။ ။'အင်း... ဘာလို့ယူခဲ့တာလဲ'

ချော။ ။'(အံ့ဩစပြုလာ၍) ဆရာလာတာ ဒီကိစ္စမဟုတ်လား၊ ဆရာကိုယ်တိုင် မလုပ်ရအောင် မီးခံသေတ္တာထဲက ကျွန်တော် ထုတ်ယူလာခဲ့တယ်'

မြင့်။ ။'အောင်မယ်လေး... အကျိုးနည်းပါပြီဗျ' ဟု ညည်းညူလျက် ဘချောကို ဒေါ်ကြီးတော့မည်ပြုရာ ဘချောမှာ မျက်နှာကောင်းမရသောခွေးကဲ့သို့ အခန်းထဲမှ ထွက်ပြေးလေ၏။

ငင်းနောက် မောင်တင်မြင့်သည် စိန်ထည်များကို သေချာစွာကြည့်ရှုလျက် ရှိစဉ် မျက်နှာထားတစ်မျိုးပြောင်းလျက် အနည်းနည်း စုံစမ်းကြည့်ရှုကာ ရှိနေလေ၏။ မောင်တင်မြင့်မှာ ငင်းစိန်ထည်များကို ကိုယ်တိုင်ပြန်၍ အပ်ရန်မဖြစ်နိုင်တော့ချေ။ အဖြစ်အပျက်ကို ဟုတ်မှန်သည့်အတိုင်း ပြောပြချေက ဘချော ဒုက္ခရောက်မို့ရှိ၏။ သို့ဖြစ်သောကြောင့် ယခုညဥ့် အိမ်သားများ ပွဲကြည့်လျက်ရှိသောအခါတွင် ငင်းပစ္စည်းများကို မီးခံသေတ္တာထဲသို့ ကိုယ်တိုင်ပြန်၍ ထည့်အံ့ဟူသောအကြံနှင့် သိမ်းထားလိုက်လေ၏။

❖

## အခန်း ( ၁၂ )

ဥယျာဉ်၏ တစ်ခုသောထောင့်၌ ရန်ကုန်မှ မောင်ချစ်ဆွေ ခေါ်လာခဲ့သော မောင်ဘထွန်းနှင့် မောင်ချစ်ဆွေတို့သည် စားပွဲတစ်ခု၌ထိုင်ကာ ဖဲထုပ်တစ်ထုပ်နှင့် ကစားနေလျက်ရှိကြ၏။ ပိုကာဟူသော ကစားနည်းမှာ ကံသက်သက်ကစားနည်းမဟုတ်၊ ဖဲပါချင်းတူလျှင် ကျွမ်းကျင်သူက အနိုင်ရသော ကစားနည်းမျိုးဖြစ်ရာ အံ့သုံ၊ ပိတ်ပုံတို့ကို ထောက်သဖြင့် မောင်ဘထွန်းနှင့် မောင်ချစ်ဆွေတို့မှာ အဆင့်

www.burmeseclassic.com



အတန်းများစွာကွာခြားကြောင်း ထင်ရှားလျက်ရှိ၏။ သို့ရာတွင် အချို့မပါးနပ်သော သူတို့မှာ မိမိတို့ကို အခြားသူများက နိုင်သောအခါ ကျွမ်းကျင်သောကြောင့်နိုင်သည်မဟုတ်၊ ဖဲပါသောကြောင့် နိုင်သည်ဟု ထင်တတ်လေရာ ထိုလူမျိုးသည်ကား အများဆုံးရှုံးတတ်သော လူမျိုးပေတည်း။ မောင်ချစ်ဆွေမှာလည်း ထိုသို့သောလူမျိုးတစ်ယောက် ဖြစ်လေရာ ပထမ၌ ဖဲတစ်ချပ်လျှင် နှစ်ပဲတန်းကစားရာမှ မောင်ချစ်ဆွေ အနည်းငယ်ရှုံးသောအခါ၌ လေးပဲတန်း၊ ရှစ်ပဲတန်း စသည်ဖြင့် ၎င်းကပင် ကြေးတိုးမြှင့်၍ ကစားရန်အကြံပေး၏။ မောင်ဘထွန်းကမူ ကြေးတိုးမြှင့်ခြင်းကို အဘယ်အခါမျှ မကန့်ကွက်ချေ။ နောက်ဆုံး၌ တစ်ချပ်လျှင် တစ်ကျပ်တန်းပင် ကစားကြရာ မောင်ဘထွန်းမှာ နဂိုအားဖြင့် လက်သာလျက်ရှိသည်ပြင် ဂျိုကာကိုလည်း အမြဲလိုပင် ဝှက်၍ကစားလေရကား နေဝင်ခါနီးအချိန်၌ မောင်ချစ်ဆွေအပေါ်၌ ငွေ ၅၀ ကျပ်ခန့် အကြွေးတင်လျက်ရှိ၏။

၎င်းနောက် အချိန်ကုန်၍ ရပ်တန့်ပြီးလျှင် စကားပြောကြရာမှ မောင်တင်မြင့်၏အကြောင်းကို စကားစပ်မိ၍ ပြောကြ၏။ မောင်တင်မြင့်သည် ဖဲရိုက်သည့်အခါ၌ မောင်ဘထွန်းက မောင်ချစ်ဆွေအား နပ်ချမည်ကို မသင်္ကာသဖြင့် မောင်ချစ်ဆွေအား တစ်ကြိမ်၊ နှစ်ကြိမ် သတိပေးဖူး၏။ မောင်ဘထွန်းက မောင်တင်မြင့်သည် မိမိ၏လာဘ်ကို ပိတ်ပင်သူတစ်ယောက်ဖြစ်သည်ဟု သဘောရ၍ မောင်တင်မြင့်ကို ရန်ငြိုးထား၏။ သို့ဖြစ်သောကြောင့် မောင်တင်မြင့်၏အကြောင်းကို စကားစပ်မိ၍ ပြောကြရာတွင် မောင်ဘထွန်းသည် အမနာပစကား ပြောလိုက်၏။ မောင်ချစ်ဆွေသည် ထိုစကားကိုကြားသည်နှင့်တစ်ပြိုင်နက် ဆတ်ဆတ်ခါအောင်နာလျက် ထိုင်ရာမှထ၍ 'ခင်ဗျားက ကျုပ်မိတ်ဆွေကို ဘယ့်နှယ်ကြောင့် မဟုတ်မတရား စွပ်စွဲရတာလဲ၊ ကိုတင်မြင့်လို စိတ်သဘောထားကြီးတဲ့လူကို ကျုပ်တစ်ခါမှ မတွေ့ဖူးဘူး။ ခင်ဗျားမခံချင်နေ မုန်းတဲ့အတိုင်း ပြောရရင် ခင်ဗျားလိုလူမျိုး ၁၀ ယောက်၊ ၁၅ ယောက် လိုက်လို့တောင် ကိုတင်မြင့်ဖင်ဖျားကို မမီဘူး...'ဟု နှိုင်းစ၍ပြောရာတွင် မောင်ဘထွန်းလည်း ရှက်ရှက်နှင့် အမျက်ထွက်၍ လာလေ၏။ သို့ဖြစ်၍ မောင်ဘထွန်းက ထိုင်ရာမှထ၍ 'ခင်ဗျားကိုယ်နဲ့ခင်ဗျား နှိုင်းပါ၊ သူများထည့်ပြီး မနှိုင်းပါနဲ့၊ ခင်ဗျားကြည့်ညိုလို့ တတ်နိုင်ရင် အိမ်ဦးခန်းတင်ပြီး ကိုးကွယ်ချင် ကိုးကွယ်၊ နမများ ရှိရင်လည်းပေး'

ဆွေ။ ။'ခင်ဗျား တယ်စော်ကားပါကလား'

စသည်ဖြင့် စကားများကြရာမှ တစ်ယောက်တစ်ခွန်း နင့်သီးသော စကားတို့ကို ဆိုကြလေရာ နောက်ဆုံး၌ မောင်ချစ်ဆွေသည် မောင်ဘထွန်းကို အိမ်မှနှင်ထုတ်လေ၏။ မောင်ဘထွန်းကလည်း သူ၏ ဖဲကြွေးငွေ ၅၀ ကျပ် ယခုရလျှင်



...သွားမည်ဟု ပြော်လေ၏။ မောင်ချစ်ဆွေမှာ ကျွန်ုပ်တို့ သိရှိသည့် အတိုင်း ...များထံမှ ချေးငှားသော ငွေများကို ပေးဆပ်ရန်သတိမေ့တတ်သော လူငယ် ...ယောက်ဖြစ်သော်ငြားလည်း ယခုကဲ့သို့ ရန်ဖြစ်ထားသော လူတစ်ယောက်၏ ...ကိုမှု မပေးဘဲမနေနိုင်သော မာနကလေးရှိ၏။ သို့ဖြစ်၍ မောင်ချစ်ဆွေက ...ထံမှ ငွေ ၅၀ ကျပ်တောင်း၍ ပေးပြီးသောအခါတွင် ထိုလူကို ခြေနှင့်ကန်၍ ...မည်ဟု ခြိမ်းခြောက်ပြီးလျှင် အိမ်တွင်းသို့ ဝင်သွားလေ၏။

❖

## အခန်း ( ၁၃ )

...ဦးထွန်းငွေသည် မောင်ချစ်ဆွေကို မွေးစားရာ၌ မယား၏ဩဇာကို မလွန်...ခဲ့သောကြောင့် သာလျှင် ပြုရခြင်းဖြစ်လေသည်။ အကြောင်းကိုဆိုသော် ...ထွန်းငွေသည် ကြေးငွေကို အလွန်တရာ နှမြောစုံမက်တတ်သော လူတစ်ယောက် ...ရသည်အတွင်း မောင်ချစ်ဆွေကလည်း အတော်ပင် အသုံးအစွဲ ကြီးခဲ့၏။ ...ကောလိပ်ကျောင်း၌ ထားစဉ်အခါက တစ်လလျှင် ၁၅၀ ကျပ်ငွေနှင့် မလောက် ...ကြွေးများကို မကြာခဏဆပ်ရခြင်း၊ အဖိုးထိုက်တန်သော အဝတ်အစားများ ...ဦးထွန်းငွေနာမည်နှင့် စာတိုက်မှ မှာယူ၍ မကြာမကြာရွေးယူရခြင်း၊ ယခုပင် ...တော်ဆိုင်ကယ်၊ တော်တော်ကြာလျှင် ကားဆိုတာကား စသည်ဖြင့် ဝယ်ပေးရ ...သော ငွေကုန်ဖွယ်ရာ နည်းလမ်းအမျိုးမျိုးတို့ဖြင့် ပြုလုပ်တတ်သော မောင် ...ဆွေသည် ကြေးငွေမှုနှင့်ပတ်သက်၍ ဦးလေးဖြစ်သူအား မကြာခဏ ဒုက္ခပေး ...၏။ ဒေါ်ခင်ကျော့မှာ အနည်းငယ်မျှသော ငွေဆိုလျှင် လင်ယောကျ်ားမသိ အောင် လက်သိပ်ထိုး၍ ပေးတတ်သော်လည်း ကိုယ်တိုင်ငွေကိုင်ရသည်မဟုတ် သောကြောင့် နေရာတိုင်း၌ လင်ယောကျ်ားမသိအောင် မတတ်နိုင်ချေ။ သို့ရာတွင် ...ထွန်းငွေက မောင်ချစ်ဆွေအား မြည်တွန်တောက်တီးသောအခါ၌မူ တူဖြစ်သော ...က အမြဲလိုက်၍ ခုခံလေရကား ဦးထွန်းငွေမှာ ဦးခေါင်းကိုသာ ကုတ်လျက် ...အိုက်လျက် ရှိနေလေ၏။

သို့ဖြစ်သောကြောင့် မောင်ချစ်ဆွေသည် ဥစ္စာကြွယ်ဝသော ဝန်ကြီး၏သမီး ...မြကြီးနှင့်လက်ထပ်တော့မည်ဟု သိရသောအခါ၌ကား တစ်ခါဖြင့် ဝန်ကြီး ...တော့မည်ဟု များစွာ ဝမ်းသာလျက်ရှိ၏။

ထိုည၌ မောင်ချစ်ဆွေသည် ဦးလေးထံမှ ငွေ ၅၀ ကျပ်တောင်း... ...၏အခန်းသို့ ဝင်သွားသောအခါ၌ ခင်မြကြီးနှင့် မောင်ချစ်ဆွေ...

www.burmeseclassic.com

www.burmeseclassic.com



မည့်ကိစ္စ ပြီးပြတ်သွားကြောင်းကို မသိရသေးသောကြောင့် မောင်ချစ်ဆွေအပေါ်၌ အလွန်တရာ မျက်နှာချိုလျက်ရှိ၏။

သို့ဖြစ်သောကြောင့် မောင်ချစ်ဆွေက ငွေ ၅၀ လောက် သုံးဖို့ပေးပါမည်အကြောင်းနှင့် တောင်းခံသောအခါ 'ပေးရမယ် လူကလေး၊ ပေးရမယ်၊ လူငယ်ဆိုတာ ဘယ်ခါတစ်ခါတော့လည်း သုံးချင်ဖွဲချင်ပေမှာပေါ့၊ ရော့... ရော့' ဟု ပြောလျက် ခါးခံငွေသေတ္တာကလေးထဲမှ ငွေစက္ကူဆယ်တန်ငါးချပ်ကို သွက်သွက်လက်လက် ထုတ်ပေးလေ၏။ မောင်ချစ်ဆွေသည် ငွေစက္ကူများကို ယူ၍ထွက်သွားပြီးလျှင် မောင်ပထွန်းကိုရှာဖွေရာ ရုတ်တရက်မတွေ့သည်နှင့် အိမ်ရှေ့ဝရန်တာတွင် မောင်တင်မြင့်နှင့် စကားပြောနေလေ၏။

ဦးထွန်းငွေသည် မိမိ၏အခန်းတွင်းမှ ထွက်လာ၍ ပေါ်ခင်ကျောတို့ရှိရာ ပွဲခင်းသို့ သွားမည်အပြုတွင် လှေကားပေါ်၌ ခင်မြကြီးနှင့် တွေ့လေ၏။ ဦးထွန်းငွေသည် ခင်မြကြီးအား တူမတစ်ယောက်ကဲ့သို့ ယခုကပင် သဘောထားနေသည့် အမူအရာနှင့် ခင်မြကြီး၏ ကျောကိုပုတ်ကာ...

ငွေ။ ။'ဘာလဲ တူမကြီး၊ ဗျာယီးဗျာယာနဲ့ ဘယ်သူ့လိုက်ရှာနေသလဲ၊ မောင်ချစ်ဆွေကို ရှာနေသလား၊ အခုပဲ ဒီက ထွက်သွားတယ်၊ တစ်ယောက်တစ်ယောက် မခွဲနိုင်ကြဘူးမှတ်တယ်' ဟု ပြုံးရယ်ကာပြောသောအခါ...

မြ။ ။'ဦးက ကျွန်မတို့အကြောင်းကို မသိသေးဘူးမှတ်တယ်၊ ကျွန်မနဲ့ ကိုချစ်ဆွေနဲ့ ဘာမှမဟုတ်ကြဘူးဦးရဲ့'

ငွေ။ ။'ဘယ့်နှယ်'

မြ။ ။'တစ်နေ့ကဟာ အကုန်ပျက်ကုန်ပြီဦးရဲ့။ အပြစ်တင်လျှင် ကျွန်မကို တင်ပါ။ ကျွန်မက စပြီး ဖျက်ပါပေတယ်'

ငွေ။ ။(မျက်နှာထားပုပ်စွာနှင့်)'ဘယ်တုန်းက ဖျက်ကြသလဲ...'

မြ။ ။'ဒီကနေ့ ညနေကပဲ'

ငွေ၊ ။'သယ်... တယ်လာတဲ့အကောင်။ ဒါနဲ့များ ငါ့ကို ငွေလိမ်တောင်းသေးတယ်' ဟု ပြော၍ အစေခံတစ်ယောက်အား မောင်ချစ်ဆွေခေါ်ခဲ့ရန် အမိန့်ပေးပြီးလျှင် ခင်မြကြီးကို နှုတ်မဆက်ဘဲ အခန်းတွင်းသို့ ပြန်ဝင်သွားလေ၏။

မောင်ချစ်ဆွေလည်း အဖြစ်အပျက်ကို မသိသေးသည်နှင့် ခပ်ရွှင်ရွှင်မျက်နှာထားနှင့် ဝင်လာရာ ဦးထွန်းငွေ၏မျက်နှာထားကို မြင်သည်နှင့်တစ်ပြိုင်နက် မျက်နှာသေကလေးနှင့် ရှိနေ၏။

ဆွေ။ ။'ဟဲခါးပိတ်လိုက်ပါ'



မောင်ချစ်ဆွေလည်း ခိုင်းသည့်အတိုင်း ပြုပြီးနောက် မှန်တင်ခုံကိုမှီကာ ရပ်နေသေး၏။

ဆွေ၊ ။'ကိုင်း... ပြောစမ်း' ဟု ပြော၍ အင်္ကျီအိတ်၌ လက်နှိုက်ကာ ခြေထောက်များကို ကားကားကြီးရပ်လျက်ရှိ၏။

ဆွေ၊ ။'ကျွန်တော့်အပြစ်မဟုတ်ပါဘူး ဦးလေးရယ်။ ခင်မြကြီးက...'

ဆွေ၊ ။'ဒီအကြောင်းကို ငါသိပြီးပြီ မပြောနဲ့တော့။ ငါ သိချင်တာက ငွေမတောင်းမီက ဒီအကြောင်းကို ဘာကြောင့် ငါ့ကို မပြောသလဲ'

ဆွေ၊ ။'ကျွန်တော်က ပြောမလို့ဟာ ပြောခွင့်မရလို့ပါ ဦးလေးရယ်'

ဆွေ၊ ။'ငွေ ၅၀ ကျပ်ကို ဘယ်အတွက် တောင်းသလဲ

ဆွေ၊ ။'ကိစ္စရှိလို့ပါ ဦးလေးရယ်'

ဆွေ၊ ။'ဘာကိစ္စလဲ'

ဆွေ၊ ။'သူများကြွေး ပေးစရာရှိလို့ပါ'

ဆွေ၊ ။'ဘယ်နည်းနဲ့ ဒီကြွေးတင်ရသလဲ'

မောင်ချစ်ဆွေသည် မပြောဘဲနေ၏။

ဆွေ၊ ။'မင်းကစားသလား'

ဆိတ်ဆိတ်ပင် နေသေး၏။

ဆွေ၊ ။'ဟုတ်ပြီ... ဘာမှပြန်မပြောကတည်းက ငါ တွေးတဲ့အတိုင်း ဟုတ်ပြီ။ ဒီငွေကို ငါ့ဆီက တောင်းချင်လို့ ဟိုအကြောင်းကို တမင်ကွယ်ဝှက်ပြီး နေတယ်... ဟုတ်စ'

မောင်ချစ်ဆွေသည် ပြောမည်ဟု ပါးစပ်ပြင်ပြီးမှ ဘာမျှမပြောဘဲနေ၏။

ဆွေ၊ ။'ကိုင်း... ရှိစေ၊ ငါ့ငွေကို ငါ့ပြန်ပေး၊ မင့်ဆီမှာ မရှိရင် သွားယူချေ'

မောင်ချစ်ဆွေမှာ မိမိ၏ဦးလေးသည် မိမိအား ကြိမ်းမောင်းမြည်တွန်လိမ့်မည်ဟု ပြင်ဆင်ပြီးဖြစ်သော်လည်း ထိုကဲ့သို့ငွေကို ပြန်တောင်းလိမ့်မည်ဟု မထင်သောကြောင့် အံ့အားသင့်လျက်ရှိ၏။

ဆွေ၊ ။'ကျွန်တော်ပြောပါရစေ ဦးလေးရယ်'

ဦးထွန်းငွေသည် မည်သို့မျှ နှုတ်က မပြောဘဲ မျက်လုံးကိုပြူး၍ပြလိုက်ရာ မောင်ချစ်ဆွေသည် ငွေစက္ကူများကို အိတ်တွင်းမှထုတ်၍ ပေးရလေ၏။ ဦးထွန်းငွေသည် ငွေစက္ကူများကို လောဘတကြီးနှင့် လှမ်းယူ၍ မှန်တင်စားပွဲ အံဆွဲအတွင်းသို့ သည့်ပြီးမှ သော့ခတ်ပြီးနောက် အခန်းပြင်သို့ ထွက်သွားလေရာ မောင်ချစ်ဆွေသည်း ကုတ်ကုတ်ကလေး ထွက်သွားလေ၏။

❖

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၄ )

မောင်ချစ်ဆွေသည် ဦးလေး၏ အခန်းတွင်းမှ ထွက်လာပြီးနောက် ဥယျာဉ်ထောင့်၌ ရှိသော ဥယျာဉ်မှူး၏တဲသို့သွား၍ ဘီယာတစ်ပုလင်း ဝယ်သောက်လေ၏။ တစ်ခွက်မျှ ဝင်လတ်သော် ဦးထွန်းငွေသည် မိမိအား အချည်းနှီးနှိပ်စက်သူတစ် ယောက်ဖြစ်သည်ဟု ထင်လာ၏။ နှစ်ခွက်သောက်သောအခါ၌မူ မိမိအားပေးပြီး သောငွေ ၅၀ ကျပ်မှာ မိမိ၏ငွေဖြစ်သည်ဟု သဘောရလာ၏။ နောက်ဆုံးဖြစ်သော တတိယခွက်သောက်ပြီးသည့်အခါ၌မူ မိမိပိုင်သော ငွေကို မိမိသွား၍ ယူအံ့ဟု ဆုံးဖြတ်ပြီးလျှင် ပရိသတ်များ စည်ကားစပြုလာသော ပွဲခင်းကြီးကို ကွေ့ရှောင်၍ အိမ်ပေါ်သို့ တက်သွားလေ၏။

မောင်ချစ်ဆွေသည် မှန်သောအမှုကို ပြုမိသည့်အလား အနည်းငယ်မျှ ထိတ်လန့်ကြောက်ရွံ့ခြင်းမရှိဘဲ ဦးထွန်းငွေ၏ အခန်းထဲသို့ ဝင်သွားပြီးလျှင် မှန်တင်စားပွဲမှ အံဆွဲကို ကိုင်ဆွဲလေ၏။ သို့ပါသော်လည်း သော့ခတ်ထားသဖြင့် မပွင့်ဘဲရှိရာ မောင်ချစ်ဆွေသည် စားပွဲခြေထောက်ကို ခြေနှင့်ကန်ကာ အားကုန်ဆောင့်၍ ဆွဲသည်တွင် အံဆွဲလည်း ပွင့်သွားလေ၏။ ထိုအခါ မောင်ချစ်ဆွေသည် ငွေစက္ကူငါးချပ်ကို ထုတ်ယူ၍ စားပွဲအံဆွဲကို ပြန်ပိတ်မည်ပြုဆဲတွင် နောက်မှခြေသံကြားသဖြင့် လှည့်၍ကြည့်လိုက်ရာတွင် ခင်မြကြီးသည် အခန်းဝ၌ ရပ်နေသည်ကို တွေ့လိုက်ရလေ၏။

ခင်မြကြီးမှာ မောင်ချစ်ဆွေနှင့် မိမိတို့ ပြီးပြတ်သည့်အကြောင်းကို ဦးထွန်းငွေအား ပြောလိုက်စဉ်က ဦးထွန်းငွေ၏ မျက်နှာထားကို မြင်ရခြင်းအားဖြင့် အပြစ်မရှိသော တူ မောင်ချစ်ဆွေအား ကြိမ်းမောင်းချေတော့မည်ဟု တွေးထင်မိသည်ဖြစ်၍ မောင်ချစ်ဆွေအပေါ်၌ ကရုဏာဖြစ်လျက် ၎င်းအား ဖျော်ဖြေစကားပြောကြားမည်ဟု ရှာလျက်ရှိရာ မောင်ချစ်ဆွေအိမ်ပေါ်သို့ တက်သွားသည်ကို ပွဲခင်းမှ ရိပ်ခနဲမြင်လိုက်ရသောကြောင့် လိုက်လာခဲ့ခြင်း ဖြစ်လေသည်။ အခန်းဝသို့ ရောက်သောအခါ မောင်ချစ်ဆွေ၏ အမူအရာကိုမြင်သဖြင့် ၎င်း၏အကြံအစည်ကို ရိပ်မိရုံမျှမက ငွေစက္ကူများကိုလည်း ၎င်း၏လက်၌ တွေ့မြင်ရသဖြင့် အံ့အားသင့်လျက် ရှိနေလေ၏။

မြ။ ။'ကိုချစ်ဆွေ ဘာလုပ်နေသလဲ'

ဆွေ။ ။'ဘာမှ မလုပ်ဘူး၊ ကျုပ်ငွေ ကျုပ် ထုတ်ယူနေတယ်'

မြ။ ။'ရှင့်ငွေ... ဟုတ်ကဲ့လား၊ ဒေါ်ခင်ကျော့တို့အခန်း မဟုတ်လား'

ဆွေ။ ။'သူတို့အခန်းပေမယ့် ငွေက ကျုပ်ငွေပဲ'



မြ။ ။'မတော်ပါဘူး... ကိုချစ်ဆွေရယ်၊ မတော်လို့ သိသွားမှဖြင့် ရှက်စရာကြီးဖြစ်နေတော့မပေါ့'

ဆွေ။ ။'ကိုယ့်ငွေ ကိုယ်ယူတာ ဘာမှရှက်စရာမရှိဘူး။ ကျုပ်ကိုပေးပြီးမှ သူက အတင်းပြန်ယူတာဗျ'

မြ။ ။'ဒီငွေကို ရှင် ဘာလုပ်ဖို့လဲ'

ဆွေ။ ။'ကြွေးပေးစရာရှိလို့'

မြ။ ။'ဘယ်တော့ပေးရမှာလဲ'

ဆွေ။ ။'ဒီကနေ့ည ပေးရမယ်'

မြ။ ။'နက်ဖြန်ထိအောင် ဆိုင်းလို့မဖြစ်ဘူးလား'

ဆွေ။ ။'ဖြစ်တော့ ဖြစ်ပါရဲ့ သို့သော်...'

မြ။ ။'ဆိုင်းလို့ဖြစ်ရင် ကျွန်မက ချေးပါမယ်ရှင်၊ နက်ဖြန်မနက်စောစော ငွေ ၅၀ ကျပ် ကျွန်မက ချေးပါ့မယ်၊ ဒီငွေကို ပြန်ထားလိုက်ပါ' ဟု ပြောပြောဆိုဆိုနှင့် ခင်မြကြီးသည် မောင်ချစ်ဆွေ၏လက်မှ ငွေစက္ကူများကို လှယူ၍ အံဆွဲထဲတွင် ထည့်ပြီးမှ ပိတ်ထားလိုက်လေ၏။ ထိုခဏ၌ အခန်းပြင်မှ ဆင်းလာသော ခြေသံများကို ကြားရသည်နှင့် ခင်မြကြီးသည် ဗီရိုနှင့်မှန်တင်စားပွဲအကြား၌ ကာထားသော ကန့်လန့်ကာ၏နောက်သို့ မောင်ချစ်ဆွေကို တွန်းသွင်းပြီးမှ ဓာတ်မီးခလုတ်ကို မှိတ်ပြီးလျှင် ၎င်းကိုယ်တိုင် မောင်ချစ်ဆွေရှိရာသို့ ဝင်၍ ပုန်းလေ၏။

ယင်းသို့ ပုန်းပြီးသည်နှင့်တစ်ပြိုင်နက် ခြေသံသည် အခန်းဝတွင်ရပ်၍ ဘစ်စုံတစ်ယောက်သောသူသည် တံခါးကို ဖွင့်ပြီးလျှင် အခန်းတွင်းသို့ ဖြည်းညည်းစွာ ဝင်လာလေ၏။

❖

## အခန်း ( ၁၅ )

မောင်တင်မြင့်သည် စိန်ထည်များကို ပြန်ထားရန်အကြံဖြင့် လက်နှိပ်ဓာတ်မီးတစ်ခုနှင့် အခန်းတွင်းသို့ ဝင်လာလေရာ မီးခံသေတ္တာထားသောနေရာကို ဘခေ့ထ သေချာစွာပြောပြီးဖြစ်သောကြောင့် အလွယ်တကူနှင့်ပင် သေတ္တာကို တွေ့သ၏။ မီးခံသေတ္တာမှာ ပိတ်လျက်ရှိသော်လည်း ဘချောသည် သော့ကို ချိတ်ပြီးဖြစ်သောကြောင့် မောင်တင်မြင့်က လက်နှင့်ဆွဲလိုက်သောအခါတွင် အလွယ်တကူပွင့်လာလေ၏။ မောင်တင်မြင့်သည် စိန်ထည်ထုပ်ကို သေတ္တာအတွင်းသို့ ထည့်

www.burmeseclassic.com



ညည်ပြသည်နှင့်တစ်ပြိုင်နက် ခင်မြကြီးသည် ကန့်လန့်ကာနောက်မှ ထွက်လာလေ၏။

မြ။ ။'ကိုတင်မြင့်'

မြင့်။ ။'အလိုလေးဗျာ... လန့်လိုက်တာ'

နောက်တစ်ခဏ၌ မောင်ချစ်ဆွေသည်လည်း ကန့်လန့်ကာနောက်မှ ထွက်ပေါ်လာပြန်လေ၏။ ထိုအခါ ခင်မြကြီးသည် ခေတ်မီးခလုတ်ရှိရာသို့သွား၍ မီးဖွင့်လိုက်ရာ တစ်ခန်းလုံး လင်းလျက်ရှိနေ၏။

မောင်တင်မြင့်သည် ရှေးဦးစွာ အသံကြားစဉ်က စိန်ထုပ်ကို နောက်၌ဝှက်ထားရာ မီးလင်းလာသောအခါ၌ ရှေ့သို့ထုတ်၍ ပြလေ၏။

ဆွေ။ ။'အလိုဗျာ... ဒေါ်ဒေါ် စိန်ထုပ်ကြီးပါကလား'

မြ။ ။'ရှင် ဘယ်က ရသလဲ ကိုတင်မြင့်'

ဆွေ။ ။'မေးမှ မေးပလေဗျာ၊ မီးခံသေတ္တာထဲက ရမှာပေါ့'

မြင့်။ ။'မဟုတ်ပါဘူး၊ ကျုပ်က ပြန်ထားမလို့ပါ'

ဆွေ။ ။'တယ်ကျတာပဲဗျာ၊ ဘယ်သူက ယုံနိုင်မှာလဲ'

မြင့်။ ။'မယုံကြတာတော့ ကျုပ်မတတ်နိုင်ဘူး။ ပြောတော့ဖြင့် မှန်တဲ့အတိုင်း ပြောတာပဲ'

ဆွေ။ ။'ဒီမှာ အားလုံး ကျုပ်တို့လူချည်းပါဗျ၊ မှန်မှန်သာပြော ကိုတင်မြင့်၊ ကျုပ်တို့က မဖော်ပါဘူး'

မြ။ ။'တိတ်တိတ်နေစမ်း ကိုချစ်ဆွေ'

မြင့်။ ။'ဒီလိုပါ မြရယ်၊ ကျုပ်တပည့်ဘချောက ဒီစိန်ထုပ်ကြီးကို ခိုးလာလို့ ကျုပ်က ပြန်ထားမယ် လာပါတယ်' ဟု ပြောပြီးနောက် မောင်တင်မြင့်က ဘချောသည် မိမိအား သူကဲ့သို့ပင် သူခိုးတစ်ယောက် ထင်မှတ်စေဖို့ ဖြစ်လာရပုံ အကြောင်းများကို အမျိုးသားပျော်ပွဲစားရုံ၌ လောင်းတန်းပြုမိသည့်အဖြစ်အပျက်များနှင့်တကွ အိမ်တစ်အိမ်သို့ ဖောက်ထွင်း၍ ဝင်ကြပုံများပါ စုံလင်စွာ ပြောပြလေ၏။

မောင်တင်မြင့်မှာ မိမိ၏အဖြစ်အပျက်ကို ဟုတ်မှန်သည့်အတိုင်း ပြောပြခြင်းဖြစ်သော်လည်း ယုံကြည်နိုင်ဖွယ်ရာမရှိကြောင်းကိုလည်း သိသည်ဖြစ်သောကြောင့် မိမိ၏စကားအဆုံး၌ ထိုသူနှစ်ယောက်တို့၏ မျက်နှာကို အကဲခတ်လျက်ရှိ၏။

မောင်ချစ်ဆွေကမူ 'ကိုတင်မြင့်နှယ်ဗျာ... အပင်ပန်းခံလိုက်တာ ကျုပ်တို့အားလုံး ခင်ဗျားလူချည်းပါလို့ ပြောထားပြီးမဟုတ်လားဗျ'



ထိုအခါ ခင်မြကြီးသည် အမျက်ထွက်သော အမူအရာနှင့် မောင်ချစ်ဆွေဘက်သို့ ရုတ်တရက်လှည့်၍...

မြ။ ။'ရှင် ဘယ့်နှယ်ပြောတာလဲ၊ ကိုတင်မြင့် ပြောတာကို ကျွန်မ မယုံကြည်ဘူး မှတ်နေသလား'

ဆွေ။ ။'ဒါတော့ဗျာ...'

မြ။ ။'ကိုတင်မြင့်... ရှင်ပြောတဲ့စကားကို ကျွန်မ တစ်ခွန်းမကျန် အားလုံးယုံကြည်ပါတယ်'

မြင့်။ ။'ကျေးဇူးပါပဲ...'

မောင်ချစ်ဆွေကမူ လင်ပြောတိုင်းယုံမည့်မိန်းမကောင်း တစ်ယောက်ကို တွေ့ရှိလျက်နှင့် စွန့်လွှတ်မိချေပြီတကားဟု နှမြောဟန်လက္ခဏာနှင့် ကြည့်နေလေ၏။ နောက်တစ်ခဏ၌ ခင်မြကြီးလည်း တံခါးကိုဖွင့်၍ ထွက်သွားလေ၏။

'ဒါထက် ကျုပ်တစ်ခုမေးပါရစေဦး၊ ခင်ဗျားတို့နှစ်ယောက် ဒီအခန်းထဲမှာ ဘာလုပ်နေကြတာလဲ၊ တူတူပုန်းတမ်းကစားနေကြတာလား'

ထိုအခါ မောင်ချစ်ဆွေသည် မောင်တင်မြင့်အား မိမိကဲ့သို့သော လူစားမျိုးပင်ဖြစ်၍ ရှက်ဖွယ်ရာမရှိဟု အောက်မေ့ပြီးလျှင် အဖြစ်အပျက်ကို လျှို့ဝှက်ခြင်းမရှိဘဲ ဟုတ်မှန်သည့်အတိုင်း ဖွင့်ပြောလေ၏။

မောင်တင်မြင့်သည် မောင်ချစ်ဆွေနှင့် မောင်ဘထွန်းတို့ ပိုကာဆွဲကြသော အကြောင်းကို ကြားရသောအခါ မိမိက သတိပေးလျက်နှင့် နားမထောင်သည့်အတွက် အပြစ်တင်၍ နောက်နောင် ထိုသူနှင့် မည်သည့်ကစားနည်းမျိုးမှ မကစားရန်လည်း ကတိထားစေ၏။ နောက်ဆုံး၌ မောင်ချစ်ဆွေက 'ဗျို့လူ... ကိုတင်မြင့် နေစမ်းပါဦးဗျ၊ လောင်းကြေးတွေဘာတွေနဲ့ ခင်ဗျားခုနကပြောတဲ့ အဖြစ်အပျက်ဟာ ဘာကယ်လားဗျ။ အလို ဘုရားရေ ဘယ်သူလဲမသိဘူး၊ အပြင်ကခြေသံကြားတယ်၊ ပုန်းကြဗျို့...ပုန်းကြ'ဟု ပြောပြောဆိုဆိုနှင့် ကန့်လန့်ကာ၏နောက်သို့ဝင်၍ ပုန်းလေရာ တံခါးသည် ပွင့်သွား၍ စက်ပိုင်ဦးထွန်းငွေလည်း အခန်းတွင်းသို့ ဝင်လာလေ၏။

❖

## အခန်း ( ၁၆ )

မောင်တင်မြင့်သည် မောင်ချစ်ဆွေ၏နောက်သို့လိုက်၍ ပုန်းအောင်းရန် ကြံသည်မှန်သော်လည်း နောက်ကျခဲ့ပြီဖြစ်သောကြောင့် အရှိန်မပျက်စေဘဲ သူ့ရှေ့၌ပင် ရပ်နေ

www.burmeseclassic.com

www.burmeseclassic.com



လေ၏။ ဦးထွန်းငွေသည် အခန်းတွင်းသို့ ဝင်မိ၍ မောင်တင်မြင့်၏လက်၌ ကိုင်ထားသော စိန်ထုပ်ကိုမြင်သောအခါ အံ့အားသင့်၍ မျက်လုံးပြူးနေ၏။

မောင်တင်မြင့်မှာ သူတစ်ပါး၏အခန်းတွင်း၌ ရောက်နေသည့်အပြင် လက်တွင် ပစ္စည်းထုပ်နှင့်တကွ မိနေပြီဖြစ်သောကြောင့် ဤတစ်ခါဖြင့် ခက်ပြီဟူ၍ ထင်မှတ်ဖွယ်ရာ ရှိပေ၏။ သို့ရာတွင် မောင်တင်မြင့်ကမူ ဤအကျပ်အတည်းမှ ထွက်ရန် လမ်းပေါက်ကိုမြင်ပြီးသောအနေဖြင့် ခပ်အေးအေးအမူအရာနှင့် ရပ်နေလေ၏။

ငွေ။ ။'လက်စသတ်တော့ ကိုယ်တော်မြတ်ကိုး...'

မြင့်။ ။'ဦးကို ဘယ်သူပြောသလဲ'

ငွေ။ ။'သူများအိမ်နေပြီး သူများထမင်းလည်းစားသေးရဲ့၊ သူများပစ္စည်းလည်း ခိုးသေးရဲ့ တော်ရော့လား... မင်းလုပ်ပုံ...ဟင်'

မြင့်။ ။'ဖြည်းဖြည်းလုပ်ပါ ဦးရယ်။ မျက်လုံးပြူးပြူး မျက်ဆန်ပြူးပြူး မလုပ်စမ်းပါနဲ့၊ ကျွန်တော်က လန့်တတ်ပါတယ်'

ငွေ။ ။'မင်းပါလာကတည်းက ငါထင်မိသားပဲ။ ငါ့တူနဲ့ ပါလာတယ်ဆိုလျှင် ဘယ်က လူကောင်းသူကောင်းဟုတ်နိုင်မလဲဆိုတာ ငါတွေးမိသားကပဲ၊ သူခိုး... ဟဲ့... သူခိုး'

မြင့်။ ။'ကျွန်တော်ကတော့ ကိစ္စမရှိပါဘူး။ သို့သော် ဦးအိမ်ကိုဖောက်ပြီး မီးခံသေတ္တာကို ဖွင့်တဲ့လူများနဲ့ တွေ့ခဲ့လို့ရှိလျှင် သူခိုးလေးဘာလေးနဲ့ မခေါ်လေနဲ့ခင်ဗျ။ ဒီလူမျိုးက စိတ်ကဆတ်ပါဘိသနဲ့။ မခံချင်ပြီဆိုမှဖြင့် ဦးဒုက္ခရောက်သွားမယ်။ ယခုလည်း ဆူဆူညံညံတော့ လုပ်ကြမယ်မကြံနဲ့၊ ကျွန်တော့်အိတ်ထဲမှာ ခြောက်လုံးပြူးပါတယ်။ ပြောင်းဟာ ဦးဘက်ကို ချိန်ထားတာ မြင်ရဲ့လား'

မောင်တင်မြင့်သည် အင်္ကျီအိတ်တွင် လက်နှိုက်ကာ ရပ်လျက်ရှိ၏။ အိတ်တွင်း၌ထည့်ထားသော ဆေးတံရိုးကို ဦးထွန်းငွေဘက်သို့ချိန်ထား၍ အင်္ကျီအိတ်သည် စူလျက်ထွက်နေသည်ကို ဦးထွန်းငွေမြင်ရသောအခါ မျက်နှာပျက်၍သွား၏။ မောင်တင်မြင့်ကမူ လူတစ်ဖက်သား၏ အသက်ကို ဖြုတ်တစ်ကောင်၏ အသက်လောက်မျှ ပမာဏမထားသေးဟန်နှင့် မျက်နှာတင်းတင်းကြီး ရှိနေလေ၏။

မြင့်။ ။'ကျွန်တော်က သေနတ်ပစ်လျှင် သူတစ်ပါးလို သေနတ်ကြီးကို လူမြင်အောင် ထုတ်ပြီးပစ်တာ မဟုတ်ဘူး။ သေနတ်ကိုထုတ်ပြီး ကိုင်တယ်ဆိုတာ ရိုင်းတာမျိုးပဲ။ သို့သော် အင်္ကျီအိတ်ထဲကနေပစ်လို့ လွဲလိမ့်မယ်၊ ချော်လိမ့်မယ်များလို့တော့ မထင်မှားလေနဲ့၊ ငါးဝတည့်တည့်မှ ပစ်တဲ့အကောင်။ ဒီတော့ကာ



အော်မယ် ဟစ်မယ်များလို့တော့ မကြံစည်လေနဲ့။ အသံတစ်ခွန်းထွက်တာနဲ့ ဦး ခနဲ ပစ်တာနဲ့ တစ်ချိန်တည်းပဲ ကြားရဲ့လား'

ဦးထွန်းငွေသည် ဟစ်အော်မည်ပြုပြီးမှ မဝံ့သည်နှင့် ဆိတ်ဆိတ်ရှိနေလေ၏။

မြင့်။ ။'ဖြည်းဖြည်းပေါ့ ဦးရယ်၊ ကြုံတဲ့အခါ စကားစမြည်ပြောကြသေးတာပေါ့၊ ဘယ့်နယ်လဲ အောင်ဘညိုပွဲ တော်တော်ကောင်းရဲ့လား'

ဦးထွန်းငွေက မိမိမှာ မောင်တင်မြင့်၏ခြိမ်းခြောက်ခြင်းကြောင့် ဟစ်အော်ခြင်းမပြုဝံ့စေကာမူ နောက်ဆုံး၌ မိမိ၏လက်မှ မည်သည့်နည်းနှင့်မျှ ထိုသူလွတ်နိုင်မည်မရှိဟု စိတ်ချသဖြင့် တဖြည်းဖြည်းအမူအရာ ပြောင်းလဲ၍ လာလေ၏။ မောင်တင်မြင့်သည်လည်း ထိုအခြင်းအရာကိုမြင်သဖြင့် တစ်ဖန်အမူအရာ ပြောင်းလဲစေအံ့ဟု အောက်မေ့၏။

ငွေ။ ။'မောင်တင်မြင့်'

မြင့်။ ။'ခင်ဗျာ'

ငွေ။ ။'မောင်တင်မြင့်ဟာ ကိုယ့်အခြေအနေကို ကိုယ်သိပုံမရဘူး။ မောင်တင်မြင့်ဟာ ကျုပ်မယား၏စိန်ထည်များကို ခိုးယူရင်းတန်းလန်းမှာ ကျုပ်ကလက်ပူးလက်ကြပ် မိတယ်မဟုတ်လား'

မြင့်။ ။'ကျွန်တော်က ဒီပစ္စည်းများကို ခိုးခြင်းမဟုတ်၊ ပြန်ထားမယ်လို့ လာခြင်းဖြစ်တယ်လို့ ပြောလျှင် ဦးက ယုံမလား'

ငွေ။ ။'ယုံဖို့ ခဲယဉ်းတယ်'

မြင့်။ ။'ဘယ့်နယ်ကြောင့်'

ငွေ။ ။'အကယ်၍ ပစ္စည်းများကို ပြန်ထားခြင်းဖြစ်ပါလျှင် ကျုပ်ကို ခြောက်လုံးပြူးသေနတ်နဲ့ ချိန်လားရွယ်လား လုပ်ပါ့မလား'

မြင့်။ ။'မလုပ်ပေဘူး'

ငွေ။ ။'မောင်ကတော့ ကျုပ်ကို ခြောက်လုံးပြူးနဲ့ ရွယ်တယ်'

မြင့်။ ။'ဘယ်မှာလဲ ခြောက်လုံးပြူး'

ငွေ။ ။'မောင့်အိတ်ထဲမှာ'

မြင့်။ ။'မဟုတ်ရပါဘူး ... ခင်ဗျာ၊ ကျွန်တော် ကျီစားမိတာပါ' ဟုပြောလျက် မောင်တင်မြင့်သည် အိတ်ထဲမှဆေးတံကို ထုတ်၍ပြလေရာ ဦးထွန်းငွေသည် မြောက်မိသည်ကို ရှက်သည်နှင့် ရှေးကထက် စိတ်ဆိုးလာလေ၏။

ငွေ။ ။'မောင်... မောင်... မောင်က... ကျုပ်... ကျုပ်ကို...'

မြင့်။ ။'ဖြည်းဖြည်းခင်ဗျာ... ဖြည်းဖြည်း'

www.burmeseclassic.com

www.burmeseclassic.com



ငွေ။ ။'လက်စသတ်တော့ ဒီအကောင်အရှုး ထင်ပါရဲ့။ သို့သော် ရူးသည်ဖြစ်စေ၊ ကောင်းသည်ဖြစ်စေ ပုလိပ်...'

မြင့်။ ။'အရင်မလိုပါနဲ့ ဦးရယ်။ ဖြည်းဖြည်းပေါ့၊ ဦးက အခုနေမှာ ဘယ်လိုပဲ အော်စေကာမူ ဆိုင်းသံတွေဆူနေလို့ ဘယ်သူမှကြားမှာမဟုတ်ပါဘူး၊ ဒီ့ပြင်လည်း ကျွန်တော်ပြောစရာစကားတစ်ခု ရှိပါတယ်'

ငွေ။ ။'မင်းက အချိန်ကုန်အောင် လွှဲပြီးလွတ်ပေါက်ရှာနေတာလား၊ မရဘူး မောင်'

မြင့်။ ။'ကျွန်တော်က လွတ်ပေါက်ရှာဖို့နဲ့ အဝေးကြီးပါ ဦးရယ်။ ကျွန်တော် ဒီအိမ်က ထွက်သွားချင်လိုက်တာမှ၊ ယော မသွားချင်၊ ဘာသားမသွားချင် ဖြစ်နေတယ်။ သို့သော် အော်လားဟစ်လားမလုပ်ခင် ကျွန်တော်ပြောစရာရှိတာ နားထောင်ပါဦး၊ စကားဆုံးတော့မှ ဦးက အော်ချင်သပဆိုလျှင်လည်း ငယ်သံပါအောင် အော်တော်မူပါခင်ဗျား...'

ငွေ။ ။'ဆိုပါဦး'

မြင့်။ ။'ကျွန်တော်ပြောလိုတဲ့စကားကို သွယ်သွယ်ဝိုက်ဝိုက်ပြောရမလား၊ သို့မဟုတ် တစ်ခါတည်း တိုက်ရိုက်ပြောရမလား'

ဦးထွန်းငွေသည် လက်ပတ်နာရီကို ကြည့်လျက်...

ငွေ။ ။'မောင့်ကို ကျုပ် တစ်မိနစ်အချိန်ပေးမယ်'

မြင့်။ ။'အလိုလေး မြန်လှချည်ကလားခင်ဗျာ၊ ယခုတောင် ဘယ်နှစက္ကန့်ကုန်သွားပြီလဲ ခင်ဗျာ'

ငွေ။ ။'ပြောစရာရှိတဲ့စကားကို မြန်မြန်ပြော'

မြင့်။ ။'ကိုင်း... ဒါဖြင့်နားထောင်။ ဦး စိန်ထုပ်ထဲကစိန်တွေဟာ တစ်လုံးမှ စိန်မစစ်ပါဘူး၊ အားလုံး ဓာတုဗေဒ စိန်တွေချည်းပဲ'

❖

## အခန်း ( ၁၇ )

ဦးထွန်းငွေသည် မောင်တင်မြင့်၏စကားကို ကြားသည်နှင့်တစ်ပြိုင်နက် ရင်ကော့လျှက်ရှိသော အမူအရာမှသည် ဦးခေါင်းချိုးသော အမူအရာသို့ ချက်ချင်း ပြောင်းလွှဲသွားလေ၏။ မောင်တင်မြင့်သည် စိန့်အကြောင်းကို အတော်အတန် နားလည်သူတစ်ယောက်ဖြစ်သည်နှင့် ဘချောပေးလာသော စိန်ထည်များကို သေချာစွာ



ကြည့်မိရာတွင် ၎င်းစိန်များသည် ဂျာမနီမှမှာယူသည့် အလွန်တရာကောင်းသော စိန်တုများဖြစ်သော်လည်း စိန်အစစ်မဟုတ်ကြောင်းကို ချက်ချင်းလိုပင် သိလေ၏။ မောင်တင်မြင့်သည် ဒေါ်ခင်ကျော့၏စိတ်သဘောကို အတော်အတန် ရိပ်မိ၍ ၎င်း၏စိန် အစစ်ဖြစ်သည်ဟု မှတ်ထင်သောကြောင့်သာလျှင် ဝတ်ဆင်နေသည်ဖြစ်ရာ အကယ်၍ စိန်တုများဖြစ်ကြောင်းကို သိပါလျှင်မူ ချက်ချင်းပင် အသစ်ဝယ်ပေးဖို့ သင်ယောကျ်ားကို ပူဆာမည်ဖြစ်ကြောင်း ရိပ်မိ၏။ သို့ဖြစ်၍ ဦးထွန်းငွေသည် ဒေါ်ခင်ကျော့အား ခန်းဝင်ပစ္စည်းအဖြစ်နှင့် တင်သသောပစ္စည်းများမှာ စိန်အစစ်မဟုတ်၊ အတုများဖြစ်သည်ဟု ဒေါ်ခင်ကျော့သိသွားမည်ကို အလွန်စိုးရိမ်မည့်အကြောင်းကိုလည်း မောင်တင်မြင့်သိ၏။ ထိုကြောင့်သာလျှင် မောင်တင်မြင့်သည် စိန်ထည်များနှင့်ပတ်သက်သည့် ထိုကိစ္စတွင် ခပ်အေးအေးအမူအရာနှင့် နေနိုင်ခဲ့ခြင်းဖြစ်လေသည်။

ဦးထွန်းငွေသည် မောင်တင်မြင့်၏စကားကို ကြားသောအခါ၌ လေထုတ်၍ပစ်လိုက်သော ကြက်ပေါင်လုံးကဲ့သို့ ပျော့ခွေ၍သွားရာ...

မြင့်။ ။'သို့သော်လည်း စိန်တုထဲမှာတော့ တကယ်ကောင်းပါပေတယ် ခင်ဗျာ၊ ကျွန်တော်တောင် လက်နဲ့ကိုင်ကြည့်လို့ သိရပါတယ်'

ငွေ။ ။'မောင် ဘယ်နည်းသိသလဲ'

မြင့်။ ။'ကျွန်တော်က ကျောက်၊ ပုလဲ၊ နီလာ၊ စိန်အစရှိတဲ့ ပစ္စည်းများနဲ့ ပတ်သက်ပြီး စာအုပ်တွေလည်း ဖတ်ဖူးတယ်၊ ကိုယ်တိုင်လည်း ဒီပညာကို သင်ယူဖူးတယ်။ ဘာအတွက်ကြောင့်မှ မဟုတ်ပါဘူး။ သက်သက်ဝါသနာပါလို့ ပါ။ ဒါကြောင့် ဒီစိန်ထည်တွေ ကျွန်တော့်လက်ရောက်သည်နှင့်တစ်ပြိုင်နက် သေချာစွာ စိုက်ကြည့်မိလို့ စိန်အစစ်မဟုတ်ကြောင်း ကျွန်တော် သိရခြင်းဖြစ်ပါတယ်၊

ဦးထွန်းငွေသည် မတ်တတ်ရပ်လျက်ရှိရာမှ ကုလားထိုင်တစ်လုံးပေါ်သို့ ကိုယ်ကိုပစ်ချကာ ထိုင်လိုက်၏။

ငွေ။ ။'မောင်တင်မြင့်'

မြင့်။ ။'ခင်ဗျာ'

ငွေ။ ။'မောင်ဟာ အခု အကျဉ်းအကျပ်ထဲမှာ ကျနေတယ်မဟုတ်လား'

မြင့်။ ။'ကျွန်တော့်အတွက်တော့ မပူပါနဲ့။ ဦးအတွက်သာ ဦးစိမ်ပါ။ ဘယ်လို လုပ်မယ် ကြံသလဲ'

ငွေ။ ။'မောင် ပြောတာ ကျုပ် နားမလည်ပါဘူး၊ ဘာဆိုလိုတာလဲ'

www.burmeseclassic.com

www.burmeseclassic.com



မြင့်။ ။'ကိုင်း... ဒါဖြင့် ကျွန်တော် ရှင်းပြမယ် နားထောင်၊ ဦးနဲ့ ဒေါ်ခင်ကျော့နဲ့ လက်ထပ်စဉ်အခါက ဦးကလည်း စက်ပိုင်သူဌေး၊ ဟိုကလည်း အရေးပိုင်တစ်ယောက်ရဲ့နှမဆိုတော့ ခန်းဝင်ပစ္စည်းအဖြစ်နဲ့ တော်တော်အဖိုးတန်တဲ့ပစ္စည်းများကို တင်သမှ လူကြားလို့ကောင်းမယ်မဟုတ်လား'

ငွေ။ ။'ပြောပါ'

မြင့်။ ။'ဒီတော့ကာ ဥပမာ ငွေသုံးသောင်းတန် လက်ဝတ်လက်စားများကို တင်သမယ်ဆိုလျှင် ဒီငွေအတွက် တစ်လတစ်လမှာ ငွေတိုးတော်တော်ကြီး နစ်နာမယ် မဟုတ်ဘူးလား၊ ဒီတော့ကာ ဂုဏ်လည်းမပျက်စေရအောင်၊ ဟိုတစ်ဖက်သားလည်း ကျေနပ်လေအောင်၊ ငွေတိုးလည်းမနစ်နာရလေအောင် ဦးက စိန်အစစ်ကို မဝယ်ဘဲ ဂျာမနီက ချက်စိန်တွေ မှာယူပြီး ပန်းထိမ်မှာ လက်ဝတ်လက်စား လုပ်စေပြီးမှ တင်တောင်းခဲ့တယ် မဟုတ်လား။ ဘယ့်နှယ်လဲ ကျွန်တော့်တွေးထင်ချက် ကိုက်ရဲ့လား'

ဦးထွန်းငွေသည် ထိုအတိုင်းမှန်သည်၊ မမှန်သည်ကို ထုတ်ဖော်ပြောရန် အချိန်မရမီ ကန့်လန့်ကာ ပြင်းထန်စွာလှုပ်ပြီးနောက် မောင်ချစ်ဆွေ ထွက်ပေါ်လာ၍ ဦးထွန်းငွေ၏ ရှေ့တည့်တည့်၌ ရပ်လေ၏။

ဆွေ။ ။'ခင်ဗျား တယ်တော်တဲ့ လူကြီးပဲ၊ ခင်ဗျား... ဟင်း... ကျုပ်ကို ခင်ဗျားက တစ်သက်လုံး မြည်ချင်တိုင်းမြည်၊ တွန်ချင်တိုင်း တွန်၊ ပြောချင်တိုင်း ပြောလာလိုက်တာ လက်စသတ်တော့ ခင်ဗျားက လူလိမ်ကြီးကပဲ၊ ကျုပ်က စောစောက မသိခဲ့ရတာ နစ်နာတယ်ဗျာ...' ဟု လက်သီးနှစ်ဖက်ကို ဆုပ်ကာ ဒေါသကြီးစွာနှင့် ပြောလေလျှင် ဦးထွန်းငွေမှာ မည်သို့မျှပြန်မပြော ဆိတ်ဆိတ်သာလျှင် ထိုင်နေလေ၏။

ဆွေ။ ။'အိုင်ဆေး... ကိုတင်မြင့်။ ခင်ဗျားဟာ လူထဲမှာ တော်တော်ရှားတဲ့လူတစ်ယောက်ပဲဗျာ။ ဘယ်နေရာမဆို ခင်ဗျားဝင်ပါလိုက်ရင် နေရာတကျဖြစ်သွားတာချည်းပဲ၊ တကယ်စွမ်းတဲ့ လူတစ်ယောက်ပါပဲဗျာ။ ကိုင်း... သို့သော် ဒီလိုနေလို့ မဖြစ်သေးဘူး။ ဒီက ဦးလေးတော်အကြောင်းကို ဒေါ်ဒေါ်သွားပြောဦးမှ ဖြစ်မယ်' ဟု ပြောလျက် အခန်းထဲမှ ထွက်သွားမည်ပြုလေလျှင် ဦးထွန်းငွေမှာ ကင်းကိုက်ဘီသကဲ့သို့ ထိုင်ရာမှ ရုတ်တရက်ထလေ၏။

ငွေ။ ။'ဟော့ မောင်ချစ်ဆွေ မင်းဒေါ်ဒေါ်ကို ဒီအကြောင်း မပြောပါလေနဲ့ကွယ်'

ဆွေ။ ။'ခင်ဗျားက မပြောနဲ့ဆိုလျှင် ကျုပ် နေရတော့မလား၊ ခင်ဗျားကို ဘယ်အတွက်ကြောင့် ကျုပ် နားထောင်မှာလဲ'



ငွေ။ ။'ဒီအကြောင်းကို မင်းဒေါ်ဒေါ်သိမှဖြင့် ငါ့ကို တစ်သက်လုံး ဆူလို့ဆူလို့ ပြီးတော့မှာ မဟုတ်ဘူး တူရယ်'

ဆွေ။ ။'ဆူချင်ဆူပါစေ သွားပြောမယ်'

ငွေ။ ။'ဟော့... မလုပ်ပါနဲ့ကွယ်'

ဆွေ။ ။'ဘာကြောင့်မလုပ်ဘဲ နေရမလဲ'

ဦးထွန်းငွေမှာ ဒေါ်ခင်ကျော့နှင့်လက်ထပ်ပြီးသည့်နေ့မှစ၍ မိမိ၏အပြစ်ပေါ်တော်သောနေရာများပင် ဒေါ်ခင်ကျော့က ပေါက်ငမ်းမည်ကို အစဉ်မပြတ်ကြောက်ရွံ့လာခဲ့သည်ဖြစ်ရာ ထိုကဲ့သို့ မိမိက တစ်ပတ်ရိုက်ထားသည့်အဖြစ်ကို ဒေါ်ခင်ကျော့သိသွားမည်ကိုကား ကျားလောက်မက ကြောက်ရွံ့လျက်ရှိ၏။

ငွေ။ ။'ဒီအကြောင်းကို ဘယ်နည်းနဲ့မျှ မင့်ဒေါ်ဒေါ်မသိစေပါနဲ့ ငါ့တူရယ်'

ဆွေ။ ။'ဘာလဲ ခင်ဗျားက ကျွန်တော်ပါ ခင်ဗျားဘက်က ကူပြီးလိမ်ပေးစေချင်သလား၊ တော်လှတယ်ခင်ဗျာ' ဟု ပြောလျက် မောင်ချစ်ဆွေသည် အခန်းပြင်သို့ ထွက်မည်ပြုပြန်လေ၏။

ငွေ။ ။'နေဦး တူရဲ့၊ ဦးလေးပြောပါရစေဦးကွဲ့'

ဆွေ။ ။'ဘာလဲ'

ငွေ။ ။'ဦးလေးက ငါ့တူလေးအပေါ်မှာ ဆိုးခဲ့တာ မှန်ပါတယ်ကွယ်'

ဆွေ။ ။'ဆိုးလား မဆိုးလားတော့မသိဘူး၊ ခင်ဗျား ကျွန်တော့်ကိုဘယ်အခါမဆို သူငယ်နှပ်စားအရွယ်ကလေးလောက် အောက်မေ့ပြီးပြောချင်တိုင်းပြော...'

ငွေ။ ။'မှန်ပါပေတယ် တူကြီးရယ်'

ဆွေ။ ။'ဒီကနေ့ညတောင် ငွေကလေး ၅၀ ကျပ်တောင်းတာ ပေးပြီးမှ တစ်ခါပြန်ပြီး အတင်းယူသတဲ့ဗျာ။ ကောင်းနိုင်ရဲ့လား ကိုတင်မြင့်ရယ်'

ငွေ။ ။'ဦးလေးက ငါ့တူ လောင်းတမ်းစားတမ်း ကစားမှာစိုးရိမ်လို့ပါ တူရယ်'

ဆွေ။ ။'တကယ်လို့ ကစားရင်ကော ဘာဖြစ်သလဲဗျ၊ လောင်းတမ်းကစားတာနဲ့ စိန်အတုကို စိန်အစစ်လုပ်ပြီး ကိုယ့်မယားကို တင်တာနဲ့ ဘယ်ဒင်းက ဆိုးသလဲ'

ငွေ။ ။'ဦးလေးလည်း မင်းတောင်းတဲ့ငွေအကြောင်းကို တစ်ခါပြန်ပြီး စဉ်းစားမိပါတယ်။ စင်စစ် ဦးလေးမှားပါပေတယ်၊ ဘယ်လောက်လဲ ငွေ ၅၀၀ လောက်ဆိုရင် ယူမလား၊ ချက်ရေးပေးမယ်'

ဆွေ။ ။'တော်ပါပြီ၊ ခင်ဗျားငွေ ခင်ဗျားသိမ်းထားပါ။ ခုတလော ခင်ဗျား ငွေ ဆော်တော်လိုလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ ဒေါ်ဒေါ့်ကို စိန်အစစ်တွေ ခင်ဗျား ဝယ်ပေးရတော့မှာကိုး' ဟု ပြော၍ အခန်းအပြင်ဘက်သို့ ထွက်မည်ပြုပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



ငွေ။ ။'ငါ့တူကြီးနေပါဦးကွဲ့'

ဆွေ။ ။'ဆိုစမ်း'

ငွေ။ ။(နဖူးမှ စီးကျသောချွေးများကို လက်ကိုင်ပဝါနှင့်သုတ်လျက်)ဦးလေးမှား ပါတယ်၊ ငါ့တူကြီးနဲ့ ဦးလေးနဲ့ဆိုလျှင် ဦးလေးက ဆိုးခဲ့ပါပေတယ်။ ဦးလေးကတော့ ကောင်းစေချင်တဲ့ စေတနာပါပဲ။ ခုကာလလူငယ်များဟာက လူကြီးများထိန်းသိမ်းဖို့ အင်မတန်ခဲယဉ်းလေတော့...

ဆွေ။ ။'အို... တယ်ခက်နေ၊ ဘယ်သူက ကျွန်တော့်ကို ထိန်းသိမ်းပါလို့ ခင်ဗျား ကို ပြောလို့လဲ၊ ခင်ဗျားတို့ ထိန်းသိမ်းလွန်းအားကြီးလို့ ကျွန်တော်ဒီလောက် ကျပ်နေတာပဲ။ ငါးကျပ်လိုရင်လည်း ရှိခိုးတောင်းရ၊ ခင်ဗျားတို့လုပ်ပုံဟာ လူတစ်ဖက်သား ဘယ်လောက်နွားကျသလဲဗျ၊ လူအချင်းချင်းသိသွားရင် သိပ်ပြီး ရှက်စရာကောင်းတာပဲ။ သိလည်း သိကြတာပါပဲ။ ဒါကြောင့် ကျောင်းသားသူငယ်ချင်းတွေလျှင် ကျွန်တော်ဖြင့် မျက်နှာတောင်မကြည့်ဝံ့ဘူး၊ ဒီတစ်ခါတော့ သိကြရောပေါ့ဗျာ'

ငွေ။ ။'သို့သော်... ဦးလေးပြောပါရစေဦး'

ဆွေ။ ။'ခင်ဗျားတို့ လုပ်ပုံတွေဟာ လူငယ်အချင်းချင်းပေါင်းရာမှာ ကျွန်တော် နံဖို့ချည်းပဲဗျ၊ သုံးဖို့စွဲဖို့ ခင်ဗျားတို့က လုံလုံလောက်မပေးတော့ ဟိုကချေးရ၊ ဒီကငှားရနဲ့ ကိုတင်မြင့်ဆီကတောင် ကျွန်တော် ငွေငါးကျပ်လှည့်ရဖူးသေး တယ်မဟုတ်လားဗျာ'

မြင့်။ ။'ရှိပါစေဗျာ... ထည့်မပြောနေပါနဲ့'

ဆွေ။ ။'ထည့်မပြောနဲ့ဆိုပေမဲ့ ကျွန်တော့်ပြောစကားမှန်ကြောင်းကို သိအောင် ပြောရသေး၊ တကယ်လို့သာ သူတို့က လုံလုံလောက်လောက် ပေးခဲ့ပါသဘိ၊ ဒီလို ဟိုချေးလား ဒီငှားလားလုပ်ဖို့ ဘာအကြောင်းရှိသလဲဗျ၊ စာသင်ပေးပြန်လျှင်လည်း အသုံးအစွဲကြီးတယ်ဆိုပြီး ဘီအေမအောင်ခင် နုတ်ပစ်လိုက်တယ်။ ရာဇဝတ်ဝန်ကလေး အလုပ်လျှောက်ဖို့ဟာလည်း ငွေကလေး လေးငါးထောင် အကုန်မခံချင်ကြဘူး။ ဒီတော့ ဒီအကောင် ဒီတစ်သက်မှာ ဘယ်တော့ကြီးပွားဖို့ ရှိမလဲဗျ'

ငွေ။ ။'ငါ့တူက ပုလိပ်ဘက်မှာ အလုပ်လုပ်ဖို့ မတော်ပါဘူး ငါ့တူရယ်'

ဆွေ။ ။'ဘယ်ဘက်မှ လုပ်ဖို့မတော်ဘူး၊ ခင်ဗျားတို့ပြောမှပဲ၊ ခုကာလမှာ ငွေနဲ့ ပစ်ပြီးမကြဲဘဲ ဘယ်အလုပ်ရနိုင်ဦးမလဲခင်ဗျ၊ ခင်ဗျားတို့က အလုပ် ကောင်းကောင်း ရှာမပေးနိုင်တိုင်း ပိုက်ဆံရှိတဲ့မိန်းမနဲ့ စေ့စပ်ပေးဖို့ ကြံကြတယ်။ ဘယ်လောက် ရှက်စရာကောင်းသလဲဗျာ၊ လူကိုမကြိုက်ဘဲနဲ့ ငွေမက်ပြီးယူရတယ်



ဆိုတာ အရပ်ရပ်နေပြည်တော် ကြားလို့မှ တော်နိုင်ကြသေးရဲ့လားဗျာ၊ ခင်ဗျားတို့ က ပိုက်ဆံရှိတဲ့ဟာနဲ့ ဘယ်လိုစေ့စပ်ပေးပေးမယ့် ကျွန်တော်မယူဘူး။ ကျွန်တော် ကြိုက်တာ ကျွန်တော် ယူမှာပဲ။ ကျွန်တော်ကြိုက်တဲ့မိန်းမ ရန်ကုန်မှာရှိတယ်။ ... ဘွဲ့ရင် ကျွန်တော် ဘယ်သူ့မှ မယူဘူး။ ငွေမရှိပေမဲ့ မခင်ညွန့်လိုမိန်းကလေး ... ကမ္ဘာမှာ နှစ်ယောက်မရှိဘူး။ ကိုတင်မြင့်တောင် ဟိုနေ့ကမြင်လိုက်သေး ... ဘယ့်နှယ်လဲ တော်တော်နိုပ်တယ်မဟုတ်လားဗျာ'

ကိုတင်မြင့်က ချစ်ခင်ဖွယ်ကောင်းသောမိန်းကလေးတစ်ယောက်ဖြစ်ပေ ကြောင်းနှင့် ထောက်ခံပြော၏။

ဆွေ။ ။'သူကသာ ကျွန်တော့်ကို ယူမယ်ဆိုလျှင် ကျွန်တော်ကဖြင့် သူကလွဲလို့ ဘယ်သူ့မှမယူဘူးဗျ၊ ဘယ်သူတိုက်တွန်းလို့ ဘာကြီးဖြစ်နေကြနေကြ မခင်ညွန့်ဆိုလျှင် မခင်ညွန့်မှပဲ ကျွန်တော်ယူတော့မယ်'

ငွေ။ ။'ကိုယ့်အခြေအနေကိုလည်း ကိုယ်ပြန်ကြည့်ရဦးမယ် ငါ့တူရဲ့'

ဆွေ။ ။'ဘာအခြေအနေလဲ၊ မခင်ညွန့်နဲ့ ကျွန်တော်နဲ့ ဘယ်သူကအခြေအနေ ကြီးကျယ်နေချင်သေးလဲ၊ ကျွန်တော်က အရေးပိုင်သား၊ သူ့အဖေက ... ယ်သစ်တောဝန်ပဲ။ သူက ကျွန်တော့်လိုတောင် တစ်ကောင်ကြွက်မဟုတ်ဘူး၊ ... မောင်နှမတွေက ဝတ်လုံတွေချည်းပဲ'

ဦးထွန်းငွေသည် ထက်ထက်သန်သန်ကြီးမဟုတ်ဘဲ မရဲတရဲသာလျှင် ငြင်း ... နိုင်တော့၏။ သို့ဖြစ်၍ မောင်ချစ်ဆွေက ဆက်လက်၍...

ဆွေ။ ။'ကိုင်း... နောက်ဆုံးစကား ကျွန်တော်ပြောမယ်၊ ခင်ဗျား စိန်တုတွေ အကြောင်းကို ဒေါ်ဒေါ်မသိစေချင်လျှင် ငွေကလေး သုံးလေးထောင် ... ာက် အကုန်ခံပြီး ကျွန်တော့်ကို အလုပ်တစ်ခုခု ရအောင်ရှာပေး။ အလုပ်ရတဲ့ ... မှာ ရန်ကုန်က မခင်ညွန့်နဲ့ တောင်းပေး။ အဲဒါပဲ ဒီလိုမှမလုပ်ရင် ဒေါ်ဒေါ်ကို ... ားစိန်တုတွေအကြောင်း ကျွန်တော်ပြောလိုက်မယ်'

ငွေ။ ။'ဖြစ်နိုင်ပါ့မလား ငါ့တူရယ်'

မြင့်။ ။'ဒီတစ်ခါတော့ဖြင့် အတင်းအဓမ္မလုပ်နေတော့တာပဲ။ သို့သော် ကျွန်တော် က စပ်ကြားကဝင်ပြီး အကြံပေးရမှာဖြင့် သူ့တောင်းဆိုချက်တွေဟာ ... ခံလှပေဘူး ကျွန်တော်ထင်တယ်၊ ဒီတော့ကာ သူ့ကျေနပ်အောင် လုပ်ပေး ... ကြလျှင် ကျွန်တော် ဆိုတာတော့ နှုတ်လုံပါတယ်။ စိတ်ချပါ။ နှုတ်ပိတ်ခံ ... ဘာတွေဘာတွေတောင် ကျွန်တော်မတောင်းတော့ဘူး'

ဆွေ။ ။'မောင့်အတွက်တော့...'

www.burmeseclassic.com

www.burmeseclassic.com



ဆွေ။ ။'ကိုတင်မြင့်အတွက်တော့ ရှိပါစေ၊ ခင်ဗျားအပူမဟုတ်ပါဘူး။ ဒီလူက လူကောင်းပါ။ ဒီလိုလူမျိုးတွေ လောကမှာ များများရှိလျှင် ကောင်းဖို့ခဲ ဒါထက် ဦးလေးပစ္စည်းကို သူမယူဘူးဆိုတာ မှန်တယ်။ ကျွန်တော်ကိုယ်တိုင် သိတယ်။ ကိုင်း..., ဒီတော့ ကျွန်တော့်စကားကိုသာ ဖြေပါတော့'

ဦးထွန်းငွေသည် ငြင်းဆန်တော့မည်ဟု စကားစလေရာ မောင်ချစ်ဆွေက တံခါးကိုဖွင့်၍ ထွက်သွားမည်ပြုသည်တွင်မှ လုံးလုံးလက်လျှော့၍...

ငွေ။ ။'ကောင်းပါပြီ ငါ့တူ၊ ကောင်းပါပြီ... မင်းပြောတဲ့အတိုင်း ငါကြိုးစားပေးပါမယ်'

ဆွေ။ ။'ကိုင်း... ဒါဖြင့် တော်ပြီ၊ လာဗျို့ ကိုတင်မြင့်၊ ကျွန်တော်တို့လည်း ပွဲကို တစ်ခေါက်မှ မရောက်သေးဘူး။ မင်းသမီးမင်းသားတောင် နှစ်ပါးသွားပြီ ထင်တယ်'

၎င်းနောက် မောင်ချစ်ဆွေနှင့် မောင်တင်မြင့်တို့သည် ပွဲခင်းရှိရာသို့ ဆင်းသွားကြလေရာ မောင်ချစ်ဆွေမှာ အလွန်တရာ အူရွှင်လှသည်ဖြစ်၍ လူပြက်များ ပြက်သည့် ပြက်လုံးများကို အဆမတန် ဟက်ဟက်ပက်ပက်ရယ်မောကာ ပွဲကြည့်၍နေသလော်၊ မောင်တင်မြင့်မှာမူကား ထိုညဥ့်သည် ညဥ့်ဦးယံဖြစ်သောကြောင့် ခင်မြကြီးကို တွေ့အောင်ရှာအံ့ဟု ပွဲတွင်းသို့တစ်ခါ၊ အိမ်ပေါ်သို့တစ်လှည့် တစ်မျှော်ကြည့်လျက် ရှိလေ၏။

ထိုသို့ရှိလျှင် အိမ်ရှေ့ဝရန်တာတွင် ခင်မြကြီးကို ရိပ်ခနဲမြင်လိုက်သည်နှင့် မောင်တင်မြင့်သည် ပွဲခင်းမှထွက်လာ၍ အိမ်ပေါ်သို့အတက် လှေကား၌ပင်လျှင် ခင်မြကြီးနှင့် အဆင်သင့်တွေ့ဆုံမိလေ၏။

မောင်တင်မြင့်သည် ခင်မြကြီးနှင့် တူးဆီတာမော်တော်ကားပေါ်တွင် နှစ်ယောက်တည်း စကားပြောဆိုခွင့်ရစဉ်အခါကတည်းက မောင်ချစ်ဆွေ၏ စိတ်နေသဘောထားကို ပြောဆိုစဉ်ကပင် မိမိ၏မေတ္တာစိတ်ကို အတိအလင်းထုတ်ဖော်ပြောဆိုခြင်းမပြုခဲ့ရသေးစေကာမူ ပြောဆိုသည်နှင့် မခြားမနားဘဲ ခင်မြကြီးမှာလည်း မောင်တင်မြင့်၌ စိတ်သဘောထားပုံကို ကျွန်ုပ်တို့ ရိပ်မိတန်သလောက် ရိပ်မိခဲ့ပြီဖြစ်ရာ အဖဖြစ်သူ ရာဇဝတ်ဝန် ဦးသိန်းဟန်က မောင်တင်မြင့်သည် လူဆိုးတစ်ယောက်ဖြစ်ကြောင်းနှင့် ပြောထားသောကြောင့်သာလျှင် ခင်မြကြီးမှာ မထိုက်မတန်သော လူတစ်ယောက်ကို ချစ်ကြိုက်မိမည်စိုးသဖြင့် မိမိ၏မေတ္တာစိတ်ကို မျိုသိပ်၍ထားရခြင်းဖြစ်လေရာ သို့ရာတွင် ထိုညဥ့်၌ စက်ပိုင်ဦးထွန်းငွေတို့၏ အခန်းတွင်းတွင် ကိုယ်တိုင်တွေ့မြင်ခဲ့ရသော အဖြစ်အပျက်များနှင့် မောင်တင်မြင့်၏ နှုတ်မှရှင်းလင်းပြောပြသော စကားတို့မှာ စိတ်ကျေနပ်ဖွယ်ရာ ကောင်းရုံမျှမက



မောင်တင်မြင့်၏ မြင့်မြတ်တည်ကြည်သော စိတ်နေသဘောထားကို အတိအလင်းသိရှိရပြီဖြစ်ရကား အဆီးအတားအပိတ်အဆို့တို့နှင့် တွေ့ရသဖြင့် အောင့်လျက်ရှိသော စိမ့်စမ်းသည် အဆိုပါအဆီးအတားများ ပပျောက်သောအခါ၌ တစ်ဟုန်ထိုးဆင်းသည့်အလား ခင်မြကြီး၏ မေတ္တာစိတ်သည်လည်း မောင်တင်မြင့်အပေါ်၌ သက်ာမကင်းဖွယ်ရာအကြောင်း တစ်စုံတရာမျှ မရှိကြောင်းသိရှိရသည်နှင့် တစ်ပြိုင်နက် ဆတက်ထမ်းပိုး ပိုမိုပြင်းထန်လျက်ရှိဘိ၏။

သို့ဖြစ်သောကြောင့် မောင်တင်မြင့်က လှေကားရင်းမှစောင့်၍ ပြောလိုသော စကားကို ဖွင့်ဟပြောဆိုသောအခါတွင် မည်ကဲ့သို့အဖြေမျိုးဖြင့် ဖြေကြားမည့်အကြောင်းကို ဖတ်ရှုသူတို့သည် တွေးထင်နိုင်မည် ဖြစ်ပေလိမ့်မည်။ သို့ရာတွင် အမိမဲ့ဖြစ်၍ ဖခင်နှင့် ကြီးပြင်းခဲ့ရသော ခင်မြကြီးသည် မိမိအား အသက်တမျှချစ်လှသော ဖခင်ကြီးသဘောမတူဘဲ မည်သည့်အရာကိုမျှ မပြုဖူးခဲ့သည်ဖြစ်ရကား မောင်တင်မြင့်အား လူဆိုးကြီးတစ်ယောက်ဟူ၍ မှတ်ထင်နေသော ဖခင်ကြီးအား အဖြစ်အပျက်အလုံးစုံကို ပြန်ကြားပြောဆိုပြီးမှ စကားပြန်ပါရစေဟူ၍ ခွင့်တောင်းလေ၏။ ဦးသိန်းဟန်မှာလည်း ထိုအခိုက်တွင် အိမ်ပေါ်၌ ရှိနေသည်ဖြစ်ရာ ခင်မြကြီးသည် အိမ်ပေါ်ကို တက်သွား၍ မောင်တင်မြင့်၏အဖြစ်အပျက်အလုံးစုံကို ဖခင်ကြီးနားလည်အောင် ရှင်းလင်းပြောပြလျက်ရှိစဉ် မောင်တင်မြင့်သည် အိမ်အောက်မှစောင့်ဆိုင်းလျက် နေရစ်လေ၏။

နာရီတစ်ဝက်ခန့် ကြာလတ်သော် ခင်မြကြီးနှင့် ဖခင်ဦးသိန်းဟန်တို့သည် လှေကားမှ ဆင်းလာကြလေရာ မောင်တင်မြင့်သည် ခြေသံတစ်ခုတည်းမဟုတ်၊ လူနှစ်ယောက်၏ခြေသံဖြစ်ကြောင်း သိသည်နှင့် လှေကားအနီး ချောင်ကလေးမှ ကပ်၍ ရပ်နေလေ၏။ သားအဖနှစ်ယောက်တို့သည် စကားမပြောဘဲ လှေကားမှ ဆင်းလာကြလေရာ လှေကားရင်းသို့ရောက်သောအခါတွင် ဦးသိန်းဟန်သည် မီးခြစ်ကိုခြစ်၍ ဆေးပြင်းလိပ်ကို ယူညှိလေ၏။

ယင်းကဲ့သို့ မီးခြစ်လိုက်သဖြင့် မီးခြစ်၏အလင်းရောင်တွင် ဦးသိန်းဟန်၏ မျက်နှာထားကို မောင်တင်မြင့် မြင်လိုက်ရလေရာ ထီပေါက်သောသူတစ်ယောက်၏ စိတ်နှင့် မခြားမနားဘဲ ထ၍ခုန်လိုက်မိသလိုလိုပင် ဖြစ်သွားလေတော့သတည်း။

■

www.burmeseclassic.com

www.burmeseclassic.com

# မောင်သိန်းတင်၊ မသိန်းရှင်*

ကျောင်းတကာ ဦးဖော့၊ ကျောင်းအမ ဒေါ်သော့၊ သမီးခင်ပွန်းတို့သည် မိမိတို့၏ အိမ်နီးချင်းပွဲစားကြီး ဦးဘမောင်၊ ပွဲကတော်ကြီး ဒေါ်သာယာတို့နှင့် ငယ်စဉ်ကပင် ရပ်ဆွေရပ်မျိုးဖြစ်ကြသည့်အလျောက် ဘုရားသွားဖော် ကျောင်းတက်ဖက် ရေစက်အတူ ကြည်ဖြူလေးမြတ်စွာနှင့် တစ်ဦး၏ကိစ္စကို တစ်ဦး အထူး ဆောင်ရွက်လျက် အရာရာတိုင်း၌ပင် တိုင်ပင်နှီးနှောလေ့ရှိကြလေ၏။

ကျောင်းတကာကြီး ဦးဖော့၌ မောင်သိန်းတင်အမည်ရှိသော သားတစ်ယောက်ရှိလေရာ၊ ပွဲစားကြီးလင်မယား၌လည်း မသိန်းခင်၊ မသိန်းရှင်ဟု သမီးနှစ်ယောက်ရှိလေ၏။ သမီးအကြီး မသိန်းခင်မှာ ဘီအေ(B.A)အောင်ပြီး၍ အငယ် မသိန်းရှင်မှာမူ အပျိုပေါက်ကလေးပင် ရှိသေးလေ၏။ မောင်သိန်းတင်နှင့် မသိန်းရှင်တို့မှာ ငယ်စဉ်ကပင် ကစားဖော်ကစားဖက်ဖြစ်ကြ၍ တစ်ဦးနှင့်တစ်ဦး မောင်နှမအရင်းအချာကဲ့သို့ ချစ်ခင်စုံမက်လျက် ရှိခဲ့ကြရာ မောင်သိန်းတင်မှာ လူပျိုကလေးဖြစ်၍ မသိန်းရှင်မှာလည်း ရှက်ကြောက်တတ်သည့် အရွယ်သို့ပင် ရောက်သော်လည်း ၎င်းတို့နှစ်ဦးမှာ ငယ်စဉ်ကကဲ့သို့ပင် ခေါ်ခေါ်ပြောပြော အရောတဝင် နေထိုင်ကြလေ၏။ အမိအဖတို့လည်း နှစ်သက်ကြဟန် လက္ခဏာနှင့် တားမြစ်ပိတ်ပင်ခြင်းမရှိဘဲ အမှတ်တမဲ့သာလျှင် နေကြလေ၏။ မောင်သိန်းတင်မှာ အင်္ဂလိပ်စာ

* - ပထမဆုံး မြန်မာဝတ္ထုတိုအဖြစ် ပညာရှင်များ ဖော်ညွှန်းကြပါသည်။



ဒု တန်းတွင် သင်ကြားလျက်ရှိရာ အဖကျောင်းဒကာကြီးသည် ၎င်းအား ဈေးတိုး ဘုံးဆယ်ခြင်းငှာ မောင်ဘလှိုင်ရှိရာ ပွဲစားကြီး၏အိမ်သို့ နားမလည်သော အရာရှိလျှင် အလွယ်တကူ မေးမြန်းနိုင်ရန် ညတိုင်းသွား၍ စာကျက်စေလေ၏။

တစ်နေ့သ၌ မောင်သိန်းတင်သည် စာအုပ်များကိုပိုက်လျက် ပွဲစားကြီး၏ အိမ်သို့သွားရာ မောင်ဘလှိုင်နှင့် မသိန်းခင်တို့သည် အရိပ်ပြပွဲသို့သွားရန် ပြင်ဆင်လျက်ရှိနေကြသဖြင့် မောင်သိန်းတင်အားလည်း မိမိတို့နှင့်အတူလိုက်ရန် တိုက်တွန်းကြသော်လည်း မောင်သိန်းတင်မှာ စာမေးပွဲနီးပြီဖြစ်၍ မလိုက်လိုကြောင်းနှင့် ဆောင်းပန်ပြီးလျှင် မိမိစာဖတ်နေကျဖြစ်သော စားပွဲတွင် စာဖတ်နေလေ၏။ ပွဲစားကြီးလင်မယားလည်း မှန်အိမ်များကို လက်ဆွဲလျက် ကျောင်းဒကာကြီးတို့နှင့်အတူ ဘုရားဝတ်တက်ရန် သွားကြလေ၏။ မောင်သိန်းတင်လည်း စားပွဲတွင် တစ်ယောက်တည်း စာဖတ်လျက်နေရာမှ ခြေသံကြားသဖြင့် လှည့်၍ကြည့်လိုက်ရာ မသိန်းရှင်သည် လက်ဖက်ရည်တစ်ခွက်ကို ကိုင်လျက်လာသည်ကိုမြင်လျှင်–

'အလို… မသိန်းရှင်၊ ရုပ်ရှင်ပွဲကို မလိုက်ဘူးလား'

'ခေါင်းနည်းနည်းကိုက်လို့ မလိုက်ဘူးမောင်သိန်းတင်ရေ့၊ ကဲ စာဖတ်လို့ ဆာတော်မောပြီထင်တယ်၊ လက်ဖက်ရည်တစ်ခွက် သောက်လိုက်ပါဦး'

ဟုပြော၍ လက်ဖက်ရည်ခွက်ကို မောင်သိန်းတင်၏ ရှေ့တွင် ချပြီးလျှင် အနီးရှိ ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်လျက်နေလေ၏။ မောင်သိန်းတင်လည်း လက်ဖက်ရည်ခွက်ကို ယူသောက်၍ ကျေးဇူးတင်စကားပြောပြီးလျှင် စာဖတ်မည်ပြုပြန်ရာ မသိန်းရှင်သည် ထိုင်ရာမှမထသေးဘဲ 'အင်္ဂလိပ်စာများအင်မတန် ခက်သလား' ဟု မေးလျှင်–

'လူမျိုးကွဲစာ သင်ရတယ်ဆိုတာ နည်းနည်းတော့ခက်တာပေါ့ မသိန်းရှင်၊ မြန်မာစာလောက်တော့ ဘယ်လွယ်မလဲ'

'နည်းနည်းတတ်ချင်ပါတယ်၊ သင်ပေးပါလား၊ ကိုကိုက သင်မယ်ဆိုပြီး သင်လည်းမပေးဘူး'

'ကိုကိုက သင်မပေးရင် ဒီကသင်ပေးပါမယ်၊ စာမေးပွဲပြီးတော့ သင်လည်း သင်အားပါလိမ့်မယ်'

'တစ်နေ့က ဈေးကပြန်လာတော့ ကောင်ကလေးတစ်ကောင်က မိုင်ဆီး ဘားဆိုလားဘာဆိုလား ပြောတာ ကြားလိုက်တယ်၊ ဒါ ဘာဆိုသလဲ ပြောစမ်း ပါ မောင်သိန်းတင်ရဲ့'

ဟု အကယ်မသိသော မျက်နှာထားနှင့်မေးလျှင် မောင်သိန်းတင်သည် စာဖတ်လိုလှသဖြင့် စကားမရှည်လိုသောကြောင့် 'နောက်တော့သင်ပေးပါမယ်

www.burmeseclassic.com



အခု ခဏဆိုင်းလိုက်ပါဦး' ဟု ပြောသဖြင့် မသိန်းရှင်သည် ထိုင်ရာမှထ၍ ပြတင်းပေါက်မှ မျှော်ကြည့်လိုက်လေလျှင် အပျိုကလေးတချို့တို့နှင့် ကလေးတို့သည် ရွှေလသာလှသည်နှင့် ထုပ်ဆီးတမ်းကစားလျက် နေကြသည်ကိုမြင်သဖြင့် 'ဒီမှာကြည့်လှည့်စမ်း မောင်သိန်းတင်၊ ပျော်စရာကောင်းလိုက်တာ။ ထုပ်ဆီးတမ်းများ မကစားရတာ ကြာလှပြီ၊ ခဏလောက်ဆင်းပြီးကစားရရင် မကောင်းဘူးလား' ဟု ခေါ်၍ပြောလျှင် မောင်သိန်းတင်လည်း ထိုင်ရာမှထလာ၍ 'ခေါင်းကိုက်တဲ့လူက လည်း ထုပ်ဆီးတမ်းတော့ ကစားနိုင်ရော့လား၊ မလုပ်ပါနဲ့ မသိန်းရှင်ရယ်၊ စာမေးပွဲက နီးလှပြီ၊ စာကျက်စရာတွေကလည်း များသေးတယ်' ဟု ပြော၍ ပြတင်းပေါက်မှ နှစ်ယောက်သား ခါးထောက်လျက် ကြည့်နေကြလေ၏။ မောင်သိန်းတင်က–

'ခေါင်ကြောင်းစည်းတဲ့ဟာက ဘယ်သူလဲ မသိန်းရှင်ရဲ့'

'ဟိုဘက်အိမ်က မမြမေကလေးလေ'

'ဩော် သူ့အသားကလေးက လရောင်မှာတော့ တယ်ပြီးလှပါကလား၊ ချစ်စရာကလေးပဲနော်၊ ဒါကြောင့် မော်လမြိုင်သူများ လှတယ်ပြောကြတာ ထင်ပါရဲ့' ဟု ပြောလျှင် မသိန်းရှင်လည်း အနည်းငယ် မျက်နှာမသာဘဲ–

'မော်လမြိုင်သူ ဘယ်လိုပဲလှပေမဲ့ တစ်နေ့က ဦးကျော်ဒွန်းသမီး နားထွင်းမင်္ဂလာတုန်းက နားရံဖိတ်လို့ သွားကြတာ မောင်သိန်းတင်မြင်လိုက်တယ်မဟုတ်လား'

'ဩော် မြင်လိုက်တယ်၊ သည်အရပ်က လေးယောက်ဖိတ်တယ် ထင်ပါရဲ့။ မိန်းမချောကလေးတွေချည်းပါပေပဲဗျာ၊ တယ်ချော တယ်လှ'

ဟု ပြောလျှင် မသိန်းရှင်သည် မောင်သိန်းတင်၏ မျက်နှာကို စေ့စေ့ကြည့်လျက်–

'သည် လေးယောက်ထဲက ဘယ်သူက အချောဆုံး ထင်သလဲ မောင်သိန်းတင်ရဲ့'

'နေပါဦး... ဘယ်သူများ သာလိမ့်မည်၊ မမြမေကလေးရယ်၊ မလှရင်ရယ်၊ မလှတင်ရယ်၊ ပြီးတော့ကော'

'ပြီးတော့ ဒီကရယ်...'

'ဩော် မသိန်းရှင်ရယ်လား၊ အင်း လေးယောက်စလုံးပဲ ကြည့်လို့ကောင်းကြပါပေတယ်၊ တစ်မျိုးစီပါပဲ'

'တစ်မျိုးစီတော့ ဟုတ်ပါပြီ မောင်သိန်းတင်ရဲ့၊ သေသေချာချာ ပြန်စဉ်းစားကြည့်ပါဦး၊ ဘယ်သူက သာပြီးကြည့်လို့ကောင်းသလဲ'



'အင်း၊ မလှရင်ကတော့ နည်းနည်းအသားကလေး ညိုတယ်၊ မလှတင်ကတော့လည်း အရပ်က နည်းနည်းရှည်တယ်'

'မမြမေကကော'

'မမြမေကတော့ မဆိုစလောက်ကလေး အရပ်ပုတယ်'

ဟု ပြောပြီးလျှင် မသိန်းရှင်အား ခြေဆုံးခေါင်းဆုံးကြည့်လျက် နေရာမှ–

'မသိန်းရှင်ကတော့ အပြစ်ရှာစရာ ကြည့်လို့မမြင်ပေဘူးဗျာ'

ဟု ပြုံးလျက်ပြောလိုက်ရာ–

'ခုတင်ကတော့ မမြမေကလေးက လှတယ်ဆို'

'လှတစ်မျက်နှာ ယဉ်တစ်ကိုယ်လုံးတဲ့၊ မော်လမြိုင်သူ ဘယ်လိုပင် လှပေမဲ့ သည်က ရွှေမန်းသူတော့ ဘယ်မီနိုင်မလဲ'

ဟု ပြောင်သလိုလို မျက်နှာထားနှင့် ပြောလိုက်သောအခါ မသိန်းရှင်သည် မိမိ မေးမိသည်ကို အရှက်ရ၍ မျက်နှာပူပူနှင့် ဦးခေါင်းကို အောက်ချလျက် နေလေ၏။

မောင်သိန်းတင်လည်း မိမိပြောမိသည့် စကားအဓိပ္ပာယ်ကို စေ့စေ့ပြန်၍ စဉ်းစားမိလျှင် အနည်းငယ် မျက်နှာပူသည်နှင့် ပြတင်းပေါက်မှ အိမ်သို့လှမ်း၍ ကြည့်လိုက်ရာ 'မုန့်ဖက်ထုပ်၊ မုန့်ဖက်ထုပ်' ဟု ဟစ်၍ရောင်းနေသော မုန့်သည်ကြီးကို မြင်လျှင် 'မုန့်ဖက်ထုပ်က ကောင်းပုံပေါ်သည်' ဟု အရှက်ပြေ ပြောပြီးလျှင် မုန့်သည်ကြီးကို အိမ်ပေါ်သို့ခေါ်၍ မုန့်အနည်းငယ် ဝယ်ယူစားသောက်ကြလျှင် မုန့်သည်မိန်းမကြီးလည်း ၎င်းတို့နှစ်ဦးကို သေချာစွာကြည့်လျက် 'တယ်ပြီး ရေ့သွားနောက်လိုက်ညီပါပေတယ်တော်၊ ကြည့်လို့ မငြီးပါပေဘူး၊ ယခု မုန့်ဖက်ထုပ် ဝယ်စားရတဲ့အကျိုး၊ တစ်ယောက်အပေါ်၌ တစ်ယောက် မုန့်ကဲ့သို့ ချိုပြီးလျှင် အံ့အောင်မင်းအောင် ပေါင်းရပါစေ' ဟု ဆုတောင်းပြီးလျှင် မုန့်ဗန်းကို ပင့်၍ အိမ်ပေါ်မှ ဆင်းသွားလေ၏။ မသိန်းရှင်လည်း မုန့်သည်အဒေါ်ကြီး အထင်လွဲ၍ ပြောသွားသည်ကို ကြားသဖြင့် များစွာမျက်နှာထားခက်လျက် ရှိရသည့်အတွင်း မောင်သိန်းတင်က 'အဒေါ်ကြီးက ဘယ့်နှယ်များ အောက်မေ့သွားပါလိမ့်မည်၊ ကြားလိုက်တယ် မဟုတ်လား မသိန်းရှင်၊ အဒေါ်ကြီးပြောတာ ဘယ့်နှယ်သဘောရသလဲ' ဟု ခပ်ပြုံးပြုံးမျက်နှာထားဖြင့် မေးလိုက်လျှင် မသိန်းရှင်သည် မောင်သိန်းတင်၏ မျက်နှာကို မော်ကြည့်ပြီးလျှင် လက်ဖက်ရည်ပန်းကန်ကိုယူ၍ ထသွားလေ၏။

မောင်သိန်းတင်၊ မသိန်းရှင်တို့သည် ငယ်စဉ်မှစ၍ တစ်မိုးအောက်တည်း အတူနေခဲ့ကြသည့် မောင်ရင်းနှမသဘော အရောတဝင် ခေါင်ပေါင်းသင်းသင်း

www.burmeseclassic.com



ကြရာ ထိုနေ့မှသည် တစ်ဦးကိုတစ်ဦး မခေါ်ဝံ့ မပြောဝံ့၊ တစ်ဦးရှိရာတစ်ဦး မလာဝံ့ကြဘဲ အမူကွဲပြားလျက် ရှိကြကုန်၏။ ထိုသို့ပင် ရှိကြသော်လည်း တစ်ဦးကိုတစ်ဦး ရှေးကထက် နှစ်ဆထမ်းပိုး မြတ်နိုးချစ်ခင် မမြင်လျှင် မနေနိုင်ခမန်း ရှိကြသည် အဖြစ်ကို နှစ်ဦးလုံးပင် သိရှိကြလေ၏။

ဤသို့ ၂ လကျော် ၃ လခန့် ရှိခဲ့လေရာ မောင်သိန်းတင်မှာ ၉ တန်း စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုပြီးဖြစ်သဖြင့် မောင်သိန်းတင်၏ အမိအဖိတို့မှာလည်း သားအား ပညာဆက်လက်သင်ကြားရန် မတတ်နိုင်မှု၍ ရွှေဘိုမြို့ အရေးပိုင်မင်းရုံးတွင် စာရေးအလုပ်တစ်ခု လစ်လပ်သည်နှင့် မောင်သိန်းတင်အား လျှောက်ထားစေရာ မောင်သိန်းတင်လည်း ၎င်းအလုပ်ကို ရရှိလေ၏။ ၎င်းအကြောင်းကို မသိန်းရှင်တို့၏အဖ ပွဲစားကြီးကြားသိလေလျှင် များစွာပြစ်တင်ပြောဆို၍ မောင်သိန်းတင်ကို ရန်ကုန်ကောလိပ်ကျောင်းတွင် ပညာသင်ကြားနိုင်စေရန် မိမိကပင် စရိတ်ကြေးငွေ စိုက်ထုတ်ချေးငှားပါမည်ဟု ကျောင်းဒကာကြီးအား အတန်တန်ပြောဆိုပါသော်လည်း ကျောင်းဒကာကြီးမှာ သားတစ်ယောက်တည်းဖြစ်သည့်ပြင် မိမိ၌လည်း အိုမင်းမစွမ်းရှိသည်ဖြစ်၍ ကျောထောက်နောက်ခံ ဆိုဘိသကဲ့သို့ ရစေခြင်းငှာ မိမိတို့ မသေမီအတွင်း သားနှင့်ကြာရှည်စွာ ခွဲခွာ၍ မနေလိုကြောင်းနှင့် ပြောဆို၍ ပွဲစားကြီးအားလည်း မိတ်ဆွေတို့ဝတ္တရားရှိသည့်အတိုင်း စောင်မကြည့်ရှုပေသည်ကို များစွာကျေးဇူးတင်စကား ပြောပြီးလျှင် သားအမိ သားအဖ သုံးယောက်တို့သည် ရွှေဘိုသို့သွားရန် ပြင်ဆင်ကြလေ၏။

မောင်သိန်းတင်လည်း ညှိုးငယ်သော မျက်နှာဖြင့် ပွဲစားကြီးအိမ်သို့ သွားရောက်၊ အသီးသီးတို့အား ထိုက်သည့်အားလျော်စွာ ဝမ်းနည်းကြောင်း ပြောဆိုပြီးလျှင် မသိန်းရှင်ကို မမြင်ရသေးသည်နှင့် ခပ်ဆိုင်းဆိုင်း လုပ်၍နေရာ မသိန်းခင်လည်း မောင်သိန်းတင်၏ မျက်နှာထားကို ရိပ်မိသဖြင့် ညီမအငယ်ရှိရာသို့ တက်သွားပြီး တစ်အောင့်ကြာလျှင် ပြန်ဆင်းလာ၍ နမ မသိန်းရှင်မှာ ခေါင်းကိုက်၍နေသဖြင့် ဆင်းမလာနိုင်ကြောင်းကို ပြောလေလျှင် မောင်သိန်းတင်လည်း မသာယာသော မျက်နှာဖြင့် ပြန်ခဲ့ရလေ၏။ အိမ်ပြင်သို့ရောက်လျှင် မသိန်းရှင်အား မမြင်ရလျှင် မနေနိုင်မှု၍ အိမ်ဘက်သို့လှည့်ပြီးလျှင် ပြတင်းပေါက်သို့ ကြည့်လိုက်ရာ မသိန်းရှင်လည်း တံခါးကြားမှချောင်း၍ ကြည့်နေသည့်ဖြစ်သောကြောင့် မျက်နှာကို မမြင်ရဘဲ အင်္ကျီစကလေးကိုသာ မြင်လိုက်ရသဖြင့် မောင်သိန်းတင်လည်း သက်ပြင်းချပြီးလျှင် အမိအဖတို့နှင့်အတူ မီးရထားဘူတာရုံသို့ သွားရလေ၏။

ရွှေဘိုသို့ရောက်ကြလျှင် ကျောင်းဒကာကြီး လင်မယားတို့သည် မောင်သိန်းတင်ကို မိတ်ဆွေတစ်ယောက်အိမ်တွင် အပ်နှံ၍ မိမိတို့မှာ မန္တလေး၌ ကိစ္စအ



နည်းငယ် ဆောင်ရွက်ရန် ရှိသေးသည်နှင့် ရက်တရက် မရွှေ့ပြောင်းနိုင်သေးသဖြင့် မန္တလေးသို့ ပြန်ကြလေ၏။

မောင်သိန်းတင်လည်း ရွှေဘိုသို့ရောက်၍ အလုပ်အကိုင် ဝင်ရောက်လုပ်ကိုင်ရသော်လည်း အလုပ်၌ များစွာစိတ်မပါသည်နှင့် အမှားမှားအယွင်းယွင်း အချွတ်ချွတ်အချော်ချော်ဖြစ်ပြီးလျှင် အထက်လူကြီးတို့၏ ငြိုငြင်ခြင်းကိုခံရလေ၏။ ဘဝ်ခနေ့သည်၌ မောင်သိန်းတင်သည် မိမိနှင့်ကျောင်းနေဖက် သူငယ်ချင်းတစ်ယောက်နှင့်ဆွေ့ဆုံမိရာ ကျောင်းသားတို့ဘာဝ မိမိတို့ကျောင်းနေစဉ်အခါက အဖြစ်အပျက်များကို ပြန်လှန်ပြောဆိုကြပြီးနောက် ၎င်းသူငယ်ချင်းသည် မောင်သိန်းတင်အား မိမိအိမ်သို့ အလည်လိုက်ရန် တိုက်တွန်းပြီးလျှင် မိမိနှင့်အတူ ခေါ်၍သွားလေ၏။ ၎င်းသူငယ်ချင်းများမှာ ရွှေဘိုသားဇာတိဖြစ်သဖြင့် မိမိ၏ အမိအဖတို့နှင့်အတူ နေထိုင်လျက်ရှိရာ ထိုအခါ၌ အထက်အရပ်များတွင် အင်္ဂလိပ်ပညာတတ်များလည်း ရှားသေးသည်ဖြစ်သောကြောင့် ၎င်း၏အမိအဖတို့သည် မောင်သိန်းတင်အား ယခုအခါ ဘီအေများကို ဧည့်ခံဘိသကဲ့သို့ အရေးတယူ ပျူပျူငှာငှာ ဧည့်ခံ၍ စကားပြောပြီးလျှင် အမိအဖတို့နှင့်ဝေးကွာ၍ နေရသည့်အတွင်း ၎င်းတို့အား အမိအဖကဲ့သို့ အားကိုးပြီးလျှင် တိုင်ပင်ရန်ရှိကလည်း တိုင်ပင်၍ အားမငယ်ရန် အကြောင်း ပြောလေ၏။ မောင်သိန်းတင်လည်း ဝတ္တရားရှိသည့်အတိုင်း မိမိအားလည်း သားကလေး၊ တူကလေးကဲ့သို့ အောက်မေ့ပြီးလျှင် ရုံးကိစ္စမှစ၍ လူငယ်နှင့်ဆိုင်သော အခြားကိစ္စတို့၌လည်း ကြည့်ရှုနိုင်းစေပါက ဝမ်းမြောက်စွာ ဆောင်ရွက်မည့်အကြောင်းကိုပြောလျှင် မောင်ဘစိန်၏ အမိအဖတို့လည်း မိမိတို့၏အိမ်သို့ မောင်ဘစိန်မရှိသော်လည်း ဝင်ထွက်လည်ပတ်ရန် ပြောဆိုကြလေ၏။

မောင်သိန်းတင်လည်း ရောက်ခါစဖြစ်သည်နှင့် အသိအကျွမ်း နည်းပါးသည့်အခိုက် မောင်ဘစိန်တို့၏ အမိအဖတို့က ဤကဲ့သို့ လိုလားကြပေသည်ကို ကျေးဇူးတင်ဖွယ် ရှိပေသဖြင့် ညနေရုံးမှပြန်၍ ထမင်းစားပြီးလျှင် မောင်ဘစိန်၏ အိမ်သို့သွားရောက်၍ စကားစမြည် ပြောဆိုနေကြပြီးလျှင် အိပ်ချိန်ကျရောက်မှ ပြန်ခဲ့လေ၏။ ဤသို့ ညစဉ်သွားရောက်၍ စကားအကျွမ်းတဝင် တိုင်ပင်နှီးနှောနေကြသည်မှာ ၁၅ ရက်ခန့်ရှိလေလျှင် ပထမတွေ့စဉ်အခါ၌ လောကဝတ်စကား ပြောသလျှင် ချစ်ခင်အားကိုးပါဟု ပြောဆိုလိုက်သည်မှာ ယခုအခါ၌မူကား အမယ်ပင် လူကြီးကလည်း လူကြီးအလျောက်၊ လူငယ်ကလည်း လူငယ်အလျောက် ချစ်ခင် ကြင်ကြင်နာနာ ရှိကြကုန်၏။ မောင်ဘစိန်၌ အရပ်အရည် ... ရွှေဘိုမြို့ပေါ်တွင် "ထိပ်ကျ"သည်ဟု ခေါ်လောက်ပေသော ... နှမ ... ယောက် ရှိလေ၏။ မောင်သိန်းတင်သည် အိမ်သို့မလည်...

www.burmeseclassic.com

www.burmeseclassic.com



သည့်အခါ မသင်းကြည်လည်း အမိအဖတို့နှင့် အတူထိုင်၍ စကားစမြည် ရော နှောပြောဆိုလေ့ ရှိကုန်၏။ မောင်သိန်းတင်လည်း မိမိကျောင်း၌ သင်ကြားဖူးခဲ့ သော ကမ္ဘာမြေကြီး၏ အခြေအနေမှစ၍ ပထဝီတွင် ပါရှိသော လူအမျိုးမျိုး၊ တိရစ္ဆာန်အမျိုးမျိုးနှင့်တကွ အင်္ဂလိပ်ရာဇဝင်၊ အိန္ဒိယရာဇဝင်တို့ကို နားထောင်၍ မငြီးရအောင် ကူးပြောင်းလဲလှယ်ပြောဆိုလေလျှင် မောင်ဘစိန်၏ အမိအဖတို့နှင့် တကွ မသင်းကြည်တို့သည် လွန်စွာနှစ်ခြိုက် အရေးစိုက်ပြီးလျှင် သဘောကြိုက် တွေ့၍ နေကြကုန်၏။ မောင်သိန်းတင်လည်း မိမိပြောဟောသည့် အရာတို့ကို မှတ်သားလိုသော လက္ခဏာနှင့် နားစိုက်လျက်နေကြသည်ကိုသိလျှင် မန္တလေး သားဇာတိ လူကြီးလူကောင်း၏ သားသမီးဖြစ်သည့်အလျောက် စကားအရာ၌ လိမ္မာချေင်ရှိသည်နှင့် လူကြီးကြိုက်တစ်သွယ်၊ လူငယ်ကြိုက်ကလည်းတစ်မျိုး အကျိုးနှင့်အကြောင်း အဆိုးနှင့်အကောင်းတို့ကို ကွဲကွဲပြားပြား ခြားခြားနားနား ကြည်လင်ပြတ်သားသော အသံဖြင့် မရပ်မနားဘဲ ပြောဆိုလေလျှင် မသင်းကြည် သည် ဤမျှလောက် ဗဟုသုတပညာနှင့် ပြည့်စုံ၍ စကားချိုသာပီယဝါစာဖြစ် အောင် ပြောဆိုတတ်သူကို တစ်ကြိမ်တစ်ခါမျှ မတွေ့စဖူးဟု အောက်မေ့သည်နှင့် မောင်သိန်းတင်၏ မျက်နှာကို စေ့စေ့ကြည့်လျက် မှတ်သားနာယူလေ့ရှိကုန်၏။ တစ်ခါတစ်ရံ မောင်သိန်းတင်သည် ရုံးဆင်းမိုးချုပ်သဖြင့် အိမ်သို့မလာရောက်နိုင် ရှိသည့်အခါ မသင်းကြည်သည် မသာဒယာသော မျက်နှာဖြင့် မိမိ၏အခန်းတွင်း သို့ စောစောစီးစီးဝင်၍ အိပ်လေ၏။

ဤသို့ တစ်လကိုးသီတင်းမျှ ကုန်လွန်၍သွားလေလျှင် တစ်နေ့သ၌ မောင် သိန်းတင်၏ အမိအဖတို့သည် ရွှေဘိုသို့လာရောက်ကြလေ၏။ မောင်သိန်းတင် လည်း အမိအဖတို့ရှိစဉ်အခါ အိမ်မှထွက်ခွာ၍ အခြားအရပ်သို့ လည်ပတ်သည်ကို အမိအဖတို့မသိစေလိုသဖြင့် မသင်းကြည်တို့၏အိမ်သို့ မသွားရောက်ဘဲနေခဲ့ရာ ခုနစ်ရက်တစ်ပတ်ခန့် ရှိလေလျှင် မသင်းကြည်မှာ တစ်နေ့တခြား ညှိုးနွမ်းလျက် အစားအသောက် ဆုတ်ယုတ်၍ တွေဝေထိုင်းမှိုင်းသော အမူအရာနှင့်သာ နေလေ ၏။ အမိဖြစ်သူလည်း သမီး၏အမူအရာကို သင်္ကာမကင်းရှိသည်နှင့် သမီးအခန်း သို့ဝင်၍ ယုယချစ်ခင်သော မိခင်ဖြစ်သည့်အလျောက် သမီးအား ချော့မော့မေးမြန်း လေလျှင် မသင်းကြည်သည် မျက်ရည်ဝိုင်းလျက် ဘာမျှမဖြစ်ကြောင်း ပြောဆို သော်လည်း မိခင်သည် ပျိုရာမှအိုခဲ့သည်ဖြစ်သောကြောင့် အနည်းငယ်ရိပ်မိလေ သဖြင့် ဖွင့်၍မေးလိုက်လေ၏။ မသင်းကြည်လည်း မိခင်ပင်ဖြစ်သော်လည်း လွန် စွာရှက်ဖွယ်ကောင်းသည့် အရာမျိုးဖြစ်သဖြင့် မိခင်ထင်သည့်အတိုင်း မှန်ကြောင်း ကို ဖွင့်၍မပြောဘဲ မိခင်၏ လည်ပင်းကို ဖက်လျက် ဦးခေါင်းကိုအောက်ချ၍ ရှိုက်



ကြီးတင်နှင့် ငိုလေ၏။ မိခင်လည်း သမီးအား ပြစ်တင်စကား များစွာမပြောဆိုဘဲ သမီးအကြိုက်ကို အလိုက်သင့်ချော့မော့၍ ပျော့ပျောင်းသိမ်မွေ့သောအမူအရာဖြင့် ခင်ပိပိ ပြောဆိုပြီးလျှင် သမီးအခန်းမှထွက်လာပြီးနောက် ခင်ပွန်းဖြစ်သူနှင့် တစ် ခန်းမျှ တီးတိုးတိုင်ပင်ကြလေ၏။

နောက်တစ်နေ့ညနေ၌ မောင်သိန်းတင်သည် ရုံးမှပြန်လာ၍ အမိအဖတို့ နှင့် စကားစမြည်ပြောဆိုနေကြစဉ် မသင်းကြည်တို့၏အိမ်မှ အစေခံတစ်ယောက် သည် အိမ်ပေါ်သို့တက်လာ၍ မောင်သိန်းတင်အား အိမ်သို့အလည်ကြွရန် ပင့်ဖိတ် ၍ ပြန်သွားလေ၏။ မောင်သိန်းတင်လည်း မရောက်သည်မှာ ကြာပြီဖြစ်၍ မည် သည့်အကြောင်းရှိလေသနည်းဟု အမိအဖထံ ခွင့်ပန်ပြီးလျှင် လိုက်သွားလေ၏။ အိမ်သို့ရောက်လျှင် မသင်းကြည်၏ အမိအဖတို့သည် ရှေးကထက်ပင် ခရီးဦးကြို ပြုကြပြီးလျှင် နေရာထိုင်ခင်းပေး၍ ၁၅ မိနစ်ခန့် စကားပြောဆိုနေကြရာမှ မသင်း ကြည်တစ်ယောက်ကို မမြင်ကြောင်းမေးလျှင် အမိအဖတို့လည်း တစ်ဦး၏မျက်နှာ ကို တစ်ဦးကြည့်ပြီးမှ မသင်းကြည်တစ်ယောက် နေမကောင်းသဖြင့် အိပ်ရာသို့ စောစောဝင်၍ အိပ်နေကြောင်း ပြောလေ၏။ မောင်သိန်းတင်လည်း အိမ်ရှင်တို့၏ မျက်နှာထားသည် ခါတိုင်းနှင့်မတူ၊ အမူကွဲပြားခြားနားရလေခြင်းမှာ မည်သည့်အ ကြောင်းကြောင့် ဖြစ်လေသနည်းဟု ဆင်ခြင်တွေးတောလျက် စကားမပြောဘဲရှိလေ လျှင် ယောက်ျားဖြစ်သူသည် ဇနီး၏မျက်နှာကိုကြည့်ပြီးလျှင် ထိုင်ရာမှထသွား လေ၏။ မသင်းကြည်၏ မိခင်လည်း ကွမ်းအစ်ကိုတွန်း၍ တည်သည်ဟန်နှင့် ခေါင်းသို့ချဉ်းကပ်၍ ထိုင်ပြီးလျှင် မောင်သိန်းတင်၏ မိဘအခြေအနေတို့ကို တီး တိုးမေး၍ ကြည့်လေ၏။ မောင်သိန်းတင်လည်း မိမိ၏အဖမှာ အရွယ်ကောင်းစဉ် က အလုပ်ကြီးအကိုင်ကြီး လုပ်ကိုင်ခဲ့ဖူးသော်လည်း ယခုမှာ အရွယ်ကြီးရင့် သင့်ပြီဖြစ်၍ ဘုရားသွားကျောင်းတက် ဝတ်မပျက် နေထိုင်ကြောင်း ပြော လေ၏၊ ၎င်းနောက် မောင်သိန်းတင်၏ အသက်နှင့်တကွ နေ့နံတို့ကို မေးမြန်းပြီး လျှင် မိမိတို့၏ အခြေအနေ အမျိုးအဆွေမှစ၍ ကြေးငွေအင်အား ရွှေသားက လည်း ရွှေ့မည်မျှ၊ အိမ်ခြံကျွဲနွား စပါးလယ်မြေက ကေပေါင်း မည်ရွှေ့မည်မျှ ရှိ ကြောင်းတို့ကို ပြောဆိုပြီးလျှင် ကာလ၌ ယောက်ျားကောင်းဟူ၍လည်း အလွန် ၊ မိန်းမကောင်းဟူ၍လည်း အလွန်ရှားကြောင်းနှင့် သမီးမသင်းကြည် မိဘ၏ဝတ္တရားကို များစွာကျေပွန် လွန်စွာသိတတ်သော မိန်းကလေးဖြစ် ကြောင်း ပြောဆိုလေ၏။

မောင်သိန်းတင်လည်း ပထမ၌ မည်သည့်အဓိပ္ပာယ်နှင့် ဤသို့မေးမြန်း သည်ကို မရိပ်မိဘဲရှိရာမှ သမီးဖြစ်သူသည် လိမ္မာရေးခြား ကောင်းပါ၍ စကား

www.burmeseclassic.com

www.burmeseclassic.com



အောင့်ခြင်းခံသော ဂုဏ်ဒြပ်တို့နှင့် ပြည့်စုံကြောင်း ချီးမွမ်းပြောဆိုသည်ကို ကြားရသောလျှင် ဆိုလိုသည့် အဓိပ္ပာယ်ကို ရိပ်မိလေသဖြင့် အလွန်တရာ ကရုဏာရှိသော ချက်နှာသားဖြင့် မပြောတန်သည့် စကားကို မိန်းကလေး၏မိခင်အား မပြောစေလိုစွ၍ ယောကျ်ားကောင်းရှားသည်အနက် မိမိသည်တစ်ယောက် အပါဝင်ဖြစ်သည်ဟု သဘောသိုက်ပေသည်ကို အထူးပင်ဝမ်းမြောက်ပါကြောင်း၊ မသင်းကြည်သည်လည်း တည်ကြည်သော ဣန္ဒြေနှင့် အသရေရှိသော အမိအဖတို့၏ သမီးတစ်ယောက်ဖြစ်ကြောင်းကို ပြောမပြမီကပင် အကဲခတ်မိပါကြောင်း၊ ယခုကဲ့သို့ အရုပ်အရည်နှင့်တကွ မိကောင်းဖခင် သမီးပီပီ တည်တည်တံ့တံ့ အမျိုးလည်းသန့်သော မိန်းကလေးဆို၍ နှစ်ဦးသာလျှင် တွေ့ဖူးပါကြောင်း၊ တစ်ဦးမှာ မိမိမန္တလေး၌နေစဉ်အခါက မောင်နှမအရင်းအချာကဲ့သို့ တစ်ဦးနှင့်တစ်ဦး အထူးကြင်နာ မေတ္တာသက်ဝင် ချစ်ခင်စုံမက် နှစ်သက်ခဲ့ကြသည်မှာ နှစ်လရှည်ကြာပြီဖြစ်၍ နှစ်ဦးနှစ်ဝလုံး၏ အမိအဖတို့ကလည်း မိမိတို့နှစ်ဦးအား သဘောတူမျှ စိတ်ကကြံရွယ်လျက် ရှိနေကြဟန် လက္ခဏာရှိကြောင်းများကို ဝါကြွားလိုသော ဆန္ဒရှိသည့် မျက်နှာထားမပါစေဘဲ မိမိ၏အဒေါ်အရင်းအား အကြောင်းမျိုးစုံ ပြန်ကြားဘိသကဲ့သို့ တိုင်ပင်သလို ပြောဆိုလေ၏။

မသင်းကြည်၏ မိခင်လည်း မိမိသမီးအတွက် များစွာစိတ်နလုံးမသာမယာဖြစ်ရသော်လည်း မိမိမှာ မိန်းကလေးရှင်ဖြစ်လျက် စကားခင်း၍ပေးရသည်ကို မောင်သိန်းတင်သည် လူလိမ္မာကလေးတို့၏ သဘောပီပီ ထူယောင် အယောင်လည်းမဆောင်၊ ဘောတိုက်လည်း မကျစေအောင် စကားဖြင့်နောက်သို့ ဆုတ်မှန်းမသိ ဆုတ်၍သွားတတ်ပေသည်ကို ဝမ်းတွင်း၌ များစွာကျေးဇူးတင်မိလေ၏။ ဖခင်လုပ်သူထွက်၍လာလျှင် မောင်သိန်းတင့်သည် ယခင်က စကားစပ်ကိုရပ်၍ အခြားစကားများကိုသာ ရယ်မောပြောဆိုပြီးလျှင် ဦးနှင့်အဒေါ်အား အခွင့်ပန်၍ အိမ်သို့ ပြန်ခဲ့လေ၏။

မောင်သိန်းတင်၏ မိဘတို့သည် နောက်နေ့နံနက်၌ မန္တလေးသို့ ပြန်သွားကြသော်လည်း မောင်သိန်းတင်သည် မသင်းကြည်တို့၏အိမ်သို့ ရှေးကကဲ့သို့ ဝင်ထွက်သွားရန် မသင့်မလျော်ဟု အောက်မေ့ပြီးလျှင် ရုံးမှပြန်သော်လည်း အိမ်၌သာလျှင် စာဖတ်၍နေလေ၏။

မောင်သိန်းတင်သည် မသင်းကြည်တို့၏အိမ်မှပြန်လာ၍ ၁၀ ရက်ခန့်ရှိရာ တစ်ညနေ မောင်သိန်းတင်သည် စားပွဲတွင်ထိုင်၍ မသိန်းရှင်ထံသို့ပေးရန် စာတစ်စောင်ကိုစီကုံးလျက်နေစဉ် ယခင်က တစ်ကြိမ်မလာဖူးသော မသင်းကြည်တို့၏ အိမ်မှအစေခံသည် အိမ်ပေါ်သို့တက်လာ၍အိမ်သို့ခေတ္တလာရောက်ရန်အကြောင်း



နှင့်ဆေခိုင်းလိုက်ကြောင်း ပြောလေလျှင် မည်သည့်အကြောင်းရှိလေ သနည်းဟုမေးမြန်းရာ မသင်းကြည်သည် အသည်းအသန်ဖြစ်၍နေကြောင်းနှင့် ပြောလေ၏။ မောင်သိန်းတင်လည်း မိန်းကလေးအား များစွာကရုဏာရှိလှသည်နှင့် ရေးနေသောစာကိုပိတ်ပြီးလျှင် ပျာယီးပျာယာနှင့်လိုက်လာရာ အိမ်ဦးခန်းတွင် အဖဖြစ်သူနှင့် တွေ့လေ၏။ မချမ်းသာသောမျက်နှာကိုမြင်လျှင် မောင်သိန်းတင်သည် သာစောက ကြိုတင်၍မသိရခြင်းကြောင့် ဝမ်းနည်းပါကြောင်း၊ အစေခံ ပြောသလောက်လည်း ဟုတ်မည်မထင်၊ နေမကောင်းထိုင်မသာ ဖြစ်သည်ဟုသာလျှင် အောက်လင့်ပါကြောင်းနှင့်ပြောလျှင် ဖခင်ဖြစ်သူသည် ဦးခေါင်းကိုယမ်းလျက် စကားတစ်ခွန်းမျှမပြောဘဲ မျက်ရည်ကိုသာလျှင် သုတ်လျက်နေလေ၏။ မောင်သိန်းတင်သည်း ဖခင်၏ ယူကျုံးမရ သောကမီးတောက်လောင်လျက်ရှိသော မျက်နှာထားကိုမြင်သဖြင့် ထပ်၍စကားမပြောဝံ့ဘဲ အပူဓာတ်ရိုက်ပြီးလျှင် ငြိမ်ဝပ်စွာနေလေ၏။ ဤသို့ ၅ မိနစ်ခန့် ကြာလတ်သော် ဖခင်ဖြစ်သူသည် မျက်ရည်များကို တစ်ဖန်သိမ်းဆည်းပြန်၍ မောင်သိန်းတင်အားလည်း အနီးသို့တိုး၍ ထိုင်စေပြီးလျှင်–

'ဦးတော့ ဘယ်လိုများ အပူကြီးပူလိုက်တယ်ဆိုတာ ပြောလို့ပြနိုင်စရာတောင် မရှိပါဘူးမောင်ရယ်၊ သည်သမီးဟာ အစစအရာရာ အင်မတန်လိမ္မာရေးခြားရှိလွန်းလို့ ငယ်ငယ်ကလေးကတည်းက အလုံးစုံယုံကြည်ပြီး ငွေခန်းကြေးခန်းအပ်၍ အရာရာ မျက်နှာလွှဲရတဲ့ သမီးကလေးပါ မောင်ရယ်။ လိမ္မာလိုက်တာများကလည်းလေ ငေါက်လို့တောင် ဆုံးမရတယ်မရှိဖူးဘူး၊ မျက်နှာပြလိုက်တာနဲ့ အင်္ဂါတည်းသိပြီးဖြစ်နေပြီ။ မိဘမျက်နှာကဲများလည်း ဘယ်လောက်သိတတ်တယ် ပြောစရာမရှိဘူး။ ဩော် မသင်းကြည်ရေ… ငါ့သမီး မနေရတော့ဘူးနော်။ နေခဲ့များ အသက်ဝယ်လို့ရရင် ရှိတဲ့စည်းစိမ်အကုန်ပေးပြီး အဖေရော၊ အမေရော ရှမ်းလိုက်ပါသေးရဲ့သမီးရယ်။ ဆရာဝန်များကလည်း သည်ရောဂါလောက်ကမှ တောက်နိုင်ကြဘူးနော်။ သည်အရပ်ထဲမှာ သူများတကာလည်း ကျောက်ပေါက်ကြောင်ရဲ့။ ကျုပ်သမီးမတော့ စိတ္တဇရောဂါနဲ့ယှဉ်ပြီးဖြစ်လို့မို့ ဆရာဝန်များကကျောက်ရောဂါကလည်း သည်လောက်အတွက်မရှိ၊ စိတ်မကောင်းတဲ့ရောဂါ ယှဉ်တွဲ၍ ဘွက် သာပြီးဆိုးတယ်လို့ ပြောကြတယ်မောင်ရယ်၊ မောင့်နှယ် ရွှေဘိုကိုလာသောပါ သတယ် မောင်ရယ်၊ သည့်ပြင်မြို့များ အလုပ်ရှားလို့လား' ဟု ပြောဆဲတွင် အခန်းအတွင်းအရွယ် မိန်းကလေးတစ်ယောက်သည် ဖခင်အနီးသို့လာ၍–

'ဖေဖေ မမ ဘာဖြစ်လို့တုံး၊ ကျွန်မ မကြည့်ရဘူးလား'

ဟု မေးလျှင် ဖခင်သည် ကလေးကိုကောက်ချီ၍ နမ်းရှုပ်ပြီးမှ မျက်နှာကို စေ့စေ့ကြည့်ပြီးလျှင်–

www.burmeseclassic.com

www.burmeseclassic.com



'ဒင်းကလေးတော့ ရှိသေးတယ်။ မျက်နှာပုံချင်းကလည်း ခပ်ဆင်ဆင်ပဲ။ သို့သော် အကင်းပါးပုံ၊ မိဘစကား နားထောင်ပုံများတော့ မတူနိုင်ဘူး ထင်တယ် သမီးရယ်။ တကယ်တူပါဦးတော့၊ ဒင်းတို့ကတော့ ကောင်းစားမှ ပေါ်လာကြတဲ့ ဟာတွေ၊ ဟိုဟာကလေးက ကောင်းအတူဆိုးအတူ၊ ဆင်းရဲဖော် ကောင်းစားဖက်၊ ကံတူအကျိုးပေးလည်း ဖြစ်တယ်။ ရှေးဟိုတုန်းက အမိအဖများ နွမ်းပါးလို့ တောင်သူလုပ်ရတုန်းကလည်း ထမင်းထုပ်ကလေးမနိုင့်တနိုင်နဲ့ လယ်တောလာပြီး ထမင်းပို့၊ အဖလယ်ထွန်ရာက မောမောပန်းပန်း သစ်ပင်အောက် ထမင်းထုပ် ဖြေပြီးစားတော့ အနားကထိုင်ပြီး ခေါင်းခုကလေးနဲ့ ကျောကချွေးများသုတ်ပေးရင်း သည်ဟင်းရွက်ကလေးက ကျွန်မခူးတာ အဖေရဲ့၊ သည်ငရုတ်သီးကလေးက ကျွန်မထောင်းခဲ့တာ အဖေရဲ့နဲ့ တွတ်တီးတွတ်တာ ပြောဖော်ရလိုက်တာလေ။ အဖေက ငါ့သမီး ငရုတ်သီးထောင်းနဲ့ ဟင်းရွက်ပြုတ်ကလေးက ကောင်းလွန်းလို့ အဖေ တယ်ထမင်းစားမြိန်တယ်လို့ ပြောလိုက်ရင်ပဲ ဝမ်းသာရှာလွန်းလို့လေ။ နက်ဖြန် ကျသည့်ထက်များများ ခူးခဲ့ဦးမယ် အဖေရဲ့တဲ့။ အဖေလုပ်တဲ့လူကကော ဟင်းရွက်ပြုတ်နဲ့ပေမယ့် သမီးဟင်းရွက်ပြုတ်မို့ တကယ်ကို စားလို့မြိန်သဗျ။ သမီးအကြောင်းများတော့ ပြောလို့မဆုံးနိုင်ပါဘူး မောင်ရယ်'

ဟု ပြောရင်း မျက်ရည်များကို တစ်ဖန်သုတ်ပြီးလျှင် ကလေးကို အောက်သို့ချလိုက်ပြီးမှ–

'ကျုပ်သမီး တကယ်ကံဆိုးတယ်မောင်ရယ်။ လိမ္မာတဲ့သမီးမို့ထင်ပါရဲ့ အသက်မရှည်ရှာဘူး။ ကဲ ဒါနဲ့ ဗမောင့် ပြောရဦးမယ်။ ဆရာဝန်ကြီးက ခုတင်က ပြောသွားတယ်။ နက်ဖြန်မိုးမလင်းမီဘဲ အသက်ပျောက်လိမ့်မတဲ့ ပြောသွားလို့။ ဦးက သမီးဘာများပြောချင်သလဲမေးတော့ ဖေဖေတော့ မပြောဝံ့ဘူး၊ မေမေ့ ပြောချင်သတဲ့။ ဒါနဲ့ သူ့အမေ ခေါ်ပေးတော့ သူ့ကိုယ်သူ မနေရဘူးဆိုတာ သိပါတယ်တဲ့။ ဒါကြောင့် မသေခင် မောင်နဲ့ တစ်ခါလောက် တွေ့ပါရစေတဲ့။ ကဲ… လာ၊ ဟိုအခန်းပါပဲ။ ဝင်သာသွားပေတော့'

ဟု လက်ညှိုးညွှန်၍ပြလိုက်လျှင် မောင်သိန်းတင်လည်း အိပ်မက်မက်နေရာမှ နိုး၍လွတ်လိုက်ဘိသကဲ့သို့ ကယောင်ကတမ်းနှင့် ထသွားလေ၏။

အခန်းတွင်းသို့ရောက်လျှင် နေလည်းဝင်ပြီဖြစ်၍ အခန်းတွင်း၌လည်း မီးမရှိသဖြင့် မှောင်လျက်နေသည်ကို မြင်လျှင် မောင်သိန်းတင်သည် ခြေသံမကြားအောင် ဖြည်းညင်းစွာနင်း၍ လက်ဖြင့်စမ်းလျက်သွားရာ ခုတင်တစ်ခုကို ကိုင်မိလေ၏။ ၎င်းနောက် ရှိုက်၍ငိုနေသည့်အသံကို ကြားလေလျှင်–



'မငိုပါနဲ့ မေမေရယ်၊ ကျွန်မအတွက်တော့ မပူကြပါနဲ့။ ကျွန်မ မွေးကတည်းကပြီး အမိအဖစကားကိုလည်း ဘယ်အခါမဆို နားထောင်ခဲ့ပါတယ်။ မကောင်းမှု ဒုစရိုက်ဆိုရင်လည်း မုသားတောင်မပြောဖူးဘူး။ ဥပုသ်သီတင်းလည်း ဆောက်တည်ခဲ့တယ်။ သည်တော့ ကျွန်မ အမှန်ကောင်းရာ ရောက်မှာပဲ။ မေမေတို့ ဖေဖေတို့ ကျွန်မအတွက် ဘာမှစိတ်မပူကြပါနဲ့'

ဟု အသံယဲ့ယဲ့ဖြင့် ပြောသည်ကို ကြားလျှင် မောင်သိန်းတင်လည်း အမိအဖကို မဆိုထားနှင့် ငါပင်လျှင် နှမြောလိုက်ပါဘိ၏ဟု အောက်မေ့လေ၏။ မိခင်ဖြစ်သူလည်း မောင်သိန်းတင်ဝင်လာသည်ကို သိ၍ ခုတင်နံဘေးတွင် ထိုင်နေရာမှ ထသွားပြီးလျှင် အခန်းပေါက်တွင် ရပ်လျက်နေလေ၏။ မောင်သိန်းတင်လည်း အမိထသွားသောနေရာတွင် ဝင်၍ထိုင်ရာ မသင်းကြည်သည် လက်ဖြင့်စမ်းသပ်၍–

'ဘယ်သူလဲ၊ မေမေလည်း မဟုတ်ပါဘူး၊ ဖေဖေလား'

ဟုမေးရာ 'မောင်သိန်းတင်' ဟု ပြန်ပြောလိုက်လေ၏။

'ဩော်… ကိုသိန်းတင်လား' ဟု ပြော၍ အတန်ကြာ စကားမပြောဘဲ ဆိုင်းနေပြီးလျှင်–

'ကျွန်မဘဝက တယ်ပြီးသီလနည်းခဲ့တယ် ကိုသိန်းတင်ရယ်၊ အခုတော့ဖြင့် သီလနည်းတာလည်း ခပ်ကောင်းကောင်းပဲ ထင်ပါရဲ့လေ။ နေတယ်လို့လည်း အကျိုးမရှိပါဘူး။ ဒါနဲ့ ရှင့်မန္တလေးက မိန်းကလေးနာမည်က ဘယ်သူတဲ့'

'မသိန်းရှင်တဲ့'

'ဩော်… မောင်သိန်းတင်–မသိန်းရှင်၊ နာမည်ချင်းကဖြင့် တယ်လိုက်ပါသေးသယ်ရှင်၊ လူချင်းဖြင့် မဆိုနိုင်ပေဘူး။ မသိန်းရှင်က ချောရင်ဖြင့် လိုက်မှာပေါ့၊ နော်ရဲ့မဟုတ်လား'

'သနားကမားရှိတယ်လို့ အများကဖြင့် ပြောကြပါတယ်'

'ကျွန်မ ကြည့်စမ်းချင်တယ်ရှင်၊ သည်မိန်းကလေး အင်မတန်လှမှာပဲနော်။ ရှင့်များတကာတော့ မနာလိုဝန်တိုဖြစ်တတ်တယ် မဟုတ်လား၊ ကျွန်မမှာတော့ ဘာလိုလို့လည်း အလကားပါပဲရှင်။ တကယ်လို့ နေရသည်တိုင်အောင် ဝန်တိုတဲ့စိတ် မရှိတတ်ပါဘူးရှင်။ နာမည်ကလေး ကြားရတာနဲ့ပဲ အင်မတန်ချစ်ပြီး ကိုသိန်းတင်အတွက်ရှိတဲ့ မိန်းကလေးဆိုတာနဲ့ ကျွန်မကလည်း မေတ္တာရှိပါတယ်ရှင်၊ ဘယ်လောက် မြင်ချင်လိုက်တာနော်'

'တစ်နေ့တော့ မြင်ရပါလိမ့်မယ် မသင်းကြည်ရယ်၊ ဟိုကလည်း ခင်ဗျားကိုမြင်ရင် ချစ်ခင်မှာပါပဲ၊ ကျွန်တော် သိပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလျှင် မသင်းကြည်သည် ပြန်၍မပြောဘဲ နေရာမှ ရှိက်၍လာသည်ကို မောင်သိန်းတင်ကြားလျှင်–

'ဘာဖြစ်သလဲ မသင်းကြည် မနေသာလို့လား'

'ကျွန်မအကြောင်း ရှင်က မသိရှာသေးဘူးနော်။ ကျွန်မ သေရတော့မယ် ကိုသိန်းတင်ရဲ့။ မနေရဘူး၊ နေရသည်တိုင်အောင်လည်း ကျွန်မ မသိန်းရှင်ကို မမြင်နိုင်တော့ဘူး။ လက်ပေးစမ်း ကိုသိန်းတင်၊ သည်မှာ ကဲသိပြီလား'

ဟုပြောလျှင် မောင်သိန်းတင်သည် တစ်ကိုယ်လုံး တုန်လှုပ်၍ သွားလေ၏။(တုန်လှုပ်ခြင်းအကြောင်းမှာ မသင်းကြည်သည် မောင်သိန်းတင်၏ လက်ကိုယူ၍ မိမိ၏မျက်နှာကို စမ်း၍ကြည့်စေလျှင် တစ်မျက်နှာလုံး အမာရွတ်ပြီးလျက်ရှိသည်ကို စမ်းမိရသည့်ပြင် မျက်လုံးရှိရာကို စမ်းမိသောအခါ၌လည်း မျက်ခွံတို့သည် မျက်စိအိမ်ခံမရှိသဖြင့် ပျော့လျက်ဝင်သွားသည်ကို စမ်းမိခြင်းကြောင့် ဖြစ်လေသည်။)မောင်သိန်းတင် တုန်လှုပ်သည်ကို မသင်းကြည်သိလျှင်–

'ကြောက်သလားရှင့်၊ ကြောက်စရာမရှိပါဘူး၊ ဆရာဝန်ကြီးက ပြောသွားပါတယ်။ သည်အနေရောက်မှတော့ မကူးတတ်ဘူးဆိုလို့ ကျွန်မ ကိုသိန်းတင်ကို အခေါ်ခိုင်းလိုက်ပါတယ်။ အခု ကိုသိန်းတင်ရောက်လာတော့လည်း ကြည့်ချင်လို့မှ မမြင်နိုင်တော့ဘူး ကိုသိန်းတင်ရေ့'

ဟု ပြောပြန်လျှင် မောင်သိန်းတင်လည်း ကူးမည်ကြောက်ရွံ့၍ တုန်လှုပ်သည်မဟုတ်ကြောင်း၊ အကယ်၍ပင် ကူးတတ်စေကာမူ မသင်းကြည်က တွေ့လို၍ အခေါ်ခိုင်းသည်ကို တစ်သက်မျှမက ၁၀ သက်ပင် ဆက်၍သေသော်လည်း ရဲဝံ့စွာလာမည်ဖြစ်ကြောင်းတို့ကို ငိုသံပါနှင့် ပြောလေလျှင်–

'ကိုသိန်းတင်က သေဝံ့ပေမဲ့ ကျွန်မကလည်း အသေမခံနိုင်ဘူး။ မသိန်းရှင်ကလည်း အသေမခံနိုင်ပေဘူးရှင့်။ နောက် မသိန်းရှင်နဲ့တွေ့တဲ့အခါ သည်ကကံဆိုးမ မသင်းကြည်ကလေးက လင်နဲ့မယား ချစ်ချစ်ခင်ခင်နဲ့ အိုအောင်မင်းအောင် ပေါင်းရပါစေလို့ မသေခင် ဆုတောင်းသွားတဲ့အကြောင်းများလည်း ပြောလိုက်ပါရှင့်နော်'

ဟု ပြောလျှင် မောင်သိန်းတင်သည် တစ်သက်တွင် ဤမျှလောက် ဝမ်းမနည်းဖူးသလောက် ချုပ်တည်းဖြေဆည်၍ မရနိုင်လောက်အောင် ဝမ်းနည်းပြီးလျှင် ရှိုက်ကြီးငင်ကြီးနှင့် ငိုမိလေ၏။

'မငိုပါနဲ့ ကိုသိန်းတင်၊ ကျွန်မအကြောင်းနဲ့ကျွန်မ၊ သူ့ကုသိုလ်နဲ့သူ ဖြစ်ရတာ မဟုတ်လား။ ကျွန်မဖြင့် ဒီလိုဖြစ်လို့ တယ်ကြီးဝမ်းမနည်းလှပေဘူးရှင်။ ခံခြမရတာ တစ်ခုတည်းရှိတယ်။ အခုသည်အခန်းဟာ မှောင်ပြီးနေတယ်မဟုတ်



လား၊ ဒါဘာပြုလို့ တမင်မှောင်အောင် လုပ်ထားသလဲသိလား။ ကျွန်မ မျက်နှာကို ရှင်စမ်းကြည့်တယ်မဟုတ်လား။ ခုတင်က ဘယ့်နှယ့်နေသလဲ တွေးမိရဲ့မဟုတ်လား၊ မျက်နှာကလည်း ကျောက်ပေါက်နာတွေနဲ့၊ မျက်လုံးကလည်း ဟောက်ပက်ကန်း၊ ဆံပင်တွေကလည်းမရှိ၊ အင်မတန်ရုပ်ပျက်ဆင်းပျက် ဖြစ်ရတယ်ရှင်၊ သည်တော့ သည်ကဲ့သို့ ရုပ်ပျက်ဆင်းပျက်ဖြစ်နေတာ ကိုသိန်းတင်မြင်မှာကျွန်မ ရှက်လို့ အခန်းကိုတမင်မှောင်ချပြီး ထားတယ်။ သည်ဟာ ဘယ့်နှယ်စိတ်သဲ ကျွန်မ မပြောနိုင်ဘူးရှင်။ တော်တော်ကြာပဲ သေရတော့မယ်။ သေရမယ့်ဆဲဆဲအထောင် ကိုသိန်းတင် မြင်မှာ ရှက်ရသေးတယ်။ သည်ဟာတစ်ခုပဲ ကျွန်မစိတ်ကိုဖြန့်မ မနိုင်တယ်။ ကဲ… ကဲ၊ မေမေတို့ ဖေဖေတို့ကိုလည်း ကျွန်မ နှုတ်ဆက်ရဦးမယ်၊ ပြန်ပေဦးတော့ရှင်၊ အခုတင်က ကျွန်မမှာတာ မမေ့နဲ့နော်၊ ပြောဖြစ်အောင်ပြောလိုက်ပါ။ ကဲ မေမေ့အရင် တစ်ဆိတ်လွှတ်လိုက်ပါရှင်'

ဟု ပြောလျှင် မောင်သိန်းတင်လည်း ခုတင်နံဘေးတွင်ရပ်လျက် ရတ်တရက် ထွက်၍ မသွားနိုင်သေးဘဲ သနားလွန်းမက သနားပြီးလျှင် မည်သည့်စိတ်ရသည်မသိ၊ မျက်ရည်စက်လက်နှင့် မသင်းကြည်၏ နဖူးကလေးကို လက်ဖြင့်စမ်း၍ နမ်းရှုပ်ပြီး အခန်းပြင်သို့ ထွက်သွားလေ၏။

နက်ဖြန်နံနက် ရုံးတက်ချိန်ရောက်လျှင် မောင်သိန်းတင်သည် ရုံးသို့တစ်ခါသည်း မသွားနိုင်သေးဘဲ မသင်းကြည်တို့၏ အိမ်အနီးမှရပ်လျက် အကဲခတ်နေရာ တစ်အိမ်လုံး ကျွက်ကျွက်ဆူ ငိုကြွေးမြည်တမ်းနေကြသည်ကို ကြားသဖြင့် သက်ပြင်းချပြီးလျှင် ရုံးသို့သွားလေ၏။ ရုံးသို့ရောက်လျှင် အလုပ်လုပ်ရန် များစွာစိတ်မပါဘဲ စာရွက်တို့ကိုသာ လှန်လျက်နေစဉ် ကြေးနန်းစာပို့ကုလားသည် ကြေးဘစ်စောင်ကို ကိုင်လာပြီးလျှင်–

'မောင်သိန်းတင် ဆပ်'

ဟုမေး၍ မောင်သိန်းတင်အား ပေးလေ၏။ မောင်သိန်းတင်လည်း မည်သူ့ထံမှ ကြေးနန်းဖြစ်လေသနည်းဟု တွေးတောလျက် ဖွင့်၍ကြည့်ရာ "အမြန်လာ ၊ သနေ့မရောက်လျှင် မြင်ရတော့မည်မဟုတ်" ဟု ပါရှိသော မသိန်းရှင်၏ထံမှ ကြေးနန်းဖြစ်သည်ကို တွေ့မြင်ရလေ၏။ မောင်သိန်းတင်သည် ကြေးနန်းစာကို အိတ်ထဲသို့ထည့်ပြီးလျှင် စာရေးကြီးလုပ်သူလည်း ရုံးသို့မရောက်သေးသည်နှင့် ခန့်ဘာတွင် လမ်းလျှောက်လျက် စောင့်နေရာ ရထားအချိန်နီးလှပြီဖြစ်၍ မြင်းရထားတစ်စီးကိုခေါ်ပြီးလျှင် စာရေးကြီးအိမ်သို့ သွားလေ၏။ အိမ်သို့ရောက်လျှင် စာရေးကြီးက အလုပ်ဝင်စအခါဖြစ်သဖြင့် အခွင့်မပေးနိုင်ကြောင်းပြောလျှင် မောင်သိန်းတင်လည်း 'အခွင့်မပေးနိုင်ရင် ခင်ဗျာ့အလုပ်နဲ့ ခင်ဗျား နေရစ်ပေတော့' ဟုပြော

www.burmeseclassic.com

www.burmeseclassic.com



၌ မြင်းရထားပေါ်သို့ တက်သွားလေ၏။ ၎င်းနောက် ‘စတေရှင်ကိုကျောင်း’ ဟု ကုလားကိုပြောပြီးလျှင် မြင်းရထားပေါ်တွင် အနည်းနည်းအဖုံဖုံ ဆင်ခြင်တွေးတောလျက် မည်သည့်အကြောင်းကြောင့် ဤမျှလောက် အရေးတကြီး ရိုက်ကြားရလေသည်ကို စဉ်းစားလာရင်း မြင်းရထားလည်း ရပ်လေ၏။ မောင်သိန်းတင်လည်း မြင်းရထားမှ ခုန်ဆင်းပြီးလျှင် လက်မှတ်ယူမည်ဟု ကြည့်လိုက်ရာ ဘူတာရုံမဟုတ်၊ ဆေးရုံသို့ရောက်လာကြောင်း သိရလေ၏။ ဘူတာရုံသို့မောင်းရန်ပြောသည်ကို အဘယ့်ကြောင့် ဆေးရုံသို့မောင်း၍ လာရလေသနည်းဟု ကုလားအားဆဲရေးကြိမ်းမောင်း၍ ဘူတာရုံသို့ အမြန်မောင်းရန်ပြောပြီးလျှင် နာရီကိုကြည့်လိုက်ရာ ၁၁ နာရီထိုးရန် ၁၀ မိနစ်သာလိုကြောင်း တွေ့ရလေ၏။ ရွှေဘိုမှမန္တလေးသို့သွားသော နောက်ဆုံးရထားသည် ၁၁ နာရီတိတိတွင် ထွက်သည်ဖြစ်၍ မီမှမီပါဦးမည်လားဟု အောက်မေ့လျက် ကုလားကိုလည်း ဆဲရေးတိုင်းထွာပြီးလျှင် မြင်းကို ကဆုန်မောင်းစေ၏။ ဘူတာရုံသို့ရောက်လျှင် မောင်သိန်းတင်သည် မြင်းရထားပေါ်မှ ဆင်းပြေး၍ တဖြည်းဖြည်းထွက်လျက်နေသော ရထားပေါ်သို့ မီရာတွဲကို ဖမ်း၍တက်မည်ပြုရာ မြင်းရထားကုလားက အခမရသေးသည်နှင့် ဆွဲ၍ထားသောကြောင့် မတက်နိုင်ဘဲ မီးရထားလည်း ထွက်သွားလေ၏။ မောင်သိန်းတင်လည်း မြင်ရထားကုလားအပေါ်၌ များစွာအမျက်ထွက်သဖြင့် လည်ကိုအစ်ပြီးလျှင် ထိုးမည်ပြုရာ ပုလိပ်တို့က တောင်းပန်သဖြင့် မထိုးလိုက်ရဘဲ ဆွေ့ဆွေ့ခုန်၍ ကျန်ရစ်လေ၏။

နောက်တစ်နေ့၌ မောင်သိန်းတင်သည် နံနက်အစောရထားကိုမီစေရန် သန်းခေါင်ကျော်ကပင် ဘူတာရုံသို့သွား၍ စောင့်ပြီးလျှင် နံနက် ၄ နာရီရထားနှင့် လိုက်ပါသွားလေ၏။ (မီးရထားသည် ပေါက္ကံဘူတာနှင့် ဝက်လက်ဘူတာအကြားသို့ရောက်လျှင် လမ်းချော်၍ ကျသဖြင့် ရထားတစ်စင်းလုံးမှောက်ပြီး များစွာခရီးကြန့်ကြာသည့်အကြောင်းများကို ၎င်းနှစ်သတင်းစာတို့တွင် ပါရှိလေသည်။)မောင်သိန်းတင်မှာ ဒဏ်ရာအနာတရ ထိခိုက်ခြင်းမရှိသော်လည်း ရောက်လိုလှသည့်အရပ်ကိုမရောက်နိုင်ဘဲ နှောင့်နှေးခြင်းဖြစ်ရလေသည့်အတွက် လွန်စွာစိတ်နှလုံးမချမ်းသာဘဲ အခြားခရီးသည်တို့နှင့်အတူ စောင့်ဆိုင်း၍မနေမူ၍ စစ်ကိုင်းသို့ရောက်အောင် ခြေကျင်လျှောက်မည် အကြံနှင့်ထွက်လာခဲ့လေ၏။ ပေါက္ကံဘူတာအလွန်တွင် စစ်ကိုင်းမှ သံကြိုးရရှိသဖြင့် ခရီးသည်တို့ကို တင်ယူရန်အမြန်လာသော ရထားနှင့်တွေ့လျှင် မောင်သိန်းတင်မှာ ပေါက္ကံဘူတာနှင့် အတန်ကွာနေပြီဖြစ်၍ ပြန်၍လည်း မသွားနိုင်ဘဲ ခက်ခဘူတာတွင် တွေ့ဆုံကောင်းပါ၏ဟု အမြန်လျှောက်လျက် လာခဲ့လေ၏။ ခက်ခဘူတာနှင့် တစ်မိုင်ခန့်အကွာတွင်မိမိတွေ့လိုက်



သောရထားသည် မိမိနှင့်အတူလာသူ ခရီးသည်တို့ကို တင်ဆောင်၍ ပြန်လာသည်ကို တွေ့ပြန်လျှင် ကဆုန်ချ၍ အမီလိုက်ပါသော်လည်း ခရီးကလည်းပန်း၊ စိတ်ကလည်း မချမ်းသာသည်ဖြစ်၍ အနည်းငယ်ပြေးမိလျှင် မောပန်းသည်နှင့် တဖြည်းဖြည်းသာလျှင် လာခဲ့ရလေ၏။ ခက်ခဘူတာအလံတိုင်သို့ရောက်လျှင် မီးရထားသည်း ထွက်ရန်အလံပြနေပြီးဖြစ်၍ ရထားကို ရပ်ဆိုင်းရန် ဟစ်အော်၍ ပြေးသွားပါသော်လည်း မိမိနှင့် ပေ ၅၀ ကွာလောက်တွင် ရထားလည်း ထွက်သွားလေ၏။

၎င်းတစ်ကြိမ် မီးရထားနှင့် လွဲပြန်လျှင် မောင်သိန်းတင်မှာ မိမိကိုယ်ကို ငှက်ပေါ်သို့သာ လုံ၍ပိုလိုက်ချင်သော်လည်း မတင့်တယ်သဖြင့်သာ စိတ်ကို ချုပ်တည်း၍ ဘူတာရုံဝရန်တာကို မှီလျက်ထိုင်နေရပြန်လေ၏။ မောင်သိန်းတင်၏ စိတ်၌ ငါသည် ဤမျှလောက် ဒုက္ခခံပါလျက်နှင့်တစ်ကြိမ်မှနှစ်ကြိမ် အလွဲလွဲအချော်ချော်ဖြစ်ရခြင်းအကြောင်းမှာ မသိန်းရှင်နှင့် လွဲစေဖို့ အတိတ်နိမိတ်ပေတည်းဟု အောက်မေ့လျက် အားကိုလျှော့မည်ဟု ကြံဆဲတွင်မှ ယောက်ျားတို့မည်သည် ဝီရိယကို မလျှော့ကောင်းဟု အားတင်းပြီးလျှင် သွားရင်းပင် ခြေတို၍သွားသော်လည်း မန္တလေးသို့ ယနေ့မရောက်လျှင် မနေဟု ဆက်လက်သွားပြန်လေ၏။

မီးရထားပျက်သော နေရာနှင့် စစ်ကိုင်းမြို့မှာ မိုင်ပေါင်း ၂၀ ကျော်ခန့်ကွာလေ၏။ မောင်သိန်းတင်မှာ နားချည်တစ်လုည့်၊ သွားသည်တစ်ဖုံ၊ ကဆုန်ပြေး၍လည်းတစ်မျိုးနှင့် လာခဲ့ရာ ညနေ ၅ နာရီအချိန်ခန့်တွင် စစ်ကိုင်းဘူတာရုံသို့ ရောက်လေ၏။ ရွှေကြက်ယက်ဘက်သို့ ကူးတို့ဖြင့်ကူးသော်လည်း ရထားမရှိကြသဖြင့် မန္တလေးဆိပ်ကမ်းသို့အရောက် သမ္ပန်ငှားပြီးလျှင် သမ္ပန်သမားကိုလည်း ကြေးငွေအပိုပေး၍ မရပ်မနားဘဲ ခတ်စေရာ ၈ နာရီခွဲအချိန်တွင် ဂေါဝိန်ဆိပ်သို့ ရောက်လေ၏။ ဓာတ်ရထားပေါ်သို့တက်မိလျှင် လူလေးငါးဦးတို့ ပြောနေကြသည်မှာ–

တစ်ဦးသောသူက ‘ကျွန်တော်တို့ အရပ်နားက မိန်းကလေးတစ်ယောက်အကြောင်း ကြားပြီးပြီလား’

အခြားတစ်ဦးက ‘မကြားရသေးဘူး ဘာဖြစ်လို့လဲ’

ပထမလူက ‘ပွဲစားဦးဘမောင် သမီးကလေးပေါ့ဗျာ၊ ရုတ်တရက်သေသွားရှာသတဲ့’

ဟု ပြောလျှင် မောင်သိန်းတင်သည် လုံနှင့်ထိုးလိုက်ဘိသကဲ့သို့ ထိတ်လန့်ခုန်ထ၍ ပြောနေသောသူအနီးသို့ ရွှေ့ထိုင်ပြီးလျှင်–

‘ပြောစမ်းပါဦးခင်ဗျာ၊ ဘယ်သူလဲ၊ ဘယ်ပွဲစားလဲ၊ သမီးနာမည်က ဘာတဲ့လဲ’

www.burmeseclassic.com

www.burmeseclassic.com



ဟုမေးလျှင် ပထမပြောနေသူက 'အလို… ကိုသိန်းတင်လား၊ ခင်ဗျားတို့ အိမ်နီးချင်းပေါ့ဗျာ၊ ခင်ဗျားမသိသေးဘူး။ သြော်… ခင်ဗျားက ရွှေဘိုသွားနေတာကိုး။ ဘယ်တော့က ရောက်သလဲ'

'ကဲပါဗျာ၊ ခုတင်ကအကြောင်း ပြောစမ်းပါဦး'

'သြော်… မသိန်းရှင်ကလေးလား၊ ဒီလိုဗျ။ ပွဲကတော် ဒေါ်သာယာရဲ့မောင်တစ်ဝမ်းတစ်ယောက်က ပျဉ်းမနားက လာလည်ပြီး ပွဲစားကြီးအိမ်မှာပဲ တည်းတာကိုးဗျ။ သူ့မှာလည်း သားကလေးတစ်ယောက်ပါလာတယ်။ ပိုက်ဆံကလေးကလည်း တော်တော်ရှိတယ် ထင်ပါရဲ့။ ဒါနဲ့ လေးငါးရက်လောက်ရှိတော့ မောင်နှမနှစ်ယောက် တိုင်ပင်ကြတာပေါ့လေ။ ဆွေချင်းခြံတော့လို့၊ မျိုးချင်းထပ်တော့ မြတ်တယ်လို့ သဘောရပြီး မောင်နှမချင်း လက်ဆက်မယ်လို့ ကြံကြတာပေါ့။ ခင်ဗျားတို့ ဘတော်ကြီးများတောင် တိုင်ပင်သေးတယ်ဆိုတာပဲ။ ကောင်ကလေးမိဘများက ငွေ ၃,၀၀၀ ကျပ် တင်ရမတဲ့။ စိမ်နေကြတဲ့ အတောအတွင်း အမေလုပ်တဲ့ဟာကတော့ သမီးဆိုတာ သူပြီးရင်ပြီးတယ်လို့ လုံးလုံးတောင် မတိုင်ပင်ဘူးဆို ထင်ပါရဲ့။ ဒါနဲ့ သမီးက ရိပ်မိလို့ သဘောမကျတဲ့အကြောင်းပြောတော့ ကောင်ကလေးက ဘာမျှဆိုစရာမရှိတဲ့အပြင် ဆွေမျိုးချင်းလည်းဖြစ်တဲ့အတွက် ငြင်းပယ်ဖို့မရှိတဲ့အကြောင်းပြောပြီး ဖိတ်စာတွေဘာတွေရိုက်၊ ခန်းဝင်ပစ္စည်းတွေဘာတွေဝယ်၊ ဒီကနေ့ည တောင်းဖို့ရမ်းဖို့ပေါ့။ မိန်းကလေးက ဒီကနေ့ညနေ ၆ နာရီလောက်မှာပဲ ရုတ်တရက်သေသွားရှာတယ်တဲ့။ တစ်ရပ်လုံး ကျက်ကျက်ဆူလို့'

ဟု ပြောလျှင် 'သေရှာပြီလားဗျာ' ဟု မောင်သိန်းတင်က မေးရာ–

'ကျွန်တော် ကြားတုန်းကတော့ မသေရှာသေးဘူး၊ ဆရာဝန်တွေ ဘာတွေ ဝိုင်းနေတာပဲ။ သို့သော် ရမယ်လို့တော့ မထင်ပါဘူးဗျာ၊ ဒါမျိုး တယ်ခက်တာပဲ'

ဟု ပြောသည်ကို မောင်သိန်းတင်ကြားလျှင် ဓာတ်ရထားကိုပင် နေးသည်ဟု အောက်မေ့၍ ခရီးပန်းလာသည်ကိုမှ သတိမရဘဲ ဆင်း၍သာလျှင် ပြေးလိုက်ချင်၏။

ဓာတ်ရထားမှဆင်းလျှင် မောင်သိန်းတင်သည် မသိန်းရှင်၏အိမ်သို့ တစ်ဟုန်တည်းပြေးသွားပြီးလျှင် အိမ်ရှေ့မှ အကဲခတ်လျက်နေရာ တစ်အိမ်လုံး ဆိတ်ငြိမ်စွာရှိသဖြင့် အနည်းငယ်အားတက်၍ အနီးသို့ချဉ်းကပ်ပြီးလျှင် အိမ်ပေါ်မှ ဆင်းလာသူ အဒေါ်ကြီးတစ်ယောက်အား မေးမြန်းစုံစမ်းရာ အဒေါ်ကြီးက 'အလို မောင်သိန်းတင်လား' ဟု ပြော၍ လက်ပြပြီးလျှင် အိမ်ပေါ်သို့တက်သွားပြန်လေ၏။ အတန်ငယ်ကြာလျှင် မသိန်းခင်လည်း အိမ်ပေါ်မှဆင်းလာ၍ မောင်သိန်းတင်၏ လက်ကိုဆွဲပြီးလျှင် 'မောင့်ကိုခဏခဏ မေးနေသည်' ဟုပြော၍ အိမ်ပေါ်သို့ တွန်း



ကင်လိုက်လေ၏။ မောင်သိန်းတင်လည်း လှေကားကိုနင်းရသည်မထင်ဘဲ အိမ်ပေါ်သို့တက်သွားလျှင် အမိအဖတို့သည် တစ်ထောင့်၌ မျက်နှာချင်းဆိုင် မှိုင်နေကြသည်၊ ဦးဘမောင်နှင့် ဆရာဝန်ကြီးတို့လည်း တစ်ဦးနှင့်တစ်ဦး တီးတိုးတိုင်ပင်ကြလျက်ရှိသည်။ မောင်သိန်းတင်လည်း ခုတင်ပေါ်တွင် ပက်လက်ကလေးမှောလျက်နေသည်ကိုမြင်လျှင် ဝမ်းတွင်း၌ရှိသော နှလုံးသားတို့သည် လည်ချောင်းသို့အကုန်တက်၍ ဆို့ဘိသကဲ့သို့ အသက်ရှူမှားလျက် ခုတင်အနီးသို့သွား၍ ဒူးထောက်ပြီးလျှင် မသိန်းရှင်၏မျက်နှာကို စေ့စေ့ကြည့်နေလေ၏။ မသိန်းရှင်လည်း မျက်စိကိုမှိတ်နေရာမှ ရုတ်တရက်ဖွင့်ကြည့်ပြီးလျှင် အလွန်တရာ ဝမ်းသာအားရ ရှိသောမျက်နှာထားဖြင့် 'ခုမှလာသလား ကိုသိန်းတင်' ဟု သဲ့သဲ့ကလေးပြောပြီးလျှင် ခင်ကလက်ဖြင့်ဖိ၍ မျက်စိကိုပြန်မှိတ်သွားလေ၏။ ဆရာဝန်ကြီးလည်း သတိရလာသည်ကိုမြင်သဖြင့် အနီးသို့လာပြီးလျှင် အတန်ကြာစိုက်ကြည့်နေရာ မသိန်းရှင်သည်၊ မလှုပ်ရှားဘဲနေလေလျှင် ဦးခေါင်းကိုခါ၍ အိမ်ပေါ်မှဆင်းသွားလေ၏။ မောင်သိန်းတင်လည်း အဘယ့်ကြောင့် ကြာရှည်စွာ မလှုပ်ရှားဘဲနေဘိသနည်းဟု လက်ကလေးကိုကိုင်လိုက်ရာ အေး၍နေသည်ကို စမ်းမိလျှင် ဝမ်းထဲမှာအစာလည်းမရှိ ခရီးကလည်းပန်းနေသည့်အတွင်း ချစ်လှစွာသောရည်းစားသည် မျက်စိအောက်တွင် အသက်ပျောက်၍သွားချေပြီတကားဟု သတိလစ်၍လဲသွားလေ၏။

သတိရ၍ မျက်စိကိုဖွင့်ကြည့်သည့်အခါ အမိအဖတို့သည် အိပ်ရာကိုဝိုင်း၍ ထက်တစ်ချက်ကွင်ထိုင်လျက် 'လူကလေး၊ လူကလေး' ဟု ခေါ်နေကြသည်ကိုကြားသဖြင့် ရုတ်တရက် အိပ်ရာမှလူး၍ ထပြီးလျှင် 'ဖေဖေတို့ မေမေတို့ ကျွန်တော်အိပ်မက် မက်လိုက်တာ မေမေရယ်။ သြော်… အစသတ်တော့ အကုန်လုံး အိပ်မက်ပါကလား။ ဟီ… ဟီ… ဟီ၊ ဟော ပြတင်းပေါက်က လက်ယပ်ခေါ်တာ ဘယ်သူလဲ၊ မသိန်းရှင်မဟုတ်လား၊ အဟုတ်သားပဲ။ လာမယ်ဟေ့၊ မသိန်းရှင် ရေ… မောင်လာပြီ' ဟု ပြော၍ ပြတင်းပေါက်ဆီသို့ အတင်းရုန်းထွက်သွားပြီးလျှင် အိမ်ပေါ်မှ ခုန်ချလိုက်လေ၏။

[မောင်သိန်းတင်မှာ ယခုအခါ အနောက်ဘက်စစ်ကိုင်းတောင်ရိုးကျွန်းသဲချောင်တွင် ပဋ္ဌင်းအဖြစ်ဖြင့် သီတင်းသုံးနေရာ စကားစပ်မိကြသဖြင့် ရှေးအကြောင်းနှောင်းဖြစ်များ ပြန်လှန်ပြောဆိုသည်နှင့် ကြားသိခဲ့ရသည့်အတွက် ၎င်းထံ ခွင့်တောင်းပြီးလျှင် ဤသတင်းစာတွင် ရေးသားထည့်သွင်းခြင်းဖြစ်ပါကြောင်း။]

[သူရိယမဂ္ဂဇင်း၊ မတ် ၁၉၁၇]

■

www.burmeseclassic.com

www.burmeseclassic.com

# ဓားမြှောင်နှင့် မောင်းချဓား

ကျောင်းနေဖက် သူငယ်ချင်းတို့အနက်တွင် ကျွန်တော်နှင့် အထူးသဖြင့် ချစ်ကျွမ်းဝင်ခဲ့သော သစ်တောဝန်ထောက် ဦးဝင်းမော်သည် ၎င်း၏အလုပ်ဌာနဖြစ်သော မြတောင်ရွာသို့ လာရောက်လည်ပတ်ရန် အဖန်ဖန်ဖိတ်ကြားသည်တွင် ကျွန်တော်သည် လွန်ခဲ့သောနှစ်က တစ်လခန့်မျှ သွားရောက်နေထိုင်ခဲ့ဖူးလေသည်။ မြတောင်ရွာသည် အိမ်ခြေတစ်ရာခန့်မျှသာရှိသဖြင့် စည်ကားလှသော ရွာကြီးတစ်ရွာမဟုတ်ငြားသော်လည်း ဖောင်တော်ဦးဘုရားတည်ထားရာ တောင်စွန်းမှ မြစ်ဘက်သို့ မျှော်ကြည့်သည်ရှိသော် စိမ့်ကြီးမြိုင်ကြီး ရိပ်ကြီးတောတောင် အစရှိသော သီချင်းအရ ညို့ညို့မှိုင်းမှိုင်းရှိနေသော သစ်ပင်ကြီးများ၏အကြားမှ စိမ်းလဲ့လဲ့အရောင်ရှိ မြစ်ပြင်တွင် စုန်ဆန်သွားလာနေကြသည့် လှေ၊ သမ္ဗန်၊ ဖောင်၊ သင်္ဘောစသည်တို့ကိုလည်းကောင်း၊ မြစ်၏အခြားဘက်ကမ်းရှိ တောင်ခြေတွင် အုန်းပင်၊ ထန်းပင် စသည့် စိမ်းစိုသော သစ်ပင်များ ဖုံးအုပ်လျက် ကျောင်းကန်ဘုရားပေါ်များလှသော ထီးချိုင့်မြို့ကိုလည်းကောင်း တွေ့မြင်ရသောသူတို့မှာ ထိုနေရာထက် ရှုခင်းသာယာသောနေရာကို မြန်မာပြည်၌ တွေ့နိုင်ရန် ခဲယဉ်းလိမ့်မည်ဟု ဝန်ခံကြပေလိမ့်မည်။

တစ်နေ့သော ညနေခင်းအချိန်၌ ကျွန်တော်သည် မိတ်ဆွေ သစ်တောဝန်ထောက် တောတက်၍သွားသဖြင့် ပျင်းရိသည်နှင့် မြတောင်ရွာ၏ တစ်ဖက်ကမ်း၌



ရှိသော ထီးချိုင့်မြို့သို့ သမ္ဗန်တစ်စင်းနှင့် သွားရောက်လည်ပတ်ရာ ဝမ်းခေါင်းဟာလာ

ည်နှင့် တရုတ်အကြော်ဆိုင်တစ်ဆိုင်၌ သီးသန့်ပြင်ဆင်ထားသော အခန်းငယ်

အတွင်းသို့ ဝင်ပြီးလျှင် ၁၂ မျိုးအကြော်တစ်ခွက်နှင့် ဘီယာတစ်လုံးကို မှာယူစား

သောက်ကာ နေလေ၏။ အကြော်ဆိုင်ရှင် တရုတ်သည် အလွန်တရာ မြန်မာရည်

ည်သော ပေါက်ဖော်တစ်ယောက်ဖြစ်သည့်အတိုင်း ဘီယာပုလင်းကိုဖွင့်၍ ဖန်

ခွက်တွင် ငှဲ့ပေးစဉ် ကျွန်တော်၏မျက်နှာကိုကြည့်လျက် 'ခင်ဗျား ဟိုဘက်ကမ်းက

ခင် သစ်တောဝန်ထောက်နဲ့ သူငယ်ချင်းဆို'

'ဟုတ်တယ်'

'ဘယ်ဘက်မှာ အလုပ်လုပ်သလဲ'

'စာရေးတဲ့အလုပ် လုပ်တယ်'

'ဩော် ကောင်းတယ်၊ အားကြီးကောင်းတယ်၊ အရင်က ခင်ဗျားလာရင်

ရေးစရာ အားကြီးများတယ်'

'ဒီလိုမြို့ကလေးမှာ စာရေးစရာ ဘယ်မှာ များများရနိုင်မလဲ ပေါက်ဖော်'

'တစ်ခါတစ်ခါ မရနိုင်ဘူး၊ တစ်ခါတစ်ခါ အားကြီးများတယ်။ ခင်ဗျား

ထိုင်နေတဲ့ကုလားထိုင်မှာ လူတစ်ယောက် ရင်ဘတ်မှာ ဓားနဲ့ထိုးပြီး အသတ်

ခံတယ်။ သတ်တဲ့လူက ဟောဟိုက အဘိုးကြီးပဲ'

'ဘယ်လောက်ကြာပြီလဲ'

'နှစ်ပေါင်း တော်တော်ကြာသွားပြီ'

'ဒီလူကြီးကို မဖမ်းဘူးလား'

'ဖမ်းတော့ဖမ်းတယ်၊ ရုံးရောက်တော့ တရားသူကြီးက လွှတ်ပစ်လိုက်

တယ်'

ထိုအခါ ကျွန်တော်သည် လူသတ်မှုဖြစ်ဖူးသည်ဆိုသော ထိုလူကြီးကို

မျှော်၍ကြည့်မိရာ ထိုလူကြီးမှာ အသက် ၅၀ ကျော်အရွယ်ခန့်ရှိ၍ ခြေတစ်ဖက်

တာတာနှင့် တုတ်ကောက်ကို အားပြုကာ လမ်းလျှောက်ရသည့်အဖြစ်ကို

တွေ့ပြီးမိလေ၏။ ထိုလူကြီးသည် ဆိုင်ရှေ့သို့ရောက်လာသောအခါ ဆိုင်ရှင်

တရုတ်အား နှုတ်ဆက်လေရာ ဆိုင်ရှင်သည် ရှိသေသောအမူအရာဖြင့် စကား

ပြောသည်ကိုလည်း တွေ့မြင်ရ၏။ ဤသူသည် ခြေတစ်ဖက် ဆာသည့်အတွက်

ကြောင့် လမ်းလျှောက်သောအခါ၌ တုတ်ကောက်ကို အားပြုရသည်မှန်သော်

လည်း လွန်မင်းစွာ ကြံ့ခိုင်သန်စွမ်းသော ကိုယ်ကာယရှိသည့်ပြင် ၎င်း၏မျက်နှာ

မှာလည်း ဆိုးမိုက်ခြင်းမရှိဘဲလျက် ခက်ထန်တင်းမာခြင်း ရှိသည့်အပြင်

ထင်ပြမိ၏။ စင်စစ်မှာ ထိုလူကြီး၏ အမူအရာနှင့် မျက်နှာထားမျိုးသည် သံ

www.burmeseclassic.com

www.burmeseclassic.com



ငယ်သော မြို့ကလေး၌သာမက မြို့ကြီးများ၌ပင် ရှားလှသည်ဖြစ်သောကြောင့် တစ်ကြိမ်မြင်မိလျှင် ထပ်မံ၍ စိုက်ကြည့်လောက်သော လူကြီးမျိုးတစ်ယောက် ဖြစ်လေသည်။

ငင်းလူကြီးသည် ဆိုင်ရှင်တရုတ်နှင့် အနည်းငယ်စကားပြောပြီးနောက် ပေါက်ဖော်ရော၊ ကျွန်တော်ပါ ဦးခေါင်းညိတ်ကာ နှုတ်ဆက်ပြီးနောက် ဆက်လက်၍ လျှောက်သွားလေရာ ကျွန်တော့်မှာ ထိုသူ၏ ထူးခြားသော အင်္ဂါရုပ်နှင့် လူကို သတ်ခြင်းတည်းဟူသော ထူးခြားသည့်အဖြစ်အပျက်ကို တွေ့မြင်ကြားသိရခြင်း အားဖြင့် စုံလင်စွာသိလိုသော စိတ်ဆန္ဒဖြစ်ပေါ်လာသည်နှင့် စားစရာများကို ထပ်မံမှာယူပြီးလျှင် ဆိုင်ရှင်တရုတ်အား ယခင်က လူသတ်မှုအကြောင်းကို စုံလင်စွာ ပြောကြားပါမည် အကြောင်းနှင့် တောင်းပန်လေ၏။ ဆိုင်ရှင်ပေါက်ဖော်သည် စားသောက်စရာ အမြောက်အမြား ဝယ်ယူသောလူတစ်ယောက်ကို ကျေးဇူးပြုလိုသည်တစ်ကြောင်း၊ ထိုလူကြီးအကြောင်းကို ပြောပြရခြင်းမှာ ငြိုငွေ့မည့်လက္ခဏာ မရှိသည်တစ်ကြောင်းကြောင့် ထိုလူသတ်မှု ဖြစ်ပွားပုံကို အစမှအဆုံးတိုင် စုံလင်စွာ ပြောပြလေရာ ငင်းအမှုသည် သာမညလူသတ်မှုမဟုတ်ဘဲ များစွာထူးခြားသော အခြင်းအရာများ ပါရှိသည်ဖြစ်သောကြောင့် ကျွန်တော်က တရုတ်ကြီး ပြောသည့်စကားများကို ဝတ္ထုသွားအစီအစဉ်ဖြင့် ပဋိပါစဉ် ညီညွတ်အောင် ဖန်တီးစီစဉ် ရေးသားဖော်ပြရပေအံ့။

ကျွန်ုပ်သည်ကား ပြည်ကြီးသား အစစ်တစ်ယောက်ဖြစ်သော်ငြားလည်း ဆယ်နှစ်သားအရွယ်က မိခင်၊ ဖခင်များနှင့်အတူ ဤမြန်မာပြည်သို့ လာရောက်၍ ရေးဦးစွာ ဗန်းမော်မြို့၊ ထို့နောက် ကသာမြို့၊ နောက်ဆုံးမှ ထီးချိုင့်မြို့သို့ ရောက်လာကြပြီးလျှင် ခေါက်ဆွဲဖိုတည်ဖွင့် ရောင်းချခဲ့လေသည်။ ထီးချိုင့်သို့ ရောက်သောအခါ၌ ကျွန်ုပ်မှာ ၁၅ နှစ်သားမျှသာရှိ၍ ၃၅ နှစ်တိုင်တိုင် ဤကသာမြို့တွင် နေထိုင်လာခဲ့သူတစ်ယောက်ဖြစ်သောကြောင့် တရုတ်ပင်ဖြစ်စေကာမူ ထီးချိုင့်သား မြန်မာလူမျိုးတစ်ယောက်ကဲ့သို့ပင် ထီးချိုင့်မြို့အကြောင်းနှင့် မြို့သူမြို့သား အကြောင်းများကို သိသူတစ်ယောက် ဖြစ်လေသည်။

ယခင်က ကျွန်ုပ်ကို နှုတ်ဆက်သွားသော လူကြီး၏အမည်မှာ ဦးထွန်းလှိုင်ဖြစ်၍ ငင်း၏ဖခင်မှာ မြေပိုင်ရှင် ဦးကြာညွန့် ဖြစ်လေသည်။ ဦးကြာညွန့်သည် ကျွန်ုပ်တို့ သားအဖသုံးယောက် ထီးချိုင့်သို့ ရောက်လာသောအခါက ဆင်းရဲသော နိုင်ငံခြားသားများအား သနားကရုဏာရှိသည်နှင့် စောင်မကြည့်ရှုခဲ့သည်ဖြစ်၍ ကျွန်ုပ်၏ ဖခင်က ငင်းအား များစွာကျေးဇူးတင်သည့်အလျောက် ကောင်းမြတ်သော တရုတ်စားစရာများကို ဦးကြာညွန့်ထံသို့ မကြာမကြာ ပို့လေ့ရှိလေသည်။



ကျွန်ုပ်တို့ ရောက်လာစအခါက ဦးထွန်းလှိုင်မှာ လူပျိုပေါက်မျှသာရှိသေး ရာ မြေပိုင်ရှင်တစ်ဦး၏သားဖြစ်သည့်ပြင် ရုပ်ရည်ချောမောသော လူစွမ်းကောင်း တစ်ယောက်ဖြစ်သောကြောင့် ထီးချိုင့်သူ မိန်းကလေးတိုင်း သူ့ကိုလိုချင်ကြလေ သည်။ လူစွမ်းကောင်းဟု ခေါ်ခြင်းမှာ ဦးထွန်းလှိုင်သည် မြင်းစီးခြင်း၊ စန္ဒရားတီး ခြင်း စသည့် လူကုံထံများ၏ သားများ တတ်အပ်သော အတတ်များအပြင် ဆေးဆိုးခြင်း၊ ထင်းခုတ်ခြင်း၊ နပန်းလုံးခြင်း စသည့် လူကြမ်းများနှင့် သက်ဆိုင် သည့် အတတ်အမျိုးမျိုးတို့၌လည်း အခြားသော ကာလသားများ လိုက်၍မမီနိုင် အောင် ကျင်လည်သူတစ်ယောက် ဖြစ်လေသည်။ သို့ဖြစ်သောကြောင့် မိန်းမပျို ကလေးများက လိုချင်ကြသည်မှာ အံ့သြဖို့မဟုတ်၊ ယောကျ်ားအချင်းချင်းဖြစ် သော ကျွန်ုပ်ပင်လျှင် တရုတ်ကလေးဖြစ်စဉ်က သူ့ကိုအားကြီးချစ်ခင်ဖူးသည်ကို ယနေ့တိုင် မှတ်မိသေး၏။ အခြားလူပျိုများသည် မိန်းမအတွက်ကြောင့် သူ့ကိုမနာ လိုကြသော်လည်း ရန်စရန် မဝံ့ချေ။ တစ်ခါက ဦးထွန်းလှိုင်သည် သူ့ကိုချောင်း မြောက်ရန် စောင့်နေသော ကာလသားသုံးယောက်ကို လက်နက်မပါဘဲ လက်သီး သက်သက်နှင့် ထိုး၍ဆုံးမရာ တစ်ယောက်မှာ သွားနှစ်ချောင်းထွက်သွားဖူးလေ သည်။

ထီးချိုင့်မြို့သူ မိန်းကလေးများသည် ဦးထွန်းလှိုင်ကို ဝိုင်း၍လုမတတ် ချောင်ကြသော်လည်း ဦးထွန်းလှိုင်ကမူ မည်သည့်မိန်းကလေးကိုမျှ လှည့်၍မ ကြည့်၊ သစ်ကုန်သည်ကြီး ဦးဘာဟိန်၏ တစ်ယောက်တည်းသော သမီးမကျိုး ရွှေနှင့်သာလျှင် စုံမက်ချစ်ခင်လေသည်။ သို့ဖြစ်၍ မြေပိုင်ရှင် ဦးကြာညွန့်၏ တစ် ယောက်တည်းသော သားနှင့် ဦးဘာဟိန်၏ တစ်ယောက်တည်းသော သမီး ကျိုးရွှေတို့ ချစ်ကြိုက်ကြခြင်းမှာ လူကုံထံချင်းလည်းဖြစ်ပြန်၊ ရွယ်တူချင်းလည်း ဖြစ်ပြန်၊ ရုပ်ရည်ချောမောသူချင်းလည်းဖြစ်ပြန်လေရကား တစ်မြို့လုံးသာလျှင် မက ဘိန်နယ်လုံးကပင် သဘောတူမျှ အားရဝမ်းမြောက်ကြသည်ဖြစ်သောကြောင့် ထိုသူနှစ်ဦးတို့ "လက်ထပ်မင်္ဂလာ"အခမ်းအနားမှာ ငင်းနယ်တစ်လွှားတွင် မကြား စဖူးလောက်အောင် ကြီးကျယ်ခမ်းနား၍ ကသာမြို့အရေးပိုင်မင်းကိုယ်တိုင် လာ ရောက်ချီးမြှင့်ခဲ့လေသည်။

ဦးကြာညွန့်တို့ အိမ်သားတစ်စု၌ ထူးခြားသော အယူဝါဒတစ်ခုရှိလေ သည်၊ ဦးကြာညွန့်သည် ဘေး၊ ဘိုး၊ ဘီ၊ ဘင် လက်ထက်မှစ၍ လယ်ယာ မြေများကိုဆက်ခံလာခဲ့ရာ ငင်းတို့အမျိုးများအစဉ်အဆက်တွင် သားယောက်ျား ကိုသာလျှင် လက်ဦးမွေးဖွား၍ သမီးမိန်းမလက်ဦးမွေးဖွားသော မိဘများသည် ဆင်းရဲနွမ်းနည်းနှင့် ဘေးအန္တရာယ် တွေ့ရသည်ဟု စွဲလမ်းစွာယုံကြည်တတ်ကြလေ

www.burmeseclassic.com



သည်။ သို့ဖြစ်လေသောကြောင့် ဦးထွန်းလှိုင်၏ဇနီး မကျီးရွှေမှာ ပဋိသန္ဓေစွဲကပ်သောအခါတွင် အားလုံးသောဆွေမျိုးများသည် သမီးမိန်းကလေး ဖွားမြင်မည်ကိုများစွာ စိုးရိမ်ခြင်းဖြစ်ကြလျက် သားယောကျ်ားကလေး မွေးဖွားပါစေဟု နေ့စဉ်အမျှ ဆုတောင်းကြလေသည်။ သတို့သား၏ မိဘနှစ်ပါးနှင့် သတို့သမီး၏ မိဘနှစ်ပါးတို့မှာလည်း မြေးယောကျ်ားကလေး မွေးဖွားပါစေသားဟု ရည်မှန်းဆုတောင်းလျက် အလှူပေးခြင်း၊ ဘုရားတည်ခြင်း၊ ကျောင်းဆောက်ခြင်း စသည်တို့ကို ပြုခဲ့ကြလေသည်။ သို့ရာတွင် ဤလောက၌ မလိုသောအရာသည် ဖြစ်တတ်မြဲ ဓမ္မတာဖြစ်သည်အတိုင်း မကျီးရွှေသည် လဖွားသောအခါမှာ သမီးမိန်းကလေးတစ်ယောက်ကို ဖွားမြင်ခဲ့လေသည်။

ထိုသူငယ်မသည် မိခင်၏ သိမ်မွေ့ပြေပြစ်သော ရုပ်ဆင်းလက္ခဏာနှင့် ဖခင်၏ ခံ့ညားသော အင်္ဂါရုပ်တို့ကိုပေါင်းစပ်ထားသကဲ့သို့ မိဘတိုင်းတို့၏ ဟဒယနှလုံးကို ရွှင်ပြုံးနှစ်သိမ့်စေလောက်အောင် တင့်တယ်ခြင်းနှင့် ပြည့်စုံသည်မှန်သော်လည်း ဦးထွန်းလှိုင်နှင့် မကျီးရွှေတို့ကမူ ထိုကဲ့သို့ မရှိခဲ့ချေ။ မကျီးရွှေသည် သမီးမိန်းကလေးဖြစ်သည်ဟု သိရသည်နှင့်တစ်ပြိုင်နက် သွေးတက်သွားလေရာ လက်သည်ကောင်းသောကြောင့်သာလျှင် မီးတွင်း၌ အသက်မဆုံးရှုံးဘဲ ရှိခဲ့ရလေသည်။ ဦးထွန်းလှိုင်မှာလည်း ထိုသတင်းကို ကြားသည်နှင့်တစ်ပြိုင်နက် ကျွန်ုပ်တို့၏ ဆိုင်သို့လာ၍ ဝီစကီတစ်လုံး ဝယ်ယူပြီးလျှင် လူမှန်းသူမှန်း မသိသည်တိုင်အောင် သောက်သဖြင့် ကျွန်ုပ်တို့ သားအဖနှစ်ယောက်ကပင် အိမ်သို့ရောက်အောင် တွဲ၍ပို့လိုက်ရလေသည်။

ကျန်းမာသော သူတို့သည်ပင်လျှင် စိတ်ထဲ၌ အကြီးအကျယ် ဥပါဒါန်ကပ်ငြိသောအခါတွင် မကျန်းမမာဖြစ်လာတတ်ကြောင်းကို လူတိုင်းပင် အသိဖြစ်လေရာ သွေးနုသားနုနှင့် ရှိနေသော မကျီးရွှေမှာ ဘေးအန္တရာယ်တစ်စုံတစ်ခု ဆိုက်ရောက်ချေတော့မည်ဟု ကြီးစွာသော စွဲလမ်းခြင်းဖြစ်လေရကား သမီးမိန်းကလေးကို မွေးဖွား၍ တစ်လမပြည့်မီပင်လျှင် တဖြည်းဖြည်းပိန်ချုံး၍ အသက်ဆုံးရှုံးရရှာလေ၏။

တစ်ညသ၌ ဦးထွန်းလှိုင်သည် ကျွန်ုပ်တို့၏ ဆိုင်တွင်းသို့ ကယောင်ကတမ်းနှင့်ဝင်လာ၍ ဘရန်ဒီပုလင်းကို မှာယူကာသောက်ရင်း မူးယစ်လဲသောအခါတွင် ထိုင်ရာမှထ၍ အနီးရှိ ကာလသားများအား 'ဟေ့ မင်းတို့ ငါ့မျက်နှာကြည့်ကြစမ်း၊ ငါ့ကို မင်းတို့က ဘယ်လိုအကောင်မှတ်နေသလဲ၊ ငါလူသတ်တဲ့အကောင်ဘူး သဘာဝမှသူများကိုသတ်တာမဟုတ်ဘူး၊ ငါ့မယား ငါသတ်တဲ့အကောင်ကွ'ဟု ပြောလေ၏။ ထိုအခါ တစ်ယောက်သောကာလသားက 'ကိုထွန်းလှိုင်၊ ခင်



ဗျား မရှက်ဘူးလားဗျ၊ မူးပြီး ဘယ့်နှာတွေ လျှောက်ပြောနေသလဲ'ဟုပြောရာတွင် ဦးထွန်းလှိုင်သည် ထိုသူ၏ပါးချိတ်ကို လက်သီးနှင့် ကော်၍သတ်လိုက်ရာ ကျွန်ုပ်တို့မှာ နှာနှပ်၍ ပေးကြရ၏။

ဦးထွန်းလှိုင်မှာမူ အနည်းငယ်မျှ နောင်တရဟန်မရှိဘဲ ဝိုင်းအုံကာ ပြုစုနေကြသော ကျွန်ုပ်တို့လူစုကိုကြည့်ရင်း ဟက်ဟက်ပက်ပက် ရယ်မောလျက် 'သေပြီလား ဒီအကောင်၊ ဟင် ခုမှဖြင့် တစ်တက်စားလည်း ကြက်သွန်နံ့ပဲ၊ လာခဲ့ကြစမ်းတို့အထဲက ဘယ်သူက ဘာပြောချင်သေးသလဲ၊ ပြောကြစမ်း'ဟု ပြော၍ လက်သီးလက်မောင်းတန်းပြန်လေရာ ကျွန်ုပ်တို့အားလုံးမှာ တုတ်တုတ်မှ မလှုပ်ဝံ့ဘဲ ငြိမ်ဝပ်စွာ ရှိနေကြရလေ၏။

ငင်းနောက် ဦးထွန်းလှိုင်သည် ကြမ်းကြုတ်ခက်ထန်လှသဖြင့် လှိုင်းတံပိုးသကဲ့သို့ ရှိနေသော မျက်နှာထားမှ တည်ငြိမ်သော မျက်နှာထားသို့ ရုတ်တရက်ပြောင်းလဲ၍ ဆိုင်ပြင်သို့ ထွက်သွားလေရာ ကျွန်ုပ်တို့သည် နှစ်ပေါင်း ၂၀ လုံးလုံး ဦးထွန်းလှိုင်၏ မျက်နှာကို မတွေ့မြင်ကြရတော့ချေ။

ဦးထွန်းလှိုင်သည် ထိုည၌မှစ၍ မြေမျိုသွားဘိသည့်အလား သတင်းသန့်သန့်မျှ မကြားရလေအောင် တစ်ခါတည်း ပျောက်၍သွားလေ၏။

ဦးကြာညွှန့်၏ဇနီး၊ ဦးထွန်းလှိုင်၏ မိခင်မှာ သားထွက်သွားသည့်နေ့မှစ၍ တစ်နေ့သော် ပေါ်လာလိမ့်နိုးနိုးနှင့် မျှော်ခဲ့ရှာ၍ ရက်မှသည် လသို့လည်းကောင်း၊ လမှသည် နှစ်သို့လည်းကောင်း ကုန်လွန်ခဲ့သဖြင့် ၅ နှစ်ခန့်ကြာသောအခါတွင် သား၏အတွက်ကြောင့် စိတ္တဇရောဂါ စွဲကပ်ပြီးလျှင် ၄၀ ကျော်အရွယ်ကလေး၌ပင် ကွယ်လွန်အနိစ္စ ရောက်ခဲ့ရရှာလေ၏။

မယားသေဆုံးပြီးနောက် တစ်နှစ်ခန့်အတွင်း၌ပင် မြေပိုင်ရှင် ဦးကြာညွှန့်သည်လည်း မြင်းပေါ်မှကျ၍ လည်ကုပ်ကျိုးပြီးလျှင် ဘဝတစ်ပါး ပြောင်းသွားရှာသည်။ လွန်ရရှာလေ၏။

မိခင် ဖခင်နှင့်တကွ ဘိုးများဘွားများအား ဘေးအန္တရာယ်ကပ်ငြိစေသည်ဟု ခွပ်ခဲ့ခြင်း ခံရရှာသော ဦးထွန်းလှိုင်၏ သမီး ခင်မြကြီးမှာ မွေးဖွားသည့်နေ့မှစ၍ တစ်နေ့တစ်ရက်မျှ ခေါင်းခဲလည်နာခြင်းဟူ၍ မရှိခဲ့၊ ကျန်းမာသန်စွမ်းသော မိန်းမပျိုကလေးအဖြစ်သို့ ကြီးပြင်းလာခဲ့ရာ ၎င်း၏ရုပ်အဆင်းမှာ မိခင်ဘက်နှင့် ဖခင်ဘက်မှ အကောင်းဆုံးသော ရုပ်ဆင်းအင်္ဂါများကို ထုတ်နုတ်စုပေါင်း၍ ထားဘိသည့်အလား ထိုနယ်တစ်လွှား၌ ထူးခြားသော သူငယ်မကလေးအဖြစ်သို့တိုင် ရောက်ခဲ့လေသည်။ မကျီးရွှေ၏မိခင်ဖခင်များသည် သမီးသေဆုံးသည့်နေ့မှစ၍ ၎င်းခြေ

www.burmeseclassic.com

www.burmeseclassic.com



ကလေးကို မိမိတို့အိမ်သို့ ဆောင်ယူမွေးမြူလာခဲ့ရာ ခင်မြကြီး ၁၆ နှစ်အရွယ်သို့တိုင် ရောက်သောအခါတွင် မိခင်ဘက်မှ ဘိုးဘွားများသည်လည်း တစ်ယောက်ပြီးတစ်ယောက် ပျောက်ကွယ်သေဆုံးကြလေ၏။ ယင်းသို့ဖြစ်ရာ ခင်မြကြီးသည် ဖခင်ဘက်မှ လယ်၊ ယာ၊ ချောင်း၊ မြေ အမွေအနှစ်များကိုလည်းကောင်း၊ မိခင်ဘက်မှ ငွေကြေး အမြောက်အမြားနှင့် သစ်ကူးရန်ဆင်များကိုလည်းကောင်း ဆက်ခံရရှိလေရကား ၎င်းနယ်ပယ်တွင် အကြွယ်ဝဆုံးသော မြေပိုင်ရှင်၊ သစ်ကုန်သည်ကြီး အဖြစ်သို့တိုင် ရောက်ခဲ့လေ၏။ ယင်းကဲ့သို့ ပစ္စည်းအင်အားနှင့် ပြည့်စုံရသည်အတွင်း ရုပ်ဆင်းသဏ္ဌာန်မှာလည်း ထိုနယ်တစ်လျှောက်၌ ဖက်ပြိုင်နိုင်သူ မပေါ်ပေါက်နိုင်အောင် ရှိလေရကား သစ်ကုန်သည်ပေါက်စမှသည် မြို့အုပ်၊ ဝန်ထောက်စသော အရာရှိများသို့တိုင်အောင် ခင်မြကြီးကို ပိုးပန်းကြမည်မှာကား မုချမလွဲပေတည်း။

မိခင်ဘက်မှ ဘိုးဘွားများ သေဆုံးပြီးသည့်နောက် ဖခင်ဦးထွန်းလှိုင်၏ နှမတစ်ဝမ်းကွဲ တော်စပ်သည့် ဒေါ်ရွှေမီအမည်ရှိ အပျိုကြီးတစ်ယောက်နှင့်အတူ နေထိုင်ခဲ့လေသည်။ ခင်မြကြီးသည် မိမိအလိုရှိက မြို့အုပ်ကတော်၊ ဝန်ထောက်ကတော် အစရှိသည့် ကတော်ခံအဖြစ်မျိုးကို အလွယ်တကူနှင့် ခံယူနိုင်ဖွယ်ရာရှိသော်လည်း မိခင်ဘက်မှ ဘိုးဘွားများနှင့် လုပ်ဖော်ကိုင်ဖက် ဖြစ်ဖူးသော သစ်ကုန်သည်ဦးဘိုးမှန်၏သား မောင်ချစ်မောင်ဆိုသူနှင့် စုံမက်ချစ်ခင်ခဲ့လေသည်။ မောင်ချစ်မောင်မှာ ထီးချိုင့်သားဇာတိပင်ဖြစ်သော်လည်း နိုင်လုံသော မိဘများမှ ဆင်းသက်ပေါက်ဖွားခဲ့သဖြင့် မန္တလေးမြို့၌ အင်္ဂလိပ်စာ ၁၀ တန်းအောင်မြင်ပြီးနောက် ရန်ကုန်ကောလိပ်ကျောင်း၌ပင် နှစ်နှစ်ခန့်မျှ ဆက်လက်၍ ပညာသင်ကြားခဲ့ဖူးလေသည်။ ထိုသူငယ်သည် လွန်မင်းစွာ ရုပ်ရည်ချောမောခြင်းမရှိပြသော်လည်း ကိုယ်လက်သန်စွမ်း ကျန်းမာစေတတ်သည့် လေ့ကျင့်ခြင်းအမျိုးမျိုးတို့၌ ဝါသနာအလျောက် စွဲမြဲစွာ လေ့ကျင့်ဖူးသူဖြစ်လေရကား ဖျတ်ဖျတ်လတ်လတ်နှင့် တည့်မတ်သော ကိုယ်ကာယရှိလျက် ယောကျ်ားပီပီ တည်ကြည်ခံ့ညားသော မျက်နှာထားလည်း ရှိလေသည်။ သို့ဖြစ်သောကြောင့် မောင်ချစ်မောင်မှာ ပစ္စည်းအရာ၌လည်းကောင်း၊ ရုပ်ဆင်းသဏ္ဌာန်၌လည်းကောင်း ခင်မြကြီး၏ အဆင့်အတန်းသို့ မမီခဲ့ပြားစေကာမူ ထိုမြို့၌ ပထမတန်းစွဲသော လုလင်ပျိုတစ်ယောက်ဖြစ်လေသည်။

ယင်းသို့ ရှိနေရကား ထီးချိုင့်မြို့သူမြို့သားများသည် မောင်ချစ်မောင်နှင့် ခင်မြကြီးတို့ အကြောင်းဆုံကြမည်မှာ မလွဲနိုင်သော အရာကဲ့သို့ ခန့်မှန်းတွက်ချက်ကြ၍ လက်ထပ်တော့မည်ဟု အတိအလင်း ထုတ်ဖော်ပြောဆိုသည့် သတင်



ကိုသာလျှင် မျှော်လင့်ကာရှိနေကြလေသည်။ သို့ပါသော်လည်း ထိုခန့်မှန်းချက်ကို ချေဖျက်ဖွယ်ရာ အကြောင်းတစ်ခုသည် မကြာမီအတွင်း ဖြစ်ပေါ်လာခဲ့လေ၏။

တစ်နေ့သော နံနက်ခင်းအချိန်၌ မန္တလေးမြို့မှ စာပို့သင်္ဘော ထွက်ခွာသွားပြီးသည့်နောက် ကျွန်ုပ်သည် ဆိုင်ရှေ့ဖွင့်ရပ်လျက် မြစ်ဘက်သို့ မျှော်ကြည့်နေစဉ် လူတစ်ယောက်သည် သားရေအိတ်တစ်လုံးကို လက်ဆွဲလျက် မြစ်ဆိပ်မှတက်လာသည်ကို တွေ့မြင်ရလေ၏။ ထိုသူသည်ကား ထီးချိုင့်သားမဟုတ်သဖြင့် ခရီးသွားတစ်ယောက်ဖြစ်ကြောင်း ထင်ရှားလေရာ ထိုသူသည် ဈေးဆိုင်များကို ငေးမော၍ကာ ကြည့်နေရာမှ ကျွန်ုပ်၏ဆိုင်ကိုမြင်သည်နှင့်တစ်ပြိုင်နက် ခပ်သွက်သွက်လှမ်း၍ လာခဲ့လေ၏။ ခရီးသည်ရောက်လာသောအခါ၌ ထိုသူသည် အသက် ၃၀ ကျော်အရွယ်မျှသာရှိသေးသော်လည်း အလွန်ကျသော မျက်နှာမျိုးရှိသည့်ပြင် နားထင်မှ မေးစေ့တိုင်အောင် တပြောင်ပြောင် အရောင်ထွက်လျက်ရှိသည့် ကြောက်မက်ဖွယ်ရာ ကြီးလှစွာသော အမာရွတ်ကြီးတစ်ခုရှိကြောင်းကို ကျွန်ုပ်မြင်ရ၏။ ယင်းကဲ့သို့ ရုပ်ပျက်ဆင်းပျက်ရှိအောင် ကြီးကျယ်လှသော အမာရွတ်ကြီးရှိရသည့်အပြင် ကောက်ချိတ်သောမျက်နှာ၊ မောက်စွာသော နဖူး၊ ရှေ့သို့ငေါထွက်လျက်ရှိသော မေးစေ့နှင့် အစဉ်အမြဲကုတ်လျက်ရှိသော မျက်မှောင်ကြီးတို့ကို ပြည့်စွက်၍ ကြည့်လိုက်သောအခါတွင်ကား များစွာသောသူတို့သည် လူပြတ်သောနေရာ၌ ထိုသူနှင့် နှစ်ယောက်တည်း တွေ့ရဖို့အရေးကို အဝေးမှရှောင်ကွင်းလိုကြပေလိမ့်မည်။ ကျွန်ုပ်၏ ဆိုင်ရှေ့သို့ရောက်သောအခါ ထိုသူသည် သီးသန့်ပြင်ထားသော အခန်းငယ်အတွင်း သားရေအိတ်ကို စားပွဲပေါ်တွင် ပစ်တင်ပြီးနောက်–

'ဟေ့ ပေါက်ဖော် ဘာများရှိသလဲ၊ ငါ ရေငတ်တယ်၊ ပလုတ်ကျင်းရအောင် ဘာ ထုတ်စမ်းလကွယ်'

'ဘာယူမလဲ ဆရာကြီး'

'ဝီစကီတစ်လုံး ပေးစမ်း'

ကျွန်ုပ်သည် ဝီစကီပိုင့်ပုလင်းတစ်လုံးကို ထုတ်လာသောအခါ–

'ဘာလုပ်မှာလဲကွယ်၊ ကလေး ကစားစရာလား၊ ပုလင်းကြီးထုတ်ကွာ'

ကျွန်ုပ်သည် ဝီစကီပုလင်းတစ်လုံးနှင့် ဖန်ခွက်ကို ထုတ်ပေး၍ ဆိုဒါယူမည်လားဟု မေးသောအခါ ထိုသူသည် ဦးခေါင်းကို ယမ်းလေ၏။ ၎င်းနောက် ဖန်ခွက်နှင့် ပြည့်သည့်တိုင်အောင် ဝီစကီကို ထည့်ငှဲ၍ ရေမရောသော အရက်ဆိုးကို ရေသင်မနစ်ကဲ့သို့ မျက်တောင်မခတ်ဘဲ ကျိုက်၍ချလေ၏။ ထို့နောက် လက်တိုင်ထားနှင့် ပါးစပ်ကိုသုတ်ရင်း အနည်းငယ်မျှသော စားစရာတို့ကို မှာယူလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် မိဘလက်ထက်မှစ၍ နှစ်ပေါင်းများစွာတိုင်အောင် စားစရာများနှင့် တွဲဖက်၍ အရက်ရောင်းလာခဲ့သဖြင့် အရက်သမား အမျိုးမျိုးတို့ကို တွေ့မြင်ရဖူးသော်လည်း ဝီစကီတစ်ဖန်ခွက် အပြည့်ကို ရေမရောစပ်ဘဲ တစ်ခါတည်း သောက်ချနိုင်သောသူကို မမြင်ဖူးသည် ဖြစ်သောကြောင့် ထိုသူမှာသော့ စားစရာ အနည်းငယ်ကို ပြင်ပေးပြီးနောက် အနီးရှိ ထိုင်ခုံတွင်ထိုင်၍ ကြည့်နေလေ၏။

ထိုသူသည် စားစရာကို ဟန်ဆောင်မျှသာ တို့ရုံမျှတို့၍ ဆေးပြင်းလိပ်ကို သာလျှင် အမြည်းသဘောနှင့် ဖွာလျက်ရှိနေရာမှ ကျွန်ုပ်ဘက်သို့ရုတ်တရက် လှည့်၍–

'ဟေ့ ပေါက်ဖော်၊ ဒီမြို့မှာ ခင်မြကြီးဆိုတဲ့ မိန်းကလေးကို မင်းသိသလား'

'ဦးထွန်းလှိုင်သမီးလား'

'အေး ဟုတ်တယ်'

'ရှိပါတယ်၊ လက်ခုပ်ကုန်းဘက်မှာ နေတယ်'

'သူ့မှာ လယ်တွေဘာတွေ အများကြီးရှိတယ် ဟုတ်လား'

'အားကြီးများတယ်'

ထိုသူသည် ၎င်းသတင်းကို ကြားရသောအခါ၌ နှစ်သက်အားရသော အမူအရာနှင့် အရက်တစ်ခွက်ကို ငှဲ့လျက်ရှိရာ ကျွန်ုပ်က...

'ကျွန်တော် တစ်ခုမေးချင်တယ်၊ ခင်မြကြီးအကြောင်းကို ဆရာကြီး မေးတယ်မဟုတ်လား၊ သူ့အဖေကို ဆရာကြီးသိသလား'

'ကောင်းကောင်းကြီး သိတယ်'

'သူသွားတာ နှစ်ပေါင်းနှစ်ဆယ် ရှိသွားပြီ၊ တချို့က သူသေပြီထင်ကြတယ်၊ ဟုတ်လား'

'သူတို့ထင်တဲ့အတိုင်း မှန်တယ်၊ ဦးထွန်းလှိုင်သေတာ တစ်နှစ်ကျော်ပြီ'

'ဟိုက်၊ အားကြီးဝမ်းနည်းဖို့ကောင်းတယ်၊ ဘယ်လိုသေသလဲဆရာ'

'ပက်လက်လန်ပြီး သေတယ်'

'မဟုတ်ဘူး၊ ဘာရောဂါနဲ့ သေသလဲ ကျွန်တော်မေးတာ'

'အေးလေ၊ သေနတ်မှန်ပြီး ပက်လက်လန် သေတယ်လို့ ငါပြောတာ'

'ဘယ်မှာ သေသလဲဆရာကြီး'

'မဆိုပိုတေးမီယားမှာ သေတယ်'

'စစ်ထဲမှာလား'

'အေး'



ထိုခဏ၌ ဈေးဝယ်များ ဝင်လာကြသည်နှင့် ကျွန်ုပ်သည် ဆောင်ရွက်ရန် ရှိသဖြင့် ထိုသူကို အခန်းထဲ၌ တစ်ယောက်တည်း ထားခဲ့၍ လာခဲ့လေ၏။ ရှင်းသောအခါတွင် ကျွန်ုပ်သည် အခန်းတွင်းသို့ ဝင်သွားသောအခါ ထိုသူသည် ဝီစကီပုလင်းကို တစ်ဝက်ကျော်ကျော် သောက်ထားနှင့်၏။

'ဟေ့ ပေါက်ဖော်၊ ငါ ဒီမှာ ခဏတည်းချင်တယ်။ ငါ့ဖို့ နေရာလုပ်ပေးနိုင်သလား'

'နေရာမရှိပါဘူး ဆရာကြီး'

'အပေါ်ထပ်မှာ ဘယ်သူအိပ်သလဲ'

'ဘယ်သူမှမအိပ်ဘူး ဆရာကြီး၊ အားကြီးညစ်ပတ်တယ်၊ ဖုန်အားကြီးများတယ်၊ ညှော်လည်း ညှော်တယ်၊ မကောင်းပါဘူး ဆရာကြီး'

'မင်းတို့ ဘယ်မှာ အိပ်သလဲ'

'ကျွန်တော်တို့လင်မယား အိမ်အောက်မှာ အိပ်တယ်'

'ကောင်းပြီ၊ အိမ်ပေါ်မှာ တံမြက်စည်း လှည်းထားလိုက်၊ အိပ်ဖို့အတွက် တစ်နေ့နှစ်ကျပ်၊ စားစရာအတွက် တစ်နေ့နှစ်ကျပ်၊ အရက်လည်း ငါများများ ဝယ်သောက်မယ်၊ ဘယ့်နှယ်လဲ' ဟု မေးသဖြင့် ကျွန်ုပ်သည် စဉ်းစားလျက်ရှိစဉ် ထိုသူသည် တစ်ဆယ်တန် ငွေစက္ကူနှစ်ချပ်ထုတ်၍ အတင်းပေးသောကြောင့် ကျွန်ုပ်သည် လူကိုကြောက်လျက်နှင့် ငွေကိုမက်သဖြင့် လက်ခံလိုက်လေ၏။

'ခင်မြကြီးဟာ အပျိုမဟုတ်လား'

'အခုတော့ အပျိုရှိသေးတယ်၊ မကြာခင် ယောကျ်ားယူမယ်ထင်တယ်'

'အေး၊ ငါလည်း ထင်တယ်'

'သစ်ကုန်သည် ဦးကျောက်လုံးသား မောင်ချစ်မောင်နဲ့ မင်္ဂလာဆောင်လိမ့်မယ်'

ထိုအခါ ကျွန်ုပ်၏ဧည့်သည်က ရယ်မောလေရာ ကျွန်ုပ်သည် ထိုလူကို အရင်ကထက် ရွံလည်းရွံ၊ ကြောက်လည်းကြောက်၏။

ထို့နောက် ကျွန်ုပ်သည် ဈေးဝယ်များရောက်ပြန်၍ အကြော်များ ကြော်နေရသောကြောင့် ဧည့်သည်ကို တစ်ယောက်တည်း အခန်းတွင်း၌ ပစ်ထားခဲ့ပြီးလျှင် ထီးချိုင့်သားများ လာသောအခါ၌လည်း ဦးထွန်းလှိုင်သေဆုံးသည့်အကြောင်းကို ပြောကြားမိ၏။ ထိုသူမှာမူ ဝီစကီပုလင်း ထပ်မံမှာယူ၍ အခန်းအတွင်း၌ တစ်ယောက်တည်း သောက်နေလေ၏။

ညနေချမ်းအချိန်တွင် မောင်ချစ်မောင်သည် သူငယ်ချင်းများနှင့်အတူ ဆိုင်ခန်းသို့ ဝင်လာ၍ ခေါက်ဆွဲကြော်စားလျက်ရှိကြစဉ် မောင်ချစ်မောင်က

www.burmeseclassic.com

www.burmeseclassic.com



ရောက်သတိရသောအနေဖြင့် 'ဟေ့ သူငယ်ချင်းတို့၊ မျက်နှာကောက်ကောက်နဲ့ ပါးမှာ အမာရွတ်ကြီးနဲ့လူကြီးတစ်ယောက် မင်းတို့မတွေ့မိကြဖူးလား' ဟု စ၍ မေးသောအခါ တစ်ယောက်က 'စာပို့သင်္ဘောနဲ့ ပါလာတဲ့လူကြီးမဟုတ်လား'ဟု ပြန်မေး၏။

'အေး ဟုတ်တယ်၊ ဒီငနဲကြီးက ခင်မြကြီးအကြောင်း မေးလားမြန်းလားနဲ့ ဟန်ရတဲ့လူကြီး မဟုတ်ဘူးထင်တယ်'

'ဘယ်အတွက်ကြောင့် ဟန်မရတာလဲမောင်' ဟု ပြောသံကြားသည်နှင့် မောင်ချစ်မောင်တို့လူစုသည် နောက်သို့လှည့်၍ ကြည့်လိုက်ရာတွင် ကျွန်ုပ်၏ဧည့်သည်သည် သူတို့၏နောက်မှ ရပ်လျက်ရှိသည်ကို တွေ့ကြရ၏။ မောင်ချစ်မောင်မှာ သတ္တိမနည်းသော်လည်း ရှက်ကိုးရှက်ကန်းနှင့်ဖြစ်၍ ဘာမျှမပြောဘဲရှိနေရာ ထိုသူမှာ မောင်ချစ်မောင်၏အနီးသို့ တိုးလာ၍ 'ဘယ်အတွက်ကြောင့် မင်းငါ့ကို ဟန်မရဘူးဆိုရသလဲကွယ့်၊ ငါမေးတာ ပြောပါဦး' ဟု ထပ်ဆင့်၍ မေးပြန်၏။ မောင်ချစ်မောင်မှာလည်း စိတ်ဆတ်သော သူငယ်တစ်ယောက်ဖြစ်သည်အတိုင်း စိတ်ထွက်လာသည်နှင့် 'ဟန်ရတာ မရတာ သိချင်လျှင် ခင်ဗျာ့ကိုယ်ခင်ဗျား မှန်ထဲမှာ ကြည့်ပါတော့လား' ဟု ပြော၍ ထိုသူကို ကျောခိုင်းကာ ရပ်နေလေ၏။ ထိုအခါ ကျွန်ုပ်၏ဧည့်သည်သည် မောင်ချစ်မောင်၏ လက်မောင်းနှစ်ဖက်ကို ဖြည်းညင်းစွာ ရှိသောအမူအရာနှင့် ကိုင်ထားလိုက်၏။ မောင်ချစ်မောင်မှာ ကိုယ်လက်သန်စွမ်းရေးအတတ်များကို အထူးလေ့လာခဲ့၍ သာမညလူပျိုများထက် နှစ်ဆကြီးသော ခွန်အားရှိသူဖြစ်ပါလျက် နဖူးမှ ချွေးဒီးဒီးကျအောင် ရုန်းပါသော်လည်း နေရာတွင် မလှုပ်နိုင်ဘဲ ရှိနေကာ ထို့နောက်မှ ဧည့်သည်သည် မောင်ချစ်မောင်၏လက်မောင်းကို လွှတ်လိုက်၍ ရယ်မောလျက် 'မင်းထက်မက ခွန်အားကြီးတဲ့လူတောင် ငါ့ဒဏ်ကိုမခံနိုင်လို့ ငါစီရင်ခဲ့ပြီ၊ မင်း နောက်ကို သတိထားလိုက်ပါ။ စကားပြောရင် ရမ်းရမ်းကားကားမပြောနဲ့၊ အရိုက်ခံရမယ် နားလည်လား' ဟု ပြော၏။

၎င်းနောက် ဧည့်သည်သည် အခန်းကလေးအတွင်းသို့ ဝင်သွားလေရာ မောင်ချစ်မောင်မှာ လူသန်ကြီးတစ်ယောက်ဟု အသားယူခဲ့သူဖြစ်သောကြောင့် ထိုကဲ့သို့ ပရိသတ်ရှေ့၌ အရှက်ကွဲရသည်အတွက် မျက်ရည်တုတ်တုတ် ကျရှာ၏။

ဧည့်သည်၏အမည်မှာ ဦးတိုင်းကျော်ဖြစ်ကြောင်း သူပြောသဖြင့် ကျွန်ုပ်သိရ၏။ ဦးတိုင်းကျော်သည် ကျွန်ုပ်၏အိမ်၌ တည်းခိုလျက်ရှိစဉ် ခင်မြကြီးတို့၏ အိမ်သို့ မကြာခဏ အလည်သွားလေ့ရှိ၏။ ခင်မြကြီးမှာ ထိုသူရောက်လာသည့်



နေ့မှစ၍ ရွှင်ပျသော မိန်းကလေးတစ်ယောက်အဖြစ်မှသည် ညှိုးငယ်သော မိန်းမ ဆေးတစ်ယောက်အဖြစ်သို့ ပြောင်းလဲခဲ့ချေပြီ။

ဦးတိုင်းကျော်ရောက်ပြီးသည့်နောက် ၇ ရက်တစ်ပတ်အတွင်းတွင် ထီးချိုင့် တစ်မြို့လုံး တုန်လှုပ်ချောက်ချားသွားသော သတင်းတစ်ခုဖြစ်ပေါ်လာ၏။ ထို သတင်းသည်ကား လယ်ဇက အမြောက်အမြားရှိ၍ အသက် ၂၀ မျှရှိသော ခင်မြ ကြီးသည် အသက် ၄၀ ကျော်အရွယ်ရှိ အရက်သမား ဦးတိုင်းကျော်နှင့် လက်ထပ် တော့မည်ဟူသော သတင်းပေတည်း။ မြို့သူမြို့သားတို့မှာ ထိုသတင်းကို ကြားရ သောအခါ၌ များစွာအံ့ဩကြလျက် အမျိုးမျိုး တွေးတောကြ၏။ သို့ပါသော်လည်း ဟုတ်မှန်သော အဖြစ်အပျက်အကြောင်းရင်းကိုမူ ခင်မြကြီးက ပြော၍မပြသဖြင့် အဆွေးဖြင့်သာ နေကြရ၏။

ထိုအတောအတွင်း ဦးတိုင်းကျော်မှာ ကျွန်ုပ်၏ဆိုင်၌ပင် တည်းခိုလျက်ရှိ ရာ အလွန်တရာ ရန်လိုသောလူတစ်ယောက်ဖြစ်သောကြောင့် လူတိုင်းကိုပင် ရန်စ ဘာ၏။ ယင်းသို့ဖြစ်ရာ ကျွန်ုပ်၏ဆိုင်သို့ မုန့်စားလာဝံ့သူများ တစ်နေ့တခြား နည်းပါးခဲ့၏။ သို့ရာတွင် ကျွန်ုပ်မှာ ထိုလူကြီးကို မောင်းနှင်၍ထုတ်ရန် မဝံ့ဘဲ ရှိနေ၏။

တစ်နေ့သ၌ ဦးတိုင်းကျော်သည် ခင်မြကြီး၏နေအိမ်သို့ အလည်သွားနေ ခိုက်တွင် စာပို့သင်္ဘောဆိုက်နေ၍ ဧည့်သည်တစ်ယောက်သည် ကျွန်ုပ်၏ဆိုင်တွင်း သို့ ဝင်လာရာ ကျွန်ုပ်မှာ မျက်စိများကို ပွတ်၍ကြည့်မိ၏။

'ဆရာကြီး ဦးထွန်းလှိုင်မဟုတ်လား'

'ဘာကြောင့် မဟုတ်သလဲ၊ မာရဲ့နော် အရှိန်'

'ဆရာကြီး သေပြီလို့ ပြောနေကြတယ်၊ မသေဘူးဗျာ၊ ကျွန်တော် အားကြီး ဝမ်းသာတယ်'

'ဘယ်သူက ပြောသလဲ'

'ဒီဆိုင်မှာ တည်းနေတဲ့ ဦးတိုင်းကျော်က ပြောတယ်'

'ဒီလူ့ပါးမှာ အမာရွတ်ကြီးပါတယ်မဟုတ်လား'

'အစစ်ပဲ၊ ဒီလူက ဆရာကြီးသမီး ခင်မြကြီးနဲ့ လက်ထပ်တော့မယ်လို့တဲ့'

'ဟိုက်၊ ဘယ်တော့လဲ'

'ဟိုရှေ့တနင်္ဂနွေမှာ'

'သူ အခု ဘယ်သွားသလဲ'

'ခင်မြကြီးတို့အိမ်ကို သွားတယ်'

'လာစမ်း၊ လာစမ်း၊ အစအဆုံး ပြောပြစမ်း'

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ဦးတိုင်းကျော် ရောက်လာသောနေ့မှစ၍ ကျွန်ုပ်သိသမျှ အဖြစ်အပျက်ကို ပြောပြလေ၏။ ဦးထွန်းလှိုင်သည် ဒေါသကြီးလှသော မျက်နှာထားနှင့် အံကြိတ်ကာ နားထောင်နေပြီးနောက် ကျွန်ုပ်၏ စကားအဆုံး၌...

'ကောင်းပြီ အရှိန်၊ ကျုပ် ပြန်ရောက်ကြောင်းကို ဘယ်သူ့မှ မပြောနဲ့။ ငတိုင်းကျော်ကိုလည်း မပြောနဲ့ ကြားရဲ့လား'

'ကောင်းပါပြီ ဆရာကြီး စိတ်ချပါ'

'သူ ဘယ်အချိန် ပြန်တတ်သလဲ'

'ညနေ ၆ နာရီလောက်မှာ ပြန်လာတတ်တယ်'

'ကောင်းပြီ'

၎င်းနောက် ဦးထွန်းလှိုင်သည် ဆိုင်တွင်းမှ ထွက်သွားလေ၏။ ဦးထွန်းလှိုင်မှာ နှစ်ပေါင်း ၂၀ အတွင်း ရုပ်ပြောင်းလဲခြင်း ရှိလာသည့်ပြင် သေပြီဟူ၍ပင် မှတ်ထင်နေကြသောကြောင့် မြို့သူမြို့သားတို့သည် လမ်း၌တွေ့သော်လည်း ၎င်းအား ရုတ်တရက်မမှတ်မိကြချေ။

၆ နာရီထိုးအချိန်တွင် ဦးတိုင်းကျော်ပြန်လာ၍ ဆိုင်ရှေ့၌ထိုင်ကာ ထုံးစံအတိုင်း ဝီစကီသောက်လျက်ရှိရာ ထီးချိုင့်သားနှစ်ယောက်တို့သည်လည်း မုန့်စားလျက် ရှိကြ၏။ ထိုခဏ၌ မောင်ချစ်မောင်သည် မြစ်ဆိပ်မှတက်လာ၍ ဆိုင်တွင်းသို့မဝင်ဘဲ ဆိုင်ရှေ့မှဖြတ်လျှောက်သွားသည်ကို ဦးတိုင်းကျော်မြင်သည်နှင့် ထိုင်ရာမှ ရုတ်တရက်ထ၍ 'ဟေ့ ခွေးကောင်ကလေး၊ ဒီ ခဏ လာခဲ့စမ်း' ဟု ဟစ်အော်ခေါ်လိုက်၏။

မောင်ချစ်မောင်သည် မကြားချင်ယောင်ပြု၍ ဆက်လက်လျှောက်သွားသည်တွင် ဦးတိုင်းကျော်သည် ခါးမှ မောင်းချများကိုထုတ်၍ မောင်ချစ်မောင်အား ပေါက်လိုက်ရာ မောင်းချားသည် မောင်ချစ်မောင်၏ နားရွက်အနီးတွင် ဝီခနဲကပ်သွားပြီးမှ မြေကြီးပေါ်၌ စိုက်လျက်နေလေ၏။ မောင်ချစ်မောင်လည်း မသွားဝံ့တော့ဘဲ ရပ်တန့်ကာ ရှိနေရာ ဦးတိုင်းကျော်သည် မောင်းချားကို ကောက်ယူပိတ်ထား၍ ခါးတွင်ထိုးထားပြီးမှ 'နောက်တစ်ခါ ငါခေါ်လို့ ချက်ချင်းမလာရင် မုန်အောင် ပေါက်လိုက်မယ်၊ နားလည်လား' ဟု ပြောလေ၏။

မောင်ချစ်မောင်မှာ ဆိုင်ရှေ့၌ ကုလားထိုင်ပေါ်တွင် ထိုင်နေသော ဦးတိုင်းကျော်နှင့် မျက်နှာချင်းဆိုင်ရပ်လျက်ရှိရာ ဦးတိုင်းကျော်က 'ဟေ့ ခွေးကောင်ကလေး၊ နေ့လယ်က ခင်မြကြီးနဲ့တစ်နေ့လုံး စကားပြောနေတာ မင်းလား ဟင် ခွေးကောင်'

'မဟုတ်ဘူးကွယ့်၊ စကားပြောတာက ငါကပဲ' ဟု တင်းမာခက်ထန်သော အသံဖြင့် မိမိ၏နောက်မှ ပြောသံကို ဦးတိုင်းကျော် ကြားရလေ၏။



စကားပြောသူမှာ ဦးထွန်းလှိုင်ဖြစ်လေရာ ဦးထွန်းလှိုင်သည် ခြေသံမကြားအောင် ဦးတိုင်းကျော်၏ နောက်သို့ ရောက်အောင်လာ၍ ဓားမြှောင်တစ်စင်း၏ ဦးဖြင့် ဦးတိုင်းကျော်၏ လည်ပင်းကို ဖိနှိပ်ထားရင်း စကားပြောခြင်း ဖြစ်လေသည်။

လှိုင်။ ။'ဟေ့လူ ယီးတီးယားတားဉာဏ်မများနဲ့နော်၊ မင့်လည်ပင်း ထုတ်ချင်းခပ် ပေါက်သွားမယ် နားလည်လား'

ဦးတိုင်းကျော်၏ မျက်နှာ၌ကား သွေးဆုတ်၍ သွားခဲ့ချေပြီ။ ထိုသူ၏ မျက်နှာသည်ကား ကြောက်ရွံ့ခြင်းနှင့် မုန်းထားခြင်းကို ရောစပ်လျက်ရှိရာ မျက်လုံးများပြူးလျက် ချွေးဒီးဒီး ထွက်ခဲ့လေပြီ။

ကျော်။ ။(နောက်သို့လှည့်၍ကြည့်ခွင့်မရသဖြင့်)'ခင်ဗျား ကိုထွန်းလှိုင်မဟုတ်လား'

လှိုင်။ ။'ထွန်းလှိုင်မဟုတ်လျှင် ဘယ်သူဖြစ်နိုင်ဦးမှာလဲ၊ ထွန်းလှိုင်မှ ထွန်းလှိုင် အစစ် မောင်ရဲ့'

ကျော်။ ။'မျက်နှာ ကြည့်ပါရစေဗျာ'

လှိုင်။ ။'ဉာဏ်မများနဲ့ ငြိမ်ငြိမ်နေ၊ နည်းနည်းလှုပ်လျှင် တစ်ခါတည်း ထိုးနှစ်လိုက်မယ် နားလည်လား။ မင်းက ငါ့ကိုသတ်ပြီး သေပြီလို့ပစ်ထားခဲ့တယ် မဟုတ်လား။ ဒါပေမဲ့ ကယ်မယ့်လူရောက်လာလို့ ငါမသေဘူးကွယ့်၊ လက်စားချေဖို့ ငါလိုက်လာတယ်'

ထိုသို့ပြောလျက်ရှိစဉ် ဦးတိုင်းကျော်မှာ ကြောက်အားကြီးလှသည်ဖြစ်သောကြောင့် သွေ့ခြောက်သောနှုတ်ခမ်းများကို လျှာဖြင့်လျက်ကာ ရှိနေလေ၏။ ဦးထွန်းလှိုင်က ဆက်လက်၍...

လှိုင်။ ။'မင်းကြံပုံ တော်ပါပေရဲ့ကွယ်၊ အဖေကိုသတ်ပြီး သမီးနဲ့တကွ ပစ္စည်းကို သိမ်းမယ်လို့ ကြံတာကိုး။ မင်းက ငါ့သမီးကို ဘယ့်နှယ်ပြောသလဲဆို တော့ မင့်အဖေဟာ တကယ်မသေဘူး၊ သို့သော် ပြစ်ချက်တစ်ခုနဲ့ တစ်ကျွန်းပို့ခံနေရတယ်၊ မင့်အဖေဟာ လူသတ်မှုတစ်ခုလည်း ဖြစ်သေးတယ်၊ ဘယ်သူမှမသိဘူး ငါတစ်ယောက်သာသိတယ်။ ဒီတော့ ငါ့ကိုမင်းယူလျှင် မင်းအဖေလူသတ်မှုကို ငါမဖော်ဘူး၊ နို့မဟုတ်လျှင် ငါဖော်လိုက်မယ်လို့ ပြောတယ်မဟုတ်လား။ ဒီတော့ ငါ့သမီးက ကိုယ့်အဖေ အသက်မသေပါစေနဲ့တော့လို့ အောက်မေ့ပြီး မင်းကိုယူဖို့ သဘောတူရရှာတယ် မဟုတ်ဘူးလား၊ ကိုင်း သို့သော် ဒီဟာတွေ ရှိနေ မင်းကို ငါဒီနေရာမှာ သေအောင်မသတ်ထိုက်တဲ့အကြောင်းကို လုံလောက်တဲ့ ဆင်ခြေတစ်ခုတည်း ပြောပြစမ်း'

ကျော်။ ။(ကြောက်သော်လည်း ရယ်မောလျက်)'ကျုပ်ကို ခင်ဗျားသတ်ရင် ခင်ဗျား ကြိုးပေးခံရမှာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



လှိုင်။ ။'မှန်ပေတယ်။ ဒါတော့ မှန်ပေတယ်။ ကိုင်း ဒီတော့ မင့်ကို ငါသေအောင် မသတ်ဘူး၊ တစ်ကိုယ်လုံးက အရေဆုတ်ရုံကလေး ငါရိုက်မယ်၊ ဟော့ ချစ်မောင် လိပ်ကျောက်ဆူးတစ်ချောင်း သွားယူစမ်း၊ ပရဆေးဆိုင်မှာရှိတယ်'

ထိုခဏ၌ အလွန်တရာ လျင်မြန်လှသော အဖြစ်အပျက်များ ဖြစ်ပျက်သွားလေရာ ဝိုင်းလျက်ကြည့်နေသူများမှာ ငေး၍သာလျှင် နေလိုက်ကြရလေ၏။ ဦးတိုင်းကျော်သည် ခါးတွင်ထိုးထားသော မောင်းချခားကို တဖြည်းဖြည်းထုတ်၍ ဖွင့်ပြီးသည်နှင့်တစ်ပြိုင်နက် ထိုင်ရာမှ ရုတ်တရက်လှည့်၍ ထွက်လိုက်လေ၏။ ထိုခဏ၌ ဦးထွန်းလှိုင်၏ ဓားမြှောင်သည်လည်း ဦးတိုင်းကျော်၏ လည်ပင်းကို စူးဝင်၍ လည်ပင်းကို နှစ်ခြမ်းတည့်တည့် ခွဲလိုက်လေ၏။

ဦးထွန်းလှိုင်မှာမူ တင်ပါး၌သာ ဒဏ်ရာရသောကြောင့် တစ်သက်ပတ်လုံး ခြေဆာရုံမျှ ဖြစ်လေရာ ဦးတိုင်းကျော်မှာမူ ထိုနေရာ၌ပင် ပွဲချင်းပြီးသေဆုံး၍ မိုက်စတုံးခဲ့လေသတည်း။

ဦးထွန်းလှိုင်၏ဒဏ်ရာ ပျောက်သောအခါ၌ ခင်မြကြီးနှင့် မောင်ချစ်မောင်တို့ လက်ထပ်မင်္ဂလာဆောင်နှင်းကြမည့်အကြောင်းမှာမူ ဖတ်ရှုသူတို့တော့ သိပြီးပင် ဖြစ်ပေလိမ့်သတည်း။

[ဒဂုန်မဂ္ဂဇင်း၊ ဒီဇင်ဘာလ ၁၉၃၄]

■

# မင်းကတော် မမြမေ၏အရက်တော်ပုံ

မင်းကတော် မမြမေသည် အသက် ၃၀ နှင့် ၄၀ အတွင်း၌ ရှိငြားသော်လည်း ဘီးဆံပတ်ကို ခပ်စောင်းစောင်းပတ်လျက် နက်ပြာရောင်တွင် အဖြူပြောက်ကလေးများပါသော ပိုးတွန့်ကို လုံချည်နှင့်တဘက် တစ်ဆင်တည်း ချုပ်လုပ်ကာ အပိုကရို ပတ်စည်း၍ ခံမြင့်သော ရှူးဖိနပ်ဖြင့် ဘိုဆန်ဆန် ဝတ်ဆင်ထားသည်ကို တွေ့မြင်ရသူ အပေါင်းတို့အနက် မိန်းမများသည် မနာလိုဝန်တိုသဖြင့် ရှုံ့မဲ့ကာ ကဲ့ရဲ့လေဟန်ဆောင်ကြ၍ ယောကျ်ားတို့မှာမူ တစ်ကြိမ်မြင်မိလျှင် ထပ်လောင်း၍ မြင်ချင်သော သူသာလျှင် များလှချေ၏။ မမြမေသည် အရွယ်ကောင်းကျော်လွန်ခဲ့သည့်ပြင် အဖိုးထိုက်တန်သော အလှရည်အမျိုးမျိုးတို့၏ အသုံးကိုလည်း နားလည်သည်ဖြစ်သောကြောင့် ရုံဖန်တွေ့မြင်ရသော သူတို့က အသက် ၂၀ ထက်များများကြီး မကျော်နိုင်သေးဟူ၍ ခန့်မှန်းတတ်ကြလေသည်။ နဂိုအားဖြင့်လည်း ရုပ်ဆင်းသဏ္ဌာန် ပြည့်စုံသောမမြမေမှာ မိမိကိုယ်ကိုမိမိ အစဉ် သလျက်ရှိသည့်ပြင် ရွှင်ပျသော စိတ်သဘောလည်း ရှိသည်ဖြစ်သောကြောင့် "စိတ်ပျိုကိုယ်နု"ဟူသော စကားအရ အပျိုကညာများနှင့် ယှဉ်ပြိုင်နိုင်လောက်အောင် နုပျိုသောမျက်နှာရှိ၍ ယောကျ်ားတို့၏ စိတ်ဓာတ်ကို ရစ်ပတ်ဆွဲငင်သည့် အရာ၌ကား အပျိုကညာတို့က မယှဉ်ပြိုင်နိုင်အောင် ရှိလေ၏။

မမြမေအား ကသာမြို့သူမြို့သားတို့က မင်းကတော်ဟူသော အမည်ဘွဲ့ ခေါ်ဝေါ်လေ့ရှိကြသော်လည်း ၎င်း၏ခင်ပွန်းမှာ မည်သို့သော အရာရှိမျိုးဖြစ်

www.burmeseclassic.com



သည်ဟူ၍ သိကျွမ်းသူ နည်းပါးလှချေ၏။ စင်စစ်မှာ မမြမေ၏ ခင်ပွန်းသည် ဒီပြူတီ(ဆီးဖြူသီး)မြို့အုပ်ကလေးတစ်ယောက်ဖြစ်၍ ပင်လယ်ဘူးမြို့၌ သေဆုံးခဲ့ပြီဖြစ်သောကြောင့် မမြမေမှာ မုဆိုးမတစ်ယောက်မျှသာ ဖြစ်ချေ၏။ မမြမေ၏ ရုပ်အဆင်းချောမောခြင်းထက် ဂိုက်ဟန်အမူအရာသည် မင်းကတော်ဟူသော အဖြစ်ကို ကြွေးကြော်လျက် ရှိဘိသကဲ့သို့ ပေါ်လွင်ထင်ရှားသည်ဖြစ်သောကြောင့် ကသာမြို့သို့ ရောက်လာသောအခါတွင် လူတိုင်းသည် ၎င်း၏အတ္တုပ္ပတ္တိကို မသိဘဲလျက်နှင့်ပင် မင်းကတော်ဟူသော စကားကို ၎င်း၏အမည်၌ ဖြည့်စွက်ခေါ်ဝေါ်ကြရပေသည်။

မမြမေသည် ကသာမြို့သို့ရောက်လာသည့်နေ့မှစ၍ မင်္ဂလာဆောင်၊ အလှူအတန်း စသည့် ပွဲနေပွဲထိုင်နှင့်ဆိုင်သော အခမ်းအနားဟူသမျှတွင် မင်းကတော် မမြမေ မပါလျှင် မပြီးသလောက် ရှိနေခဲ့လေ၏။ စာရေးစာချီ စသော လူတန်းစားသည် မင်းကတော် မမြမေကို မကပ်နိုင်အောင် ရှိကြ၍ မြန်မာအရာရှိများနှင့် အချို့ ဥရောပတိုက်သား ကိုယ်စားလှယ်ကြီးများ၊ အရာရှိကြီးများပင်လျှင် မမြမေနှင့် သူ့ထက်ငါ လု၍ အသိအကျွမ်း ဖွဲ့တတ်ကြ၏။

ဤသို့သော မိန်းမမျိုးမှာ မည်သို့သော အရပ်ဒေသမျိုး၌ နေထိုင်သည်ဖြစ်စေ၊ မိမိ၏ ပတ်ဝန်းကျင်၌ဖြစ်စေ လှိုင်းဂယက် ထကြွအောင် တတ်စွမ်းနိုင်မည်ဖြစ်လေရာ ကသာမြို့ကဲ့သို့သော မြို့သိမ်မြို့ငယ်ကလေး၌မူ ပွက်ပွက်ဆူမတတ် လှုပ်လှုပ်ရှားရှား ဖြစ်သွားခဲ့လေ၏။ မမြမေ၌ မည်ကဲ့သို့ ဝင်ငွေရှိသည်မသိ၊ ၎င်း၏ အနေအထိုင်မှာ မုဆိုးမပင် ဖြစ်သော်လည်း အရာရှိကြီးများကဲ့သို့ပင် ခံ့ညားတင့်တယ်စွာရှိ၍ ပွဲနေပွဲထိုင် အခမ်းအနားများ၌ လင်ရှိသော မင်းကတော်များထက်ပင် ပြောင်ပြောင်လက်လက် ရှိချေသေး၏။

မင်းကတော် မမြမေ၏ ရုပ်ဆင်းသဏ္ဌာန်ကို အတော်အတန် စုံလင်စွာ ဖော်ပြခဲ့ပြီးသော်လည်း အထူးဖော်ပြသင့်သော အချက်တစ်ခု ကြွင်းကျန်လျက် ရှိချေသေး၏။ ၎င်းအချက်မှာ မမြမေ၏ ဆံပင်ဖြစ်လေသည်။ ကောင်းသော ဆံပင်တို့ မည်သည်မှာ အရုပ်အဆင်း ညှိုးဖျင်းသော ယောကျ်ားမိန်းမတို့၌ပင် ကျက်သရေ ဆောင်တတ်သည်ဖြစ်၍ အရုပ်ပင်ဆိုးသော်လည်း ဆံပင်ကောင်းခဲ့လျှင် "ယဉ်စစ" ရှိသည်ဟု ပြောတတ်ကြသည်ဖြစ်ရာ နဂိုအားဖြင့် တင့်တယ်ချောမောခြင်းရှိသော မမြမေ၌မူ အဘယ်မှာ ဆိုဖွယ်ရာ ရှိချေတော့အံ့နည်း။ "ကေသာသုံးဆောင် ပိတုန်းရောင်" ဟူသော စာဆိုနှင့် ညီညွတ်အောင် ခြေသလုံး၌ ဝဲလျက်ရှိသော မမြမေ၏ ဆံပင်မှာ အဖျားကော့လျက် တညီတညာတည်း ရှိနေလေရကား ဦးခေါင်းခလျှော်ပြီးသဖြင့် ဆံပင်ကို ဖားလျားချကာ ဖဲကြိုးဖြင့် မခို့တရို့ စည်းထား



သည်ကို မြင်ရသောသူတို့သည် ရုပ်ဆင်းလှသလောက် ဆံပင်လည်း ကောင်းပါပေသည်ဟု ချီးမွမ်းကြရပေသည်။ မမြမေသည် သူတစ်ပါး ချီးမွမ်းခြင်းကို အထူးနှစ်သက်တတ်သူတစ်ယောက်လည်း ဖြစ်သောကြောင့် ဆံပင်ကို ဖြန့်ချဖို့ အခွင့်ရသောအခါ ဦးခေါင်းကို မကြာမကြာ လျှော်တတ်ချေ၏။ ၎င်းကမူ အနည်းငယ်မျှလောက် ဆီမွှေးများ တင်ခဲ့လျှင် ယားသောကြောင့် မနေတတ်ဟူ၍ ပြောလေ့ရှိ၏။ ယခုရေးသားဖော်ပြလတ္တံ့သော အဖြစ်အပျက်မှာ ၎င်းဆံပင် အကြောင်းနှင့် အရေးတကြီး ဆက်သွယ်လျက်ရှိသည်ဖြစ်သောကြောင့် ထိုဆံပင်ကို အကျယ်တဝင့် ဖော်ပြရခြင်း ဖြစ်ချေသည်။

မမြမေမှာ လင်ယောကျ်ားသေဆုံးပြီးနောက် သားသမီးလည်း မကျန်ရစ်သည်ဖြစ်သောကြောင့် မုဆိုးမပင်ဆိုရသော်လည်း အပျိုကြီးတစ်ယောက်ကဲ့သို့ပင် ကိုယ်ကို ခြယ်လှယ်ပြင်ဆင်လျက်ရှိ၏။ ကသာမြို့သို့ ဆိုက်ရောက်ပြီးနောက် လ ခေါင်းများစွာ မကျော်လွန်မီ အတွင်း၌ပင် မမြမေသည် မြို့ပေါ်ရှိလူများနှင့် တစ်ယောက်နောက်တစ်ယောက်၊ ရံဖန်ရံခါ နှစ်ယောက်သုံးယောက် တစ်ပြိုင်နက် ချစ်ကြိုက်ခဲ့ဖူးသည်ဟု နာမည်ထွက်ခဲ့လေ၏။ ထိုမျှလောက် အရွယ်ရှိသော မိန်းမ တစ်ယောက်ကို လူပျိုများသည် မလှမ်းနိုင်အောင် ရှိနေသောကြောင့်လည်းကောင်း၊ သို့တည်းမဟုတ် မမြမေသည် သူတစ်ပါး၏ လင်သားနှင့် ချစ်ကြိုက်ရခြင်းကို ခုံမင်၍ မြိန်ရှက်သောကြောင့်လည်းကောင်း မမြမေနှင့် ချစ်ကြိုက်ဖူးသူများမှာ သားကြီးမယားကြီး ရှိပြီးဖြစ်သော အရာရှိကြီးများသာလျှင် ဖြစ်ချေ၏။

တစ်ဦးသော အရာရှိသည် မယားကြီးရှိပြီးသည်ဖြစ်စေ၊ သို့တည်းမဟုတ် တစ်ခုံတစ်ယောက်သောမိန်းမနှင့် ထိမ်းမြားရန် စေ့စပ်ပြီးသည်ဖြစ်စေ မမြမေသည် ၎င်းသူကို "ဖြုတ်"လေ့ရှိ၏။ ထိုကဲ့သို့ ပြုခြင်းမှာ မမြမေသည် မိမိ၏အစွမ်းကို ပြလိုသောကြောင့် တမင်ပြုခြင်းဖြစ်သည်ဟု အချို့သူတို့က စွပ်စွဲကြလေသည်။ ထူးပြင်ထူးဆန်းသောအချက်တစ်ခုမှာ လူတစ်ဦးတစ်ယောက်သည် မမြမေနှင့် ချစ်ကြိုက်မိသောအခါတွင် မမြမေသည် ထုံးစံကို ပြောင်းပြန်ဖြစ်စေလျက် ယောကျ်ား၏ စွန့်ပစ်ခြင်းကိုမခံဘဲ မမြမေက စွန့်ပစ်ခဲ့သည်သာလျှင် ဖြစ်လေရာ အချို့သော သူတို့မှာ မိမိတို့၏ မယားများကို ကွာရှင်းရန် အဆင်သင့်ရှိ၍ မမြမေအား ညွှတ်ပြားခယ တောင်းပန်ကြသော်လည်း မမြမေသည် မိမိအောင်မြင်ပြီးသော သူတစ်ယောက်ကို ဆက်လက်၍ ကြာရှည်စွာချစ်ကြိုက်ရန် အလိုမရှိချေ။ ဤအခါ၌ မမြမေသည် အချို့သောယောကျ်ားတို့၏ စိတ်သဘောနှင့် တူလှချေ၏။

အခါတစ်ပါး၌ မမြမေသည် ဘုန်းကြီးလူထွက်သဖွယ် ရှိသော လုလင် ငယ်ဝန်ကလေးတစ်ယောက်ကို နာမည်ပျက်ရုံမျှ ချစ်ကြိုက်ခဲ့၍ နောက်များ

www.burmeseclassic.com

www.burmeseclassic.com



မကြာမီအတွင်း၌ နယ်ပိုင်ဝန်ထောက်၏ သမီးနှင့် ထိမ်းမြားရန်စေ့စပ်ထားသော သစ်တောဝန်ထောက်ကလေးတစ်ယောက်အားလည်း နယ်ပိုင်ဝန်ထောက်သမီး စိတ်ပျက်စေရုံမျှလောက်သာလျှင် ချစ်ကြိုက်ပြီးနောက် ပြတ်စဲစေခဲ့လေသည်။ ထိုသို့သော အဖြစ်အပျက်မျိုးကို စေ့စေ့အောင် ဖော်ပြရသော် ငြီးငွေ့ဖွယ်ရာ ရှိချေမည်ဖြစ်သောကြောင့် အကျဉ်းချုံး၍ သိမ်းကျုံးဖော်ပြရမည်ဆိုသော် ကသာမြို့သို့ ရောက်လာသော အစိုးရအရာရှိဟူသမျှနှင့် သူဌေးကိုယ်စားလှယ်ကြီးမှန်သမျှသည် မမြမေနှင့်တစ်ကြိမ်တစ်ခါ မှားယွင်းဖူးကြသည်သာလျှင် ဖြစ်ချေသည်။ ယင်းသို့ဖြစ်ခဲ့ပါလျှင် မမြမေအား ခေါ်လိုပြောလိုသူ၊ အသိအကျွမ်း ဖွဲ့လိုသူများ ရှိပါသေး၏လောဟု မေးဖွယ်ရာ ရှိပေ၏။ စင်စစ်မှာ မမြမေ၏ လှပချောမောသော ရုပ်အဆင်းကြောင့်လည်းကောင်း၊ သားနားသောအနေအထိုင်ကြောင့်လည်းကောင်း၊ လူပေါင်းဆုံခြင်းကြောင့်လည်းကောင်း၊ လောကဝတ်ပျူငှာရှိခြင်းကြောင့်လည်းကောင်း မမြမေနှင့် မသိကျွမ်းရသေးသော သူတို့မှာ ကသာမြို့၏ အကြောင်းကို မသိနားမလည်သေးသလောက် ထင်မှတ်ကြ၍ ခေါ်လိုပြောလိုကြရုံမျှမက အရပ်သားများကမူ မိမိတို့ထက် အထက်တန်းကျသော သူ၏ အပြုအမူကို ငေးမောကာကြည့်လျက် မိမိသမီး နားထွင်းမင်္ဂလာ၌ မမြမေက ညှိခံအဖြစ်နှင့် လိုက်ပါခဲ့လျှင် ဂုဏ်ထူးတစ်ခုဖြင့် ဝင့်ဝါမော်လော့ရှိကြလေသည်။

ကသာမြို့သို့ လွန်ခဲ့သောနှစ်က ပြောင်းရွှေ့လာသော ရွှေဘိုသားဇာတိ လက်ထောက်ဆရာဝန်ကလေး ကိုသာလွန်ဆိုသူတစ်ယောက် ရှိခဲ့၏။ မမြမေသည် ၎င်းကိုသာလွန်ဆိုသူအတွက်ကြောင့် ကသာမြို့၌ပင် မနေဝံ့အောင် အရှက်ကွဲ၍ ထွက်သွားရသည်ဖြစ်လေရကား ဤအဖြစ်အပျက်များကို ဖတ်ရှုရသော မိတ်ဆွေများသည် မမြမေနှင့် မတော်တဆ တွေ့ဆုံမိခဲ့ပါလျှင် ရွှေဘိုသားများ၏အကြောင်းကို စကားစပ်၍မျှ မပြောမိစေရန် မှာထားလိုပါ၏။ အကြောင်းမူကား မမြမေသည် ရွှေဘိုသားများအကြောင်းကို စကားစပ်မျှ ပြောမိခဲ့ပါလျှင် ပြောသောသူကိုထ၍ ကိုက်ကောင်းကိုက်ပေလိမ့်မည်။ ရွှေဘိုသားများကို ဤမျှလောက်ပင် စိတ်နာစေဖို့ ဖြစ်ခဲ့ဖူးချေ၏။

ကိုသာလွန်ဆိုသူမှာ ဆရာဝန်ကလေးဟူ၍ ဖော်ပြရသော်လည်း အရွယ်မှာမူကား ကလေးအရွယ်မဟုတ်ချေ။ အသက် ၅၀ ကျော်ပြီဖြစ်၍ ပင်စင်ယူဖို့ အချိန်နီးချေပြီ။ ထိုသူသည် ကျွန်တော် တွေ့ဖူးသော လူအပေါင်းတို့အနက်တွင် အကြားအမြင် ဗဟုသုတ အများဆုံးတစ်ယောက်ဖြစ်၍ မည်သည့်အကြောင်းအရာမျိုးမဆို စကားစပ်၍ ပြောမိကြသော အခါတွင် ထိုအကြောင်းအရာမှာ မိမိဘာသာပတ်လုံး အထူးလေ့လာဆည်းပူးခဲ့သော အကြောင်းအရာတစ်ခုဖြစ်



သည့်အနေဖြင့် "ခရေစေ့တွင်းကျ" ဂန သေချာစွာ ပြောဆိုနိုင်သော လူတစ်ယောက်ဖြစ်ချေသည်။ သို့ပါသော်လည်း ကိုသာလွန်သည် အရက်စွဲသောလူတစ်ယောက်ဖြစ်သောကြောင့် မိမိ၏အလုပ်၌ မကြီးပွားဘဲ ဆရာဝန်ကလေးအဖြစ်မှ စတင်ထမ်းကိုင်၍ ဆရာဝန်ကလေးအဖြစ်နှင့်ပင် ပင်စင်ယူတော့မည့်လက္ခဏာ ရှိချေသည်။

ကျွန်တော်မှာ ကသာမြို့သို့ အလည်အပတ်ရောက်သွား၍ ကျွန်တော်၏ မိတ်ဆွေကျောင်းအုပ်ကြီး ဦးဘလွန်းနေအိမ်၌ တည်းခိုလျက်ရှိခဲ့၏။ ဦးဘလွန်းမှာ ထုံးလူကောင်း လူအေးကြီးတစ်ယောက်ဖြစ်၍ မုဆိုးဖိုကြီးတစ်ယောက်ဖြစ်ခဲ့ရာ ဇနီးသေဆုံးပြီးနောက် ထပ်မံ၍အိမ်ထောင်မပြုတော့ဘဲ သမီးမအုန်းကြည်ဆိုသူနှင့် အိမ်ကြီးတစ်ဆောင်တွင် နေထိုင်လျက်ရှိ၏။ မအုန်းကြည်ဆိုသူမှာ အသက် ၂၀ အရွယ်မျှရှိ၍ လှပချောမော ကျစ်လျစ်သိပ်သည်းသော မိန်းမပျိုကလေးဖြစ်သည့်ပြင် အင်္ဂလိပ်စာ ၁၀ တန်းအောင်မြင်ပြီးဖြစ်၏။ စာရေးစာချီမှစ၍ အရာရှိ ...က်စကလေးများသည် မအုန်းကြည်နှင့် စေ့စပ်ကြ၏။ သို့ရာတွင် မအုန်းကြည်သည် ဖခင်၏တစ်သက်၌ အိမ်ထောင်မပြုလိုသေးဟု အကြောင်းပြ၍ စေ့စပ်လာသော သူများကို ငြင်းပယ်လေ့ရှိ၏။

သို့ရာတွင် တစ်နေ့သ၌မူကား ကောလိပ်ကျောင်းမှ ဘီအေနှင့် ဘီအီးဒီ အောင်ပြီးသော သူငယ်တစ်ယောက်သည် လက်ထောက်ဆရာအဖြစ်နှင့် ရောက်လာ၍ ကျွန်တော်၏မိတ်ဆွေ ကျောင်းအုပ်ကြီး၏အိမ်သို့ လာရောက်လည်ပတ်ရာတွင် လူငယ်တို့ဘာဝ မျက်စိချင်းကျရာမှ သမီးရည်းစားဖြစ်ကြပြီးလျှင် ထိမ်းမြားရန် စေ့စပ်ထားလေ၏။ ကျွန်တော် တည်းခိုလျက်ရှိသည့်အတွင်း ၎င်းသူငယ်သည်ရောက်လည်ပတ်သဖြင့် အကဲခတ်မိရာ ထိုသူငယ်မှာ ဇာတ်လိုက်မင်းသားတစ်ယောက် ဖြစ်နိုင်လောက်အောင် ရုပ်ရည်ချောမော လှပခြင်းမရှိငြားသော်လည်း အနေတရာ လူရည်သန့်၍ ဖျတ်လတ်ကျော့ရှင်း တောင့်တင်းလတ်ဆတ်သော သူငယ်တစ်ယောက်ဖြစ်ချေ၏။ သူ၏ ပညာအရည်အချင်းနှင့် နဖူးရေ ဒူးရေကိုမြင်ရလျှင် မည်သည့်သမီးရှင်ပင်ဖြစ်စေ ငြင်းပယ်မည်မဟုတ်ချေ။ ထိုသူ၏အမည်မှာ ဆောင်ဝင်းမောင် ဖြစ်လေသည်။

ကျွန်တော်သည် မိတ်ဆွေ၏ နေအိမ်၌ တည်းခိုနေထိုင်စဉ်အတွင်း လူငယ်နှစ်ယောက်တို့၏ အမူအရာကို တွေ့မြင်ရသဖြင့် နမူနာတင်လောက်သော သမီးရည်းစားနှစ်ယောက်ဟူ၍ ခေါ်တွင်လောက်အောင် တစ်ဦးအား တစ်ဦးချစ်ခင်ကြင်နာခြင်း ရှိကြသည်ဟု မှတ်ထင်မိပေ၏။

အထက်တွင် ဖော်ပြခဲ့သော ရွှေဘိုသား ဦးသာလွန်ဆိုသူ လက်ထောက်ဆရာဝန်သည်လည်း ကျောင်းအုပ်ကြီးနှင့် မိတ်ဆွေဖြစ်သဖြင့် နေအိမ်သို့ အမြဲ

www.burmeseclassic.com

www.burmeseclassic.com



အမှု လာရောက်လည်ပတ်လေရာ ထိုသူသည် မိမိကိုယ်တိုင် လူကြီးဖြစ်၍ လူယုံနှစ်ယောက်ကို သားသမီးသဖွယ် ချစ်ခင်ကြင်နာဟန် လက္ခဏာ ရှိလေသည်။ ကျောင်းအုပ်ကြီး၏ နေအိမ်၌ တည်းခိုရှိ၍ ရက်အတန်ငယ်ညောင်းလတ်သော် ကျွန်တော်သည် အိမ်ရှင်များအား နှုတ်ဆက်၍ မင်္ဂလာအခမ်းအနားသို့လည်း အခါအခွင့်ကြုံကြိုက်ခဲ့လျှင် လာရောက်ပါဦးမည့်အကြောင်းနှင့် ဝန်ခံကတိထားခဲ့ပြီးနောက် ထီးချိုင့်မြို့သို့ သင်္ဘောနှင့် စုန်ဆင်းလာခဲ့လေ၏။

တစ်နေ့သ၌ လက်ထောက်ဆရာဝန်ကလေး ဦးသာလွန်သည် ထီးချိုင့်ဆေးရုံသို့ ကိစ္စတစ်ခုနှင့် လာရောက်ရာတွင် ကျွန်တော်နှင့် အဆင်သင့်တွေ့ဆုံ၍ မင်္ဂလာဆောင်နှင်းမည့် လူငယ်များအကြောင်းကို မေးမြန်းစုံစမ်းရာ ဦးသာလွန်သည် ဝမ်းနည်းသော အမူအရာနှင့် ဦးခေါင်းကို ယမ်း၍ပြလေ၏။

လွန်။ ။'မဟုတ်ပါဘူး ဆရာရယ်၊ ဟိုအကောင်မ ဝင်ရှုပ်နေပြန်ပါပြီ'

ကျွန်တော်။ ။'ဘယ်အကောင်လဲဗျ၊ မမြမေလား'

လွန်။ ။'အစစ်ပေါ့'

ကျွန်တော်။ ။'ဘယ့်နှယ်လဲဗျာ၊ ဒီသူငယ်မြင်ရတာ ကျွန်တော်ဖြင့် တော်လိမ့်မယ်မှတ်တယ်၊ ဘယ်လိုဖြစ်ကုန်ကြတာလဲ'

လွန်။ ။'သူငယ့်အပြစ် မဟုတ်ပေဘူး ဆရာရေ့၊ သူ့ထက်မက ဝါရင့်တဲ့လူတွေတောင် သူဝင်ပြီးမွှေလိုက်ပြီဆိုမှဖြင့် တစ်ခါတည်း ကစဉ့်ကရဲ ဖြစ်ကုန်တာ ကျွန်တော် တွေ့ရလုပြီကော'

ကျွန်တော်။ ။'ကြားတော့ ကြားခဲ့ဖူးရဲ့ဗျာ၊ နို့ပေမဲ့ မအုန်းကြည်ကလေးကလည်း ချောကချောပါဘိသနဲ့...'

လွန်။ ။'ဘာတူနိုင်မလဲ ဆရာရယ်၊ ဒီကတော့ အပျိုအစစ်မို့ ရိုးရိုးကလေး၊ ဟိုဟာကတော့ တယ်... ကျုပ်မပြောချင်ပေါင်လေ။ ကျုပ်တော့ဖြင့် အုန်းကြည်ကလေး သနားတာလောက် ရှိတာပါပဲဗျာ'

ကျွန်တော်။ ။'နေပါဦးဗျာ၊ ဖြစ်ပျက်ပုံ ပြောပြစမ်းပါဦး'

လွန်။ ။'ဖြစ်ပျက်ပုံကတော့ အထူးအဆန်းမဟုတ်ပါဘူးဗျာ၊ ကွင်းပစ်ဖမ်းတော့ မိသွားတာပေါ့ဗျ'

ကျွန်တော်။ ။'ဘယ်မှာ တွေ့ကြသတဲ့လဲ'

လွန်။ ။'တွေ့တာတော့ ဘယ်မှာ စတွေ့တယ်မပြောတတ်ဘူး။ တစ်နေ့တော့ ကျုပ်က ပျင်းပျင်းရှိတာနဲ့ တစ်ညမှာ ကမ်းနားဘက် လမ်းလျှောက် ‑သွားတော့ မှောင်ရိပ်မှာ ယောကျ်ားတစ်ယောက်နဲ့ မိန်းမတစ်ယောက် ရပ်ပြီး စကားပြောနေကြတာကို ကျုပ်တွေ့ရတယ်။ ကမ်းနားဘက်ဆီမှာ ဒီလိုဟာမျိုး တွေ့ရဖန်



များလေတော့ ကျုပ်က ကယ်ကြီး ဂရုမစိုက်ဘဲ လျှောက်မြဲတိုင်း လျှောက်သွား... တော့ မိန်းမက လူလာတာ မြင်တာနဲ့ သုတ်သီးသုတ်ပျာ ထွက်အသွား ကုလားဆိုင်က ဓာတ်မီးရောင်မှာ သူ့မျက်နှာကို ရိပ်ခနဲ မြင်လိုက်တော့မှ မင်းကတော်မှန်း ...ဘာကိုးဗျ။ ကျုပ်က ခင်ဗျားသိတဲ့အတိုင်း အုန်းကြည်ကို သမီးကလေးလို ...ခင်နေလေတော့ စိတ်ဆိုးဆိုးနဲ့ "ဟေ့ ကျောင်းဆရာ၊ ဒီအပုပ်အသိုးကြီးနဲ့ ဘာလုပ်မယ့်လမ်းမှာရပ်ပြီး စကားပြောချင်ရသလဲ" လို့ ဟိုကောင်မ ကြားလောက်အောင် ခပ်ကျယ်ကျယ်ငေါက်ပြီး မေးလိုက်တာကိုးဗျ။ ဒီတော့ ဟိုကောင်မက ...န်းဆို လှည့်တည့်လာပြီး စားတော့မလို ဝါးတော့မလိုနဲ့ ကျုပ်မျက်နှာကြည့် ...ည့်ပြီး "ရှင်က ဘာကောင်မမှတ်လို့ ကျုပ်ကို အပုပ်အသိုးတွေ ဘာတွေနဲ့ ...နိုင်ရတာလဲတဲ့၊ အရက်သမား အရက်သမားပီပီ ကိုယ့်ဘာသာကိုယ်မနေဘဲ ...ထဲဝင်ပြီး ဘာလုပ်ရှုပ်ချင်ရသလဲ" ဘာလဲ ညာလဲနဲ့ ကျုပ်ကို ကြိမ်းလားမောင်း... လုပ်တာကိုးဗျ။ ပြီးတော့ သူက ကျုပ်ကို ရွှေဘိုသား လူပါးဝသလေး ...ဘာလေးနဲ့ ကြိမ်းသေးတယ်။ ဒီတော့ ကျုပ်က "ရွှေဘိုသားများဟာ ဒီလိုပဲ ပုပ်...ပုပ်တယ်၊ သိုးလျှင် သိုးတယ်လို့ တဲ့တိုးကြီးပဲ ပြောတတ်တယ်" လို့ ထပ် ...ပြောလိုက်ပြန်တော့ မယ်မင်းကြီးမက ကျုပ်ကို "နေနှင့်ဦး၊ ရှင့်အလုပ်ကို မပြုတ်...တ်အောင် ဖြုတ်ပြမယ်၊ ကြည့်ထားလိုက်" တဲ့ဗျ။ ဒီတော့ ကျုပ်က "တောင်း...ပါရစေ မင်းကတော်ရယ်၊ ခင်ဗျားသားလောက်ဟာကလေးကို ပျက်စီးရာပျက်...ကြောင်း မကြံစည်ချင်ပါနဲ့၊ သူ့ခမျာမှာ လက်ထပ်မယ့်ဆဲဆဲသားပါ" လို့ ပြော...ဘာကိုးဗျ။ သူ့ကို မောင်ဝင်းမောင်ရဲ့ အမေအရွယ်လောက်ရှိတယ်ဆိုတဲ့အလုံး... အပုပ်အသိုးဆိုတာထက်တောင် စိတ်ဆိုးပြီး၊ လားလားဗျာ မိန်းမကို အသား... ဆတ်ဆတ်တုန်ပြီး စကားတောင်မပြောနိုင်တော့ဘဲ မျက်လုံးကြီးပြူးပြီး ကျုပ်... ကြည့်နေတာကိုးဗျ။ ကျုပ်ကတော့ ဘာဂရုစိုက်လိမ့်မလဲလေ။ ခပ်အေးအေး ...နေတာပေါ့။ အမှန်ပြောရမှာဖြင့် ကျုပ်က သူ့သတင်းကြားရတာ နားကြားပြင်း...လို့ နာကြည်းအောင် ပြောချင်နေတာ ကြာလှပြီ။ ကိုယ်နဲ့ဘာမှ မဆိုင်လို့သာ ...အောင့်နေခဲ့ရတယ်။ ဒီတစ်ခါ အချက်ပေါ်လာလေတော့ ထွတ်ပြောလိုက်တော့တာ ...ဗျ၊ နောက်ဆုံးတော့ မချောက မြေကြီးကို ဖနောင့်နဲ့ပွတ်ချေပြီး ဆောင့်ဆောင့် ...ထွက်သွားပါလေရောဗျ။ ဒီတော့မှ ကျုပ်က မောင်ဝင်းမောင်ကို မအုန်းကြည် ...င်ယောက်လုံး ရှိလျက်သားနဲ့ အပျော်လိုက်ဖို့ မကောင်းတဲ့အကြောင်း၊ ...သူ ...ရိုးဘာသာနေဖို့ ကောင်းတဲ့အကြောင်း၊ သူလိုပါမွှားမဆိုထားနဲ့ သူ့ထက် ...ဘဲ ပဂေးကြီးတွေတောင် ကြောင်ကျမကျ ခွေးကျ ကျသွားရတဲ့အကြောင်း ...ကြည်းလေအောင် နှိပ်ပြီးကျုပ်ကပြောတာကိုးဗျ။ ဒီတော့ မင်း... ...

www.burmeseclassic.com



သီးလက်မောင်းတွေများတန်းပြီး လူကြီးမို့သာ ခံနေရတော့တယ်တဲ့၊ လူငယ်ငယ်ရွယ်တုချင်းများဖြင့် ဒီနေရာတွင် အသက်ပျောက်သွားမလေးဘာလေးနဲ့ ကြိမ်းမောင်းသေးတယ်ဗျ။ ကျုပ်ကလည်း မလျှော့ပေါင်။ နာလောက်တဲ့အလုံးချည်းပဲ ရွေးပြောလိုက်တာ နောက်ဆုံးတော့ သူက တံတွေးများထွေးပြီး ထွက်သွားပါလေရော့ဗျ'

ကျွန်တော်။ ။'သူတို့ချင်းတော့ လွန်လွန်ကျူးကျူး မရှိသေးပါဘူး ထင်ပါရဲ့ဗျာ'

လွန်။ ။'လွန်လွန်ကျူးကျူးတော့ ဘယ်တော့မှ ဒီမိန်းမ အဖြစ်မခံဘူးဗျ။ သူလို ကျောင်းဆရာကလေးမပြောနဲ့၊ လခ လေးငါးရာရတဲ့ အရာရှိတွေတောင် လှန်ပစ်လိုက်တာ ဘယ်နှယောက်ရှိပြီလဲ'

ကျွန်တော်။ ။'မအုန်းကြည်မသိလျှင်လည်း ပြီးရောပေါ့ဗျာ'

လွန်။ ။'ကသာမြို့က ခင်ဗျားတို့ ရန်ကုန်လို မဟုတ်ဘူးဗျ။ အပ်ကျတာတောင် တစ်မြို့လုံး ဆူသွားအောင် သိကုန်ကြသေးတယ်။ အုန်းကြည်ကလေးလည်း အခု တမှိုင်မှိုင် တတွေတွေနဲ့ ဖြစ်နေရှာပြီ။ ငနဲကလည်း အလုပ်များသလေးဘာလေးနဲ့ ညတိုင်းမှန်အောင် မပေါ်လာဘူး'

ကျွန်တော်။ ။'သည့်ပြင်ဟာ ကိစ္စမရှိဘူး၊ ကလေးမအတွက်က သနားဖို့ကောင်းတယ်ဗျာ'

လွန်။ ။'ဒါကြောင့် ခက်တာပေါ့၊ သို့သော် ကျုပ် သဘောပေါ်မှာ အကြံတစ်ခု ရလာတယ်၊ ဒီကပြန်လျှင်ဖြင့် စမ်းကြည့်ဦးမယ်၊ တော်လည်းတော်၊ မတော်လည်း ချော်ရုံပေါ့ဗျာ'

ကျွန်တော်။ ။'ဘယ်လိုအကြံလဲဗျာ'

လွန်။ ။'ဟုတ်သော်ရှိ မဟုတ်သော်ရှိ ကျုပ်မပြောသေးဘူး။ နောက်တော့ ခင်ဗျား ကြားလိမ့်မယ်'

ကျွန်တော်။ ။'ဒါဖြင့် ကျွန်တော်လည်း လိုက်ချင်တယ်ဗျာ'

လွန်။ ။'ကောင်းသားပဲ၊ ခင်ဗျားလိုက်လျှင် ဟိုအိမ်မှာ မတည်းလေနဲ့၊ စိတ်ညစ်စရာတွေ တွေ့လိမ့်မယ်။ ကျုပ်အိမ်မှာပဲ တည်းပေတော့'

ကျွန်တော်။ ။'ကောင်းပါပြီဗျာ'

နောက်တစ်နေ့၌ ကျွန်တော်သည် ဦးသာလွန်နှင့်အတူ ကသာမြို့သို့ လိုက်သွား၍ ၎င်း၏နေအိမ်၌ တည်းခိုလေ၏။ ကျွန်တော်တို့သည် ကသာမြို့သို့ ဆိုက်ရောက်ကြသောအခါတွင် ကျောင်းဆရာ မောင်ဝင်းမောင်နှင့် မင်းကတော် မမြမေတို့၏အကြောင်းကို ထောက်လှမ်းစုံစမ်းခဲ့ရာ မောင်ဝင်းမောင်သည် မမြမေ၏ နေအိမ်သို့ ညဥ့်ဦးယံတိုင်းလိုပင် သွားရောက်လည်ပတ်တတ်ကြောင်းနှင့် သတင်း



ကြားရလေ၏။ စင်စစ်မှာ ထိုသတင်းသည် လျှို့ဝှက်သော သတင်းမဟုတ်ဘဲ ကသာတစ်မြို့လုံးလိုပင် သိနှင့်ကြပြီးဖြစ်လေသည်။ မောင်ဝင်းမောင်သည် မအုန်းကြည်တို့၏ နေအိမ်သို့ ခပ်စောစောအချိန်တွင် ဝတ်ကျေဝတ်ကုန်မျှ သွား၍ မမြမေ၏ နေအိမ်၌ အချိန်အများဆုံး ကုန်လွန်စေခဲ့လေသည်။

မမြမေအတွက် ထောက်ခံ၍ ရေးသားရန် အချက်တစ်ခုမှာ ၎င်းမိန်းမသည် များစွာသော အရာရှိများနှင့် ချစ်ကြိုက်သောအနေသို့ ရပ်သိရွာသိတိုင် ရောက်ခဲ့ဖူးသော်လည်း သမီးရည်းစားဘဝထက် ရင်းနှီးသော အခြေအနေသို့တိုင် မည်သည့်ရည်းစားကိုမျှ မကိုင်ရောက်စေခဲ့သည့်အကြောင်းကို ရည်းစားဟောင်းများကိုယ်တိုင် အချင်းချင်းပြောဆိုကြသည်ကို ကြားရဖူးလေသည်။ များစွာသော ယောကျ်ားတို့မှာ ဤကိစ္စမျိုး၌ ပိုမို၍သာလျှင် ပြောစမြဲဖြစ်သောကြောင့် ၎င်းတို့ကိုယ်တိုင်က ထိုကဲ့သို့ ဖွင့်ဟဝန်ခံခြင်းကို မယုံကြည်ဖွယ်ရာ အကြောင်းမရှိပေ။

ကသာသို့ရောက်ပြီး နောက်တစ်နေ့၌ ဦးသာလွန်က ကျွန်တော့်အား မင်းကတော်မမြမေအား အပုပ်အသိုးဟူ၍ ခေါ်ဝေါ်မိခြင်းမှာ လွန်ကျူးသည့်အတွက် တောင်းပန်ဝန်ချလိုကြောင်းနှင့်ပြောပြ၍ ကျွန်တော့်အားလည်း တောင်းပန်ဖို့လာလိုကြောင်းနှင့် ရှေ့တော်ပြေးအဖြစ်ဖြင့် သွားရောက်ပြောဆိုရန် စေခိုင်းလေ၏။ ကျွန်တော်သည် ထိုသို့သော မိန်းမမျိုးကို တောင်းပန်ဖို့ မလိုကြောင်းနှင့် ပြန်ပြောရာတွင် ဦးသာလွန်၏ မျက်နှာထားသည် ထူးထူးဆန်းဆန်း ရှိနေသည်ကို မြင်ရသဖြင့် အကြံတစ်ခုခုရှိကြောင်း ရိပ်မိ၍ သွားရောက်ပြောဆိုရန် သဘောတူညီရလေ၏။ ကျွန်တော့်မှာ ကသာမြို့၌ ၁၅ ရက်ခန့်မျှ နေထိုင်ခဲ့ဖူးသည့်အတွင်းတွင် မမြမေနှင့် နှစ်ကြိမ်မျှ တွေ့ဖူး၍ အနည်းငယ်မျှ သိကျွမ်းခဲ့ဖူး၏။

သို့ဖြစ်၍ တစ်ညသ၌ ကျွန်တော်သည် ဦးသာလွန် စေခိုင်းသည့်အတိုင်း မမြမေ၏နေအိမ်သို့ သွားရောက်၍ အိမ်ပေါ်သို့တက်သွားသောအခါတွင် အိမ်ရှေ့ခန်းတွင် မမြမေနှင့် မောင်ဝင်းမောင်တို့ ကြိမ်ကုလားထိုင်များနှင့် ထိုင်နေကြသည်ကို တွေ့ရလေ၏။ မောင်ဝင်းမောင်သည် ကျွန်တော့်ကို မြင်သောအခါ မျက်နှာင်ကြုတ်လျက် ရှုပ်သည်ဟု ထင်မှတ်ဟန်လက္ခဏာ ရှိသော်လည်း မမြမေကမူ ပြုံးရွှင်ချိုသာသော မျက်နှာထားနှင့် လောကဝတ်ပျူငှာ စကားပြောဆို၍ ကိစ္စကို မေးမြန်းလေ၏။

ထိုအခါ ကျွန်တော်က ဦးသာလွန်သည် ထိုနေ့ညက မူးယစ်သည့်အလျောက်ကြောင့် ပြောမိပြောရာ ပြောမှားဆိုမှား ဖြစ်သွားခြင်းအတွက် နောင်တရသဖြင့် ဝန်ချတောင်းပန်ရန် လာလိုကြောင်းနှင့် ပြောပြလေ၏။ ထိုအခါ မောင်ဝင်းမောင်က...

www.burmeseclassic.com

www.burmeseclassic.com



မောင်။ ။'ဒီအမူးကြီး အရေးလုပ်မနေပါနဲ့ဗျာ'

မေ။ ။(ပြုံးရွှင်စွာနှင့်)'ဩော် သူက သူမှားတာကို သတိရပြီး တောင်းပန်ချင်တယ်တဲ့လား'

မောင်။ ။'တယ်ရှုပ်တယ်ဗျာ'

မေ။ ။'လူကြီးက ခုပုံတော့ သနားစရာပါပေပဲ။ မမှားသောရှေ့နေ မသေသောဆေးသမား မရှိဘူးတဲ့။ သို့သော် ကိုယ့်အပြစ်ကို ကိုယ်မြင်ပြီး တောင်းပန်ချတယ်ဆိုတာ စိတ်သဘောကြီးပေတာပေါ့၊ လာပါစေရှင်၊ လာပါစေ'

သို့ဖြစ်၍ ကျွန်တော်သည် အိမ်အောက်သို့ ဆင်းလာပြီးလျှင် လမ်းထောင့်၌ စောင့်နေသော ဦးသာလွန်ကိုခေါ်၍ မမြမေ၏အိမ်သို့ တစ်ဖန်တက်ကြပြန်လေ၏။ ကုလားထိုင်၌ ထိုင်ကြပြီးနောက်...

မေ။ ။'ဒီကမိတ်ဆွေက ပြောပြလို့ သိရပါပြီရှင်။ လူကြီးနဲ့လူငယ်ဆိုတာ တောင်းပန်နေဖို့ မရှိပါဘူး။ ကိုယ်မှားလျှင် မှားသွားပြီဆိုလျှင် ပြီးတာပါပဲ'

လွန်။ ။'ကျုပ်က ဟိုနေ့က တစ်ဆိတ်လွန်သွားလေတော့'

မေ။ ။'ယောကျ်ားဆိုတာ ဒီလိုပေါ့ရှင်၊ တယ်လည်း ပျော်တဲ့ဟာမျိုးလို့ ပြောတယ်။ ကျွန်မလည်း ယောကျ်ားဖြစ်လျှင် ကင်းကောင်းမှ ကင်းလိမ့်မယ်ထင်ပါရဲ့'

ထိုခဏ၌ ဦးသာလွန်သည် မျက်လုံးပြူးပြူး၊ မျက်ဆန်ပြူးပြူးနှင့် မမြမေ၏ ဦးခေါင်းကို စိုက်ငေးကာ ကြည့်နေရာမှ ရုတ်တရက် ထလိုက်လေ၏။

မေ။ ။'ဘာတုံးရှင့်၊ ဘယ့်နှာတုံး'

လွန်။ ။'မလှုပ်နဲ့ မလှုပ်နဲ့... ငြိမ်ငြိမ်နေ၊ ထိုးလိမ့်မယ်'

မေ။ ။'အောင်မယ်လေး ဘာတုံး'

လွန်။ ။'ကင်းမြီးကောက်ကြီးဗျ၊ နည်းတာကြီးမဟုတ်ဘူး' ဟု ပြောပြောဆိုဆိုနှင့် ဦးသာလွန်သည် မမြမေ၏အနီးသို့ ထသွား၍ ခေါင်းပေါ်၌ပတ်ထားသော ဘီးဆံပတ်ကြီးကို ဖြုန်းခနဲ ကိုင်ဆွဲလိုက်ရာ ဖြုန်းခနဲမြည်သောအသံဖြစ်ပေါ်၍ ဘီးဆံပတ်တစ်ခုလုံးသည် လက်ထဲ၌ ပြုတ်၍လာလာလေ၏။

ကျွန်တော်မှာ ဆံပင်အလျှင်းမပေါက်ဘဲ ဦးခေါင်းပြောင်သော ယောကျ်ားများကို နှစ်ကြိမ်မျှ မြင်ရဖူးသော်လည်း ဦးခေါင်းပြောင်သော မိန်းမကို ယခုအကြိမ်သည် ပထမအကြိမ် မြင်ရခြင်းဖြစ်ချေ၏။ ထိုအခြင်းအရာမှာ စင်စစ်အားဖြင့် ကြောက်မက်ဖွယ်ရာတစ်ခု မဟုတ်ငြားသော်လည်း ကျွန်တော့်မှာ ကြက်သီးများထမိလေ၏။ နောက်တစ်ခဏ၌ကား ကျွန်တော်သည် မီးရောင်တွင် အရောင်တလက်လက် ထွက်နေသော မမြမေ၏ ဦးခေါင်းပြောင်ကို မြင်ရသဖြင့် ရယ်ချင်လှ



သောကြောင့် အနိုင့်အနိုင် ချုပ်တည်း၍ ထားရလေ၏။ ၎င်းနောက် မောင်ဝင်းမောင်အား လှမ်း၍ကြည့်လိုက်ရာ ၎င်းမှာ ပါးစပ်ကြီးဟလျက် ကြောင်တောင် ငေး၍ကြည့်နေလေ၏။

မမြမေသည် ကုလားထိုင်မှထ၍ ဦးသာလွန်အား လက်ညှိုးထိုးကာ ထိုးကာ ၃ ၅ မိနစ်ခန့်မျှကြာသည်တိုင်အောင် မရပ်မနားဘဲ နာမည်မျိုးစုံအောင် ခေါ်ကာ ရန်တွေ့လျက်ရှိရာ မိမိ၏အရိပ်ကို မှန်ဗီရိုကြီး၌ကပ်ထားသော ကိုယ်လုံးပေါ် မှန်ကြီးတွင် ရိပ်ခနဲမြင်လိုက်သောအခါမှ အော်ဟစ်ကာ အခန်းတွင်းသို့ ဝင်ပြေးသွားလေ၏။

၎င်းနောက် ဦးသာလွန်က မိမိလက်တွင်း၌ ဆုပ်ကိုင်လျက်ပင် ရှိသေးသော ဘီးဆံပတ်ကြီးကို မောင်ဝင်းမောင်၏လက်သို့ ထည့်ပေးလိုက်ရာ မောင်ဝင်းမောင်သည် မြွေဟောက်ကို ပေးအပ်လိုက်ဘိသကဲ့သို့ စက်ဆုပ်သော အမူအရာနှင့် ရှုံ့မဲ့ကာ ပစ်ချပြီးလျှင် အိမ်ပေါ်မှ ဆင်းပြေးလေ၏။

ထို့နောက် ကျွန်တော်နှင့် ဦးသာလွန်တို့သည်လည်း အိမ်ပေါ်မှဆင်း၍ ပြန်လာကြရာ လမ်းခရီး၌...

လွန်။ ။'ဘယ်လိုတရားဟောလို့မှ ကျွတ်မှာမဟုတ်ဘူး၊ ယခုတော့ဖြင့် ဧကန်ကျွတ်တော့မှာပဲ၊ မိန်းမထိပ်ပြောင်ကြီးမြင်ရတာ ကျုပ်ဖြင့် လန့်တောင်လန့်တယ်ဗျာ'

ကျွန်တော်။ ။'ခင်ဗျား ဘယ့်နှယ်လုပ်ပြီး သိသလဲ'

လွန်။ ။'ကျုပ်က သတင်းကြားဖူးလို့လား၊ စိတ်ကူးလား၊ တွေးလုံးလား၊ မှုံးမှုံးနဲ့ ထင်ရာမြင်ရာ လုပ်တာလား မပြောတတ်ပါဘူးဗျာ' ဟု ပြောလေရာ ဦးသာလွန်သည်ကား လူဆန်းတစ်ယောက် ဖြစ်ချေ၏ တကားဟု တွေးတောမိသော ဟူ၏။

[သူရိယမဂ္ဂဇင်း၊ ဖေဖော်ဝါရီ ၁၉၃၅]

■

www.burmeseclassic.com

www.burmeseclassic.com

# ရုပ်ခွဲ နာမ်ခွဲ

ယူနီဘာစီတီ သိပ္ပံကျောင်းကြီးမှ ပရော်ဖက်ဆာ ဆရာကြီး ဦးလွန်းဘေသည် အိုင်အေအတန်းသားများနှင့် ဘီအေအတန်းသားများအား လောကဓာတ်ပညာ၌ သင်ကြားပြသရသူတစ်ယောက်ဖြစ်ရာ ထိုသူသည် အနောက်နိုင်ငံ၌ ပေါ်ထွန်းသော ဟစ်ပနော်တစ်ဇင်ခေါ် စိတ်ညို့ခြင်းပညာနှင့် ဆိုက်ခစ်ခေါ် နာမ်ဝိဉာဉ်နှင့်ဆိုင်သော ပညာတို့ကိုလည်းကောင်း၊ ဗုဒ္ဓဘာသာ အဘိဓမ္မာကျမ်းမှ စိတ်စေတသိက်နှင့် ရုပ်တရားများ အကြောင်းကိုလည်းကောင်း တစ်ခုနှင့်တစ်ခု ယှဉ်တွဲလေ့လာခဲ့သဖြင့် အနောက်တိုင်းပညာနှင့် အရှေ့တိုင်းပညာတို့၏ ဆက်သွယ်ပုံများကို အထူးသဖြင့် ကျွမ်းကျင်နားလည်သူတစ်ယောက် ဖြစ်ခဲ့လေသည်၊ အနောက်တိုင်းသားများသည် လက်တွေ့နည်းဖြင့် လေ့လာရသော စိတ်ညို့ခြင်းပညာ၌ များစွာကျွမ်းကျင်ကြသည် မှန်သော်လည်း အဘိဓမ္မာကျမ်းကို ဖတ်ရှုလေ့လာခြင်း မရှိသဖြင့် အခြားသူတစ်ဦးတစ်ယောက်ကို မိမိတို့အလိုရှိတိုင်း ပြုလုပ်စေနိုင်ခြင်း တည်းဟူသော စိတ်ညို့ခြင်းအတတ်ထက် ပိုမို၍ စွမ်းဆောင်နိုင်ကြသည်မရှိကြချေ။ မြန်မာပြည်နှင့် သီဟိုဠ်ကျွန်း (သီရိလင်္ကာနိုင်ငံ)များ၌လည်း ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူတို့သည် အဘိဓမ္မာကျမ်းသက်သက်ကိုသာလျှင် လေ့လာကြသဖြင့် စိတ်စေတသိက်၊ ရုပ် စသည်တို့၌ ရုပ်တွက်ခြင်း၊ ဝီထိထိုးခြင်း စသည်ဖြင့် စိတ်၏အကြောင်း၊ ရုပ်၏အကြောင်းတို့ကို အနုစိတ်ဖြာ၍ သိကျွမ်း



ကြလည်ကြသည်မှန်သော်လည်း အခြားသူတစ်ဦးတစ်ယောက်၏ စိတ်ကို တစ်နည်းနည်းအားဖြင့် ထိခိုက်စေခြင်းတည်းဟူသော လက်တွေ့နည်းများ၌ တတ်ကျွမ်းနားလည်ကြခြင်း မရှိကြချေ။ ပရော်ဖက်ဆာ ဦးလွန်းဘေမှာမူ ထိုနက်နဲခက်ခဲလှသော ပညာရပ်နှစ်ခုလုံးကို တစ်ခုနှင့်တစ်ခု ဆက်စပ်၍ နှိုက်နှိုက်ချွတ်ချွတ် ချင့်ရှုပ်ချုံချုံ လေ့လာဆည်းပူးခဲ့သူတစ်ဦး ဖြစ်ရလေကား အံ့ဖွယ်သရဲရှိအောင် ထူးထဲဆန်းကြယ်လှသော အခြင်းအရာနှင့် တွေ့ကြုံခဲ့ရ၏။ ယခုရေးသားဖော်ပြလတ္တံ့သော အဖြစ်အပျက်မှာ အနောက်တိုင်းမှ လောကဓာတ်ဆရာကြီးများသော်လည်းကောင်း၊ အရှေ့တိုင်းမှ အဘိဓမ္မာ၌ တတ်ကျွမ်းသော ပုဂ္ဂိုလ်ကြီးများသော်လည်းကောင်း မကြားဖူး၊ မကြုံဖူးလောက်အောင် ထူးထွေဆန်းပြားလှသော အဖြစ်အပျက် ဖြစ်လေသည်။ ဦးလွန်းဘေမှာ ယူနီဘာစီတီ သိပ္ပံကျောင်းကြီး၌ ပရော်ဖက်ဆာ ဆရာကြီးတစ်ယောက်ဖြစ်သောကြောင့်လည်း လိုအပ်သော လက်နက်ကိရိယာများကို ကျောင်း၌ စုံလင်စွာ ရရှိနိုင်သဖြင့် ထိုကဲ့သို့ ပေါက်ရောက်အောင် လေ့လာလိုက်စားနိုင်ခြင်း ဖြစ်ပေသည်။

ဦးလွန်းဘေသည် ကြံ့လှိုသော အရေအသား၊ မြင့်မားသော အရပ်အမောင်းနှင့် နှာခေါင်းချွန်းချွန်း၊ မေးချွန်းချွန်းဖြင့် အစွန်းထွက်မတတ်ရှိသော မျက်နှာမျိုးရှိသည်ပြင် စူးရှထက်မြက်လှသော မျက်လုံးများလည်း ရှိရကား၊ ထိုသူကို မြင်ရခါမျှဖြင့် ထက်မြက်သော ဉာဏ်ရှိကြောင်း ထင်ရှားပေ၏။ ထိုသူသည် အရေအသားလိပ်သော နဖူးရှိ၍ အစဉ်မပြတ် မျက်မှောင်ကြုတ်ကာ နေတတ်သည်ဖြစ်သောကြောင့် ခက်ထန်သောစိတ်သဘောရှိသည်ဟု တွေးထင်တတ်ကြသည်မှန်သော်လည်း စင်စစ်မှာမူ ဦးလွန်းဘေသည် နူးညံ့သိမ်မွေ့သော စိတ်သဘော ရှိချေ၏။ သိပ္ပံကျောင်းသားများသည် ဦးလွန်းဘေအား ကြည်ညိုချစ်ခင်ခြင်းရှိကြ၍ ၎င်း၏ ထူးဆန်းသော ပြောဟောချက်များကို ဝိုင်းဝန်းကြားနာလေ့ရှိကြ၏။ ၎င်းပြောဟောချက်များမှာ ကျောင်း၌ လေ့ကျင့်ရသော သင်ခန်းစာများနှင့် မသက်ဆိုင်ချေ။ ဦးလွန်းဘေသည် စိတ်ညို့ခြင်းပညာကို လေ့ကျင့်ရာ၌ မိမိ၏တပည့်များကို အသုံးပြုလေ့ရှိသည်ဖြစ်ရာ ထိုဆရာကြီး၏ "ညို့"ခြင်းကို မခံဖူးသော တပည့်ကျောင်းသား ရှ၍မရှိချေ။

ဦးလွန်းဘေ၏ တပည့်များအနက် ဘီအေ စီနီယာအတန်းမှ မောင်တင်ဆွေဟူသော သူငယ်သည် ဆရာကြီး၏ နက်နဲသိမ်မွေ့သောပညာ၌ စိတ်အား အထက်သန်ဆုံး ဖြစ်လေ၏။ မောင်တင်ဆွေသည် မြေလတ်သားတစ်ယောက် ဖြစ်၍ ပျော်ရွှင်မှုအမျိုးမျိုးတို့၌ ကျောင်းသားများအနက်တွင် ခေါင်းဆောင်ကြီးတစ်ယောက်ဖြစ်လေရကား ဤမျှလောက် ပေါ့လျော့သော စိတ်သဘောရှိသူတစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်သည် ဆရာကြီးဦးလွန်းဘော၏ နက်နဲသိမ်မွေ့လှသော ပညာ၌ စိတ်အားထက်သန်ခြင်း ရှိရသည်ကို အခြားကျောင်းသားများက နားမလည်နိုင်အောင် ရှိကြ၏။ စင်စစ်သော်ကား မောင်တင်ဆွေသည် ဦးလွန်းဘော၏သမီး မအမာကို ချစ်ကြိုက်စုံမက်လျက် ရှိသည်ဖြစ်သောကြောင့် မအမာနှင့် မျက်နှာချင်းဆိုင်ခွင့် ရစေခြင်းငှာ ဦးလွန်းဘော ခိုင်းစေရာကို စိတ်ပါစွာနှင့် ဆောင်ရွက်လျက်ရှိခြင်း ဖြစ်လေသည်။ ဦးလွန်းဘောသည် စိတ်ညှို့ခြင်းနှင့်ဆိုင်သော ပညာကို လေ့ကျင့်ရာ၌ တပည့်တစ်ယောက်လိုသည်ဖြစ်ရာ မောင်တင်ဆွေအား မိမိ၏မနေအိမ်သို့ မကြာခဏ ခေါ်ငင်လေ့ကျင့်လေ့ရှိ၏။ မောင်တင်ဆွေကမူ မအမာကို တွေ့မြင်ခွင့်ရမည်ဆိုသော် တစ်နေ့အတွင်း အိမ်သို့ ၁၀ ကြိမ်လာဖို့ လိုလျှင်လည်း သွားရန်အဆင်သင့်ရှိ၏။ ထိုကဲ့သို့ ကြိမ်ဖန်များစွာ သွားရောက်ရလေလျှင် မောင်တင်ဆွေနှင့် မအမာတို့သည် သမီးရည်းစားအဖြစ်သို့တိုင် ရောက်ခဲ့ကြ၏။

မောင်တင်ဆွေသည် "သနားကမား" ရှိသော ရုပ်အဆင်းရှိသည့်ပြင် စက်ပိုင်တစ်ယောက်၏သားဖြစ်သောကြောင့် မည်သည့်မိန်းကလေးမဆို ရည်းစားတော်လိုကြမည် မှန်သော်လည်း ဦးလွန်းဘော၏ဇနီး ဆရာကတော် ဒေါ်မြရင်သည် မောင်တင်ဆွေနှင့် "မျက်နှာကြောမတည့်" သည်ဖြစ်သောကြောင့် အိမ်သို့ မောင်တင်ဆွေ လာရောက်သည့်အခါတိုင်း မျက်နှာတင်းတင်း ထားလေ့ရှိ၏။ ဒေါ်မြရင်က မိမိတို့၌ သမီးပျိုကလေးရှိပါလျက်နှင့် ကျောင်းသားမောင်တင်ဆွေကို အိမ်သို့ ခေါ်ခဲ့ရလေသလောဟု ဆရာကြီးအား မကြာခဏ မြည်တွန်တောက်တီးလေ့ရှိ၏။ စင်စစ်မှာ မောင်တင်ဆွေသည် ကျောင်းသားအရွယ်၌ပင် မူးယစ်သောက်စားခြင်းစသော ပျော်ရွှင်မှုတို့၌ ခေါင်းဆောင်တစ်ယောက် ဖြစ်လေရာ ဒေါ်မြရင်သည် ထိုအကြောင်းကို သတင်းသန့်သန့် ကြားရသည်နှင့် ထိုကဲ့သို့ ကန့်ကွက်ခဲ့ခြင်း ဖြစ်လေသည်။ တစ်နေ့သ၌ မောင်တင်ဆွေသည် အရက်နံ့ကလေး တသင်းသင်းနှင့် မြို့ထဲမှ ကျောင်းသို့ပြန်အလာ ကျောင်းအဝင်ဝတွင် ကျောင်းအုပ်ကြီးနှင့်တွေ့၍ ကျောင်းအုပ်ကြီး၏လက်ကို ဆွဲငင်ကာ နှုတ်ဆက်မည်ပြုရာတွင် ကျောင်းမှနှုတ်ပယ်ခြင်း ခံရလုမတတ် ဖြစ်ခဲ့ဖူးလေသည်။ ဦးလွန်းဘောမှာမူ ပညာကို လေးနက်စွာ ဆည်းပူးသူတို့၏ ထုံးစံအတိုင်း သမီးရေးကိုလည်း ဂရုမစိုက်၊ မိမိလေ့ကျင့်လျက်ရှိသော ပညာ၌ မောင်တင်ဆွေ၏ အသုံးဝင်ခြင်းကိုသာလျှင် နှစ်သက်သဘောတူလျက် ရှိနေ၏။

ဦးလွန်းဘောသည် ရုပ်နှင့်နာမ်တို့၏ ဆက်သွယ်ပုံအကြောင်းနှင့် စပ်လျဉ်း၍ နက်နဲသော အခြင်းအရာတစ်ခုကို နှစ်ပေါင်းများစွာ လေ့ကျင့်စုံစမ်းလျက်ရှိခဲ့၏။ လူတစ်ယောက်၏ နာမ်ဝိညာဉ်သည် ကိုယ်ကာယမှ တစ်ခဏတာမျှ ခွာထွက်ပြီးနောက် တစ်ဖန်ပြန်၍ ဝင်နိုင်စွမ်းလေသလောဟူသောအချက်ကို တစ်နေ့အတွင်းဘွင် အကြိမ်ပေါင်း ၁၀၀ မက မိမိကိုယ်ကို မိမိ မေးခွန်းထုတ်လျက်ရှိ၏။ ရောဂါအပြင်းဖမ်းသဖြင့် နှစ်မျောသွားသူတို့၏ နာမ်ဝိညာဉ်သည် ကိုယ်ကာယမှ ခွာထွက်သွားဟန် ရှိသည်မှန်သော်လည်း လူကောင်းတစ်ယောက်သည် ထိုကဲ့သို့ တမင်ပြုစွမ်းနိုင်ပါသလောဟူ၍ မကြာခဏ စဉ်းစားလေ့ရှိ၏။ နောက်ဆုံး၌ နာမ်နှင့်ရုပ်ကို ခွဲခြင်းသည် စင်စစ်အားဖြင့် သေခြင်းတစ်မျိုးပင် ဖြစ်သောကြောင့် စမ်းသပ်ရန်ကြောက်မက်ဖွယ်ရာ ကောင်းသည်မှန်သော်လည်း မည်သို့ပင်ဖြစ်စေ စမ်းသပ်၍ကြည့်မည်ဟု ဆုံးဖြတ်လိုက်၏။

ပရော်ဖက်ဆာဦးလွန်းဘောသည် တပည့်တစ်ယောက်ကို စိတ်ဖြင့် ညှို့ပြီးနောက် ထိုတပည့်အား အခြားသောအိမ်တစ်အိမ်၌ ဖြစ်ပျက်နေသော အဖြစ်အပျက်များကို ပြောပြရန် စေခိုင်းသောအခါ ထိုတပည့်သည် မှားယွင်းခြင်းမရှိဘဲ ပြောပြနိုင်၏။ ထိုကဲ့သို့ ပြောပြနိုင်ခြင်းမှာ စိတ်ညှို့ခြင်းခံရသော တပည့်၏ နာမ်ဝိညာဉ်သည် ၎င်း၏ကိုယ်ကာယမှ ထွက်ခွာ၍ ထိုအိမ်သို့ သွားရောက်ကြည့်ရှုသောကြောင့်သာလျှင် ဟုတ်မှန်သည်အတိုင်း ပြောပြနိုင်သည်ဟု အယူရှိ၏။ အခြားသော လောကဓာတ်ဆရာကြီးများကမူ နာမ်ဝိညာဉ်သည် ကိုယ်ကာယမှ ထွက်ခွာသွားနိုင်သည်ဟူသောအချက်ကို မကျေနပ်ကြချေ။ သို့ဖြစ်သောကြောင့် ပရော်ဖက်ဆာ ဦးလွန်းဘောက တပည့်မောင်တင်ဆွေကို ရှေးဦးစွာညှို့၍ မိမိကိုယ်ကိုလည်း မိညှို့ပြီးလျှင် နာမ်တရားအချင်းချင်းတွေ့ဆုံစေခြင်းအားဖြင့် စမ်းသပ်ပြမည်ဟူ၍ အဘော်ပြန်ကြေညာလိုက်၏။ နာမ်နှစ်ခုသည် ရုပ်မှထွက်ခွာပြီးနောက် အချင်းချင်းတွေ့ဆုံနိုင်ခြင်းမှာ လောကဓာတ်ပညာ၌ မကြားဖူးအောင် ဆန်းကြယ်လှသည်ဖြစ်သောကြောင့် သိပ္ပံကျောင်း၌ရှိသော ဆရာကြီးများသာလျှင်မက အစိုးရအမှုထမ်းများဖြစ်ကြသော လောကဓာတ်ပညာဘက်ဆိုင်ရာ ဆရာကြီးများသည် ချိန်းဆိုထားသောနေ့၌ သိပ္ပံကျောင်းသို့ စုရုံးလာရောက်ကြလေ၏။ ချိန်းဆိုထားသောနေ့ရက်မတိုင်မီ နှစ်ရက်ခန့်၌ မောင်တင်ဆွေသည် မိမိရပ်ရွာမှ မန်နီအော်ဒါဆိုက်ရောက်လာသောကြောင့် မြို့ထဲသို့အလည်အပတ် ထွက်သွား၍ ခပ်ယိုင်ယိုင်နှင့် ကျောင်းသို့ပြန်လာရာ လမ်းခရီးတွင် ဦးလွန်းဘောနှင့်တွေ့လေ၏။ ဦးလွန်းဘောကမူသည် မောင်တင်ဆွေ၏ နာမ်ရုပ်ကို တခြားစီဖြစ်အောင် ခွဲခွာပြသမည်ဟု ကြေညာထားကြောင်းနှင့် ပြောပြရာတွင် မောင်တင်ဆွေက နာမ်နှင့်ရုပ်ကို ခွဲခွာခြင်းဆိုသည်မှာ သေခြင်းနှင့်အတူတူဖြစ်ကြောင်း၊ အကယ်၍ မိမိ၏ နာမ်နှင့်ရုပ်များ ခွဲခွာရာမှ တစ်ဖန်ပြန်၍ မပူးပေါင်းမိဘဲ အစဉ်အမြဲ ခွဲခွာသွားကြပါက မိမိမှာ မှူးများချေတော့မည်ဖြစ်ကြောင်း၊ သို့ဖြစ်သောကြောင့် ထိုစမ်းသပ်ခြင်းကို မိမိ

www.burmeseclassic.com



သဘောမတူနိုင်ကြောင်းနှင့် ငြင်းဆန်ပြောဆိုလေ၏။ ထိုအခါ ဆရာကြီးဦးလွန်းဘောသည် မိမိတို့ စမ်းသပ်မည့်အကြောင်းကို အနှံ့အပြား ကြော်ငြာထားပြီး ဖြစ်ပေကြောင်း၊ အကယ်၍ မောင်တင်ဆွေက နောက်ဆုတ်ခဲ့ပါမူ မိမိမှာ အကြီးအကျယ် အရှက်ကွဲဖွယ်ရာရှိကြောင်း၊ သို့ဖြစ်၍ မည်သည့်နည်းနှင့်မဆို မောင်တင်ဆွေက စမ်းသပ်ခြင်း ခံထိုက်ကြောင်း၊ ထို့အတွက် အဖိုးအခ လိုခဲ့ပါလျှင် မိမိက ပေးရန်အဆင်သင့်ရှိကြောင်းနှင့် ပြောလေ၏။ ထိုအခါ မောင်တင်ဆွေမှာ ဟိုတယ်မှ ရဲဆေးတင်ခဲ့သည်ဖြစ်သောကြောင့် ရှက်ရွံ့သောစိတ် မရှိသည်ဖြစ်ရကား မိမိကျောင်းမှ ထွက်သောအခါတွင် မအေးနှင့် ထိမ်းမြားလက်ထပ်ရန် သဘောတူညီခဲ့ပါက ခိုင်းစေသည့်အတိုင်း ပြုလုပ်မည်ဖြစ်ကြောင်း၊ သို့တည်းမဟုတ်ခဲ့လျှင် ငွေတစ်သောင်းကိုပင် ပုံ၍ပေးစေကာမူ မလုပ်နိုင်ကြောင်းနှင့် ပြန်၍ပြောလေ၏။ ဦးလွန်းဘောက မိမိ၏သမီးက သဘောတူပါလျှင် ပေးစားမည်ဖြစ်ကြောင်းနှင့် ကတိထားလေရာ မောင်တင်ဆွေသည် မအေးမှာ၏သဘောကို သိပြီးဖြစ်သောကြောင့် စမ်းသပ်ခြင်းခံရန် သဘောတူလိုက်လေ၏။

ချိန်းဆိုသောနေ့ရက်သို့တိုင် ရောက်သောအခါ လောကဓာတ်ပညာဘက်ဆိုင်ရာ အရာရှိကြီးများသာလျှင်မက အထူးအဆန်းတွေ့မြင်လိုသော သဘောနှင့် လာရောက်ကြသော လူကြီးလူကောင်း အမြောက်အမြားတို့သည် သိပ္ပံကျောင်းရှိ အခန်းမကြီးအတွင်းတွင် ပြည့်နှက်လျက်ရှိကြလေ၏။

ပရော်ဖက်ဆာ ဦးလွန်းဘောနှင့် မောင်တင်ဆွေတို့သည် စင်မြင့်ပေါ်သို့ တက်ကြသောအခါတွင် ပရိသတ်များသည် လက်ခုပ်လက်ဝါးတီးကာ ဩဘာပေးကြလေကုန်၏။ ဦးလွန်းဘောက မိမိနှင့် တပည့်မောင်တင်ဆွေတို့သည် ရုပ်ခွဲနာမ်ခွဲ ပညာအကြောင်းကို ထူးဆန်းသောနည်းလမ်းဖြင့် ပြသကြမည်ဖြစ်ကြောင်း၊ မိမိက မောင်တင်ဆွေကို ရှေးဦးစွာညှို့၍ မိမိကိုယ်ကို မိမိညှို့ပြီးလျှင် နာမ်ဝိညာဉ်နှစ်ခုတို့သည် ကိုယ်ကာယအပြင်ပ၌ တွေ့ဆုံကြမည်ဖြစ်ကြောင်း၊ ထို့နောက် သဘာဝခန္ဓာအလျောက် တစ်ဖန် သတိရလာသောအခါတွင် မိမိတို့၏ အဖြစ်အပျက်ကို ပြန်ပြောင်းပြောပြမည်ဖြစ်ကြောင်းနှင့် ပြောရာတွင် ပရိသတ်တို့လည်း ဆူညံစွာ ဩဘာပေးကြလေကုန်၏။

၎င်းနောက် ဦးလွန်းဘောသည် ကုလားထိုင်ပေါ်တွင် ထိုင်လျက်ရှိသော မောင်တင်ဆွေ၏ ရှေ့၌ ထုံးစံအတိုင်းရပ်လျက် မောင်တင်ဆွေ၏မျက်နှာကို လက်များဖြင့် မထိစေဘဲ သပ်၍ချလေရာ မကြာမီ မောင်တင်ဆွေသည် တောင့်တင်းသော အဖြစ်သို့ ရောက်သွားလေ၏။ ထို့နောက် ဦးလွန်းဘောသည် ကုလားထိုင်ပေါ်တွင်ထိုင်၍ အင်္ကျီအိတ်ထဲမှ ဖန်လုံးတစ်ခုကို ထုတ်ပြီးလျှင် ၎င်းကို စေ့စေ့ပါ



အောင် စိုက်၍ကြည့်ရာတွင် မောင်တင်ဆွေ၏နည်းတူ တောင့်တင်းသောအဖြစ်သို့ ရောက်သွားလေ၏။ ဆရာတပည့်နှစ်ယောက်တို့သည် စင်မြင့်ပေါ်တွင် ကုလားထိုင်တစ်လုံးစီ၌ တောင့်တင်းငြိမ်သက်စွာ ရှိနေကြရာ ၎င်းတို့ နာမ်ဝိညာဉ်များသည် အဘယ်အရပ်သို့ ရောက်နေလေသနည်းဟု ပရိသတ်များ၏ စိတ်ထဲ၌ တွေးတောကာ စိုက်ငေးလျက် ကြည့်နေကြလေ၏။

ငါးမိနစ်၊ ဆယ်မိနစ်၊ ဆယ့်ငါးမိနစ်၊ နာရီတစ်ဝက်ခန့်မျှ ကြာသည်တိုင်အောင် ဆရာတပည့်နှစ်ယောက်တို့သည် ကုလားထိုင်ပေါ်တွင် ငြိမ်သက်စွာထိုင်လျက်ရှိနေကြ၏။ ထိုအတောအတွင်း ပရိသတ်များသည် စကားတစ်ခွန်းမျှမပြောဘဲ ဆရာတပည့်နှစ်ယောက်တို့ သတိရလာသည့်အဖြစ်ကို စောင့်ဆိုင်းစိုက်ငေးကာ ကြည့်နေကြလေ၏။ တစ်နာရီခန့်မျှ ကြာသောအခါ ပရော်ဖက်ဆာ ဦးလွန်းဘော၏ မျက်နှာသည် ဖြူဖပ်ဖြူလျော် ရှိနေရာမှ နီမြန်းလာသောအဖြစ်သို့ တဖြည်းဖြည်းတိုင် ရောက်လာလေရာ နာမ်ဝိညာဉ်နှင့် ကိုယ်ကာယသည် ပူးပေါင်းစပြုလာကြောင်း ထင်ရှားလာလေ၏။ ၎င်းနောက် ဦးလွန်းဘောသည် အိပ်ရာမှနိုးလာသောလူတစ်ယောက်ကဲ့သို့ လက်ခြေများကို ဆန့်တန်း၍ ထိုင်ရာမှထပြီးလျှင် ထိုမှဤမှ ငေးမျှော်ကြည့်ရှုပြီးမှ "ဘာများဖြစ်ပါလိမ့် အောက်မေ့တယ်၊ လက်စသတ်တော့ ရုပ်ခွဲနာမ်ခွဲ လုပ်နေကြတာပါတကား။ ဘာမှမဖြစ်ဘူးဗျို့၊ ဘာမှ မမှတ်မိဘူး၊ ခင်ဗျားတို့လာရတာ·အလကားဖြစ်တာပဲ၊ ခဲလေသမျှ သဲရေကျဖြစ် လိုက်လေဗျာ။ ဟီဟိ ဟီဟိ" ဟု ပြောဆိုရယ်မောလေလျှင် ပရိသတ်တို့သည် အံ့အားသင့်လျက်ရှိနေကြလေ၏။ အကြောင်းမူကား ဣန္ဒြေကြီးလှသော ပရော်ဖက်ဆာ ဆရာကြီးတစ်ဦးသည် ထိုကဲ့သို့ ကလေးကလားရယ်လားမောလား ပြုလုပ်လိမ့်မည်ဟု အဘယ်သောအခါမျှ မထင်မှတ်မိကြပေသောကြောင့်တည်း။ ပရိသတ်တို့သည် ပရော်ဖက်ဆာ ဆရာကြီး၏ အမူအရာကို စက်ဆုပ်ကြသည့်ပြင် ၎င်းပြောသော စကားများမှာလည်း လူကြီးမပီ၊ လောကဝတ်နည်းရာ ရောက်သောကြောင့် မကျေနပ်ကြသော အမူအရာနှင့် ဆူညံစွာ ပြစ်တင်ပြောဆိုကြမည်ပြုသည်တွင် မောင်တင်ဆွေသည် သတိရလာ၍ ထိုင်ရာမှထပြီးလျှင် "သည်းခံကြပါ မိတ်ဆွေများခင်ဗျား၊ ဆရာမှာ သတိရလာသော်လည်း စိတ်ညှို့ခြင်း၏ အရှိန် မပြေပျောက်သေးသောကြောင့် ပြောမိပြောရာ ပြောဆိုခြင်းကြောင့် ဖြစ်ပါတယ်။ ကျွန်တော်တို့ ယခုစမ်းသပ်ခြင်းကိစ္စဟာလည်း အထမမြောက်ဘူးဟူ၍ မဆိုထိုက်ပါ။ စင်စစ်အားဖြင့် ကျွန်တော်တို့၏ နာမ်ဝိညာဉ်နှစ်ခုသည် တွေ့ဆုံခဲ့ကြတဲ့ လက္ခဏာရှိပါတယ်။ သို့သော် ရုပ်တရားဖြစ်သောဦးနှောက်သည် နာမ်ဝိညာဉ်အချင်းချင်းတို့၏ တွေ့ဆုံခြင်းကို မှတ်သားခြင်းငှာ မတတ်စွမ်းနိုင်သည့်အတွက် ပြန်ပြောခြင်းငှာ ခဲယဉ်း

www.burmeseclassic.com



နိုင်ဘဲ ရှိဟန်တူပါသည်။ နာမ်ဝိညာဉ်တို့၏ တွေ့ဆုံခြင်းကို မှတ်သားမိစေဖို့ နည်းလမ်းကို ကျွန်တော် စုံစမ်းရှာဖွေပါဦးမည်။ အထမြောက်သောအခါမှ မိတ်ဆွေများကို တစ်ဖန်ဖိတ်ကြား၍ နောက်တစ်ကြိမ် ပြသပါဦးမည်"ဟု ပြောပြလေ၏။ ပရိသတ်များမှာ ကျောင်းသားတစ်ယောက်က ဤမျှ လေးလေးနက်နက် ခြေခြေမြစ်မြစ် ပြန်ပြောခြင်းကို ကြားကြရသောအခါ များစွာအံ့သြကြ၍ အချို့ အရာရှိကြီးများကမူ ကျောင်းသားတန်မဲ့လျက် ဟန်ကြီးပန်ကြီးစကားပြောသည်ဟူ၍ စိတ်ဆိုးဟန်ရှိကြ၏။ ထိုအတောအတွင်း ဆရာကြီး ဦးလွန်းဘောမှာမူ မိမိ၏ စမ်းသပ်ခြင်း အထမမြောက်သည့်အ ကြောင်းကြောင့် အနည်းငယ်မျှ စိတ်ရှုပ်ထွေးခြင်း ဖြစ်မည်ဟန်မရှိသည့်ပြင် ဟက်ဟက်ပက်ပက် ရယ်မောကာပင် ရှိနေလေရကား များစွာသောသူတို့သည် တပည့်ကျောင်းသားကို ချီးမွမ်း၍ ဆရာဦးလွန်းဘောကို ရှုတ်ချပြောဆိုလိုကြ၏။

ပရိသတ်များသည် မိမိတို့မျှော်လင့်ချက် မပြည့်စုံလေဟန်နှင့် စိတ်ပျက်ကာ ထွက်သွားကြသော်လည်း စင်စစ်မှာမူကား မကြားဖူး၊ မကြုံဖူးလောက်အောင် ထူးဆန်းလှသော အခြင်းအရာတစ်ခုသည် ၎င်းတို့မျက်စိအောက်၌ပင် ဖြစ်ပွားခဲ့လေပြီ။ အကြောင်းကိုဆိုသော် ဦးလွန်းဘောနှင့် မောင်တင်ဆွေတို့၏ နာမ်ဝိညာဉ်များသည် ကိုယ်ကာယအသီးသီးမှ ထွက်ခွာကြပြီးနောက် ပြန်၍ဝင်သောအခါ၌မူကား မှားယွင်းခြင်းဖြစ်ခဲ့ချေ၏။ ဦးလွန်းဘော၏ နာမ်ဝိညာဉ်သည် မောင်တင်ဆွေ၏ ကိုယ်ကာယသို့ဝင်မိ၍ မောင်တင်ဆွေ၏ နာမ်ဝိညာဉ်မှုကား ဦးလွန်းဘော၏ ကိုယ်ကာယသို့ ဝင်ခဲ့မိချေပြီ။ သို့ဖြစ်သောကြောင့် မောင်တင်ဆွေသည် လေးနက်သော စကားများကို ပြောဆို၍ ဦးလွန်းဘောသည် ကြမ်းကြုတ်စွာ တိုင်ထွာခြင်း အမူကိုပြုခဲ့ခြင်းဖြစ်လေသည်။ သို့ရာတွင် ထိုအခြင်းအရာကို ပရိသတ်များလည်းမသိ၊ ကာယကံရှင်နှစ်ယောက်တို့ ကိုယ်တိုင်လည်း မသိကြချေ။

ယင်းသို့ဖြစ်ရကား ဦးလွန်းဘော၏ ကိုယ်ကာယသည် အာခြောက်သည် ဟုသဘောရ၍ အခန်းတွင်းမှ ထွက်လာပြီးလျှင် အနီးဆုံးဖြစ်သော ဘီယာဆိုင်သို့ ရှေးရှုထွက်သွားလေ၏။ အတွင်း၌ရှိသော နာမ်ဝိညာဉ်မှာမူကား မောင်တင်ဆွေ၏ နာမ်ဝိညာဉ်ဖြစ်သောကြောင့် အလွယ်တကူနှင့် မိန်းမတစ်ယောက် ရချေတော့မည့် အကြောင်းကို မျှော်တွေးကာဖြင့် အလွန်တရာ အူရှင်စွာနှင့် ဘီယာဆိုင်သို့ ဝင်သွားလေ၏။ ဆိုင်အတွင်း၌မူကား အခြားကျောင်းသား လေးငါးယောက်တို့သည် ဘီယာသောက်လျက် ရှိနေကြ၏။ ဦးလွန်းဘော၏ကိုယ်နှင့် မောင်တင်ဆွေ၏ နာမ်ဝိညာဉ် တွဲနေသောသူသည် ဆိုင်တွင်းသို့ ဝင်သွား၍ အံ့သြစွာနှင့် ငေးမောကြည့်နေသော ကျောင်းသားများကို မြင်ရာတွင် ဦးလွန်းဘောက 'ကြိတ်လိုက်ကြ မော



ကြို့ အားမနာကြနဲ့၊ မောင်တို့ သောက်သမျှ ကျုပ်တာဝန်ရှိပစေ၊ ဒီကနေ့တော့ ကျုပ်အတူး အူရှင်လာတယ်။ သောက်ချင်တိုင်း သောက်ကြ၊ ကျုပ်ပိုက်ဆံဆေးမယ်'

ကျောင်းသားများမှာ မိမိတို့ ကြည်ညိုရိုသေခဲ့ကြသော ဆရာကြီးတစ်ဦးတစ်ယောက်က ဤကဲ့သို့ ပြောဆိုသည်ကို ကြားကြသောအခါတွင် ကမ္ဘာပျက်ခြင်း၏ အထိမ်းအမှတ်ပေလောဟု အံ့သြစွာနှင့် တစ်ယောက်မျက်နှာကို တစ်ယောက်ငေးကာ ကြည့်နေကြလေ၏။ ဆိုင်းဘုတ်၌ ရေးထားသော ကုလားရုပ်သည် ဆိုင်းဘုတ်မှ ဆင်းလာ၍ မိမိတို့နှင့်အတူထိုင်ကာ ဘီယာသောက်နေခဲ့လျှင် ကျောင်းသားများသည် ထိုထက်ပို၍ အံ့သြနိုင်ကြတော့မည်မဟုတ်ချေ။ ကျောင်းသားများသည် အံ့သြလွန်းအားကြီးလှသည်ဖြစ်၍ စကားမပြောနိုင်ဘဲ ကြောင်တောင်ငေးလျက် ရှိနေကြရာတွင် ဦးလွန်းဘောက 'ကိုရင်တို့က ဘာကြောင့် ကျုပ်ကို ကြောင်တောင်ငေးပြီး ကြည့်နေကြတာလဲ၊ ပြောစမ်း၊ ဘာကြောင့်လဲ'

ကျောင်းသားတစ်ယောက်။ ။'ကျွန်တော်တို့ကို ဒီလိုအရောတဝင် ခေါ်ငင်ပေါင်း သင်းလိမ့်မယ်လို့ မမျှော်လင့်မိလို့ပါ'

ဦးလွန်းဘော။ ။'အောင်မယ် ကျုပ်က ဟိုလူကြီးတွေရှေ့မှာ စိတ်ညို့တာတွေဘာတွေ လုပ်ပြလေတော့ ကိုရင်တို့ကို အဖက်မလုပ်တော့ဘူးလို့ ထင်နေကြလို့လား။ ကျုပ်က ဘယ်တော့မှ စိတ်ကြီးဝင်တတ်တဲ့အကောင် မဟုတ်ဘူး၊ ကိုင်း သောက်ကြစားကြ၊ ပျော်ကြစမ်း၊ စိတ်ထင်တိုင်း ပျော်ကြစမ်း၊ ကျုပ်ဒီကနေ့ အားကြီးအူရှင်တယ်။ အူရှင်ဖို့အကြောင်းရှိတာကိုး ဆရာတို့ရဲ့'

ထိုအတောအတွင်း၌ ဦးလွန်းဘောသည် ဘီယာများကို တစ်ခွက်ပြီးတစ်ခွက်သောက်၍ ကျောင်းသားများအားလည်း သောက်ကြစေရန် တိုက်တွန်းလေရာ ကျောင်းသားများလည်း နောက်ဆုံး၌ ရွံ့ကြောက်ခြင်းပြေပျောက်၍ ဆရာနှင့်အတူ သောက်စားကြလေ၏။ ဦးလွန်းဘောမှာမူ အရှိုင်းဖြစ်လေရကား ဘီယာသုံးခွက်မျှ သောက်မိသောအခါတွင် ကခြင်း၊ ခုန်ခြင်း၊ သီချင်းဆိုခြင်းမှ စ၍ အရက်မူးခြင်း၏ အထိမ်းအမှတ်များကို ပြစပြုလေရာ ကျောင်းသားများသည် တခစ်ခစ်ရယ်မောလျက် ရှိနေကြ၏။

ကျောင်းသားတစ်ယောက်။ ။'အူရှင်တဲ့အကြောင်း ကျွန်တော်တို့ မသိရဘူးလား'

ဦးလွန်းဘော။ ။'ပြောပြမယ်၊ ပြောပြမယ်၊ စိတ်ချ၊ ကျုပ်ပြောပြမယ်'

ကျောင်းသားများ။ ။'နားထောင်ကြ၊ အားလုံးနားထောင်ကြ။ ငါတို့ဆရာကြီး စကားပြောလိမ့်မယ်'

ဟု သံပြိုင်အော်ဟစ်ကာ စားပွဲကို လက်သီးများနှင့် ထုကြသော်၊

www.burmeseclassic.com

www.burmeseclassic.com



ဦးလွန်းဘော။ ။'အရှင်ဆို ဒီလို ငါ့လူများရဲ့၊ ကျုပ် မိန်းမယူတော့မယ်။ လူပျိုမျက်နှာကို ဒီတစ်ခါ ငါ့လူများ ဝအောင်ကြည့်လိုက်ကြ မောင်တို့'

တစ်ယောက်။ ။'အလို ဆရာကတော် သေလို့လားခင်ဗျာ'

ဦးလွန်းဘော။ ။'ဘယ်က ဆရာကတော်လဲ'

တစ်ယောက်။ ။'ဒေါ်မြရင်လေ'

ဦးလွန်းဘော။ ။'ငါ့လူတွေက လူပါးတွေကိုး၊ ဒီအဘွားကြီး ဝင်ရှုပ်နေတာကို ရိပ်မိကြတယ် ဟုတ်စ၊ ဒေါ်မြရင်တော့ မသေဘူး၊ သို့သော် ကျုပ်တို့ လက်ထပ်ရေးကို ဒေါ်မြရင် မနှောင့်ယှက်တော့ဘူး ငါ့လူများရဲ့'

တစ်ယောက်။ ။'စိတ်သဘောထား ကြီးရင့်ပါပေ့ခင်ဗျာ'

ဦးလွန်းဘော။ ။'ဟိုတုန်းက မကြီးလှဘူး၊ ခုမှ ကြီးရမှာ ငါ့လူရဲ့။ ဟိုတုန်းက သူက ကျုပ်ကို ဘယ်တော့မှ မျက်နှာကြောမတည့်ဘူး။ အခုတော့ ကျုပ်တို့လင်မယားနဲ့တောင် သူက အတူလိုက်ပြီးနေချင်နေဦးမယ်'

တစ်ယောက်။ ။'နေရာကျလိုက်ပါပေ့ခင်ဗျာ'

ဦးလွန်းဘော။ ။'ဘာပြောကောင်းမလဲ မိတ်ဆွေတို့၊ မင်္ဂလာဆောင်ကော ငါ့လူများအားလုံး ဖိတ်ရမယ်။ လာဖြစ်အောင် လာကြနော်'

အားလုံး။ ။'စိတ်ချပါခင်ဗျာ'

ဦးလွန်းဘော။ ။'သောက်ကြ၊ စားကြ၊ ပျော်ပါးကြကွယ့်၊ သောက်ကြ၊ စားကြ၊ ပျော်ပါးကြကွယ့်'

ဦးလွန်းဘောသည် ဘီယာများကို ထပ်လောင်းမှာယူ၍ ကျောင်းသားများနှင့်အတူ ပျော်ရွှင်စွာ သောက်စားလျက်ရှိနေစဉ် အခြားသောရပ်ကွက်၌ ထူးဆန်းသော အခြင်းအရာများဖြစ်ပွားပေါ်ပေါက်လျက် ရှိနေလေ၏။

ဦးလွန်းဘော၏ နာမ်ဝိညာဉ်ကိန်းအောင်းလျက်ရှိသော မောင်တင်ဆွေသည် ပရိသတ်များပြန်သွားကြသောအခါ ဣန္ဒြေကြီးလှသော မျက်နှာထားနှင့် ကျောင်းဝင်းပြင်သို့ ထွက်လာ၍ ပရော်ဖက်ဆာ ဦးလွန်းဘော၏ အိမ်ဆီသို့ ရှေးရှုလျှောက်လာလေ၏။ ဝင်းပေါက်သို့ ရောက်သောအခါတွင် ရက္ခဗေဒဆရာ မစ္စတာနော်တင်နှင့်တွေ့၍ မောင်တင်ဆွေသည် ပရော်ဖက်ဆာနော်တင်၏ ပခုံးကို ပုတ်လျက် အင်္ဂလိပ်ဘာသာဖြင့် 'အိုင်ဆေးနော်တင်၊ ခင်ဗျား တစ်နေ့က မေးထားတဲ့ အင်ကြင်းဝတ်ဆံနီအကြောင်းကို ကျုပ် စုံစမ်းကြည့်တယ်၊ အင်ကြင်းပင်ဆိုတာ...

နော်။ ။'ဂိုးတူဟဲလ်၊ တယ် စော်ကားရိုင်းပျတဲ့ လူတစ်ယောက်ပါတကား။ ကျောင်းအုပ်ကြီးကို ကျုပ်တိုင်မယ်၊ သတိထားလိုက်'



ဟု ပြော၍ ထွက်သွားလေ၏။

မောင်တင်ဆွေသည် အံ့ဩသောမျက်နှာထားနှင့် ငေးမျှော်ကြည့်နေရာမှ "ဒီကနေ့ကိစ္စကြီး လျှော်သွားတဲ့အတွက်ကြောင့် ငါ့ကို လူဖက်မလုပ်ချင်ကြဘူး ထင်တယ်" ဟု ညည်းညူကာ ဦးလွန်းဘော၏ ဝင်းတွင်းသို့ ဝင်မည်ပြုလေ၏။ ထိုအခါ၌ ကျောင်းသားနှစ်ယောက်တို့ လျှောက်လာကြ၍ မောင်တင်ဆွေကို မြင်သောအခါတွင် ရိုသေစွာနှုတ်ဆက်ခြင်းမပြုဘဲ ရွှင်မြူးသောအမူအရာနှင့် မောင်တင်ဆွေ၏လက်များကို တစ်ယောက်တစ်ဖက် ကိုင်ဆွဲကာ ခေါ်ကြလေ၏။

ဆွေ။ ။'ဟေ့ကောင်တွေ၊ မင်းတို့ တယ်စော်ကား ရိုင်းပျလှချေတကား၊ မင်းတို့ ငါ့ကို ဘယ်ခေါ်ကြမလို့လဲ'

တစ်ယောက်။ ။'စတိုင်ထုတ်မနေစမ်းပါနဲ့၊ လာပါ။ ဘီယာသွားကြိတ်ချေရအောင်'

ဆွေ။ ။'ဟေ့ကောင်ကလေးတွေ လွှတ်၊ ငါ့လက်ကိုမကိုင်ကြနဲ့။ မင်းတို့ တယ်ပြီး မိုက်ရိုင်းပါတကား။ လွှတ် လွှတ်၊ ချက်ချင်းလွှတ်လိုက်'

ဟု ပြောဆိုကာ ကန်ကျောက်ဖယ်ရှန်းသောအခါ ကျောင်းသားများက တယ်မောက်မာတဲ့ လူပါတကား၊ သွားရောကွာ' ဟု တွန်းလွှတ် လွှတ်လိုက်ကြလေ၏။

ဦးလွန်းဘော၏ နာမ်ဝိညာဉ်ကိန်းအောင်းလျက်ရှိသော မောင်တင်ဆွေက နေနှင့်ဦး၊ မင်းတို့နှစ်ယောက်ကို ကျောင်းအုပ်ကြီးကို တိုင်ဦးမယ်' ဟု ခြိမ်းခြောက်ပြီး စိတ်ထဲ၌ မကျေမနပ်ဖြစ်လျက် မိမိ၏နေအိမ်အထင်နှင့် ဦးလွန်းဘော၏ အိမ်ထဲသို့ ဝင်လာခဲ့လေ၏။

မိမိ၏လင်ယောကျ်ား ထမင်းစားပြန်ချိန် နောက်ကျသဖြင့် အိမ်ပေါက်မှ မျှော်လင့်စောင့်ဆိုင်းလျက်ရှိသော ဆရာကတော် ဒေါ်မြရင်သည် မောင်တင်ဆွေ ဝင်လာသည်ကိုမြင်သောအခါ၌ များစွာ အံ့ဩမိ၏။ ဒေါ်မြရင်သည် မောင်တင်ဆွေကို မျက်နှာကြောမတည့်ဘဲ ရှိခဲ့ရာ အခါတိုင်းမှာမူ ဦးလွန်းဘောနှင့်အတူ ပါလာသောကြောင့်သာလျှင် မပြောသာမဆိုသာသောကြောင့် အောင့်အည်း၍ သည်းခံနေခြင်းဖြစ်၏။ မောင်တင်ဆွေသည် ဝင်းတံခါးကိုပိတ်လျက် အိမ်ရှင်တစ်ယောက်၏ အနေဖြင့် အိမ်ထဲသို့ ပိုင်ပိုင်နိုင်နိုင် ဝင်လာသည်ကိုမြင်ရသောအခါ ဒေါ်မြရင်မှာ သာ၍ပင် အံ့ဩလျက်ရှိနေ၏။ နေအိမ်အပေါ်ထပ်ရှိ ပြတင်းပေါက်မှ စောင့်မျှော်ကြည့်ရှုလျက်ရှိသော မအမာသည်လည်း ရည်းစားသည်၏ ရဲရင့်သော အမူအရာကို တွေ့မြင်ရသောအခါ 'ဘုရား၊ ဘုရား' နှင့် အံ့အားသင့်လျက်ကြည့်နေ၏။

www.burmeseclassic.com



မောင်တင်ဆွေသည် ပက်လက်ကုလားထိုင်တစ်လုံးပေါ်သို့ ပစ်လှဲလျက် 'ထမင်းမြန်မြန်ခူးကြကွယ်တို့၊ ဆာလိုက်တာကွယ်။ အမာတစ်ယောက်ကော'

ရင်း။ ။'အလို၊ ဘုရားရေ။ ထမင်းခူးကြကွယ်တို့ တဲ့'

ဆွေ။ ။'ဟုတ်ပါတယ် မြရဲ့၊ မြန်မြန်လုပ်ပါ။ မျက်လုံးကြီးကြောင်သားနဲ့ ဘာငေးနေရတာလဲ။ ဆာပါတယ်ဆို မြန်မြန်လုပ်ပါကွယ့်။ ဘာပဲရှိရှိ ရှိတာနဲ့ပဲ ခူးကျွေးစမ်းပါ။ ငါးပိရည်နဲ့ တို့စရာကလေးရလျှင် တော်ပါပြီ။ မြန်မြန်စားရတာလိုရင်းပါပဲ၊ ဆာလှပါပြီ။ ခူးပါဆို ဘာကြောင့် လူကို ငေးကြည့်နေရတာလဲ မြရင်ရဲ့'

ရင်း။ ။(အံ့သြလွန်းအားကြီးသဖြင့် မျက်လုံးများ ပေါက်ထွက်မတတ်ပြူးလျက်) 'တယ်စော်ကားပါတကား၊ ဟင်း လူကို မြရင်တွေ ဘာတွေနဲ့...'

ဆွေ။ ။'ဟော့ မိန်းမ၊ နာချင်ပြီမှတ်တယ်။ မင်းကို မြရင်မခေါ် ဘယ့်နှယ်ခေါ်ရဦးမှာလဲ။ ချက်ချင်း ထမင်းခူးမလား မခူးဘူးလား'

ဟု ပြောကာ လက်သီးလက်မောင်းတန်းလေလျှင် ခေါ်မြရင်သည် ကြောက်အားလန့်အားနှင့် အခန်းပြင်သို့ ထွက်ပြေးလေ၏။

ဆွေ။ ။'အမာ၊ ဟဲ့အမာ... ဒီကောင်မလေးက ဘယ်ပျောက်နေရပြန်သလဲ'

အမာသည် ကြောက်ကြောက်ရွံ့ရွံ့နှင့် အိမ်ပေါ်မှပြေးဆင်းလာ၍ မောင်တင်ဆွေ၏အနီးသို့ ချဉ်းကပ်ပြီးလျှင် 'ကိုကိုက တယ်ပြီးဉာဏ်များတဲ့လူတစ်ယောက်ပဲ။ ကျွန်မနဲ့ တွေ့ရအောင်လို့ ဉာဏ်နီတစ်မျိုး ထုတ်တာပေါ့လေ'

ဆွေ။ ။'အလို၊ ဒင်းက ငါ့ကို ကိုကိုလေး ဘာလေးနဲ့။ ဟဲ့ကောင်မလေး နင်ဘယ်တော့များ ငါ့ကို မလေးမစား ဒီလိုခေါ်ရဖူးလို့လဲ ဟဲ့။ ဟော့ သေချင်ပြီလား၊ ရိုက်ရမလား၊ နက်ရမလား'

စသည်ဖြင့် ကြိမ်းမောင်းလေလျှင် မအမာမှာ ကုလားထိုင်ပေါ်မှာ ပစ်လှဲ့ကာ အကြောင်သား ငေး၍ကြည့်နေလေ၏။

ဆွေ။ ။'ငါ ဒီကနေ့ ဘယ့်နှယ်ဖြစ်ရတယ်လို့ ပြောပဲမပြောတတ်ပါဘူး။ ပရိသတ်ရှေ့မှာလည်း အရှက်ကွဲခဲ့ရပြီ၊ ပရော်ဖက်ဆာနော်တင်ကလည်း အဖက်မတန်သလို လုပ်သွားပြီ၊ ကျောင်းသားနှစ်ယောက်ကလည်း ပမာမခန့်လုပ်သွားပြီ၊ မယားလုပ်တဲ့လူကလည်း ကြောင်တောင်ငေးကြည့်ပြီး ထွက်ပြေးသွားပြီ၊ အခုအခါ သမီးလုပ်တဲ့ဟာက မထီလေးစား လုပ်နေပြန်ပြီ'

'ကိုကို အရက်မူးလျှင် မလာခဲ့ပါနဲ့လို့ ကျွန်မ အထပ်ထပ်မှာထားတယ်မဟုတ်လား'

ဆွေ။ ။'သယ် ငါ ဘယ်တော့ အရက်သောက်ဖူးလို့လဲ ကောင်မကလေးရဲ့၊



ငါ့အိမ်ကို ငါလာချင်တဲ့အခါ မလာရလျှင် ဘယ်သူ့အခွင့်တောင်းရဦးမှာလဲတဲ့ ဟင်'

မာ။ ။'ဩော် ကိုကို... ကိုကို၊ ကျွန်မအချစ်ကို ရှင် စမ်းတယ်မှတ်တယ် ဟုတ်လား'

ဆွေ။ ။'ဘုရား ဘုရား ခက်ကုန်ပါပြီကော ကွယ်တို့'

မာ။ ။'စဉ်းစားပါဦးကိုကို၊ တကယ်ဆိုတော့ ကျွန်မဟာ အမိမျက်စောင်းထိုးသော်လည်း ကိုကိုကလွဲရင် ဖွဲ့နဲ့ဆန်ကွဲ ဆိုသလို သဘောထားပြီး စားသည်းသူ့စိတ်၊ အိပ်လည်း သူ့စိတ်၊ တမျှော်တည်းမျှော်၊ တစောင့်တည်းစောင့်ရတာ။ ဒီလိုများဖြင့် သွားပါ၊ မလာခဲ့ပါနဲ့'

ဟု ပြောလျက် မောင်တင်ဆွေကို တွန်းလိုက်၏။ ဦးလွန်းဘော၏ နာမ်ဝိညာဉ်ကိန်းအောင်းသော မောင်တင်ဆွေသည် ထိုကဲ့သို့ တွန်းဖယ်လိမ့်မည် မထင်သောကြောင့် စိတ်မာန်အလျော့လက်ပိုက်ကာ ရပ်နေရာ၊ မအမာက ရုတ်တရက် ကိုယ်လုံးရိုက်၍ တအားတွန်းလိုက်သောအခါတွင် အခန်းထောင့်၌ ကြမ်းခိုက်ရန် တည်ထားသော ရေစည်ပိုင်းထဲသို့ ကျွမ်းပြန်၍ ထိုးကျသွားလေ၏။ အမာက တောင်းပန်ရန် အချိန်မရမီ မောင်တင်ဆွေသည် ဉာဏ်ဖြူလောက် ဒုက္ခများသောအိမ်၌ ထမင်းမစားတော့ပြီဟု ဆုံးဖြတ်၍ အိမ်မှ ထွက်သွားလေ၏။

ဦးလွန်းဘော၏ နာမ်ဝိညာဉ် ကိန်းအောင်းသော မောင်တင်ဆွေသည် မိမိကျေနပ်သော အချက်များကို စိတ်ထဲ၌ ရေရွတ်လျက် လမ်းလျှောက်သွားစဉ် လမ်းလှမ်းမှ အရက်မူးဟန်နှင့် ရင်ဆိုင်လျှောက်လာသော လူကြီးတစ်ယောက်ကို တွေ့မြင်ရလေ၏။ မောင်တင်ဆွေက ဉာဏ်ဖြူလောက်အရွယ်ဝဋ္ဋိကြီးရင့်သူတစ်ယောက်သည် လမ်းပေါ်၌ အရက်မူးလျက် လျှောက်ရလေသလောဟု အံ့သြစွာနှင့်ကြည့်နေစဉ် ထိုသူကို မိမိမြင်ဖူးပါသည်ဟု အောက်မေ့မိ၏။ အရက်မူးလာသော လူကြီးကလည်း မောင်တင်ဆွေကို မြင်သောအခါ၌ ဒီလူကို မြင်ဖူးပါတယ်၊ ဘယ်မှာမြင်ဖူးသလဲ မဆိုနိုင်ဘူး။ 'ဟေ့လူ ခင်ဗျား ဘယ်သူလဲ'

ဆွေ။ ။'ပရော်ဖက်ဆာ ဦးလွန်းဘောဆိုတာ ကျုပ်ပဲ။ ကျုပ်လည်း ခင်ဗျားကို မြင်ဖူးတယ်၊ ခင်ဗျား ဘယ်သူလဲ'

အရက်မူး။ ။'ခင်ဗျား လူလိမ်ပဲ၊ ဦးလွန်းဘောကို ကျုပ်သိတယ်၊ လူကြီးတစ်ယောက်ပဲ။ ခင်ဗျားက ငယ်ငယ်ရှိသေးတယ်။ ကျုပ်က ကောလိပ်ကျောင်းသား မောင်တင်ဆွေတဲ့'

ဆွေ။ ။'ခင်ဗျား လူညာပဲ၊ မောင်တင်ဆွေက ခင်ဗျားသားလောက်ပဲ ရှိသေးတယ်၊ ဒါထက်နေဦး၊ ခင်ဗျား ခါးဟာက ကျုပ်လုံချည်ပါကလား

www.burmeseclassic.com



အရက်မူး။ ။(မောင်တင်ဆွေ၏ နာမ်ဝိညာဉ်ကိန်းအောင်းသော ဦးလွန်းဘေ)

'ခင်ဗျားလက်က တုတ်ကောက်ဟာ ကျုပ်တုတ်ကောက် မဟုတ်လား၊ ခင်ဗျား ဘယ်က ရခဲ့သလဲ'

ဦးလွန်းဘေ၏ နာမ်ဝိညာဉ်ကိန်းအောင်းသော မောင်တင်ဆွေသည် ထိုနေ့တစ်နေ့လုံး စိတ်ရှုပ်ထွေးဖွယ်ရာ အဖြစ်အပျက်များစွာ ကြုံတွေ့ခဲ့ရသည်နှင့် နားမလည်နိုင်အောင်ဖြစ်လျက် အင်္ကျီအိတ်ထဲသို့ လက်နှိုက်လိုက်ရာတွင် အပိုင်းကလေးတစ်ခုကို တွေ့သဖြင့် ထုတ်ယူကြည့်ရှုလေ၏။ ၎င်းမှာ အိတ်ဆောင်မှန်ပိုင်းကလေးတစ်ခု ဖြစ်သဖြင့် မိမိ၏ မျက်နှာကို မှန်ထဲတွင် ရိပ်ခနဲမြင်လိုက်ရသောကြောင့် အံ့အားသင့်လျက်ရှိ၏။ မိမိမှာ လူကြီးတစ်ယောက်ဖြစ်ပါလျက် ယခုမှာ လူငယ်တစ်ယောက် ဖြစ်နေခဲ့လေပြီ။ မည်ကဲ့သို့ ဖြစ်ရခြင်းပေနည်း။ ဦးလွန်းဘေ၏ နာမ်ဝိညာဉ်သည် ဉာဏ်ရှိသော နာမ်ဝိညာဉ်ဖြစ်လေရကား ယင်းကဲ့သို့ပြောင်းလဲလာခဲ့ရခြင်း အကြောင်းကို ချက်ချင်းပင် တွေးတောမိ၏။ သို့ပင် တွေးတောမိသော်လည်း အံ့သြခြင်းမှုကား မပြေပျောက်ခဲ့ချေ။

ဦးလွန်းဘေ၏ နာမ်ဝိညာဉ် ကိန်းအောင်းသော မောင်တင်ဆွေက 'တန်တော့ တန်တော့၊ ငါရိပ်မိပြီဟေ့၊ မင်းကိုယ်နဲ့ ငါ့ကိုယ် လွဲနေကြပြီ'

'ဟိုက် အကျိုးနည်းပြီ ဆရာကြီးရေ့၊ ဒီရုပ်ကြီးနဲ့ ကျွန်တော် ဘယ်လိုလုပ်ပြီး လူပျိုလုပ်ရပါမယ်။ သူ့အဖေ မဟုတ်ပါဘူးလို့ ဘယ်နည်းနဲ့ ပြောလို့ယုံနိုင်မလဲ'

'ငါအကြံရပြီ။ ကိစ္စမရှိဘူး၊ မစိုးရိမ်နဲ့'

'လုပ်စမ်းပါဦး ခင်ဗျာ၊ ဒီအတိုင်းဆိုလျှင် ကျွန်တော်က ရှုံးနေပါပြီ'

'မင်းကို နောက်တစ်ကြိမ် ထပ်ညှို့ပြီး ငါ့ကိုယ်ကိုယ်လည်း ငါညှို့မယ်။ ဒီတစ်ခါ ပြန်ဝင်တဲ့အခါကျလျှင် သူ့ကိုယ်နဲ့သူ အပေါက်တည့်အောင် ပြန်ဝင်ကောင်းပါရဲ့ကွယ်'

'လုပ်ပါ ဆရာကြီး၊ မြန်မြန်လုပ်ပါ'

၎င်းနောက် ဆရာတပည့် နှစ်ယောက်တို့သည် လမ်းသွားခရီးသည်များကို ဂရုမစိုက်ဘဲ လမ်းဘေး၌ထိုင်ကာ ရှေးနည်းအတိုင်း စိတ်ညှို့၍ သတိလစ်သွားကြပြီးနောက် ပြန်လည်လာသောအခါတွင် ကံအားလျော်စွာ သူ့ကိုယ်နှင့်သူ့စိတ် တစ်ဖန် ဖြောင့်ဖြောင့်စင်းစင်း ပူးဆက်မိကြလေ၏။

ပရော်ဖက်ဆာ ဦးလွန်းဘေသည် နေအိမ်သို့ ပြန်သွားသောအခါတွင် အာခံတွင်းမှ အရက်နံ့တထောင်းထောင်းရှိနေသည်နှင့် မယားဖြစ်သူက သေခါနီးမှ



မသောက်စဖူး အရက်လည်း၍ သောက်နေသည်အတွက်ကြောင့် သူ့တစ်ဝါးဆော်ကားခြင်းခံရကြောင်းများနှင့် တိုင်တန်းပြောဆို မြည်တွန်ရေရွတ်လေ၏။

မောင်တင်ဆွေမှာ ထိုနေ့က အဖြစ်အပျက်ကြောင့် အထင်အမြင်လွဲခြင်းခံရ၍ ဒေါ်မြရင်၏သမက်ဖြစ်ဖို့ရန် သာ၍ခရီးဝေးဟန်ရှိသော်လည်း ဘီအေအောင်ခြင်းနှင့် ဆန်စက်တစ်လုံး ပိုင်ဆိုင်ခြင်းသည် ထိုထက်မက ကြီးကျယ်သော ရန်ငြိုးများကိုပင် ပြယ်ပျောက်စေခဲ့ဖူးပြီ ဖြစ်ရကား မကြာမီအတွင်း၌ပင် ဒေါ်မြရင်သည် မက်လှသော သမက်ကလေးဖြစ်သည်အတွက် သာ၍ပင် ဂရုစိုက်လျက် ရှိနေခဲ့ရလေသတည်း။

[သူရိယမဂ္ဂဇင်း၊ ဇွန် ၁၉၃၅]

■

www.burmeseclassic.com

www.burmeseclassic.com

# ငါးရာတမ်း

မန္တလေးမြို့မှ ဗန်းမော်မြို့သို့ ထွက်ခွာခဲ့သော "တာပင်" အမည်ရှိ စာပို့သင်္ဘောကြီးပေါ်တွင်ပါရှိသော ဒုတိယတန်းခရီးသည် ၈ ယောက်တို့အနက်တွင် ကျွန်တော်သည် တစ်ဦးအပါအဝင်ဖြစ်ခဲ့ဖူးလေသည်။ တာပင် သင်္ဘောကြီး၌ ဒုတိယခန်း ၄ ခန်းမျှပါရှိ၍ တစ်ခန်းလျှင် ခရီးသည် ၂ ယောက်မျှသာ စီးနင်းနိုင်သည် ဖြစ်ရာ ထိုအပတ်၌ကား ဒုတိယတန်းစီး ခရီးသည် ၈ ယောက်မျှ ပါရှိသည်ဖြစ်သောကြောင့် ဒုတိယတန်းအဖို့မှာ ၎င်းအပတ်တွင် ခရီးသည်ပြည့်သည်ဟု ဆိုရပေမည်။

မန္တလေးနှင့် ဗန်းမော်မြို့ခရီးမှာ ၃ ရက်ခရီးဖြစ်သည်ပြင် ခရီးသည်များသည် သင်္ဘောပေါ်၌ အတူလိုက်ပါကြရစဉ်အခါတွင် တစ်ဦးနှင့်တစ်ဦး ဖော်ရွေစွာ ခေါ်ငင် ပေါင်းသင်း ဆက်ဆံလေ့ရှိကြသည်ဖြစ်သောကြောင့် တစ်ရက်ခရီးမျှ သွားမိကြလျှင် ငယ်ပေါင်းဖြစ်သော သူငယ်ချင်းများကဲ့သို့ပင် တစ်ယောက်နှင့်တစ်ယောက် ရင်းနှီးသော အဖြစ်သို့တိုင် ရောက်လာကြ၍ တစ်ယောက်အကြောင်းကို တစ်ယောက် သိစပြုကြပြီးလျှင် ပြက်ရယ်လှောင်ပြောင်ခြင်း၊ ရယ်ရွှင်ဖွယ်ရာကုန်းချောခြင်း စသည်ဖြင့် အရောဝင်သော အဖြစ်သို့တိုင် ရောက်လာခဲ့လေသည်။



ထိုအပတ်၌ လိုက်ပါကြသော ခရီးသည်များသည် မိမိတို့၏ ရာထူးနှင့်နေရပ်စသည်တို့ကို ဟုတ်မှန်သည်အတိုင်း အမည်စာရင်း ပေးသွင်းကြသည်ကိုကား အမှန်မဆိုနိုင်ချေ။ သို့ရာတွင် ၎င်းတို့ပေးသွင်းကြသော အမည်စာရင်းအရမှာမူ ခွင့်မှပြန်လာသော တောအုပ်တစ်ယောက်၊ စစ်မှုထမ်းဖူးသည်ဆိုသော ဂျမဒါကိုဘကြိုင် ဆိုသူတစ်ယောက်၊ အခွင့်နှင့်နေသော ရာဇဝတ်အုပ် ကိုပေါ်ထွန်း၊ သစ်ကုန်သည်တစ်ယောက်၊ ကသာမြို့ အရေးပိုင်ရုံးစာရေးကြီး ကိုဘထွန်း၊ အင်္ဂလိပ်ကျောင်းဆရာမ မကျီးရွှေ၊ ဗန်းမော်မြို့ ကုလားဆရာဝန်ကြီးကတော် မစ္စစ်ပရာဆက်တို့ ဖြစ်ကြလေသည်။

အထက်ပါခရီးသည်များအနက် ဂျမဒါကိုဘကြိုင်၊ ရာဇဝတ်အုပ် ကိုပေါ်ထွန်း၊ ဆရာမ မကျီးရွှေနှင့် မစ္စစ်ပရာဆက်ဆိုသူတို့မှာ ရေးသားဖော်ပြလတ္တံ့သော အဖြစ်အပျက်တွင် အရေးကြီးသော ပုဂ္ဂိုလ်များ ဖြစ်ကြသောကြောင့် ၎င်းတို့၏အကြောင်းကို အတန်ငယ် စုံလင်စွာ ဖော်ပြရန် လိုပေသည်။

သင်္ဘောစီး ခရီးသည်တို့ မည်သည်မှာ မိမိတို့ကိုယ်တိုင် သားမယားရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ လင်သားမရှိဟန်တူသော အပျိုခရီးသည် တစ်ဦးတစ်ယောက် ပါလာသည်ကို တွေ့မြင်ရသောအခါတွင် ထိုမျှသော ရက်အတောအတွင်း သူ့ထက်ငါ ရင်းနှီးသောအဖြစ်သို့ ရောက်နိုင်စေရန် ပိုးတတ်ကြသည်ဖြစ်ရာ ဂျမဒါကိုဘကြိုင်ဆိုသူနှင့် ရာဇဝတ်အုပ်ကိုပေါ်ထွန်း ဆိုသူနှစ်ဦးတို့သည် မန္တလေးဆိပ်ကမ်းမှ သင်္ဘောကြီး ခွာမိသည်နှင့်တစ်ပြိုင်နက် ဆရာမ မကျီးရွှေအတွက်နှင့် တော်သက်၍ ရန်ဘက်ကြီးဖြစ်ကြချေတော့မည့်အကြောင်းကို ကျွန်တော်နှင့်တကွ ကြွင်းကျန်ရစ်သော ခရီးသည်အားလုံးကပင် သိမြင်ကြရလေ၏။ ကိုဘကြိုင်ဆိုသူသည် လူလုံးလူထည် ကြီးမား၍ ကာယဗလနှင့် ပြည့်စုံသည့်ပြင် မြင်သမျှသောသူများအပေါ်၌ စီးလားနင်းလားနှင့် နိုင်လိုမင်းထက် ပြုကျင့်တတ်သော ဝါသနာရှိချေ၏။ အခွင့်နှင့်နေသော ရာဇဝတ်အုပ် ကိုပေါ်ထွန်းဆိုသူမှာလည်း မြင့်မားသော အရပ်အမောင်းနှင့် ကျစ်လျစ်မာကျောသော ကိုယ်ကာယရှိ၍ ခွန်အားဗလကြီးမားဟန်ရှိသည်ပြင် ပုလိပ်ဘက်၌ အမှုထမ်းခဲ့သဖြင့်လည်း "မိုက်သွေး"ရှိချင်ဘော်သည်ဖြစ်ရာ မည်သူ့အားမျှ အမှုမထားဟူသော သဘောမျိုးကို အခါခပ်သိမ်း ပြလိုသော လူတစ်ယောက် ဖြစ်ချေ၏။ ကြွင်းကျန်သော ယောကျ်ားခရီးသည်တို့မှာ ထိုသူနှစ်ယောက်တို့ လက်ဖဝါးထိုးရသော် မည်သူက နိုင်ချေမည်နည်းဟု တွေးတောခန့်မှန်းခြင်း ပြုကြလေရာ တစ်ယောက်နှင့်တစ်ယောက် ...သော ဆောင်လျက်ရှိသော အမှုအရာကို မြင်ကြရသဖြင့်လည်း မိမိတို့ ... မမှန် မကြာမီ ဆုံးဖြတ်သည်ကို မြင်ကြရလိမ့်မည်ဟူ၍လည်း အချင်းချင်း

www.burmeseclassic.com



ပြောဆိုမိကြလေ၏။ ကာယဗလအားဖြင့် ရွေးချယ်ရမူ မည်သူက သာမည်ဟူ၍ အမှန်ဆုံးဖြတ်ရန် ခဲယဉ်းလှပေသည်ဖြစ်ရာ တုတ်ခိုင်သံကြိုးကြီး၏ ခိုင်မာခြင်းနှင့် ကျစ်လျစ်သော သံမဏိကြိုး၏ ခိုင်မာခြင်းကို ဆုံးဖြတ်ရန် ခဲယဉ်းဘိသကဲ့သို့ပင် ရှိနေခဲ့လေသည်။

မန္တလေးမြို့ ဆိပ်ကမ်းမှ သင်္ဘောထွက်ခွာခဲ့၍ ကျွန်တော်သည် ဂျမဒါကိုဘကြိုင်ဆိုသူနှင့် အသိအကျွမ်းဖွဲ့ကာ လင်မနစ်တစ်ခွက်စီ သောက်ရင်း စကားပြောလျက်ရှိနေစဉ် ရာဇဝတ်အုပ်ကိုပေါ်ထွန်းသည် ကျွန်တော်တို့ရှိရာ စားပွဲသို့ ချဉ်းကပ်လာလေ၏။ ဂျမဒါကိုဘကြိုင်သည် လင်မနစ်ခွက်ကို လက်တွင်ကိုင်လျက် မတ်တတ်ရပ်ကာ ကျွန်တော်နှင့်စကားပြောလျက်ရှိရာ ကိုပေါ်ထွန်းသည် ၎င်းအနီးမှ ပွတ်၍ လျှောက်လာရင်း ကိုဘကြိုင်၏ တံတောင်ကို တိုက်မိသဖြင့် လင်မနစ်အနည်းငယ် ဖိတ်သွားလေ၏။ ကိုပေါ်ထွန်းက 'ဆောရီး'ဟူသော အင်္ဂလိပ်ဘာသာအားဖြင့် ဝမ်းနည်းကြောင်းပြောပြသော်လည်း ကိုဘကြိုင်က ကျေနပ်ဟန်မရှိဘဲ 'ကလန်ကလားနဲ့ သိပ်ခွကျတဲ့လူတစ်ယောက်ပဲ' ဟု လွှတ်ခနဲပြောလိုက်ပြီးလျှင် ကိုပေါ်ထွန်းကို ကျောခိုင်းကာ ရပ်နေလေ၏။ ကိုပေါ်ထွန်းသည် တန့်ခနဲ ရပ်ပြီးနောက် လှည့်၍ကြည့်လိုက်ရာ ကျွန်တော့်မှာ သက်သေလိုက်ရချေဦးတော့မည်ဟု ထင်မိ၏။ သို့ရာတွင် ကိုဘကြိုင်မှာမူကား ထိုမျှထက် အကြီးအကျယ် မဖြစ်သေးဘဲ ကိုပေါ်ထွန်းသည် မျက်နှာမည်းလျက် လှည့်ဆောင့်သွားလေ၏။ အချို့သောသူတို့မှာ တစ်ယောက်နှင့်တစ်ယောက် မြင်လျှင်မြင်ချင်း မေတ္တာသက်ဝင်တတ်ကြ၍၊ အချို့တို့မှာမူ မျက်နှာချင်း ပထမအကြိမ် ဆိုင်မိကြလျှင်ပင် တစ်ဦးအားတစ်ဦး မုန်းထားတတ်ကြသည်ဖြစ်ရာ ဤလူနှစ်ယောက်တို့မှာကား ဒုတိယအမျိုးအစားတွင် ပါဝင်သူများဖြစ်ကြသဖြင့် သင်္ဘောပေါ်သို့ တက်မိကြသောအချိန်မှစ၍ တစ်ယောက်နှင့်တစ်ယောက် မျက်စောင်းထိုးကာ ရန်လိုလျက် ရှိကြလေသည်။

"တာပင်"သင်္ဘောကြီးပေါ်၌ ဒုတိယတန်းဖြစ်သော ပဲ့ပိုင်းတွင် အိပ်ခန်းများသည် တစ်ဖက်လျှင် သုံးခန်းမျှ မျက်နှာချင်းဆိုင်ရှိနေရာ အလယ်၌ကား ခရီးသည်အားလုံးအတွက် ထမင်းစားစားပွဲကြီးတစ်ခု တည်ခင်းထားလေသည်။ စင်စစ်မှာ ထိုသင်္ဘော၌ တစ်ဖက်တွင် အခန်း ၄ ခန်းမျှ ပါရှိသော်လည်း တစ်ဖက်၌ အခန်းသည် ခရီးသည်အားလုံးအတွက် ရေချိုးခန်းဖြစ်၍ အခြားဘက်ရှိ အခန်းတစ်ခန်းမှာမူ ဘဏ္ဍာလာအတွက် ပစ္စည်းများထားရန်အခန်း ဖြစ်လေသည်။

ထိုနေ့နေ့လယ်၌ ဒုတိယတန်းစီး ခရီးသည်များအနက် ကသာမြို့အရေးပိုင်ရုံးစာရေးကြီး ကိုဘထွန်းဆိုသူက ပိုကာဖဲကစားရန် အကြံပေးလေရာ ကျွန်



…တော်နှင့်တကွ ကျန်သော ယောကျာ်းခရီးသည် ၄ ယောက်တို့က သဘောတူညီ…ကြလေ၏။ သစ်ကုန်သည်ဖြစ်သော ခရီးသည်မှာမူ ပိုကာကစားနည်းကို မတတ်…သဖြင့် မိန်းမခရီးသည်များနှင့်အတူ ထိုင်၍ကြည့်နေလေ၏။

သို့ဖြစ်၍ ကျွန်တော်တို့ ယောကျာ်းခရီးသည် ၅ ဦးတို့သည် အိပ်ခန်းများအကြားတွင်ရှိသော ထမင်းစားပွဲကြီး၌ထိုင်ကာ ပိုကာကစားကြလေရာ ဂျမဒါကိုဘကြိုင်နှင့် ရာဇဝတ်အုပ် ကိုပေါ်ထွန်းတို့မှာ မျက်နှာချင်းဆိုင် ထိုင်ကြ၍ ဖဲတစ်ချပ်လျှင် တစ်ပဲမျှသော သာမည လောင်းကြေးအပြင် ၎င်းတို့နှစ်ယောက်တည်း…သက်သက် တစ်လက်လျှင် ငါးကျပ်၊ တစ်ဆယ်ကျပ် စသည်ဖြင့် တဖြည်းဖြည်း…ကြေးတိုး၍ လောင်းကစားခြင်း ပြုကြလေ၏။

…ဘကြိုင်။ ။'ဟိုဘက်က မိတ်ဆွေ၊ ခင်ဗျားနဲ့ ကျုပ်နဲ့ သက်သက်ကြေးပိုကလေး စိန်ဦးမလားဗျို့'

…ပေါ်ထွန်း။ ။'စိန်လေဗျာ၊ ဘယ်လောက်လဲ၊ ၅ ကျပ်လား'

…ကြိုင်။ ။'၁၀ ကျပ် လုပ်လေဗျာ'

…ပေါ်…။ ။'သဘောဗျာ၊ ၁၅ ကျပ် လုပ်ချင်လုပ်လိုက်'

…ကြိုင်။ ။'ကျုပ်ကတော့ ၂၀ ကျပ်လည်း မငြင်းပါဘူး'

…ပေါ်…။ ။'လက်စဉ်နော်'

…ကြိုင်။ ။'လက်စဉ်ပေါ့ဗျာ၊ ရေစိမ်လောင်းလိုက်၊ ကြိုက်တယ်ဆိုရင် ထိုး။ ကျုပ်ကတော့ ရှောင်တယ်လို့ မရှိပါဘူး'

ယင်းကဲ့သို့ တစ်ယောက်နှင့်တစ်ယောက် မခံချင်အောင်ပြော၍ အညှာမခံ…ကြေးတိုးမြှင့်ကာ လောင်းကစားကြလေရာ တစ်ခါတစ်ရံ တစ်လက်လျှင်…ကျပ်၊ ၆၀ ကျပ်မျှပင် လောင်းကစားကြသော်လည်း သူတစ်ပြန်ငါတစ်လှည့်…ရှိနေသည်ဖြစ်သောကြောင့် နေ့လယ် လက်ဖက်ရည်သောက်ချိန်တိုင်ရောက်၍…ကစားခြင်းကို ရပ်စဲရသောအခါတွင် ထိုလူနှစ်ယောက်တို့မှာ တစ်ယောက်နှင့်တစ်…ယောက် နစ်နာလောက်အောင် ဆုံးရှုံးခြင်းမရှိကြချေ။ ထိုအတောအတွင်း ကိုဘကြိုင်၏ ကစားခြင်း မှားယွင်းသောအခါတွင် ကိုပေါ်ထွန်းက ရယ်မောကာ လှောင်…ပြောင်ခြင်းပြု၍၊ ကိုပေါ်ထွန်း မှားယွင်းသောအခါ၌မူ ကိုဘကြိုင်က ရှုံ့မဲ့ကာ…ဘတ်လေသည်။

လက်ဖက်ရည်သောက်ပြီးကြသောအခါတွင် ကျွန်တော်တို့သည် ဆက်…၍ မကစားတော့ဘဲ ဆရာမ မကျီးရွှေသည် ဦးလေးအရွယ်ဖြစ်သော ကျွန်…အား ဦးလေးအရင်းသဖွယ် ချစ်ကျွမ်းတဝင် ရှိသည်နှင့် သင်္ဘောအောက်ထပ်…ဆင်းလာကြပြီးလျှင် စက်များနှုတ်နှင်ခြင်းကို အတူကြည့်ရှုရင်း သိကျွမ်းစ

www.burmeseclassic.com



ဖြစ်သော မိတ်ဆွေတို့ဘ၀ မေးမြန်းခြင်း၊ ဖြေကြားခြင်း စသည်ဖြင့် အပြန်အလှန် ဖြုလုပ်လျက်ရှိနေကြလေ၏။ မကျီးရွှေမှာ မန္တလေးမြို့ အောဘီအမ်မိန်းကလေး ကျောင်းမှ ခုနစ်တန်းပြ လက်ထောက်ဆရာမ တစ်ယောက်ဖြစ်၍ ကျောင်းပိတ် ရက်အတွင်းတွင် ရွှေကူမြို့၌ရှိသော ဝန်ထောက်ကတော် အဒေါ်တစ်ယောက်ထံ အလည်အပတ် သွားရောက်မည်ဖြစ်ကြောင်းနှင့် သိရှိရလေသည်။ "တာပင်" သင်္ဘောပေါ်၌ကား မကျီးရွှေသည် မိန်းမချင်းဖြစ်သော ဆရာဝန်ကတော် မစ္စစ် ပရာဆက်ဆိုသူနှင့်အတူ တစ်ခန်းတည်း နေရာယူထားခဲ့လေသည်။

ဆရာမ မကျီးရွှေမှာ ရုပ်ရည်သန့်စင် ပြေပြစ်ခြင်းရှိသည့်ပြင် ဖျတ်လတ် သွက်လက်လှပသော မိန်းကလေးတစ်ယောက်ဖြစ်ပေရာ ကျွန်တော်တို့သည် ရှု ခင်းသာယာစွာရှိသော ဧရာဝတီမြစ်ရိုးတစ်လျှောက် မျှော်ကြည့်ရင်း နှစ်သိမ့်ဖွယ် ရာသော စကားတို့ကို ပြောကြားခြင်းအားဖြင့် စကားလက်ဆုံ ဝင်လျက်ရှိကြ သည်။ ဂျမဒါကိုဘကြိုင်သည် ကျွန်တော်တို့အနီးသို့ ချဉ်းကပ်၍ ချိုသာသော မျက်နှာထားနှင့် စကားရောနှော ပြောဆိုလေရကား ကျွန်တော်တို့မှာ ငြင်းပယ်ရန် မတတ်နိုင်သည်ဖြစ်သောကြောင့် အထိုက်အလျောက် လက်ခံပြောဆိုကြရလေ၏။ ထိုသူသည် အတော်အတန် စကားပြောကောင်းသူတစ်ယောက် ဖြစ်သဖြင့် မိနစ် အနည်းငယ်မျှ အတူရပ်ကာ စကားပြောဆိုမိကြလျှင်ပင် ကိုဘကြိုင်သည် မြစ် ကမ်းတွင်မြင်ရသော စေတီတော်ကလေးများ၏အကြောင်းကို အမည်နာမတွင်မျှ မက အဋ္ဌုပ္ပတ္တိအကျဉ်းချုပ်ကိုပါ ဖြည့်ညှပ်၍ ကရားရေသွန် သွက်လက်စွာ ပြော ပြလေရကား မကြာမီအတွင်း ကျွန်တော်တို့မှာ စိုက်ငေးကာသာလျှင် နားထောင် နေကြရလေ၏။

အတန်ငယ်ကြာလတ်သော် ရာဇဝတ်အုပ် ကိုပေါ်ထွန်းသည် ယောင်ပေ ယောင်ပေနှင့် ဆင်းလာ၍ ကျွန်တော်တို့လူစုကို မြင်သည်နှင့်တစ်ပြိုင်နက် မိမိ လည်း ရောနှောချေအံ့ဟု အနီးသို့ချဉ်းကပ်ကာ "စကားရောဖောရော"နှင့် နှုတ် သွက်စွာ စွက်ဖက်ပြောဆိုမည် ပြုသည်တွင် ကိုဘကြိုင်သည် ဘွိုင်ကုလားကို ဟစ်ခေါ်ပြီးနောက် 'လင်မနစ်သုံးလုံးယူခဲ့'ဟု အမိန့်ပေးပြီးလျှင် သင်္ဘောစီးခရီးသည် များအတွက် ခင်းထားသော ထိုင်ခုံကလေးတစ်ခုပေါ်သို့ ကျွန်တော်နှင့် ဆရာမ မကျီးရွှေတို့အား ထိုင်စေလေ၏။ လူလေးယောက် ရှိပါလျက်နှင့် လင်မနစ်သုံးလုံး မျှ မှာထားခြင်းသည်ကား တစ်ယောက်သောသူကို နှင်၍မထုတ်သော်လည်း နှင် ထုတ်ဘိသကဲ့သို့ ရှိနေသည်ဖြစ်သောကြောင့် ကိုပေါ်ထွန်းသည် ကိုဘကြိုင်၏ အပြုအမူကို စိတ်ထဲ၌ ခုလုသော်လည်း တစ်စုံတစ်ရာမျှ မပြောဘဲ နှုတ်ခမ်းကို ကိုက်ကာ သင်္ဘောဦးပိုင်းသို့ လျှောက်သွားလေ၏။



ကျွန်တော်မှာ မန္တလေးမြို့ဆိပ်ကမ်းမှ သင်္ဘောထွက်ခွာခဲ့သည်မှစ၍ ထိုသူ နှစ်ယောက်တို့အနက် ဆရာမ မကျီးရွှေသည် မည်သူအား အရေးပေးလိမ့်မည် အကြောင်းကို တစောင်းမှ ချောင်းမြောင်းကာ အကဲခတ်လျက်ရှိရာ မကျီးရွှေသည် နှစ်ယောက်လုံးအား ဘိုဆန်သည့်အမူအရာဖြင့် ယဉ်ကျေးစွာခေါ်ငင်ပြောဆို၍ မည် သူ့အားမျှ မျက်နှာလိုက်ခြင်းမရှိဘဲ အလိုက်သင့်အလျားသင့်ဟူသော စကားကဲ့သို့ နှစ်ဦးကျေနပ်လောက်အောင် ဖော်ရွေစွာဖြင့်သာလျှင် ပြုမူပြောဆိုလေ့ရှိလေ၏။ ကျီးရွှေသည် ဂျမဒါကိုဘကြိုင်က မှာယူတိုက်ကျွေးသော လင်မနစ်ကို သောက် ၏၊ ခင်စစ်မှာ မကျီးရွှေသည် ထိုသူနှစ်ယောက်တို့အပေါ်၌သာလျှင်မဟုတ်၊ ၎င်း အား အရေးတယူပြုသော ကျွန်တော်တို့ခရီးသည်ဟူသမျှကို စကားပျူငှာ ချစ်ခင် ဖွယ်ရာသော အမူအရာဖြင့်သာလျှင် ဆက်ဆံရောနှောလေ့ ရှိခဲ့လေသည်။

ကိုဘကြိုင်နှင့် ကိုပေါ်ထွန်းတို့မှာ တစ်ဦးအားတစ်ဦး ရန်သူကြီးသဖွယ် မြင်ကျင့်ကြနေကြဟန် လက္ခဏာရှိသော်လည်း ထိုသူနှစ်ယောက်တို့ စိတ်သဘော တိုက်မိသော အချက်တစ်ခုကား ရှိပေသည်။ ခရီးသည်များအနက်တွင် မစ္စစ် ပရာဆက်အမည်ရှိ ဆရာဝန်ကတော်တစ်ယောက်လည်း ပါရှိသည်ဖြစ်ရာ ၎င်း၏ ခင်ပွန်းယောကျ်ားမှာ အိန္ဒိယတိုင်းသား ကုလားဆရာဝန်ကြီး တစ်ယောက်ဖြစ်၍ ၎င်းကိုယ်တိုင်မှာလည်း ဗေဒဗာရီလူမျိုးတစ်ယောက် ဖြစ်လေသည်။ ထိုမိန်းမ သည် အလွန်တရာ မည်းနက်လှသော အသားအရေရှိသည့်ပြင် ၃၀ နီးပါးရှိနေ သော အရွယ်နှင့်မလိုက်အောင် ရွှေခြေချင်းကြီးအပြင် စိန်တစ်တန်း၊ မြတစ်တန်း ပြုလုပ်ထားသော ရွှေနောက်စိုက်ဘီးကိုလည်း တပ်ဆင်ထားလေသည်။ ထို့ပြင် စိန်နားကပ်ကောက်၊ စိန်ကြယ်သီး၊ စိန်လက်စွပ် အစရှိသည့် လက်ဝတ်လက်စား များလည်း ဝတ်ဆင်ထားသေးသည်ဖြစ်ရာ ကုလားဆရာဝန်ကြီးသည် မြန်မာလို ပြောကောင်းလှသော ဗေဒဗာရီ ဇနီးသည်၏ ချွဲညုခြင်းကို မခံမရပ်နိုင်သည်ဖြစ် သောကြောင့် လခမှုပိုလျှံသမျှကို ညွှတ်ကျအောင် ဆင်ပြင်ပေးထားဟန် လက္ခဏာ ရှိလေသည်။

ဆရာဝန်ကတော်သည် မိမိလက်ဝတ်လက်စားများအတွက် အသားယူလှ သူတစ်ယောက်ဖြစ်လေရာ မန္တလေးဆိပ်ကမ်းမှ ထွက်ခွာ၍ ကပ္ပတိန်၏ မီးခံ သေတ္တာတွင် ညအတွက် အပ်နှံထားရာမှ နံနက်လင်းသောအခါတွင် တောင်းယူ ဝတ်ဆင်သည့် အချိန်မှစ၍ လက်ကောက်က ၁,၀၀၀ ကျပ်ကျော်တန်ကြောင်း၊ နားကပ်က ၁,၅၀၀ ကျပ်တန်ကြောင်း၊ မြတစ်တန်း စိန်တစ်တန်းပြုလုပ်ထားသော နောက်စိုက်ဘီးက ၁,၈၀၀ ကျပ်တန်ကြောင်း စသည်ဖြင့် မိမိ၏ပစ္စည်းများတန်ဖိုး

www.burmeseclassic.com

www.burmeseclassic.com



ကို ခရီးသည်များအား ခရေစေ့တွင်းကျ စာရင်းချကာ ပြောဆိုလျက်ရှိလေ၏။ ဆရာဝန်ကတော်သည် ညအချိန်များတွင် ၎င်းပစ္စည်းများကို ကပ္ပတိန်ထံ အပ်နှံထား၍ မိုးလင်းသည်နှင့်တစ်ပြိုင်နက် ရေချိုး၊ သနပ်ခါးလိမ်းကျံပြီးလျှင် မိမိ၏လက်ဝတ်လက်စားများကို တောင်းယူဝတ်ဆင်လေ့ရှိလေသည်။ လှပလိုသော မိန်းမများမှာ ရှားပါးလှ သည်မဟုတ်သော်လည်း ထိုမျှလောက် ကုတ်ကုတ်ကတ်ကတ် အကျဉ်းအကျပ် ထဲ၌ လှပလိုသောမိန်းမမူကား ရှားပါးပေလိမ့်မည်ဟု ကျွန်တော် တွေးထင်မိသည်။

ဆရာဝန်ကတော်သည် မိမိ လက်ဝတ်လက်စားများအကြောင်း ပြောပြခြင်း၌ အရသာခံတတ်ကြောင်းကို ခရီးသည်အားလုံး သိရှိကြပြီဖြစ်ရကား ကိုဘကြိုင်က စိန်လက်ကောက်၏ ရတီအကြောင်းကို ကျွန်တော်တို့ ခရီးသည်များအား မျက်စိမှိတ်ကာ ဆရာဝန်ကတော်ကို မေးမြန်းခြင်းအားဖြင့်လည်းကောင်း၊ ကိုပေါ်ထွန်းက နောက်စိုက်ဘီး၏ အလေးချိန်နှင့် တန်ဖိုးအကြောင်းကို ထိုနည်းအတူ ကျိတ်လှောင်လှောင်ကာ မေးမြန်းခြင်းအားဖြင့်လည်းကောင်း ခရီးသည်အားလုံး အပျင်းပြေစေရန် ရံဖန်ရံခါ ပြုလုပ်လေ့ရှိကြလေသည်။ ထိုကဲ့သို့ မေးမြန်းသူပေါ်ပေါက်သောအခါများတွင် ဆရာဝန်ကတော်သည် စိန်နားကပ်အတွက် လင်ဆရာဝန်ကြီးအား ချော့မော့ပြောဆိုရပုံ၊ နောက်စိုက်ဘီးအတွက် ဆူပူချွဲညုရပုံများကို မျက်စတချီချီနှင့် ခြေဟန်လက်ဟန်၊ ကိုယ်ဟန်အမူအရာနှင့်တကွ ပွဲကျလောက်အောင် ပြောပြလေ့ရှိလေသည်။ ဤသည်ကား ကိုဘကြိုင်နှင့် ကိုပေါ်ထွန်းတို့ သဘောချင်းတိုက်မိသော အချက်ပေတည်း။

ဆရာမ မကျီးရွှေကမူ ဆရာဝန်ကတော်မှာ ပစ္စည်းပေါသလောက် ဝတ်တတ်စားတတ် မရှိကြောင်း၊ မြများကို နောက်စိုက်ဘီးတွင် ထည့်သွင်း၍ လုပ်ထားမည့်အစား မျက်ခြယ်ကွင်း ကွင်း၍ လက်စွပ်အဖြစ်နှင့် တစ်ဖက်တစ်ကွင်း ဝတ်ဆင်ခဲ့လျှင် သာလွန်၍ လှပချေမည်ဖြစ်ကြောင်းနှင့် ကျွန်တော့်အား ပြောပြဖူးလေသည်။

ထိုညဦး၌ ညစာထမင်း စားပြီးကြသည်နှင့်တစ်ပြိုင်နက် ဖဲရိုက်ရန် ပြင်ဆင်ကြပြန်ရာ တောအုပ်ဖြစ်သော ခရီးသည်က မိမိမှာ မျက်စိမကောင်းသောကြောင့် ညဦးအချိန်တွင် ပိုကာမဆွဲနိုင်ကြောင်းနှင့် ငြင်းပယ်လေ၏။ လေးယောက်တည်း ကစားရခြင်းကိုမူ စာရေးကြီးက ကန့်ကွက်သောကြောင့် လေးယောက်ဝိုင်းလည်း မဖြစ်ဘဲ ရှိခဲ့ပြန်၏။ ထိုအခါ ကိုဘကြိုင်က 'ဒါဖြင့် သုံးပုံရိုက်မယ်ဗျာ၊ ဘယ်သူပါမလဲ'

ကိုပေါ်ထွန်း။ ။'ကျုပ်ကတော့ ဘာမဆို လုပ်လိုက်ချည်းပဲ၊ ဒီပြင်တစ်ယောက်ကော'

www.burmeseclassic.com



ကျွန်တော်။ ။'အပျင်းပြေ ထုံးခွေတန်းဖြင့် ရိုက်ကြတာပေါ့ဗျာ'

ကြိုင်။ ။'ထုံးခွေတန်း ဘာလုပ်ဖို့လဲဗျာ၊ တစ်မူး တစ်ပဲလောက် ရိုက်ကြမယ်'

[illegible]။ ။'တစ်မူး တစ်မတ်လောက် ရိုက်ချင်တယ်ဗျာ'

ထိုအခါ ကျွန်တော်မှာ သုံးပုံဖဲကစားခြင်း၌ အတော်ပင်ကျွမ်းကျင်သူတစ်ယောက်ဖြစ်သောကြောင့် အကယ်၍ မနိုင်ရစေကာမူ အရှုံးမရှိနိုင်ကြောင်းသိသည်နှင့် ကြေးပင်ကြီးသော်လည်း ရိုက်ကြရန် သဘောတူညီလေ၏။

၎င်းနောက် ကျွန်တော်တို့သည် ထမင်းဆိုင်မှ သုံးပုံဖဲထုပ်ကို ငှားယူ၍ ရိုက်လေရာ အခြားခရီးသည်များသည် အနီးတွင် ထိုင်ကာကြည့်လျက် ရှိနေကြလေ၏။ နှစ်ပွဲသုံးပွဲမျှ ကစားမိသောအခါတွင် ထိုသူနှစ်ယောက်တို့မှာ သုံးပုံကစားခြင်း၌ မည့်ကြသော်လည်း တစ်ယောက်ကိုတစ်ယောက် အမြဲခတ်လျက် ရိုက်ကြသည်ဖြစ်သောကြောင့် ကြားလူဖြစ်သော ကျွန်တော်သာလျှင် နိုင်ဖို့ရန် လမ်းများကြောင်း ရိပ်မိလေ၏။ သို့ရာတွင် ထိုသူနှစ်ယောက်တို့သည် ထုံးစံအတိုင်း တစ်ယောက်ကိုတစ်ယောက် မခံချင်အောင် အမြဲစောင်းချိတ်ပြောဆိုလျက် ရှိကြသည် နိုင်တိုင်းယူရန် မသင့်ဟူ၍လည်း ကျွန်တော်၏စိတ်၌ ဆုံးဖြတ်မိသည်ဖြစ်သောကြောင့် ၁၀ ပွဲမျှ ကစားပြီးသောအခါတွင် ကျွန်တော်သည် အမြတ်ငွေ ၅ ကျပ်ကို ခရီးသည်အားလုံးအတွက် လင်မနစ်နှင့် ဗင်တိုများ မှာယူသောက်သုံးစေခဲ့လေ၏။

ကျွန်တော်တို့အားလုံးသည် စားပွဲတွင်ထိုင်၍ လင်မနစ်သောက်လျက် ရှိကြသည်။

ကြိုင်။ ။'ဗျို့ ကိုပေါ်ထွန်း၊ ခင်ဗျားဟာက ပိုကာဆွဲလည်း မနိုင်၊ သုံးပုံရိုက်တော့လည်း ရှုံး၊ ဒီပြင် ဘာလုပ်ဦးမှာလဲ'

[illegible]။ ။'ဒီဟာတွေရှုပ်တယ်၊ ခင်ဗျားနဲ့ ကျုပ်နဲ့နှစ်ယောက်တည်း ကိုးမီးချချင်တယ်'

ကြိုင်။ ။'ကျုပ်ကတော့ ကြိုက်ပါ့ဗျား၊ ဘယ်လောက်ကြေး ထားပြီးကစားချင်သလဲ'

[illegible]။ ။'တစ်လက်တည်းကစားမယ်၊ ကြာကြာကြီး မကစားချင်ဘူး'

ကြိုင်။ ။'ဘယ်လိုကြေး လောင်းမလဲ'

[illegible]။ ။'တစ်လက်တည်း ငါးရာတန်း လောင်းကစားမယ်'

ကြိုင်။ ။'စိန်လိုက်ဗျာ'

ထိုအခါ ကျွန်တော်နှင့်တကွ အားလုံးသော ခရီးသည်များမှာ [illegible] ယောက် မြောက်မြားသော လောင်းကြေးဖြင့် တစ်လက်တည်းကစားကြခြင်းကို

www.burmeseclassic.com

www.burmeseclassic.com



ကြားရသဖြင့် မျက်လုံးများပြူးလျက် ကြည့်ရှုရန်အတွက် စားပွဲကြီးကို ဝိုင်းရံကြသလေ၏။

ကိုဘကြိုင်နှင့် ကိုပေါ်ထွန်းတို့သည် စားပွဲကြီးတွင် မျက်နှာချင်းဆိုင်ထိုင်ကြ၍ ဖဲထုပ်ကို ကုလားဖန်ထိုးကြပြီးနောက် လက်သည်ရှာကြရာ ကိုပေါ်ထွန်းသည် လက်သည်ကျလေ၏။ ထိုအခါ နှစ်လုံးစလုံးတို့သည် တစ်ယောက်တစ်လှည့်စီ အကြိမ်ကြိမ် အဖန်ဖန် ကုလားဖန်ထိုးကြပြီးနောက် နောက်ဆုံး၌ ကိုဘကြိုင်က ချိုးပေး၍ လက်သည်ကျသော ကိုပေါ်ထွန်းက သုံးချပ်စီ ဝေငှလေ၏။

ကိုဘကြိုင်သည် မိမိသုံးချပ်အနက် နှစ်ချပ်ကို ရှေးဦးစွာ လှန်၍ရိုက်လေရာ ကုလားနှစ်ကောင် ထွက်ပေါ်လာလေသည်။ ထိုအခြင်းအရာကို မြင်ရသောအခါတွင် ကိုဘကြိုင်သည် ဖဲသမားထုံးစံအတိုင်း များစွာအားတက်ခြင်း ဖြစ်လာ၍ ကျန်သော ဖဲတစ်ချပ်ကို အားရပါးရ ရိုက်တီးလိုက်ရာ ကုလားတစ်ကောင်ထွက်လာသောကြောင့် ကုလားသုံးစီးရသွားလေ၏။ လောင်းကြေးမှာ ငါးရာဖြစ်၍ တစ်ပွဲတည်းကစားရန်ဖြစ်ရကား ကိုဘကြိုင်၏ မျက်နှာမှာ မည်မျှလောက်ကြည်ရွှင်ခြင်းရှိသည်ကို ဖော်ပြရန် မတတ်နိုင်လောက်အောင်ပင် ရှိချေ၏။

ကိုပေါ်ထွန်းမှာမူ ဣန္ဒြေပျက်လုအောင် မရှိလှသေးချေ။ ထိုသူသည် မိမိအတွက် ဝေချထားသော ဖဲသုံးချပ်ကိုကောက်ယူ၍ နှစ်ချပ်ကို လှန်ရိုက်လေရာ တစ်နှစ်လုံး ပေါ်ထွက်၍ လာလေ၏။ ပရိသတ်များလည်း 'အလိုလေး၊ ဘုရား ဘုရား' ဟု နှုတ်မှ ရေရွတ်လျက် အံ့သြကြီးစွာနှင့် စိုက်ငေးကာ ကြည့်နေကြလေရာ ကိုပေါ်ထွန်းက 'အလဲ တယ်လာတဲ့ ဖဲပါတကား။ ခုပုံတော့ နောက်ထပ်ပြီး တစ် တစ်လုံး ထွက်လျှင် သူ့ကိုတောင် နိုင်ဦးတော့မှာပါတကား' ဟု ခပ်ပြုံးပြုံးမျက် နှာထားဖြင့် ပြောပြီးနောက် 'ဘယ့်နှယ်လဲ ကိုဘကြိုင်၊ ခင်ဗျားကြေးက ပြန်ခွာမလား'

ကြိုင်။ ။'မခွာဘူးဗျာ၊ လှန်သာချ။ တစ်ကိုထွက်မှ ခင်ဗျားကျုပ်ကို နိုင်မှာပဲ၊ ဒီလောက် သေွးမနည်းပါဘူး၊ လှန်သာချ'

ဟု ပြောရသော်လည်း ကိုဘကြိုင်မှာ ပထမကကဲ့သို့ ရွှင်ပျခြင်းမရှိတော့ဘဲ စိုးရိမ်သော လက္ခဏာများ ဖြစ်ပေါ်လာခဲ့ချေပြီ။

ၚင်းနောက် ကိုပေါ်ထွန်းက 'ရှော့ပါဗျာ၊ ခင်ဗျားပဲ ကြည့်ပါတော့၊ ကျုပ် မကြည့်တော့ပါဘူး။ ခင်ဗျား မျက်နှာကိုသာ ကျုပ် ကြည့်ပါတော့မယ်' ဟု ပြောလျက် ဖဲချပ်ကို မိမိကိုယ်တိုင် မကြည့်ဘဲ ကိုဘကြိုင်၏ မျက်နှာရှေ့သို့ထောင်၍ပြလိုက်ရာ ကိုဘကြိုင်၏ မျက်နှာမှာ သွေးများဆုတ်မတတ် ဖြစ်သွားလိုက်သည်ကို ကျွန်တော်ကိုယ်တိုင် မြင်လိုက်ရပေ၏။



ဆရာ။ ။'ခင်ဗျားမျက်နှာထားကြည့်ရတာ တကယ့်ကို တစ်သုံးလုံးဖြစ်နေပြီ ထင်တယ်'

ဟု ပြောလျက် ကိုပေါ်ထွန်းသည် နောက်ဆုံးဖဲချပ်ကို စားပွဲပေါ်တွင်လှန်[illegible]ရိုက်လိုက်ရာ တစ် ပင့်ကူပင်ဖြစ်နေကြောင်း လူတိုင်းအံ့သြစွာနှင့် တွေ့မြင်ကြရ[illegible]၏။ သို့ဖြစ်၍ ကုလားသုံးစီးကျနှင့်ပြီးဖြစ်သော ကိုဘကြိုင်၏ ဖဲကို ကိုပေါ်[illegible]က တစ်သုံးလုံးနှင့် အနိုင်ရလိုက်လေပြီ။

ဆရာ။ ။'ကိုင်း ဆရာ၊ ခင်ဗျားသဘောတူပြီးတဲ့အတိုင်း ငါးရာကိုသာ မ စ ပါတော့'

ကြိုင်။ ။'နေဦး ကျုပ်သွားယူချေဦးမယ်'

ၚင်းနောက် ကိုဘကြိုင်သည် ထိုင်ရာမှထ၍ ဒုတိယတန်းစီးခရီးသည်များ[illegible] သီးသန့်ကာရံထားသော နယ်နိမိတ်၏အပြင်သို့ ထွက်သွားလေရာ ကျွန်[illegible]နှင့်တကွ ခရီးသည်အားလုံးတို့သည် ကိုပေါ်ထွန်း၏ ထူးခြားသော ကံအ[illegible]ကြောင်းကို ချီးမွမ်းပြောဆိုကာ စောင့်ဆိုင်းလျက်ရှိနေကြလေ၏။ ၅ မိနစ်ခန့်ကြာ[illegible]အခါတွင် ကိုဘကြိုင်သည် ကျွန်တော်တို့ရှိရာ စားပွဲကြီးသို့ ပြန်ဝင်လာ၍ [illegible]ဘွင်ကိုင်လျက် ယူလာသော စက္ကူထုပ်ကလေး တစ်ထုပ်ကို ကိုပေါ်ထွန်း[illegible] သမ်းပေးလိုက်လေ၏။ ကိုပေါ်ထွန်းသည် စက္ကူထုပ်ကို လှမ်းယူ၍ဖြေကြည့်[illegible] ငွေစက္ကူများကို တွေ့ရမည့်အစား ကွမ်းငါးရာသည် စက္ကူထုပ်ထဲမှ ထွက်[illegible]လာလေ၏။ ထိုခဏ၌ ကိုပေါ်ထွန်း၏ မျက်နှာထားမှာ စင်စစ်ကြောက်မက်[illegible]ကြီးပင် ဖြစ်ချေ၏။ ကိုပေါ်ထွန်းသည် မိမိမျှော်လင့်သည့်အတိုင်း ငွေစက္ကူ[illegible] မတွေ့ရဘဲ ကွမ်းငါးရာကိုတွေ့ရသည်နှင့်တစ်ပြိုင်နက် မျက်လုံးပြူးကာ [illegible]အောင်းရေရွတ်လျက် အနီး၌ရှိသော ဆိုဒါပုလင်းကိုကောက်ယူလိုက်ရာ ထို[illegible]၌ ဖဲဝိုင်းရှိခတ်မီးများသည် ရုတ်တရက် ငြိမ်းသွားလေ၏။

ယင်းကဲ့သို့ မှောင်မိုက်ကြီးထဲ၌ ရှိနေစဉ်အတွင်း ကျွန်တော်တို့သည် ကို[illegible]န်း၏ ကြုံးဝါးသံများနှင့် လူနှစ်ယောက်တို့ ထွေးလုံးသတ်ပုတ်သံများကို [illegible]ကြရလေရာ ဆရာဝန်ကတော် မစ္စစ်ပရာဆက်ဆိုသူကလည်း မိမိအား ခိုက်[illegible]ဖြင့် 'သေပါပြီတော့၊ သေပါပြီတော့၊ ကျွန်မကို ခိုက်မိကုန်ပါပြီတော့' ဟု [illegible]ဘာ အော်ဟစ်လျက် ရှိလေ၏။ ထိုအခါ သင်္ဘောအရာရှိမာလိန်သည် မောင်[illegible]က်ရှိသော ဒုတိယခန်းဆီသို့ ပြေးဝင်လာ၍ ဓာတ်မီးခလုတ်ကို နှိပ်လိုက်[illegible]င်းလာသောအခါတွင် တစ်ယောက်၏လည်ပင်းကို တစ်ယောက်[illegible] ကြမ်းပေါ်တွင် လိမ့်လျက်ရှိနေကြသော ကိုပေါ်ထွန်းနှင့်ကိုဘ[illegible] [illegible]ကြရလေ၏။ မာလိန်နှင့်တကွ ခရီးသည်များအားလုံးသည် [illegible]

www.burmeseclassic.com

www.burmeseclassic.com



လျက်ရှိသော လူနှစ်ယောက်ကို ဖျန်ဖြေကြပြီးနောက် မာလိန်သည် ဘတ္တလာအား ကပ္ပတိန်ထံ ခေလွှတ်ခေါ်ငင်စေရာ ကပ္ပတိန်လည်း လိုက်လာလေ၏။

ကပ္ပတိန်သည် အဖြစ်အပျက်ကို သိရှိရသောအခါ၌ ထောင့်တစ်ထောင့်၌ တွင် အံကြိတ်ကာ ရပ်လျက်ရှိသော ကိုဘကြိုင်နှင့် ကိုပေါ်ထွန်းတို့အားကြည့် လျက် 'ခင်ဗျားတို့နှစ်ယောက် နောက်တစ်ခါထပ်ပြီး ရန်ဖြစ်လျှင် နှစ်ယောက်လုံး လမ်းမှာပစ်ချခဲ့မယ်' ဟု ခြိမ်းခြောက်ပြောဆိုလေ၏။

ထိုခဏ၌ မစ္စစ်ပရာဆက်သည် မိမိ၏ဦးခေါင်းကို လက်ဖြင့်နှိပ်လျက် 'ဟောတော့ မရှိတော့ဘူး' ဟု လွတ်ခနဲ ဟစ်အော်လိုက်၏။

'ဘာမရှိတာလဲ'

'ကျွန်မ နောက်စိုက်ဘီး မရှိတော့ဘူး ကပ္ပတိန်'

ထိုအခါ ကပ္ပတိန်သည် ဒုတိယတန်းဘက်သို့ထွက်သော အခန်းတံခါး ကို ချက်ချင်းပိတ်စေ၍ စစ်ဆေးမေးမြန်းရာ မစ္စစ်ပရာဆက်က နောက်စိုက်ဘီးကို နောက်ဆုံး မည်သည့်အချိန်အထိ သူ၏ဦးခေါင်း၌ မြင်ရသေးသည်ဟု တပ်အပ် သေချာပြောနိုင်သူ တစ်ဦးတစ်ယောက်မျှ မပေါ်ထွက်ခဲ့ချေ။

ကပ္ပတိန်။ ။'ရန်ဖြစ်တော့ မီးကို ဘယ်သူငြိမ်းလိုက်သလဲ'

'ကျွန်မ ငြိမ်းလိုက်ပါတယ်ရှင်' ဟု ပြောလျက် ဆရာမ မကျီးရွှေသည် ဘတ္တလာ၏ စတိုခန်းထဲမှ ထွက်လာသည်ကို ကျွန်တော်တို့သည် အံ့သြစွာနှင့် တွေ့မြင်ကြရလေ၏။

ကပ္ပတိန်။ ။'ဓာတ်မီးကို ခင်ဗျား ဘာပြုလို့ ငြိမ်းလိုက်တယ်ဆိုတာ တစ်ဆိတ် လောက် ကျွန်တော်တို့ သိပါရစေ'

ရွှေ။ ။'သူတို့နှစ်ယောက် ရန်ဖြစ်မယ်လုပ်တော့ ကျွန်မက ဘတ္တလာအခန်းဝက ရပ်ကြည့်နေပါတယ်။ ကိုပေါ်ထွန်းက ဆိုဒါပုလင်းကို လှမ်းပြီးယူလိုက် တော့ ကျွန်မက တစ်ယောက်တစ်ယောက် လက်လွန်မကုန်ကြပါစေနဲ့လို့ အောက် မေ့ပြီး ရိုက်မဖြစ်စေရန် ဘတ္တလာအခန်းထဲမှာထားတဲ့ ဓာတ်မီးခလုတ်ကို ရုတ်တ ရက်နှိပ်ပြီး ငြိမ်းလိုက်ပါတယ်'

ကပ္ပတိန်။ ။'ခင်ဗျားက ရန်မဖြစ်စေဖို့ ကာကွယ်လိုတဲ့ သဘောနဲ့လုပ်တာတော့ မှန်တယ်။ သို့သော် မစ္စစ်ပရာဆက်မှာ နောက်စိုက်ဘီးပျောက်သွားတာ ခက်နေတယ်'

ရွှေ။ ။'ကျွန်မ ဝမ်းနည်းပါတယ် ကပ္ပတိန်။ ဒီလိုဖြစ်လိမ့်မယ်လို့ မတွေးမိတဲ့ အတွက် ပြုမိခြင်း ဖြစ်ပါတယ်'



ကပ္ပတိန်။ ။'ဒီဟာကို ကျွန်ုပ် ယုံကြည်ပါတယ်။ သို့သော် ကျွန်ုပ်သင်္ဘောပေါ်မှာ ဖြစ်တဲ့အတွက် ပစ္စည်းကိုပြန်ရဖို့ ကျွန်ုပ်၏တာဝန် ဖြစ်သည့်အတိုင်း ဘယ်သူ့ အရှက်နာကိုမှ မထောက်မထားဘဲ နည်းလမ်းအတိုင်း ပြုရလိမ့်မယ်'

အားလုံး။ ။'ပြုပါ ကပ္ပတိန်၊ ကျွန်ုပ်တို့ သဘောတူပါတယ်'

ကပ္ပတိန်။ ။'ဒုတိယတန်းခရီးသည်အားလုံးတို့ကို ကျွန်ုပ်ရှာလိုတယ်'

ထိုအခြင်းအရာကို မည်သူမျှ ကန့်ကွက်ခြင်းမပြုဘဲ ရှိနေရကား ကပ္ပတိန် သည် ကျွန်တော်တို့ ခရီးသည်များကို တစ်ယောက်စီ အခန်းတစ်ခန်းအတွင်းသို့ ခေါ်ပြီးလျှင် အဝတ်အစားများ အတွင်း၌ စမ်းသပ်ရှာဖွေလေ၏။ ဆရာမ မကျီးရွှေ ကို သမတန်းမှ ဘိုမခရီးသည်နှစ်ယောက်၏ ကူညီခြင်းအားဖြင့် ရှာဖွေစေ၏။ ထိုအခါတွင် ပျောက်ဆုံးသွားသော နောက်စိုက်ဘီးကိုမူ မည်သူ၏ထံ၌မျှ မတွေ့ဘဲ ရှိနေခဲ့လေ၏။

ကိုဘကြိုင်နှင့် ကိုပေါ်ထွန်းတို့မှာမူကား မစ္စစ်ပရာဆက်၏ ပစ္စည်းပျောက် ခြင်းသည် မိမိတို့အတွက်ကြောင့် ဖြစ်ရသည်ဟူ၍ ဝမ်းနည်းကြဟန်လက္ခဏာ ဆက်လက်၍ ရန်မပွားတော့ဘဲ ကိုဘကြိုင်က မိမိသည် ကွမ်းငါးရာကို ပေး ခြင်းမှာ ကျိုးစယ်ခြင်းမျှသာဖြစ်ကြောင်း၊ မိမိရှိသော ငွေ ၅၀၀ ကျပ်ကို ကသာမြို့သို့ ဆိုက်ရောက်သောအခါတွင် ပေးဆပ်မည်ဖြစ်ကြောင်းနှင့် တောင်း ပြောဆိုလေရာ ခရီးသည်အားလုံးကပင် ကျေနပ်ခြင်းရှိကြလေ၏။ ကိုပေါ်ထွန်း သည်း မိမိသည် ငွေ ၅၀၀ ကျပ်နိုင်သည်အတွက်ကြောင့် ခရီးသည်များကို ပြန်နန်ကစ်စာ တည်ခင်းကျွေးမွေးမည်ဖြစ်ကြောင်းနှင့် ဝန်ခံကတိ ထားလေရာ နောက်စိုက်ဘီးပျောက်ဆုံးသော မစ္စစ်ပရာဆက်မှတစ်ပါး အားလုံးကျေနပ်ဝမ်း မြောက်ခြင်း ဖြစ်ကြလေ၏။

သင်္ဘောသည် ခရီးစဉ်အတိုင်း ခုတ်နှင်သွား၍ ထီးချိုင့်မြို့၊ အင်းရွာဆိပ် ကသာမြို့စသည်တို့၌ ခရီးသည်များသည် ဆင်းသွားကြလေရာ နောက်ဆုံး သို့ ဆိုက်ရောက်သောအခါတွင် ကျွန်တော်နှင့် မစ္စစ်ပရာဆက်နှစ်ယောက် သာလျှင် ကျန်ရစ်ပေတော့၏။

"ဘာဆိုင်သလဲကွယ်တို့။ ဒီဝတ္ထုက ရည်ရွယ်ချက်မရှိ ဘာမရှိနဲ့ ဘာတွေ ရေးထားတာလဲ" ဟု ဖတ်ရှုသူတို့က ဤနေရာ၌ မေးမြန်းခြင်းပြုကောင်း ပေလိမ့်မည်။ ထိုကဲ့သို့ မေးမြန်းခဲ့ပါလျှင်လည်း မေးမြန်းထိုက်ပါပေသည်၊ သည် လွန်ခဲ့သော နှစ်အတွင်းက မန္တလေးမြို့သို့ ရောက်သွား၍ ဆရာမ ရွှေနှင့် ကိုဘကြိုင်တို့နှစ်ဦးကို ထူးဆန်းစွာ မတွေ့မြင်ခဲ့ရပါလျှင် ဤအခြင်း အရာများကို ရေးသားဖော်ပြခြင်း ပြုချေမည်လည်း မဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့သောနှစ်က ကျွန်တော်သည် မန္တလေးမီးရထားဘူတာရုံသို့ မိတ်ဆွေ
တစ်ယောက်ကိုလိုက်ပို့ရန် သွားရောက်၍ မိတ်ဆွေနှင့်အတူ ရန်ကုန်စာပို့ရထား
ကြီးပေါ်တွင် ထိုင်လျက်ရှိကြစဉ် တရုတ်သူဌေးနှင့်သဏ္ဍာန်တူသော ထောင်ကဲကြီး
တစ်ယောက်သည် မြန်မာမိန်းမတစ်ယောက်နှင့်တွဲလျက် ပထမတန်းမီးရထားတွဲ
တစ်တွဲပေါ်သို့ တက်သွားကြသည်ကို မြင်လိုက်ရလေ၏။ ကျွန်တော်သည် ထို
မိန်းမကို မြင်ဖူးပါသည်ဟု အောက်မေ့၍ သေချာစွာကြည့်ရှုရာတွင် လွန်ခဲ့သော
၃ နှစ်ခန့်က တာပင်စာပို့သင်္ဘောကြီးပေါ်တွင် အတူစီးနင်းသွားလာခဲ့ဖူးသော
ဆရာမ မကျီးရွှေပင်ဖြစ်ကြောင်းကို ရုတ်တရက် သတိရမိလေ၏။ ထိုအခါ ကျွန်
တော်သည် မိတ်ဆွေအား မကျီးရွှေနှင့်အတူ တွဲတက်သွားသော ထောင်ကဲကြီးကို
သိပါသလောဟု မေးမြန်းရာ မိတ်ဆွေက 'ဘာလို့မသိသလဲဗျာ၊ နာမည်ခံတော့
ကုန်စုံဆိုင်ပေါ့၊ တကယ့်အလုပ်ကတော့ ကိုကင်းတို့၊ ဘိန်းတို့ကို လက်ကားချပြီး
ရောင်းနေတဲ့ တရုတ်သူဌေး ဟောင်လျံခွက်ဆိုတာ ဒီလူကြီးပေါ့'ဟု ပြောလေ၏။

နောက်တစ်ခဏ၌ လူနှစ်ယောက်တို့သည် သားရေအိတ်၊ အိပ်ရာလိပ်
စသော ပစ္စည်းများကို ကူလီဖြင့် သယ်ယူစေလျက် ဒုတိယတန်းတွဲတစ်တွဲပေါ်သို့
တက်ကြမည်ပြုဆဲတွင် တရုတ်သူဌေးကြီး ဟောင်လျံခွက်သည် ၎င်းတို့ကို မြင်
သဖြင့် လှမ်း၍ခေါ်လိုက်သည် ထိုသူနှစ်ယောက်တို့မှာ ပစ္စည်းများကို တွဲပေါ်၌
တင်စေပြီးနောက် ဟောင်လျံခွက်နှင့် မကျီးရွှေတို့ရှိရာ ပထမတန်းတွဲဆီသို့ လျှောက်
လာကြရာ ၎င်းတို့မှာ ဂျမဒါကိုဘကြိုင်နှင့် ရာဇဝတ်အုပ် ကိုပေါ်ထွန်းဆိုသူတို့ပင်
ဖြစ်နေသဖြင့် ကျွန်တော့်မှာ အံ့သြမိပြန်၏။ ထိုထက် အံ့သြဖွယ်ရာကောင်းသော
အခြင်းအရာမှာကား တရုတ်သူဌေးကြီးသည် ထိုသူနှစ်ယောက်တို့၏ အမည်နာမ
ကို မိမိ၏ဇနီးဖြစ်သူအား ထုတ်ဖော်ပြောဆို၍ အသိအကျွမ်းဖွဲ့ပေးသော အခြင်း
အရာကို တွေ့မြင်ရခြင်းပင် ဖြစ်ချေသည်။

ထိုအခါ ကျွန်တော်သည် ယခင်က တာသင်သင်္ဘောကြီးပေါ်တွင် ဖြစ်ပျက်
ခဲ့ဖူးသော အခြင်းအရာတို့ကို ချက်ချင်းစဉ်းစားမိ၍ ထိုသုံးဦးတို့သည် ကျွန်တော်
တို့ ခရီးသည်အားလုံးကို တစ်ပတ်ရိုက်ပြီးလျှင် မစ္စစ်ပရာဆက်၏ နောက်စိုက်ဘီး
ကိုဖြုတ်ယူရန် စီမံကြခြင်းဖြစ်ကြောင်း၊ ကိုဘကြိုင်နှင့် ကိုပေါ်ထွန်းတို့၏ ရန်မူကြ
ခြင်းမှာလည်း ပရိယာယ်မျှဖြစ်ကြောင်း၊ ခရီးသည်အားလုံးသည် ထိုသူနှစ်ယောက်
တို့ ရန်ဖြစ်ကြမည့်အကြောင်းကို စိတ်အာရုံစိုက်လျက် ရှိကြစဉ် မကျီးရွှေသည်
ခေါက်မီးခလုတ်ကို နှိပ်ငြိမ်းလိုက်ခြင်းဖြစ်ကြောင်း၊ မှောင်မိုက်သောအခါတွင် မစ္စစ်
ပရာဆက်အနီး၌ရှိနေသော ကိုဘကြိုင်သည် ထွေးလုံးသတ်ပုတ်ကြသဖြင့် ခိုက်မိ
သေလှာန်နှင့် နောက်စိုက်ဘီးကို ဖြုတ်ယူပြီးလျှင် ဒုတိယတန်းအပြင်တွင် အဆင်



သင့်စောင့်နေမည်ဖြစ်သော မိမိတို့တပည့်တစ်ယောက်၏ လက်သို့ ပြောင်းလွှဲပေး
အပ်လိုက်ခြင်းဖြစ်ကြောင်းများနှင့် တရေးရေးတွေးမိတိုင်း ပေါ်လာလေ၏။ ၎င်း
နောက် ကျွန်တော်သည် မကျီးရွှေပြောဖူးသော စကားကို သတိရ၍ ၎င်း၏လက်
များကို လှမ်း၍ကြည့်လိုက်မိရာ နှစ်ဖက်သော လက်သူကြွယ်များတွင် စိန်ခြယ်
လက်စွပ်တစ်ကွင်းစီ ဝတ်ဆင်ထားသည်ကို အံ့သြစွာနှင့် တွေ့မြင်လိုက်ရပေသ
တည်း။

(H.G.Wells \ Ostriches ကို မှီးပါသည်။)

[သူရိယမဂ္ဂဇင်း၊ ဇူလိုင် ၁၉၃၅]

■

www.burmeseclassic.com

www.burmeseclassic.com

# ဖြတ်လမ်းကြိုက်သူ

ကျွန်တော်သည် မြတ်စွာဘုရား မွေးဖွားရာဌာနဖြစ်သော အနောက်မဇ္ဈိမ တိုင်းသို့ သွားရောက်ရန် နှစ်ပေါင်းများစွာမှစ၍ ကြံစည်အားခဲခဲ့ငြားသော်လည်း အထမမြောက်ဘဲ ရှိခဲ့ရာ လွန်ခဲ့သောနှစ်တွင်မှ ကျောင်းနေဖက်သူငယ်ချင်းဖြစ်သော ဒေါက်တာသောင်းဘောဆိုသူက စရိတ်အကုန်အကျခံ၍ ခေါ်ဆောင်သွားသည်တွင် ပထမအကြိမ် ရောက်လာခဲ့ဖူးလေသည်။ ဒေါက်တာသောင်းဘောမှာ လက်ထောက်ဆရာဝန်ကလေး တစ်ယောက်မျှသာဖြစ်ငြားသော်လည်း လူတို့၏ အင်္ဂါအစိတ်အပိုင်းနှင့်ဆိုင်ရာ ပညာ၌ ပါရမီဉာဏ် ရင့်သန်သူတစ်ယောက်ဖြစ်သည် အလျောက် ဆေးကျောင်းမှ သင်ကြားမှတ်သားခဲ့ရသော ဗဟုသုတအပြင် ကိုယ်ပိုင်ဉာဏ်ဖြင့် ထိုးထွင်းစမ်းသပ်ခဲ့ခြင်းများ အတွက်ကြောင့် အထက်ဆရာဝန်ကြီးများ၏ ချီးမွမ်းခြင်းကိုခံရသူတစ်ယောက် ဖြစ်လေသည်။ ဥရောပတိုက်မှ လောကဓာတ်ဆရာကြီးများ၏နည်းတူ အဖိုးထိုက်တန်လှသော လက်နက်ကိရိယာများကို ဝယ်ယူသုံးစွဲစမ်းသပ်နိုင်လောက်အောင် ကြွယ်ဝချမ်းသာသည်ဖြစ်စေ၊ မိမိတို့အချိန်ကို ဝမ်းရေးအတွက် အသုံးမပြုဘဲ အထုံဝါသနာနှင့် ပါရမီခံပါရှိခဲ့သော ကိုယ်အင်္ဂါ အစိတ်အပိုင်းကို ခွဲခြမ်းစိတ်ဖြာခြင်းတည်းဟူသော ပညာရပ်တွင် ထိုးထွင်းစုံစမ်းခြင်း၌သာလျှင် အသုံးပြုနိုင်လောက်အောင် အားလပ်ခွင့်ရသည်ဖြစ်စေ ရှိနေခဲ့ပါလျှင် အနောက်တိုင်းပြည်များမှ အချို့သော လောကဓာတ်ဆရာကြီးများကဲ့သို့ပင် ကမ္ဘာကျော်ပုဂ္ဂိုလ်တစ်ဦးအဖြစ်သို့တိုင်ရောက်ရန် မျှော်လင့်ဖွယ်ရာ အကြောင်းများ



ရှာ ရှိပေသည်။ ဆိုအပ်ခဲ့ပြီးသော လိုအပ်ချက်များနှင့် မပြည့်မစုံဖြစ်နေရှာသော ဒေါက်တာသောင်းဘောမှာ နွံနစ်သော ပတ္တမြားကဲ့သို့ သာမညလက်ထောက်ဆရာဝန်ကလေးတစ်ယောက်၏ အဖြစ်၌သာလျှင်နေ၍ ၎င်း၏ထက်မြက်သောဉာဏ်နှင့် ရင့်သန်သော ပါရမီခံသည် အထက်လူကြီးများ၏ ချီးမွမ်းခြင်းခံရခြင်းတည်းဟူသော အကျိုးကျေးဇူးထက် ပိုမို၍ မျှော်လင့်ဖွယ်ရာ မရှိချေ။

ကျွန်တော်တို့သည် ကာလကတ္တားမြို့သို့ ဆိုက်ရောက်ကြသောအခါ ထိုမြို့၌ ပညာသင်ကြားလျက်ရှိကြသော ကျောင်းသားများသည် ဒေါက်တာသောင်းဘော၏ မိတ်ဆွေတစ်ဦးထံမှ သတင်းအရ သင်္ဘောဆိပ်သို့ လာရောက်ကြိုဆိုလျက် ရှိနေကြရာ ဒေါက်တာသောင်းဘော၏ မိတ်ဆွေကိုသိန်းကြွယ်သည် ကျွန်တော်တို့အား၊ အားလုံးသော ကျောင်းသားများနှင့် အသိအကျွမ်းဖွဲ့ပေးကာ လက်ဆွဲ၍ နှုတ်ဆက်ကြရလေ၏။ မြန်မာပြည်မှ ထွက်ခွာခဲ့၍ နိုင်ငံရပ်ခြား တိုင်းတစ်ပါးသို့ရောက်သောအခါတွင် မြန်မာလူမျိုးအချင်းချင်းတို့၏ မျက်နှာများကို တွေ့မြင်ရခြင်းသည် မည်မျှလောက် အားရဝမ်းမြောက်ဖွယ်ရာဖြစ်သည်အကြောင်းကို ကြုံရဖူးသူများတို့သာလျှင် ကုန်စင်အောင် သိနားလည်နိုင်ကြမည်ဖြစ်လေသည်။

ကျွန်တော်တို့သည် မိတ်ဆွေများ၏ ဖိတ်ခေါ်ငင်ခြင်းကို မလိုက်နာဘဲ နေ့လည်ကြံရွယ်ချက်အတိုင်း ချောင်ကျသော ရပ်ကွက်တစ်ကွက်ရှိ ဟိုတယ်တစ်ခုသို့ တစ်ခုတစ်ရုံးကြီး သွားရောက်ကြလေရာ ဟိုတယ်သို့ဆိုက်ရောက်၍ နေရာထိုင်ခင်း ရရှိပြီးသောအခါတွင် အားလုံးသော ကျောင်းသားများသည် ကျွန်တော်တို့အား အသီးအသီး လက်ဆွဲနှုတ်ဆက်ကြပြီးလျှင် အခွင့်သာသောအခါများ၌ လာရောက်လည်ပတ်ကြမည်ဟု ကတိတာဝန်ခံကြပြီးနောက် ပြန်သွားကြလေ၏။

ကျွန်တော်တို့သည် ပစ္စည်းများကို နေရာတကျထား၍ ရေချိုးပြီးနောက် အဝတ်များ လဲလှယ်၍ ဟိုတယ်အောက်ထပ်သို့ ဆင်းလာကြသောအခါ ဘင်္ဂါလီလူမျိုးတစ်ယောက်သည် တစ်ခုသောကုလားထိုင်မှထလာ၍ အင်္ဂလိပ်ဘာသာဖြင့် ဒေါက်တာသောင်းဘောတို့ ဖြစ်ပါသလောဟု မေးလေ၏။ ထိုအခါ ကျွန်တော်၏ မိတ်ဆွေက မိမိပင်လျှင် ဒေါက်တာသောင်းဘောဖြစ်ကြောင်းနှင့် ပြန်ပြောရာတွင် ထိုသူက 'ကျွန်ုပ်၏အမည်မှာ ဘဆူးဖြစ်ပါသည်။ ပရော်ဖက်ဆာ ချက်ကာဂျီက စေလွှတ်လိုက်သဖြင့် လာရပါသည်။ ကာလကတ္တားမြို့၌ မိတ်ဆွေများတည်းခိုနေထိုင်ရာ အိမ်ခန်းတွင် သွားလိုရာအရပ်သို့ လမ်းပြအလုပ်ဖြင့် ဆောင်ရွက်ရန် မှာထားလိုက်ပါသည်' ဟု ပြောလေ၏။

စင်စစ်မှာ ဒေါက်တာသောင်းဘောသည် လူ၏ကိုယ်အင်္ဂါအစိတ်အပိုင်းနှင့်ဆိုင်ရာ ပညာရပ်တွင် လေ့လာလိုက်စားသူတစ်ဦးဖြစ်၍ ထိုပညာရပ်၌ အတော်အသင့်

www.burmeseclassic.com



ထင်ရှားလှသော ပရော်ဖက်ဆာ ချက်ကာဂျီနှင့် တွေ့ဆုံနှီးနှောရန်အတွက် သက်သက်အခွင့်ခံယူ၍ ကာလကတ္တားမြို့သို့ လာရောက်ခဲ့ခြင်းဖြစ်လေသည်။ ဒေါက်တာသောင်းဘေသည် မိမိလာရောက်မည့်အကြောင်းကို ပရော်ဖက်ဆာကြီးထံ စာဖြင့်ရေးသားအကြောင်းကြားနှင့်ပြီးဖြစ်သောကြောင့် ထိုကဲ့သို့ စေလွှတ်လိုက်ခြင်းဖြစ်လေသည်။ ပရော်ဖက်ဆာ ချက်ကာဂျီမှာမူ အစိုးရဆေးကျောင်းကြီး၌ ဆရာကြီးတစ်ယောက် ဖြစ်လေသည်။

ဆာ။ ။'နှစ်ယောက်စလုံးကို ကျေးဇူးတင်ပါတယ်။ သို့သော် ကျွန်တော်တို့အတွက် ဒီလောက်ဒုက္ခမရှာပါနဲ့ မိတ်ဆွေ'

ဆူး။ ။'ဒုက္ခမဟုတ်ပါဘူး မိတ်ဆွေ၊ ယခုလို နာမည်ကျော်ပုဂ္ဂိုလ်တစ်ဦးနဲ့ သိကျွမ်းရတယ်ဆိုတာ ဂုဏ်ထူးကြီးတစ်ခုလို့ ကျွန်တော်မှတ်ယူပါတယ်'

ဆာ။ ။'ကျွန်တော့်ကို နာမည်ကျော်ပုဂ္ဂိုလ်ရယ်လို့ မခေါ်ထိုက်ပါဘူးမိတ်ဆွေ'

ဆူး။ ။'ပရော်ဖက်ဆာက ကျွန်တော့်ကိုပြောပြီးပါပြီ။ လူတို့အာရုံကြောနဲ့ဆိုင်တဲ့ ပညာမှာ ခင်ဗျားထင်မြင်ချက်တွေဟာ အပုံကြီးလေးနက်တယ်လို့ ပြောပါတယ်။ သိကျွမ်းပါရစေခင်ဗျာ၊ မိတ်ဆွေတို့ကို လိုက်ပြရလျှင် ဒုက္ခမထင်တဲ့အပြင် အလွန်တရာ ကျွန်တော်ပျော်လှပါတယ်'

ယင်းကဲ့သို့ ချောင်စွာပြောသောအခါ၌မူကား ဒေါက်တာသောင်းဘေသည် နှစ်ယောက်တည်း တီးတိုးတိုင်ပင် လှည့်လည်ကြည့်ရှုလိုသော မူလရည်ရွယ်ချက်ကို ပယ်ဖျက်စွန့်လွှတ်လိုက်ရလေ၏။ သို့ဖြစ်၍ ကျွန်တော်တို့သည် မစ္စတာဘဆူးနှင့်အတူ လက်ဖက်ရည်သောက်ကြစဉ် ပရော်ဖက်ဆာ ချက်ကာဂျီ၏အိမ်သို့ သွားရောက်လည်ပတ်ရန် အသင့်လျော်ဆုံးသောအချိန်ကို တိုင်ပင်ရွေးချယ်ကြရာ-

ဆူး။ ။'သွားလျှင် ဒီအချိန်ဟာ အကောင်းဆုံးပဲ၊ သူ့အလုပ်ခန်းထဲမှာ တွေ့ရမယ်။ သို့သော် ကျွန်တော် တစ်ခု မှာလိုက်မယ်။ ဟိုရောက်လျှင် သူ့လက်ထောက် မူကာဂျီဆိုတဲ့လူကို တွေ့ဖြစ်အောင် တွေ့ခဲ့ခင်ဗျာ၊ နော်'

ဆာ။ ။'ဘယ်လိုကြောင့်လဲ'

ဆူး။ ။'ဒီလိုခင်ဗျ၊ ပရော်ဖက်ဆာ ချက်ကာဂျီဟာ နာမည်ကြီးသော်လည်း တကယ်အလုပ်လုပ်တာက သူ့လက်ထောက် မူကာဂျီခင်ဗျ။ သူတို့အစိုးရစည်းကမ်းက တယ်ခက်တာကလားခင်ဗျာ။ လူတစ်ယောက်ဟာ ထိပ်ဆုံးနေရာရောက်ပြီဆိုမှဖြင့် လက်ထောက်ကောင်းကောင်း တစ်ယောက်ရှိလျှင် အရာရာကိစ္စပြီးတာပဲခင်ဗျ။ လုပ်တော့ လက်ထောက်က၊ နာမည်ခံတော့ လူကြီးက၊ ဒီလိုချည်းပဲခင်ဗျ။ ချက်ကာဂျီ ကျော်ကြားလေသမျှတွေဟာ သူ့ဉာဏ်စွမ်း တစ်ခုမှ မပါဘူးခင်ဗျ။ မူကာဂျီ ဉာဏ်စွမ်းချည်းပဲ။ ကျွန်တော်ကတော့ အတွင်းလူဖြစ်လို့



'ထိုင်ဟော့ မူကာဂျီ၊ မြန်မာပြည်က ငါဝယ်ခဲ့တဲ့ ယွန်းထည်ပစ္စည်းတွေ ...ကိုစမ်းပါကွယ်။ သို့သော် နေဦး၊ ရှေးဦးစွာ သူတို့မြန်မာပြည်က ဝယ်ခဲ့တဲ့ ...ထဲက ရေတစ်ခွက်စီ ခပ်ပေးလိုက်ပါဦးကွယ်'

ထိုအခါ မူကာဂျီသည် ဖန်ခွက်တစ်လုံးကိုယူ၍ အခန်း၏ အလယ်၌ ...ထားသော မြေရေစစ်၏ နှုတ်သီးမှရေကို ငှဲ့ယူပြီးလျှင် ဒေါက်တာသောင်း...နှင့် ကျွန်တော်တို့အား တစ်ခွက်စီပေးလေ၍ ရေစစ်မှာမူ ဆရာနှ၏ ရေစစ်မျိုးဖြစ်၍ ဟောင်းမြင်းလှသောကြောင့် အဖုံးပင်မရှိတော့ချေ။

...ဖက်ဆာ။ ။'ရေစစ်က အဖုံးကွဲသွားပြီ၊ အဖုံးတစ်ခုမှာဦးမယ်။ ကျုပ်ရေလိုကောင်းတဲ့ရေ ကာလကတ္တားတစ်မြို့လုံး ဘယ်မှာမှ မရနိုင်ဘူး။ ပထမ...ရေပဲ။ ဘယ့်နှယ်လဲ မောင်တို့၊ ကောင်းကြရဲ့လား'

ထိုအခါ ကျွန်တော်တို့သည် ၎င်းရေ၌ အခြားသောရေနှင့် တစ်စုံတစ်ရာမျှ ...နားခြင်းမတွေ့ရသော်လည်း တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်၍ ...နတရာ ချိုအေးလှကြောင်းနှင့် ချီးမွမ်းပြောဆိုကြရလေ၏။

...။ ။'ကိုင်း ရေစစ်အကြောင်းတော့ မောင်တို့ သိကြရပြီ။ ကျုပ်မှန်ဘီလူးကို ပြရဦးမယ်'

ဟု ပြော၍ မှန်ဘီလူးတစ်ခုကို ပြပြန်ရာ ကျွန်တော်တို့သည် သာမည...ဘီလူးတစ်ခုမျှဖြစ်ကြောင်း တွေ့ကြရသော်လည်း ရှေးနည်းအတူ ချီးမွမ်းပြော...ကြရပြန်လေ၏။

...။ ။'နေပါဦးခင်ဗျာ၊ ဒါထက် ဦးနှောက်နဲ့ ခက်မငါးဖြာ ဆက်သွယ်ပုံအကြောင်းကို ဆရာကြီးစုံစမ်းတာ ဘယ်လိုများအကြောင်းထူးပါသေးသလဲ'

...။ ။'အခုတလောတော့ ဒီဟာမျိုးတွေကို ကျုပ်ကိုယ်တိုင် မလုပ်တော့ဘူး မောင်ရေ့။ သူတို့လူငယ်တွေနဲ့ပဲ လွှဲထားလိုက်တော့တာပဲ။ မူကာဂျီအခန်း... မောင်တို့လိုက်သွားလျှင် ဒီအကြောင်းတွေ သူပြပါလိမ့်မယ်။ ကျုပ်က လုပ်ပုံ...နည်းတွေကို အားလုံးသူ့ပြထားတယ်။ ကျုပ်က ဉာဏ်စိုက်၊ သူက လက်စိုက်...ကြပါတို့ မောင်ရယ်။ ဒီဟာ နည်းမှန်လမ်းမှန် မဟုတ်ဘူးလား'

ကိုသောင်းဘေလည်း မငြင်းလိုသဖြင့် ပြုံးရယ်ကာ သဘောတူညီလိုက်...၏။

...။ ။(ထိုင်ရာမှ ထလျက်)'ကိုင်း ကျွန်တော်တို့က ပရော်ဖက်ဆာရဲ့အလုပ်... နှောင့်ယှက်သလို ဖြစ်နေပါရောမယ်။ မစ္စတာမူကာဂျီအခန်းကိုသာ... ...တို့ လိုက်ပြကြည့်ပါရစေတော့။ ကြည့်ပြီး ကျွန်တော်တို့ ပြန်...တော့ခင်...'

www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပါ၊ ကောင်းပါ။ မြန်မာမိတ်ဆွေများနဲ့တွေ့ရ၊ ငယ်ငယ်က အဖြစ်တွေကို တယ်ပြီးအောက်မေ့တယ် မောင်တို့ရယ်။ ကိုင်း မူကာဂျီ၊ မိတ်ဆွေများကို မင်းအလုပ်တွေ… ငါတို့အလုပ်တွေ ဆိုကြပါစို့၊ ပြလိုက်ပါဦးကွယ်။ ကြည့်သွားကြပါစေ၊ မင်းမသွားခင် ငါ့ကို မီးခြစ်ယူပေးခဲ့စမ်းပါဦးကွယ်'

ဂင်းနောက် ကျွန်တော်တို့သည် ပရော်ဖက်ဆာ၏ အလုပ်ခန်းမှထွက်လာကြစဉ် အစေခံသည် ပျာယီးပျာယာနှင့်ရောက်လာ၍ ပရော်ဖက်ဆာ၏ အခန်းတွင်းသို့ ဝင်သွားသည်ကို မြင်လိုက်ကြရလေရာ ထိုသူ၏ အင်္ဂါရုပ်မှာ မှောင်မိုက်သောညအခါများ၌ အနီးသို့ချဉ်းကပ်ခြင်း မခံလိုသော အင်္ဂါရုပ်မျိုးဖြစ်လေသည်။ ကျွန်တော်တို့သည် ပရော်ဖက်ဆာ၏ အခန်းကို လှည့်ပတ်လာကြ၍ သံတိုင်ပြတင်းပေါက်သို့ ရောက်သဖြင့် အတွင်းသို့ မျှော်ကြည့်လိုက်ရာတွင် ပရော်ဖက်ဆာသည် ဒေါသကြီးစွာနှင့် လက်သီးလက်မောင်းတန်းကာ ကြိမ်းမောင်းလျက်၊ အစေခံမှာ နှုတ်ခမ်းကိုကိုက်ကာ လက်ပိုက်လျက် မျက်စောင်းတထိုးထိုးနှင့် ကြည့်နေသည်ကို တွေ့မြင်ခဲ့ကြရလေ၏။

မူကာဂျီ၏အခန်းတွင်းသို့ ရောက်ကြသည်နှင့်တစ်ပြိုင်နက် ဒေါက်တာသောင်းဘေနှင့် မူကာဂျီတို့သည် တစ်ခုသော စားပွဲတွင်ထိုင်လျက် မှတ်စုမှတ်တမ်းများကို အတူဖတ်ရှုခြင်း၊ နမူနာပုံစံများ ရေးဆွဲခြင်း၊ စာအုပ်ကြီးများကို လှန်လှောရှာဖွေခြင်းမှစ၍ စိတ်အားထက်သန်စွာ နီးနှောဆွေးနွေးလျက် ရှိနေကြလေရကား ကျွန်တော်တို့နှစ်ယောက်ကို အလျှင်းပင် သတိရဟန်လက္ခဏာ မရှိချေ။

ကျွန်တော်မှာမူ ဂင်းတို့ပြောသော စကားကို အလျှင်းပင် နားမလည်၊ ဂရုလည်းမစိုက်ဘဲ ဘဆူးနှင့်နှစ်ယောက် ထွေရာလေးပါး စကားတို့ကို ရောက်တတ်ရာရာ ပြောဆိုလျက် ရှိနေကြလေ၏။ ဘဆူးသည် ပရော်ဖက်ဆာ၏ အဖြူအမူများကို စိတ်အားထက်သန်စွာ ပြစ်တင်ပြောဆိုလေရာ ကျွန်တော်မှာ သူစိမ်းတစ်ယောက်အား ရှုတ်ချပြောဆိုရာ၌ စိတ်ပါလက်ပါ လိုက်လျောခြင်းမပြုလိုသောကြောင့် စကားစကိုဖြတ်၍ အခန်းထောင့်ရှိ မှန်ဗီရိုတစ်လုံးအတွင်း၌ ထည့်ထားသော အဟောင်းအမြင်း တောက်တိုမည်ရ ပစ္စည်းကလေးများရှိရာသို့ သွားလျက် 'ကျုပ်တို့မိတ်ဆွေက ပစ္စည်းဟောင်းစုတဲ့ ဝါသနာရှိသကိုး' ဟုပြော၍ ကြည့်ရှုလေ၏။ မူကာဂျီသည် ကျွန်တော့်ကိုမြင်သဖြင့် အနီးသို့လာ၍ မှန်ဗီရိုဖွင့်ပေးပြီးလျှင် 'ကျွန်တော်က ပစ္စည်းဟောင်းစုတဲ့ ဝါသနာရှိတယ်။ ကိုင်း ကိုင်း အားရအောင်ကြည့်ကြဗျား' ဟု ပြောပြီးနောက် ဒေါက်တာသောင်းဘေနှင့် ဆက်လက်၍ စကားပြောကြပြန်လေ၏။



ကျွန်တော်နှင့် ဘဆူးတို့မှာ ဗီရိုအတွင်းရှိ ရေးဒင်္ဂါးများ၊ ရှေးသုံးမြေခွန်အိုး… ချေးငရုတ်ဆုံများမှ စ၍ လေဘယ်စက္ကူချပ် အညီးသီးကပ်ထားသော ပစ္စည်း…င်းများကို ကြည့်ရှုလျက်ရှိရာ အချို့မှာ သီရိမဗ္ဗာသောကမင်း၊ အချို့မှာ …သောကမင်းတို့၏ လက်ထက်မှပစ္စည်းများဖြစ်ကြောင်း တွေ့ရှိရလေ၏။ …ပစ္စည်းများအနက် ကြေးဝါဖြင့်ပြုလုပ်ထားသော ပွတ်တစ်ချောင်းလည်း ပါဝင်…ရာ ဂင်း၏ပုံသဏ္ဌာန်မှာ အလွန်တရာထူးခြားလှသဖြင့် ကျွန်တော်သည် မူကာ…အား လှမ်း၍မေးမိလေ၏။ မူကာဂျီက ဂင်းကြေးပွတ်မှာ အသောကရာမမင်း…တ်ထက်က ကြေးပွတ်ဖြစ်ကြောင်း၊ ဂင်း၏ပုံသဏ္ဌာန်မှာ အလွန်ထူးဆန်း…ကြောင်း၊ ဂင်းပွတ်နှင့်ရေပက်သည့်အခါ ရေသည်လိုသောနေရာသို့ တစုတလုံး…ည်း ကျရောက်နိုင်ကြောင်း စသည်ဖြင့် အလျင်စလို ပြောပြပြီးနောက် ဒေါက်တာ…ောင်းဘေနှင့် ဆက်လက်၍ စကားပြောကြပြန်လေ၏။

တစ်နာရီကျော်ခန့်မျှ စကားပြောပြီးလတ်သော် ဒေါက်တာသောင်းဘေ…ည် မိမိတည်းခိုသောဟိုတယ်အမည်ကိုပေးခဲ့၍ မူကာဂျီအား အချိန်မရွေး လာ…က်လည်ပတ်ရန်ဖိတ်ကြားခဲ့ပြီးလျှင် ကျွန်တော်တို့သုံးဦးသည်မူကာဂျီ၏အခန်း…ထွက်လာခဲ့ကြလေ၏။ ကျွန်တော်တို့သည် ပရော်ဖက်ဆာကဝင်ပါဦးဟု ခေါ်ငင်…ည်ကို စိုးရိမ်သဖြင့် သံတိုင်ပြတင်းပေါက်အနီးသို့ရောက်သောအခါ၌ ခြေဖျား…ောက်လျက်ဖြတ်လာကြ၍ အတွင်းသို့မျှော်ကြည့်လိုက်ရာတွင် ပရော်ဖက်ဆာ…ည် သတင်းစာတစ်စောင်ကိုဖတ်လျက်ရှိသဖြင့် ကျွန်တော်တို့ကို မမြင်ချေ။

ဒေါက်တာသောင်းဘေသည် ပရော်ဖက်ဆာ၏ အခန်းတွင်း၌ရှိသော နာရီ…က်မြင်သဖြင့် 'အလိုလေးဗျာ သုံးနာရီတောင် ထိုးသွားပါပြီကော' ဟု အံ့သြစွာ…ာ်းတိုးပြောလိုက်သေး၏။

ကျွန်တော်တို့သည် အဆောက်အအုံ အပြင်သို့ထွက်လာကြ၍ ဝင်းတံခါး…နီးသို့ ရောက်သောအခါတွင် အစေခံသည် ဒရဝမ်အား ပရော်ဖက်ဆာ၏ အ…ကြောင်းကို ဟိန္ဒူစတန်နီဘာသာဖြင့် ညည်းတွားကြိမ်းမောင်း ရေရွတ်ကျိန်ဆဲ…လျက် ရှိသည်ကို တွေ့မြင်ကြားသိကြရလေ၏။ အစေခံနှာဆာရှုဒင်က 'ဒီအဘိုး…ကြီး ကျားကိုက်လို့ သေပါစေဗျာ၊ မြွေပေါက်လို့ သေပါစေဗျာ။ ငါ ကျားဖြစ်လျှင်…ကို အလျင်စားမယ်၊ ငါမြွေဖြစ်လျှင် သူ့ကို အလျင်ပေါက်သတ်မယ်' စသည်ဖြင့်…ရွတ်ကျိန်ဆဲသေး၏။

။'မူကာဂျီ ဘယ့်နှယ်လဲ မိတ်ဆွေ'

။'သိပ်ကောင်းတဲ့လူဗျ။ ဒီလောက် ထက်မြက်တဲ့ဉာဏ်ကို ကျွန်တော်ခါ…မ
မတွေ့ဖူးဘူး။ သူ့မှာ ဆိုစရာအပြစ်ကလေးတစ်ခုတည်း ရှိတယ်၊ ဘာလဲ…

www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ ယူဆတဲ့နေရာမှာ တော်တော်ဖြတ်လမ်းလိုက်တဲ့လူဗျ။ နည်းမှန်လမ်းမှန်
အတိုင်း သူမလိုက်ချင်ဘူး၊ ဖြတ်လမ်းကြိုက်တဲ့လူနဲ့ တူတယ်။ သို့သော် တော်
ပေတယ်ဗျာ၊ ဒီလို လူတစ်ယောက် လက်ထောက်အဖြစ်နဲ့ နေရတာ တယ်ပြီးရှက်
ဖို့ကောင်းတယ်ဗျာ။ တကယ်ဉာဏ်ထက်ပြီး တကယ်ပင်ပန်းတာကတစ်ယောက်၊
နာမည်ကြီးပြီး ကောင်းစားတော့ တစ်ယောက်၊ ကောင်းနိုင်ပေါင်ဗျာ'

ဇင်းနောက် ကျွန်တော်တို့သည် ဘဆူးအား ည ၇ နာရီခွဲအချိန်တွင် ဟို
တယ်သို့ ညစာစားလာရောက်ရန် ဖိတ်ကြား၍ ဇင်းခွဲခွာပြီးလျှင် ဒေါက်တာသောင်း
ဘော၏ မိတ်ဆွေကိုသိန်းကြွယ်၏ နေအိမ်သို့ သွားရောက်၍ မြန်မာမိတ်ဆွေများ
နှင့် တွေ့ဆုံကြလေ၏။

ဇင်း ည ၇ နာရီခွဲသော်လည်း ဘဆူး မပေါ်လာချေ။ ၁၅ မိနစ်ခန့် စောင့်
ဆိုင်းပြီးနောက် ၇ နာရီ ၄၅ မိနစ်တွင် ကျွန်တော်တို့သည် နှစ်ယောက်တည်း
ညစာစားသောက်ကြလေ၏။ ၈ နာရီ ၁၅ မိနစ်၌ ညစာ စားပြီးသည်နှင့် တစ်ပြိုင်
နက် ဘဆူးသည် ပျာယီးပျာယာ ဝင်လာ၍–

ဆူး။ ။'ကျွန်တော် မရောက်နိုင်ခြင်းကို သည်းခံပါမိတ်ဆွေတို့၊ ကြောက်စရာ
ကိစ္စကြီး ပေါ်ပေါက်နေလို့ပါ။ ပရော်ဖက်ဆာ ချက်ကာဂျီသေရှာပြီဗျာတို့'

'ဟင် ဘာပြုလို့လဲဗျာ'

'သူများသတ်လို့ သေရှာပြီ'

'ပြောစမ်းပါဦးဗျာ'

'အဆိပ်ကျွေးသတ်လို့ သေရှာတယ်ဗျ၊ သတ်တဲ့လူက သူ့ရေစစ်ထဲ
အဆိပ်ခတ်ပြီး သတ်ဟန်တူတယ်'

'သတ်တဲ့သူ ဘယ်သူလဲ'

'ကျွန်တော်တို့မြင်ခဲ့တဲ့ အစေခံလည်း ထွက်ပြေးပြီ၊ ပုလိပ်က သူ့လိုက်ရှာ
နေတယ်။ ပုလိပ် အင်စပိတ်တော်တစ်ယောက် စောင့်နေရစ်လေရဲ့။ မိတ်ဆွေတို့ဟာ
ပရော်ဖက်ဆာနဲ့ နောက်ဆုံးတွေ့ရတဲ့လူများဖြစ်လေတော့ အင်စပိတ်တော်က စ
ဆေးချင်တယ်ဆိုလို့ ကျွန်တော်လာပြီး ခေါ်လာရပါတယ်'

ကျွန်တော်တို့သည် ချက်ချင်းပင် လိုက်သွားကြ၍ မီးများထိန်ထိန်လင်
လျက်ရှိသော ပရော်ဖက်ဆာ၏ အခန်းတွင်းသို့ ရောက်ကြသောအခါတွင် လူတ
စုကို တွေ့ရလေရာ ဇင်းတို့အနက်တွင် မူကာဂျီနှင့် ဒရဝမ်တို့လည်း ရှိနေကြ၏

ပရော်ဖက်ဆာ၏ အလောင်းမှာမူ ရင်ခွဲရုံသို့ ပို့လိုက်ပြီးလေပြီ။ ပရော်ဖ
ဆာသည် ကျွန်တော်တို့ နောက်ဆုံးမြင်ခဲ့သည်အတိုင်း ကုလားထိုင်တွင် ငုပ
တုတ်ထိုင်လျက်ရှိကြောင်း၊ ဇင်း၏လက်၌ကား တစ်ဝက်သောက်ပြီးသော ရေတ



ကို စေ့စေ့ပါအောင် ဆုပ်ကိုင်ထားကြောင်း၊ ဇင်း၏မျက်လုံးများမှာ ကြောင်
ငေးလျက်ရှိကြောင်းနှင့် ကြားသိရလေသည်။

အင်စပိတ်တော်သည် ဒေါက်တာသောင်းဘောအား မေးခွန်းများ မေး၍
ပြန်များကို မှတ်တမ်းစာအုပ်တွင် ရေးထားလေ၏။

ထိုခဏအတွင်း၌ ဘဆူးက ကျွန်တော့်အား–

ဆူး။ ။'သတ်တဲ့လူဟာကော ဧကန်မုချ နာဆာရူဒင်ပါပဲ မိတ်ဆွေ၊ သူကြိမ်း
မောင်းနေတာတွေကို ကျွန်တော်တို့ကိုယ်တိုင် ကြားရတယ်မဟုတ်လား။
ရိုထိုးပြီး များမကြာမီအတွင်း သူထွက်သွားသတဲ့။ မူကာဂျီပြောပုံတော့
နေ ၅ နာရီ ၁၅ မိနစ်အချိန်မှာ သူအပြင်ထွက်တော့ ပရော်ဖက်ဆာကို သံတိုင်
တင်းပေါက်ကနေပြီး စကားပြောသွားသေးသတဲ့။ ဒီအချိန်မှာ မူကာဂျီအပြင်
သွားကြောင်းကို ဒရဝမ်ကလည်း အစစ်ခံတယ်။ မူကာဂျီထွက်သွားပြီးတဲ့
နောက် ညနေ ၅ နာရီခွဲလောက်မှာ နာဆာရူဒင် ပြန်လာပြီး မူးမူးယစ်ယစ်နဲ့ ဒရ
ရှေ့မှာ ပရော်ဖက်ဆာအကြောင်းကို ကြိမ်းလားမောင်းလား ကျိန်ဆဲလား လုပ်
သတဲ့။ ကြိမ်းမောင်းပြီးတဲ့နောက် နာဆာရူဒင်ဟာ သူ့အခန်းကလေးထဲ ဝင်
သတဲ့။ ပရော်ဖက်ဆာ အခန်းထဲသို့ သူ့အခန်းကလေးထဲကဖြတ်ပြီးဝင်တဲ့
တစ်လမ်းတည်း ရှိတယ်ဆိုတာ ခင်ဗျားသိတယ် မဟုတ်ဘူးလား'

'သိတယ်'

'နောက် ၁၀ မိနစ်လောက်ကြာတော့ နာဆာရူဒင် ပြန်ပြီးထွက်လာသတဲ့။
တည်းကစပြီး သူ့ကို မတွေ့ရတော့ဘူးတဲ့။ ၆ နာရီထိုး အချိန်လောက်မှာ
ပြင်က စာတစ်စောင် လာပေးလေတော့ ဒရဝမ်က ပရော်ဖက်ဆာရဲ့အခန်းကို
သတဲ့။ အထဲက ဘာမှပြန်မထူးလေတော့ ဒရဝမ်က သံတိုင်ပြတင်းပေါက်
ကြည့်သွားပြီးခေါ်သတဲ့။ ဘာမှလဲ ပြန်လို့မထူး၊ ဒီတော့ ဒရဝမ်က စိုးရိမ်မကင်း
ကျောင်းသားတွေခေါ်၊ တံခါးကို အတင်းဖွင့်၊ အထဲဝင်ကြည့်တော့ လက်ထဲ
ခွက်ကြီးကိုင်လျက် ငုတ်တုတ်ကြီးသေနေသတဲ့'

ထိုခဏ၌ အပြင်မှ လူများသည် လှုပ်လှုပ်ရှားရှားဖြစ်သွား၍ ပုလိပ်နှစ်
ယောက်တို့သည် နာဆာရူဒင်ကို လက်ထိတ်ခတ်လျက် အခန်းတွင်းသို့ သွင်းလာ
သော၏။ ထိုသူ၏ အင်္ကျီရပ်မှာ အရက်မူးခြင်း၊ ကြောက်ရွံ့ခြင်းတို့ကြောင့် မေ့
သက်ပင် ဆိုးရွားလှချေသေး၏။

ပုလိပ်အရာရှိက ဇင်းအား ပရော်ဖက်ဆာကိုသတ်ကြောင်းနှင့် စွပ်စွဲသော
သည် မဟုတ်ကြောင်းနှင့် ငြင်းဆန်လေ၏။ အဖြစ်အပျက်များကို မေးမြန်း
ခါ ပရော်ဖက်ဆာသည် မိမိအား နှစ်နာလောက်အောင် ကြိမ်းမောင်းခြ

www.burmeseclassic.com

www.burmeseclassic.com



ဆိုသဖြင့် ဒေါသကြီးစွာနှင့် ၃ နာရီအချိန်လောက်တွင် ထွက်သွားကြောင်း၊ စိတ် ညစ်လှသောကြောင့် အရက်ဆိုင်သို့ဝင်၍ အရက်သောက်ကြောင်း၊ ထို့နောက် မိမိရွာသို့ ပြန်တော့မည်ဟု ဆုံးဖြတ်ကြောင်း၊ လမ်းခရီး၌ မိမိ၏ပစ္စည်းကလေးများ ကို သတိရသဖြင့် ပြန်လာယူငင်ပြီးလျှင် ထွက်သွားပြန်ကြောင်း၊ ရွာသို့ရောက်သော အခါ မိမိအား ပုလိပ်များက ဖမ်း၍ခေါ်လာခဲ့ကြောင်းနှင့် အစစ်ခံလေ၏။

နာဆာရှုဒင်က မိမိသည် ပစ္စည်းယူရန် ပြန်လာသောအခါ၌ ပရော်ဖက်ဆာ ၏ အခန်းသို့ မဝင်ရကြောင်းနှင့် အကြိမ်ကြိမ် အထပ်ထပ် ထွက်ဆို၏။

ပရော်ဖက်ဆာ၏ ကွယ်ရာ၌ ကြိမ်းမောင်းခြင်းပြုပါသလောဟု မေးမြန်းရာ ပထမ၌ မကြိမ်းမောင်းရကြောင်းနှင့် ကွယ်၏။ ကြားရသူသက်သေများကို ထုတ် ပြသောအခါ၌ကား ဒေါသအလျောက် ကြိမ်းမောင်းမိကြောင်းနှင့် ဝန်ခံ၏။

အစေခံ နာဆာရှုဒင်အပေါ်၌ သင်္ကာမကင်း ဖြစ်ဖွယ်ရာသော အချက်ကြီး များမှာမူကား ပရော်ဖက်ဆာ၏ အခန်းတံခါးသော့နှစ်ချောင်းအနက် တစ်ချောင်းမှာ ပရော်ဖက်ဆာထံ၌ရှိ၍ အခြားတစ်ချောင်းသည် အစေခံထံ၌ ရှိနေခြင်းတစ်ချက် ၅ နာရီ ၁၅ မိနစ်အချိန်၌ ပရော်ဖက်ဆာကို မူကာဂျီက အသက်ရှင်လျက်တွေ့ခဲ့ပြီး နောက် အစေခံတစ်ဖန်ပြန်လာခြင်း တစ်ချက် ဖြစ်လေသည်။

အင်စပိတ်တော်က ဒရဝမ်အား 'ထိုအချိန်အတောအတွင်း အခန်းတွင်းသို့ မင်းဝင်မိသလား'

ဝမ်။ ။'ပရော်ဖက်ဆာက ကျွန်တော့်အား ဘယ်အခါမျှ ဝင်ခွင့်မပြုပါ။ ကျွန် တော့်မှာလည်း သော့မရှိ၊ မူကာဂျီမှာလည်း သော့မရှိ၊ နာဆာရှုဒင်တစ် ယောက်တည်းသာ သော့ရှိပါသည်'

ဆာ။ ။'အခြားသူ တစ်စုံတစ်ယောက် ဝင်ထွက်ခြင်းကို မင်းမြင်သလား'

ဝမ်။ ။'ကျွန်တော် အစဉ်မပြတ် စောင့်နေသောကြောင့် တစ်စုံတစ်ယောက် ဝင် ထွက်ခြင်းရှိခဲ့လျှင် မြင်ရမည်ဖြစ်ပါသည်။ ယခုမှာ ဘယ်သူမှ မလာပါ။ အခန်းတွင်းသို့ ဝင်ရန် အခြားလမ်းလည်း မရှိပါ'

အင်စပိတ်တော်သည် အခန်း၌ အခြားသောအပေါက် ရှိလေသလော ရှာ စုံစမ်းရှာဖွေသော်လည်း မတွေ့ရချေ။ သံတိုင်ပေါက်မှာလည်း ကလေးတစ်ယောက် ပင်လျှင် သံတိုင်ကြားမှ ဝင်နိုင်လောက်အောင် မကျယ်ဝန်းချေ။

၎င်းနောက် ပုလိပ်အရာရှိသည် ကျွန်တော်တို့နှင့်တကွ အစေခံကို ရင်ခွဲရုံ သို့ခေါ်သွားလေရာ ပရော်ဖက်ဆာ၏အလောင်းမှာ စားပွဲတစ်ခုပေါ်တွင် ပိတ်ဖြူခြုံ လွှမ်းလျက် စင်းစင်းကြီးပစ်ထားလေ၏။ ပုလိပ်အရာရှိသည် ပိတ်ဖြူကို ဖယ်ရှား



လိုက်သောအခါတွင် အစေခံသည် ကြောက်အားကြီးစွာနှင့် မျက်နှာပျက်၍ သွား လေ၏။

ကျွန်တော်၏မိတ်ဆွေ ဒေါက်တာသောင်းဘေမှာမူ အလောင်း၏ ကြောင် တောင်ပြူးလျက်ရှိသော မျက်လုံးများကို မှန်ဘီလူးနှင့်သေချာစွာ ကြည့်ရှုလေ၏။ ၎င်းနောက် ကိုသောင်းဘေသည် ဆရာဝန်များနှင့် စကားတီးတိုး ပြောလျက်ရှိရာ ပုလိပ်အရာရှိသည် တရားခံကို ဌာနသို့ခေါ်သွားသဖြင့် ကျွန်တော်နှင့် ဘဆုး၊ မူကာဂျီတို့သည် ရင်ခွဲရုံ၏ အပြင်သို့ထွက်၍ ကိုသောင်းဘေကို စောင့်ဆိုင်းနေကြ လေ၏။

အတန်ငယ်ကြာလတ်သော် ကိုသောင်းဘေ ထွက်လာ၍ မိမိမှာ ဆရာဝန် များအား ကူညီရန်အလုပ်တစ်ခု ရှိသောကြောင့် နေရစ်ခဲ့ရမည်ဖြစ်ကြောင်း၊ ကျွန် တော်တို့မှာမူ ဟိုတယ်သို့ပြန်သွား၍ သုံးယောက်သား အတူတကွ စောင့်နေရမည် ဖြစ်ကြောင်းနှင့် မှာထားပြီးလျှင် ရင်ခွဲရုံအတွင်းသို့ တစ်ဖန်ဝင်သွားပြန်လေ၏။

လမ်းခရီး၌ကား ကျွန်တော်တို့သည် အမှု၏အကြောင်းကို ဆွေးနွေးကြရာ အမျိုးမျိုးသော အကြောင်းတို့ကို ထောက်သဖြင့် ပရော်ဖက်ဆာကို သတ်သောသူ မှာ အစေခံနာဆာရှုဒင်ပင်ဖြစ်ရမည်အကြောင်းကို အားလုံးပင် သဘောတူညီကြ လေ၏။ ဟိုတယ်ဝသို့ရောက်ကြသောအခါ မူကာဂျီနှင့် ဘဆုးတို့က အတွင်းသို့ လိုက်လိုကြကြောင်းနှင့် ငြင်းဆန်ကြပြီးလျှင် အသီးအသီး နေအိမ်သို့ပြန်သွားကြ လေ၏။

ကျွန်တော်သည် အိပ်ခန်းအတွင်းသို့ ရောက်သောအခါတွင် အိပ်ရာပေါ် တွင် ပက်လက်လှန်၍ အနည်းနည်း တွေးတောပါသော်လည်း နာဆာရှုဒင်မှ တစ်ပါး အခြားသူကို မတွေးနိုင်အောင် ရှိနေသဖြင့် နောက်ဆုံး၌ စိတ်နှလုံး တုံးတုံး ချ၍ အိပ်ပျော်ခြင်းသို့ ရောက်လေ၏။

ကိုသောင်းဘေမှာ တစ်ညလုံးလည်း မပေါ်လာ၊ မိုးလင်းသောအခါ၌ လည်း မပေါ်လာသေးချေ။ သို့ဖြစ်၍ ကျွန်တော်တို့ လက်ဖက်ရည်သောက်ပြီး နောက် လမ်းလျှောက်ထွက်သွား၍ ၈ နာရီအချိန်ခန့်တွင်မှ ဟိုတယ်သို့ပြန်လာခဲ့ ရာ ကိုသောင်းဘေလည်း ရောက်နေနှင့်လေ၏။

'ဘာများ သတင်းထူးသလဲဗျို့၊ တရားခံက ဖြောင့်ချက်ပေးပြီလား'

'မပေးဘူး၊ သို့သော် သူ့ကို သင်္ကာမကင်းစရာအကြောင်းတွေ တော်တော် များနေတယ်'

'ခင်ဗျား ညက မအိပ်ရဘူးမှတ်တယ်'

'တစ်မှေးမှ မအိပ်ရဘူး'

www.burmeseclassic.com

www.burmeseclassic.com



'ဘာတွေ လုပ်နေရသလဲဗျ'

'ပရော်ဖက်ဆာကြီးဟာ အသက်ရှင်နေစဉ်က မှတ်သားဖွယ်ရာမကောင်းသော်လည်း သေတဲ့အခါမှာ သူ့အလောင်းဟာ တော်တော်မှတ်သားစရာ ကောင်းတယ်ဗျို့'

'ဘယ့်နှာလဲဗျာ'

ထိုခဏ၌ ဘဆွေးသည် ဟိုတယ်သို့ဝင်လာရာ ကျွန်တော်တို့သည် ၎င်းကိုခေါ်၍ မူကာဂျီ၏ အလုပ်ခန်းသို့ သွားကြလေ၏။

ဆေးကျောင်းသို့ရောက်ကြ၍ မူကာဂျီ၏ အလုပ်ခန်းသို့ဝင်မိကြသောအခါတွင် မူကာဂျီသည် ဝီရိယကောင်းသူတစ်ယောက်ဖြစ်သည်အတိုင်း အလုပ်စားပွဲ၌ ထိုင်လျက် ရှိနေနှင့်လေ၏။

ဂျီ။ ။'ဘယ့်နှယ်လဲ၊ ခင်ဗျား ဘာများသတင်းထူးသလဲ'

ဆာ။ ။'ပရော်ဖက်ဆာ ချက်ကာဂျီကို သတ်သူ ကျွန်တော် သိခဲ့ရပြီ'

ဂျီ။ ။'ဟုတ်ကဲ့လား၊ နေရာကျလိုက်လေဗျာ၊ ပြောစမ်းပါဦး'

ဆွေး။ ။'မနေ့ကတည်းက ပုလိပ်ဖမ်းပြီးပြီ မဟုတ်လား'

ဆာ။ ။'မဟုတ်သေးဘူးဗျ၊ သတ်တဲ့လူက နာဆာရုဒင်မဟုတ်ဘူး'

ဆွေး။ ။'ဒီလောက်ထင်ရှားနေတဲ့ အမှုပဲဗျ'

ဆာ။ ။'ထင်ရှားတာက ဘာထင်ရှားသလဲဆိုတော့ နာဆာရုဒင်သည် သူ့အခန်းထဲကို ငါးနာရီခွဲအချိန်မှာ ဝင်တယ်။ အလောင်းကို ၆ နာရီမှာ တွေ့တယ်၊ ဒီတော့ကာ သူပင်လျှင် အခန်းတွင်းဝင်ပြီး အဆိပ်ခတ်ခြင်း ဖြစ်ရမယ်လို့ တွေးကြတယ်'

ကျွန်တော်။ ။'ဒီလို တွေးဖို့တော့ ရှိတယ်'

ဆာ။ ။အလောင်း၏ မျက်လုံးကိုမြင်ရသည်နှင့်တစ်ပြိုင်နက် သေသူသည် ဘယ်လိုအဆိပ်မျိုးနဲ့ သေတယ်ဆိုတာကို ကျုပ်တစ်ခါတည်း သိရတယ်။ ခင်ဗျားတို့အားလုံး သိကြတဲ့အတိုင်း မျက်လုံးအိမ်ဟာ ဓာတ်ပုံကိရိယာနဲ့ အင်မတန်တူတယ်။ ရှေ့က အကြည်ဓာတ်ခံပြီး နောက်က သူငယ်အိမ်ပေါ်မှာ အရိပ်တွေ ထင်လာရတယ်မဟုတ်လား'

ဆွေး။ ။'ဟုတ်ပါတယ်'

ဆာ။ ။'ဒီအဆိပ်ဟာ ဘယ်လိုအဆိပ်မျိုးလဲဆိုတော့ သူ့ကိုသောက်မိလျှင် ရှေ့ကအကြည်ဓာတ်ဟာ တစ်ခါတည်း နောက်သွားပြီး မျက်လုံးတစ်ခုလုံးဟာ ရှေ့ဘက်က တံခါးချထားတဲ့ ဓာတ်ပုံကိရိယာကဲ့သို့ ဖြစ်လာတယ်။ သို့အဘက်ကြောင့် ကျုပ်က ဘယ်လိုတွေးချက်ရသလဲဆိုတော့ ရှေ့ကအကြည်ဓာတ်



နောက်ပြီး သေသည်နှင့်တစ်ပြိုင်နက် သေခါနီးဆဲဆဲမှာ သူငယ်အိမ်၌ နောက်ဆုံးထင်လိုက်သောအရိပ်သည် ပိတ်လျက်သား မိနေပြီး ဓာတ်ပုံထင်သကဲ့သို့ ထင်နေလိမ့်မယ်လို့ ကျုပ် တွေးချက်ရတယ်။ ဒါကြောင့် သူငယ်အိမ်မှာ ထင်နေတဲ့ အရိပ်ကို ကြည့်ရလျှင် သတ်သောသူ၏ အရိပ်သဏ္ဌာန်ကို မြင်ရလိမ့်မယ်လို့ ကျုပ်ထင်တယ်။ ဒီတော့ ဆရာဝန်များထံ အခွင့်တောင်းပြီး မျက်လုံးကို ထုတ်ကြည့်ဖို့ ကျုပ်စိတ်ကူးရတယ်။ ထုတ်ရပုံ၊ ဓာတ်ရိုက်ရပုံ၊ ပိသအောင် ချဲ့ရပုံတွေတော့ ကျုပ်မပြောတော့ပါဘူး၊ နောက်ဆုံးလိုရင်းအချုပ်မှာတော့ ကျုပ်တွေးတဲ့အတိုင်း သူငယ်အိမ်မှာ အရိပ်ထင်နေတာကို သေသေချာချာ ကျုပ်တို့တွေ့ရတယ်'

ဂျီ။ ။'သတ်တဲ့လူရဲ့ အရိပ်လား'

ဆာ။ ။'သေသူသည် နာရီကြီးရှိရာသို့လှည့်ပြီး သေသည့်အတွက် နာရီအရိပ်ဟာ သူငယ်အိမ်မှာ ထင်ရှားစွာပေါ်လျက်ရှိတယ်'

ဂျီ။ ။'ဘယ်နှနာရီလဲ'

ဆာ။ ။'ငါးနာရီတိတိဗျ'

ဆွေး။ ။'ဒါဖြင့် နာဆာရုဒင် ပြန်မလာခင်ပေါ့'

ဆာ။ ။'အစစ်ပဲ၊ နာဆာရုဒင် ပြန်လာတော့ ပရော်ဖက်ဆာ သေနေနှင့်ပြီ'

ကျွန်တော်။ ။'သူ့အခန်း ဒီပြင်လူ ဘယ်သူမှ မဝင်ပါသလားဗျာ'

ဆာ။ ။'အခန်းထဲရောက်အောင်တော့ ဘယ်သူမှမဝင်ဘူး၊ မှန်တယ်။ သို့သော် ခင်ဗျား တစ်နေ့က ကိုင်ကြည့်တဲ့ ကြေးပြွတ်ဟာ...'

ထိုခဏ၌ မူကာဂျီထံမှ ခွီးခွီးမြည်သံ ကြားရသဖြင့် ကျွန်တော်တို့သည် လှမ်း၍ကြည့်လိုက်ကြသောအခါ မူကာဂျီမှာ စားပွဲပေါ်သို့ ထိုး၍ ဦးခေါင်းငိုက်စိုက်ကျနေနှင့်လေပြီ။

ကိုသောင်းဘေသည် ၎င်း၏ရင်ဘတ်ကို စမ်းသပ်ပြီးနောက် 'ဖြတ်လမ်းကြောင်ပြန်ပြီ ဆရာတို့၊ စောစောက ကျုပ်မပြောဘူးလား၊ ဒီလူဟာ အင်မတန်ဖြတ်လမ်းကြိုက်တယ်လို့။ ပရော်ဖက်ဆာ ရာထူးကို ဖြတ်လမ်းက ရောက်ဖို့ကြံတာ အထမမြောက်လေတော့... ဟော အခုတစ်ခါ ဖြတ်လမ်းကြိတ်သွားပြန်ပြီ... ဒုက္ခ... ဒုက္ခ... ဉာဏ်ကြီးသော်လည်း လောဘကြီးတော့ အခက်သားပဲ'

[သူရိယမဂ္ဂဇင်း၊ ဇော်တင်ဘာ ၁၉၃၁]

■

www.burmeseclassic.com

www.burmeseclassic.com

# ဦးသီဟန်၏ ဖြောင့်ချက်

ကျွန်တော်သည် နံနက်စာ ထမင်းစားသောက်လျက်ရှိစဉ် ကျွန်တော် မသိသော လက်ရေးဖြင့် လိပ်တပ်ထားသော စာအိတ်ကြီးတစ်လုံးသည် စာတိုက်မှ ဆိုက်ရောက်လာ၏။ တံဆိပ်ခေါင်းပေါ်၌ ရိုက်နှိပ်ထားသော စာတိုက်တံဆိပ်မှာ မြစ်ကြီးနားမြို့တံဆိပ် ဖြစ်သောကြောင့် ထိုမြို့၌ အသိအကျွမ်းမရှိဖူးသော ကျွန်တော့်မှာ မည်သူ၏ထံမှ စာဖြစ်လေသနည်းဟု တွေးတောမိ၏။ ထမင်းစားပြီးသဖြင့် စာအိတ်ကြီးကို ဖွင့်ကြည့်လိုက်သောခါ၊ အတွင်း၌ ကျွန်တော် သိသောလက်ရေးဖြင့် လိပ်တပ်၍ ချိပ်တံဆိပ်များ ကပ်ထားသည့် စာအိတ်တစ်လုံးနှင့် စာတစ်စောင်ကို တွေ့ရှိရလေ၏။

အတွင်းစာအိတ်ပေါ်တွင် လိပ်တပ်ထားသော လက်ရေးမှာ နှစ်ပေါင်းများစွာက သိကျွမ်းခဲ့ဖူးသော ကျွန်တော်၏မိတ်ဆွေ ကိုသီဟန်၏ လက်ရေးများဖြစ်သဖြင့်၊ နှစ်ပရိစ္ဆေဒ ကြာရှည်စွာ ငုပ်နေပြီးမှ မည်သည့်ကိစ္စနှင့် ရေးသားခြင်းဖြစ်လေသနည်းဟူ၍လည်း စဉ်းစားမိ၏။ စာအိတ်ထောင့်၌ "အတူးလျှို့ဝှက်ရန်"ဟူသော စာလုံးများကို တွေ့ရှိရပြန်သောအခါ၌မူ သာ၍ပင် စဉ်းစားတွေးတောဖွယ် ဖြစ်လာပြန်လေ၏။



၎င်းနောက် ကျွန်တော်သည် စာအိတ်နှင့် အတူပါလာသော စာကိုဖတ်ရှုရာတွင် ရင်ထဲ၌ အောင့်ခနဲဖြစ်သွားမိလေ၏။ ထိုစာမှာမူ ဝတ်လုံတော်ရ တစ်ဦးထံမှဖြစ်၍ အောက်ပါအတိုင်း ဖြစ်လေသည်။

"ဤစာနှင့်အတူ ပေးပို့လိုက်သောစာအိတ်မှာ ကွယ်လွန်သူ ဦးသီဟန်၏ ပစ္စည်းများအနက်တွင် တွေ့ရှိရသော စာအိတ်ဖြစ်ပါ သည်။ ကျေးဇူးပြု၍ လက်ခံရရှိကြောင်း ပြန်ကြားစေလိုပါသည်"

ဦးသီဟန်မှာ ကျွန်တော်သိကျွမ်းဖူးသမျှသော မိတ်ဆွေအပေါင်းတို့တွင် အရင်းနှီးဆုံး၊ အားရလောက်ဖွယ် အကောင်းဆုံးသော လူတစ်ယောက်ဖြစ်သဖြင့် အလွန်ပင် နှမြောမိပါ၏။ ကျွန်တော်သည် အထက်ပါစာကို ရရှိသောအချိန်အခါ တွင် မိတ်ဆွေလင်မယားနှစ်ယောက်၏ နေအိမ်၌ တည်းခိုလျက်ရှိရာ ထိုလင်မယားနှစ်ယောက်တို့မှာလည်း ကိုသီဟန်နှင့်ကျွန်တော် မသိကျွမ်းမီအချိန်ကပင် မိတ်ဆွေရင်းချာ ဖြစ်ခဲ့ကြဖူးလေသည်။

ကျွန်တော်သည် မြို့အုပ်လင်မယားနှစ်ယောက်တို့အား ကိုသီဟန်သေဆုံးကြောင်းကို အဘယ်ကြောင့် ချက်ချင်းပြော၍ မပြမိသည်အကြောင်းကို မမှတ်မိတော့ချေ။ ကွယ်လွန်သူကိုသီဟန်သည် ကျွန်တော့်အား မည်သည့်စကားများ ပြောထားခဲ့ခြင်းအကြောင်းကို ၎င်းရေးထားခဲ့သော စာအိတ်၌ မဖတ်ရသေးမီ သေဆုံးကြောင်းကိုပင် ပြောမပြချင်ကြောင်း ဖြစ်ဟန်တူပေသည်။

ထမင်းများ စားသောက်ပြီးစီးသည်နှင့်တစ်ပြိုင်နက် ကျွန်တော်သည် ပက်လက်ကုလားထိုင် တစ်လုံးကိုဆွဲယူ၍ ဝင်းထောင့်ရှိ မန်ကျည်းပင်ကြီးအောက်သို့ သွားပြီးလျှင် ကိုသီဟန်ထားခဲ့သောစာကို ဖတ်ရှုရာ အောက်ပါအတိုင်းတွေ့ရှိရလေ၏။

မိတ်ဆွေကြီး ကိုသိန်းမောင်။

ကျွန်တော့်အား ကုသလျက်ရှိသော ဆရာဝန်က ကျွန်တော့်မှာ ဝဋ်ကျွတ်တော့မည်ဟု ယနေ့နံနက်ပင် ဖွင့်ဟထုတ်ဖော် ပြောဆိုပါသည်။ ကျွန်တော်လည်း ဤအကြောင်းကို တွေးမိပြီးဖြစ်သောကြောင့် ဆရာဝန်ပြောသော်လည်း အရေးမကြီးလှပါ။ သို့ရာတွင် အသက်၏ လမ်းတာအဆုံးသို့ ရောက်လုဆဲဆဲရှိနေသော ကျွန်တော့်မှာ မိတ်ဆွေများအနက် ကိုသိန်းမောင်အား အဘယ့်ကြောင့် နှစ်ပေါင်းများစွာ ကျွန်တော် ငုပ်နေရခြင်းအကြောင်းကို ထုတ်ဖော်ရှင်းလင်း ရေးသားထားခဲ့လိုပါသည်။ ထို့ပြင် ခင်ဗျား အံ့သြလောက်သော အဖြစ်အပျက်တစ်ခုကိုလည်း ဖြောင့်ချက်ပေးခဲ့လိုပါသည်။ နောက်နှောင်အခါ၌ တစ်စုံတစ်ခု ဖြစ်ခဲ့ပါလျှင်လည်း ခင်ဗျားသည် ဤဖြောင့်ချက်ကို အလိုရှိရာ အသုံးပြုနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤဖြောင့်ချက်အနက် အချို့သော အဖြစ်အပျက်တို့မှာ ခင်ဗျားသိပြီးဖြစ်ပေလိမ့်မည်။ သို့ရာတွင် အလုံးစုံပြည့်စုံစေရန်အတွက် သိပြီးဖြစ်သော အဖြစ်အပျက်များကိုပါ ထည့်သွင်းဖော်ပြလိုက်ပါသည်။ ကျွန်တော်သည် တစ်ခါတစ်ရံမျှပင် ဝတ္ထုရေးဖူးသူတစ်ယောက် မဟုတ်သော်လည်း ဤဖြောင့်ချက်ကို ဝတ္ထုသွားအဖြစ်နှင့် ရေးသားခဲ့ပါသည်။

လွန်ခဲ့သော တစ်နှစ်ခန့်အခါက ကျွန်တော်သည် အမဲလိုက်ခြင်းအလုပ်၌ ဝါသနာပါသူတစ်ယောက်ဖြစ်သည့်အတိုင်း အခွင့်လေးလခံယူပြီးလျှင် ဆင်ပစ်ရန် လိုင်စင်ခံယူ၍ ကသာဒိစကြိုတ် ရွှေလီချောင်းတစ်လျှောက်ကို ဆန်တက်ခဲ့ဖူးပါသည်။ လေ့ဘိုရွာမှ ကုန်းလမ်းခရီးဖြင့် မြတောင်ရွာသို့ ဆင်းလာသောအခါ ကျွန်တော်သည် နမ်းပေါင်းရွာသို့အရောက်တွင် ငှက်ဖျားရောဂါ စွဲကပ်သဖြင့် သစ်ကုန်သည်မောင်ထွန်းဦး၏ နေအိမ်၌ တည်းခိုခဲ့ရဖူးပါသည်။ သစ်ကုန်သည် မောင်ထွန်းဦးမှာ ကသာမြို့သားဇာတိဖြစ်၍ ကျွန်တော် သိကျွမ်းဖူးသမျှသော သူငယ်ကလေးများအနက်တွင် အဖြောင့်ဆုံး၊ အတည်ကြည်ဆုံးသော လူတစ်ယောက်ဖြစ်ပေသည်။ ထိုသူငယ်သည် အင်ကြင်းသစ်များကို သစ်ခုတ်သမားများနှင့် စောင့်ကြပ်ခုတ်ယူ၍ ဖောင်ဖွဲ့ရန် စီမံလျက်ရှိရာ ကျွန်တော်သည် အတန်ငယ်သက်သာလာသောအခါ ၎င်း၏နေအိမ်၌ တည်းခိုရခြင်းကို အားနာလှသည်ဖြစ်သောကြောင့် မြတောင်သို့ ဆက်လက်၍သွားရန် ကြံစည်မိပါသည်။ ထိုအခါ မောင်ထွန်းဦးသည် ကျွန်တော်၏ စိတ်သဘောကို ရိပ်မိသည်ဖြစ်သောကြောင့် ၎င်း၏နေအိမ်၌ တည်းခိုခြင်းအတွက် အနည်းငယ်မျှ အားနာရန်မရှိသည်ပြင် တောရွာ၌နေရသော မြို့သားဖြစ်ခြင်းကြောင့် အဖော်ရ၍ အပျင်းပြေလှပါကြောင်းနှင့် ပြောဆိုတားဆီးပြီးလျှင် ရောဂါရှင်းရှင်းမပျောက်သေးသမျှ ကာလပတ်လုံး လှည်းစီး၍ ခရီးသွားဖို့ စိတ်မကူးသင့်ကြောင်းနှင့် ပြောပြလေ၏။

မောင်ထွန်းဦး၏ စကားမှာ လောကဝတ်ပြောခြင်းမဟုတ်၊ အကယ်သဘောနှင့် ပြောခြင်းဖြစ်ကြောင်းကို ကျွန်တော်သိရှိရသဖြင့် ၎င်း၏နေအိမ်၌ မကျန်းမာမချင်း ဆက်လက်တည်းခိုနေထိုင်ခဲ့ရာ ထိုသူငယ်အားလည်း တစ်နေ့ထက်တစ်နေ့ နှစ်သက်သည်ထက် နှစ်သက်သောစိတ်ဖြစ်ပေါ်လာခဲ့လေ၏။ တစ်ညသ၌ ကျွန်တော်သည် မောင်ထွန်းဦးအား အိမ်ထောင်ရက်သား ပြုခြင်းအကြောင်းနှင့် စပ်လျဉ်း၍ တီးခေါက်စုံစမ်းမိ၏။

ကျွန်တော်။ ။'သီးချိန်တန်သီး၊ ပွင့်ချိန်တန်ပွင့်ဆိုတဲ့ စကားလို အချိန်အရွယ်ရောက်ပြန်မှဖြင့် သားမယားရှိမှ တင့်တယ်မယ် မောင်ထွန်းဦးရဲ့'



မောင်ထွန်းဦးသည် ရှက်တတ်သောသူငယ်တစ်ယောက်ဖြစ်သည့်အတိုင်း မျက်နှာမရဲတရဲနှင့် စားပွဲအံဆွဲမှ ဓာတ်ပုံတစ်ခုကို ထုတ်ယူ၍ ကျွန်တော့်အားပြလျက်–

ဦး။ ။'ကျွန်တော့်မှာ လက်ထပ်ဖို့ စေ့စပ်ပြီးပြီဦးရဲ့၊ ဒီဟာ သူ့ဓာတ်ပုံပါပဲ။ လက်ထပ်ပြီးတဲ့နောက် ကျွန်တော်နဲ့အတူ ဒီတောထဲ လိုက်နေမယ်ဆိုလို့ အိမ်ကလေးခြံကလေး သပ်သပ်ရပ်ရပ်ရှိအောင် ကျွန်တော် လုပ်ထားနှင့်ရပါတယ် ခင်ဗျာ'

ကျွန်တော်သည် ဓာတ်ပုံကိုယူ၍ကြည့်မိရာတွင် ကြီးစွာသော အံ့သြခြင်းဖြင့် ဆေးလျက်ပင်ရှိနေမိ၏။ ၎င်းဓာတ်ပုံမှာ အဝတ်အစားများကို ဆေးရောင်စုံခြယ်ထားသော ဓာတ်ပုံဖြစ်လေရာ မျက်နှာ၏အချိုးအစား ကျန၍ အပြစ်ကင်းခြင်းအရာနှ၌ ဤမိန်းကလေးနှင့် တုပြိုင်နိုင်မည့် မိန်းကလေးကို ကျွန်တော် မမြင်မိဖူးချေ၊ မျက်နှာထားမှာ အလွန်တရာချိုသာလှသဖြင့် လှပခြင်းထက် ချစ်ခင်ဖွယ်ကောင်းခြင်းသည် သာလွန်ထင်ရှားလျက်ရှိပေ၏။

ကျွန်တော်သည် ဓာတ်ပုံကိုကြည့်ရခြင်း၌ မဝနိုင်အောင် ရှိနေသဖြင့် စိုက်၍သာ ကြည့်လျက်ရှိနေစဉ် မောင်ထွန်းဦးပြောသော စကားများကိုပင် မကြားမိလောက်အောင် ဖြစ်နေလေ၏။ မောင်ထွန်းဦးမှာမူကား ခပ်ရှက်ရှက်၊ ခပ်ဆိုင်းဆိုင်းဖြင့် အသံတစ်ငေါ့ငေါ့နှင့် တစ်လုံးပြီးတစ်လုံး၊ တစ်ပိုဒ်ပြီးတစ်ပိုဒ် ပြောပြလျက်ရှိ၏။ ထိုသူငယ်သည် ၎င်းမိန်းကလေးနှင့် လက်ထပ်ပြီးသောအခါ၌ မည်ကဲ့သို့နေထိုင်ကြမည်၊ မည်ကဲ့သို့ ကြံစည်ကြမည် စသည်ဖြင့် စိတ်ကူးယဉ်လောက်သော အခြေအနေ၌ ရှိနေသူတို့၏ ထုံးစံအတိုင်း မိမိတို့၏ နောင်ရေးများကို တင်ကူးမျှော်တွေးလျက် ဘတွတ်တွတ်ပြောဆိုလျက် "ကျွန်တော်" ဟူသော စကားအစား "ကျွန်တော်တို့" ဟူသော စကားကို ထည့်သွင်းအသုံးပြု၏။

ဦး။ ။(ဓာတ်ပုံကို လှမ်းယူ၍)'ကျွန်တော်တို့နှစ်ယောက်ဟာက သူတစ်ပါးသမီးရည်းစားများလို ချစ်ကြကြိုက်ကြရုံမကဘူး ဦးရဲ့၊ တစ်ယောက်နဲ့တစ်ယောက် အင်မတန်ပဲအဖော်ရတယ်ခင်ဗျ၊ ကျွန်တော်ဖြင့် သူနဲ့နေရရင် တောကြီးမျက်ခေါင်ကလို ဟိမဝန္တာထဲ သွားနေရဦးတော့ ဘယ်တော့မှ မပျင်းပါဘူး ဦးရယ်'

ကျွန်တော်။ ။'ဦးက မြှောက်လည်း မမြှောက်တတ်ပါဘူး မောင်ထွန်းဦး၊ မှန်တဲ့အတိုင်း ပြောတာပါ။ ဒီဓာတ်ပုံထဲက အတိုင်းသာဆိုရင်ဖြင့် ဒီလောက်ချောတဲ့ မိန်းကလေးကို တစ်ခါမှ မမြင်ဖူးပေဘူးမောင်ရယ်။ ဦးလည်း အတော်အရပ်စုံအောင် ရောက်ခဲ့ဖူးပါတယ်။ တယ်ပြီး မောင် ကံကောင်းတဲ့ ယောက်ျားကောင်းယောက်ပဲလို့ ချီးမွမ်းချင်တယ်'

www.burmeseclassic.com

www.burmeseclassic.com



ဦး။ ။'အခန့်သင့်ရင် ဦးမြင်ရပါလိမ့်မယ် ဦးရယ်၊ နဂိုရုပ်အတိုင်းဟာက ဒီဓာတ်ပုံထဲကထက် ဆယ်ဆမကဘူး လှသေးတယ်ဦးရဲ့'

ထိုအခါ ကျွန်တော်သည် ကျွန်တော်၏ယုံမှားခြင်းကို ထုတ်ဖော်၍မပြောဘဲ ပြုံးရယ်ရုံမျှ ပြုံးရယ်လျက် 'ယုံပါတယ်မောင်၊ ယုံပါတယ်။ သို့သော် တော်တော်ညဉ့်နက်သွားပြီ အိပ်ကြမှထင်တယ်' ဟုပြော၍ အိပ်ရာသို့ ဝင်သွားပြီးနောက် ရုတ်တရက်လှည့်၍ကြည့်မိရာ မောင်ထွန်းဦးမှာ ဓာတ်ပုံကလေးကို နမ်းရှုပ်ပြီးမှ စားပွဲအံဆွဲ၌ ထည့်ထားလိုက်သည်ကို တွေ့မြင်လိုက်ရ၏။

ကျွန်တော်သည် ကောင်းစွာကျန်းမာလာပြီဖြစ်သော်လည်း မောင်ထွန်းဦး၏ တားဆီးချက်အရ ဆက်လက်၍ ခရီးမသွားသေးဘဲ ၎င်း၏နေအိမ်၌ တည်းခိုလျက်ရှိရာ တစ်ညနေ၌ ကျွန်တော်သည် သေနတ်ကိုထမ်းလျက် တောလည်ရာမှ အပြန်တွင် မောင်ထွန်းဦး၏တပည့် သာဖိုးသည် လမ်းမှဆီးကြို၍ ထိတ်လန့်တုန်လှုပ်သော အမူအရာနှင့် စကားလျင်မြန်စွာ ပြောပြလေ၏။ ကျွန်တော်သည် စကားထစ်သော ထိုသူငယ်၏ စကားကို ကောင်းစွာနားမလည်သော်လည်း အရေးကြီးသည့် အကြောင်းကိုကား ရိပ်မိသည်နှင့် လျင်မြန်စွာ လျှောက်လာခဲ့လေ၏။ မောင်ထွန်းဦးနှင့်အတူ နေထိုင်စားသောက်ကြသော သစ်ခုတ်သမားများသည် ခေါင်းချင်းဆိုင်က တိုင်ပင်လျက်ရှိကြသည်ကို တွေ့မြင်ရသော်လည်း ကျွန်တော်သည် ၎င်းတို့ကို မေးမြန်းခြင်းအားဖြင့် အချိန်ကိုမဖြုန်းဘဲ အိမ်ပေါ်သို့ လှေကားနှစ်ထစ်ကျော်တက်သွားလေ၏။ မောင်ထွန်းဦးသည် သေနတ်လိုင်စင်ယူထားသူတစ်ယောက်ဖြစ်ရာ ညည့်ခန်းစားပွဲတွင် မလှုပ်မရှား ခေါင်းငိုက်စိုက်နှင့်ထိုင်လျက် စားပွဲပေါ်၌မူ ၎င်း၏သေနတ်နှင့် တောအရက်တစ်ပုလင်း တင်ထားသည်ကို တွေ့ရှိရလေ၏။ မောင်ထွန်းဦးသည် လက်တစ်ဖက်၌ စာတစ်စောင်ကိုကိုင်လျက် ၎င်း၏ရှေ့၌ကား သတင်းစာတစ်စောင် ဖြန့်လျက်ရှိလေ၏။

ကျွန်တော်တက်လာသည်ကိုမြင်သော်လည်း မောင်ထွန်းဦးသည် မမြင်ဘိသကဲ့သို့ လှုပ်ရှားခြင်းမရှိ၊ နှုတ်ဆက်ခြင်းမရှိ၊ ကြောင်တောင်ငေးလျက် ကြည့်နေ၏။ ၎င်းနောက် မောင်ထွန်းဦးသည် မသာယာသောအသံနှင့် ရယ်မောလိုက်သဖြင့် ကျွန်တော့်မှာ ထိုသူငယ်သည် ရူးသွပ်ချေပြီလောဟု အောက်မေ့မိ၏။ ထို့နောက်တစ်ဖန် ရယ်မောခြင်းကို ရုတ်တရက် ရပ်တန့်၍ ကျွန်တော့်အား စိန်းစိန်းကြည့်နေပြန်၏။

ဦး။ ။'ဦးလား ထိုင်ဦးလေ။ ဦး ထိုင်ဆိုရင် ငြိမ်ငြိမ်ထိုင်နေနော်၊ မလှုပ်နဲ့။ လှုပ်ရင် ဟောဒီသေနတ်နဲ့ ပစ်လိုက်မယ်။ ဦးမှာလည်း သေနတ်နဲ့။ နို့ပေမဲ့ ဦးက ပစ်မှာ မဟုတ်ဘူး။ ကျွန်တော်ကတော့ ပစ်မှာခင်ဗျ။ ဟိုတစ်နေ့က ဦးတို့



ကျွန်တော် ဟိုဒင်း၊ ဒီဒင်းတွေ လျှောက်ပြောမိတယ် မဟုတ်လား။ အဲဒါတွေဟာ အဝင်မဟုတ်ဘူး ဦးရေ့၊ အလကား။ ကျွန်တော် လိမ်ပြောတာချည်းပဲ။ ကသာမြို့မှာ အင်မတန်ချော၊ အင်မတန်လှတဲ့ မိန်းကလေးတစ်ယောက် ရှိတယ်ဆိုတာ ဟုတ်ရဲ့လား။ သူနဲ့ကျွန်တော်နဲ့ စေ့စပ်ပြီးပြီဆို မဟုတ်လား။ သူနဲ့ ကျွန်တော်နဲ့ လက်ထပ်တော့မယ်ဆို မဟုတ်လား။ သူ့ဓာတ်ပုံတောင် ကျွန်တော် ပြသေးတယ် မဟုတ်လား။ ပြောစမ်းပါဦးရဲ့၊ ပြောစမ်းပါ'

ကျွန်တော်။ ။'မှန်ပါတယ် မောင်ထွန်းဦး၊ ဓာတ်ပုံကို ပြပါတယ်'

ဦး။ ။'ဦး နောက်ကထရံမှာ လှည့်ကြည့်လိုက်စမ်း'

ကျွန်တော်သည် နောက်သို့လှည့်၍ ကြည့်လိုက်သောအခါ မိန်းကလေး၏ ဓာတ်ပုံမှာ ထရံတွင် သံနှင့်ရိုက်ထား၍ ဓားနှင့်အချက်ပေါင်းများစွာ ထိုးထားသည်ကို တွေ့မြင်ရလေ၏။

ဦး။ ။'သူ့ကိုဒီလိုလုပ်ချင်တာ၊ လူကိုယ်တိုင် မလုပ်ရလေတော့ ဓာတ်ပုံကိုပဲ လုပ်ရတော့မယ် ဦးရေ့။ ဒီလို လုပ်ဖို့သာကောင်းတဲ့ မိန်းမပဲ။ သူ့ဓာတ်ပုံကို ဓားနဲ့ထိုးပြီးပြီ၊ ကိုယ့်ကိုယ်ကိုယ် စီရင်ဖို့ပဲ ကျန်တော့တယ်။ ဟောဒီသေနတ်မှာ အဲလ်ဂျီနှစ်တောင့် ထိုးထားတယ်'

ကျွန်တော်။ ။'နေပါဦး မောင်ထွန်းဦးရဲ့၊ ဘာဖြစ်တယ်ဆိုတာ ဦးကို မပြောရသေးပါကလား'

ကျွန်တော်၏အကြံမှာ သူငယ်ကို အေးအောင်ချော့မော့၍ သေနတ်ကို အခွင့်၌ လုယူရန်ဖြစ်လေသည်။ မောင်ထွန်းဦးမှာ လူရူးတစ်ယောက်ကဲ့သို့ ဖြစ်နေသော်လည်း မသောက်စဖူး သောက်ထားသောကြောင့်သာလျှင် ဖြစ်ချေသည်။

ဦး။ ။'သြော် ဦးကို ပြောမပြမိသေးဖူးလား၊ အံ့ဩပါရဲ့ခင်ဗျာ။ ကိုင်း ဒါဖြင့် ပြောပြရတာပေါ့၊ နားထောင်နော်။ ချောကြောင်း၊ လှကြောင်းနဲ့ ကျွန်တော် ချီးကျူးတဲ့မိန်းမဟာ ဒီပြင်လူတစ်ယောက်နဲ့ ယူသွားပြီဦးရဲ့။ ယူသွားကြလို့ သတင်းစာမှာတောင် ပါလာပြီ။ ဟောဒီမှာ ကြည့်လှည့်'

ကျွန်တော့်မှာ ထိုသို့သော အချက်ကို စောင့်လျက်ရှိရကား မောင်ထွန်းဦး အနီးသို့ချဉ်းကပ်ပြီးလျှင် သူပြသောသတင်းစာကို မကြည့်ဘဲ စားပွဲပေါ်၌ ထားသော သေနတ်ကို ကောက်ယူလိုက်လေ၏။ မောင်ထွန်းဦးသည် သေနတ်ကို ကျွန်တော့်လက်မှ ရယူရန်ကြိုးစားပါသော်လည်း ကျွန်တော်၏ ခွန်အားကို မတော့နိုင်သဖြင့် မရဘဲရှိခဲ့၏။ နောက်တစ်ဖန်၌ မောင်ထွန်းဦးသည် သေနတ်ပြောင်းကို လက်လျှော့၍ ကျွန်တော်၏မျက်နှာကို စေ့စေ့ကြည့်ပြီးလျှင် လက်သီးနှင့် ထိုးတော့မည်ကဲ့သို့ ပြုပြီးမှ သတိရ၍ ကုလားထိုင်တွင် ပစ်လှဲသော ထိုင်လျက်

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့် အုပ်၍ရှိုက်ကြီးတငင် ငိုကြွေးလေ၏။ ထိုအခြင်းအရာများကို မြင်ရသောအခါ ကျွန်တော်သည် သူငယ်အတွက် ဝမ်းနည်းမိသည် မှန်သော်လည်း စုံစမ်းရသောအချိန်အပိုင်းအခြား ကျော်လွန်ခဲ့ကြောင်း သိရှိရသဖြင့် စိတ်သက်သာရာ ရမိ၏။

အကြီးအကျယ် ဝမ်းနည်းသောသူတို့သည် မျက်ရည်အမြောက်အမြား ထွက်အောင် ငိုကြွေးနိုင်သောအခါတွင် သက်သာရာ ရကြောင်းကို သိရှိရသည်နှင့် ကျွန်တော်သည် ဖြေသောစကား မပြောသေးဘဲ ဆိတ်ဆိတ်ပင် ရပ်လျက်ကြည့်နေရာ နောက်ဆုံး၌ မောင်ထွန်းဦးသည် ငိုယိုခြင်း ရပ်စဲ၍ ရုံဖန်ရံခါ တစ်ကိုယ်လုံး ဆတ်ဆတ်ခါမျှ တုန်၍တုန်၍ သွားလေ၏။ ထိုသူငယ်၏ ဒုက္ခကို မြင်တွေ့ရသော ကျွန်တော့်မှာ မတွေ့ဖူးသော ထိုမိန်းကလေးကို စိတ်ထဲ၌ ကြုံးဝါးမိ၏။

ကျွန်တော်သည် သတင်းစာကို လှမ်း၍ ကြည့်လိုက်သောအခါ "လက်ထပ်မင်္ဂလာသတင်း" ဟူသော နေရာ၌ ခဲတံအပြာနှင့် အထပ်ထပ် ခြစ်ထားသည်ကို တွေ့မြင်ရ၏။

"ကွယ်လွန်သူ မြေပိုင်ရှင် ဦးသာဘိုး၏သား ဦးထင်ပေါ်နှင့် ကသာမြို့ အရေးပိုင်ရုံး ဘီလစ်စာရေးကြီး ဦးထွန်းမောင်၏သမီး မခင်ရီသည် ၁၂၈၈ ခု နယုန်လဆန်း ၁၀ ရက်နေ့၌..."

ကျွန်တော်သည် ရက်ကိုတွက်ကြည့်ရာ တနင်္ဂနွေတစ်ပတ်ကျော်မျှ ကျော်လွန်ခဲ့ပြီဖြစ်ကြောင်း သိရှိရလေ၏။

မောင်ထွန်းဦးမှာ အိပ်ပျော်ခြင်းသို့တိုင် ရောက်ခဲ့လေပြီ။ ထိုသူငယ်၏ အဖို့၌ အိပ်ပျော်၍နေရခြင်းသည် နိုးကြား၍နေရခြင်းထက် သက်သာရာ ရသေး၏ဟု သဘောရသဖြင့် ကျွန်တော်သည် မနှိုးဘဲ ထားခဲ့၏။ မောင်ထွန်းဦး နိုးလာသောအခါ၌ ညဉ့်တိုင် ရောက်ခဲ့သဖြင့် မီးခွက်များ ထွန်းညှိခဲ့လေပြီ။

အိပ်ပျော်ရာမှ နိုး၍လာသောအခါ မောင်ထွန်းဦးသည် ဦးခေါင်းထောင် ကြည့်၍ မိမိ၏အဖြစ်အပျက်ကို မမှတ်မိသေးသည့်အနေဖြင့် ယီးတီးယောင်တောင် ရှိနေပြီးမှ လက်ထဲကစာကို မြင်သဖြင့် ရုတ်တရက်သတိရ၍-

ဦး။ ။'ကျွန်တော် အိပ်ပျော်သွားတယ်နော် ဦး'

ကျွန်တော်။ ။'ပျော်သွားတယ် မောင်ရယ်၊ ငါတူ ထမင်းမဆာဘူးလား'

ဦး။ ။'မဆာဘူး ဦးရယ်၊ တောအရက်တွေ သွားသောက်မိလို့ ကျွန်တော်ဒီလို ဖြစ်ကုန်တာပဲ ဦးရေ့၊ မခင်ရီအကြောင်း ကျွန်တော် ဘာတွေများ လျှော့ ခဲ့ဘာမိသလဲ ဦး'



ကျွန်တော်။ ။(ပခုံးပေါ်တွင် လက်တင်လျက်)'ဘာသဲပြောပြောမောင်ရယ် ဦးဆာစ ယောက်သာ ကြားတာကပဲ။ တောအရက်ကို ရေမရောဘဲ ပုလင်း ခါက်ကုန်အောင် သောက်တဲ့နောက် ဘယ်သူခံနိုင်ပါ့မလဲ မောင်'

ဦး။ ။(နွမ်းနယ်သော အမူအရာနှင့်ကြည့်လျက်)'ဦးကြောင့် သာ ကျွန်တော် အသက်ချမ်းသာရာ ရတော့တယ်ဦးရယ်။ ကျွန်တော့်စိတ်ထဲမှာ အိပ်မက် တာလို ဖြစ်နေတော့တာပဲ။ သို့သော်လည်း ဦးကို ကျွန်တော် တစ်ခုပြောချင် တာ ဘာလဲဆိုတော့ ယခုဒီလိုဖြစ်ရခြင်းဟာ မခင်ရီရဲ့အပြစ်မဟုတ်ရှာပေဘူး ရယ်၊ သူ့ကို နည်းနည်းကလေးမှ အပြစ်တင်ဖို့ မရှိပါပေဘူး ခင်ဗျာ။ ဟောဒီက ာထဲမှာ အကုန်ပါပါတယ်။ မခင်ရီတို့အဖေ ဘီလစ်စာရေးကြီးဦးထွန်းမောင် ငွေရေး၊ ကြေးရေးနဲ့ ပတ်သက်ပြီးအင်မတန် ရှမ်းတဲ့ လူကြီးဦးရဲ့။ ရှမ်းတဲ့အ ာက် အစိုးရငွေတွေ သုံးမိရာမှာ ကိုထင်ပေါ်က ကယ်လိုက်ရတယ်တဲ့။ ကို ပေါ်က မခင်ရီနဲ့ မပေးစားရင် ဦးထွန်းမောင်ကို ထောင်ကျအောင်လုပ်မယ်ဆို ာ ဘယ့်နှယ်တတ်နိုင်တော့မလဲဦးရယ်။ အဖေကြီးတော့ ထောင်ကျမခံစေရပါ ်ပြီး မခင်ရီကလေးက မျက်စိမှိတ် ကြိုက်လိုက်ရရှာတော့တာပေါ့ ဦးရဲ့။ ဒီ ကြောင်းတွေ သူ့စာထဲမှာ အစုံပါတယ် ဦးရဲ့'

ကျွန်တော်။ ။(မကျေမချမ်းနှင့်)'သူ့အဖို့တော့ ဟုတ်ပါရဲ့၊ သို့သော် မောင့်မျက် နှာ ကိုတော့ ထောက်ဖို့ရှိသေးတာကိုးမောင်'

မောင်ထွန်းဦးသည် မည်သို့မျှ ပြန်မပြောဘဲ မျက်နှာလွှဲလျက် ထိုင်နေရာ ကျွန်တော်သည် အိမ်ရှေ့ဝရန်တာသို့ ထွက်သွား၏။ ကျွန်တော့်မှာမူ မျက်စိ ာက်တွင် ဒုက္ခဝေဒနာ ကြီးစွာခံစားလျက်ရှိသော သူငယ်အတွက်သာလျှင် ကဏာဖြစ်လျက်ရှိသောကြောင့် မိန်းကလေးအတွက် ကာကွယ်ပြောဆိုခြင်းကိုပင် ဆောင်နိုင်အောင် ဖြစ်နေ၏။ ကျွန်တော်သည် ဝရန်တာ၌ ရပ်လျက်ရှိစဉ် ထွန်းဦးမှာ ကျွန်တော်အောက်သို့ ဆင်းသွားပြီထင်မှတ်ဟန်လက္ခဏာနှင့် တွင် သံနှင့်စွဲထားသော ဓာတ်ပုံကိုဖြုတ်ယူလျက် 'သည်းခံပါနှမလေးရယ်၊ ့ဘုန်းကတော့ ကိုကို ရူးသလိုဖြစ်သွားလို့ ပြုမိပြုရာ ပြုမိပါတယ်ကွယ်၊ တော့ နှမလေး မဆိုးမှန်း ကိုကိုသိပါပေါ့ကွယ်၊ ကိုကို သိပါပေ့ နှမလေးရယ်' ဓာတ်ပုံကလေးကို ယုယစွာ ကိုင်တွယ်လျက် ပြောနေသည်ကို မြင်ရသောအခါ ကျွန်တော့်မှာ သူငယ်အတွက် ရင်ထဲ၌ အလုံးဆို့၍ လာမိ၏။

ဤသည်ကား ကျွန်တော့်ဖြောင့်ချက်၏ ပထမပိုင်းဖြစ်ပါသည်။ ဤအခင်း ကျွန်တော် ကျူးလွန်မိသော အခြင်းအရာ တစ်စုံတစ်ခုမျှ မပါရှိသေးသည့်ဖြစ်

www.burmeseclassic.com



သောကြောင့် ဖြောင့်ချက်ဟူ၍ပင် မခေါ်နိုင်သေးပါ။ သို့ရာတွင် ကျွန်တော်သည် မောင်ထွန်းဦးအပေါ်၌ မည်ကဲ့သို့ စိတ်ထားမျိုး ရှိသည်ကို သိရှိစေခြင်းငှာသာလျှင် ဖော်ပြရခြင်း ဖြစ်ပါသည်။ ထိုသူငယ်သည် ကျွန်တော်တို့ထက် အသက်များစွာ ငယ်ရွယ်ခြင်းတည်းဟူသော အချက်မှတစ်ပါး ခင်ဗျားကဲ့သို့ပင် ကျွန်တော်၏ စိတ်၌ ရင်းနှီးချစ်ခင်သော မိတ်ဆွေတစ်ယောက်အဖြစ်၌ ရှိနေပါသည်။ ဤအချက်သည် နောင်ရေးသားဖော်ပြလတ္တံ့သော အဖြစ်အပျက်များနှင့် များစွာသက်ဆိုင်ခြင်း ရှိပါသောကြောင့် သတိပြု၍မှတ်သားစေလိုပါသည်။

တစ်လခန့်မျှ ကြာသောအခါ ကျွန်တော်သည် နန်းပေါင်းရွာ မောင်ထွန်းဦး၏ သစ်စခန်းမှ ထွက်ခွာလာခဲ့ပါသည်။ မောင်ထွန်းဦးမှာ သစ်လုပ်ငန်းတွင် ဆက်လက်လုပ်ကိုင်လျက်ရှိနေပါသော်လည်း ဝတ်ကျေဝတ်ကုန်သဘောမျိုးနှင့် အလုပ်လုပ်လျက် ရှိသောကြောင့် ကျွန်တော် ရောက်ခါစက မောင်ထွန်းဦးနှင့် များစွာခြားနားခြင်း ရှိနေပေ၏။ မောင်ထွန်းဦးသည် ထိုနေ့မှစ၍ မိန်းကလေး၏အကြောင်းကို တစ်ခါမျှ စကားစပ်၍ မပြောတော့ဘဲ ကျွန်တော် ထွက်ခါနီးညဥ့်တိုင် ရောက်မှသာလျှင် ထိုအကြောင်းများကို ပြောပြလေတော့၏။

ဦး။ ။(မရွှင်ပျသော ပြုံးရယ်ခြင်းဖြင့်)'ဟိုတုန်းကတော့ သူ့အတွက်ရယ်လို့ ရည်မှန်းပြီး ကြိုးစားအလုပ်လုပ်ခဲ့၊ အခုတော့ "ခဲလေသမျှ သဲရေကျ" ဖြစ်ကုန်ပြီကော'

ဟု ဝမ်းနည်းသံကလေးနှင့် ပြောလိုက်ရှာသေး၏။

ကျွန်တော် ပြန်ခဲ့သောနံနက်၌ ကျွန်တော်၏လှည်းသည် လမ်းကွေ့ထိ ချိုးခါနီးတွင် မောင်ထွန်းဦး၏ နေအိမ်ကို နောက်ဆုံးအကြိမ် မျှော်ကြည့်မိရာ မောင်ထွန်းဦးသည် ဝရန်တာမှရပ်လျက် လက်ကိုင်ပဝါလေးကို ယမ်းကာပြပြီးလျှင် အိမ်တွင်းသို့ ဝင်သွားသည်ကို မြင်လိုက်ရ၏။ အိမ်တွင်းသို့ရောက်သောအခါတွင် ကုလားထိုင်၌ မှိုင်ငေးကာထိုင်လျက် ဓာတ်ပုံကလေးကို ထုတ်ကာထုတ်ကာ ကြည့်ရှာဦးမည် အကြောင်းကို ကျွန်တော် စိတ်ကူးမိသေး၏။ "ခဲလေသမျှ သဲရေကျပါဦးရယ်" ဟူသော စကားမှာလည်း ကျွန်တော်၏ နားထဲ၌ စွဲလျက်ကျန်နေရစ်၏။

ကျွန်တော့်မှာ အခွင့်လေးလ ခံယူထားသည့်အနက် သုံးလမျှ ကုန်လွန်ရုံ ဆင်တစ်ကောင်မျှ မရသေးဘဲရှိနေသော်လည်း ကျန်သောတစ်လကို ဆင်ရာခြင်းငှာ အသုံးမပြုဘဲ ကသာမြို့သို့ သွားပြီးလျှင် မခင်ရီကိုရှာ၍ မောင်ထွန်းဦး၏အကြောင်းကို တစ်သက်ပတ်လုံး မမေ့နိုင်လောက်အောင် ပြော၍ပြရေတော့မည်ဟူသော အကြံအစည်နှင့် ထွက်လာခဲ့ခြင်းဖြစ်လေသည်။ သို့ရာတွင် မောင်ထွန်းဦးအားမူ ၎င်းအကြံအစည်ကိုပြော၍ မပြခဲ့ချေ။ ကျွန်တော်က မခင်ရီသည် ဖခင်ကြီး



၏ ကယ်ဆယ်လိုက်ခြင်းအားဖြင့် မောင်ထွန်းဦးခများ၌ မည်မျှလောက် အတိဒုက္ခရောက်သွားရှာသည့်အကြောင်းကို ကျွန်တော် သိမြင်သမျှ ဖွင့်ဟထုတ်ဖော်ပြောဆိုမည်ဟု အားခဲလျက်ရှိ၏။ ကျွန်တော်သည် နောက်တစ်ပတ်စာပို့ဖြင့် မြတောင် ဆိပ်ကမ်းရှိ ထီးချိုင့်မြို့နှင့် ကသာသို့ လိုက်ပါသွား၍ မြို့အုပ်ကိုချုန်ထွန်း၏ အိမ်၌ တည်းခိုလေ၏။ သူငယ်ချင်းကိုချုန်ထွန်းအား ကိုထင်ပေါ်နှင့် မခင်ရီ တို့ မယားတို့အကြောင်းကို စုံစမ်းသောအခါ–

ထွန်း။ ။'ခင်ဗျား သူတို့နဲ့သိလို့လား'

ကျွန်တော်။ ။'သိတော့ မသိပါဘူးဗျာ၊ ကိုထင်ပေါ်ဆိုတာ ဘယ်လိုလူစားမျိုးလဲဗျို့'

ထွန်း။ ။'သူတစ်ပါးအကြောင်းကို တစ်ဆင့်ကြားနဲ့တော့ ပြောမပြချင်ပါဘူးဗျာ။ ကြားရပုံအတိုင်းဆိုရင်တော့ တော်တော်ဆိုးတဲ့လူတစ်ယောက်ပဲ'

ကျွန်တော့်မှာ မောင်ထွန်းဦးအပေါ်တွင် ဖြစ်ဖူးသော ကရုဏာအရှိန်ကြောင့် မခင်ရီကို မသနားနိုင်ဘဲ ကောင်းပါလေစေဟူ၍ပင် သဘောထားမိ၏။

ထွန်း။ ။(ဆက်လက်၍)'သူ ဆိုးတာကိုတော့ မျက်စိနဲ့တပ်အပ်မမြင်ရပေဘူးပေါ့လေ။ သို့သော် သစ်တောဝန်ထောက် ကိုထွန်းငွေတို့အိမ်မှာ အငြိမ့်တီးတုန်းက လူကိုမြင်ခဲ့ရလို့ အကဲခတ်ရသလောက်ဖြင့် ကြားရတဲ့ သတင်းတွေဟာ မှန်ပုံရပါတယ်။ လူကြီးက အသက် ၅၀ ကျော်ပြီဗျ။ မခင်ရနဲ့မရခင် မုဆိုးဖိုကြီးတဲ့။ ရုပ်ပန်းကြီးကဖြင့်ဗျာ နှလုံးနာစရာကောင်းလိုက်တာ မပြောပါနဲ့တော့။ နှုတ်ခမ်းကြီးကလည်း တွဲတွဲ၊ မျက်လုံးကလည်း ဖန်မျက်လုံးလိုပဲ အရောင်မရှိ အဆင်းမရှိ။ အဲ့သလို မိန်းမဖြစ်ရင် မြေဖကေ တစ်သောင်းမကလို့ ဒီစကြဝဠာတစ်ခုလုံးကို ပိုင်စေတော့ မလိုချင်ပါဘူး။ ဒါနဲ့များ မြို့ပေါ်မှာ အချောဆုံး၊ အလှဆုံးလုပ်နေတဲ့ မခင်ရီက ဘာစိတ်ကူးနဲ့များ ဒီအဘိုးကြီးကို သွားယူတယ် မပြောတတ်ပါဘူးဗျာ။ ငွေနှင်းကြောင့်ပဲ ထင်ပါရဲ့လေ၊ ဒါရှိမှာပဲ'

ကျွန်တော်။ ။'မခင်ရီကိုကော ခင်ဗျား မြင်ဖူးသလား'

ထွန်း။ ။'မြင်ဖူးပြီလားဗျာ၊ မမြင်ဖူးရင်တောင် တမင်သွားပြီး ကြည့်ထိုက်တဲ့ မိန်းကလေးတစ်ယောက်ပါပေပဲ။ ပိုပြောတာ မဟုတ်ပါဘူး မိတ်ဆွေ၊ ချောတာ လှတာမတော့ ချောကြလှကြပါလိမ့်မယ်။ သို့သော် ချစ်စရာသက်သက်ကောင်းတဲ့နေရာမှာ ဒီလိုမိန်းကလေးမျိုး ကျွန်တော်ဖြင့် မမြင်ဖူးသေးပါဘူးဗျာ။ နောင်လည်း မြင်ဖူးမယ်လို့ ကျွန်တော်မထင်ဘူး။ ကြည့်လိုက်တဲ့မျက်လုံးအသေး ရီလိုက်တဲ့မျက်နှာထားကလည်း ပြောစရာမရှိဘူးဗျို့။ ဒါနဲ့တောင် ဒီငနဲ့ကြီးအား

www.burmeseclassic.com

www.burmeseclassic.com



ခွေးလိုသဘောထားပြီး... တယ် မပြောချင်ပါဘူး။ ဒါထက် ခင်ဗျား စန္ဒရားတီး တတ်တယ်မဟုတ်လား'

ကျွန်တော်။ ။'ဟုတ်ကဲ့၊ တေးချင်းကြီးဆယ့်လေးငါးပုဒ်လောက် တတ်ပါရဲ့'

ထွန်း။ ။'ဒါဖြင့် နေရာကျပြီ။ ငနဲကြီးလည်း တီးတတ်တယ်။ သူ့အိမ်မှာ စန္ဒရား ရှိတယ်။ မခင်ရီကို ခင်ဗျားမြင်ရအောင် ကျုပ်စီမံပေးမယ်'

ကျွန်တော်။ ။'ဘယ်လို စီမံမလဲဗျာ'

ထွန်း။ ။'ငနဲကြီးကို လက်ဖက်ရည်သောက်ဖိတ်၊ စန္ဒရားအကြောင်း စပ်ပြီးပြော၊ နောက်ပြီး ခင်ဗျား တီးတတ်ကြောင်းပြော၊ ဒီတော့ သူက သူ့အိမ်ကို ခင်ဗျားကို ဖိတ်လိမ့်မယ်'

ကျွန်တော်။ ။'လုပ်စမ်းဗျာ၊ ခင်ဗျားတို့ပြောတဲ့မိန်းမ ကျုပ် မြင်စမ်းချင်ပါတယ်'

ကိုချန်ထွန်း စီစဉ်သည့်အတိုင်းပင် ဖြစ်ခဲ့သဖြင့် ကျွန်တော်သည် ဦးထင်ပေါ်၏ ဖိတ်ကြားချက်အရ နောက်တစ်နေ့၌ပင် ၎င်း၏နေအိမ်သို့ လက်ဖက်ရည်သောက် သွားရောက်ရလေ၏။ ဦးထင်ပေါ်၏ နေအိမ်မှာ မြို့၏အစွန်၌ရှိနေ၍ ဥရောပတိုက်သား၏ အိမ်ကြီးများသဖွယ် သားနားခံ့ညားစွာ ခင်းကျင်းပြင်လျက် ရှိရာ ဧည့်ခန်း၌လည်း "ဘေဘီဂရင်း" ခေါ် စန္ဒရားကြီးတစ်လုံး ရှိလေ၏။ အမှန်ကို ပြောရမည်ဆိုသော် ကျွန်တော့်မှာ မခင်ရီအကြောင်းကို စဉ်းစားရာ၌ ဖခင်ကြီးကို ကယ်ဆယ်ခြင်းတည်းဟူသော အဖြစ်အပျက်ကို အလျှင်းအမှတ်မထားဘဲ တောကြီးခေါင်ခေါင်၌ တစ်ယောက်တည်း ဒုက္ခဝေဒနာ ခံစားလျက်ရှိရာသော မောင်ထွန်းဦးကိုသာလျှင် ကရုဏာထားလျက်ရှိသဖြင့် မခင်ရီအပေါ်၌ ကောင်းသောစိတ်ထားမရှိခဲ့ချေ။

ကျွန်တော် ဝင်သွားသောအခါတွင် မခင်ရီသည် ဥယျာဉ်ထဲ၌ ပန်းခူးလျက်ရှိရာ ဧည့်သည်တစ်ယောက် ဝင်လာသည်ကို မြင်သဖြင့် ပန်းတောင်းကို ချထား၍ ကျွန်တော်ရှိရာသို့ ရောက်လာရာတွင် မခင်ရီကို ပထမအကြိမ် မြင်ရဖူးပေသည်။ ထိုမျှမြင်ရသည်နှင့် တစ်ပြိုင်နက် ကျွန်တော်၏ စိတ်ထဲ၌ မောင်ထွန်းဦးနှင့် ကိုချန်ထွန်းတို့၏ ချီးမွမ်းစကားများမှာ နည်းပင်နည်းသေးသည်ဟု အောက်မေ့မိပါ၏။

ရီ။ ။'ဦးသိန်းမောင် မှတ်တယ်၊ ကျွန်မ ယောကျ်ားက မှာခဲ့ပါတယ်။ သူလည်း အခုပဲ ပြန်လာပါလိမ့်မယ်ရှင်။ အိမ်ထဲဝင်ပြီး ထိုင်စောင့်ပါဦး၊ စန္ဒရားလည်း ရှိပါတယ်'

၎င်းနောက် ကျွန်တော်တို့သည် အိမ်ထဲသို့ဝင်ကြ၍ ဧည့်ခန်း၌ ထိုင်မိကြသည်နှင့်တစ်ပြိုင်နက် ကျွန်တော့်မှာ ပြောလိုသောစကားကို မပြောရမီ ဦးထင်ပေါ် ပြန်ရောက်လာမည်ကို စိုးရိမ်သည်နှင့် သွယ်ဝိုက်ကာ မနေတော့ဘဲ—



ကျွန်တော်။ ။'မိန်းကလေးရယ်၊ မောင်ထွန်းဦးခများကလေးအတွက်ကိုရှု မင်း ညှာဘဲ ပြုရက်ပါပေရဲ့ဗျာ'

မခင်ရီသည် မျက်နှာ၌ သွေးမရှိတော့သည့်အလား ရုတ်တရက် ဖြူဖပ် ဖြူလျော် ဖြစ်သွား၍ နဖူးကို လက်ဖြင့်ပွတ်သပ်ပြီးမှ—

ရီ။ ။'ဒီအကြောင်းကို ကျွန်မယောကျ်ားရှေ့မှာ မပြောလိုက်ပါနဲ့၊ တောင်းပန် ပါရစေရှင်'

ထိုခဏ၌ ဦးထင်ပေါ်သည် အိမ်တွင်းသို့ ဝင်လာလေ၏။

ပေါ်။ ။'ဪ... တစ်ယောက်တစ်ယောက် သိကျွမ်းပြီးနှင့်ကြပြီကိုး။ ဒီကမိတ် ဆွေက စန္ဒရားတီးတတ်တယ် မခင်ရီရဲ့။ လက်သံကလေးများ ကြားရ အောင် ဖိတ်ခဲ့ရတယ်။ ဒါထက် ဦးသိန်းမောင်က နန်းပေါင်းရွာဆီက ဖြတ်ပြီးလာ ခဲ့သူတဲ့ကွယ် မခင်ရီ'

ထိုစကားပြောသောအခါ၌ ဦးထင်ပေါ်သည် နန်းပေါင်းရွာတွင် မောင်ထွန်း ဦး ရှိနေကြောင်းကို မိမိသိသည်နှင့် တမင်ပြောလိုက်သည့်အပြောမျိုးနှင့် ပြောခြင်း ဖြစ်သည့်ပြင် မခင်ရီ၏မျက်နှာကိုလည်း အကဲခတ်လျက် ရှိ၏။

ရီ။ ။(အနည်းငယ်မျှ ဣန္ဒြေမပျက်စေဘဲ)'ဪ... ဟုတ်ကဲ့လား၊ နန်းပေါင်း ဘက်များ တယ်ပြီးအေးတယ် ပြောကြတယ်'

ကျွန်တော့်မှာ မခင်ရီ၏ ရင့်ကျက်သောဣန္ဒြေကို မြင်လိုက်ရသည်နှင့်တစ် ပြိုင်နက် ၎င်းအပေါ်၌ အပြစ်တင်လိုသည့် ယခင်က စိတ်ထားများသည် ချက်ချင်း ပင် ကွယ်ပျောက်သွားခဲ့လေ၏။ ထိုအခါ၌မူ ကျွန်တော်၏စိတ်ထဲ၌ မောင်ထွန်းဦး ပြောသမျှသည်အမှန်အတိုင်းဖြစ်၍ ဆိုးရွားသော ဤလူကြီးသည် ဤဆိုးရွားသော အဖြစ်ကို ဖြစ်စေဖို့ ဖန်တီးစီမံသူဖြစ်ရမည်ဟူ၍ တစ်ခါတည်း ဆုံးဖြတ်လိုက်၏။

ဦးထင်ပေါ်သည် ၎င်းနှင့်မထိုက်မတန်သော မခင်ရီကလေးကို နေ့ရှိသမျှ ညှင်းပန်းနှိပ်စက်ခြင်းပြုချေမည့်အကြောင်းမှာ ထိုနေ့က လက်ဖက်ရည် အတူထိုင်၍ သောက်ခဲ့မိရုံမျှနှင့်ပင် ချင့်ချိန်နိုင်လောက်ပေသည်။ အကြောင်းကိုဆိုသော် ဦးထင် ပေါ်သည် နန်းပေါင်းရွာ၏အကြောင်းကို လက်မလွှတ်ဘဲ မောင်ထွန်းဦးဆိုသူတစ် ယောက်ကို ကျွန်တော် သိကျွမ်းခဲ့ပါသလောဟူ၍ပင် တိုက်ရိုက်မေးမြန်းသေး၏။ မောင်ထွန်းဦးသည် မကြာမီအတွင်း နန်းပေါင်းရွာသူကလေးတစ်ယောက်ယောက် နှင့် အိမ်မြားလက်ထပ်ပါစေဟူ၍ မိမိဆုတောင်းမိကြောင်းနှင့်လည်း ပြောသေး၏။ ထိုသို့သော စကားမျိုးကို ပြောလျက်ရှိစဉ် ဦးထင်ပေါ်သည် မခင်ရီ၏မျက်နှာကို အမြဲစိုက်လျက် ကြည့်နေ၏။ ထိုအခါ ကျွန်တော်သည် ဦးထင်ပေါ်အား အမြင် ကတ်သည်နှင့် မောင်ထွန်းဦးကို သိကျွမ်းခဲ့ရုံမျှမက ဦးထင်ပေါ်နှင့် မခင်ရီတို့မင်္ဂလာ

www.burmeseclassic.com

www.burmeseclassic.com



ဆောင်သောသတင်းကို ကြားရသောအခါ၌ ရှုံးသွပ်မတတ်ဖြစ်သွားရှာသည်ကိုပင် ကိုယ်တိုင်ဒိဋ္ဌ တွေ့မြင်ခဲ့ရကြောင်းနှင့် လွှတ်ခနဲ ပြောလိုက်မိလေ၏။

မခင်ရီမှာ အနည်းငယ်မျှ မျက်နှာမပျက်စေဘဲ ကြီးစွာသော ဣန္ဒြေဖြင့် ခပ်တင်းတင်း ထိုင်လျက်ရှိရာ ကျွန်တော့်မှာမူ မိန်းကလေးအား စိတ်ထဲ၌ မချီးမွမ်းဘဲ မနေနိုင်အောင်ဖြစ်လျက် လင်ယောကျ်ားငနဲ၏ မျက်နှာကိုမူ လက်သီးဖြင့် ထိုးချင်လှ၏။

လက်ဖက်ရည်များ သောက်ပြီးကြသောအခါ၌ မခင်ရီသည် အပေါ်ထပ်သို့ တက်သွားလေရာ ကျွန်တော့်မှာ စိတ်မပါဘဲလျက် ဦးထင်ပေါ်အား စန္ဒရားဖြင့် တေးချင်းတစ်ပုဒ်တီး၍ ဖျော်ဖြေရသေး၏။ ထိုနည်းအတူ စိတ်မပါဘဲလျက်နှင့် ၎င်း၏လက်သံကို နားထောင်၍ မြန်မာတီးလုံးများ၏အကြောင်းကို နာရီဝက်ခန့်မျှ ဆွေးနွေးပြောဆိုကြပြီးနောက် မခင်ရီနှင့် နှစ်ယောက်တည်း တွေ့ဆုံခွင့်ရလိုသော်လည်း မရသည်နှင့် အိမ်ရှင်ကို နှုတ်ဆက်၍ ပြန်လာခဲ့ရလေ၏။

အိမ်နှင့် ကိုက် ၃၀၀ ခန့် ရောက်သောအခါတွင် ကျွန်တော်သည် ဖြည်းညင်းစွာ လမ်းလျှောက်လျက်ရှိသော မခင်ရီနှင့် တွေ့ရာ ၎င်း၏ မျက်နှာထားမှာ သနားဖွယ်ကောင်းလှပေ၏။

ရီ။ ။'ကျွန်မအတွက် သူဒီလောက်ပဲ ဒုက္ခရောက်ရှာသတဲ့လား ဦးရယ်'

ကျွန်တော်။ ။'ခုတော့ ခံသာသွားပါပြီ။ ဟိုတုန်းကများဖြင့်ဗျာ ရူးသွားလိမ့်မယ် များတောင် ကျုပ်ထင်မိတယ်။ ဒါထက် ဘာကြောင့် ဒီလိုလုပ်ရတာလဲ မခင်ရီ'

ထိုအခါ မခင်ရီသည် အစိုးရငွေများ လျော့နေသည့်အတွက် ဦးထင်ပေါ်က စိုက်ထား၍ နောက်ဆုံး၌ အတင်းအကျပ် ပူဆာခြင်းအားဖြင့် ဖခင်ဖြစ်သူက လက်ထပ်ပေးစားလိုက်ရကြောင်းများကို ထုတ်ဖော်ပြောပြလေ၏။ မခင်ရီက ဦးထင်ပေါ်အား မိမိမှာ မောင်ထွန်းဦးနှင့် ချစ်ခင်စုံမက်ပြီးဖြစ်သောကြောင့် အခွင့်လွှတ်ပါမည့်အကြောင်းနှင့် ဒူးထောက်ကာ တောင်းပန်သော်လည်း အချည်းနှီးပင်ဖြစ်ခဲ့ကြောင်း၊ မောင်ထွန်းဦးနှင့် မခင်ရီတို့ ချစ်ကြိုက်ကြခြင်းမှာ မိမိအပူမဟုတ်ဟု ဦးထင်ပေါ်က ပြန်ပြောကြောင်း၊ ဦးထင်ပေါ်က မိမိအား မစုံမက်ခဲ့လျှင် ဖခင်စာရေးကြီးကို ထောင်ကျအောင် စီမံမည်ဟု ခြိမ်းခြောက်ကြောင်းများနှင့်လည်း ပြောပြလေ၏။

ရီ။ ။(တုန်ယင်သောအသံဖြင့်)'လက်ဖက်ရည်သောက်ကြတုန်းက သူ့လုပ်ပုံကို ဦးမြင်ခဲ့တယ် မဟုတ်လား။ နေ့ရှိသမျှ ဒီအတိုင်းချည်းပါပဲရှင်။ တစ်နေ့ တစ်နာရီမှ ကျွန်မကို ချမ်းသာမပေးပါဘူး။ စောင်းပြောလိုပြော၊ တည့်တည့်ပြောလိုပြော၊ အမျိုးမျိုးပြောပြီး ကျွန်မကို နှိပ်စက်ပါတယ်ရှင်။ သူလိုချင်တဲ့အတိုင်း



ကိုကျွန်မယူပြီး ဝတ္တရားကျေအောင် ကျွန်မလုပ်ပြီးကော၊ ဘာပြုလို့ ကျွန်မတို့ ရှိသမျှ တဖွဖွပြောပြီး နှိပ်စက်ချင်ရပါလိမ့်မယ် ဦးရယ်။ စုံမက်ကြဖူးသော်လည်း ထွန်းဦးလည်း သူ့ဘာသာသူ အဝေးမှာ နေရှာပြီး ကျွန်မလည်း သူကျေနပ်အောင် ရွှင်ရွှင်ပျပျနဲ့ ကြိုးစားနေခဲ့ပြီ။ ဒါနဲ့တောင် ကျွန်မကို ဒီလိုနှိပ်စက်တာကောင်းပါဘူး ဦးရယ်။ အမှန်ကို ကျွန်မ ပြောရမှာဖြင့် ကိုထွန်းဦးကလွဲပြီး ဘယ်ကိုမှ ကျွန်မ မစုံမက်နိုင်ပါဘူးရှင်။ ဒီအကြောင်းကိုလည်း ကိုထွန်းဦးနဲ့တွေ့ရင် ပြောပြလိုက်ပါဦးရယ်။ သူ့ကို ကျွန်မ တစ်နေ့၊ တစ်နာရီ၊ တစ်မိနစ်မှ မမေ့ပါဘူး။ တိုင်း၊ ခဏတိုင်း သတိရပါတယ်လို့ ပြောလိုက်ပါဦးရယ်'

ဟု ပြောလျက် မခင်ရီသည် မဆည်နိုင်အောင် ကျလာသော မျက်ရည်ကို လက်ကိုင်ပဝါဖြူကလေးနှင့် သုတ်ကာရှိနေလေ၏။

ကျွန်တော့်မှာ မည်သို့မျှ ပြန်၍မပြောနိုင်သဖြင့် ဆေးတံကိုသာ တွင်တွင်လျက် ငေး၍ ကြည့်နေရ၏။

ရီ။ ။(ဆက်လက်၍)'ကိုထွန်းဦးကို ကျွန်မ အင်မတန် စိတ်ဆင်းရဲနေတဲ့အကြောင်း မပြောလိုက်ပါနဲ့ရှင်။ ကျွန်မ မချမ်းသာတာ သိရရင် သူသာပြီး မချမ်းမသာ ဖြစ်ရှာပါလိမ့်မယ်။ သို့သော်လည်း ကျွန်မ အင်မတန် ပျော်ရွှင်နေ လို့လည်း မပြောလိုက်ပါနဲ့။ ဒီအဘိုးကြီးနဲ့ ကျွန်မ ပျော်ပျော်ရွှင်ရွှင် နေနိုင်လို့ သူထင်ရင်လည်း ကျွန်မ မခံနိုင်ဘူးရှင့်'

ကျွန်တော်။ ။'ဦး တစ်ခုပြောမယ် မခင်ရီ၊ နားထောင်။ လူတစ်ဖက်သားကို ချောင်ပိတ်ဖမ်းပြီး အနိုင်ရတဲ့အခါမှာ ယခုလို နေ့ရှိသမျှ နှိပ်စက် ပန်းနေတဲ့ လူတစ်ယောက်အတွက် ဘာမှ မျက်နှာထောက်စရာ မရှိဘူး။ ဒီလိုတော့ တစ်သက်လုံး အဆင်းရဲခံပြီး မနေပါနဲ့။ မောင်ထွန်းဦးဆီကို ဖို့ စာရေးပြီး ဘာပဲဖြစ်ဖြစ် လိုက်သာသွားပါ မခင်ရီ'

ရီ။ ။(မရှိသွားဖြန့်နှင့် ဦးခေါင်းယမ်းလျက်)'မလုပ်ဝံ့ပါဘူး ဦးရယ်။ ဒီလိုဆိုရင် ကိုထွန်းဦးလည်း ထောင်ကျမယ်၊ ကျွန်မ အဖေကြီးလည်း ထောင်ကျ ။ ဦးထင်ပေါ်က ကျွန်မ ယီးတီးယားတား လုပ်ခဲ့လို့ရှိရင် ဖခင်ကြီးကို ချက် ဆောင်ကျအောင် လုပ်ဖို့ သူ့လက်မှာ စာချုပ်ရှိတယ်လို့ လက်ထပ်ပြီး တစ်နေ့ကတည်းက ဖွင့်ပြီးပြောထားတယ် ဦးရဲ့'

၎င်းနောက် မခင်ရီသည် မိမိချစ်ကြိုက်စုံမက်ခဲ့သော မောင်ထွန်းဦး၏ လုပ် ကိုင်ရေး၊ စားရေးသောက်ရေးများကို မိန်းမတို့ ထုံးစံအတိုင်း ခရေစေ့တွင်းကျ မြန်းလေ၏။ နာရီတစ်ဝက်ခန့် စကားပြောမိကြပြီးသည်နောက်—

www.burmeseclassic.com

www.burmeseclassic.com



'ကိုင်း ကျွန်မ ပြန်လိုက်ပါဦးမယ် ဦးရယ်။ ကျွန်မ တစ်ခုတောင်းပန်ချင်တာကတော့ ဦးဟာ ကိုထွန်းဦးနဲ့ တွေ့ဖူးတဲ့အကြောင်းကို ဦးထင်ပေါ် သိထားလေတော့ ကျွန်မတို့အိမ်ကို နောက်တစ်ခေါက် လည်ပတ်ခြင်းကို သည်းခံပါရှင်'

ကျွန်တော်။ ။'စိတ်ချပါ မခင်ရီ။ နက်ဖြန်သဘက် ဦး ပြန်တော့မှာပါ။ နောက်ထပ်တွေ့ကြဖို့ မရှိပါဘူး။ မောင်ထွန်းဦးနဲ့ တွေ့ခွင့်ကြုံလို့ရှိရင်လည်း မခင်ရီမှာတဲ့အတိုင်း ပြောလိုက်ပါမယ်'

၎င်းနောက် မခင်ရီသည် နေအိမ်ဘက်သို့ ခပ်သုတ်သုတ် လျှောက်သွားလေရာ ကျွန်တော်သည် မိန်းကလေးကို မျက်စိတဆုံး မျှော်ကြည့်လျက်ရှိစဉ် ထိုခဏ၌ လောကတွင် ကျွန်တော် တောင့်တမိသောအရာမှာ လက်ထဲတွင် ကြာပွတ်ကောင်းကောင်းတစ်ချောင်းကိုကိုင်လျက် ဦးထင်ပေါ်နှင့် ၁၀ မိနစ်ခန့်မျှ တွေ့ဆုံခွင့်ရခြင်းတည်းဟူသော အဖြစ်ပင် ဖြစ်ချေသည်။

ကျွန်တော်သည် မခင်ရီနှင့် ခွဲခွာခဲ့ပြီးနောက် တစ်ယောက်တည်း လမ်းလျှောက်ရင်း ထိုသူငယ်မနှင့် မောင်ထွန်းဦးတို့၏ မရေရာသော ဖူးစာအကြောင်းကို တွေးတောလာခဲ့ရာ ကမ်းနားလမ်းသို့ ရောက်မှန်းမသိ ဆိုက်ရောက်လာခဲ့လေ၏။ ဘုတာရုံအနီးရှိ ဘုန်းကြီးကျောင်းနံဘေးသို့ ရောက်သောအခါ ဧရာဝတီမြစ်သည် ထိုနေရာ၌ ကမ်းပါးကို နှစ်ပေါင်းများစွာ စား၍ထားခဲ့ရကား ကမ်းပါးမှာ အလွန်တရာ မတ်စောက်စွာ ရှိနေသည်ပြင် ကျောင်းဘေး၌ရှိသော လမ်းကလေးပင်လျှင် ရေထဲသို့ ပါသွားခဲ့ပြီဖြစ်သောကြောင့် တံတားဖြင့်ဖြတ်ကူးထားရလေသည်။ ထိုခဏ၌ ဦးထင်ပေါ်သည် တုတ်ကောက်တစ်ချောင်းကို ကိုင်လျက် တံတားတစ်လျှောက် ကျွန်တော်နှင့် ရင်ဆိုင်ဖြတ်ကူးလာသည်ကို တွေ့ရ၏။

ဦးထင်ပေါ်မှာ တံတားပေါ်မှ မတော်တဆ ခြေချော်ကျသဖြင့် ဦးခေါင်းနှင့် ကျောက်တုန်း ရိုက်မိသောဒဏ်နှင့် ပွဲချင်းပြီး သေဆုံးကြောင်းကို သတင်းစာများ၌ ခင်ဗျား ဖတ်ရှုမိပေလိမ့်မည်။ ကျွန်တော်ကိုယ်တိုင်ကလည်း တံတားပေါ်မှ ဦးထင်ပေါ် ခြေချော်၍ကျသွားသည်ကို ခပ်လှမ်းလှမ်းမှ မြင်လိုက်ရကြောင်းနှင့် ရုံး၌ အစစ်ခံထားသည်ကိုလည်း ဖတ်ရှုရပေလိမ့်မည်။ ဆရာဝန်၏ ထင်မြင်ချက်မှာ ဦးထင်ပေါ်သည် တံတားကိုဖြတ်ကူးစဉ် ရုတ်တရက်မူးဝေခြင်းကြောင့် မဟန်နိုင်ဘဲ ခြေချော်၍ ကျသွားဟန်လက္ခဏာရှိကြောင်းများနှင့် ထွက်ဆိုခဲ့လေသည်။

အမှန်စင်စစ်မူကား ဦးထင်ပေါ်သည် မတော်တဆ ခြေချော်၍ ကျခြင်း မဟုတ်ချေ။ ကျွန်တော်၏လက်ချက်ကြောင့် သေရခြင်းမျှသာလျှင် ဖြစ်ချေသည်။ ညကဲ့သို့ ဟုတ်တိုင်းမှန်ရာ ဖြောင့်ချက်ပေးပြီးပြီဖြစ်ရကား အဖြစ်အပျက်ကို အစ



...ဆုံးတိုင် သိရှိရသော ခင်ဗျားသည် ဤကိစ္စ၌ ကျွန်တော် ဆိုးသည်၊ မဆိုးသည် ... ဆုံးဖြတ်ရန်သာ ရှိပါတော့သည်။

ထိုညနေက ဦးထင်ပေါ်သည် ကျွန်တော် လျှောက်လာသည်ကို မြင်သော... ၌ တုတ်ကောက်ကိုယမ်းကာ နှုတ်ဆက်၏။ အနီးသို့ရောက်ကာလ–

...။ ။'ဘယ့်နှယ်လဲဗျ၊ ရောက်တဲ့အခါ နှံ့အောင် လမ်းလျှောက်ပြီး လည်နေတယ် မှတ်တယ်'

ကျွန်တော်။ ။'ဟုတ်ကဲ့၊ စာပို့သင်္ဘော ဆိုက်မယ့်အချိန်ကို မေးစမ်းချေမယ်လို့ ပါခင်ဗျာ'

...။ ။'ဒါထက် နေပါဦးဗျာ၊ ဟိုကလေးကို ခင်ဗျား တွေ့ခဲ့တယ်ဆိုတာ သူဘယ်လိုများ အကြံအစည် ရှိသတဲ့လဲဗျ။ ပြောစမ်းပါဦး'

ကျွန်တော့်မှာ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ဦးထင်ပေါ်ကို ကြာပွတ်...ကောင်းကောင်းနှင့် ရိုက်လိုသောစိတ်များ ဖြစ်ပေါ်ခဲ့ဖူးသော်လည်း ထိုအချိန် အထိ ...မှု ထိုမျှထက် ပိုမို၍ ထိခိုက်နစ်နာအောင် ပြုလိုသောစိတ်ဆန္ဒ မရှိသေးချေ။ ...ကတွင် ဦးထင်ပေါ်က မောင်ထွန်းဦးအား သက်သက်မဲ့စော်ကားသောလေသံ...နှင့် တိုင်းထွာခြင်းကို ကြားလိုက်ရသောအခါ၌မူ ကျွန်တော်သည် တောကြီး...ခေါင်၌ ညှိုးငယ်စွာသော မျက်နှာကလေးနှင့် တမှိုင်မှိုင် တတွေတွေရှိနေရှာ...သော မောင်ထွန်းဦးကလေးနှင့် နှုတ်ခမ်းတွဲတွဲ၊ ပါးစပ်ပြဲပြဲနှင့် ဆဲဆိုတိုင်းထွာ...ကျက်ရှိသော ဦးထင်ပေါ်ကို နှိုင်းယှဉ်၍ကြည့်မိ၏။ သို့ရာတွင် ကျွန်တော်သည် ...နင်နာနာကြီး ပြုလိုသောစိတ်ဆန္ဒ မဖြစ်ပေါ်ခဲ့သေးချေ။

ကျွန်တော်။ ။'ခမျာကလေးမှာဖြင့် ခင်ဗျားတို့အတွက်ကြောင့် ဟိုနေ့ကများ ရူးတော့မလို ဖြစ်သွားရှာပါတယ် ဦးထင်ပေါ်။ မခင်ရီရဲ့ခံတပ်ပုံကို...လည်း စိတ်ဆိုးဆိုးနဲ့ ဓားနဲ့ဆွထားလိုက်တာ စိစိညက်ညက်ကြေလို့ပဲ'

...။ ။'ခင်ဗျားပြောပုံက ကရုဏာသံ ပါလိုက်တာဗျာ။ သူ့ဘာသာသူ့အကြံနဲ့လို့ သူမရတာများ ဘယ်သူက လိုက်ပြီး သနားရဦးမှာလဲဗျ။ တကယ့်...တော့ မခင်ရီနဲ့ သူနဲ့ တန်သလားဗျ'

ထိုအခါ ကျွန်တော့်မှာ ခင်ဗျားသိသည့်အတိုင်း စိတ်ကြမ်းသောလူတစ်...ယောက်ဖြစ်သည့်အလျောက် ပြုမိပြုရာ ပြုလိုက်တော့မည်ဟု တောင်မြောက်...ကြည့်ရာ မြစ်လယ်၌လည်း လှေတစ်စင်းမျှမမြင်၊ ကုန်းဘက်၌လည်း ...လမ်းလာ တစ်ယောက်မျှမရှိဘဲ လူပြတ်စဲလျက် ရှိနေသည်ကို တွေ့ရှိရသော... သို့ဖြစ်၍ ကျွန်တော်သည် ဘိုခပ်ဆန်ဆန် လုပ်၍သွားကာ ဦးထင်ပေါ်...

www.burmeseclassic.com

www.burmeseclassic.com



လက်ကို နှုတ်ဆက်သည့်အနေမျိုးနှင့် ၎င်း၏လက်ကို လှမ်းကိုင်ပြီးလျှင် နောက်သို့ရှတ်တရက်တွန်းလိုက်ရာ ဦးထင်ပေါ်မှာ မျက်လုံးပြူးမျက်ဆန်ပြူးနှင့် ကျွန်တော့်အား နောက်ဆုံးလှမ်း၍ကြည့်သွားခြင်းကို ယခုစာရေးစဉ်၌ပင် ထင်ရှားစွာမြင်မိသေး၏။ စင်စစ်မှာ ကျွန်တော်သည် လွန်ခဲ့သော ၈ နှစ်မျှအတွင်း ထိုမျက်နှာထားကို အိပ်မက်ထဲ၌လည်းကောင်း၊ နိုးကြားသည်၌လည်းကောင်း မကြာခဏတွေ့မြင်လျက် ရှိခဲ့ပါသည်။

ဦးထင်ပေါ်သည် တံတားပေါ်မှ ကျွမ်းပြန်ကာ ကျသွားစဉ် ရေစပ်၌ရှိသော ကျောက်တုံးကြီးတစ်တုံးပေါ်သို့ တည့်တည့်မတ်မတ်ကြီး ကျပြီးလျှင် အနည်းငယ်မျှ လှုပ်ရှားခြင်းမရှိဘဲ ပွဲချင်းပြီးသေဆုံးလေ၏။

ယခုအခါ၌ ကျွန်တော်ကိုယ်တိုင်မှာ လမ်းဆုံးသို့ရောက်ချိန် နီးခဲ့ပြီဖြစ်သောကြောင့် ဦးထင်ပေါ်၏ အဖြစ်အပျက်သည် ရှေးကထက် ကြိမ်ဖန်များစွာ စိတ်ထဲတွင် ထင်မြင်မိသည့်ပြင် အိပ်မပျော်နိုင်သဖြင့် လန့်၍နိုးခဲ့သော ညပေါင်းမှာလည်း များခဲ့လှချေပြီ။ ကျွန်တော့်မှာ လူတစ်ယောက်၏အသက်ကို ဆုံးရှုံးအောင် စီရင်ဖူးသူမှန်ပါ၏။ သို့ရာတွင် ထိုကဲ့သို့ ပြုခြင်းအားဖြင့် တရားသည် မတရားသည်ကိုမူကား မဆုံးဖြတ်နိုင်ပါ။ ဦးထင်ပေါ်ကို တွန်း၍ချခါနီးဆဲဆဲ၌ မောင်ထွန်းဦးအတွက် လမ်းဖယ်ရှားပေးလိုသော ရည်ရွယ်ချက်မှာ ကျွန်တော့်စိတ်ထဲ၌ ရှိခဲ့သည်ကား မှန်ပါ၏။

ကျွန်တော်၏ရည်ရွယ်ချက် ထမြောက်ကြောင်းကိုမူ ခင်ဗျား အသိဖြစ်ပါသည်။ မောင်ထွန်းဦးနှင့် မခင်ရီတို့ ပျော်ရွှင်စွာ ပေါင်းသင်းနေထိုင်ရခြင်းကို ကျွန်တော် တွေ့မြင်ရသောအခါများ၌ ကျွန်တော့်မှာ ဦးထင်ပေါ်အား သတ်မှုအတွက် အပါယ်ငရဲသို့ ကျရစေကာမူ ခါးစည်း၍ ခံပါတော့မည်ဟု စိတ်ပြဋ္ဌာန်းမိပါ၏။ သို့ရာတွင် ၎င်းတို့လင်မယားနှစ်ယောက်ကိုမူကား ကျွန်တော် ပြုခဲ့သောအပြစ်ကို ဖော်ပြ၍မပြဖူးပါ။ သိထိုက်သည်၊ မသိထိုက်သည်ကိုမူ ကျွန်တော်မရှိသည့်နောက်၌ ခင်ဗျား ဆုံးဖြတ်ရန်ဖြစ်ပါသည်။ နောက်ဆုံးတစ်နေ့ ကျွန်တော် ဖွင့်ဟ၍ ပြောခဲ့သည်မှာ ကျွန်တော်သည် မခင်ရီကို ပထမအကြိမ် တွေ့မြင်လိုက်ရသော အချိန်မှစ၍ ယခုသေခါနီးအချိန်တိုင်အောင် စွဲမြဲစွာသော မေတ္တာစိတ်ဖြင့် ချစ်ခင်စုံမက်ခဲ့ပါသည်။ သို့ရာတွင် ဤအကြောင်းကိုမူကား ၎င်းတို့သိရန် မလိုပါ။ နေရစ်ပေတော့ မိတ်ဆွေကြီး ကိုသိန်းမောင်။

ကျွန်တော်သည် အထက်ပါ ဖြောင့်ချက်ကိုဖတ်ရှုပြီးနောက် ထိုင်ရာမှ ရှတ်တရက်မထသေးဘဲ အိမ်ဘက်သို့ လှမ်းမျှော်ကာ ကြည့်လိုက်သောအခါ ကျွန်



[...]ဘ်၏ အိမ်ရှင်နှင့် အိမ်ရှင်မတို့သည် သားကလေးကို လက်ဆွဲလျက် အိမ်ထဲမှ [ထွ]က်လာကြသည်ကို တွေ့မြင်ရလေ၏။

အိမ်ရှင်လင်မယားမှာ အခြားသူမဟုတ်။ မောင်ထွန်းဦးနှင့် မခင်ရီတို့ပင် [...] ဖြစ်လေရာ ကျွန်တော့်မှာ ၎င်းတို့၏နေအိမ်၌ တည်းခိုနေထိုင်ခိုက်တွင် [...]ဟန်ထံမှ စာကိုရမှ ရုတ်တရက်ပလေခြင်းဟူ၍ အံ့သြမိလေသတည်း။

[ဒဂုံမဂ္ဂဇင်း၊ နိုဝင်ဘာလ ၁၉၃၅]

■

www.burmeseclassic.com

# ကိုယ့်အတတ်နဲ့ ကိုယ်ပတ်

တောအုပ်ကိုလှမောင်သည် ရွှေလီမြစ်ဝရှိ အင်းရွာအမည်ရှိသောရွာမှ အထက် မြစ်ညာရှိ လေ့ဘိုရွာသို့ မြင်းတစ်စီးနှင့် တစ်ယောက်တည်း ထွက်လာခဲ့ရာ နေဝင် ချိန်နီးသော်လည်း ခရီးအဆုံးထိ မရောက်သေးချေ။ ကိုလှမောင်မှာ မာကျော ကြံ့ခိုင်သော အင်္ဂါရုပ်ရှိသည်ဖြစ်၍ ၎င်း၏စိတ်မှာလည်း ကိုယ်ကာယနှင့် လိုက် လျောအောင်ပင် ကြံ့ခိုင်တင်းမာခြင်းရှိလျက် လူသာမညတို့ သည်းခံနိုင်ခဲသော ဆင်းရဲဒုက္ခမျိုးတို့ကို မညည်းမညူ မစူမဆောင့် သည်းခံနိုင်သော လူစားမျိုးဖြစ် ခဲ့သည်။

ထိုညနေ၌ မြင်းပေါ်တွင် တွေဝေငေးမှိုင်ကာ လိုက်ပါသွားသော ကိုလှ မောင်ကို မြင်တွေ့ရသူတို့မှာ ထိုသူသည် သွားရာသောခရီးလမ်း မှန်၊ မမှန်ကို ဂရုမစိုက်ဘဲ ၎င်း၏စိတ်သည် ဝေးလံသော အရပ်သို့ ရောက်နေကြောင်းကို ရုတ် ခြည်းပင် အကဲခတ်မိကြမည် ဖြစ်လေသည်။

ထန်းတစ်ဖျားသာသာမျှ ကျန်သေးသော နေ့ရာသီနေမင်းသည် ကိုလှ မောင်၏ ကျောပြင်သို့ စပ်ဖျဉ်းဖျဉ်းရှိသော အပူရှိန်မျိုးဖြင့် ပူလောင်စေလျက် ရှိ သော်လည်း ကိုလှမောင်သည် နေပူကိုလည်း အရေးမပြု၊ လမ်းကိုလည်း ဂရုမစိုက် ဘဲ ဦးခေါင်းငိုက်စိုက်ဖြင့်သာလျှင် စိတ်ကူးကာ လိုက်ပါလာခဲ့၏။ ကိုလှမောင်၏ စိတ်ကူးမှာကား လေ့ဘိုရွာ၌ သစ်ဖောင်အလုပ် လုပ်လျက်ရှိသော လင်မယားနှစ် ယောက်တို့၏ အကြောင်းပင်ဖြစ်၍ ဘောလုံးကစားခြင်း၊ ဘိလိယက်ထိုးခြင်း



စသည့် ပျော်ရွှင်မှုမျိုးတို့နှင့်သာ အချိန်ကုန်စေ၍ ခပ်ပေါ့ပေါ့ ခပ်ပျော်ပျော်၊ ခပ်အေးအေး နေလေ့ရှိသော လူတစ်ယောက်ဖြစ်လေရာ ထိုသူ သည် စီမံအုပ်ချုပ်ရန် ခက်ခဲလှသော တောသားများအပေါ်တွင် ဦးစီးဦးကိုင်ပြု၍ ...အောင်သူကြီး အလုပ်ကို ဘယ်သို့သော စိတ်ကူးမျိုးနှင့် လာရောက်လုပ်ကိုင် ...သနည်းဟု ကိုလှမောင် မစဉ်းစားတတ်အောင် ဖြစ်နေ၏။

ကိုထွန်းတင်၏ ဇနီး မတင်တင်မှာမူ အပျိုစင်ဘဝက ကိုလှမောင်နှင့် ချစ် ကြိုက်ခဲ့ဖူး၏။ လွန်ခဲ့သော လေးနှစ်ခန့်အခါက ကိုလှမောင်နှင့် မတင်တင်တို့သည် ...ချင်းများ ဖြစ်ကြသည်အလျောက် တစ်ဦးနှင့်တစ်ဦး အကျွမ်းတဝင် ခေါင်ငင် ...ဆုံခြင်းပြုလျက်ရှိရာ တစ်နေ့သ၌ ၎င်းတို့နှစ်ဦးသည် စာအုပ်ကို တစ်ယောက် ...လှည့်စီ ဖတ်၍ပြရာမှ ကိုလှမောင်သည် မတင်တင်အား ချစ်ကြိုက်စကားကို ...ခနဲ ပြောဆိုမိ၏။ ထိုအခါ မတင်တင်က 'အလာကောင်းသော်လည်း အခါ ...င်းဆိုတဲ့ စကားလိုဖြစ်နေပြီ ကိုလှမောင်၊ ကျွန်မနဲ့ ကိုထွန်းတင် ဝါကျွတ်ကျွတ် ...င်း အိမ်မြားဖို့ မနေ့ကပဲ လူကြီးချင်း စေ့စပ်ထားပါတယ်' ဟု ပြောလိုက်၏။ ...မောင်မှာ ယခုခေတ်ကာလကြီးတွင် တွေ့ခဲလှစွာသော သစ္စာစောင့်ထိန်းခြင်း ...သော ရှိသူတစ်ယောက် ဖြစ်လေရကား သူငယ်ချင်းတစ်ယောက်၏ အရှက်ကို ...ည်း မခွဲလို၊ မတင်တင်အားလည်း မိဘများ၏ စကားကို ဖီလာဆန့်ကျင်ပြုရန် ...ကြံပေးခြင်း၊ တိုက်တွန်းသွေးဆောင်ခြင်း မပြုလိုသည်ဖြစ်သောကြောင့် ပြောမိ ...စကားကို ပြန်လည်ရုပ်သိမ်း၍ မတင်တင်နှင့် ကိုထွန်းတင်တို့အား ရည်မှန်း ...ည့်အတိုင်း ဆုံစည်း၍ နှစ်ပေါင်းကြာရှည်စွာ ပေါင်းသင်းကြရပါစေဟု ဆု ...တောင်းပြီးလျှင် မတင်တင်နှင့် ခွဲခွာခဲ့ဖူးလေသည်။

ထိုနှစ် ဝါကျွတ်သောအခါ၌ ကိုထွန်းတင်နှင့် မတင်တင်သည် လူကြီးများ ...မှန်းသည့်အတိုင်း ထိမ်းမြားလက်ထပ်ခဲ့ကြလေရာ ကိုထွန်းတင်မှာလည်း လူ ...ကောင်းတစ်ယောက်ပင် ဖြစ်သောကြောင့် မတင်တင်မှာ လူကြီးများ၏ စကားကို ...နားထောင်မိခြင်းအားဖြင့် မှားချေပြီဟူ၍ ညည်းတွားဖွယ်ရာ အကြောင်းမရှိချေ။ ...ယ်၍ ကိုလှမောင်က ဖိဖိစီးစီး ပိုင်ပိုင်နိုင်နိုင် တိုက်တွန်းသွေးဆောင်ခြင်းပြုခဲ့ ...မတင်တင်သည် မည်ကဲ့သို့ ဆုံးဖြတ်မည်ဟူ၍ မည်သူမျှ မပြောနိုင်ပြားသော် ...း ကိုလှမောင်နှင့် လွဲရခြင်းမှာမူ နဖူးစာမပါသောကြောင့်ဟူ၍ ဆိုရန်ရှိ၏။ ...နှင့်တစ်ဦး စုံမက်နှစ်သက်ပါလျက်နှင့် လွဲကြရသောမောင်နှံတို့မှာ ရှေး... ...ယခုလည်းရှိ၊ နောင်ကိုလည်း ရှိချေဦးမည်ပင်။ ဖူးစာရေးနတ်မှာ ဤ... ...ကျိန်ဆဲရေရွတ်ခြင်း ခံရဖန်များသဖြင့် နားဆံ့နိုင်ဖွယ်ရာပင် ရှိတော့... ...တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုလှမောင်မှာ ပထမ ချစ်ကြိုက်ခြင်း ချွတ်ချော်သွားရာတွင် စိတ်အပျက်ကြီးပျက်ခဲ့၍ ကိုယ့်မြို့မှ ဝေးစေရန်အကြံနှင့် သစ်တောဘက်၌ အလုပ်လျှောက်ထားရာ မကြာမီအတွင်း ပျဉ်းမနားမြို့ သစ်တောကျောင်းသို့ သွားရ၏။ ကျောင်း၌ နှစ်စေ့စာမေးပွဲ အောင်မြင်သောအခါ၌ ကိုလှမောင်မှာ ကသာသစ်တောနယ် အင်းရွာသို့ အလုပ်သင်တောအုပ်အဖြစ်နှင့် ခန့်ထားခြင်း ခံရ၏။ အင်းရွာသို့ ဆိုက်ရောက်ပြီးနောက် သစ်တောဝန်မင်းသည် ကိုလှအောင်အား သစ်သင်းဝန်ထောက်နှင့် အတူတွဲ၍ သစ်သင်းလိုက်ပါရန် အမိန့်ချမှတ်ခဲ့ရာ ထိုအလုပ်မျိုးမှာ လေးငါးလတိုင်တိုင် သစ်တောကြီးထဲ၌ လုပ်ကိုင်ရသော အလုပ်မျိုးဖြစ်ချေသည်။ သို့ဖြစ်၍ ကိုလှမောင်သည် သစ်သင်းခြင်းအလုပ်ပြီးစီး၍ မိမိ၏ဌာနဖြစ်သော အင်းရွာသို့ ပြန်လာသောအခါ၌ မတင်တင်ထံမှ ပေးပို့ထားသော အောက်ပါစာရေးထားနေနှင့်သည်မှာ အတော်ပင် နေ့ရက်ညောင်းခဲ့လေပြီ။

စာရေးလိုက်ပါသည် ကိုလှမောင်။

ရှင့်လက်ထဲသို့ ဤစာရောက်သောအချိန်အခါတွင် ကျွန်မတို့ လင်မယားမှာ လေ့ဘိုရွာသို့ ရောက်နှင့်ပြီးဖြစ်ကြသည်ဟု ထင်ပါသည်။ ကျွန်မတို့သည် မိတ်ဆွေတစ်ဦးနှင့် တွဲဖက်၍ သစ်ဖောင်အလုပ်ကို လုပ်ကြရန် ဆုံးဖြတ်ပြီးဖြစ်သည့်အတိုင်း သစ်တောဌာနနှင့်နီးသော လေ့ဘိုရွာသို့ လင်မယားနှစ်ယောက်လုံး သွားရောက်နေထိုင်ကြမည်ဖြစ်ပါသည်။ လေ့ဘိုရွာသည် ကိုလှမောင်၏ နယ်အတွင်း ဟုတ် မဟုတ်ကို ကျွန်မ မသိပါ။ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ မိတ်ဆွေဟောင်းများကို တွေ့ရန်တစ်ကြောင်း၊ သစ်လုပ်ငန်းနှင့် စပ်လျဉ်းသော အချက်များကို ကျွန်မတို့အား သင်ပြရန် တစ်ကြောင်း လေ့ဘိုရွာသို့ တတ်နိုင်သမျှ စောစောလာရောက် လည်ပတ်လိမ့်မည်ဟု ကျွန်မတို့ နှစ်ယောက်လုံးက မျှော်လင့်ပါသည်။

တင်

သို့ဖြစ်၍ ကိုလှမောင်သည် ထိုစာအရ လေ့ဘိုရွာသို့ သွားရောက်ခြင်းဖြစ်ချေ၏။ ကိုလှမောင်မှာ မတင်တင်နှင့် လေးနှစ်တိုင်တိုင် မတွေ့ရသဖြင့် ထိုစဉ်အခါက ဖြစ်ပေါ်ခဲ့ဖူးသော မေတ္တာစိတ်သည် ပျောက်ပြယ်လုမတတ် ရှိပြီဟု ဆိုနိုင်ငြားသော်လည်း ထိုအချိန်အတောအတွင်း၌ အခြားသော မိန်းမတစ်ဦးတစ်ယောက်ကို ချစ်ကြိုက်ဖူးသည်မရှိသေးသည်ပြင် မတင်တင်၏ စာကိုဖတ်ရသောအခါ၌ လွန်လေပြီးသော အဖြစ်အပျက်များသည် အသစ်ကဲ့သို့ ဖြစ်လာပြန်၏။



ခရီးတွင် မတင်တင်၏မျက်နှာ တရေးရေးပေါ်လာတိုင်း သက်ပြင်းချမိ၏။ ဘောထားကြီးရင့်သူတစ်ယောက်ဖြစ်သော ကိုလှမောင်သည် မတင်တင်မှာ ... သူတစ်ဦး၏ဇနီးဖြစ်သည်၊ ငါနှင့် ဘာမျှမဆိုင်ချေဟူ၍ မိမိစိတ်ကို ချိုးနှိမ်ဆုံးမ... ပြီးသော်ငြားလည်း မတင်တင်နှင့် တွေ့ဆုံရမည့်အတွက် ရင်ထဲ၌ ဖိုလှိုက်ခြင်း ...ကား တားဆီး၍ မရနိုင်ပေ။

လေ့ဘိုရွာနှင့် မိုင်တစ်ဝက်ခန့်မျှဝေးသော နေရာသို့ ရောက်သောအခါ ...မောင်သည် သေနတ်ကိုထမ်းလာသော လူတစ်ယောက်နှင့်တွေ့၍ ကိုထွန်း...နှင့် မတင်တင်တို့ ရွာ၌ ရှိ၊ မရှိ အကြောင်းကို မေးမြန်း၏။

'ရှိကြပါတယ်၊ အနောက်စွန်းက အိမ်ကြီးဟာပါပဲ။ ခင်ဗျားက ဆရာဝန် ...'

'မဟုတ်ပါဘူးဗျာ၊ သည်တောဘက်ကပါ။ ဘာကြောင့်မေးသလဲ၊ ဘယ်... မကောင်းလို့လဲဗျာ'

'ကိုထွန်းတင်တစ်ယောက် ဖျားနေလို့ပါပဲ။ ကျွန်တော်က ကိုထွန်းတင်နဲ့ ...ပ်ဘူလုပ်နေတဲ့ ကိုဘဦးပါပဲ၊ သူတို့နဲ့ အတူနေပါတယ်'

'ကိုထွန်းတင်ဖျားတာ ဘယ်လောက်ကြာပြီလဲ'

'သုံးလေးရက် ရှိပါသေးတယ်၊ ကိစ္စမရှိတန်ပါဘူး'

'သူ့မိန်းမ မတင်တင်ကောဗျ'

'မာပါ့ဗျာ၊ သူ့လင်အတွက်ကြောင့် စိတ်ပူရှာတာ တစ်ခုလောက် ရှိပါ... ခင်ဗျားက သူတို့နဲ့ သိသလား'

'မိတ်ဆွေဟောင်းတစ်ယောက်ပါပဲ။ ယခု လာရခြင်းဟာလည်း မတင်တင်... စာရေးပြီးမှာလိုက်လို့ လာရခြင်းဖြစ်ပါတယ်။ စာရောက်နေတာက တော်တော်... ကြာသွားပြီ။ ကျွန်တော်က သစ်သင်းထွက်နေရလို့ တောက မနေ့ကပဲ ...ကတယ်။ အင်းရွာက တောအုပ်ကိုလှမောင်ဆိုတာ ကျွန်တော်ပါပဲ'

'ဩော် ဟုတ်လား၊ ခင်ဗျားအကြောင်းတော့ သူတို့လင်မယား ခဏခဏ ...ကြားရပါဗျာ'

'သူတို့အလုပ် တော်တော်ဟန်ပါစဗျာ'

'ဟုတ်ကဲ့၊ ဒီတစ်သုတ် ရေကျရင်တော့ ဖောင်နှစ်ထိုး သုံးထိုးလောက် ...လိမ့်မယ်ထင်တယ်။ ကြွနှင့်ပေတော့ခင်ဗျာ၊ ရွာအနောက်စွန်းက အိမ်ကြီး ...အိမ်ကြီးပါပဲ။ နီးလည်းနီးပါပြီ။ လမ်းကောင်းကောင်း ကြည့်သွား... ...နှင့် မြွေဟောက်ဆိုးတွေ အင်မတန်ပေါနေတယ်'

'ဟုတ်ကဲ့၊ ကိုင်း ကျွန်တော် သွားဦးမယ်နော်'

www.burmeseclassic.com

www.burmeseclassic.com



ကိုလှမောင်သည် လှည်းလမ်းအတိုင်း မြင်းစိုင်း၍သွားရာ အတန်ငယ် သွားမိသောအခါတွင် နောက်သို့လှည့်ကြည့်လိုသောစိတ် ဖြစ်ပေါ်လာသည်နှင့် ရုတ်တရက် လှည့်၍ကြည့်လိုက်၏။ ထိုခဏ၌ ကိုဘဦးသည် သေနတ်ကို မြေကြီး ပေါ်တွင် ထောက်လျက် ကိုလှမောင်အား စိုက်ငေးကြည့်နေသည်ကို ကိုလှမောင် မြင်ရ၏။ သို့ရာတွင် ကိုလှမောင်နှင့် မျက်နှာချင်းဆိုင်မိသောအခါ၌မူ ကိုဘဦး သည် သေနတ်ကို ကောက်ထမ်း၍ တောလမ်းသို့ ဝင်သွားလေ၏။ ကိုလှမောင် မှာ မည်သို့သော အကြောင်းကြောင့်ဟူ၍ မပြောနိုင်ဘဲ ကိုထွန်းတင်၏ အလုပ် ခပ်ဖက်ဖြစ်သော ကိုဘဦးကို မနှစ်သက်သောစိတ် ဖြစ်ပေါ်လာခဲ့၏။ ရွာအနီးသို့ ရောက်၍ ကိုထွန်းတင်တို့၏ သစ်ပျော့ ကြဲဖြန့်ထားပုံနှင့် မှန်ထစ်ထစ်ပုံ၊ နဖား ဖောက်ထားပုံတို့ကို တွေ့မြင်ရပြန်သောအခါ တော်စွာလျော်စွာ အလုပ်လုပ်ထား ကြခြင်းကို ရိပ်မိသဖြင့် မျက်မှောင်ကြုတ်မိ၏။ မိမိ၏မိတ်ဆွေ ကိုထွန်းတင်နှင့် မတင်တင်တို့သည် ဤနည်းအားဖြင့် အလုပ်လုပ်ကြပါမူ ပါလာသော ငွေရင်း ကလေး ကုန်ခန်းရုံမျှသာ ရှိရှာကြရချေမည်ဟု စဉ်းစားမိ၏။

ရွာကို မြင်ရသောအခါ၌ ကိုလှမောင်၏မြင်းသည် ခရီးအဆုံးသို့ ဆိုက် ရောက်ချေတော့မည်အကြောင်းကို ရိပ်မိသိရှိသော လက္ခဏာနှင့် လူမနှင်ရဘဲလျက် "အသားကျ" ခြေကုန်သုတ်၍ ပြေးလေရာ နောက် ၁၀ မိနစ်ခန့်မျှ ကြာသောအခါ တွင် ကိုလှမောင်သည် မြင်းကို တောသားအစေခံကလေးတစ်ယောက်၏ လက်သို့ ပေးအပ်လိုက်၍ မတင်တင်နှင့် ရွှင်ပျဝမ်းမြောက်စွာ နှုတ်ဆက်လျက်ရှိ၏။

'ကိုလှမောင် ရောက်လာတာ ကျွန်မဖြင့် သိပ်ဝမ်းသာပြီး သိပ်အားရှိတာ ပဲ ကိုလှမောင်'

'မတင်တင် ဝ ပါ့ဗျာ၊ ဖြူဖြူတုတ်တုတ်ကြီး ဖြစ်နေတာပဲ။ ကိုထွန်းတင် များတာကော ဘယ့်နှယ်ရှိသလဲ'

'ရှင် ဘယ့်နှယ် သိလာသလဲ'

'လမ်းမှာ မတင်တင်တို့နဲ့ အလုပ်စပ်ဖက်လုပ်တဲ့ ကိုဘဦးဆိုတဲ့လူနဲ့ တွေ့ ခဲ့ဘယ်။ ကိုထွန်းတင်ဖျားတာ ငှက်ဖျားလား မတင်တင်'

ကိုဘဦးဆိုသော အမည်ကို ပြောလိုက်သောအခါတွင် မတင်တင်မှာ မျက်နှာအို၍ သွားသည်ကို ကိုလှမောင် သတိပြုမိသော်လည်း အမှတ်မဲ့နေယော နှင့်သာ နေလိုက်၏။

'ကိုင်း အိမ်ပေါ်တက်ကြည့်ပါဦး ကိုလှမောင်၊ ရှင့်သူငယ်ချင်းက သိပ် ...ဘာပဲ၊ ဖျားတဲ့နေ့ကတည်းကစပြီး အဖျားကျတယ်လို့ မရှိဘူး၊ တတ



...း တက်နေတာပဲ။ စိုးရိမ်ရလောက်အောင်တော့ မဟုတ်ပါဘူး။ နို့ပေမဲ့ ...ကြီးလွန်းလို့ သိပ်အားနည်းတယ် ကိုလှမောင်ရဲ့'

ကိုလှမောင်သည် မတင်တင်၏နောက်မှ လူနာခန်းသို့ ဝင်လိုက်သွားရာ ...သည် သူငယ်ချင်းကို မြင်သောအခါ၌ အားရဝမ်းသာ ထ၍ထိုင်လေ၏။

'ခင်ဗျားဖြင့် ဒီလိုချည်းပဲ၊ ပေါ်လာပြီဆိုမှဖြင့် ဖြုန်းခနဲ ဖျတ်ခနဲချည်းပဲ။ ...ကြီးခေါင်ခေါင် မမာနေတုန်း သူငယ်ချင်းဟောင်းတစ်ယောက် တွေ့ရတာ ... ကို ချက်ချင်း ပျောက်သလိုပဲ ကိုလှမောင်ရယ်'

'ကျုပ်က သစ်သင်းထွက်နေရတယ်ဗျ။ မနေ့ကမှ တောကပြန်လာ၊ မတင် ...ဘကို တွေ့လေတော့ ချက်ချင်းဆိုသလို မြင်းပြင်ပြီး ထွက်လာခဲ့တာပဲ၊ ဖျားပုံ ...မ်းပါဦး'

'လွန်ခဲ့တဲ့ ၅ ရက်လောက်က ကိုဘဦးနဲ့ အမဲပစ်ထွက်ကြပြီး ပြန်လာ၊ ...ဘာပါပဲဗျာ။ ကိုဘဦးဆိုတာက ကျုပ်နဲ့ စပ်ဖက်လုပ်တဲ့လူပေါ့။ သစ်ဖောင် ...က သူ့အလုပ်လက်စ ရှိပြီးမှာ ကျုပ်က ငွေဖြည့်ပြီး အမြတ်စပ်တူ လုပ်ကြ ...ပေါ့'

'သစ်ဖောင် ဘယ်နှလုံး ကျပြီလဲ'

'ကျတော့ မကျဖူးပေါင်ဗျာ။ သို့သော် ကျဆဲ၊ ကျလတ္တံ့တွေပဲလို့ ကိုဘဦး ...ဘာပဲ'

ကိုလှမောင်သည် သစ်ဖောင်အလုပ်အကြောင်းကို ဆက်လက်၍ မပြော ...ဘဲ လူနာ၏အင်္ဂါရုပ်ကို အကဲခတ်လျက်ရှိရာ ရွှေလီငှက်ဖျားစင်စစ်ဖြစ် ...ကြောင်း သိရှိ၏။ ကိုလှမောင်က ရွှေလီငှက်ဖျား၏ ထုံးစံမှာ အစဦး၌ ပြင်းထန် ...သော်လည်း တစ်စုံတစ်ရာ စိုးရိမ်ဖွယ်ရာ မရှိကြောင်းနှင့် အားရှိစေအောင် ...ပြီးလျှင် အမောပြေလက်ဖက်ရည်သောက်ရန်အတွက် လူနာအခန်းမှ ထွက် ...ညှိခန်း၌ ထိုင်လေ၏။ ကိုလှမောင်သည် မတင်တင်ဖျော်ပေးသော လက် ...ည်ကို သောက်ရင်း တောအရပ်ပင် ဖြစ်သော်လည်း ပန်းစိုက်ကရားတွေ ...သော ပန်းကလေးများ၊ ပြတင်းပေါက်၌ ဖြူဖြူဖွေးဖွေးရှိသော အခန်း ... ဘားပွဲခင်းများ အစရှိသည့် မတင်တင်၏ သပ်ရပ်သန့်ရှင်းစွာ နေ ...း တတ်သော အလေ့အကျင့်ကိုမြင်ရသဖြင့် စိတ်ထဲ၌ ချီးမွမ်းမိ ...ဖြစ်သူများသည် မိမိတို့၏ တာဝန်ကို ကျေပွန်အောင် မ... ...သော်လည်း မိန်းမဖြစ်သူကမူ အိမ်ရှင်မ၏ ဝတ္တရားအတိုင်း ကျေပွန်... ...အောက်မေ့မိ၏။

www.burmeseclassic.com



မောင်။ ။'မတင်တင် ကိုယ်တိုင်လိုက်ပြီး ယခုလို သပ်သပ်ရပ်ရပ် လုပ်ပေးနေတော့ အလုပ်လုပ်ရတဲ့ ယောက်ျားတွေက စိတ်ကြည်ကြည်ရွှင်ရွှင် လုပ်နိုင်ကြ ဘယ်ကောင်းပါ့ဗျာ၊ တယ်ကုသိုလ်ရှိတဲ့ လူတွေပဲ'

ထိုခဏ၌ မတင်တင်သည် ခြေသံကြားသည်နှင့် ထကြည့်၍ 'ဟော ကိုဘဦး ရောက်လာပြီ' ဟု ပြောလိုက်ရာ အိမ်အောက်မှလည်း 'ဆန်းဆန်းပြားပြား ကြည့်ချင် ဆင်းကြည့်လှည့်တင်တင်' ဟု ဟစ်အော်၍ ခေါ်လိုက်သံကို ကြားဖြ ရ၏။ မတင်တင်မှာမူ မိမိအား ကိုဘဦးက "တင်တင်" ဟူ၍ အရောတဝင်ခေါ် င်ခြင်းကို နှစ်သက်ဟန်မရှိချေ။ သို့သော်လည်း အလုပ်စပ်ဖက်ဖြစ်၍ တစ်အိမ် တည်း အတူနေဖြစ်သောကြောင့် ခေါ်ပိုင်ယောင်ယောင် ရှိသဖြင့် အောင့်အည် သည်းခံနေရခြင်း ဖြစ်၏။

'ဘာများ ဆန်းနေပြန်လို့လဲရှင့်'

'ကြည့်လှည့်လေ'

'အလိုလေး... လုံးလုံးကြီးတွေ၊ ဘာဥတွေပါလိမ့်'

'မြွေဥတွေပေါ့ တင်တင်၊ ကြောက်သလား'

'ကြောက်ပါတယ်ရှင်၊ အိမ်ပေါ် မတင်ခဲ့ပါနဲ့။ လက်ဖက်ရည်သောက်ချင် လာရှင့် ကိုဘဦး'

ကိုဘဦးသည် အိမ်ပေါ်သို့တက်လာ၍ ကိုလှမောင်နှင့် မျက်နှာချင်းဆိုင် ထိုင်လျက် လက်ဖက်ရည်သောက်ရင်း ယခုနှစ် ထိုနယ်၌ မြွေငန်းစောင်းများ အ ထူးပေါများနေသဖြင့် သစ်ခုတ်သမားများသည် နေ့စဉ်အမျှ တစ်ကောင်စီ၊ နှ ကောင်စီ သတ်ဖြတ်ခဲ့ရကြောင်းများနှင့် ပြောပြလျက် ရှိ၏။ ကိုလှမောင်ကမူ ၎င် ၏စကားကို နားထောင်လျက်ရှိစဉ် ကိုဘဦးက မတင်တင်အား အရောခပ်ဝင်ဝင် ခေါ်ငင်ပြောဆို၍ မတင်တင်ကမူ ခပ်တန်းတန်း ခပ်စိမ်းစိမ်းပြောဆိုပုံများကို အ ခတ်မိ၏။ ကိုလှမောင်၏ဆုံးဖြတ်ချက်မှုကား ကိုဘဦးသည် အလုပ်စပ်ဖက်ဖြ သော ကိုထွန်းတင်၏မယားကို ခပ်ပိုးပိုးရှိနေ၍ မတင်တင်ကမူ ထိုအကြောင်း ရိပ်မိသဖြင့် ခပ်ရှောင်ရှောင်၊ ခပ်ခွာခွာ ပြုမူပြောဆိုလျက်ရှိချေသည်ဟု ဆုံးဖြ ချက် ချထား၏။ ယင်းကဲ့သို့ရှိနေခြင်းမှာ ထူးထူးဆန်းဆန်းမဟုတ်ဟူ၍လည် ကိုလှမောင် သဘောရ၏။ သစ္စာမရှိသော သူတစ်ယောက်သည် လင်စုံမယား တို့၏အိမ်၌ တည်းခိုနေထိုင်၍ မယားဖြစ်သူကိုလည်း ရပ်ဆင်းသဏ္ဌာန်နှင့် ပြ ခဲ့သည်ဖြစ်ပါမူ ပိုးပန်းချေမည်ကား ဓမ္မတာသဘောပေတည်း။ ယင်းကဲ့သို့ ပိုးပ ခြင်းသည် အထ မြောက်မည်၊ အထမမြောက်မည်မှာမူကား အိမ်ရှင်မ၏ သဘော ဘာဝ်နှင့်တည်း။



ကိုလှမောင်မှာ လူရိုးလူဖြောင့်တစ်ယောက်ဖြစ်၍ ဘွင်းဘွင်းကြီးပြောတတ် သော အလေ့ရှိသည့်ပြင် မတင်တင်အားလည်း နှမ့်ဖူးစာမပါသဖြင့် မဆုံစည်းခဲ့ရ သော်မှ နှမရင်းချာကဲ့သို့ သဘောထားသူဖြစ်ရကား ထိုည၌ ကိုဘဦးမရှိခိုက် မတင်တင်နှင့် နှစ်ယောက်တည်း ဆိုင်မိကြသည်တွင် ကိုဘဦးအကြောင်းကို ဆွေး နွေး၏။

မောင်။ ။'မတင်တင်တို့အလုပ်လုပ်နေကြပုံ ကြည့်ရတာ ငွေ ပေါလွန်းလို့ လွှင့် ပစ်နေကြတာနဲ့ တူပါပေ မတင်တင်'

တင်။ ။'ဘယ့်နှယ်ပြောတာလဲ ကိုလှမောင်'

မောင်။ ။'ကိုယ်တိုင် သစ်ဖောင်မလုပ်ဖူးသော်လည်း သစ်တောဘက်မှာ လုပ်နေတဲ့ လူဖြစ်လေတော့ သစ်ဖောင်အလုပ်မျိုးကို ဘယ်လိုလုပ်ရတယ်ဆိုတာ နည်းနည်းတော့ နားလည်ပါတယ် မတင်တင်။ ရွှေလီမှာ တက်ပြီး သစ်ဖောင် ကြီးလုပ်တယ်ဆိုတာမျိုးဟာ မလွယ်လှဘူးဗျနော်။ စေ့စေ့စပ်စပ် လုပ်နိုင်မှ တော် ကာကလေးရယ်။ ခုလိုများ ပေါ့ပေါ့ဆဆ လုပ်ကြရင်တော့ ငွေကိုရေထဲ လွှင့်ပစ် တာနဲ့ အတူတူပဲ မတင်တင်'

တင်။ ။'ကိုဘဦးကပြောတော့ အလုပ်တွေအားလုံး နေရာတကျရှိတယ်ဆိုပါက လားရှင့်'

မောင်။ ။'ဒီလိုပြောရင် ကိုဘဦးလိမ်တာ အမှန်ပဲ၊ မတင်တင်နဲ့ ကိုဘဦးနဲ့ ဘည့် ရဲ့လား'

တင်။ ။'တစ်ဆိတ်မှမတည့်ဘူး ကိုလှမောင်။ နို့ပေမဲ့ အလုပ်စပ်ဖက်ဖြစ်လေ တော့...'

မောင်။ ။'မတင်တင်က ကိုယ့်ပိုးနေတဲ့လူတစ်ယောက်မှန်း သိလျက်နဲ့အတူနေ သေးတယ်နော်'

တင်။ ။'ရှင်က တယ်ပြီး အသိမြန်လှပါကလား'

မောင်။ ။'မြန်ဆို မတင်တင်သိတဲ့အတိုင်း မြန်စရာအကြောင်း ရှိနေတာကို မတင် တင်ရဲ့။ အဟောင်းတွေ ပြန်ဖော်လို့ အကျိုးမရှိပါဘူးလေ။ ဟိုတုန်းက တည်းကိုက နောက်ဆုတ်မိတာ ကိုယ်မိုက်တာပါ'

တင်။ ။'ခုမှတော့ ဇာတ်ပေါင်းမမှန်ပါနဲ့တော့ ကိုလှမောင်'

မောင်။ ။'ကျုပ် တစ်ခုမေးပါရစေ၊ တကယ်လို့ ဟိုတုန်းက ကျုပ်က နောက်မဆုတ် ဘဲ ခွတ်တိုးခဲ့လို့ရှိရင် မတင်တင်က ဘယ့်နှယ်လဲ'

တင်။ ။(မျက်နှာအောက်ချလျက်)'ခုမှတော့ မမေးပါနဲ့တော့ ကိုလှမောင် [illegible] ကောင်းပါဘူးရှင်၊ ကျွန်မလည်း မဖြေပါရစေနဲ့။ ချမ်းသာပေး [illegible]'

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ကိုလှမောင်သည် ဦးခေါင်းငုံ့၍ ရှိနေသော မတင်တင်အား မည်သို့မျှမပြောဘဲ အတန်ကြာအောင် စေ့စေ့ကြည့်လျက်ရှိနေပြီးမှ–

မောင်။ ။'ဒီလိုကိစ္စမျိုးမှာ လူကြီးတွေမျက်နှာထောက်ပြီး နောက်ဆုတ်ခြင်းဟာ အကောင်းဆုံးပဲလားတော့ မပြောတတ်ဘူး။ ကိုယ်တော့ဖြင့် တစ်သက်လုံး ဆင်းရဲ ဘာ အမှန်ပဲမတင်တင်။ မတင်တင်မှာတော့ မထောင့်တာလှသေးဘူး။ ဒီအကြောင်းမှာတော့ ဒီကနေ့အထိ သားစိတ်၊ မယားစိတ် ကုန်သွားတော့တာပဲ မတင်တင်ရေ့။ ကိုင်း ဒါထက် ကျုပ်ဒီမှာ ကြာကြာနေလို့ မဖြစ်ဘူး၊ မြန်မြန်ပြေးမှ တော်မယ်။ သို့သော် ကျုပ်မသွားခင် မတင်တင်တို့ အရှုပ်ကလေးတော့ ရှင်းလင်းပေးခဲ့ဦးမှ ဖြစ်မယ်။ ခုပုံအတိုင်း မတင်တင်တို့သုံးယောက် အတူနေကြလို့ မဟန်ဘူးထင်တယ်'

တင်။ ။'ဘယ့်နှယ်လုပ်မလဲ ကိုလှမောင်၊ အလုပ်စပ်တူ လုပ်မိနေတော့ တစ်အိုးတစ်အိမ်စီ နေကြဖို့ နဂိုကတည်းက စီမံချက်မပါဘူး ကိုလှမောင်ရဲ့'

မောင်။ ။'မတင်တင်တို့က ငွေရင်း ဘယ်လောက်ထည့်ထားသလဲ'

တင်။ ။'ငွေနှစ်သောင်းရှင့်'

မောင်။ ။'ဒီငွေတွေ သူ ဘာလုပ်သတဲ့လဲ'

တင်။ ။'သစ်အလုပ်ထဲမှာ မြှုပ်ထားတယ် ပြောတာပဲ'

မောင်။ ။'လုပ်တာ ဘယ်လောက်ကြာပြီလဲ'

တင်။ ။'လေးငါးခြောက်လ ရှိသွားပြီ'

မောင်။ ။'ဒီလူဟာ ရိုးရိုးသားသားလုပ်ရိုးမှန်လျှင် အလုပ်ကို နားမလည်တာ၊ ဂရုမစိုက်တာ၊ ပေါ့ပေါ့ဆဆနေတာ အမှန်ပဲ။ ရိုးလျှင်လည်း မတင်တင်တို့ အကျိုးမရှိဘူး၊ ရှုံးမှာပဲ။ မရိုးလျှင်လည်း ကုန်မှာပဲ။ ဒီလူမျိုး ကျုပ်သိပါတယ်။ အရက်ကလေးတမြမြနဲ့၊ သေနတ်တစ်လက် ထမ်းပြီးတော့ လည်နေချင်တဲ့ လူမျိုးပါ။ သို့သော် ပစ္စည်းကုန်တာ ရှိပါစေဦးတော့၊ မိုက်မိနေ့မှကိုး။ တော်တော်ကြာ လူကိုစော်ကား၊ အရက်ကွဲနေမယ် မတင်တင်'

တင်။ ။'ကျွန်မဖြင့် သူ့ကို ဘယ်လိုများ ရွံတယ်လို့ရှင်။ မလွှဲသာလို့သာ အောင့်ပြီးနေရတယ်။ ကြည့်စမ်းပါရှင် ကိုလှမောင်ကတောင် ကျွန်မကို အစ မတင်တင်လို့ မခေါ်ဘူး၊ သူက လူကို တင်တင်လေး ဘာလေးနဲ့ ရှင့်'

မောင်။ ။'ကိုထွန်းတင်က ဘာမှမပြောဘူးလား'

တင်။ ။'မောင်လိုနှမလို သဘောနဲ့ ခေါ်တာပါကွယ်၊ မဆူပါနဲ့တဲ့ရှင့်'

မောင်။ ။'ဒီအရှုပ်ကလေးတော့ ကျုပ်မပြန်ခင် ရှင်းပေးခဲ့ပါမယ်။ မပူပါနဲ့ မတင်တင်'



တင်။ ။'ရှင်ပြန်တာတော့ ဟုတ်ပါရဲ့၊ တတ်နိုင်လို့ရှိရင် ကိုထွန်းတင်နေကောင်းအောင်အထိ နေစေချင်တယ် ကိုလှမောင်'

မောင်။ ။'ခုပုံတော့ နေမှဖြစ်မယ်ထင်တယ်။ ကိုဘဦးကိစ္စဟာက ကိုထွန်းတင်ကိုယ်တိုင် ပြောမှဖြစ်မှာကိုး။ ကျုပ်က နည်းလမ်းပြရုံ ပြနိုင်မယ်၊ ကိုယ်တိုင်ပြောဖို့ အခွင့်မရှိဘူး။ ခုနေမှာ ကိုထွန်းတင် ပြောစေရလျှင် ရောဂါတိုးဖို့ပဲ ရှိတဲ့အတွက် သက်သာအောင် ကျုပ်စောင့်နေဦးမှ ဖြစ်မယ်။ ဒါထက် ကိုထွန်းတင်ကတော့ မတင်တင်အပေါ်မှာ ကောင်းရှာရဲ့နော်'

တင်။ ။'သိပ်ပြီး ကြင်နာတတ်တဲ့ယောကျ်ား၊ ဂရုစိုက်တဲ့ယောကျ်ားတစ်ယောက်ပါပဲ ရှင်။ လင်ကောင်း မောင်မင်းလို့ ခေါ်ထိုက်ပါပေတယ်'

မောင်။ ။'ဝမ်းသာပါတယ် မတင်တင်၊ ကျုပ် နောက်ဆုတ်မိတဲ့အထဲမှာ ဒီအချက်ကလေးတစ်ခုပဲ ကျေနပ်စရာ ကျုပ်မြင်တယ်။ ဒီပြင်တော့...

တင်။ ။'တော်ပါတော့ ကိုလှမောင်၊ တောင်းပန်ပါရစေ။ နဖူးစာကိုး ကိုလှမောင်၊ ရှင်တို့၊ ကျွန်မတို့လို လူတွေ လောကမှာ အပုံကြီးပေါ့ရှင်'

မောင်။ ။'မရေးရင်လည်း အရှင်းပါပဲဗျာ၊ ရေးရင်လည်း ပီပီသသ ရေးခဲ့ပါတော့လား။ ဒီနတ်ကို ကျုပ် စိတ်မကျေနိုင်ဘူး'

တင်။ ။'မဆုံစည်းလို့၊ လွဲခဲ့ကြလို့ ရှိမှဖြင့် နှမကလေးလို သဘောထားပြီး ယောကျ်ားကောင်း၊ ယောကျ်ားမြတ်ပီပီ ကျွန်မတို့ကို ကူညီခဲ့ပါ ကိုလှမောင်'

မောင်။ ။'စိတ်ချဗျာ'

ထိုခဏ၌ လူနာသည် အိပ်ရာမှနိုးလာ၍ မတင်တင်ကို ခေါ်သည်နှင့် နှစ်ယောက်လုံး လူနာခန်းသို့ ဝင်သွားကြလေ၏။

ကိုဘဦးမှာမူ ထိုညနေ၌ ချက်အရက်တစ်ပုလင်းမျှ ကုန်အောင်တစ်ယောက်တည်း သောက်ပြီးနောက် လမ်းလျှောက်ထွက်သွားခဲ့ရာ ၎င်း၏စိတ်ကူးအမှုကား မသာယာလှချေ။ ကိုဘဦးသည် ကိုလှမောင် ဆိုက်ရောက်လာခြင်း "ရှုပ်"သည်ဟူ၍ အောက်မေ့၏။ ကိုလှမောင်ကဲ့သို့ လူမျိုးမှာ တည့်တည့် ခရီးသွားတတ်သောလူမျိုးဖြစ်၍ မိမိ၏အကြံအစည်များကို ကန့်ကွက်ဆီးခြင်း ပြုမည်ဟူ၍လည်း ကိုဘဦး စိုးရိမ်မိ၏။ ကိုလှမောင်သည် ကိုဘဦး၏ အကျင့်စာရိတ္တကို မြင်ရုံနှင့် အကဲခတ်နိုင်သကဲ့သို့ ကိုဘဦးကလည်း ကိုလှမောင်အား အကဲခတ်မလွဲလှချေ။ ကိုဘဦးကဲ့သို့သော လူမျိုးသည် ကိုလှမောင်ကဲ့သို့သော လူမျိုးကို ကြောက်ရွံ့သဖြင့် ရှောင်ကွင်းလိုခြင်းမှာလည်း ဤလူမျိုးသည် လူတစ်ဦးတစ်ယောက်၏ အပြစ်မြင်သောအခါ၌ ရှုံးပြင်ကာနေ သွားသောကြောင့်

www.burmeseclassic.com



ခြင်းမရှိဘဲ ကိုယ့်ရုံးကိုယ်ထိုင်၊ ကိုယ့်တရား ကိုယ်စီရင်၍ ကိုယ်တိုင်လက်စားချေတတ်သော လူမျိုးဖြစ်သည်ဟူ၍လည်း ကိုဘဦးအကဲခတ်မိ၏။ ထို့ကြောင့်လည်း မရိုးသောစိတ်ဓာတ်ရှိသည့် ကိုဘဦးမှာ သာ၍လွန်စွာ ကြောက်ခြင်း ဖြစ်၏။

မိမိနှင့် ကိုထွန်းတင်တို့ ဖက်စပ်လုပ်ကိုင်ကြသော လုပ်ငန်းမျိုး၌ မိမိမရိုးဖြောင့်သည့်အဖြစ်ကို ကိုလှမောင် ရိပ်မိလိမ့်မည်ဟူ၍လည်း တွေးမိ၏။ ကိုဘဦးသည် ကိုထွန်းတင်တစ်ယောက်တည်းကိုမူ ထိုအချိန်သို့တိုင်အောင်မှုမက အသေအဆုံးတိုင် လှည့်စားနိုင်လိမ့်မည်ဟု ယုံကြည်ခဲ့၏။ ကိုထွန်းတင် ထည့်ဝင်သော ငွေနှစ်သောင်းအနက် တချို့တဝက်ကိုသာလျှင် အလုပ်ထဲသို့ ထည့်သွင်း၍ တချို့တဝက်ကို သင့်လျော်သလို စာရင်းပြထားမည့်အကြောင်းကို ကိုလှမောင်ကဲ့သို့သော သူသည် ရိပ်မိမည်ဟူ၍လည်း စိုးရိမ်လျက်ရှိ၏။ သို့ဖြစ်၍ ငါသည် ယခင်က အကြံမိကြံမိ ကြံခဲ့ဖူးသော အကြံကို ယနေ့ညအထမြောက်အောင် ပြုချေအံ့ဟု အားခဲ၍ထား၏။ ယခင်က အကြံအစည်များမှာမူ မိမိအပေါ်သို့ အပြစ်ပတ်ချော်မည်စိုး၍ လက်လျှော့ခဲ့ရ၏။ ယနေ့ည ဆောင်ရွက်လတ္တံ့သော အကြံမှာမူကား ရှေ့သားအတိုင်း အလိုအလျောက် ဖြစ်ခြင်းကဲ့သို့ လူတိုင်းကျေနပ်နိုင်သော အားဖြင့် ရှိမည်ဖြစ်သောကြောင့် မည်သည့်နည်းနှင့်မဆို ဤအကြံကို ဤယနေ့ည အထမြောက်စေအံ့ဟု ထပ်လောင်း၍ သန္နိဋ္ဌာန်ချထားလိုက်၏။ ဤအကြံ အထမြောက်ခဲ့ပါလျှင် ငွေရေးကြေးရေးကိစ္စ၌ ကိုလှမောင်ကဲ့သို့သောလူက ဝင်ရောက်နှောင့်ယှက်ခြင်း ပြုနိုင်ခွင့်မရှိမည့်ပြင်၊ ချစ်လှစွာသော မတင်တင်နှင့် မိမိ၏စပ်ကြား၌ လင်ယောကျ်ားကြီး ငုတ်တုတ်ရှိနေခြင်းတည်းဟူသော အတားအဆီး အနှောင့်အယှက်ကြီးကိုလည်း ဖြိုဖျက်သုတ်သင်ရာ ရောက်ချေလိမ့်မည်။ ကောင်းလေစွတကား၊ ငါ၏အကြံ ကောင်းလေစွတကားဟု အားရဝမ်းသာခြင်း ဖြစ်ခဲ့သေး၏။ တုန်လှုပ်ခြင်းမူကာ ဝမ်းသာသောအရက်ရှိန်ကြောင့် အလျှင်းမရှိတော့ချေ။

သို့ဖြစ်၍ ကိုဘဦးသည် လမ်းလျှောက်ရာမှ ပြန်လာသောအခါတွင် ထွက်သွားစအခါကကဲ့သို့ ကိုလှမောင်အား ကြောက်ရွံ့ခြင်းမရှိတော့ချေ။ "ဒီအကောင် ဘာဘတ်နိုင်ဦးမှာလဲ" ဟူ၍ပင် စိတ်ထဲ၌ ကြိမ်းလိုက်သေး၏။

ညစာ ထမင်းစားသောက်ပြီးကြ၍ မတင်တင်သည် လူနာခန်းထဲ၌ မီးအိမ်အနီး ဓာထိုးလျက်ရှိစဉ် ကိုလှမောင်နှင့် ကိုဘဦးတို့မှာ အိမ်ရှေ့ဝရန်တာတွင်ထိုင်၍ ယောကျ်ားတို့ဘာဝ ထွေရာလေးပါး စကားများပြောလျက် ရှိကြ၏။ ကိုဘဦးသည် သောက်စားထားသော အရက်ရှိန်ကြောင့် အာရွှင်ရွှင်နှင့် စကားပြောလျက် ရှိရာ ကိုလှမောင်မူကား အလွန်စကားနည်းလျက် လူကဲကိုခတ်နေ၏။ နောက်ဆုံး



[illegible]ဦးသည် စကားပြောဖော်မရသော လူတစ်ယောက်နှင့်အတူ ထိုင်နေရခြင်းထက် [illegible]တစ်ယောက်တည်းသောက်၍ နေရခြင်းက ကောင်းသေး၏ဟု ဆုံးဖြတ်၍ [illegible]၌ နောက်အရက်ရောင်းသော အိမ်သို့သွားရန် အိမ်ပေါ်မှ ဆင်းလာခဲ့၏။ ကိုလှမောင်အား အတူသွားကြရန် အဖော်ညှိသော်လည်း ကိုလှမော်က ငြင်းပယ်လိုက်[illegible] ကိုလှမောင်၏ စိတ်ထဲ၌ကား ကိုဘဦးသည် "လူပြောမသန်၊ လူသန်မပြော" [illegible]သော စကားပုံအတိုင်း အလုပ်မဖက် အပြောသက်သက် လူစားမျိုးဖြစ်ကြောင်း [illegible]သောကြောင့် စောစောကခန့်မှန်းခြေအတိုင်း ကိုက်ချေပြီဟု ဆုံးဖြတ်လိုက်[illegible]

ကိုဘဦး ဆင်းသွားသောအခါ မတင်တင်သည် လူနာခန်းမှ ထွက်လာ၍ [illegible]ဘာ၌ ထိုင်လေ၏။ ကိုလှမောင်မှာ လင်ပေါ်၌ ကြင်နာယုယခြင်းရှိကြောင်း [illegible]သော မတင်တင်ကိုမြင်ရတိုင်း "ငါသည် မိုက်လေစွ၊ ငါသည် ရေးကျသော [illegible]သည် အရူလေ အလေစွ" စသည်ဖြင့် ကိုယ့်ကိုယ်ကို အပြစ်ဆိုလျက် ရှိနေမိ[illegible] မတင်တင်နှင့်ပင် ကြာရှည်စွာ မျက်နှာချင်းဆိုင်၍ မထိုင်လိုသောကြောင့် [illegible]သည်နှင့် 'လူနာ ဝင်ကြည့်လိုက်ဦးမယ် မတင်တင်ရေ့၊ ကြည့်ပြီးတော့ အိပ်[illegible]မယ်။ ဒီကနေ့ ခရီးပန်းလာတဲ့အတွက် စောစောအိပ်မှ တော်မယ်' ဟုပြော၍ [illegible]သွားလေ၏။

ကိုလှမောင်သည် လူနာခန်းသို့ဝင်၍ ခုတင်ခြေရင်းမှရပ်လျက် လူနာကို [illegible]ရာ လူနာမှာ အပူတက်လျက်ရှိသောကြောင့် လူးလိမ့်လျက်ရှိ၏။ ရွာပြင် [illegible]၌မူကား တောခွေးများသည် ဘာသာဘာဝ အော်မြည်လျက်ရှိရာ အိမ်ခွေး[illegible]သည်၊ အူခြင်း ဟောင်ခြင်း ပြုကြ၏။

ငင်းနောက် ကိုလှမောင်သည် ခုတင်အနီးရှိ ကုလားထိုင်ပေါ်တွင် ထိုင်၍ [illegible]ပြင်းလိပ်တစ်လိပ်ကို အိတ်ထဲမှထုတ်လျက် မီးညှိမည်အပြုတွင် ကိုထွန်းတင် [illegible]ပြင်းထန်သော လူးလိမ့်ခြင်းကိုမြင်သဖြင့် ရုတ်တရက်အကြံတစ်ခု ဖြစ်ပေါ်သော [illegible] ကိုထွန်းတင်၏ အဖျားသည် ကြီးလှ၏။ အကယ်၍ ကိုထွန်းတင် တစ်ခုခု [illegible]သော်ဟူ၍ စဉ်းစားမိရာတွင် မတင်တင်ကို သတိရသဖြင့် မလျော်သောစိတ် [illegible]ဖြစ်ပေါ်လာသည်အတွက် မိမိကိုယ်ကိုမိမိ စိတ်ဆိုးလျက် လက်ဖြင့်နဖူးကို [illegible]လိုက်ရာ ဆေးပြင်းလိပ်သည် လက်မှလွတ်ကျ၍ ခုတင်အောက်သို့ လိမ့်ဝင်[illegible]သွားလေ၏။ ထိုအခါ ကိုလှမောင်သည် ဆေးပြင်းလိပ်ကို ကောက်အံ့ဟု ခုတင်အောက်သို့ ဦးခေါင်းလျှိုလိုက်ရာတွင် အံ့အားသင့်စွာနှင့် စိုက်ငေး၍ ကြည့်နေမိ၏။ [illegible]နောက် စားပွဲကလေးပေါ်၌ တင်ထားသော မီးအိမ်ကို လှမ်းယူ၍ သေချာစွာ ကြည့်ရှုသဖြင့် အနက်အစိမ့်ဟယ် အလုံးစုံကို တွေးမိသောအခါ ရှိုးဖြောင့်စွာသော

www.burmeseclassic.com

www.burmeseclassic.com



ကိုလှမောင်ပင်လျှင် မြင်ရသောအရာကို နဂိုရှိရင်းအတိုင်း ထားခဲ့လို၏။ ထိုအတိုင်း ထားခဲ့ပါလျှင် မိမိတစ်သက်ပတ်လုံး မျှော်လင့်ချက်သည့် ထမြောက်အောင်မြင်ရေ တော့မည်တကားဟု အားရမိသလိုလို ဖြစ်မိသေး၏။ သို့ရာတွင် ထိုသို့သော စိတ်ကူးမှာ ရေးသားဖော်ပြရာ၌ အချိန်ကြာသော်လည်း စင်စစ်အဖြစ်အပျက်မှာ လက်ဖျစ်တစ်တွက်ခန့်မျှသာ ကြာရှိ၏။ ကိုလှမောင်သည် မလျော်သောစိတ်ကူး ဖြစ်ပေါ်မိသည့်အတွက် တစ်ယောက်တည်းပြုံးလျက် လှနာ၏ခုတင်အောက်၌ တွေ့သောအရာကို ဆွဲယူ၍ အခြားအခန်းသို့ ကူးသွားပြီးလျှင် ကိုဘဦး၏ခုတင် အောက်၌ ချထားခဲ့၏။ ထို့နောက် ကိုလှမောင်သည် ဝရန်တာသို့ ထွက်လာ၍ မတင်တင်အနီး၌ ထိုင်နေ၏။

တင်။ ။'ကိုလှမောင် မအိပ်ချင်သေးဘူးလား'

မောင်။ ။'ခုနင်ကတော့ အိပ်ချင်သလိုလို ရှိသလား မှတ်တယ်။ အခုတော့ မျက်စိ ကြယ်သွားပြီ၊ ကိုဘဦး ပြန်လာရင် စကားနည်းနည်း ပြောနိုင်သေးတယ်။ မတင်တင်တော့ မအောင့်ပါနဲ့တော့ အိပ်ပါတော့'

မတင်တင်သည် ကိုလှမောင်၏ ထူးခြားသောအသံနေအသံထားကို ကြား ရသဖြင့် ဒိုးရိမ်မကင်း ရှိသည်နှင့်-

တင်။ ။'ဘာဖြစ်တာလဲ ကိုလှမောင်၊ ရှင့်အသံ တစ်မျိုးဖြစ်နေပါကလား'

မောင်။ ။(ဦးခေါင်းယမ်းလျက်)'ဘာမှ မဖြစ်ပေါင်ဗျာ၊ ကျုပ်တို့အတွက် မစိုးရိမ်ပါ နဲ့။ အိပ်သာအိပ်ချေပါ။ ကိစ္စမရှိပါဘူး'

ထိုခဏ၌ ကိုဘဦးပြန်ရောက်လာသဖြင့် မတင်တင်သည် ထိုင်ရာမှထ၍ လှနာခန်းသို့ ဝင်သွားလေ၏။ ကိုဘဦးသည် မတင်တင် ထသွားသောကုလား ထိုင်၌ ဝင်၍ထိုင်လေ၏။

ကိုဘဦးသည် လှနာခန်းကို မြင်နိုင်သည့်နေရာသို့ ကုလားထိုင်ကိုရွှေ့၍ ထိုင်လေရာ ကိုလှမောင်ကလည်း မိမိ၏မျက်နှာကို မှောင်ရိပ်တွင်ကွယ်ထား၍ ကိုဘဦးကို အကဲခတ်လျက်ရှိ၏။

လူနှစ်ယောက်သည် လောကီရွာအကြောင်းမှစ၍ ရွှေလီနယ်၏အကြောင်း ဆွေးနွေးလျက်ရှိနေကြ၍ နာရီဝက်ကျော်ကျော်မျှရှိသောအခါတွင် ကိုဘဦးမှာ ကို လှမောင်၏ တွက်ကိန်းအတိုင်း မိမိနေရာမှ ဂနာမငြိမ်နိုင်ဘဲ ထိုင်ချည်ထချည် ဖြစ်နေလေ၏။ ကိုဘဦးသည် လှနာခန်းသို့ နှစ်ကြိမ်တိုင်တိုင် ထသွား၍ ဒုတိယအ ကြိမ်၌ ခုတင်အနီး၌စောင့်နေသော မတင်တင်အား ညဉ့်နက်ပြီဖြစ်သောကြောင့် အိပ်ရာဝင်ရန် သတိပေးလေ၏။ မတင်တင်လည်း မအိပ်ချင်သောကြောင့်နှင့် ငြင်း



ဆန်သွက်ရှိလေရာ ကိုလှမောင်က ကူညီ၍ အိပ်ရာဝင်ရန်ပြောသောကြောင့် မတင် တင်သည် မိမိ၏အခန်းသို့ ဝင်သွားလေ၏။

မတင်တင် အိပ်ရာဝင်သောအခါ၌ ၁၀ နာရီထိုးပြီးပြီဖြစ်ရာ ၁၁ နာရီထိုး သည့်တိုင်အောင်လည်း လူနှစ်ယောက်တို့သည် ဝရန်တာ၌ပင်ထိုင်ကာ စကားပြောလျက် ရှိ နေကြသေး၏။ ကိုဘဦးသည် ရွာထဲမှ ဝယ်ယူခဲ့သော ချက်အရက်ပုလင်းကို စားပွဲပေါ်တွင်တင်၍ တဖြည်းဖြည်းသောက်ရင်း ကိုလှမောင်အားလည်း သောက် ရန်တိုက်တွန်းသဖြင့် ကိုလှမောင်သည် အဖော်ရစေရန်သဘောဖြင့် အနည်းငယ် ယူ၍ သောက်ပေး၏။ အရက်အနည်းငယ်သောက်မိသောအခါ၌ ကိုလှမောင် သည် အတန်ငယ် နှုတ်အာရွှင်လာ၍ ထိုနယ်နှင့် ပတ်သက်သည့် ရယ်မောစရာ အဖြစ်အပျက်ကလေးများကို ပြောစပြုလေရကား ကိုဘဦး၏စိတ်ထဲ၌ ဤလူသည် ထင်သာ မိမိအကဲခတ်မိသည့်အတိုင်း ဆိုးလှမည်မဟုတ်ဟူ၍ ထင်မြင်ချက် ပြောင်းလဲလာခဲ့၏။ ၁၂ နာရီထိုးပြီးလတ်သော် ကိုဘဦးသည် အရက်ပုလင်းလည်း ကုန်ပြီဖြစ်၍ ထိုင်ရာမှထလျက် အိပ်ရာသို့ဝင်ကြရန် အကြံပေးလေရာ ကိုလှမောင် သည် ကန့်ကွက်ခြင်းမရှိဘဲ ဧည့်ခန်းတွင်ပြင်ထားသော ခရီးဆောင်ခုတင်ကလေး သို့ သွား၍လဲလျောင်းလေ၏။ ကိုဘဦးမှာမူ လက်ဆွဲမီးအိမ်ကိုကောက်ယူ၍ မိမိ၏ အိပ်ခန်းသို့ ဝင်သွားလေ၏။

ကိုလှမောင်သည် မငြိမ်သက်သောစိတ်ရှိသည်ဖြစ်၍ အိပ်မပျော်နိုင်ဘဲ ညဉ့်လုံး နားတစွင့်စွင့်နှင့်ရှိနေရာ နာရီပြန်တစ်ချက်ကျော်ခန့်တွင် ကိုဘဦး၏ အခန်းဘက်မှ ဟစ်အော်လိုက်သောအသံကို ကြားရလေ၏။

'သေပါပြီဗျို၊ တက်လိုက်ပါပြီဗျို။ ငန်းစောင်းကြီးဗျာတို့ လုပ်ကြပါဦး၊ မြန် မြန်ကြပါဦးဗျာတို့'

ထိုအခါ မတင်တင်သည် ၎င်း၏အခန်းမှထွက်လာ၍ ကိုဘဦးလည်း ခု တင်ကလေးပေါ်မှ လူးလဲကာထပြီးလျှင် 'မြွေဆေးကော မတင်တင်၊ ဆေးရုံက ယူထားတဲ့ မြွေဆေးပုလင်း ရှိတယ်ဆို။ ဘယ်မှာလဲ၊ မြန်မြန်ယူခဲ့ပါ' ဟု အော်ဟစ်ပြောလျှင်...ဟုဆိုသော် စေခိုင်းလေ၏။

မတင်တင်သည် ဆေးပုလင်းထားသော ကြွက်လျှောက်သို့သွား၍ ဆေး ပုလင်းကို ယူလာပြီးလျှင် မီးရောင်တွင် ထောင်ကြည့်ရာ မြွေဆေးမှုန့်များမှာ ...ကျန် ပြောင်စင်လျက်ရှိသည်ကို တွေ့ရလေ၏။ ထိုအခါ ကိုလှမောင်သည် ...၏မျက်နှာကို စေ့စေ့ကြည့်လျက် ကြောက်မက်ဖွယ်သောအသံဖြင့် 'မြွေ ဆေးကို ဘယ်သူသွန်ပစ်လိုက်သလဲ ပြောစမ်း ကိုဘဦး၊ မြွေဆေးဘော့'

www.burmeseclassic.com

www.burmeseclassic.com



ပုလင်းထဲက ဘယ်သူ သွန်ပစ်လိုက်သလဲ' ဟု ဝေါက်ငမ်းမေးမြန်းလေ၏။ ကိုဘဦးမှာ သေရမည့်ဘေးကို ကြောက်ရွံ့လှသည်အတွင်း ကိုလှမောင်သည် မိမိ၏အကြံအစည်ကို ရိပ်မိချေပြီတကားဟူ၍လည်း တွေးတောရိပ်မိသည်ဖြစ်သောကြောင့် မျက်နှာကို လက်ဝါးနှင့်အုပ်ကာ ငိုယိုလေ၏။ စင်စစ်သော်ကား ကိုဘဦးသည် ဒိမိ၏အကြံအစည် အထမြောက်ရန်အတွက် မြွေဆေးပုလင်းကို စောစောကပင် ကြိုတင်သွန်ပစ်ထားခဲ့ပြီးဖြစ်ချေသည်။ ထိုခဏ၌ လူနာသည် အလန့်တကြားနှင့် သလာ၍ 'ဘာဖြစ်တာလဲ၊ ဘာဖြစ်ကြတာလဲ' ဟု မေးလျက်ရှိ၏။ သို့ရာတွင် လူနာကို မည်သူမျှ ဂရုစိုက်ဖို့ သတိမရနိုင်ချေ။ မတင်တင်ပင်လျှင် ကိုဘဦးအား စက်ဆုပ်ရွံရှာခြင်း ဖြစ်မှုးပါလျက် ထိုသူ၏မျက်လုံးကလေးကပေယ်ကလယ်နှင့် ဆတ်ဆတ်တုန်လျက်ရှိသော အမူအရာကို မြင်ရသောအခါ ကရုဏာဖြစ်မိသေး၏။ ကိုလှမောင်မှာမူ ခုတင်ခြေရင်း၌ မာန်သွင်းလျက်ရှိသော မြွေကြီးကို ညှပ်နှင့်ဖမ်းယူ၍ အိုးတစ်လုံးထဲသို့ ထည့်ထားလိုက်၏။

ကိုဘဦးမှာ ခြေကျင်းဝတ်၌ လုလုကြီးကိုက်မိသော ဒဏ်ရာအတွက်ကြောင့် တစ်နာရီခန့်မျှ အပြင်းဖမ်းပြီးလျှင် အသက်ကုန်ဆုံးရှာလေ၏။ သေလုဆဲဆဲ ၁၀ မိနစ်ခန့်သို့တိုင်အောင် ကိုဘဦးသည် 'ကိုယ့်အတတ်နဲ့ကိုယ်ပတ်၊ ကိုယ့်အတတ်နဲ့ ကိုယ်ပတ်' ဟု ဟတွတ်တွတ် ရေရွတ်လျက်ရှိ၏။ ၎င်းစကား၏ အဓိပ္ပာယ်မှာကား ငန်းစောင်းတို့မည်သည်မှာ မိမိ၏ဥများ ပျောက်သွားသောအခါ [illegible] အနံ့ခံ၍ ဥရှိရာသို့ လိုက်လာပြီးလျှင် နီးရာလူကို ကိုက်တတ်မြဲဖြစ်ကြောင်းကို ကြားရဖူးသော ကိုဘဦးသည် ငန်းစောင်းဥများကို ကိုထွန်းတင်၏ ခုတင်အောက်တွင် ဝှက်ထားလိုက်ရာ ကိုလှမောင်သည် ထိုအခြင်းအရာကို ရိပ်မိသဖြင့် လူနာ၏ ခုတင်အောက်၌ တွေ့သောမြွေဥများကို ကိုဘဦး၏ ခုတင်အောက်သို့ ပြောင်းရွှေ့ဝှက်ထားလိုက်ခြင်းဖြစ်၏။ သို့ဖြစ်၍ ကိုထွန်းတင်၏ အသက်ကို သေကြောင်းကြံသော ကိုဘဦးမှာ မိမိအတတ်နှင့် မိမိပတ်နေသဖြင့် မကျေနိုင်မချမ်းနိုင် တောက်တခေါက်ခေါက်နှင့် မရဏာပြည်သို့ လိုက်ပါသွားရရှာလေ၏။

ကိုဘဦး၏ ဈာပနကိစ္စ ပြီးသည်နောက် ကိုလှမောင်သည် ကိုထွန်းတင် ကျန်းမာလာသည်တိုင်အောင် စောင့်ကြပ်ပြုစု၍ သစ်လုပ်ငန်းများကိုပါ တတ်နိုင်သမျှ ကူညီစီမံ ပေးခဲ့ပြီးမှ တစ်နေ့သော နံနက်စောစော၌ မိမိ၏ဌာနသို့ပြန်ရန် မြင်းပေါ်သို့တက်လေ၏။ ကိုထွန်းတင်မှာ အဖျားလွှတ်သော်လည်း ခွန်အားနည်းနေသေးသဖြင့် အိမ်ပေါ်မှပင် လက်ယပ်ကာ ပြလျက်ရှိရာ မတင်တင်မှာမူ အိမ်ပေါ်မှ ပြေးဆင်းလာ၍ အနီးသို့ချဉ်းကပ်လျက် 'ကျွန်မ တစ်ခုမေ့နေလို့ မေးလိုက်ပါရစေ ကိုလှမောင်၊ ဟိုညက ရှင်နဲ့ ကိုဘဦးနဲ့ ဘယ်လိုဖြစ်ကြတာလဲ'



'ငန်းမြွေဆိုတဲ့အကောင်မျိုးဟာ သူ့ဥပျောက်လို့ရှိရင် အနံ့ခံပြီး အနီးမှာ [illegible]ရာလူကို ကိုက်တတ်တယ် မတင်တင်ရဲ့။ ဟိုညက သူ့ခုတင်အောက်မှာ [illegible]ဥတွေ့လို့ ကိုဘဦးကို မြွေကိုက်တယ် မဟုတ်လား'

'မြွေဥတွေကို သူ့ခုတင်အောက် ဘာလုပ်ဖို့ ထားပါလိမ့်'

'ဒါတော့ ဘယ်ပြောတတ်မလဲ မတင်တင်'

'ကိုယ့်အတတ်နဲ့ ကိုယ်ပတ်လို့ သူတတွတ်တွတ် ရွတ်နေတာက ကော [illegible]ယ်နှာလဲရှင်'

'ဒါလဲ မပြောတတ်ဘူး၊ သူ့ကို မမေးလိုက်ဘဲကိုး'

သဘောထားကြီးလှသော ကိုလှမောင်သည် လင်ယောကျာ်း၏ အသက်[illegible] ဘယ်ဆယ်လိုက်ခြင်းအကြောင်းကိုမျှ ဇနီးဖြစ်သူအား ဖွင့်ဟ၍ မပြောတော့ဘဲ [illegible]သည်းစွဲအောင် ချစ်လှသော မတင်တင်၏မျက်နှာကို တစ်ကြိမ် ဝဝကြီးကြည့်[illegible]နောက် မြင်းကို ကြိမ်သွင်း၍ တောကြီးထဲသို့ စိုင်းဝင်သွားလေ၏။

[သူရိယမဂ္ဂဇင်း၊ ဩဂုတ် ၁၉၃၆]

www.burmeseclassic.com

www.burmeseclassic.com

# ဘဝရေစက်

သူတစ်ပါး၏မယားကို ကြာခိုခြင်းသည်ကား မည်သည့်လူမျိုး၌ဖြစ်စေ အထူး
သဖြင့် ကျွန်ုပ်တို့ မြန်မာလူမျိုးတို့၏ ထုံးစံအရအားဖြင့်လည်းကောင်း၊ ဘာသာ
တရားအရအားဖြင့်လည်းကောင်း လွန်မင်းစွာ ရွံရှာစက်ဆုပ်ဖွယ်ကောင်းလှသော
အကျင့်ဆိုးကြီးဖြစ်ချေ၏။

သို့ရာတွင် ယခုရေးသားဖော်ပြလတ္တံ့သော အဖြစ်အပျက်၌မူကား ကာယ
ကံရှင်ဖြစ်သော ယောကျ်ားနှင့်မိန်းမတို့၌လည်းကောင်း၊ လင်ကြီးဖြစ်သူ၌လည်း
ကောင်း မည်မျှလောက် အပြစ်တင်ဖွယ်ရှိ၍ မည်မျှလောက် ချီးမွမ်းဖွယ်ရာ ရှိသည်
ကို ဖတ်ရှုသူတို့ကိုယ်တိုင် ချင့်ချိန်ဆုံးဖြတ်ကြရန် ဖြစ်ပေသည်။ အချို့သော ကြာခို
မှုများ၌ ကာယကံရှင်နှစ်ဦးလုံးတို့သည် သူတစ်ပါးတို့ထက် ပိုမိုယုတ်မာသော
စိတ်နေသဘောထားရှိကြသည် မဟုတ်ဘဲလျက် အံ့သြဖွယ်ရာ ဖန်တီးစီမံလေ့ရှိ
သော ကံတရား၏ အစွမ်းကြောင့် တစ်ဦးနှင့်တစ်ဦး အကြင်လင်မယားအဖြစ်နှင့်
အဖန်တလဲလဲ ဘဝအစဉ်အဆက် ပေါင်းဖက်ဆုံစည်းခဲ့ကြသူများ ဖြစ်သော်ငြား
လည်း တစ်ရပ်တစ်ကျေး၌ မွေးဖွားကြီးပြင်းခဲ့ရသဖြင့် နှစ်ဦးလုံး အိမ်ထောင်ပြုပြီး
ခါမှ ရုတ်တရက်တွေ့ဆုံခွင့်ရသဖြင့် မြင်လျှင်မြင်ချင်း မိမိတို့၏ မေတ္တာစိတ်ကို
မချုပ်တည်း၊ မသိမ်းဆည်းနိုင် ဖြစ်ရသူများ ပါရှိမည်ဖြစ်ရာ ဖော်ပြလတ္တံ့သော
အဖြစ်အပျက်မှာလည်း ထိုသို့သောအခြင်းအရာမျိုးပင် ဖြစ်သည်ဟု ယူဆဖွယ်ရာ
ရှိပေလိမ့်မည်။



ယင်းကဲ့သို့ စကားခံ၍ ကြာခိုသောအလေ့ ရေးသားရာ၌ ကျွန်ုပ်သည်
ကြာခိုသော အလေ့အကျင့်ကို ထောက်ခံလိုခြင်းမဟုတ်။ များစွာသော ကြာခိုသူ
များမှာလည်း ဤယောကျ်ားနှင့် မိန်းမကဲ့သို့ မိမိတို့ကိုယ်ကို ကာကွယ်ပြောဆိုရန်
အတွက်မည်း အကြောင်းလုံလောက်စွာ ရှိမည်မထင်ချေ။ လင်ရှိမလား တစ်ဦးတစ်
ယောက် အပေါ်၌ တပ်မက်ချစ်ခင်သော စိတ်သည် တစ်ခါတစ်ရံ၌ မသိမ်းဆည်း
နိုင်အောင် ရှိကြသော်လည်း စင်စစ်အားဖြင့် ဒုစရိုက်မှုဖြစ်သည်ဟု ဆိုရစေကာမူ
မေတ္တာစိတ်အလျောက် ပြုမိပြုရာ၊ ကြံမိကြံရာ မကြံစည်ဘဲ ရှေ့ရေးနောက်ရေး
ကို ချင့်ချိန်တွေးဆင်ခြင်ပြီးကာ ဖြောင့်မတ်စွာ ကျင့်ကြံခြင်းသည်လည်း ချီးမွမ်းဖွယ်
ရာတခု ဖြစ်သည်ဟု ဆိုအပ်ပါပေသည်။

မန္တလေးမြို့မှ ဗန်းမော်မြို့သို့ ထွက်ခွာလာခဲ့သော စာပို့သင်္ဘောပေါ်၌
ဒုတိယတန်း ခရီးသည်များအနက်တွင် ကိုတင်ဦးအမည်ရှိ အသက် ၃၀ ကျော်
ယောကျ်ားတစ်ယောက်နှင့် ချစ်ချစ်အမည်ရှိ အသက် ၂၅ နှစ်အရွယ်ခန့်ရှိ မိန်းမ
တစ်ယောက်သည် ခရီးသည်အဖြစ်နှင့် လိုက်ပါလာခဲ့ကြလေ၏။ ကိုတင်ဦးမှာ
ဆန်းချောင်းမြို့မှ တွင်းစားတစ်ယောက်၏ သားဖြစ်၍ ကြေးငွေဥစ္စာခိုင်လုံသူဖြစ်
သည့်အလျောက် ကောလိပ်ကျောင်းသို့တိုင်အောင် ပညာသင်ကြားခဲ့ဖူးသော်
လည်း အသက်မွေးဝမ်းကျောင်းအတွက် အလုပ်လုပ်ကိုင်ရန်မလိုဘဲ ပဒေသာပင်မှ
ခူးဆွတ်စားနိုင်သူဟူ၍ ခေါ်ရလောက်အောင် လွတ်လပ်ငြိမ်းချမ်းစွာ နေထိုင်သူတစ်
ယောက် ဖြစ်လေသည်။ ကိုတင်ဦးသည် မြစ်ကြီးနားမြို့၌ရှိသော နယ်ပိုင်ဝန်
ထောက် ဦးလေးတစ်ယောက်ထံ အလည်အပတ်လာသူဖြစ်၍ မန္တလေးမှ ကသာ
မြို့သို့ ရေကြောင်းခရီးဖြင့် လိုက်ပါခဲ့ပြီးလျှင် ကသာမှမြစ်ကြီးနားသို့ မီးရထားဖြင့်
ဆက်လက်သွားရန် အကြံရှိခဲ့လေသည်။

ထိုသူသည် လွန်ခဲ့သော ၃ နှစ်ခန့်အခါက တွင်းစားတစ်ဦး၏ သမီးနှင့်
ရေကြီးချင်း စေ့စပ်၍ ထိမ်းမြားလက်ထပ်ခဲ့ရာ ၎င်းတို့ဇနီးမောင်နှံမှာ လွန်မင်းစွာ
ချစ်ခင်ကြင်နာခြင်း မရှိလှသည့်ပြင် တွင်းစားအချင်းချင်း၏ သားချင်းသမီးချင်း
ဖြစ်ကြသည့်အလျောက် တစ်ယောက်အပေါ်၌တစ်ယောက် မာနထောင်လွှားလျက်
"သူ့နောက် ငါမလိုက်၊ ငါ့နောက် သူမလိုက်" ဟူဘိသကဲ့သို့ ရှိနေကြပြီးလျှင်
ယင်းယောကျ်ားနှင့်အတူ အဘယ်အခါမျှ လိုက်ပါခဲ့ခြင်း မရှိချေ။ ကိုတင်ဦးမှာ
ရုပ်ချောလှလှ တစ်ယောက်ဖြစ်သည်ဟု ဆိုအပ်သည့်ပြင် သင်္ဘောပေါ်၌ပင်လျှင်
ထိုအချိန်က တတိယတန်းစီး ဆင်းရဲသား ခရီးသည်တစ်ဦးအား နိုင်လိုမင်းထက်
ပြုကျင့်ရာတွင် ခရီးသည်ဘက်မှ စွက်ဖက်ပါဝင် ခုခံပြောဆိုခြင်းအားဖြင့်
အားနာရာကို ခွန်အားနည်းသော သူများအား လျစ်လျူမရှုတတ်သော စိတ်သဘော

www.burmeseclassic.com

www.burmeseclassic.com



ရှိသူ တစ်ယောက်ဖြစ်ကြောင်း ထင်ရှားပေသည်။ ထို့ပြင် မိမိနှင့်အတူ ခရီးသွားလာကြသော ဒုတိယတန်းစီးခရီးသည်များအား လက်ဖက်ရည်ပွဲ၊ ထမင်းပွဲများတွင် မိမိတွေ့ကြုံခဲ့ရသော အဖြစ်အပျက်များ၊ ရယ်မောဖွယ်ရာများကို တဟားဟား၊ တသောသော ရှိနေလောက်အောင် ပြောဆိုတတ်ခြင်းအားဖြင့်လည်း ကိုတင်ဦးမှာ လူနှင့်လူချင်း ပေါင်းသင်းဆက်ဆံခြင်းအရာ၌ အတော်ပင် ကျေပွန်လှလောက်သူတစ်ယောက် ဖြစ်သည်ဟူ၍ အခြားခရီးသည်များက ဝန်ခံကြရပေသည်။

ချစ်ချစ်မှာ ကသာမြို့၌ သင်္ဘောအရာရှိတစ်ယောက်၏ ဇနီးဖြစ်သောသူ *ရုပ်ရည်နှင့်တကွ မျက်နှာသာ၊* မျက်နှာပေး စသည်တို့မှာ ထူးကဲလှသည်ဖြစ်၍ အရာရှိကတော်မဟုတ်ဘဲ ဘိုင်စကုတ်မင်းသမီးအဖြစ်နှင့် ဝမ်းစာရှာခဲ့ရပါမူ အနောက်တိုင်းပြည်များမှ အကျော်ကြားဆုံးသော မင်းသမီးအောက် နိမ့်ကျမည်မဟုတ်ဟု အခြားခရီးသည်များက သဘောတူဆုံးဖြတ်ချက် ချမှတ်ခြင်းခံရသူ ဖြစ်ပေသည်။ ချစ်ချစ်၏ခင်ပွန်းဖြစ်သူ သင်္ဘောအရာရှိမှာမူ သာမညလူရိုးလူကောင်းတစ်ယောက် ဖြစ်ချေ၏။ အပျိုဘဝ၌ ချစ်ချစ်သည် အလွန်တရာ ချစ်ကြိုက်ပိုးပန်းသူ ပေါများလှသော မိန်းမချောတစ်ယောက်ဖြစ်လေရာ ပိုးပန်းသူများအနက်တွင် ၎င်းသင်္ဘောအရာရှိနှင့် အိုင်–စီ–အက် လောင်းကလေးတစ်ဦးလည်း ပါရှိ၏။ ၎င်း အိုင်–စီ–အက် လောင်းကလေးသည်သာလျှင် ချစ်ချစ်နှင့် သမီးရည်းစားအဖြစ်သို့တိုင် ရောက်ခဲ့ရာ ထိုသူသည် အိုင်–စီ–အက် စာမေးပွဲကို အောင်မြင်သည်နှင့်တစ်ပြိုင်နက် မိဘများက အရေးပိုင်တစ်ယောက်၏ သမီးနှင့် ရုတ်တရက် စေ့စပ်ထိမ်းမြားလိုက်လေရကား ချစ်ချစ်မှာ ရည်းစားလက်လွှတ်၍ ကျန်ရစ်ခဲ့ရ၏။ ထိုအခါ ချစ်ချစ်သည် ဘွင်းဘွင်းကြီး ပြောဆိုပြုမူလုပ်တတ်သူဖြစ်သည့်အလျောက် မိမိအား ပိုးပန်းကြသူများအနက် သင်္ဘောအရာရှိကလေးကိုခေါ်၍ အဖြစ်အပျက်အလုံးစုံကို ဖွင့်ဟပြောဆိုပြီးလျှင် မိမိအား တောင်းရမ်းပြောဆို လက်ထပ်ထိမ်းမြားနိုင်သည်တိုင်အောင် ချစ်ခင်စုံမက်ရိုး မှန်ခဲ့ပါလျှင် မိမိက သေတစ်ပန် သက်တစ်ဆုံး မယားကောင်းတို့၏ ဂုဏ်အင်္ဂါနှင့်ညီညွတ်အောင် လုပ်ကျွေးသမှု ပြုစုပါမည်ဖြစ်ကြောင်းနှင့် အတိအလင်း ပြောဆိုလေ၏။ ထိုအခါ မျှော်လင့်ချက် မရှိသလောက် ဖြစ်နေခဲ့သော သင်္ဘောအရာရှိကိုသက်နှံမှာ ချစ်ချစ်၏ တိလင်းသော သဘောကို နှစ်သက်သည်တစ်ကြောင်း၊ ချစ်ခင်ဖွယ်ကောင်းလှသော ရုပ်အဆင်းကို မက်မောသည်တစ်ကြောင်းကြောင့် ရည်းစားပျက်ဖူးခြင်းတည်းဟူသော အဖြစ်ကို မမြင်နိုင်တော့ဘဲ ဝမ်းမြောက်ဝမ်းသာ ထိမ်းမြားလက်ထပ်ခဲ့လေ၏။



ကိုသက်နှံနှင့် ပေါင်းသင်းနေထိုင်ခဲ့သည့် ၅ နှစ်မျှသော အချိန်ကာလအတောအတွင်း၌ ချစ်ချစ်သည် မူလက ကတိထားခဲ့သည့်အတိုင်း လင်ယောကျ်ားအပေါ်၌ တစ်စုံတစ်ရာမျှ လိုလေသေးမရှိရအောင် ဝတ္တရားကျေပွန်စွာ ပြုစုစောင့်ရှောက်လာခဲ့ရာ ကိုသက်နှံသည် အလွန်တရာ စိတ်ကျေနပ်လှ၍ မိမိ၏မယားအားတစ်ပါး လင်သားများနှင့် မတူအောင်ပင် ကြင်နာယုယစွာ ထိန်းသိမ်းစောင့်ရှောက်လာခဲ့၏။ သားယောကျ်ားကလေးတစ်ယောက် ထွန်းပေါက်လာသောအခါများ၌ ကိုသက်နှံ၏မေတ္တာစိတ်သည် သူငယ်ချင်းများ လှောင်ပြောင်ဖွယ်ရာဖြစ်လောက်အောင် ... ယောက္ခမများ ချီးမွမ်းဖွယ်ရာ ရှိသည့်တိုင်အောင် သားမယားအပေါ်၌ ဂရုစိုက်ခဲ့လေ၏။ စိတ်သဘော သေးငယ်သော လင်ယောကျ်ားများသည် မိမိတို့ စိတ်အနေမသင့်သော အခါများ၌ မယားဖြစ်သူ၏ ရှေးဟောင်းကို ဖော်ထုတ်စွပ်စွဲ၍ ... အောင် ပြောတတ်ကြသည်ဖြစ်ရာ ကိုသက်နှံမှာမူ တစ်ကြိမ်တစ်ခါမျှ မိမိမယား ရှက်လောက်အောင် လှောင်ပြောင်ကဲ့ရဲ့ခြင်း မပြုခဲ့ချေ။ ချစ်ချစ်သည် ထိုသို့သော အကြောင်းကြောင့်လည်း လင်ယောကျ်ားအပေါ်၌ ကျေးဇူးလည်းတင်၏။ ပိုမို၍လည်း ဂရုစိုက်၏။ သို့ရာတွင် အချို့သော သူများ၌ ဒုက္ခတရားသည် အပေါက်ရှာ၍ ဝင်လာတတ်၏။

ချစ်ချစ်မှာ မန္တလေးမြို့၌ မိခင်ဖြစ်သူ မကျန်းမာကြောင်းနှင့် သံကြိုးရ၍ ရုတ်တရက်ကသာမှ ဆင်းလာရပြီးလျှင် မိခင် ကျန်းမာသဖြင့် ကသာသို့အပြန် ... သပိတ်ကျင်းမြို့၌ရှိသော မောင်ဖြစ်သူမြို့အုပ်နှင့် တွေ့ဆုံခွင့်ရစေခြင်းငှာ ... ဖြင့် မပြန်ဘဲ ဗန်းမော်စာပို့သင်္ဘောနှင့် ပြန်လာခဲ့ခြင်း ဖြစ်လေသည်။

စာပို့သင်္ဘောသည် မန္တလေးဆိပ်ကမ်းမှ ထွက်ခွာခဲ့၍ ဒုတိယတန်းခရီးသည်များသည် တစ်ဦးနှင့်တစ်ဦး မျက်နှာချင်းဆိုင်ခွင့် ရကြသည်နှင့်တစ်ပြိုင်နက် ...သော ရှေးရေစက်၏ ဖန်တီးစီမံချက်အရ ကိုတင်ဦးနှင့် ချစ်ချစ်တို့သည် တစ်ဦးနှင့်တစ်ဦး မျက်လုံးချင်း ချစ်ကြိုက်မိကြ၏။ ဤကား အပြစ်ဆိုဖွယ်ရာပင် ... သို့ရာတွင် ဆိုင်းလင့်ထားဘိဦး။ မြင်လျှင်မြင်ချင်း ချစ်ကြိုက်ကြသော ...တို့မှာ ရှေးဘဝဟောင်း၌ မရဏသဘောကြောင့် ကွေကွင်းခဲ့ကြရပြီးနောက် ...ဘဝ၌ ဆုံမိကြသော အခါတွင် ပျောက်နေသောသူကို ရုတ်တရက်တွေ့ရဘိသကဲ့သို့ ဖြန်းခနဲ အမ်း၍သွားမတတ် ဖြစ်တတ်ကြလေသည်။ ကိုတင်ဦးနှင့် ချစ်ချစ်တို့မှာ ဖော်ပြလတ္တံ့သော အဖြစ်အပျက်များကို ထောက်သဖြင့် ရှေးဘဝဟောင်း ... အဆက်ဖြစ်သည်ဟု ဆိုလောက်ပါပေသည်။

ယင်းသို့ တွေ့မြင်ကြပြီးနောက် တစ်ယောက်အခြေအနေကို တစ်ယောက် ...ရှိသော အဖြစ်သို့ ရောက်ကြသည်နှင့်တစ်ပြိုင်နက် နှစ်ဦးစလုံးတို့သည် ဤ

www.burmeseclassic.com

www.burmeseclassic.com



ဘဝ၌ ဤမျှနှင့်ပင် ရပ်တန့်ကြရန် ကြိုးစားကြ၏။ ကျောက်မြောင်း၌တစ်ကြိမ် သပိတ်ကျင်း၌တစ်ကြိမ် သင်္ဘောဆိုက်သောအခါတွင် ကိုတင်ဦးသည် သင်္ဘောမှ ဆင်း၍နေရစ်ရန် စိတ်ပြင်ဆွန်းမိ၏။ သို့ရာတွင် ချစ်ချစ်အပေါ်၌ တပ်မက်စွဲလမ်းခြင်းသည် အားကြီးလှလေရကား နောက်တစ်ဆိပ်ကမ်း၌ ဆင်းမည်၊ ဤမျှနှင့် ကိစ္စမရှိနိုင် စသည်ဖြင့် တစ်ဆိပ်ကမ်းမှ တစ်ဆိပ်ကမ်းသို့ လွှဲပြောင်းပြီးလျှင် ကသာသို့တိုင်အောင်သာလျှင် ချစ်ချစ်နှင့်အတူ သင်္ဘောစီးလျက် ပါလာခဲ့၏။ ထိုရက်အတောအတွင်း၌ အတူတကွ သင်္ဘောမှဆင်း၍ လည်ပတ်ခြင်း၊ တစ်ယောက်၏မျက်နှာကို တစ်ယောက် စိန်းစိန်းကြည့်ခြင်းစသည်ထက် ပိုမိုခဲ့ခြင်း မရှိချေ။ ကြားညှပ် ဆိပ်ကမ်း၌ သင်္ဘောဆိုက်ကပ်၍ ညဥ့်အိပ်ရာတွင် ကိုတင်ဦးသည် ချစ်ချစ်နှင့်အတူ ထင်းတင်ကူလီများကို ကြည့်ရင်း မိမိမှာ ချစ်ချစ်နှင့်အတူ ထင်းကူလီလုပ်၍ဘားရသော် ရှိသမျှသော စည်းစိမ်ပစ္စည်းဥစ္စာကို စွန့်လွှတ်ရန် အဆင်သင့်ရှိကြောင်းနှင့် လွှတ်ခနဲ ပြောလိုက်မိ၏။ သို့ရာတွင် ချစ်ချစ်၏သဘောကိုကားမေးမြန်းခြင်းမပြု၊ ချစ်ချစ်ကလည်း သဘောတူ–မတူ ပြန်၍မပြောဘဲ ဆိတ်ဆိတ်သာလျှင် နေမိ၏။ ဤသည်ကား အလွန်ကျူးဆုံး စကားပင်တည်း။ "ဒု–သ–န–သော" ကို ခင်စစ်ကြောက်၍ သူတစ်ပါးအား မတရားပြုရန် ခဲယဉ်းသော ကိုဘင်ဦးသည် ဤမျှထက် ရှေ့မတိုးမိစေရန် မိမိ၏စိတ်ကို နှိမ်နင်း ချုပ်တည်းခဲ့၏။

ကသာမြို့သို့ ဆိုက်ကပ်သောအခါ ချစ်ချစ်၏ခင်ပွန်း ကိုသက်နှံသည် ဝမ်းမြောက်ရွှင်လန်းစွာ ကြိုဆိုလျက်ရှိ၏။ သင်္ဘောပေါ်သို့ ဆင်းလာ၍ ချစ်ချစ်က ကိုတင်ဦးနှင့် ကိုသက်နှံတို့ကို အသိအကျွမ်း ဖြစ်စေပြီးလျှင် ကိုတင်ဦးသည် မိမိအား လမ်းတစ်လျှောက်၌ ဂရုစိုက်၍ စောင့်ရှောက်ပေးကြောင်းနှင့် လင်ယောကျ်ားအား ပြောပြရာတွင် လူရိုးလူကောင်းဖြစ်သော ကိုသက်နှံသည် ကိုတင်ဦးအား အားရဝမ်းသာ ကျေးဇူးတင်ကြောင်း ပြောပြ၍ ခရီးစဉ်ကို မေးမြန်း၏။ ကိုတင်ဦး၏ သွားရန်ကိစ္စ အရေးမကြီးကြောင်းသိရှိရသောအခါ ကိုသက်နှံသည် မိမိတို့အိမ်၌ တစ်ညဥ့်တလေ ရပ်နားတည်းခိုရန် တိုက်တွန်း၏။ ကိုတင်ဦးသည် မည်သို့မျှ ပြန်မပြောဘဲ ချစ်ချစ်၏မျက်နှာကို အကဲခတ်လျက်ရှိ၏။ ထိုအခါ ကိုသက်နှံသည် ချစ်ချစ်ဘက်သို့လှည့်၍ 'မင်းကပါ ကူပြီးခေါ်ပါဦးကွယ်။ တောက်လျှောက်ခရီးသွားရတာ ပင်ပန်းရှာပါတယ်။ တစ်ညတလေ နားရှာပါစေ' ဟု ပြောသဖြင့် ချစ်ချစ်ကလည်း လင်၏အလိုအတိုင်း ကိုတင်ဦးကို ဖိတ်ခေါ်လိုက်၏။ သို့ဖြစ်၍ ကိုတင်ဦးသည် ညနေရထားဖြင့် မြစ်ကြီးနားသို့ တောက်လျှောက်မလိုက်ဘဲ လင်မယားနှစ်ယောက်နှင့်အတူ ၎င်းတို့၏နေအိမ်သို့ လိုက်ပါသွားလေ၏။



အိမ်သို့ရောက်သောအခါ ယောကျ်ားနှစ်ယောက်တို့သည် တစ်နာရီခန့်မျှ ...ပြောကြရုံမျှနှင့် ကိုသက်နှံသည် ကိုတင်ဦးအား မိတ်ဆွေဟောင်းကဲ့သို့ ...င်မင်လေရကား မိမိတို့အိမ်၌ ဆက်လက်တည်းခိုနေထိုင်ရန် တိုက်တွန်းလေရာ ...ိုတင်ဦးမှာ တစ်နေ့မှ တစ်နေ့သို့ ရွှေ့ဆိုင်း၍ သုံးလေးရက်မျှ ကြာသွားခဲ့လေ၏။

စတုတ္ထနေ့၌ ကိုသက်နှံသည် တောမှပြန်လာ၍ ရှိနေသော မိမိ၏ဘွတ်...ိန့်ကို လှေကားရင်းတွင် ချွတ်ထားခဲ့ပြီးလျှင် ခြေအိတ်မျှနှင့် အိမ်ပေါ်သို့တက်ခဲ့...ာ ခြေသံမကြားရသောကြောင့် အိမ်ပေါ်ရှိလူများက မသိကြချေ။ တံခါးဝသို့ ...ောက်သဖြင့် အခန်းတွင်းသို့လှမ်း၍ ကြည့်လိုက်သောအခါ မှန်ရိပ်ထဲတွင် မြင်ရသော အခြင်းအရာအတွက်ကြောင့် ကြက်သေသေလျက် ငေးနေမိ၏။ အကြောင်း...ဆိုသော် အိပ်လျက်ရှိသော သားငယ်၏ ခုတင်တစ်ဖက်တစ်ချက်၌ ချစ်ချစ်နှင့် ...ိုတင်ဦးတို့သည် မျက်နှာချင်းဆိုင်ရပ်လျက် တစ်ယောက်၏မျက်နှာကို တစ်ယောက် ကြည့်နေရာမှ သားငယ်၏မျက်စိကွယ်ရာဖြစ်သော ခုတင်ခေါင်းရင်းသို့ ...ျောက်လာကြပြီးနောက် တစ်ယောက်ကိုတစ်ယောက် ပွေ့ဖက်နမ်းရှုပ်ကြသည် ...ို မှန်ထဲတွင် တွေ့မြင်လိုက်ရသောကြောင့်ပေတည်း။ မိမိကိုယ်ကို နတ်ပြည် ...ပ်တွင် အမြင့်ဆုံးသောအထပ်သို့ ရောက်နေသည်ဟု ထင်မှတ်လျက်ရှိသော ...ိုသက်နှံမှာ ထိုခဏ၌ အဝီစိငရဲသို့ ကျွမ်းထိုးမှောက်ခုံကျသွားဘိသကဲ့သို့ စိတ်ထဲ...ကြီးစွာသော ဆင်းရဲခြင်း ဖြစ်ခဲ့ရှာ၏။ အချို့သော သူတို့မှာ ဤနေရာမျိုး၌ ...သအလျောက် ပြုမိပြုရာ ပြုချေမည်ဖြစ်ရာ မိမိမယားအပေါ်၌ အခါခပ်သိမ်း ...ံမှားခြင်းကင်းခဲ့သော ကိုသက်နှံမှာမူ ကြီးစွာသောအံ့ဩခြင်းဖြင့်သာလျှင် ထို...ရာတွင် အမြစ်တွယ်နေဘိသကဲ့သို့ မတုန်မလှုပ်ကြောင်တောင်ငေးကြည့်နေမိ၏။ ...ိုခဏ၌ ကိုတင်ဦးက 'ကျုပ်နဲ့ရတဲ့ သားကလေးသာ ဖြစ်လိုက်ပါစေတော့ ချစ်...ချစ်ရယ်' ဟု ပြောလိုက်ရာ ထိုအခါတွင် ကိုသက်နှံသည် လှုပ်ရှားခြင်းငှာ စွမ်းနိုင်...သည်ဖြစ်၍ တက်လာခဲ့သည့်အတိုင်း ခြေသံမကြားအောင် အိမ်အောက်သို့ ...င်းသွားလေ၏။ ထို့နောက် ကိုသက်နှံသည် မည်သို့ပြုလုပ်ရမည်ကို မသိဘဲ ...မိနစ်ခန့်ကြာအောင် ဝင်းတွင်း၌ တစ်ယောက်တည်း လမ်းလျှောက်နေပြီးမှ ခြေသံကြားလောက်အောင် အိမ်ပေါ်သို့ တက်လာလေရာ ချစ်ချစ်နှင့် ကိုတင်ဦး...တို့မှာမူ ဧည့်ခန်း၌ ထိုင်လျက်ရှိနေနှင့်ကြလေပြီ။

ချစ်ချစ်သည် ကိုသက်နှံမျက်နှာကိုမြင်သောအခါတွင် အံ့ဩစွာနှင့် ကိုသက်နှံ ဘာဖြစ်လာသလဲ၊ နေလို့များမကောင်းလို့လား' ဟု မေးလိုက်ရာ ... ...က အသံမပျက်စေဘဲ 'မောလွန်းလို့ပါကွယ်၊ ရေချိုးလိုက်ရင် ပျောက်ပါလိမ့်မယ်' ဟု၍သာလျှင် ပြန်ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ရေချိုးလျက်ရှိစဉ်အတွင်း ကိုသက်နှံသည် မည်ကဲ့သို့ ပြုရမည်ကို စဉ်းစား စိတ်ကူး၏။ နောက်ဆုံး၌ ကိုသက်နှံသည် မည်သို့မျှ ဖွင့်ဟ၍ မပြောဘဲ မသိယောင်ပြုလျက် အရိပ်အကဲကို ကြည့်ဦးမည်ဟု ဆုံးဖြတ်လိုက်၏။

ထမင်းစားပြီးသောအခါ၌ ကိုသက်နှံသည် ၎င်းတို့နှစ်ဦး၏အကြောင်းကို အစွမ်းကုန်သိလိုသည်ဖြစ်သောကြောင့် နှစ်ယောက်တည်း တမင်ပစ်ထားခဲ့ပြီးလျှင် ဥပါယ်တံမျဉ်နှင့် အပြင်သို့ ထွက်သွား၏။ တစ်နာရီခန့်မျှကြာအောင် မြို့တွင်း၌ လှည့်လည်လျှောက်သွားနေစဉ်အတွင်း ကိုသက်နှံ၏စိတ်မှာ မည်မျှလောက်ဆင်းရဲပင်ပန်းခြင်း ဖြစ်ရသည်ကို ဖော်ပြရန်မတတ်နိုင်ချေ။ လမ်း၌တွေ့သော အသိများသည် ကိုသက်နှံ၏ မျက်နှာထားကို အံ့သြစွာနှင့် လှည့်ကြည့်မိကြ၏။ နောက်ဆုံး၌ ကိုသက်နှံသည် မည်သို့ဖြစ်မည်ကို သိလိုလှသဖြင့် အိမ်သို့လှည့်ပြန်ခဲ့၍ အိမ်၏အခြားဘက်မှ ဖြည်းညင်းစွာ လျှောက်လာရာတွင် လသာသာ၌ ကုလားထိုင်များနှင့် ထိုင်နေကြသော ကိုတင်ဦးနှင့် ချစ်ချစ်တို့၏ စကားပြောသံများကို ကြားရသဖြင့် တံ့၍ရပ်နေမိလေ၏။

'သားကလေးအတွက်ကြောင့် ခက်တာပဲ ကိုတင်ဦး၊ သားကလေးအတွက် သနားဖို့ ကောင်းပါတယ်'

'ဒါလည်းမှန်တယ်၊ ဒီပြင်တစ်ကြောင်းကလည်း ကျုပ်မှာလည်း အလွတ်အလပ်မဟုတ်၊ ချစ်ချစ်ကလည်း အလွတ်အလပ်မဟုတ်။ ဘဝရေစက်များနှယ် ဘယ်လိုများ ဖန်တီးလာပါလိမ့် ချစ်ချစ်ရယ်။ ကိုင်း... သို့သော် ဒီလိုနေလို့တော့ မဖြစ်ကြပေဘူး။ နေမြင့်လေလေ အရှုးရင့်လေလေဆိုတဲ့ စကားလိုဖြစ်ကုန်ကြတော့မယ်။ ဒီတော့ ကိုယ့်စိတ်ကို ကိုယ် မနိုင်နိုင်အောင် ထိန်းပြီး ပြုမိပြုရာ မပြုကြသေးခင်က ခပ်ဝေးဝေး ကျုပ်ပြေးပါတော့မယ် ချစ်ချစ်ရယ်'

'သွားပေတော့ ကိုတင်ဦး၊ ဘယ်တော့ သွားမလဲ'

'မနက်ဖြန်ပဲ ကျုပ် သွားတော့မယ်။ သို့သော် ကျုပ်တစ်ခုမှာခဲ့မယ်။ ချစ်ချစ်မှာ အရေးကြီးတဲ့ကိစ္စတစ်စုံတစ်ခု ပေါ်ပေါက်လို့ ကျုပ်အကူအညီကို လိုခဲ့လို့ရှိရင် ကျုပ်ကိုသာ တလိုက်ပါနော်။ ဘယ်နေရာရောက်ရောက် ဘယ်အရပ်ကမဆို ကျုပ်ရောက်အောင် ပြေးလာခဲ့မယ်၊ စိတ်သာချ'

နောက်တစ်နေ့၌ ကိုတင်ဦးသည် မြစ်ကြီးနားမြို့သို့ မီးရထားဖြင့် ဆက်လက် လိုက်ပါသွား၏။ ကိုတင်ဦး ထွက်သွားသော နေ့မှစ၍ ချစ်ချစ်သည် အနည်းငယ်နှုတ်ဆိတ်ခြင်းမှတစ်ပါး လင်ယောကျ်ားအပေါ်၌ အမူအရာ ပြောင်းလဲခြင်း မရှိချေ။ ရံဖန်ရံခါ ရှေးကထက်ပင် ပိုမို၍ ယုယကြင်နာခြင်း ရှိသည်များကိုပင် ကိုသက်နှံ တွေ့ရသေး၏။ ကိုသက်နှံကလည်း မိမိသိရှိသော အခြင်းအရာကို



ထုတ်ဖော်ပြောဆိုခြင်း မပြုချေ။ ဘွင်းဘွင်းကြီး သဘောထားတတ်သော မိမိ၏ဇနီးသည် ချစ်ချစ်သည် ထိုအဖြစ်အပျက်ကို မိမိအား ဖွင့်ဟထုတ်ဖော်ပြောဆိုခဲ့ပါမူ ကောင်းမည်ဟုလည်း မျှော်လင့်မိ၏။ နောက်ဆုံးတစ်နေ့၌ ချစ်ချစ်သည် မကောင်းမှုကို ပြုစေကာမူ လင်ယောကျ်ားအား ဖွင့်ဟပြောတတ်သော အကျင့်ရှိသည့်ပြင် လင်ယောကျ်ား၏ သဘောထားကြီးခြင်းကိုလည်း သိပြီးဖြစ်သဖြင့် ဟုတ်တိုင်းမှန်ရာ ထုတ်ဖော်၍ ပြောလိုက်၏။

ထိုကဲ့သို့ ဖွင့်ဟပြောဆိုရန်အကြောင်း ဖြစ်ပေါ်လာပုံမှာကား ရေနံချောင်းမြို့၌ မော်တော်ကားပြိုင်ပွဲတစ်ခု ကျင်းပရာတွင် ဘီ-အို-စီ မှ အင်္ဂလိပ်လူမျိုးအရာရှိ... က်အမြားနှင့် တွင်းစားအချို့တို့ ဝင်ရောက်ယှဉ်ပြိုင်ကြရာ တွင်းစားကိုတင်ဦး... ပထမရကြောင်းနှင့် သတင်းစာများတွင် ပါလာ၏။ ထိုသတင်းစာကို လင်မယားနှစ်ယောက် ဖတ်ရှုမိကြသဖြင့် ကိုတင်ဦး၏အကြောင်းကို စကားစပ်မိ၍ ပြောမိကြရာတွင် ချစ်ချစ်သည် ဖြစ်ပျက်သမျှ အခြင်းအရာကို အနည်းငယ်မျှ ...က်ခြင်းမရှိဘဲ ဟုတ်မှန်သလောက် ဖွင့်ဟဝန်ခံမိလေ၏။ နောက်ဆုံး၌-

'ကျွန်မ ပြောသမျှထက် မပိုဘူးဆိုတာကို ကိုသက်နှံ ယုံကြည်ပါတယ်... ခေါ်လည်တယ်လို့ ဆိုချင်ရင်လည်း ဆိုပါတော့။ ကျွန်မကတော့ဖြင့် ...ကုန် ကတိမ်းကပါး မဖြစ်ကြရအောင် တတ်နိုင်သမျှ ကြိုးစားခဲ့ရတာ ...ပဲ။ လွန်လည်း လွန်ခဲ့ပါပြီ ကိုသက်နှံ။ ဒီဘဝအတွင်းမှာဖြင့် ကိုတင်ဦးကို ...တွေ့ဖို့မြင်ဖို့ စိတ်မကူးတော့ပါဘူးဆိုတာကိုလည်း ယုံကြည်ပါ ကိုသက်နှံ'

'ချစ်ချစ်က ယခုလိုဖွင့်ဟပြီး ပြောခြင်းအတွက် အများကြီးကျုပ် ဝမ်းသာ...ယ်။ ကျုပ် သိတာတော့ ကြာပါပြီ'

'အလိုလေး... ဘုရား ဘုရား၊ ရှင် ဘယ်တုန်းက သိနင့်သလဲ'

ထိုအခါ ကိုသက်နှံသည် မိမိသိရှိသမျှ အခြင်းအရာကို ချစ်ချစ်အား ပြန်...ရာ ချစ်ချစ်မှာ လင်ယောကျ်ား၏ သဘောထားကြီးခြင်းကို ချီးမွမ်း၍ ...အောင် ရှိနေလေ၏။ ထိုနေ့မှစ၍ ၎င်းတို့လင်မယားသည် ထိုအကြောင်းနှင့် ...၍ ဘယ်အခါမှ စကားမစပ်ကြတော့ဘဲ ပြောရန်ရှိသမျှကို ထိုည၌သာ ...အလုံးစုံ ရှင်းလင်းပြောပြကြ၏။ လင်ယောကျ်ားသည် မယားဖြစ်သူ...သော စိတ်သဘောနှင့် မှားပင်မှားသော်လည်း အဆုံးသို့မရောက်ရအောင် ...သိမ်းဆည်းနိုင်သော သဘောကို စိတ်တွင်ချီးမွမ်း၍၊ မယားဖြစ်သူ... မိမိတို့၏အဖြစ်အပျက်ကို သိပါလျက်နှင့် ဆူပူကြိမ်းမောင်းခြင်းမပြုဘဲ ...သည်းခံနိုင်သော သဘောထားကြီးခြင်းကို ချီးမွမ်းပြီးလျှင် ...ရှေးကထက် ကြင်နာမြတ်နိုးခြင်း ရှိကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သ၌ အင်းတော်ရွာ၌ နေထိုင်လျက်ရှိသော ကိုသက်နှံ၏ မိတ်ဆွေ ပင်စင်စား မြို့အုပ်ကိုဘတင်သည် ကိုသက်နှံတို့ လင်မယားအား ပျော်ပွဲစား ဖိတ်ကြားလေရာ လင်မယားနှစ်ယောက်တို့သည် ကိုယ်ပိုင်ကားဖြင့် အင်းတော်ရွာသို့ သွားရောက်ကြ၏။ ကိုသက်နှံသည် မိတ်ဆွေ ကိုဘတင်နှင့် ဘက်တမင်တံ ကစားကြရာတွင် လက်ယာလက်၌ အကြောတင်၍ သွား၏။ သို့ဖြစ်သောကြောင့် အင်းတော်ရွာမှ ကသာမြို့သို့ ပြန်လာကြသောအခါတွင် ကိုသက်နှံမှာ မော်တော်ကား မောင်းရန် မတတ်နိုင်သည်ဖြစ်၍ ချစ်ချစ်သည် ကားမောင်းရ၏။ အစစအရာရာ၌ ဘိုဆန်လှသောချစ်ချစ်သည် ကားမောင်းခြင်းအတတ်ကိုလည်း လင်ယောကျ်ားထံမှ သင်ကြားထားဖူးသဖြင့် မြို့ပေါ်ရှိ လမ်းများတွင် မောင်းနေကျဖြစ်လေသည်။ သို့ရာတွင် အင်းတော်ရွာနှင့် ကသာလမ်းမှာမူ တောင်ဆင်းတောင်တက် များလှသောကြောင့် မိတ်ဆွေများက ဒရိုင်ဘာတစ်ယောက် ခေါ်သွားရန် ပြောကြသော်လည်း ချစ်ချစ်သည် မိမိ၏အစွမ်းကို ယုံကြည်သည့်ပြင် လင်ယောကျ်ားကလည်း နံဘေးမှ ပါသေးသည်ဖြစ်သောကြောင့် ဒရိုင်ဘာမခေါ်တော့ဘဲ ချစ်ချစ်ပင်လျှင် ကားကို မောင်းလာခဲ့၏။

အင်းတော်မှ ကသာသို့သွားသော မော်တော်ကားလမ်းမှာ ထွက်ခါစ၌ တောင်တက်များလှ၍ တစ်ဝက်ကျော်လွန်သောအခါတွင်မူကား တောင်ဆင်းများလှသည်ဖြစ်ရာ ချစ်ချစ်သည် သတ္တိကောင်းသောမိန်းမ ဖြစ်သည့်ပြင် ကျင်လည်ခြင်းလည်း ရှိသည်ဖြစ်၍ တောင်တက်တောင်ဆင်းများကို မမှားရအောင် ဖေးမောင်းနှင်လာခဲ့၏။ တစ်ဝက်ခရီး ကျော်လွန်ခဲ့၍ အထူးသဖြင့် စောက်မတ်ရှည်လျားသော တောင်ဆင်းလမ်းသို့ ရောက်ကြသောအခါတွင် မော်တော်ကားသည် အတော်အတန်ပြင်းသောအရှိန်ဖြင့် ဆင်းလာ၍ အကွေ့သို့နီးသဖြင့် ချစ်ချစ်က ဘရိတ်ကိုအုပ်လိုက်ရာတွင် ဘရိတ်သည် တစ်စုံတစ်ခုသော အကြောင်းကြောင့် ချွတ်ယွင်းသွားခဲ့၍ ကား၏အရှိန်ကို သတ်ခြင်းငှာ မစွမ်းနိုင်ဘဲ ရှိလေ၏။ အကွေ့သို့ ရောက်သောအခါတွင် ချစ်ချစ်သည် တစ်ဖက်ချောင်းကြီးကို မြင်သဖြင့် ရုတ်တရက် ကွေ့ရှောင်ပါသော်လည်း ပြင်းထန်လှသော အရှိန်ကြောင့် လိုရာမရောက်မီ ချောက်စွန်းမှ ကျွမ်းပြန်ထိုးဆင်းကျသွားလေ၏။

ကိုသက်နှံမှာမူ တစ်ဖက်၌ ပွင့်နေသောတံခါးမှ ကမန်းကတန်း ခုန်ချလိုက်သဖြင့် ကားနှင့်အတူ ချောက်ထဲသို့ ပါမသွားဘဲ ကျန်ရစ်ခဲ့လေသည်။ ချစ်ချစ်မှာမူကား တစ်ပတ်နှစ်ပတ်သုံးပတ် စသည်ဖြင့် ချာလပတ်လည်ကာ လိမ့်ထိုးဆင်းသွားသော ကားအတွင်း၌ ပါသွားရှာလေ၏။



အနီးအနားရှိ ရွာကလေးမှ ရွာသားများသည် ဟစ်အော်သံများနှင့် တားဆီးမရကျသော အသံများကို ကြားကြသဖြင့် ထိုနေရာသို့ ပြေးလာကြည့်ရှုကြသောအခါတွင် လမ်းနံဘေး၌ သတိမရ မူးမေ့လျက်ရှိသော သစ်တောအရာရှိ ကိုသက်နှံနှင့် သံတိုမယ်နဖြစ်အောင် ကြေမွပျက်စီးလျက်ရှိသော ကားနှင့် ချစ်ချစ်၏ အလောင်းကို ချောက်ထဲ၌ တွေ့ကြရလေ၏။

ကိုသက်နှံသည် ဆေးရုံမှ ဆင်းပြီးနောက် အလုပ်မှအခွင့်ယူ၍ စိတ်ပြေလက်ပျောက်သဘောမျိုးဖြင့် သားကလေးနှင့်အတူ မြစ်ကြောင်းတစ်လျှောက် စုန်ဆင်းလာခဲ့၏။ ရေနံချောင်းမြို့သို့ သင်္ဘောဆိုက်၍ ထိုညဥ့်အဖို့၌ ၎င်းဆိပ်ကမ်း၌ပင် အိပ်တော့မည့်အကြောင်း သိရှိရသောအခါ ကိုသက်နှံသည် သားကလေးကို အခေါ်နှင့် ထားခဲ့၍ ကမ်းသို့တက်လာခဲ့၏။ ကိုသက်နှံ၏ အကြံမှာ ချစ်ချစ်သေဆုံးခြင်း၏အကြောင်းကို ကိုတင်ဦးအား ပြောပြရန်ဖြစ်လေရာ ကိုတင်ဦး၏ နေရပ်ကိုလည်း ဒေသ့သည်အဖြစ်နှင့် မိမိအိမ်၌ တည်းခိုဖူးစဉ်ကပင် မေးမြန်းစုံစမ်းထားပြီး ဖြစ်လေသည်။

ကိုတင်ဦး၏ မိဘများအိမ်သို့ ရောက်သောအခါ လူတစ်ယောက်နှင့် တွေ့၍ ကိုတင်ဦး၏ မိဘများမှာ ကျိုက်ထီးရိုးဘုရားသို့ သွားကြကြောင်းနှင့် ပြော၏။ ကိုတင်ဦးအကြောင်းကို မေးမြန်းသောအခါ ထိုသူသည် ဝမ်းနည်းသောမျက်နှာထားဖြင့် ကြည့်နေပြီးနောက်–

'ခင်ဗျားမသိဘူးလား'

'ကျုပ်က ယခုမှ သင်္ဘောက ဆင်းလာခဲ့တဲ့ ဒေသ့သည်မို့ ဘာမှမသိရပေါင်ဗျ'

'ကိုတင်ဦး သေရှာပြီဗျ'

'ဟင်... ဘယ်လောက်ကြာပြီလဲ'

'ဒီကနေ့ဆိုရင် နှစ်လတိတိပဲ'

ထိုအခါ ကိုသက်နှံမှာ မိမိမယား ချစ်ချစ် သေဆုံးသည်မှာလည်း ထိုနေ့အထိ နှစ်လတိတိ ရှိနေသောကြောင့် အံ့သြလျက်ရှိနေ၏။ ထို့ပြင် ချစ်ချစ်သည် ချောက်ထဲသို့ ထိုးဆင်းတော့မည့်ဆဲဆဲတွင် ရုတ်တရက် လွှတ်ခနဲဟစ်အော်လိုက်သော စကားကို သတိရလာသည်နှင့် ပိုမိုအံ့သြခြင်း ဖြစ်လာခဲ့၏။ သို့ဖြစ်၍ ကိုတင်ဦး သေဆုံးပုံအခြင်းအရာကို ဆက်လက်၍ စုံစမ်းမေးမြန်းဦးအံ့ဟု အကြံဖြစ်ပြီးလျှင်–

'ခင်ဗျားက ကိုတင်ဦးနဲ့ ဘယ့်နှယ်တော်သလဲ'

'ကျွန်တော့်အစ်ကို အရင်းပါပဲ'

www.burmeseclassic.com

www.burmeseclassic.com



'ဒါဖြင့် သူသေရပုံကို ခင်ဗျားသိမှာပေါ့၊ တစ်ဆိတ်လောက် ပြောပါဗျာ'

'သတင်းစာထဲမှာ ခင်ဗျား မတွေ့မိဘူးလား'

'ကျုပ်လည်း ဟိုတုန်းက ဆေးရုံတက်နေရလို့ သတင်းစာမဖတ်နိုင်ဘူးဗျ'

'သြော်... ဒါကြောင့်ကိုး၊ မော်တော်ကားမှောက်လို့ သေရရှာတယ်ဗျ'

ကိုသက်နုမှာ အံ့သြသည်ထက် အံ့သြလာခဲ့၍–

'အဖြစ်အပျက်ကို တစ်ဆိတ်ပြောပြစမ်းပါဗျာ'

'ဒီတုန်းက ကားပေါ်မှာ သူနဲ့အတူ ကျွန်တော် ပါသွားတယ်ဗျ။ ကျွန်တော့်အစ်ကိုဟာ ကားမောင်း အင်မတန်တော်လေတော့ ပြိုင်ပွဲမှာတောင် ဆုတွေဘာတွေ ရဖူးတယ်။ ဒီတော့ ဟိုနေ့ညနေက တစ်နာရီ မိုင် ၄၀ ကျော်လောက်ကလေးမောင်းရုံနဲ့ ဘယ့်နှယ်ကြောင့် ဒီလိုဖြစ်သွားရတယ်ဆိုတာ လူတိုင်းက အံ့သြနေတယ်'

'ပြောစမ်းပါဦးဗျာ'

'ဒီလိုဗျ၊ ဟိုနေ့က သူနဲ့ကျွန်တော်နဲ့ ပြည်မြို့မှာ တင်းနစ်ကစားကြပြီး ကားနဲ့ နှစ်ယောက်တည်းအပြန်မှာ လမ်းတစ်ဝက်လောက်ရောက်တော့ အစ်ကိုကြီးက ကားမောင်းရာကနေပြီး သူ့စိတ်ဟာ ဘယ့်နှယ်ဖြစ်သွားတယ်လို့ မဆိုနိုင်ဘူး "ညာဘက်ကို လှည့်လိုက်ပါတော့လား ချစ်ချစ်ရဲ့"လို့ သူ့ပါးစပ်က ပြောတဲ့ပြီး ပြောပြောဆိုဆိုနဲ့ သူ့ကားကို ညာဘက်ရုတ်တရက် လှည့်လိုက်တာ သစ်ပင်ကြီး ဝင်ဆောင့်မိပါရောဗျာ။ သူတော့ဖြင့် ပွဲချင်းပြီးသေပါလေရော၊ ကျွန်တော်တော့ ပွန်းရုံပဲ့ရုံလောက်နဲ့ လွတ်လာခဲ့တယ်'

ငင်းနောက် ကိုသက်နုသည် ထိုသူ့အား နှုတ်ဆက်၍ သဘော်သို့ ဆင်း လာခဲ့ရာ ချစ်ချစ်နှင့် ကိုတင်ဦးတို့မှာ ယခုဘဝ၌ လင်မယားအဖြစ်သို့ မတိုင် ရောက်ကြသော်လည်း အဆက်နီးလှသူများဖြစ်ကြောင်းကိုမူကား ယုံကြည်စိတ် မိ၏။ အဘယ့်ကြောင့်ဆိုသော် ချစ်ချစ်သည် ချောက်ထဲသို့ ထိုးဆင်းကျခါနီး ၌ "ကယ်ပါဦး ကိုတင်ဦးရေ"ဟု လွှတ်ခနဲ အော်လိုက်သောအသံကို မိမိ၏နား ၌ ထိုအချိန်တိုင်အောင် ကြားလျက်ရှိနေသောကြောင့် ဖြစ်ပေသတည်း။

[သူရိယမဂ္ဂဇင်း၊ နိုဝင်ဘာ ၁၉၃...]

■

# ကစားတိုင်း နိုင်သောနည်း

...တ်ကလပ်တွင် မြန်မာများ၊ အိန္ဒိယသားများ၊ ဘိုကပြားများ ကစားခွင့်ရသော ...တ် (ဝ၁) ထိုကဲ့သို့ ကစားခြင်းကို ပုလိပ်များက အရေးမယူသေးသော ခေတ်က ...ကုန်မြို့ လမ်းမတော်ရပ်ကွက်ရှိ တရုတ်ကလပ်များနှင့် ၂၉ လမ်းရှိ တရုတ် ...ပ်တို့တွင် "အနီထောင်"ဝိုင်း၊ ငင်းနောက် လေးကောင်ဂျင်ဝိုင်း၊ ပိုက်ကျူး ...ေးဝိုင်း၊ ပိုက်ကျူးကြီးဝိုင်းများ၌ ကစားသူများဖြင့် ပြည့်နှက်လျက် ရှိတော့၏။ ...ကလပ်များသို့ ညဉ့် ၉ နာရီအချိန်ခန့်မှ မိုးလင်းသည်တိုင်အောင် ဖွင့်တတ် ...ရာ ကစားသူများမှာ ဝင်သူကဝင်၊ ထွက်သူကထွက်၊ တက်ချည် ဆင်းချည် ...င်နေကြသဖြင့် အနီထောင်လှည့်သည့် လေးကောင်စားပွဲကလေးများမှာ ...ပ်သိမ်း ပြည့်ကျပ်လျက်ရှိနေတော့၏။ ကစားသူများအနက်တွင် ပွဲစား၊ ...သည်၊ စာရေးစာချီမှစ၍ တောမှဆင်းလာသော အရာရှိများလည်း ပါဝင် ...ကြပေရာ မြန်မာလူမျိုးနှင့် အိန္ဒိယလူမျိုးသာမက ဘိုကပြားမများပင်လျှင် ...ကြသေး၏။

ခနေ့နေ့ညများမှာ အထူးသဖြင့် ကစားသူများ စည်ကားလှသောညများ ...ာ မြင်းပွဲ၌ ရှုံးခဲ့သူများသည် တရုတ်ကလပ်တွင် အရင်းပြန်၍ ရအောင် ...ကောင်း၊ နိုင်ခဲ့သူများမှာလည်း ယနေ့အဖို့ ကံကောင်းသည့်... ...က်၍ နိုင်စေရန်လည်းကောင်း တရုတ်ကလပ်သို့ လာတတ်ကြသော... ...ပါက်နိုင်အောင် စည်ကားလှပေတော့၏။ ကစားသူများသည် အိပ်ချင်

www.burmeseclassic.com



ပြေစေရန်အတွက် ကိုကင်းပွတ်သူကပွတ်၊ ညောင်းစေရန်အတွက် အရက်သောက်သူကသောက်၊ ဒိုင်ကထုတ်၍တည်သော စီးကရက်များကို ဖွာသူကဖွာ၊ အရာရာသော ပျော်ရွှင်မှုတို့ကို ကြိုက်သလို ခံစားလျက် ရှိကြ၏။ အထူးနိုင်နေသော "ကာလသား"များအတွက် အခြားသောကာမဂုဏ် စည်းစိမ်မျိုး ခံစားလိုပါလျှင်လည်း လိုက်ပို့နိုင်သူ၊ "ခေါ်ပေး"နိုင်သူတို့ အဆင်သင့်ပင် ရှိကြ၏။ ထိုခေတ်ကို မိလိုက်သော ကစားသမားများသည် ရှေးခေတ်ဟောင်းကို အခြားသူတို့ တမ်းတသလောက်မက လွှိုက်လှိုက်လှဲလှဲ ယောင်ယမ်းတမ်းတ တတ်ကြ၏။ 'ဟိုတုန်းက ဝိုင်းမျိုးတော့ မတွေ့ရတော့ပါဘူးဗျာ။ သုံးလေးထောင်ငွေကို တစ်ထိုင်တည်းနိုင်တဲ့လူကမရှား၊ စားစားသောက်သောက် မူးမူးရူးရူးနဲ့ သိပ်ပျော်စရာကောင်းတာပဲ' စသည်ဖြင့် ညည်းတွားပြောဆိုတတ်ကြ၏။ ထိုခေတ်က ဒိုင်တရုတ်များကလည်း နိုင်သွားသော ကစားသမားတစ်ယောက်အား သုံးလေးထောင်သောငွေများကို ရယ်ကာပြုံးကာဖြင့် ယုတ်၍ပေးဆပ်တတ်ကြပေရာ နောက်ခေတ်ဒိုင်တရုတ်များမှာမူ ငွေနစ်ရာသုံးရာမျှ နိမ့်သည်နှင့် တစ်ပြိုင်နက် စက္ကူများကို မီးရှို့ခြင်း၊ အားစနှိုးနှတ်ကြီးကို ပသခြင်း စသည်ဖြင့် ပြုလုပ်ကာ "ကမ်းနီနာဝ" စသည်တို့ဖြင့် ဆူညံနေပေတော့၏။

ယင်းကဲ့သို့ တရုတ်ကလပ်များ စည်ကားဆူဖြိုးသော ခေတ်အခါက လမ်းမတော်ရှိ တရုတ်ကလပ်ကြီးတစ်ခု၏ ဝရန်တာတွင် အသက် ၄၀ ကျော်အရွယ်ခန့်ရှိ တရုတ်မြန်မာကပြားတစ်ယောက်သည် ပိုးဘောင်းဘီအဖြူ၊ ပိုးအထူကုတ်အကျီနှင့် ဆက်ဖုံးဖိနပ်တို့ဖြင့် သပ်ရပ်စွာ ဝတ်ဆင်လျက် ကုလားထိုင်တစ်လုံးပေါ်တွင် ပက်လက်လှန်ကာ ခပ်အေးအေး အမူအရာနှင့် စီးကရက်တစ်လိပ်ကို မှိန်း၍ သောက်နေလေ၏။ ထိုအချိန်တွင် အနီးထောင်ဝိုင်းများမှာ လူစည်ကားစပြုနေပြီဖြစ်ရာ ကစားဝိုင်းနှင့် ဝရန်တာ အကြားရှိ ကွက်လပ်တွင် ရပ်လျက်ရှိသော ဘိုကပြားမလေးတစ်ယောက်နှင့် ဘိုကပြားလေးတစ်ယောက်သည် ကစားဝိုင်းဘက်သို့ ဦးခေါင်းမလှည့်ဘဲ ဝရန်တာဘက်သို့လှည့်၍ တရုတ်ကပြားကြီးကိုကြည့်ရင်း စကားပြောနေကြ၏။ တရုတ်ကပြားကြီးကမူ မိမိအကြောင်းကို ပြောနေကြသည်ဟု ရိပ်မိဟန်ရှိသော်လည်း အမူအရာအားဖြင့် ဖော်ပြခြင်းမပြုဘဲ မှိန်းမြဲတိုင်းမှိန်းလျက် စီးကရက်သောက်နေလေ၏။ တရုတ်ကပြားကြီးမှာ နားထင်၌ ဆံပင်များ ဖြူစပြုလျက် ထက်မြက်စူးရှသော မျက်လုံး၊ ကျယ်ဝန်းသော နဖူးပြင်၊ တည်ငြိမ်အေးဆေးသော အမူအရာမျိုး ရှိပေရာ ၎င်းမှာ အခြားမဟုတ်၊ ကစားတိုင်းနိုင်သည်ဟု တရုတ်ကလပ်များတွင် ကျော်ကြားလျက်ရှိသော စိန်ဟုတ်ပင်ဖြစ်လေသည်။



ဘိုကပြားနှင့် ကပြားမကလေးသည် ၎င်းကိုကြည့်ရင်း စကားပြောလျက်ရှိကြရာ စင်စစ်မှာ ကပြားမကလေး မေရီသည် တရုတ်ကလပ်များသို့ မရောက်ဖူးပါဘဲလျက် ကပြားကလေး ဂျင်မီက စိန်ဟုတ်အကြောင်းကို ပြောပြဖူးသည်နှင့် စိန်ဟုတ်ကစားသည်ကို ကြည့်လိုသည့်အတွက်ကြောင့် ကလပ်သို့ လိုက်လာခဲ့ခြင်းဖြစ်လေသည်။ ဂျင်မီမှာ တိုက်ကြီးတစ်တိုက်တွင် လက်ထောက်အဖြစ်နှင့် အလုပ်လုပ်လျက်ရှိရာ မေရီအား ချစ်ကြိုက်နေသည်မှန်သော်လည်း လခနည်းသေးသည့်အတွက် မယားတစ်ယောက်ကို မကျွေးနိုင်သေးဟု သဘောရသည်နှင့် ချစ်ကြိုက်သောအဖြစ်ကို ဖွင့်ဟပြောဆိုခြင်း မပြုသေးဘဲ နေခဲ့၏။ မေရီကမူ ဂျင်မီက ချစ်ကြိုက်နေကြောင်းကို ရိပ်မိ၍ မိမိကလည်း ချစ်ကြိုက်နေခဲ့သော်လည်း မိန်းမသားဖြစ်သည့်အတွက်ကြောင့် ယောကျ်ား၏အပြောကိုသာ စောင့်မျှော်နေရလေတော့၏။ ချစ်ကြိုက်ခြင်း အရာဌာန၌ မိန်းမများမှာ ကိုယ်ပိုင်ဖွင့်ဟမပြောရဘဲ ညှိနှိုးလုပ်နေကြရသည်မှာ သနားစရာပင်။ မိမိက ချစ်ကြိုက်နေပါလျက် ချစ်ကြိုက်ကြောင်း မပြောရဘဲ မြဲနေရပြီး တစ်ဖက်သားပြောမည်ကို စောင့်နေရခြင်း တစ်ခုတည်းနှင့်ပင် မိန်းမဖြစ်ရခြင်းကို ငြီးငွေ့၍ယောကျ်ားဆု ပန်ထိုက်လှပေပြီ။

'ဟောဟို တရုတ်ကပြားဟာ ကစားတိုင်းနိုင်တဲ့ စိန်ဟုတ်ပဲ။ သူ့ကံမျိုး ဆယ်ပုံတစ်ပုံလောက် ရလျှင် တော်ပါပြီ'

'ကံကောင်းတော့ ဘာလုပ်မလဲ'

'တစ်ခါတည်းနိုင်အောင် ကစားပြီး ငွေသုံးလေးသောင်း ရတော့ ကိုယ့်အကြံအစည် အောင်မှာပေါ့'

"အကြံအစည်"ဆိုရာ၌ မိမိအား လက်ထပ်ဖို့ ဆိုလိုကြောင်းကို မေရီရိပ်မိသော်လည်း ဖွင့်၍မမေးဘဲ စကားစပ်ကို ဖြတ်ထားလိုက်၏။

'နေပါဦး၊ ဒီလူက ဘယ်လောက်များ နိုင်ဖူးလို့လဲ'

'သူက နေ့တိုင်းမကစားဘူး။ စနေနေ့မှာမှ ကစားတယ်။ သူ ပြန်ပြီဆိုလျှင် လေးငါးထောင်ထက်မနည်း ပိုက်ပြန်သွားတာချည်းပဲ။ သုံးလေးနှစ်အတွင်းမှာ နိုင်ငွေ သုံးလေးသိန်းထက်မနည်းဘူးလို့ လူတိုင်းက ပြောနေတယ်'

'အံ့ဩစရာ လူတစ်ယောက်ပါကလား။ တို့ဂျင်မီများ ဒီလိုကံကောင်းလျှင် တော်ရော့နော်'

မေရီမှာ တစ်လ လေးငါးထောင်စီသော ဝတ်လုံကြီးတစ်ယောက်၏ သမီးဖြစ်သောကြောင့် ငွေကိုမမက်လှသည့်ပြင် လောင်းကစားခြင်းကို အသနားပါသူဖြစ်သော်လည်း ဂျင်မီအတွက် ထိုကဲ့သို့ နိုင်စေလိုသောစိတ် ဖြစ်ပေါ်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုခဏ၌ ဝဝတုတ်တုတ်ရှိသော ထောင်ကဲကြီးတစ်ယောက်သည် စိန်ဟုတ်အနီးတွင် ဝင်ထိုင်၍ စိန်ဟုတ်နှင့် စကားပြောနေကြလေရာ ဂျင်မီက မေရီအား...

မီး ။'ဟောဟို ပေါက်ဖော်ကြီးက ဂွမ်လျောင်ဆိုတဲ့ ထောင်ကဲကြီးပဲ၊ သိပ်ချမ်းသာတယ်တဲ့။ သူကတော့ နိုင်ချင်လို့ ကစားတာမဟုတ်ဘူး။ သူ့သမီးက မြန်မာဒရိုင်ဘာကလေး တစ်ယောက်နဲ့ လိုက်ပြေးလေတော့ စိတ်ညစ်တာနဲ့ စိတ်ပြေလက်ပျောက် လာကစားသတဲ့။ ကစားတိုင်း သုံးလေးထောင် ရှုံးသွားတာချည်းပဲ။ နို့ပေမဲ့ ငွေသုံးလေးထောင်ဟာ သူ့မှာ ဘာမှအရေးမကြီးဘူးတဲ့'

ရီ။ ။'ဂျင်မီတို့များ ဒီလိုငွေးလျှင် တော်ရှော့နော်'

မီ။ ။'ဒီလိုငွေးလျှင် လူအိုဖြစ်ပြီး ကြာလှရော့မယ်'

ဘယ်သူ့ကိုယူ၍ လူအိုဖြစ်ရမည်ဟု မေရီက မမေးဘဲ လင်မနစ်သောက်ချင်သည်ဟု ပြော၍ ကစားဝိုင်းများ နောက်၌ရှိသော အခန်းကလေးထဲသို့ ဝင်သွားကြလေ၏။

၎င်းတို့နှစ်ယောက် ပြန်ထွက်လာကြသောအခါ အနီထောင်ဝိုင်းမှာ လူသည်ကားလျက်ရှိသည့်ပြင် ကပြားစိန်ဟုတ်နှင့် ထောင်ကဲဂွမ်လျောင်တို့မှာလည်း အနီထောင်ဝိုင်းတွင် ထိုင်လျက် ကစားနေကြလေပြီ။

ထိုစဉ်အခါက "ကြေးကြီး" ကစားသူများသည် ငွေကိုထုတ်၍ မကစားဘဲ "ကောင်တာ"ခေါ် ဇယ်များနှင့် ကစားကြရာ အလျော်အစား စာရင်းကို ဒိုင်လုပ်သူက မှတ်လျက်ရှိ၏။ အနီထောင်ဝိုင်းများတွင် "ပါယား"ခေါ် တရုတ်ဖဲချပ်စက္ကူကလေးများ ထားတတ်ပေရာ "ပါယား"များမှာ ကျောဘက်တွင် ဗလာထား၍ တစ်ဖက်တည်း၌သာ တရုတ်စာများ ရိုက်နှိပ်ထား၏။ ကြေးကြီးကစားသူတစ်ယောက်အတွက် ဒိုင်လုပ်သူက "ပါယား"တစ်ချပ်စီ အမှတ်အသားထား၏။ အကယ်၍ စိန်ဟုတ်အတွက် သတ်မှတ်ထားသော "ပါယား"ကို ကျောဘက်တွင် မှောက်လျက် ငွေ ၁၀၀ ဖိုး "ကောင်တာ"အမှတ်အသားများ တင်ထားသည့်အခါ စိန်ဟုတ်က ဒိုင်သို့ငွေ ၁၀၀ ပေးရန် အကြွေးတင်နေသည်ဟု အဓိပ္ပာယ်ရှိ၏။ အကယ်၍ "ပါယား"ကို တရုတ်စာဘက်တွင် လှန်လျက် ငွေ ၁၀၀ ဖိုး "ကောင်တာ"များ တင်ထားပါမူကား ဒိုင်က စိန်ဟုတ်သို့ပေးရန် ငွေ ၁၀၀ ရှိနေပြီဟု အဓိပ္ပာယ်ရှိ၏။ ဂျင်မီသည် စိန်ဟုတ်အတွက် သတ်မှတ်ထားသော "ပါယား"ကို လှမ်းကြည့်လိုက်သောအခါ တရုတ်စာဘက်တွင် လှန်လျက် ကောင်တာ ၅၀၀ ဖိုး တင်ထားသည်ကို တွေ့ရသောကြောင့် စိန်ဟုတ်မှာ ငွေ ၅၀၀ နိုင်နေပြီဖြစ်ကြောင်း သိရှိရလေ၏။ စိန်ဟုတ်နှင့် မျက်နှာချင်းဆိုင်ထိုင်၍ ကစားနေသော



ထောင်ကဲဝဝကြီးမှာမူ "ပါယား"ကို အဖြူဘက်တွင် လှန်၍ ကောင်တာ ၃၀၀ ကျပ်ဖိုး တင်ထားသောကြောင့် ထောင်ကဲကြီးမှာ ငွေ ၃၀၀ ကျပ် ရှုံးနေကြောင်း သိနိုင်လေ၏။

အနီထောင်အုပ်ကို မြန်မာတစ်ယောက်က "ဖတ်"လျက်ကစားသမားများ သဲသဲမဲမဲ ကစားနေကြသည်ကို ဂျင်မီနှင့် မေရီတို့ ရပ်ကြည့်နေကြရာ၊ ဘယ်တော့မှ မရှုံးဖူးသည့် စိန်ဟုတ်သည် တစ်ခါထိုးလျှင် ၁၀၀ ကျပ်တိုက်ထက် မနည်းစေဘဲ "ရန်"ရော "အော"ပါခွလျက် ထိုးနေသည်ကို တွေ့ကြရလေ၏။ ဂွမ်လျောင်မှာ ၅ ခါထိုးတိုင်း တစ်ခါလောက်သာ အလျော်ခံရလေရာ စိန်ဟုတ်မှာမူကား ၅ ခါထိုးတိုင်း တစ်ခါလောက်သာ အစားခံရ၍ လေးခါလောက် အလျော်ခံရလေ၏။ တစ်ခါတစ်ရံတွင် စိန်ဟုတ်မှာ တစ်လက်တွင် အစားခံရ၍ တစ်လက်တွင် အလျော်ခံရသဖြင့် "သူတစ်ပင်၊ ငါတစ်ပင်"ဖြစ်နေသော်လည်း၊ ၄၀ ကျပ်မျှ အစားခံရလျှင် ၁၀၀ ကျပ်မျှ အလျော်ခံရသည်ကို တွေ့ရ၏။ ယင်းသို့ ဖြစ်ရကား စိန်ဟုတ်၏ "ပါယား"မှာ ကြည့်နေရင်းတွင်ပင် ၅၀၀ ကျပ်နိုင်ရာမှ ၁၀၀၀ ကျပ်နိုင်သော အမှတ်အသားမျိုးသို့ ရောက်သွားလေ၏။

ထိုအခြင်းအရာကို တွေ့မြင်ရပြီးနောက် မေရီသည် ဂျင်မီအား ကုလားထိုင်အလွတ်များ ရှိရာသို့ ခေါ်သွား၍ စိန်ဟုတ်အကြောင်းကို ထပ်မံမေးမြန်းနေလေ၏။

ထိုအခါ ဂျင်မီက စိန်ဟုတ်မှာ သာမန်ကစားသမားတစ်ယောက်မဟုတ်၊ အမ်အေအောင်ပြီး၍ ကောလိပ်ကျောင်း၌ "လက်ချာရယ်"ခေါ် ဆရာအလုပ်တွင် ယခင်ရင်း စိတ်အတတ်ပညာကို လေ့လာဆည်းပူးခဲ့သူတစ်ယောက် ဖြစ်ကြောင်း၊ ဘော်ပနော်တီဇင်းခေါ် စိတ်ဖြင့်ညှို့ခြင်းဆိုင်ရာ ဆောင်းပါးများကို အင်္ဂလိပ်သတင်းစာများ၌ ရေးသားခဲ့ဖူးကြောင်း၊ ထိုစဉ်အခါက တရုတ်ကလပ်များသို့ ရံဖန်ရံခါသာရောက်ဖူးသော်လည်း တစ်ကျပ်နှစ်ကျပ်မျှလောက်သာ အပျင်းပြေလောင်းကစား၍ ငါးကျပ်၊ တစ်ဆယ် စသည်ထက် ပို၍အနိုင်အရှုံး မကစားခဲ့ကြောင်း၊ နောက်ဆုံး၌ အနီထောင် ထိုးရာမှ နိုင်အောင် ကစားသောနည်းကို စမ်းသပ်တွေ့ရှိသည်နှင့် ကောလိပ်ကျောင်းဆရာအလုပ်မှထွက်ပြီး လောင်းကစားခြင်းသက်သက်ဖြင့် အသက်မွေးမြူခဲ့ကြောင်း၊ တရုတ်ကလပ်များမှ လူကြီးများသည် ၎င်း၏ ကစားနည်းကို သိလိုကြသည်ဖြစ်၍ စောင့်ကြည့်ခြင်း၊ စုံထောက်များငှား၍ ကြည့်စေခြင်း၊ လူဆိုးများငှား၍ ၎င်း၏စက္ကူမှတ်တမ်းများကို ခိုးယူကြည့်ရှုခြင်း စသည့် အမျိုးမျိုးကြိုးစားခဲ့ကြပါသော်လည်း ၎င်း၏လျှို့ဝှက်သောနည်းကို မသိနိုင်ဘဲ ရှိခဲ့ကြကြောင်းများနှင့် ပြောပြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ရီ။ ။'သိပ်အံ့ဩစရာကောင်းတဲ့ လူကြီးပဲ'

မိ။ ။'နို့ပေမဲ့ ဒီတစ်လ ကစားပြီးလျှင် တော်လောက်ပြီတဲ့။ တောမှာ လယ်တွေ ဝယ်ထားပြီးမို့လို့ အေးအေးကလေး တောဆင်းပြီး ထိုင်စားနေတော့မယ်လို့ ကျုပ်ကို သူပြောဖူးတယ်။ ဟောကြည့်စမ်း၊ စိန်ဟုတ်ကြီး တော်သွားပြီ'

ထိုခဏ၌ စိန်ဟုတ်သည် ဒိုင်က စာရင်းရှင်းပေးအပ်သော ငွေစက္ကူများကို အကျီအိတ်ထဲသို့ သိပ်လျက် ကစားပွဲမှ ထနေသည်ကို မြင်ကြရလေ၏။ ငွေစက္ကူများမှာ ၁၀၀ တန် အချပ်ပေါင်း ၂၀ ထက်မနည်းဟူ၍ ဂျင်မီသတိပြုမိ၏။

ရီ။ ။(စိတ်အားထက်သန်သောအမူအရာနှင့်)'အလုပ်ကထွက်ပြီး သူကစားတာ ဘယ်လောက်ကြာပြီလဲ'

မိ။ ။'သုံးလေးနှစ်လောက် ရှိပြီတဲ့။ ဒီအတောအတွင်းမှာ နိုင်ငွေ သုံးလေးသိန်း ထက်မနည်းဘူးဆိုပဲ'

ထိုအခါ မေရီသည် အကြံတစ်ခုရလာသည့်အနေဖြင့် တွေးတောလျက်ရှိရာ ဂျင်မီက မေးမြန်းသော်လည်း ပြောမပြချေ။

မိ။ ။'ဒါ့ အပြင် စိန်ဟုတ်မှာ ချီးမွမ်းလောက်တဲ့ အချက်တစ်ခု ရှိတယ်'

ရီ။ ။'ဘာလဲ... ဆိုစမ်း'

မိ။ ။'ကစားလို့ ရှုံးတဲ့လူများကို သူက အင်မတန်သနားတတ်တယ်။ တစ်ခါတုန်းက ရှိသမျှငွေ သုံးထောင်ကို အကုန်ရှုံးပစ်ပြီး ကိုယ့်ကိုယ်ကို သတ်သေတော့မလောက် မျက်နှာမျိုးနဲ့ ကလပ်မှဆင်းသွားတဲ့ မြန်မာတစ်ယောက်ရဲ့ နောက်ကိုလိုက်ပြီး ဟိုလူရှုံးခဲ့သမျှ ငွေသုံးထောင်ကို အကုန်လုံးပြန်ပေးပြီး နောက်ကို ဘယ်တော့မှ မကစားပါဘူးလို့ သစ္စာပြုခိုင်းတယ်။ တစ်ခါတုန်းကလည်း တရုတ်မတစ်ယောက်က သူ့သားအတွက် ဆိုင်တည်ထောင်ပေးချင်လေတော့ ရှိသမျှငွေကလေး ၃၀၀ ကျပ်နဲ့ လာပြီးကစားလိုက်တာ အကုန်လုံးပြောင်ပါလေရော။ အကျိုးအကြောင်းကို တစ်ယောက်ယောက်က ပြောပြတော့ စိန်ဟုတ်က တရုတ်မကြီးနောက်ကိုလိုက်ပြီး ရှုံးတဲ့ငွေ ၃၀၀ ကျပ်အပြင် ဆိုင်တည်လောက်အောင် ငွေ ၃၀၀ ကျပ်ဖြည့်ပေးပြီး နောက်ကို မကစားဖို့ ကတိထားစေသတဲ့'

ရီ။ ။'တော်ပါပေ့ ဂျင်မီ၊ အံ့ဩလောက်တဲ့ ကစားနည်းရထားပြီး အံ့ဩလောက်အောင် လုပ်တတ်တဲ့ လူတစ်ယောက်ပါပေတကား'

ကလပ်အတွင်းဘက်၌ကား စိန်ဟုတ်သည် သိဟောင်းကျွမ်းဟောင်းများအား အရက်ကြိုက်လျှင်အရက်၊ လင်မနစ်သောက်လိုသူအား လင်မနစ်စသည်ဖြင့် ဧည့်ခံလျက်ရှိရာ ဂျင်မီနှင့် မေရီတို့သည် မနီးမဝေးမှ ရပ်လျက် ဘယ်တော့မှ မရှုံးဖူးသော စိန်ဟုတ်ကို ငေးကြည့်နေကြလေ၏။ စိန်ဟုတ်အနီးတွင် စာရေးဆ



ချိုနှင့် သဏ္ဌာန်တူသော မြန်မာကလေးတစ်ယောက်သည် အရက်ဖန်ခွက် တခမြှောက်မြှောက်နှင့် မနားတမ်းသောက်ရင်း အာရှင်စွာ စကားပြောလျက်ရှိရာ ထိုသူမှာ ခပ်စောစောအချိန်က ငွေ ၅၀၀ ကျပ်ခန့် အနိုင်ရထားသည့် မောင်မြသောင်းဆိုသူဖြစ်၏။ ထိုသူမှာ နိုင်ထားသည့် အရှိန်ကြောင့် အလွန်အာရှင်၍ အရက်အရှိန်ကြောင့် ခပ်ကျယ်ကျယ် စကားပြောလျက်ရှိ၏။

သောင်း။ ။'နိုင်အောင် ကစားတာမခက်ပါဘူးဗျ။ ချက်ကောင်း ရွေးထိုးတတ်ဖို့ လိုတာပါပဲ။ ခင်ဗျားတို့ ကြည့်သာနေကြ၊ ဒီကနေ့ည ကျုပ်က တရုတ်ကလပ်ကို ပြုတ်အောင်နှံလိုက်မယ်၊ ကြည့်သာနေကြ'

ဟုတ်။ ။'ကလပ်ပြုတ်အောင်ဆိုပြီး သဘောထားလျှင် တယ်ပြီးရှုံးတတ်တယ်နော်၊ သတိထား ကစားဗျ'

သောင်း။ ။'ခင်ဗျားတစ်ယောက်တည်း နိုင်အောင် ကစားတတ်တယ်ထင်မနေပါနဲ့ ကိုစိန်ဟုတ်ရယ်၊ လူဆိုတာ ကံတစ်ခုပါဗျ။ ကံကောင်းတဲ့နောက် ဘယ်လိုထိုး နိုင်တာချည်းပါဗျ'

ဟုတ်။ ။'ကံဆိုတာတော့ မှန်ပါတယ်၊ သို့သော် ဘယ်သူမဆို ၂၄ နာရီအတွင်းမှာ ကံကောင်းတဲ့အလှည့်က သုံးလှည့်တည်း ပါတယ်ဗျ။ ကံကောင်းတဲ့အလှည့်နဲ့ "အော"ထိုးမိတဲ့အလှည့်နဲ့ ကြုံကြိုက်လျှင် ဒီလူဟာ နိုင်တော့တာပဲဗျ'

သောင်း။ ။'ခင်ဗျား ပြောပုံတော့ ၂၄ နာရီအတွင်းမှာ သုံးလှည့်တည်း ကံကောင်းတယ်ဆိုလျှင် ခင်ဗျားနိုင်ဖို့ သိပ်ခဲယဉ်းနေပြီကောဗျ'

ဟုတ်။ ။'ကျုပ်ပြောတာက ကံအတိုင်း ကစားတဲ့လူများအကြောင်းပြောတာပါ၊ ကျုပ်မှာတော့ စနစ်နဲ့ကစားတဲ့လူကိုးဗျ။ ကျုပ်စနစ်က ဘယ်တော့မှ မရှုံးနိုင်တဲ့ စနစ်မျိုးပဲ'

သောင်း။ ။'စနစ်နဲ့ ကစားရိုးမှန်လျှင် ဘာကြောင့် ခင်ဗျား နေ့တိုင်း မကစားသလဲဗျာ'

ဟုတ်။ ။'နေ့တိုင်းမကစားပေမဲ့ ကျုပ်ဒီကနေ့ ခပ်များများ ကစားမယ်။ တစ်လက်တည်း ၁၀၀၀ ကျပ် တိုက်တွေဘာတွေ ထိုးမယ်၊ ကြည့်နေကြ'

ထိုအခါ ဝဝတုတ်တုတ် ထောင်ကဲကြီးက 'ဒါဖြင့် ဒီတစ်ခါ သူကြည့်ပြီး ကစားမှထင်တယ်။ သူ့နောက်က လိုက်ထိုးလျှင် မကောင်းဘူးလား'

အခြားတစ်ယောက်။ ။'ကျွန်တော်လည်း ကြည့်လှပါပြီဗျ။ သူက စောင်ကောင်းဆိုး ဘယ်တော့မှ မထိုးဘူး၊ အုတ်ဖွင့်ခါနီးမှ ထိုးလေတော့ သူ့နောက်လိုက်ဖို့ သိပ်ခဲယဉ်းတာပဲဗျ'

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်။ ။(ပြုံးရယ်လျက်)'အုတ်ဖွင့်ခါနီးမှ ထိုးခြင်းဟာလည်း ကျုပ်ရဲ့စနစ်ထဲမှာ ပါနေတယ်ဗျ။ ကျုပ်နည်းက စောစောစီးစီးထိုးလို့ ဖြစ်ကိုမဖြစ်ဘူးဗျ'

ငင်းနောက် ဂျင်မီနှင့် မေရီတို့သည် ဝရန်တာသို့ ထွက်လာကြ၍ ပက်လက်ကုလားထိုင်များပေါ်တွင်ထိုင်ကာ စိန်ဟုတ်၏ ကစားနည်းအကြောင်းများကို ပြောဆိုနေကြရာ မေရီမှာ အနိုင်အရှုံး လောင်းကစားကြခြင်းထက် စိန်ဟုတ် လောင်းကစားသောနည်းကို ကြည့်လိုလှသည်နှင့် စိတ်အားထက်သန်လျက် ရှိနေလေ၏။

ရီး ။'နောက်တစ်ဝိုင်း သူတို့ကစားလျှင် စိန်ဟုတ်အနားမှာ ကျွန်မအတွက် နေရာရအောင် လုပ်ပေးစမ်းနော်။ ကျွန်မ စေ့စေ့စပ်စပ် စောင့်ပြီး သူ့ကစားပုံ ကြည့်စမ်းချင်တယ်'

မီး ။'သူ့နည်းကို ရအောင် ခိုးယူချင်လို့လား'

ရီး ။'ရနိုင်လျှင် ရှင့်ကို ခိုးပေးမှာပေါ့လေ'

ငင်းနောက် ဂျင်မီနှင့် မေရီတို့သည် အခြားစကားများ ဆက်လက်ပြောဆိုနေကြရာ စိန်ဟုတ်နှင့် မြသောင်းတို့လူစုက အနီထောင်ဝိုင်းသို့ ဝင်လာကြသောအခါမှ ဝရန်တာမှ ထလာခဲ့ကြလေ၏။

အနီထောင်ဝိုင်း၌ကား လူများပြည့်ကျပ်လျက် ရှိနေလေပြီ။ သို့ရာတွင် မည်သည့်ကလပ်၌ဖြစ်စေ "ကြမ်းပိုး"များရှိတတ်ပေရာ ငင်းတို့သည် ကစားသမားများနှင့် ရောထိုင်၍ ကစားသမားများ မေ့လျော့သဖြင့် မသိမ်းယူမိသော လျော်ကြေးများကို အချောင်သိမ်းယူခြင်း၊ မထိုးတတ်သူများအားသင်ပြပေး၍ နိုင်သောအခါ မုန့်ဖိုးတောင်းခြင်းစသည့် အလုပ်မျိုးဖြင့် မိုးလင်းအထိ ထိုင်နေတတ်ကြ၏။ ဂျင်မီသည် စိန်ဟုတ်နှင့် လူတစ်ယောက်ခြားသော ကုလားထိုင်တွင် ထိုသို့သော "ကြမ်းပိုး" တစ်ယောက်ကို မြင်သည်နှင့် ငွေ ၁ ကျပ်ပေး၍ ဖယ်ရှားခိုင်းပြီးလျှင် မေရီအား ငင်းကုလားထိုင်တွင် ထိုင်စေလျက် မေရီ့နောက်မှာ ရပ်ကြည့်နေလေ၏။ ကလပ်ကို ဖြုတ်မည်ဟုကြုံးဝါးထားသော မြသောင်းမှာမူ စိန်ဟုတ်နှင့် မျက်နှာချင်းဆိုင် ထိုင်လျက်ရှိရာ "အုတ်ဖတ်"သော အလုပ်ကို မြန်မာတစ်ယောက်က လုပ်လျက်ရှိ၏။

ဝိုင်းကြီးများ၌ ထုံးစံတစ်ခုမှာ ကစားသမားများသည် ငွေသားဖြင့် လက်ငင်းချ၍ မထိုးဘဲ "ကောင်တာ"ခေါ် ဖယ်များဖြင့် ထိုး၍ အနိုင်အရှုံးကို အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ဒိုင်က "ပါယား"များဖြင့် မှတ်သားထား၏။ နောက်ဆုံး၌ ထိုးသူကရှုံးခဲ့လျှင် "ပါယား"ဖြင့် မှတ်သားထားသည့် စာရင်းအတိုင်း ရှင်းလင်းပေးဆပ်ရ၏။ ထိုးသူက နိုင်ခဲ့လျှင်လည်း မိမိ၌ပါသောငွေကို ပြပြီးမှ



နိုင်သောငွေကို စာရင်းအတိုင်း ရှင်းပေး၏။ သို့ရာတွင် အထူးသတိပြုရမည့်ခြင်းသော အချက်တစ်ခုမှာ ထိုးသားသည် "ပါယား"စာရင်းအရ ငွေ ၁၀၀ ကျပ် ရှုံးပြီးသည်နောက် ငွေ ၃၀ ကျပ် ထိုးငြားအံ့။ ထိုအလက်တွင် အလျော်ခံရ၍ တဖြည်းဖြည်း နိုင်လာပြီးလျှင် နောက်ဆုံးတွင် ငွေ ၃၀၀ ကျပ်နိုင်သည် ဆိုငြားအံ့။ စာရင်းရှင်းအံ့ဟု မိမိ၏ငွေကို ပြရသောအခါတွင် မိမိအိတ်ထဲတွင် အနည်းဆုံးငွေပေါင်း ၁၃၀ ကျပ်မျှ ပြနိုင်ရမည်။ အကယ်၍ ငွေ ၁၃၀ ကျပ် မပြနိုင်ဘဲ ၁၂၉ ကျပ်တည်းသာ ပြနိုင်ငြားအံ့။ မိမိနိုင်ထားသော ငွေ ၃၀၀ ကျပ်ကို မရနိုင်ရုံမျှမက မိမိ၌ပါသမျှသော ငွေများကိုပင် ဒိုင်က သိမ်းယူပေလိမ့်မည်။ ဤအကြောင်းကို နားမလည်သဖြင့် မိမိ၏ငွေကို ရေတွက်မိမထားဘဲ အမှတ်မဲ့ထိုးခဲ့ပြီးနောက် နောက်ဆုံးတွင် မိမိနိုင်၍ စာရင်းရှင်းခိုင်းသောအခါ စေ့ငှအောင်မပြနိုင်သောကြောင့် လုယူခြင်းခံရသူပေါင်း များလှချေပြီ။

ဆိုလိုရင်း အဓိပ္ပာယ်မှာ ထိုလူသည် ငွေ ၁၀၀ ကျပ်ရှုံးပြီး၍ နောက်ထပ် ငွေ ၃၀ ကျပ်ကို ထိုးသည့်အခါ ထိုးကြေး ၁၃၀ ကျပ်ရှိနေပြီဖြစ်ရာ စင်စစ်သော်ကား မိမိ၌ ငွေ ၁၂၉ ကျပ်သာ ရှိသည်ဖြစ်သောကြောင့် လိမ်လည်၍ ထိုးခြင်းဖြစ်သည်ဟု ဆိုလိုခြင်းဖြစ်၏။ သို့ဖြစ်၍ လိမ်ထိုးသောသူက နိုင်သောငွေကို ရှင်းမပေးသည့်ပြင် ပါသမျှကိုပင် လု၍ ယူကြသော၏။

အခြားသူများမှာ ဝိုင်းတွင်ထိုင်ကတည်းက ငွေပြတတ်ကြသော်လည်း စိန်ဟုတ်ကဲ့သို့သော လူများမှာမူ ပြရန်မလိုဟု သဘောထားကြသဖြင့် ကစားကတည်းက "ကောင်တာ"များနှင့် ကြေးပြားများကို တောင်းယူကစားတတ်ကြ၏။ အနီထောင်ဝိုင်းတွင် ကြေးပိုက်ဆံတစ်ပြားသည် ငွေ ၁ ကျပ်ဟူ၍ နားလည်ကြပြီးဖြစ်ရာ ငွေ ၁၀ ကျပ်အတွက်မှာ ကောင်တာဝိုင်းတစ်ခုဖြင့် အမှတ်အသားပြုတတ်ကြလေသည်။

ဂျင်မီနှင့် မေရီတို့သည် အခြားကစားသူများကို မကြည့်ဘဲ စိန်ဟုတ်တစ်ယောက်တည်းသာလျှင် သတိပြုနေကြလေရာ အနီထောင်စားပွဲတွင် စံ–စီ–ဂုံ–ခင် ဟူ၍ ၄ "အိမ်" ၄ "ကွက်" ရှိသည်အနက် စိန်ဟုတ်သည် "စံ"အိမ်တွင် "အော" ၁၀ ကျပ်ထိုး၍ "စီ"အိမ်ကို ကာလျက် "ရန်" ၁၀ ကျပ် ထိုးလိုက်၏။ အုတ်ဖတ်သောအခါ "ဂုံ"အိမ်တွင် "နီ"သောကြောင့် ဒိုင်က စားသွား၏။ ထို့နောက် "စံ"အိမ်ကို ကာလျက် "စီ"အိမ်တွင် "အော" ၁၀ ကျပ်၊ "ရန်" ၁၀ ကျပ် ထိုးပြန်ရာ စားသွားပြန်၏။ မေရီကမူ စိတ်ဖြင့် လိုက်မှတ်ထား၏။

တတိယလက်၌ "စံ"အိမ်တွင် "အော" ၂၀ ကျပ်၊ "ရန်" ၂၀ ကျပ် ထိုးလိုက်ရာ တိုက်သောကြောင့် လျော်ကြေး ၁၀၀ ကျပ် ရသဖြင့် အမြတ် ၆၀ ကျပ်

www.burmeseclassic.com

www.burmeseclassic.com



ပေါ် လာ၏ ။ ထို့နောက် "စံ" နှင့် "စိ"တို့တွင် ၂ လက်စီထိုး၍ အစားခံရပြီးလျှင် "ဂျိ"အိမ်တွင် ၂၀၀ ကျပ် တိုက်ထိုးသဖြင့် တိုက်လေ၏ ။ ထိုမှရှေ့လျှောက်သော် စိန်ဟုတ်သည် ငါးလက်ထိုးတိုင်း သုံးလက်လောက် တိုက်ခဲ့၏ ။ စားသောအခါ ၄၀ ကျပ်ပါသွားတိုင်း တိုက်သောအခါတွင် ၁၀၀ ကျပ် တိုက်သောကြောင့် အနိုင် ပေါ်သည်က များခဲ့၏ ။ ဆယ့်လေးငါးလက်ထိုးပြီး၍ ငွေ ၁၀၀၀ ကျပ်ခန့် နိုင်ပြီး လတ်သော် စိန်ဟုတ်သည် ကြေးကိုမြှင့်တင်၍ ၁၀၀၀ ကျပ် တိုက်ထိုးသော အလက်များပင် ပါရှိ၏ ။ တစ်လက်တိုက်သောအခါ အလျော်ခံရသောငွေကို ပြန် မသိမ်းဘဲ သဒ္ဒါပြန်၍ ထိုးတတ်ပေရာ သုံးလက် ဆက်တိုက်သောအခါတွင် ၄ ကျပ်ဖြင့် မ တည်၍ ထိုးသောငွေသည် ၁၀၀၀ ကျပ်ကျော် ဖြစ်၍ လာ၏ ။ ကျပ်ဖြင့် မ တည်ထိုးပါမူကား ၂၀၀၀ ကျပ်ကျော် ဖြစ်လာနိုင်၏ ။

မေရီသည် စိန်ဟုတ်အတွက် သတ်မှတ်ထားသော "ပါယား"ပေါ်တွင် "ကောင်တာ"များ ဖြည့်၍ဖြည့်၍ တိုးမှတ်နေသည်ကို တွေ့ရသဖြင့် အားရလျက် ရှိတော့၏ ။ ပထမ၌ ကြေးပြားများ၊ ထို့နောက် အရိုးဝိုင်းကလေးများ၊ ထို့နောက် ဖဲ့တိုကလေးများ (တစ်ရာတန်) စီတန်းမှတ်ထားသည်ကို တွေ့မြင်ရ၏ ။

စိန်ဟုတ်၏ ထိုးနည်းမှာမူ လျော်ချည်တစ်ခါ၊ စားချည်တစ်လှည့် နေရာ များများလျော်၍ နည်းနည်းစားခြင်း၊ ထပ်၍ထပ်၍ သဒ္ဒါပြန်ထိုးခြင်းတို့အပြင် ထူးခြားသော အချက်ဆို၍ မတွေ့ရချေ။ နောက်ဆုံး၌ စားပွဲပေါ်တွင် အဆင်သင့် တင်ထားသော ဖဲ့တိုကလေးများမှာ စိန်ဟုတ်အတွက် မှတ်ရသောကြောင့် မလောက်နိုင်သဖြင့် ထပ်၍ ၃၀၀၀ ကျပ်ထက်မနည်း နိုင်လျက်ရှိလေပြီ။ ထိုအတော အတွင်း၌ စိန်ဟုတ်မှတစ်ပါး အားလုံးသော ထိုးသားများမှာ ၃၀၀ ကျပ်စီ၊ ၅၀ ကျပ်စီ စသည်ဖြင့် ရှုံးနေကြရကား ဒိုင်လုပ်သူအဖို့မှာ မထောင်းသာလှချေ။

ကလပ်ကို ဖြုတ်မည်ဆိုသော မြသောင်းမှာမူ ခပ်စောစောကကဲ့သို့ အ မရွှင်နိုင်တော့ဘဲ နဖူးတွင် ချွေးများ ယိုစီးနေလေပြီ။ ထိုသူအတွက် "ပါယား" ပထမ၌ အဖြူဘက်တစ်လှည့်၊ စာဘက်တစ်လှည့် လှန်ချည် မှောက်ချည်ပြလုပ် ရာမှ အဖြူဘက်သက်သက် လှန်ထားပြီးလျှင် အကြွေး ၈၀၀ ကျပ်ထက်မနည်း တင်နေသောကြောင့် စောစောက အနိုင်ကလေးများ ကုန်ခဲ့လေပြီ။ တစ်လက် မြသောင်းသည် "အစ်"အိမ်တွင် ငွေ ၃၀၀ ကျပ်အောထားပြီးမှ ပြန်ရုပ်၍ ငါး တည်းသာ ထိုးလိုက်၏ ။ စိန်ဟုတ်ကမူ ၎င်း"အစ်"အိမ်တွင် ငွေ ၁၀၀၀ တိုက်ထိုးလိုက်၏ ။ အုတ်ဖွင့်သောအခါ "အစ်" အိမ်၌ပင် "နှိ"လေရကား မြသော မှာ ငွေ ၉၀၀ ကျပ်ရမည့်အစား ၁၅ ကျပ်တည်းသာ ရလိုက်သောကြောင့်



ချက် လက်သီးဖြင့် စားပွဲကိုထုလိုက်သေး၏ ။ ငွေ ၁၀၀၀ ကျပ် အလျော်ခံရသော ိန်ဟုတ်ကမူ ပြုံးလျက်ကြည့်နေလေ၏ ။

နောက်ဆုံး၌ မြသောင်းသည် ထိုင်ရာမှထ၍ 'စောစောက အနိုင်ကလေး တွေ ပြောင်တဲ့အပြင် အရင်းထဲက ငွေ ၃၀၀ ကျပ်တောင် ပါသွားပြီဗျာ' ဟုပြော၍ ိုင်လုပ်သူထံမှ ရှုံးကြေးဆို၍ ရာခိုင်နှုန်း ၁၀ တောင်းလေ၏ ။ ရရှိသော ငွေ ၈၀ ကျပ်ကို တစ်လက်တည်းအောလိုက်ရာ စားသွားသဖြင့် ပြုတ်ပြုတ်ပြုန်းလေတော့ ၏ ၊ နောက်ထပ်ရသော ငွေ ၈ ကျပ်ကို အရက်ဖိုးဆို၍ ယူပြီးထသွားလေ၏ ။

ထိုအခါ ဝိုင်းမှာလည်း အတော်အေးသွားလေရာ စိန်ဟုတ်သည် နိုင်ကြေး ငွေကို ရှင်းယူ၍ ထိုင်ရာမှထမည်အပြုတွင် ဂျင်မီနှင့် မျက်လုံးချင်း တန်းမိသည်နှင့် ိတ်ခေါ်ငင်သွားလေ၏ ။ စိန်ဟုတ်မှာ ဂျင်မီအားအနည်းငယ်သိကျွမ်းရကတည်း က ထိုသူငယ်၏ စိတ်သဘောကို အတော်ကြိုက်ဟန် ရှိသည်ပြင် မမြင်ဖူး သော ားမကလေးတစ်ယောက်နှင့် အတူလာသဖြင့်လည်း အထူးအရေးလုပ် ဖိတ် ခြင်း ဖြစ်ပေ၏ ။

ကလပ်ကြမ်းပိုးများအား အသင့်အတင့် ဝေငှပေးကမ်းပြီးနောက် ဂျင်မီ ည် မေရီနှင့် စိန်ဟုတ်တို့ကို မိတ်ဆက်ပေးလေရာ စိန်ဟုတ်သည် ထိုသူနှစ် ်ကို တရုတ်ဟိုတယ်တစ်ခုသို့ ခေါ်သွားလေ၏ ။ မေရီမှာ ထိုသူကျွေး ခြင်းကို စားသောက်ရမည်ထက် ထိုသူ၏ "စနစ်"အကြောင်းကို ထောက်လှမ်း ခွင့် ရမည့်အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်လျက် လိုက်ပါလာကြလေ၏ ။

၂၉ လမ်းရှိ တရုတ်ဟိုတယ်ကြီးတစ်ခုတွင် စားစရာများ မှာထားပြီး ...

။'ရှင် ကစားပုံစနစ်ကိုကြည့်လိုတာနဲ့ ကျွန်မ တမင်လိုက်လာခဲ့တာပဲ'

။(ရယ်မောလျက်)'ဩော် ဆရာဂျင်မီက ကျုပ်အကြောင်း ပြောထားပြီးဟာ ကိုး။ နို့ ကြည့်တော့ ဘယ့်နှယ်လဲ၊ ရိပ်မိပြီလား'

။'မရိပ်မိပေါင်ရှင်'

။'ကျုပ်ကို စောင့်ကြည့်တဲ့လူတွေ များလှပြီကောဗျာ။ ရိပ်မိတဲ့ လူရယ်လို့ တစ်ယောက်မှ မကြားဖူးသေးဘူး။ တကယ်ဆိုတော့ ကျုပ်နည်းက ရိုးရိုး ါပဲဗျာ။ သူတို့မရိပ်မိနိုင်တာ အံ့ဩတယ်'

'ကျွန်မကတော့ သိပ်သိချင်တာပဲရှင်'

'သိချင်ရင် ခဏလောက်ဆိုင်းဦး၊ ဒီတစ်လတည်းပဲ ကျုပ်က ောာ့ မယ်။ ကစားဖြုတ်လိုက်တဲ့အခါကျတော့ ကျုပ်စနစ်အကြောင်းကို ရေးဦးမယ်။ ဒီတော့မှ ဝယ်ဖတ်ပေတော့'

www.burmeseclassic.com

www.burmeseclassic.com



ရီ။ ။'ဒီလိုဆိုရင် ကျွန်မ အရင်ဆုံးဖတ်ပြီး ကလပ်မှာ လာကစားလို့ နိုင်ရင်း တော့မှာပေါ့လေ'

ဟုတ်။ ။(ကြွေနှင့်)'ကျုပ်စနစ်ကို သုံးချင်ရင် လူတစ်ဖက်သားကို သနားတတ်တဲ့ စိတ်မျိုးတွေဖျောက်ပြီး ကျောက်တိုင်ကျောက်ခဲလို ခိုင်တဲ့စိတ်မျိုးရှိမှ ဖြစ် နိုင်တယ် မေရီ'

ထိုခဏ၌ ဂျင်မီသည် ကော်ဖီတစ်ခွက်နှင့် ဟိုတယ်နောက်ပိုင်းသို့ ထသွားလေ ရာ...

ရီ။ ။'ဦးစိန်ဟုတ်ကို ကျွန်မတစ်ခုမေးချင်တယ်၊ ရှင် နောက်ကို မကစားတော့ ဘူးဆို'

ဟုတ်။ ။'ဒီလိုပဲ ဆုံးဖြတ်ထားတယ်'

ရီ။ ။'ရှင့်စနစ်ကိုလည်း မသုံးတော့ဘူးပေါ့'

ဟုတ်။ ။'ဟင့်အင်း... မသုံးတော့ဘူး'

ရီ။ ။'ရှင့်စနစ်ကို ငွေနဲ့ဝယ်ယူလျှင် မရောင်းပေဘူးလားရှင်' စိန်ဟုတ်လည်း ပြုံးစိစိမျက်နှာထားနှင့် ကြည့်နေလေ၏။

ရီ။ ။'ကျွန်မအတွက် မဟုတ်ပါဘူး၊ ကျွန်မ နိုင်စေချင်တဲ့ လူတစ်ယောက် အတွက်ပါ'

ဟုတ်။ ။'ဝမ်းနည်းတယ် မေရီ၊ ရောင်းလို့မဖြစ်ပေဘူး။ သူ့အကျိုးအတွက် ကျု ပြောတာပါ ရောင်းလို့မဖြစ်ပါဘူး'

ထိုခဏ၌ ဂျင်မီပြန်လာသည်နှင့် စကားစပ်ကို ဖြတ်လိုက်ကြပြီးလျှင် အခြားအကြောင်းအရာများကို ရယ်မောပြောဆိုကာဖြင့် စားသောက်ဖွယ်ရာများ စားသောက်နေကြလေ၏။

❖

နောက် စနေနေ့ညနေ၌ မေရီသည် ဂျင်မီနှင့်အတူ ကလပ်သို့ လိုက်ပါ ပြန်ရာ စိန်ဟုတ်သည် မေရီနှင့် ဂျင်မီအား ကလပ်ဝရန်တာတွင် ဖော်ရွေစွာ စကားပြောလေ၏။ ထိုညဉ့်၌ စိန်ဟုတ်သည် ဂျင်မီ၏ အမူအရာ ထူးခြားခြင်း သတိပြုမိသည်နှင့် မေရီကို အခြားကပြားမကြီးတစ်ယောက်နှင့် မိတ်ဆက် ပြီးလျှင် ဂျင်မီကို ကလပ်နောက်ဖေးသို့ ခေါ်သွားလေ၏။ ဝီစကီတစ်ခွက်စီ မှာ သောက်ကြစဉ်...

ဟုတ်။ ။'ဂျင်မီ့ကိုကြည့်ရတာ ဒီကနေ့ အကြံတစ်ခု ရှိဟန်တူတယ်။ အနိုင် မှာ ကြေးကြီးလောင်းကစားမယ်လို့များ ကြံရွယ်လာသလား'



မီ။ ။'မျက်နှာကဲခတ် တယ်ကောင်းတဲ့ ဆရာကြီးပါလား။ မှန်တယ်ဗျာ၊ ကျွန် တော် ကြံရွယ်လာခဲ့တယ်'

ဟုတ်။ ။'ဘာကြောင့်လဲ'

မီ။ ။'ဘာကြောင့်လဲဆိုတော့ ကျွန်တော့်မှာ အကြံအစည် တစ်ခုရှိတယ်။ ဒီ အကြံက ငွေတစ်သောင်းလောက်ရှိမှ ဖြစ်မြောက်နိုင်မယ့် အကြံမျိုးပဲ၊ ကျွန် တော့်လက်ထဲမှာ ရှိတာက နှစ်ထောင်လောက်ပဲ ရှိတယ်။ ဒီတော့ ဖြစ်လျှင် လည်း ဖြစ်၊ ကုန်လျှင်လည်း ကုန်၊ ဒီကနေ့ည ကျွန်တော် ကစားဖို့ သန္နိဋ္ဌာန်ချလာ ခဲ့တယ်'

ဟုတ်။ ။'ဒီလိုဆိုလျှင် ခင်ဗျား မုချရှုံးရမယ်။ မကစားလေနဲ့၊ အလကားပဲ'

မီ။ ။'ဘာကြောင့်လဲဗျာ'

ဟုတ်။ ။'ဘာကြောင့်လဲဆိုတော့ နိုင်မှဖြစ်မယ်၊ မနိုင်လျှင် ခက်ရလိမ့်မယ်ဆိုတဲ့ သဘောထားမျိုးနဲ့ ကစားတဲ့လူမှန်သမျှဟာ ရှုံးတာချည်းပဲ'

မီ။ ။'ဒီလို သဘောထားတဲ့လူတိုင်းဟာ ရှုံးတာချည်းပဲလားဗျာ။ ချွင်းချက် ကလေးများမှ မရှိတော့ဘူးလား'

ဟုတ်။ ။'ကျုပ်တွက်ထားတဲ့ ကိန်းအရဆိုလျှင်တော့ လူ ၁၀၀ အနက်မှာ ၉၉ ယောက်ဟာ ရှုံးရမယ်ဗျာ။ ကျုပ်အမှတ်အသားပြုလာခဲ့တဲ့ ကိန်းအရ အတိအကျ ပြောရမယ်ဆိုရင် လူ ၁၀၀ အနက်မှာ ၉၉ ယောက်နဲ့ ဒသမ ၆ လူ ဟာ ရှုံးရမယ်ဗျ'

မီ။ ။'ဒီလိုဆိုလျှင်ဖြင့် ကျွန်တော်ဟာ ချွင်းချက်ထဲမှာပါတဲ့ ဒသမ ၄ လူထဲက လူတစ်ယောက် ဖြစ်လို့မို့ နိုင်ရမယ်ဗျာ'

ငင်းနောက် ဂျင်မီသည် နောက်ဖေးခန်းမှထွက်လာခဲ့၍ မေရီရှိရာသို့ သွား ပြီးလျှင် အနီထောင်ဝိုင်းအစပြုရန် အချိန်အတော်အတန် လိုသေးသည်နှင့် မေရီ နှင့်အတူ ကမ်းနားဘက်သို့ မော်တော်ကားဖြင့် ထွက်သွားကြလေ၏။ ဇေတီ တစ်ခုသို့ ရောက်သောအခါ ဂျင်မီသည် မော်တော်ကားကို လွှတ်လိုက်၍ မေရီနှင့်အတူ ဇေတီတားပေါ်တွင် လေညင်းခံလျက်ရှိစဉ် ပူအိုက်သောရာသီတွင် လေအေးကလေး တဖြူးဖြူးတိုက်ခတ်ခြင်း ခံရသည့်အတွက်ကြောင့်ပေလော၊ သို့ မဟုတ် ရေလှိုင်းကလေးများပေါ်တွင် လရောင်တလက်လက် တောက်ပ ခြင်းကို မြင်ရသည့်အတွက်ကြောင့်ပေလော၊ သို့တည်းမဟုတ် ခုတ်နှင်သွား သင်္ဘောတစ်စင်းပေါ်တွင် ဦးပိုင်းဆီ၌ ပိုင်ပိုင်နိုင်နိုင် ထိုင်လျက်ရှိသော ဇနီး မောင်နှံတစ်တွဲကို မြင်လိုက်ရသောကြောင့်ပေလားမသိ၊ ဂျင်မီ၏ ရင်ထဲ၌ ခေါင်း ထောင်ကြိုက်လာခဲ့သော စိတ်အာရုံသည် ရုတ်တရက်ချက်ချင်း တားမနိုင် ဆီး

www.burmeseclassic.com

www.burmeseclassic.com



မရ လှိုင်းတံပိုးထကြွလာခဲ့သည်ဖြစ်၍ မိမိ၏မေတ္တာကို ဖွင့်ဟပြဆိုမိလေရကား ပဋိညာဉ် ပေးပြီးသော သမီးရည်းစားဘဝသို့ ရောက်သွားကြလေတော့၏။

ထိုအတောအတွင်း၌ စိန်ဟုတ်သည် ဝရန်တာတွင် ထိုင်လျက် ဂျင်မီနှင့် မေရီတို့အကြောင်းကို တွေးတောစိတ်ကူးနေမိရာ မူလကတည်းက ဂျင်မီကို ခင်မင်ပြီး ဖြစ်ရသည့်အတွင်း ချစ်ခင်ဖွယ်ကောင်းသော အမူအရာရှိသည့်မေရီကို ထပ်မံသိကျွမ်းရပြန်သည်ဖြစ်သောကြောင့် ထိုသူနှစ်ယောက်တို့အတွက် တစ်စုံတစ်ခု ပြုလုပ်ပေးမည်ဟု အကြံဖြစ်နေမိလေ၏။ သို့ဖြစ်၍ ဂျင်မီနှင့် မေရီတို့တက်လာသောအခါတွင် စိန်ဟုတ်သည် မေရီနှင့်ဝိုင်ပင်ရန်ရှိကြောင်းကို မျက်ရိပ်ပြရုံမျှနှင့်ပင် မေရီက ရိပ်မိလေရကား ဂျင်မီကို ကိစ္စတစ်ခုနှင့် စေလွှတ်လိုက်၍ ဝရန်တာတွင် နှစ်ယောက်သား စကားပြောနေကြလေ၏။

ဟုတ်။ ။'လွန်ခဲ့တဲ့ စနေနေ့က မေရီ ပြောဖူးတဲ့ စကားကို ကျုပ်စဉ်းစားနေတယ်'

ရီ။ ။'ကစားနည်းစနစ်အကြောင်းဟာလား'

ဟုတ်။ ။'ဟုတ်တယ်'

ရီ။ ။'ဒါဖြင့် ရှင်က ရောင်းမယ်လား'

ဟုတ်။ ။'မရောင်းပါဘူး၊ မေရီ့ကို အလကားပေးခဲ့ချင်တယ်။ ကျုပ်မှာ ငွေကြေးအတော်အတန် စုဆောင်းမိပြီး ဖြစ်လို့မို့ မကစားတော့ဘူးလို့ သန္နိဋ္ဌာန်ချထားတယ်။ အလွန်ဆုံး ဒီလကုန်လောက်အထိသာ ကစားတော့မယ်။ သို့သော် ဒီနည်းကို ကျုပ်ပေးလို့ရှိရင် ဒီလ မကုန်မချင်း ဘယ်သူ့မှမပြောပါဘူးလို့ အာမခံရလိမ့်မယ်'

ရီ။ ။'အာမခံပါမယ်ရှင်၊ သို့သော်လည်း...'

ဟုတ်။ ။'မသို့သော်လည်း မရဘူးလေ၊ မပြောဘူးဆိုတာ တကယ်ကို မပြောရဘူး။ နောက်ဆုံးမှာ ဂျင်မီ့ကိုတောင် မပြောရဘူး။ ဘယ့်နှယ်လဲ၊ ကတိထားနိုင်ပါ့မလား'

ရီ။ ။'ကတိထားပါပြီရှင်၊ ဘယ်သူ့မှ မပြောပါဘူး'

ဟုတ်။ ။'ကိုင်း ဒါဖြင့် လာ'

ငင်းနောက် စိန်ဟုတ်နှင့် မေရီတို့သည် ကလပ်ပေါ်မှ ဆင်းသွားကြလေရာ လှေကားပေါ်တွင် ဂျင်မီနှင့်တွေ့သဖြင့် မေရီက မျက်ရိပ်ပြလိုက်ရာတွင် ဂျင်မီမှာ "စနစ်"အကြောင်းပြောပြချင်လို့ ဖြစ်ရမည်ဟု တွေးတောမိသည်နှင့် ကျေနပ်နေရစ်လေ၏။ တရုတ်ဟိုတယ်သို့ ရောက်သောအခါ စိန်ဟုတ်သည် မေရီအား မိမိ၏ စနစ်အကြောင်းကို ပြောပြလေရာ ပထမ၌ မေရီမှာ မယုံကြည်နိုင်သကဲ့သို့ ဖြစ်နေမိ၏။ ထို့နောက် စိန်ဟုတ်က တရုတ်ကလပ်များတွင် နှစ်ပေါင်းများစွာ



စိတ်ရှည်လက်ရှည် စောင့်ကြည့်၍ သေချာစွာ စမ်းသပ်အလုပ်လုပ်ပြီးမှ တွေ့ခဲ့ခြင်းဖြစ်သော မိမိ၏စနစ်ကို အကျိုးအကြောင်းနှင့်တကွ ကျကျနန၊ ခြေခြေမြစ်မြစ်၊ သေချာစေစပ်ပေါက်ပေါက် ပြောပြသဖြင့် နည်းသင့်လမ်းသင့် ဆင်ခြင်တိုင်းထွာပြီးသောအခါတွင်မူ မေရီသည် စိန်ဟုတ်၏လက်ကို ကိုင်ဆွဲလျက် 'ကျေးဇူးတင်ပါတယ် ဦးစိန်ဟုတ်။ စိတ်ချပါ၊ ဒီနည်းကို ဂျင်မီ့ကိုလည်း မပြောဘူး၊ ဘယ်သူ့ကိုမှလည်း မပြောပါဘူး။ စိတ်ချပါ' ဟုပြောလေ၏။ ငင်းနောက် မေရီနှင့် စိန်ဟုတ်တို့သည် ဟိုတယ်မှ ဆင်းလာခဲ့ကြလေရာ ကလပ်သို့ရောက်သောအခါတွင် လည်ပင်းတစ်ဆောင်ပြည့်မတတ် စောင့်မျှော်လျက်ရှိသော ဂျင်မီနှင့် လှေကားထိပ်တွင် တွေ့ကြလေ၏။ ထိုအချိန်တွင် အနီထောင်ဝိုင်း၌ လူနည်းနေသေးသည်ပြင် ဂျင်မီနှင့် မေရီတို့ အကြောင်းဆုံစည်းမှုအတွက် အထူးသဖြင့် ကြိုးပမ်းတိုက်တွန်းလာခဲ့သော မေရီ၏ အဒေါ်ကြီးတစ်ယောက်အား မိမိတို့ရည်းစားဖြစ်လာခြင်းအကြောင်းကို ဂျင်မီက ပြောပြလိုလှသည်ဖြစ်သောကြောင့် ဂျင်မီသည် စိန်ဟုတ်ကို အခွင့်တောင်း၍ မေရီ့ကို ခေါ်ပြီးလျှင် ကလပ်မှ ဆင်းသွားကြပြန်လေ၏။

နာရီတစ်ဝက်ခန့် ကြာသောအခါ ဂျင်မီနှင့် မေရီတို့ ပြန်တက်လာကြရာ အနီထောင်ဝိုင်းမှာလည်း လူစည်ကားလှပြီဖြစ်၍ ဂျင်မီသည် မေရီအတွက် ကုလားထိုင်တစ်လုံး ရှာပေးပြီးနောက် စိန်ဟုတ်အနီးတွင် ဝင်၍ထိုင်လေ၏။ ဂျင်မီသည် ငွေစက္ကူများကို ရှေ့တွင် ချပုံလျက် စိန်ဟုတ်အား ဦးခေါင်းညိတ်လိုက်ရာ ၎င်း၏အမူအရာမှာ ထီပေါက်ကြောင်း သံကြိုးရခါစ လူတစ်ယောက်ကဲ့သို့ ရွှင်လှပါချေတကားဟု စိန်ဟုတ် စဉ်းစားမိ၏။ ငင်းနောက် ဂျင်မီကိုယ်တိုင် "အုတ်ဖတ်" ပြောက် အနီထောင် စ၍ကစားကြလေရာ ဂျင်မီသည် စလျှင်စချင်း ၁၀၀ ကျပ် ကိုက်ထိုး၍ တိုက်လေ၏။ ငင်းနောက် ၂၀၀ ကျပ် တိုက်ထိုးပြန်ရာ တိုက်ပြန်လေ၏။

တတိယလက်မှစ၍ လက်စဉ်လက်တိုင်း "အော" ၈၀ ကျပ်၊ "ရန်" ၁၀ ကျပ်ဖြင့် ၄၀၀ ကျပ် တိုက်ချည်း မှန်မှန်ကြီး ထိုးသွားလေရာ ၁၂ လက်အနက် သုံးလက်သာ အစားခံရ၍ ၉ လက်လုံးလုံး တိုက်ခဲ့လေ၏။ ထိုအခါ၌ကား ဂျင်မီမှာ ငွေ ၃၀၀၀ ကျပ် ကျော်မျှ နိုင်နေပြီဖြစ်သောကြောင့် မေရီမှာ မိန်းမသားတို့ ဝမ်းသာလုံးဆို့ဟန်ဖြင့် နေမထိထိုင်မထိ ဖြစ်နေခဲ့လေပြီ။

ထိုအတောအတွင်း၌ စိန်ဟုတ်မှာ ၁၄ လက်အနက်တွင် ၃ လက်မျှသာ အကျော်ခံရ၍ ၁၁ လက်လုံးလုံး အစားခံရသောကြောင့် ငွေ ၁၀၀၀ ကျပ်ကျော်မျှ ရှုံးခဲ့ပြီဖြစ်ရာ ၁၅ ကြိမ်မြောက်သော အလက်တွင် ငွေ ၅၀၀ ကျပ်မျှ အစားခံရပြီးနောက် လူမကြားတကြား ရယ်မောကာ အနီထောင်စားပွဲမှ ထလာခဲ့လေ၏။

www.burmeseclassic.com

www.burmeseclassic.com



၎င်းနောက် စိန်ဟုတ်သည် ဝိုင်းပြင်မှ ရပ်လျက် ခပ်များများလောင်းကစားနေသော ဂျင်မီကို စောင့်ကြည့်နေလေရာ နောက်ဆုံး၌ ဂျင်မီမှာ ပါယားစာရင်းအရ ငွေ ၁၀၀၀ ကျပ်မျှ နိုင်နေပြီဖြစ်သောကြောင့် မေရီက တီးတိုးပြောလိုက်သည်နှင့် ၎င်းလည်း အနိုင်များကို စာရင်းရှင်းကာ ကစားဝိုင်းမှ ထလာခဲ့လေ၏။

(ထိုခေတ်အခါ အနီထောင်ဝိုင်းများမှ သောင်း ကိုးထောင် နိုင်သူများ မကြာခဏ ပေါ်ပေါက်တတ်ကြပေရာ ယခုခေတ်တွင် ထိုမျှလောက် မြောက်မြားသောငွေမျိုး နိုင်မိပါက ညဥ့်အချိန်တွင် အိမ်သို့ပြန်ဝံ့ဖို့ပင် အတော်ခဲယဉ်းပေလိမ့်မည်။)

၎င်းတို့ ထွက်လာကြသောအခါ စိန်ဟုတ်သည် ဝရန်တာတွင် စောင့်နေရာမှ ဦးခေါင်းညိတ်ကာ ခေါ်လိုက်သည်နှင့် ဂျင်မီနှင့် မေရီတို့လည်း ချဉ်းကပ်လာကြလေ၏။

ဟုတ်။ ။'လာကြစမ်းပါဦး၊ ထိုင်ကြစမ်းပါဦး။ တစ်ခုလောက် မေးစမ်းပါရစေဦး'
ဟုပြောကာ မေရီအား လက်ညှိုးတစ်ချောင်းထောင်၍ လှုပ်ပြရာ မေရီလည်း ရယ်မောနေလေ၏။

ဟုတ်။ ။(ဆက်လက်၍)'ထိုင်သာထိုင်စမ်းပါ။ ကျုပ်မေးချင်တာက ဂျင်မီကို ဟိုစနစ်အကြောင်း ဖွင့်ပြောပြီးပြီလားလို့ မေးမလို့မဟုတ်ပါဘူး'

ရီ။ ။'သြော် ဟုတ်ကဲ့လား၊ ကျွန်မက ဒီအကြောင်းကိုများ မေးချင်လို့လားလို့'

ဟုတ်။ ။'ကျုပ် မေးချင်တာက ဟိုတစ်နေ့က တွေ့ကြပြီးတဲ့နောက် လက်ထပ်ဖို့ အသေအချာ စကားပြောကြပြီးပြီလား'
မေရီလည်း နှုတ်ဖြင့်မပြောဘဲ ပြုံးရယ်ကာ ဦးခေါင်းညိတ်၍ ပြလေ၏။

ဟုတ်။ ။'သြော် လက်စသတ်တော့ ဒါကြောင့်ကိုး'
ဟု ပြောကာ သမီးရည်းစားနှစ်ယောက်တို့ကို လက်ဆွဲနှုတ်ဆက်၍ ကလပ်မှ ဆင်းသွားလေရာ ဘယ်တော့မှ မရှုံးသောလူဟု နာမည်ရခဲ့သော စိန်ဟုတ်သည် ထိုနေ့မှစ၍ တစ်ကြိမ်တစ်ခါမျှ မပေါ်တော့ချေ။

၎င်းနောက် ဂျင်မီနှင့် မေရီတို့သည် တက္ကစီဖြင့် ပြန်လာကြ၍ လမ်းခရီးတွင် မေရီက ရှင်းလင်းပြောပြသည်မှာ...

ရီ။ ။'ဦးစိန်ဟုတ်ဆိုတဲ့ လူကြီးက လူတွေရဲ့စိတ်အကြောင်းကို အမြဲစောင့်ပြီး အကဲခတ်တတ်တဲ့ လူကြီးကိုး ဂျင်မီရဲ့'

မီ။ ။'အကဲခတ်တာတော့ ဟုတ်ပါပြီ။ သူ့စနစ်အကြောင်းကို ဖွင့်ပြောပြခဲ့သေးသလား'



မီ။ ။'ပြောခဲ့တယ်'

ရီ။ ။'ဒါဖြင့် ဘယ့်နှယ်ကြောင့် သူဒီကနေ့ည ရှုံးရသလဲ'

မီ။ ။'ရှုံးတာက ဒီလို ဂျင်မီရဲ့၊ ရှင်နဲ့ကျွန်မနဲ့ ဒီကနေ့ည အဖြစ်အပျက်အကြောင်းကို သူမသိရလို့ လူကဲခတ်လွဲသွားလို့ ရှုံးရရှာတာကိုး။ နားထောင်ပါဦး၊ အစကစပြီးပြောပြပါဦးမယ်။ ကောလိပ်ကျောင်းမှာ လက်ချာရာလုပ်ဘုန်းက တရုတ်ကလပ်တွေကို သူလာလာပြီး ကစားတဲ့လူတွေရဲ့ စိတ်ထားကိုဆောင့်ပြီးအကဲခတ်ရာမှာ ဘယ်လိုစိတ်ထားမျိုးနဲ့ ကစားရင် ရှုံးတတ်တယ်ဆိုတဲ့အကြောင်းကို သူတွေ့ရတယ်တဲ့။ ဥပမာ စိတ်ရှုပ်စရာအကြောင်းတစ်စုံတစ်ခုရှိလျက်နဲ့ လာပြီးကစားသည်ဖြစ်စေ၊ ရှုံးလျှင် ဒုက္ခရောက်မယ်ဆိုတဲ့ "ငွေမှု"မျိုးနဲ့လာပြီးကစားသည်ဖြစ်စေ၊ မနိုင်လျှင် မဖြစ်ဘူး၊ နိုင်မှဖြစ်မယ်ဆိုတဲ့ စိတ်ထားမျိုးနဲ့ လာပြီးကစားသည်ဖြစ်စေ အဲဒီလိုလူမျိုးဟာ ရှုံးရှုံးသွားတာချည်း တွေ့ရတယ်တဲ့'

ရီ။ ။'ခုပြောတာတွေက ရှုံးအောင်ကစားတဲ့နည်းတွေပါလား မေရီ။ နိုင်အောင်ကစားတဲ့နည်း မပါသေးဘဲ'

မီ။ ။'နားထောင်ပါဦး ဒီအကြောင်းကိုသိတော့ ဦးစိန်ဟုတ်က ဘယ်လိုလုပ်သလဲဆိုတော့ ဒီကနေ့ လာကစားကြတဲ့ လူတွေအနက်မှာ ဘယ်လူဟာအထက်ပါ "ရှုံးစိတ်"မျိုးထားနေသလဲဆိုတာကို သိရအောင် ရှေးဦးစွာစုံစမ်းသတဲ့။ သဘောအမျိုးမျိုးထားပြီး လူအမျိုးမျိုး လာကစားကြပေမဲ့ လူတွေအားလုံးအနက်မှာ "ရှုံးစိတ်"မျိုးထားတဲ့ လူတစ်ယောက်တလေတော့ပါတာချည်းပဲတဲ့။ ဒီလိုစိတ်ထားမျိုးထားပြီး ကစားတဲ့ကစားသမားတစ်ယောက်လောက် တွေ့ရသည်နှင့်တစ်ပြိုင်နက်၊ ဦးစိန်ဟုတ်က ဘာလုပ်သလဲဆိုတော့ ဘယ်"အိမ်"မှာ ဘယ်နှလက်"ခံ"လို့၊ ဘယ်အိမ်က ဘယ်အိမ်ကို ခုန်ကူးတတ်တာတို့ မှတ်မနေတော့ဘဲ ဟိုလူထိုးပုံကိုသာ ဂရုစိုက်ပြီး ကြည့်နေတော့တာပဲတဲ့။ ဟိုလူက "စံ"အိမ်နဲ့ "စီ"အိမ်မှာ "ကြီး"ထိုးလျှင် သူက "ဂျီ"အိမ်နဲ့ "အစ်"အိမ်မှာ ကြိုးထိုးတော့တာပဲတဲ့။ ဟိုလူက "ဘိ" "စီ"ကို ခွထိုးလျှင် သူက "စံ"နဲ့ "အစ်"ကို ခွထိုးတာပဲတဲ့။ အဲဒီလိုချည်းဟိုလူနဲ့ ဆန့်ကျင်ဘက်ထိုးပြီဆိုမှဖြင့် နောက်ဆုံးမှာ ဟိုလူလည်းပြောင်ရော၊ သူလည်းပွရောတဲ့'

ရီ။ ။'သြော်... ဟုတ်ပြီမေရီရေ့။ ရိပ်မိပြီ။ ဟိုတစ်နေ့ညတုန်းက စိန်ဟုတ်ကမြသောင်းနဲ့ ဆန့်ကျင်ဘက် ထိုးနေတာကိုး။ တစ်လက်မှာ မြသောင်းကငွေ ၃၀၀ ကျပ် "အော"ပြီးမှ ပြန်ရုပ်ပြီး ၅ ကျပ်တည်း ထိုးတော့ စိန်ဟုတ်ကပဲ ဒီ"အိမ်"မှာ ၁၀၀၀ ကျပ် တိုက်ထိုးယူလိုက်ပါကောလား။ ဟုတ်ပြီ မေရီ... ဟုတ်ပြီ

www.burmeseclassic.com



ရို။ ။'ဒါမှန်တယ်၊ မြသောင်းဟာ ဟိုညအဖို့မှာ ရှုံးရမယ်လို့ သူတွက်ထားပြီး ဖြစ်လေတော့ ကံဖယ်ချင်တဲ့လူမို့လို့ များများထိုးပြီး ပြန်ရပ်တယ်ဆိုပြီး ဦးစိန်ဟုတ်က သူ့"အိမ်"မှာ တစ်ထောင်တိုက် ထိုးယူလိုက်တာကိုး ဂျင်မီရဲ့'

မီး။ ။'ဒီကနေ့ည သူရှုံးရပုံ ပြောပြပါဦး'

ရို။ ။'ဒါကတော့ ဒီလို ဂျင်မီရဲ့။ ရှင် ကစားပုံ စိတ်ထားကို ရှင်က သူ့ပြောပြတော့ ဒီလိုဆိုလျှင် ဧကန်မုချ ရှုံးရမယ်လို့ ယူဆပြီး ရှင့်ကိုမကစားဖို့တောင် သူကပြောသေးတယ် ဟုတ်လား'

မီး။ ။'ပြောတယ်လေ၊ ပြောလျက်နဲ့ ကျုပ် ကစားပြီး ကျုပ်ကနိုင်တော့ သူ့စနစ်ဟာ မှားရောဟုတ်လား'

ရိုး။ ။'မှားတာက သူ့စနစ်မှားတာ မဟုတ်ဘူး၊ တွက်ကိန်းမစုံလို့တဲ့ ဂျင်မီရဲ့။ ဘယ်လိုလဲဆိုတော့ ရှင်ဧကန္တ ရှုံးရမယ်ဆိုပြီး ရှင်နဲ့ဆန့်ကျင်ဘက် သူကစားရော။ နို့ပေမဲ့ ရှင်က ကျွန်မနဲ့ ဇောတ်တားပေါ်မှာ ပြောခဲ့တဲ့စကားအတွက်ကြောင့် ဟာဒယရွှင်ပြုံးပြီး ထိုးတိုင်း တိုက်နေတော့တာကိုးရှင့်။ လူတစ်ယောက်ဟာ ဟာဒယနှလုံး အထူးသဖြင့် ရွှင်ပြုံးပြီး ခုန်ချင်သလို ပေါက်ချင်သလိုဖြစ်နေတဲ့အခါမှာ ကစားလျှင်လည်း နိုင်တတ်တယ်တဲ့ ရှင်။ ရှင်နဲ့ကျွန်မတို့ အကြောင်းကို သူက မသိရလေတော့ ရှင်နဲ့ ဆန့်ကျင်ဘက် ကစားမိတာ။ ရှင်နိုင်ပြီး သူရှုံးသွားတော့တာကိုး'

မီး။ ။'သူ့စနစ်က တကယ်ကိုမှန်လျှင်တောင် အင်မတန်စိတ်ခိုင်ပြီး အင်မတန်သတိထားနိုင်မှ လုပ်လို့ဖြစ်မယ့်စနစ်ပါ မေရီရယ်။ ကျုပ်တို့ မဖြစ်နိုင်ပါဘူး'

ရို။ ။'ဒီအကြောင်းကို သူကလည်း ပြောပေသားပဲ'

မီ။ ။'ကိုင်း ဘာပဲဖြစ်ဖြစ် ကျုပ်တို့တော့ အိုးအိမ်ထူထောင်ဖို့ စရိတ်ကလေး ရခဲ့ပေပြီ။ နက်ဖြန်ခါတော့ မေရီကြိုက်တဲ့ မော်တော်ကားမျိုး သွားရွေးကြစို့ရဲ့'

ကြီးပွားရေးမဂ္ဂဇင်း၊ အောက်တိုဘာ ၁၉၄၀

■

# ကျားသည် လူကို အဘယ့်ကြောင့်ကိုက်သနည်း

လွန်ခဲ့သည့်နှစ်က ကျွန်တော့်မှာ အားလပ်ခွင့် ၃ လခံယူ၍ ကသာဒိစတြိတ် ရွှေလီခြံဝတွင် တည်ရှိသော အင်းရွာအမည်ရှိ ရွာကလေး၌ မိတ်ဆွေသူငယ်ချင်းတောအုပ် ဦးသိန်းဖေနှင့်အတူ နေထိုင်လျက်ရှိစဉ် ၎င်း၏အလုပ်ဝတ္တရားနှင့် နယ်လှည့်ရာသို့ အတူတကွ လိုက်ပါသွားလေ့ရှိခဲ့၏။ တောအုပ်ဦးသိန်းဖေမှာ သစ်တောဘက်အရာရှိများအနက်တွင် သေနတ်ပစ်ခြင်း၌ အထူးသဖြင့် ဝါသနာကြီးခဲ့၍ "လက်ဖြောင့်"သူတစ်ယောက်အဖြစ်နှင့် နာမည်ကျော်ကြားခဲ့သည်ဖြစ်၍ ၎င်းကိုယ်တိုင် ပစ်ခတ်ရရှိခဲ့ဖူးသော ကျားပေါင်းပင်လျှင် ၂၀ ထက်မနည်းခဲ့ချေ။ တောအုပ်များ နယ်လှည့်ရခြင်းမှာ အခြား ရွာ၊ နယ် အရာရှိမျိုးကဲ့သို့ ဘိုတဲဘော်မှတစ်ခုသို့ ပြောင်းရွှေ့သွားလာရခြင်းမဟုတ်ဘဲ "ဆင်ဖန်–ကျားအောင်း"ဟူ၍ ခေါ်ဆိုလောက်သည့် တကယ့်တောနယ်ကြီးများကို ဖြတ်သန်းသွားလာရခြင်းဖြစ်ပေရာ ကျွန်တော်တို့၏မျှော်လင့်ချက်မှာ ယင်းကဲ့သို့နယ်လှည့်စဉ် ကျား၊ ဆင်၊ ပြောင်၊ စိုင် စသော တောတိရစ္ဆာန်ရိုင်းကြီးများနှင့် ပက်ပင်းပါ တွေ့ဆုံမိကောင်းရဲ့ဟု တောင့်တရည်စူးခဲ့မိခြင်းပင် ဖြစ်ပေ၏။

ကျား အစရှိသည့် လူကို ရန်မူတတ်သော တောတိရစ္ဆာန်များကို မည်သူမဆို ပစ်ပိုင်ခွင့်ရှိသော်လည်း ဆင်၊ ပြောင်၊ စိုင် စသည့် "ဘစ်ဂိမ်း"(Big Game) ဟု တောတိရစ္ဆာန်ကြီးမျိုးကိုကား အစိုးရထံ အခွန်ထမ်းဆောင်၍ လိုင်စင်တောင်း

www.burmeseclassic.com



ယူထားသော မုဆိုးများသာလျှင် ပစ်ခတ်ခွင့် ရှိကြသည်ဖြစ်ရာ ဦးသိန်းဖေမှာ ထိုကဲ့သို့ လိုင်စင်ထုတ်ယူထားသူတစ်ယောက်လည်း ဖြစ်ခဲ့၏။ သို့ဖြစ်၍ မည်သည့် ခဘာတိရစ္ဆာန်ရိုင်းကိုဖြစ်စေ ပစ်ခတ်နိုင်သည်ဟု ဆိုနိုင်ပေ၏။

တစ်နေ့သ၌ ကျွန်တော်တို့သည် ရွှေလီမြစ်ကမ်းတစ်လျှောက် မြင်းများနှင့် ခရီးသွားခဲ့ကြ၍ အင်းကြီးရွာသို့ ဆိုက်ရောက်ကြသောအခါ တောအုပ်ဦးသိန်းဖေမှာ သစ်ကုန်သည်အချို့တို့၏ အလုပ်ကိစ္စနှင့်ပတ်သက်၍ တောတက်ရန်ရှိလေရာ ၎င်းတို့၏ အလုပ်စခန်းမှာ သေနတ်ပစ်ရန် အခွင့်အရေးလည်း အလွန်နည်းပါးလေရကား ကျွန်တော့်မှာ ထိုရွာ၌ပင် သုံးလေးရက်ခန့် စောင့်ဆိုင်းနေရစ်ရန် ဆုံးဖြတ်ကြလေ၏။

နောက်တစ်နေ့နံနက် ကျွန်တော် အိပ်ရာမှ ထလာသောအခါ ဝရန်တာ၌ လက်ဖက်ရည်ကြမ်း သောက်လျက်ရှိသော လူတစ်စုက 'သိပ်ခွကျတယ်ကွာ'၊ 'တောအုပ်ကြီးမရှိတာ သိပ်ရိုင်းတယ်ကွာ'၊ 'တစ်ရက်တည်း လွဲသွားတယ်ကွယ်' စသည်ဖြင့် ညည်းတွားပြောဆိုနေကြသံများကို ကြားရလေ၏။ ကျွန်တော်က အဖြစ်အပျက်ကို စုံစမ်းမေးမြန်းသည့်အခါ ရွာထဲမှ သစ်တိုက်သောကျွဲကြီးတစ်ကောင်ကို ယမန်ညက ကျားကိုက်သတ်သွားကြောင်း၊ ကျားတို့၏ ထုံးစံအတိုင်း ကျွဲသေကောင်ကို လည်ချောင်းမှ သွေးစုပ်ရုံမျှစုပ်ပြီး ပစ်ထားခဲ့ကြောင်း၊ ကျားသည် ကျွဲသေကောင်စားရန် ထိုညတွင် အမှန်လာမည်ဖြစ်ကြောင်းနှင့် ပြောဆိုကြသဖြင့် သိရှိရလေ၏။

တောအုပ် ဦးသိန်းဖေမှုကား ထိုနေ့အဖို့၌ မည်သည့်နည်းနှင့်မျှ ပြန်လည်ဆိုက်ရောက်ဦးမည် မဟုတ်ချေ။ သို့ဖြစ်၍ နောက်ဆုံး၌ ရွာသားများ စီမံကြသည်ကား တစ်တိုင်ခန့်တွင်ရှိသော လေ့ဖို့ရွာသူကြီးအား အကြောင်းကြား၍ သူကြီးသားအဖတို့က ကျွဲသေကောင်အနီးတွင် လင့်ထိုးပြီး သေနတ်နှင့် စောင့်ကြရန်ဖြစ်လေသည်။ ထိုနေ့ ၃ နာရီအချိန်ခန့်တွင် လေ့ဖို့ရွာသူကြီး သားအဖနှစ်ယောက်တို့သည် ရွာသားအချို့တို့ကိုခေါ်၍ တူမီးခေါ် ယမ်းထိုးသေနတ်တစ်လက်နှင့် ကျွဲသေကောင်ရှိရာသို့ ထွက်သွားကြပြီးနောက် ရွာသားများသည် သစ်တစ်ပင်ထက်တွင် လင့်ထိုးပေးခဲ့ပြီးမှ ပြန်လာကြလေ၏။

ထိုည၌တွင် ကျွန်တော်နှင့်တကွ အင်းကြီးရွာသူရွာသားများသည် တောထဲမှ သူကြီး၏ သေနတ်သံကို နားစွင့်လျက် အိပ်ကြရပေရာ ၉ နာရီကျော်အချိန်ခန့်တွင် သေနတ်သံတစ်ချက် ကြားရသည်နှင့် အချို့ရွာသားများလည်း မီးရှူးများနှင့် ထွက်သွားကြလေ၏။ တစ်နာရီခန့်ကြာလတ်သော် သူကြီးသားအဖနှင့်တကွ ရွာသားများ ပြန်လာကြ၍ ကျားကိုခါးတွင် သေနတ်မှန်သွားကြောင်း၊ သို့သော်



ချက်ကောင်းမဟုတ်သဖြင့် နေရာတွင်မလဲကြောင်း၊ မည်သည့်နည်းနှင့်မဆို ထိုကျားမှာ သေရမည်ဖြစ်၍ နံနက်မိုးလင်းသောအခါ တောနင်းပြီး ရှာကြမည်ဖြစ်ကြောင်းများနှင့် ပြောဆိုတိုင်ပင်နေကြလေ၏။

နောက်တစ်နေ့နံနက် ထမင်းစားသောက်ပြီးကြသည်နှင့် တစ်ပြိုင်နက် ကျားနာကို တောနင်းပြီးရှာရန် လူစုကြလေ၏။

သူကြီး၏အမိန့်နှင့် ယောက်ျားတိုင်း တစ်အိမ်တစ်ယောက်လိုက်ရန် ဆင့်ဆိုသည်နှင့် အချို့လည်း အင်တင်တင် အိတီတီနှင့် လာကြရရှာ၏။ အချို့လည်း ဓားပါလက်ပါ ပျော်ရွှင်စွာ လိုက်လာကြ၏။ နောက်ဆုံး၌ လူပေါင်း ၁၅ ယောက်ခန့် စုရုံးမိကြသောအခါ သူကြီးက ထွက်ကြရန် တော်သင့်ပြီဟု အချက်ပေးလိုက်သည်နှင့် ဓားကိုယ်စီ၊ လှံကိုယ်စီနှင့် ထွက်ခွာရန် ပြင်ဆင်ကြလေ၏။

ကျွန်တော်မှာ ခါးတောင်းမြှောင်လှအောင် ကျိုက်လျက် ဓားလှံကိုယ်စီ ကိုင်စွဲကာ ထွက်တော့မည် ပြင်ဆင်နေကြသူများကို မြင်ရသောအခါ စိတ်ထဲ၌ [illegible]တိုးရွှတ ဖြစ်လာခဲ့မိ၏။ တစ်ယောက်သော ရွာသားက 'ဆရာကြီးကော ဘယ့်နယ်လဲ' ဟု လှမ်း၍ မေးလိုက်သောအခါ အခြားတစ်ယောက်က 'မဆိုင်တာကွယ်၊ မြို့က ဆရာကြီးတွေ ငါတို့တောသားတွေလို ဘယ်ကလာပြီး စွန့်လိမ့်မှာလဲ' ဟု ပြန်ပြောလိုက်၏။ ထိုအခါ ကျွန်တော်မှာ "မြို့သားတွေ မစွန့်ဝံ့ သို့မဟုတ် သွေးနှင့် သတ္တိမရှိ" ဟု စွပ်စွဲခြင်းကို မျက်ခနဲဖြစ်၍ သွားမိ၏။ စင်စစ်သော်ကား ကျွန်တော့်မှာ နဂိုသဘောအားဖြင့် အလွန်ရဲရင့်သူတစ်ယောက် မဟုတ်လှစေကာမူ အကြောက်တတ်ဆုံးသော လူတစ်ယောက်ဟူ၍လည်း ခေါ်ဝေါ်ခြင်းငှာ ထိုက်မည် မထင်ပေ။ လူ လေးငါးဆယ်ယောက် လုပ်ဆောင်ရမည့် ကိစ္စတစ်ခု၌ ထိုဆယ်ယောက်ခန့်အနက် ဆယ်ယောက်လုံးအဖို့ ဘေးအန္တရာယ် စွန်းငြိဖွယ်ရှိသည်ဆိုပါက ကျွန်တော် တွန့်ဆုတ်မိပေလိမ့်မည်။ ယင်းသည် မဟုတ်မူ၍ ထိုဆယ်ယောက်ခန့်အနက် တစ်ယောက်တလေမျှ ဘေးသင့်ဖို့ ရှိသည်ဆိုပါမူကား လွတ်မြောက်သူများအနက်တွင် မိမိပါဝင်ရမည်ဟု မျှော်လင့်အားထားသည့်အတွက်ကြောင့် အသည်းအားမခံဘဲ စွန့်စားလိုက်ပါလိုသော ဝါသနာကလေးတစ်ခု ရှိခဲ့၏။ သို့ဖြစ်၍ ကျွန်တော်၏ အိမ်ရှင်က 'ဆရာကြီးနဲ့ မတော်ပါဘူး၊ မလိုက်ပါလေနဲ့၊ ကျားနာဆိုတာ [illegible]ရုပါတယ်' ဟု သတိပေးသော်လည်း ကျွန်တော်၏ စိတ်ထဲ၌ "ကျားနာကိုက်လျှင် လူအားလုံးကို မကိုက်နိုင်" ဟု အောက်မေ့ပြီးလျှင် ရွာသားများနှင့် အတူ လိုက်ပါလာခဲ့လေ၏။

ရွာမှထွက်ခွာလာကြသောအခါ ဓား၊ လှံကိုယ်စီနှင့် လူပေါင်း [illegible] ယောက်ခန့်ရှိလေရာ ကျွန်တော့်မှာလည်း အိမ်ရှင်အဒေါ်ကြီးက မျက်စောင်းတထိုး[illegible]

www.burmeseclassic.com

www.burmeseclassic.com



ပေးအပ်လိုက်သော လုံတိုကလေးတစ်ချောင်းကိုကိုင်လျက် သူကြီး၏နောက်မှ ကပ်၍ လိုက်ပါလာလေ၏။ ရွာသူကြီးသည် တူမီးသေနတ်ကို ထမ်းလျက် ရှေ့ဆုံးမှ လျှောက်လာရာ ၎င်း၏နောက်မှ ကျွန်တော်နှင့် ၎င်း၏သားက ကပ်၍ လိုက်ကြ၏။ ရွာသူကြီး၏လက်၌ ကျည်ဆန်နှင့် ယမ်းမှုန့်ထည့်ထားသော ဝါးကျည်တောက်တစ်လုံး ကိုင်လျက်ပါလာရာ တူဆန်များကိုမူကား အခြားဝါးကျည်တောက်တစ်လုံးတွင် ထည့်လျက် သူကြီး၏သားက ကိုင်ဆောင်လာခဲ့လေ၏။ တူမီးသေနတ်မှာ ယမ်းတောင့်ထိုးသော ကာလပေါ်သေနတ်များကဲ့သို့ ပစ်ခတ်ရန် မလွယ်ကူဘဲ ပြောင်းဝမှ ယမ်းမှုန့်၊ အုန်းဆံ၊ ခဲ သို့မဟုတ် ကျည်ဆန်နှင့် ကာဖတ် စသည်တို့ကို အစဉ်လိုက် ထိုးထည့်ပြီးမှ အခြားတစ်ဖက်တွင် မီးပွင့်ရန် အတွက် တူဆန်ကို ထည့်ပေးရ၏။ ပစ်ခတ်ပြီးသောအခါ မောင်းသည် တူဆန်ကို ရိုက်၍ မီးပွင့်ပြီး ကျည်ဆန်ထွက်သွားရ၏။

နာရီဝက်ကျော်ကျော် သွားမိကြသောအခါ ကျွန်တော်တို့လူစုသည် ကုန်းမြင့်နှစ်ခု၏ အကြား၌ရှိသော လျှိုကြီးထဲသို့ ဆိုက်ရောက်လာကြရာ ထိုနှစ်မှာ "ဝါးသုဉ်း"သောနှစ်ဖြစ်သောကြောင့် သေပြီးသောဝါးပင်များသည် လျှိုကြီးတစ်ခုလုံးတွင် ရှုပ်ယှက်ခတ် ရောထွေးနေယှက်လျက် ရှိကြ၏။ သို့ဖြစ်၍ ကျွန်တော်မှာ ကန့်လန့်တချို့၊ အလျားလိုက်တချို့ လဲကျနေသဖြင့် ရှုပ်ထွေးပွေလီစွာ ရှိနေသော ဝါးပင်များ၏အကြားတွင် ခဲယဉ်းစွာ ခြေချလျက် ခရီးသွားကြရသောကြောင့် တစ်လှမ်းချင်း လှမ်းတက်ကာ တဖြည်းဖြည်း တရွေ့ရွေ့သာလျှင် သွားကြရ၏။

ကျားနာကို လိုက်ရခြင်းတည်းဟူသော အလုပ်မှာ မုဆိုးတို့၏ အလုပ်တွင် ဘေးအန္တရာယ်အများဆုံးဖြစ်ရကား မည်သည့်နေရာ၌ ကျားနာဝပ်လျက် ချောင်းနေမည်ကို မသိနိုင်သည်ဖြစ်၍ တချွတ်ချွတ်မြည်တိုင်း၊ ဝါဝါမြင်တိုင်း တဖျတ်ဖျတ် လန့်လျက် ခြေသွက်သူများသည် နီးရာသစ်ပင်သို့ ပြေးလွှားခုန်တက်ကြသေး၏။ ကျွန်တော်တို့ လူစုမှာ ယခင်က အစီအစဉ်အတိုင်း စီတန်းလျက် တူမီးသေနတ်ကို လက်တွင်ကိုင်ကာ တရွေ့ရွေ့ လျှောက်နေသောသူကြီး၏နောက်မှ ကျွန်တော်က ကပ်လိုက်၍ ကျွန်တော်၏နောက်မှ တူဆန်ကျည်တောက်ကိုင်သော သူကြီးသားလည်း လိုက်ပါလာလေ၏။

ဤနည်းအားဖြင့် အရပ်လေးမျက်နှာတို့ကို မျှော်ကြည့်ကာ တဖြည်းဖြည်း လျှောက်လာကြ၍ ၁၅ မိနစ်ခန့် ကြာလတ်သော် ဝါးရုံပင်များနှင့် သွေးစက်များ တွေ့ကြရသဖြင့် ၎င်းအတိုင်း ခြေရာကောက်ကာ ရှေးကထက် သတိဝီရိယစိုက်လျက် ဆက်လက်လျှောက်သွားရ၏။ နောက် ယင်းကဲ့သို့ တလှုပ်လှုပ် တရွ



လျှောက်လာကြသဖြင့် ကိုက်ပေါင်း ၅၀၀ ခန့် ရောက်လာကြသောအခါ နောက်ဆုံးရှိလူများအနက်မှ တစ်ယောက်သောသူက 'အောင်မယ်လေး လာကြပါဦးဗျ' ဟု သွတ်ခနဲ ဟစ်အော်လိုက်သည်နှင့် သေနတ်ကိုင်လာသော သူကြီးနှင့် ကျွန်တော်တို့လူစုသည် အသံကြားရာသို့ တုံ့ပြန်လှည့်ပြေးလာခဲ့ကြလေ၏။

သို့ရာတွင် နောက်ကျနေခဲ့လေပြီ။ ကျားနာသည် ကျွန်တော်တို့လူစုကြီး စီတန်းကာ လျှောက်လာကြသည်ကို ချုံတစ်ခုထဲမှ ချောင်းကြည့်နေပြီးမှ နောက်ဆုံးရှိ လူတစ်ယောက်ကို ခုန်၍အုပ်ပြီးလျှင် ဦးခေါင်းကို ကိုက်ဆွဲထားနှင့်လေပြီ။ သေနတ်ကိုင်ထားသော သူကြီးနှင့်ကျွန်တော်တို့ ရောက်သွားကြသောအခါ ကျားသည် ကျွန်တော်တို့လျှောက်လာခဲ့သော လမ်းကြောင်းကလေးပေါ်တွင် လဲလျက်ရှိသော လူတစ်ယောက်ကို ကိုယ်ဖြင့် ဖုံးအုပ်ထားလျက် ကျွန်တော်တို့ဘက်သို့ ဦးခေါင်းလှည့်ကာ သွားများကို ဖြဲ၍ ဟိန်းနေလေ၏။ ထိုအခါ သူကြီးသည် ကျားကို သေနတ်ဖြင့်ချိန်ကာ ကျား၏နံဘေး၌ရှိသော ကုန်းမြင့်ကလေးဘက်သို့ တက်သွားလေရာ ကျွန်တော်လည်း ၎င်း၏နောက်မှ ထက်ကြပ်မကွာလိုက်ပါသွားလေ၏။ ကျားနှင့်တည့်သော နေရာသို့ရောက်သောအခါ သူကြီးသည် ရပ်တန့်၍ ချလျက်ရှိသော ကျားပါးစပ်ထဲသို့ သေနတ်ဖြင့် တည့်တည့်ချိန်ကာ မောင်းကို ဖြုတ်လိုက်လေ၏။ ကျွန်တော့်မှာ ဒိုင်းခနဲမြည်၍ ထွေးခနဲလိမ့်သွားသောကျားကို မြင်ရတော့မည်အထင်နှင့် လှမ်းကြည့်နေပါသော်လည်း ချောက်ခနဲမြည်သံကိုသာ ကြားရ၍ ကျားမှာလည်း ပါးစပ်ကိုသာ တိုး၍ကျယ်အောင် ဖြဲလာလေသေး၏။ သူကြီးလည်း ဒုတိယအကြိမ် မောင်းတင်ကာ ပစ်ပြန်ပါသော်လည်း ထိုနည်းအတူပင် မီးမကူးဘဲ ရှိနေလေ၏။ ထိုခဏ၌ 'အဖေ အဖေ၊ တူဆန် မထည့်ရသေးဘူး၊ တူဆန်က ဒီမှာအဖေရဲ့' ဟု ပြောသံကြားသည်နှင့် လှမ်းကြည့်လိုက်သောအခါ ကျား၏အခြားဘက်ရှိ ကမ်းပါးယံတွင် ရောက်နေသော သူကြီးသားကို တွေ့မြင်ကြရလေသ၏။ ထိုအခါ သူကြီးက 'ဒါဖြင့် ယူခဲ့ပါကွယ့် မြန်မြန်' ဟု လှမ်းပြောလိုက်သည်နှင့် သားသည် ကမ်းပါးယံတစ်လျှောက် လျင်မြန်စွာပြေးသွား၍ ကျားကို ကျော်ရှောင်ပြီးမှ လျှိုကိုဖြတ်ကျော်၍ ကျွန်တော်တို့ရှိနေသော ကမ်းပါးယံဘက်သို့ ပြေးလာခဲ့ပြီးလျှင် တူဆန်ကျည်တောက်ကိုယူပြီး လက်သို့လှမ်းပေးလိုက်လေ၏။ ထိုအတောအတွင်း ကျားကြီးမှာလည်း သွားခေါက်သံ တကောက်ကောက်နှင့် ခါးကိုကုန်းကာ မြည်ဟိန်းလုပြီဖြစ်၍ ကျွန်တော့်မှာ ကျောစိမ့်လုလေပြီ။

'ဘယ်မှာလဲ နင့်တူဆန်' ဟု သူကြီး ငေါက်မေးလိုက်သည်နှင့် ကျွန်တော်နှင့် သူကြီးသားတို့သည် ကျားကို စိုက်ကြည့်နေကြရာမှ တူဆန်ကျည်တောက်ကို လှမ်းကြည့်လိုက်ကြသောအခါ ဝါးကျည်တောက်မှာ ဖောက်ထိုးမှောက်လျက်ရှိ

www.burmeseclassic.com

www.burmeseclassic.com



သောကြောင့် တူဆန်တစ်ခုမျှ မကျန်တော့သည်ကို တွေ့ကြရလေ၏။ 'ဟိုက်—အကျိုးနည်းကုန်ပြီ' ဟု သားက ညည်းလျက် အနီးအပါးသို့ လှမ်းကြည့်ပါသော်လည်း တူဆန်နှင့်တူသည့် ငါးခူ ငါးပိကိုမျှ မတွေ့ရတော့ချေ။ တူဆန်များ ထည့်ထားသော ဝါးကျည်တောက်မှာ အဖုံးအပိတ် တပ်ဆို့ထားခြင်းမရှိရကား သားသည် ကျားကို ပစ်စေလိုသော လောဘတကြီးနှင့် ကမ်းပါးယံတစ်ဖက်မှ တစ်ဖက်သို့ ကွင်းရှောင်ကာ ပြေးလာခဲ့ရာတွင် အထက်မှန်း၊ အောက်မှန်းသတိမရတော့ဘဲ အောက်ထိုးကြီး ကိုင်လာခဲ့မိသဖြင့် တူဆန်များ တစ်ခုမကျန် ထွက်ကျနေရစ်ခဲ့ကြလေပြီ။

'တတ်နိုင်ပါဘူးကွယ်၊ ထွက်လိုထွက်ငြား ပစ်ဦးမှပဲ' ဟုဆိုကာ သူကြီးသည် တူဆန်မပါသော သေနတ်ဖြင့် ကျားကိုချိန်လျက် လေးငါးခြောက်ချက်ခန့် ပစ်ပါသေးသော်လည်း တခြောက်ခြောက်နှင့်သာ ခံနေလေတော့၏။ ထိုအတောအတွင်း၌ ကျားသည် သေနတ်နှင့် ကြာရှည်စွာ ချိန်ရွယ်ခြင်း ခံနေရသည်ကို ကျေနပ်မှုလာသည့်လက္ခဏာနှင့် အုပ်ထားသော လူသေကောင်ကို ရုတ်တရက် လွှတ်ထားခဲ့၍ နောက်သို့ တုံ့ပြန်ပြီးလျှင် လျှိုလမ်းကလေးတစ်လျှောက် ဝုန်းခနဲ ထွက်ပြေးသွားလေ၏။ ကျားပြေးရာ လမ်းတစ်လျှောက်၌ ရွာသားများ ရှိနေကြသည်ဖြစ်၍ ကျွန်တော်တို့က 'လာလေရဲ့ ဟေ့၊ ကျား လာလေရဲ့ဟေ့' ဟု ဟစ်အော်ကာ အသံပြုလိုက်ကြသေး၏။

အချို့လူများသည် နီးရာသစ်ပင်များပေါ်သို့ တက်ပြေးကြ၍ အချို့မှာလည်း ဝါးရုံပင်များပေါ်သို့ တက်မိတက်ရာ တက်ပြေးရှာကြ၏။ ကံဆိုးသော လူတစ်ယောက်မှာ ဝါးရုံပင်ပေါ်သို့တက်၍ ပုန်းနေစဉ် ကျားလာသည်ဆိုသောကြောင့် မြင့်သည်ထက်မြင့်အောင် ဝါးပင်ထိပ်ဖျားသို့ လျှောက်တက်သွားရာတွင် ၎င်းအနီးသို့ ကျားရောက်လာသည်နှင့်တစ်ပြိုင်နက် ဝါးပင်သည် ကွေးညွတ်သွား၍ ထိပ်ဖျား၌ တွယ်လျက်ရှိသော မောင်ကံဆိုးမှာ ကျားပေါ်သို့ တည့်တည့်ကြီး ကျပြီးလျှင် ကျားကိုက်ခံရရှာသေး၏။ သို့ရာတွင် ပြေးရင်းလွှားရင်း ကိုက်ရခြင်း ဖြစ်သောကြောင့် ပထမလူကဲ့သို့ အသက်မဆုံးရှုံးဘဲ ခြေတစ်ဖက် ကျိုးရုံမျှနှင့် ချမ်းသာရာ ရသွားလေ၏။

ကျွန်တော်တို့မှာ တူဆန်မရှိသော တူးမီးသေနတ်တစ်လက်နှင့် ထိုကျားနာကို ဆက်လက်လိုက်ကြရန် နည်းလမ်းမရှိတော့။ သို့ဖြစ်၍ ကျားကိုက်ထားသော အလောင်းနှင့် လူနာကို တင်ဆောင်ရန်အတွက် ထမ်းစင်များ ချက်ချင်း စီမံကြပြီးလျှင် မရွှင်ပျသော မျက်နှာများဖြင့် ရွာသို့ ပြန်ခဲ့ကြရလေ၏။ သို့ရာတွင် ကျွန်တော်တို့မှာ ၎င်းကျားနာနှင့်ပတ်သက်၍ အလုပ်ကိစ္စ ပြီးစီးကြသေးသည်မဟုတ်ချေ။



၎င်းနောက် ရက်သတ္တ တစ်ပတ်ခန့် ကြာလတ်သော် ကျွန်တော်နှင့် ဆောအုပ်ဦးသိန်းဖေတို့မှာ အင်ကြီးရွာနှင့် မိုင် ၂၀ ခန့် ကွာလှမ်းသည့် အင်းတောင်းရွာသို့ တစ်နေ့သော ညနေခင်းအချိန်တွင် ဆိုက်ရောက်သွားကြလေ၏။ ကျွန်တော်တို့ တည်းခိုသောနေအိမ်နှင့် မျက်နှာချင်းဆိုင်ရှိနေသော နေအိမ်တွင် ရွာသားများ တက်ညီဆင်းချည် ပြုလုပ်နေကြသည်ကို မြင်သည်နှင့် စုံစမ်းကြည့်ရာ အောက်ပါအဖြစ်အပျက်များကို ကြားသိရလေ၏။

ထိုအိမ်၌ သားအမိ သားအဖ လေးယောက် နေထိုင်ခဲ့ကြရာ သားနှစ်ယောက်တို့မှာ လူပျိုများဖြစ်ကြ၍ တစ်ယောက်နှင့်တစ်ယောက် အလွန်တရာ ခင်ခင်မြတ်နိုးခဲ့ကြ၏။ တစ်ညသ၌ မိသားဖသားတစ်စုတို့သည် အိမ်အောက်တွင် မီးလှုံလျက်ရှိကြစဉ် မီးပုံတွင် ထင်းကုန်သွားသဖြင့် အစ်ကိုသည် အိမ်နောက်၌ ပုံသော ထင်းပုံသို့ ထင်းများသယ်ယူရန် ထသွား၏။ ထိုအတောအတွင်း 'လာကြပါဟေ့ ညီလေးတို့' ဟု ခေါ်သံကြားသည်နှင့် ညီက ထ၍ပြေးကြည့်သောအခါ အစ်ကိုမှာကျားတစ်ကောင်နှင့် နပန်းလုံးလျက်ရှိသည်ကို တွေ့မြင်ရ၏။ ထိုအခါ ညီသည် ထင်းပုံမှ ထင်းကြီးတစ်တုံးကို ကောက်ယူ၍ ကျား၏ဦးခေါင်းကို ချက်ချင်းများစွာ ထုနက်ပါသော်လည်း ကျားသည် အစ်ကို၏ပခုံးကို ခဲထားရာမှ လွှတ်ဘဲ ဆောင့်၍ဆောင့်၍ ခါလျက်သာလျှင် ကိုက်နေလေတော့၏။ နောက်ဆုံး၌ ညီသည်အကြံရသည်နှင့် မီးပုံသို့ပြေးလာ၍ မီးရဲရဲတောက်နေသော ထင်းစကြီးတစ်ခုကို ယူပြေးပြီးလျှင် ကျား၏မျက်နှာကို မီးစနှင့် တည့်တည့်ကြီး ဆောင့်ထိုးလိုက်၏။ ထိုအခါမှ ကျားသည် ကြောက်မက်ဖွယ်သော အသံကြီးဖြင့် ဟိန်းဟောက်ကာ ညည်းညူလျက် ခဲထားသောပခုံးကို လွှတ်ချပြီးလျှင် တောထဲသို့ ဝင်ပြေးလေ၏။ သို့ရာတွင် အစ်ကိုမှာ ဒဏ်ရာပြင်းထန်လှသည် ဖြစ်သောကြောင့် သတွင်းချင်းပင် အသက်ကုန်၍ သင်္ဂြိုဟ်ရန် အချိန်မရှိသည်နှင့် အလောင်းကို အိမ်ပေါ်တွင် ပြင်ထားကြရ၏။

ထိုည၌မှာ လဆန်း ၁၃ ရက်နေ့ဖြစ်၍ လမင်းသည် ထိန်ထိန်လင်းအောင် သာလျက်ရှိရာ ယခင်က ကျားသည် စိတ်မကျေနိုင်သေးသည့်လက္ခဏာနှင့် ကြောက်မက်ဖွယ် ဟိန်းဟောက်ခါဖြင့် ထိုအိမ်ကို ပတ်ချာလှည့်လျက် ရှိနေသည်ကို ခြံခြောင်တွင် ထင်ရှားစွာ တွေ့မြင်ကြရ၏။ ထိုရွာ တစ်ရွာလုံးအနက် သေနတ်ကိုင်နိုင်သူ တစ်ဦးတစ်ယောက်မျှ မရှိသည်နှင့် မည်သူကမျှ ကျားကို ရန်မူရန်စိတ်မကူးနိုင်ဘဲ သံပုံးများကိုတီးကာ၊ တုတ်များကိုခေါက်ကာဖြင့်သာလျှင် အသံပေးပြီး ခြောက်လှန့်နေကြရတော့၏။ ၎င်းမသာအိမ်သို့ မည်သည့်ရွာသားမှုလည်း လာရန် စိတ်မကူးဝံ့တော့ချေ။ ရှိသမျှသောရွာသူရွာသားများသည် မိမိတို့ အိမ်

www.burmeseclassic.com



ပေါက်များမှ အသီးသီးစောင့်လျက် တုတ်၊ ဓား စသည်တို့နှင့် ခေါက်နက်နေကြရတော့၏။ ကျားကြီးမှာမူ လဝင်၍ နံနက်လင်းလုသောအခါမှ နောက်ဆုံးတစ်ကြိမ် အကျယ်လောင်ဆုံး ဟိန်းဟောက်ပြီးမှ တောထဲသို့ ဝင်သွားလေတော့၏။

ငင်းရွာသို့ ကျွန်တော်တို့ ဆိုက်ရောက်သွားသောနေ့မှာကား ကျားကိုက်သောအလောင်းကို ဖုတ်ကြည်းသင်္ဂြိုဟ်ပြီးသည့်နေ့ဖြစ်၏။ အချို့ရွာသားများက "လက်ဖြောင့်"သော တောအုပ်ကြီး ရောက်လာပေပြီဟု ဝမ်းသာကြ၏။ အချို့ကမူ နတ်ကျားဖြစ်သောကြောင့်သာ ဤမျှလောက် ရဲရင့်သည်၊ နတ်ကျားကို ပစ်သော်လည်း ထိမှန်နိုင်မည်မဟုတ်ဟု ဦးခေါင်းကိုယမ်းကာ ပညာရှိလုပ်နေကြလေ၏။ မည်သို့ပင်ဖြစ်စေ ထူးဆန်းသောအခြင်းအရာတစ်ခုမှာ ယမန်ညဥ့်က ပြောစမှတ်ရလောက်အောင် အတင့်ရဲလှသော ထိုကျားသည် ကျွန်တော်များဆိုက်ရောက်သွားသော ထိုညဥ့်တွင်မူကား အစအနမျှပင် မမြင်ရတော့ချေ။ အချို့က စီးတော်ကျားဖြစ်သောကြောင့် အရှင်ကြီးက ဖယ်ရှားထားသည်ဟု ပြောကြသေး၏။

ထိုညဥ့်၌ ကျွန်တော်တို့သည် အိမ်ရှေ့ဝရန်တာအတွင်းနားဆီမှ သေနတ်နှင့်ထိုင်ကာ စောင့်ကြသော်လည်း ကျားသည် ရွာအပြင်တန်းရှိ အိမ်များကို လှည့်လည်ရစ်ပတ်ပြီးနောက် ကျွန်တော်တို့ရှိရာသို့ မလာဘဲ တောထဲသို့ ပြန်ထွက်သွားလေတော့၏။

နောက်တစ်နေ့၌ ကျွန်တော်တို့သည် ထိုကျားကိုချောင်းပစ်ရန်အတွက် တိုင်ပင်ကြလေရာ နောက်ဆုံးရွာအပြင်ဘက်ရှိ တောလမ်းတွင် ကျားလာတတ်သောနေရာမှ သေနတ်နှင့် စောင့်ကြရန် သဘောတူညီကြလေ၏။ ထိုနေ့ညနေ၌ ကျွန်တော်တို့နှင့် ရွာသားများသည် ရွာပြင်သို့ထွက်၍ ကျားစောင့်ရန် နေရာကို ရွေးချယ်ကြလေရာ ရွာနှင့် မိုင်တစ်ဝက်ခန့် ကွာလှမ်းသည့် တောလမ်းကလေးနံဘေးရှိ ထိန်ပင်ကြီးကို အကောင်းဆုံးနေရာဟူ၍ ဆုံးဖြတ်ကြလေ၏။

ကျားကိုက်သတ်ထားသော အသေကောင်နှင့် ကျားစောင့်သောမုဆိုးတို့မည်သည်မှာ အသေကောင်အနီးတွင် လင့်ထိုးပြီးမှ လင့်ပေါ်မှ ထိုင်စောင့်လေ့ရှိကြ၏။ ကျွန်တော်တို့မှာမူကား အသေကောင်မရှိဘဲ ကျားလမ်းမှ စောင့်ရမည်ဖြစ်သောကြောင့် လင့်ထိုးရန် မလိုဟူ၍ သဘောရရှိကြ၏။ ပထမ၌ တောအုပ် ဦးသိန်းဖေနှင့်အတူ တောခေါင်း မောင်ဖေကြီးအား စောင့်စေရန် စီမံကြ၏။ ထိုအခါ ကျွန်တော်၏မိတ်ဆွေ တောအုပ်ဦးသိန်းဖေက ကျွန်တော့်အား 'ဘယ့်နှယ်လဲ ဆရာကြီး ကျွန်တော်နဲ့အတူ မစောင့်ဝံ့ဘူးလား' ဟု မေးလိုက်ရာတွင် ကျွန်တော်မှာ လူတစ်ယောက်ပြုလုပ်ဝံ့သော အလုပ်တစ်ခုကို မလုပ်ဝံ့ဟူ၍ ဝန်ခံရန်ခဲယဉ်းသည်တစ်ကြောင်း၊ ကိုယ်တိုင် သေနတ်မပစ်ဖူးသော်လည်း မြင်ဖူးလိုသည်တစ်



ကြောင်း၊ ကျားကဲ့သို့ လူကို ရန်မူတတ်သော တောတိရစ္ဆာန်တစ်ကောင်အား သတ်ခြင်းအလုပ်မှာ စွန့်စားရသော အလုပ်မျိုးဖြစ်၍ စွန့်စားရခြင်းကို နှစ်သက်တတ်သော ဝါသနာကလေးရှိသည်တစ်ကြောင်းကြောင့် ဦးသိန်းဖေနှင့်အတူ ကျွန်တော် စောင့်ရစ်ရန်သဘောတူညီလိုက်လေ၏။ နောက်ဆုံး၌ ရွာသားများ ပြန်သွားကြသဖြင့် ကျွန်တော်နှင့် ဦးသိန်းဖေတို့နှစ်ယောက်ထဲ ကျန်ရစ်ကြသောအခါ ဦးသိန်းဖေက ကျွန်တော့်အား ထိန်ပင်ခွကြားသို့တက်စေ၍ ငင်းကိုယ်တိုင်မှာမူ ထိန်ပင်ခြေရင်းမှ သေနတ်နှင့်စောင့်ရန် စီမံလေ၏။ ကျွန်တော့်မှာ ထိန်ပင်ပေါ်သို့တက်၍ ၁၀ ပေခန့်ရောက်သောအခါ လက်မောင်းခန့်ပမာဏရှိသော ထိန်ကိုင်းခြောက်ကြီးတစ်ခုကို တွေ့သည်နှင့် ငင်းသစ်ကိုင်းပေါ်တွင် တင်ပါးလွှဲထိုင်ကာ ပင်မကြီးကို လက်ဖြင့်ကိုင်လျက် ကျေနပ်လုံခြုံစွာ စောင့်နေလေ၏။ ဦးသိန်းဖေမှုကား သေနတ်ကို သစ်ပင်၌ထောင်လျက် သစ်မြစ်တစ်ခုပေါ်၌ထိုင်ကာ ဆေးကရော်တစ်လိပ်နှင့် ခပ်အေးအေးရှိနေလေ၏။ ကျွန်တော့်မှာလည်း ငင်းနည်းတူ ဆေးတံကိုညှိ၍ ဝင်လုဆဲဆဲရှိသော နေမင်းကို မျှော်ကြည့်ကာ တဖွားဖွားသောက်လျက်ရှိ၏။

တစ်ခဏကြာသော် နေမင်းသည် တောင်တန်း၏နောက်သို့ လျှောဆင်း၍ တစ်ခဏချင်း ကွယ်ပျောက်သွားလေရာ ရွှေရည်လိမ်းကျံသော တောတောင်များသည် မှိုင်းညို့ညစ်ပုတ်သော အသွေးအရောင်သို့ ပြောင်းလဲသွားရာမှ လပြည့်ဝန်းကြီး ပေါ်ထွန်းလာသည်နှင့် ငွေချည်ရောင်သို့ တစ်ဖန်ပြောင်းလဲလာရပြန်လေ၏။ ကျွန်တော့်မှာ ထိန်ပင်ထက်မှ တောတောင်၏ ရှုမျှော်ခင်းကို အာရုံခံစားလျက်ရှိစဉ် အိပ်တန်းတက်ကြသော တောငှက်များ၏ ကြွေးကြော်သံဖြင့် တစ်တောလုံးညံလျက် ရှိသည်အတွင်း အတော်လှမ်းကွာသောအရပ်မှ ရှဉ့်ပေါ်ကြီးတစ်ကောင်သည် ကျွန်တော်တို့အား မသင်္ကာသော ကြည့်ခြင်းမျိုးဖြင့် လှမ်းကြည့်ပြီးနောက် အခြားကြင်းပင်ကြီးတစ်ပင်ပေါ်သို့ တတွတ်တွတ် အော်မြည်ကာ တက်ပြေးလေ၏။

ထိုအတောအတွင်း၌ ရွာထဲတွင် နွားရိုင်းသွင်းချိန် ရောက်နေသဖြင့် ခွေးဟောင်စီရှိနေသည်ကို အဝေးမှ သဲ့သဲ့မျှ ကြားရလေရာ ရွာကျောင်းမှလည်း ခေါင်းလောင်းထိုးသံ ကြားရပြီးနောက် နောက်ကျဟန်တူသော နွားမတစ်ကောင်အား ကျောင်းသားတစ်ယောက်က 'မိစပ်ရေ ရှော့... ရှော့... ရှော့' ဟု ဟစ်ခေါ်သံအချက်တစ်ချက် ကြားလိုက်မိသေး၏။ ထို့နောက် နေရောင်ပျောက်သည့်အခါ ရောက်၍ တိတ်ဆိတ်သည်ထက် တိတ်ဆိတ်စပြုလာလေ၏။

ငင်းအရပ်ဒေသမှာ အတော်ချမ်းအေးသောဒေသဖြစ်သော်လည်း ရာသီဥတုဆောင်းဝင်စမျှသာ ရှိသေးသောကြောင့် ကျွန်တော့်မှာ စပို့ကုတ်အင်္ကျီကြင်

www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်း၊ ဦးသိန်းဖေမှာ လောင်းကုတ်အင်္ကျီကြီးဖြင့်လည်းကောင်း ဝတ်ဆင်ထားကာမျှနှင့် လုံခြုံစွာ ရှိနေကြပေ၏။

နေဝင်စအချိန်၌ ကျွန်တော်တို့သည် ကျားလာသေးမည်မထင်သည်နှင့် တစ်ယောက်နှင့်တစ်ယောက် စကားလှမ်းလှမ်း ပြောဆိုကြခြင်းအားဖြင့် အပျင်းဖြေကြသေး၏။ ၈ နာရီကျော်ခန့် ရှိရာတွင်မူကား စကားစကိုဖြတ်၍ တိတ်ဆိတ်စွာစောင့်နေကြရလေရာ ထိုအချိန်မှစ၍ နားရောမျက်စိပါ အားလပ်ရတော့သည်မရှိချေ။ တောအုပ်ကိုသိန်းဖေမှာ မုဆိုးကျော်တစ်ယောက်ဖြစ်သည်အလျောက် နားအလွန်ကောင်းသော်လည်း မျက်စိမှုန်သူတစ်ယောက်ဖြစ်သောကြောင့် ကြည့်ရန်နှင့်ပတ်သက်သော အလုပ်ကို ကျွန်တော့်အား လွှဲထား၏။ သို့ဖြစ်၍ ကျွန်တော့်မှာ ထိန်ကိုင်းပေါ်တွင်ထိုင်လျက် တောတက်မှ လာသော လမ်းကလေးတစ်လျှောက် အစဉ်မပြတ် မျှော်ကြည့်ရန်ရသည့်ပြင် ပတ်ဝန်းကျင်အရပ်ရှိ ချုံများကိုလည်း ချွန်လုပ်မထားဝံ့သဖြင့် တစ်ချက်တစ်ချက် စောင်းငဲ့ကြည့်ရသေး၏။

၉ နာရီကျော်၍ ၁၀ နာရီ ထိုးပြီးလတ်သော် ရွာဆီမှ လူခြေလုံးလုံးတိတ်ဆိတ်၍ လမင်းလည်း အတော်မြင့်ခဲ့လေပြီ။ တောအုပ်ဦးသိန်းဖေမှာ ခပ်စောစောက မီးသင်္ချိုင်းခြစ်၍ စီးကရက်ညှိသည်ဟု ထင်လိုက်ရသော်လည်း ထိုအချိန်အခါ၌မူ တုတ်တုတ်မျှမလှုပ်တော့ဘဲ ငြိမ်ဝပ်စွာ ရှိလေ၏။ ၁၀ နာရီခွဲပြီးလတ်သော် ကျွန်တော်သည် သစ်ကိုင်ပေါ် တင်ပါးလွှဲထိုင်နေရာမှ ညောင်းညာသည်နှင့် လက်ဝဲဘက်သို့ ပြောင်း၍ထိုင်မည်ပြုသည်တွင် ကိုက်တစ်ရာခန့်အကွာ လမ်းပေါ်တွင် ခပ်မည်းမည်းရှိသော အရာဝတ္ထုတစ်ခုကို တွေ့မြင်ရလေ၏။ သို့သော်လည်း ခပ်စောစောက သတိမပြုမိသည့် သစ်ငုတ်တိုတစ်ခု ဖြစ်တန်ရာ၏ဟု ခပ်ပေါ့ပေါ့နေလိုက်မိ၏။

၅ မိနစ်ခန့်ကြာ၍ လှမ်းမျှော်ကြည့်လိုက်ပြန်သောအခါ မည်းမည်းရှိသော အရာဝတ္ထုသည် နီးကပ်လာသလိုလို မှတ်ထင်မိ၏။ သို့ရာတွင် အသေအချာ မပြောနိုင်သဖြင့် စိတ်ထင်၍သာဖြစ်သည်ဟု တွေးဆမိ၏။ နောက် ၂ မိနစ်ခန့် ကြာပြန်သောအခါ မည်းမည်းရှိသော အရာဝတ္ထုမှာ ထိုနေရာ၌ မရှိတော့ချေ။ ထိုအခါ၌ကား ကျွန်တော်၏စိတ်၌ စနောင့်စနင်းဖြစ်လာမိတော့၏။

ဦးသိန်းဖေအား ခေါ်၍သတိပေးရသော် ကောင်းလေမည်လားဟု စဉ်းစားမိ၏။ သို့သော် သေချာအောင်လုပ်ဦးမည်ဟု ထပ်လောင်းကြည့်ရှုရာတွင် ကျွန်တော်နှင့် ၅ ကိုက်ခန့်အကွာတွင် လက်ခနဲထွက်သော အလင်းရောင်နှစ်ခုကို မြင်လိုက်ရ၏။ နောက်တစ်ခဏ၌ကား မြေပေါ်တွင် ပြားပြားဝပ်လျက် အထက်သို့ စိုက်၍ကြည့်နေသော ကျားကြီးကို တွေ့မြင်ရလေတော့၏။ ထိုအခါ ကျွန်တော့်



အတွက်မှာမူ သစ်ပင်ပေါ်၌ ရှိနေသောကြောင့် မစိုးရိမ်ရသော်လည်း သစ်ပင်ခြေရင်း၌ ရှိသော မိတ်ဆွေ ဦးသိန်းဖေအတွက် ပူပန်မိ၏။ ကျားရောက်နေကြောင်းကို ဦးသိန်းဖေ သိခဲ့လျှင် အရေးမကြီး၊ မသိခဲ့ပါမူကား ကျားက ဦးသွားမည်ကို စိုးရိမ်ရ၏။ သို့သော် မည်ကဲ့သို့ သတိပေးရပါမည်နည်း။

ထိုအတောအတွင်း၌ ကျားသည် နေရာမှရွေ့လျားခြင်းမရှိဘဲ မျက်လုံးကြီးအပြူးသားနှင့် မော့ကြည့်လျက်ရှိရာ နောက်တစ်ခဏ၌ ကျွန်တော့်အား စေ့စေ့ကြီး စိုက်၍ကြည့်နေသည်ဟု သိရှိရလေ၏။ ကျွန်တော်သည် သစ်ကိုင်းပေါ်သို့ ကျားခုန်၍တိုးချေမည်လောဟု စိုးရိမ်မကင်း ရှိနေစဉ် ကျားကြီးသည် ပါးစပ်ကိုဖြဲ၍ ဦးခေါင်းမှ အမြီးတောက်လျှောက်ရှိ ကျားမွေးများသည် ရုတ်တရက် ထောင်ထလာ၍ ပါးစပ်မှ ရှုံ့ခနဲမြည်လိုက်၏။ ယင်းသို့သော အမူအရာသည်ကား မြဲသူကို ခုန်အုပ်မည်အလုပ်တွင် ကျားများ ပြုလေ့ရှိသော အမူအရာဖြစ်သည်ဟု ကြားရဖူးသည်နှင့် ယခင်ကထက်တိုး၍ တုန်လှုပ်လာသဖြင့် ဦးသိန်းဖေကို ခေါ်တော့မည် ကြံစည်မိ၏။ ထိုခဏ၌ ကျား၏ကျောကုန်းတွင် ထောင်နေသော အမွေးများသည် လက်ဖြင့်သပ်၍ဖြေချလိုက်သကဲ့သို့ သေဝပ်ပိပြားစွာ လဲကျသွားကြသောရာ နောက်တစ်ခဏ၌ ရှေးနည်းအတူ ထောင်ထလာပြန်သည်နှင့် ကျွန်တော့်မှာ သစ်ကိုင်းပေါ်တွင် မတ်တပ်ရပ်ကာ အထက်ပိုင်းမှ သစ်ကိုင်းတစ်ကိုင်းကို ကိုင်ဆွဲထားရင်း 'ကျ... ကျ... ကျားဗျို့၊ ပစ်... ပစ်... ပစ်ပါတော့' ဟု အထစ်ထစ်အငေါ့ငေါ့နှင့် ဦးသိန်းဖေအား အော်၍ပြောလိုက်သေး၏။

နောက်တစ်ခဏ၌ ကျားကြီးသည် မြေကြီးကို အမြီးနှင့်ပုတ်ခတ်ပြီးမှ ဝုန်းခနဲ ခုန်ထိုးလိုက်ရာ ကျွန်တော့်မှာ ကြောက်အားလန့်အားနှင့် ပေါင်ကိုကား၍ ထားရင်း ကျွန်တော်၏ပေါင်ကြားရှိ သစ်ကိုင်းပေါ်တွင် မျက်လုံးကြီးနှစ်လုံးပြူးလျက်ရှိသော ကျားဦးခေါင်းကြီးနှင့် ကျားလက်ကြီးနှစ်ချောင်းကို တစ်စက္ကန့်ခန့် တိုင် ထင်ထင်ရှားရှားကြီး မြင်နေရသေး၏။ ကျွန်တော်လည်း ကြောက်အားကြီးနှင့် "ကျ... ကျ... ကျ" ဟု အော်မည်ပြုနေစဉ် "ချွတ်... ချွတ်... ဒိုင်း... ဒိုင်း... ဒိုင်း... ဗုန်း... ဖုတ်" ဟူသော အသံများကို အစဉ်အတိုင်း ကြားလိုက်ရ၏။ "ဗုန်း" ဟူသောအသံကို ကြားလိုက်ရစဉ် ကျွန်တော့်မှာ သစ်ကိုင်းပေါ်တွင် မရှိတော့ဘဲ ခလထဲ၌ ရောက်နေပြီဖြစ်ရာ "ဖုတ်" ဟူသော အသံမှာကား ကျား၏ရင်ဘတ်သို့ ကျွန်တော်လိမ့်ကျသောအသံပင် ဖြစ်ချေ၏။

ဖြစ်ပျက်ပုံကား ဤသို့တည်း။ လက်မောင်းခန့် လုံးပတ်ရှိသော ထိန်ကိုင်းခြောက်မှာ ကျွန်တော်၏ တစ်ကိုယ်အတွက်မျှသာ ခိုင်ခံ့သည်ဖြစ်ရာ ကျားသည် ကျွန်တော့်ထံ ခုန်ထိုးသောအခါ၌ ထိန်ကိုင်းကို သွားနှင့် ခဲထားသည်ဖြစ်သော

www.burmeseclassic.com

www.burmeseclassic.com



သို့မဟုတ် လက်နှစ်ဖက်ဖြင့် ဟီးလေးခိုစီးထားသည်ဖြစ်စေ ပြုတန်ရာ၏။ ထို
သစ်ကိုင်းမှာ ကျား၏ ကိုယ်အလေးချိန်ကို မခံနိုင်ရကား ကျိုးကျတော့မည်
"ချွတ်... ချွတ်" မြည်လျက်ရှိစဉ် ကျား၏နှလုံးသားကို ဦးသိန်းဖေက သေန
နှင့် ပစ်လိုက်သဖြင့် ဒိုင်းခနဲမြည်ပြီးမှ သစ်ကိုင်းက ဂျွမ်းခနဲ ကျိုးကျသွားခြင်း
၏။ နောက်တစ်ချက် ပစ်လိုက်သော သေနတ်ကျည်ဆန်မှာမူ လေထဲ၌ ဝဲ
လျက်ရှိသော ကျား၏မေးစေ့ကို ထိမှန်သဖြင့် ဦးနှောက်ထဲမှ ဖောက်ထွက်သွာ
လေရာ ကျားသည် မြေပေါ်ဗုန်းခနဲ ကျပြီးနောက် ကျွန်တော်က ဖုတ်ခနဲ တစ်ဆ
ကျလာခြင်းဖြစ်၏။

ဦးသိန်းဖေမှာ ဟီးလေးခိုနေသောကျား၏ ရင်ဘတ်ကို သေနတ်နှင့်
ချက်ဆင့်၍ ပစ်လိုက်ရာ သစ်ကိုင်းကျိုးကျသည်အတွက်ကြောင့် ဒုတိယသေန
ဘစ်ချက်သည် မေးစေ့ကို ထိမှန်သွားခြင်း ဖြစ်၏။ သေနတ်နှစ်ချက်လုံးတို့
ပွဲချင်းပြီး သေနိုင်သည့် သေကွင်းကို ထိမှန်ထားရကား ကျားသည် အပေါ်
ဆင့်၍ကျလာသော ကျွန်တော့်အားပင် ရန်မူရန် မတတ်နိုင်တော့ချေ။ မမျှော်လ
သောအခြင်းအရာတစ်ခုမှာ ကျားသေကို ရွာသားများနှင့် လှန်လှောကြည့်ရှ
သောအခါ ကျောဘက်တွင် သေနတ်ဒဏ်ရာကြီးတစ်ခု တွေ့ရှိကြသည်ဖြစ်၍
ရွာသူကြီးက တူးမီးသေနတ်နှင့် ပစ်ထားဖူးသော ကျားကြီးပင်ဖြစ်နေကြောင်း
သိရှိရခြင်းပင် ဖြစ်ပေသတည်း။

ကြီးပွားရေးမဂ္ဂဇင်း၊ ဓတ် ၁၉၄

■

# မေတ္တာသက်စေသောမှသား

ိုးရအမှုထမ်းများအနက် ရာထူးတိုးတက်မှုကို ဂရုမထားဘဲ အလုပ်မပြုတ်ရုံမျှ
ဘက် သဘောထားလျက် တွင်တွင်ကြီး လာဘ်စားပြီး အထုပ်ကြီးဖြစ်အောင်
ာင်းတတ်သူများလည်း ရှိကြ၏။ ရာထူးတိုးတက်မှုလောက်ကိုသာ ရည်မှန်း
ဘ်ခိုးလက်ဆောင် မယူဘဲ အလုပ်ဝတ္တရားကို ကျိုးနွံ့ရိုသေစွာ ဆောင်ရွက်တတ်
းလည်း ရှိကြ၏။ ဒုတိယလူစားမျိုးမှာ ပထမလူစားမျိုးထက် အရေးအတွက်
ဖြင့် နည်းပါးလှပေရာ ထို့ကြောင့်လည်း အစိုးရဘက်၌ ထွန်းထွန်းပေါက်
က် ဖြစ်မြောက်ကြီးပွားသည့် အမှုထမ်းအရေအတွက် နည်းပါးလှပေ၏။ သို့ရာ
င် မည်သည့် စည်းကမ်းဥပဒေ၌ဖြစ်စေ ချွင်းချက်ဟူ၍ ရှိတတ်စမြဲဖြစ်ပေရာ
ဘ်စားလျက်နှင့် ကြီးပွားသူများ၊ လာဘ်မစားဘဲလျက်နှင့် မထွန်းကားသူများ
ည်း ရှိကြပေလိမ့်မည်။ ထိုသို့သော လူစားမျိုးအဖို့မူကား အတိတ်ကံနှင့် ညာဝါး
်းသန်းတတ်ခြင်းတရားတည်းဟူသော အရည်အချင်းတို့ကို ထည့်သွင်းပေး
းပေလိမ့်မည်။

အရေးပိုင်မင်း ဦးသာဇံမှာမူကား ဒုတိယအတန်းအစားမျိုးတွင် ပါဝင်၍
ဘ်မစားဘဲ အလုပ်ဝတ္တရားကို ကျိုးနွံ့ရိုသေစွာ ဆောင်ရွက်ခြင်းအားဖြင့် အစိုး
မှုထမ်းတို့အနက်တွင် အထွတ်အထိပ်ဖြစ်သည့် အမြဲတမ်းအရေးပိုင်ရာထူး

www.burmeseclassic.com

www.burmeseclassic.com



ဘိုင်အောင် ချိုးမြှင့်ခန့်ထားခြင်း ခံခဲ့ရသူတစ်ယောက် ဖြစ်ပေ၏။ အမှုထမ်း သက်တမ်းစေ့သဖြင့် ပင်စင်ယူပြီးနောက် ဦးသာဇံသည် ရန်ကုန်မြို့ကုက္ကိုင်းလမ်း၌ အိမ်ကြီးတစ်ဆောင် ငှားရမ်းနေထိုင်လာခဲ့ရာ ၎င်း၌ သမီးစိန်စိန်နှင့် သား မောင်ဘဟန်ဟူ၍ သားသမီးနှစ်ယောက် ထွန်းပေါက်ဖွားမြင်ခဲ့လေ၏။ အကြီးဖြစ်သော သမီးစိန်စိန်မှာ ကောလိပ်ကျောင်းတွင် အိုင်အေအောင်သည့်တိုင်အောင် ပညာသင်ကြားခဲ့ပြီးနောက် ကောင်းစွာမကျန်းမာသည်နှင့် ဘီအေအတန်းသို့ ဆက်လက်သင်ကြားခြင်း မပြုနိုင်ဘဲ ကျောင်းမှထွက်နေခဲ့ရ၏။ ကျန်းမာလာသော တစ်နေ့တွင်လည်း ဦးသာဇံ၏ ရည်ရွယ်ချက်မှာ မိမိသမီးအား ပညာဖြင့် အသက်မွေးစေမည် မဟုတ်ဘဲ စိန်စိန်၏ရုပ်ရည်၊ မိမိ၏ ဂုဏ်ဒြပ်အစွမ်းဖြင့် လင်ကောင်းတစ်ယောက် ရနိုင်လောက်သည်ဟု သဘောပိုက်ကာ ပညာဆက်လက်၍ မသင်စေဘဲ ထားခဲ့၏။

စိန်စိန်သည် ကောလိပ်ကျောင်းသူဖြစ်ခဲ့သည့်အလျောက် နှုတ်ခမ်း၊ လက်သည်း စသည်တို့၌ ဆေးဆိုးသည်အထိ ဘိုဆန်သူတစ်ယောက် ဖြစ်သော်လြား လည်း မိဘမောင်ဖားတို့ကို အထူးချစ်ခင်ကြင်နာတတ်သည့်ပြင် တစ်ခုသောအမှု၏ ခင်စစ်လျော်ကန်ခြင်း၊ မလျော်ကန်ခြင်းတို့ကို ပိုင်းခြားသိမြင်ဆင်ခြင် တိုင်းထွာနိုင်သူတစ်ယောက်ဖြစ်ပေရကား ခေတ်ဆန်စေကာမူလည်း "ခေတ်ပျံ"တစ်ယောက် မဟုတ်ချေ။ မိန်းမအဖို့ ကာယိန္ဒြေမရှိဟု မြန်မာတို့မှတ်ထင်တတ်သော မော်တော်ကားမောင်းခြင်း အတတ်ကို လေ့ကျင့်ထားလောက်အောင် ခေတ်ဆန်သော်လည်း ယောကျ်ားကလေးတစ်ယောက်နှင့် နှစ်ကိုယ်တည်း ယှဉ်တွဲ၍ စီးနင်းလောက်အောင် "ခေတ်ပျံ"တစ်ယောက်ကား မဟုတ်ခဲ့ချေ။

အငယ်ဖြစ်သော မောင်ဘဟန်မှာမူ ဘီအေအောင်မြင်ပြီးသည်နောက် ကောလိပ်ကျောင်းတွင် ဥပဒေပညာနှင့်ဆိုင်ရာ ဘီအယ်(လ်)အတန်း၌ ဆက်လက်သင်ကြားလျက်ရှိ၏။ ၅ ပေ ၉ လက်မခန့်မြင့်၍ အရပ်နှင့်လိုက်အောင် လူလုံးလူဖန် ထွားကျိုင်းလှသော မောင်ဘဟန်သည် ငါး၊ ရှ်ကိုယ်ရှိ၍ ခပ်ဖြောင့်ဖြောင့်ကိုယ်လုံးရှိသော အစ်မစိန်စိန်ကို အရပ်ကလေးသဖွယ် ကောက်ယူပွေ့ချီလျက် မိမိအား မြည်တွန်တောက်တီးနေသောပါးစပ်ကို နဖူးနှင့် ဖိပိတ်ကာ ဝင်းခြံကြီးအတွင်း လှည့်ပတ်လျှောက်ပြေးနေသော မောင်နှမနှစ်ယောက်တို့ကို လူစိမ်းတို့မြင်ခဲ့လျှင် ဘာလိုလိုရှိသည်ဟု ဆိုကောင်းဆိုကြပေလိမ့်မည်။ သို့ရာတွင် ထိုအခြင်းအရာကို ခြံတင်းပေါက်မှ ရယ်မောကာ ရပ်လျက်ကြည့်နေသော မိဘနှစ်ပါးတို့၏ မျက်နှာ၌မူကား ရှု၍မငြီးနိုင်အောင်၊ မဝနိုင်အောင် ရှိနေကြပေတော့၏။ 'ငါ့သမီး မူးနေရာရော့မယ်၊ လွှတ်လိုက်ပါ၊ တော်တော့ဟဲ့ လူကလေးရဲ့'ဟု မိခင်ဖြစ်သူက



ဆော်ပြောလိုက်သည့်အခါ ဖခင်ဖြစ်သူက 'နောက် မမြည်တော့ပါဘူးလို့ ဝန်ခံမှတ်လိုက်ဟဲ့ လူကလေး'ဟု အားပေးစကားပြောလိုက်သေး၏။

အစ်မကြီးက မောင်ကလေးအား မြည်တွန်တောက်တီးပြုလုပ်ရသော အကြောင်းခြင်းရာကို ဤနေရာ၌ ဖော်ပြရပေဦးအံ့။ ဦးသာဇံမှာ အလုပ်လုပ်စဉ်က စုဆောင်းသိမ်းထားသော ငွေကလေးကို ကိုဘိုးဆန်းဆိုသူ၏ အဆွယ်ကောင်းမှုကြောင့် အစုစပ် ကုမ္ပဏီတစ်ခုတွင် အစုရှယ်ယာ ဝင်လိုက်မိ၏။ ၎င်းကုမ္ပဏီတွင် ဦးသာဇံသည် ဒါရိုက်တာလူကြီးတစ်ယောက် အဖြစ်နှင့် ဆောင်ရွက်ခဲ့ရ၏။ နောက်ဆုံး၌ ဦးဘိုးဆန်း၏ ကလိမ်ကျမှုကြောင့် ကုမ္ပဏီပျက်စီးသွားသောအခါ ဦးသာဇံမှာ ငွေအားလုံး ဆုံးရှုံးရုံမျှမက ဒါရိုက်တာ လူကြီးတစ်ဦးဖြစ်ခဲ့မိသည့်အတွက်ကြောင့် နာမည်ပင် နာခဲ့သေး၏။ ဦးဘိုးဆန်းမှာမူ ဝတ်လုံတော်ရ ဦးတင်ထွန်းဆိုသူ၏ လျှောက်လဲခြင်း ကောင်းလှသည့်အတွက်ကြောင့် လိမ်လည်မှုမြင်ဘဲ ရာဇဝတ်အပြစ်ဒဏ်မှ ချမ်းသာခွင့် ရခဲ့၏။

အဆိုပါ ဝတ်လုံတော်ရ ဦးတင်ထွန်းဆိုသူမှာ မောင်ဘဟန်၏ ချစ်ခင်ရင်းနှီးသော မိတ်ဆွေတစ်ယောက်ဖြစ်ရကား စိန်စိန်သည် မိမိဖခင်ကို လိမ်လည်သော ဦးဘိုးဆန်းကိုသာ စိတ်ဆိုးသည်မဟုတ်၊ လျှောက်လဲပေးသော ဝတ်လုံဦးတင်ထွန်းကိုလည်း စိတ်ဆိုးနေ၏။ ဦးတင်ထွန်းကို မိတ်ဖွဲ့ထားသော မောင်ကလေး မောင်ဘဟန်ကိုလည်း စိတ်ဆိုးနေသေး၏။ သို့ဖြစ်၍ တစ်နေ့သ၌ မိသားဘတ်စုတို့သည် လက်ဖက်ရည်ပွဲ၌ ထိုင်ကြစဉ်...

'တော်စမ်းပါကွယ် မင့် ကိုတင်ထွန်းအကြောင်းကို တန်စမ်းပါ၊ လူကိုတော့ ငါမမြင်ဖူးပါဘူး။ နို့ပေမဲ့ လူယုတ်မာတစ်ယောက်ကို လွှတ်အောင် ဆောင်ရွက်ပေးတဲ့လူဟာ မြင့်မြတ်တဲ့စိတ်သဘောထားရှိတယ်လို့ ဘုရားကို မျိုချပြောတောင် ငါမယုံနိုင်ဘူးဟေ့'

'ခက်နေပါပြီမမရယ်။ ဒီလိုသာဖြင့် ကျွန်တော်တောင် ရှေ့နေလုပ်စားဖို့ ခက်နေပြီကော။ ကိုယ့်အမှုသည်ကိုတော့ ကိုယ်လွတ်အောင် ကြံဖန်ပြီး လျှောက်လဲရတာမျိုးကို မမရဲ့'

'ကိုယ့်လူလွတ်ရင် ပြီးရော၊ တစ်ဖက်သားတော့ ဘယ်လိုနေနေလား'

'တစ်ဖက်သားက သူ့ကိုပိုက်ဆံပေးတာ မဟုတ်ဘူး မမရဲ့၊ သူ့အမှုသည်က ပေးတာ'

'ဒါကို ငါ နားလည်ပါတယ်။ နို့ပေမဲ့ သူပြောတဲ့ စကားက ကောင်းခဲ့လားကွယ့်။ နားထောင်စမ်း သူ့လျှောက်လဲချက်ကို ငါဖတ်ပြမယ်'

၎င်းနောက် စိန်စိန်သည် ထိုင်ရာမှထသွား၍ အင်္ဂလိပ်သတင်းစာဆောင်း

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဖိုင်တွဲကို ယူခဲ့ပြီးလျှင် ဦးဘိုးဆန်း၏အမှုတွင် ဝတ်လုံဦးတင်ထွန်း၏ လျှောက်ထ
ချက်မှ ကောက်နုတ်ချက်တစ်ခုကို ဖတ်ကြလေရာ အစိပ္ပာယ်မှာ အောက်ပါအတိုင်း
ဖြစ်၏။

"ဦးဘိုးဆန်း တည်ထောင်သော ကုမ္ပဏီတွင် မသိနားမလည်သော
လူရိုးလူကောင်းများသည် အစုရှယ်ယာများ ဝယ်ယူမိသဖြင့် နစ်နာဆုံးရှုံး
ခြင်း ခံကြရသည်ကား မှန်ပါသည်။ သို့ရာတွင် တရားခံ ဦးဘိုးဆန်း၌
အပြစ်ရှိခဲ့လျှင် ၎င်းနှင့်အတူ လုပ်ဖော်ကိုင်ဖက်ဖြစ်သော ဒါရိုက်တာ
လူကြီးများ၌ အပြစ်တာဝန် မကင်းသည်မှာလည်း မှန်ပါကြောင်း။"

စိန်။ ။(သတင်းစာဖိုင်ကို ပစ်ချလျက်) 'ကြည့်စမ်းပါဦး၊ ပြောရက်လိုက်တာ
အစိပ္ပာယ်က ဘာလဲဆိုတော့ သူ့တရားခံဦးဘိုးဆန်းသာလျှင် သူခိုးဖြစ်
သည်မဟုတ်၊ ဖေဖေနှင့်တကွ ဒါရိုက်တာလူကြီးတွေ တစ်ဖွဲ့လုံးဟာလည်း သူခိုး
တွေချည်းပဲတဲ့တော့။ ဖေ့ဖေ့ကို ဒီလိုပြောရက်တဲ့ လူတစ်ယောက်ကို မင်းက အရွေး
ခင်ပွန်းကောင်းဆိုလို့ ငါဘယ့်နှယ်လုပ်ပြီး ထောက်ခံနိုင်မလဲကွယ့်'

ထိုအခါ မောင်ဘဟန်သည် ဖခင်ဦးသာဖံအား လှမ်းကြည့်လိုက်ရာ
ဦးသာဖံမှာ မျက်စိကိုစုံမှိတ်၍သာ ထိုင်နေလေ၏။

ဟန်။ ။'ဒါမတော့ မမရယ်၊ ရှေ့နေဆိုတာမျိုးဟာ ကိုယ့်အမှုသည်လွတ်အောင်
ဟာ...'

စိန်။ ။'တန်ပေ့ မောင်ဟန်၊ တန်တော့။ မင်းဥစ္စာမင်း ပေါင်းချင်ပေါင်း၊ သင်
ချင်သင်း။ မင်းအရှက်မရှိလို့ မင်းလုပ်တာကို ငါ ဘာမှမပြောလိုဘူး
သို့သော် ဘုရားကိုးဆူပူဇော်တဲ့နေ့မှာ မင့်လူကို ငါတို့အိမ်ကို ခေါ်လာခဲ့လျှင်
မင်းကို ငါက တစ်သက်လုံး ဘယ်တော့မှ မကျေတော့ဘူး မှတ်လိုက်ပေ့။ ဖေဖေ
ကတော့ ဘုရားနဲ့တရားနဲ့မို့လို့ သဘောထားကြီးလျှင် ကြီးပေလိမ့်မယ်။ ငါတော့
ဒီလောက်သဘောမကြီးနိုင်ဘူးမောင်၊ မခေါ်ခဲ့နဲ့'

ဟန်။ ။'ကုသိုလ်ရေးအတွက် အလုပ်လုပ်ကြတဲ့အခါမှာ...'

စိန်။ ။'ဟေ့ တော်ပြီကွယ်၊ ကုသိုလ်ရေးမကလို့ မဂ်ဖိုလ်နိဗ္ဗာန်ကို အရှင်လတ်လတ်
ရောက်ပစေ မခေါ်ခဲ့နဲ့။ သူ့ကိုခေါ်လာလျှင် အိမ်မှာငါမနေဘူးမှတ်ထား
ဒီလူနဲ့ တစ်မိုးတည်း၊ တစ်ယံတည်း မနေဘူးလို့ သစ္စာကို ပြုထားတယ်။ ကြား
ရဲ့လား။ ငါ့စိတ်ထဲမှာ အမှန်ပြောရလျှင် ဦးဘိုးဆန်းထက် မင့်လူက ဆိုးသေးတာ
နားလည်လား'

ဟန်။ ။'ဒီလိုပါ မမရယ်...'



စိန်စိန်သည် မောင်ဘဟန်၏ စကားကိုဆုံးအောင် နားမထောင်တော့ဘဲ
ထွက်မှ ထသွားမည်ပြုလေရာ မောင်ဘဟန်က ဖမ်းယူပွေ့ချီ၍ အထက်တွင် ဖော်
ပြခဲ့သည့်အတိုင်း ပြုမူခဲ့ခြင်း ဖြစ်လေသည်။

❖

ထိုနေ့ညနေ၌ မောင်ဘဟန်မရှိခိုက်တွင် ဦးသာဖံသည် သမီးစိန်စိန်နှင့်
အခန်းထဲတွင် တွေ့ဆုံ၍ ပြောပြသည်မှာ...

ဖံ။ ။'ဒါထက် သမီးရယ်၊ မောင်တင်ထွန်းအကြောင်းကို မောင်ဘဟန်ကို သိပ်
ပြီး မပြောပါနဲ့ သမီးရယ်။ အမှန်အတိုင်းဆိုလျှင် မောင်တင်ထွန်းဟာ
လူကောင်းကလေးတစ်ယောက်ပါပဲကွယ့်။ ဖေဖေနဲ့လည်း တွေ့ဖူးပါတယ်'

ထိုအခါ စိန်စိန်သည် မည်သို့မျှပြန်မပြောဘဲ အံ့သြသောမျက်နှာနှင့် ဖခင်
ကို ငေးကြည့်နေလေ၏။

ဖံ။ ။(စကားစွဲကိုဖြတ်၍)'သမီးရေ... ဒါထက် ဒီညနေမင်းကတော် ဒေါ်မြစိန်
တို့ သားအမိတစ်စု လာကြလိမ့်မယ်ဟေ့။ ညစ်ခံဖို့ စီမံထားနော်။ ဘာများ
လိုသေးမလဲဟေ့'

စိန်။ ။'ဒီကနေ့ညနေ ဒေါ်ကြီးကြီးဖို့ ကျွန်မထိုးထားတဲ့ ခြံစောင်ကလေးကို
ကိုယ်တိုင်သွားပို့မလို့။ မောင်ဟန်နဲ့ ညစ်ခံရစ်ကြပါတော့ ဖေဖေ'

ဖံ။ ။'ကျော်မြကို လွှတ်ပြီး ပို့ခိုင်းလိုက်ပါတော့လား သမီးရယ်'

စိန်။ ။'ကျွန်မကိုယ်တိုင် လက်နဲ့ကိုင်ပြီး ပေးရမှ ကျွန်မကျေနပ်နိုင်မယ် ဖေဖေ။
ကျွန်မ သဘောကို ဖေဖေသိသားပဲ'

ထိုအခါ ဦးသာဖံမှာ တစ်စုံတစ်ခုပြုမည်ဟု ဆုံးဖြတ်ထားလျှင် မပြုရဘဲ
မနေနိုင်တတ်သော သမီးစိန်စိန်၏ သဘောကိုသိပြီးဖြစ်သည်နှင့် ထပ်မံတားဆီး
ခြင်း မပြုဘဲနေလိုက်လေတော့၏။

ထိုနေ့ညနေ၌ စိန်စိန်သည် မော်တော်ကားကို ကိုယ်တိုင်မောင်းသွားမည်
ဖြစ်၍ အိမ်ရှေ့တွင် ရပ်ထားစေ၍ အထုပ်ကလေးတစ်ထုပ်ကိုပိုက်ကာ အိမ်ပေါ်မှ
ဆင်းလာသောအခါ တင်းနစ်ရိုက်ရာမှ ပြန်လာသော မောင်ဘဟန်နှင့် အိမ်ရှေ့တွင်
တွေ့ဆုံမိကြလေ၏။ ထိုခဏ၌ အထက်ကောင်းကင်တွင် မိုးတိမ်များဖြင့် တစ်မိုး
လုံး ညို့မှိုင်း၍ လေကလေးလည်း တဖြူးဖြူး တသုတ်သုတ် တိုက်ခတ်စပြုလေ
လေ၏။

ဟန်။ ။'ဘယ့်နှဲ့လဲမမ၊ မိုးတွေလေတွေ ဆင်နေတဲ့အထဲမှာ ဘယ်ကိုများသွားဦး
မလို့တုံး'

www.burmeseclassic.com



စိန်။ ။'ဒေါ်ကြီးကြီးတို့အိမ်ကို သွားမလို့'

ဟန်။ ။'မတော်ကာပဲမမရယ်... လေတွေထဲမှာ'

စိန်။ ။'ကားပါ လွင့်သွားအောင် မတိုက်နိုင်ပါဘူးကွယ့်။ တိုက်ချင်လည်းတိုက်သာတောင် မြန်မြန်ရောက်သေး'

ဟန်။ ။'မဟုတ်တာဗျာ။ ဒါဖြင့် ကျွန်တော်လိုက်ပို့မယ်'

စိန်။ ။'မောင်မင်းကြီးသား ရှိပါစေ'

စိန်စိန်လည်း ကားနှင့်ထွက်လာခဲ့လေ၏။

အနည်းငယ်သွားမိလတ်သော် လေသည် တဖြူးဖြူးတိုက်ခတ်[illegible] တစ်ခဏထက်တစ်ခဏ ပြင်းထန်လာခဲ့ရာ ဝင်ဒါမီယာလမ်း(သံလွင်လမ်း)[illegible] ကျော်လွန်၍ ပြည်လမ်းမကြီးပေါ်သို့ ရောက်လာသောအခါ၌မူကား မုန်တိုင်း[illegible] ကျနေ တိုက်ခတ်နေသော အခြေအနေသို့ ရောက်နေခဲ့လေပြီ။ သို့နှင့်လည်း မလုံသေး၊ တဖြည်းဖြည်း တိုး၍ပြင်းတုန်းပင် ရှိနေတော့၏။ ထိုနေရာ၌မူ စိန်စိန်မှာ အိမ်သို့လှည့်ပြန်ရန်လည်း အခက်၊ ရှေ့သို့ဆက်လက်မောင်းနှင်ရန်လည်း မလွယ်ကူဘဲ ရှိနေလေတော့၏။

လေမှာ အလွန်အမင်းပြင်းထန်လာသဖြင့် လမ်းတစ်ဖက်တစ်ချက်၌[illegible] သော သစ်ပင်ကြီးများသည် လမ်းပေါ်တွင် ပေါင်းကူးတော့မည်ကဲ့သို့ သစ်ကိုင်း[illegible] ချင်း ထိယှက်တော့မတတ် ရှိနေရာ တစ်ခါတစ်ရံ တဂျိုးဂျိုး၊ တဂွင်းဂွင်းမြည်သည့် ကျိုးသံ၊ ပဲ့သံ၊ လဲသံများကိုလည်း ကြားရသေး၏။ ထိုအတွင်း၌ မိုးချုန်းသံများ သည်လည်း သစ်ကိုင်းကျိုးသံများနှင့် ရောယှက်ကာ နားပွင့်မတတ် တရ[illegible] မီးပွင့်လင်းလျက် ရှိနေလေတော့၏။ မိုးပေါက်တို့သည် တောင်တစ်စက်၊ မြောက် တစ်စက် ကျရာမှ တစ်ခဏထက်တစ်ခဏ သည်းထန်လာခဲ့ရာ နောက်ဆုံး[illegible] လေသံ၊ မိုးချုန်းသံ၊ သစ်ပင်များ ကျိုးသံတို့နှင့်အတူ ကားမိုး၌ မိုးသီးပေါက်[illegible] ထိမှန်သောအသံတို့ကြောင့် တဖြောင်းဖြောင်း၊ တဖြန်းဖြန်း၊ တဂျွမ်းဂျွမ်း၊ တ[illegible] ဒိန်းရှိနေပေတော့၏။

ထိုအခါ၌ကား နေဝင်ပြီဖြစ်သောကြောင့် လျှပ်စီးများ ရပ်စဲသည့်အခိုက်[illegible] တွင် လမ်းမှာတတ်မီးရောင်ဖြင့် လင်းနေထိုက်သည်မှန်၏။ သို့ရာတွင် ဓာတ်ကြိုး[illegible] ပြတ်သတ်ကုန်သည့်အတွက်ကြောင့် လျှပ်များ စဲသည်နှင့်တစ်ပြိုင်နက် မှောင်[illegible] အတိမည်းလျက် ရှိနေလေတော့၏။

စိန်စိန်မှာ သတ္တိကောင်းသော မိန်းမတစ်ယောက်ပင်ဖြစ်လင့်ကစား[illegible] ကြောက်အား ပိုလာခဲ့လေပြီ။ ဒေါ်ကြီးကြီး၏ နေအိမ်မှာ ၈ မိုင်ခရီးတွင် ရှိလေ[illegible]



[illegible]စိန်မှာ လမ်းတစ်ဝက်ကျော်ကျော်မျှ ရောက်နေပြီဖြစ်သော်လည်း မည်သည့် [illegible]ရာ၌ ဆိုက်ရောက်နေသည်ကို မခန့်မှန်းနိုင်အောင် ရှိနေလေတော့၏။ ပြည်လမ်း [illegible]ပေါ်၌ ကားတစ်စီးမျှလည်း မတွေ့၊ ခြေကျင်ခရီးသည်တစ်ယောက်မျှလည်း [illegible]တွေ့၊ လူအသွားအလာ လုံးလုံးရပ်စဲလျက် ရှိနေခဲ့လေပြီ။

စိန်စိန်မှာ မောင်ဘဟန်ကို မခေါ်ခဲ့မိသည့်အတွက် မှားချေပြီဟု နောင်တ [illegible]သည်နှင့်တစ်ပြိုင်နက် မော်တော်ကားသည် တစ်စုံတစ်ခုသော အရာဝတ္ထုကို [illegible]သည်နှင့်ဒိုင်းခနဲ မြည်သွားပြီးလျှင် လက်ယာဘက်သို့ ထိုးသွား၍ ဒိန်းခနဲ [illegible]ကာ ရပ်တန့်သွားလေတော့၏။ စင်စစ်သော်ကား တာယာတစ်လုံးကွဲသွား [illegible] တစ်ဖက်သတ် ကွေ့ထိုးကာ အုတ်ဝင်းထရံ တစ်ခုနှင့် ဝင်တိုက်မိခြင်း [illegible]လေ၏။

စိန်စိန်သည် ကားပေါ်မှဆင်း၍ အခြေအနေကို ကြည့်ရှုရာ ဝင်းတံခါးတစ် [illegible] မြင်သည်နှင့် အရဲစွန့်ကာ ဖွင့်ဝင်သွားလေ၏။ ဝင်းထဲ၌ကား အိမ်ကြီးတစ် [illegible]င်တည်ရှိ၍ တစ်ခုသော မှန်ပြတင်းပေါ်မှ မီးရောင်တလက်လက်ထွက်နေ [illegible]ကို မြင်သည်နှင့် တံခါးကိုခေါက်ရာ မြန်မာမိန်းမကြီးတစ်ယောက်က ဖွင့် [illegible]လေ၏။ စိန်စိန်က အဖြစ်အပျက် ပြောပြ၍ ခေတ္တတည်းခိုခွင့်တောင်းသောအခါ [illegible]ကြီးသည် စိန်စိန်၏ ရွှဲရွှဲစိုသော အဖြစ်ကို ကရုဏာဖြစ်ဟန်နှင့် အိမ်တွင်း [illegible]ဘ်ခေါ်သွားလေ၏။

ထို့နောက် မိန်းမကြီးသည် စိန်စိန်ကို ဧည့်ခန်းဝတွင်ထားခဲ့၍ ခြောက်သွေ့ [illegible]သော သရက်ထည်လုံချည်တစ်ထည်နှင့် အင်္ကျီများကို ယူခဲ့ပြီးလျှင် ရေချိုးခန်းသို့ [illegible]သွင်းသွားပြီးမှ လဲလှယ်စေ၏။ ထို့နောက်မှ ဧည့်ခန်းတွင် တွေ့ဆုံကြပြန်ရာ [illegible]ကြီးက အိမ်ရှင်မှာ မြန်မာလူပျိုကြီးဖြစ်ကြောင်း၊ မိမိ၏ ၎င်း၏ အဒေါ်ဖြစ်၍ [illegible]ဆောင့်ရှောက်နေရကြောင်း၊ အစေခံများမှာ မြို့ထဲသို့သွားနေခိုက်ဖြစ်ကြောင်းနှင့် [illegible]လေ၏။ အဒေါ်ကြီးသည် အိမ်ရှင်ဖြစ်သော တူမောင်အား "လူကလေး" ဟု [illegible]ခေါ်ပြောဆိုနေသောကြောင့် အိမ်ရှင်၏အမည်သည် ဦးလူကလေးဟူ၍ စိန်စိန် [illegible]ဘ်ထင်မိ၏။ ယင်းသို့ စကားပြောနေစဉ် အခန်းတစ်ခန်းမှ ယောကျ်ားဘင် [illegible]ဘက်၏ မျက်နှာကို ရိပ်ခနဲမြင်လိုက်ရလေရာ ထိုလူသည် စိန်စိန်နှင့် မျက်နှာချင်း [illegible]မိသည်နှင့်တစ်ပြိုင်နက် တံခါးကိုပိတ်ကာ ကွယ်ပျောက်သွားလေ၏။

၎င်းနောက် စိန်စိန်မှာ အိမ်သို့ပြန်ရန် နည်းလမ်းကို မိန်းမကြီးနှင့်တိုင်ပင် [illegible]ရာ ထိုညဉ့်အဖို့ ပြန်ရန်နည်းလမ်း မမြင်သည့်ပြင်၊ လေမုန်တိုင်းကြောင့် တယ် [illegible]ကြိုးများ ပြတ်နေသဖြင့် မိဘများထံသို့ မိမိရှိရာ အရပ်ကိုပင် အကြောင်း [illegible]ဖို့ ခဲယဉ်းကြောင်း သိရှိရသဖြင့် များစွာတုန်လှုပ်ထိတ်လန့်မိနေ တော့၏။

www.burmeseclassic.com



စိန်။ ။'တစ်ဆိတ်လောက် ကြံပေးပါဦးရှင်၊ လူပျိုကြီးတစ်ယောက်ရဲ့အိမ်မှာ ကျွန်မ ညအိပ်လို့ ဘယ့်နယ်တော်နိုင်ပါ့မလဲ'

ဒေါ်။ ။'လူပျိုကြီးပေမဲ့ အဒေါ်ရှိသားကပဲ တူမရယ်'

တစ်ခဏကြာလတ်သော် အဒေါ်ကြီးသည် အခန်းမှခေတ္တထွက်သွား၍ တစ်ဖန်ပြန်ဝင်လာသောအခါတွင် အိမ်ရှင်တူမောင်က ညစာစားဖို့ ဖိတ်ကြားလိုက်ကြောင်းနှင့် ပြောဆိုခေါ်ငင်လေ၏။

ထိုအချိန်၌ကား စိန်စိန်မှာ အတော်ပင်ဆာလောင်မွတ်သိပ်နေပြီဖြစ်သောကြောင့် ဝတ်မရှက်ဟူသော စကားဒရ သရက်ထည်လုံချည်ကလေးဖြင့် ရှိုးတိုး ရှန့်တန့်နှင့် လိုက်ပါသွားလေ၏။

စားပွဲခန်းသို့ ရောက်သောအခါ ရှပ်အင်္ကျီလက်ပင့်နှင့် ထားဝယ်လုံချည် ဘစ်ပတ်နွမ်းကို ဝတ်ဆင်ထားသောလူတစ်ယောက်သည် ထိုင်ရာမှထ၍ အိမ်ရှင်ကဲ့သို့ ခရီးဦးကြို ဧည့်ခံလေရာ ထိုသူမှာ အသက် ၃၀ ကျော်ရုံမျှသာရှိ၍ လူရုပ်လူရည် သနားကမားရှိသည်ဟု စိန်စိန်က အကဲခတ်မိ၏။

အိမ်ရှင်။ ။'ကာယရှင် ကိုယ်တိုင်ကဖြင့် ဘယ်လိုများအောက်မေ့မယ်မဆိုနိုင်ဘူး။ ကျွန်တော်ကဖြင့် ယခုလိုသိရကျွမ်းရတဲ့အတွက် လေနတ်သားနဲ့ မိုးနတ်သား မောင်မင်းကြီးများကို ကျေးဇူးတင်နေမိပါတယ်'

စိန်။ ။'ကျွန်မတော့ အိမ်ပြန်ရောက်ချင်တာလောက် ရှိတာပဲ။ တစ်ဆိတ်လောက် တတ်နိုင်လျှင် ကူညီပါရှင်'

အိမ်ရှင်။ ။'စိတ်ချပါ၊ တတ်နိုင်သမျှ ကူညီပါမယ်။ အဒေါ်ကြီးပြောပြလို့ နေအိမ်က လူများကိုအကြောင်းကြားခိုင်းလိုက်ပါပြီ။ ကိုင်း... ကိုင်း ပူပူနွေးနွေးသုံးဆောင်ပါဦး၊ ကျွန်တော်တော့ ပြီးပါပြီ'

စိန်စိန်သည် ကောင်းမွန်စွာ ချက်ပြုတ်ပြင်ဆင်ထားသော မြန်မာဟင်းလျာများကို မြိန်ရှက်စွာ စားသောက်လေ၏။ စိန်စိန်သည် ထိုလူ၏အလုပ်အကိုင်ကို စုံစမ်းမေးမြန်း၍ ဝတ်လုံတစ်ယောက်ဖြစ်ကြောင်း သိရသောအခါ ဝတ်လုံ ကိုတင်ထွန်းဆိုသူ အကြောင်းကို တီးခေါက်စုံစမ်းပြန်လေ၏။

အိမ်ရှင်။ ။'သိပြီလားဗျာ။ ကျွန်တော့်မိတ်ဆွေကြီးပေါ့၊ ခင်ဗျားရဲ့ မေးပုံလေသံ နားထောင်ကြည့်ရတာ သူ့ကို သဘောကျဟန် မတူဘူး။ သူကတော့ ခင်ဗျားကို အင်မတန်သဘောကျနေတာကပဲ'

စိန်။ ။'သူနဲ့ရှင်နဲ့ ကောင်းကောင်းကျွမ်းပါသလား'

အိမ်ရှင်။ ။'ကျွမ်းဆို ဘာပြောဖို့ ရှိသလဲ၊ တင်ထွန်းဆိုတာ အခြားလူဟုတ်ရိုးလား ကျွန်တော်ပဲကိုး'



စိန်။ ။(အံ့သြစွာနှင့်)'ဒါဖြင့် ဦးလူကလေးဆိုတာ ညာတာပေါ့'

ထွန်း။ ။'မညာပါဘူး အဒေါ်ကြီးက ကျွန်တော့်ကို လူကလေးလို့ခေါ်နေကျမို့ပါ'

ထိုအခါ စိန်စိန်သည် စားပွဲမှရုတ်တရက်ထ၍ ပြန်တော့မည်ပြုလေ၏။

ထွန်း။ ။'ဘယ်ကိုလဲ'

စိန်။ ။'အိမ်ပြန်မလို့ပေါ့'

ထွန်း။ ။'မိုးကြီးထဲမှာ ဘယ့်နယ်လုပ် ပြန်မှာလဲ'

စိန်။ ။'မိုးပုဆိန်ရွာပစေ၊ ကျွန်မ ပြန်မယ်'

ထွန်း။ ။(ရှေ့မှဆီးလျက်)'ဒီမိုး ဒီလေထဲမှာပြန်လို့ ဘယ်နည်းနဲ့မှ ခင်ဗျား အိမ်မရောက်နိုင်ဘူး။ မလုပ်ပါနဲ့၊ မတော်ပါဘူး စိန်စိန်'

စိန်။ ။'ရောက်ချင်ရောက်၊ မရောက်ချင်နေ။ ရှင့်အပူတစ်ပြားသားမှ မပါဘူး။ ရှင်နဲ့တစ်မိုးတည်း၊ တစ်ယံတည်း နေမယ့်အတူတူ ကျွန်မအသက်ကို အသေခံမယ်။ ရှင်ဟာလူမိုက်၊ လူယုတ်မာတစ်ယောက်ကို ထောင်မကျအောင် ညာပြီး လွှတ်ပေးတဲ့အပြင် ကျွန်မအဖေကိုလည်း ရှင်စော်ကားတဲ့လူပဲ။ ရှင့်ကို ရွံလည်းရွံ မုန်းလည်းမုန်းတယ်'

ထွန်း။ ။'ခင်ဗျားမုန်းတာ၊ ရွံတာကို ဂရုမစိုက်ပါဘူး။ နို့ပေမဲ့ ခင်ဗျား ဒီအိမ်က ထွက်သွားဖို့ ကျွန်တော် ခွင့်မပြုနိုင်ဘူး'

စိန်။ ။'ကျွန်မက ဇွတ်အတင်းထွက်သွားရင်ကော'

ကိုတင်ထွန်းလည်း ဆိတ်ဆိတ်စဉ်းစားလျက်ရှိ၏။

စိန်။ ။'တစ်ဆိတ်လောက် ဖယ်ပေးပါရှင်၊ ကျွန်မ သွားပါမယ်'

ထွန်း။ ။(ကုလားထိုင်ကို လက်ညှိုးညွှန်လျက်)'ခင်ဗျား သွားမယ်ဆိုရင်တော့ သွားတာပေါ့။ သို့သော် မသွားခင် ဟောဟိုကထိုင်ပြီး ကျွန်တော်ပြောစရာ ရှိတဲ့ စကားကို နားထောင်သွားပါဦး'

စိန်။ ။'ရှင်က ဘာပြောပြော ကျွန်မစိတ်ကို ပြောင်းလဲအောင် ရှင် မတတ်နိုင်ပါဘူး'

ထွန်း။ ။'ပြောင်းတာမပြောင်းတာ အပထားပြီး ကျွန်တော့်စကားကို နားထောင်သွားပါဦး။ နောက်ဆုံးမှာ တားမရလို့ သွားလျှင်လည်း ကျွန်တော်လိုက်ပို့မှာပေါ့'

စိန်။ ။'ကျွန်မသွားရင် ဘယ်သူမှလိုက်မပို့ပါနဲ့။ တစ်ယောက်တည်း သွားပါမယ်'

ထွန်း။ ။'ဒါကတော့ သဘောပေါ့။ သို့သော် မသွားခင် ဦးဘိုဆန်းအမှုနဲ့ပတ်

www.burmeseclassic.com



သက်ပြီး ခင်ဗျားမသိသေးတဲ့အချက်ကလေးများကို ကျွန်တော် ပြောပြ လိုက်ပါရစေ'

ထိုအခါ စိန်စိန်လည်း ခပ်ဆိုင်းဆိုင်းလုပ်နေရာမှ ကုလားထိုင်တွင် ပြန်၍ ထိုင်လေ၏။ ကိုတင်ထွန်းသည် မျက်နှာချင်းဆိုင် ကုလားထိုင်တွင် ထိုင်၍ ဆေး ပြင်းလိပ်တစ်လိပ်ကို မီးညှိပြီးလျှင် ခပ်လေးလေးဆွဲလျက် သောက်ရှုနေသေး၏။ နောက်ဆုံး၌...

ထွန်း။ ။'တရားခံ ဦးဘိုးဆန်းဆိုတာက ကျွန်တော်နဲ့ညီအစ်ကို အရင်းခင်ဗျ'

စိန်။ ။(အံ့သြသောမျက်နှာထားနှင့်)'ကြားဖူးပေါင်ရှင်'

ထွန်း။ ။'လူတော့ဖြင့် မသိကြဘူး၊ သို့သော် ကျွန်တော့်ရဲ့အစ်ကို အရင်းခေါက် ခေါက်ပါ ခင်ဗျာ၊ သူနဲ့အမျိုးတော်ရတာ ကျွန်တော့်မှာ ဂုဏ်ရောက်စရာ မဟုတ်ပါဘူး။ သို့သော် မခေါ်ရင်သာ နေရတယ်၊ မတော်ချင်လို့ မနေရဘူးဆိုတဲ့ စကားလို လူလိမ်လူကောက်မှန်း သိသော်လည်း အစ်ကိုအရင်းကို ကျွန်တော် မပစ်ပယ်နိုင်အောင် ဖြစ်ရပါတော့တယ်။ တစ်ကြောင်းမှာလည်း သူ့ရဲ့သမီး ကျွန် တော့်ရဲ့တူမကလေးဟာ ယခုအခိုက်အတန့်မှာ ဒီအိမ်အတွင်းမှာ ရှိနေပါတယ်'

စိန်။ ။'အခုလေ'

ထွန်း။ ။'မှန်ပါတယ်၊ ဖခင် ဘယ်လိုဆိုးသော်လည်း အင်မတန်ချစ်ခင်လာခဲ့တဲ့ သမီးဖြစ်လေတော့ အဖေကြီးထောင်ကျလို့ရှိရင် သူ့ခမျာမှာ ရှူးရှန့်မိနေ တော့မလို ဖြစ်နေရှာပါတယ်'

စိန်။ ။'အို'

ထွန်း။ ။'စိန်စိန်က ကျွန်တော့်ကိုမုန်းနေတယ်ဆိုတာ ကျွန်တော် ရိပ်မိပါတယ်။ သို့သော်လည်း ကျွန်တော့်မှာ တူမကလေးရဲ့မျက်နှာကိုထောက်ညှာပြီး ဘယ်သူက မုန်းမုန်း၊ ဘယ်သူက ရွံရွံ၊ ကလေးမရဲ့ဖခင်ကို ထောင်ကလွတ်အောင် ကျွန်တော် ကြိုးပမ်းခဲ့ရပါတယ်။ ယုံပါတော့၊ အစ်ကို့မျက်နှာကြောင့် မဟုတ်ပါ ဘူး။ တူမကလေးရဲ့ မျက်နှာကြောင့်ပါ စိန်စိန်'

စိန်။ ။'ဒီအကြောင်းကို ဘယ်သူမှမသိဘူးပေါ့'

ထွန်း။ ။'စိန်စိန့်ကို ယခု ကျွန်တော် ပြောပြခြင်းဟာ ပထမအကြိမ်ပြောခြင်းပါပဲ၊ ဒီပြင် ဘယ်သူမှ မသိပါဘူး'

စိန်။ ။'နို့ ကလေးမကလေးကောရှင်၊ ဘယ်မှာလဲ'

ထွန်း။ ။'သူ့အဖေအတွက် ရှက်လွန်းလို့ ရင်ကွဲနာကျမတတ်ဖြစ်နေရာက ယခု တော်တော်ကလေး သက်သာလာကာ ရှိပါသေးတယ်'



စိန်။ ။'ကျွန်မ စိတ်ဆိုးမိတဲ့အတွက် မှားပါပြီရှင်။ ဒီလိုဆိုရင် စိတ်မဆိုးဆိုးအင် ပေဘူးပေါ့၊ ကျွန်မကို အပြစ်လွှတ်ပါနော်'

ထွန်း။ ။'ကျွန်တော်က ကျွန်တော့်ကို အပြစ်လွှတ်နိုင်ပါ့မလားလို့ စိုးရိမ်နေတာန်း ရှိပါသေးတယ်'

စိန်။ ။'လွှတ်ပါတယ်ရှင်၊ ဒါထက် တူမကလေးကို တစ်ဆိတ်လောက် မတွေ့ရ ဘူးလား'

ထွန်း။ ။(ဦးခေါင်းကို ယမ်းခါလျက်)'မိန်းကလေးမှာတော့ ရှေ့လေးငါးဆယ်ရက် အတွင်းမှာ လူသူလေးပါးနဲ့ အတွေ့ခံနိုင်တဲ့ အခြေအနေမျိုးတောင် ရောက်မှရောက်နိုင်ပါ့မလား မဆိုနိုင်သေးဘူး'

❖

နောက်တစ်နေ့နံနက်၌ စိန်စိန်သည် အိမ်အောက်မှ ဆူသံပူသံများ ကြား သည်နှင့် အိပ်ရာမှလန့်နိုး၍ ပြတင်းပေါက်မှ ငုံ့ကြည့်လိုက်သောအခါ တက္ကစီ ကားဒိုင်ဘာနှင့် ဆိုက်ရောက်နေသော မောင်ဘဟန်ကို တွေ့မြင်ရလေ၏။ ၎င်းနောက် စိန်စိန်သည် အဝတ်များ လဲလှယ်၍ အိမ်အောက်ထပ်သို့ ဆင်းလာသောအခါ မောင်ဖြစ်သူနှင့် ဧည့်ခန်းတွင် ဆုံမိကြလေ၏။

ဟန်။ ။'ဘယ့်နှယ်လဲ မမ၊ ကိုတင်ထွန်းနဲ့ တစ်မိုးတည်း တစ်ယံတည်း မအိပ်နိုင် ဘူးဆို။ အခုတော့ သူ့အိမ်လာပြီး တည်းနေရပြီလား'

စိန်။ 'ကိုတင်ထွန်းအကြောင်း သိရလေတော့ ဟိုတုန်းက မမ ထင်ခဲ့သလောက် မဆိုးကြောင်း တွေ့ရပါပြီ မောင်ဟန်ရေ့'

ဟန်။ ။'ဒီလူက လူကောင်းတစ်ယောက်ပါမမရဲ့။ ညနေမှာ အိမ်ကို အလည်လာ ဖို့ ဖိတ်ခဲ့ရ မကောင်းဘူးလား'

စိန်။ ။'ငါက သူ့ကို ဖိတ်ထားပြီးပါပြီမောင်။ လာပါလိမ့်မယ်။ စိတ်သာချပါ'

ထိုခဏ၌ ကိုတင်ထွန်းသည် အပေါ်ထပ်မှဆင်းလာ၍ မောင်နှမနှစ် ယောက်တို့နှင့် နှုတ်ဆက်လေ၏။

ဟန်။ ။'ဘတော်ကြီးရော၊ မယ်တော်ကြီးရော စိန်စိန်အတွက် ပူကြလွန်းလို့ ဘခင် ညလုံး ယောက်ယက်ခတ်ပြီး ကျွန်တော့်ကို နှိုးလွှတ်လိုက်တာ... အောက်ရှိ လည်ပင်းတစ်တောင် ပြည့်နေကြရော့မယ်၊ မမခေါ်ပြီး ပြန်လိုက်ဦးမယ် ကိုတင်ထွန်းရေ့'

ထွန်း။ ။'ကော်ဖီ တစ်ခွက်စီတော့ သောက်သွားကြဦးလေ'

www.burmeseclassic.com

www.burmeseclassic.com



လူငယ်သုံးယောက်တို့သည် ကော်ဖီသောက်ရင်း စကားဆူညံစွာ ပြောဆိုလျက်ရှိကြရာ နောက်ဆုံး၌ ကိုတင်ထွန်းသည် ထိုနေ့ညနေတွင် နေအိမ်သို့ ဆက်ဆက်လာခဲ့ပါမည်ဟု ကတိထားလိုက်ပြီးနောက် မောင်နှမနှစ်ယောက်တို့လည်း ပြန်သွားကြလေ၏။

စိန်။ ။'ကိုတင်ထွန်းမှာ မွေးပေါက်ဖော် ဘယ်နှယောက်ရှိသလဲ၊ မောင်ဟန်'

ဟန်။ ။'နှမ ငါးယောက်ရှိတယ်။ သူအကြီးဆုံးပဲ။ ကျွန်တော်နဲ့ကျောင်းနေဖက်ပါ။ ကျွန်တော် အားလုံးသိပါတယ်'

စိန်။ ။'သူ့မှာ အစ်ကိုတစ်ယောက် မရှိဘူးလား'

ဟန်။ ။'ဘယ်က ရှိရမှာလဲ'

စိန်။ ။'သေချာရဲ့လား မောင်ဟန်'

ဟန်။ ။'သေချာပါတယ် မမ'

စိန်။ ။'ကိုဘိုးဆန်းကော ဘာလူမျိုးလဲ'

ဟန်။ ။'ဗေဒဘာရီစပ် ဆို ထင်ပါရဲ့'

စိန်။ ။'သူ့မှာ သားသမီးဘယ်နှယောက် ရှိသတဲ့လဲ'

ဟန်။ ။'၁၄ ယောက်တောင် ရှိသတဲ့ဗျ'

စိန်။ ။'ဟော့ မောင်ဟန်၊ တက္ကစီကို ရပ်ခိုင်းစမ်းကွယ်။ မင်းနဲ့ငါနဲ့ ခြေကျင်လျှောက်စမ်းကြရအောင်'

မောင်ဘဟန်လည်း ခိုင်းစေသည့်အတိုင်းပြုလုပ်၍ မောင်နှမနှစ်ယောက် လမ်းလျှောက်လာကြသောအခါ–

ဟန်။ ။'ဘာကိစ္စများလဲ မမရဲ့'

စိန်။ ။'ဒီကနေ့ညနေ အိမ်ကို မလာခဲ့ပါနဲ့လို့ ကိုတင်ထွန်းဆီကို လူလွှတ်ပြီး ပြောခိုင်းလိုက်စမ်း မောင်ဟန်'

ဟန်။ ။(မျက်လုံးများပြူးလျက်)'ဘာကြောင့်လဲ မမရဲ့'

စိန်။ ။'ဘာကြောင့်ဆိုတော့ မင်းလူဟာ လူလိမ်ကြီးကွယ့်။ အင်မတန် ပလီပလာတတ်နိုင်တဲ့လူပဲ'

၎င်းနောက် စိန်စိန်သည် ယမန်ညဉ့်က အဖြစ်အပျက်များကို မောင်ဘဟန်အား ပြောပြလေ၏။

ဟန်။ ။'မှန်တယ် မမ၊ သူ ပလီတာတော့ အမှန်ပဲ၊ သူ့မှာ အစ်ကိုတစ်ယောက်မှ မရှိဘူး။ မိုးထဲလေထဲမှာ မမ ဓွတ်အတင်းပြန်မှာ စိုးလေတော့ ကြံဖန်ပြီး လိမ်ပြောတာနဲ့ တူတာပဲ'



စိန်။ ။'ဘာကြောင့်လိမ်လိမ်၊ လိမ်တာကို ငါမကြိုက်နိုင်ဘူးကွယ်၊ ငါတော့ သိပ်ပြီး ရှုံတာပဲ'

ဟန်။ ။'ဒီပြင်ဟာ လိမ်တာတော့ ကျွန်တော် မပြောတတ်ဘူး။ ဖေဖေ့အကြောင်းကို သူပြောတာကတော့ အမှန်အတိုင်းပဲ'

ထိုအခါ စိန်စိန်မှာ နားမလည်နိုင်သော အမူအရာနှင့် ကြောင်တောင်တောင်ကြည့်နေလေ၏။

ဟန်။ ။'လိမ်တဲ့အထဲမှာ ကျွန်တော်တို့ဖေဖေ ပါတယ် မမရဲ့။ လက်ကျန်စာရင်းတွေကို လိမ်ပြီးဖော်ပြတဲ့အထဲမှာ ဖေဖေလည်း အလိုတူ အလိုပါပဲတဲ့၊ ဦးဘိုးဆန်းနဲ့အတူတူ တရားခံတစ်ယောက်အဖြစ်နဲ့ အစစ်အဆေးမခံရခြင်းဟာ ဖေဖေကံကောင်းလို့ သက်သက်ပဲဗျ'

စိန်။ ။(ပြင်းစွာ တုန်လှုပ်လျက်)'ဒါတွေ အမှန်အတိုင်းပဲလား မောင်ဟန်'

ဟန်။ ။'အမှန်အတိုင်းပေါ့ဗျ၊ ဦးဘိုးဆန်းကို ချုပ်ထားစဉ်က ဝတ်လုံကိုတင်ထွန်းက အချုပ်ခန်းထဲသွားပြီး တွေ့တော့ ဦးဘိုးဆန်းက ဘယ်လိုပြောလိုက်သလဲဆိုတော့ သူအပြစ်ရခဲ့လို့ရှိရင် သူတစ်ယောက်တည်းတော့ မခံဘူးတဲ့၊ ဖေဖေပါ အပြစ်ရအောင် အကုန်လုံး ဖွင့်ပြီးပြောပစ်မယ်တဲ့။ ဒီအကြောင်းကို ကိုတင်ထွန်းက ကျွန်တော့်ကိုလာပြီး ပြောပြတယ်။ ဖေဖေ့ကိုတော့ ကျွန်တော်တို့ ပြောမပြကြဘူး မမရဲ့'

စိန်။ ။'နေပါဦးကွယ်၊ ကိုတင်ထွန်းက ဘယ်လိုအကြောင်းကြောင့် ဒီလောက်တာဝန်ယူပြီး အလုပ်လုပ်တာတဲ့လဲ'

ဟန်။ ။'အမှန်အတိုင်း ဖွင့်ပြောရမှာဖြင့် လွန်ခဲ့တဲ့တစ်နှစ်လောက်က မောင်သိန်းတင်နဲ့ မသန်းကြည်တို့ မင်္ဂလာဆောင်မှာ မမကို သူမြင်လိုက်ရဖူးကတည်းက သူ့စိတ်ထဲမှာ အစွဲကြီးစွဲနေတယ်ဆိုကပဲ။ မမကတော့ သူ့ကိုဂရုစိုက်ပြီး ကြည့်ဘောင်မကြည့်ခဲ့ဖူးဘူး။ အမှန်အတိုင်းကတော့ ဦးဘိုးဆန်းအပြစ်ရလျှင် ဖေဖေ့ကို သူဖော်မယ်၊ ဖော်လျှင် ဖေဖေပါ အပြစ်ရပြီး မမပါ အရှက်ကွဲမယ်။ ဒါကြောင့်မို့လို့ ဦးဘိုးဆန်းမလွတ် လွတ်အောင် သူဒီလောက် သဲသဲမဲမဲ ဆောင်ရွက်ပေးခဲ့တာတဲ့ မမရေ့'

စိန်။ ။'လက်စသတ်တော့ တူမကလေးကြောင့်လေး၊ ဘာလေးနဲ့ တောက်ဘီးတောက်တဲ့တွေ လျှောက်ပြောနေတာဟာ ငါ့ကိုသက်သက် တစ်ပတ်ရိုက်တာပေါ့လေ'

ဟန်။ ။'တစ်ပတ်ရိုက်ရိုက်၊ နှစ်ပတ်ရိုက်ရိုက် ကိုယ့်အဖေလွတ်တာသာ သိရင်းပေါ့လေ။ တိတ်တိတ်ပုန်း ကျိတ်ပိုးနေပြီး မှန်တဲ့အတိုင်း ဖွင့်မပြောခဲ့သို့

www.burmeseclassic.com



ပလီပလာ လျှောက်ပြောရတာတွေကို မမက ဇွေမယူချင်ပါနဲ့တော့ဗျာ'

စိန်။ ။'အစ်ကို အရင်းလေး၊ ဘာလေးနဲ့ ရှေ့နေပီပီ တော်တော်ပလီနိုင်တဲ့လူပဲ'

ဟာန်။ ။'နောက်တော့ မ ပလီအောင် ကြည့်ပြီးဆုံးမပေးတာပေါ့ မမရယ်'

ဒိန်။ ။'ဘာလဲ မင်းက အောင်သွယ်ပေးတာလား'

ဟာန်။ ။'မသွယ်ဝံ့ပါဘူးဗျာ၊ ခေါ်ခဲ့ဆိုမှ ခေါ်ခဲ့ပါမယ်။ ညနေတော့ ဘယ့်နှယ်လဲ မမ'

ဒိန်။ ။'ဖိတ်ထားမိတဲ့ လက်စနဲ့ လာပါစေတော့ကွယ်'

ဟာန်။ ။'ရွှေ့...'

[ကြီးပွားရေးမဂ္ဂဇင်း၊ ဇူလိုင်လ ၁၉၄၁]

■

# နဂါးခံတွင်း ဂူကြီး

အိပ်မက် မက်ပြီးနောက် နိုးလာသည့်အခါ "လက်စသတ်တော့ တကယ်မဟုတ်၊ အိပ်မက်ပါတကား" ဟု ဆင်ခြင်မိတတ်၏။ အဓိပ္ပာယ်ကား ယခင်တစ်ခဏအဖို့ တွေ့ကြုံခံစားခဲ့ရဖူးသော အဖြစ်အပျက် အခြင်းအရာများသည် စိတ်ထဲ၌ ထင်ရခြင်းများသာဖြစ်၍ အဟုတ်မဟုတ်၊ တကယ်မဟုတ်။ ယခု တွေ့ကြုံရသော အရာများသည်သာလျှင် အဟုတ်တကယ်၊ အမှန်စင်စစ်ဖြစ်သည်ဟု ဆိုလိုခြင်းဖြစ်၏။

သို့ပါသော်လည်း ထိုကဲ့သို့ မနိုးမီ အိပ်မက် မက်နေသော အခိုက်အတန့်အတွင်း၌မူကား ထိုအခြင်းအရာများသည် တကယ်ကဲ့သို့ပင် မိမိအား ထိတ်လန့်တုန်လှုပ်ခြင်း၊ ဝမ်းသာရွှင်မြူးခြင်းစသည်ဖြင့် ဖြစ်စေနိုင်သော အစွမ်းသတ္တိရှိ၏။ အိပ်မက်ဖြစ်လေသလောဟူသော စိတ်ကူးပင် မပေါ်ပေါက်ခဲ့ချေ။ အိပ်မက် မက်နေဆဲအခိုက်တွင် ထိုသူအဖို့၌ အဟုတ်တကယ်နှင့် လုံးဝခြားနားခြင်းမရှိချေ။

ကောက်နုတ်ချက် ထုတ်လိုက်သော် အကြင်သူ၏စိတ်ကို ဝမ်းနည်းခြင်း သို့မဟုတ် ဝမ်းသာရွှင်မြူးခြင်း ဖြစ်စေသည့်ကိစ္စ အဟုတ်တကယ် ဖြစ် မဖြစ်သည် အရေးမကြီး၊ စိတ်က မှတ်ထင်မှုသည်သာလျှင် လိုရင်းဖြစ်သည်ဟု ဆိုရပေလိမ့်မည်။

ဤဘဝမှ ကွယ်လွန်၍ အခြားသော ဘဝတစ်ခုတွင် ဥပပါတ်ပဋိသန္ဓေဖြင့် ပွားခန်းဖြစ်ပေါ်လာပြီးလျှင် လွန်ခဲ့သောဘဝကို (ဥပပါတ်ထုံးစံအတိုင်း) မှတ်မိ

www.burmeseclassic.com

www.burmeseclassic.com



သည်ဆိုကြ၍အံ့၊ အများတို့က ငါသည် မည်သည့်ဘဝမှ ရောက်လာသည့်ဟု စဉ်းစားမိတတ်သည်ဟူ၍ တွေးထင်ကြ၏။ ထိုကဲ့သို့ ဤဘုံ ထိုဘုံ၊ ဤဘဝ ထိုဘဝ ဟူ၍ မယူဆသော ပုဂ္ဂိုလ်တစ်ဦးမှာကား ငါသည် အိပ်မက်မက်၍ ယခုမှ နိုးလာတော့သည်ဟု မှတ်ထင်ဖွယ်ရှိ၏။ လွန်ခဲ့သော ဘဝကို အနီးအပါး၌ ယခု လှမ်းကြည့်၍ မမြင်နိုင်သဖြင့်လည်း ထိုအခြင်းအရာများသည် မိမိ၏ စိတ်ထဲ၌ ထင်မိခဲ့သော အိပ်မက်မျှသာ ဖြစ်သည်ဟု ယူဆဖို့ သာ၍လမ်းများ၏။ ထိုသူအဖို့၌ ယခင်အဖြစ်အပျက်များသည် အကယ်မဟုတ်၊ ယခု ကြားမြင်တွေ့ကြို သိနားလည်လျက်ရှိသော အခြင်းအရာများသည်သာလျှင် အဟုတ်တကယ် ဖြစ်တော့သည်ဟု ဆင်ခြင်မိပေလိမ့်မည်။

ဤတွင် လွန်ပြီးသော အဖြစ်အပျက်များသည် ထိုသူအဖို့၌ကား တကယ်ဟုတ်၊ မဟုတ် အရေးမကြီးတော့သည့်နည်းတူ လူခပ်သိမ်းတို့အဖို့မှာလည်း အဖြစ်အပျက် အခြင်းအရာတစ်ခုသည် တကယ်ဟုတ် မဟုတ်ထက်၊ စိတ်ထဲ၌ တကယ်ဟု၍ မှတ်ထင်ယုံကြည်မှုသည်သာလျှင် အရေးကြီးလေတော့သည်။

ကျွန်ုပ်နှင့် ကျောင်းနေဖက်ဖြစ်ခဲ့ဖူးသူတစ်ယောက်မှာ မိမိ၏ဘဝတစ်ခုလုံးကို အဟုတ်တကယ်ဟူ၍ မထင်မှတ်သည့်တိုင်အောင် ထူးဆန်းအံ့သြဖွယ် ကြုံခဲ့ရဖူးသည်ဖြစ်သောကြောင့် အထက်ပါစကားများဖြင့် ပလ္လင်ခံရခြင်း ဖြစ်လေသည်။ ကျွန်ုပ်သည် ကျောင်းသားဘဝကတည်းက ထိုသူအကြောင်းကို အရိပ်အမြွက် ကြားဖူးသော်လည်း စဉ်းစားတတ်သောအရွယ် မဟုတ်သည်နှင့် ထူးဆန်းသည်ဟူ၍လည်း နားမလည်၊ ယုံသည်မယုံသည် ဆုံးဖြတ်ရန်ပင် လိုသည်မထင်ဘဲ အမှတ်မဲ့သာ နေခဲ့မိ၏။ သို့ရာတွင် လွန်ခဲ့သောလက ထောက်ခံချက်တစ်ခု ထပ်မံရရှိပြန်သည်တွင်မှ ဟုတ်ပုံရသည်ဆို၍ အကျယ်တဝင့်ရေးသားဖော်ပြရခြင်း ဖြစ်ပေသည်။

မန္တလေးမြို့ "ဘီ၊ တီ၊ အင်န်" ဗုဒ္ဓဘာသာကျောင်းဟု အဦးအစ ပထမမူလ တည်ထောင်ခဲ့၍ ၁၉၀၀ ပြည့်နှစ်၊ ဒီဇင်ဘာလတွင် စတုတ္ထတန်း အစိုးရစာမေးပွဲသို့ သွင်းဖြေဆိုခွင့်ရခဲ့သော ကျောင်းသား ၁၀ ယောက်အနက်တွင် ကျွန်ုပ်နှင့် ကိုထွန်းလှတို့ အပါအဝင်ဖြစ်ကြ၏။ ဒက္ခိဏဝန်တိုက် "ဘိတ်ကျောင်း"၌ ရှေးဦးစွာ တည်ဖွင့်၍ အဆိုပါကျောင်းသား ၁၀ ယောက်ကို စတုတ္ထတန်း အစိုးရစာမေးပွဲတွင် စာစစ်ခံလေရာ ဆယ်ယောက်စလုံးပင် အောင်မြင်ကြရကား ဗုဒ္ဓဘာသာကျောင်းဟူ၍ နေ့ချင်းညချင်း နာမည်ကြီးခဲ့လေတော့သည်။

၎င်းကျောင်းသား ၁၀ ယောက်အနက်တွင် ကျွန်ုပ်မှာ အငယ်ဆုံးတစ်ယောက်ဖြစ်၍ ကိုထွန်းလှမှာ အကြီးဆုံးခေါင်းသူကြီးဖြစ်သဖြင့် အသက်ချင်း လေးငါးနှစ်ထက်မနည်း ကွာခြားသော်လည်း ကိုထွန်းလှသည် ကျွန်ုပ်ကို အလွန်ချစ်



၍ "ကြီးနိုင်ငယ်ညှဉ်း" စနစ်အတိုင်း အခြားကျောင်းသားများက အနိုင်ကျင့်အြ သောအဖြစ်မှ ကျွန်ုပ်ကို ကာကွယ်ပေးလေ့ရှိ၏။ ကျွန်ုပ်၏မျက်စိ၌ (လူ့ဖိုးဘ ရောက်သည့်တိုင်အောင်) ကိုထွန်းလှသည် "ဟီးရိုး"ဖြစ်၍ ကာလသမီးကလေး များသို့ ကိုထွန်းလှက ပေးသောမေတ္တာစာများကို ကျွန်ုပ်က အကြိမ်ကြိမ် ဆေတမန် ခံပ်ခဲ့ရဖူးလေသည်။

ကိုထွန်းလှသည် သုံးလေးတန်းအရွယ်၊ ဘိတ်ကျောင်းသားဘဝကတည်း က ကြင်နာတတ်သော စိတ်သဘောရှိ၍ အကြီးဆုံးကျောင်းသားတစ်ယောက် ဖြစ်ပါလျက် ကျောင်းသားငယ်များကို ကိုယ်တိုင်လည်း အနိုင်မကျင့်၊ အနိုင်ကျင့်ခံ ရသော ကျောင်းသားသစ်များနှင့် ကျောင်းသားငယ်များအား ခုခံကာကွယ်ပေး ခြင်း၊ ဆရာပြ၍ နားမလည်သော ပညာရပ်များကို ၎င်းက ရှင်းလင်းပြသခြင်း၊ ခန့်ဖိုးမလုံလောက်သော သူငယ်များအား သရေစာများ ခွဲဝေကျွေးမွေးခြင်း၊ ကျောင်းသားချင်း ခိုက်ရန်ဖြစ်မည့်ကိစ္စများတွင် ဖျန်ဖြေပေးခြင်း စသည်ဖြင့် ဆောင် ရွက်တတ်သည်ဖြစ်သောကြောင့် ကျောင်းသားတိုင်းက ၎င်းအား လေးစားကြည် ညိုကြလေသည်။ စင်စစ်မှာ ဆယ်နှစ်ခန့်မျှ ကျောင်းသားအဖြစ်နှင့် ကျွန်ုပ်နေခဲ့ရ သော အချိန်ကာလ အတောအတွင်း ကိုထွန်းလှကဲ့သို့ စိတ်နှလုံးကောင်း၍ သဘောထား ပြည့်ဝသော ကျောင်းသားတစ်ယောက်ကို မကြုံခဲ့ရဖူးချေ။ ကိုထွန်း လှ၌ ညီတစ်ယောက်ရှိရာ ထိုသူသည် ကျွန်ုပ်ထက် အသက် ၂ နှစ်ခန့်ကြီးသဖြင့် ထုံးစံအတိုင်း ကျွန်ုပ်အပေါ် နိုင်ချင်တတ်သည်ကို ကိုထွန်းလှ သိသည်နှင့် ကျောင်း သားညီပင် ဖြစ်သော်လည်း ကျွန်ုပ်ဘက်မှ အမြဲခုခံကာကွယ်ပေးလေ၏။

ကိုထွန်းလှမှာ စိတ်နှလုံးကောင်းရုံသာမက မှတ်ဉာဏ်လည်း ကောင်း၍ ထိုးထွင်းဉာဏ်နှင့်လည်း ပြည့်စုံ၏။ ကျွန်ုပ်တို့အတန်းထဲတွင် ကိုထွန်းလှ အတော် ဆုံးဖြစ်ပုံမှာ ထူးထူးကဲကဲရှိလှ၏။ အချို့ ဉာဏ်ကောင်းသည်ဆိုသော ကျောင်း သားများသည် အင်္ဂလိပ်စာဘက်၌ သူတစ်ပါးထက် တော်သည်ဆိုငြားကာမူ၊ မြန် မာစာဘက်၌ အသင့်အတင့်မျှသာရှိ၍ ဂဏန်းသင်္ချာဘက်၌ ညံ့ချင်ညံ့တတ်၏။ ကိုထွန်းလှမှုကား (အတန်းကြီးရောက်လာသောအခါတွင်) ပညာရပ်ခြောက်မျိုး ရှိသည့်အနက် ခြောက်မျိုးလုံး၌ပင် အတော်ဆုံးဖြစ်၍ အခြားကျောင်းသားများကို အပြတ်အသတ် နိုင်လေ့ရှိ၏။

ဘာသာရပ် ခြောက်ခုအနက်တွင် ဒုတိယလိုက်သူများ၏ အမည်ကား သည် အမျိုးမျိုးရှိကြ၍ ပထမရသူမှုကား ကိုထွန်းလှချည်း ဖြစ်၏။ အင်္ဂလိပ်စာ ဘက်၌ ကိုထွန်းလှ ပထမ၊ ကျွန်ုပ် ဒုတိယ။ မြန်မာစာဘက်၌ ကိုထွန်းလှ ပထမ ကိုင် ဒုတိယ။ ဂဏန်းသင်္ချာ၌ ကိုထွန်းလှ ပထမ၊ မောင်ဘခက် ဒုတိယ သသည်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ခြောက်ခုလုံး ဗိုလ်ဆွဲသူဖြစ်၏။ ထို့ပြင် ပညာရပ်တစ်ခု၌ ဒုတိယရသူ၏ အမှတ်နှင့် ကိုထွန်းလှ၏အမှတ်မှာ အပြတ်အသတ် ကွာခြားလေရာ ဘာသာရပ်အားလုံးစုစုပေါင်းလိုက်သောအခါ အခြားကျောင်းသားအသီးသီးတို့မှာ ရာခိုင်နှုန်း အမှတ် ၅၀ ထက် ပိုသူမရှိသော်လည်း ကိုထွန်းလှမူကား ရာခိုင်နှုန်း ၈၀ ထက် ယုတ်လျော့မှုသည် မရှိချေ။

သို့ဖြစ်၍ ကိုထွန်းလှမှာ သဘောထားကြီးရင့်သလောက် ပညာလည်းတော်ပါပေသည်။ သူ့မှာ ကျောင်းသားဘဝ၌ စကောလားရှစ်ပေးသော အတန်းဟူသမျှ ရခဲ့သည်သာဖြစ်၏။

ကိုထွန်းလှမှာ မည်သည့်အလုပ်အကိုင်မျိုးဖြင့် ဝမ်းစာရှာမှီးသည်ဖြစ်စေ၊ နောက်မှချ ကြီးပွားရမည့်လူတစ်ယောက် ဖြစ်သည်ဟု ကျောင်းဆရာတိုင်းက နိမိတ်ဖတ်ကြ၏။ ၎င်းတို့ နိမိတ်ဖတ်သည့်အတိုင်း ကြီးပွားခဲ့သည်လည်း မှန်၏။ ကျောင်းမှ "အင်းထရင်း"မျှ သင်ခဲ့၍ တတိယတန်း ရှေ့နေကလေးမှသည် "ဟိုက်ကုတ် အက်ဒဗိုကိတ်" စာမေးပွဲအောင်သည့်တိုင်အောင် အဆင့်ဆင့်တက်သွားသည့်ပြင် မိမိလိုက်သော အမှုများအနက်တွင် ရာခိုင်နှုန်း ၉၀ မျှ အနိုင်ရသောရှေ့နေမျိုးကို ရှာခဲ့လျှင် မြန်မာပြည်၌ ခပ်ရှားရှားရှိပေလိမ့်မည်။ ရှုံးရသည့်ရာခိုင်နှုန်း ၁၀ မျှသော အမှုများမှာလည်း ကိုထွန်းလှသည် မလိုက်လိုကြောင်းနှင့် အတန်တန်ငြင်းပါလျက် အတင်းတိုက်တွန်းသဖြင့် အားနာပါးနာနှင့်လိုက်ရသော အမှုများကတစ်ဝက်ကျော်မျှ ပါရှိလေသည်။

ကိုထွန်းလှ၏ ထူးခြားချက်တစ်ခုမှာ အမှုတိုင်းကို လက်မခံဘဲ နိုင်လောက်သည်ဟု မိမိသဘောရမှ လက်ခံလေ့ရှိ၏။ ပထမ၌ အမှုနည်းသော်လည်း သူလိုက်သမျှ နိုင်တော့သည်ဟု နာမည်ထွက်လာသည့်အခါ ငွေချင်းသူ ပေါလှသဖြင့် လှန်ပစ်ရသေး၏။ အမှုတစ်ခုဖြစ်တိုင်း တရားလိုရော၊ တရားခံပါ သူ့ထံအလုအယက် ငှားတတ်ကြပေရာ နိုင်မည်ထင်သောဘက်ကို ရွေးချယ်လက်ခံသူဖြစ်သောကြောင့် အများအားဖြင့် အနိုင်ရခြင်းမှာ အံ့ဖွယ်ရာမဟုတ်ဟု ဆိုကောင်းဆိုကြပေလိမ့်မည်။ မည်သို့ပင်ဖြစ်စေ၊ ကိုထွန်းလှအဖို့၌ (ပွဲခ)"ကော်မရှင်"ပေး၍ အမှုသည်ရှာသောလူများ ထားဖို့မလိုဘဲ မိမိအိမ်မှ ဒူးနှံ့၍ စောင့်နေနိုင်ခြင်းကား အမှန်ဖြစ်တော့၏။

ကိုထွန်းလှမှာ အသက် ၄၀ အရွယ်တွင် မိမိ၏လုပ်ငန်း၌ အခေါင်အထိပ်သို့ ရောက်၍ လယ်ယာချောင်းမြေ အမြောက်အမြား ဝယ်နိုင်သည်အထိ ဥစ္စာစုဆောင်းမိသည်ကား မှန်၏။ သို့ရာတွင် ဤကဲ့သို့ ကြီးပွားလျက် ရှိစေကာမူ ပတ်ဝန်းကျင်ရှိ အတွင်းသိလူများမှာ ကိုထွန်းလှသည် မိမိအလုပ်တွင် အစွမ်းကုန်



ကြိုးစားသည်မဟုတ် ဟူသောအထင် စွဲကပ်လျက်ရှိကြ၏။ အဘယ့်ကြောင့်ဆိုသော် ကိုထွန်းလှသည် အမှုသည်နှင့် စကားပြောနေသည့်အခါဖြစ်စေ၊ တရားခွင်၌ အမှုလိုက်လျက် ရှိစဉ်ဖြစ်စေ၊ တစ်ခါတစ်ရံ မိမိကိုယ်တိုင် လျှောက်လဲလျက်ရှိသည့်အတွင်း၌ဖြစ်စေ တစ်ချက်တစ်ချက်တွင် မိမိပြောနေသောစကား၊ လုပ်နေသောအလုပ်၌ စိတ်ဝင်စားခြင်း မရှိဘဲ တခြားတစ်ပါးသို့ အာရုံရောက်သွားသည့်နှယ်နှယ်ထားမျိုး ဖြစ်ပေါ်လာသည်ကို တွေ့မြင်ရတတ်သောကြောင့်ပေတည်း။

ထိုသို့သော အခါမျိုး၌ အိပ်ရာမှ ရုတ်တရက် နိုးလွှတ်လိုက်သော လူတစ်ယောက်ကဲ့သို့ စကားအဆက်ပြတ်မတတ် ဖြစ်သွားပြီးလျှင် အူကြောင်ကြောင်အမူအရာမျိုး ဖြစ်သွားတတ်လေသည်။ ၎င်းအမူအရာကို မြင်ရသော လူများကကိုထွန်းလှသည် မိမိအလုပ်တွင် စိတ်အာရုံ မထိခိုက်ဘဲ၊ စဉ်းစားချင်ရာ စဉ်းစားနေတော့သည်ဟူ၍ ဖွပ်စွဲကာ အားမရပါးမရ ဖြစ်တတ်ကြ၏။ ဤအတွက်ကြောင့်ငွေအား မငှားဘဲ လက်လွှတ်သွားသော အမှုသည်များလည်း ရှိ၍၊ ဝေါက်ချင်ဘောက်ဖြစ်ရသော တရားသူကြီးများလည်း ရှိပေရာ တရားသူကြီးများကမူ နောက်ဆုံးတွင် သူ၏ဝါသနာဆို၍ ခွင့်လွှတ်ကြရလေတော့သည်။

ကိုထွန်းလှသည် ကျွန်ုပ်နှင့် စကားပြောနေခိုက် အတွင်း၌ပင် ၎င်း၏ကြည်လင်တောက်ပ၍ အထူးသဖြင့် စူးရှတည်ကြည်သော မျက်လုံးများသည်ကျွန်ုပ်ကို စူးစူးစိုက်စိုက် ကြည့်နေရာမှ ကျွန်ုပ်၏နောက်သို့လည်းကောင်း၊ အလွန်ဝေးလံသော အရပ်သို့လည်းကောင်း မျှော်ကြည့်လိုက်သော အမူအရာမျိုး ဖြစ်ပေါ်လာသည်နှင့် ကျွန်ုပ်မှာ (ဓာတ်မသိသေးမီက) နောက်သို့ပင် လှည့်ကြည့်မိ၏။ ထိုသို့သောအခါများ၌ ကိုထွန်းလှသည် တစ်ဖက်သားပြောသောစကားကို မကြားတစ်ချက် ကြားတစ်ချက်နှင့် တစ်ဝက်တစ်ပျက်မျှသာ ကြားဟန်တူ၏။ သို့သော်အခုံကြာရှည်စွာ ဖြစ်တတ်သည်မဟုတ်သောကြောင့် အထူးအားဖြင့် စကားမှုပျက်ယွင်းသဖြင့် အရပ်ဆိုးလောက်အောင် မရှိချေ။

ကျွန်ုပ်သည် စစ်မဖြစ်မီတစ်နှစ်က မန္တလေးမြို့သို့ ခေတ္တရောက်လာ၍ ငယ်ပေါင်းငယ်ချင်းတစ်ယောက်ဖြစ်သော ကိုထွန်းလှနှင့် မတွေ့ရသည်မှာ နှစ်ပေါင်းများစွာကြာသွားသည်နှင့် ကျုံးထိပ်တန်းဘက်၌ရှိသော ၎င်း၏နေအိမ်သို့ သွားရောက်လည်ပတ်ခဲ့၏။ သူငယ်ချင်းဆိုသော်လည်း အသက်ချင်း လေးငါးနှစ် ကွာခြားသည့်ပြင် ကျွန်ုပ်၏ "ဟီးရိုး"လည်းဖြစ်သောကြောင့် ကိုထွန်းလှသည် ကျွန်ုပ်အားညီကလေး၊ တပည့်ကလေး တစ်ယောက်ကဲ့သို့ ခေါ်ဝေါ်သုံးနှုန်းလေ့ရှိ၏။ ထမင်းစားသောက်ပြီးကြ၍ အိမ်ရှေ့ဝရန်တာတွင် ပက်လက်ကုလားထိုင်တစ်လုံးစီ ကျုံးဘက်သို့လှည့်ကာ ဆေးတံကိုယ်စီ ဖွာလျက်ရှိကြစဉ်—

www.burmeseclassic.com

www.burmeseclassic.com



'ရှေ့နေများ မှသားသုံးလွန်းလို့ ရှေ့နေသေလျှင် လျှာကိုမီးရှို့လို့တောင် မလောင်ဘူးဆိုကပဲ။ မင်းတို့ ဝတ္ထုသမားတွေလည်း မထူးပါဘူးကွ။ လက်ထိုမီးရှို့လို့ လောင်မှာ မဟုတ်ပါဘူး'

'ကျုပ်တို့ကတော့ စိတ်ကူးနဲ့ရေးပါတယ်လို့ မူလကတည်းက ဝန်ခံပြီးသားကိုးဗျ။ ဘယ်တုမှာလဲ'

'ငါတို့ ရှေ့နေကလည်း ကိုယ့်အမှုသည်နိုင်အောင် လျှောက်လဲပါ့မယ်လို့ ဝန်ခံပြီးသားပဲကွ။ တရားသူကြီးက ချင့်ယုံပေါ့'

'ကျုပ်တို့ရေးတာကို လူတွေက မယုံလို့ ဘာမှကိစ္စမရှိဘူး၊ ဂုဏ်သရေလည်း မပျက်ဘူး။ ခင်ဗျားတို့'

'ငါတို့ရှေ့နေကော တရားသူကြီးကမယုံလို့ ဂုဏ်သရေ ပျက်ရမှာလားကွ။ အမှုရှုံးတာ ရှုံးတာပေါ့။ လူလိမ်ရယ်လို့တော့ စွပ်စွဲမခံရပါဘူး ထင်ပါရဲ့ကွာ'

'ဝတ္ထုသမားတော့ကောဗျာ'

'မင်းတို့ ဝတ္ထုသမားတော့ သဘာဝကျအောင် မရေးတတ်ရင် ရှေ့နေထက် ဂုဏ်မပျက်ပေဘူးလားလို့။ ရှေ့နေများ အမှုရှုံးရတာထက် ဝတ္ထုသမား သဘာဝ မကျဘာက ငါတော့ သာဆိုးတယ်ထင်တာပဲ'

'ခဏခဏ အမှုရှုံးတော့ ငှားမယ့်လူမရှိလို့ ပိုက်ဆံမရဘူး။ သဘာဝမကျပေမဲ့ နားလည်တဲ့လူ နည်းလေတော့ ရေးနေကြတဲ့လူတွေ အပုံဗျ'

'အေးလေ ကိုယ့်ဖို့တော့ ဟုတ်တာပေါ့။ ငါက စံချိန်အကြောင်းကို ပြောလိုတာပါ'

'နေပါဦးဗျာ ကိုထွန်းလှ၊ ဒီအကြောင်း အသာထားပြီး ခင်ဗျား ငယ်ငယ်တုန်းက အဖြစ်အပျက်ကလေး ပြောပြစမ်းပါဦး။ နောက်ထပ်ကော ဒီဂူထဲ ရောက်သေးသလားဗျို့'

ယင်းသို့ ကျွန်ုပ်ကပြောလိုက်သည်နှင့်တစ်ပြိုင်နက် ကိုထွန်းလှမှာ အရေးကြီးသော ကိစ္စတစ်ခုကို မေ့လျော့၍ အမှတ်မဲ့စကားပြောနေရာမှ ထိုကိစ္စကို ရုတ်တရက် သတိရလာသော လူတစ်ယောက်၏ မျက်နှာထားမျိုးဖြစ်လာပြီး--

'ငယ်ငယ်တုန်းကအကြောင်းကို ဘယ်အထိ မင်းကြားဖူးသလဲ'

'၇ နှစ်သားလောက်တုန်းက ဂူကြီးထဲ တစ်ခေါက်ရောက်ခဲ့ဖူးတာရယ် ၁၀ နှစ်သားလောက်မှာ ဝမ်းရောဂါဖြစ်လို့ နှစ်သွားပြီး ဒုတိယတစ်ခေါက် ရောက်ခဲ့တာရယ်၊ ဒါ ကြားဖူးတာပါပဲ'

'ဒီနောက် ကြီးလာတော့ ရောက်ပုံတွေအကြောင်း မင်း မကြားဖူးဘူးပေါ့'



'ခင်ဗျားနဲ့ ကွဲသွားကတည်းက ပဲခူးမှာ မတ်တတ်တွေ့တာကလွဲလို့ ဒီတစ်ခါ ဆုံမိကြတာပဲဗျ။ ဘယ်ကြားဖူးမှာလဲ'

ကိုထွန်းလှသည် ဆေးတံမှ ပြာများကို ခေါက်ထုတ်၍ ဆေးထည့်ခိုက်အတွင်း၊ ကျွန်ုပ်သည် ကိုထွန်းလှ၏ လွန်ပြီးသောအဆန်းကလေးတစ်ခုအကြောင်းကို ဖော်ပြပေဦးမည်။

ကိုထွန်းလှ ၇ နှစ်သားအရွယ်တွင် ၅ နှစ်သားအရွယ်ရှိ ၎င်း၏ ညီကလေးနှင့်အတူ မိဘများက သာသနာ့ဘောင်သို့ သွတ်သွင်းအံ့ဟု စစ်ကိုင်းတောင်ရိုးရှိ ချောင်တစ်ချောင်သို့ ဧည့်ပရိသတ်အမြောက်အမြားနှင့် ရောက်လာကြ၏။ ရှင်မပြုခံတစ်ရက် သင်္ကန်းတောင်း ကျက်ရသည်တွင် အလွန်ဉာဏ်ကောင်းသော ကိုထွန်းလှသည် တစ်ခဏချင်းအတွင်း သင်္ကန်းတောင်းရသည်နှင့် ဘုန်းတော်ကြီး ခွင့်ပြုချက်အရ ကျောင်းပေါ်မှ ဆင်းလာခဲ့၏။

မန္တလေးမြို့၌ နေထိုင်ကြရသော ကလေးသူငယ်တို့မည်သည် စစ်ကိုင်းတောင်ရိုးသို့ ရောက်သောအခါတွင် ရုပ်ပွားတော်များနှင့် သီလရှင်များ သီတင်းသုံးကြသော "ချောင်" များ၊ တရားအားထုတ်ကြသော ဂူများ၊ ရေကန်များကို လှည့်လည်ကြည့်ရှုလိုတတ်သည့်အလျောက် ကိုထွန်းလှသည် မိဘများ ရှိနေသော နေရာသို့ ပြန်မသွားသေးဘဲ ကျောင်းလှေကားမှ ဆင်းလာခဲ့ပြီးနောက် တောင်ရိုး၌ အနှံ့အပြားရှိတတ်သော လူသွားလမ်းကလေး တစ်လမ်းအတိုင်း လျှောက်လိုက်သွား၏။

"ချောင်"ပေါင်း လေးငါးချောင်မျှ ကျော်ဖြတ်လာခဲ့၍ ကိုထွန်းလှသည် မိမိအဖို့ အဆန်းအသစ်တွေချည်း ဖြစ်နေသော ရေကန်များ၊ ကျောက်ဂူများ၊ ကျောက်လှေကားရှည်ကြီးများ စသည်တို့ကို နီးကပ်စွာ ကြည့်ရှုပြီးနောက် တော်တော်ကြာကြာ အောက်မေ့၍ မိမိ၏ ချောင်သို့ ပြန်ဖို့ကြိုးစားသည်တွင် လာလမ်းကို မေ့တတ်မိသည်နှင့် ရုတ်တရက်ပြန်မရောက်နိုင်ဘဲ ရှိနေလေ၏။ စစ်ကိုင်းတောင်ရိုးရှိ ချောင်များမှာ တစ်ခါတစ်ရံ ရောက်ဖူးသူတို့အတွက် တစ်ခုနှင့်တစ်ခု ခပ်ဆင်ဆင် ရှိနေတတ်သည်ဖြစ်၍ ကိုထွန်းလှသည် ဤကျောက်လှေကားပင် ဖြစ်ရမည်၊ ဤ[illegible]ဘိပင် ဖြစ်ရမည်ဆို၍ ချောင်တစ်ချောင်ပြီးတစ်ချောင် ဝင်ကြည့်ပါသော်လည်း မိမိတို့ တည်းခိုသောချောင် မဟုတ်သဖြင့် အကြိမ်ကြိမ် လှည့်ထွက်လာခဲ့ရလေ၏။

ကိုထွန်းလှမှာ ထိုအခါ၌ အချိန်အတန်လင့်သွားပြီဖြစ်၍ မိဘများ ကြိမ်းမည် စိုးရိမ်သဖြင့် ချောင်သို့ပြန်ရောက်ဖို့ အတော်လောလာခဲ့လေပြီ။ လမ်းခရီး၌ ဆွမ်းဆန်ခံ၍ ပြန်လာကြသော သီလရှင်များနှင့် တွေ့သော်လည်း ချောင်အမည်

www.burmeseclassic.com



ကိုလည်း မမှတ်မိ၊ မေးရမည်ကိုလည်း ရှက်သည်နှင့် မှတ်ဉာဏ်အားကိုးနှင့် လမ်းလျှောက် ရှာဖွေလျက် ရှိ၏။

တစ်ဖက်၌ ကျောက်တောင်၊ တစ်ဖက်၌ ချောက်ကမ်းပါးကြီးရှိ၍ ကျောက်တောင်ဘက်တွင် ပြည့်ဇင်ပင်များ ပေါက်ရောက်လျက်ရှိသော လမ်းကျဉ်းကလေးတစ်လျှောက် လျှောက်လိုက်သွားစဉ် လမ်း၏အထက်ပေ ၅၀ ခန့်မြင့်သော နေရာတွင် ဂူတစ်ခု၏ တံခါးကိုမြင်ရလေ၏။ ကိုထွန်းလှမှာ အိမ်သို့ ပြန်ရောက်ချင်လှပြီဖြစ်ပါလျက် ၎င်းဂူတံခါးကို မြင်ရသောအခါ ဂူထဲသို့ တစ်ခဏဖြစ်စေ၊ ဝင်ကြည့်လိုသောဆန္ဒ ပြင်းပြစွာ ပေါ်လာ၏။ သို့ဖြစ်၍ ဂူတံခါးဆီသို့ တက်သွားသည့် မှေးမှိန်သော လူသွားလမ်းကြောင်းကလေးအတိုင်း တက်လိုက်သွားသဖြင့် တံခါးဝသို့ရောက်သည့်အခါ၊ ကိုထွန်းလှသည် ရုတ်တရက် အတွင်းသို့မဝင်သေးဘဲ အဆန်းတကြယ်ပြုလုပ်ထားသော တံခါးဝကို ကြည့်နေမိ၏။

တံခါး၏အထက်၌ နဂါးရုပ်၏ မျက်လုံးများ၊ အမောက်များ၊ နှုတ်ခမ်းများရှိကြပေရာ တစ်ခုလုံးမှာ နဂါးတစ်ကောင်၏ ဦးခေါင်းသဏ္ဌာန် ပြုလုပ်ထား၍ တံခါးဝမှာ နဂါး၏ခံတွင်းပေါက် ဖြစ်၏။ ဂူထဲသို့ ဝင်သောသူသည် နဂါး၏ခံတွင်းသို့ ဝင်ရခြင်းပင် ဖြစ်လေသည်။

ကိုထွန်းလှသည် အလွန်ပီသအောင် ပြုလုပ်ထားသော နဂါးဦးခေါင်းကိုကြည့်လိုက်သည့်အခါ ခံတွင်းသဖွယ်ဖြစ်နေသော တံခါးမှ ဝင်ရမည်ကို ကြောက်ရွံ့၏။ သို့သော် မဝင်ဘဲလည်း မနေနိုင်ချေ။ ပမာဆိုသော် သူငယ်ဘဝတွင် မှောင်မိုက်ထဲ၌ ထိတ်လန့်ဖွယ် အခြင်းအရာတစ်ခုကို မြင်ရသည်ဟု ထင်မိသည့်အခါ မကြည့်ဘဲလည်း မနေနိုင်၊ ကြည့်မိတိုင်းလည်း ကြောက်ရွံ့ခြင်း ဖြစ်ရသကဲ့သို့ပင်။

ကိုထွန်းလှသည် တံခါးကို ကြည့်လိုက်သည့်အခါ မီးရထားတွဲများ၌ တပ်ထားသည့် လက်ကိုင်မျိုး ပါရှိသည်ကို တွေ့ရ၏။ ဤတွင် ကြောက်လည်းကြောက်၊ ဝင်လည်းဝင်ကြည့်ချင်လျက် စိတ်နှစ်ခွဖြစ်နေသည့်အတွင်း ကိုထွန်းလှ၏ စိတ်ထဲ၌ ၎င်းလက်ကိုင်မှ ဖွင့်၍ရလျှင် ဝင်ကြည့်မည်၊ ဖွင့်၍မရလျှင်လည်း ပြန်ရုံမှတစ်ပါး အခြားနည်းလမ်း မရှိပြီဟု ဆုံးဖြတ်ပြီးလျှင် ရှေ့သို့တိုး၍ လက်ကိုင်ကို လက်ယာရစ်လှည့်စမ်းလိုက်ရာ ချက်ခနဲမြည်လျက် ရွှေ့သွားသည်ကို တွေ့ရ၏။ နောက်တခဏ၌ ကိုထွန်းလှသည် တံခါးလက်ကိုင်ကို ဆွဲစမ်းလိုက်ရာ လက်ထဲတွင်ပါလာ၍ တံခါးပွင့်သွားသည်ကို တွေ့ရလေသည်။

ရှေ့သို့မျှော်ကြည့်၍ ထိတ်လန့်ဖွယ် တစ်စုံတစ်ရာမျှလည်း မတွေ့ရ အခြားဂူများကဲ့သို့ မှောင်မနေဘဲ ရေ ခပ်လှမ်းလှမ်းတွင် အလင်းရောင်လိုလိုလည်း မြင်မိသည်နှင့် ကိုထွန်းလှသည် ဂူထဲသို့ဝင်လာ၍ တံခါးကို လက်လွှတ်လိုက်ရာ



တံခါးလည်း ချက်ခနဲမြည်လျက် ပိတ်သွား၏။ ပိတ်သံကြားလိုက်သော်လည်း ဖွင့်လိုသည့်အခါ အလွယ်တကူ ဖွင့်နိုင်ရမည်ဟု အောက်မေ့သည်နှင့် ကိုထွန်းလှသည် သံသယမရှိဘဲ ရှေ့သို့တိုး၍ လျှောက်လာခဲ့ရာ တဖြည်းဖြည်း လင်းသည်ထက် လင်းလာ၍ နောက်ဆုံးတွင် ဂူပြင်ရှိ အလင်းရောင်ကဲ့သို့ ထိန်ထိန်လင်းလျက်ရှိသော နေရာသို့ ရောက်လာခဲ့လေ၏။

ထိုနေရာသို့ရောက်သောအခါ ကိုထွန်းလှသည် အထက်သို့မော့ကြည့်လိုက်သည်တွင် ဂူအမိုးဟူ၍ မတွေ့ရတော့ဘဲ လဟာပြင်ဖြစ်နေသည့်ပြင်၊ အလင်းရောင်မှာလည်း နှင်းဆီပန်းအသွေးကဲ့သို့ ပန်းနုရောင်ကလေးဖြစ်နေသည်ကို တွေ့ရ၏။ နေဟူ၍လည်း မမြင်ရ။ မည်သည့်ဌာနမှ ထွက်လာသောအလင်းရောင်ဟူ၍လည်း မပြောနိုင်ချေ။

ထိုအခါ၌ကား ကိုထွန်းလှ၏စိတ်သည် အကြောင်းမဲ့ ရွှင်လန်းပျော်မြူးလျက်ရှိ၏။ ခုန်ချင်ပေါက်ချင် ပြေးလွှားချင်သကဲ့သို့ ဖြစ်နေ၏။ သူ၏ တစ်သက်တာတွင် ဖခင်က သုံးဘီးတပ် စက်ဘီးကလေး ဝယ်ပေးစဉ်က တစ်ရက်၊ နှစ်ရက်မျှအတွင်း မအိပ်နိုင်၊ မစားနိုင်အောင် ပျော်မြူးခဲ့ဖူးရာ ယခုအခါ၌ ထိုစဉ်က ပျော်မြူးရခြင်းနှင့် ခပ်ဆင်ဆင်တူသည်ဆို၏။ သို့သော် ထိုစဉ်က ပျော်မြူးခြင်းမှာ စက်ဘီးကလေးကို သတိရသောအခိုက်၌သာဖြစ်ရာ၊ ယခုမှာမူ မည်သည်ကိုမျှ အောက်မေ့စရာ မလိုဘဲ စိတ်ကူးမိခြင်း မရှိဘဲလျက် အကြောင်းမဲ့ အရွှင်လျက် ရှိတော့၏။

ကိုထွန်းလှသည် ဤအချိန်တွင် မိမိအိမ်ကိုလည်းကောင်း၊ မိဘများကိုလည်းကောင်း၊ ရှင်ပြုမည့်ကိစ္စကိုလည်းကောင်း၊ နဂါးဦးခေါင်းသဏ္ဌာန် ပြုလုပ်ထားသော ဂူဝကိုလည်းကောင်း သတိမရတော့ဘဲ ဤနေရာသည် မိမိ၏နေရပ်ဖြစ်၍ တခြားတစ်ပါးမှ မိမိ၏နေရာသို့ ပြန်ရောက်လာရသကဲ့သို့ မှတ်ထင်လျက် ဝမ်းမြောက်ချလက်ချ ရှိနေတော့၏။ စင်စစ်မှာ မိဘများနှင့်တကွ ရှင်ပြုခြင်းကိစ္စတို့သည် အိပ်မက်မျှသာဖြစ်၍ ယခုမှနိုးလာပြီးလျှင် အဟုတ်တကယ် အဖြစ်အပျက်များနှင့် ကြုံတွေ့နေရသလို အောက်မေ့မိ၏။

အလင်းရောင်သည် ပန်းရောင်နုအသွေးရှိနေ၍ အလွန်တရာ သိမ်မွေ့နူးညံ့သည့်နည်းတူ ရာသီဥတုမှာလည်း မပူလွန်း၊ မအေးလွန်း၊ မခြောက်လွန်း၊ မစိုလွန်းရှိနေသဖြင့် နေရသည်မှာ အလွန်အရသာရှိလှသောကြောင့် ဂူပြင်က ဥတုနှင့် နှိုင်းယှဉ်လျှင် သာမညရေနှင့် အိုက်စကရင်ဆိုဒါတို့၏ ခြားနားခြင်းကဲ့သို့ ခြားနားခြင်းရှိ၏။ မိမိရပ်လျက်ရှိသောနေရာသည် လမ်းကလေးတစ်လမ်း၏အစ ဆိုဟန်တူဖြစ်လေရာ ၎င်းလမ်းကလေးတစ်လျှောက် ရှေ့သို့မျှော်ကြည့်လိုက်သောအခါ တစ်ဖက်တစ်ချက်တွင် ပန်းနုရောင်ကျောက်များ စီခင်းထား၍ ဘယ်အခါမျှ

www.burmeseclassic.com



မခြောက်သွေ့နိုင်သည့် မြက်ခင်းများ၏ အလယ်မှ မကွေ့မကောက် ဖြောင့်ဖြောင့် မြူးမြူး ဖြတ်သွားသည်ကို မျက်စိတစ်ဆုံး မြင်ရ၏။

မြက်ခင်းများ အတွင်း၌ကား ပန်းနုရောင်ကျောက်များ နုတ်ခမ်းသတ်ထားသည့် ပန်းပင်စည်းဝိုင်းများရှိလေရာ ပန်းစည်းဝိုင်းတစ်ခုတစ်ခုတွင် ပန်းများသည် ကြက်သွေးရောင်၊ ရွှေဝါရောင်၊ ပန်းနုရောင်၊ တိမ်ပြာရောင် စသည်ဖြင့် အသွေးအရောင်တစ်မျိုးစီ သူ့စည်းဝိုင်းနှင့်သူ တသီတတန်းစီ ရှိနေကြ၏။ ကြက်သွေးရောင် စည်းဝိုင်း၌ ပန်းအမျိုးမျိုး ပွင့်လျက်ရှိသော်လည်း ကြက်သွေးရောင်ချည်း ဖြစ်ကြ၍ အခြားအသွေးအရောင် ရောနှောခြင်း မရှိကြ။ အခြားသော ပန်းစည်းဝိုင်းများမှာလည်း သူ့အရောင်နှင့်သူ တသီးတသန့်စီ ရှိကြ၍ အရောင်တစ်မျိုးလျှင် အနု၊ အရင့်၊ အလတ်စားဟူ၍ တစ်ခုနှင့်တစ်ခု အသွေးအရောင် အနေအထား မတူဘဲ တစ်နည်းစီ၊ တစ်မျိုးစီ အဆင်ကွဲလျက်ရှိကြလေသည်။

ပန်းစည်းဝိုင်းများ၏အကြား၌ မနိမ့်လွန်း၊ မမြင့်လွန်းဘဲ အလွန်စိမ်းစိုသည့် သစ်ပင်ပျိုများသည် မစိပ်မကျဲ ပေါက်ရောက်လျက်ရှိရာ တစ်ပင်မှတစ်ပင်သို့ ကူးလူးပျံ့ဝဲလျက်ရှိသော ငှက်များမှာ ပန်းများနည်းတူ အသွေးအရောင် စုံလှ၍ အလွန် ထူထပ်ရှည်လျားသော အမြီးအတောင်များ ရှိကြသည်ဖြစ်သောကြောင့် တစ်ပင်မှ တစ်ပင်သို့ ပျံကူးကြသောအခါတွင် ၎င်းတို့၏အမြီးများသည် ပန်းပင်များ၏ ထိပ်ဖျားကို လေဟပ်စေသဖြင့် ပန်းပင်များမှာ ယိမ်းနွဲ့ညွတ်ပျောင်းလျက် ကျန်ရစ်ကြ၏။

ဥသြငှက်သံသည် ကြည်လင်သော်လည်း လေပေါက်မြင့်လွန်း၍ ကြမ်းသေး၏။ ရွှေပြည်စိုးငှက်သံသည် သာယာနာပျော်ဖွယ်ရှိသော်လည်း အိပ်ချင်သောစိတ် ဖြစ်စေတတ်၏။ ထိုဥယျာဉ်ကြီးအတွင်း၌ ဖြစ်ပေါ်လျက်ရှိသော ငှက်သံများမှာ အလွန်လည်း မကျယ်လောင်၊ ပျင်းရိငြီးငွေ့ခြင်းလည်း မဖြစ်စေဘဲ ကြားရသူ၏စိတ်ကို ရွှင်မြူးကြည်လင်စေသည်ဖြစ်သောကြောင့် ပြေးချင်၊ လွှားချင်၊ ခုန်ချင်၊ ပေါက်ချင်သောစိတ်မျိုး ဖြစ်ပေါ်စေ၏။

ကိုထွန်းလှမှာ ပန်းများနှင့် ငှက်များကို မြင်ရ၍ ငှက်သံများ ကြားလိုက်ရကတည်းက ရပ်တည်၍ မနေလိုတော့ဘဲ ဖြူးဖြောင့်နေသော လမ်းကလေးတစ်လျှောက် မြက်ခင်းအကြားမှ ပြေးလွှားခုန်မြူးလျက်ရှိ၏။

၎င်းပန်းများမှ ဖြစ်ပေါ်လာသော ရနံ့တို့သည်လည်း ဈေးအတွင်းရှိ ပန်းဆိုင်တန်းတစ်လျှောက် လျှောက်သွားရခြင်းကဲ့သို့ အီတီတီနှင့် အသက်မရှိသော မွှေးကြိုင်ခြင်းမျိုးမဟုတ်ဘဲ ထင်းရှူးပင်ပေါ်သော တောင်ကုန်းသို့ တက်သည့်အခါ ခံစားရသော ဂန္ဓာရုံထဲသို့လည်းကောင်း၊ ပရုတ်မင်သော်တို့ကို ရှူရခြင်းကဲ့သို့လည်းကောင်း၊ အိုဒီကလုံးရေမွှေးကဲ့သို့လည်းကောင်း လတ်ဆတ်လန်းဆန်းသောနည်းဖြင့် မွှေးကြိုင်ကြပေသည်။ ကိုထွန်းလှမှာ လမ်းကလေးတစ်လျှောက်တွင် မွှေးခါစမြင်းကလေးသဖွယ် မြူးထူးပြေးလွှား၍ တစ်မိုင်ခန့် ပေါက်ရောက်သော်လည်း ၎င်းရနံ့တို့၏ အားဖြည့်မှုကြောင့် မောဟိုက်ပင်ပန်းခြင်းမရှိချေ။



အတန်ငယ် ခြေလက်ဆန့်မိသောအခါ ကိုထွန်းလှသည် လမ်းဘေးသို့ ချိုးတက်၍ သစ်တစ်ပင်အောက်သို့ဝင်မိသည်တွင် ထိုင်ချင်စဖွယ် ခင်းကျင်းထားသော ခုံရှည်၊ သလွန်၊ ဆိုဖာ၊ ကုလားထိုင်စသည့် ထိုင်စရာများကို တွေ့မြင်ရ၏။ ၎င်းတို့မှာ ပုံစံတစ်မျိုးစီ ရှိနေ၍ ခြေတင်စရာ၊ လက်တင်စရာ၊ ဦးခေါင်းမှီစရာ စသည်ဖြင့် ထိုင်သောသူအနေအထားကျ၍ အညောင်းအညာပြေအောင် တစ်ခုတစ်မျိုးစီ ဖန်တီးထားသဖြင့် ကိုထွန်းလှမှာ မည်သည့်ထိုင်စရာပေါ်တွင် ထိုင်ရမည်ဟု မဆုံးဖြတ်နိုင်ဘဲ ရွေးချယ်နေမိ၏။

ထိုအတောအတွင်း ပန်းများပင်လုံးကျွတ် ဝေဝေဆာဆာ ပွင့်လျက်ရှိသော ခုံကလေးများနောက်မှ တခိခိ တခစ်ခစ်ရယ်မောခြင်းနှင့်တူသည့် မိန်းမသံများ ကြားသည်ထင်ရသဖြင့် ကိုထွန်းလှသည် အသံကြားရာသို့ ဆတ်ခနဲလှည့်ကြည့်လိုက်ရာ ရိပ်ခနဲ ငုံ့လျှိုးလိုက်သော ဦးခေါင်းလိုလို မြင်လိုက်ရ၏။ သို့သော် ဦးခေါင်း၌ ပန်ဆင်ထားသော ပန်းများပေလော သို့တည်းမဟုတ် ချုံထက်၌ ပွင့်နေသော ပန်းများပေလောဟူ၍ မသဲကွဲသော်လည်း စုံစမ်းလိုသောဆန္ဒ မဖြစ်ပေါ်လာသည်မှာ ရှုံ့ကြောက်ခြင်း အလျှင်းကင်းနေသောကြောင့် ဖြစ်လေသည်။

နောက်ဆုံး၌ ကိုထွန်းလှသည် သလွန်ပုံသဏ္ဌာန်ရှိသော ထိုင်ခုံတစ်ခုပေါ်၌ ထိုင်လိုက်၍ တစ်ကိုယ်လုံးသည် ခင်းထားသော "ကူရှင်"ထဲသို့ နစ်ဝင်သွားမတတ် ဖြစ်သွားစဉ် ပန်းချုံနောက်မှ ဝါးခနဲရယ်လိုက်သော အသံများ ကြားလိုက်ရ၍ မိန်းကလေးခုနစ်ယောက်တို့သည် ကိုထွန်းလှရှိရာသို့ ပြေးလာကြလေ၏။

၎င်းတို့သည် မြေကြီးပေါ်၌ ပြေးကြသော်လည်း ခြေထောက်များသည် မြေကြီးနှင့်ထိသည် မထင်ရဘဲ လေထဲ၌ ဝဲလာသကဲ့သို့ မှတ်ထင်ရ၏။ မိန်းကလေး ခုနစ်ယောက်တို့သည် သက်တံတွင်ပါသော အရောင်ခုနစ်မျိုးအတိုင်း တစ်ယောက်လျှင် အသွေးအရောင်တစ်မျိုးစီရှိသော ဖဲထမီများနှင့် ခါးတောင်အင်္ကျီများ ဝတ်ထားကြ၏။ ၎င်းတို့အနက် လိမ္မော်ရောင်အဝတ်များ ဝတ်ထားသောမိန်းကလေးသည် ကိုထွန်းလှ၏လက်မောင်းကို ပြေးကိုင်လျက် 'ငါ့ခုံမှာထိုင်လို့ ငါနဲ့တိုင်ပြီ ဘယ်' ဟု ပြောလိုက်သည်တွင် အခြားသောမိန်းကလေးများသည် သလွန်ခြေရင်း၌ ထိုင်ကြ၍ လိမ္မော်ရောင်မိန်းကလေးမှကား ကိုထွန်းလှနှင့် ယှဉ်၍ထိုင်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုထွန်းလုမှာ ထိုစဉ်အခါက ခုနစ်နှစ်သားမျှသာ ရှိသေး၍ ကာမဆန္ဒ နားလည်သောအရွယ် မဟုတ်သေးသော်လည်း လိမ္မော်ရောင်မိန်းမနှင့် အသား ထိမိရာတွင် ရှိန်းဖိန်းသွားသည်ဟု အမှတ်ပြုလိုက်မိ၏။ ထူးဆန်းသော အခြား အခြင်းအရာတစ်ခုမှာ ကိုထွန်းလုသည် သူငယ်ကလေးမျှဖြစ်၍ မိန်းကလေးများ သည် အပျိုအရွယ် (၁၆ နှစ်သမီးခန့်)ရှိကြသော်လည်း သလွန်ပေါ်၌ အတူယှဉ်တွဲ ကာ ထိုင်နေကြရာတွင် မိမိက အလုံးအရပ် အနည်းငယ်ကြီးနေသည်ဟု ကိုထွန်းလု သင်မှတ်မိ၏။ အပျိုကလေးဆိုလျှင် မော့ကြည့်ခဲ့ရသော ကိုထွန်းလုသည် ထိုအခါ ၌ ရွယ်တူတန်းတူ သဘောထား၍ ချစ်ကြိုက်သောစိတ်၊ သာယာသောစိတ်များ လည်း ဖြစ်ပေါ်လျက်ရှိလေတော့သည်။ သို့ရာတွင် ကိုထွန်းလုသည် ဤအခြင်း အရာအတွက် အံ့ဩခြင်းမရှိဘဲ ဖြစ်မြဲဓမ္မတာအတိုင်းကဲ့သို့ နေလိုက်လေတော့ သည်။

ထို့နောက် ကိုထွန်းလုသည် သလွန်မှထ၍ ယစ်ပင်အောက်ရှိ မြက်ခင်း ပေါ်၌ မိန်းကလေးများနှင့်အတူ တွဲကာရာတွင် မိမိကိုယ်၌ ပြောင်လက်သော အ ဝတ်အစားများ ဝတ်ဆင်ထားသည်ကို တွေ့ရ၏။ ဤအတွက်လည်း စိတ်ထဲ၌ အံ့ဩသောက်အောင် မရှိဘဲ ဝတ်နေကျကဲ့သို့ သဘောထားလိုက်မိ၏။

လက်တွဲ၍ ကခြင်း၊ တေးချင်းသီဆိုခြင်း၊ လိုက်တမ်းပြေးတမ်း ကစားခြင်း သည်ဖြင့် အချိန်ဖြုန်းနေကြပြီးနောက် ကိုထွန်းလုနှင့် မိန်းကလေးခုနစ်ယောက်တို့ သည် မြက်ခင်းပေါ်တွင်ထိုင်ကြ၍ အမောပြေသရေစာ စားသောက်ကြ၏။ မုန့်များ မှာ အမြင်အတွေ့အားဖြင့် ဝါဂွမ်းဆိုင် သို့မဟုတ် ငှက်မွေး သို့မဟုတ် သားမွေးတို့ သက် ကြမ်းတမ်းသောအရာမပါဘဲ လျှာနှင့်ထိမိသည်နှင့်တစ်ပြိုင်နက် အရသာ သက်သက်ဖြစ်သွားပြီးလျှင် မောပန်းခြင်း၊ မွတ်သိပ်ခြင်းတို့ကို ချက်ချင်းပြေပျောက် စေ၏။ အဖျော်ရည်များမှာလည်း လျှာပေါ်မှလျှောဆင်း၍ လည်ချောင်းထဲသို့ ရောက်သည်နှင့်တစ်ပြိုင်နက် တစ်ကိုယ်လုံး ရှိန်းခနဲဖြစ်သွား၍ အကြင်သူ၏စိတ် သည် လေပျော့သော ဘောလုံးကို လေထိုးထည့်လိုက်ခြင်းကဲ့သို့ အလိုရမ္မက်အမျိုး မျိုး၊ အထူးသဖြင့် ကာမနှင့်ပတ်သက်သော ရာဂစိတ်တို့သည် ဖောင်းဖောင်းကြွကြွ ဖြစ်လာရလေတော့သည်။

ကိုထွန်းလု၏ မျက်စိ၌ လှပသောမိန်းကလေးများ၏ ရုပ်ဆင်းသဏ္ဌာန် သည် သာလွန်လှပလာကြ၍ အသံကလေးများမှာလည်း တိုး၍နားဝင်ချိုလာကြ လေရာ လိမ္မော်ရောင်ဝတ်ထားသောမိန်းကလေးနှင့် မျက်လုံးချင်းဆိုင်မိသည့်အခါ တိုင်း ရာဂလှိုင်းထကြွ၍ အလိုရမ္မက် ပြင်းထန်သည်ထက် ပြင်းထန်လျက်ရှိ၏။ အခြားသောမိန်းကလေးများသည် တစ်ယောက်၏မျက်နှာကို တစ်ယောက်ကြည့်



ပြုံးပြီးနောက် ပန်းကောက်ကြရအောင်ဆို၍ ထသွားကြလေရာ ကိုထွန်းလုနှင့် လိမ္မော်ရောင်တို့သည် ကျေးငှက်များမှတစ်ပါး အနီးအပါးတွင် မည်သူမျှမရှိသည် နှင့် ချစ်ချင်တိုင်းချစ်၍ ပျော်ချင်တိုင်းပျော်ကြလေ၏။

တုတ်တမံ ဆည်းကာလျက်ရှိသောရေသည် အထိုက်အလျောက် ဖောက် ပြီးသောအခါ၌ တမံကို ဖိနှိပ်တိုးဝှေ့သောအင်အား လျော့ပါးသွားလေသကဲ့သို့ ကိုထွန်းလုနှင့် လိမ္မော်ရောင်တို့၏ အလိုရမ္မက်မှာလည်း အထိုက်အလျောက် အားနည်း ယုတ်လျော့လာသောအခါတွင် လိမ္မော်ရောင်သည် သလွန်အောက်၌ထား သော ကိရိယာတန်ဆာတစ်ခုကို ထုတ်ယူကြည့်ရှုလေ၏။ ၎င်းကိရိယာမှာ ဘုရား ပွဲများတွင် သူငယ်များ ကြည့်ရှုရန်အတွက်ပြသသော “မက်ဂျစ်လန်တန်” ခေါ် ကိရိယာတစ်မျိုးကဲ့သို့ သေတ္တာတစ်လုံးတွင် မှန်ပေါက်တစ်ခုတပ်လျက်ရှိ၏။ ၎င်း မှန်ပေါက်မှ သူငယ်များ ကြည့်သောအခါ၌ အရုပ်အမျိုးမျိုး ပေါ်ထွက်လာသည်ကို မြင်ကြရပေရာ ကိုထွန်းလုသည် လိမ္မော်ရောင်ထံမှ ကြည့်ခွင့်တောင်း၍ မှန်ပေါက် မှ ကြည့်လေသည်။

တွေ့မြင်ရသော အရုပ်များမှာ ရုပ်သေမဟုတ်၊ ရုပ်ရှင်ဖြစ်လေရာ ပထမ၌ ကိုထွန်းလုသည် ကားထဲ၌ ပေါ်လာသော ယောကျ်ား၊ မိန်းမများကို မမှတ်မိသော် လည်း တဖြည်းဖြည်း သတိရလာ၍ မိမိတို့နေအိမ်နှင့် မိဘများ၊ အိမ်သူအိမ်သား များနှင့်တကွ ထွန်းလုကလေးကို တွေ့မြင်ရလေ၏။ စင်စစ်မှာ မိမိ၏ အတ္တုပ္ပတ္တိ ဖြစ်၍ ငယ်စဉ်က တဖြည်းဖြည်း ကြီးပြင်းလာခဲ့ပုံ အခြင်းအရာများ ဖော်ပြထား ၏၊ နောက်ဆုံး၌ စစ်ကိုင်းတောင်ရိုးသို့ ရှင်ပြုရန်အတွက် ထွက်လာခဲ့ကြပုံများနှင့် တောင်းပေါ်မှ မိမိဆင်းလာခဲ့ပြီးလျှင် ချောင်များကို လှည့်လည်ကြည့်ရှုပုံ အခြင်း အရာများကိုပါ တွေ့ရပြီးမှ နောက်ဆုံး၌ နဂါးခံတွင်းဂူဝသို့ မိမိဆိုက်ရောက်နေပုံ အဖြင့်အပျက်သို့တိုင်အောင် ရောက်လာခဲ့လေပြီ။

ဤနေရာ၌ လိမ္မော်ရောင်သည် မှန်ပေါက်ကို လက်နှင့်ပိတ်ထားလိုက် ခြင်း ကိုထွန်းလုက ‘ဒီနောက်ကော ဖယ်စမ်းပါ၊ ဒီနောက်ကော ကြည့်စမ်းပါရစေ’ ဟုဆိုကာ လိမ္မော်ရောင်၏လက်ကိုအတင်းဖယ်ရှားလိုက်၏။ ကိုထွန်းလုသည် မှန် ပေါက်မှ ဆက်လက်ကြည့်ရှုသောအခါ ဥယျာဉ်ကြီးအတွင်းသို့ မိမိရောက်နေသော အခြင်းအရာကိုမတွေ့ရဘဲ မိမိရှင်ပြုမည့်ဇရပ်ရှေ့၌ မိဘများက ဝိုင်းအုံမြည်တမ်းကြ သဖြင့် ထွန်းလုလေးငိုကြွေးလျက်ရှိသော အဖြစ်အပျက်ကို တွေ့မြင်ရလေ၏။

ထိုခဏ၌ မှန်ပေါက်မှကြည့်နေသော ထွန်းလုကြီးသည် ဇရပ်ရှေ့၌ငိုကြွေး လျက်ရှိသော ထွန်းလုကလေးအဖြစ်သို့ ချက်ချင်းပြောင်းသွား၍ လိမ္မော်ရောင်နှင့် အတူ ဥယျာဉ်ကြီးပါ ပျောက်ကွယ်သွားပြီးလျှင် မိခင်ဖြစ်သူက ကြည့်စမ်း ဘော်

www.burmeseclassic.com

www.burmeseclassic.com



ရှင်ပြုခါနီးမှာ သစ်ပင်တောင် မတက်ရဘူးတဲ့။ သူ့မှာတော့ တောင်ရိုးတစ်ခွင် ပြိုပြိုစင်လို့ မနက်ကြီးက ထွက်သွားလိုက်တာ နေဝင်လို့ စုပ်စုပ်ကန်းမှ ပြန်ရောက်လာတော့တယ်။ နေနှင့်ဦး၊ နင်ကလေးတော့ သင်္ကန်းချွတ်ပြီးမှ ဆော်လိုက်ဦးမယ်' စသည်ဖြင့် ကြိမ်းမောင်းလျက်ရှိ၏။

ရှင်ပြုပြီးနောက် မြို့ဘက်သို့ ပြန်လာကြသောအခါ ကိုထွန်းလှမှာ လိမ္မော်ရောင်နှင့် ဥယျာဉ်ကြီးကိုသာ လွမ်းဆွတ်တမ်းတလျက်ရှိ၏။ မိဘများသည် တမှိုင်မှိုင် တတွေတွေရှိနေသော သားကလေးကိုမြင်သည်နှင့် စုံစမ်းကြရာတွင် ကိုထွန်းလှက မိမိကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များကို ပြောပြသဖြင့် ဥစ္စာစောင့်မတွေ့နှင့် တွေ့ခဲ့သည်ဆို၍ ပယောဂဆရာပင့်ပြီးလျှင် "ချွတ်လွှဲ"ပေးကြ၏။ သို့ရာတွင် ကိုထွန်းလှမှာ ပထမဦး ထူးခြားခြင်းမရှိဘဲ မစားနိုင်၊ မသောက်နိုင် တမှိုင်မှိုင်နှင့် နေနေ၏။ ကျောင်းသို့ရောက်လာသောအခါ ကျောင်းသားများသည် ကိုထွန်းလှ၏ အကြောင်းကို ကြားဖူးကြသည်နှင့် လိမ္မော်ရောင်ကို လွမ်းဆွတ်သလောဟု ပြောင်ရယ်ပြုကာ မေးခွန်းထုတ်ကြ၏။ ကိုထွန်းလှကမူ တည်တည်ကြီး အဖြေပေး၍ 'မလွမ်းဘဲနေမလား' ဟု ပြန်ပြောလေ့ရှိ၏။ သို့ရာတွင် ယခင်အခါများကဲ့သို့ တမှိုင်မှိုင်မနေတော့ဘဲ ပတ်ဝန်းကျင်အဖြစ်အပျက်များတွင် စိတ်ဝင်စားစ ပြုလာလေပြီ။

၁၀ နှစ်သားအရွယ်တွင် ကိုထွန်းလှမှာ ကာလဝမ်းရောဂါဖြစ်၍ နှစ်သွားသဖြင့် မိဘများက သေပြီဟု မှတ်ထင်မိကြရာ နေ့တစ်ဝက်လုံးလုံး သတိမရ အသက်မရှူဘဲ နေခဲ့ပြီးမှ ပြန်၍ "လည်" လာခဲ့၏။ ထိုအခါကလည်း ကိုထွန်းလှသည် နဂါးခံတွင်းဂူဝမှ ဝင်သွား၍ ဥယျာဉ်ထဲတွင် ယခင်မိန်းကလေးခုနစ်ယောက်တို့နှင့် ဒုတိယအကြိမ် တွေ့ခဲ့ပြန်၏။ ဤအကြိမ်တွင်မူကား ထိုင်ခုံအမျိုးမျိုးချထားသော နည်းအားဖြင့် မရွေးချယ်ရတော့ဘဲ လိမ္မော်ရောင်မိန်းကလေးသည် တစ်ခါတည်း ဆီးကြိုပြီးလျှင် အခြားသော မိန်းကလေးများကလည်း ငြူစူခြင်းမရှိဘဲ ၎င်းတို့နှစ်ဦး ပျော်မြူးကြသည်ကို ကြည်ဖြူစွာ ဝတ်ပြုကြပေသည်။

လိမ္မော်ရောင်က ဤတစ်ကြိမ်တွင် မိမိနှင့် မခွဲခွာဖို့ ဖြားယောင်းတောင်းပန်သေးရာ ကိုထွန်းလှကလည်း ဘယ်တော့မှမခွဲဟူ၍ ကတိပေးသေး၏။ သို့ရာတွင် မိန်းကလေးများနှင့် "တူတူပုန်းတမ်း" ကစားကြစဉ်အတွင်း ကိုထွန်းလှသည် မျက်စိလည်၍ နဂါးခံတွင်းဂူဝသို့ ရောက်လာမိသည်နှင့် အပြင်ဘက်သို့ ခဏလေးမျှ ထွက်ကြည့်ချင်သော အာသာဆန္ဒ ဖြစ်ပေါ်လာ၍ တံခါးဖွင့်လိုက်မိရာတွင် နစ်ရာမှ လည်လာခဲ့ခြင်း ဖြစ်ပေသည်။

❖



ဤအထိ ကိုထွန်းလှ၏ အဖြစ်အပျက်များမှာ ငယ်စဉ်ကတည်းက ကျွန်ုပ်ကြားခဲ့ပြီးဖြစ်ရာ ရှေ့အဖို့၌ ဆက်ရန်ရှိသော အဖြစ်အပျက်များကိုမူ ကိုထွန်းလှ ကိုယ်တိုင် ပြောစေရပေမည်။ ကိုထွန်းလှသည် ဆေးတံမှ မီးခိုးတလူလူထုတ်ရင်း သွန်လေပြီးသောအဖြစ်အပျက်များကို ပြန်လည်ဆင်ခြင်ပြီးနောက်...

'ကျောင်းသားတုန်းက အဖြစ်အပျက်တော့ မင်းကြားဖူးလို့မို့ ရှေ့လျှောက် ပြောတော့မယ်နော်။ ကျောင်းကထွက်လို့ ရှေ့နေစာမေးပွဲဝင်ပြီး အောင်လာတဲ့အခါမှာ အိမ်ထောင်ရေးအတွက် ဟိုက ဒီက စပ်ကြဟပ်ကြပါရဲ့။ ဒို့ပေမဲ့ ငါ့စိတ်ထဲမှာ လိမ္မော်ရောင်ကလွဲပြီး ဖွဲနဲ့ဆန်ကွဲဆိုတဲ့ စကားလိုဖြစ်နေလို့ ဘယ်မိန်းမမှ မကြိုက်နိုင်တော့ဘူးကွယ့်'

'လိမ္မော်ရောင်က တော်တော်ချောသလားဗျ'

'ဟာ... ချောလိုက်ပုံတော့ ဘာပြောကောင်းမလဲကွယ်၊ ညီတော်မင်းနန္ဒ ပြောတဲ့စကားလို ဒို့ပြင်မိန်းမတွေဟာ ငါ့စိတ်ထဲမှာ မျောက်မတွေချည်းပဲကွယ့်။ ခြေသည်းဖဝါးကလေးတစ်ခုတည်းကို သူတို့တစ်ကိုယ်လုံးနဲ့ မလဲနိုင်ဘူးမောင်'

'ဘယ်လိုများ နေလို့လဲဗျ'

'နီရဲပြီး ထွတ်ထွတ်ကလေးရယ်မောင်၊ နူးညံ့လိုက် ဆိုတာကလည်း လေးညှင်းသ သမီးကလေးလက်လိုပဲ။ သူ့ခြေဖဝါးနဲ့ ဒီကမိန်းမတွေလက်နဲ့တောင် မလဲနိုင်ဘူးမောင်ရေ့။ ဒီလောက်ပဲ ကွာပါရဲ့။ နှုတ်ခမ်းကလေး နီပုံ၊ သွားကလေးတွေဖြူပြီး ညီပုံ၊ မျက်တောင်ကလေး ကော့ပုံ၊ ပြုံးလိုက်တဲ့အခါမှာ ပါးကလေးချွက်သွားပုံ၊ အမယ်လေး... မပြောပါနဲ့ကွာ၊ ဘာတစ်ခုမှ ဒီကမိန်းမတွေနဲ့ မတူပါဘူး'

'ဒို့ဗျာ ဒီနောက်ကော စစ်ကိုင်းတောင်ရိုးသွားပြီး ရှာကြည့်သေးသလား'

'ရှာပြီလားငါ့လူ၊ တစ်ခေါက် ဘယ်ကမတုံး၊ လေးငါးခြောက်ခေါက် ရောက်သေးတာပေါ့'

'တစ်ခါမှ မတွေ့ဘူးလား'

'တမင်ရှာလို့တော့ မတွေ့ဘူး။ မရှာဘဲနဲ့တော့ တွေ့ပုံကလေးတွေ ပြောရဦးမယ်'

'လုပ်စမ်းပါဦးဗျာ'

'ဒီလိုကွ၊ ရှေ့နေစာမေးပွဲဝင်ရမယ့် မနက်က စာစစ်မယ့်နေရာကို မြင်းရထားတစ်စီးနဲ့သွားတော့ မင်းကြီးများ ဘာများ တည်းခိုတဲ့ ဘိုတဲကြီးရှေ့ရောက်တဲ့အခါမှာ လက်ဝဲဘက် လှမ်းကြည့်လိုက်တော့ နဂါးခံတွင်းဂူကြီး ဘွားခနဲပေါ်လာတာ မြင်ရတယ်။ ငါက မြင်းရထားသမားကို 'ဟေ့... ရပ်ဦး' ဆိုပြီး နာရီကြည့်လိုက်တော့ စာမေးပွဲလုပ်ဖို့ အချိန်က ၁၅ မိနစ် ကျန်တော့တယ်ကွ၊ ငါ့ခင်

www.burmeseclassic.com

www.burmeseclassic.com



နေရင် ၁၅ မိနစ်နဲ့ ပြန်ထွက်နိုင်မှာမဟုတ်လို့ စာမေးပွဲ မဝင်ဖြစ်ဘဲနေတော့မယ်ဆိုပြီး မြင်းရထားရပ်ဆဲမှာပဲ 'မောင်းပါတော့ကွာ' လို့ မြင်းရထားသမားကိုပြောပြီး ဆက်မောင်းခဲ့ရတယ်'

'ဘယ့်နှယ်လဲဗျာ၊ စစ်ကိုင်းတောင်ရိုးမှာဆိုပြီး မန္တလေးကျုံးထိပ်တန်းရောက်နေပြီလား'

'မြင်မြင်ချင်းတော့ ဘာမှ ငါမစဉ်းစားမိဘူး၊ ဝင်ချင်တာလောက် သတိရတာပဲ၊ မြင်းရထား ဆက်မောင်းလာတော့မှ ခုနင်က နဂါးခံတွင်းဂူဝကို မြင်လိုက်တဲ့နေရာဟာ ကျုံးကြီးပါတကားလို့ စဉ်းစားမိတယ်။ ဒါပေမဲ့ ငါ့စိတ်ထဲမှာတော့ တောင်ရိုးဖြစ်စေ၊ ကျုံးဖြစ်စေ နဂါးခံတွင်းဂူဝ ဝင်သွားရင် လိမ္မော်ရောင်တို့လူနဲ့ တွေ့ရမှာပဲလို့ ယုံကြည်ပြီးပဲ'

'ဒီတစ်ခါတော့ ဂူဝကိုသာ မြင်ရတယ်၊ မဝင်ဖြစ်ခဲ့ဖူးပေါ့'

'အေး၊ နောက်ပြီးတော့ မန္တလေးကို ဘုရင်ခံ ဆာဟာကုတ်ဘတ္တလာလာတုန်းကလည်း ဒီလိုပဲ တစ်ကြိမ်ဖြစ်ဖူးသေးတယ်ကွ။ ဘုရင်ခံက "ဂါးဒင်ပါတီ" ဖိတ်ထားလို့ မော်တော်ကားနဲ့ ထွက်လာရာမှာ မြောက်ပြင်ရောက်တော့ ဒီလိုပဲ နဂါးခံတွင်းဂူဝကြီး ပေါ်လာတာ မြင်ရပြန်တယ်။ ဒီတုန်းကလည်း အချိန်မရှိလို့ မဝင်ခဲ့ရဘူး'

'ပေါ်လာတာက ဘယ်ဘက်ကလဲ'

'ဒီတစ်ခါလည်း ကျုံးဘက်ကပဲကွ'

'ခင်ဗျား ဆင်းသွားရင် ကျုံးထဲ မကျပေဘူးလား'

'ကျချင်ကျ မကျချင်နေကွာ၊ ဂူထဲဝင်ရရင် ကျေနပ်နေတာပဲ။ မင်းတို့မျက်စိမှာ ကျုံးထင်ပေမယ့် ငါမထင်ပြီးတာပဲ'

'ခင်ဗျားက မထင်ပေမယ့် ကျုံးထဲကျမှာက ကျမှာပဲ မဟုတ်လားဗျာ'

'အေးလေ မင်းတို့က ဒီလို ထင်တာကိုး၊ ဒီကိုယ်နဲ့သွားရင် ကျမှာပေါ့၊ ဂူထဲဝင်လိုက်တော့ ကိုယ်တစ်မျိုးကွ'

'ကိုယ်တစ်မျိုးတော့ကော မကျရဘူးလားဗျာ'

'တယ်ခက်တဲ့ငါ့လူ။ မင်းတို့က ဟိုဘုံ ဒီဘုံဆိုတာ တစ်ခုနဲ့တစ်ခု အဝေးကြီးမှတ်နေကြတာကိုး။ ဟောဒီအနားတွင် ဘုံတွေအများကြီး ရှိနိုင်တယ်ကွ။ သူ့အလွှာနဲ့သူ နေထိုင်ကြတာပဲ။ သူ့ဘုံနဲ့သူ့ရုပ်နဲ့၊ သူ့စိတ်နဲ့ တစ်မျိုးစီရှိကြတယ်။ ဒီအထဲမှာတော့ မင်းတို့၊ ငါတို့ရဲ့ ရုပ်တွေက အကြမ်းဆုံး အပုပ်ကောင်မျိုးပေါ့။ ဒါတွေကို မင်းတို့ယုံနိုင်မယ် မဟုတ်ပါဘူးလေ'



ကျွန်ုပ်သည် ကိုထွန်းလှ၏ မျက်နှာကို ကြည့်လိုက်သောအခါ သူ၏မျက်နှာထားမှာ ကျွန်ုပ်ကိုပင် မြင်ဟန်လက္ခဏာမရှိဘဲ ကျွန်ုပ်နောက်ရှိ ဝေးလံသောနေရာသို့ လှမ်းမျှော်ကြည့်နေသကဲ့သို့ ဖြစ်ပေါ်လျက် ရှိ၏။

'ဒီနောက်ကောဗျာ'

'ငါ့မှာ ဝါသနာတစ်ခု ရှိတယ်ကွယ့်။ ညတိုင်းညတိုင်း ကမ္မဋ္ဌာန်းထိုင်တတ်တယ်။ ငါ့ကမ္မဋ္ဌာန်းက အဿာသ၊ ပဿာသ မဟုတ်ဘူးကွယ့်။ အစကတော့ အဲဒီက တတ်တာပဲ။ တော်တော် သမာဓိရလာတော့ စိတ်အလုပ် လုပ်တယ်လေ။ လေးငါးနှစ်လောက် လုပ်မိတော့ ဘယ်လိုဖြစ်လာသလဲဆိုတော့ မင့်ပြောလို့ ယုံမှာမဟုတ်ပါဘူးလေ'

'ပြောသာပြောပါဗျာ၊ ကျုပ်လည်း စဉ်းစားတတ်ပါတယ်'

'ငါပြောမယ်၊ ဟောဒီရုပ်ထဲက နာမ်ခေါ်တဲ့ စိတ်ကလေးဟာ တသီးတခြားထွက်သွားနိုင်တယ်လို့ မင်းကြားဖူးရဲ့လား'

'အာရုံတော့ သွားနိုင်တာပေါ့ဗျာ'

'အာရုံသွားတယ်ဆိုတာက စိတ်ကလေးဟာ သူ့နေရာမှာသူနေပြီး ပင့်ကူမျှင်အမျှင်တွေ လွှတ်တာလို လွှတ်တာမျိုးကွယ့်။ ကိုယ်ထဲက တကယ် ထွက်ခွာသွားနိုင်တာ မဟုတ်ဘူး'

'တကယ် သွားနိုင်တဲ့နည်း ရှိသလားဗျာ'

'ကြည့်လေ၊ ဥပမာတစ်ခု ပြမယ်။ ဟိုတုန်းက ငါ နစ်သွားတော့ အာရုံကလေးတင် သွားတာမဟုတ်ဘူးကွယ့်။ နာမ်တရားဆိုတဲ့ စိတ်ပါ ထွက်သွားလို့ ဒီမှာမြင်ခဲ့တွေ့ခဲ့ ခံစားခဲ့ရတယ် မဟုတ်လား'

'နစ်တဲ့လူများတော့ သွားနိုင်တယ် ထားပါတော့။ လူကောင်းပကတိက သွားနိုင်ပါ့မလားဗျာ'

'လေ့ကျင့်ထားရင် ဖြစ်နိုင်ရမှာပေါ့ကွယ်'

'ခင်ဗျား ဖြစ်သလား'

'အေးလေ၊ ကိုယ်တွေ့မို့ ပြောနေတာပေါ့'

'ဆိုစမ်းပါဦးဗျာ'

'လေးငါးခြောက်နှစ် လေ့ကျင့်လိုက်တော့ တစ်ညမှာ ငါ့စိတ်ကလေး ထွက်သွားတယ်မောင်'

'ထွက်သွားတော့ နဂါးခံတွင်းဂူဝဆီ ရောက်သွားရောလား...'

'အစစ်ပေါ့၊ ရောက်ပုံက ဒီလိုကွယ့်။ ခုတင်ပေါ်က ပက်လက်လှန်ပြီး လေ့ကျင့်နေတုန်း ဖြုန်းဆို စိတ်ကလေးက အပြင်ဘက်ရောက်လာပြီး ကိုယ့်ရုပ်ကြီးကို

www.burmeseclassic.com



တောင် ကိုယ်ပြန်ကြည့်လိုက်သေးတယ် မောင်။ အိပ်ပျော်နေသလိုပဲ၊ အသက်တော့ မရှုဘူး။ ဒီနောက်မှ ပြတင်းပေါက်ဆီသွားပြီး လွှားခနဲ ခုန်လိုက်တာ လေထဲမှာပဲ ပြီး ဖိမ်ရှိလိုက်တာ မောင်ရာ။ ငှက်တွေဟာ ငြိမ့်မှာပဲလို့ ငယ်ငယ်တုန်းက စဉ်းစား မှူးတဲ့အတိုင်း ပထမအကြိမ်တော့ အဟုတ်ငြိမ့်တယ်မောင်။ ဒါနဲ့ လေထဲမှာ ဝဲပါသွားပြီး နဂါးခံတွင်းဂူဝရောက်သွားပါရောကွာ။ အဲဒီကနေ အထဲဝင်သွားတော့ ဟိုတုန်းက ကြုံခဲ့ဖူးတဲ့ အဖြစ်တွေအတိုင်း ထပ်ပြီး တွေ့ရပြန်တာပါပဲ'

'လိမ္မော်ရောင်တို့ ဘာတို့ပေါ့လေ'

'ဒါပေါ့၊ သို့သော် လိမ္မော်ရောင်က ဒီတစ်ခါတွေ့ရတာ ဟိုအရင်ကဟာထက် ထက်ပိုပြီး ဝမ်းသာပုံပေါ်တယ်ကွ။ ကွဲနေတာ ကြာလို့လားတော့ မပြောတတ်ဘူး ခဏခဏ လာပါလို့လဲ မှာတယ်။ ဟိုတုန်းက ဘယ်တော့မှ မမှာဘူး'

'ဒီတစ်ခေါက်နဲ့ နောက်ဆုံးအခေါက်နဲ့ ဘယ်နနှစ် ကွာသလဲဗျ'

'ဟိုတုန်းက ဆယ်နှစ်သား၊ အဲဒီတော့ ၃၅ နှစ်ရှိပြီမို့ မရောက်တာ ၂၅ နှစ် ကြာသွားပြီပေါ့ကွာ။ အောင်မယ် ထူးဆန်းတာ တစ်ချက်ရှိသေးတယ်ကွ။ ဟိုတုန်းက ကလေးဘဝနဲ့ ရောက်တော့လည်း ငါ့အသက်ဟာ ဟိုအထဲမှာ ၁၈ နှစ်သားလောက်ပဲ။ အခုတလော သုံးဆယ်ကျော် လေးဆယ်နီးပါး ရှိတော့လည်း ဟိုအထဲရောက်တော့ ၁၈ နှစ်လောက် ထင်ရတာပဲမောင်'

ကျွန်ုပ်သည် ဖြစ်နိုင်လောက် မဖြစ်နိုင်လောက် စဉ်းစားရင်း၊ ဆေးတံထိုး မှာလျက် ကိုထွန်းလှ၏မျက်နှာကို အကဲခတ်မိရာ ဟုတ် မဟုတ် မပြောနိုင်သော် လည်း ကိုထွန်းလှသည် ကျွန်ုပ်အား လိမ်လည်လှည့်စား၍ပြောခြင်း မဟုတ်ဘဲ ၎င်း၏စိတ်ထဲ၌ အဟုတ်တကယ်ဟူ၍ ယုံကြည်သည့်အလျောက် ရိုးသားစွာ ပြောပြခြင်း ဖြစ်သည်ဟူ၍လည်း ဆုံးဖြတ်နိုင်ပေ၏။ ရှုးသွပ်လေသလောဟု တွေး ထင်ရန်မှာလည်း ကိုထွန်းလှမှာ ငယ်စဉ်ကတည်းက အလွန်ကြည်လင်သောဉာဏ် ရှိခဲ့သည့်ပြင် ရှေ့နေစာမေးပွဲ ဝင်ရာတွင်လည်း တစ်ပြည်လုံးတွင် ပထမရခဲ့သူဖြစ် သောကြောင့် ဟုတ်နိုင်မည်မထင်ပေ။ မည်သည့်အကြောင်းအရာကိုဖြစ်စေ၊ ၎င်းနှင့် ဆွေးနွေးရာ၌လည်း လူသာမန်တို့ထက် လေးနက်သော ထင်မြင်ချက်များ ပေးနိုင် သည်ကိုသာ တွေ့ရသဖြင့် စိတ်ကတောက်ကတက်နှင့် ထင်မိထင်ရာ ထင်တတ် သူဟူ၍ ယူဆရန် ခဲယဉ်းလှပေသည်။ ၎င်းပြင် ရှေ့နေတိုင်းကလည်း ကိုထွန်းလှ အား လေးစားကြသည်ကိုသာ တွေ့ရ၏။

'ဒီပြင်ကောဗျာ'

'တစ်ခုပြောရဦးမယ်၊ ကိုယ်ထဲက ထွက်လာတော့ ဟုတ်ပါရဲ့၊ ပြန်ဝင်တဲ့ အခါကျတော့ အခက်အခဲကလေး ရှိတတ်တယ်မောင်'



'ပြန်ဝင်ချင်ရသေးသလားဗျ၊ ဟိုမှာ ပျော်စရာကြီးဆို'

'အေးလေ ငယ်ငယ်တုန်းကတော့ ဟုတ်တာပေါ့၊ တော်တော်ကြီးလာတဲ့ အခါကျတော့ ဒီဘက်မှာပဲ အမြစ်ကလေးတွေ တော်တော်တွယ်မိကုန်ပြန်တာကိုး ကွယ့်၊ ကြီးပြင်းလာတော့ ဟိုတစ်လှည့် ဒီတစ်လှည့် သွားချည်ပြန်ချည် ကူးနေရ တာ အကောင်းဆုံးလို့ အောက်မေ့လာပြန်တယ်ကွ'

'အခက်အခဲ ပြောပါဦးဗျာ'

'ပထမကြိမ် အိမ်ပြန်လာတော့ အိမ်စောင့်နတ်က မဝင်ရဘူးလုပ်နေလို့ အကြောက်အကန် အတော်ကလေး ပြောနေရသေးတယ်မောင်၊ နောက်တော့ လည်း ငါ့အကြောင်းသိလို့ ပြုံးစိစိနဲ့ ကြည့်နေတော့တာပါပဲ။ ပြီးတော့ ဒီပြင်တစ် ချက်ကလည်း နောက်တောက်တောက် မကောင်းဆိုးဝါးတွေက ရှိသေးတယ်။ သူတို့က မပုပ်မသိုးတဲ့ ရုပ်အလွတ်အလပ်တွေ့တဲ့အခါ အရျောင်ဝင်ပြီး နေတတ် တယ်။ အသက်ထွက်ပြီး ဖုတ်ဝင်နေတယ်ဆိုတဲ့ ကိစ္စမျိုး မင်းကြားဖူးမှာပေါ့။ အဲဒါတခြားမဟုတ်ဘူးကွယ့်၊ သူတို့ နောက်တာပဲ။ ငါ့မှာ တစ်ခါတုန်းက ကိုယ့် ရုပ်ဆီ ကိုယ်ပြန်လာတော့ မောင်မင်းကြီးသားတစ်ကောင်က အရျောင်ဝင်နေနှင့်လို့ အိမ်စောင့်နတ်ကိုတိုင်ပြီး နှစ်ယောက်သား မနည်းမောင်းထုတ်ရတယ်မောင်။ ဒီ နောက်တော့ ခဏခဏ အပြင်ထွက်ရမှာတောင် ခပ်လန့်လန့် ဖြစ်သွားတယ်'

'မဝင်ရရင်လည်း ဟိုမှာ နေလိုက်တော့တာပေါ့ဗျာ'

'ဟိုတော့ ဟုတ်တာပေါ့ကွ။ ဒါပေမဲ့ ကြီးလာတော့ ငယ်ငယ်တုန်းကလို ဘင်ဖက်သတ်မဟုတ်တော့ဘူး။ ခုနင်က ပြောသလို ဒီဘက်မှာလည်း အမြစ်က တွယ်ကုန်ပြီကွ။ ဟိုတုန်းကတော့ ကိုယ့်သဘောအတိုင်းဆိုရင် လုံးလုံးမပြန်ချင်ဘူး မောင်'

'ဒီလို သွားချည်ပြန်ချည် လုပ်လာခဲ့တာ ဘယ်လောက်ကြာပြီလဲ'

'သိပ်မကြာသေးဘူးကွ။ တစ်နှစ်ကျော်လောက် ရှိသေးတယ်'

'ခဏခဏ သွားသလား'

'တနင်္ဂနွေတစ်ပတ်မှာ တစ်ခါလောက်ပေါ့ကွာ၊ တစ်ခါတစ်လေလည်း စိတ်က သမာဓိကောင်းကောင်းမရလို့ သွားမဖြစ်ဘူးကွ'

'ကိုယ့်အိမ်ထဲ ပြန်ဝင်တော့ လှေကားက ပြန်တက်သလား'

'ဘယ်ဟုတ်မလဲကွ၊ ပြတင်းပေါက်ကဆင်း၊ ပြတင်းပေါက်က ပြန်ဝင်တာ ပေါ့။ တံခါးတွေအားလုံး ပိတ်ထားတာပဲ'

'ကျုပ်မိတ်ဆွေ ပီမိုးနင်းတစ်ယောက်လည်း ဒီလိုလုပ်လို့ ဖြစ်သလိုသို့ ပြောဖူးတယ်။ ကျုပ်က ထင်ရှားအောင် ဘယ်နေ့ဘယ်ရက် ဘယ်အချိန်မှာ ထွက်

www.burmeseclassic.com



ဘာ လုပ်နေတယ်ဆိုတာ လာကြည့်ပြီး ကျုပ်ကို ပြန်ပြောစမ်းပါဆိုတော့ မဖြစ်ဘူးဗျို့'

'ဒါကတော့ ဟုတ်ပေလိမ့်မယ်ကွ။ ဟိုအခါမှာ သူက မင့်ကို သတိရဦးမှာကိုး။ ပြီးတော့ တစ်ကြောင်းကလည်း ဟိုလောကရောက်တော့ ဟိုစိတ်ဖြစ်သွားတော့တာကွ'

'ပြတင်းပေါက်ကဆင်းပြီး ဟိုရောက်အောင် တော်တော်ကြာကြာ သွားရသေးလားဗျာ'

'မကြာပါဘူးကွာ၊ ဆင်းလိုက်ပြီး ဝဲချလိုက်ရင် ရောက်တော့တာပါပဲ။ အချိန်တွေကလည်း ဟိုနဲ့ဒီနဲ့ တစ်မျိုးစီကွ'

'ဘယ်လိုလဲဗျ'

'တစ်ခါတလေ ငါ ဟိုမှာ သုံးလေးရက်လိုလို နေခဲ့ရပေမယ့် ဒီပြန်ရောက်တော့ တစ်ညအတွင်း ဖြစ်နေတာပဲ'

'ဟိုပြည်က နေ့တွေ ရက်တွေ ရှည်တယ်ဆို'

'ဒါကတော့ စိတ်ပါပဲကွာ၊ တစ်ခါတလေ နေ့လယ်နေ့ခင်း တရေးတမောအိပ်တုန်း အိပ်မက်မက်တော့ အိပ်မက်ထဲမှာ သုံးလေးရက်လိုလို ကြာခဲ့တယ်၊ လူ့ပြည်က နာရီနဲ့တော့ အိပ်မက်မက်တာဟာ တစ်မိနစ်လောက် ကြာတယ်ဆို မဟုတ်လား'

'ဟုတ်ကဲ့၊ လောကဓာတ်ဆရာတွေက ဒီလိုပြောကြတာပဲ။ အိပ်မက် မက်ခြင်းဟာ နီးခါနီး စက္ကန့်အနည်းငယ်အတွင်းလို့ ဖတ်ဖူးတာပဲ'

'ဟုတ်မှာပေါ့ကွ၊ အချိန်ဆိုတာ ပရမတ်တရား မဟုတ်ဘူးကွ၊ ပညတ်တရားပဲ။ ငါ့စိတ်မှာ တစ်စက္ကန့်ကြာတယ် ထင်ရတဲ့ အတောအတွင်း မင့်စိတ်မှာ သုံးလေးရက်လို့ ထင်ချင် ထင်ရတာမျိုးပဲ'

'ဟိုဆီမှာ နေဝင်နေထွက် ရှိသလားဗျို့'

'နေ့မရှိ၊ ညမရှိ။ အလင်းရောင်တစ်မျိုးနဲ့ နေကြတာပဲကွ။ အိပ်တယ်လို့လည်း သတိမထားမိပေါင်ကွာ'

'ဟုတ်မှာပေါ့လေ၊ မောတတ်ပန်းတတ်တဲ့ ရုပ်ကြမ်းကြီးမျိုးမှ မဟုတ်ဘဲကိုး။ ဒါထက် ခင်ဗျာ့စိတ်မှာ ဘယ်လို ပိုင်းဖြတ်ထားသလဲ'

'ဘာပိုင်းဖြတ်တာလဲကွ'

'နေရေး ထိုင်ရေးပေါ့ဗျာ၊ ဒီလို သွားချည်ပြန်ချည်ပဲ နေတော့မလား၊ ဟိုမှာ တစ်ခါတည်း နေချင်တဲ့စိတ်မျိုး ဖြစ်သေးသလား'



'အခုစိတ်တော့ ဒီလိုပဲ ကောင်းထင်ပါ့ကွာ။ ဟိုမှာ နေရတာက ပျော်တော့ပျော်ရဲ့။ လှလှမြင်၊ သာသာကြား၊ ဆိမ့်ဆိမ့်စား၊ နူးနူးထိ၊ မွှေးမွှေးရှူ၊ အလိုကျစရာချည်းပါပဲ။ ဒါပေမဲ့ ဒီမှာလို သမာဓိအလုပ်တို့၊ စိတ်အလုပ်တို့ ဘာမှမရှိဘူးကွ၊ သို့သော် ဆိုနိုင်သေးဖူးလေ၊ ဒီဘက်မှာ ဒုက္ခတွေဘာတွေနဲ့ ရှုပ်ပွေလာရင် မပြန်သာဘဲ နေချင်မိမလား မဆိုနိုင်ဘူးပေ့'

'မလုပ်နဲ့လေဗျာ၊ ဟိုဘက် အနေအထိုင်မျိုးက တိုးတက်စရာ ဘာမှမရှိဘူးဗျ၊ တပျော်တည်း ပျော်နေရတာချည်းဆို မဟုတ်လား'

'အေးလေ၊ ငါလည်း ဒီလိုပဲ စဉ်းစားမိပါတယ်။ ဒါပေမဲ့ ဒီဘက်မှာ စစ်တွေဘာတွေဖြစ်လို့ ဒုက္ခသုက္ခတွေ ပွေရှုပ်လာရင် ပြောတာပါ'

'ဟိုကနေပြီး ဒီကို ဆက်သွယ်တဲ့နည်း ရှိသလား'

'လိမ္မော်ရောင်ကတော့ အိပ်မက်ပေးနိုင်တယ်ပြောတာပဲ။ ငါ့ကိုတော့ မလုပ်နဲ့လို့ တောင်းပန်ထားရတယ်'

'ဘာကြောင့် တောင်းပန်ထားတာလဲဗျ'

'ငါ့ကို အိပ်မက်ပေးပြီး ဖြားယောင်းနေရင် တစ်ခါတည်း ပါသွားမှာစိုးလို့ကွ'

'မတော်လို့များ ခင်ဗျား ဟိုရောက်ပြီး မပြန်ချင်ဘဲ နေလို့ရှိရင် ကျုပ်ဆီကို အိပ်မက်ပေးမလားဗျို့'

'ဘယ်လို ပေးစေချင်သလဲ'

'ခင်ဗျားတို့ အနေအထိုင်ကို ကျုပ်မြင်ရအောင် ပြပေါ့ဗျာ'

'တော်တော်ကြာတော့ မင်းပါ လိုက်ချင်နေဦးမယ် မောင်'

'ကိစ္စမရှိပါဘူး၊ ကျုပ်က စိတ်နိုင်ပါတယ်'

❖

ကိုထွန်းလှနှင့် ကျွန်ုပ်တို့ တွေ့ဆုံဆွေးနွေးခဲ့ခြင်းမှာ ၁၉၄၁ ခုနှစ်တွင်ဖြစ်၏။ ထိုနှစ် နောက်ပိုင်းတွင်... ကျွန်ုပ်နှင့် သူရိယတိုက်အုပ် ဘကလေးတို့အား မန္တလေးရုံးခွဲ အသရေပျက်မှုနှင့် တရားစွဲသဖြင့် ရန်ကုန်မှ မန္တလေးသို့ မကြာခဏ ဆင်းလာရစဉ်က ဖြစ်၏။ ကျွန်ုပ်သည် မန္တလေးသို့ရောက်တိုင်း ကိုထွန်းလှနှင့် တွေ့ခဲ့ရလေသည်။

၁၉၄၂ ခုနှစ် ဧပြီလ သုံးရက်နေ့တွင် မန္တလေးမြို့ကို ဂျပန်လေယာဉ်များက အကြီးအကျယ် ဗုံးချဖျက်ဆီးသဖြင့် မြို့သူမြို့သား အမြောက်အမြား ပျက်စီးကျန်လူများ ထွက်ပြေးသည့်အခြင်းအရာမှာ လူတိုင်းကြားသိကြပြီဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်ကိုယ်တိုင်မှာ ကသာမြို့သို့ ပြေးလာခဲ့၍ တရုတ်စစ်သားများဖမ်းဆီး ခံရသေးရာ ထိုအကြောင်းကို ဂျပန်ခေတ်က စာရေးဆရာမဂ္ဂဇင်းတွင် ရေးသား ပြခဲ့ဖူးပေပြီ။

မန္တလေးမြို့မှ ကသာသို့ ထွက်ပြေးတိမ်းရှောင်ကြသော အစိုးရအရာရှိ လည်း များစွာရှိကြ၏။ တစ်နေ့သ၌ ကျွန်ုပ်သည် နယ်ပိုင်ဝန်ထောက် ဦးချ အိမ်၌ မန္တလေးမှ ပြေးလာကြသော အရာရှိသုံးလေးယောက်တို့နှင့် ဆုံမိကြသ ရှေ့နေကြီး ဦးထွန်းလှအကြောင်းကို စုံစမ်းရာတွင် အရာရှိတစ်ယောက်က–

'ဆရာနဲ့ သိလို့လား'

'ကျောင်းနေဖက်ပါဗျာ၊ ကျောင်းနေဖက်ဆိုပေမယ့် ဆရာသ သဘောထားခဲ့တဲ့ ပုဂ္ဂိုလ်တစ်ဦးပါပဲ'

'ဦးထွန်းလှ သေရှာတယ်ဗျ'

'ဟင် ဗုံးထိလို့လားခင်ဗျာ'

'မဟုတ်ဘူးဆရာ၊ ကျွန်တော်တို့နဲ့အတူ မီးရထားနဲ့ ကသာက ပြေး ကြတာ လမ်းမှာ ရထားပေါ်က ခုန်ချဟန်တူတယ်'

ဖြစ်ရလေခင်ဗျာ၊ တစ်ဆိတ်ပြောပြပါဦး သိပါရစေ'

'ကျွန်တော်တို့နဲ့အတူတူ မီးရထား ဒုတိယတန်း စီးလာကြတာပဲ၊ မိုးလင်း လို့ နဘားဘူတာရုံရောက်တော့ ဦးထွန်းလှ ပါမလာတော့ဘူး။ နောက်ဆုံး စုံစမ်းကြည့်တော့ ကင်းဘူတာက အထွက်မှာ ရထားပေါ်က ခုန်ချထင်ပါရဲ့၊ အ လောင်းတွေ့ရတာပဲ။ ဘယ်လိုကြောင့် ဖြစ်ရတယ်မပြောတတ်ဘူး။ ကျွန်တော် အားလုံးလည်း အိပ်ပျော်နေကြလေတော့ မသိလိုက်ကြဘူးဗျ။ နောက်မှ အလောင်း တွေ့တယ်လို့ ကြားလိုက်ရတာပဲ'

ကျွန်ုပ်၏ ထင်မြင်ချက်ကား ကိုထွန်းလှသည် မီးရထားတံခါးကို နဂါး တွင်းဂူဝဟူ၍ မှတ်ထင်သောကြောင့် လက်ကိုင်ကို လှည့်ဖွင့်၍ ဂူထဲသို့ ဝင်လိုက် ရာတွင် ရထားပေါ်မှ လိမ့်ကျသေဆုံးခြင်း ဖြစ်ဟန်တူ၏။ ဂူဝ၌ မီးရထားတံခါးနှင့် တူသော လက်ကိုင်တစ်ခုရှိသည်ဆိုသော စကားသည် ကျွန်ုပ်၏ တွေးဆချက် ထောက်ခံလျက်ရှိ၏။

❖

လွန်ခဲ့သောလက ကျွန်ုပ်သည် အိပ်ရာထဲတွင် ရက်တရက် အိပ်မပျော် သည်နှင့် ပြုလုပ်မြဲထုံးစံအတိုင်း စိတ္တာနုပဿနာအလုပ်ကို တစ်နာရီခန့် လုပ်ပြီး



ခါမှ လစ်ခနဲ အိပ်ပျော်သွား၏။ မကြာမီ လန့်နိုးလာ၍ ဆင်ခြင်မိသည်တွင် ကော်မက်ရာမှ လန့်နိုးလာခြင်းဖြစ်သည်ဟု သိရ၏။

အိပ်မက်ထဲ၌ ကျွန်ုပ်သည် တောင်ကြီးတစ်လုံး၏ အစွန်းဖျားသို့ ရောက် ရှေ့၌ ချပ်ကြားကြီး ဆီးလျက်ရှိရာ ၎င်းချပ်၏ အခြားဘက်၌ တောင်တစ်လုံး င်းတောင်သို့ ကူးလိုသောဆန္ဒ ဖြစ်ပေါ်နေ၏။

ဤတွင် ကိုထွန်းလှနှင့် လိမ္မော်ရောင်ဝတ်စုံ ဝတ်ထား၍ အလွန်အဆင်းလှ မိန်းကလေးတစ်ယောက်သည် ကိန္နရီ ကိန္နရာ မောင်နှံတို့ကဲ့သို့ ချပ်ပေါ်တွင် ကပေါ်လာကြ၏။ ကိုထွန်းလှသည် ကျွန်ုပ်ကို မြင်သည်နှင့် ကျွန်ုပ်က ချပ်၏ ဘက်သို့ ကူးလိုကြောင်းပြောရာတွင် ကိုထွန်းလှသည် ကျွန်ုပ်၏လက်တစ် ကိုကိုင်၍ အခြားလက်တစ်ဖက်ကို လိမ္မော်ရောင်မိန်းမက လှမ်းကိုင်လိုက်၏။ သည် မြေကြီးနှင့်ခြေထောက် လွတ်သွား၍ ရင်ထဲ၌ အေးခနဲဖြစ်သွားသည် ဖျတ်ခနဲ လန့်နိုးလာခဲ့လေတော့သည်။

ကျွန်ုပ်သည် ကိုထွန်းလှအကြောင်းကို ရံဖန်ရံခါ စဉ်းစားမိ၍ သူမြင်တွေ့ သည်ဆိုသော အခြင်းအရာများမှာ အကယ်ပင် ဟုတ်ပါလေ၏လော၊ သူ့ စိတ်ထဲ၌ ထင်မြင်မိသော အကြောင်းအရာများသာ ဖြစ်လေသလောဟူသော ဆင် ခြင်မှု ဖြစ်ပေါ်မိရာ စင်စစ်သော်ကား ဤလောက၌ အဘယ်အရာသည် အဟုတ် အကယ်ဖြစ်၍ အဘယ်အရာသည် စိတ်၌ ထင်ရခြင်းသာ ဖြစ်သည်ဟု အဘယ် သူသည် ဆုံးဖြတ်ခြင်းငှာ စွမ်းနိုင်ပါအံ့နည်း။

(H.G.Wells ၏ The Door in the Wall ကို မှီးပါသည်။)

[ရှုမဝ၊ အတွဲ(၄)၊ အမှတ်(၃၈)၊ ဇူလိုင်လ ၁၉၅၀]

■

www.burmeseclassic.com

www.burmeseclassic.com

# အံ့ဖွယ်ရောဂါ

ဦးလှချုပ်တို့ သေဆုံးပြီးသည့်နောက် ရက်သတ္တ နှစ်ပတ်ခန့်အကြာတွင် ကျွန်ုပ်သည် ဘတိုက်မှ ပါဆယ်ထုပ်တစ်ခု ရရှိသဖြင့် ဖွင့်ကြည့်လိုက်ရာတွင် မိန်းမလက်ရေး စာတစ်စောင်အပြင် ဖူးစကတ်စာရွက်ဖြင့် ရေးသားထားသော စာများကို တွေ့ ရှိရလေ၏။ ထိုစာမှာ...

*စာရေးအစီရင်ခံပါသည် ဆရာကြီး ရွှေဥဒေါင်းရှင့်။*

*ပူးတွဲပါ စာအိတ်မှာ နိုင်ငံတော်လုပ်ကြံမှုကြီးတွင် ကျဆုံးသွား ရသော ကျွန်မ၏လင်ယောကျ်ားသည် မသေဆုံးမီ ဇူလိုင်လ ၁၈ ရက်ည က စီကုံးရေးသားခဲ့ပြီးလျှင် ဆရာကြီး၏ လိပ်ကိုတပ်၍ စာရေးစား အံ့ဆွဲထဲတွင် ထားပစ်ခဲ့သော စာအိတ်ဖြစ်ပါသည်။ တွေ့သည့်အချိန် ကပင် ဆရာကြီးထံ ပေးပို့ရန်ဖြစ်သော်လည်း ကိစ္စများပြားလှသဖြင့် ယခု ပေးပို့လိုက်ရပါသည်။ ကျွန်မ၏ လင်ယောကျ်ား စီကုံးရေးသားခဲ့သော ၎င်းစာများကို စာအိတ်ကို ဖွင့်ထားသောကြောင့် ကျွန်မ ဖတ်ကြည့်သည့် အခါ ဝတ္ထုသဖွယ် ထူးဆန်းအံ့ဩဖွယ် ကောင်းသည်ဖြစ်၍ ကျွန်မတို့၏ အမည်နာမကို အထင်အရှား မဖော်ပြဘဲ အသုံးပြုထိုက်သည်ထင်က အသုံးပြု နိုင်ပါရန် ပေးပို့လိုက်ခြင်း ဖြစ်ပါကြောင်း။*



ကျွန်ုပ်သည် အထက်ပါစာကို ဖတ်ရှုပြီးနောက်၊ ပူးတွဲပါ စာရွက်များတို့ ဖတ်ကြည့်ရာတွင် ဝန်ကြီးကတော် ရေးသားလိုက်သည့်အတိုင်း အမှန်ပင်ထူးဆန်း သဖြင့် ကာယကံရှင်၏ အမည်နာမများကို မဖော်ပြဘဲ အချို့သောစကားလုံး များကို သင့်တော်ဆီလျော်အောင် ပြင်ဆင်၍ ဝန်ကတော်၏ ခွင့်ပြုချက်အရ "ဒဂုန် မဂ္ဂဇင်း"တိုက်သို့ ပေးပို့လိုက်ရခြင်း ဖြစ်ပေသည်။

❖

၁၉၄၆ ခုနှစ် မတ်လတွင် ကျွန်ုပ်သည် မြောက်ပိုင်းရှမ်းပြည်နယ် သီပေါ ...၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဘော်ကြိုဘုရားပွဲတော်သို့ တစ်ကြိမ်တစ်ခါမျှ ...ဘက်ဖူးသဖြင့် အိမ်သားတစ်စုတို့နှင့်အတူ သွားရောက်ခဲ့၏။ တပေါင်းလဆန်း ...ရက်နေ့ ညနေခင်းအချိန်တွင် အသင့်ဆောက်လုပ်ထားသော ကပ်မိုး၊ ကပ်ကာ ...န်းကလေးတစ်ခုတွင် ပွဲမပြီးမချင်း ငွေ ၁၅ ကျပ်နှင့် အိမ်သားတစ်စု နေထိုင်ရန် ...ကြသေရာဂုဏ်သရေရှိ လူကြီးလူကောင်းတစ်ယောက် ဖြစ်သောကြောင့် မိတ် ...များက ကျောက်မဲမြို့ထဲ၌ တည်းခို၍ ဘုရားပွဲသို့ တစ်နေ့တစ်ခေါက်သွား ...ာက်ရန် ပြောကြသော်လည်း လာရသည့်အတူတူ ပွဲစခန်းအတွင်း၌ တည်းခို ...ိုင်ရခြင်းက သာ၍ပျော်ဖို့ကောင်းသည်ဟု အိမ်သူအိမ်သားများက ပြောကြ ...ည့်အလျောက် ထိုကဲ့သို့ တည်းခိုနေထိုင်ရခြင်း ဖြစ်လေ၏။

ဘော်ကြိုဘုရားပွဲမှာ ရှမ်းပြည်နယ်အတွင်း၌ ကျင်းပသော ဘုရားပွဲမျိုးများ ...တွင် အစည်ကားဆုံးဖြစ်၍ မြန်မာပြည်ပိုင်းမှ မြန်မာလူမျိုးတို့အများဆုံး ...ရောက်ကြသော ဘုရားပွဲကြီးတစ်ခု ဖြစ်ပေ၏။ သို့ရာတွင် ၎င်းပွဲတော်သို့ ...ကြသော မြန်မာများအနက် ၃၆ ကောင်နှင့်လေးကောင်ဂျင်၊ ပါထမ်စသော ...င်းကစားနည်းများကို ဝါသနာပါသူတို့သာလျှင် များလှပေ၏။ စင်စစ်သော် ...ကုသိုလ်ရေးအတွက် သွားသူတို့မှာ တစ်ရာခိုင်နှုန်းပင် မပြည့်သဖြင့် ဒသမ ...ဖော်ပြရပေလိမ့်မည်။ ကျွန်ုပ်မှာလည်း အမှန်ကိုဆိုရလျှင် ကုသိုလ်ရေးကြောင့် ...ား. ၎င်းဘုရားပွဲသို့ ရောက်ဖူးသော မိတ်ဆွေတစ်ယောက်က အလွန်တရာ ...ရောကောင်းသည်ဟု အကြိမ်ကြိမ် ပြောဖူးသည့်အတိုင်း အခါအခွင့်သင့်သည့် ...ျော်စွာ ၎င်းတပေါင်းလက သွားခဲ့ရခြင်းဖြစ်လေသည်။

ကျွန်ုပ်တို့ မိသားတစ်စုသည် အလျား ၁၅ ပေ၊ အနံ ၁၀ ပေခန့်ရှိသော ...န်းကလေးတစ်ခုတွင် တည်းခိုကြ၍ အစေခံနှစ်ယောက်တို့က အခန်းကို ရှင်း ...ပြီးနောက် ကော်ဇောများ ခင်းကျင်း၍ မီးမွေးသူမွေး၊ ဈေးဝယ်သူဝယ် ချက်

www.burmeseclassic.com

www.burmeseclassic.com



သူ ချက်၊ ပြုတ်သူပြုတ် အလုပ်များလျက် ရှိကြသော်လည်း ဘုရားပွဲတို့ ထုံးစံအတိုင်း ကျွန်ုပ်တို့ အိမ်သူအိမ်သားများမှာ ပင်ပန်းသည်မအောက်မေ့ဘဲ ကြည်နူးဆော်ချွင်စွာ အလုပ်လုပ်လျက် ရှိကြလေ၏။ ည ၇ နာရီထိုးသည်နှင့် တစ်ပြိုင်နက် ဘုရားပွဲလာရခြင်း၏ အကြီးဆုံးသော အရသာတစ်ခုဖြစ်သည့် ထမင်းမြိန်စား ခြင်းတည်းဟူသော ကျေနပ်မှုကို ခံစားကြပြီးနောက် ကစားဝိုင်းများသို့ အိမ်သား တစ်စု သွားရောက်ကြလေ၏။ ကစားဝိုင်းများအနက် အကြီးအကျယ်ဆုံးမှာ လေးကောင်ဂျင်ဝိုင်းနှင့် ပါထမ်ဝိုင်းတို့ ဖြစ်လေရာ တစ်မှုး၊ တစ်မတ်လောင်းကစား သော ခြောက်ကောင်ဝိုင်း၊ ဂုန်းဂင်ဝိုင်း၊ စကြာဝိုင်း စသည်တို့မှာလည်း ရှမ်းကြီး ရှမ်းကလေး၊ အပျိုအအိုမကျန် ဝိုင်းအုံလောင်းကစားလျက် ရှိကြလေ၏။

၉ နာရီအချိန်တွင် ညပိုင်းအတွက် ၃၆ ကောင် ဖွင့်လေရာ အလွန်စိတ်ဝင် စားလျက်ရှိသော လူတစ်စုတို့သည် အနီးရှိလက်ဖက်ရည်ကြမ်းဆိုင်တွင် ဆေး ယောက်တစ်ဝိုင်း၊ ငါးယောက်တစ်ဝိုင်း စသည်ဖြင့် ခုံကလေးများနှင့် ဝိုင်းဖွဲ့ လက်ဖက်ရည်သောက်ရင်း စောင့်မျှော်လျက်ရှိကြလေ၏။ ၃၆ ကောင် မပိတ် ဘစ်နာရီခန့်၌ ဝါးလုံးတန်းများတွင် သူ့ထက်ငါ တိုးဝှေ့ကာ လေးပဲဖိုးမှ တစ် နှစ်ရာဖိုးတိုင်အောင် ထိုးလျက်ရှိကြသော ပရိသတ်များကြောင့် ဆယ်ယောက်ထ မနည်းသော ၃၆ ကောင် စာရေးများ လက်မလည်နိုင်အောင် ရှိကြလေ၏။ လက် ကြီးသမားများ ထိုးသော စာရေးထံ၌ကား အချို့လူများသည် တစ်ကောင်တည်း အတွက် ငါးရာ၊ ခြောက်ရာမျှပင် ထိုးနေကြသည်ကို တွေ့ရသဖြင့် အံ့သြမိ ခုံနှင့်မ၊ အဖြူနှင့်အနီ စသည်ဖြင့် နှစ်လမ်းထဲရှိသော လောင်းကစားမျိုးတွင် ငါး တစ်ထောင် လောင်းကစားခြင်းကို မအံ့သြမိသော်လည်း၊ ၃၆ ကော ရှိသည့်အနက် "တိုက်"ခဲ့လျှင် ၂၇ ဆ လျော်ကြေးရသော လောင်းကစားမျိုး တစ်ကောင်တည်းအတွက် ငါးရာမျှ လောင်းကစားဝံ့ခြင်းကိုမူကား၊ မအံ့သြ မနေနိုင်အောင်ဖြစ် ထိုသူတို့၏အစား စိတ်ထဲက အသည်းယားမိပေ၏။

မည်သူသည် ငါးရာဖိုးထိုး၍ ငွေတစ်သောင်းသုံးထောင့်ငါးရာ တိုက် သည်။ ခြောက်ရာဖိုးထိုး၍ တစ်သောင်းခြောက်ထောင်ကျော် တိုက်သွားသည် သော သတင်းများကို ကြားရသဖြင့် အားကျကာ ပါသမျှငွေကို တစ်ကောင်တည်း ပုံ၍ ထိုးသူများလည်း မရှားချေ။ ၃၆ ကောင်တန်းလျားကြီးမှ ထလာခဲ့ပြီး နောက် ကျွန်ုပ်သည် သားမယားများကို တဲခန်းသို့ လိုက်ပို့၍ တပည့်တစ်ယော နှင့်အတူ လေးကောင်ဂျင်ဝိုင်းသို့ လျှောက်လာခဲ့လေ၏။ ကျွန်ုပ်မှာ လောင်းက ခြင်း၏ အသည်းနှလုံးတုန်လှုပ်ရသော အရသာကို ခံစားခဲ့ရဖူးသဖြင့် နှစ်သ တုန်းပင် ဖြစ်သော်လည်း အရွယ်အားဖြင့်လည်းကောင်း၊ မသင့်တော်သည့်အ



ကို သိရှိ၍ မိမိ၏စိတ်ကို ချုပ်တည်းပြီး ထားရစေကာမူ အခြားသူတို့ လောင်းက ဘားခြင်းကိုမူကား ကြည့်လိုသောစိတ် ရှိသေး၏။ သို့ဖြစ်၍ ကျွန်ုပ်သည် တပည့် နှင့်အတူ လေးကောင်ဂျင်ဝိုင်းသို့သွား၍ လက်ကြီးသမား လောင်းကစားကြသော ဆက်ရင်းဇယားသို့ ချဉ်းကပ်ပြီးလျှင် မိမိတို့ ထိုးသောအကောင်တိုက်သဖြင့် ရွှင် ပြုံးစွာဖြင့် လျော်ကြေးကို သိမ်းယူကြပုံများ၊ လွဲသွားသဖြင့် ပေါက်ဖော်များက ဘားသွားသည့်အခါ ရှုံ့မဲ့လျက် လက်ဖျားခါနေကြပုံများ စသည်တို့ကို ဆေးပြင်း င်ပ် တစ်လိပ်သောက်ရင်း ကြည့်ရှုလျက် ရှိလေ၏။

လက်ရင်းဇယားမှာ ဖော်ပြခဲ့သည့်အတိုင်း လက်ကြီးသမားများ လောင်း ားရာ ဌာနဖြစ်၍ အထက်တန်းစား ရှမ်းအမျိုးသမီးများ၊ လူကုံထံပေါလိန်းများ၊ နေ်းသည်ပွဲစားနှင့် အရာရှိဖြစ်ဟန်တူသည့် မြန်မာများကို တွေ့ရလေ၏။ ကျွန်ုပ် သည် ကိုယ်တိုင် မလောင်းစားသော်လည်း အခြားသူတို့ စိတ်ဝင်စားကြပုံများနှင့် ချမ်းအေးသော ဒေသဖြစ်လျက် နဖူး၌ ချွေးများပြန်နေကြပုံတို့ကိုကြည့်ရင်း စိတ်ဝင် ားလျက်ရှိရာ ဆယ့်တစ်နာရီကျော်ခန့်တွင် အရပ်ခပ်မြင့်မြင့်နှင့် အလွန်တရာ ပြင့်လှသော မြန်မာတစ်ယောက်သည် တုတ်ကောက်ကိုထောက်ကာ ခုံရှည်ပေါ ျင် ခြေတစ်ဖက်တင်လျက် အကျီအိတ်ထဲမှ ဆယ်တန်တစ်ရွက်ကိုထုတ်ပြီးလျှင် က်ကုန်းပေါ်၌တင်၍ "အော"လိုက်၏။ လေးကောင်ဂျင်ထိုးခြင်း၌ အဝါးဝသောလု ည်သည်မှာ တစ်ကောင်တည်း "အော"ထိုးသည်မရှိ၊ ဆတူလျော်ကြေးရသော ကြီး"ကိုလည်းကောင်း၊ နှစ်ဆလျော်ကြေးရသော "ရံ"ကိုလည်းကောင်း ထိုးတတ် လေရာ အများအားဖြင့်မူကား ရံနှင့်ကြီးကိုတွဲ၍ ထိုးတတ်ကြ၏။ "အော"ထိုး င်းမှာ လျော်ကြေးသုံးဆရသော်လည်း အလွန်တရာဖြစ်ခဲသောကြောင့် မကျင် ည်သူတို့သာလျှင် လောဘအလိုက် ထိုးတတ်ကြ၍ ကျွမ်းကျင်သူတို့မူကား မ်းနှုသာလျှင် ထိုးတတ်ကြလေသည်။ ကျွန်ုပ်ကြည့်နေသော လူပိန်ကြီးမှာမူကား ာခ်ဆယ်ကို "ဝက်ကုန်း"တစ်ကောင်တည်း "အော"ထိုးလိုက်သဖြင့် အဝါးမဝ သည့် လူရမ်းတစ်ယောက်ဟူ၍သာ အောက်မေ့လိုက်မိ၏။

ခွက်ကို ဖွင့်လိုက်သောအခါ ထိုးထားသော လူအချို့က 'ဝက်ကုန်းကွ'ဟု ာ်လိုက်ကြ၍ ကျွန်ုပ်သည် လူပိန်ကြီး၏ မျက်နှာကို လှမ်းကြည့်လိုက်ရာတွင် ထင်သည့်အတိုင်း အားရဝမ်းသာရှိသော အမူအရာမတွေ့ရဘဲ တစ်ပဲ၊ နှစ်ပြား ောဲ့ရသော လူတစ်ယောက်၏ မျက်နှာထားမျိုးဖြင့် ခပ်အေးအေးပင် ရှိနေသည် တွေ့ရသဖြင့် အံ့သြမိ၏။ အလံရှူးသည် လူပိန်ကြီး၏ ငွေတစ်ဆယ်အတွက် ကောက်နုတ်ပြီး)၂၈ကျပ် ၂ ပဲ လျော်လိုက်ရာတွင် ထိုသူသည် ရင်း ော်ကြေးပါ သိမ်းယူ၍ ရှေ့၌ရှိသော ခုံပေါ်တွင် ပုံထားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



အလံရှူးများသည် စားရန်ရှိသမျှကိုစား၍ လျော်ရန်ရှိသည်များကို လျော်ပေးပြီးနောက် ဂျင်ကိုလှည့်၍ ခွက်နှင့်ဖုံးလိုက်ရာ လူပိန်ကြီးသည် ဂျင်လည်အောင်ပင် မစောင့်ဘဲ ရှေ့၌ရှိသော ငွေ ၂၈ ကျပ် ၂ ပဲကို ဖားပေါ်သို့တင်၍ တစ်ကောင်တည်း အောလိုက်ပြန်ရာ ကျွန်ုပ်မှာ မျက်လုံးများပြူးသွားမိလေ၏။ ထိုအခါ၌မူကား လူပိန်ကြီး၏ အမူအရာမှာ ယခင်အတိုင်း ခပ်အေးအေးပင် ရှိနေသော်လည်း ကျွန်ုပ်အဖို့မှာ အတော်အတန် တုန်လှုပ်လာခဲ့လေပြီ။ ထိုးသားများ ထိုးပြီးကြသည့်နောက် အလံရှူးသည် ခွက်ကိုဖွင့်လိုက်ရာ လူအချို့က 'ဖားကားရားကွ' ဟု အော်လိုက်ကြ၏။ ကျွန်ုပ်မှာမူ လူပိန်ကြီးကို တိုး၍စိတ်ဝင်စားလာသဖြင့် လှမ်းကြည့်လိုက်မိရာ ထိုသူမှာမူ အခြားဘက်သို့လှည့်၍ ဆေးပြင်းလိပ်တစ်လိပ် မီးညှိနေသည်ကိုပင် တွေ့မြင်ရ၏။ တုန်လှုပ်ဟန်လက္ခဏာမူကား အလျှင်းပင်မရှိချေ။

အလံရှူးသည် ထိုက်သင့်သော လျော်ကြေးကို တွက်ချက်လျော်ပေးရာတွင် လူပိန်ကြီးကို အတော်အတန် သတိပြုလာခဲ့လေပြီ။ ၂၈ ကျပ် ၂ ပဲ၏သုံးဆမှ တစ်ကျပ်လျှင် တစ်ပဲမျှသာ အကောက်နုတ်ပြီးနောက် လျော်ပေးလိုက်ရာ လူပိန်ကြီးသည် ငွေအားလုံးကို သိမ်းယူ၍ ရှေ့၌ပင် ပုံထားလေ၏။ ထိုအခါ၌မူကား "အော" နှစ်လက်ဆက်၍ တိုက်သူဖြစ်သောကြောင့် ငါးရာ၊ တစ်ထောင် လောင်းအားသော လက်ကြီးသမားများပင်လျှင် လူပိန်ကြီးကို ဂရုစိုက်စပြုနေကြလေပြီ။ အချို့က 'တယ်တိုက်ပါကလား' ဟူ၍လည်းကောင်း၊ အချို့က 'အောတစ်ပေါက်တည်းထိုးတာ အံ့သြစရာပဲ' ဟူ၍လည်းကောင်း ဝေဖန်နေကြပြီဖြစ်ရာ လူပိန်ကြီးမှာ မည်သူ့ကိုမျှဂရုစိုက်ဟန်လက္ခဏာမရှိဘဲ ဆေးပြင်းလိပ်ကိုခဲမြဲတိုင်း ခဲလျက်ရှိ၏။

တတိယအကြိမ် ဂျင်ကိုလှည့်၍ ခွက်နှင့်အုပ်ပြီးသည့်နောက် လူပိန်ကြီးသည် တစ်ရာကျော်မျှရှိသော ငွေအားလုံးကို ကြက်ပေါ်သို့ ပုံချလိုက်ရာ ကြက်ထင် ဖွင့်လိုက်ရကား ကျွန်ုပ်သာလျှင်မက ပရိသတ်တို့ပါ အံ့အားသင့်သွားကြလေ၏။ ဤအချိန်တွင်မူကား အလံရှူးသည် သုံးရာကျော်မျှသောငွေကို မလျော်ချင့်လျော်ချင် လျော်ပေး၍ အလံရှူးပေါက်ဖော်အချင်းချင်းလည်း ပွစိပွစိနှင့် စကားပြောကြလေ၏။ စတုတ္ထအကြိမ် လူပိန်ကြီးသည် ငွေလေးရာကျော်ကို "ငါးရှဥ့်" ပေါ်သို့ ရှေးနည်းအတူ တစ်ကောင်တည်းပုံချလိုက်ပြန်ရာ ထိုအကြိမ်တွင်မူကား အချို့ များသည် လူပိန်ကြီး၏နောက်သို့ လိုက်၍ ထိုးနေကြလေပြီ။ အလံရှူးများသည် မိမိတို့၏ အကြီးအကဲအား လှမ်း၍တိုင်ပင်သေးရာ ပေါက်ဖော်ကြီးကိုယ်တိုင် ထွက်လာ၍ ဖွင့်သာဖွင့်ဟု အမိန့်ပေးလေ၏။ ဖွင့်လိုက်သောအခါ၌ကား "ငါးရှဥ့်" ထင် ဖြစ်နေသဖြင့် ဂျင်ဝိုင်းတစ်ခုလုံး အုတ်အုတ်ကျက်ကျက် ဖြစ်သွားရကား အခြား ဝိုင်းမှ ထိုးသားများသည်ပင်လျှင် ၎င်းဝိုင်းသို့ ရွှေ့ပြောင်းလာကြ၏။



ပရိသတ်တို့မှာ ထိုအခါတွင် ရုတ်ရုတ်ရက်ရက် ဖြစ်လာကြ၍ လူပိန်ကြီးအနားသို့တိုးဝှေ့ကာ ရောက်လာကြသည်တွင် လူပိန်ကြီးသည် မိမိ၏ငွေရင်း လေးရာကျော်နှင့် လျော်ကြေး ၁၂၀၀ ကျပ်ကျော်တို့ကို လှည့်၍မျှမကြည့်ဘဲ ဗရုတ်ဗရက် ဖြစ်နေသော ပရိသတ်တို့အကြားမှ စွတ်ခနဲထွက်သွားသဖြင့် အံ့အားသင့်ကာ ကျန်နေရစ်ကြလေ၏။ အချို့ပရိသတ်တို့ကမူ ထွက်သွားသည်ကို မမြင်မလိုက်သဖြင့် 'ဘယ်မလဲ၊ ဘယ်မလဲ၊ ဟိုလူကြီး ဘယ်မှာလဲ' ဟု အချင်းချင်းမေးမြန်းကာ ပရိသတ်များအနက်တွင် ထိုမှဤမှ မျှော်ကြည့်ကာ ရှာဖွေလျက် ရှိကြလေရာ ကျွန်ုပ်မှာလည်း အရင်းရောအမြတ်ပါ ပစ်ထားခဲ့သော လူပိန်ကြီး၏ အပြုအမူကို နားမလည်နိုင်သဖြင့် အံ့သြတွေဝေကာ ကျန်နေရစ်ရလေ၏။

ဒိုင်လူကြီးသည် လူပိန်ကြီးထားခဲ့သော ငွေများကို လူအားလုံးရှေ့တွင် ရေတွက်၍ သိမ်းယူထားပြီးနောက် ဆက်လက်ကစားကြပြန်လေရာ ကျွန်ုပ်မှာမူ ၎င်းတို့လောင်းကစားခြင်းများကို စိတ်မဝင်စားတော့ဘဲ လူပိန်ကြီးအကြောင်းကိုသာလျှင် စဉ်းစား၍နေမိသဖြင့် ဂျင်ဝိုင်းမှထွက်ကာ တဲအိမ်သို့ ပြန်လာခဲ့လေ၏။ ထိုည တစ်ညလုံး ကျွန်ုပ်မှာ အိပ်မပျော်နိုင်ဘဲ လူပိန်ကြီး၏မျက်နှာသည် တဝဲဝဲ ပေါ်လာ၍ လူသားစင်စစ် ဟုတ်ပါလေ၏လော၊ "မှော်" အောင်သည်၊ "ခွက်ပေါက်" ဆေးရှိသည်ဆိုသော စကားများမှာ အကယ်ပင် ဟုတ်လေသလော စသည်ဖြင့် အမျိုးမျိုးတွေးတောကာ အိပ်ရာထဲ၌ တလိမ့်လိမ့် တလွန့်လွန့် ဖြစ်နေလေတော့၏။

❖

နောက်တစ်နေ့နံနက်၌ အိမ်သားတစ်စုတို့သည် ဘုရားပွဲအနီး၌ရှိသော ချောင်းထဲသို့ ရေချိုးရန်ထွက်လာခဲ့ကြရာ ရေဆိပ်သို့ရောက်ကြ၍ လူအများ ချိုးကြသော နေရာတွင် ရေချိုးမည်ဟု အဝတ်များလဲလှယ်စဉ် ချောင်း၏အထက် ပေတစ်ရာခန့်ကွာသောနေရာ၌ တစ်ယောက်တည်းရေချိုးလျက်ရှိသော လူတစ်ယောက်ကို မြင်မိသဖြင့် သတိပြု၍ကြည့်မိ၏။ ထိုသူမှာ ကျောက်တုံးပေါ်တွင်ထိုင်၍ ဆပ်ပြာနှင့် ဆေးဘွန်းစဉ် ပြိုင်းပြိုင်းထလျက်ရှိသော နံရိုးများကို မြင်လိုက်ရသဖြင့် ယမန်ညက လူကြီးပင်ဖြစ်လေသလောဟု အံ့သြစွာ ငေးကြည့်နေစဉ် ကျွန်ုပ်ဘက်သို့ မျက်နှာ လှည့်လိုက်သဖြင့် ထိုလူကြီးပင်ဖြစ်ကြောင်း သိရှိရလေ၏။ ထိုအခါ ကျွန်ုပ်မှာ အလွန်ထူးဆန်းသောလူပိန်ကြီးကို တွေ့လိုဇောနှင့် သားမယားများကို အော်ပြော ပြီးလျှင် ထိုသူရှိရာသို့ လျှောက်လာခဲ့လေ၏။ အနီးသို့ရောက်သောအခါ—

ကျွန်ုပ်။ ။'မနေ့ညတုန်းက လေးကောင်ဂျင်ဝိုင်းမှာ ခင်ဗျားထိုးသမျှ တိုက်တာချည်း ပါကလားဗျာ၊ ခင်ဗျား သိပ်ကံကောင်းတာပဲ'

www.burmeseclassic.com



ပိန်။ ။(မရွှင်သောမျက်နှာဖြင့် ကျွန်ုပ်အား တစ်ချက်တည်း လှမ်းကြည့်၍ မျက်နှာလွှဲသွားပြီးနောက်)'ကံအလုပ်လို့ ခင်ဗျား ထင်သလား၊ ကံအလုပ်ဆိုရင်လည်း ကံကောင်းတာမဟုတ်ဘူးဆရာကြီး၊ ကျုပ်အဖို့ ကံဆိုးတာဗျ'

ကျွန်ုပ်။ ။'ဘယ့်နှယ်ပြောတာလဲဗျာ၊ ခင်ဗျားထိုးသမျှအားလုံး တိုက်ပြီး လျော်ကြေးတွေရနေတာများ ကံဆိုးသေးသလားဗျာ။ ဒါထက် လျော်တဲ့ငွေတွေကို ခင်ဗျားယူမသွားတာများ သတိရသေးရဲ့မဟုတ်လား'

ပိန်။ ။'ဘယ့်နှယ်မရဘဲ ရှိမလဲ'

ကျွန်ုပ်။ ။'နို့ဗျာ၊ ငွေတွေ ဒီလောက်ပိုင်တာ ကံကောင်းတာ မဟုတ်သေးဘူးလားဗျ'

ပိန်။ ။'ကံဆိုတဲ့အလုပ်ဟာ မတော်တဆဖြစ်မှ ကံလို့ဆိုနိုင်တယ်ဗျ၊ ကျုပ်အလုပ်က မတော်တဆမဟုတ်ဘူး။ ဘာကောင်ပေါ်လိမ့်မယ်ဆိုတာ သေသေချာချာ သိပြီးသားဗျ'

ကျွန်ုပ်။ ။'ခင်ဗျား၊ ခါတိုင်းခါတိုင်းပဲ ခင်ဗျားသိသပေါ့လေ'

ပိန်။ ။'ခါတိုင်းပဲ ကျုပ်သိတယ်။ အဲဒါကြောင့် ကျုပ်မှာ အခက်တွေ့နေရတာပေါ့ဗျ။ ဒီပွဲကို ကျုပ်လာရခြင်းဟာလည်း ကျုပ်ဆရာဝန်က အိမ်ထဲမှာချည်း တကုပ်ကုပ် တွေးမနေနဲ့တဲ့။ ပွဲလမ်းသဘင်နဲ့ စည်စည်ကားကားရှိတဲ့နေရာကို လျှောက်လည်ရမယ်ဆိုလို့ ကျုပ်လာခဲ့ရတာပါဗျာ'

ကျွန်ုပ်။ ။'သြော် ခင်ဗျားက မကျန်းမာဘူးလား'

ပိန်။ ။'မကျန်းမာတာတော့ မပြောနဲ့တော့။ ကျုပ်ရောဂါကလည်း သိပ်ဆန်းတဲ့ရောဂါဗျ။ ဘယ်ဆရာဝန်ကမှ ကျုပ်ဝေဒနာမျိုး မကြုံဖူးလို့ ဘယ်လိုရောဂါဆိုတာကို ဘယ်သူမှ မဆုံးဖြတ်နိုင်ဘူးဗျ။ ခုအတိုင်းသာ နောင်ဖြစ်မယ့်ဟာတွေကို ကြိုကြိုပြီးသိနေရင်တော့...'

ကျွန်ုပ်။ ။'အလို နောင်ဖြစ်မယ့်ဟာကို ကြိုတင်ပြီးသိတာ ရောဂါကလားဗျာ'

ပိန်။ ။'ဘယ်အရာမဆို လောကဓာတ်ပညာနည်းအရမှာ အစဉ်အလာအတိုင်းဖြစ်ရမယ်တဲ့ဗျ။ အစဉ်အလာဖောက်ပြီး တစ်ခုတစ်ခု ကွဲလွဲလာရင် ရောဂါလို့ ဆိုရမယ်တဲ့ဗျ'

ကျွန်ုပ်။ ။'ဖြစ်မှဖြစ်ရလေဗျာ၊ ကြိုတင်ပြီး သိတာကို ရောဂါဆိုရင် ဒီရောဂါမျိုး ကျွန်တော်ဖြစ်စမ်းချင်ပါ့ဗျာ'

ပိန်။ ။'မထင်နဲ့ဆရာကြီး။ ခင်ဗျားက တကယ်မဖြစ်သေးလို့ပြောတာ'

ကျွန်ုပ်။ ။'နို့ နေပါဦးဗျာ၊ ရှေ့ကမ္ဘာ ၄၀၊ နောက်ကမ္ဘာ ၄၀ ကြိုတင်ပြီး မြင်နိုင်တဲ့ ရသေ့ကြီးတို့၊ ရဟန္တာတို့ဆိုတာတွေဟာ ဘယ့်နှာလဲဗျာ'



ပိန်။ ။'သူတို့တော့ သမထအစွမ်း၊ ဈာန်အဘိညာဉ်အစွမ်းနဲ့ သိမြင်တဲ့အတွက် မြင်ရသမျှကို အသုံးချတတ်လေမလား မဆိုနိုင်ဘူး။ ကျုပ်မှာဖြင့် ကြိုတင်သိရတဲ့အတွက် ဒုက္ခဖြစ်နေတာ လက်တွေ့ပဲ'

ကျွန်ုပ်။ ။'ပြောစမ်းပါဦးဗျာ၊ နောင်အဖြစ်ကို ကြိုတင်ပြီး သိထားတာနဲ့ ဘယ့်နှယ်လုပ်ပြီး ဒုက္ခဖြစ်ရမလဲဗျာ။ ဖြစ်ပုံပြောစမ်းပါဦး'

ပိန်။ ။'ဒီလိုဗျ၊ ပထမတော့ ကျုပ်မှာ အိပ်မပျော် စားမဝင်နဲ့ ခွန်အားနည်းတဲ့ရောဂါ စွဲကပ်နေတယ်။ တစ်နေ့တော့ လူတစ်ယောက်က မိုးတွေအုံ့နေတာ တွေ့လေတော့ သူ့ကိစ္စအတွက် ခရီးထွက်လို့ တော်မှတော်ပါ့မလားလို့ ညည်းညူနေတုန်း ဖြန်းဆို ကျုပ်က 'သွားသာသွားပါ၊ မိုးမရွာပါဘူး၊ ည ၁၂ နာရီကျော်မှ ရွာမှာပါ' လို့ ပြောလိုက်မိတယ်။ ပြောလိုက်တုန်းကတော့ စိတ်ထဲထင်တာကို ရမ်းပြောလိုက်သလို ပြောလိုက်မိတာပဲ။ ပြောတဲ့အတိုင်းပဲ တစ်နေ့လုံး မိုးမရွာဘဲ ည ၁၂ နာရီတိတိမှာမှ မိုးတွေ ရွာချလာတယ်။ ပထမတော့ ကျုပ်က မတော်တဆ ဖြစ်လေသလားလို့ အောက်မေ့မိသေးတယ်။ ဒါနဲ့ နေရာမှာထိုင်ရင်း ... ဆယ်မိနစ်တင်ကူးပြီး အဖြစ်အပျက်ကလေးတွေကို တွေးတွေးကြည့်လိုက်တာ သူ့အချိန်စေ့တော့ ကျုပ်ထင်တဲ့အတိုင်း ဖြစ်လာတာချည်းပဲ။ ဒီတော့မှ ကျုပ် ... နောင်အဖြစ်ကို တင်ကြိုပြီး သိနေပါပြီကောလို့ စဉ်းစားမိတယ်။ ဒီလို သိသိချင်း ပထမတော့ အံ့သြသွားတယ်ဗျာ။ နောက်တော့ ကြောက်လာတယ်။ နောက်တော့ တစ်ခါ ဝမ်းသာပြန်ရော။ အားလုံးပေါင်းကြည့်လိုက်ရင် ကြောက်တဲ့ဘက်... များနေတယ်ဗျ။ စိတ်ထဲမှာ လုံးလုံးနေလို့မကောင်းဘူး။ ခင်ဗျားကတော့ ဒီ... ကို ပညာကြီးတစ်ခုထင်ပြီး အဖိုးတန်တယ်လို့ ထင်ကောင်းထင်နေလိမ့်မယ်။ ... ကျုပ်တစ်ခု ပြောပြမယ်။ ကိုယ့်အဖြစ်ကို ကိုယ် ကြိုပြီးကြည့်လိုက်တဲ့ ... မှာ မတော်တရော်တွေ ဖြစ်မှာကို သိထားနှင့်ပြီ။ ရှောင်လည်းမရှောင်၊ တိမ်းလည်းမတိမ်းနိုင်၊ ငုတ်တုတ်ကြီးခံနေရတာဟာ ဘာနဲ့အလားတူသလဲဆိုတော့ ... ထားလမ်းပေါ်မှာ ကြိုးနဲ့တုပ်ပြီး ချထားတော့ ရထားကြီးခုတ်လာလို့ ကိုယ့်ကို ... တော့မယ်ဆိုတာ သိရသလို၊ ဘာမှလည်း မတတ်နိုင်ဘဲ ငုတ်တုတ်ခံနေရရင် ...ဘူးစိတ်ထဲ ဘယ့်နှယ်ဖြစ်မလဲ'

ထိုအခါ ကျွန်ုပ်မှာ ကြိုတင်သိရှိရခြင်းနှင့် ပတ်သက်၍ ဤနည်းအားဖြင့် ...စဉ်းစားမိဖူးသောကြောင့် အံ့အားသင့်လျက် ရှိလေ၏။ ၎င်းနောက် လူပိန်ကြီးအား ...ပတ်သက်၍-

... ။'နောင်အဖြစ်ကို ကြိုတင်ပြီး သိရတဲ့အတွက် လောကမှာ ငွေရှာနည်းလမ်းတွေ အများကြီး ရှိတယ်လို့ ခင်ဗျားက ဆိုလိမ့်မယ်၊ ဘယ်နှ...

www.burmeseclassic.com



ဘယ်ရက်မှာ ဘယ်လိုဘေးအန္တရာယ်မျိုးနဲ့ သေရလိမ့်မယ်လို့ ကြိုတင်ပြီး သိ
နိုင်တဲ့လူတစ်ယောက်အဖို့မှာ ငွေဟာဘာလုပ်ဖို့လဲဗျ။ ငွေတွေ ဘယ်လောက်
ပေမယ့် ငွေအရသာကို ခင်ဗျား ခံစားနိုင်လိမ့်မယ် ထင်သလား။ အကွာကြီး
ဘာကိုမှ ခံစားဖို့ သတိမရဘူး။ ကိုယ့်ဆီလာမယ့် ဘေးအန္တရာယ်ကြီးကို
တစ်တွေးတည်း တွေးကြည့်နေမိတော့တာပဲ။ ခုနက ဥပမာအတိုင်း ရထား
ပေါ် ကြိုးနဲ့တုပ်ပြီး တင်ထားတဲ့လူတစ်ယောက်ကို ရှေ့ကနေပြီး ဘိုင်စကုတ်ပြ
လို့ ကြည့်နိုင်လိမ့်မယ်ထင်သလား။ နီးတာဝေးတာလောက် ကွဲတာပဲဗျ။ ဒီပြင်
တွေကို အာရုံမစိုက်နိုင်တဲ့နေရာမှာ အတူတူပဲ။ ခင်ဗျားတို့က ကိုယ်တိုင်မကြုံ
လေတော့ ယုံချင်မှယုံမလား မဆိုနိုင်ဘူး။ ကျုပ်မှာတော့ လက်တွေ့ဖြစ်နေ
နောက်သုံးလေးနှစ်စေ့လို့ ဘယ်နေ့ဘယ်ရက် ဘယ်အချိန်မှာ ဘယ်လိုသေ
သေရလိမ့်မယ်လို့ သိထားတာနဲ့ လောကကြီးတစ်ခုလုံးမှာ ဘယ်လိုစည်းစိမ်
ခံစားလို့ စိတ်မဖြောင့်နိုင်ဘူးဗျ။ ဘာလုပ်လုပ် ဘာကိုင်ကိုင် ဒီဟာကြီး ပေါ်
တော့တာပဲ။ အာရုံငါးပါးထဲက ဘယ်အရသာမျိုးပေးပေး ကျုပ်အဖို့တော့ ခေ
ကပ်ကပ်ကြီး ဖြစ်နေတော့တာပဲ။ ကျုပ်ကို ခင်ဗျားကြည့်စမ်း အရိုးနဲ့အရေ
တော့တယ် မဟုတ်လား။ အစတုန်းက ကျုပ်ဟာ ဒီလိုမဟုတ်ဘူး။ ဝဝလင်
သန်သန်မာမာကြီးပဲ။ ကျုပ်သေနေ့ကို ကျုပ်သိရတဲ့နေ့ကစပြီး တဖြည်းဖြည်း
ချုံးလာလို့ တစ်နေ့ထက်တစ်နေ့ အရေအသား ဆုတ်ယုတ်ပြီး ကမ္ဘာ့ဗွာန်းရုပ် ပေါ်
နေပြီကောဗျ။ သူများလို ရယ်လားမောလား ကြည်ကြည်ရွှင်ရွှင် နေလို့လည်း
မရဘူး။ ထစ်ခနဲဆို စိတ်ပေါက်ချင်ပြီး လူမြင်သမျှကို ရန်သူချည့် အောက်မေ့
တော့တာပဲ။ ဒီတော့ ကျုပ် ဘာလုပ်သလဲသိလား'

ကျွန်ုပ်။ ။'ဆိုစမ်းပါဦးဗျာ'

ပိန်။ ။'ကျုပ်တစ်ယောက်တည်းတော့ စိတ်ညစ်ခံမနေဘူး။ ဒီပြင်လူတွေ
လည်း ကျုပ်လိုစိတ်ညစ်အောင်လုပ်မယ်ဆိုပြီး သူတို့အကြောင်း ကျု
သိသမျှကို ကြိုတင်ပြီး ပြောထားတာပဲ။ ဥပမာဆိုရင် ရှေးနှစ်ခါ ဇူလိုင်လ ၁
ရက်နေ့မှာ ခင်ဗျား ဘာဖြစ်လိမ့်မယ်ဆိုတာ ကျုပ်သိတယ်။ ကျုပ်သိသမျှ ပြော
လိုက်ရင် ခင်ဗျား စိတ်ချမ်းသာမှာ မဟုတ်ဘူး'

ထိုအခါ ကျွန်ုပ်မှာ လူပိန်ကြီးပြောသမျှကို မယုံ့တယုံပင် ရှိနေသေးသော်
လည်း ရင်ထဲ၌ ဒိတ်ခနဲဖြစ်သွားမိ၏။ ကျွန်ုပ်သည် ၎င်း၏စကားအတွက်ကြောင့်
စိတ်၌ ထိခိုက်သွားသည်ကို ထိုလူမသိစေလိုသဖြင့် ဟန်ဆောင်ကာ အရေးမကြီး
လှသော အမှုအရာနှင့် ချောင်းထဲ၌ မျောပါသွားသော ဗေဒါပင်များကို အာရုံစိုက်



န်ဆောင်သော်လည်း မတတ်နိုင်သဖြင့် လူပိန်ကြီး၏ မျက်နှာကို တစ်ဖန်
ည့်မိပြန်လေ၏။

။'နေစမ်းပါဦးဗျ။ ခင်ဗျား ခုနကပြောတဲ့ ဇူလိုင်လ ၁၉ ရက်နေ့မှာ ကျွန်
တော့်အဖို့ ဘာဖြစ်မှာလဲ၊ ပြောပြစမ်းပါ'

။'မသိချင်ပါနဲ့ဗျာ၊ ခင်ဗျား စိတ်ချမ်းသာမှာ မဟုတ်ပါဘူး'

။'ဘယ်လိုပဲဖြစ်ဖြစ် သိပါရစေလားဗျာ၊ ပြောသာပြောပါ'

။'နေဦး ကျုပ်တစ်ခုပြောဦးမယ်။ ဒီဘုရားပွဲက ရတ်တရက် ခင်ဗျားမပြန်
သေးဘူး မဟုတ်လား'

။'သန်ဘက်ခါပြန်မယ် အောက်မေ့တယ်'

။'ကောင်းပြီ၊ ဒီကနေ့တစ်ညရယ်၊ နက်ဖြန်ခါတစ်နေ့ရယ် ခင်ဗျား စဉ်းစား
ချေဦး။ စဉ်းစားပြီးတဲ့နောက် သိချင်ပါသေးတယ်ဆိုရင် နက်ဖြန်ည ၉
ောက်မှာ ၃၆ ကောင်တန်းလျှားကို လာခဲ့ပေတော့'

ကျွန်ုပ်သည် လူပိန်ကြီးအား ယခုချက်ချင်းပြောရန် အတန်တန်ပင်တိုက်
ွန်းပါသော်လည်း ကျွန်ုပ်အား သနားသဖြင့် စဉ်းစားရန်အချိန်ပေးခြင်းဖြစ်
ြောင်း၊ အခြားလူများကိုမူ မေးသည်နှင့်တစ်ပြိုင်နက် ဖွင့်၍ပြောခဲ့ကြောင်း၊ မေးမိ
ည့်အတွက်လည်း နောင်တရ၍ မဆုံးနိုင်အောင် ရှိနေလိမ့်မည့်အကြောင်းများ
ဘ်ပေးကာ အတင်းငြင်းဆန်နေသဖြင့် လက်လျှော့လိုက်ရလေ၏။

။'နေပါဦးဗျာ ဒါထက် မနေ့ညတုန်းက ခင်ဗျားနိုင်ထားတဲ့ငွေတွေ ဘယ့်
နှယ်လုပ်သလဲ'

။'မနက်က အလဲရှုံးတစ်ယောက်ကို ကျုပ်အိမ်ကို လွှတ်လိုက်တယ်၊
နေ့လယ် ၁၂ နာရီမှာ ကျုပ်တည်းတဲ့နေရာကို သူတို့ဆရာကြီးကိုယ်တိုင်
ာခဲ့ပါမယ်တဲ့။ သူတို့ပြောနေတဲ့ စကားကို ခင်ဗျားနားထောင်ချင်ရင် ၁၂ နာရီ
ခင် လာခဲ့ပါလား'ဟု ပြောသဖြင့် ကျွန်ုပ်မှာ လူပိန်ကြီးနှင့် လေးကောင်ကျင်
တို့အကြောင်းကို စိတ်ဝင်စားလျက်ရှိသည်နှင့် လာခဲ့ပါမည်ဟု ပဋိညာဉ်ခံ၍
ာလာခဲ့လေ၏။

တည်းခိုသောအခန်းသို့ အိမ်သားတစ်စု ပြန်ရောက်ကြ၍ ထမင်းဘ
ောက်ပြီးသည်တွင် ကျွန်ုပ်သည် လူပိန်ကြီးပြောထားခဲ့သည့် ၎င်း၏အခန်း
ွားရောက်လေရာ ထိုသူမှာ ကျွန်ုပ်တို့နည်းတူ အခန်းကလေးတစ်ခုတွင်
ယောက်တို့နှင့်အတူ တည်းခိုလျက် ရှိသည်ကို တွေ့ရလေ၏။

။'ခုနင်ကတင် သူတို့အထဲက ပေါက်ဖော်တစ်ယောက်
တယ်။ ကျုပ်ဟာ ငွေလိုချင်တဲ့စိတ်နဲ့ အဟုတ်တကယ်

www.burmeseclassic.com

www.burmeseclassic.com



သူတို့ဒိုင် ဖြုတ်နိုင်တယ်ဆိုတာ ရိပ်မိဟန်တူတယ်။ အမှန်ပြောရမှာဖြင့် ကျုပ်ရည်ရွယ်ချက်က ငွေလိုချင်လို့ မဟုတ်ပါဘူး။ တုန်လှုပ်ချောက်ချားအောင် လုပ်ချင်တာလောက်ပဲ ရှိတာပါပဲ။ လွှတ်လိုက်တဲ့ အလံရှူးက သူတို့ဆရာကြီးကိုယ်တိုင်လာပါလိမ့်မယ်တဲ့။ ၁၂ နာရီအချိန်မှာ ဘယ်မှမသွားပါနဲ့တဲ့။ တစ်ခါ ထပ်မှာသွားတယ်'

ယင်းသို့ စကားပြောဆိုလျက်ရှိစဉ် အသက် ၅၀ အရွယ်ခန့်ရှိ၍ အထက်တန်းစား တရုတ်လူမျိုးတစ်ယောက်၏ အမူအရာရှိသော ပေါက်ဖော်ကြီးတစ်ယောက်သည် တပည့်တစ်ယောက်နှင့်အတူ ဝင်လာကြလေရာ၊ လူပိန်ကြီးသည် ဧည့်သည်များကို နေရာထိုင်ခင်းပေးပြီးနောက်...

ပိန်၊ ။'ထောင်ကဲကြီးက ကျွန်တော်နဲ့ သိပ်တွေ့ချင်ဟန်တူတယ်။ ကိုင်း ပြောစရာရှိတဲ့စကားကို ပြောသာပြောပါ။ ဟောဒီ ကျွန်တော့်မိတ်ဆွေကို ဘယ်လိုမှ သဘောမထားပါနဲ့။ ပြောချင်တဲ့စကားကို သူ့ရှေ့မှာ ပြောနိုင်ပါတယ်'

ထောင်ကဲ။ ။(အနည်းငယ် ဆိုင်းငံ့နေပြီးနောက်)'မနေ့ညတုန်းက ဂျင်ဝိုင်းမှာ ခင်ဗျားနိုင်ထားတဲ့ငွေများကို ကျွန်တော်ကိုယ်တိုင် လာပို့ပါတယ်'

ပိန်. ။'ကျေးဇူးတင်ပါတယ်ထောင်ကဲ၊ သို့သော် ကျွန်တော့်မှာ လောလောဆယ်ငွေအရေးမကြီးသေးပါဘူး။ ဒါဖြင့် ဒီလိုလုပ်ပေတော့ဗျာ။ ကျွန်တော်နိုင်ခဲ့တဲ့ငွေကို တစ်ဝက်ခွဲပြီး ခင်ဗျားတို့ တရုတ်ကျောင်းဆောက်ဖို့အတွက်တစ်ဝက်၊ ခင်ဗျားတို့ ဆေးရုံကြီးအတွက်တစ်ဝက်၊ ခင်ဗျားကိုယ်တိုင်ပဲ လှူလိုက်ပါတော့ဗျာ'

ထိုအခါ ထောင်ကဲကြီးမှာ ထူးဆန်းသောလူပိန်ကြီး၏ အပြုအမူကို နားမလည်နိုင်သဖြင့် စဉ်းစားတွေဝေကာ ရှိနေပြီးနောက်...

ကဲ။ ။'ကျွန်တော်တစ်ခုမေးပါရစေ၊ ဒီဘုရားပွဲမှာ ခင်ဗျားကြာကြာနေဖို့ စိတ်ကူးပါသလား'

ပိန်။ ။'ဒါတော့ ကျွန်တော် မဆုံးဖြတ်ရသေးဘူးဗျာ'

ကဲ။ ။'ဒါဖြင့် ဒီပွဲတော်မှာ ရှိတဲ့အခိုက် ကျွန်တော်တို့ ဂျင်ဝိုင်းကိုလာဖို့ စိတ်ကူးပါသေးသလား'

ပိန်။ ။'ဒါလည်း ကျွန်တော် အမှန်မပြောနိုင်သေးဘူး'

ထောင်ကဲကြီးသည် မေးစေ့ကိုပွတ်ကာ စိတ်ကူးရင်း၊ လူပိန်ကြီးမှာ ကျွန်ုပ်ဘက်သို့ ရုတ်တရက်လှည့်ကြည့်သေး၏။ ၎င်းနောက်...

ကဲ။ ။'ဒီလိုလုပ်ပါ ဆရာကြီး၊ ကျွန်တော်တို့ ပြောချင်တာက ဒီပွဲတော်မှာ ဆရာကြီးမနေဘဲ မြန်မြန်ပြန်သွားလို့ရှိရင် ကျွန်တော်တို့အဖွဲ့က စရိတ်စက



ထောက်ပံ့လိုက်ချင်ပါတယ်။ ကျွန်တော်တို့လူစုဟာ ငွေရေးကြေးရေးမှာ ကုတ်ကုတ်ကတ်ကတ် မရှိပါဘူး။ လက်ဖွာပါတယ်။ ဒါကြောင့်မို့...'

ပိန်။ ။'ကိစ္စမရှိပါဘူး၊ ကျွန်တော်က ငွေအရေးကြီးတဲ့လူ မဟုတ်ပါဘူး။ ကျွန်တော်နိုင်ထားတဲ့ငွေတွေကို ထားပစ်ခဲ့တာ ခင်ဗျား မြင်တယ်မဟုတ်လား'

ကဲ။ ။'မှန်ပါတယ် ဆရာကြီး၊ ဆရာကြီးက အားကြီးကံကောင်းတဲ့လူပဲ'

ပိန်။ ။'လာပြန်ပြီတစ်ယောက်၊ ကံကောင်းတာ မဟုတ်ဘူးဗျ။ ဘာကောင်ပေါ်လိမ့်မယ်ဆိုတာ ကျုပ်က သေသေချာချာ သိထားတယ်။ ခင်ဗျားတို့ကံမှာမဟုတ်ဘူး။ ကိုင်း...ကိုင်း လာကြစမ်း ကျုပ်ပြမယ်'

ဟုဆိုကာ လူပိန်ကြီးသည် ထိုင်ရာမှထ၍ ကားလမ်းဘက်သို့ မျက်နှာမူလိုက်လေ၏။ ကျွန်ုပ်တို့ ထိုင်လျက်ရှိသော နေရာမှ တစ်ဖာလုံခန့်ဝေးသောအရပ်တွင် ကားလမ်းကြီးရှိလေရာ ၎င်းလမ်းပေါ်၌ လှည်းများ၊ မော်တော်ကားများနှင့် လူများသည် အသွားအပြန် ကူးသန်းလျက်ရှိကြလေ၏။

ပိန်၊ ။'ကိုင်း ဟောဒီက ရပ်ကြည့်ရင် ကားလမ်းကို မြင်တယ်မဟုတ်လား၊ ခင်ဗျားတို့ ကြည့်နေကြ၊ ဘယ်သူဘယ်ဝါတွေ လာကြလိမ့်မယ်ဆိုတာကို ကြိုတင်ပြီး ကျုပ်ပြောပြမယ်။ ကြည့်နေကြနော်။ ဟော... လက်ယာဘက်က ဆိုက်ကားအစိမ်းကြီးတစ်စင်း ခရီးသည်တွေအပြည့်နဲ့ မောင်းလာလိမ့်မယ်' ဟု ပြော၍ ဆယ်စက္ကန့်မျှမကြာမီ ၎င်းပြောသည့်အတိုင်း ခရီးသည်အပြည့်နှင့် ကားစိမ်းကြီးတစ်စင်း မောင်းနှင်လာသည်ကို တွေ့ကြရသဖြင့် ကျွန်ုပ်တို့မှာ အံ့အားသင့်သွားကြလေ၏။ ၎င်းနောက်...

ပိန်၊ ။'ဟော အခုလာမှာက နွားလှည်းကြီးဗျ။ လက်ဝဲဘက်က နွားကျားကြီး၊ လက်ယာဘက်က နွားနက်ကြီး၊ လှည်းသမားက ခမောက်ဆောင်းလို့။ လှည်းပေါ်မှာ ရှမ်းအမျိုးသမီးနှစ်ယောက်နဲ့ ရှမ်းအမျိုးသားတစ်ယောက်ပါတယ်' ဟု ပြောပြီးသည်နောက် မကြာမီအတွင်း ၎င်းပြောသည့်အတိုင်းပင် မောင်းနှင်လာသည်ကို တွေ့ကြရလေ၏။

ပိန်၊ ။'ကိုင်း ဒီတစ်ခါတော့ လက်ဝဲဘက်က လာလိမ့်မယ်။ ရှမ်းကြီးတစ်ယောက်က သားကလေးကို ပခုံးပေါ်မှာထမ်းလို့။ နောက်က ရှမ်းအမျိုးသမီးကြီးက သမီးကလေးကို စောင်နဲ့ပတ်ပြီး ကျောပိုးလို့လာကြလိမ့်မယ်' ဟု ပြောပြီးသည်နောက် ကွမ်းတစ်ရာညက်မကြာမီ ၎င်းပြောသည့်အတိုင်း ရှမ်းအမျိုးသားကြီးနှင့် ရှမ်းအမျိုးသမီးကြီးတို့ ကလေးကိုယ်စီနှင့် လျှောက်လာကြသည်ကို တွေ့မြင်ကြရလေ၏။ ကျွန်ုပ်တို့ရပ်ကြည့်နေကြသော နေရာမှ လမ်းဆီသို့ ငေးကြည့်လိုက်သည့်အခါ ခရီးသည်များသည် တစ်ဖက်မှ ချီများ၊ တစ်ဖက်မှ ဆင်း

www.burmeseclassic.com

www.burmeseclassic.com



ကြီးများကို ကျော်လွန်၍ ရတ်တရက် ထွက်ပေါ်လာကြခြင်းဖြစ်သောကြောင့် ကြိုတင်သိမြင်နိုင်ရန် မည်သည့်နည်းနှင့်မျှ ဖြစ်နိုင်ဖို့ မရှိလေရကား၊ ထောင်ကဲကြီး ဆရာတပည့်နှင့် ကျွန်ုပ်တို့မှာ လူပိန်ကြီး၏ ကြိုတင်သိမြင်နိုင်သည်ဆိုသော အစွမ်းသတ္တိကို မယုံကြည်ဘဲမနေနိုင်အောင် ရှိနေကြလေတော့၏။

ပိန်။ ။'ကိုင်း ဘယ့်နှယ့်လဲထောင်ကဲ၊ ကျုပ်အစွမ်းကို ခင်ဗျားမြင်ပြီမဟုတ်လား။ ခင်ဗျားတို့ဂျင်ဝိုင်းမှာ ကျုပ်ထိုင်ပြီးထိုးနေရင် တစ်နေ့လုံးတစ်ညလုံး တစ်ညည့်မှမလွဲအောင် ကျုပ်ထိုးနိုင်တယ်ဗျ' ဟု ပြောလိုက်သဖြင့် ထောင်ကဲကြီးမှာ ကိန်းနှာပျက်သွားသည်ကို မြင်ရသောအခါ လူပိန်ကြီးသည် စိတ်ထဲ၌ အရသာခံနေသည့် လက္ခဏာရှိ၏။

ကဲ။ ။'မလုပ်ပါနဲ့ ဆရာကြီးရယ်၊ ခင်ဗျားထိုင်ထိုးယူရင် တစ်နာရီတည်းနဲ့ ကျုပ်တို့ အစုစပ်ထားတဲ့ ငွေအားလုံးကုန်သွားပါလိမ့်မယ်။ ခင်ဗျားလာထိုးမှာကြောက်လို့ ဂျင်ဝိုင်းကို ပိတ်လိုက်ရင် ကျုပ်တို့မှာ ဂျင်ဝိုင်းအတွက် ငွေနှစ်သောင်းပေးပြီး လေလံဆွဲထားရတဲ့အတွက် အလံရှုံးတွေစရိတ်စကရော ဘာရော ငွေသုံးသောင်းလောက် ရှုံးရပါလိမ့်မယ်။ ခင်ဗျားလိုချင်တာပြောပါ။ ကျွန်တော်တို့ ပေးပါ့မယ်။ ဒီလိုမှမဟုတ်ရင်လည်း ကျွန်တော်တို့အလုပ်ထဲမှာ ခင်ဗျား အစုစပ်ပါရင် ပါပါ။ လေးပုံတစ်ပုံ ပါချင်ပါ၊ သုံးပုံတစ်ပုံ ပါချင်ပါ၊ တစ်ဝက်ပါချင် ပါပါဗျာ'

ထိုအခါလူပိန်ကြီးသည် တစ်ဖက်သား၏ ထိတ်လန့်တုန်လှုပ်ခြင်းကို အရသာခံစားဟန် လက္ခဏာနှင့် ဆေးလိပ်ကိုဖွာရင်း ခြေထောက်ကို စုံဆင်းလျက် ရွှင်ပြုံးသောမျက်နှာဖြင့် ကြည့်နေလေ၏။ ထို့နောက်မှ...

ပိန်။ ။'ဒီလိုလည်း ကျုပ်မလိုချင်ပါဘူး ထောင်ကဲ။ ခင်ဗျားတို့ဂျင်ဝိုင်းကို ကျုပ်က အပျင်းပြေ ကစားတာပါ။ နောက်တစ်ခေါက် လာချင်လာမယ်၊ မလာချင် မလာဘူး။ ကျုပ် မပြောနိုင်သေးပါဘူး'

ကဲ။ ။'ဒါတော့ ဟုတ်ပါပြီဆရာကြီး။ သို့သော်လည်း ခင်ဗျားက ယခုလိုကြိုတင်ပြီးသိတဲ့အကြောင်းကို ဘယ်သူ့မှမပြောပါဘူးလို့ ကတိထားစမ်းပါဗျာ'

ပိန်။ ။'ကတိတော့ မထားနိုင်ဘူးဗျာ။ ဘာကြောင့် ကတိထားရမှာလဲ'

ကဲ။ ။'ဆရာကြီးက ကျွန်တော်တို့ တရုတ်လူမျိုးတွေကို ရန်သူလို့မအောက်မေ့ဘူးမဟုတ်လား'

ပိန်။ ။'မအောက်မေ့ပေါင်ဗျာ၊ သို့သော် တစ်ခုတော့ စိတ်ချသွားပါလေ။ တစ်ခေါက်တလေ ကျုပ်လာကြည့်တောင် သည့်ပြင်လူတွေ ဝိုင်းပြီးလိုက်ထိုးကြအောင် ကျုပ်မလုပ်ပါဘူး။ စိတ်ချသွားပါတော့'



ထိုအခါထောင်ကဲကြီးသည် ကောင်းစွာစိတ်မချနိုင်သော လက္ခဏာရှိသော်လည်း ဤမျှထက်ပိုမို၍ တောင်းခံရန်မဖြစ်နိုင်သောကြောင့် ဆရာတပည့်နှစ်ယောက် ပြန်သွားကြလေ၏။ ၎င်းတို့ထွက်သွားကြပြီးသည့်နောက်–

ပိန်။ ။'ဘယ့်နှယ်လဲဗျ၊ ခင်ဗျားမြင်လိုက်တယ်မဟုတ်လား။ ပေါက်ဖော်တွေတော့ အတော်စိုးရိမ်သွားကြပြီ။ ကျုပ်က ဒါမျိုးကြည့်ချင်တာဗျ' ဟု ပြောရင်း ပျော်ရွှင်ဟန်နှင့် ရယ်မောလျက်ရှိလေ၏။

ကျွန်ုပ်သည် လူပိန်ကြီး၏အခန်းမှထွက်လာခဲ့၍ မိမိအခန်းသို့ ပြန်၍ရောက်သောအခါ ထိုနေ့အဖို့မှာ ကစားဝိုင်းများကို ကြည့်လိုသောစိတ်မရှိတော့ဘဲ *၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် ကျွန်ုပ်အဖို့ မည်ကဲ့သို့ဖြစ်ရမည်ကို လူပိန်*ကြီးအား မေးထိုက်၊ မမေးထိုက်သာလျှင် စဉ်းစားနေမိလေတော့၏။ ဇနီးသည်အား ဖွင့်ဟတိုင်ပင်ရန် ကြံစည်လိုသော်လည်း မိန်းမတို့မည်သည်မှာ သာ၍ထိတ်လန့်တုန်လှုပ်တတ်သည့်ပြင် သိချင်သောအရာဌာနတွင်လည်း ယောကျ်ားများထက် ကဲလွန်းသောကြောင့် မေးမြန်းဖို့တိုက်တွန်းတော့မည့်အဖြစ်ကို သိသဖြင့် တိုင်ပင်ဘဲ နေခဲ့လေ၏။

ထိုညတွင် ကျွန်ုပ်မှာ တစ်မေးမျှမအိပ်နိုင်ဘဲ ၎င်းပြဿနာကို အပြန်ပြန်အလှန်လှန် စဉ်းစားလျက်ရှိ၏။ အမှန်ကိုပြောရလျှင် ကျွန်ုပ်သည် သူတစ်ပါးစိတ်မချမ်းသာသည်ကို အရသာခံစားတတ်သော လူပိန်ကြီးကို ရွံမုန်းလာသည်ဖြစ်၍ ဤလူကြီးနှင့်တွေ့ရခြင်းသည် ကျွန်ုပ်အဖို့ စိုးရိမ်သောကဖြစ်စေဖို့ ကြမ္မာငင်ခြင်းပင်ဖြစ်ချေသည်ဟူ၍လည်း အောက်မေ့မိပေ၏။

နံနက်လင်းသည်နှင့်တစ်ပြိုင်နက် ကျွန်ုပ်သည် လူပိန်ကြီးအား မေးရန်ရှိသော စကားကို ညဥ့်အချိန်တိုင်အောင် မဆိုင်းနိုင်တော့ဘဲ ယခုချက်ချင်းပင် မေးပြောရန် တောင်းပန်မည့်အကြံနှင့် ၎င်းတည်းခိုသောအခန်းသို့သွားရောက်လေရာ ထိုနေရာသို့ရောက်သည်နှင့်တစ်ပြိုင်နက် ထိုလူကြီး တည်းခိုသော နေရာတွင် ဟောင်းလောင်း ဖြစ်နေသည်ကို တွေ့ရသဖြင့် ထိတ်ခနဲ ဖြစ်သွားမိ၏၊ ထို့နောက် ထိုနေရာနှင့် ကပ်လျက်ရှိသော အခန်းမှလူများကို စုံစမ်းမေးမြန်းရာတွင် ထိုနေ့နံနက်လင်းသည်နှင့်တစ်ပြိုင်နက် လူပိန်ကြီးသည် ၎င်း၏တပည့်နှစ်ယောက်နှင့်အတူ ထွက်သွားကြပြီဖြစ်ကြောင်း သိရှိလေရကား ကျွန်ုပ်မှာ စိတ်ထဲ၌ မည်ကဲ့သို့ဖြစ်သွားသည်ကို ရေးသားဖော်ပြခြင်းငှာ မတတ်နိုင်ဘဲ မြေပေါ်မှ ကျွမ်းထိုး၍ ထိုးလိုက်ချင်သကဲ့သို့ ဖြစ်သွားလေတော့၏။

ကျွန်ုပ်မှာ လူပိန်ကြီးနှင့် သုံးကြိမ်တိုင်တိုင် တွေ့ခဲ့ရဖူးသော်လည်း ၎င်း၏ အမည်နာမနှင့် နေရပ်တို့ကို မမေးမိခဲ့သဖြင့် စိတ်ထဲ၌ မချင့်မရဲဖြစ်မိသေး၏၊ အခါ

www.burmeseclassic.com

www.burmeseclassic.com



တိုင်းအဖို့မှာ ကျွန်ုပ်သည် သိသင့်သိထိုက်သောလူတစ်ယောက်နှင့် တစ်ကြိမ်မျှ တွေ့ကြုံရသည်ဖြစ်စေ အမည်၊ နေရပ်နှင့် အလုပ်အကိုင်တို့ကို မေးမြန်းမိခဲ့သည် သာ ဖြစ်ပါလျက် အလွန်အရေးကြီးသော ဤကိစ္စတွင်မှ ထိုကဲ့သို့မေးမြန်းရန် လုံးဝသတိမရဘဲနေခဲ့မိသည့်အတွက် စိတ်ထဲတွင် ရိုးတိုးရွတ ဖြစ်ခဲ့မိ၏။

ကျွန်ုပ်သည် တည်းခိုသောအခန်းသို့ ပြန်သွား၍ ရပ်တည်ရာမရဘဲ အိမ်ခြမ်းမှောင်အမြီးပြတ်သကဲ့သို့ ဂနာမငြိမ်ရှိနေရာတွင် သားမယားများက မည်ကဲ့သို့ ဖြစ်ခဲ့ပါသနည်းဟု မေးမြန်းကြ၏။ သို့ရာတွင် ကျွန်ုပ်သည် ၎င်းတို့အား ရှင်းလင်း ပြောပြခြင်းအားဖြင့် အကျိုးမရှိသည့်ပြင် ၎င်းတို့သည်ပင်လျှင် ကျွန်ုပ်ကဲ့သို့ စိတ်ထဲ၌ အနှောင့်အယှက်ဖြစ်ကြမည်ကို သိရှိသဖြင့် လူပိန်ကြီးအကြောင်းကို ပြောမပြဘဲ 'ကိစ္စမရှိပါဘူးကွယ်၊ ဘာမှအရေးမကြီးပါဘူး' ဟူ၍သာလျှင် ပြောထားလိုက်လေ၏။ သို့ပါသော်လည်း အိမ်ရှင်မသည် ကျွန်ုပ်၏ အမူအရာကို မကျေနပ်သဖြင့် ကျွန်ုပ်၏ မျက်နှာကိုသာ အကဲခတ်လျက် ရှိလေ၏။

ထိုအချိန်မှစ၍ ကျွန်ုပ်မှာ ဘုရားပွဲ၌ ဆက်လက်၍ နေကြခြင်းအားဖြင့် ပျော်ပိုက်နိုင်ခြင်းမရှိသည့်အဖြစ်ကို သိသဖြင့် နံနက်စာစားပြီးလျှင်ပြီးချင်း ပြန်ကြရန် စီမံလေရာ သားမယားများသည် ကျွန်ုပ်၏အမူအရာကို ကျေနပ်ကြဟန်လက္ခဏာ မရှိသော်လည်း တစ်ခုတစ်ခုသော အကြောင်းကြောင့် ကျွန်ုပ်မနေသည်ကို ကန့်ကွက်ကြရန် မဝံ့သည်ဖြစ်၍ မကြည်သာသောမျက်နှာထားများဖြင့် အထုပ်အပိုးများ ပြင်ဆင်ကြရလေ၏။

ကျွန်ုပ်တို့သည် ၁၉၄၆ ခုနှစ် တပေါင်းလတွင် ဘော်ကြိုဘုရားပွဲမှ ပြန်လာခဲ့ကြ၍ ထိုနှစ်မကုန်မချင်း ကျွန်ုပ်သည် လူပိန်ကြီးကို ထောက်လှမ်းစုံစမ်းလာခဲ့ရာ အမည်ကိုလည်းမသိ၊ နေရပ်ကိုလည်း လုံးဝမမေးမိခဲ့သော လူတစ်ယောက်ကို ရှာဖွေရန်မှာ လွန်စွာခဲယဉ်းသော ကိစ္စတစ်ခု ဖြစ်သည့်အတိုင်း အလျှင်းပင် ခြေရာမခံမိဘဲ ရှိနေလေ၏။ ထိုလူကြီး ဝတ်ပုံစားပုံမှာ အောက်သားတစ်ယောက်နှင့် တူ၍ အသက်ငါးဆယ်ခန့်ရှိမည်ဟု ခန့်မှန်းမိခြင်းမှတစ်ပါး သဲလွန်စအလျှင်းမရှိ သည်ဖြစ်၍ သူ့အားတွေ့အောင်ရှာဖွေရန် ကိစ္စမှာ ကောက်ရိုးပုံထဲ၌ ပျောက်ဆုံးသော အပ်တစ်ချောင်းကို ရှာရသောကိစ္စထက် လွယ်ကူလှသည်မဟုတ်ချေ။

ထိုအတောအတွင်း၌ ကျွန်ုပ်သည် ဇူလိုင်လ ၁၉ ရက်နေ့တည်းဟူသော ရက်စွဲကို စိတ်ထဲ၌ သံမှိုနှက်သကဲ့သို့ စွဲမြဲလျက်ရှိသည်ဖြစ်သောကြောင့် ထိုနေ့ ထိုရက်ကို လက်ချိုးရေတွက် နေမိလေတော့၏။ စား၍လည်းမဝင်၊ အိပ်၍မပျော် ၎င်းနေ့ရက်၌ မည်ကဲ့သို့ ဖြစ်ချေမည်နည်းဟု တွေးတောခြင်းအားဖြင့် အချိန်ကုန်ခဲ့မိ



သော ကျွန်ုပ်မှာ အရေအသား ဆုတ်ယုတ်စ ပြုလာခဲ့လေပြီ။ ခြောက်လခန့်ကြာမြင့် သောအခါ ကျွန်ုပ်မှာ လူပိန်ကြီးကို ရှာ၍တွေ့နိုင်တော့မည်မဟုတ်ဟု လုံးဝလက် လျှော့၍ ဖြစ်ချင်ရာဖြစ်စေတော့ဟု မျက်စိကို စုံမှိတ်ထားရန် သန္နိဋ္ဌာန်ချထား၍ နိုင်ငံရေးနှင့်ပတ်သက်သည့် အလုပ်ကိစ္စများတွင် စိတ်ဝင်စားရန် ကြိုးစားခဲ့လေ ၏။

လူတို့၏သဘာဝမှာ တစ်စုံတစ်ခုသောအရာကို သိလိုသောသဘောနှင့် ရှောင်လင့်စောင့်ဆိုင်းလျက်ရှိစဉ် စိတ်ထဲ၌ ခုလုခုလုဖြစ်၍ ရပ်တည်ရာမရဘဲဖြစ် ကတ်သော်လည်း စိတ်ပြေသောလူအနည်းငယ်တို့မှာမူကား တစ်ခုသောအရာကို လက်လျှော့လိုက်သည်နှင့်တစ်ပြိုင်နက် အထိုက်အလျောက် သက်သာရာ ရတတ် သေး၏။ မည်သို့ပင်ဖြစ်စေ ကျွန်ုပ်အဖို့မှာမူ ၎င်းနှစ် စေ့ကုန်၍ ဇန်နဝါရီလဆန်း သည်နှင့်တစ်ပြိုင်နက် လုံးဝလက်လျှော့ခဲ့သော သန္နိဋ္ဌာန်အတွက်ကြောင့် မအိပ်နိုင်၊ မစားနိုင်သော အဖြစ်မှသည် အတော်အတန်သက်သာရာရခဲ့၍ အရေအသား တိုး တက်လာသဖြင့် သားမယားများမှာ ဝမ်းမြောက်ဝမ်းသာဖြစ်လာကြလေ၏။ ထိုအ တောအတွင်း၌ ကျွန်ုပ်သည် သားသမီးများကို မသိစေသော်လည်း ဇနီးဖြစ်သူကို မူကား ဖုံးကွယ်ခြင်းအားဖြင့် အလုပ်ပိုတစ်ခုဖြစ်နေသည့်အကြောင်းကို သိရှိသဖြင့် လူပိန်ကြီးအကြောင်းကို အလုံးစုံပြောပြလိုက်လေ၏။

ကျွန်ုပ်၏ဇနီးသည် လူပိန်ကြီးကို ကိုယ်တိုင်မတွေ့ဖူးသဖြင့် ၎င်း၏အစွမ်း ကို ကျွန်ုပ်ကဲ့သို့ မယုံကြည်သည့်ပြင် လင်ယောကျ်ားအား စိတ်သက်သာရာ ရစေခြင်းငှာ ဘုရားရဟန္တာမဟုတ်သူတစ်ယောက်၏ စကားကို ယုံကြည်ဖို့မထိုက် သဖြင့် ထိုသူ၏ စကားနှင့်ပတ်သက်၍ စိုးရိမ်သောကမဖြစ်ဘဲ နေမြဲအတိုင်းသာ လျှင် လုပ်ကိုင်နေထိုင်ဖို့ အားပေးစကားပြောကြားသေး၏။ စင်စစ်မှာမူ မိန်းမသား ဖြစ်သည့်အတွက် လူပိန်ကြီး၏စကားကို ကျွန်ုပ်ထက်ပင် လေးစားဟန်ရှိသော် လည်း လင်ယောကျ်ား စိတ်သက်သာခွင့် ရစိမ့်သောငှာ မထီမဲ့မြင် ပြုလုပ်ဘား ဟန်ဆောင်ပြောဆိုသည့် လက္ခဏာရှိ၏။

ဇန်နဝါရီလ ၁ ရက်နေ့တွင် အထက်ပါသန္နိဋ္ဌာန်ကို ချထား၍ ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျွန်ုပ်သည် ကိစ္စတစ်ခုနှင့် သာစည်မှ မြင်းခြံသို့သွားသော မီးရထားပေါ်တွင် ဒုတိယတန်းတွဲဖြင့် လိုက်ပါသွားရာ တစ်တွဲလုံးတွင် ကျွန်ုပ်နှင့်တစ် ပါး ခပ်တုတ်တုတ်နှင့် တဟားဟား ရယ်မောတတ်သည့်လူတစ်ယောက်သာလျှင် လိုက်ပါလာလေ၏။ သာစည်မှ ရထားထွက်လာသောအခါတွင် ခရီးသည်တို့ ထုံးစံအတိုင်း ကိုယ့်သတင်းစာ ကိုယ်ဖတ်လျက် လိုက်ပါလာကြရာ မျက်နှာချင်း

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်နေရာတွင် ထိုင်လျက်ရှိသော ထိုသူသည် အိမ်သာခန်းသို့ ထသွား၍ ပြန်
သောအခါတွင်မှ ကျွန်ုပ်သည် ထိုသူ၏ မျက်နှာကို ဂရုစိုက်၍ ကြည့်မိ၏။
လိုက်ရသည်နှင့်တစ်ပြိုင်နက် ကျွန်ုပ်သည် ထိုသူကို မြင်ဖူးပါသည်ဟု စိတ်
အောက်မေ့မိသော်လည်း မည်သည့်နေရာတွင် တွေ့ခဲ့ဖူးသည် ဟူ၍မှုကား အလွ
ပင် ဖော်၍မရနိုင်အောင် ဖြစ်နေလေ၏။ အချို့သူတို့၏ သဘာဝတစ်ခုမှာ
ဘစ်ခုကို စဉ်းစား၍မရမချင်း အခြားကိစ္စများမလုပ်နိုင်ဘဲ ထိုအာရုံထဲတွင်
လည်၍ နေတတ်သည်ဖြစ်ရာ ကျွန်ုပ်မှာလည်း ၎င်းသဘာဝမျိုး ရှိသည်ဖြစ်
သတင်းစာတွင် စိတ်ဝင်စားရန် မဖြစ်နိုင်တော့ဘဲ လက်မှသတင်းစာကိုချကာ
ဆွေကို ကျွန်တော်မြင်ဖူးတယ် ထင်ပါတယ်' ဟု လှမ်း၍ ပြောလိုက်ရ၏။
သည် ဖတ်နေသောသတင်းစာကို ချထား၍ ကျွန်ုပ်၏ မျက်နှာကို စေ့စေ့ကြည့်
နောက်...

ထိုသူ။ ။'ကျုပ်ကလည်း ခင်ဗျားကို မြင်ဖူးတယ် ထင်တာပဲ။ နေစမ်းပါဦး
ဘော်ကြီဘုရားပွဲကို ခင်ဗျား ရောက်ဖူးသလား'

ကျွန်ုပ်။ ။'မနှစ် တပေါင်းလက တစ်ခေါက် ရောက်ခဲ့ဖူးပါတယ်'

ယင်းကဲ့သို့ ဖြေဆိုစဉ်တွင် ကျွန်ုပ်သည် လူပိန်ကြီးကို ရုတ်တရက် သတိ
လာ၍ ၎င်း၏ မျက်နှာနှင့် ကျွန်ုပ်၏ရှေ့၌ ယခုရှိနေသူ၏ မျက်နှာတို့ကို နှိုင်း
ကြည့်ရာတွင် မျက်လုံး၊ မျက်ခုံး၊ နှာတံ စသော အင်္ဂါအစိတ်အပိုင်းတို့၏
သောအဖြစ်ကို ရုတ်တရက်သိမြင်သဖြင့် စိတ်ထဲတွင် ထိတ်ခနဲဖြစ်သွားမိလေ၏။

သူ။ ။'ဟုတ်ပြီဗျို့၊ ကျုပ်သတိရလာပြီ။ ခင်ဗျားကို ဘော်ကြီဘုရားပွဲမှာ
ခဲ့ဖူးတယ်'

ကျွန်ုပ်။ ။'ကျွန်တော်လည်း သတိရပါပြီ။ ခင်ဗျားပြောဖူးတဲ့စကားကြောင့်
တော့်မှာ နေမထိထိုင်မထိဖြစ်ပြီး စိတ်ဆင်းရဲလိုက်တဲ့ဖြစ်ခြင်း၊ ဘာ
ကောင်းမလဲ ဆရာကြီးရယ်။ ခင်ဗျားက နောက်တစ်နေ့ညမှ ပြောပြမယ်ဆို
ဘယ့်နှယ်ကြောင့် ရုတ်တရက်ပျောက်သွားရတာလဲ'

သူ။ ။'သည်းခံပါဗျာ၊ အိမ်က သားမယားများက အရေးကြီးတဲ့ကိစ္စတစ်ခု
အခေါ်လွှတ်လိုက်တဲ့လူက ညတွင်းချင်းရောက်လာလို့ ခင်ဗျားနဲ့ချိန်း
တာကို လုံးဝသတိမရဘဲ မိုးလင်းလင်းချင်း ထွက်ခွာခဲ့ရလို့ပါဗျာ။ ကတိ
လို့ရှိရင် ကျွန်တော့်အပြစ်ကို ကျွန်တော် တောင်းပန်ပါတယ်'

ကျွန်ုပ်။ ။'ခင်ဗျားကို ကျွန်တော် လိုက်ရှာလိုက်တာ ဘယ်မှာမှသတင်းမရ
လုံးဝ လက်လျှော့ပစ်လိုက်ရတာ လေးငါးရက်ပဲ ရှိပါသေးတယ်။ ကိုင်



…ဒီဟာတွေ အသာထားပြီး ဒီနှစ်ဇူလိုင်လ ၁၉ ရက်နေ့မှာ ကျွန်တော့်အတွက်
…ဖြစ်မယ်ဆိုတာ ပြောပြပါတော့ခင်ဗျာ'

ကျွန်ုပ်၏ စကားကိုကြားသောအခါ ထိုလူသည် ကြိုးစား၍ စဉ်းစားသော
အမူအရာနှင့် ဦးခေါင်းကို အကြိမ်ကြိမ် ပွတ်သပ်ပြီးနောက် ကျွန်ုပ်၏ မျက်နှာကို
ကြည့်လျက်–

သူ။ ။'သည်းခံပါဗျာ။ ကျွန်တော် ဘာမှ မမှတ်မိလို့ပါ။ ဟိုတုန်းက ရောဂါစွဲ
ကပ်လို့ ကျွန်တော့်ဦးနှောက်ထဲမှာ ထင်မိထင်ရာတွေထင်ပြီး ပြောမိပြောရာ
…တွေ ပြောခဲ့တာ။ အခုတော့ ဘိလပ်ကပြန်ရောက်လာတဲ့ ဆရာဝန်နဲ့ ကုသလို့ ဒီရောဂါ
…ပျောက်သွားပြီ။ ဟိုတုန်းကဟာတွေကို ကျွန်တော်ဘာမှ မမှတ်မိတော့ပါဘူးဗျား
…ခင်ဗျားကို ကျွန်တော် တစ်ခုခုပြောဖူးတယ်ဆိုတာတော့ သတိရရဲ့။ ဘယ်လိုဖြစ်
…မယ်ဆိုတာတော့ ကျွန်တော် ဖော်လို့မရတော့ဘူး။ အခုလည်း စဉ်းစားလို့မရ
…ဘူး၊ ဒီရောဂါပျောက်သွားကတည်းက ကျွန်တော့်မှာ စားလို့သောက်လို့ ကောင်း
…ပြီး ဝဖြိုးဖြိုး ဖြစ်လာတာ ခင်ဗျားမြင်တဲ့အတိုင်းပါပဲ'

ကျွန်ုပ်။ ။'ခင်ဗျား စားသောက်ကောင်းတာက ကိစ္စမရှိပါဘူး။ ခင်ဗျားပြောဖူးတဲ့
စကားကြောင့် ကျွန်တော် မစားနိုင်၊ မသောက်နိုင်ဖြစ်နေတာက ခက်တယ်
ဆရာကြီးရဲ့။ ကြိုးစားပြီး စဉ်းစားစမ်းပါဦးဗျာ'

သူ။ ။'ဝမ်းနည်းပါတယ်ဗျာ၊ ကျွန်တော်အများကြီး ဝမ်းနည်းပါတယ်'

ကျွန်ုပ်။ ။'ဝမ်းနည်းတာ အသာထားပြီး ဖော်နိုင်အောင် ကြိုးစားစမ်းပါဦးဗျာ'

ထိုသူသည် ဦးခေါင်းကိုပွတ်ကာ တစ်မိနစ်မျှ စဉ်းစားပါသော်လည်း အ
ချည်းနှီးပင် ရှိလေတော့၏။

ထိုအတောအတွင်း၌ ကျွန်ုပ်၏စိတ်ထဲတွင် အကြံတစ်ခု ဖြစ်ပေါ်လာသည်
မှာ ထိုသူသည် ကျွန်ုပ်စိတ်ဆင်းရဲစေသော စကားကို ပြောခဲ့ဖူး၏၊ ယခုအခါ၌
ထိုလူသည် သုံးနှစ်စေ့သော အချိန်တွင် ၎င်းအဖို့ မည်ကဲ့သို့ဖြစ်လိမ့်မည်ဟူသော
အခြင်းအရာကို ၎င်းအားသတိပေးလိုက်ရလျှင် ကောင်းလိမ့်မည်မဟုတ်လော
သောအကြံသည် ကျွန်ုပ်၏စိတ်ထဲ၌ ဖြစ်ပေါ်လာခဲ့၏။ ယင်းသို့ရှိစဉ် လူပိန်
…ယောက်အဖြစ်မှ ဝဝဖြိုးဖြိုးရှိသော လူတစ်ယောက်အဖြစ်သို့ ပြောင်းလဲ
ကျွန်ုပ် တွေ့မြင်ရသည်ဖြစ်၍ ထိုကဲ့သို့ဖော်ပြလိုက်လျှင် ရက်စက်ရာ
ဟု ကျွန်ုပ်စဉ်းစားမိပြန်သည်နှင့် ချီတုံချတုံ ဖြစ်နေလေ၏။

ထိုသူသည် ၎င်း၏စကားအတွက်ကြောင့် ကျွန်ုပ်၌ စိတ်ဆင်းရဲရသည်
ခြင်းကို ယူကျုံးမရရှိနေသောအမူအရာနှင့် ကျွန်ုပ်အား အတန်တန် တောင်း

www.burmeseclassic.com

www.burmeseclassic.com



စကား ပြောကြားလေရကား လက်စားချေချင်သောဆန္ဒသည် ကျွန်ုပ်၏စိတ်ထဲမှ တဖြည်းဖြည်းလျော့သွား၍ မကောင်းသည်ကို မကောင်းခြင်းဖြင့် တုံ့ပြန်ခြင်းသည် သဘောထားကြီးရင့်သူတို့၏ အလေ့အကျင့်မဟုတ်သည့်အဖြစ်ကို ကျွန်ုပ် စဉ်းစားမိလေ၏။

သူ။ ။'အလကားပါမိတ်ဆွေ၊ ဟိုတုန်းက ကျွန်တော်ပြောတာတွေ မယုံပါနဲ့။ ကျွန်တော့်ဦးနှောက်က ရောဂါစွဲကပ်နေလို့ ထင်မိထင်ရာတွေ လျှောက်ပြောနေတာပါဗျ။ အဘိညာဉ်မရဘဲနဲ့ နောက်ဖြစ်မယ့်အခြင်းအရာကို ကြိုတင်ပြီး ပြောနိုင်မယ်ဆိုတာ ဟုတ်နိုင်ပါ့မလားဗျ'

ထိုခဏ၌ ဟုတ်နိုင်သည်ဖြစ်စေ၊ မဟုတ်နိုင်သည်ဖြစ်စေ သုံးနှစ်စေ့ရောက်သောအခါ၌ ၎င်းအဖို့ တစ်စုံတစ်ခုဖြစ်လိမ့်မည်ဟူသော အခြင်းအရာကို ပြောလိုက်ချင်သော စိတ်သည် ကျွန်ုပ်၏ဦးနှောက်ထဲ၌ လှုပ်လှုပ်ရှားရှား ဖြစ်လာပြန်လေ၏။ သို့ရာတွင် ၎င်းစိတ်ကို နှိမ်နင်း၍–

ကျွန်ုပ်။ ။'မဟုတ်နိုင်ဘူးဆိုပေမဲ့ ဂျင်ဝိုင်းမှာ ခင်ဗျားပြောသွားတာတွေအားလုံး မှန်နေတာကို ကျွန်တော်တွေ့လိုက်ရတယ်ဗျ'

သူ။ ။'မှန်ပေမယ့် ကံအားလျော်စွာ မှန်ချင်လို့ မှန်တာတွေပါဗျာ'

ကျွန်ုပ်။ ။'လေးကောင်ဂျင်ဆိုတာတော့ ကံအားလျော်စွာ ထားလိုက်ပါဦးတော့။ လမ်းမှာ စောင့်ကြည့်ပြီး ဘယ်လုည်းလာလိမ့်မယ်၊ ဘယ်ကားလာလိမ့်မယ်၊ ဘယ်သူဘယ်ဝါတွေ လာလိမ့်မယ်ဆိုတာ ကံအားလျော်စွာ မဟုတ်နိုင်ပေဘူးဗျ'

သူ။ ။'မှန်ရုံမကလို့ ဘယ်လောက်မှန်မှန်၊ အဘိညာဉ်မပါဘဲနဲ့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူးဗျာ'

ကျွန်ုပ်။ ။'ကိုင်းပါဗျာ၊ ခင်ဗျားကို ကျွန်တော် မငြင်းလိုတော့ပါဘူး။ ခင်ဗျားပြောတဲ့အတိုင်း ကံအားလျော်စွာ မှန်တယ်လို့သာ ဖြစ်ပါစေတော့လို့ ဆုတောင်းရတော့မှာပဲ'

အမှန်ကိုဆိုရလျှင် ကံအားလျော်စွာမှန်ခြင်းမဟုတ်ဘဲ အတတ်သိ၍ပြောခြင်းဖြစ်သည်ဟူသော အယူအဆသည် ကျွန်ုပ်၏ဦးခေါင်းထဲတွင် စွဲလျက်ရှိလေရာ ဖြစ်လိုရာဖြစ်စေတော့ဟု မျက်စိကို စုံမှိတ်၍ ဘုရားတရားကို အောက်မေ့ခြင်းအားဖြင့်သာလျှင် စိတ်ပြေလက်ပျောက်ဖြစ်အောင် ကြိုးစားနေထိုင်ခဲ့ရခြင်းဖြစ်ပေ၏။ မီးရထားသည် မလှိုင်ဘူတာသို့ ဆိုက်ကပ်လာသောအခါ ထိုလူသည် ဆင်းတော့မည် ပြင်ဆင်လေရာ ကျွန်ုပ်သည် ထိုအခါတွင်မှ ၎င်း၏အမည်၊ နေရပ်တို့ကို မေးမြန်းမိလေ၏။ ထိုသူ၏အမည်မှာ ဦးသိဒ္ဓိဖြစ်၍ ယခုအခါတွင် စစ်ကိုင်း



ဆောင်ရိုးရှိ ဣန္ဒာသယချောင်တွင် ဥပုသ်သီတင်း ဆောက်တည်လျက်ရှိရာမှ ကိစ္စတစ်ခုနှင့် မလှိုင်သို့ လာရောက်ခြင်းဖြစ်သည်ဟု ပြောသွားလေသည်။

❖

ကျွန်ုပ်သည် ဇူလိုင်လ ၁၉ ရက်နေ့တွင် တစ်စုံတစ်ခုဖြစ်လိမ့်မည်ဟု ကြိုတင်ပြောပြသွားသော ထူးဆန်းသည့် ရောဂါသည်ကြီးဦးသိဒ္ဓိ၏ စကားအရ ဖြစ်ပျက်မည့် အခြင်းအရာမှာ အကောင်းဟူ၍ကား လုံးဝမယူဆနိုင်ဘဲ မကောင်းသည့် အခြင်းအရာ တစ်စုံတစ်ခု သို့မဟုတ် အသက်ကိုပင် စိုးရိမ်ရသည်အထိ တွေးထင်နိုင်သည်ဖြစ်ရကား မဆိုကောင်းမဆိုသာ အသက်ကိုပင် စိုးရိမ်ရန်ရှိခဲ့သော် အံ့ဖွယ် ရောဂါသည်ကြီး ဦးသိဒ္ဓိနှင့် တွေ့ကြုံရသည့် ဤထူးဆန်းသော အဖြစ်အပျက်များကို မှတ်တမ်းတင်ထားခဲ့လိုသည်ဖြစ်သောကြောင့် ဇူလိုင်လထဲသို့ ဝင်ရောက်သောအခါ ဤအကြောင်းအရာများကို အပြည့်အစုံ မှတ်တမ်းတင်ရေးသားခဲ့ပြီးလျှင် ဇူလိုင်လ ၁၈ ရက်နေ့ညတွင် အပြီးသတ် ရေးသားခဲ့ပေသည်။ ရည်ရွယ်ချက်မှာ ဦးသိဒ္ဓိ၏စကားအရ ဇူလိုင်လ ၁၉ ရက်နေ့တွင် မတော်တဆ တစ်စုံတစ်ရာ ဖြစ်ခဲ့သော် အကြောင်းအားလျော်စွာ တိုင်းပြည်သို့ တင်ပြရန်ဖြစ်၍၊ မဖြစ်ပွားခဲ့သော်ကား ကျွန်ုပ်၏ကိုယ်ပိုင်မှတ်တမ်းအဖြစ်ဖြင့်သာ အသုံးချရန်ဖြစ်ပေသည်။ အကယ်၍ တိုင်းပြည်သို့တင်ပြရန်လိုခဲ့သော် ဤကိစ္စမျိုးနှင့် အသင့်တော်ဆုံးဖြစ်သည့် စာရေးဆရာကြီး "ရွှေဥဒေါင်း"ထံမှတစ်ဆင့် တင်ပြလိုသည့် ဆန္ဒရှိရကား ဆရာကြီးထံသို့ ပေးပို့ရန် ရည်ညွှန်းခဲ့ပေသည်။

❖

ဤသည်တို့ကား ဝန်ကြီးကတော်တစ်ဦးထံမှ ပေးပို့လိုက်သော အကြောင်းအရာများကို ဝါကျအနေအထား အနည်းငယ်ပြင်ဆင်၍ ဖော်ပြလိုက်ခြင်း ဖြစ်ပေသည်။ ဇူလိုင်လ ၁၉ ရက်နေ့တွင် ဖြစ်ပွားခဲ့သော အခြင်းအရာများမှာကား သိကြသည့်အတိုင်းပင် ဖြစ်ပေသတည်း။

[ဒဂုန်မဂ္ဂဇင်း၊ အတွဲ(၂၂)၊ အမှတ် (၃)၊ ဧပြီလ ၁၉၄၈]

■

www.burmeseclassic.com

# ပဋိသန္ဓေမှ ကသိုလ်ကဲထောက်ပံ့သော်လည်း

၁၉၁၆ ခုနှစ် ဇန်နဝါရီလက လူထုသတင်းစာ အယ်ဒီတာချုပ်အဖြစ်နှင့် ကျွန်ုပ်အား တရားစွဲဆိုထားသည့် အမှုအတွက် တရားဆိုင်ရန် ဗန်းမော်မြို့သို့ သင်္ဘောဖြင့် တက်သွားသောအခါ တစ်နေ့ခရီး ဆန့်တက်မိရာတွင် သင်္ဘောဦးခန်း၌ အလုပ်လုပ်သော ဦးခေါင်းဖြူသည့် ဘင်္ဂါလီက ကျွန်ုပ်အား နှုတ်ဆက်လျက် 'ဆပ် ကျွန်တော့်ကို မှတ်မိသလား၊ ကျွန်တော်က ဆပ်ကို မှတ်မိတယ်' ဟု ပြောသည်။ ကျွန်ုပ်သည် ဘင်္ဂါလီ၏ မျက်နှာကို စေ့စေ့ကြည့်လိုက်သောအခါ မြင်ဖူးပါသည် ဟု ထင်မိသော်လည်း မည်သူမည်ဝါ၊ မည်သည့်နေရာ၌ သိကျွမ်းဖူးမည် ဟူ၍ကား ဖော်၍မရချေ။ ထိုအခါ ဘင်္ဂါလီက 'ဟိုတုန်းက ဆပ်ရယ်၊ လူပုပုတစ်ယောက် ရယ်၊ ရန်ကုန်က ကရိုက်တီးရီးယန်းဟိုတယ်ကို ခဏခဏလာကြတယ် ဟုတ် လား၊ ကျွန်တော်က ဘိလိယက်မာကာအဗ္ဗဒူးလ်လေ' ဟု ပြောလိုက်သည့်တွင်မှ ကျွန်ုပ် သတိရလာတော့သည်။

လွန်ခဲ့သောနှစ်ပေါင်း ၄၀ ခန့်လောက်က သူရိယသတင်းစာတိုက်၌ မှော် ခင်းအယ်ဒီတာလုပ်ခဲ့စဉ် ကုန်သည်လမ်းရှိ ဘားမားယောက်(စ)ဆိုင်ရှင် ကျွန်ုပ်၏ သူငယ်ချင်း ကိုခင်မောင်နှင့်အတူ ကရိုက်တီးရီးယန်းဟိုတယ်သို့ ဘိလိယက်ထိုး ရန်အတွက် ညနေတိုင်းလိုပင် သွားခဲ့ကြဖူးသည်။ ကျွန်ုပ်တို့နှစ်ယောက်မှာ အမှန် ဆုံး လာလေ့ရှိသော "ဖောက်သည်"များ ဖြစ်ကြသည့်ပြင် သူကပုပု၊ ကျွန်ုပ်က ရှည်ရှည်ဖြစ်သည့်အတွက် လူတိုင်းက သတိပြုမိကြ၍ ကျွန်ုပ်တို့အား (The



long and short)ဟူ၍ ပြောစမှတ်ပြုတတ်ကြသည်။ ဘိလိယက်ဝါသနာအိုးများ အနက်တွင်လည်း ကျွန်ုပ်တို့နှစ်ယောက်မှာ အသည်းဆုံးနှစ်ယောက်ဖြစ်၏။ ကရိုက်တီးရီးယန်းဟိုတယ်မှာ ဥပဒေအတိုင်း ည၌ ၁၁ နာရီတွင် ပိတ်ရသော ဆိုင်ရှိ၏။ သို့ရာတွင် ၁၁ နာရီထိုးသော်လည်း ကစားလက်စဖြစ်သောပွဲကိုမူ ပြီးဆုံးအောင်လက်စသတ်နိုင်သော အခွင့်အရေးရှိ၏။ ဤတွင် ကျွန်ုပ်တို့သည် ၁၁ နာရီထိုးဖို့ ၅ မိနစ်၊ ၁၀ မိနစ်အလိုတွင် ထိုးလက်စပွဲကိုဖျက်သိမ်းပြီး ပွဲသစ်တစ် ခု စတင်ထိုးလေ့ရှိသည်။ တစ်ပွဲလျှင် နာရီတစ်ဝက်ကြာတတ်သည်ဖြစ်ရာ ဤနည်း အားဖြင့် ကျွန်ုပ်တို့သည် ဟိုတယ်စည်းကမ်းဥပဒေထက် မိနစ် ၂၀ ခန့်ကျော်လွန် သည့်တိုင်အောင် ကစားနိုင်ခွင့် ရှိကြလေသည်။ အဗ္ဗဒူးလ်သည် ကျွန်ုပ်တို့၏ မာကာဖြစ်၏။

သင်္ဘောပေါ်၌ လေးညအိပ်ခရီးသွားစဉ် အဗ္ဗဒူးလ်သည် ကျွန်ုပ်၏အခန်း သို့လာ၍ ရှေးဟောင်းနှောင်းဖြစ်များကို ပြောပြလေ့ရှိရာ ရှေးကရန်ကုန်အကြောင်း ကို အပြန်အလှန် ပြောပြရာမှ ကျွန်ုပ်"တို့"ပေးချက်အရ အဗ္ဗဒူးလ်သည် သူ၏အ သုံးနှင့်ပတ်သက်သော အတွေ့အကြုံများကို စိတ်ဝင်စားဖွယ်ကောင်းအောင် ပြော ပြလေတော့သည်။ ဘိလိယက်ခုံဟူသည်မှာ လူပေါင်းစုံရောက်တတ်သောနေရာ ဖြစ်သည့်အလျောက် အဗ္ဗဒူးလ်၏ အချို့သော အတွေ့အကြုံများမှာ စာဖွဲ့လောက် အောင် ထူးဆန်း၍ မှတ်လောက်သားလောက်ရှိပါပေသည်။ သူ၏ အတွေ့အကြုံ များအနက် တစ်ခုသောအဖြစ်အပျက်မှာ သင်ခန်းစာယူလောက်အောင်ပင် ကောင်း မွန်လှသည်ဖြစ်ပါသောကြောင့် ကျွန်ုပ်သည် ထိုအကြောင်းအရာနှင့်ပတ်သက်၍ အဗ္ဗဒူးလ်အား လုံးစေ့ပတ်စေ့ မေးမြန်းပြီးနောက် ဝတ္ထုသွားအနေဖြင့် အောက်ပါ အတိုင်း တင်ပြလိုက်ရပါသည်။

❖

ကရိုက်တီးရီးယန်းဟိုတယ်တွင် ဘိလိယက်ခုံ ခြောက်ခုံရှိသည့် အနက် အကောင်းဆုံးခုံ၌ ထိုညဉ့်က (၁၉၂၀ ပြည့်နှစ်လောက်တွင်) ကစားကြသူများမှာ အင်္ဂလိပ်ကပြား("ဘရားဆပ်"ဟု ခေါ်ကြသူ)နှင့် ရတီ ၂၀ ခန့်ရှိ စိန်လက်စွပ်ကြီး ဝတ်သော အိန္ဒိယတိုင်းသား "ဘာဘူကြီး"ဟု ခေါ်ကြသူတို့ ဖြစ်သည်။ ဘရား ဆပ်ဆိုသူမှာ ရာထူးတော်တော်ကြီးကြီး၌ အလုပ်လုပ်ခဲ့ဖူး၍ ပင်စင်စားကြီးတစ် ယောက်ဖြစ်သည်ဟု နားလည်ကြရာ ဘာဘူကြီးမှာမူ ကုလားသူဌေးတစ်ယောက် ဖြစ်သည်ဟု ယုံကြည်ကြသည်။ ထိုလူနှစ်ယောက်သည် အခြားသော ခုံများ၌ ကစားလေ့မရှိ။ အဆိုပါနံပါတ် ၁ ခုံ၌သာ ကစားတတ်ကြရာ၊ ၎င်းတို့ ဝင်လာသော

www.burmeseclassic.com

www.burmeseclassic.com



အခိုက်တွင် အခြားလူများ ကစားလျက်ရှိသည်နှင့် ကြုံနေလျှင် "ဘလက်ဘုတ်" တွင် ၎င်းတို့၏နာမည်များရေးပြီး ထိုင်၍စောင့်နေတတ်ကြသည်။ တစ်ခါတစ်ရံ တွင် ၎င်းတို့ကို ဂရုမစိုက်ဘဲ ဆက်လက်၍ ကစားကြသူများနှင့် ကြုံရတတ်သော်လည်း များသောအားဖြင့်မူကား ၎င်းတို့နှစ်ယောက်ကို ရွံ့သူကရွံ့၊ လန့်သူကလန့်၊ လေးစားသူက လေးစားသည်နှင့် မိမိတို့၏ ပွဲပြီးလျှင် ၎င်းတို့အတွက် ရှောင်ဖယ်ပေးတတ်ကြလေသည်။

ထိုညဉ့်၌ ဘရားဆပ်နှင့် ဘာဘူကြီးတို့ ဘီလီယက်ကစားကြသည်ကို ခုံရှည်မြင့်ပေါ်မှထိုင်လျက် ကြည့်ကြသူများမှာ "ထောင်ကဲကြီး"တစ်ယောက်၊ မြန်မာစာရေးကြီးတစ်ယောက်၊ ပုလိပ်အရာရှိ ပင်စင်စားတစ်ယောက်နှင့် ကုလားလူမျိုး "ခုံကပ်"တစ်ယောက် ဖြစ်လေသည်။ "ခုံကပ်"ဖြစ်သော ကုလားလူမျိုးမှာသည် နေ့တိုင်းလိုပင် ခုံမြင့်ရှည်ပေါ်သို့ လာထိုင်၍ "အမဲဖမ်း"တတ်သူတစ်ယောက် ဖြစ်သည်။ ထိုလူသည် နိုင်လောက်သော လူများထံမှ အပွင့်တောင်းထိုးခြင်းအားဖြင့် တစ်နေ့လျှင် ၁၀ ကျပ်၊ ၂၀ ကျပ်စသည်ဖြင့် ဝင်ငွေရအောင် ဖန်တီးတတ်သူတစ်ယောက်ဖြစ်၏။ ဓာတ်သိများကမူ သူ့ကိုရှောင်ကွင်းကြ၍ သူကလည်း မ"အွှေ" ချေ။ ထိုညဉ့်က ထိုင်ကြည့်ကြသော အဆိုပါ လူလေးငါးယောက်တို့မှာ ဘရားဆပ်နှင့် ဘာဘူကြီးတို့အား လေးစားကြပုံရ၍ ၎င်းတို့ကစားကြသည်ကို စိတ်ဝင်စားသောအမူအရာဖြင့် ကြည့်နေကြသည်။

မာကာအဗ္ဗဒူးလ်သည် ဘရားဆပ်ထိုးချလိုက်သော အနီဘောလုံး "ပေါ့ကက်"ထဲမှထုတ်ယူ၍ သူ့နေရာ၌တည်လျက်ရှိစဉ် လူခပ်ရွယ်ရွယ်တစ်ယောက် ဝင်လာ၏။ ထိုလူမှာ လူသစ်တစ်ယောက်ဖြစ်သည့်ပြင် လူပုံလူပန်းနှင့်တကွ ဝတ်စားပုံမှာ ဂိုက်ဆိုက်ကျလှသောကြောင့် အဗ္ဗဒူးလ်သည် ဘောလုံးတည်ရင်း လှမ်း ကြည့်လိုက်မိသည်။ ဤတွင် ဘရားဆပ်က 'ဟေ့ မာကာ၊ ဘာငေးသလဲကွ ဘောလုံးကို ကောင်းကောင်းတည်ပေးပါ' ဟု ဟိန္ဒူစတန်နီဘာသာဖြင့် ငေါက်၍ ပြောလိုက်သည်။ မာကာသည် 'အခြားဆပ်' ဟု ပြောကာ ဘောလုံးကို "စပေါ့" ပေါ်၌ တည်ပေးသော်လည်း လူသစ်အား မကြည့်ဘဲမနေနိုင်သဖြင့် တစေ့တစောင်း ကြည့်မိသေးသည်။ ဤအတောအတွင်း "အိတ်တူဂိုး"ဟူ၍လည်း ပါးစပ်မှ ရွတ် ဆိုရသေးသည်။

မာကာစိတ်ဝင်စားသော "လူသစ်"သည် ခုံမြင့်ရှည်ကြီးအနီးသို့ ချဉ်းကပ်လာ ရာတွင် မည်သူနှင့်မျှ နှုတ်မဆက်သော်လည်း အတော်ဟန်ကြီးပန်ကြီးလုပ်တတ် သော ထောင်ကဲကြီးကပင် အနည်းငယ်ကျုံ့ကာ နေရာဖယ်ပေးလိုက်သည်ကို မာကာမြင်လိုက်ရသည်။ မာကာသည် "အိတ်တူဂိုး"၊ "တင်းတူဂိုး"၊ "တွဲလ်တူဂိုး"



ဟူ၍ "စကိုး"ခေါ်လျက်ရှိရာ ဘရားဆပ်က 'ဟေ့ ရှုဝက်၊ တွဲလ်မဟုတ်ဘူးကွ။ အနီ အင်းနေ့ဖ်ဝင်တာ၊ သာတီးန်တူဂိုးကွ' ဟု ငေါက်ငမ်းကြိမ်းမောင်းခြင်း ခံရ သည်။

'ဆောရီးဘရားဆပ်'ဟု တောင်းပန်ရသော်လည်း မာကာသည် လူသစ်ကို မကြည့်ဘဲ မနေနိုင်အောင် ဖြစ်နေတော့သည်။ လူသစ်သည် ခုံမြင့်ရှည်ထောင့်တွင် ထိုင်လျက်၊ မိုးကြိုးစာလုံးများထိုးထားသည့် လောဟာ(ကြေးနက်)စီးကရက်ဘူးမှ စီးကရက်တစ်လိပ်ကိုထုတ်ကာ မီးညှိ၍သောက်၏။ မီးညှိပုံ၊ စီးကရက်ကိုင်ပုံ၊ ဆေးလိပ်သောက်ပုံများပင် လွန်စွာစတိုင်ကျလှသည်ဟု အဗ္ဗဒူးလ် ထင်မိသည်။ မာကာဤမျှလောက် စိတ်ဝင်စားသည့်လူသစ်မှာ ဘိုကေကို အလယ်မှခွဲကာ သပ် ရပ်စွာ ဖြီးထားလျက် ဖိတ်ဖိတ်တောက်အောင် တိုက်ရှပ်ကော်လာပေါ်တွင် နက် ပြာရောင်ဆာ့ချ်သက္ကလတ်အကျီကို တိကျစွာ ဝတ်ထားသည်ဖြစ်၍ လက်နှစ်ဖက် အစွန်းအဖျားတွင် လက်မတစ်ဝက်ခန့်ရှိ၍ တောက်ပြောင်သော ကြေတိုက် ရှပ် လက်များများ တိတိရိရိ ဖြူဖြူဖွေးဖွေး ပေါ်ထွက်လျက်ရှိ၏။ ရှပ်အကျီတွင် ရွှေ ကြယ်သီးများ တပ်ထားသော်လည်း နာရီကြိုးကို တွဲရရွဲမဆွဲဘဲ၊ နာရီအိတ်အထက် ပိုင်းသို့ ပြန်ခေါက်၍ သွင်းထားသည်။ အောက်ပိုင်း၌ကား ငွေရောင်ပြာ ဗန်ကောက် ချည်မှာ အသစ်ကျပ်ချွတ်ဖြစ်သည့် လက္ခဏာဖြင့် အတွန့်အခေါက် အလျင်းမရှိ ဘဲ ဖိတ်ဖိတ်တောက်လျက်ရှိ၏။ ခြေထောက်၌ကား နံ့သာရောင် ပိုးခြေအိတ်ပေါ် တွင် ပေတင်ရှူးဖိနပ် ဝတ်ထားသည်။ အဝတ်အစားများ သစ်လွင်၍ ဂိုက်ဆိုက် ရှိသလောက် လူပုံကလည်း ချောပါပေသည်။ နက်မှောင်သော မျက်ခုံးများ အောက်၌ ကြည်လင်တောက်ပ၍ ခပ်ပြာပြာရှိသော မျက်လုံးများကို ရှည်ကော့ သောမျက်တောင်မွေးများက တစ်ချက်တစ်ချက်တွင် ဖုံးအုပ်လျက်ရှိသည်။ အသား မှာ ဝါဝါဝင်း၍ နှာတံပေါ်ပေါ်ကြီးရှိသည်နှင့် အဗ္ဗဒူးလ်၏ စိတ်ထဲ၌ (ထိုနောက် တွင် မြင်ရဖူးသည့်)အိန္ဒိယဘုရင်ခံချုပ် လော့ဒ်မောင့်ဘက်တန်နှင့် ခပ်ဆင်ဆင်တူ သည်ဟု ဆိုလေသည်။

ကရိုက်တီးရီးယန်ဟိုတယ်မှာ လူပေါင်းစုံရောက်ကြ၍ သပ်သပ်ရပ်ရပ် ဝတ်နိုင်သော ကောလိပ်ကျောင်းသားများနှင့် အထက်တန်းအရာရှိများကို အဗ္ဗ ဒူးလ် မြင်ဖူးသော်လည်း မြန်မာလူမျိုးအနက်တွင် ဤလူကဲ့သို့ မိမိ၏စိတ်ကို ဆွဲချင်းဆွဲဆောင်နိုင်သောလူကို တစ်ကြိမ်မျှ မတွေ့ဖူးပါဟူ၍ ဝန်ခံလေသည်။ ထိုလူသည် ခုံမြင့်ရှည်ပေါ်တွင်ထိုင်လျက် မည်သူနှင့်မျှ စကားမပြော၊ နှုတ်မဆက် ဘဲနေခြင်းကို ထောက်ခြင်းအားဖြင့် ရန်ကုန်သားတစ်ယောက် မဟုတ်နိုင်၊ ဒီကြောင်း မှ ဆင်းလာသူတစ်ယောက် ဖြစ်ရမည်။ သို့သော် အရာရှိလောက်မျှသာသော သူ

www.burmeseclassic.com



ငွေးသားလော ဟူ၍ကား မပြောနိုင်။ အနုညာတလူတစ်ယောက်မဟုတ်ဟူ၍သာ အဗ္ဗဒူးလ် အကဲခတ်နိုင်လေသည်။

ဘုရားဆပ်နှင့် ဘာဘူကြီးတို့၏ ပွဲပြီး၍ ဘရားဆပ်ရှုံးရာတွင် ဘရားဆပ်သည် "ကျူ"ကို စားပွဲပေါ်သို့ ပစ်တင်လျက် အဗ္ဗဒူးလ်ဘက်သို့ ဒေါသတကြီးလှည့်ကာ 'မင်း ဒီကနေ့ ဘာဖြစ်တာလဲ အဗ္ဗဒူးလ်၊ ဘောလုံးကို မကြည့်ဘဲနဲ့ ဘာတွေလျှောက်ကြည့်နေတာလဲ။ အနီကို နစ်ပွင့်ခေါ်လိုခေါ်၊ အဖြူကိုသုံးပွင့်ခေါ်လိုပေး။ မင့်ကို စိတ်ဆိုးသွားတာနဲ့ ငါရှုံးရတာပဲ' ဟု ပြောကာ သူရှုံးသော အရေးဖိုးနှင့် ခုံခတိတိကိုသာ ထုတ်ပေးပြီးထွက်သွားလေတော့သည်။ မာကာအား "တစ်"ပေးနေကျဖြစ်သည့် ပိုက်ဆံတစ်မတ်၊ သုံးမူးကိုပင် မပေးခဲ့ချေ။ ထိုသူနှစ်ယောက်တို့မှာ တစ်ခါတစ်ရံ ငွေ ၂၀ ကျပ်၊ ၃၀ ကျပ် စသည်ဖြင့် လောင်းတမ်းကစားတတ်ကြပါလျက် ထိုနေ့က ဘီယာနှစ်ပုလင်း ရှုံးခါမျှနှင့် ဤမျှလောက်ဒေါ်ဖောင်းရသလောဟု မာကာအောက်မေ့မိသည်။ သို့သော် မာကာတို့မည်သည်မှာ ကစား၍ ရှုံးသော လူများ၏ "ဆူဖတ်"ပေတည်း။

ထို့နောက် ဘရားဆပ်ထွက်သွားလေရာ ဘာဘူကြီးက 'ကလဲ့စားမချေသော့ဘူးလား' ဟု မေးသည်ကိုပင် ဘရားဆပ်က 'တော်ပါပြီ ကျုပ် ဒီကနေ့ ရှုံးမှာပါပဲ' ဟု ဆောင့်ကြီးအောင့်ကြီး ပြောသွားလေသည်။ ထိုသူနှစ်ယောက်တို့သည် တစ်ခါတစ်ရံ ၅၀ ကျပ်၊ ၁၀၀ ကျပ်တန်း လောင်းကစား၍ "အကျေအတင်" ဆိုကာ ထပ်မံကစားတတ်ကြသော်လည်း ရှုံးသောလူက လက်ငင်းထုတ်ချေသည်ကို မတွေ့ရသောကြောင့် ပရိသတ်ရှေ့၌ အထင်ကြီးအောင် ဟန်လုပ်ပြခြင်းဖြစ်သည် ဟု အဗ္ဗဒူးလ် နားလည်သည်။ သို့နှင့် တစ်ခါတစ်ရံ ဘရားဆပ်က အဗ္ဗဒူးလ်အား 'ပိုက်ဆံကွ မာကာရဲ့၊ ကျောက်ခဲသလဲမဟုတ်ဘူး။ ကောင်းကောင်းကြည့်ပါ' ဟု ပြောသေးသည်ကိုခံရ၍ အဗ္ဗဒူးလ် ခံပြင်းလှသည်။

ဘရားဆပ်ထွက်သွားသောအခါ ဘာဘူကြီးသည် ကျူကိုမချသေးဘဲ ဘောလုံးများကို ထိုးစမ်းနေရာမှ ခုံမြင့်ရှည်ထောင့်တွင် ထိုင်လျက်ရှိသော လူသစ်ဘက်သို့ ရုတ်တရက်လှည့်ကာ ပြုံးချိုသောမျက်နှာထားနှင့် 'ကျွန်ုပ်နှင့် တစ်ပွဲကစားပါလားဗျာ' ဟု အင်္ဂလိပ်လို ပြောလိုက်ရာ လူသစ်က 'ကောင်းပါပြီခင်ဗျာ' ဟုဆိုကာ ထိုင်ရာမှ ထလာလေသည်။

လူသစ်သည် ခုံရှည်ပေါ်တွင်ထိုင်လျက် ကြည့်နေစဉ်အခါက သူ၏အမူအရာမှာ လောကကြီးကို ဂရုမစိုက်သည့် လက္ခဏာနှင့် ပိုင်ပိုင်နိုင်နိုင် အေးအေးဆေးဆေး ရှိလှသည်။ သို့ရာတွင် ဘာဘူကြီးက ခေါ်လိုက်၍ ထလာပြီး အခေါ်ခတ်အကျီကို ချွတ်လိုက်သောအချိန်မှစ၍ ကြောက်သလိုလို ရှို့သလိုလို ကိုယ့်ကိုယ်ကို စိတ်မချသော အမူအရာမျိုး ဖော်ပြလေတော့သည်။ စင်စစ်အားဖြင့် ကြောက်ရွံ့ခြင်းကား ဟုတ်ဟန်မတူ။ ဒိစကြိတ်မှလူတစ်ယောက် ရန်ကုန်သို့ ပထမအကြိမ် ရောက်လာခြင်းဖြစ်၍ ရှိုးတိုးရှန့်တန့် ဖြစ်နေဟန်ရှိသည်။ ကျူကို မမြဲမြံဆုတ်ရာ၌ လွှတ်ကျခြင်း၊ ထောင်ထားသောကျူကို ဝင်တိုက်ခြင်း၊ ခြေထောက်နှစ်ချောင်းဖြင့် ငြိမ်ငြိမ်မတ်တတ်မရပ်နိုင်ဘဲ တစ်ဖက်မှတစ်ဖက်သို့ ပြောင်း၍ရပ်ခြင်း၊ ကြည့်နေသော ပရိသတ်များသို့ မျက်နှာခပ်ပျက်ပျက်နှင့် လှည့်၍ကြည့်ခြင်းတည်းဟူသော အပြုအမူများမှာ ကျောင်းသားအရွယ် လူငယ်များ၏ အမူအရာမျိုးဆန်လှသည်။ မိမိထိုးလွှတ်လိုက်သော ဘောလုံးသည် ထင်တိုင်းပေါက်သောအခါ၌ မျက်နှာထားတစ်မျိုး၊ လိုရာသို့မရောက်ဘဲ လွဲချော်သွားသည့်အခါ၌ မျက်နှာထားတစ်မျိုး ဖြစ်နေတတ်သည်။ သို့သော် ဘိလိယက်ကစားနည်းနှင့်ပတ်သက်၍မူ ကိုယ့်ကိုယ်ကို အတော်အတန် အထင်ကြီးသူတစ်ယောက် ဖြစ်ကြောင်းကား သိသာသည်။

ဘာဘူကြီးနှင့်လူသစ်သည် အမှတ် ၁၀၀ ပွဲ သုံးပွဲမျှ ကစားကြရာ တတိယ(ချုတ်လား)ပွဲတွင် ဘာဘူကြီးကနိုင်၍ ခုံခအားလုံးအတွက် လူသစ်က ပေးရသည်။ ဤတွင် ဘာဘူကြီးသည် ကျူကိုချလျက် 'ကျွန်ုပ် ထမင်းမစားရသေးဘူးဗျာ၊ တော်လောက်ပါပြီ။ နောက်များတော့ ကစားကြသေးတာပေါ့။ ဒါထက်ခင်ဗျားကို မမြင်ဖူးပါဘူး။ ရန်ကုန်က ဟုတ်ရဲ့လား'

'မဟုတ်ဘူး ကျိုက်လတ်ကပါ'

'ကျိုက်လတ်ကဆိုလျှင် ဘိလိယက်နာမည်ကြီးတဲ့မြို့ပဲ။ ခင်ဗျားက ခုံအကြောင်း ကောင်းကောင်းမသိသေးလို့ ကျွန်တော်နိုင်တာပါ။ ကျိုက်လတ်ဘသစ်တို့နဲ့ ထိုးဘက်မဟုတ်လား'

'ဟုတ်ကဲ့ ထိုးဖူးပါတယ်'

'ပွိုင့်ဘယ်လို ထိုးကြသလဲ'

'ကျွန်တော်က ပွိုင့်ယူမထိုးပါဘူး။ လယ်ဗယ်ထိုးကြတာပါပဲ'

'ဘယ်လိုနေကြသလဲဗျ'

'သူတစ်ပြန်ကိုယ်တစ်ပြန်ပါပဲ။ သို့သော် သူကတော့ အနိုင်များသေး'

'ဒီလိုဆို ခင်ဗျားလက်မခေဘူးဗျ။ နောက်များဆိုရင် ကျွန်တော်က ပွိုင့်ပေးပြီးမှ ထောင်းထိုးရမယ် ထင်တယ်'

'ဒီလောက်လည်း မဟုတ်ပါဘူးဗျာ'

'နာမည် ဘယ့်နှယ်ခေါ်သလဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဘလှသိန်းခေါ်ပါတယ်'(မပြောချင်ပြောချင်ပြောသည်)

'အလုပ်အကိုင်ကကော...'

'ကျွန်တော် ဘာမှအလုပ်မလုပ်သေးပါဘူး။ မြေပိုင်ရှင်သားတစ်ယောက် ပါပဲ'

'ခြော် ရန်ကုန်ကို မကြာမကြာရောက်သလား'

'ဘီလပ်က ပြန်ရောက်တာမကြာသေးပါဘူး။ ပြန်ရောက်မှ ဒီတစ်ခေါက် တည်း ရန်ကုန်ရောက်သေးတယ်'

'ခြော် သိကျွမ်းရတာ ဝမ်းသာသဗျာ၊ နောက်တော့တွေ့ကြသေးတာပေါ့'

၎င်းနောက် ဘာဘူကြီးထွက်သွားလေရာ ခုံရှည်မြင့်ပေါ်တွင် အမဲဖမ်းသော မုဆိုးမတစ်ပါး အခြားလူမရှိတော့ချေ။ ဘလှသိန်းသည် ဘီလိယက်ကစား၍ မ သေးသည့် လက္ခဏာနှင့်ကျူကို မချသေးဘဲ ဘောလုံးကိုဆက်လက်၍ ထိုးလျက် ရှိသေးရာ မုစာသည် ခုံရှည်ပေါ်မှ ဆင်းမည်ပြုသည်ကို အဗ္ဗဒူးလ် မြင်လိုက်သည် နှင့် မိမိက ဦးအောင်ဆွယ်လိုသော အကြံအစည်နှင့်...

'ဆပ် ကစားချင်သေးရင် ကျွန်တော်နဲ့ ကစားပါလား'

'ကစားလေ'

ထိုအခါ အဗ္ဗဒူးလ်သည် မိမိက လူရေးသာပြီဆိုသော မျက်နှာထားနှင့် မုစာအား လှမ်း၍ကြည့်လိုက်သေးသည်။ မုစာမှာ ထမည်ပြုပြီးမှ တစ်ဖန်ပြန်၍ ထိုင်ချလိုက်သည်။ အဗ္ဗဒူးလ်သည် အနီဘောလုံးကို စားပွဲထိပ်တွင် တည်ပြီးသော အခါ-

'ဘယ်လို ကစားမလဲ ဆပ်'

'လယ်ဗယ်ပေါ့ကွ၊ မင်းရှုံးရင်လည်း ငါက ပိုက်ဆံပေးရမယ်ဟုတ်လား'

'ဒါကတော့ ဟုတ်ပါတယ်၊ နို့ပေမဲ့ အလကားတမ်းတော့ ပျင်းတယ်ဆပ်'

'ဘယ်လိုလုပ်ချင်သလဲ မင်းက...'

'ဆပ်ကရှုံးရင် ကျွန်တော့်ကို ငွေ ၁ ကျပ်ပေးပါ။ ကျွန်တော်က ရှုံးရင် ဆပ်ကို နိုပ်ပါမယ်'

'ငါမသျှောင်းပါဘူး။ အနှိပ်မခံတတ်ပါဘူး'

'လက်မောင်းတို့၊ ခြေထောက်တို့ပေါ့ ဆပ်'

'တယ်ဆွယ်တဲ့လူပါတကား၊ ကောင်းပြီ လုပ်'

'ကျွန်တော့်ကို ပွိုင့်နည်းနည်း ပေးရမယ်နော်'



'မင်းက မာကာပဲကွာ'

'မာကာပေမဲ့ လုပ်ခါစရှိသေးတယ်ဆပ်၊ ခုမှ အသက် ၂၀ ရှိသေးတယ် ဆပ်။ ဆပ်က ချန်ပီယံဘာဘူကြီးနဲ့တောင် တစ်ယောက်တစ်ပွဲစီ နိုင်ကြတယ်၊ ဆပ်ရဲ့လက်မျိုး ရန်ကုန်မှာ ရှားတယ်ဆပ်'

'မြှောက်မနေပါနဲ့ကွာ ၁၅ ပွိုင့်ယူပါ'

ထို့နောက် ပွိုင့် ၁၀၀ ကစားကြရာ အဗ္ဗဒူးလ် ရှုံးလေသည်။ အမှန်မှာ အဗ္ဗဒူးလ်က လျှော့၍ကစားခြင်းသာဖြစ်၏။ အဗ္ဗဒူးလ်သည် ဘလှသိန်း၏ ချော့"များကို "ဂွတ်ရှော့"၊ "ဘိုးသခြား"၊ "ဟာရေး...ဟာရေး"စသည်များဖြင့် အံ့သြ ခြင်းနှင့် ချီးကျူးလေရာ ခုံရှည်ပေါ်မှ မုစာကလည်း "စပလင်းဒစ်"၊ "ဟာဒ်လိုင်းစ်" စသည်များဖြင့် ဝေဖန်လျက်ရှိသည်။ အဗ္ဗဒူးရှုံးသည်နှင့် ခြေထောက်ကို နှိပ်ပေး မည်ပြုသောအခါ ဘလှသိန်းက 'ရှိပါစေ၊ စားပွဲကို မင်းခေါင်းနဲ့ သုံးချက်တိုက်စမ်း' ဟု ပြောသည်နှင့် အဗ္ဗဒူးလ်ကလည်း ခိုင်းသည့်အတိုင်းလုပ်၍ ရှုံ့မဲ့ကာ နာချင် ယောင် ဆောင်လေတော့သည်။

ထို့နောက် ဒုတိယပွဲ ဆက်လက်၍ ကစားကြရာ ပါးနပ်သော အဗ္ဗဒူးလ် သည် ပွဲတိုင်းရှုံးလျှင် "ညာ"သည်ဟု ရိပ်မိမည်စိုးသောကြောင့် နိုင်အောင် ကစား လိုက်၏။ သို့သော် အပြတ်အသတ်ကား မဟုတ်၊ လေးငါးပွင့်လောက်ဖြင့် အနိုင် ယူလိုက်သည်။ ဤတွင် ဘလှသိန်းက 'တော်ပြီကွယ်' ဟုဆိုကာ သူ၏ရှပ်အင်္ကျီ အိတ်ထဲမှ အလွန်လှပ၍ ရွှေစာလုံးများဖြင့် နာမည်ထိုးထားသည့် မော်ရကိုသား ဖြင့် လုပ်ထားသော ပိုက်ဆံအိတ်နီကလေးကို ဆွဲထုတ်ပြီး ငွေစက္ကူရာတန်များ ထဲက်မှ လှန်လှောရှာဖွေသည်။ သူ၏အမူအရာမှာ လှပသောပိုက်ဆံအိတ်ကို လည်းကောင်း၊ ငွေစက္ကူများကိုလည်းကောင်း လူမြင်အောင် ပြလိုခြင်းဖြစ်သည်ဟု အဗ္ဗဒူးလ် အကဲခတ်မိသည်။ နောက်ဆုံးတွင်မှ ၅ ကျပ်တန် စက္ကူတစ်ချပ်ကိုထုတ် ပြီး 'ခုံခအတွက် ၃ ကျပ်၊ လောင်းကြေးအတွက် ၁ ကျပ်၊ ပိုသောငွေ ၁ ကျပ် ကို အဗ္ဗဒူးလ်ယူတော့' ဟု ဆို၍ လက်များကို ဆေး၊ အပေါ်အင်္ကျီဝတ်ပြီး ထွက် သွားလေသည်။ အဗ္ဗဒူးလ် စိတ်ကူးမိသည်ကား "ပိုက်ဆံဖော၊ သဘောလည်း ကောင်းပုံရတဲ့ ဆပ်တစ်ယောက်ပဲ။ နို့ပေမဲ့ ငါနဲ့ ငွေလောင်းတမ်း မကစားတာက နာတယ်။ နို့မဟုတ်ရင် ၁၀ ကျပ်၊ ၁၅ ကျပ်လောက်တော့ ဖြုတ်ယူလိုက်မှာပဲ" ဟု တွေးစားမိသည်။ အဗ္ဗဒူးလ်နှင့် ကစားပြီး၍ လက်ဆေးမည်ပြုသောအခါ အနား၌ နေရှိသော မုစာသည် ဘလှသိန်း၏ အိတ်ထဲမှငွေများကို မြင်လိုက်ရသည်နှင့် 'ဒူးလ်ရဲ့ ဘော်နဲ့ တစ်ပွဲလောက် စမ်းကြည့်ပါဦးလား' ဟု ဆွယ်သေးရာ ဘလှသိန်း

www.burmeseclassic.com



က 'အချိန်မရှိတော့ပါဘူးဗျာ၊ နောက်များမှ'ဟု ယဉ်ကျေးစွာပြော၍ ထွက်သွားလေသည်။

❖

ထို့နောက်တွင် ဘလှသိန်းသည် ဟိုတယ်သို့ ညတိုင်းလိုလိုပင် လာလေ့ရှိသည်။ တစ်ခါတစ်ရံ နေ့ခင်းတွင်လည်း ဝင်လာတတ်သည်။ ဘိလိယက်သာမက "ဆနကာ"ပွဲများတွင်လည်း ဝင်၍ကစားတတ်သည်။ ရက်အတန်ကြာလာသောအခါ ဘလှသိန်းသည် လူတိုင်းလိုလိုနှင့် သိကျွမ်းလာပြီဖြစ်၍ ပထမအခေါက်ကကဲ့သို့ ရှိုးတိုးရှန့်တန့်မဟုတ်တော့ဘဲ ခပ်ရဲရဲ ကစားနိုင်သဖြင့် သူ၏လက်မှာလည်း အတော်တက်၍ လာလေပြီ။ သပ်သပ်ရပ်ရပ် လှလှပပဝတ်၍ သုံးနိုင်ဖြုန်းနိုင်သူတစ်ယောက်ဖြစ်သည့်အလျောက် လူတိုင်းက လေးစားကြ၍ "ဘရားဆပ်"ခေါ်ကြသော ဘိုကပြားကြီးနှင့် ကတောက်ကဆ ဖြစ်ဖူးခြင်းမှတစ်ပါး ချောမောပြေပြစ်စွာ ရှိသည်။

တစ်နေ့သ၌ ဘရားဆပ်၊ ဘဘူကြီး၊ ဘလှသိန်းနှင့် အခြားလူတစ်ယောက်သည် "ဆနကာ"ကစားလျက်ရှိရာ ဘလှသိန်းသည် ဘိလိယက်ခုံနှင့်ခုံရှည်မြင့်အကြားတွင်ရပ်လျက် ခုံရှည်မြင့်ပေါ်မှ လူတစ်ယောက်နှင့် စကားလက်ဆုံကျနေ၏။ ထိုအခိုက်တွင် ဘရားဆပ်အလှည့်ကျနေရာ အဖြူဘောလုံးသည် ဘလှသိန်း ရပ်လျက်ရှိသော နေရာနှင့် နီးကပ်စွာ ရှိနေ၏။ ဘလှသိန်းမှာကား စကားကောင်းလျက်ရှိသောကြောင့် ရပ်မြဲတိုင်း ရပ်နေ၏။ ဤတွင် ဘရားဆပ်သည် မိမိအား ဖယ်မပေးကောင်းလောဟု ဒေါ်ဖောင်းသည့်လက္ခဏာဖြင့် ဘလှသိန်းနှင့် ခုံအကြားဝင်ရပ်ကာ ဘောလုံးကို ဆောင့်ထိုးရင်း ကျူအနောင့်ဖြင့် ဘလှသိန်း၏နံရိုးကို ပြင်းထန်စွာဆောင့်လိုက်လေသည်။ ဘလှသိန်းမှာ စကားပြောရာမှ "အင့်ခနဲ"ဖြစ်သွားသော်လည်း ဘရားဆပ်မှာ "ဆောရီး"ဟူ၍ မတောင်းပန်ရုံသာမက 'လူများကစားရင် အလိုက်ကန်းဆိုးမသိတတ်ဘဲ လမ်းမှာရှုပ်နေတာနဲ့ ဘောလုံးတစ်လုံးလွတ်သွားပြီ'ဟူ၍ပင် အပြစ်တင်သံနှင့် ညည်းတွားရေရွတ်လိုက်ချေသေးသည်။

ဘလှသိန်းမှာ နံရိုးကိုဆောင့်မိ၍ နာကျင်ခြင်းထက် ဘရားဆပ်၏အမူအရာအတွက် ပိုမိုစိတ်ဆိုးသည့်လက္ခဏာနှင့် နီမြန်းကာ ဘရားဆပ်အနီးသို့ ချဉ်းကပ်၍ မျက်နှာချင်းတေ့ဆိုင်လျက် 'ခင်ဗျားက ကျွန်တော့်ကို ဆောင့်မိတဲ့အတွက် မတောင်းပန်ဘဲနဲ့ ရန်တွေ့နေချင်သေးသလား'ဟု ငေါက်ဆတ်ဆတ်ပြောလိုက်၏။



'တောင်းပန်စရာအလုပ်မရှိပါဘူး၊ ကျွန်ုပ်ထိုးလို့ ပွိုင့်ရမယ့်အစား ဟိုလူ့ဖို့ ကျန်သွားပြီ၊ မမြင်ဘူးလား'

'ခင်ဗျား မတောင်းပန်ဘူးလား'

'လာရှုပ်မနေစမ်းပါနဲ့ သွားပါ'

ဤတွင် ဘလှသိန်းသည် ဘရားဆပ်၏လက်မောင်းကို ကိုင်ဆွဲလျက်–

'ခင်ဗျား တော်တော်မိုက်ရိုင်းတဲ့လူကြီးပဲ'

ဤသို့ ပြောမည်သာပြောသည်။ ဘလှသိန်းမှာ ခပ်ဖြောင့်ဖြောင့်ကိုယ်လုံးကိုယ်ပေါက်ရှိ၍ ဘရားဆပ်မှာ ကိုယ်လုံးအလေးချိန်နှစ်ဆလောက် ကြီးထွားသူတစ်ယောက် ဖြစ်သည်။

'ဘာလဲ၊ မောင်မင်းက ကျွန်ုပ်ကို မိုက်ရိုင်းတယ် ဆိုလိုက်သလား'ဟု ဆိုကာ ဘရားဆပ်သည် အင်္ကျီလက်မောင်းကို ပင့်လေရာ ဘလှသိန်းကလည်း တစ်လက်မမျှ နောက်သို့မဆုတ်ဘဲ ရပ်နေသည်နှင့် အခြားလူများက နှစ်ယောက်သုံးကို ဆွဲခွာဖျန်ဖြေလိုက်ကြသည်။ ဘရားဆပ်သည် ဖျန်ဖြေသူများ၏လက်မှ ရုန်းကန်လျက်ရှိသည်။ ဘလှသိန်းက 'လွှတ်ပေးလိုက်ကြစမ်းပါ၊ ဗမာ့သွေး သိသွားစေမယ်'ဟု ကျူကိုကိုင်လျက် ပြောသေးသည်။

အခြားလူများသည် တစ်ယောက်နှင့်တစ်ယောက် အထင်အမြင်လွဲကြခြင်းသာ ဖြစ်သည်ဆိုကာ နှစ်သိမ့်အောင် ပြောကြသည်နှင့် ဘရားဆပ်သည် အပေါ်အင်္ကျီကို ယူဝတ်ကာ သွားတော့မည်ပြုရာတွင် ဘလှသိန်းက 'ဟေ့လူကြီး မတောင်းပန်ဘူးလား'ဟုဆိုကာ ဘရားဆပ်ရှိရာသို့ ကျူကိုင်လျက် ပြေးသွားသေး၏။ သို့ရာတွင် လက်မြန်သူတစ်ဦးက ကျူကိုလှမ်းဆွဲ ထားလိုက်သည်၊ ဘရားဆပ်လည်းအပြင်သို့ ထွက်သွားလေတော့သည်။

ထိုနေ့မှစ၍ ဘရားဆပ်သည် ဟိုတယ်သို့ ပေါ်မလာတော့ချေ။

*

ဘလှသိန်းမှာ တိုက်ကြက်ကလေးသဖွယ် သွေးပူတတ်ပုံရသော်လည်း အချို့နေရာများ၌မူ သွေးအေးပုံရသည်။ ဘိလိယက်ကစားသူများအနက်တွင် ဘလှသိန်းနှင့် ရွယ်တူလောက်ရှိသည့် ကိုဘခိုခေါ် ယစ်မျိုးအရာရှိတစ်ယောက်နှင့် အကျွမ်းတဝင် ဖြစ်လာကြ၏။ တစ်နေ့သော် ကိုဘခိုသည် ဟိုတယ်သို့ဝင်လာ၍ အခြားလူများ ကစားကြသည်ကို ခုံရှည်မြင့်ပေါ်မှ ထိုင်ကြည့်နေသော ဘလှသိန်းနှင့် နှုတ်ဆက်ကာ အနီးတွင် ဝင်ထိုင်ပြီးနောက်–

'မိတ်ဆွေ ထမင်းစားပြီးပြီလား'

'မစားရသေးပေါင်ဗျာ'

www.burmeseclassic.com

www.burmeseclassic.com



'ဘာကြောင့် မေးတာလဲဗျာ'

'တရုတ်ဟိုတယ် ခေါ်ကျွေးချင်လို့ပါ'

'တရုတ်ဟိုတယ် ကျုပ်စားဖူးပါတယ်'

'ခင်ဗျားရောက်ဖူးတဲ့ တရုတ်ဟိုတယ်မျိုး မဟုတ်သေးဘူးဗျ'

'ဘာများ ထူးလို့လဲဗျာ'

'....လမ်းက ပရိုက်ဗိတ် တရုတ်ဟိုတယ်ကို ရောက်ဖူးသလား'

'ဟင့်အင်း၊ ဘာကြောင့်လဲဗျာ'

'ခင်ဗျားရောက်ဖူးခဲ့တဲ့ ဘိလပ်မှာထက် သာတယ်ဗျ'

'တရုတ်စားစရာ ကောင်းမှန်း ကျုပ်သိပါတယ်'

'စားစရာတွင် မကဘူးဗျ'

'သောက်စရာလည်း ကျုပ်သိပါတယ်'

'ဒါလည်း မကသေးဘူးဗျ'

'တော်ဗျာ၊ ဒါမျိုး ကျုပ် ဝါသနာ မပါပါဘူး။ သည်းခံပါ၊ ကျေးဇူးပါခဲ'

ဤတွင် ကိုဘခိုသည် ဝီစကီနှစ်ခွက်မှာ၍ တစ်ခွက်စီသောက်ကြသည်။ ထို့နောက် ဘလှသိန်းက မှာ၍ တစ်ခွက်စီသောက်ကြပြန်သည်။ ထိုအချိန်တွင် သူနှစ်ယောက်တို့သည် အတော်ရွှင်ပျလာကြပြီဖြစ်ရာ ကိုဘခိုက တရုတ်မကလေးများသည် အခြားလူမျိုး မိန်းကလေးများထက် အပြုအမူကောင်း၍ ပျော်စရာကောင်းလှကြောင်းများဖြင့် တိုးတိုးတိတ်တိတ် ကပ်၍ ဘလှသိန်းက 'တစ်ခါတလေတော့ ကိစ္စရှိတန်ကောင်း မထင်ပေါင်ဗျာနော်' ဟုဆိုကာ ထိုင်ရာမှထ၍ လိုက်ရန် ပြင်ဆင်လေတော့သည်။

'ခင်ဗျားနယ်ဗျာ၊ ဘိလပ်ပြန်ဆိုပြီး "ငယ်ဖြူ" ဖြစ်နေတာ အံ့သြပါရဲ့'

'ကျွန်တော်က ရောဂါရပြီးအသက်တိုမှာ ကြောက်တယ်ဗျ'

'မဖြစ်နိုင်ပါဘူးဗျာ။ တကယ့်သန့်သန့်ပြန့်ပြန့်ကလေးတွေပါဗျ'

ထို့နောက် ကိုဘခိုနှင့် ဘလှသိန်းတို့သည် အပြင်သို့ ထွက်သွားကြလေရာ တစ်နာရီကျော်ကျော်ကြာမှ ပြန်ဝင်လာကြသည်။ ထိုအခါ၌ကား ဘလှသိန်းနှင့် ဘိလိယက်ထိုးနေကျဖြစ်၍ အတော်ရင်းနှီးလျက် ရှိပြီဖြစ်သော ဘာဘူကြီးနှင့် အခြားမြန်မာလူကုံထံ သုံးလေးယောက်တို့သည် ဘိလိယက်ခုံသို့ရောက်နေကြ၍ ဘိလိယက်ထိုးလျက်ရှိကြရာ ကိုဘခိုက ဘာဘူကြီးအား မျက်စပစ်လျက် 'ခင်ဗျားသူ ငယ်ဖြူမဟုတ်တော့ဘူးဗျ၊ ကျွန်တော်က "ရှင်ပြု" လာခဲ့ပြီ' ဟု ပြောလိုက်သဖြင့် ဘာဘူကြီးနှင့်တကွ အခြားမိတ်ဆွေများသည် သဘောကျသည့်လက္ခဏာနှင့် ဝါးခနဲရယ်မောကာ ဩဘာပေးကြလေသည်။ ဖြစ်ဟန်လက္ခဏာရှိသည်မှာ



ထိုလူစုသည် ဘလှသိန်းအား "ငယ်ဖြူ" ဖြစ်သည်ဆို၍ ကျိတ်ပြီးဖျက်ဆီးကြရန် ကြံစည်စားခဲ့ကြဟန် တူပေသည်။ ဘလှသိန်းမှုကား ရည်းစားထားမိသည်ကို လူသိသွားသော ကုမ္မာရီအပျိုဖြန်းကလေးကဲ့သို့ မျက်နှာများနီမြန်းလျက် ရှိလေတော့သည်။ ထိုအခြင်းအရာကို ဘာဘူကြီးနှင့် ကိုဘခိုတို့လူစုက ကြည့်၍ တခစ်ခစ် ရယ်မောကြလေသည်။ ထို့နောက် ၎င်းတို့လူစုသည် "ဆနကာ" ကစားကြလေရာ ဘလှသိန်းမှာ လက်တွေတုန်တုန်ယင်ယင်ဖြစ်နေသည်နှင့် ဘိလိယက်ခုံသင်္ကလပ်ကို ကျူးနှင့်ထိုးဖြဲမိသောကြောင့် ငွေ ၃၀ လျော်သွားရသေးသည်။

ထို့နောက်၌ ဘလှသိန်းသည် ဟိုတယ်သို့ လေးငါးရက်မပေါ်လာဘဲနေသဖြင့် ဘာဘူကြီးတို့လူစုက 'ဘယ့်နှယ်လဲ' ဟု တစ်ယောက်နှင့်တစ်ယောက် မေးကြသည်။ ခြောက်ရက်ခန့်ကြာပြီးမှ တစ်ညသ၌ ဘလှသိန်းပေါ်လာရာတွင် မိတ်ဆွေများသည် ဝမ်းပန်းတသာဩဘာပေးကြ၍ အရက်များတိုက်ကြသည်။ ထိုရာတွင် ဘလှသိန်းသည် တစ်ခွက်တည်းသောက်ပြီး ငြင်းပယ်လေတော့သည်။ ကိုဘခိုက 'တရုတ်ဟိုတယ် ဘယ့်နှယ်လဲဗျ' ဟုမေးရာ ဘလှသိန်းက 'နှစ်ထပ်ကွမ်းပါပဲဗျာ' ဟု ပြန်ပြောလေသည်။

ထိုည၌ အခြားမိတ်ဆွေများသည် နံပါတ် ၂ စားပွဲတွင် ကစားကြ၍ ခွေးဒုံးလ်၏ နံပါတ် ၁ စားပွဲ၌ ဘလှသိန်း၊ ဘာဘူကြီးနှင့် ကိုဘခိုတို့သုံးယောက် "ဆနကာ" ကစားကြသည်။ ဟိုတယ်သို့ ရှေးဦးစွာ ရောက်ခါစ၌ ဘလှသိန်းသည် ခွေးဒုံးလ်နှင့် တစ်ကျပ်တမ်း လောင်းကစားခြင်းမှတစ်ပါး၊ အခြားလူများနှင့် လောင်းတမ်းမကစားခဲ့ချေ။ တစ်ခါက ဘာဘူကြီးက 'အပျင်းပြေဝီစကီအောလ်ရောင်း လောင်းကြေးကလေး ထည့်ကြည့်ဗျာ' ဟု ပြောဖူး၏။ "အောလ်ရောင်း" ဆိုသည်မှာ ထိုခုံ၌ကြည့်နေသူပရိသတ်အားလုံးအား ဝီစကီတစ်ခွက်စီတိုက်၍ ရှုံးသောသူကပေးရသော လောင်းကစားနည်းပင်ဖြစ်သည်။ ဤတွင်ဘလှသိန်းက 'အောလ်ရောင်းလုပ်မနေပါနဲ့ဗျာ၊ ကျွန်တော်ကပဲ တိုက်ပါရစေ' ဟု ဆို၏။ ပရိသတ်လေးငါးယောက်တို့အား တစ်ခွက်စီဝယ်တိုက်လေသည်။

သို့ရာတွင် ဤရက်များ၌မူ တဖြည်းဖြည်း "ဆွယ်" ကြခြင်းကြောင့် ဘလှသိန်းမှာ လောင်းတမ်းကစားတတ်လျက် ရှိလေပြီ။ ထိုညတွင် ဘလှသိန်း၊ ဘာဘူကြီးနှင့် ကိုဘခိုတို့သည် ငွေ ၅ ကျပ်လောင်းတမ်း "ဆနကာ" ကစားကြရာ ကိုဘခိုနိုင်၍ ဘလှသိန်းက ၅ ကျပ်တန် စက္ကူတစ်ချပ် ထုတ်ပေး၏။ ဘာဘူကြီးမှာမူ နှင်းအလှန် ကြွေးရှိကြသည့်လက္ခဏာဖြင့် ငွေထုတ်၍ မပေးချေ။ ကိုဘခိုသည် ဘလှသိန်း ထုတ်ပေးသောငွေကိုမယူဘဲ–

'ခင်ဗျားဆီက ပိုက်ဆံကို ကျွန်တော်မယူချင်ပါဘူးဗျာ၊ ရှိပါစေ'

www.burmeseclassic.com



'လောင်းတမ်းကစားပြီး မယူဘဲနေလို့ ဘယ့်နှယ်ဖြစ်မလဲဗျ'

'ဒါဖြင့် ဒီလိုလုပ်ကြစို့ဗျာ၊ ခင်ဗျားနဲ့ ကျွန်တော်နဲ့ နှစ်ယောက်ထဲ"ပင့်ပူးလ်" ကစားကြရအောင်။ ဒီငွေ ၅ ကျပ်ကို "အကျေ အတင်"လောင်းလိုက်တာပေါ့'

'အကျေအတင်ဆိုတာ ဘယ်လိုလဲဗျ'

'ခင်ဗျားနိုင်ရင် ကျေရော၊ ခင်ဗျားရှုံးရင် ၁၀ ကျပ်ဖြစ်တာပေါ့'

'စိန်ဗျာ'

အဗ္ဗဒူးလ်သည် ဆနကာဘောလုံးများကို သိမ်း၍ "ပင့်ပူးလ်"တိုင်ကလေးများကို ထောင်ပေးစဉ် ကိုဘခိုၵ၏အကြံကို ရိပ်မိ၍ ဘလှသိန်းအား ပြောပြချင်ဟန်ရှိသည်။ "ဆနကာ"ကစားခဲ့လျှင် ဘလှသိန်းက တစ်လှည့်တစ်ပတ်တွင် နိုင်နိုင်သေးရာ ပင့်ပူးလ်မှာကား ဒိုးခပ်ကြမ်းကြမ်းနှင့် အရမ်းထိုးတတ်သော ဘလှသိန်းသည် စေ့စေ့စပ်စပ် ထိုးတတ်သော ကိုဘခိုကို ဘယ်တော့မှနိုင်မည်မဟုတ်ချေ။ ထို့ကြောင့် ကိုဘခိုက သေချာပေါက်ချည်တုပ်လိုက်ခြင်းဖြစ်လေ၏။ သို့ရာတွင် အဗ္ဗဒူးလ်သည် နှုတ်ဖြင့်ဖွင့်ပြောရန်မဖြစ်နိုင်သဖြင့် မျက်ရိပ်ပြခြင်းကို ဘလှသိန်းက နားမလည်ဘဲ 'ဘာလဲကွ အဗ္ဗဒူးလ်' ဟု မေးလိုက်သောကြောင့် အဗ္ဗဒူးလ်က လက်လျှော့လိုက်ရတော့သည်။

ပထမတစ်ပွဲ ထိုးကြရာ ကိုဘခိုနိုင်၏။ သို့သော် ချောင်ချောင်နိုင်သည် သဘောမျိုးမဟုတ်စေဘဲ ခပ်စောင့်စောင့် ထိုးသွားလေရာ ကိုဘခိုက–

'ခင်ဗျားဆီ ၁၀ တင်သွားပြီ၊ တစ်ပွဲထိုးဦးမလား'

'ထိုးလေ'

'အကျေအတင်ပဲနော်'

'လုပ်ပါလေ'

ကိုဘခိုပင် နိုင်ပြန်၍ ဘလှသိန်းရှုံး၍ ၄၀ ကျပ်တင်သွားလေပြီ။

ဤနည်းအားဖြင့် တစ်ပွဲပြီးတစ်ပွဲ အကျေအတင် လောင်းကစားသည်တွင် နောက်ဆုံး၌ ဘလှသိန်းအပေါ်သို့ ၃၂၀ ကျပ် တင်သွားလေပြီ။ ထိုအခါ ညနေ ၁၁ နာရီထိုးပြီဖြစ်၍ ခုံပိတ်ရတော့မည်ဖြစ်သောကြောင့် ဘလှသိန်းက ငွေ ၃၂၀ ကျပ် ထုတ်၍ဆပ်လိုက်ရသည်။ ဤမျှလောက် လောင်းကြေးအမြောက်အမြား မကစားဖူးသော ဘလှသိန်းမှာ (ဝါနုသောကစားသမားများ၏ ထုံးစံအတိုင်း) ရှုံးလေမဲလေဖြစ်လာ၍ ခုံပိတ်သောကြောင့်သာ တန်လိုက်ရသည်။ ကစားချင်တုန်းပင် ရှိနေ၏။ ဤတွင် ကိုဘခိုက–

'ခင်ဗျား စိတ်မကျေနပ်သေးဘူးလား'

'ကျုပ်ကတော့ ကစားချင်သေးတာပဲ'



'ဒါဖြင့် ဒီလိုလုပ်ကြစို့ တရုတ်တန်းဘက်မှာ တစ်ညလုံး တိတ်တိတ်ဖွင့်တဲ့ ကလပ်တစ်ခုရှိတယ်။ ခုလည်းတော်တော်ကောင်းတယ်။ အဲဒီသွားကြစို့လား'

ဤတွင် ဘဘူကြီးက 'ခင်ဗျားတို့ဟာတွေ လွန်ကုန်ပါလိမ့်မယ်၊ တော်ကြမှ ထင်ပါရဲ့'ဟု ပြောသော်လည်း ဘလှသိန်းမှာ မူးနှင့်ပြီဖြစ်၍ 'ငွေအရေးလုပ်သို့ဗျာ၊ ဒီလက်နဲ့ဒီလက်များ ရှုံးစမ်းပါစေ' ဟု ပြောလေသည်။ အမှန်အားဖြင့်လည်း "လက်"ချင်းကွာလှသည်မဟုတ်။ ခဲယဉ်းသော"ရှော့များ"ကို ဘလှသိန်းကရအောင် ထိုးတတ်နိုင်ခြင်း၌ပင် သာသေး၏။ သို့သော် "ပင့်ပူးလ်"ကစားနည်းမှာ အခက်အခဲတွေကို ရတိုင်းမဟုတ်လှ။ ရပြီးသေသွားလျှင် အချည်းနှီးဖြစ်တော့မည်ကို ကိုဘခိုကမူ ဘလှသိန်းထက် "လက်"မသာသော်လည်း အလွန်ပါးနပ်၍ သတိကောင်းသောကြောင့် ဘယ်တော့မှ အသေမခံ။ ရသမျှကို ခြစ်ကုတ်၍ ယူသွားသူတစ်ယောက် ဖြစ်လေသည်။ ရိုးရိုးဘိလိယက်ထိုးလျှင် ဘလှသိန်းနှင့် ကိုဘခိုတို့မှာ သူတစ်ပြန်ငါတစ်ပြန် နိုင်ခွင့်ရှိသော်လည်း "ပင့်ပူးလ်"၌မူ ပွဲပေါင်းတစ်ရာလျှင် ဘလှသိန်းက တစ်ပွဲနိုင်ဖို့ ခဲယဉ်းသည်ဟု အဗ္ဗဒူးလ် သိပြီးဖြစ်သည်။

ဟိုတယ် ပိတ်တော့မည်ဖြစ်၍ အဗ္ဗဒူးလ်သည် ဘလှသိန်း၏ အပေါ်အင်္ကျီကို ယူပေးရင်း "လက်ကုပ်"သော်လည်း ဘလှသိန်းက နားမလည်ဘဲ နောက်သို့သာ လှည့်ကြည့်လိုက်သဖြင့် ဒုတိယအကြိမ် လက်လျှော့လိုက်ရသည်။ ထို့နောက် ဘလှသိန်းနှင့် ကိုဘခိုတို့သည် တရုတ်တန်းဘက်သို့ သဘောတူထွက်သွားကြရာ ဘဘူကြီးက သူ၏ကားနှင့် လိုက်ပို့လေသည်။

❖

ဘလှသိန်းသည် သုံးလေးရက်မျှ မပေါ်လာဘဲ ငုပ်နေပြန်ရာ ပေါ်လာသောအခါတွင် မျက်နှာရွှင်ရွှင်လန်းလန်း မရှိလှချေ။ ကိုဘခိုနှင့်ဆုံမိကြ၍ ကစားဖို့ရွယ်ပြန်ရာတွင် ဘလှသိန်းက ဘိလိယက်သာ ကစားလို၍ ကိုဘခိုက "ပင့်ပူးလ်"သာ ထိုးချင်၏။ နောက်ဆုံး၌ ကိုဘခို၏အလိုအတိုင်းဖြစ်ရ၍ ဘလှသိန်းမှာ ငွေလေးငါးရာ ပြုတ်ရပြန်ရှာလေသည်။

ရှုံးရဖန်များလတ်သော် ဘလှသိန်းသည် ဘိလိယက်ခုံ၌သော်မှ မနေ... ကျေနပ်တော့ဘဲ ဘဘူကြီးတို့လူစုက တရုတ်ကလပ်ဘက်သို့ နှုန်းခြင်း... သွားတော့သည်။ ထိုစဉ်က လမ်းမတော်ဘက်ရှိ တရုတ်ကလပ်များသည် ငွေအမြောက်အမြား လောင်းကစားတတ်သူများကို ပါအောင်ခေါ်ခဲ့နိုင်သော "ပွဲစား"များအား ရာခိုင်နှုန်း ၁၀ ကော်မရှင်ပေးသည်ဆို၏။ မိမိခေါ်လာခဲ့သော သူသည် ကလပ်က ငွေ ၁၀၀ ကျပ်နိုင်လိုက်ရလျှင် ပွဲစားအတွက် ၁၀ ကျပ် ရလေသည်၊

www.burmeseclassic.com



ဘလှသိန်းသည် ဘဘဘူကြီး၏ မော်တော်ကားနှင့်လိုက်သွား၍ အနီထောင်၊ ဆေးကောင်ဂျင်စသော ကစားနည်းများ၌ လောင်းကားလေရာ တစ်ခါတစ်ရံ လေးငါးထောင်ပင် ရှုံးသည်ဟု အဖွားဒူးလ်ကြားရသည်။ နိုင်သောအခါများတွင် လေးငါးထောင်နိုင်သည်ဟု သိရသည်။ တစ်နေ့သ၌ အဖွားဒူးရှေ့တွင် (ဘလှသိန်းမရှိခိုက်) ဘဘဘူကြီးနှင့် ကိုဘခိုတို့သည် စကားကတောက်ကဆ များကြ၏။ ကိုဘခိုက...

'ခင်ဗျားက ခေါ်ခေါ်သွားတာ ဘာကောင်းလဲဗျ၊ ငွေ ၁၀၀ ကျပ်မှ ၁၀ ကျပ်ရတာပဲ'

'ခင်ဗျားနဲ့သူက "ပင့်ပူးလ်"မထိုးချင်တော့ဘူးဗျ၊ ကျုပ်သိတယ်'

'ဘာကြောင့်လဲဗျာ'

'ရှုံးလည်းရှုံးသေးရဲ့၊ ရှက်လည်းရှက်ရသေးတယ်၊ ကလပ်တက် ကစားတာကတော့ နိုင်တဲ့အခါ နိုင်သေးတယ်။ ရှုံးလို့လည်း ရှက်စရာမရှိဘူး၊ ကံအတိုင်းပဲတဲ့။ သူကပြောတယ်'

'ခင်ဗျားကော်မရှင် ဘယ်လောက်ရပြီလဲ'

'၃,၀၀၀ ကျပ်ထက်တော့ မနည်းပါဘူး'

သို့ဆိုလျှင် ဘလှသိန်းမှာ ငွေ ၃၀,၀၀၀ ကျပ်ခန့် ရှုံးပြီးကြောင်း သေချာလေပြီ။

ထိုရက်များတွင် ဘလှသိန်းမှာ ဟိုတယ်သို့ ရောက်ခါစရက်များက နှင့် များစွာကွာခြားလျက်ရှိလေပြီ။ အခါခပ်သိမ်း တောက်ပသစ်လွင်သော အဝတ်များကို သပ်သပ်ရပ်ရပ် ဝတ်တတ်သော ဘလှသိန်းမှာ တစ်ခါတစ်ရံတွင် တစ်ပတ်နွမ်း အဝတ်များကို တော်သလိုလျှော်သလို ဝတ်လာတော့သည်။ ဦးခေါင်းအလယ်တည့်တည့်၌ခွဲ၍ ဖိတ်ဖိတ်တောက်ဖြီးထားသော ဘိုကေမှာလည်း တစ်ခါတစ်ရံတွင် စုတ်ဖွားဆိုရမတတ် ရှိနေတော့သည်။ အဝတ်သစ်မဝတ်ခြင်းမှာ မရှိသောကြောင့် မဟုတ်တန်ရာ၊ ကိုယ့်ကိုယ်ကို ဂရုမစိုက်ချင်သောကြောင့်ဟု အဖွားဒူးလ် တွေးမိသည်။

တစ်နေ့သ၌ ဘလှသိန်းသည် ဟိုတယ်သို့လေးငါးရက်မပေါ်လာဘဲ နေပြီးမှ ညပိုင်းတွင်ပေါက်လာ၏။ ဘဘဘူကြီးနှင့် ကိုဘခိုတို့လူစုမှာလည်း အမဲမတွေ့သောမုဆိုးများကဲ့သို့ ဘလှသိန်းကို မတွေ့ကြသည်နှင့် ခပ်စောစောကပင် ထွက်သွားကြလေပြီ။

'ဘယ်သူမှမလာဘူးလားဟေ့ အဖွားဒူးလ်'

'ပြန်သွားကြပြီဆပ်'

'ခွကျတယ်ကွာ၊ တစ်ပွဲလောက် ကစားချင်တယ်'



'ကျွန်တော်နဲ့ ကစားတာပေါ့ ဆပ်'

'ငါက လောင်းတမ်းမှကစားချင်တော့တယ်ကွ။ အလကားတမ်းဆိုရင် စိတ်မပါတော့ဘူး၊ ပျင်းတယ်'

'ကျွန်တော်လည်း နည်းနည်းပါးပါးတော့ လောင်းနိုင်ပါတယ်ဆပ်'

အခြားလူများ ယူမည့်အစား မိမိယူတော့မည်ဟု အဖွားဒူးလ် ကြံမိသည်။

'ဘယ်လောက်လောင်းမလဲ'

'၅ ကျပ်ပေါ့ ဆပ်'

'အေး ကောင်းပြီ၊ ဘောလုံးတွေ ထုတ်ပေါ့ကွာ'

ဘလှသိန်းသည် အဖွားဒူးလ်၏လက်ကို အဟုတ်တကယ်မသိ၊ အဖွားဒူးလ်ကမူ ဘလှသိန်း လက်တိုးလာခြင်းကို မြင်နေရလေပြီ။ မည်သို့ဆိုစေ၊ မာကာတစ်ယောက်ဖြစ်သော အဖွားဒူးလ်သည် ဘလှသိန်းအား မည်သည့်နေ့မဆို ပွိုင့် ၁၀၀ တွင် ၂၀ ပေး၍ ကစားနိုင်သည်။ သို့သော် ထိုနေ့တွင် ဘလှသိန်းက ဘီလိယက် ထိုးချင်၊ "ဆနကာ" ထိုးချင်သည်ဆို၍ ၅ ကျပ်တန်း ကစားကြသည်။ ဆနကာတွင်လည်း အဖွားဒူးလ်က အနည်းဆုံး အနက်ဘော သုံးလုံး ၂၁ ပွိုင့် ပေးနိုင်လောက်၏၊ သို့သော် မည်သူ့ထံကမှ ပွိုင့်တောင်းလေ့မရှိသော ဘလှသိန်းသည် လယ်ဗယ်ပင် ထိုးလေသည်။

ပထမပွဲကို အဖွားဒူးလ်နိုင်၍ "အကျေအတင်" ထိုးကြပြန်ရာ ဘလှသိန်းသည် ၁၀ ကျပ်တင်သွား၏။ ထို့နောက် ၂၀ ကျပ်၊ ၄၀ ကျပ်၊ ၈၀ ကျပ်၊ ၁၆၀ ကျပ်ထိအောင် တင်ပြန်လေတော့သည်။

'တော်ပါတော့ဆပ်၊ တော်တော်များကုန်ပြီ'

'ဘာလုပ်တော်ရမှာလဲကွ မင်းကကြောက်သလား'

ဆက်လက်၍ထိုးကြပြန်ရာ ၃၂၀ ကျပ်၊ ၆၄၀ ကျပ် အထိ တင်သွားလေပြီ၊

'တော်ပါတော့ ဆပ်၊ ဆပ် ဒီကနေ့ လက်မတွေ့ဘူး'

'မတော်ဘူးကွာ၊ အချိန်ရှိသေးတယ် ထိုးကြဦးစို့'

'ဒီလိုဆိုရင် ၄၀၀ ကျပ်တန်း ထိုးပါတော့ဆပ်'

အဖွားဒူးလ်၏အကြံမှာ ဤတစ်ပွဲတွင် လျှော့ကစားပြီး ၄၀၀ ကျပ် ပြန်ရှုံးရှင်း ၂၄၀ ကျပ် အနိုင်ကျန်သေး၍ တော်လောက်ပြီဟု သဘောပိုက်သည်။

'ကောင်းပြီကွာ၊ မင့်သဘောပေါ့'

ထိုပွဲ ကစားကြရာတွင် အဖွားဒူးလ်က လျှော့ကစားသော်လည်း ဘောလုံးများသည် ပေါက်ကက်ထဲသို့ အလိုအလျောက် လမ်းရှာပြီးဝင်ကြသကဲ့သို့ ခွတ်ခနဲ ခွတ်ခနဲ ဝင်သွားကြသည်နှင့် အဖွားဒူးလ်က ရှေ့မှရောက်နေပြန်လေပြီ၊ ထိုအခါ၌

www.burmeseclassic.com



ကား ဣန္ဒြေမပျက် ကစားလေ့ရှိသော ဘလှသိန်းမှာ မျက်စိမျက်နှာပျက်လာ၍ ဘောလုံးများကို ကျိန်ဆဲလာတော့သည်။ ဤတွင် အဗ္ဗဒူးလ်သည် အလွန်ခက်ခဲသော "ရှော့"များကို "ဖော်လန်တီယာ"လုပ်၍ ထိုးခြင်းအားဖြင့် ရပြီးသောပွိုင့်များကို လျှော့ပစ်ဖို့ ကြိုးစားတော့သည်။ ဤအပြုအမူကို ဘလှသိန်းက ရိပ်မိ၍–

'ဘာလဲကွ အဗ္ဗဒူးလ် မင်းကတမင်လျှော့ကစားပြီး အရှုံးပေးမလို့လား'

'မဟုတ်ပါဘူးဆပ်၊ ကျွန်တော် ကောင်းကောင်းကစားပါတယ်'.

'နောက်တောက်တောက်မလုပ်နဲ့နော် မင်း'

မည်သို့ဆိုစေ အဗ္ဗဒူးလ်သည် ၎င်းပွဲကို ရှုံးအောင်ထိုး၍ ၄၀၀ ကျပ်ရှုံးပြီး ၂၄၀ ကျပ်မျှ ကျန်တော့ရာ ခုံပိတ်ချိန်လည်း ရောက်လာလေပြီ။ အဗ္ဗဒူးလ်သည် ဘောလုံးများကို သိမ်းနေစဉ် ဘလှသိန်းမှာ ဖြူဖပ်ဖြူရော်ရှိသော မျက်နှာနှင့် ငေးလျက်ရှိနေသည်။

'ဟေ့... ငါ့လူ အဗ္ဗဒူးလ်'

'ဆပ်'

'ဒီလိုဖြစ်နေတယ်ကွ၊ ငါ့မှာ ခုချက်ချင်း ငွေ ၂၄၀ ကျပ်ပေးစရာမရှိသေးဘူးကွ။ လာမယ့်ကြာသပတေးနေ့ကျရင်တော့ ၂၄၀ ကျပ်မကဘူး၊ ၂၄၀၀ ကျပ်လည်း ငါပေးနိုင်တယ်။ ဒီတော့ကာ ဟိုနေ့ကျအောင် စောင့်ပါဦးလား ငါ့လူရယ်'

အသံတုန်ယင်လျက် မျက်နှာငယ်ကလေးနှင့် ပြောရှာသည်။

'ကိစ္စမရှိပါဘူး ဆပ်၊ ကျွန်တော်စောင့်နိုင်ပါတယ်'

'စားပွဲခကော ဆပ်'

'ဘီလ်ယူခဲ့ကွာ၊ ငါလက်မှတ်ထိုးခဲ့မယ်'

လက်ငင်းပေးနေကျဖြစ်သော ဘလှသိန်းမှာ ထိုညတွင် ခုံအတွက် လက်မှတ်ထိုး၍ သွားလေသည်။ လက်များလည်း တုန်လျက်ရှိသည်ကို အဗ္ဗဒူးလ်မြင်ရသည်။ ထို့နောက် ဟိုတယ်ပိတ်တော့မည်ဖြစ်၍ ဘလှသိန်း ထွက်သွားရာတွင် အရက်တစ်ခွက်မျှ မသောက်ဘဲလျက်နှင့် အရက်မူးသော လူတစ်ယောက်ကဲ့သို့ ခြေလှမ်းမမှန်ဘဲ ဒယီးဒယိုင် ဖြစ်နေခြင်းကိုလည်း အဗ္ဗဒူးလ်မြင်လိုက်ရသည်။ ဘလှသိန်းကား စိတ်ထိခိုက်ပုံရသော်လည်း အချို့လူများကဲ့သို့ စိတ်ညစ်တိုင်း အရက်တွေ နင်းကန်မသောက်သည့်အတွက်လည်း အဗ္ဗဒူးလ် အံ့ဩမိသည်။ သို့သော် အရက်ဖိုးပေးရန်ပိုက်ဆံမပါသောကြောင့် လေလောဟုလည်း စဉ်းစားမိသည်။

ထိုနေ့မှာ တနင်္ဂနွေနေ့ဖြစ်၍ ကြွေးဆပ်ပါမည်ဟု ကတိပြုထားသော ကြာသပတေးနေ့မှာ ၅ ရက်လိုသေး၏။ ဘလှသိန်းသည် နောက်ရက်များတွင် မပေါ်



သောတော့ဘဲ ဗုဒ္ဓဟူးနေ့ည ၁၀ နာရီကျော်မှ ပေါက်လာ၏။ ထိုည၌ ဘလှသိန်းသည် "ဒင်နားဆု" အပြည့်အစုံဖြင့် ဘိုလိုဝတ်လာရာ ဘီလိယက်ထိုးနေကြသော ဘာဘူကြီး၊ ကိုဘခိုနှင့် အခြားအပေါင်းအသင်းများမှာ အံ့အားသင့်လျက်ရှိကြ၏။ ဘီလပ်မှ ချုပ်ခဲ့ဟန်ရှိ၍ အလွန်ပုံကျပြီး အလွန်ကောင်းသော အဝတ်နက်စုံကို ဝတ်ဆင်ထားရာ သေးသွယ်ကျော့ရှင်းသောသူ၏ ကိုယ်လုံးကိုယ်ပေါက်နှင့် အလွန်ဟပ်မိသဖြင့် လူတိုင်းငေးကြည့်နေမိသည်။

ဘလှသိန်းသည် အပေါင်းအသင်းများကို ဖော်ရွေစွာနှင့် နှုတ်ဆက်သော်လည်း ဘာဘူကြီးက ကစားဖို့ခေါ်သည်ကို ငြင်းပယ်လျက် မျက်နှာမှာလည်း ရွှင်ရွှင်ပျပျမဟုတ်ဘဲ အနည်းငယ်ဣန္ဒြေကြီးလျက် ရှိသည်။ ထို့နောက် ဘလှသိန်းသည် ခုံရှည်မြင့်ပေါ်သို့ တက်မထိုင်ဘဲ တစ်နေရာမှ မတ်တတ်ရပ်ကာ အဗ္ဗဒူးလ်အား ခေါင်းညိတ်ခေါ်ပြီးနောက်...

'နက်ဖြန်ခါ ကြာသပတေးနေ့ ဟုတ်လား'

'ဟုတ်ပါတယ် ဆပ်'

'ဒါပေမဲ့ မလာခဲ့နဲ့ဦး အဗ္ဗဒူးလ်၊ ဟိုနောက်ကြာသပတေးနေ့ကျမှ လာခဲ့ကြားလား'

'ကောင်းပါပြီ ဆပ်'

အဗ္ဗဒူးလ်မှာ ကိစ္စတစ်ခုနှင့် ဘလှသိန်း၏ တိုက်ခန်းသို့ စေခိုင်းခြင်း ခံရဖူးသည်နှင့် သူ၏နေရာကို သိပြီးဖြစ်သည်။

ထို့နောက် ဘလှသိန်းသည် ဘာဘူကြီးတို့လူစုကတိုက်သော အရက်ကို ့င်မသောက်ဘဲ ငြင်းပယ်ပြီး ဟိုတယ်မှ ထွက်သွားလေတော့သည်။ ဘလှသိန်း၏ ါးစပ်မှ ဝိုင်အရက်စော်နံခြင်းကိုကား အဗ္ဗဒူးလ် သတိပြုလိုက်မိသည်။

ဘလှသိန်း ထွက်သွားပြီးသည်နောက် ဘာဘူကြီးတို့လူစုသည် အဝတ်အစားနှင့် ဂိုက်ဆိုက်ကျပုံအကြောင်းများကို အနည်းငယ်ဆက်လက်ပြောဆိုကြသမှ–

'ဒီကနေ့ည ဂါဗာနာ့ဒင်နားပါတီ ရှိတယ်ဗျ၊ ကိုယ့်လူလည်း အဲဒီက ပြန်လာတယ်မှတ်တယ်'

'ဘာကြောင့် ခင်ဗျား ဒီလိုတွေးနိုင်သလဲ'

'သူ့အဖေက မြစ်ဝကျွန်းပေါ်အရပ်မှာ ဒေါက်တာစန်စီဖိုးတို့၊ ရန်ကုန်က "ဘ–သာ–သင်း"တို့အဖွဲ့နဲ့ ပါတီကျတယ်ဗျ၊ သူက ကျုပ်ကိုပြောဖူးတယ်၊ ဒီတော့ ဂါဗာနာ့ဒင်နားပါတီကို သူ့ဖိတ်ရင် အံ့ဩစရာမရှိဘူးပေါ့'

'သူ့အဖေ ရှိသေးလား'

www.burmeseclassic.com

www.burmeseclassic.com



'မရှိတော့ဘူး၊ ကိုယ့်လူ ဘီလပ်မှာရှိတုန်း သေတယ်ပြောတယ်'

'မြေပိုင်ရှင်ကြီးတစ်ယောက်ဆို'

'သူ့နယ်မှာတော့ ထိပ်ပေါ့'

❖

နောက် ကြာသပတေးနေ့၌ အဗ္ဗဒူးလ်သည် စပတ်လမ်း(ဗိုလ်အောင်ကျော်လမ်း)နှင့် ဒါလဟိုဇီလမ်း(မဟာဗန္ဓုလလမ်း)ထောင့်တွင်ရှိသော ဘလုသိန်း၏ ဘိုက်ခန်းသို့ သွား၏။ အလယ်ထပ်တစ်ထပ်လုံး ငှားထား၍ အတော်သပ်ရပ်ခမ်းနားစွာ ခင်းကျင်းပြင်ဆင်ထား၏။ ဘလုသိန်း၌ အစေခံသုံးလေးယောက်ရှိရာ အဗ္ဗဒူးလ်သည် လှေကား၌စောင့်သော ဒရဝမ်ကုလားနှင့်တွေ့၍ 'ဆပ် အိပ်နေတယ်'ဟုပြောသည်နှင့် 'ဒါဖြင့် ထိုင်စောင့်ဦးမယ်'ဟုဆိုကာ စောင့်နေ၏။ ဒရဝမ်ကုလားမှာ ဘလုသိန်း၏ ဌာနဖြစ်သော ကျိုက်လတ်မှပါလာသော "ငယ်ကျွန်"တစ်ဦးဖြစ်ရာ အဗ္ဗဒူးလ် ထိုင်စောင့်ရင်း စကားလက်ဆုံကျ၍ သူ့"သခင်"အကြောင်းကို ညည်းတွားပြောဆိုလေသည်။

သူ့သခင် ဘလုသိန်းမှာ အတွင်းဝန်ချုပ်နှင့်တွေ့ရန်ဆို၍ ကျိုက်လတ်မှလာခဲ့ပြီး ဤဘိုက်ခန်းကို ငှားနေရာတွင် ငွေကိုရေလိုသုံးဖြုန်းနေသည်ဟု ဘဗ္ဗာစိုးဦးသက်ပြင်းက ပြောကြောင်း၊ ရောက်ခါစ၌ ကောင်းမွန်စွာနေထိုင်သော်လည်း နောက်ရက်များတွင် အိမ်၌ ပြန်အိပ်သည်မရှိတော့ဘဲ မိုးလင်းအောင် လည်ပတ်နေတတ်ကြောင်း၊ ရန်ကုန်တွင် ဝတ်လုံလုပ်ဖို့ အကြံနှင့်လာခဲ့သော်လည်း ဘာမျှမလုပ်ဘဲ ဟိုတယ်နှင့်ကလပ်များတွင် အချိန်ကုန်ခဲ့ကြောင်း၊ ကျိုက်လတ်သို့ ခဏခဏ ငွေမှာယူ၍ လယ်မြေများကိုပင် ပေါင်နှံရသည်ဟု ဦးသက်ပြင်းက ပြောကြောင်း၊ တစ်ခါက လယ်ပေါင်သောငွေသုံးသောင်းရောက်သော်လည်း ၅ ရက်အတွင်း ကုန်သွား၍ ဘိုက်လခပင် မပေးနိုင်ကြောင်း၊ လယ်ပေါင်သောငွေများမှာ ၁၀ ရက်တစ်ကြိမ်၊ ၁၅ ရက်တစ်ကြိမ် ရောက်လာ၍ ယခုဆိုလျှင် တစ်သိန်းကျော်ပြီထင်ရကြောင်း စသည်ဖြင့် ပြောလျက်ရှိစဉ် ဘလုသိန်းနိုးပြီဆို၍ ဦးသက်ပြင်းက ခေါ်သည်နှင့် အဗ္ဗဒူးလ် ဝင်သွားလေသည်။

ဘလုသိန်းသည် အဗ္ဗဒူးလ်အား အခန်းကလေးထဲသို့ခေါ်၍ 'နေပါဦး အဗ္ဗဒူးလ်၊ ငါ့မှာ ငွေမရောက်သေးဘူးကွ၊ ရေ့အပတ်လောက် ရောက်ပါလိမ့်မယ် ရော့ကွာ၊ မင့်မှာ အရေးကြီးရင် ဟောဒီငွေဖလားကြီးကို ပေါင်သုံးနှင့်'ဟုဆိုကာ စားပွဲပေါ်မှ ငွေဖလားကြီးတစ်လုံးကို ပေးလိုက်သည်။ ၄၀ ကျပ်နှင့် ပေါင်ပြီး လက်မှတ်ကို ပြန်ပေးလိုက်သည်။



'ဒါဖြင့် မင့်ငွေ ၂၀၀ ကျပ်တိတိ ကျန်သေးတာပေါ့'

'ဟုတ်ပါတယ် ဆပ်'

'အေးကွာ၊ ရေ့အပတ်လောက်တော့ ရှင်းနိုင်ပါလိမ့်မယ်။ ကိုင်း ပြန်တော့ လက်ဖက်ရည်တိုက်လိုက်ကြရဲ့လား'

'ဟုတ်ကဲ့ ကျွန်တော် သောက်ပြီးပါပြီ ဆပ်'

စင်စစ်မှာ ဘဗ္ဗာစိုးဦးသက်ပြင်းသည် အခန်းထဲမှအထုပ်ကြီးနှင့် ထွက်လာသော အဗ္ဗဒူးလ်အား လက်ဖက်ရည်တိုက်ချင်သော စေတနာမရှိချေ။

နောက်ရက်များတွင် ဘလုသိန်းသည် ဟိုတယ်သို့လာတိုင်း အရပ်ရပ်အသုံးစရိတ် ဘီလ်များကို လက်မှတ်ထိုးကာ အကြွေးခံတော့သည်။ ဘီလိယက်ခုံခ၊ အရက်ဖိုး၊ သရေစာ၊ ညထမင်းများအတွက်လည်း လက်မှတ်ထိုးတော့၏။ ယခင်က ရုံဖန်ရံခါမျှသာ ဟိုတယ်၌ထမင်းစားသော်လည်း ယခုမူနံနက်စာ၊ နေ့လယ်စာ၊ ညစာများကို နေ့တိုင်းပင် စားတော့သည်။ ဟိုတယ်မန်နေဂျာကမူ သုံးနိုင်ဖြုန်းနိုင်သောလူတစ်ယောက်ဆိုကာ လက်မှတ်ထိုး၍ အကြွေးစားသောက်ခြင်းများကို ပထမ၌ ကြည်ဖြူစွာခွင့်ပြုလေသည်။ သို့သော် လက်မှတ်ထိုးသည့်ရက်ကာလ၍ သုံးလေးလတိုင်ပေးဆပ်ခြင်းမပြုသောအခါ မျက်နှာမသာမယာဖြစ်လာတော့သည်။ တစ်ခါတစ်ရံ မန်နေဂျာကသတိပေးသောအခါ ဘလုသိန်းက 'စိတ်ချပါ မန်နေဂျာ၊ အိမ်က ငွေရောက်တော့ကျုပ်အားလုံး ရှင်းပေးပါ့မယ်။ မပူပါနဲ့'

'တစ်လကိုတစ်ကြိမ် စာရင်းရှင်းဖို့ ထုံးစံရှိတယ်'

'ကိစ္စမရှိပါဘူး၊ ကျုပ်ကိုယုံပါ၊ ပေးပါ့ဗျ'

'ကျွန်တော်က ယုံကြည်ပါတယ်၊ ဒါပေမဲ့ ပိုင်ရှင်က ခဏခဏ အပြောခံရတယ်ဗျ'

'ကဲပါလေ ရေ့အပတ်လောက်ပေးပါမယ်'

❖

ထို့နောက် တနင်္ဂနွေတစ်ပတ်အကြာတွင် ဘလုသိန်းသည် အတွင်းဝန်နှင့်အဘိုကပြားစာရေးကြီးတစ်ယောက်နှင့် ဘီလိယက်ကစားကြရာတွင် ဘိုကပြားက 'ခင်းနားကျွေးတမ်းလုပ်ဗျာ'ဟုပြောသည်နှင့် 'စိန်လိုက်ဗျာ'ဟု ပြန်ပြောပြီးကစားရာ ဘလုသိန်းရှုံး၏။ နောက်တစ်ပွဲတွင် ဝီစကီတစ်လုံးတမ်း ကစားပြန်ရာ ဘိုကပြားနိုင်လေသည်။ ဤတွင် ဘိုကပြားက 'ဆာလှပြီဗျာ၊ စားပြီးမှ တစ်ပွဲထိုးကြတာပေါ့'ဟု ပြောသည်နှင့် ထမင်းစားခန်းသို့ ဝင်သွားကြသည်။ စားပွဲထိုးသောဘိုင်

www.burmeseclassic.com



ကုလားသည် စားစရာများယူလာခဲ့သော်လည်း ဝီစကီပုလင်းမယူခဲ့ဘဲနေ၏။ ဘိုကပြားက 'ဘယ်မှာလဲ ခင်ဗျားဝီစကီ' ဟု ဘလုသိန်းအား မေး၍ ဘလုသိန်းက ဘွိုင်ကုလားကို အမိန့်ပေးရာ ဘွိုင်ကုလားသည် အခန်းပြင်သို့ထွက်သွားပြီး တစ်ဖန်ပြန်လာ၍ 'မန်နေဂျာဆပ်က ဆလံပေးပါသည်'ဟု ပြောသဖြင့် ဘလုသိန်း ထသွားသည်။

ဘလုသိန်းသည် မန်နေဂျာနှင့်တွေ့၍ 'ဘာလုပ်တာလဲဗျာ' ဟု မေးရာတွင် 'ဘာမှမလုပ်ဘူးခင်ဗျာ၊ ပိုင်ရှင်က ခင်ဗျားကို ကြွေးဟောင်းမဆပ်မချင်း နောက်ထပ်ကြွေးမပေးပါနဲ့လို့ အမိန့်ပေးထားတယ်။ စားစရာကိုတော့ ပြင်ပြီးသားဖြစ်နေလို့ ပေးရတယ်၊ အရက်ကိုတော့ မပေးနဲ့လို့ ကျွန်တော်က ပြောထားလိုက်တယ်' ဟု ခပ်တည်တည် ပြောလေသည်။ ဘလုသိန်းက နက်ဖြန်သဘက်တွင် ပေးဆပ်ပါမည် ပြောသော်လည်း မရချေ။ ဤတွင် ဘလုသိန်းသည် အဗ္ဗဒူးလ်ထံသို့ထွက်လာ၍ ငွေ ၅ ကျပ်ကို ရှိုးဦးတင်ပြော၍ ချေးသော်လည်း အဗ္ဗဒူးလ်မှာ ပိုက်ဆံမပါသောကြောင့် မချေးနိုင်ဘဲ ဖြစ်နေ၏။ နောက်ဆုံး၌ ဘလုသိန်းသည် ကြံရာမရသည်နှင့် ဘိုကပြားကို ထမင်းစားခန်းတွင် ပစ်ထားခဲ့ပြီး လန်ချားတစ်စီးနှင့် ထွက်ပြေးလေတော့သည်။

ဘိုကပြား ထွက်လာ၍ အဗ္ဗဒူးလ်အားမေးသဖြင့် ပြန်သွားသည်ကို မြင်လိုက်ရကြောင်းပြောသောအခါ 'ဘယ်လိုလူပါလိမ့်' ဟု ရေရွတ်ကျိန်ဆဲသွား၏။

ချိန်းထားသောနေ့၌ အဗ္ဗဒူးလ်သည် ကြွေးတောင်းရန်အတွက် စပတ်လမ်း (ဗိုလ်အောင်ကျော်လမ်း)ထောင့်၌ရှိသော ဘလုသိန်း၏တိုက်ခန်းသို့သွားရာ မထသေးကြောင်း ပြောသည်နှင့် ထိုင်စောင့်နေ၏။ အချိန်မှာကား ၉ နာရီကျော်လေပြီ။ ဒရဝမ်အား 'ခါတိုင်း ဘယ်အချိန်ထသလဲ' ဟု မေးရာ '၈ နာရီထက် ဘယ်တော့မှ နောက်မကျဘူး' ဟု ပြန်ပြောသည်။ ၉ နာရီခွဲတိုင်အောင်စောင့်ရင်း ကုလားဒရဝမ်နှင့် စကားပြောနေရာ ၎င်းက မိမိတို့၏သခင်ကလေးမှာ ကြာလေပျက်စီးလေဖြစ်နေကြောင်းများနှင့် ရှည်လျားစွာပြောပြလေသည်။

၉ နာရီခွဲပြီးလတ်သော် ဘဏ္ဍာစိုးဦးသက်ပြင်းသည် နေမြင့်လှပြီဆို၍ မှန်ပြတင်းပေါက်မှ ချောင်းကြည့်ရာ အိပ်နေပုံဟန်မကျဟု အောက်မေ့၍ အခြားသော အစေခံများကို ခေါ်ပြ၏။ ဦးခေါင်းမှာ ခေါင်းအုံးပေါ်တွင်မဟုတ်ဘဲ ခုတင်အစွန်းမှ လျှောကျလျက်ရှိသည်နှင့် မသင်္ကာကြသဖြင့် ခေါ်ကြည့်ကြရာ မထူးချေ။ နောက်ဆုံး၌ တံခါးကိုအတင်းဖွင့်ပြီး ဝင်ကြည့်၍ အသက်မရှိကြောင်းတွေ့ရသဖြင့် ဆရာဝန်ကို ခေါ်ပြရာ အဆိပ်သောက်၍သေသည်မှာ ၆ နာရီထက်မနည်း ကြာပြီဖြစ်ကြောင်း ထွက်ဆိုလေသည်။



အဗ္ဗဒူးလ်မှာမူ မှန်ပေါက်မှ အစေခံများနှင့်အတူ ချောင်းကြည့်၍ ခုတင်အစွန်းတွင် ဦးခေါင်းငိုက်စိုက်နှင့်ပါးစပ်ကလေး ဟနေသော ဘလုသိန်းကိုမြင်လိုက်ရကတည်းက ချက်ချင်းလှည့်ဆင်းပြီး ပြန်လာခဲ့ရာ ဟနေသောပါးစပ်ထဲမှ ရွှေသွားကလေးတစ်ချောင်း လက်နေသော အရောင်သည် သူ၏မျက်စိကို ယနေ့တိုင် တိုးဝင်လျက်ရှိသည်ဟု ဝန်ခံပြောဆိုပါသေးသတည်း။

(စာရေးဆရာကြီး တော်လ်စတွိုင်းကို တုပသည်။)

(Leo Tolstoy ၏ A billiard Marker's Notes ကို မှီးပါသည်။)

[သွေးသောက်၊ အမှတ်(၁၃၈)၊ ဇူလိုင်လ ၁၉၅၇]

■

www.burmeseclassic.com

# ကံကောင်းလို့မသေ

ရန်ကုန်မြို့ မဂိုလမ်း(ရွှေဘုံသာလမ်း)၌ ရှိသော ဆေးတိုက်များအနက် ဒေါက်တာတင်ရွှေ၏ သဘာဝဆေးတိုက် (Nature's Medical Stores)မှာ လက်ခုပ်တစ်ဖောင်ခန့်မြင့်သော မှန်တံခါးကြီးပေါ်တွင် တစ်ထွာခန့်ရှိသော ရွှေစာလုံးကြီးများ ရေးသားလျက် တရုတ်ကြွေပန်းအိုးကြီးများတွင် ရောင်စုံအင်္ဂလိပ်ရှော သီပန်းပင်များ အဖူးအပွင့်တွေနှင့် စွင့်စွင့်ငွားငွား။ ၎င်းအထက်မှ နိုင်ငံတော်အလံကြီးကလည်း တလွင့်လွင့် တလွှားလွှား ရှိနေသည့်ပြင် ကားကြီးကားကောင်းများသည်လည်း ဆေးတိုက်ရှေ့တွင် တစ်စင်းဝင်တစ်စင်းထွက် အဆက်မပြတ်အောင် စည်ကားလှသောကြောင့် အခြားသော ဒေါက်တာများ၏ မျက်မုန်းကျိုးခြင်းအခံရဆုံး ဖြစ်လေသည်။ အမှုထမ်း၍ ဒေါက်တာတင်ရွှေမှာ အမ်ဘီဘီအက်စ်အောင်ပြီးနောက် အစိုးရဘက်၌ အမှုထမ်း၍ ၅ နှစ်ခန့်ကြာရှိရာတွင် အထက်လူကြီးများနှင့် "စကားများ"သဖြင့် အင်္ဂလန်ပြည်သို့သွား၍ ကာလသားရောဂါနှင့်ပတ်သက်သည့် ပညာများကို ဘွဲ့တစ်ခုပြီးတစ်ခု ဆွတ်ခူးနိုင်သည့်တိုင်အောင် နှစ်ပေါင်းများစွာ လေ့လာသင်ကြားခဲ့သူဖြစ်လေသည်။ ကာလသားရောဂါဟူသည်မှာ ယောကျ်ားတိုင်းလိုပင် အနည်းနှင့်အများ စွဲကပ်ဖူးသူတို့သာ များပြားသည်ဖြစ်သောကြောင့် ပိုက်ဆံကြေးငွေ တတ်နိုင်၍ လူမသိစေလိုသော "ဝါဟော" ရောဂါသည်ဆိုလျှင် ဒေါက်တာတင်ရွှေထံသို့ မရောက်ဖူးသူမရှိသလောက် ဖြစ်၍



"စပါယ်ရှယ်လစ်" အမည်ခံထားသော ဒေါက်တာတင်ရွှေမှာ ကုသ၍လက်စလည်းနိုင်၊ ပိုက်ဆံဆိုသည်မှာလည်း မလိုချင်အဆုံး ဖြစ်နေလေတော့သည်။

ကာလသားရောဂါ အငုတ်အရင်းမှ ဖြစ်တတ်၍ အသက် ၅၀ ကျော်သူအဖို့၌ ရှင်းရှင်းကြီးလွတ်ကင်းသူဆို၍ ခပ်ရှားရှားရှိတတ်သောကြောင့် "ပန်းသေ" ရောဂါသည်ကား၊ ဒေါက်တာတင်ရွှေ၏ အထူးတလည်လေ့လာသင်ကြားခဲ့သော ညာရပ်ဖြစ်၍ ငွေစက္ကူအခေါက်လိုက် သိမ်းဆည်း၍ မနိုင်အောင် ပိုက်ဆံရသော ရောဂါဖြစ်ပေ၏။ ဒေါက်တာတင်ရွှေ၏ ကျော်ကြားသော အင်္ဂါတစ်ခုမှာ ၎င်းရောဂါ စွဲကပ်သူဆိုလျှင် ဟိုလိုဒီလိုဖြင့် အချိန်ဆွဲကုသမနေဘဲ ပျောက်နိုင်လျှင် ပျောက်နိုင်မည်၊ မတတ်နိုင်လျှင် မတတ်နိုင်ဆို၍ ပြီးပြီးပြတ်ပြတ် ပြောပြကုသသည်ဟု နာမည်ရခဲ့သူဖြစ်လေသည်။ ဒေါက်တာတင်ရွှေ၏ "စပါယ်ရှယ်လစ်" ပညာအကြောင်းကို လူတိုင်းလည်းမသိ၊ သိပြီးသောလူတစ်ယောက် ဖြစ်ခဲ့လျှင်လည်း ၎င်းဆေးတိုက်ရှေ့သို့ အချိန်မရွေး ဆိုက်ရောက်လာကြသည့် မျက်နှာဖြူ မျက်နှာ ငါ၊ မျက်နှာညိုများနှင့် မျက်နှာမည်းများ၏ ဆီဒင်ကားကြီးများကို မြင်ရခြင်းအားဖြင့် ၎င်းရောဂါ ကင်းလွတ်သော "မျက်နှာကြီး" ဟူ၍ ရှိမှရှိပါသေး၏လောဟု အောက်မေ့မိပေလိမ့်မည်။

ကျွန်ုပ်တို့ ရေးသားဖော်ပြလျက်ရှိသော အချိန်တွင် ကတ္တီပါဆိုဖာကြီးများနှင့် ခမ်းနားသိုက်မြိုက်စွာ ခင်းကျင်းထားသော အခန်းကြီးအတွင်း ဖိတ်ဖိတ်တောက် ပြောင်လက်သော စားပွဲကြီးတစ်ဖက်တစ်ချက်တွင် ဒေါက်တာတင်ရွှေနှင့် ရောဂါသည်တစ်ယောက်သည် ရောဂါအကြောင်းကို ဆွေးနွေးလျက်ရှိ၏။ ရောဂါသည်မှာ နာမည်ကြီးမြေပိုင်ရှင်တစ်ယောက်၏ တစ်ဦးတည်းသောသားဖြစ်သည့်အလျောက် ငယ်ရွယ်စဉ်က အပျော်အပါးလိုက်စားချင်းတိုင်း လိုက်စားခဲ့သဖြင့် ကာလသားရောဂါ စွဲကပ်ရာမှ ပန်းသေရောဂါဖြစ်၍ အိမ်ထောင်လည်းမပြုနိုင်၊ ညီအစ်ကို မောင်နှမအရင်းအချာလည်းမရှိဘဲ "တစ်ကောင်ကြွက်" နေထိုင်ရသူ ဖြစ်လေသည်။

ရောဂါသည်ကိုရှုဝံသည် ဒေါက်တာတင်ရွှေအား အဖြစ်အပျက်အလုံးစုံကို ပြောပြ၍ ဒေါက်တာတင်ရွှေက ကိုရှုဝံ၏ ကိုယ်လက်အင်္ဂါအလုံးစုံကို ကြည့်ရှုစစ်ဆေးပြီးရာတွင် ကျွမ်းကျင်နားလည်၍ ဖြန်းသန်းညှစ်ယူရန် ဝါသနာမရှိသော ဒေါက်တာတင်ရွှေက ရောဂါ "ကျွမ်း" နေပြီဖြစ်သောကြောင့် ပျောက်လင့်ရန်မရှိကြောင်းကို တစ်ခါတည်း ပြောပြလေတော့သည်။ ကိုရှုဝံလည်း မျက်နှာညိုးသွားသည်နှင့် ဒေါက်တာတင်ရွှေက စကားဖာသောအနေမျိုးနှင့် 'ခင်ဗျားပါးက အတော်ရှုတ်သွားတော်တော်ကြာပြီထင်တယ်၊ ဒီလက်ထက်ဆိုရင် ဆေးနည်းကောင်းပေါ်လာသေး

www.burmeseclassic.com



လုံးဝအမာရွတ်မထင်စေရအောင် လုပ်ပေးနိုင်မှာပဲ' ဟု ပြောမိပြောရာ ပြောလိုက်မိသည်တွင် ကိုရှုဝံသည် အမာရွတ်ကို လက်ဖြင့်စမ်းသပ်လျက်...

'ဟုတ်တယ် ဒေါက်တာ၊ တော်တော်ကြာပါပြီ၊ ကတ်ကြေးမှ အဆိပ်ပါသွားတယ်ဆို ထင်ပါရဲ့။ ပျောက်အောင် တော်တော်ကုယူရလို့ အမာရွတ်ထင်နေတော့တယ်'

'ကတ်ကြေးနဲ့ ဘယ်ပုံခိုက်တာလဲဗျ'

'တခြား ဟုတ်ရိုးလားဗျာ၊ ကျွန်တော့်တူမကလေး ခင်နုနုပေါ့၊ နာမည်ကနုနုတဲ့။ ကြမ်းလိုက်တာ လွန်ရော။ သူ့အဖေက အမူးလွန်ပြီး အန်ဖတ်ဆို့သေရှာလေတော့ အိမ်လာနေခိုက်မှာ ကျွန်တော်က ကျီစားပြီး အရက်သမားသမီးလို့ခေါ်လိုက်မိတာ ကျွန်တော့်ကို ကတ်ကြေးနဲ့ လှမ်းပေါက်လိုက်တာ ကံကောင်းလို့ပါလားဗျ၊ မျက်လုံးမှန်ရင် ကန်းတာပေါ့'

'အာဂမိန်းကလေးပါတကား ဘယ်အရွယ်ရှိပြီလဲ'

'ဒီတုန်းက ၁၂ နှစ် ၁၃ နှစ်သာ ရှိပါသေးတယ်။ ကျွန်တော့်အိမ်မှာ မနေတော့ပါဘူးဆိုပြီး သူ့အဒေါ်တစ်ယောက်ဆီ သွားနေတယ်။ ဒါပေမဲ့ ကျွန်တော်က ပညာသင်ပေးပါတယ်။ အခုတော့ ဆေးကျောင်းမှာ အမ်ဘီဘီအက်စ် သင်နေလေရဲ့၊ အလွန်စိတ်ဆတ်တဲ့ ကောင်မကလေးပဲ ဒေါက်တာ'

ထို့နောက် ဦးရှုဝံနှင့် ဒေါက်တာတင်ရွှေတို့သည် ရောဂါအကြောင်းကို တစ်ဖန်ပြန်ဆက်ကြပြန်ရာ ဒေါက်တာတင်ရွှေက မိမိနားလည်သလောက်မှာ ငြိမ်းငြိမ်းနေ၍ အာဟာရဖြစ်သော အစားများကို မှီဝဲခြင်းမှတစ်ပါး အကြံပေးရန် မတတ်နိုင်ကြောင်း ပြောလိုက်သည်နှင့် ဦးရှုဝံလည်း သက်ပင့်ရှူကာ ထိုအခန်းမှ ထွက်လာလေသည်။

❖

ဆေးကောလိပ်ကျောင်းကြီး၌ ပရော်ဖက်ဆာဆရာကြီးသည် အဆိပ်အကြောင်းနှင့် ပတ်သက်၍ လက်ချာပေးသည်တွင် အဆိပ်အနည်းငယ်ပါရှိသော ဖန်ဘူးကလေးများကို ဆေးကျောင်းသားများအား တစ်လုံးစီပေးထား၍ နမူနာအဖြစ်နှင့် ပြထား၏။ ကျောင်းသားများသည် ဖန်ဘူးထဲမှ အဆိပ်မှုန့်ကလေးများကို ဝါဂွမ်းပေါ်တွင်တင်၍ အသီးသီးကြည့်ရှုကြစဉ် ပရော်ဖက်ဆာက ထိုအဆိပ်၏ သတ္တိအကြောင်းကို ရှင်းလင်းပြောပြလေသည်။ ၎င်းအဆိပ်သည် အလွန် "တာသွား"သောကြောင့် ထိုဖန်ဘူးထဲ၌ပါရှိသလောက်ဆိုလျှင် လူ ၅ ယောက်ကို စင်းစင်းသေစေနိုင်လောက်သည်ဟုလည်း ပြောပြ၏။



လက်ချာပြီးဆုံး၍ ကျောင်းဆင်းခါနီးတွင် ကျောင်းသားများသည် မိမိတို့ လက်ဝယ်သို့ပေးထားသော နမူနာဖန်ဘူးကလေးများကို ပစ္စည်းထိန်းအရာရှိလက်သို့ ပြန်အပ်ကြရ၏။ ဆေးကျောင်းသူတစ်ယောက်ဖြစ်သော ခင်နုနုမှာ ဖန်ဘူးကလေးများကို တံခါးဝ၌ရှိသော စားပွဲပေါ်တွင် တင်ထားခဲ့ရန်ဖြစ်သော်လည်း အခြားကျောင်းသူတစ်ယောက်နှင့် လှမ်း၍စကားပြောရင်း ဆင်းလာခဲ့မိသည့်အတွက်ကြောင့် ဖန်ဘူးကို စားပွဲပေါ်၌မထားခဲ့မိဘဲ လှေကားမှ ဆင်းလာခဲ့မိလေသည်။ လှေကားအောက်သို့ ရောက်သောအခါမှ ထိုအကြောင်းကိုသတိရသော်လည်း ကျောင်းပေါ်သို့ ပြန်တက်ရန် ပျင်းသည်နှင့်နောက်တစ်ခါမှ ပြန်အပ်တော့မည်ဟု အောက်မေ့ကာ လွယ်အိတ်ထဲသို့ ထည့်ထားလိုက်လေတော့သည်။

ခင်နုနုသည် ဆေးကျောင်း၌ ပညာသင်လျက်ရှိစဉ် လက်ထောက်အစိုးရ ဝတ်လုံ ကိုကျော်သိန်းနှင့် ချစ်ကြိုက်လျက်ရှိ၍ ကိုကျော်သိန်း လျှောက်လဲလျက်ရှိသော အမှုတစ်မှုအကြောင်းကို စိတ်ဝင်စားစွာ တွေးတောနေမိသောကြောင့် ထိုပုလင်းကိုအယောင်အယောင်အမှားမှားနှင့် ပြန်မပ[illegible]မိခြင်း ဖြစ်၏။ အမှုမှာ နာမည်ကျော်လူဆိုးကြီး စိန်ဓားမြှောင်၏အမှုဖြစ်၍ တစ်မြို့လုံးစိတ်ဝင်စားလျက်ရှိရာ ဝတ်လုံလက်သစ်မျှသာရှိသေးသော ကိုကျော်သိန်းမှာ ဤအမှု၌ တရားခံအဖြစ်ထင်ရှားအောင် လျှောက်လဲနိုင်လျှင် နာမည်ကောင်းရ၍ ကြီးပွားဖို့ရှိ၏။ တရားခံသည် နာမည်ကျော်ဝတ်လုံကြီးနှစ်ယောက်ကို ငှားထားသည့်ပြင် တရားသူကြီးမှာလည်း ပုလိပ်ကိုမုန်းပြီး တရားခံကိုလွှတ်ပစ်တတ်သည်ဟု နာမည်ကျော်သောသူကြီးတစ်ယောက်ဖြစ်သောကြောင့် ကိုကျော်သိန်းအတွက် အလွန်ခဲယဉ်း၏။ တစ်မြို့လုံးကလည်း တရားခံလွှတ်လိမ့်မည်ဟု တစ်ပေးလျက်ရှိရာ ဤအမှုတွင် ပြစ်မှုထင်ရှားအောင် လျှောက်လဲနိုင်ပါက ကိုကျော်သိန်း၏ နာမည်သည် တရားရုံးလောကတွင် ချက်ချင်းထိုး၍ တက်သွားမည်ဖြစ်လေသည်။ ထို့ကြောင့် ခင်နုနုသည် မိမိ၏ရည်းစားကိုကျော်သိန်း အောင်မြင်ပါစေဟု ဆုတောင်းနေရသည့်အတွက် သင်ပြသောစာ၌ ကောင်းစွာစိတ်မဝင်စားနိုင်ဘဲ ဖြစ်နေ၏။

ထိုနေ့ညနေ၌ ခင်နုနုသည် စိန်ဓားမြှောင်အမှု စီရင်ချက်ချမည့်နေ့ဖြစ်၍ အမှုအကြောင်းကို သိလိုဇောနှင့် ကျောင်းမှဆင်းလာပြီးလျှင် ကိုကျော်သိန်းနှင့် တွေ့ဆုံရန် ချိန်းထားသော ရိမာနီဟိုတယ်သို့ လာခဲ့၏။ ကိုကျော်သိန်းမှာ ရောက်နှင့်ပြီးဖြစ်၍ အခန်းငယ်ကလေးတစ်ခန်းမှ စောင့်မျှော်လျက်ရှိ၏။ ခင်နုနုသည် ခန်းဆီးကန့်လန့်ကာကို လှပ်လိုက်၍ ကိုကျော်သိန်း၏ ရွှင်ပျသော မျက်နှာကို မြင်လိုက်ရသည်နှင့်တစ်ပြိုင်နက် အမှုနိုင်ခဲ့ကြောင်း သိနိုင်လေပြီ။

'ဘယ့်နှယ်လဲ နိုင်ရဲ့မဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



'ထင်တဲ့အတိုင်းပဲ နုနုရေ့'

'မျက်မြင်သက်သေမရှိဘဲနဲ့ အပြစ်ပေးနိုင်တာများ တော်ပေသေးရှင်'

'တချို့အမှုမှာ မျက်မြင်သက်သေ တိုက်ရိုက်မရှိပေမယ့် ဟိုလူဒီလူထွက်ချက်တွေကို စပ်ဟပ်ကြည့်လို့ အားလုံးညီညွတ်နေတယ်ဆိုရင် လုံလောက်တာပဲ နုနုရဲ့။ တစ်ခါတစ်ရံမှာတော့ မျက်မြင်သက်သေတွေပါဆိုပြီး လေးငါးယောက်တင်ပြပေမဲ့ ဟိုဘက်ရှေ့နေက မွှေနှောက်မေးလိုက်လို့ တစ်ယောက်နဲ့တစ်ယောက် ကွဲလွဲကုန်ရင် အားလုံးပျက်ကုန်တော့တာပဲ။ ဖြူက ငမဲသတ်တာကို ငနီက မျက်စိနဲ့မြင်မိတယ်လို့ သက်သေထွက်ပေမဲ့ ငနီက မတရားသက်သေလိုက်မှုနဲ့ အပြစ်ရဖူးပါတယ်ဆိုရင် သူ့ထွက်ချက်ဟာ အလကားဖြစ်သွားနိုင်တာပဲ'

'ဘာပြောပြောလေ နုနုကတော့ ကိုကျော်သိန်းဘက်က နိုင်တယ်ဆိုရင် ကျေနပ်တာပါပဲ။ ရုံးထဲမှာ ဘယ်လိုပြောကြသလဲ'

'ကိုယ်တော့ ဒီအမှုနိုင်လိုက်တာ ရှေ့ဆောင်ဝတ်လုံကြီးဖြစ်ဖို့ တစ်ထစ်နီးသွားတာပဲလို့ ပြောကြတယ်။ ဟိုဘက်က ဘိလပ်သားဝတ်လုံကြီးတွေ နှစ်ယောက်တောင်မှ နုနုရဲ့။ တကယ့်အချက်ထဲမှာမှ ကိုယ့်ဆရာကြီးက ဆေးရုံတက်နေရလို့ ရင်ထဲမှာ ထိတ်လိုက်တာဆို ဘာပြောကောင်းမလဲ'

'နုနုကလည်း ကိုကျော်သိန်းအတွက် ညတိုင်း ဆုတောင်းပေးပါတယ်'

ဝတ္ထုများ ထုံးစံမှာ ယောကျ်ားသည် မိန်းကလေးကို တစ်နည်းနည်းဖြင့် ကယ်ဆယ်ရာမှ ချစ်ကြိုက်သောဘဝသို့ ရောက်ရသည်သာများ၏။ ကိုကျော်သိန်းနှင့်နုနုမှာ ထုံးစံကိုဖျက်၍ ပြောင်းပြန်ဖြစ်ခဲ့၏။ နုနုကိုယ်တိုင်မှာ နာမည်ကို ဖောက်ဖျက်၍ စိတ်ကြမ်းကိုယ်ကြမ်းဆိုသည့် မိန်းကလေးတစ်ယောက်ဖြစ်၏။ တစ်နေ့သ၌ ကိုကျော်သိန်းသည် ဆေးကျောင်းသူကျောင်းသားများ ပျော်ပွဲစားထွက်ကြသည်တွင် မိတ်ဆွေသုံးလေးယောက်၏ ဖိတ်ခေါ်ချက်အရ ၎င်းတို့နှင့်အတူတကွလိုက်ပါလာ၏။ ၎င်းမိတ်ဆွေများအနက်တွင် ခင်နုနုအပါအဝင်မဟုတ်၊ မြင်ဖူးရုံသာ ရှိကြလေသည်။ အင်းလျားကန်သို့ရောက်၍ လှေကစားကြသောအခါ ကျောင်းသားပီပီ အလွန်ဆော့ကြသဖြင့် လှေမှောက်၍ ရေမကူးတတ်သော ကိုကျော်သိန်းမှာ ရေလယ်ကောင်တွင် မြုပ်ချည်နစ်ချည် ဖြစ်နေ၏။ ခင်နုနုမှာ မြစ်ကမ်းပါး၌ ကြီးပြင်းခဲ့သည့် မြစ်ဝကျွန်းပေါ်အရပ်သူတစ်ယောက် ဖြစ်သည့်အလျောက် ရေကူးကျင်လည်လှ၏။ လူအားလုံး မျက်လုံးပြူးကြည့်နေကြစဉ် ရေကူးကျင်လည်သော ခင်နုနုသည် လှော်တက်တစ်ချောင်းနှင့် ယက်ကူးသွား၍ တက်စွန်းတစ်ဖက်ကို ကိုကျော်သိန်းသို့ လှမ်းပေးပြီးလျှင် အခြားအစွန်းမှ ကမ်းသို့ရောက်အောင် တွဲခေါ်နိုင်ခဲ့လေသည်။ ယက်ကူးရသော ခရီးတာမှာ လေးငါးဆယ်



ပေမျှသာဖြစ်၍ အခြားကျောင်းသားများက ခင်နုနုကို အခြားတက်တစ်ချောင်းပေးကာ တွဲခေါ်ခြင်းအားဖြင့် များစွာမခဲယဉ်းဘဲ ကယ်တင်နိုင်ကြလေသည်။

ဤအလုပ်မှာ ခင်နုနုအဖို့ များစွာမခက်ခဲသော်လည်း နှစ်တောင်သုံးတောင်မျှရောက်အောင် မကူးနိုင်အောင် ကိုကျော်သိန်းမှာ ကျေးဇူးရှင်မကြီးအနေဖြင့် ကြည်ညိုရှိမဆုံးနိုင်အောင် ရှိတော့သည်။ ကြည်ညိုခြင်း၊ ကျေးဇူးတင်ခြင်း၊ ကရုဏာသက်ခြင်း၊ ချီးကျူးခြင်း အစရှိသော အခြင်းအရာများသည် ချစ်ကြိုက်ခြင်းသို့ ဘွန်းပို့ရာတွင် (ပြိုင်ဘက်မရှိသေးသူတို့အဖို့၌)အလွန်သေချာသော အောင်သွယ် ဖြစ်ပေရကား ခင်နုနုနှင့် ကိုကျော်သိန်းတို့မှာ များမကြာမီအတွင်း သမီးရည်းစားဘဝသို့ ရောက်ကြလေတော့သည်။

'အမှုနိုင်ရလို့ နာမည်ကောင်းတာတော့ ဟုတ်ပါရဲ့နုနုရယ်။ ဒါပေမဲ့ ကိုယ်က မေမေသန်းအတွက်ကြောင့် နည်းနည်းစိတ်ပူနေတယ်ဗျ။ ဘယ့်နှယ်လဲ မေမေသန်းနဲ့ တွေ့သေးရဲ့လား'

ခင်နုနုမှာ ရုတ်တရက်မျက်နှာညှိုးသွားသော်လည်း ကိုကျော်သိန်းမမြင်စေရအောင် ဟန်လုပ်ကာ ဖုံးကွယ်ထားလိုက်ပြီးမှ...

'ကိစ္စမရှိပါဘူး ကိုကျော်သိန်းရယ်။ သူ့မှာလည်း ငွေရစရာတွေ ရှိပါတယ်လို့ ပြောပါတယ်။ အချိန်တန်တော့ ဆပ်ပါလိမ့်မယ်'

'ဆပ်ရင်တော့ တော်ပါရဲ့၊ နို့မို့ရင် ငွေ ၂,၀၀၀ ကျပ်ဆိုတာ နည်းတာမဟုတ်ဘူးနုနုရဲ့။ ကျုပ်လခထဲက ဖဲ့ဆပ်ဖို့လည်း သိပ်ခဲယဉ်းတာပဲ၊ ကျုပ်တို့ကိစ္စအတွက် ငွေတာသုံးနေရတာကလည်း တစ်ဖက်ပဲ'

ခင်နုနုမှာ မျက်နှာလွှဲသွားသည်။ အဘယ့်ကြောင့်ဆိုသော် ကျုပ်တို့ကိစ္စဆိုသည်မှာ မင်္ဂလာဆောင်ဖို့ ကိစ္စဟူ၍ နားလည်သောကြောင့်ပေတည်း။ ထို့နောက် ခင်နုနုက အံ့သြသောမျက်နှာထားနှင့်–

'နုနုက လက်မှတ်ကလေး ထိုးလိုက်ရုံနဲ့ ချစ်တီးက မေမေသန်းကို ငွေ ၂,၀၀၀ ကျပ် ထုတ်ချေးရဲတာ နားမလည်ပါဘူး ကိုကျော်သိန်းရယ်'

'ချစ်တီးဆိုတဲ့ လူမျိုးက အင်မတန်ပါးတယ်။ ဘယ်သူဟာ အခုမွဲနေပေမဲ့ ဘယ်တော့ဆီလောက်ကျရင် အမွေရလိမ့်မယ်ဆိုတာ သူတို့သိတယ်။ နုနုမှာ အမွေရစရာရှိတယ်လို့ သူတို့သိလို့နေမှာပေါ့'

'အမွေရစရာဆိုရင် ဦးလေးဦးစုဝံတစ်ယောက် ရှိတာပဲ၊ သူ့မှာတော့ သိန်းနဲ့ချီတဲ့ ဥစ္စာတွေ တစ်ထောင်ကျော်လောက်ရှိတယ်။ နုနုကို ပညာသင်ပေးတာလည်း သူပဲ သင်ပေးတာပဲ။ ဒါပေမဲ့ သူက နုနုကို အင်မတန်မုန်းတယ်။ အမွေတော့ အချောင်

www.burmeseclassic.com



တော့ နုနုတစ်ယောက်တည်းရှိတာတော့ မှန်တယ်။ နို့ပေမဲ့ သူသေမယ်ဆိုရင် နုနုကို မုန်းတာနဲ့ သူ့ပစ္စည်းတွေကို အားလုံးလှူပစ်ခဲ့မလားမဆိုနိုင်ဘူး'

'နုနုကို ဘာကြောင့်မုန်းရတာတဲ့လဲ၊ မုန်းတဲ့လူများရှိသေးသလား'

'တယ်မထင်နဲ့ဆရာကြီး၊ နုနု ငယ်ငယ်တုန်းက အင်မတန်စိတ်ဆတ်လို့ ဦးလေးကိုကတ်ကြေးနဲ့ပေါက်ထားတာ အမာရွတ်ကြီးဟာ သေရာပါရာတော့မှာပဲ'

'တကယ့်စိတ်ပါလား၊ ဒါထက် အမွေရလို့ ကြွေးဆပ်ရရင် တော်ပါသေးရဲ့၊ နို့မို့ ရင်တော့ မေမေသန်းလုပ်လိုက်တဲ့ ငွေ ၂,၀၀၀ ကျပ်ကြောင့် တော်တော်ခွကျဦးမှာပဲ'

'မနေပါဘူး ကိုကျော်သိန်းရယ်၊ သူ့ဟာသူ ဆပ်မှာပါရှင်'

'ကျုပ်တော့ တယ်မထင်ပါဘူး နုနုရယ်'

ငွေ ၂,၀၀၀ ကျပ် ကိစ္စကား ဤသို့တည်း။

ခင်နုနုနှင့်အတူ ဆေးကျောင်းတွင် တစ်ခန်းတည်းအိပ်၍ အလွန်ခင်မင်သော သူငယ်ချင်းဖြစ်သည့် မေမေသန်းမှာ အဝတ်ကောင်းအစားကောင်း ကြိုက်၍ အလွန်လှချင်ပချင်သော မိန်းကလေးတစ်ယောက်ဖြစ်ရာ ပညာတော်လှသဖြင့် အစိုးရ "စကောလားရှစ်"နှင့် ဆေးကျောင်းတွင် ပညာသင်နေသော်လည်း ၎င်း၏ ဆန္ဒမှာ ဘိုင်စကုတ်ဓာတ်လိုက်မင်းသမီးဖြစ်လို၍ စတူဒီယိုများသို့ မကြာခဏသွားကာ အချိန်ဖြုန်းလေ့ရှိ၏။ ဘိုင်စကုတ်ဒါရိုက်တာများကလည်း မေမေသန်း၏ "ဘိုင်စကုတ်ရုး"ခြင်းကို သိသည်နှင့် မြှောက်ပင့်ကာ တော်စွလျော်စွပြော၍ ညာ မြှုက်သုံးဖြုန်းကြ၏။ မေမေသန်းမှာ အဝတ်အဆန်းများ ဝယ်ရသည်မှာလည်း မနားတမ်း၊ တက္ကစီခပေးရသည်မှာလည်း ခဏခဏ၊ ပညာသည်များအား ကျွေးရ မွေးရသည်မှာလည်း မကြာမကြာဖြစ်နေသောကြောင့် အကြွေးတွေဝိုင်းဝိုင်းလည် လျက်ရှိ၏။ တစ်နေ့သ၌ မေမေသန်းသည် စာရွက်တစ်ရွက်ယူလာ၍ ခင်ခင်နုအား အောက်နားမှ လက်မှတ်ရေးထိုးပေးပါမှ သူ့အဖို့၌ အခက်အခဲမှ လွတ်မြောက်ဖို့ ရှိကြောင်း၊ သို့မဟုတ်လျှင် ဆေးကျောင်း၌ပင် ဆက်လက်နေနိုင်ဖို့မရှိတော့ဘဲ ခင်နုနုနှင့် ကွဲကွာရတော့မည့်အကြောင်း မျက်ရည်ကလယ်ကလယ်နှင့် ပြောပြလေ သည်။ ခင်နုနုမှာ ငွေချေးသောလက်မှတ်ဖြစ်သည်ဟု သိသော်လည်း ငွေရေးကြေး ရေးကို ဂရုမစိုက်ဘဲ ခပ်ပေါ့ပေါ့သဘောထားတတ်သော ဝါသနာရှိသည့်အ လျောက် မေမေသန်းနှင့် ကွဲရမည်လည်းကြောက်သည်နှင့် ညွှန်ပြသောနေရာတွင် လက်မှတ်ရေးထိုးလိုက်ခြင်း ဖြစ်လေသည်။

'နေစမ်းပါဦး နုနုရဲ့၊ ချစ်တီးနဲ့ နုနုနဲ့ သိလို့လား'

'နုနုကတော့ မသိပါဘူး၊ ဒါပေမဲ့ ဦးလေးဦးခွဝံကို ချစ်တီးက သိသတဲ့။



ဦးခွဝံရဲ့တူမပဲလို့ မေမေသန်းက ချစ်တီးကို ပြောပြထားဟန်တူပါရဲ့'

'ကိုင်းလေဗျာ မယ်မင်းကြီးမ ချောချောမောမောသာ သူ့ဟာသူ ပြန်ဆပ် ကောင်းပါရဲ့'

❖

ခင်နုနုသည် ကိုကျော်သိန်းနှင့် ခွဲခွာ၍ ကျောင်းသို့ပြန်လာသောအခါ အ ခန်းတွင်းရှိစားပွဲပေါ်တွင် မေမေသန်းလက်ရေးနှင့်စာတစ်စောင်ကို တွေ့ရလေသည်၊ ခင်နုနုသည် တစ်ခန်းတည်းအတူနေသူက အဘယ့်ကြောင့် စာရေးလေသနည်းဟု အံ့သြစွာနှင့် စာရွက်ကို ကောက်ယူဖတ်ရှုရာတွင် အောက်ပါအတိုင်း တွေ့ရလေ ၏။

ချစ်လှစွာသောသူငယ်ချင်း နုနု

*သန်းသန်းတော့ သွားသေးပြီ နုနုရေ၊ စိတ်မဆိုးပါနဲ့နော်။ မတတ်သာလို့ ရှောင်ထွက်သွားရခြင်း ဖြစ်ပါတယ်။ ဟိုလက်မှတ်က ရက်စေ့လာပြီနုနုရဲ့။ သန်းသန်းမှာ ဆပ်စရာငွေလည်းမရှိဘူး။ နုနုပဲ ကြည့်လုပ်လိုက်ပါတော့နော်။ သန်းသန်းအလုပ်ရခါနီးပါပြီ။ ရရချင်း ဒီငွေကို သန်းသန်းက ဆပ်ပါ့မယ်။ ဒီအတောအတွင်းမှာ နုနုက ကြည့်လုပ်ထားလိုက်ပါဦးနော်။ တစ်နေ့ကျတော့ ဆပ်ပါ့မယ် နုနုရဲ့။ ဘုရားကို ဆုံးရပါစေရဲ့ နုနုရယ်၊ သန်းသန်းမနေပါဘူး။ အလုပ်လည်းရတော့မှာပါ။ တစ်ကားရိုက်ရရင် ဒီကြွေးလောက်တော့ အရေးမကြီးပါဘူး။ ကိုင်း သွားသေးပြီနော်၊*

*သန်း*

ခင်နုနုသည် စာကိုကိုင်လျက် ငေးနေမိ၏။ ပထမ၌ သဘောမပေါက်သေး ဘဲရှိနေရာ နောက်တွင် မိမိအပေါ်သို့ ငွေ ၂,၀၀၀ ကျပ်အတွက် တာဝန်လွှဲချထားခဲ့ ခြင်းဖြစ်သည်ဟု ရိပ်မိလေတော့သည်။

ထို့နောက် ခင်နုနုသည် မေမေသန်း၏ ပစ္စည်းများကို ထကြည့်ရာ အဝတ် အစားဆို၍ တစ်ထည်မျှ မကျန်ရစ်ဘဲ၊ စာအုပ်ကလေးနှစ်အုပ်မျှသာ ရှိလေတော့ သည်။

ခင်နုနု၏လက်ဝယ်တွင် ငွေ ၂,၀၀၀ ကျပ်မဆိုထားဘိ၊ ၂၀၀ ကျပ်မျှပင် မရှိချေ။ မည်သို့ပြုရချေမည်နည်း။ ဦးလေးဦးခွဝံထံမှမှ ကျောင်းစရိတ်အဘွက် ဘိတိကျကျသာပေးပို့သည်ဖြစ်၍ လုံချည်အဆန်းကလေး တစ်ထည်တလေ ဝယ် လိုသောအခါတွင် မုန့်ဖိုးထဲမှ ခြိုးခြံ၍ ဝယ်ယူရ၏။

www.burmeseclassic.com

www.burmeseclassic.com



ခင်နုနုသည် ခုတင်ပေါ်သို့ ပစ်လှဲ၍ မည်သို့ပြုရပါချေမည်နည်းဟု စဉ်းစား စိတ်ကူးလျက်ရှိစဉ် အခန်းတံခါးကို ခေါက်သည်နှင့် ဖွင့်ပေးလိုက်ရာ ကျောင်းအရ ဝမ် ဝင်လာ၍ ဧည့်သည်တစ်ယောက်က တွေ့လိုကြောင်းပြောလေ၏။ ခင်နုနုသည် ဧည့်ခန်းသို့ဆင်းလိုက်လာသောအခါ မိမိ မမြင်ဖူးသောလူတစ်ယောက် ထိုင်စောင့် နေသည်ကို တွေ့ရ၏။

'ဘာကိစ္စပါလိမ့်ရှင်၊ ကျွန်မနဲ့ တွေ့ချင်တာ ဟုတ်ကဲ့လား'

'ဟုတ်ပါတယ်၊ ခင်နုနုမဟုတ်လား၊ ခင်ဗျားက ကျွန်တော့်ကို မသိပေမဲ့ ကျွန်တော်က ခင်ဗျားကို သိပါတယ်။ သိဆို မေမေသန်းက ပြထားဖူးသကိုး'

ခင်နုနုလည်း အတန်ငယ်စဉ်းစားပြီးနောက်...

'သြော်... ရှင်က ချစ်တီးတိုက်ကမို့လား'

'ဟုတ်ကဲ့၊ အာလကပ္ပ ချစ်တီးတိုက်လေ။ ကျွန်တော်တို့ဆရာကြီးက မြေ ပင်မြို့မှာ အလုပ်တိုက် ဖွင့်ဖူးတယ်။ ဆရာကြီးကတော့ ဦးခုဝံကို ကောင်းကောင်း သိပါတယ်'

'ဟုတ်ကဲ့ ကိစ္စကတော့ ဘယ်လိုပါလိမ့်'

'ဟောဒါ ခင်ဗျားလက်မှတ် ဟုတ်ကဲ့မဟုတ်လား'

ထိုသူသည် စာချုပ်တစ်ခုကို ထုတ်ပြရာ ခင်နုနုလည်း မိမိလက်မှတ်ကို မြင်လေ၏။

'ဒါဘယ့်နှယ်လုပ်ရမှာလဲရှင်'

'ဘယ့်နှယ်လုပ်ဆို အတိုးနှင့်တကွ ခင်ဗျားဆပ်ရုံ ရှိတာပေါ့၊ မေမေသန်းကို တော့ ကျွန်တော်တို့ လိုက်မရှာနိုင်တော့ဘူး၊ ရှာလို့လည်း အကြောင်းမထူးပါဘူး ချေးကတည်းက ဆရာကြီးက ခင်ဗျားကို အားထားပြီးချေးလိုက်တာပဲ'

'ကျွန်မမှာ ဘယ်ကပိုက်ဆံ ရှိမှာလဲရှင်'

'ဦးခုဝံတစ်ယောက်လုံး ရှိတာယ်မဟုတ်လား။ ဆရာကြီးက ဒီယုန်မြင်လို့ ဒီချုံထွင်ထားတာပေါ့'

'သူယူသုံးတာ ဘယ်လောက်တဲ့လဲ'

'သူတော့ ဘယ်လောက်ရတယ် မဆိုနိုင်ဘူး၊ ရေးထားတာကတော့ ၂၀၀၀ ကျပ်ပဲ'

'အတိုးက ဘယ်လောက်တဲ့လဲ'

'မများပါဘူး၊ ၂၀၀ ကျပ်လောက် ကျမှာပေါ့'

အမှန်အတိုင်းမှာ မေမေသန်းသည် ငွေ ၁၀၀၀ ကျပ်သာ သုံးရသော်လည်း စာချုပ်ထဲတွင် ၂၀၀၀ ကျပ်ဟူ၍ လက်မှတ်ထိုးရ၏။ ချစ်တီးများသည် ငွေ ၁၀၀၀



ကျပ်လျှင် ၁၀ ကျပ်တိုးနှုန်းဖြင့် ချေးကြခြင်းဖြစ်ရာ ဤမျှကြီးမြင့်သော အတိုးနှုန်း ကို ရုံးတော်က ခွင့်ပြုမည်မဟုတ်သောကြောင့် မတော်တဆ တရားစွဲသောအခါ၌ 'အတိုးကိုက်'စေရန်ဆို၍ ငွေရင်းကို နှစ်ဆတိုးပြီး လက်မှတ်ရေးထိုးစေခြင်းဖြစ်၏၊ ရန်ကုန်မြို့၌ ဤနည်းအတိုင်း ချေးသုံးနေကြသော လူစားသမား မြောက်မြားစွာ ရှိကြပေရာ မှန်မှန်ဆပ်လျှင် မူလအတိုင်းဆပ်ကြရသော်လည်း တရားစွဲခံရသော မြီစားများမှုကား နှစ်ဆတိတိ လျှော်ကြထားစွဲဆိုခြင်း ခံကြရလေသည်။

'ဒါက ဘယ်တော့ဆပ်ရမှာလဲရှင်'

'ရက်စေ့တာကတော့ မနေ့ကပဲ၊ သို့သော်လည်း ဆရာကြီးက ခင်ဗျား တော့ ၃ ရက်ခွင့်ပြုပါမယ်တဲ့'

ခင်နုနုသည် အတန်ငယ်စဉ်းစားနေပြီးနောက်...

'ရှင်တို့ဆရာကြီးဆီကို ကျွန်မစာရေးပြီး အကြောင်းပြန်လိုက်ပါ့မယ်'

ထိုလူပြန်သွားသည့်နောက် ခင်နုနုသည် ဧည့်ခန်းမှထလာခဲ့၍ မိမိ၏အ ခန်းသို့မတက်သေးမီ ကျောင်းသားများ၏ စာများညှပ်ထားသည့် စာကြည့်ခန်း အဝသို့ ဝင်ကြည့်သည်နှင့် မိမိနာမည်နှင့်စာတစ်စောင်တွေ့သဖြင့် ယူလာခဲ့၏၊ ခင် နုနုမှာ စာကို လက်၌ကိုင်လာ၍ အခန်းထဲသို့ ဝင်ပြီးလျှင် ခုတင်ပေါ်တွင် ပက်လက် လှန်လျက် စာအိတ်ကို ဖောက်မိသော်လည်း စိတ်ထဲ၌ ငွေ ၂၀၀၀ ကျပ်အတွက်မှ လောင်လျက်ရှိသောကြောင့် တောင်ရောက်မြောက်ရောက် စဉ်းစားစိတ်ကူးမိသည် နှင့် စာရွက်ကိုမဖတ်မိဘဲ လက်ထဲမှလျှောကျသွားသည်ကိုပင် သတိမပြုမိချေ။

"ကိုကျော်သိန်းကတော့ ပြောပေသားပဲ၊ ဒါပေမဲ့ ဘယ့်နှယ်လုပ်မလဲလေ၊ ကိုယ်ချစ်တဲ့သူငယ်ချင်းဆိုတော့ တတ်နိုင်သလောက် ကူညီချင်သေးတာကိုး။ သူ့ ာလည်း ဒီငွေမရရင် ဒုက္ခရောက်ရပါတော့မယ်ဆိုတော့ မကူညီရင် ကိုယ်ရက်စက် ာကျမှာပေါ့။ ကိုကျော်သိန်းက သတိပေးတော့လည်း လက်မှတ်ကထိုးပြီးနေပြီ ဆ၊ အမှန်ကတော့ သူက ကြိုတင်ပြီး သတိပေးပေမဲ့ ကိုယ်ကတော့ ထိုးမှာပါပဲ၊ ဘယ့်နှယ် လုပ်ရပါ့မယ်၊ ကိုကျော်သိန်းကလည်း မတတ်နိုင်။ ဦးလေး ဦးခုဝံက သည်း..."

ခင်နုနုသည် ဦးခုဝံအကြောင်းကို စဉ်းစားမိ၏။ ကွယ်လွန်သူ မွေးဖခင်အား အရက်သမားဆိုသည်နှင့် ကတ်ကြေးဖြင့် လွတ်ခနဲပေါက်လိုက်မိသည့်နောက် ဦးခုဝံသည် စိတ်ဆတ်သောမိန်းကလေးဆို၍ ခင်နုနုအပေါ်တွင် မွေးမယ့်ဘ မိမိ ာင် နေမြဲတိုင်း ဆက်လက်နေထိုင်ဖို့ပြောသေး၏။ သို့ရာတွင် ခင်နုနုသည် 'မြင်း ာမလှုပ် ခုန်ကလှုပ်' ဆိုသော စကားကဲ့သို့ ကတ်ကြေးနှင့်အပေါက်ခံရသော ဦးလေးက စိတ်မဆိုးဘဲ၊ ကတ်ကြေးနှင့်ပေါက်သောသူမှာက မိမိ၏ဖခင်ဘိုး ဤသို့

www.burmeseclassic.com



ချိုးချိုးဖွဲဖွဲ ဆိုရချေသလော အောက်မေ့ကာ ဦးလေးအိမ်မှ ချက်ချင်းဆင်းခဲ့၍ ဝမ်းကွဲအဒေါ်တစ်ယောက်၏ နေအိမ်သို့ ပြောင်းရွှေ့လာခဲ့၏။ ဦးရှုဝံမှာ ဦးလေး တစ်ဝမ်းကွဲဖြစ်၍ အဒေါ်မှာမူ မိခင်ဘက်မှ နှစ်ဝမ်းကွဲတော်စပ်သူဖြစ်လေသည်။ ထို့နောက်မှ အဒေါ်အိမ်၌ ခင်နုနု ဆင်းရဲမည်စိုးသည်နှင့် ရန်ကုန်မြို့ ကွန်ဗင့်ကျောင်းသို့ ကျောင်းအိပ်ကျောင်းစား ပို့ထားလိုက်လေသည်။ ကတ်ကြေးမှုကိစ္စကြောင့် ဦးလေးနှင့် တူမတို့သည် ကြီးပြင်းလာသောအခါ၌ အမှတ်ထားလောက်အောင် မရှိသော်လည်း တစ်ယောက်နှင့်တစ်ယောက် တွေ့ဆုံခြင်းနည်း၍ ကျောင်းစရိတ် တာဝန်ကိုသာ ဦးရှုဝံက မှန်မှန်ထမ်းခဲ့လေသည်။ ဦးရှုဝံ၌အိမ်ထောင်မရှိ၊ ကျော ထောက်နောက်ခံလည်းမရှိ၊ အရင်းအချာဆို၍ ခင်နုနုတစ်ယောက်တည်းသာ ရှိ သော်လည်း တူဝရီးနှစ်ယောက်တို့မှာ ဘဝရေစက်မပါသောကြောင့်ပေလော မဆို နိုင်၊ တစ်ခါတစ်ရံမျှသာ မျက်နှာချင်းဆိုင်တတ်ကြလေသည်။

ခင်နုနုသည် ဦးရှုဝံကို သတိရ၍ အဖြစ်အပျက်ကို စာရေးလျှင်ကောင်းလေ မည်လောဟု စိတ်ကူးမိ၏။ တစ်ခါတစ်ရံ အထည်ဆန်းကလေးများ သူ့တစ်ပါး ဝတ်ကြသည်ကိုမြင်၍ ဦးလေးထံတောင်းစမ်းမည်ဟု စိတ်ကူးဖူးသော်လည်း ယခု ချော့လာသည်ဟု ပြောမည်စိုးသည်နှင့် ကျိတ်၍နေလာခဲ့သော ခင်နုနုသည် ယခု ကဲ့သို့ အကျဉ်းအကျပ်တွေ့ရသည်တွင် အကူအညီတောင်းလျှင် ကောင်းလိမ့်မည် ဟု အကြံဖြစ်ပေါ်လာ၏။ မည်သည့်နည်းဖြင့် အကြောင်းကြားချေမည်နည်း။ စာဖြင့်ရေးလျှင် ဟုတ်ချင်မှဟုတ်မည်၊ လူကိုယ်တိုင် ပြောပြလျှင် သာ၍ကောင်း လိမ့်မည်။ ဦးရှုဝံမှာလည်း ဆေးစားရန်အတွက်ဆို၍ ရန်ကုန်မြို့သို့ ဆင်းလာပြီး လျှင် အလုံရပ်ကွက် မစ်ရှင်လမ်း(မင်းရဲကျော်စွာလမ်း)တွင် အိမ်ကြီးတစ်လုံးငှား၍ နေထိုင်လျက်ရှိသည်။

ခင်နုနုသည် ကျောင်းမှဆင်းလာ၍ တက္ကစီတစ်စီးနှင့် မစ်ရှင်လမ်း(မင်းရဲ ကျော်စွာလမ်း)ဘက်သို့ ထွက်လာသောအခါတွင် နေဝင်ရီတရောအချိန် ရှိခဲ့လေပြီ။ နက်ဖြန်လာလျှင် ဖြစ်နိုင်သော်လည်း ခင်နုနုမှာ ဘူးဖရုံမကွဲဘဲ အိပ်ပျော်နိုင်မည် မဟုတ်သည်နှင့် စိတ်မြန်သောမိန်းကလေးဖြစ်သည်အလျောက် ချက်ချင်းထွက် လာခဲ့ခြင်း ဖြစ်၏။ ဤအချိန်တွင် ဘတ်စ်ကားနှင့်သွားခြင်းထက် တက္ကစီက လုံခြုံသည်ဟူ၍လည်း တွက်ကိန်းရလေသည်။

ခင်နုနုသည် တက္ကစီကို ဝင်းတံခါးတွင် ရပ်ထားခဲ့၍ ဝင်းကြီးထဲသို့ ဝင်လာ ခဲ့ပြီးသည့်နောက် ဆင်ဝင်အောက်သို့ရောက်သောအခါ အိမ်ကြီးထဲတွင် ခပ်မှောင် မှောင်ရှိနေသဖြင့် ဦးရှုဝံရှိမှရှိပါလေ၏လောဟု ရပ်တန့်စဉ်းစားမိ၏။ ဤအချိန်တွင် အိမ်နံဘေးရှိ မြက်ခင်းပေါ်၌ နေတတ်ကောင်း၏ဟူသော တွေးချက်ဖြင့် အိမ်ကြီးထဲ



ဖြတ်သန်းကာ လျှောက်လာခဲ့၏။ ဦးရှုဝံ ဝါသနာတစ်ခုမှာ နေဝင်ရီတရောအချိန် များတွင် မြက်ခင်းပေါ်၌ ကြိမ်ကုလားထိုင်လက်တင်၌ရှိသော အပေါက်တွင် ဆန် ချတ်စွပ်လျက် ဘီယာကလေးတစ်ကျိုက်ကျိုက်၊ စီးကရက်လေး တဖွာဖွာဖြင့် နိမိ ညတတ်ခြင်းကိုလည်း ခင်နုနုမှတ်မိ၏။

ခင်နုနုသည် အိမ်ကြီးကိုဖြတ်ထွက်၍ မြက်ခင်းပေါ်သို့ ဆင်းလာသောအခါ အိမ်နံဘေးရှိ ဘတ်(ဒ)မင်တန်ကုတ်အနီးတွင် ရွက်ဖျင်ကုလားထိုင်တစ်လုံးပေါ်၌ ထိုင်ကာစဉ်းစားဟန်နှင့် ငေးလျက်ရှိသော ဦးရှုဝံကို မြင်၏။ ဦးရှုဝံသည် ထိုအခိုက် တွင် ခင်နုနုဘက်သို့ ကျောခိုင်းလျက် ရှိသောကြောင့် ခင်နုနုကို မမြင်ဘဲရှိရာ ခင်နုနုကလည်း မြက်ခင်းပေါ်တွင် ဖြည်းညင်းစွာလျှောက်လာခြင်းဖြစ်၍ ခြေသံမ ကြားချေ။ ခင်နုနုမှာ ဦးလေးအားပြောပြမည်ဟု လာခဲ့ခြင်းဖြစ်သော်လည်း အနီးသို့ ရောက်သောအခါတွင် ပြောရမည်ကို ရှုံ့တွံ့တွံ့ရှိသည်နှင့် ခြေဖျားထောက်၍ လျှောက်မိခြင်းဖြစ်လေသည်။

ဦးရှုဝံသည် ကုလားထိုင်ရှေ့တွင် စားပွဲနိမ့်ကလေးတစ်ခုခင်း၍ စာရေးနေ သည့်လက္ခဏာ ရှိ၏။ ၎င်း၏လက်ယာဘက် တံတောင်ဆစ်အနီး၌ကား ဖန်ခွက် တစ်လုံးရှိရာ ခင်နုနုသည် ဖန်ခွက်ကိုလှမ်းကြည့်လိုက်သောအခါ၌ အရောင်မရှိ သော အရည်တစ်ဝက်ခန့်ရှိသည်ကို မြင်ရသဖြင့် ဘီယာမဟုတ်နိုင်၊ ရေရိုးရိုးဖြစ်ရ မည်ဟု တွေးမိ၏။ ဦးရှုဝံသည် ရှေ့သို့ငေးကြည့်နေရာမှ စာရွက်ကိုလှမ်းကြည့်၍ ဖန်ခွက်ကို လက်ဖြင့်ကိုင်လိုက်၏။ သို့ရာတွင် စာရွက်၌စိတ်ဝင်စားနေသည့်လက္ခ ဏာနှင့် ဖန်ခွက်ကို ပြန်ချထားလိုက်၏။ ခင်နုနုသည် နောက်တည့်တည့်မှရပ်လျက် ဤအခြင်းအရာများကိုကြည့်နေစဉ် ဦးလေးအား ပြောပြရမည်ကို တွန့်လာသည် နှင့် မိမိအားမမြင်သေးမီ လှည့်ထွက်လာ၍ စာဖြင့်ရေးသားပြောပြပါတော့မည်ဟု အကြံဖြစ်ပေါ်လာ၏။ သို့ရာတွင် ဦးရှုဝံက ကုလားထိုင်ပေါ်၌ နေရာပြင်၍ထိုင် လိုက်သည့်အတွက် ချက်ခနဲမြည်သွားသည်နှင့် ခင်နုနုမှာ ဆတ်ခနဲ ရပ်လိုက်မိပြန် တော့သည်။ ဤအချိန်တွင် အိမ်ကြီး၏အနောက်ဘက် ကွက်လပ်နေရာ ဖြစ်သော ကြောင့်သာလျှင် စားပွဲပေါ်ရှိစာရွက်မှ စာလုံးများကို ရေးရေးကလေး မြင်နိုင်တော့ သည်ဖြစ်ရာ အိမ်အတွင်း၌မူကား မှောင်မည်းလျက်ရှိလေပြီ။

နောက်ဆုံး၌ ခင်နုနုသည် စာဖြင့်ရေးသားအကြောင်းကြားပါတော့မည် ဟူသော အကြံအစည်အတိုင်း ထိုနေရာမှ ဆုတ်ခွာခဲ့ပြီးလျှင် မှောင်နေသောအိမ် အတွင်းမှမဖြတ်ဘဲ အိမ်နံဘေးမှပတ်၍ လျှောက်လာဆဲတွင် လူတစ်ယောက်သည် ဘွားခနဲပေါ်လာ၍ ခင်နုနု၏လက်မောင်းကို ဆုပ်ကိုင်လျက် 'ဘယ်သူလဲ၊ ဘာလာ လုပ်တာလဲ' ဟု ရုတ်တရက်မေးလိုက်၏။

www.burmeseclassic.com



'လွှတ်ပါ၊ မကိုင်ပါနဲ့၊ ကျွန်မ…'

'ခင်းထဲမှာ ဘာလာလုပ်တာလဲ ဟင်'

'ကျွန်မ သူ့တူမပါ'

'နားမလည်ဘူး၊ လာ လိုက်ခဲ့'

'ဘယ်ကိုလဲ'

'ဆရာကြီးဆီကို ခေါ်သွားရမယ်၊ လာ'

ဤသူမှာ မာလီကုလားအဘိုးကြီးဖြစ်လေရာ မာလီသည် သစ္စာရှိသော အစေခံတစ်ယောက်ဖြစ်သည့်အတိုင်း ခင်နုနု၏လက်ကလေးကို အတင်းကိုင်ဖမ်း၍ ဆွဲခေါ်မည်ပြု၏။ ခင်နုနုလည်း ကုလားအဘိုးကြီးတစ်ယောက်က ပယ်ပယ်နယ်နယ် ဆွဲကိုင်ခြင်းကို ရှက်လည်းရှက်၊ ရွံလည်းရွံသည်နှင့် မိမိ၏လက်မောင်းကို လွှတ်အောင်ရုန်းပြီးနောက် ကုလားကြီး၏ရင်ဘတ်ကို လက်နှစ်ဖက်ဖြင့် အားကုန် ဘွန်းလိုက်ရာ ကုလားအဘိုးကြီးမှာ ပက်လက်လန်လဲကျ၍ အုတ်ခုံစွန်းကို ဦးခေါင်းနှင့်ရိုက်မိသဖြင့် ခွပ်ခနဲမြည်သံနှင့် 'အဘား' ဟု အော်လိုက်သော အသံတို့သည် တစ်ပြိုင်နက်တည်းကဲ့သို့ ဖြစ်ပေါ်လာတော့သည်။

ကုလားအဘိုးကြီးမှာ လဲကျသောနေရာ၌ပင် မလှုပ်မရှားဘဲ ပက်လက်ကြီး လန်လျက်ရှိရာ ခင်နုနုလည်း သေလေသလောဟု စိုးရိမ်သည်နှင့် အနီးသို့ ချဉ်းကပ်၍ 'ဘယ့်နှယ်နေသလဲ' ဟုမေးသော်လည်း မည်သို့မျှပြန်မဖြေနိုင်တော့ ချေ။ ဤတွင် ကုလားကြီး၏ဦးခေါင်းသည် အုတ်ခုံစွန်းနှင့် ရိုက်မိသည်ဟု သိမြင် ရသော ခင်နုနုမှာ သေရာပြီအထင်နှင့် ထိတ်လန့်တုန်လှုပ်လာ၍ ခြေဦးတည့်ရာ ပြေးထွက်လာပြီးလျှင် တက္ကစီပေါ်သို့ ကတိုက်ကရိုက် တက်လိုက်မိ၏။

တက္ကစီသမားလည်း ပျာယီးပျာယာအမူအရာကိုမြင်သည်နှင့် 'ဘာဖြစ် လာတာလဲ' ဟု မေးလိုက်ရာ ခင်နုနုက 'အဘိုးကြီးသေရာပြီလား မဆိုနိုင်ဘူး' ဟု ပြန်ပြော၏။

ထိုခဏ၌ ဦးရှုဝ်၏ ဝင်းခြံထဲမှ 'ပတ်ကရိုက် ပတ်ကရိုး' ဟူသော အသံများ ပေါ်ထွက်လာရာ ထိုအသံများမှာ မာလီအဘိုးကြီး၏ အသံဖြစ်သည်ဟု ခင်နုနု သိသည်နှင့် အသက်မသေသဖြင့် တော်ပါသေး၏ဟု အောက်မေ့၏။ သို့သော် တက္ကစီသမားကိုမူ 'မောင်းပါ၊ မောင်းပါ၊ ပြန်ကြပါစို့' ဟုပြောရာ ဒရိုင်ဘာသည် မသင်္ကာသောအမူအရာနှင့် 'ဘာလုပ်ခဲ့တာလဲ၊ ဆိုစမ်းပါဦး' ဟု မေးခွန်းထုတ်၍ ဖင့်နွှဲ့နေသေး၏။

❖



နောက်တစ်လခန့်ကြာသောအခါ နာမည်ကျော်အင်္ဂလိပ်ဝတ်လုံကြီး မစ္စတာနော်တင်သည် ကိုကျော်သိန်း၏အလုပ်ခန်းသို့ဝင်လာ၍ စားပွဲ၌ ခေါင်းထောက်ကာ မှိုင်လျက်ရှိသော ကိုကျော်သိန်း၏ပခုံးကို လက်ဖြင့်ပုတ်လျက် 'စိတ်တင်းစမ်း ပေါ့ လူကလေး၊ ဒီလောက်အားလျှော့လို့ ဘယ်မှာနေရာကျမှာလဲ' ဟု အားပေး စကား ပြော၏။

'ကျွန်တော်ဖြင့် သိပ်စိတ်ရှုပ်တယ်ဗျာ၊ ခင်နုနုဟာ ဘယ်လိုနည်းနဲ့မှ ဒီ လောက်ယုတ်မာတဲ့အလုပ်တစ်ခုကို မကြံစည်ဘူးဆိုတာ ကျွန်တော်ကောင်း ကောင်းသိတယ်ခင်ဗျ။ ဒီအမှုမှာ တိုက်ရိုက်သက်သေဆိုလို့ သူတို့ဘာများ ပြသ နိုင်သလဲခင်ဗျာ'

'တိုက်ရိုက်သက်သေလို့တော့ သူတို့မပြနိုင်ဘူးပေါ့၊ သို့သော် အဖြစ်အ ပျက်တစ်ခုနဲ့တစ်ခု ဆက်စပ်ပြီး ကြည့်မယ်ဆိုရင် တရားခံမလေးအတွက် တော် တော်အရုပ်ဆိုးနေတယ် မောင်ကျော်သိန်း။ ဒီဟာမျိုးက တော်တော်ချေပဖို့ခက် တယ်။ မျက်စိနဲ့ ဒိဋ္ဌမြင်ပါတယ်ဆိုတဲ့ သက်သေမျိုးကမှ မုသားသက်သေဖြစ်ပါ တယ်၊ ဘယ်အမှုတုန်းက ဒီလူသက်သေလိုက်ဖူးပါတယ်၊ ဘာတယ် ညာတယ် ဆိုပြီး သူ့စကားကို မယုံကြည်ထိုက်အောင် ဖျက်ချနိုင်သေးတယ်။ ယခု အမှုမျိုး ကတော့ အဖြစ်အပျက်များ ကိုယ်တိုင်က တစ်ခုကိုတစ်ခု ထောက်ခံသလို ဘောင် ခတ်ပြီး အံကိုက်နေလေတော့ ဖျက်ချဖို့ သိပ်ခဲယဉ်းတယ် မောင်ကျော်သိန်း'

'ဘာပြောပြော ခင်နုနုဟာ ဒီလိုအလုပ်မျိုးကို မပြုတာကတော့ အမှန်ပါ မစ္စတာနော်တင်၊ စိတ်ဆတ်သူတစ်ယောက်ဖြစ်လို့ ဒေါသအလျောက် လုပ်မိလုပ် ရာ လုပ်ချင်လုပ်မိမယ်။ ယခုလို အချိန်ယူပြီး စဉ်းစဉ်းစားစား တမင်တကာ ယုတ် ယုတ်မာမာတော့ ဘယ်နည်းနဲ့မျှ လုပ်မယ့်သူ မဟုတ်ပါဘူး မစ္စတာနော်တင်၊ ကျွန်တော်သိပါတယ်'

ဝတ်လုံတော်ရကြီး မစ္စတာနော်တင်သည် စားပွဲ၏အခြားဘက်၌ရှိသော ကုလားထိုင်တွင် ထိုင်လျက် လက်ပိုက်ကာ ကိုကျော်သိန်းအားကြည့်ရင်း ဦးခေါင်း ခါယမ်းလေသည်။ သူ၏မျက်နှာထားကား ဣန္ဒြေကြီးဘိ၏။

'မောင်ကျော်သိန်းက အမှန်သိတယ်ဆိုတာလည်း ဟုတ်ပေမှာပဲ၊ သို့သော် ဥပဒေအမြင်နဲ့တော့ တရားခံမကလေးအတွက် အင်မတန်အရုပ်ဆိုးနေတယ် မောင် ကျော်သိန်း။ စဉ်းစားကြည့်ဦးလေ၊ သူ့မှာ အာမခံကြေးပူလို့ ငွေ ၂၀၀၀ ကျပ်လောက် လိုနေတာအမှန်။ ဒီငွေကလည်း လောလောဆယ် ဆပ်မှဖြစ်မယ်ဆိုတယ်၊ ထို့နောင် အာလကပ္ပချစ်တီးဆီက စာရေးတစ်ယောက်စေလွှတ်ပြီး အကြောင်းကြားပြီးတဲ့ နောက် များမကြာမီအတွင်းမှာ စာတစ်စောင်သူ ရတယ်။ စာသိတ်ကို အောက်ကြီး

www.burmeseclassic.com



စာရွက်ကို ခုတင်ပေါ်မှာ တွေ့ရခြင်းကို ထောက်ခြင်းအားဖြင့် ၎င်းစာရွက်ကို ခင်နုနုဖတ်ရတယ်လို့ ယူဆရလိမ့်မယ်။ စာထဲမှာ ဘယ်လိုပါသလဲ၊ မြေပိုင်ရှင် ဦးရွှဝံက မိမိသေတဲ့အခါမှာ အမွေပစ္စည်းအားလုံးကို တူမလေးခင်နုနုသို့ အမွေစားအမွေခံအဖြစ်နှင့် လွှဲပေးပါသည်ဆိုတဲ့ အကြောင်းကို ဦးရွှဝံကိုယ်တိုင် ရေးသားအကြောင်းကြားလိုက်တဲ့စာ ဖြစ်တယ်။ ဒီစာကို ခင်နုနုဖတ်ရတဲ့အခါမှာ ဘယ်လိုစိတ်ကူးဖြစ်ပေါ်လာလိမ့်မလဲ။ ငါ့ဦးလေး မရှိရင် သူ့အမွေတွေကို ငါရတော့မယ်လို့ စဉ်းစားမိမယ်မဟုတ်ဘူးလား။ ဖြစ်ရပုံက သူ့လက်ထဲမှာ "ပိုတက်ဆီယံ" အဆိပ်ဘူးကလည်း ရှိနေတယ်။ ဒီတော့ ဘာလုပ်သလဲ၊ ဦးရွှဝံအိမ် ချက်ချင်းသွားတော့တာပေါ့။ မာလီကုလားကြီးကလည်း သူ့ကိုမြင်လိုက်ရပါတယ်လို့ အစစ်ခံတယ်ဆိုမဟုတ်လား။ ဒီတော့ကာ အိမ်နံဘေးမှ ခြေသံမကြားအောင် ဖြည်းဖြည်းကလေးသွားပြီးသူသောက်နေတဲ့ ဖန်ခွက်ထဲကို နောက်ကနေပြီး တိတ်တိတ်ကလေး ထည့်ပေးလိုက်ရင် ဖြစ်နိုင်တယ်မဟုတ်ဘူးလား။ ပြီးတော့ တစ်ချက်ကလည်း သူ့ကို ဦးရွှဝံက ကျောင်းထားပေးခြင်းမှန်သော်လည်း သူတို့တူဝရီးတစ်ယောက်နဲ့တစ်ယောက် ချစ်ခင်ကြင်နာခြင်းနည်းပါးကြောင်း၊ ငယ်စဉ်က ဦးရွှဝံရဲ့မျက်နှာကို ကတ်ကြေးနဲ့ပေါက်ဖူးလို့ ပါးမှာအမာရွတ်ဖြစ်ရတဲ့အကြောင်းကို သူကိုယ်တိုင်က ဝန်ခံတယ်မဟုတ်လား'

ထိုအတောအတွင်း၌ ကိုကျော်သိန်းမှာ ရည်းစားအပူကြောင့်မှိုင်တွေချကာ နားထောင်လျက်ရှိရာ ဝတ်လုံတော်ရ မစ္စတာနော်တင်သည် အမှုတွဲကို လှမ်းယူ၍ အလိုရှိသောစာမျက်နှာကို လှန်လှောကာ ရှာဖွေပြီးနောက်...

'ဟောဒီမှာ နားထောင်စမ်း၊ တရားခံစစ်ချက်ထဲမှာ ထွက်ဆိုထားပုံက "စားပွဲကလေးပေါ်တွင် လက်ယာဘက်တံတောင်ဆစ်အနီး၌ ဖန်ခွက်တစ်လုံးရှိနေသည်ကို သူ့နောက်မှကြည့်၍ မြင်ရပါသည်"တဲ့ ဆိုထားပါတကား'

မစ္စတာနော်တင်သည် အမှုတွဲကိုပိတ်လိုက်၍ ကိုကျော်သိန်း၏မျက်နှာကို စူးစိုက်သော မျက်လုံးဖြင့် လှမ်းကြည့်လိုက်၏။ ထို့နောက်မှတစ်ဖန် အမှုတွဲတစ်နေရာသို့ လှန်ကြည့်ပြန်လျက်...

'ဟောဒီမှာ တစ်ချက်ဆိုပြန်တယ်၊ တရားခံကို မာလီကုလားကြီးက တွေ့၍ ဆွဲထားပါသည်။ တရားခံသည် ကုလားကြီးကို တွန်းလှဲထားပြီးနောက်... တက္ကစီဒရိုင်ဘာရှိနေသော နေရာသို့ မောကြီးပန်းကြီး ပြေးလာသည်ကို ဒရိုင်ဘာက တွေ့မြင်ရပါသည်။ တရားခံကိုယ်တိုင်က "အဘိုးကြီးသေရှာပြီလား မဆိုနိုင်ဘူး" ဟု ဒရိုင်ဘာအား ပြောပါသည်။ ကိုင်း...ဘယ့်နှယ်လဲသေရှာပြီလား မဆိုနိုင်ဘူးတဲ့'



'ဒါက ဦးရွှဝံကိုဆိုတာ မဟုတ်ပါဘူး၊ မာလီကုလားကြီးကို ဆိုလိုပါတယ်'

'ဘယ်သူ့ကိုဆိုလိုတယ် မပြောတတ်ဘူးလေ၊ သူ့ပါးစပ်က ဒီလိုဆိုလိုက်မိတာကတော့ အမှန်ပဲမောင်ကျော်သိန်း။ ဦးရွှဝံဆီက ပို့လိုက်တဲ့စာကို သူမဖတ်မိသေးပါဘူးတဲ့။ အိပ်ရာပေါ်မှာ လွှင့်ကျပြီး ဒီအတိုင်းထားခဲ့မိပါတယ်တဲ့၊ ပြောတာပဲ၊ နို့ပေမဲ့ စာအိတ်ကို သူကိုယ်တိုင် လက်နဲ့ဖွင့်ပြီးတဲ့နောက် စာအိတ်ထဲကစာကို ဖတ်မကြည့်ရသေးပါဘူးဆိုတာကတော့ ယုံကြည်နိုင်ဖို့ တော်တော်ခဲယဉ်းတာပဲ။ ပြီးတော့ ပိုတက်ဆီယံအဆိပ်ဘူးကလည်း သူ့ဆီမှာ တွေ့ရတယ်။ ဦးရွှဝံရဲ့အလောင်းအနီးမှာတွေ့တဲ့ ဖန်ခွက်ထဲမှာလည်း ပိုတက်ဆီယံအဆိပ်ကိုပဲ တွေ့ရတယ်။ ဒီအချက်တွေအားလုံး ပေါင်းစပ်ကြည့်လိုက်ရင် အပြစ်ရှိတယ်လို့ ဆုံးဖြတ်ဘဲ့ဂျူရီလူကြီးက များလိမ့်မယ်ထင်တယ် မောင်ကျော်သိန်း'

ထိုအမှုကို ဟိုက်ကုတ်ရုံးတော်ကြီး၌ စစ်ဆေးစဉ်အခါက တရားခံမှာ ရုပ်ရည်ချောမောရုံသာမက ဆေးကျောင်း၌ အမ်ဘီဘီအက်(စ်)ပညာသင်ကြားနေသည့် ဆေးကျောင်းသူတစ်ယောက်လည်းဖြစ်သည့်အလျောက် တစ်မြို့လုံးစိတ်ဝင်စားသဖြင့် လာရောက်နားထောင်ကြသော မြို့သူမြို့သားများမှာ တစ်ရုံးလုံးပြည့်ကျပ်၍ နေရာမရနိုင်အောင် ရှိကြတော့သည်။

အစိုးရရှေ့နေကြီး မစ္စတာရတ်တလက်သည် ထုံးစံအတိုင်း တရားလိုဘက်မှ လိုက်ရန်ဖြစ်၍ တရားခံအတွက်မှာမူ မစ္စတာနော်တင်ကို ကိုကျော်သိန်းက ငှားထားလေသည်။ ကိုကျော်သိန်းကိုယ်တိုင်မှာ အစိုးရလက်ထောက်ရှေ့နေဖြစ်၍ မစ္စတာရတ်တလက်ကို ကူညီရန်ဝတ္တရားရှိသော်လည်း အစိုးရရှေ့နေကြီးသည် တရားခံမကလေးနှင့် ကိုကျော်သိန်း၏အဖြစ်အပျက်ကို သိသည်နှင့် မိမိရည်းစားကို မိမိအပြစ်ရအောင် ကူညီလျှောက်လဲရမည့်တာဝန်မှ ခွင့်လွှတ်လိုက်လေသည်။ ကိုကျော်သိန်းသည် ဝတ်လုံမစ္စတာနော်တင်ကိုငှား၍ ထိုနေ့၌ ၎င်းနှင့်အတူ ရုံးတော်သို့ လိုက်ပါလာခဲ့လေသည်။

ရုံးသို့ရောက်ကြသောအခါ မစ္စတာနော်တင်အား အစိုးရရှေ့နေကြီးက တွေ့လိုသည်ဆိုသဖြင့် မစ္စတာနော်တင်သည် ရှေ့နေကြီး၏ ရုံးခန်းသို့လိုက်သွားရာ ကိုကျော်သိန်းတစ်ယောက်တည်းသာလျှင် ရှေ့နေများအခန်း၌ ကျန်ရစ်၏။ အခြားသော ဝတ်လုံမိတ်ဆွေများသည် ကိုကျော်သိန်းအကြောင်းကိုသိ၍ အားပေးစကားပြောကြသော်လည်း ကိုကျော်သိန်းမှာကား မည်သူ၏စကားမျှနားမထောင်ဘဲ မှိုင်ငေးငေးလျက် မစ္စတာနော်တင်ကိုသာ မျှော်မိတော့သည်။ ၁၅ မိနစ်ခန့်ကြာ၍ မစ္စတာနော်တင် ရောက်လာသည့်အခါ ရွှင်ပျသောမျက်နှာထားဖြင့် ဦးခေါင်းညိတ်လိုက်သည်ကို ကိုကျော်သိန်းမြင်ရသော်လည်း ၁၁ နာရီထိုးနေပြီဖြစ်၍ ခေါ်ခြင်းသို့

www.burmeseclassic.com



အချိန်မရှိဘဲ တရားခွင်သို့ ဝင်သွားကြလေရာ အစိုးရရှေ့နေကြီးလည်း ချက်ချင်းပင် ရောက်လာတော့သည်။

ကိုကျော်သိန်းသည် မျက်နှာထားတင်းတင်းနှင့် မတ်တတ်ရပ်လျက်ရှိသော တရားခံခင်နုနုကို တရားခံနေရာ၌ မြင်လိုက်ရသော်လည်း ရင်ထဲ၌လှိုက်လာသည်နှင့် မျက်လုံးချင်းမဆိုင်ဝံ့ဘဲ မျက်နှာလွှဲလိုက်ရလေသည်။

နောက်တခဏ၌ တစ်ရုံးလုံး ဝုန်းခနဲထလိုက်ကြသဖြင့် ကိုကျော်သိန်းလည်း မော့ကြည့်လိုက်သည်တွင် တရားသူကြီးဝင်လာ၍ တရားခွင်၌ထိုင်လိုက်သဖြင့် ပရိသတ်အားလုံးထိုင်ကြတော့သည်။ တစ်ခဏကြာသော် အစိုးရရှေ့နေကြီး မစ္စတာ ရတ်တလက်သည် ထိုင်ရာမှထလျက်...

'တရားသူကြီးမင်းခင်ဗျား၊ ဤအမှုတွင် တရားလိုဘက်မှ ကျွန်တော် လျှောက်လဲဖို့ လိုတော့မည်မဟုတ်ပါ။ ကလေးမြို့သို့ ကျန်းမာရေးအတွက် ခေတ္တသွားရောက်အနားယူလျက်ရှိသော ဒေါက်တာတင်ရွှေထံမှ ကြေးနန်းတစ်စောင် ရရှိပါသည်။ ၎င်းကြေးနန်းတွင် ကွယ်လွန်သူ ဦးရှုဝံထံမှ စာတစ်စောင် ရရှိဖူးကြောင်း၊ ဦးရှုဝံသည် ၎င်းထံသို့ ရောဂါအတွက် လာရောက်စုံစမ်း၍ ကုသနိုင်သော ရောဂါမဟုတ်ကြောင်းဖြင့် ဒေါက်တာတင်ရွှေက အတိအလင်းပြောပြလိုက်သည်တွင် ဦးရှုဝံမှာ လူ့ပြည်တွင် ကြာရှည်နေ၍ အကျိုးမရှိတော့ဟု ဆုံးဖြတ်ပြီးလျှင် "ပိုတက်ဆီယံ"အဆိပ်သောက်သေဖို့ ပြဋ္ဌာန်းလိုက်သည်ဟု ဆိုပါကြောင်း၊ ဦးရှုဝံက ဒေါက်တာတင်ရွှေထံသို့ ပေးပို့လိုက်သောစာမှာ ၎င်း၏လက်ဝယ်သို့ ရတ်တရက် ရောက်မလာဘဲ ယမန်နေ့ကမှ လက်ခံရရှိသည်ဟုဆိုပါကြောင်း၊ ဦးရှုဝံ၏စာကို ဖတ်ရှုရသောအခါ ဦးရှုဝံကို သတ်မှုနှင့်ဖမ်းဆီး၍ တရားစွဲဆိုထားသော တရားခံမိန်းကလေးအမှုကို ချက်ချင်းသတိရသည်နှင့် ကျွန်တော် အစိုးရရှေ့နေကြီးထံသို့ ကြေးနန်းရိုက်လိုက်ရခြင်း ဖြစ်သည်ဆိုပါကြောင်း၊ ဒေါက်တာတင်ရွှေကိုယ်တိုင်မှာလည်း ဤအမှု၌ သက်သေခံရန်အတွက် ဦးရှုဝံ၏စာနှင့်တကွ လိုက်လာပြီဟု ဆိုပါကြောင်း၊ သို့ဖြစ်၍ ဤအမှုကို ဒေါက်တာတင်ရွှေ ရောက်လာသည့်တိုင်အောင် ရွှေ့ဆိုင်းစေလိုပါသည်'ဟု လျှောက်ထားလေ၏။

❖

ဒေါက်တာတင်ရွှေ ရောက်လာသောအခါ၌ ထိုအမှုကို ဆက်လက်စစ်ဆေးရာတွင် အရေးကြီးသော အချက်မှာ ဒေါက်တာတင်ရွှေထံသို့ ဦးရှုဝံက ရေးသားသည့်စာသည် ဦးရှုဝံ၏လက်ရေးနှင့်လက်မှတ် ဟုတ်မဟုတ် စုံစမ်းစစ်ဆေးရန်မျှသာ လိုပေတော့သည်။ ဤတွင် လက်ရေးပညာဘက်ဆိုင်ရာ "အိတ်စပတ်"အရာရှိ



ကို ခေါ်ယူ၍ ဦးရှုဝံရေးဖူးသောလက်ရေးနှင့် ထိုးဖူးသော လက်မှတ်တို့နှင့် နှိုင်းသ‌ုဒ် တိုက်ဆိုင်ကြည့်သောအခါ စိတ်ထဲ၌ အကြီးအကျယ် ထိခိုက်တုန်လှုပ်နေခိုက်တွင် ရေးထိုးထားဟန်နှင့် အနည်းငယ်လက်တုန်ဟန် တူခြင်းမှတစ်ပါး၊ ဦးရှုဝံ၏ လက်ရေးဖြစ်ရမည်မှာ ယုံမှားဖွယ်ရာမရှိကြောင်းနှင့် ထွက်ဆိုလေသည်။

တရားသူကြီး။ ။'နေစမ်းပါဦး ဒေါက်တာ၊ ခင်ဗျားက ကုမရတဲ့လူနာဆိုရင် ကုမရတော့ဘူးလို့ တစ်ခါတည်း ဖွင့်ပြောလိုက်တာပဲလား'

ဒေါက်တာ။ ။'မှန်ပါတယ်၊ ကျွန်တော့်ဝါသနာက ဒီအတိုင်းရှိပါတယ်'

တရားသူကြီး။ ။'ဘာကြောင့်'

ဒေါက်တာ။ ။'ကုမရမှန်းသိလျက်နဲ့ ညာဖြန်းပြီးပိုက်ဆံယူတယ်လို့ လူပြောမခံချင်လို့ပါ တရားသူကြီးမင်းခင်ဗျား'

တရားသူကြီး။ ။'မဟုတ်သေးပါဘူးလေ၊ ဒီလိုယတိပြတ်ပြောလို့ လူနာတွေ စိတ်ပျက်ပြီး လုပ်မိလုပ်ရာ လုပ်ကုန်မှဖြင့် မခက်ပေဘူးလား ဒေါက်တာ'

ဒေါက်တာ။ ။'မှန်လှပါ၊ နောက်နောင် ကျွန်တော် စဉ်းစားပါဦးမယ်ခင်ဗျား'

တရားခံမှာ အပြစ်မရှိကြောင်း ထင်ရှားသည်ဆို၍ တရားသေ လွှတ်လိုက်သည်လည်းမှန်၏။ ခင်နုနုမှာ ဦးရှုဝံ၏ လယ်ယာချောင်းမြေအမွေအနှစ်များကို ဆက်ခံရ၍ ကိုကျော်သိန်းနှင့် ထိမ်းမြားလက်ထပ်သည်လည်းမှန်၏။ သို့ရာတွင် ကိုကျော်သိန်းမှုကား လူသတ်မှုများနှင့် ပတ်သက်၍ တရားခံအပြစ်ရစေရန် တရားလိုဘက်မှ လျှောက်လဲရခြင်းတည်းဟူသော အစိုးရရှေ့နေအလုပ်ကို အကြီးအကျယ် သံဝေဂရသွားခဲ့လေပြီ။

'နောက်များတော့ တန်ပြီခင်ဗျာ၊ လူသတ်မှုဆိုရင် ကျွန်တော့်မျက်စိနဲ့ ကိုယ်တိုင်မြင်ရမှပဲ ယုံချင်တော့တယ်။ အစိုးရရှေ့နေအဖြစ်နဲ့ တရားခံအပြစ်ရအောင် အမြဲထာဝစဉ်လျှောက်လဲရတဲ့ ဝတ္တရားမျိုးတော့ ကျွန်တော်ကြောက်သွားပြီခင်ဗျာ'ဟု အစိုးရရှေ့နေကြီးအားပြောပြီးလျှင် လက်ထောက်အစိုးရရှေ့နေရာထူးမှ နုတ်ထွက်လိုက်တော့သည်။

သို့ဖြစ်၍ ရာဇဝတ်မှု လျှောက်လဲခြင်းအလုပ်တွင် အစအနကောင်းသော လူတစ်ယောက်ဖြစ်ပါလျက်၊ မယားတစ်ယောက်ရသည်တွင် တရားမမှုသက်သက်လိုက်သော ရှေ့နေတစ်ယောက်ဖြစ်သွားသဖြင့် နှမြောဖို့ကောင်းသော ဝတ်လုံ ကိုကျော်သိန်းဟူ၍ ရှေ့နေလောကတွင် ယနေ့တိုင်ပြောစမှတ်ပြုလျက် ရှိကြသတည်း။

[ရှုမဝ၊ အတွဲ(၆)၊ အမှတ်(၆၁)၊ နှစ်လ ၁၉၅၂]

■

www.burmeseclassic.com

# ကံကောင်းတဲ့ ခွေး

စီးပွားဥစ္စာ ရှာမှီးကြရာတွင် စင်ကြယ်သည်၊ မစင်ကြယ်သည်ကို ရပ်တန့် စစ်ဆေး သူနည်းပါး၍ ထောင်ဒဏ်အပြစ်လွတ်လျှင် ပြီးရောဆိုသောသဘောနှင့် ရှာမှီးကြ သူတို့သာများ၏။ မိလျှင် ထောင်ဒဏ်သင့်မည်ဟု နားလည်စေကာမူ မိဖို့လမ်း နည်းသည်ဟုထင်လျှင် အခွင့်ကောင်းကို လက်မလွှတ်နိုင်သူတို့ အနမတဂ္ဂ ပေါ မျှားလှ၏။ တကယ့်အမှန်သဘောနှင့် စစ်ဆေးရလျှင် ခိုးမှုနှင့်ထောင်ဒဏ် ခံရ တစ်ယောက်ရှိတိုင်း ကံကောင်း၍ ထောင်မကျသူဆယ်ယောက်ထက်မနည်း ရှိ မည်ထင်၏။ ထို့ကြောင့် လောက၌ စီးပွားဖြစ်ခြင်း၊ မဖြစ်ခြင်းသာမက ထောင်ကျ ခြင်း၊ မကျခြင်းသည်ပင်လျှင် ကံကောင်းခြင်း၊ မကောင်းခြင်းအပေါ်တွင် တည် နေသည်ဟု ဆိုချင်တော့သည်။

ကံတရားသည် အလွန်ဆန်းကြယ်၍ **"ကမ္မ အစိန္တေယျ– ကံ၏ ဆန်း** ကြယ်ပုံကို မကြံရာ၊ မကြံအပ်" ဟူ၍ ဟောတော်မူ၏။ ကောင်းရောင်းကောင်းဝယ် ပြုလုပ်သည်ဖြစ်စေ၊ "မကောင်းတရောင်း" အလုပ်ဖြစ်သည့် ခိုး တိုက် လုယက် စားသည်ဖြစ်စေ၊ "ကံဆောင်မှပြောင်" ဆိုသောစကားသည် မှန်၏။ ကောင်းရောင်း ကောင်းဝယ်ခေါ်သည့် Business အလုပ်တစ်ခု၌ ဉာဏ်၊ ဝီရိယ ကောင်းချင်မှ ကောင်းစေ ဝမ်းဝရုံသာ ရှိပေမည်။ ကံဆောင်မှကော်ပေါက်တွေ့ပြီး တိုးတက် ပေသည်။ ခိုးယက်တိုက်ခိုက်ခြင်းတည်းဟူသော မကောင်းတရောင်းအလုပ်မျိုး လည်း ကံသည် သာ၍ပင် ရှေ့ဆောင်တတ်သေး၏။ ကံမကောင်းလျှင် အကြံ



ကြံ၍ အောင်မြင်ပြီးမှ မျှော်မှန်းသလောက် မရခြင်း၊ ကြံခါစ၌ပင် လူမိသွားခြင်း သည်ဖြင့် ဖြစ်တတ်၏။ ကံကောင်းပါမူကား ထင်သည်ထက်ပို၍ ရရုံသာမက ကြံကြံဖန်ဖန် လွတ်မြောက်ခြင်းများလည်း ဖြစ်တတ်ချေသည်။

ကံတရားနှင့်ပတ်သက်၍ ဗုဒ္ဓဟောတော်မူသည်ကား "ပြုသူအဖို့မှာအသစ် ခံရသူအဖို့မှာ အဟောင်း" ဟုဆို၏။ အဓိပ္ပာယ်မှာ သူတစ်ပါး၏ပစ္စည်းကို ခိုးယူ ၍ ခိုးသောသူအဖို့မှာ အမှုသစ်ဖြစ်၍ နောင်အခါတွင် ထောင်ဒဏ်ဖြစ်စေ၊ ငရဲ ဖြစ်စေ ခံရမည်ဟု ဆိုလို၏။ ငရဲဟူသည်မှာ မဂ်ဖိုလ်မရသေးလျှင် ကေန်မုချ ခံရ မည်ဆိုရာ ထောင်ဒဏ်ဟူသည်မှာ ကံကောင်းလျှင် သို့မဟုတ် ဝတ်လုံကောင်း ငှားနိုင်လျှင် လွတ်နိုင်သောအပြစ်ဒဏ်မျိုးဖြစ်၏။ ခိုးခြင်းခံရသူအဖို့မှာကား ရှေး ဘဝက သူတစ်ပါး၏ ပစ္စည်းကို ခိုးခဲ့ဖူးခြင်းအတွက်ကြောင့် "ဝိပါက" ခံရခြင်းဖြစ် သည်ဟု နားလည်ရပေမည်။ သို့ရာတွင် ခိုးခံရသူက ပြန်၍ခိုးသည်ဟု ဆိုလိုခြင်း မဟုတ်။ (က)သည် (ခ)၏ ပစ္စည်းကိုခိုးလျှင်၊ နောင်ဘဝ (က)၏ပစ္စည်းကို (ဂ)ဖြစ်စေ၊ (ဃ)ဖြစ်စေ ခိုးချင်ခိုးပေလိမ့်မည်။ သေချာသောအချက်မှာ ဤဘဝ၌ အခိုးခံရသော (ခ)သည် ရှေးဘဝများ၌ တစ်ဦးဦး၏ ပစ္စည်းကို ခိုးခဲ့ဖူးခြင်း ကေန် ဖြစ်ရမည်ဟု ဆိုလိုခြင်းဖြစ်၏။ ရှည်လျားလှသောသံသရာဘဝများ၌ တစ်ဦးတစ် ယောက်သောသူ၏ ပစ္စည်းကို ခိုးမိလျှင် ခိုးသူ၏ပစ္စည်းကို ခိုးချင်သူပေါ်လာတတ် ၍ ကြံစည်သည့်အတိုင်းလည်း အောင်မြင်တတ်သည်ဆို၏။ ခိုးခံရသူကိုယ်တိုင်က ပြန်၍ခိုးလိမ့်မည်ဟု မဆိုလိုချေ။ သို့သော် သူခိုးကအောင်မြင်၍ ထောင်တန်းမကျ ဘဲ လွတ်မြောက်သွားသောအမှုမျိုး ရှိရာတွင် ရှေးဘဝက ကြွေးဟောင်းကို လက် ဆားချေခြင်းဖြစ်သောကြောင့် လွတ်မြောက်ခြင်းဖြစ်သည်ဟု ယူဆရချေမည်လော မပြောတတ်ပေ။ သို့သော် ထောင်ဒဏ်လွတ်သော်လည်း "ပြုသူမှာအသစ်" ဆိုသော စကားကြောင့် ဝိပါကအဖြစ်နှင့် အရိပ်သဖွယ် တကောက်ကောက် လိုက် မည် ကေန်ဖြစ်လေသည်။ မကောင်းမှုတစ်ခု ပြုသည့်အခါ "ကြွေးဆပ်သည်" ဟု မယူဆထိုက်၊ တစ်လှည့်တစ်ပတ်တွင် တန်ပြန်ခံရဦးမည်သာ ဖြစ်လေသည်။

အချို့လူများသည် တစ်ခါတစ်ရံ သူခိုးကြံ၍ မအောင်ဘဲလွတ်သွားသည့် အခါ "ငါ၌ ဝိပါကဝဋ်ကြွေးမရှိ" ဟု အထင်ကြီးတတ်ကြ၏။ ရှည်လျားလှစွာ သံသရာဘဝများ၌ မခိုးဖူးသူ၊ မလုဖူးသူဟူ၍ မရှိနိုင်ချေ။ အလောင်းတော်ကိုယ်တိုင် ပင် ဝိပါတ်၌ နှစ်ဘဝတိုင် သူခိုးဖြစ်ခဲ့ဖူးသည်ဟု ဟောတော်မူ၏။ ဘင်္ဂ ... (စင်စစ်အားဖြင့် ၅၄၇ ဘဝ)အတွင်း၌ သူခိုးအဖြစ်နှင့် နှစ်ဘဝပါသည် ... လှသော ရာခိုင်နှုန်းမဟုတ်ချေ။ လူသာမန်များမှာ ဤနှုန်းမျှမက ... ၏၊ သို့သော် ... ဝိပါကဟူသည်မှာ အကြောင်းတိုက်ဆိုင်ခါမှ အကျိုးပေးသည်ဟု

www.burmeseclassic.com

www.burmeseclassic.com



ဆိုသောကြောင့် တစ်ကြိမ်တစ်ခါ လွတ်ရုံမျှနှင့် "ငါ့၌ ဤသို့သော ဝိပါကမျိုးမရှိ"
ဟု အထင်မကြီးသင့်ပါပေ။

ရေးသားဖော်ပြလတ္တံ့သော အဖြစ်အပျက်၌ သူခိုးဖိုးသံဒုတ်မှာ မည်သို့
သောကံမျိုး ပါရှိသည်ကို စာဖတ်သူကိုယ်တိုင် ဆုံးဖြတ်ချက်ချရန် တင်ပြလိုက်ပါ
သည်။

❖

လွန်ခဲ့သောနှစ်ပေါင်း ၅၀ ကျော်အချိန်၌ စစ်ကိုင်း–မြစ်ကြီးနား မီးရထား
လမ်းပေါ်၌ တည်ရှိ၍ စစ်ကိုင်းမှ ၃၇ မိုင်ဝေးသော ဝက်လက်မှာ ဤခေတ်တွေ့မြင်
ကြရသော ဝက်လက်နှင့် အကြီးအကျယ် ခြားနားခြင်းရှိ၏။ ဘူတာရုံမှာ ဤအ
တိုင်းလိုလိုရှိသော်လည်း ဘူတာရုံပတ်ဝန်းကျင်၌ကား မနှိုင်းသာအောင် ပြောင်းလဲ
ခြင်းရှိခဲ့လေပြီ။ ကျွန်ုပ်တို့ငယ်စဉ် ကျောင်းသားအရွယ်က တစ်နှစ်တစ်ခေါက်
ရောက်တတ်သည့်အတိုင်း ဝက်လက်ဘူတာမှဆင်း၍ မျှော်ကြည့်လိုက်သည့်အခါ
အရပ်လေးမျက်နှာတွင် ဆီးချုံများကိုသာ တွေ့မြင်ရ၏။ ဘူတာရုံမှဆင်း၍
(သခွတ္တောရွာသို့သွားလိုသဖြင့်) မီးရထားလမ်းနှင့်ယှဉ်လျက် မြောက်ဘက်သို့
သွားသော လမ်းကြောင်းကလေးအတိုင်း လိုက်သည်ဖြစ်သော မကျည်းတုံရွာ
မူးကြီးရွာများသို့ သွားလိုသဖြင့် အနောက်ရူးရူးသို့သွားသော လှည်းလမ်းအတိုင်း
လိုက်သည်ဖြစ်စေ လမ်းတစ်ဖက်တစ်ချက်၌ ကလေးအရွယ် သူငယ်များလက်
လှမ်းမီသည့် ဆီးချုံများသည် လမ်းတစ်လျှောက်လုံး ပြတ်တော့သည်မရှိသဖြင့်
ဘူတာရုံမှ ရွာသို့တိုင်အောင် လိုက်ပို့သည်ဟုပင် ထင်ခဲ့ဖူးလေသည်။ ကျွန်ုပ်တို့
သွားလေ့ရှိသော "ကောက်ကြီးတက်"အချိန်၌ ဆီးချုံများတွင် ဆီးသီးများသည်
အစိမ်းနုရောင်မှ အစိမ်းရင့်ရောင်၊ ထို့နောက် အဝါနု၊ အဝါရင့်ရောင်၊ နီပြေပြေအ
ရောင်(ရွှမ်းပြင်း၍)၊ အနီနှင့်အဝါ ရောစပ်ထားသည့် ကွက်ကြားရောင်၊ ရဲရဲနီသော
အရောင်၊ ညိုမှိုင်းသောအရောင် စသည်ဖြင့် အနုအရင့်အလိုက် အသွေးအရောင်
အမျိုးမျိုးတို့ဖြင့် ခရီးသည်၏ လျှာခံတွင်းကို ဆွဲဆောင်လေကြတော့သည်။ မြို့ရွာ
ဖြစ်၍ ခဲနှင့်ပစ်ပေါက်မှရသည့် ဆီးပင်ကြီးမျိုးကိုသာ မြင်ရဖူးသော ကျွန်ုပ်အဖို့မှာ
အချဉ်ကြိုက်တတ်သောအရွယ်နှင့် လိုချင်သလောက် လှမ်းဆွတ်နိုင်သော ဆီးချဉ်
သီးများကို မြင်ရသောအခါ လူကြီးတွေပြောကြသော နတ်သုဒ္ဓါဆိုသည်မှာ ဤ
ထက်မကောင်းနိုင်၊ ကောင်းသည်ဆိုလျှင်လည်း ဤမျှလောက် ရက်ရက်ရောရော
ဖောဖောသီသီမရှိနိုင်ဟု အောက်မေ့ကာ၊ တစ်လုံးကိုစားရင်း နှစ်လုံးသုံးလုံးကို
အကျီအိတ်ထဲသို့ ခြွေထည့်လေသည်။ လူကြီးများက 'လာပါကွယ့်၊ ဟိုရှေ့မှာ



သည်း အများကြီးရှိပါသေးတယ်' ဟုပြောသည်ကိုပင် မနားယူနိုင်ဘဲ ရင်ဖုံးအင်္ကျီ
အိတ်ကလေးနှစ်ဖက် ပြည့်ဖောင်းအောင် ဆွတ်ခြွေထည့်သွင်းပါတော့သည်။

ရှေ့ဆက်လက်လျှောက်သွားသောအခါ အချဉ်ကြိုက်တတ်သောအရွယ်
ဆိုစေကာမူ လောဘတကြီး စားဖန်များ၍ သွားကျိန်းလာသည်တွင် ရင့်သည်
ဘက်ရင့်၍ မှည့်သည်ထက်မှည့်သည်များကိုသာ ရွေး၍စားတော့သည်။ အမှည့်
ချင်းတူစေကာမူလည်း ချိုသည်ထက်ချိုသောမျိုးကို ရွေးချယ်ပြန်၏။ နောက်ဆုံး
၌တွင်မူ အချိုဆုံးသော ဆီးချုံကိုတွေ့ပြန်သည်နှင့် စောစောက ရူးထည့်ထားသည်
များကို သွန်မှောက်ကာ အိတ်နှစ်ဖက်ရော၊ ဝမ်းဗိုက်ပါ ပြည့်အောင် သွတ်သွင်းပါ
တော့သည်။ ကျွန်ုပ်၏ အပြုအမူကိုကြည့်ကာ ပြုံးနေကြသော မိဘနှစ်ပါးတို့၏
မျက်နှာသည် ဤစာရေးခိုက်တွင် မျက်စိထဲ၌ ကွက်ခနဲပေါ်လာသေး၏။ နှစ်ပေါင်း
၅၀ ခန့်အချိန်က ဖြစ်ပျက်ခဲ့သည့်အချို့သော အခြင်းအရာများသည် မနေ့က
ဖြစ်သကဲ့သို့ ကွင်းကွင်းကွက်ကွက် ပေါ်လာတတ်၍၊ မနေ့က ဖြစ်ပျက်ခဲ့သော
အခြင်းအရာကို မေ့ချင်မေ့တတ်ခြင်းသည် ကြီးပြင်းအောင် နေရသူတို့၏ အတွေ့
သုံးဖြစ်၍ ငယ်သေးသူများအဖို့မှာ မှန်းဆရုံမျှသာ တတ်နိုင်ကြပေမည်။ စာဖတ်သူ
များအနက် ဟုတ်ပေသည်ဟု ကိုယ်တွေ့ဝန်ခံနိုင်သူ မည်မျှပါရှိကြမည် မပြောတတ်
ပေ။ အကျော့မြူခေတ် ဖြစ်သောကြောင့် သာ၍မရေမရာ ရှိပါဘိသည်။

ဤခေတ်၌မူကား ဝက်လက်ဘူတာရုံသည် ရှေးကဘူတာရုံ အဆောက်
အအုံလိုပင် ရှိနေသေးသော်လည်း ပတ်ဝန်းကျင် အရပ်များမှာမူကား ပြောင်းလဲခဲ့
လေပြီ။ မီးခိုးတလူလူ အူသောစပါးစက်ခေါင်းတိုင်များ၊ ကြိတ်ကြိတ်တိုးစည်ကား
သော လက်ဖက်ရည်ဆိုင်၊ ကွမ်းယာဆိုင်၊ ခေါက်ဆွဲဆိုင်များသည် ယခင်က
ဆီးချုံများ၏နေရာတွင် ငိုးတိုးငေါက်တောက် ပေါ်ပေါက်နေကြလေပြီ။ ခရီးသည်
လေးငါးခြောက်ယောက် ဆင်းတက်သော ဘူတာရုံ၌ သုံးလေးငါးဆယ် ဆင်း
တက်ကြ၍ ကြေးနီပိုက်ဆံတစ်ပြားနှစ်ပြား "အုပ်"ဖို့ ခဲယဉ်းခဲ့သော လက်မှတ်စာ
ရေးကြီးသည် "အကြွေမရှိ"ဆိုကာ ပြား ၂၀၊ ၃၀ အုပ်ခြင်း(တံတားကြီးမပြီးမီက)
ဘူးတို့ခဆိုကာ လေးပဲ(၂၅ပြား) ပိုယူခြင်း စသည်တို့ကို ပြုလုပ်နိုင်ကြလေပြီ။
ပိုက်ဆံနှစ်ပြားလျှော့၍အမ်းလျှင် ဆူပူချင်သော "ကျေးတောသား"သည် အနုပ်မရှိ
ဆိုကာ ၁၀ ပြား၊ ၁၅ ပြား လိုးဖြတ်ခြင်းကို အောင့်၍ခံကြလေပြီ။ ငွေချောင်လည်
နေကြသောကြောင့်ပေလော၊ ဘယ်သူ့ကိုတိုင်လို့မှ အကြောင်းမထူးဟု သဘော
ပေါက်သောကြောင့်ပေလောဟူသည်ကို ခံရသူကာယကံရှင်များသာ သိကြပေသည်။

ရေးသားဖော်ပြလတ္တံ့သော အဖြစ်အပျက်များမှာ အဆာပြေဆီးသီးနှင့်
များ ဆွတ်စား၍ ခရီးသွားနိုင်သည့် ရှေးခေတ်ကြီးလည်းမဟုတ်၊ "အကြွေရှိ"ဆို

www.burmeseclassic.com



ကာ ငါးပြား ဆယ်ပြား ဖြတ်စားနိုင်သော ဤခေတ်လည်းမဟုတ်၊ ဘူတာရုံတိုင်း အကြွေအမ်းစရာ ၁၀ ကျပ်ဖိုးရှိရမည်ဟု ဥပဒေပြုလုပ်ထားသည့် အလယ်ပိုင်းခေတ်က ဖြစ်ပျက်လာခဲ့သော အကြောင်းအရာများဖြစ်လေသည်။

ဝက်လက်မြို့အုပ်မင်း ဦးသာကတိုး၏သား မောင်တိုးအောင်(ဘီအေ)နှင့် ထိုမြို့ဆန်စက်ပိုင် ဦးဂုံဘန်၏သမီး မခင်မေတို့ လက်ထပ်တော့မည်ဆိုလျှင် ဝက်လက်တစ်နယ်လုံး အကြီးအကျယ်ဂယက်ရိုက်သွားတော့သည်။ ထိုမင်္ဂလာဆောင်၌ ဇဟုသုတ ကြားဖူးနားဝရှိသည့် ဧည့်သည်တစ်ယောက်က ရန်ကုန်မြို့၌ မကြာမီက ဆောင်ရွက်သည့် ဒုတိယပြည်ထဲရေးဝန်ကြီး(ငါးထောင်စား) ဦးမေအောင်၏သားနှင့် ပထမပြည်ထဲရေးဝန်ကြီး(ငါးထောင်စား) ဦးခင်(ဆာမောင်ခင်)၏ သမီးတို့ လက်ထပ်မင်္ဂလာပွဲကြီးနောက်တွင် ဤလက်ထပ်ပွဲသာရှိတော့သည်ဟု ထုတ်ဖော်ချီးကျူးခြင်းကို ကာယကံရှင် မင်္ဂလာသတို့သား၊ သတို့သမီးနှင့်တကွ မိဘ၊ မိတ်ဆွေဉာတိများ၏ နား၌ အလွန်ချိုဆိမ့် ပီတိသောမနဿ ဖြစ်ကြရလေသည်။ အကြောင်းမူကား ဝက်လက်မြို့နယ်အဖို့တွင် မြို့အုပ်သည် ထိပ်ဆုံးတန်းအရာရှိဖြစ်၍ ဘီအေရှားသေးသော ခေတ်၌ သတို့သား၏ ဘီအေအောင်ခြင်းသည်လည်းကောင်း၊ မည်သည့်တောနယ်၌မဆို ဆန်စက်ပိုင်ရှင်သည် ဂုဏ်ဒြပ်အရာတွင် ထိပ်တမ်းကျခြင်းသည်လည်းကောင်း၊ မောင်တိုးအောင်နှင့် မခင်မေတို့၏ ဂုဏ်ပုဒ်ကို ပေါ်လွင်ထင်ရှားစေသည့်အထဲတွင် ပြည်ထဲရေးဝန်ကြီးနှစ်ဦးတို့၏ သားနှင့်သမီး မင်္ဂလာဆောင်နောက်တွင် ဤမင်္ဂလာဆောင်သာ ရှိတော့သည်ဆိုခြင်းသည် ...ကြီးအကျယ် မြှောက်ပင့်ချီးကျူးရာ ရောက်ပေသောကြောင့်တည်း။ လူသတ္တဝါသည် မြှောက်မှန်းသိသော်လည်း နားဝင်ချိုရစမြဲဖြစ်၏။ ထို့ကြောင့်လည်း အထက်ပါ ဧည့်သည်၏စကားကြားရသော သတို့သားနှင့်သတို့သမီးတို့သည် ကတ္တီပါဖုံကြီးများပေါ်၌ အတူယှဉ်တွဲကာ ထိုင်နေကြစဉ် ဦးခေါင်းများ ငုံ့ကာ ပြုံးရာကြလေသေးသည်။

သတို့သမီး၏ဖခင် ဆန်စက်ပိုင် ဦးဂုံဘန်မှာ ၎င်းနယ်သားဖြစ်၍ မျက်နှာကြီးစက်သူဌေး၏ သုမင်္ဂလာသို့ဖိတ်ကြားခြင်းခံရသည်ဆိုလျှင် ရွာနီးချုပ်စပ်ရှိ မြေပိုင်ရှင် အကြီးစား၊ အလတ်စား၊ အသေးစားများမှာ ဓာတုပရိနိဗ္ဗာန်ပွဲတော်ကြီးကို လက်လွှတ်မခံနိုင်သကဲ့သို့ လှည်းကောင်း၊ နွားကောင်း၊ မြင်းကောင်း စသည်များနှင့် လာရောက်ကြ၏။ "မျက်နှာကြီး"ဆိုသူများကလည်း ဒုမင်္ဂလာကိစ္စမျိုးတွင် ရွာနီးချုပ်စပ်မှ ဘုစုခရုမကျန် ဖိတ်ကြားတတ်ကြသော်လည်း အလှူမင်္ဂလာဆောင်စသည့် သုမင်္ဂလာကိစ္စမျိုးတွင်မူကား၊ လက်ရွေးစင် "ခေါင်းကောက်"ဖိတ်ကြားလေ့ရှိကြလေသည်။ သို့ဖြစ်၍ "မျက်နှာကြီး"၏ သုမင်္ဂလာဖိတ်ကြားခြင်း



ခံရမှုသည်ပင်လျှင်၊ တောနယ်များမှ ဂုဏ်ကြီးတစ်ခုဖြစ်၍ မင်္ဂလာဆောင်သို့တက်လာခြင်းကို တစ်ရွာလုံးသိစေခြင်းငှာ၊ နွားများကို ခြူလုံးကြီးများဆွဲ၍ တချွင်ချွင်တဂွမ်ဂွမ်မြည်အောင် ရိုက်မောင်းကာ ကြော်ငြာကြလေသည်။ အချို့သော မြေပိုင်ရှင်လူကြွားများကလည်း လှည်းယာဉ်ပေါ်မှထိုင်လိုက်စဉ် 'ဘယ်သူတို့ ဘယ်ဝါတို့လာကြလေကွယ်၊ မင်းတို့ကော မဖိတ်ဘူးလား' စသည်များနှင့် ဟစ်အော်မေးမြန်းလေပန်းသွားလေသေးသည်။

တစ်ဖန် သတို့သား၏ဖခင်မှာ ထိပ်တန်းမြို့နယ်အရာရှိကြီးဖြစ်လေရကား၊ အစိုးရနှင့် ပတ်သက်သည့် ဆည်စာရေး၊ မူးစာရေး၊ မြေတိုင်းစာရေး၊ တိရစ္ဆာန်ဆရာဝန်၊ ကျောက်ထိုးဆရာ၊ ကျောင်းဆရာ ကျောင်းဆရာမ၊ ရွာသူကြီး၊ ဆယ်အိမ်ခေါင်း၊ ရွာဆော်စသည့် ပုဂ္ဂိုလ်များမှာ မြို့နယ်တစ်ခုလုံးမှ ရွာတိုင်းစေ့ဖိတ်ပြီး လူတိုင်းစေ့ လာကြလေသည်။

ဤကဲ့သို့ သတို့သမီးဘက်၊ သတို့သားဘက် စသည်တို့ဖြင့် လာကြသော ပုဂ္ဂိုလ်များသည် မင်္ဂလာဆောင်သို့ လက်ချည်းလာကြလေသလော၊ ဘုန်းကြီးကျောင်းသို့ သီလယူရန်သွားလျှင် ငှက်ပျောသီးဝယ်မထားမိ၍ လက်ချည်းလာဘန်လာကြရမည်။ ဤမင်္ဂလာဆောင်မျိုးသို့ လက်ချည်းလာသည်ဆိုလျှင် ရှက်၍လဲသေရချေတော့မည်။ သတို့သမီးဘက်က ဧည့်သည်များမှာ အတုံ့အလှည့်ရှိသည့်အလျောက် ငါ့သမီးကိစ္စမှာတုန်းက မည်မျှလက်ဖွဲ့ထားသောကြောင့် မည်မျှလောက်တော့ ပါမှတော်မည် စသည်ဖြင့်အတိုင်းအထွာနှင့် ယူလာကြပေမည်။ သတို့သားဘက်မှ ဧည့်သည်များမှာကား ဖခင်မြို့ပိုင်မင်း၏ မျက်နှာနှင့်လာကြ၍ အစိုးရနှင့်မကင်းရာမကင်းကြောင်းဖြစ်သည့် ရွာသူကြီး၊ တိုက်နယ်သူကြီး၊ အင်းသူကြီး စသော ပုဂ္ဂိုလ်များဖြစ်ပေရကား၊ အတုံ့အလှည့်ရှိခြင်း မရှိခြင်းသည် အကြောင်းမဟုတ်(မြို့အုပ်ကလက်ဖွဲ့ခြင်းဟူ၍လည်း မကြားဖူး)။ မိမိတို့၏ "ခိုင်ငွေ"အနည်းအများအလျောက် လက်ဖွဲ့ကြလေသည်။ သို့ဖြစ်၍ ငွေဖလား၊ ရွှေဒင်္ဂါး၊ ရွှေထည်ငွေထည်စသည်များဖြင့် "မျက်နှာလုပ်"ကြလေရာ မောင်တိုးအောင်နှင့် မခင်မေတို့၏ မင်္ဂလာဆောင်တွင် ဗီရိုကြီးနှစ်လုံးရသည်ဟု ယနေ့တိုင် "ရက်ကော့"စံချိန်တင်ကာ ပြောစမှတ်ပြုကြလေသေးသည်။

❖

ကောလင်းမြို့မှ သူခိုးဖိုးသံဒတ်သည် မင်္ဂဆောင်သတင်းကိုကြား၍ သူ့ခိုးဘိုးထုံးစံအတိုင်း ၎င်းတို့နှင့် သက်ဆိုင်သည့် အရေးအကြီးဆုံးသော အချက်အချင်ဒိတ်ဝင်စားခြင်းရှိ၏။ ထိုအချက်သည်ကား လက်ဖွဲ့ပစ္စည်းအမြောက်အမြား စုံပုံ

www.burmeseclassic.com

www.burmeseclassic.com



လျက်ရှိခြင်းနှင့် သတို့သမီးအိမ်တွင် ဝတ်နိုင်စားနိုင်သော ရုပ်ဝေးမိတ်ဆွေများ တည်းခိုလျက်ရှိခြင်းတည်းဟူသော အချက်ပင်ဖြစ်လေသည်။ သို့ဖြစ်၍ ဖိုးသံဒုတ်သည် မင်္ဂလာဆောင်ကိစ္စ ပြီးဆုံးသည့်နောက်တစ်နေ့တွင် ဝက်လက်မြို့သို့သွား၍ စက်ပိုင်ဦးဂုံဘန်၏ အိမ်ကို ကြံစည်ရန် ဆုံးဖြတ်လေ၏။

ဖိုးသံဒုတ်မှာ ခေတ်မီသောသူခိုးတစ်ယောက်ဖြစ်၍ ခေတ်မီသော အစီအစဉ် စိတ်ကူးထား၏။ ထိုစဉ်က ပန်းချီဆရာ ဦးဘဉာဏ်သည် ဘိလပ်မှပြန်ရောက်ခါစ ဖြစ်၍ တစ်တိုင်းတစ်ပြည်လုံးသည် ပန်းချီပညာ၌ စိတ်မဝင်စားစဖူး စိတ်ဝင်စား လျက် ရှိသည့်အလျောက် ရှခင်းသာယာသော နေရာဌာနများတွင် ကားချပ်ထောင် လေးခင်းပြီး ခုံကလေးပေါ်၌ထိုင်ကာ ဆေးခွက်၊ စုတ်တံများဖြင့် ရေးခြယ်ကူးယူ ကြသော ပန်းချီဆရာများကိုပင် တွေ့ရှိရ၏။ မန္တလေးကျုံးကြီးနှင့် မြို့ရိုးပုံသဏ္ဌာန် နန်းတော်ပုံသဏ္ဌာန်၊ ရွှေဘိုမြို့ထောင့်စေတီ၊ ဘုရားပုံသဏ္ဌာန် စသည်များကို ရေးကူးခြယ်လှယ်နေကြသည့် ဂျပန်ပန်းချီ၊ မြန်မာပန်းချီဆရာများကိုလည်း ဖိုးသံ ဒုတ်မြင်ဖူး၏။ ဤတွင် ဖိုးသံဒုတ်သည် ဦးဂုံဘန်၏တိုက်အိမ်ကြီးနှင့် ပန်းဥယျာဉ် တို့သည် တစ်ဖက်၌ရှိသော ဆန်စက်ကြီးနှင့် အလွန်တရာ "ပန်ရသည်"ဟု ဆုံး ဖြတ်ကာ ပန်းချီဆရာယောင်ဆောင်၍ ဝက်လက်သို့သွားလေ၏။ တပည့်ကျော် မောင်သော်ကိုမူ နောက်တစ်နေ့ညနေမှ လိုက်လာခဲ့ဖို့ မှာထားခဲ့လေ၏။ ဖိုးသံဒုတ် ၏ အစီအစဉ်မှာ "သဏ္ဌာန်လုပ် သရုပ်နှင့်တူစေ" ဆိုသည့်အတိုင်း မိမိက ကျကျ နန ကြိုတင်ပြင်ဆင်ပြီး နောက်ဆုံးမှ တပည့်ကျော်နှင့် အလုပ်လုပ်ကြရန် ဖြစ်လေ သည်။

ဖိုးသံဒုတ်မှာ သူခိုးအလုပ်နှင့် အသက်မွေးသော်လည်း ခေလှသူမဟုတ် ချေ။ ပန်းပဲသမား၏သားဖြစ်၍ မရှိမဲ့ရှိမဲ့နှင့် မိဘများက အင်္ဂလိပ်ကျောင်းထား သော်လည်း ကျောင်းပြေးခြင်းဖြင့် အချိန်ကုန်ပြီးလျှင် ငါးတန်းတွင် သုံးနှစ်သင်သ ရွေ့မျှ မအောင်နိုင်သည်နှင့် မိဘများ စိတ်ပျက်၍ ကျောင်းနုတ်ပြီး ပန်းပဲအလုပ်ထဲ သို့ သွင်းခဲ့လေသည်။ သို့သော် ဖိုးသံဒုတ်မှာ "စောရနက္ခ"ပါသည့် လက္ခဏာနှင့် ပန်းပဲအလုပ်ကို ကောင်းစွာမလုပ်ဘဲ တတ်မြောက်သမျှသော ပန်းပဲပညာကို သော့ တူလုပ်ခြင်း၊ တစ်တောင်သာသာမျှရှိရသော သံမဏိချောင်းများဖြင့် လှေကားဖြစ် အောင် ဆက်စပ်နိုင်သည့် "ခရီးဆောင်လှေကားရှင်" လုပ်ခြင်း၊ ဝိုင်ယာကြိုးခွေဖြင့် မိမိနောက်သို့ မလိုက်နိုင်အောင် အကာအဆီးကိရိယာလုပ်ခြင်းတို့၌ အသုံးချလေ သည်။ ဖိုးသံဒုတ်သည် နိုင်ငံခြားကက်တလောက်များကိုကြည့်၍ "သူခိုးသုံးကိရိ ယာ"အမျိုးမျိုးတို့ကို ပြုလုပ်ပြင်ဆင်ထားရကား "ခေတ်မီ"သူခိုးတစ်ယောက်ဟု ခေါ်လောက်ပေသည်။ တစ်ခါက မသင်္ကာမှုနှင့် ဖမ်းဆီးစစ်ဆေးခြင်း ခံရဖူးသော်



လည်း မန္တလေးမှ ဝတ်လုံကောင်းငှား၍ လျှောက်လဲနိုင်သဖြင့် လွတ်မြောက်လာခဲ့ ၏၊ တစ်ကြိမ်မျှလည်း ထောင်တန်းကျဖူးသည်မရှိချေ။

ဝက်လက်သို့ ဆိုက်ရောက်သောအခါ ဖိုးသံဒုတ်သည် သူခိုးကိရိယာများ နှင့် ပန်းချီကိရိယာများထည့်သည့် သားရေအိတ်ကြီးတစ်လုံးနှင့် အိပ်ရာလိပ်တို့ကို အခေါင်ရှုပ်ခေါ် တရုတ်လူမျိုးတစ်ယောက်၏အိမ်၌ ထားခဲ့၍ ကာလသားစုံလှ သော လက်ဖက်ရည်ဆိုင်သို့ "စနည်းနာ"ရန် ထွက်လာခဲ့၏။ အခေါင်ရှုပ်ဆိုသူမှာ ဘိန်းချခြင်း၊ ပိုကာဝိုင်းထောင်ခြင်း၊ နိုင်ငံခြားအရက် တိတ်တဆိတ်ရောင်းခြင်းမှစ ၍ နာမည်နှင့်လိုက်အောင် အရှုပ်တကာ ထိပ်ခေါင်တင်ဖြစ်သော်လည်း ဌာနာနှင့် လည်းကောင်း၊ ရှုပ်ချင်ပွေချင်သော အစိုးရအရာရှိများနှင့်လည်းကောင်း သင့်မြတ် အောင် ပေါင်းထားသည့်ပြင် ရပ်ရွာလူကြီးများ၏ ကိစ္စအဝဝအတွက် အလှူခံစာ ရင်းတွင် ထိပ်ဆုံးမှ အများဆုံး ထည့်ဝင်လေ့ရှိသူတစ်ယောက်ဖြစ်သောကြောင့် နာမည်မပျက်သည့်ပြင် "ထောင်ကဲကြီး" ဟူသော ဘွဲ့ဖြင့်ပင် လူကြီးများက ချီးမြှင့်ခြင်းခံရသူတစ်ယောက် ဖြစ်လေသည်။

ဖိုးသံဒုတ်သည် လက်ဖက်ရည်ဆိုင်သို့ ရောက်သည့်အခါ ရန်ကုန်မှ ပန်းချီ ဆရာတစ်ယောက် ရောက်လာသည်ဟူသော သတင်းသည် အခေါင်ရှုပ်၏ ကောင်းမှုကြောင့် လက်ဖက်ရည်ဆိုင်သို့ ရောက်နှင့်ရုံသာမက မိမိအားပင် ၎င်း ပန်းချီဆရာဖြစ်သည်ဟု သိထားနှင့်သူများ ရှိနေခြင်းကို တွေ့ရ၏။ ဝက်လက်မြို့ ၌လည်း ပန်းချီပညာ အတော်အတန် ခေါက်မိသည့် ကိုအင်ဘူး၊ ကိုဘညိန်းစသော လူငယ်သုံးလေးယောက်ရှိ၏။ ဖိုးသံဒုတ် ရောက်သွားသောအချိန်တွင် ကိုအင်ဘူး သည်း ဆိုင်ထဲ၌ရှိနေရာ ထိုသူသည် ပန်းချီပညာကို မိမိခေါက်မိကြောင်း ဖော်ပြ လိုသည်တစ်ကြောင်း၊ ရန်ကုန်မှလာသော အနုပညာသည်တစ်ယောက် ဆိုသော ကြောင့် အသိမိတ်ဆွေဖွဲ့ပြီး ဆွေးနွေးလိုသည်တစ်ကြောင်းကြောင့် ဖိုးသံဒုတ်ထိုင် သော စားပွဲသို့ ကူးလာရာ အခြားသော ကာလသားများလည်း အကဲခတ်လျက် ရှိကြလေသည်။

ဘူး။ ။'မိတ်ဆွေက ရန်ကုန်ကရောက်တဲ့ အနုပညာသည်တစ်ယောက်လို့ ကြား ပါတယ်၊ ဟုတ်ပါစခင်ဗျာ'

ဒုတ်။ ။'ဟုတ်ကဲ့ ဆိုနိုင်ပါတယ်'

'ဆိုနိုင်တယ်ဆိုတာ ဘယ်လိုသဘောပါလဲဗျာ'

'ကျုပ်က နုချင်မှ နုတဲ့လူဗျ၊ ခပ်ကြမ်းကြမ်း ခြယ်ချင်လည်း ခြယ်တာပဲ'

'သြော် စုတ်ချက်ကို ဆိုလိုပါသလား'

'ဟုတ်တာပေါ့ဗျာ'

www.burmeseclassic.com

www.burmeseclassic.com



'မိတ်ဆွေက ကော်မာရှယ်လား၊ ဖိုင်းအတ်လားဗျာ'

အင်္ဂလိပ်စာ ငါးတန်းမျှ သင်ခဲ့ဖူးသော ဖိုးသံဒုတ်သည် ပန်းချီအသုံးအနှုန်းကိုမသိဘဲ၊ ကော်မာရှယ်ဟူသောစကား၏အဓိပ္ပာယ်ကိုအနည်းငယ်ရိပ်မိသည်နှင့်–

ဒုတ်။ ။'ဟာ ကျုပ်က ရောင်းစားဖို့ ရေးတဲ့ကောင်မဟုတ်ဘူးဗျ၊ ဝါသနာအရ ရေးတာပဲ'

'သြော် သြော် ဟုတ်ပါ့ခင်ဗျား၊ ဒါထက် ဆပ်ဘဂျက်ကို ဘယ်ပုံရွေးသလဲ'

'ဆပ်ဘဂျက်ကိုရှေ့က၊ အော့ဘဂျက်က နောက်က ထားရတာပေါ့ဗျ၊ ဒါတွေကို နက်စဖီးလ် ဂရမ္မာမှာ သင်ရသားပဲ။ ခင်ဗျားက ကျုပ်ကို အကဲစမ်းနေတာလား'

'မဟုတ်ပေါင်ခင်ဗျာ၊ မဟုတ်ပေါင်၊ ကျွန်တော်လည်း လိုက်စားဖူးသောတော့...'

'ခင်ဗျားက ကျုပ်ကို ပညာစမ်းချင်လို့လား၊ ခင်ဗျားတို့ တောပန်းချီဆရာတွေ ဘယ်လောက်များ တတ်လို့တုန်း။ ကျုပ်က ဂျူဘလီဟောလ်ပြပွဲမှာ ဆုရတာ ဘယ်နှကြိမ်ရှိပြီထင်သလဲ။ ခင်ဗျား ပြဖူးရဲ့လား'

'မပြဖူးပေါင်ခင်ဗျာ၊ ပြလောက်အောင်လည်း မတတ်ပါဘူး။ စိတ်မရှိပါနဲ့ ခင်ဗျာ။ ကွန်ပိုဇီးရှင်းနဲ့ပတ်သက်ပြီး ပညာလိုချင်လို့ ချဉ်းကပ်ရခြင်းပါခင်ဗျာ'

'ဆေးစပ်တာလား၊ ဆေးစပ်နည်း ဘာခက်လို့လဲဗျ၊ အစိမ်းရောင်မရှိရင် အဝါနဲ့အပြာနဲ့ စပ်လိုက်တာပေါ့၊ အစိမ်းဖြစ်လာရော မဟုတ်လား'

'ဒါလောက်ကတော့ ကျွန်တော်သိပါတယ်၊ ကျွန်တော်ဆိုလိုတာက အသိုင်းအဝိုင်းကို ဆိုလိုပါတယ်'

'ဒါကတော့ ပုံတော်သလို ကြည့်လုပ်ပေါ့ဗျာ၊ ဒါထက် ကျုပ်အခု လာတာက ခင်ဗျားတို့မြို့ပေါ်မှာ ရှုခင်းသာယာတဲ့အကွက်တစ်ခုလောက်ကို မှန်လောက်သားလောက် ရေးယူချင်လို့၊ ဘယ်နေရာ ကောင်းပါ့မလဲ'

'ကျွန်တော်ကြိုက်တာကတော့ ဘူတာရုံဘက်ဆီက...'

'ဟာ ဘူတာရုံတွေ ပေါလွန်းလို့ဗျာ၊ သံလမ်းပေါ်မှာ မီးရထားတင်ပြီး လက်မှတ်ပေါက်ကလေးပါတဲ့ အဆောက်အအုံတစ်ခု ထည့်ပြလိုက်ရင် ဘူတာရုံ ဖြစ်တာပဲဗျ။ ဒါထက် ခင်ဗျားတို့ စက်ပိုင်ဦးဂုံဘန်ရဲ့ တိုက်ခံအိမ်ကြီးဟာ ဥယျာဉ် ပန်းမန်နဲ့၊ တစ်ဖက်က ဆန်စက်နဲ့၊ မူးလက်တက်နဲ့၊ နောက်ခံအဖြစ်နဲ့က လယ် တောတွေနဲ့ သိပ်ကောင်းလိမ့်မယ်လို့ ကျုပ်ထင်နေတယ်။ ဘယ့်နှယ်လဲဗျာ'

'ကောင်းပါ့ခင်ဗျာ၊ ဘယ်တော့လောက် ရေးခြယ်မလဲ'



'နက်ဖြန်ညလောက် စိတ်ကူးထားတယ်'

'ညကြီးမင်းကြီးလားခင်ဗျာ'

'ဟုတ်တယ်လေ၊ ဘာဖြစ်လဲ၊ ကျုပ်က သူများနဲ့မတူတာမှ လုပ်ချင်တယ်'

'လမရှိ ဘာမရှိနဲ့ မြင်ရပါ့မလားခင်ဗျာ၊ လပြည့်ကျော်ရက်ကြီးမှာ'

'လမရှိတာ အရေးမကြီးပါဘူး၊ နေအိမ်ကို ရှေးဦးစွာရေးပြီး နောက်တော့မှ သထည့်ယူတာပေါ့ဗျာ'

(ပါးစပ်ဟလျက်)'သြော် ဒီလိုလားခင်ဗျာ'

'ကျုပ်က "မော်ဒန်"ပန်းချီဗျ၊ ခင်ဗျားတို့နားလည်တဲ့ ပဝေသဏီ အဆွေးအမြှေကြီးမဟုတ်ဘူး'

'ကိုယ့်စုတ်ချက်မှ ကိုယ်မြင်နိုင်ပါ့မလားဗျာ'

'ဘာကိစ္စရှိလဲ၊ လက်နှိပ်ဓာတ်မီးပါတယ်'

'သြော် သြော် သြော်'

ကိုအင်ဘူးသည် ဆက်လက်စကားမပြောနိုင်တော့ဘဲ "မော်ဒန်"ပန်းချီဆရာကို အံ့သြစွာငေးကြည့်နေမိသဖြင့် စကားပြတ်သွားစဉ် ပန်းချီပညာကို လုံးဝနားမလည်သဖြင့် စွက်ဖက်ခြင်းမပြုဘဲ နားထောင်ရုံမျှထောင်နေသော ကာလသားခေါင်ဖိုးညိုက–

ညို။ ။'စက်ပိုင် ဦးဂုံဘန်အိမ်မှာ မင်္ဂလာဆောင်လက်ဖွဲ့ပစ္စည်းတွေကို စိုးရိမ်တဲ့အတွက် ဌာနက ပုလိပ်နှစ်ယောက် ကင်းစောင့်လွှတ်ထားဆိုပဲ။ အချိန်မတော် ညကြီးမင်းကြီးဆိုရင် မိတ်ဆွေကို အထင်မှားနေဦးမယ်'

ဒုတ်။ ။'ကိစ္စမရှိပါဘူး၊ ကျုပ်တို့လို ပရော်ဖက်ရှင်နယ်တစ်ယောက်တော့ ဝက်လက်ပုလိပ်မဆိုထားနဲ့၊ တစ်တိုင်းပြည်လုံးက ပုလိပ်တွေက သိကြတာပဲ'

ညို။ ။'သြော် ဟုတ်ပါပေ့ခင်ဗျာ'

❖

နောက်တစ်နေ့ညနေ၌ ဖိုးသံဒုတ်သည် လင်းစကိပ်ပန်းချီဆရာ၏ ကိရိယာတန်ဆာပလာများဖြစ်သော နောက်ခံအထည်ဖြူ၊ စုတ်တံနှစ်ချောင်း သုံးချောင်း၊ ဆေးဘူးဆေးခွက်များနှင့် ဖင်ထိုင်ခုံပါဆောင်လျက် တူးမြောင်းကမ်းပါးအသားတကျ ပြင်ဆင်ကာ တိုက်ခံအိမ်ကြီးကို မြင်နိုင်သောနေရာတွင် ခင်းကျင်းနေ၏။ မကြာမီ ကိုအင်ဘူးထံမှ သတင်းစကားကြားရသော ပန်းချီသမား ထိုတော်ကြီးသည် အနီးသို့ ချဉ်းကပ်လာရာ ဖိုးသံဒုတ်မှာ နောက်ပိုင်းမှ ရောက်လာသော ထိုသူ့သိန်းကို မမြင်သည်နှင့် စိတ်တိုင်းကျ လွတ်လပ်စွာ ဆေးများခြယ်လျက်ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



ကိုဘညိန်းသည် နောက်ခံအဝတ်ဖြူပေါ်တွင် စုတ်တံနှင့် အားပါးတရ ခြယ်လှယ်လျက်ရှိသော ဖိုးသံဒုတ်အနီးသို့ ရောက်လာ၍၊ ခြယ်လှယ်ထားသော ဆေးရောင်ကို မြင်ရသောအခါ အလွန်အံ့သြသည်နှင့် 'အလို' ဟု လွှတ်ခနဲထွက်သွား၏။ အကြောင်းမူကား အဝတ်ဖြူပေါ်၌ ခပ်ထူထူပျစ်ပျစ်ခြယ်ထားသည့် ဆေးရောင်မှာ အစိမ်းပုပ်ရောင်ဖြစ်သည်ကို တွေ့ရသောကြောင့်ပေတည်း။

ဖိုးသံဒုတ်သည် "အလို" ဟူသောအသံကို ကြားလိုက်ရ၍ ချာခနဲလှည့်ကြည့်လိုက်ရာတွင် ကိုဘညိန်းနှင့်အပြန်အလှန် အပြိုင်အဆိုင်အံ့သြကြလေသည်။ ထို့နောက် ကိုဘညိန်းမှာ နှုတ်အာရဲသော လူတစ်ယောက်ဖြစ်သည့်အတိုင်း 'ဘာလုပ်တာလဲဗျ၊ ခင်ဗျားဥစ္စာ အစိမ်းပုပ်ရောင်ကို နောက်ခံထားရင် ဒီပေါ်မှာ ဘာများရေးလို့ ဖြစ်နိုင်ဦးမှာလဲ' ဟု မေးလိုက်၏။ စင်စစ်မှာ ဖိုးသံဒုတ်သည် တိုက်ခံအိမ်ကြီးပေါ်မှ မိမိဘက်သို့ မျှော်ကြည့်နေသော မျက်နှာတစ်ခုကို မြင်လိုက်ရသည်နှင့် အလုပ်လုပ်နေခြင်းဖြစ်ကြောင်းကို ပြလိုသော ရည်ရွယ်ချက်ဖြင့် ကောက်မိကောက်ရာ ဆေးစိမ်းဘူးကို ကောက်ယူခြယ်လှယ်လိုက်မိခြင်း ဖြစ်၏။ သို့သော် သူစိမ်းတစ်ယောက်က ဤကဲ့သို့ ပိုင်စိုးပိုင်နင်း ဝေဖန်ခြင်းကို တွေ့ရသောအခါ၊ မိမိ၏အမှားကို ဝန်ခံရန်မဖြစ်နိုင်သည်နှင့် အနည်းငယ်မျှ စိတ်ဆိုးခြင်းကို အများကြီးဒေါသထွက်ဟန် ပြုရတော့သည်။

ဒုတ်။ ။'ခင်ဗျားက ကျုပ်အလုပ်ကို ဝေဖန်လား၊ ဘာလားနဲ့။ ခင်ဗျားက ဘာကောင်လဲ'

ညိန်း။ ။(လွှတ်ခနဲထွက်မိခြင်းအတွက် နောင်တရလျက်)'သည်းခံပါခင်ဗျာ၊ ကျွန်တော်က မတော်မလျော်တာ မြင်ရရင် ဆိတ်ဆိတ်မနေတတ်တဲ့ ဝါသနာမို့ပါဗျာ။ သို့သော် မေးပါရစေဦး၊ အစိမ်းပုပ်ရောင် နောက်ခံထားပြီး ရှေ့ဆက်ဘယ်လိုလုပ်မှာတဲ့လဲ၊ သိပါရစေဗျာ'

ဖိုးသံဒုတ်မှာ သင့်လျော်သော အဖြေပေးရန် မတတ်နိုင်ဘဲ ရှိနေရာက အကြမ်းနည်းမှတစ်ပါး အခြားလမ်းမရှိတော့ဟု အောက်မေ့ကာ–

'ရှေ့ဆက်တော့ ပိတ်ဖြူပေါ်မှာ မခြယ်ဘူး၊ ခင်ဗျားမျက်နှာပေါ်မှာခြယ်မယ်၊ လာခဲ့စမ်း' ဟုဆို၍ စုတ်တံကိုင်လျက် ရှေ့သို့လှမ်းတက်သည်တွင် ကိုဘညိန်းမှာ ပန်းချီရူးတစ်ယောက်နှင့် ရန်ဖြစ်၍အကျိုးမရှိဟု အောက်မေ့ကာ လှည့်ပြန်လာခဲ့ပြီးနောက် လက်ဖက်ရည်ဆိုင်ထဲတွင် ကိုအင်ဘူးနှင့် ဆုံမိလေသည်။ ကိုဘညိန်းလည်း အချို့မြန်မာလူမျိုးများ၏ ထုံးစံအတိုင်း လူတစ်ယောက်ထို "လိုမ့်"လိုသော ဆန္ဒရှိသည်နှင့် 'တော်တော်အံ့သြစရာကောင်းတဲ့ ပန်းချီပညာသမားဗျို့၊ သွားကြည့်စမ်းချေ၊ တကယ်တူးဆန်းတဲ့နည်းတွေနဲ့ ဆေးခြယ်နေသေး



ရဲ့၊ ကျုပ်တော့နားမလည်ဘူး၊ ခင်ဗျားဖြင့် နားလည်မလားမသိဘူး၊ ကြည့်စမ်းချေဗျာ' ဟု ပြောလိုက်လေသည်။ ဤတွင် ကိုအင်ဘူးသည် လက်သင်တဝည့်မောင်သန်းကိုခေါ်၍ မူးမြောင်းကမ်းပါးသို့ သွားကြလေရာ ကိုဘညိန်းလည်း အူတက်တော့မတတ် ရယ်လျက် ကျန်ရစ်လေ၏။

ဖိုးသံဒုတ်သည် ကိုအင်ဘူးကိုမြင်ရာ၌ တစ်ကြိမ်တွေ့ဖူးသူဖြစ်၍ ရန်ရွယ်နှင့်ဆါငေါသဘောမထားတော့ဘဲ ကောင်းမွန်စွာ နှုတ်ဆက်လေသည်။ အစိမ်းပုပ်ရောင်ကို နောက်ကျော၌ခံထားခြင်းသည် ဥရောပတိုက်တွင် နောက်ဆုံးပေါ်ပန်းချီပညာနည်းသစ်ဖြစ်၍ မြန်မာပန်းချီများအနက် မိမိတစ်ဦးတည်းသာလျှင် ဆက်ခံရရှိခြင်းဖြစ်ကြောင်းနှင့် မျက်နှာထားတည်တည် ပြောဆိုလေသည်။ ကိုအင်ဘူးတို့ဆရာတပည့်နှစ်ယောက်တို့သည် ဖိုးသံဒုတ်၏ ဖြေရှင်းချက်ကို လက်ခံယုံကြည်ကြဟန်ရှိသည်နှင့် ဖိုးသံဒုတ်ကျေနပ်၏။ သို့သော် ဤမျှနှင့်အားမရသေးဟန်နှင့် ကိုအင်ဘူးက ဆက်လက်မေးမြန်းပြန်ရာတွင်မူကား ဖိုးသံဒုတ်မှာ ကြံရာမရသည်နှင့် လောကကြီး၌ ပညာသည်အချင်းချင်း တိုက်ရိုက်တပည့်မခံဘဲလျက် ခိုးကြောင်းခိုးဝှက်နည်းဖြင့် မေးလားမြန်းလားလုပ်ကာ ပညာခိုးခြင်းကဲ့သို့ ယုတ်မာသောအလေ့အကျင့်မရှိဟု ပြောလေရာကား၊ ဆရာတပည့်နှစ်ယောက်မှာ လက်ကုတ်၍ သုတ်ချေတင်ခဲ့ရကြလေသည်။

များမကြာမီ နေလုံးကွယ်ပျောက်၍ မှောင်စပြုလာသည်နှင့် ကြယ်များသည်း တစ်လုံးပြီးတစ်လုံး ပြူထွက်လာကြလေပြီး ဦးဂုံဘန်၏ တိုက်ခံအိမ်ကြီးမှာ အိမ်လုံးမပေါ်တော့ဘဲ မည်းမည်းကြီးမျှသာ မြင်ရ၍ အထက်ထပ်၌တစ်လုံး၊ အောက်ထပ်၌တစ်လုံး ထွန်းထားသည့် "စတွန်းကင်း"မီးအိမ်ကြီးများ၏ အလင်းရောင်ကြောင့် ပြတင်းပေါက်များသည်သာလျှင် ထင်ရှားပီသစွာ မြင်နိုင်လေတော့သည်။ ထိုအချိန်တွင်မူ မြောင်းကမ်းပါး၌ ခင်းကျင်းထားသည့် ပန်းချီကိရိယာများအနီးသို့ ချဉ်းကပ်သွားပါမူ ကိရိယာများကိုသာ တွေ့ရ၍ ဖိုးသံဒုတ်ကိုမူကား တွေ့ရတော့မည်မဟုတ်ချေ။ ကားကြက်ထားသည့် အဝတ်ဖြူပေါ်၌လည်း ဆောဆာက အစိမ်းပုပ်ရောင် စုတ်ချက်များမှတစ်ပါး ထပ်လောင်းဖြည့်စွက်ခြင်းမရှိသေးချေ၊ စင်စစ်သော်ကား ဖိုးသံဒုတ်သည် မထင်မရှား ဆိုက်ရောက်လာခဲ့သောသည့်ကျော်မောင်သော်နှင့် အိမ်ကြီး၏နောက်ပိုင်းဆီတွင် အလုပ်များလျက် ရှိကြသေးသည်။

ဖိုးသံဒုတ်သည် လှေကားရှင်၊ မီးခံသေတ္တာဖွင့်သောကိရိယာ၊ ရန်သူ... သောအခါ၌ ဆီးတားကာကွယ်ရန်အတွက် သံနန်းကြိုးစသည့် သူခိုးကိရိယာများ ကိုယ်တိုင်တီထွင်၍ လူတွေရှေ့တွင် လူမသိအောင် ဆောင်ယူနိုင်ခဲ့သော ခိုးခိုး၏

www.burmeseclassic.com

www.burmeseclassic.com



ညာဏ်စွမ်းနှင့် အစီအစဉ်ကို ကိုယ့်ဟာကိုယ်ကျေနပ်ကာ နှုတ်ခမ်းမွှေး သပ်မိလေသည်။ ထို့နောက် တပည့်ကျော် မောင်သော်အား သံနန်းကြိုးမည်သည့်နေရာ၌ တန်းထားရမည်ဟု ညွှန်ပြ၍ တပည့်ကျော်က ဆောင်ရွက်နေစဉ် ထိုတိုက်ခံအိမ်ကြီးနှင့် အိမ်သူအိမ်သားများကို ဆင်ခြင်သုံးသပ်လေသည်။ "ဟိုဘက်က သတို့သမီးတို့ရဲ့အိပ်ခန်းနဲ့တူရဲ့၊ ဒီဘက်က ဦးဂုံဘန်လင်မယားအိပ်ကြမှာပဲ၊ မပြန်သေးတဲ့ ရပ်ဝေးဧည့်သည်တွေကတော့ ခန်းမဆောင်ကြီးထဲမှာပဲ။ ညကြီးသန်းခေါင်တိုင်အောင် စောင့်နေဖို့ မဟန်ပေဘူး၊ မင်္ဂလာဦးဆိုတော့ သတို့သားစုံတွဲက တော်တော်နဲ့ အိပ်မပျော်ကြဘဲ နိုးနိုးကြားကြားရှိကြလိမ့်မယ်။ အိမ်သားတွေ လှုပ်လှုပ်ရှရှ လုပ်ကြကိုင်ကြ၊ ချက်ကြပြုတ်ကြပုံတွေထောက်တော့ ဧည့်သည်တွေကို မုန့်ဟင်းခါးလား၊ ကြာဇံလား တိုက်မလို့နဲ့တူတယ်။ ဒီတော့ အိမ်အောက်ထပ်ဆင်းပြီး စားသောက်နေကြတဲ့အချိန်မှာ ငါတို့က အိမ်ပေါ်တက်ပြီး ပစ္စည်းတွေကို လစ်လေမှပဲ" စသည်ဖြင့် စိတ်ကူး၍၊ တပည့်ကျော်အား အကြံအစည်ကို ပြောပြလေသည်။

အိမ်သူအိမ်သားများနှင့် ရပ်ဝေးဧည့်သည်လေးငါးဦးတို့သည် တိုက်ခံအိမ်အပေါ်ထပ်မှ တစ်ယောက်ချင်း၊ နှစ်ယောက်ချင်းဆင်းလာကြ၍ အိမ်အောက်ထပ်ရှိ ထမင်းစားခန်း စားပွဲကြီးပတ်ပတ်လည်၌ တစ်ယောက်ပြီးတစ်ယောက် ထိုင်ကြသည်များကို ဖိုးသံဒုတ်သည် ပြတင်းပေါက်နှင့် မလှမ်းမကမ်းမှ စောင့်ကြည့်၍ အိမ်ကြီးအပေါ်ထပ်၌ လူကုန်လောက်သည်ဟု ထင်ရသောအခါတွင် ထမင်းစားခန်းနှင့် ခပ်ဝေးဝေးရှိသော အထက်ထပ်ပြတင်းပေါက်တစ်ခု၏ အောက်တည့်တည့်တွင် "လှေကားရှင်"ကို ထောင်ရန် ပြင်ဆင်လေ၏။ ၎င်းလှေကားမှာ အဆစ်အပိုင်းများကို ဝက်အူနှင့်စုပ်၍ ဆက်ခြင်းဖြင့် လိုသလောက်ရှည်နိုင်လေသည်။ ဖိုးသံဒုတ်သည် ၎င်း"လှေကားရှင်"ကို အသုံးချသောအခါများ၌ သူ၏လက်တစ်ဖက်ကို ဤသို့ နှမြော၍၊ တစ်ခါက လှေကားကိုပစ်၍မပြေးဘဲ ခွန့်ခွန့်စားစား ဖြုတ်ယူရခြင်းကြောင့် လူရောလှေကားပါ ပုလိပ်လက်မှ ကံကောင်းထောက်မ၍သာ လွတ်ခဲ့ရလေသည်။

ဖိုးသံဒုတ်သည် မောင်သော်ကို အခြားတစ်နေရာတွင် ကင်းစောင့်ထား၍ လှေကားကို တပ်ဆင်လျက်ရှိစဉ် သူ၏လက်များသည် တုန်ယင်ခြင်းမရှိ၊ သူ၏ အမူအရာကို လူတစ်ယောက်ယောက်က မြင်ရလျှင် အိမ်သားတစ်ယောက်သော်လည်းကောင်း၊ သို့မဟုတ် ဓာတ်မီးပြင်သော အလုပ်သမားတစ်ယောက်သော်လည်းကောင်း မှတ်ထင်ရလောက်ပေသည်။ ဖိုးသံဒုတ်သည် နောက်ဆုံးလှေကားတစ်ထစ်ကို ဝက်အူတင်းလျက်ရှိစဉ် ဝင်းထရံနားဆီမှ 'အလိုလေးဗျ' ဟု လွှတ်ခနဲ အော်သံတစ်ချက်နှင့် ဗိုင်းခနဲလဲကျသံကို ကြားလိုက်ရသည်။ မောင်သော်ဆင်ထား



သော နန်းကြိုးတန်းကို တစ်ယောက်ယောက် ဝင်တိုက်မိခြင်းဖြစ်သည်ဟု ဖိုးသံဒုတ်သိရသည်။ ထို့နောက် ဝင်းတံခါးပေါက်ဆီသို့ တဖုတ်ဖုတ်ပြေးသွားသော ခြေသံများကို ဖိုးသံဒုတ်ကြားရာတွင် လှေကားကို ဖြုတ်ယူဖို့ သတိရသော်လည်း အချိန်မရှိသည်နှင့် ဝင်းပေါက်ဆီသို့ ပြေးလေ၏။ နောက်တခဏ၌ မိမိ၏နောက်မှ လူနှစ်ယောက် ပြေးလိုက်လာသလိုလို မသဲမကွဲမြင်လိုက်ရ၍ မိမိ၏ရှေ့မှလည်း တပည့်ကျော်မောင်သော်လိုလို လူတစ်ယောက် ဖဝါးနှင့်တင်ပါး တစ်သားတည်းကျအောင် ပြေးနေသည်ကို မြင်ရ၏။ နောက်မှလိုက်လာသောခြေသံများသည် နီးကပ်သည်ထက် နီးကပ်လာသည်ထင်သောကြောင့် ဖိုးသံဒုတ်သည် သူတို့မျက်ခြေပြတ်စေခြင်းငှာ ဝင်းပေါက်ဆီသို့ မပြေးတော့ဘဲ လမ်းလွှဲကာ ချိုးကွေ့လိုက်ပြီးနောက် ရင်ခေါင်းလောက်မြင့်သော သစ်သားဝင်းထရံကို လွှားခနဲခုန်ကျော်လိုက်သည်။ ထို့နောက် မူးမြောင်းဘက်သို့ ဆက်လက်၍ သုတ်ခြေတင်လေရာ နောက်ကလူနှစ်ယောက်ထံမှလည်း "ဖုတ်ခနဲဖုတ်ခနဲ" မြည်သံကြားသောကြောင့် ဖိုးသံဒုတ်သည် လိုက်လာကြသည်ဟု သိရလေသည်။

ဖိုးသံဒုတ်သည် မှောင်မိုက်သော်လည်း မူးရိုးကိုမှန်းဆနိုင်၍ မူးရိုးတစ်လျှောက် တန်းပြေးစဉ်၊ အပြေးသန်အောင် လေ့ကျင့်ထားသူဖြစ်၍ ရှေ့ကပြေးနှင့်သောလူကို တဖြည်းဖြည်းချဉ်းကပ်လာ၏။ ဖိုးသံဒုတ်သည် မောင်သော်ဖြစ်ရမည်ဟု ထင်သော်လည်း အသံမပြုဘဲကျိတ်၍ပြေးသည်နှင့် ရင်ဘောင်တန်းမိလာသည်တွင် တစ်ယောက်ဖက်တစ်ယောက် မျက်နှာလှည့်ကာကြည့်လိုက်ကြသည်။ မောင်သော်မဟုတ်မှန်းသိ၍ ဖိုးသံဒုတ်အံ့သြမိစဉ် တိုး၍အံ့သြမိစရာဖြစ်လာပြန်၏။ အကြောင်းမူကား ထိုလူကလည်း မိမိမျှော်လင့်သောလူ မဟုတ်ကြောင်းတွေ့ရသည်နှင့်တစ်ပြိုင်နက် ဖိုးသံဒုတ်အား ကိုယ်လုံးရိုက်ကာ ပစ်လှဲပြီးဒူးနှစ်ဖက်ကို ဖက်ဘိုက်သဖြင့် မူးမြောင်းထဲသို့ နှစ်ယောက်စလုံး လိမ့်ကျသွားပေသောကြောင့် တည်း။

ဒူးဆစ်ခန့်သာနက်သောရေတွင် ဖိုးသံဒုတ်နှင့် အခြားလူသည် ထွေးလုံးခံပတ်ဖြစ်နေကြစဉ် ဖိုးသံဒုတ်က ကိုယ်လွတ်ရုန်းရုံမျှ ရုန်းသော်လည်း ထိုလူကအတင်းဆွဲထားရင်း 'လုပ်ပါဦးကွ၊ ငါ့လူရ' ဆိုကာ သူ၏အဖော်ကို ခေါ်နေ[illegible] ဤတွင် "ငါ့လူ" ရောက်လာ၍ ဖိုးသံဒုတ်ကို ချုပ်ကိုင်ရန် ကြိုးစားကြလေသည်။ ထိုအတောအတွင်း မူးရိုးပေါ်မှ ပြေးလာပြန်ရာ ဖိုးသံဒုတ်၏စိတ်ထဲ၌ "ဒါမှမောင်သော်ထင်ပါရဲ့" ဟု အောက်မေ့လိုက်၏။ သို့သော် ဖိုးသံဒုတ် ထင်ရသော မောင်သော်သည် ထွေးလုံးရစ်ပတ်ဖြစ်နေကြသော လူသုံးယောက်တွင် စိတ်ဝင်စားသည့်သဘောမရှိဘဲ မူးရိုးတစ်လျှောက် တည့်တည့်ကြီးတန်းပြေးလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဆက်လက်ဖြစ်ပျက်နေသော အချိန်ကာလ နှစ်မိနစ်၊ သုံးမိနစ် အတွင်းက အခြင်းအရာများသည် ဖိုးသံဒုတ်ဦးနှောက်ထဲ၌ မသဲမကွဲ မပီမသ ရှုပ်ယှက်ခတ်ဖြစ်၍ ကျန်ရစ်တော့သည်။ မိမိအား လူနှစ်ယောက်က ထိုးသတ်ကြပုံ၊ ဖိုးသံဒုတ်က အလျှော့မပေးသေးဘဲ ကိုယ်လွတ်ရုန်းစဉ် မိမိ၏လည်ပင်းကို ဖျစ်ညှစ်ထားသောလူ၏ အာစောင်ထဲသို့ လက်မထိုးသွင်းပြီး ပါးတစ်ဖက်ကို ဖြဲလိုက်သဖြင့် "ဂူးဂူး ဝါးဝါး" အော်သံကြားရပုံ၊ ပထမလူ၏လက်ဆုပ်ကို ဖြေပြီး ဒုတိယလူ၏ ရောင်ပေစူးကလေးကိုဆွဲကာ မြေကြီးကို ဦးခေါင်းနှင့်ဆောင့်ပုံ၊ တစ် ရာကျော်လောက်ရှိမည်ထင်ရသည့် ခြေထောက်များက မိမိအား ဘောလုံးအမှတ် နှင့် ကန်ကြပုံ၊ "သိုင်း"တတ်ပုံရသော လူတစ်ယောက်က မိမိ၏မေးစေ့ကို ဆုပ်ကိုင် ကာ ဦးခေါင်းကို ဆတ်ခနဲလှည့်လိုက်သဖြင့် ဝေလမင်းသားလာစဉ်က မန္တလေး ကျုံးထိပ်တန်း၌ ကြည့်ရဖူးသည့် မီးရှူးပွဲကြီးကို တစ်ဖန်ပြန်မြင်ရပြီး မှောင်ကြီး အတိ ကျသွားပုံများသည် ဖိုးသံဒုတ်၏စိတ်ထဲတွင် တကယ်လိုလို၊ အိပ်မက်လိုလို မရေမရာ ဖြစ်နေလေတော့သည်။

❖

အထက်ပါ အခြင်းအရာများထက် ထင်ရှားပီသစွာ ဖိုးသံဒုတ်မှတ်မိသော အဖြစ်အပျက်မှာကား မှောင်ကြီးကျသွားရာမှ သတိရလာ၍ မျက်စိဖွင့်ကြည့်လိုက် သောအခါ၊ လူတစ်ကျိပ်ခန့် ဝိုင်းရံနေကြသည်ကို မြင်ရခြင်းနှင့်အတူ နှာခေါင်းထဲ၌ ရှူးရှပြင်းထန်သော နှာနံ့ရ၍ ဟပ်ချိုးနှစ်ကြိမ် ချီလိုက်ခြင်းပင် ဖြစ်လေသည်။ ဤ တွင် တစ်ယောက်က 'ဟော ဟော လည်လာပြီ၊ ထပ်မှုတ်ပါဦးကွ'ဟု ပြော၍ ဖိုးသံဒုတ်က မခံလိုသည်နှင့် ဦးခေါင်းတိမ်းလိုက်ခြင်းကိုလည်း သတိရလေသည်။

ဖိုးသံဒုတ်သည် အထက်ပါအခြင်းအရာကို ကြုံရသည်နှင့်တစ်ပြိုင်နက် မိမိလုပ်ခဲ့ပုံ အလုံးစုံကို သတိရ၍ 'ငါကား ကိစ္စချောလေပြီ၊ အရပ်သားတွေ ဝိုင်း မရိုက်သတ်ဘဲ ပုလိပ်လက်ထဲ အပ်လိုက်လျှင် တော်ချေသေးရဲ့'ဟူသည်မျှသာ ပို၍ မျှော်လင့်ချက်မရှိချေ။ သို့သော် ကြင်နာပုံရသော မိန်းမသံဖြင့် 'ဘယ့်နယ်နေ ရှာသေးလဲကွယ်တို့၊ သူ့ခမျာ ဖြစ်မှဖြစ်ရပလေကွယ်'ဟု ပြောလိုက်ခြင်းနှင့်အတူ လူတွေကြားမှ တိုးဝင်ကာ ရှေ့သို့ရောက်လာသော မိန်းမကြီးတစ်ယောက်ကို ဖိုး သံဒုတ်မြင်လိုက်ရ၍ အံ့သြသွား၏။ အခြားသောယောကျ်ားသံတစ်ခုကလည်း 'ကိစ္စမရှိပါဘူး မမရယ်၊ သတိရလာပါပြီ'ဟု ပြောပြီးနောက် ရပ်ရည်သန့်ပြန့်၍ ပိုးရုပ်အင်္ကျီဝတ်ထားသော လူတစ်ယောက်သည် ဖိုးသံဒုတ်၏လက်ကိုကိုင်လျက် 'နှစ်ယောက်စလုံး မိတယ်ဗျို့၊ ခင်ဗျားကျေးဇူး မမေ့ပေါင်ဗျာ၊ ဘယ့်နှယ်လဲ သက်သာ



ကောင်းကောင်းရရဲ့လား၊ ကျွန်တော့်မှာ ဆေးဘရန်ဒီရှိတယ်ဗျ၊ လိုလိုမည်မည် ဘစ်ပုလင်းဝယ်ထားတယ်၊ ဗျို့ကိုဆောင်၊ မခင်မေဆီမှာ တောင်းချေဗျ။ ဆေးဘ ရန်ဒီပုလင်းလေးပေးလိုက်ပါလို့'ဟု ပြောလိုက်သဖြင့် လူတစ်ယောက်ပြေးသွား လေသည်။

ဖိုးသံဒုတ်သည် မျက်လုံးပေကလပ်ပေကလပ်နှင့် အကဲခတ်လျက်ရှိရာ လူအားလုံး၏ ယုယကြင်နာပုံကို တွေ့ရ၍ အတန်ငယ်ရိပ်မိလာသည်နှင့် ဖိုးဆောင် ဆိုသူက ဘရန်ဒီပုလင်းယူလာပြီးတစ်ခွက်ငှဲ့လိုက်ရလျှင် ဖိုးသံဒုတ်က 'ကျွန်တော့် အသက် အသေခံပါရစေ၊ ဒီအရေကိုတော့ လျှာပေါ်မတင်ပါရစေနဲ့ခင်ဗျာ'ဟု တောင်းပန်လေသည်။ ထိုအခါ ဝိုင်းရံနေသော ပရိသတ်က 'အလိုလေး၊ တကယ့် သူတော်ကောင်းကြီးပါတကား၊ တော်ပါပေ့ဗျာ... တော်ပါပေ့'စသည်များဖြင့် ဘစ်ယောက်တစ်ခွန်း တီးတိုး ချီးကျူးကြလေကုန်၏။

ဖိုးသံဒုတ်သည် မိမိထောင်လိုက်သော ထောင်ချောက်ထဲသို့ ပရိသတ် အားလုံးလိုပင် တိုးဝင်ကြသော်လည်း သူတို့အနက်လျှင် ဦးခေါင်းငိုက်စိုက်နှင့် ရပ်နေသော လူနှစ်ယောက်မှုကား မိမိအားချီးကျူးသြဘာမပေးဘဲ သုန်မှုန်နေကြ သည်ကို တွေ့ရ၏။ ဤလူနှစ်ယောက်၏ ကိုယ်ဟန်အနေအထားကို ကြည့်ရခြင်း အားဖြင့်လည်း လက်ပြန်ကြိုးချည်ထားပုံရသည့်အပြင် မိမိကဲ့သို့ပင် ရွှံ့ဗွက်များ ပေကျံလျက်ရှိသည်ကို တွေ့ရ၏။ ထို့ပြင် မှုးချောင်းပေါ်၌ မိမိတွေးလုံးသတ်ပုတ် ရစဉ်ကလည်း လူတစ်ယောက်၏ ရောင်ပေစူးကို ဆွဲဆောင့်လိုက်ရသည်ဟု ဖိုးသံ ဒုတ်အမှတ်ရလေရာ လက်ပြန်ကြိုးချည်ထားသူနှစ်ယောက်အနက် တစ်ယောက်မှာ သည်း ရောင်ပေစူးကလေး ထုံးထားသည်ကို မြင်လေရကား၊ ဖိုးသံဒုတ်မှာ ဤ ဘွင်မှ အခြေအနေအလုံးစုံကို သဘောပေါက်သွားလေသည်။ ထို့နောက် ဘရန်ဒီ ပုလင်းယူရန် အမိန့်ပေး၍ ပိုးရုပ်အင်္ကျီဝတ်ထားသော လူငယ်က ဖိုးသံဒုတ်၏ သက်ကိုကိုင်လှုပ်လျက် 'ကျေးဇူးတင်ပါတယ်မိတ်ဆွေ၊ ခင်ဗျားကယ်ပေလို့သာ၊ နို့မဟုတ်ရင် ကျုပ်တို့လက်ဖွဲ့ပစ္စည်းတွေ အားလုံးပါသွားမှာ ကေန္တပဲ'ဟု ပြောရာ ဖိုးသံဒုတ်က ဤသူကား မြို့အုပ်မင်း၏သား မင်္ဂလာဆောင်သတို့သား ကိုဘိုး အောင်ဖြစ်ရမည်ဟု အကဲခတ်မိသည်နှင့်–

ဒုတ်။ ။'ကျေးဇူးတင်စရာမဟုတ်ပေါင်ဗျာ၊ အမျိုးသားချင်း ရိုင်းပင်းကူညီတယ် ဆိုတာဟာ ဝတ္တရားအတိုင်းပါပဲ'

အောင်။ ။'ကိုယ့်အလုပ်ကို အမွှမ်းတင်ပြီး မပြောချင်ဘူးဆိုတာ လူညီလကွာသာ ယပဲဗျ။ ဒါထက် ဒီကောင်တွေ ပြတင်းပေါက်က တက်မလို့ပြင်နေတုန်း ခင်ဗျားက မြင်လိုက်လို့ မှုးရိုးအတိုင်း စွတ်လိုက်ဖမ်းတယ်ဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တာပေါ့ဗျာ၊ လူကို ကံကောင်းလို့ လည်ပင်းပြတ်ထွက်မသွားတာ ပါကလား'

'အမှန်ကတော့ ဝင်းပြင်ဘက်က စောင့်နေတဲ့ ပုလိပ်နှစ်ယောက်က ခင်ဗျား တို့ကို မြင်လိုက်လို့သာပေါ့၊ ခင်ဗျားက သူခိုးနှစ်ယောက်နောက်ကို လိုက်ဖမ်းတော့ ခင်ဗျားနောက်က လိုက်တာပဲ၊ ပုလိပ်တွေနောက်က ကျုပ်တို့လူတွေက လိုက်ကြ တယ်။ ပုလိပ်နှစ်ယောက်က အချိန်မီမရောက်ကြရင် ခင်ဗျားတော့ ဒုက္ခပဲ၊ ဘာ ပြောပြောဗျာ၊ သူခိုးနှစ်ယောက်ကို ခင်ဗျားတစ်ယောက်တည်း လိုက်ဖမ်းဝံ့တာ တော့ တကယ့်သတ္တိပါပေဗျ၊ အင်္ဂလိပ်လိုတော့ "ဟီးရိုး"ခေါ်တာပေါ့'

'ကျွန်တော့်ဝါသနာက သူခိုး၊ ဓားပြဖမ်းဖို့ဆိုရင် တစ်ယောက်နဲ့နှစ် ယောက်မဆိုထားနဲ့ တစ်ယောက်နဲ့လေးယောက်၊ ငါးယောက်လည်း မရှောင်ဘူး ဗျ၊ ကြိုက်တာပဲ။ အောင်မြင်တာ မအောင်မြင်တာကတော့ သူတို့ကံနဲ့ ကျွန်တော့်ကံ ပါဗျာ'

'ကြိုက်သဗျာ၊ ခင်ဗျားသွေးတော့'

ထိုခဏ၌ တိုက်ခံအိမ်ကြီးရှင် စက်ပိုင်သူဌေး ဦးဂုံဘန်ကိုယ်တိုင် တပည့် နှစ်ယောက်နှင့်လိုက်လာ၍–

ဘန်။ ။'ဘယ့်နှယ်လဲကွယ့် မောင်တိုးအောင်။ သူခိုးနှစ်ယောက်တော့ မိလိုက်ရဲ့ သို့သော် ရှေ့ဆောင်ပြီးဖမ်းပေးတဲ့လူတစ်ယောက် တော်တော်နာသွားဆို'

အောင်။ ။'ဟုတ်တယ်ဖေဖေ၊ သို့သော် ကိစ္စမရှိပါဘူး၊ ကောင်းကောင်းသတိရလာ ပါပြီ'

'ကိုင်းလကွယ်... ဒါဖြင့် သူခိုးနှစ်ယောက်ကို ပုလိပ်တွေနဲ့ ဌာနာပို့ပြီး ရှေ့ဆောင်ဖမ်းပေးတဲ့ ကျေးဇူးရှင်ကို အိမ်ခေါ်ပြီး ဝတ်ပြုပေးဦးမှပေါ့ကွယ်'

ဤတွင် ဖိုးသံဒုတ်က ငြင်းသော်လည်း ယောက္ခမနှင့် သမက်တို့၏ တိုက် တွန်းချက်အရ တိုက်ခံအိမ်ကြီးကိုလိုက်ပါသွားရလေသည်။ ဖိုးသံဒုတ်မှာ သွေးလုံး သတ်ပုတ်ခဲ့ရသောဒဏ်ချက်ကြောင့် မူးမူးမိုက်မိုက်ဖြစ်နေခဲ့ရာတွင် ဦးဂုံဘန်နှင့် သမက်ကိုတိုးအောင်တို့ကိုယ်တိုင် တွဲယူသွားကြလေသည်။ သို့ဖြစ်၍ တိုက်ခံအိမ် ကြီးပေါ်သို့ ပြတင်းပေါက်မှ ခိုးဝှက်ခိုးကြောင်တက်ဖို့ စိတ်ကူးခဲ့သော ဖိုးသံဒုတ် သည် အိမ်ကြီးရှင်များကိုယ်တိုင်တွဲယူကာ အိမ်ရှေ့တံခါးမှ သားသားနားနားအ ထင်အရှားတက်လာရပေတော့သည်။ ဤအခြင်းအရာကို စဉ်းစားမိသော ဖိုးသံ ဒုတ်က "တယ်တော်တဲ့ ငါကွနော်" ဟု အောက်မေ့ကာ ကြိတ်၍ပြုံးမိသေးသည်။

အိမ်ကြီးအောက်ထပ်တွင် အကောင်းဆုံးသော ဆိုဖာပေါ်၌ ဖိုးသံဒုတ်ကို တင်ကြမည်ပြုစဉ်၊ ရွှံ့ပေနေသော အဝတ်များကို မြင်ကြ၍ သတို့သား ကိုတိုး



အောင်၏ ဝတ်စုံအသစ်များအနက်မှ အက်(စ်)အိုရှပ်နှင့် ပလေကပ်လုံချည်တို့ဖြင့် သဲလှယ်ဝတ်ဆင်စေပြီးမှ ဆိုဖာကြီးပေါ်သို့ တင်ကြလေ၏။ သတို့သမီးနှင့် ယောက္ခမကြီးတို့ကလည်း အားလုံးပျော်ပွဲစားဖို့ ချက်ထားသည့် ကြက်သားနှင့် ကြာဆံဟင်းကို အကြီးဆုံးပန်းကန်နှင့်ထည့်ကာ စားပွဲကလေးပေါ်၌ တင်ကျွေး ကြလေသည်။ ဖိုးသံဒုတ် ကြာဆံသောက်သည်ကို ငေးကြည့်နေသော သတို့သမီး မခင်မေက "ဗိုလ်အောင်ဒင်"ဇာတ်ကားထဲမှ ခင်မောင်ရင်နှင့်တူသည်ပြောသောအခါ မြန်မာဇာတ်ကားများထက် အင်္ဂလိပ်ဇာတ်ကားများကို အကြည့်များသော သတို့ သားကိုတိုးအောင်က ဟင်နရီဘောဂက်နှင့် တူသည်ဟု ထင်မြင်ချက်ပေးလေ သည်။ ဤတွင် စက်ပိုင်ကတော်ကြီးက သူတော်ကောင်းတစ်ယောက်အား လူဆိုး သူမိုက် ဇာတ်လိုက်များနှင့် မနှိုင်းသင့်ကြောင့် ကန့်ကွက်သည်နှင့် မခင်မေက ဗိုလ်အောင်ဒင်ဇာတ်လမ်း၌ ဗိုလ်အောင်ဒင်မှာ လူဆိုးသက်သက်မဟုတ်ကြောင်း၊ သတ္တိကောင်းသူတစ်ယောက်ဖြစ်ကြောင်းများနှင့် ရှင်းလင်းပြောပြလေသည်။ ယင်း သို့ရှိစဉ် အစေခံတစ်ယောက်သည် ဝင်းခြံထောင့်တစ်နေရာ၌တွေ့သော လေကားရှင် တစ်ခုနှင့် နန်းကြိုးခွေတစ်ခုကိုယူလာ၍ ကိုတိုးအောင်ကိုပြရာ၊ ဖိုးသံဒုတ်က ခေတ် သူခိုးများ၏ ဉာဏ်များပုံကို ဋီကာဖွင့်သည်နှင့် အားလုံးပွဲကျသေးသည်။

ကြာဆံပြီးသည်နောက် လက်ဖက်ရည်အချို၊ အကြမ်း၊ ကွမ်း၊ ဆေး၊ လက်ဖက်မကျန် ဧည့်ခံကျွေးမွေးပြီးသောအခါ ဖိုးသံဒုတ်၏ နေရပ်ကို မေးမြန်းကြ ၍ ဖိုးသံဒုတ် မကျည်းတော်ရွာ၌ ခေတ္တတည်းခိုလျက်ရှိသော ဧည့်သည်တစ်ယောက် ဖြစ်ကြောင်း ပြောလေ၏။ သို့ဆိုလျှင် လှည်းတစ်စီးငှားပြီး တင်ပို့ဖို့ ဦးဂုံဘန်က ခိုင်းရာ စက်ပိုင်ကတော်က 'မဖြစ်ပါဘူး ကိုဂုံဘန်ရယ်၊ မိုးကြီးချုပ်လှမှ ဘယ်က ဘာ လှည်းငှားလို့ရမှာလဲ၊ မနက်စောစောမှ ကားနဲ့လိုက်ပို့မှ တော်ပေတော့မပေါ့၊ အခုမှာ မူးတီးမူးဝေဖြစ်နေရှာသေးပုံ ရပါတယ်' ဟု ကန့်ကွက်သည်နှင့် ဖိုးသံဒုတ် ကို တစ်ညသိပ်ရန် အားလုံးသဘောတူကြလေသည်။ အိပ်ရာသို့မဝင်ကြမီ အိမ် ကြီးပေါ်၌ မှန်ဗီရိုကြီး နှစ်လုံးဖြင့်ထည့်ကာ ဗန်းပြထားသော လက်ဖွဲ့ပစ္စည်း အမျိုးမျိုးကို ကိုတိုးအောင်နှင့် ဇနီးတို့က ဖိုးသံဒုတ်ကို ပြကြလေသည်။

❖

နံနက်လင်း၍ တိုက်ခံအိမ်ကြီးဆီမှ ကျက်စီကျက်စီကြားသည်နှင့် အိမ်နီး ချင်းတစ်ယောက်က လှမ်းမျှော်ကြည့်လိုက်သည်တွင် အိမ်ကြီးအပေါ်ထပ်၌ ခင်ပွန်း သတို့သားအမိနှစ်ယောက်အား ဦးဂုံဘန်နှင့် သမက်ကိုတိုးအောင်တို့က ဆော့ဆော့ ကားပြောနေသည်ကို ပြတင်းပေါက်မှ မြင်လိုက်ရသည်။ မခင်မေတို့သားအချော

www.burmeseclassic.com



မိန်းမသားများဖြစ်သည့်အလျောက် လက်ဖွဲ့ပစ္စည်းများအနက်မှ အဖိုးတန်ဆုံး ရွှေထည်များပျောက်ခြင်းအတွက် ဆူပူချင်ကြသော်လည်း၊ ဦးဂုံဘန်နှင့် ကိုတိုးအောင်တို့က ရက်ဖို့ကောင်းသည်ဟု နှုတ်ပိတ်ထားလိုက်သည့်အတွက် ၎င်းအမှုမှာ ပုလိပ်ဌာနမှ တိုင်ချက်စာအုပ်တွင် မှတ်တမ်းမတင်ရဘဲ ရှိပါတော့သတည်း။

[သွေးသောက်၊ အမှတ်(၁၁၀)၊ မတ်လ၊ ၁၉၅၁]

■

# သခင်ကျောက်ဖလူး

ဆလာကန်၌ နာမည်ကျော်ကြားခြင်းသည် အရည်အချင်းကြောင့် ဟုတ်ချင်မှ ဟုတ်သည်။ အချို့မှာ တော်ရုံတန်ရုံနှင့် လူသိများ၍ကျော်ကြားသောအဖြစ်သို့ ရောက်ဆလာ အချို့မှာလည်း မြိုင်ကြီးအလယ်၌ပွင့်သော သဇင်ပန်း၏ ရနံ့ကဲ့သို့ မည်သူ၏ နှာခေါင်းသို့မျှ တိုးဝင်ခွင့်မရသဖြင့် လေထဲ၌ အချည်းအနှီးဆုံး ဖြစ်တော့သည်။ ထို့ကြောင့် ကျော်ကြားခြင်းဟူသည်မှာ ကံဇာတာအလျောက် ဖြစ်ရ၍ ဘာသောညာသောမဟုတ်၊ ကျော်ကြားဖို့ဇာတာပါမှ ကျော်ကြားနိုင်မည်ဟု ပြောကြ၏။ ထိုကဲ့သို့ယူဆ၍ ဤအတွက်ကြောင့် တဖျစ်တောက်တောက် ညည်းတွားလေ့ရှိသူမှာကား သခင်ကျောက်ဖလူးပင် ဖြစ်လေသည်။

၁၉၄၄ ခုနှစ်၌ ဂျပန်များသည် မြန်မာပြည်အထက်ပိုင်းမှ ဆုတ်ခွာ၍ မြစ်ကြီးနား–စစ်ကိုင်း မီးရထားလမ်းတစ်လျှောက် သံလမ်းများကို ဖြုတ်ခွာဖယ်ရှားရင်း တဖြည်းဖြည်းဆုတ်လာကြသဖြင့် စစ်ကိုင်းသို့ဆိုက်ရောက်လာကြသည်တွင် ဂျပန်စစ်တပ်နောက်မှ ထပ်ကြပ်မကွာ လိုက်လာ၍ အနည်းနည်း ဒုက္ခပေးသူများကား သခင်ကျောက်ဖလူးအဖွဲ့ပင် ဖြစ်လေသည်။

ဂျပန်စစ်ဗိုလ်က တောရွာများမှ ဤပစ္စည်း ထိုပစ္စည်းများ အလိုရှိသည်ဟု ၍ ဆင့်ဆိုတောင်းယူသည်တွင် သခင်ကျောက်ဖလူးအဖွဲ့သည် ၎င်းပစ္စည်းများကို ဂျပန်လက်သို့ မရောက်စေဘဲ လမ်းခရီးမှ ဆီးကြိုလုယူလေ့ရှိ၏။ ဆန်သည်း ဘယ်နှစ်စီး၊ နွားသားခြောက် ဘယ်နှစ်အိတ်၊ အာလူး မည်ရွေ့မည်မျှ အင်္ဂါနှင့်သည်

www.burmeseclassic.com



စသည်ဖြင့် ဂျပန်စစ်ဗိုလ်က တောင်း၍ ရွာသားများက လှည်းများဖြင့် တင်ပို့တိုင်း သခင်ကျောက်ဖလူးသည် အနည်းဆုံး နှစ်ကြိမ်လျှင် တစ်ကြိမ်ရအောင် လမ်းမှ ဖြတ်ယူလေ့ရှိ၏။ ထိုအချိန်တွင် ဂျပန်များ ဆုတ်ခွာလျက်ရှိသည်ဟူ၍ ရွာသားများ မရိပ်မိကြသော်လည်း သခင်ကျောက်ဖလူးမှုကား ဘယ်ကသတင်းရခဲ့သည်မသိ နိုင်၊ ဂျပန်များနောက်မှ တမင်လိုက်၍ အကျပ်ရိုက်အောင် ဖန်တီးခဲ့လေသည်။

သခင်ကျောက်ဖလူး၌ နောက်လိုက်ငယ်သား ၅၀ ခန့် ပါရှိရာ အကြောင်း တစ်မျိုးစီနှင့် ဂျပန်မုန်းသော လူငယ်များချည်းဖြစ်၍ ဘယ်ပုံဘယ်နည်း ဖွဲ့စည်းခဲ့ ကြသည် မပြောတတ်ပေ။ သခင်ကျောက်ဖလူး ကိုယ်တိုင်မှာမူ ဗြိတိသျှစစ်ဗိုလ် ကြီး တစ်ယောက်၏ လူယုံတော်ဖြစ်၍ ဂျပန်စစ်တပ်ကို အနှောင့်အယှက်ပေးဖို့ တာဝန်ယူခဲ့ရသူတစ်ယောက်ဖြစ်သည်ဟု ပြောကြ၏။ ဟုတ်မဟုတ်ကား မပြော တတ်။ ဂျပန်ဆုတ်ခွာရေးတွင် အများဆုံး အနှောင့်အယှက်ပေး၍ ဆုတ်ခွာရေးတပ် ဗိုလ်အား ခေါင်းကိုက်ဆေး ခဏခဏသောက်အောင် ဒုက္ခပေးခြင်းကား မှန်ပေ သည်။ ဂျပန်များ စိတ်ညစ်ရသလောက် သခင်ကျောက်ဖလူးတို့လူစုကား စစ်တပ် နောက်မှ နွားသားခြောက်နှင့် တောအရက်မြည်းလျက် ဆန်အိတ်များ ဝေငှဖြန့်ဖြူး ကာဖြင့် ပျော်ပျော်ကြီး ဟီးရီးလုပ်၍ လိုက်ပါလာကြလေသည်။

သခင်ကျောက်ဖလူးကား ရောက်လေရာအရပ်တွင် 'စွံ'သော လူတစ် ယောက်ဟူ၍ နောက်လိုက်များ ပြောကြ၏။ ယခုအချိန်တွင် သခင်ကျောက်ဖလူး ဟူ၍ ကြားဖူးသူနည်းသော်လည်း ထိုခေတ်ကာလ၌မူ ရွာသူတို့၏နား၌ အများဆုံး ကြားနေရ၍ နားဝင်ချိုလေခြင်းဟု ချီးကျူးသော မိန်းမပျိုများပင် ရှိ၏။ သခင် ကျောက်ဖလူး၏ စွံခြင်းမှာ ဤသို့ဖြစ်ဟန်တူ၏။ ကျောက်ဖလူးဟူသောနာမည် သည် အလွန်ဆိုးရွားလှ၍ ကြားလိုက်ရသောလူများ၏စိတ်၌ အလွန်တရာ အရုပ် ဆိုးသည့် ကျောက်အိုးကွဲကြီးတစ်ယောက် ဖြစ်လိမ့်မည်ဟု မှန်းဆမိကြပေမည်။ သို့သော် လူပုံပန်းကို မြင်လိုက်ရသည့်အခါ မင်းသားကိုယ်နှင့် သနားကမားဖြစ် လေရကား တကယ့်လူချောလူလှတစ်ယောက် မဟုတ်စေကာမူ အထင်နှင့် ကွာ ခြားသောကြောင့် မိန်းမပျိုများ၏မျက်စိ၌ လူချောကြီးတစ်ယောက် ဖြစ်ဟန်တူပေ သည်။ အကယ်၍ ကျောက်ဖလူးဟူသောအမည်အစား မောင်ဘ၊ မောင်မြ စသော သာမန်နာမည်မျိုး မှည့်ခေါ်ထားပါမူ မြင်တွေ့လိုသောဆန္ဒ ဖြစ်ပေါ်ကောင်းမှ ဖြစ် ပေါ်ပေမည်။ မြင်တွေ့ရသောအခါ၌လည်း ထိုကဲ့သို့ အလန့်တကြားဖြစ်စရာ မရှိ ဘဲ တစ်ကြိမ်ပြင် နှစ်ကြိမ်လှည့်၍ ကြည့်ကြမည်မဟုတ်ချေ။ ယခုသော် ကျောက် ဖလူးဆိုသောကြောင့် အဆင်းအတန် အရုပ်ဆိုးကြီး ထင်ထားပြီးမှ အဆင်ပြေ သွားသော မျက်နှာကို လူချောကြီးအနေဖြင့် မြင်မိကြဟန်တူလေသည်။



တစ်ရွာလျှင် အနည်းဆုံး ရည်းစားတစ်ယောက် ရှိပြီဖြစ်သော သခင် ကျောက်ဖလူးသည် စစ်ကိုင်းမြို့အောက်၌ရှိသော ရွာကလေးတစ်ရွာ၏ ရေဆိပ် သို့ တပည့်များနှင့်အတူ သမ္ဗာန်လေးငါးစင်းနှင့် ဆိုက်ရောက်လာ၍ ရွာထဲသို့ သုံးယောက်တစ်တွဲ၊ လေးယောက်တစ်တွဲ စသည်ဖြင့် လူခွဲ၍ ဝင်ကြ၏။ အချိန်မှာ နေဝင်ပြီးသဖြင့် ရွာထဲ၌ မီးကလေးများ တလက်လက် ပေါ်စပြုနေပြီဖြစ်ရာ သခင် ကျောက်ဖလူးသည် အခြားသူများကဲ့သို့ အဖော်မရှာဘဲ ခြောက်လုံးပြူး ခါးကြား ထိုးလျက် တစ်ကိုယ်တည်း ထွက်လာခဲ့လေသည်။ လေးငါးဆယ်လှမ်း လျှောက် မိလတ်သော် တစ်ယောက်သောတပည့်က "ဆယ်နှာရှိဆရာနော် ဟုတ်ကဲ့မဟုတ် သား"ဟု ပြောလိုက်သဖြင့် သခင်ကျောက်ဖလူးသည် နောက်သို့ လှည့်မကြည့်ဘဲ ခေါင်းညိတ်ကာဖြင့် ဆက်လက်လျှောက်သွားလေ၏။

ထိုရက်၌ ဂျပန်စစ်တပ်သည် ၎င်းရွာကလေးအောက်တွင် သုံးလေးမိုင် ကွာလှမ်းသော ဌာနတစ်ခုသို့ ရောက်သွားပြီဖြစ်ရာ ရွာသူရွာသားများမှာမူ ဤ အကြောင်းကို မသိကြသေးဘဲ တောအရက် ချက်ရောင်းသူများလည်း တိုးတိုး တိတ်တိတ် ရောင်းဝံ့ကြ၏။ သို့သော် သခင်ကျောက်ဖလူးအဖွဲ့ဆိုသောကြောင့် မငြင်းဝံ့ဘဲ ထုတ်ရောင်းကြရာ အဖွဲ့သားများလည်း ပါလာသော အမဲခြောက်များ ဖုတ်စေလျက် လွတ်လပ်ပျော်ရွှင်စွာ သောက်စားကြလေသည်။

သခင်ကျောက်ဖလူးမှုကား ထိုရွာ၌ မရပ်တန့်ဘဲ ပြောင်းခင်းကို ဖြတ်ကျော် ၍ တစ်မိုင်ခန့် ကွာလှမ်းသည့် အတွင်းဘက်ရှိ ရွာကလေးသို့ ဆက်လက်လျှောက် သွား၏။ ရွာအစွန်းသို့ ရောက်သောအခါ ကျောက်ဖလူးသည် နှစ်ဆောင်ပြိုင် ဟည်ထောင်အိမ်၏ နောက်ဖေးရှိ နွားတဲသို့ ချဉ်းကပ်၍ မြွေသံနှင့်တူအောင် လေ တစ်ချက်ချွန်လိုက်သည်တွင် အိမ်ကြီး၏နံဘေးမှ ပြတင်းပေါက်တံခါး ပွင့်လာ၏၊ နောက်တစ်ချက် ချွန်လိုက်ရာ၌ကား အပျိုချော မယ်ဥမ္မာသည် နောက်ဖေးလှေကား မှ ဆင်းလာ၍ သမီးရည်းစား တွေ့ဆုံကြတော့သည်။

မယ်ဥမ္မာဟူသည်မှာ မိဘများက မှည့်သော နာမည်မဟုတ်။ ရွာသားများ က ချောလှလွန်းသဖြင့် ကပြက်ကချော် မှည့်ခေါ်ကြရာမှ အတည်ဖြစ်ခဲ့ခြင်း ဖြစ် ၏။ ခေတ်ကောင်းစဉ်က မြို့အုပ်၊ ဝန်ထောက် စသော အရာရှိများ၏ ပိုးပန်းခြင်း ခံရ၍ ဂျပန်များမမြင်အောင် ဝှက်ထားရသော မိန်းကလေးဖြစ်ပေရာ ကျောက်ဖလူး နှင့်တွေ့ကာမှ နဖူးစာ ရွာလည်ရှာတော့သည်။

သမီးရည်းစားနှစ်ယောက်သည် နွားတဲထောင့်ရှိ ခုံရှည်ပေါ်တွင် ထိုင်ကြ၏ တစ်လနီးပါး မမြင်ကြရသည့် မျက်နှာကို တစ်ယောက်တစ်ယောက် ငေးကြည့် ၍ သမီးရည်းစားထုံးစံအတိုင်း အဓိပ္ပာယ် မနက်နဲဘဲလျက် နားဝင်ချိုလှသော

www.burmeseclassic.com

www.burmeseclassic.com



တွတ်တီးတွတ်တာ ပလီပလာ စကားမျိုးတို့ကို ပြောကြရင်း အချိန်ကုန်မှန်းမသိ ကုန်စေလျက် ကိုးနာရီထိုးခါနီးမှ ကျောက်ဖလူးသည် ပြန်ဖို့အချိန်တန်ပြီဆိုကာ ထိုင်ရာမှ ထလေ၏။

"သတိဝီရိယနဲ့သွားပါ ကိုကျောက်ဖလူးရယ်၊ တော့်မှာ ရန်သူတွေက များ ပါဘိသနဲ့တော်"

"ဟား ဟား ဟား နာမည်ကြီးတဲ့လူဆိုတာ ရန်သူများရိုးထုံးစံပဲ မယ် ဥမ္မာ၊ မထင်ရှားတဲ့လူများမှာသာ မုန်းသူလည်းမရှိ၊ ချစ်သူလည်း မရှိ၊ တိမ်မြုပ် နေတာပေါ့၊ နို့ပေမဲ့ ဒီရွာမှာတော့ ကိုယ့်မုန်းတဲ့လူ ရှိမထင်ပေါင်နော်"

"ရွာသူရွာသားထဲကတော့ မုန်းတဲ့လူ မရှိပါဘူး"

"နို့ ဘယ်လူက မုန်းသတဲ့လဲ"

"တစ်နေ့တုန်းက ရွာထဲမှာ ပြောနေကြတယ်၊ ဂျပန်စစ်ဗိုလ်က ကိုကျောက် ဖလူးကို အရှင်ဖမ်းပေးရင် ငါးသောင်း၊ အသေပို့ပေးရင် တစ်သောင်းပေးမယ်ဆိုပါ ကလား"

"ဂျပန်လောက်များ အရေးလုပ်လို့ မယ်ဥမ္မာ၊ ဝင်လာတုန်းကတော့ အဟုတ်မှတ်လို့ ကြောက်မိတာ။ ပြန်ဆုတ်တော့ အလကားကောင်တွေမှန်း သိရ ပကော၊ ဘာကြောက်လိမ့်မှာလဲ။ တစ်နယ်လုံး ဆန်ဝေပေးတဲ့လူကို ဘယ်သူက ဖမ်းပို့ချင်မှာလဲ"

"ဒါပေမဲ့ သခင်ပေါ်လွင်တစ်ယောက် ရှိသေးမှုတ်လား၊ ဒီလူက ကို ကျောက်ဖလူးကို ဖမ်းပေးချင်သတဲ့၊ ပြောနေကြတယ်"

ဤတွင် ကျောက်ဖလူးသည် မျက်မှောင်ကြုတ်လျက် သခင်ပေါ်လွင်နှင့် ဖြစ်ခဲ့ဖူးသောရန်စကို ပြန်ပြောင်းတွေးတောမိသည်။ ဂျပန် အုပ်ချုပ်စဉ်အတွင်း၌ တစ်နယ်လုံး ငြိမ်ဝပ်သော်လည်း ဂျပန်ဆုတ်ခွာချိန်တွင် အတွင်းသိများသည် အသင်းအပင်းများဖွဲ့၍ နိုင်လောက်သည်ထင်ရသော ဂျပန်များကို အလျစ်ချောင်း၍ သုတ်သင်ခြင်း၊ ပစ္စည်းဂိုဒေါင်များကို လုယူခြင်း၊ ချောင်းမြောင်းပစ်ခတ်ခြင်း စသည်ဖြင့် အနှောင့်အယှက် ပေးကြ၏။ အချို့က သူတို့အလိုအလျောက် ပြုလုပ် သည်ပြော၍ တချို့ကလည်း ဗြိတိသျှ အမေရိကန်တို့ထံမှ အကူအညီရသည်ဟု ပြောကြ၏။ ထိုလူစုအနက်တွင် သခင်ကျောက်ဖလူးနှင့် သခင်ပေါ်လွင်တို့အဖွဲ့ သည် အတူတကွပူးပေါင်း၍ ဂျပန်ဂိုဒေါင်တစ်ခု၌ စောင့်သော ဂျပန်စစ်သား တစ်ကျိပ်ခန့်ကို အလစ်တွင် သုတ်သင်၍ ဂိုဒေါင်ထဲမှ ပစ္စည်းများကို ခွဲယူဖို့ ပြင် ဆင်ခိုက်တွင် ဂျပန်စစ်တပ်ကြီးရောက်လာသည်ဟု အလန့်တကြား သတင်းရ သည်နှင့် ပေါ်လွင်တို့အဖွဲ့ ထွက်ပြေး၏။ ကျောက်ဖလူးမှုကား ဤအချိန်တွင်



ဂျပန်စစ်သား အလုံးအရင်းနှင့် မလာနိုင်ဟု တွေးမိသည်နှင့် ရုတ်တရက် မပြေး ခင် နေရာကောင်းမှ ချောင်းကြည့်၏။ ဂျပန်စစ်သား လာကြသည်ကား မှန်၏၊ သို့ရာတွင် စစ်တပ်ကြီးမဟုတ်။ ၁၂ ယောက်ခန့်မျှသာ ဖြစ်ရကား သေနတ်ကိုယ်စီ ရှိနေသော ကျောက်ဖလူးအဖွဲ့သား ငါးဆယ်ခန့်တို့က တစ်ပြိုင်တည်း ချောင်း၍ ပစ်လိုက်ကြသည်တွင် ဆယ်ယောက်ကျ၍ နှစ်ယောက်တည်း ထွက်ပြေး၏။ ထို နှစ်ယောက်ကိုလည်း နောက်တစ်ကြိမ် ပစ်သတ်ကြ၍ ဂိုဒေါင်ကို အုပ်နိုင်ကြလေ သည်။ ကိစ္စပြီးသောအခါမှ သခင်ပေါ်လွင် ပြန်ရောက်လာ၍ ဝေစုတောင်းသော အခါ ကျောက်ဖလူးက မပေးနိုင်ဟု တင်းတင်းမာမာ ပြောလိုက်သည်နှင့် ပေါ်လွင် သည် ကျောက်ဖလူးအပေါ်၌ ရန်ငြိုးဖွဲ့ခြင်း ဖြစ်လေသည်။

"ပေါ်လွင်ကောင်က ကိုယ့်ကို ဖမ်းမလို့တဲ့လား"

"ဒီလိုပဲပြောကြတယ် ကိုကျောက်ဖလူးရဲ့"

"သတ္တိရှိ လုပ်စမ်းပါစေ၊ ကိုယ်က ညစ်ပတ်တာမှ မဟုတ်ဘဲ၊ သူတို့လန့် လို့ သူတို့ထွက်ပြေးပြီး ဝေစုလိုချင်လို့ ဘယ်က ပေးနိုင်လိမ့်မှာလဲ"

"ဘာပဲဖြစ်ဖြစ် ကိုယ့်ကိုယ်ကိုယ်တော့ သတိထားပါ ကိုကျောက်ဖလူး ရယ်"

"သတိထားပြီလားဗျာ၊ တခြားကြောင့် မဟုတ်ဘူး။ မယ်ဥမ္မာနဲ့ လွဲမှာစိုး တာနဲ့ သိပ်သတိထားပါတယ်၊ ဟဲ ဟဲ ဟဲ"

သခင်ကျောက်ဖလူးသည် မယ်ဥမ္မာနှင့် ခွဲခွာ၍ ပြောင်းခင်းအကြားရှိ လမ်း ကလေးတစ်လျှောက် လျှောက်လာခဲ့စဉ် လပြည့်ကျော် ၅ ရက်၊ လထွက်ပေါ်စ ဖြစ်၍ ပြောင်းနှံကို လေဟပ်သဖြင့် ပြောင်းပင်ရိပ်များက လှုပ်ရှားခြင်းသည် လမ်း ကလေးပေါ်၌ ရန်သူချောင်းနေခြင်းကဲ့သို့ ကျောက်ဖလူးအား တစ်ချက် တစ်ချက် တွင် လန့်ဖျပ်စေ၏။ ထိတ်လန့်စေသည့်အခါတိုင်း ခါးတွင်ထိုးထားသော သေနတ်ပေါ်သို့ လက်ရောက်သွားရာ ဘာမျှမဟုတ်ကြောင်း သိရသောအခါတွင် "မယ်ဥမ္မာက သတိပေးလိုက်တာနဲ့ လူကို လန့်တတ်နေပါပြီကရို၊ သွား လန့်တဲ့ စိတ် မလိုချင်ဘူး"ဆိုကာ ကိုယ့်ကိုယ်ကိုယ် အားတင်းလျှောက်လာခဲ့လေသည်။

တစ်ဝက် ခရီးရောက်၍ လမ်းပေါ်၌ ကိုင်းလျက်ပေါက်နေသော ထနောင်း ပင်ကြီးသို့ ချဉ်းကပ်မိသောအခါ သစ်ပင်နောက်မှ ဘွားခနဲပေါ်ထွက်လာသော လူရိပ်ကို မြင်သည်နှင့် ကျောက်ဖလူးသည် သေနတ်ကို ပြန်ထည့်ထားလိုက်လေ သည်။

"ကိုကျောက်ဖလူး မဟုတ်လား"

"အေး၊ ဟုတ်တယ်၊ မင်း ဘယ်သူလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ကို မမှတ်မိဘူးလား၊ တင်ရွှေလေ"

"သြော် ဒီမှာ ဘာလာလုပ်နေသလဲ"

"ဂျပန်လူတစ်စုက ဟိုရွှေ့နားမှာ တော့်ကို ချောင်းနေတယ်၊ တော့်ကျေးဇူးကို ကျုပ် မမေ့ပါဘူး၊ ဒါကြောင့် လမ်းက တမင်လာစောင့်ပြီး ပြောရပါတယ်၊ ကျုပ် တင်ရွှေလေ"

ကျောက်ဖလူးသည် တင်ရွှေကို မှတ်မိ၏။ တင်ရွှေမှာ မိန်းမကောင်းမဟုတ်၊ ကြေးတန်းစား မိန်းမရွှင်တစ်ယောက်ဖြစ်ရာ ခေါင်းကြားနှစ်ယောက် တင်ရွှေကို လုယက်ရာမှ ရန်ဖြစ်ကြ၏။ တစ်ယောက်ကလည်း သူ ဆိုင်သည်၊ တစ်ယောက်ကလည်း ငါပိုင်သည် စသည်ဖြင့် ငြင်းခုံကြရာ တင်ရွှေမှာ နှစ်ယောက်လုံးကို ကြောက်ရ၍ ဘာမျှ မပြောဝံ့ဘဲ ကုတ်နေရ၏။ ဤတွင် ကျောက်ဖလူးဝင်လာ၍ "မင်းတို့ အသာနေကြစမ်း၊ ငါ မေးကြည့်မယ်၊ ဟေ့ တင်ရွှေ၊ ဒီကောင်နှစ်ကောင် ဘယ်သူ့ဆီ နင်လိုက်မလဲ"ဟု မေးသဖြင့် တင်ရွှေက "ကျုပ်တော့ ဘယ်သူ့ဆီမှ မလိုက်ချင်ဘူး၊ ကျုပ်ရွာ ကျုပ်ပြန်ချင်တာပဲ"ဟု ပြောသည်နှင့် ကျောက်ဖလူးသည် ခေါင်းကြားနှစ်ယောက်အား ဘာမျှ မပြောတော့ဘဲ တင်ရွှေအား "ကိုင်း ဒါဖြင့်လာ၊ လိုက်ခဲ့"ဟုဆို၍ ၎င်း၏ရွာသို့ ကိုယ်တိုင် လိုက်ပို့ခဲ့ဖူးလေသည်။

"သူတို့ ဘယ်နှစ်ယောက်လဲ"

"တစ်ကျိပ်လောက် ရှိတယ်တဲ့၊ တော့်ကို အရှင်လတ်လတ် ဖမ်းကြမလို့တဲ့"

ကျောက်ဖလူးသည် တွေဝေစဉ်းစားပြီးနောက်–

"ရွာမှာ ငါ့လူတွေ ရှိပါတယ်၊ နင် သိတယ်မဟုတ်လား"

"သိသားပဲ၊ ဒါပေမဲ့ သူတို့က ရွာမရောက်ခင် လမ်းက ကြိုပြီးဖမ်းကြမလို့တဲ့"

"ဒါဖြင့် ဘယ့်နှယ်လုပ်ရမလဲ"

"ဒီလမ်းက မသွားနဲ့၊ ဟိုဘက်မှာ တိုက်ပျက်ကြီးတစ်လုံး ရှိတယ်၊ ကျုပ်ရွာမို့လို့ ကျုပ် အားလုံးသိတယ်၊ တိုက်ပျက်ကြီးထဲ ဝင်ပုန်းနေရစ်၊ တော့်လူတွေကို ကျုပ်သွားပြောချေမယ်"

ကျောက်ဖလူးသည် စိတ်ကူးထုတ်လျက်ရှိစဉ် တင်ရွှေက "လာပါတော့၊ သူတို့ သူတို့ လိုက်လာလို့ တွေ့သွားရင် ကျုပ်ရောတော်ရော သတ်ပစ်ပါလိမ့်မယ်"ဆို၍ ဆွဲခေါ်သည်နှင့် ကျောက်ဖလူးလည်း လိုက်ပါသွား၏။ တင်ရွှေသည် ရှေ့မှလျှောက်၍ ကျောက်ဖလူးလည်း သေနတ်ကို အသင့်ကိုင်ကာ လိုက်ပါသွား



လေရာ မိုင်တစ်ဝက်ခန့် ကွာလှမ်းသောနေရာ၌ တင်ရွှေပြောသည့် အုတ်တိုက်ပျက်သို့ ရောက်ကြ၏။ အုတ်တိုက်မှာ များစွာပျက်စီးသည်မဟုတ်။ အခါကောင်းစဉ်က ရသေ့ယောင်ယောင်၊ လူသူတော်ယောင်ယောင် ပုဂ္ဂိုလ်တစ်ဦး နေဖူး၍ ဂျပန်ခေတ်တွင်မှ ဘယ်ဆီရောက်သွားသည်မသိ၊ တိမ်းရှောင်ထွက်သွားသည်နှင့် ဖရိုဖရဲ ဖြစ်နေရခြင်း ဖြစ်လေသည်။

အုတ်တိုက်ပျက်မှာ တံခါးဖွင့်လျက်ရှိ၍ တင်ရွှေသည် ကျောက်ဖလူး၏ လက်ကို ကိုင်လျက် "လာပါ၊ မှောင်ပေမဲ့ ကျုပ် သွားတတ်ပါတယ်"ဟု ဆိုကာ ဆွဲခေါ်သွားလေရာ ကျောက်ဖလူးသည် လက်တစ်ဖက်တွင် သေနတ်ကိုကိုင်လျက် လိုက်သွား၍ လေးငါးလှမ်းမျှ ခြေလှမ်းမိသည်တွင် ကျောက်ဖလူး၏နောက်နောက်ကို မာကျောသော ဝတ္ထုတစ်ခုနှင့် ဒေါင်ခနဲရိုက်မိသဖြင့် ဟပ်ထိုးလဲကျသွားလေ၏။

ကျောက်ဖလူးမှာ အုတ်ခွဲထုသူတစ်ယောက်ဖြစ်၍ လဲရုံသာလဲပြီး သတိမလစ်ဘဲ ရှိနေသဖြင့် သေနတ်ကို အသုံးပြုမည်ပြင်ဆဲတွင် လက်နှိပ်ဓာတ်မီးရောင်လက်ခနဲပေါ်လာ၍ သေနတ်ကို လုသူက လုယူဆဲ၌ပင် တင်ရွှေ၏အော်သံကို ကြားလိုက်ရ၏။

"ဘယ့်နှယ်လုပ်ကြတာလဲ၊ ဘာမှ မလုပ်ပါဘူးဆို ကိုယောဟန်"

"မလုပ်ပါဘူးဟယ်၊ နင်က အသာနေစမ်းပါ"

"အသာမနေနိုင်ဘူးတော်ရေ့၊ ကယ်ဆယ်မယ်ဆိုပြီး တော်တို့က ဘယ့်နှယ်လုပ်ကြမလို့လဲ"

"ဟဲ့ကောင်မလေး မဆူနဲ့၊ သေသွားမယ်၊ မြင်တယ်မဟုတ်လား"

ထိုအတောအတွင်း၌ လူနှစ်ယောက်သည် ဖယောင်းတိုင်ထွန်းလျက် ကျောက်ဖလူး၏ ခြေလက်များကို ရေပုံးကြိုးတစ်ချောင်းနှင့် မြဲမြံစွာ ချည်တုပ်ပြီးကြသဖြင့် ကျောက်ဖလူးမှာ လက်နက်လည်း လွတ်၍ ကြမ်းပေါ်တွင် ပက်လက်လန်လျက် ရှိနေလေပြီ။ တင်ရွှေက–

"လွှတ်တော့ ကိုယောဟန်၊ ကျုပ်ကို လိမ်ခေါ်ခိုင်းကြတာကိုး"

"ဟဲ့ မဆူနဲ့ဆို၊ နင် သေချင်ပလား"ဆို၍ တစ်ယောက်သောသူသည် တင်ရွှေကို ဆွဲခေါ်၍ အခန်းတစ်ခုတွင် ပိတ်လှောင်ထားလိုက်၏။

ကျောက်ဖလူးသည် လူနှစ်ယောက်အနက် တစ်ယောက်မှာ မျက်နှာမြင်ဖြစ်၍ အခြားတစ်ယောက်မှာ သခင်ပေါ်လွင်ဖြစ်ကြောင်းကို မီးရောင်တွင် မြင်ရလေပြီ။

"လက်စသတ်တော့ ကိုယ့်လူကိုးကွ"

"ဟုတ်တယ်လေ၊ ဘာဖြစ်သေးလဲ"

www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့က ငါ့ကို ဘာလုပ်ကြမလို့လဲ"

"မေးနေရသေးလားကွ၊ ဝေစုမပေးချင်တဲ့ကောင်ကို လက်စားချေပြီးလည်း ဖြစ်ရော၊ ဆုငွေ ငါးသောင်းလည်း ရရော၊ ဂျပန်စစ်ဗိုလ်ဆီ ပို့မှာပေါ့ကွ"

ကျောက်ဖလူးသည် ဖယောင်းတိုင်တွင် ဆေးပေါ့လိပ်ကို မီးညှိ၍ မှာ လျက်ရှိသော သခင်ပေါ်လွင်ကိုကြည့်ရင်း အကြံထုတ်၏။ ပေါ်လွင်မှုကား မိမိ ၏ လက်တွင်းသို့ စိတ်ချလက်ချ ရောက်နေသော ရန်သူတစ်ယောက်အနေဖြင့် ကျောက်ဖလူးကို ပြန်ကြည့်ရင်း ဇိမ်နှင့် မှာလျက်ရှိ၏။

"ဟေ့ ပေါ်လွင်"

"ဘာလဲကွ ကျောက်ဖလူး"

"ငါ့တပည့်တွေက ငါ့ကိုလိုက်ရှာလို့ တွေ့သွားရင် မင်း ဒုက္ခရောက်မယ် ဆိုတာ စဉ်းစားမိရဲ့လား"

"ဘယ်အချိန် လိုက်ရှာမှာတဲ့လဲ"

"၁၀ နာရီမှာ ငါ ပြန်ခဲ့မယ်ပြောထားတယ်၊ ငါ ပြန်မလာရင် လိုက်ရှာကြ မှာ ကေန်ပဲ"

"ရှာပစေ၊ ဂျပန်တွေကလည်း ၁၀ နာရီမှာ မင့်ကို လာယူဖို့ ချိန်းထားပြီး သားပဲ"

"တယ် သေချာပါလားကွ"

"သေချာဆို မင့်ကိုဖမ်းဖို့ စီစဉ်ပြီးသားကိုးကွ"

ဤနေရာတွင် ယောဟန်ဆိုသူက ပေါ်လွင်အား အချိန်ကို မေးလိုက်ရာ ပေါ်လွင်သည် ကျောက်ဖလူး၏လက်မှ ဖြုတ်ယူထားသော လက်ပတ်နာရီကို ကြည့်လျက် "ကိုးနာရီထိုးပြီးပြီ"ဟု ပြောလိုက်၏။ ဤတွင် ယောဟန်က "တစ် နာရီလောက် စောင့်ရဦးမှာကိုးကွ၊ ပျင်းလိုက်တာကွာ"ဟု ပြောသဖြင့် ပေါ်လွင်က "လာကွာ၊ မင်းပျင်းရင် ဖဲချရအောင်၊ ဖဲထုပ်ယူလိုက်ကွာ"ဟု ပြော၏။

ယောဟန်သည် ဖဲထုပ်နွမ်းတစ်ထုပ်ကိုယူလာ၍ ပေါ်လွင်လည်း ကျောက် ဖလူး၏ အိတ်ထဲမှ နှိုက်ယူထားသည့် ဂျပန်စက္ကူများကို နှစ်ပုံခွဲ၍ ပုံလေ၏။

"ငွေ ၂၃၀ တွေ့တယ်၊ ရော့ မင်းအတွက် ၁၁၅၊ ငါ့အတွက် ၁၁၅၊ နိုင်တဲ့ လူ ယူတမ်း၊ ဖဲရိုက်ကြစို့ကွာ၊ ပျင်းလှတယ်"

လူနှစ်ယောက်သည် ဖယောင်းတိုင်ကို အလယ်၌ထောင်လျက် 'ကိုးမီး' ရိုက်ကြရာ တစ်လှည့်တွင် ၅၊ ၁၀ စသည်ဖြင့် လောင်းကြ၍ သူတစ်ပြန် ငါတစ် ပြန် ဖြစ်နေကြစဉ် ကျောက်ဖလူးလည်း ပက်လက်လှန်၍ ကြည့်နေရသည်။

"ဟေ့ ပေါ်လွင်"



"ဘာလဲကွ ကျောက်ဖလူး"

"ဂျပန်စစ်ဗိုလ်ဆီက မင်း ဘယ်လောက်ရလဲကွ"

"ငါးသောင်းမောင်ရေ့၊ ငါးသောင်း"

"သူ့ဆီက မယူဘဲ ငါ့ဆီက ယူပါလားကွာ"

"ဘာပြောတယ်"

"ဂျပန်ငွေ ငါးသောင်းတော့ ငါလည်း ပေးနိုင်ပါတယ်ကွ၊ ငါ့ကို လွှတ်ပါ"

"ဘာလုပ် ငွေကုန်ခံချင်သလဲကွ၊ မင့်လူတွေက မင့်ကို လာကယ်မှာဆို"

ပေါ်လွင်က ဤသို့ ပြောင်လှောင်၍ပြောသဖြင့် ယောဟန်က တဟားဟား ရယ်လိုက်၏။

"မသေချာလို့ပေါ့ကွာ၊ ကိုင်းလေကွာ၊ သူတို့က ငါးသောင်း၊ ငါက တစ် သိန်းပေးမယ်ကွာ၊ ငါ့မှာ ငွေရှိပါတယ်"

"ခုချက်ချင်း ပေးနိုင်သလား၊ ဘယ်မလဲ ငွေ"

"ငါ့ကတိကို မင်းသိပြီမှတ်လားကွ၊ ပေးမယ်ဆို ပေးမှာပါကွာ"

"ဟားဟားဟား"ဝိုင်းရယ်ကြသည်။ သို့သော် ကျောက်ဖလူးက ဆက် လက်၍–

"မင်းတို့လက်ထဲကို ငွေရောက်အောင် ငါ စီမံပေးနိုင်ပါတယ်ကွ"

"ဘယ်လိုစီမံမှာလဲ"ဟု ပေါ်လွင်က မေးရာတွင် ယောဟန်က "ဟေ့လူ၊ စကားရှည်မနေနဲ့ကွာ၊ ဂျပန်ဗိုလ်နဲ့ စီစဉ်ပြီးသားကွ၊ ငါ့ကို လက်သည်းခွံ ခွာပစ် ကြလိမ့်မယ်"

"မကြောက်ပါနဲ့၊ မင်းဂျပန်တွေ ပြေးကုန်ရတော့မှာပါ"

"နားမလည်ဘူး၊ ဂျပန်စစ်ဗိုလ်ဆီ ပို့ရမယ်"

"ကျုပ်က ပေးမယ်ဆို ပေးမှာပါ ကိုယောဟန်၊ စကားတည်ပါတယ်၊ သခင်ပေါ်လွင် သိပါတယ်၊ ကျုပ်အကြောင်းကို"

"ကျုပ်ကလည်း စကားတည်တဲ့လူပဲ၊ ဂျပန်ဗိုလ်ဆီမှာ ကျုပ် အာမခံခဲ့တဲ့ အတိုင်း ခင်ဗျားကို ဖမ်းပေးရမှာပဲ"

"ဒီမှာဗျ ကိုယောဟန်"

"တိတ်တိတ်နေဗျာ၊ နောက်ထပ်ပြီး စကားပြောရင် ပါးစပ်ကို အဝတ်ဆို့ ပြီး ပိတ်ထားရလိမ့်မယ် နားလည်လား"

ကျောက်ဖလူးမှာ အကျပ်ကျနေလေပြီ။ ပေါ်လွင်သဘောအရဆိုလျှင် ပြေ ယောင်းရန် ဖြစ်နိုင်လောက်သော်လည်း ယောဟန်ကြောင့် အခက်ကြုံလျက်ရှိ၏။ ထို့နောက် ပေါ်လွင်နှင့် ယောဟန်တို့လည်း ဆက်လက် ကိုးမီးကစားကြပြန်ရာ

www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဖလူးလည်း အကြံထုတ်လျက် ရှိ၏။ မိမိ၏လူများက အချိန်မီ လိုက်လံရှာဖွေ၍ မတွေ့လျှင် ဂျပန်ဗိုလ်လက်ဝယ်သို့ ရောက်ချေတော့မည်ဖြစ်ရာ ဂျပန်များ၏ ရက်စက်ပုံ အချင်းအရာကိုလည်း ကြားရဖူးလုပြီဖြစ်၍ ကျောက်ဖလူးမှာ ကြက်သီးထမိ၏။ မိမိသေသည့်နောက်၌ တပည့်များက ပေါ်လွင်နှင့် ယောဟန်တို့အပေါ်တွင် လက်စားချေကြလိမ့်မည်ကား မှန်၏။ သို့ရာတွင် မိမိအဖို့ကား ထူးခြားခြင်း မရှိပေ။ ကျောက်ဖလူးသည် ဤအကြောင်းကို စဉ်းစားရင်း ချွေးလုံးကြီးများ နဖူးတွင်စီးလျက် ရှိကြ၏။ ကြောက်ရွံ့ခြင်းသည် ကျောက်ဖလူး၏ဉာဏ်ကို ထက်မြက်စေ၍ ပေါ်လွင်နှင့် ယောဟန်တို့ကို ရန်တိုက်ပေးဖို့ အကြံတစ်ခု ဖြစ်ပေါ်လာ၏။ ထိုသူနှစ်ယောက်တို့ကား ၅၊ ၁၀ လောင်းကစားကြရာမှ တစ်လှည့်လျှင် ၃၀၊ ၄၀ လောင်းကစားကြသည်အထိ သဲသဲမဲမဲ အလုပ်လုပ်နေကြလေပြီ။ ကျောက်ဖလူးသည် ၎င်းတို့ ဖဲကစားကြသည်ကို ကြည့်နေရာမှ—

“အံ့ပါရဲ့ ငါ့လူများ၊ သိန်းချီပြီး ငွေပေးပါမယ်ဆိုပါလျက်ကနဲ့ ငွေကလေး တစ်ရာကိုးဆယ် အလုပ်လောက်ကို သဲသဲမဲမဲ လုပ်နေကြသကိုး”

ဤတွင် ယောဟန်က “စကားပြောပြန်ပြီလား”ဟု ငေါက်လိုက်သော်လည်း ကျောက်ဖလူးသည် တွန့်ဆုတ်ခြင်းမရှိဘဲ ဆက်လက်၍ “ဆန်ဂိုဒေါင်ရောင်းတုန်းက ဂျပန်ငွေ လေးသိန်း ရထားတယ်။ ဒီအထဲက တစ်ဝက်ခွဲပြီး ၂ သိန်းပေးမယ်၊ ဘယ့်နယ်လဲ”

ယောဟန်သည် ခြိမ်းခြောက်ထားသည့်အတိုင်း ကျောက်ဖလူး၏ပါးစပ်ကို အဝတ်ဖြင့်ဆို့မည်ဟု ထလိုက်ပြီးမှ ဤမျှလောက် မြောက်မြားသောငွေကို မကြားရဖူးသည်နှင့် အံ့ဩလျက် ငေးကြည့်နေမိ၏။ ပေါ်လွင်မှုကား လိုချင်သောလောဘစိတ်နှင့် (ဖဲထုပ်ကို ချထား၍)ကျောက်ဖလူးကို ကြည့်လိုက်ရာမှ ယောဟန်ကို တစ်ဖန်လှမ်းကြည့်တော့သည်။ ပေါ်လွင်၏မျက်လုံးများ၌—

“ဘယ့်နယ်လဲ”ဟူသော မေးခွန်းသည် ထင်ရှားစွာ ပေါ်ထွက်လျက်ရှိရာ ယောဟန်မှုကား စိတ်ဒွိဟ ဖြစ်နေသေးဟန် တူပေသည်။ ဤတွင် ပေါ်လွင်က—

လွင်။ ။“နှစ်သိန်းဆိုတော့ မင်းတစ်သိန်း၊ ငါတစ်သိန်းပဲကွ”

ဟန်။ ။“များတော့ အများကြီးပဲကွ၊ ဒါပေမဲ့ မင့်လူက ချက်ချင်းထုတ်ပေးနိုင်တာမှ မဟုတ်ဘဲကွာ”

လူး။ ။“စိတ်သာချပါ ငါ့လူများ၊ ကျောက်ဖလူးတဲ့၊ ပြောမိတဲ့စကား၊ ပေးမိတဲ့ကတိကို ဘယ်တော့မှ ဖျက်တဲ့ကောင် မဟုတ်ဘူးဟေ့၊ မယုံရင် လက်ထဲငွေရောက်မှ လွှတ်ကြကွာ၊ ငါ စီစဉ်ပေးပါမယ်”



ပေါ်လွင်သည် ယောဟန်၏မျက်နှာကို လှမ်းကြည့်လျက် “ဘယ့်နယ်လဲ ငါ့လူ၊ အချိန်တော့ ရှိသေးတယ်၊ တစ်သိန်းစီဆို မနည်းဘူးကွ”ဟု ပြောလိုက်၏။ ယောဟန်မှုကား ငွေတစ်သိန်းကို လိုချင်သော်လည်း ဂျပန်ဗိုလ်ကို ကြောက်သည်တစ်ကြောင်း၊ ကျောက်ဖလူးကိုယ်တိုင်ကလည်း ငွေပေးပြီးသည့်နောက်၌ မိမိအား လက်စားချေဦးမည်ကို စိုးရိမ်သည်တစ်ကြောင်းကြောင့် “ရှုပ်ပါတယ် ငါ့လူ၊ နှစ်သောင်းငါးထောင်စီ အေးအေးဆေးဆေး ခွဲယူတာက ကောင်းပါတယ်”ဟု ပြန်ပြော၏။

လူး။ ။“ငွေပေးပြီး လက်စားချေမှာကို လန့်လို့လား၊ စိတ်ချငါ့လူ၊ မလုပ်ဘူးဆိုရင် မလုပ်ဘူး၊ စကားတည်တဲ့ကောင်ပါ”

ဟန်။ ။“ဟေ့ တော်ပြီဆရာ၊ နောက်ထပ်မပြောနဲ့တော့၊ နောက်တစ်ခွန်းပြောရင် အဝတ်နဲ့ဆို့လိမ့်မယ် မှတ်ထား”

လွင်။ ။“နေပါဦးသူငယ်ချင်း၊ သူပြောတာ မရိုင်းဘူးကွ၊ ဆုံးအောင် နားထောင်ပါဦး”

ဟန်။ ။“မင်းက ကိစ္စမရှိဘူးကွ၊ ငါက ဂျပန်ဗိုလ်နဲ့ စကားပြောခဲ့တဲ့ လူကွ၊ ဒီအကြောင်းတွေ သိသွားရင် ငါ့ကို ရေနွေးလောင်းပြီး သတ်ပစ်လိမ့်မယ်၊ ခံတော့ ငါ ခံရမှာကွ”

ဤတွင် လောဘထွက်နေသော ပေါ်လွင်နှင့် စိုးရိမ်မကင်းဖြစ်နေသော ယောဟန်တို့သည် တစ်ယောက်ကိုတစ်ယောက် စေ့စေ့ကြည့်လျက် တန့်ရပ်နေကြ၏။ ကျောက်ဖလူးသည် ထိုလူနှစ်ယောက်ကို ကြည့်နေစဉ် ၎င်းတို့၏ အတွင်းသဘောကို ရိပ်မိသော်လည်း ဤအကြောင်းကို ဆက်လက်တိုက်တွန်းရန် အကြံမရှိတော့သည်ဟန်နှင့်—

လူး။ ။“ကိုင်း ကိုယ့်လူများ၊ လုပ်ချင်သလို လုပ်ကြပေရော့၊ မပြောလိုတော့ပါဘူး။ သို့သော် ဂျပန်လက် မရောက်ခင် ပင်ကျရည်ကလေး တစ်မြူလောက် သောက်သွားချင်တယ် ကိုယ့်လူတို့၊ ဟိုဘက်က ထန်းတောမှာ တစ်မြူလောက် သွားဆွဲချေကြပါလားကရို”

ဟန်။ ။“ဟုတ်သားပဲကွာ၊ တစ်မြူလောက် သောက်ရကောင်းသားဟေ့”

လွင်။ ။“အေးလေကွာ၊ ဟုတ်သားပဲ၊ မင်း သွားယူချေကွာ ငါ့လူ”

ယောဟန်သည် ထန်းတောသို့သွားရန် ထိုင်ရာမှ ထ၏။ ကျောက်ဖလူးလည်း ပေါ်လွင်တစ်ယောက်တည်း ကျန်ရစ်သည့်အခါတွင် ဖြားယောင်းသွေးဆောင်နှင့် ဤပုန်မြင်၍ ဤချုံတွင်လိုက်ခြင်း ဖြစ်တော့၏။ ထို့ကြောင့် ယောဟန် ထလိုက်သောအခါတွင် မိမိ၏အကြံ အောင်ချေတော့မည်ဆို၍ ဝမ်းသာသော်လည်း

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာထားဖြင့် ဖော်မပြဘဲ သိုသိပ်စွာ နေ၏။ ပေါ်လွင်မှုကား ယောဟန်ထွက်သွားလျှင် ကျောက်ဖလူးနှင့် တစ်ယောက်ချင်း စေ့စပ်ခွင့် ရချေတော့မည်ဆို၍ ရွှင်ပျသောမျက်နှာထား ဖြစ်ပေါ်သွားရာ ယောဟန်သည် ပေါ်လွင်၏မျက်နှာကို မြင်လိုက်ရသည်နှင့်တစ်ပြိုင်နက် မသင်္ကာစိတ် ဖြစ်ပေါ်လာ၍ ထိုင်ချလိုက်တော့သည်။

**ဟန်**။ ။"တော်ပြီ ငါမသွားဘူး၊ မင်းသွားချေတော့ကွာ"

**လွင်**။ ။"ဘာကြောင့်လဲကွ၊ ငါ့ကို မယုံလို့လား"

**ဟန်**။ ။"ဘာကြောင့်ဖြစ်ဖြစ် ငါ မသွားဘူး၊ မင်း သွားယူချေ"

ဤတွင် ကျောက်ဖလူးရော ပေါ်လွင်ပါ မျက်နှာပျက်ကုန်ကြရာ ယောဟန်မှုကား ကြာလေရိပ်မိလေဖြစ်သည်နှင့် "မင်းဟာမင်း သွားချင်သွား မသွားချင်နေ ငါတော့ မသွားဘူးဗျာ"ဆိုကာ တစ်ခါတည်း ထိုင်ချလိုက်တော့သည်။

ပေါ်လွင်မှာ အကြံပျက်တော့သည်ဆို၍ စိတ်ပျက်သောအမူအရာနှင့် အံကြိတ်လျက်ရှိရာ ကျောက်ဖလူးသာလျှင် ဟန်လုပ်၍ အိန္ဒြေမပျက်စေဘဲ ဝမ်းထဲ၌ ပေါ်လွင်၏ ထူခြင်း အခြင်းကို ကျိန်ဆဲနေရတော့သည်။

**လွင်**။ ။"ဘာလဲကွ၊ မင်းက ငါ့ကို မယုံလို့လား"

**ဟန်**။ ။"မယုံလို့ ဟုတ်ပေါင်၊ ဒါပေမဲ့ ငါတော့ မသွားဘူးမောင်ရေ့"

**လွင်**။ ။(သာ၍ စိတ်ဆိုးလာသည့် လက္ခဏာနှင့်) "မင်းက ငါ့ကို မယုံဘူးဆိုရင် ငါကလည်း မင်းကို မယုံဘူးမောင်ရေ့၊ ငါလည်း မသွားဘူး၊ မသောက်ရချင် နေပေစေတော့"

**ဟန်**။ ။"ဒါကတော့ မင်းသဘောပေါ့၊ သူ ဖြားယောင်းတာကို ငါက ပါလို့လား၊ မင်းကသာ ပါတာတာ ဖြစ်နေတယ် မဟုတ်လား၊ ငါ့ကို မင်းက မယုံစရာ ဘာအကြောင်းရှိလို့လဲ"

ထိုနောက် လူနှစ်ယောက်တို့သည် မကျေနပ်သောမျက်နှာထားနှင့် တစ်ယောက်ကိုတစ်ယောက် အတန်ကြာအောင် ကြည့်နေကြသေး၏။ နောက်ဆုံးတွင်မှ ပေါ်လွင်သည် ယောဟန်၏စကား လမ်းကျပါပေသည်ဟု စဉ်းစားမိဟန်နှင့်–

**လွင်**။ ။"ကိုင်းကွာ ရှိပါစေ၊ မင်းပဲ စောင့်နေရစ်ပါတော့၊ ငါ သွားပါ့မယ်"ဆိုကာ ချက်ချင်းပင် ထွက်သွားလေ၏။

ကျောက်ဖလူးသည် ကြမ်းပေါ်တွင် ပက်လက်လှန်လျက် ပေါ်လွင့်၏ ခြေသံများ ကွယ်ပျောက်သည့်တိုင်အောင် နားထောင်နေပြီးမှ ရုတ်တရက် ရယ်လိုက်ရာ ယောဟန်လည်း အလန့်တကြား လှမ်းကြည့်လျက်–

**ဟန်**။ ။"ဘာများ သဘောကျနေလို့လဲ ဆရာရဲ့"



စင်စစ်အားဖြင့် ကျောက်ဖလူးသည် ပေါ်လွင်ကိုသာ ဖြားယောင်းသွေးဆောင်၍ သေချာပေါက် တွက်မိသော်လည်း ယောဟန်လည်း ရလိုရငြား ခမ်းကြည့်ဦးမည်ဟု အကြံဖြစ်ပေါ်လာသည်နှင့်–

**လူး**။ ။"ဟား ဟား တယ်တော်တဲ့ လူတစ်ယောက်ပဲ၊ ကျုပ်နဲ့ထားခဲ့လို့တော့ မယုံနိုင်ဘူးတဲ့၊ သူ့တစ်ယောက်တည်းတော့ လွှတ်လိုက်တယ်။ ဟား ဟား ဟား တော်တော်ဆန်းတဲ့ လူတစ်ယောက်ပဲကိုး"

**ဟန်**။ ။"တစ်ယောက်တည်း လွှတ်လိုက်တော့ကော သူ ဘာတတ်နိုင်လို့တုံး"

**လူး**။ ။"တစ်ယောက်တည်း လွှတ်လိုက်ပေမဲ့ သူ ပြန်လာမလား၊ အဖော် ခေါ်မလာဘူးလို့ ဘယ်သူက ပြောနိုင်မှာလဲ"

**ဟန်**။ ။"ဒါမျိုး ဘာရမလဲဆရာ၊ ကျုပ်ကိုသစ္စာဖောက်ရင် ဒီမှာ မြင်လား၊ ဆော်လိုက်မယ် ကြည့်ထား"ဟု ဆိုကာ ဆင်စွယ်ရိုးနှင့် ငွေကွပ်ထားသည့် ဓားမြှောင်တစ်လက်ကို ခါးထဲမှ ထုတ်ပြလေ၏။

**လူး**။ ။"ဆော်တာကတော့ ဆော်ရမှာပါပဲ၊ ခင်ဗျားက ပေါ်လွင့်အကြောင်းကို ကျုပ်သိသလောက် မသိပါဘူး၊ ဒီကောင် နည်းနည်းမှ သစ္စာကတိတည်တဲ့ကောင်တစ်ယောက် မဟုတ်ဘူး၊ ခင်ဗျားကလည်း ခပ်ထူထူ၊ သူကလည်း ခပ်ပါးပါး၊ ခင်ဗျားကို သူက ရောင်းစား"

**ဟန်**။ ။"ကျုပ်က ဘာများထူလို့တုံး ဆရာကြီးရဲ့"

**လူး**။ ။"ခင်ဗျား ထူလိုက်ပုံတော့ ဘာပြောကောင်းမလဲ၊ ကျုပ်ဆီက တစ်သိန်းကိုတော့ လွယ်လွယ်မယူဘူးတဲ့၊ ဂျပန်ဗိုလ်ဆီက ငါးသောင်းကိုတော့ ခဲခဲယဉ်းယဉ်း သွားယူမလို့တဲ့၊ ဒီထက်ထူတာ ဘာရှိမှာလဲ ကိုယောဟန်"

**ဟန်**။ ။"သြော် ဒါကြောင့်လား"

**လူး**။ ။"ဒါကြောင့် ကျုပ်က တစ်သိန်းလည်း ပေးဦးမယ်၊ ရန်မရှာဘူးလို့ သစ္စာရေလည်း သောက်ထားဦးမယ်၊ ကျုပ်ဆီမှာ ဂျပန်ငွေ ပုတ်ကြီးနဲ့တစ်လုံး ရှိတယ်ဆိုတာ ပေါ်လွင် သိသားပဲ၊ ကျုပ် စကားတည်တဲ့အကြောင်းဆိုတာတော့ ပေါ်လွင်သာမကဘူး၊ တစ်နယ်လုံး သိတယ်။ ခင်ဗျားတောင် ကြားဖူးတယ်မဟုတ်လား"

**ဟန်**။ ။"ထန်းတစ်ပင်ရွာသားကို ဖမ်းသွားပြီး 'ပြန်ပေး'လုပ်တုန်းက အိမ်ကိုင်ရာရောက် လာပို့တယ်လို့တော့ ကြားလိုက်ပါတယ်"

**လူး**။ ။"အဲဒါ ကြည့်မှပေါ့၊ တကယ်ဆို ဂျပန်စစ်တပ်ကြီး ဝိုင်းထားတဲ့အထဲ ဘယ်သူ ပြန်ပို့ဝံ့မှာလဲ၊ ကျုပ်မို့လို့ ပြန်ပို့တာပေါ့ဗျ"

www.burmeseclassic.com

www.burmeseclassic.com



ယောဟန်လည်း စဉ်းစားစိတ်ကူးသော အမူအရာနှင့် နှုတ်ဆိတ်လျက်ရှိရာ ကျောက်ဖလူးကလည်း ငွေကို အရေးမထား၊ ကတိကိုသာ အရေးထားသည့် အကြောင်းများနှင့် ဆက်လက်ပြောပြလေ၏။

ဟန်။ ။"ပေးမှာက ဘယ်လောက်လဲ"

လူး။ ။"နှစ်သိန်းပြောထားတယ်၊ နှစ်ယောက်ခွဲ ယူချင်လည်း ယူ၊ ခင်ဗျားတစ်ဦးတည်း ယူချင်လည်း နှစ်သိန်းရမှာပဲ"

ဟန်။ ။"ဂျပန်ဗိုလ်တွေ ဘယ့်နှယ်လုပ်မလဲ"

လူး။ ။"ဂျပန်တွေ ပြေးတော့မှာပါ၊ ကြောက်မနေပါနဲ့၊ အထက်မှာတောင် မီးရထားသံလမ်းတွေ ဖျက်လာကုန်ပြီကြားတယ်"

ယောဟန်မှာ လောဘထွက်လာသည့်လက္ခဏာနှင့် နှုတ်ခမ်းကို လျှာဖြင့်မကြာခဏ လျက်နေ၏။ ဂျပန်စက္ကူမှာ တန်ဖိုးမမြင့်လှသော်လည်း နှစ်သိန်းဆိုသောငွေသည် တောသားတစ်ယောက်အဖို့ လယ်မြေယာမြေနှင့် အိမ်ကြီးအိမ်ကောင်းအပြင် မယားချော တစ်ယောက်နှစ်ယောက်လည်း ရနိုင်ပေသေးသည်။

ဟန်။ ။"ကျုပ်က ဂျပန်ဗိုလ်ကို လန့်တယ်ဗျ"

လူး။ ။"ကိုယ့်လူနှယ် ဖြစ်မှဖြစ်ရပလေနော်၊ ကျုပ်ကိုဖမ်းပို့ရင် ကျုပ်လူတွေက ခင်ဗျားတို့ကို ချမ်းသာပေးမှာတဲ့လား၊ ဂျပန်ဗိုလ်က ပြေးရင်းလွှားရင်းမို့ လိုက်မရှာနိုင်ဘူး၊ ကျုပ်လူစုက ခင်ဗျားတို့ကို မိုးအဆုံး မြေအဆုံး လိုက်ရှာမယ် နားလည်လား၊ ကြောက်သင့်တဲ့လူကို မကြောက်၊ စစ်ပြေးဂျပန်ကို ကြောက်နေသတဲ့၊ ထွီ"

ဟန်။ ။"ခင်ဗျားလူစုက ကျုပ်ကို သိဦးမှကိုးဗျ"

လူး။ ။"ခင်ဗျားကို မသိပေမဲ့ ပေါလွှင်ကို သိတယ်၊ ပေါလွှင်ကို မိအောင်ဖမ်းတဲ့ အခါကျတော့ ဒီကောင်က ခင်ဗျားကို မဖော်ပေဘူး မှတ်သလား၊ နေလိမ့်ဗျာ ဒီကောင်က ပါးတစ်ချက်လောက် ရိုက်စစ်လိုက်ရင် သူ့အဖေတောင် ဖော်မယ့်ကောင်ဗျ၊ သိရဲ့လား"

ဟန်။ ။"ဒါတော့ ဟုတ်တယ်ဗျို့၊ ကျုပ် ယုံတယ်"

လူး။ ။"မယုံလို့ ဘာရမလဲ၊ ကျုပ်က သူ့အကြောင်းကို အူထဲက ချေးတောင် သိသေးရဲ့"

ဟန်။ ။"နေစမ်းပါဦး၊ ကျုပ် စဉ်းစားကြည့်မယ်ဗျာ"

ယောဟန်သည် ဆေးပေါ့လိပ်ကို ဖွာရင်း စဉ်းစားနေရာ ကျောက်ဖလူးကမူ တော်လောက်ပြီဆို၍ နောက်ထပ် မပြောတော့ဘဲ ယောဟန်၏ မျက်နှာကိုသာ အကဲခတ်လျက် ရှိ၏။ အတန်ကြာ ယောဟန်သည် ဓားမြှောင်ကိုထုတ်၍



ဓားဦးကို လက်ဖျားဖြင့် စမ်းသပ်ကြည့်ရာ ကျောက်ဖလူးလည်း ဝမ်းထဲ၌ ကျွန်စ်စေကာမူ မသိချင်ပြုလျက် မျက်နှာလွှဲနေလိုက်၏။

ဟန်။ ။"ငွေနှစ်သိန်းကို ဘယ်လိုပေးမှာလဲ"

လူး။ ။"ကျုပ်ကို သစ္စာရေတိုက်ပြီး လွှတ်လိုက်၊ ချိန်းတဲ့နေရာကို ရောက်အောင် လာပို့မယ်"

ဟန်။ ။"ရှန်မမူပါဘူးလို့လဲ သစ္စာရေ သောက်ရမယ်နော်"

လူး။ ။"သောက်မှာပေါ့၊ စိတ်ချပါ"

ထိုနောက် ယောဟန်သည် စကားမပြောတော့ဘဲ အပြင်မှလာမည့် ခြေသံကိုသာ နားစွင့်နေဟန် တူပေရာ ကျောက်ဖလူးလည်း အကဲကိုသာ ကြည့်နေတော့သည်။

အတန်ကြာလတ်သော် အဝေးမှ ခြေသံများ သဲ့သဲ့ကြားရ၍ ယောဟန်သည်း ဆတ်ခနဲဖြစ်သွားပြီး ဆက်လက် နားစွင့်နေတော့၏။

ခြေသံသည် နီးသည်ထက်နီးကပ်လာရာ ယောဟန်သည် လူတစ်ယောက်တည်း၏ ခြေသံဖြစ်သည်ဟု သိရ၍ ကျေနပ်သည့်လက္ခဏာနှင့် ဦးခေါင်း ဆတ်လိုက်၏။ အတန်ကြာသော် ဇွေထားသော တံခါး ပွင့်လာ၍ ပေါလွှင်သည် ထန်းရည်အိုးတစ်လုံးကို ထမ်းလျက် ဝင်လာရာ ယောဟန်သည် ဓားမြှောင်ကိုင်ထားသော လက်ကို နောက်သို့ဝှက်လျက် ထိုင်ရာမှ ထပြီးလျှင် "ကြာလိုက်တာကွား လွန်ရော"ဟု ပြောလိုက်၏။

လွှင်။ ။"ကြာပြီလား မောင်၊ ထွန်းမောင်ကြီး လိုက်ရှာလိုက်ရတာ ထန်းတော တစ်တောလုံး နံ့လို့၊ ပေါလုံတို့တဲမှာ ကံကောင်းလို့ သွားတွေ့တာ မောင်ရေ့"

ဟန်။ ။"မင်းကော သောက်ခဲ့သေးလား"

လွှင်။ ။"အမောပြေကလေး တစ်ကျိုက်နှစ်ကျိုက် သောက်ခဲ့ရတာပေါ့ကွ၊ ရှော့ပါမောင်"

ပေါလွှင်သည် ထန်းရည်အိုးကို ပခုံးပေါ်မှ ချပြီး၍ ခါးကုန်းကုန်းဖြစ်နေစဉ် ယောဟန်က လက်ဝဲဘက် လက်ပြင်အောက်သို့ ဓားမြှောင်နှင့် တအားထိုးစိုက်လိုက်ရကား ဓားမြှောင်ဦးသည် နှလုံးသားကို ထိုးဖောက်၍ ရင်ညွန့်မှပင် အနည်းငယ် ပြူထွက်လာတော့သည်။ ပေါလွှင်မှာ တစ်ချက်မျှ ညည်းရန် မတတ်နိုင်ဘဲ ကြမ်းပြင်နှင့်ရင်ဘတ် ထိမိသောအချိန်တွင် အသက်ကုန်ပျောက်သွားလေပြီ။ သို့ရာတွင် အနည်းငယ် အကြောဆွဲ၍ တဆတ်ဆတ် လှုပ်နေသေးသည်နှင့် ယောဟန်သည် ပေါလွှင်၏အလောင်းအနီးမှ ထန်းရည်အိုးကို ဖယ်ယူကာ ကျောက်

www.burmeseclassic.com



ကရိုက် မော့ချလိုက်၏။ ဂျပန်လက်ထက်တွင် လူသတ်ဖူးသော 'ခေါင်းကြား' ဖြစ်သော်လည်း ယောဟန်မှာ ဒေါသမရှိဘဲ သတ်ရခြင်းဖြစ်သောကြောင့် စိတ်ထိခိုက်၍ ထန်းရည်ဖြင့် စိတ်တင်းရဟန် တူလေသည်။

ယောဟန်သည် ထန်းရည်အိုးကို လက်နှစ်ဖက်ဖြင့် ပင့်လျက် တစ်ပုလင်းခန့် ကုန်သည့်တိုင်အောင် မော့ချပြီးနောက် အားရလောက်သောအခါမှ အိုးကို ပြန်ချ၍ တံတွေးများ ထွေးထုတ်သည်ကို ကျောက်ဖလူးလည်း ကြည့်နေ၏။ ယောဟန်မှာ တံတွေး တစ်ချက်နှစ်ချက် ထွေးပြီးနောက် အားမရသေးသည့် လက္ခဏာနှင့် တထွီထွီနေအောင် ထွေထုတ်နေပြန်ရာ နောက်ဆုံးတွင် မသက်သာသောမျက်နှာထား ဖြစ်ပေါ်လာ၍ ထန်းရည်အိုးကို ငုံ့၍ နမ်းကြည့်၏။ ထိုနောက် မောဟိုက်သော ခွေးကဲ့သို့ အသံထွက်သည်တိုင်အောင် နှစ်ချက်သုံးချက်မျှ ရှုးရှုးရှားရှား ရှူရှိုက်၏။ ကျောက်ဖလူးလည်း ယောဟန်၏ ထူးဆန်းသောအပြုအမူကို အံ့ဩစွာနှင့် စောင့်ကြည့်နေ၏။ နောက်ဆုံး၌ ယောဟန်သည် ဝမ်းဗိုက်ကို လက်နှစ်ဖက်ဖြင့် ပွတ်လျက် ထိတ်လန့်သောမျက်နှာထား ဖြစ်ပေါ်လာပြီးလျှင် "ခွေးမသား ရှားဇောင်းနက်မြစ်တွေ ခတ်လာခဲ့တယ်ထင်တယ်"ဟု ဆိုကာပေါလွင်၏ အလောင်းကို ခြေထောက်နှင့် လှမ်းခတ်လိုက်၏။ သို့ရာတွင် ယောဟန်မှာ မိမိကိုယ်မိမိ ဟန်နိုင်သောအခြေ မရှိတော့သည်ဖြစ်၍ ခတ်လိုက်သော ခြေထောက်နောက်သို့ လူတစ်ကိုယ်လုံး ပါသွားပြီးလျှင် ပေါလွင်၏အလောင်းပေါ်သို့ ဟပ်ထိုးလဲကျသွားသည့်နောက် တစ်ခဏ၌ ယောဟန်သည် ကြမ်းပေါ်တွင် တံတောင်နှစ်ဖက်ထောက်ကာ ကုန်းထဖို့ ကြိုးစားသေး၏။ သို့ရာတွင် တစ်ကိုယ်လုံးရှိ အကြောများသည် ဝမ်းဗိုက်မှစ၍ ဆွဲလိုက်မိသကဲ့သို့ တဖြည်းဖြည်း ကွေးသည်ထက် ကွေးကောက်သွား၍ ဦးခေါင်းသည် ပေါင်နှစ်လုံးအကြားသို့ ဝင်ကာ အခွေလိုက် လိမ့်နေတော့သည်။

ကျောက်ဖလူးသည် ယောဟန်၏အဖြစ်ကို ပထမ၌ အံ့ဩစွာနှင့် ကြည့်နေမိသော်လည်း ယောဟန်ပြောလိုက်သော စကားကို ကြားလိုက်ရသည်နှင့် တစ်ပြိုင်နက် ထန်းရည်ခါးနှင့် ရှားဇောင်းနက်မြစ်တို့၏ ထက်မြက်သော သေဆေးအကြောင်းကို ကြားရဖူးသည်နှင့် အဓိပ္ပာယ်ကို နားလည်လေပြီ။ ပေါလွင်သည် သဘောမတူသော ယောဟန်ကို အဆိပ်နှင့်သတ်၍ မိမိထံမှငွေကို တစ်ယောက်တည်းရအောင် စီမံခဲ့သည့်နည်းတူ ယောဟန်ကလည်း တစ်ယောက်တည်းခံစားလိုသော ရည်ရွယ်ချက်ဖြင့် ပေါလွင်ကို သုတ်သင်လိုက်သည်ဟု ကျောက်ဖလူး ရိပ်မိလေပြီ။ ကျောက်ဖလူးမှာ ပေါလွင်နှင့် ယောဟန်တို့ထက် အကြားအမြင်များသည်ဖြစ်၍ နိပါတ်ထဲမှ အဖြစ်အပျက်တစ်ခုနှင့် တူနေတော့သည်ဟု သတိရ



သဖြင့် ပြုံးမိသေး၏။ ထိုအချိန်တွင် ယောဟန်သည် ပေါလွင်၏ အလောင်းအတွက်မိဖက်ရာ ဖက်လျက် ကြမ်းပေါ်၌ လူးလိမ့်ရာမှ တဖြည်းဖြည်း ငြိမ်သွားပြီးလျှင် နောက်ဆုံးတွင် တစ်ယောက်၏ပေါင်ကြားသို့ တစ်ယောက်ဦးခေါင်းလျှိုကာ ကြမ်းပေါ်၌ အကွေးလိုက် သေနေကြတော့သည်။

ကျောက်ဖလူးသည် ထိုလူနှစ်ယောက်ကို ဖြားယောင်းရန် ကြိုးစားသည်မှန်သော်လည်း မိမိ၏ ကလိန်ဉာဏ်ထက် ကံဖန်တီးချက်က သာ၍ နေရာကျသည်ဟု အောက်မေ့ကာ မိမိ၏ကံကို ချီးကျူးမိသေး၏။

ရန်သူနှစ်ယောက်ကား အသက် ပျောက်ကုန်ကြလေပြီ။ သို့ရာတွင် ကျောက်ဖလူးမှာ ခြေလက်တို့တွင် တုပ်နှောင်လျက် ရှိသေး၏။ ဤတွင် အခန်းထဲ၌ ပိတ်လှောင်ထားသော တင်ရွှေကို သတိရ၍–

"မတင်ရွှေ"

ထူးသံ မကြားရချေ။

"မတင်ရွှေ"

"တော်"

"ဘာလုပ်နေသလဲ"

"ကျုပ်ကို ပိတ်လှောင်ထားလို့ အိပ်ပျော်သွားတယ်၊ တော် ဘယ်သူလဲ"

"ကျောက်ဖလူးလေ"

"ကိုယောဟန်တို့ကော"

"မရှိကြတော့ဘူး၊ ထွက်ခဲ့ပါ"

"ကျုပ် မထွက်နိုင်ဘူး၊ တံခါးပိတ်ထားတယ်"

"အတင်းတွန်းဖွင့်စမ်းပါ၊ ရပါလိမ့်မယ်"

"ကျုပ်ကို သတ်ပစ်လိမ့်မယ်"

"သတ်မယ့်လူ မရှိတော့ပါဘူး၊ ထွက်သာ ထွက်ခဲ့ပါ"

တင်ရွှေသည် တံခါးကို ကိုယ်လုံးပစ်၍ တိုက်ဖွင့်ရာ စတုတ္ထအကြိမ်တွင် တံခါးပွင့်သွား၍ အခန်းပြင်သို့ ရောက်လာ၏။ ကျောက်ဖလူးသည် အံ့ဩစွာနှင့် ငေးကြည့်နေသော တင်ရွှေအား အဖြစ်အပျက်ကို ပြောပြ၍ တင်ရွှေကလည်း မိမိအား လိမ်လည်၍ စေခိုင်းပုံများကို ပြောပြလေသည်။

ရွှေ။ ။"ကိုယောဟန်က ငယ်ရည်းစားတော့၊ ကျုပ်ကို တော်က ရွာပြန်ပို့သော ကိုယောဟန်နဲ့ ပြန်ဆက်မိတယ်"

လူး။ ။"နာမည်ကလည်း ကြံကြံဖန်ဖန် ယောဟန်တဲ့လား"

ရွှေ။ ။"ခရစ်ယာန်ဘုန်းကြီးဆီမှာ နေဖူးလို့ ဘုန်းကြီးပေးတဲ့နာမည်ပဲ"

www.burmeseclassic.com

www.burmeseclassic.com



လူး။ ။"ငါ့ကို ဘာကြောင့် နင်က လိမ်ခေါ်ပေးတာလဲ"

ရွှေ။ ။"တော့်ကျေးဇူးကို ကျုပ် မမေ့ပါဘူးတော်၊ ဂျပန်ဗိုလ်က တော့်ကိုဖမ်းဖို့ လမ်းမှာစောင့်နေတယ်ဆိုပြီး ခေါ်ခိုင်းလို့ ကျုပ်က အပတ်မှတ်ပြီး တော့်ကို ကယ်ရအောင် လာခေါ်တာပါ။ ဒီလိုမှန်းသိရင် သတ်ချင် သတ်ပစ်ကြပစေ၊ သူတို့ခိုင်းတာ ကျုပ် မလုပ်ဘူးပါဘူး၊ တကယ်ပြောတာပါတော်"

လူး။ ။"ယောဟန်တော့ သေပြီ၊ နင် ဘယ့်နှယ်လုပ်မလဲ"

ရွှေ။ ။"ဒီရွာမှာနေရင် သူ့ညီတွေက ကျုပ်ကို အထင်လွဲပြီး ရန်ရှာကြတော့မှာပဲ"

လူး။ ။"ကိုင်း ဒါဖြင့် လာ၊ ငါနဲ့လိုက်ခဲ့"

ဂျပန်စစ်တပ်သည် အထက်မြန်မာပြည်မှ အောက်မြန်မာပြည်သို့ ဆုတ်ခွာခဲ့ရာတွင် မြန်မာတော်လှန်ရေးစစ်တပ်သည်လည်း ဂျပန်တို့ကို အကြီးအကျယ် အနှောင့်အယှက်ပေးကြခြင်းမှာ ဤအချိန်တွင် ရာဇဝင်မှတ်တမ်း ဖြစ်နေလေပြီ၊ တော်လှန်ရေးစစ်တပ်၌ ဆံပင်ရှည်ကို ဘိုကေဖြတ်၍ ဘောင်းဘီတိုဝတ်ထားသည့် အမျိုးသမီးတစ်ဦး ပါဝင်၍ တော်လှန်ရေးသမားများအား ချက်ပြုတ်ကျွေးမွေးခြင်း အားဖြင့် ဝတ်ပြုလျက် လိုက်ပါလာသည်ဆိုသော သတင်းမှာ အချို့သော တော်လှန်ရေးသမားများထံမှ ပေါ်ထွက်လာ၏။ တစ်နေရာ၌ ဗိုလ်ကျောက်ဖလူးမှာ ဒဏ်ရာ အကြီးအကျယ်ရရှိ၍ အဖော်များနှင့် မလိုက်ပါနိုင်ဘဲ ရှိသည်တွင် အဆိုပါ အမျိုးသမီးသည် လူနာကို ပြုစုစောင့်ရှောက်ရင်း ကျန်ရစ်ရာ ဂျပန်တို့လက်ဝယ်သို့ ရောက်သွားသဖြင့် နှစ်ဦးစလုံး အသက်ဆုံးရှုံးအောင် စီရင်လိုက်သည်ဟူသော သတင်းသည်လည်း ဓွန်းစားသလောက် နာမည်မကျော်ကြားဘဲ တိမ်မြုပ် ကွယ်ပျောက်ကြရသည့် သတင်းမျိုးများအနက်တွင် တစ်ခုအပါအဝင် ဖြစ်တော့ သတည်း။

[သွေးသောက်မဂ္ဂဇင်း၊ အမှတ် ၁၁၀၊ ၁၉၅၅ ခုနှစ်၊ ဇွန်လ]

■

# စက္ကူမီးအိမ် သုံးလုံးထွန်းသောအိမ်

တရုတ်ပြည်တွင် ဗြိတိသျှပိုင် ဟိုတယ်ကြီးများရှိ တရုတ်အစေခံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံကြီးအတွင်း အခြားမြို့များရှိ ဟိုတယ်အလုပ်သမားများသည် (အစေခံမခေါ်) ကြီးစွာသောခြားနားခြင်းရှိသည်ကို တွေ့ခဲ့ရ၏။

တရုတ်ပြည်သူ့သမ္မတနိုင်ငံအတွင်းရှိ ပီကင်း၊ ကွမ်းတုံ၊ နန်ကင်း၊ ဟန်ချောင်၊ မုကဒင်အစရှိသော မြို့ကြီးများရှိ ဟိုတယ်အလုပ်သမားများသည် ဧည့်သည်များကပေးမည့် "တစ်"ကို မျှော်လင့်ချက်မထားသည်တစ်ကြောင်း၊ ဧည့်သည်များကို သခင်အဆင့်အတန်းထား၍ မိမိတို့ကိုယ်ကို အခိုင်းအစေခံဆို၍ နိမ့်ကျသော စိတ်သဘောထားမျိုး မပိုက်ကြသည်တစ်ကြောင်းကြောင့် ဧည့်သည်များကို ဆူကြဲနိမ့်မြင့် အဆင့်အတန်းခွဲခြားသည့်လက္ခဏာမရှိဘဲ အလုပ်ဝတ္တရားကို မှန်မှန်ကန်ကန် သပ်သပ်ရပ်ရပ် ဖျတ်ဖျတ်လတ်လတ် ဆောင်ရွက်ကြ၏။

အစေခံဆို၍ ဒူးထောက်မတတ် ဟန်လုပ်ကာအရိုအသေပေးခြင်းသည်း မရှိချေ။ "တစ်"အမြောက်အမြား ပေးနိုင်သော သူဌေးဧည့်သည်များသည် အခုအရာကို ကြိုက်ကောင်းမှ ကြိုက်ပေမည်။ ကျွန်ုပ်တို့အဖို့မူကား အစေခံ၏ အထင်သေး ခြင်းခံရအောင် ဟန်လုပ်ရသော တာဝန်တစ်ခု ပေါ့လျော့သွားသည့်အတွက်ကြောင့် နေထိုင်ရသည်မှာ အလွန်တရာ လွတ်လပ်ချောင်ချိသည်ဟု သဘောပေါက်ခဲ့ရပေ ၏။

www.burmeseclassic.com

www.burmeseclassic.com



တရုတ်ပြည်သူ့သမ္မတနိုင်ငံကြီးအတွင်း ပထမဦးဆုံး ကျွန်ုပ်တို့ ရောက်သွားသည့် ကွမ်းတုံမြို့ဟိုတယ်အလုပ်သမားများကို မြင်လိုက်ရသည်နှင့်တစ်ပြိုင်နက်၊ ရန်ကုန်ဟိုတယ်များနှင့် ဟောင်ကောင်ဟိုတယ်ကြီးများရှိ အစေခံများကိုသာ တွေ့ကြုံခဲ့ဖူးသော ကျွန်ုပ်အဖို့မှာ ခြားနားခြင်းကို ကွက်ခနဲ သတိပြုလိုက်မိ၏။ ကျွန်ုပ်သည် သဘော်ဦးပုံသဏ္ဌာန် ဆောက်လုပ်ထားသည့် ဟိုတယ်ကြီး၏ ဦးချွန်တွင် တည်ရှိ၍ အကောင်းဆုံးသောအခန်းတစ်ခန်းတွင် နေရာချထားခြင်း ခံရပြီးနောက်၊ ကျွန်ုပ်၏ကိစ္စကြီးငယ်ကို ဆောင်ရွက်ပေးမည့် ဟိုတယ်အလုပ်သမားအချို့ကို အကဲခတ်မိပါတော့သည်။ ၎င်းတို့အနက်တွင် အသက်သုံးဆယ်ကျော်အရွယ် မိန်းမတစ်ယောက်မှာ ထူးခြားသော မျက်နှာထားရှိသည်ဟု ကျွန်ုပ် သတိပြုမိသည်။ ထိုမိန်းမ၏ မျက်နှာမှာ အဆင်ပြေ၍ သနားကမားရှိသည်ဟု ဆိုလောက်သော်လည်း သစ်သားဖြင့်ပြုလုပ်ထားဘိသကဲ့သို့ ပြုံးခြင်းရယ်ခြင်းလည်းမရှိ၊ ဆွေး ရွှင်ခြင်း၊ ဝမ်းနည်းခြင်းလည်းမရှိ၊ မည်သည့်နည်းနှင့်မျှ ပြောင်းလဲခြင်းမရှိဘဲ တစ် သတ်မတ်တည်း တည်ငြိမ်စွာရှိနေ၍ အထူးဂရုစိုက်မိခဲ့သည်။

ကျွန်ုပ်တို့သည် ကွမ်းတုံမြို့မှ ပီကင်းမြို့သို့ လေယာဉ်ပျံဖြင့် ခရီးဆက်ကြရာတွင်၊ ကွမ်းတုံမြို့ ကမ္ဘာ့ငြိမ်းချမ်းရေး ဧည့်ခံကော်မတီလူကြီးများသည် ကျွန်ုပ်တို့ကိုယ်စားလှယ်များ၏ သက်သာချောင်ချိမှုကို ရှေးရှု၍ အင်္ဂလိပ်စာတတ် တက္ကသိုလ်ကျောင်းသားတစ်ဦးကို ကျွန်ုပ်တို့နှင့်အတူ ထည့်ပေးလိုက်၏။ နေ့လည် ၂ နာရီ အချိန်တွင် ကွမ်းတုံလေယာဉ်ပျံကွင်းမှ ထွက်ခွာရာ အဆိုပါတက္ကသိုလ် ကျောင်းသားသည် လေယာဉ်ပျံပေါ်တွင် ကျွန်ုပ်နှင့်အတူထိုင်၏။ ဆရာကြီး သခင် ကိုယ်တော်မှိုင်းတို့အဖွဲ့သည် ပီကင်းသို့ရောက်နှင့်ကြသည်ဖြစ်၍ ဒုတိယခေါင်း ဆောင် ဖြစ်သောကျွန်ုပ်မှာ ဤအဖွဲ့ငယ်တွင် ခေါင်းဆောင်ဖြစ်သည့်အလျောက် တက္ကသိုလ်ကျောင်းသားသည် ကျွန်ုပ်နှင့် မခွဲခွာတော့ဘဲ ကျွန်ုပ်မေးမြန်းသမျှကို သွက်လက်စွာ ဖြေဆိုပါလေသည်။

လေယာဉ်ပျံပေါ်တွင် ကျွန်ုပ်တို့သည် ကွမ်းတုံမြို့နှင့်ပတ်သက်၍ ထွေရာ လေးပါး မေးမြန်းဖြေဆိုကြပြီးနောက် ကျွန်ုပ်သည် ဟိုတယ်၌အလုပ်လုပ်သော မိန်းကလေးကို သတိရသည်နှင့် ၎င်းအား မေးမြန်းပါသည်။ ကံအားလျော်စွာ ထိုမိန်းမမှာ နောက်ကြောင်းရာဇဝင်ကြောင့် ကွမ်းတုံအမျိုးသမီးများအနက်တွင် နာမည်ကြီးတစ်ယောက်ဖြစ်၍ တက္ကသိုလ်ကျောင်းသားသည် ၎င်းမိန်းမအကြောင်း ကို အသေးစိတ်သိထားပြီးဖြစ်နေ၏။ ဤတွင် ကျွန်ုပ်က သူ့အကြောင်းကို ပြောပြ ရန် တောင်းပန်သည်နှင့် ကျောင်းသားကလည်း အားရပါးရ ပြောပြလေသည်။ ကျွန်ုပ်မှာ ကျောင်းသား၏အမည်နှင့် မိန်းကလေး၏အမည်တို့ကို မမှတ်မိသော်



လည်း အဖြစ်အပျက်များမှာ မေ့နိုင်ဖွယ်ရာမရှိအောင် ထူးခြားသဖြင့် ကောင်း မွန်စွာ မှတ်မိသည့်အတိုင်း ဝတ္ထုသွားအနေဖြင့် ရေးသားဖော်ပြလိုက်ရပါတော့ သည်။

ကွမ်းတုံမြို့၌ လမ်းများ၏ တရုတ်နာမည်များမှာ အများအားဖြင့် ရှည် လျားစွာ မှည့်ခေါ်ထားသည်ဖြစ်ရာ "သစ္စာတရားကိုချစ်ခြင်း" ခေါ် လမ်းမကြီး သည်အခြားသောလမ်းများထက် ရှည်လျား၍ အလွန်စည်ကားရှုပ်ထွေးသော ရပ် ကွက်များကို ဖြတ်သန်းဆောက်လုပ်ထားလေသည်။ လမ်းကျဉ်းကလေးများသည် ထိုလမ်းမကြီးနှင့် ဆက်သွယ်လျက်ရှိသည်ဖြစ်၍ လမ်းကြားများနှင့် အခြားသော သာဉ်အမျိုးမျိုးတို့သည် မြစ်မကြီးထဲသို့ မြစ်လက်တက်ကလေးများ စီးဝင်သည့်အ သား၊ လမ်းမကြီးထဲသို့ အစဉ်မပြတ် တရစပ်ဝင်လာကြသည်တွင် စည်ကား သော လမ်းမကြီးကို တိုး၍စည်ကားအောင် ဖြည့်စွက်လေတော့သည်။ လမ်းမကြီး ကို မျက်နှာမူလျက်ရှိသော တိုက်ကြီးများမှာ (ဂျပန်ဗုံးထိ၍ မပြင်နိုင်သေးသော အဆောက်အအုံအနည်းငယ်တို့မှတစ်ပါး)အလွန်မြင့်မားကြီးကျယ်ကြသော်လည်း ၎င်းတိုက်ကြီးများနောက်၌ ဆင်းရဲသားရပ်ကွက်များမှုကား ပုအိုက်သေးငယ်၍ သရေညစ်ပတ်သော အဆောက်အအုံများတွင် ငါးချဉ်သိပ်သကဲ့သို့ ဆင်းရဲသား များဖြင့် ကျပ်ခဲလျက်ရှိသည်။

"သစ္စာတရားကိုချစ်ခြင်း"ခေါ် လမ်းမကြီးကို ကန့်လန့်ဖြတ်သည့် တခြား လမ်းကျယ်တစ်ခုရှိရာ၊ ၎င်းမှာ"တောကြက်ကလေးလမ်း"ဟု ခေါ်တွင်၏။ ထိုလမ်း ကျယ်ကြီးနှစ်ခု တွေ့ဆုံသည့်နေရာနှင့် ပေတစ်ရာခန့်အဝေးတွင် လမ်းကျဉ်းက လေးတစ်ခုရှိပြန်ရာ၊ ၎င်းမှာ "အာကာသမြင်းလမ်းကြား"ဟု ခေါ်တွင်၏။ ထိုလမ်း ကြားမှာ တရုတ်ခမောက်ခပ်ကြီးကြီးဆောင်းသည့် ခရီးသည်နှစ်ယောက်သည် ထိုလမ်းပေါ်၌ ဆုံမိပါက ခမောက်ချင်းမတိုက်မိစေရန် ဦးခေါင်းများကို စောင်းငဲ့ ကာ တိမ်းရှောင်ကြလေသည်။ လံချားများသည်ပင်လျှင် ၎င်းလမ်းကျဉ်းပေါ်၌ ဖြတ်သန်းသွားလာခြင်းမပြုလုပ်နိုင်ပေ။

"အာကာသမြင်းလမ်း"ရှိ အိမ်များမှာ ပြတင်းပေါက်များနှင့် ဝရန်တာများ ဆောက်လုပ်တည်ထားပုံ ဆန်းကြယ်သောကြောင့်၊ အိမ်တွင်း၌ နေထိုင်ကြသော အိမ်သူအိမ်သားများမှာ တစ်အိမ်မှ တစ်အိမ်သို့ ဟင်းလင်းပြင် မြင်နိုင်သဖြင့် သိုသိပ်လျှို့ဝှက်ခြင်းမရှိချေ။ သို့ဖြစ်၍ အိမ်သူအိမ်သားအချင်းချင်း သန်းရှာခြင်း ခေါက်ပြုတ်ကြော်လှော်ခြင်း၊ ငရုတ်သီးထောင်းထုခြင်းစသည့် အိမ်တွင်းမှုကိစ္စ များကို တစ်အိမ်မှတစ်အိမ်သို့ မြင်နိုင်ပေ၏။ ညအချိန်များတွင်လည်း အသံ ရောင်းသော ဈေးသည်များက မိမိတို့၏ ကုန်စည်ကို ဟစ်အော်ရောင်းချသော

www.burmeseclassic.com

www.burmeseclassic.com



အသံ၊ ဝါးနှစ်ခြမ်းကို ခေါက်သောအသံ၊ စည်တိုနှက်သောအသံစသည်များဖြင့် ဆူညံလျက်ရှိ၏။

အသက်နှစ်ဆယ်ကျော်အရွယ်ရှိ မိန်းမတစ်ယောက်သည် (လျောင်ကီးဆို ကြပါစို့)ညစ်နွမ်းသောအဝတ်များဝတ်ဆင်လျက် ဦးခေါင်းငုံ့ကာ အာကာသမြင်း လမ်းကျဉ်းတစ်လျှောက် လျှောက်လာ၏။ လျောင်ကီး၏မျက်နှာမှာ စိတ်နှလုံးညှိုး နွမ်းသည့်အမူအရာနှင့် ညှိုးငယ်စွာရှိနေလေသည်။ ရင်ခွင်ထဲ၌ တစ်လသားသာသာ မျှသာရှိသောသမီးကလေးကို အနီးဖြင့်ထွေးကာ ပွေ့ပိုက်လျက်ရှိရာ ၎င်းရင်သွေး မှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ မတည်ထောင်မီက ဆင်းရဲသားအမျိုးသမီးများ မကြာခဏဖြစ်တတ်သည့် အဖေမရှိဘဲ မွေးဖွားခဲ့ခြင်းဖြစ်လေသည်။

တစ်ညသ၌ ဂျပန်ဗုံးကြဲလေယာဉ်များလာခြင်းကို အချက်ပေးသည့် ဥဩ သံ ပေါ်ထွက်လာရာတွင်၊ အရပ်သူအရပ်သားများသည် သမီးရေ၊ သားရေ၊ ဘယ် သူလဲ၊ ဘယ်ဝါရေ စသည်ဖြင့် ဟစ်အော်ခေါ်ငင်ကာ ထိုမှဤမှ ဖရိုဖရဲကစဉ့်ကလျား ပြေးလွှားကြစဉ် ကုဋေကုဋာမျှသော ပျားအုပ်ကြီးပျံ့ဝဲနေခြင်းကဲ့သို့ တဝီဝီမြည်သည့် ကြောက်ဖွယ်အသံကြီးသည် နီးကပ်သည်ထက် နီးကပ်၍ မြည်ဟိန်းလာတော့သည်။

"အာကာသမြင်းလမ်းကျဉ်း"မှာ အထူးသဖြင့် ကျဉ်းမြောင်းရသည့်အထဲ တွင် လူဦးရေထူထပ်ပြွတ်သိပ်လျက်ရှိသောကြောင့် ကြောက်အားလန့်အားနှင့် ကာကွယ်ရေးကျင်းများသို့ ပြေးကြသော အရပ်သူအရပ်သားများမှာ တစ်ယောက် နှင့်တစ်ယောက် တိုက်မိ၍ အလဲလဲအကွဲကွဲ ရှိနေကြ၏။ ထိုအတောအတွင်း ဂျပန်ဗုံးကြဲလေယာဉ်ပျံများသည် ဦးခေါင်းပေါ်သို့ ရောက်လာ၍ ဗုံးများကြဲချလျက် ရှိရာ မြေပြင်မှပစ်သော အမြောက်သံများ၊ လေယာဉ်ပျံများမှပစ်သော စက်သေနတ် သံများ၊ ဤနေရာထိုနေရာတို့၌ ပေါက်ကွဲသော ဗုံးသံများသည် ငရဲအိုးပွက်သကဲ့ သို့ ကျွက်ကျွက်ညံလျက်ရှိတော့၏။ ထိုစဉ်က ကွမ်းတုံမြို့ကြီးမှာ ကာကွယ်ရေး အတွက် စည်းစနစ်ကျအောင် ပြင်ဆင်ထားခြင်းမရှိသောကြောင့် ဂျပန်လေယာဉ် များသည် မြေပြင်မှ ရမ်းချသော လေယာဉ်ပျံပစ်အမြောက်မျှလောက်ကို မဖြုံကြဘဲ မြို့ကြီးပေါ်တွင် အေးအေးဆေးဆေး ဗုံးကြဲချနေကြလေ၏။

"အာကာသမြင်းလမ်းကျဉ်း"ပေါ်၌ ရင်သွေးကိုပိုက်ကာ လမ်းလျှောက် လာသော လျောင်ကီးသည် ကောင်းကင်မှကျလာသော ဂျပန်ဗုံးများကို မိမိ၏ရင် သွေး မထိခိုက်စေရန် အကာအကွယ်ပေးသည့်အနေဖြင့် သမီးကလေးအပေါ်သို့ မိမိကိုယ်တိုင် ကိုင်းညွတ်ကာ ဖုံးကွယ်ရင်း ခိုလှုံရန်နေရာကိုကြည့်ရာ၏။ ယင်းသို့ ရှိစဉ် မြေလျှင်ပြင်းစွာလှုပ်ခါ၍ နားကွဲမတတ် မြည်ဟိန်းသောအသံကြီးဖြစ်ပေါ်



လာပြီး မြူမှုန်များ၊ သစ်သားအတိုအစများ၊ အင်္ဂတေနှင့် အုတ်ခဲအစအနများသည် လျောင်ကီး၏ပတ်ဝန်းကျင်တစ်ဝိုက်တွင် ဖွာခနဲပျံတက်လာကြသဖြင့် မိုးကောင်း ကင်ကို မမြင်နိုင်အောင် ရှိတော့သည်။ အတိုအစများသည် ကောင်းကင်မှ မြေပြင် သို့ ပြန်ကျ၍ ဟင်းလင်းပြင်ရှိသောအခါ၊ လျောင်ကီးသည် ရင်ဘတ်ဖြင့်ဖုံးထား သော ရင်သွေးကို ကြည့်လိုက်မိသည်နှင့် အလန့်တကြား အော်ဟစ်လေ၏။

လျောင်ကီး၏ သမီးကလေးဖွားမြင်သည့်အဖြစ်ကို ရပ်ကွက်သားများ သည် သိပင်မသိလိုက်ကြချေ။ အဘယ့်ကြောင့်ဆိုသော် လျောင်ကီး၌ လင် သောကျားမရှိသဖြင့် တိတ်တဆိတ်မွေးဖွားရသည့်အပြင်၊ ရပ်ကွက်သားများမှာ ၎င်းထဲ၌ခိုအောင်းသော လင်းနို့များသဖွယ် လွန်မင်းစွာ ပြွတ်သိပ်၍ တစ်ယောက်နှင့် တစ်ယောက် ဂရုမစိုက်မိအောင် ရှိနေသောကြောင့်ပေတည်း။

ကြင်ဟွာဆိုသူမှာ လက်ဝဲဘက်မျက်လုံးတွင် ဖန်မျက်စိတပ်ထား၍ ပြူး ကြောင်ကြောင်ကြည့်တတ်သူတစ်ယောက်ဖြစ်ရာ ထိုသူသည် ဂျပန်သူလျှိုဖြစ် သည့်အလျောက် မရှိနွမ်းပါးသူများအနက်မှ သဏ္ဌာဖောက်ရှာပေးခြင်းအားဖြင့် အ ဆာ်အတန်ကြွယ်ဝလျက်ရှိ၏။ ကြင်ဟွာသည် မကြာသေးမီကစ၍ လျောင်ကီးကို အကဲခတ်လျက်ရှိရာ လျောင်ကီး၏ ညှိုးငယ်နွမ်းချိသော အမူအရာကိုမြင်ရသော အခါ၊ ငွေရလျှင် ဘာမဆိုလုပ်မည့်မိန်းကလေးတစ်ယောက်ဟူ၍ အကဲဖြတ်၏။ သို့ဖြစ်၍ ကြင်ဟွာသည် လျောင်ကီးကို ချဉ်းကပ်လေသည်။

ကြင်ဟွာသည် ဒင်္ဂါးများထည့်ထားသော အကျီကို ပုတ်ပြသောအခါ လျောင်ကီးသည် စကားပြန်မရဘဲ ကြောင်တောင်ငေးကြည့်နေ၏။ ကြင်ဟွာက မျက်လုံးကောင်းတစ်ဖက်မှိတ်ပြကာ မျက်နှာချိုသွေးသောအခါ၌လည်း လျောင်ကီး သည် မတုန်မလှုပ်ငေး၍သာ ကြည့်နေ၏။

'ငွေလိုချင်သလား၊ ရွှေဒင်္ဂါးလိုချင်သလား။ ငွေစက္ကူမဟုတ်ဘူး၊ ဒင်္ဂါးအေး ဧယ်၊ အဝတ်ကောင်းကောင်းဝယ်နိုင်တယ်။ ဆန်ပြုတ်ကောင်းကောင်း စားနိုင် တယ်။ ဘဲကင်ကြိုက်သလား၊ ဝက်သားကင်ကြိုက်သလား၊ အစာချက်ချင်းသလား သား' စသည်ဖြင့် ကြင်ဟွာကမြူသောအခါ လျောင်ကီးသည် ထင်းသောသော ကြောင့်ပေလောမသိ၊ သူ ခိုင်းမည့်သဘောကို သိလိုဟန်နှင့် ကြင်ဟွာ၏မျက်နှာကို ကြည့်လိုက်၏။ ဤတွင် ကြင်ဟွာက 'လွယ်လွယ်ကလေးပဲ၊ အားကြီးသက်သာ တဲ့အလုပ်ပဲ၊ ဟောဒီလိုလုပ်၊ ဟောဒီလိုရှို့'ဟုဆိုကာ မီးခြစ်ဘူးတစ်လုံးကို အိတ် ထဲမှထုတ်၍ မီးခြစ်ဆံဖြင့် ခြစ်ပြလေသည်။ ၎င်းနောက် ကြင်ဟွာသည် လျောင်ကီး အား စဉ်းစားချိန်ပေးဦးမည့်အကြံနှင့် ထွက်ခွာလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုည၌ လျောင်ကီးသည် လမ်းသွားလမ်းလာများဖြင့် ရှုပ်ယှက်ခတ်ဖြစ်နေသော လမ်းကျဉ်းကလေးများတစ်လျှောက် တစ်ကိုယ်တည်းလျှောက်သွားစဉ် ကြင်ဗုာပြောသောစကားနှင့်ပတ်သက်၍ စဉ်းစားလေ၏။

ကွမ်းတုံမြို့ကြီးမှာ ညအချိန်ဆိုသော်လည်း မအိပ်ကြသကဲ့သို့ သန်းခေါင်ကျော်သည့်တိုင်အောင် လူသွားလူလာများဖြင့် ပြည့်နှက်ကာ ဆူညံစွာရှိနေ၏။ နာရီပြန်တစ်ချက်၊ နှစ်ချက်ရှိသည့်တွင်မှ အနည်းငယ်မျှ အသံစဲသလိုဖြစ်သွားသော်လည်း အရုဏ်တက်လုနီးသည်နှင့်တစ်ပြိုင်နက် မနက်စောစော စားတတ်သည့် ဆန်ပြုတ်သည်၊ အီကြာကွေးသည် စသည်များဖြင့် အုတ်ကျွက်အုတ်ကျွက်ဖြစ်လာတော့သည်။ နွမ်းပါးသော ရပ်ကွက်များ၌ လူတိုင်းအိပ်ရန်အတွက် အိပ်ရာနေရာ လုံလောက်စွာမရှိသောကြောင့် ဆင်းရဲသားအလုပ်သမားများသည် အလှည့်နှင့် အိပ်ကြရလေ၏။ နေဝင်ချိန်မှ သန်းခေါင်အထိ အိပ်ရသောသူများသည် သန်းခေါင်တိုင်သည်နှင့်တစ်ပြိုင်နက် အိပ်ရာဖယ်ပေးကြရလေရာ၊ ညဦးပိုင်းတွင် လမ်းလျှောက်နေခဲ့ရသောလူများက ထိုနေရာသို့ဝင်၍ အိပ်ကြရ၏။ ဤတွင် စောစောပိုင်းက အိပ်ပြီးသောလူများသည် အိမ်ထဲတွင်နေစရာမရှိသဖြင့် လမ်းသို့ထွက်ကာ ပိုက်ဆံပါသူများက ဝယ်စား၍၊ ပိုက်ဆံမရှိသူများမှာ သူတစ်ပါးစားကြသောက်ကြသည်ကို သွားရေကျကြရလေသည်။ လျောင်ကီးမှာ ညဦးပိုင်းက အိပ်ရသည်ဖြစ်၍ သန်းခေါင်ကတည်းက အိပ်ရာနှင့်ခွာပြီး ဝမ်းဟာဟာနှင့် ဆန်ပြုတ်ဆိုင်များရှေ့တွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်လျက်ရှိရာ၊ အာရုဏ်တက်ချိန်တွင် ကြင်ဗုာနှင့် ဘွားခနဲဆုံမိလေသည်။

ဗုာ။ ။'ဘယ့်နှယ်လဲ မိန်းကလေး၊ ဗိုက်ထဲက မဆာဘူးလား၊ ရွှေဒင်္ဂါးယူမလား လိုချင်တာ ရနိုင်တယ်'

ယင်းသို့မေးမြန်းစဉ် ဆန်ပြုတ်ဆိုင်တစ်ဆိုင်မှ ဝက်အူချောင်းကင်သောအနံ့သည် လျောင်ကီး၏နှာခေါင်းထဲသို့ တိုးဝင်သွားသည်နှင့် ဗိုက်ထဲတွင် အစာမရှိသော လျောင်ကီးမှာ သွားရေများကျလာ၏။

ကီး။ ။'မီးခြစ် ခြစ်မယ်'

ဗုာ။ ။'ကောင်းပြီ၊ အာကာသမြင်းလမ်းကျဉ်းထဲက စက္ကူမီးအိမ်သုံးခုထွန်းထားတဲ့ အိမ်ကို လာခဲ့၊ တံခါးကိုဖွင့်၊ လှေကားထစ်ပေါ်တက်ခဲ့။ ဒီကနေ့ည ၁၂ နာရီတိတိမှာလာခဲ့၊ ကျွန်ုပ်စောင့်နေမယ်'

ထို့နောက် လျောင်ကီးနှင့် ကြင်ဗုာတို့ ခွဲခွာကြလေသည်။

❖



ထိုနေ့ည၌ ၁၁ နာရီခွဲအချိန်တွင် လျောင်ကီးသည် "အာကာသမြင်းလမ်းကျဉ်း" ကလေးတစ်လျှောက် တစ်ကိုယ်တည်း လျှောက်နေ၏။ သူငယ်တစ်ယောက်သည် တိုက်ခန်းတစ်ခန်းရှေ့တွင် ဗျပ်စောင်းတီးလျက်ရှိ၏။ ရှေ့နားဆီ၌ အိမ်သူအိမ်သားများသည် (၎င်းတို့ဘာသာအလျောက် ဗလိနတ်စာကျွေးခြင်းဆေလာမဆိုနိုင်) ဝက်ကောင်လုံးကြော်၊ ဘဲကောင်လုံးကြော် စသည်များကို စားပွဲပေါ်တွင် တည်ခင်း၍ အိမ်ရှေ့တွင် ဖြောက်များကို မီးပုံတိုက်သဖြင့် တဖြောင်းဖြောင်း မြည်လျက်ရှိသည်။ လျောင်ကီးသည် ၎င်းတိုက်ခန်းကို ကျော်လွန်ပြီးနောက် ဒုတိယထပ်ရှိ ပြတင်းပေါက် သုံးပေါက်တွင် စက္ကူမီးအိမ်သုံးလုံး ထွန်းထားသောတိုက်ခန်းကို တွေ့အောင်ရှာပြီးမှ၊ အချိန်မကျသေးသည်နှင့် စောင့်နေခဲ့ခြင်းဖြစ်လေသည်။

၁၂ နာရီထိုးသည်နှင့်တစ်ပြိုင်နက် လျောင်ကီးသည် လှေကားရင်း၌ စေ့ရုံမျှစေ့ထားသော တံခါးကို တွန်းဖွင့်၍ လှေကားတစ်လျှောက် တက်သွားလေသည်။ လှေကားပေါ်တွင် မှောင်လျက်ရှိသဖြင့် လက်ရမ်းကိုစမ်း၍ တက်ရ၏။ ဒုတိယထပ်သို့ ရောက်သောအခါ လျောင်ကီးသည် မှောင်နေသောအခန်းတစ်ခန်းသို့ ဝင်သွားသည်တွင် တစ်စုံတစ်ရာမျှ မမြင်ရသော်လည်း အခန်းထဲ၌ လူများရှိနေခြင်းကို စိတ်ထဲ၌သိ၏။ အဘယ့်ကြောင့်ဆိုသော် ဖြည်းညင်းစွာလှုပ်ရှားခြင်းဖြင့် အဝတ်များမှ တရှဲရှဲမြည်သောအသံများနှင့် တစ်ချက်တစ်ချက်တွင် ချောင်းဟန့်သံကို ကြားရသောကြောင့်ပေတည်း။ ချိန်းဆိုထားသောအချိန်ကား တိုင်ရောက်ခဲ့လေပြီ။

ထိုခဏ၌ မှောင်မိုက်ကြီးထဲတွင် ကြင်ဗုာ၏အသံကား 'မျက်စိမှိတ်ထားကြနော်၊ ဖွင့်ကြည့်ရင် သံပူရှိမယ်၊ နားလည်ကြသလား၊ တစ်ခါကြည့်မိရင် နောက်ထပ်မကြည့်နိုင်ဘူး' ဟု ပြောလိုက်သောအသံကို လျောင်ကီးကြားလိုက်ရ၏။ ဤတွင် လျောင်ကီးသည် ကြမ်းပေါ်တွင် ဒူးတုပ်ကာထိုင်လျက် မျက်စိနှစ်ဖက်ကိုမှိတ်ထားလိုက်လေသည်။ ဤအတောအတွင်း၌ ခြေသံများကြားရ၍ လူတစ်ယောက်နှစ်ယောက်သည် အခြားလူများ၏မျက်နှာများကို လက်နှိပ်ဓာတ်မီးဖြင့်ထိုးကြည့်နေသည်ဟု လျောင်ကီးကြည့်ရ၏။ မိမိ၏မျက်နှာ၌ အလင်းရောင်ထိုးလာ၍ ပါးပြင်၌ နွေးခနဲဖြစ်သွားသည်ကို သိလိုက်ရခြင်းအားဖြင့် [illegible] ခြင်းဖြစ်၍၊ မျက်စိဖွင့်သူကိုတွေ့ရလျှင် မျက်လုံးကိုထိုးဖောက်မည့် သံပူ[illegible] သည်း လျောင်ကီးသိရလေသည်။

ထိုခဏ၌ လျောင်ကီးမသိသော အသံတစ်သံက 'ဒီခွေး[illegible] မမြင်ဖူးဘူး' ဟု ပြောရာတွင် ကြင်ဗုာ၏အသံဖြင့် 'ကျွန်ုပ်လူပါ' ဟု [illegible] ဖြင့် လျောင်ကီး၏မျက်နှာမှ ဓာတ်မီးရောင်ရုပ်သိမ်းသွားပြီး [illegible]

www.burmeseclassic.com



လျောင်ကီး၏ပါးမှ ခွာသွားလေသည်။ များမကြာမီ လျောင်ကီးသည် ရှဲခန်မြည်သောအသံနှင့်အတူ ဝေဒနာအပြင်းအထန် ခံစားရသဖြင့် အလန့်တကြားဟစ်အော်လိုက်သောအသံကို ကြားရပြီးနောက်၊ ကြမ်းပေါ်သို့ လူ၏ကိုယ်လုံးလဲကျသံကိုလည်း ကြားလိုက်ရ၏။ လျောင်ကီးသည် မျက်စိဖွင့်ကြည့်ချင်သောဆန္ဒ ပြင်းထန်သော်လည်း ဘေးအန္တရာယ်ကိုသိ၍ စုံမှိတ်ထားလိုက်လေသည်။

နောက်ဆုံး၌ လူစစ်ဆေးသောအလုပ်ပြီး၍ ကြင်ဗုာ၏အသံက 'မျက်စိဖွင့်နိုင်ပြီ' ဟု ပြောလိုက်၏။

လျောင်ကီးသည် မျက်စိဖွင့်ကြည့်လိုက်၏။ သို့ရာတွင် အခန်းမှာ မှောင်မည်းလျက်ပင် ရှိလေသည်။

ကြင်ဗုာက 'မိုးမလင်းခင် လေယာဉ်ပျံတွေ လာလိမ့်မယ်၊ မင်းတို့ကို မီးခြစ်ဘူးနဲ့ မီးကျည်တောင့် တစ်တောင့်စီပေးလိုက်မယ်။ ဘယ်နေရာမှာ မီးကျီတောင့်ထွန်းညှိရမယ်ဆိုတာကို တစ်ယောက်စီ ပြောပြလိုက်မယ်။ လေယာဉ်သံမကြားခင်ကိုယ့်နေရာကိုယ်သွားပြီး မီးကျီတောင့်နဲ့ အသင့်စောင့်နေရမယ်။ လေယာဉ်ပျံတွေလာလို့ မင်းတို့ခေါင်းပေါ် ရောက်ခါနီးမှာ မီးကျီတောင့်ကို မီးနဲ့ရှို့လိုက်ရမယ်။ မင်းတို့ကို ဘယ်သူမှ မမြင်ရဘူး၊ စိတ်ချပါ၊ လူတွေအားလုံး ကာကွယ်ရေးကျင်းထဲရောက်နေကြမယ်။ မီးကျည်တောင့်ကို မီးရှို့ပြီးထားရစ်ခဲ့။ မြန်မြန်ပြေး။ ဒီနေရာကိုပြန်လာခဲ့၊ ဒီနေရာမှာ ဗုံးမချဘူး၊ မင်းတို့ကို ရွှေဒင်္ဂါးပေးမယ်၊ သတိထားနော်၊ မြန်မြန်ပြန်ပြေးခဲ့ကြ။ မိုးလင်းခါနီးတိုင်အောင် ဗုံးကြဲလိမ့်မယ်။ ဗုံးကြဲမပြီးခင် ဒီနေရာရောက်အောင် လာခဲ့ကြ။ ရွှေဒင်္ဂါးရပြီးတဲ့နောက် မြစ်ဆိပ်ကမ်းကို ပြေးကြ။ လှေတစ်စင်း စောင့်နေလိမ့်မယ်။ အစိုးရက စုံစမ်းစစ်ဆေးနေတဲ့အချိန်မှာ မင်းတို့ကိုလုံခြုံအောင် ဝှက်ထားရမယ်။ ငါတို့သူလျှိုတွေကို စောင့်ကြည့်နေတဲ့ သူလျှိုတွေရှိတယ်။ မင်းတို့လက်ထဲမှာ ရွှေဒင်္ဂါးတွေ့ရင် စစ်လားဆေးလား လုပ်မှာစိုးလို့ နောက်ထပ်အလုပ်မရှိမချင်း မင်းတို့ကို လုံခြုံအောင် ဝှက်ထားရမယ်' ယင်းသို့ ပြောသံ ကြားရပြီးနောက် တိတ်ဆိတ်စွာရှိနေပြန်ရာ ဖြည်းညင်းစွာ လျှောက်သွားသော ခြေသံနှင့် တီးတိုးပြောသံများကိုသာ လျောင်ကီးကြားရလေသည်။ မကြာမီ လျောင်ကီးသည် မိမိ၏လက်ထဲသို့ လုံးလုံးရှည်ရှည် အရာဝတ္ထုတစ်ခုနှင့် မီးခြစ်ဘူးတစ်ခု ထည့်ပေးလိုက်သည်ကို သိလိုက်ရ၏။ နောက်ခဏတွင် လျောင်ကီး၏အနားသို့ကပ်၍ 'ပြည်သူ့လုံခြုံရေးမင်းကြီးအိမ်' ဟူ၍ တီးတိုးပြောသံကြားလိုက်ရလေသည်။

အတန်ငယ်ကြာလတ်သော် ကြင်ဗုာ၏အသံဖြင့် 'ကိုင်း တော်ပါပြီ၊ ကိုယ့်နေရာကိုယ်သွားပြီး စောင့်နေကြ၊ ရွှေဒင်္ဂါးများများရမယ်၊ သို့သော်တစ်ပြိုင်တည်း



ဆင်းမသွားရဘူး၊ တစ်ယောက်ချင်းဆင်းသွားရမယ်။ တံခါးမှာ လူတစ်ယောက်စောင့်နေတယ်၊ မင်းတို့ကို တစ်ယောက်ချင်းလွှတ်လိမ့်မယ်။ စကားမပြောနဲ့၊ မီးခြစ်မခြစ်နဲ့၊ ကိုင်း ဒါပဲ' ဟုပြောလေသည်။

လျောင်ကီးသည် မှောင်မိုက်ကြီးထဲတွင် ကိုယ့်နေရာ၌ကိုယ်ထိုင်လျက်စောင့်နေရာ၊ တံခါးပေါက်ဆီမှ တီးတိုးပြော၍ တစ်ယောက်စီလွှတ်နေသောအသံကိုသာကြားရပြီး တံခါးသည် သုံးမိနစ်ခန့်တွင်တစ်ကြိမ်ပွင့်၍ လူတစ်ယောက်စီလွှတ်ပေးလိုက်ရာ လှေကားမှဆင်းသွားသောသူများသည် လူတွေပြွတ်သိပ်၍ မှန်းနေသောအခန်းမှ လမ်းပေါ်သို့ ရောက်သည်တွင် လေဝအောင်ရှူရှိုက်ရင်း တစ်ယောက်စီ ထွက်ခွာသွားကြလေ၏။

နောက်ဆုံး၌ လျောင်ကီးမှာ တံခါးပေါက်ဆီသို့ လူတစ်ယောက်ခေါ်သွား၍ တံခါးကိုဖွင့်လွှတ်လိုက်သည်တွင် "အာကာသမြင်းလမ်းကျဉ်း"ပေါ်သို့ ရောက်လာ၍ ထုံးစံအတိုင်း ဦးခေါင်းငုံ့ကာ လျှောက်သွားရလေတော့သည်။

လျောင်ကီးသည် ဖြောက်အိုးများဖောက်၍ နတ်ပူဇော်ပွဲလုပ်နေသော တိုက်ခန်းဆီသို့ရောက်သွား၏။ ဤတိုက်ခန်းတွင် ဈာပနကိစ္စရှိ၍ မည်သူမဆိုဝင်ထွက်နိုင်ခွင့်ရှိကြောင်း လျောင်ကီးသိ၏။ တရုတ်ပြည်၌ မိဘဆွေမျိုးကွယ်လွန်ဖူးသောသူများသည် ဈာပနကိစ္စရှိသောအိမ်သို့ဝင်၍ နတ်ကြီးပူဇော်ပွဲတွင် ပါဝင်ပြီးလျှင်သွားလေသူများအတွက် မေတ္တာပို့ကြသော ထုံးစံရှိလေသည်။

လျောင်ကီးသည် လှေကားမှတက်သွားသောအခါ ရွတ်ဖတ်သရဇ္ဈာယ်နေကြသော အသံများကြားရလေ၏။ စားပွဲတစ်ခုအနီးတွင် ပူဇော်ခြင်းအခမ်းအနားကိုဆောင်ရွက်လျက်ရှိကြ၏။ အခြားသော စားပွဲတစ်ခု၌ သွားလေသူ၏ ရုပ်ပုံတစ်ခုသည် ဆီမီးခွက်များအနီးတွင် ထောင်လျက်ရှိရာ၊ သစ်သီးအမျိုးမျိုးနှင့် ကောင်ရဲ့ခြောက်များလည်း စီတန်းလျက်ရှိ၏။ ၎င်းအခန်းထဲတွင် လူနှစ်ဆယ်ခန့်ရှိကြသော်လည်း ၎င်းတို့အနီးတွင် ဝင်ထိုင်ကာ ပူဇော်သော လျောင်ကီးကို မည်သူကမျှ ဂရုမစိုက်ချေ။

လျောင်ကီးသည် အခြားလူများနှင့်အတူထိုင်ကာ ပူဇော်ပြီးနောက် အခုတ်ဘမဲ့ထလာခဲ့၍ အမိုးပေါ်သို့တက်သော လှေကားဆီသို့ ချဉ်းကပ်သွားသည်။ မည်သူကမျှ ဂရုမစိုက်ဘဲရှိသည်တွင် လျောင်ကီးသည် တိုက်ခေါင်မိုးသို့ ... "ဘုန်းမီးအိမ်သုံးလုံး"ထွန်းထားသည့် တိုက်အမိုးပေါ်သို့ရောက်အောင် လျှောက်လာခဲ့လေ၏။ ဤတစ်ဝိုက်၌ အဆောက်အအုံများသည် နှစ်ထပ်တိုက်များဖြစ်၍ ခေါင်မိုးချင်းဆက်ကာ ညီညာမတတ်ရှိနေသည့်အဖြစ်ကို ... လျောင်ကီး စုံစမ်းထားပြီးဖြစ်လေသည်။

www.burmeseclassic.com



လျှောင်ကီးသည် "စက္ကူမီးအိမ်သုံးလုံး"ထွန်းထား၍ မိမိတို့စုဝေးခဲ့သော တိုက်ခေါင်မိုးပေါ်သို့ ရောက်လာသောအခါ တစ်နေရာတွင် ငြိမ်ဝပ်စွာ ထိုင်၍ စောင့်မျှော်နေလေ၏။ အတန်ကြာလတ်သော် မိုးတဖြောက်ဖြောက် ကျလာရာမှ သည်းထန်စွာရွာသွန်းလာရာ လျှောင်ကီးမှာ တိုက်ခေါင်မိုးပေါ်တွင် အကာအကွယ် မရှိသဖြင့် မိုးပေါက်များသည် လျှောင်ကီး၏ ကိုယ်လုံးပေါ်သို့ နေရာလပ်မရှိအောင် သွန်းဆင်းကြလေတော့သည်။ ဤတွင် လျှောင်ကီးမှာ မီးခြစ်ဘူးစွတ်စိုခဲ့သော် "အကြံအစည်ကြီး" ပျက်ချေတော့မည်ဟု စဉ်းစားမိသည်နှင့် မီးခြစ်ဘူးကို ရင်ဘတ်ထဲသို့ ထိုးသွင်းပြီးလျှင် ယခင်တစ်ခါက ရင်သွေးကို ဖုံးအုပ်ရာယ်မှ ကာကွယ်သည့်နည်းတူ မီးခြစ်ဘူးကိုလည်း တိုက်ပေါ်၌ ဝပ်ပုန်းကာ မိုးပေါက်မထိရအောင် ကာဆီးဖုံးကွယ်ထားလေသည်။ လျှောင်ကီးတစ်ကိုယ်လုံးကား ရွှဲရွှဲစိုလျက် ရှိလေသည်။ သို့ရာတွင် အဝတ်များအောက်၌ ရင်ဘတ်ထဲသို့ထိုးသွင်းကာ လက်နှစ်ဖက်ဖြင့် ဖုံးအုပ်ကာ ကာကွယ်ထားသော မီးခြစ်ဘူးမူကား တစ်စက်တစ်ပေါက်မျှ ထိမှန်စွတ်စိုခြင်းမရှိချေ။

ဤအတောအတွင်း မိုးနှင့်အတူ လေပြင်းလည်း တိုက်ခတ်လာ၍ ရွှဲရွှဲစိုလျက်ရှိသော လျှောင်ကီး၏ကိုယ်လုံးကို သနားညှာတာခြင်းမရှိဘဲ၊ တဟူးဟူး မြည်အောင် တိုးဝှေ့သည့်တွင် ရေစိုထားသော လျှောင်ကီး၏ကိုယ်လုံးမှာ ခိုက်ခိုက်တုန်မျှ ချမ်းအေးလှလေပြီ။ လျှောင်ကီးသည် ထိုနေရာကိုစွန့်ခွာ၍ ယခင်လှေကားမှ ဆင်းသွားလျှင် ဤဒုက္ခမှ လွတ်နိုင်မည်မှန်၏။ သို့ရာတွင် လျှောင်ကီးသည် ဖွဲကောင်းသူတို့၏ ထုံးစံအတိုင်း ခိုက်ခိုက်တုန်အောင် ချမ်းအေးခြင်းကို ဂရုမစိုက်ဘဲ မီးခြစ်ဘူးစွတ်စိုသွားမည်ကိုသာ စိုးရိမ်ပူပန်၍ ခါးကုန်းသည်ထက် ကုန်းအောင် ကွေးပြီး လုံခြုံသည်ထက်လုံခြုံအောင် ကာကွယ်လေတော့သည်။

ထိုကဲ့သို့ ဒုက္ခခံ၍ နေရပြီးနောက် မိုးရေလေပေါ ရပ်စဲသွား၍ အရှေ့ကောင်းကင်မှ အနီရောင်မသမ်းမီ တစ်နာရီခန့်အလိုတွင် လျှောင်ကီး၏နားထဲ၌ "ဂူ"ခနဲ မြည်သံတစ်ချက် ကြားလိုက်သည်ထင်၍ အားတက်ကာ အသံကြားရာသို့ မျှော်ကြည့်လိုက်၏။ ဟုတ်ပြီ၊ လေယာဉ်ပျံသံပင် ဖြစ်သည်။

တဂူဂူမြည်ရာမှ မိုးခြိမ်းသကဲ့သို့ တဂျုန်းဂျုန်း တဝုန်းဝုန်း မြည်ဟိန်းလာသည်တွင် လျှောင်ကီး၌ ကြောက်စိတ်ဆို၍ တစ်ရွေးသားမျှ မရှိသည့်ပြင် ဝမ်းသာခြင်းကြောင့်သာ ရင်ခုန်လျက်ရှိ၏။ အသံများသည် ပြင်းထန်သည်ထက် ပြင်းထန်လာ၍ မြို့ထဲ၌လည်း သားတွဲလဲ သမီးတွဲလဲနှင့် ပြေးကြလွှားကြ၊ ဟစ်အော်ခေါ်ငင်ကြသော အသံများဖြင့် ပွက်ပွက်ဆူလျက်ရှိလေပြီ။



လျှောင်ကီးသည် မိမိနေရာတွင် ကုပ်၍ထိုင်ကာ စောင့်နေသေး၏၊ လေယာဉ်ပျံအုပ်ကြီး လာသည့်အနက် အချို့သည် လျှောင်ကီး၏ ဦးခေါင်းပေါ်မှ တဝီဝီ ပျံသွားကြ၏။ မြို့ကြီးထဲ၌ ဤနေရာ ထိုနေရာတို့တွင် သူလျှိုများက အချက်ပေး၍ ညွှန်ပြသော မီးနီများသည် အနှံ့အပြား ပေါ်ထွက်လာ၏။ ထိုကဲ့သို့ မီးနီဖြင့် အချက်ပေးသော နေရာများသို့ ဂျပန်လေယာဉ်ပျံများ ထိုးဆင်းကာ ဗုံးများကြဲချကြ၏။ ဗုံးတစ်လုံး ချလိုက်တိုင်း မှိုပွင့်သဏ္ဌာန်ရှိသော မီးလုံးကြီးသည် ကောင်းကင်သို့ ထိုးတက်၍ အုံးခနဲမြည်သောအသံကြီးနှင့်အတူ ပထဝီမြေကြီးမှာလည်း သွက်သွက်ခါသွားလေတော့သည်။

မီးနီနှင့် အချက်ပေးသော နေရာများသို့ ကြဲချသော ဂျပန်ဗုံးများမှာ သာမန်ဗုံးများမဟုတ်။ "တိုပီဒို" ဗုံးများဖြစ်၍ ပထဝီမြေကြီးကို အခြေအမြစ်မှ ကိုင်လှုပ်သည့်နှယ် ဒလချာစိုင်းအောင် ကြေကွဲလွင့်စဉ်ကုန်တော့သည်။

လျှောင်ကီးသည် စောင့်ဆိုင်းလျက်ရှိသေး၏။

ဂျပန်လေယာဉ်ပျံများသည်လည်း ကောင်းကင်တွင် ပတ်ချာလည်ကာ ပျံဝဲလျက် အချက်ပြသော နေရာများတွင် ဒိုင်ဗင်ထိုးဆင်းကြ၏။ ဗုံးများသည် လေယာဉ်ပျံမှ လွှတ်ချလိုက်သဖြင့် "တရွှီးရွှီး" မြည်ကာ ကျလာကြ၏။ ကွမ်းတုံမြို့ကြီးတစ်မြို့လုံးမှာ အောက်ခြေသို့တိုင်အောင် သွက်သွက်ခါသွားလေသည်၊

လျှောင်ကီးသည် တိုက်ခေါင်မိုးအစွန်းသို့ တွားသွား၍ အောက်သို့ငုံ့ကြည့်လိုက်၏။ "အာကာသမြင်း"လမ်းကျဉ်းထဲရှိ "စက္ကူမီးအိမ်သုံးလုံး"ထွန်းဖူးသည့် ၎င်းတိုက်ရှေ့တွင် သူလျှိုများသည် ဂျပန်လေယာဉ်ပျံများကို အရေးကြီးသောနေရာများမှ ကျည်တောင့်မီးနီဖြင့် အချက်ပေးညွှန်ပြခဲ့ပြီးနောက် ၎င်းတိုက်ထဲသို့ တစ်ယောက်ပြီးတစ်ယောက် အလျှိုအလျှိုနှင့်ဝင်သွားကြသည်များကို လျှောင်ကီးမြင်၏။

နောက်ဆုံး၌ အခြားလူများထက် တုတ်ခိုင်သောလူတစ်ယောက်သည် "အာကာသမြင်း"လမ်းကျဉ်းတစ်လျှောက် ပြေးလာ၍ "စက္ကူမီးအိမ်သုံးလုံး" ထွန်းဖူးသောတိုက်ရှေ့သို့ ရောက်သောအခါ အထဲသို့ ချိုးဝင်လိုက်သဖြင့် ကွယ်ပျောက်သွား၏။

လျှောင်ကီးသည် တိုက်ခေါင်မိုးလယ်သို့ တွားသွား၍ မီးကျည်တောင့်ကို ထောင်ထားပြီးလျှင် မီးစာကို ဖုံးထားသည့် စက္ကူဖုံးကို ဆုတ်ခွာ၍ မတုန်မလှုပ် ငြိမ်သက်သောလက်များဖြင့် မီးခြစ်ဘူးကိုခြစ်ကာ မီးစာကို ရှို့လိုက်လေ၏။ တစ်ခဏ၌ ရဲရဲနီသော မီးတောက်သည် တိုက်ခေါင်မိုးများကို ထိန်ထိန်လင်းသည်တွင် လျှောင်ကီးသည် ခေါင်မိုးတစ်ခုမှတစ်ခုသို့ ကူးပြေးသွားသည်၊ နောက်များ

www.burmeseclassic.com



မကြာမီ လျောင်ကီးဦးခေါင်းထက်၌ လေယာဉ်ပျံကြီးတစ်စင်းပေါ်လာ၍ "တိုပီဒိုဗုံး" ဖြုတ်ချလိုက်သည့်အသံကို လျောင်ကီးကြားလိုက်ရသည်။ လျောင်ကီးသည် တိုက်ခေါင်မိုးတစ်ခုပေါ်တွင် အလျားမှောက်၍ နားနှစ်ဖက်ကို လက်ဖြင့်ပိတ်ထားလိုက်သည်နှင့်တစ်ပြိုင်နက် ကြောက်မက်ဖွယ်ရာ ပြင်းထန်လှစွာသော ပေါက်ကွဲသံကြီး ပေါ်ထွက်လာတော့သည်။

လျောင်ကီးသည် နားနှစ်ဖက်ကို ပိတ်ထားလျက်နှင့်ပင် အူထိုင်းသွား၍ မျက်လုံးများမှာလည်း ပေါက်ကွဲထွက်မတတ် လေပြင်းဟပ်ခြင်း ခံရလေသည်။ တိုက်ခေါင်မိုးပေါ်မှ လျောင်ကီးဆင်းလာသောအခါတွင် အာရုဏ်တက်ပြီး ၍ နေထွက်လုပြီးနေပြီ။ ဂျပန်လေယာဉ်ပျံများသည် ဗရစိတ်၊ ဗရွှာ ပြိုကွဲကျန်ရစ်သော ကွမ်းတုံမြို့ကြီးကို ကျော်ခိုင်းကာ ပျံသန်းလျက်ပင် ရှိသေး၍ အဝေးမှ တဂူဂူမြည်သောပန်ကာသံများကို လျောင်ကီးကြားရသေးသည်။ "အာကာသမြင်း"လမ်းကျဉ်းပေါ်သို့ ရောက်သောအခါ လျောင်ကီးသည် "စက္ကူမီးအိမ်သုံးလုံး" ထွန်းဖူးသော အဆောက်အအုံရှေ့သို့ ခြေထောက်နဲ့ဖြင့် သွားကြည့်သေး၏။ "အာကာသမြင်း" လမ်းပေါ်၌ နက်လှစွာသော တွင်းကြီးတစ်ခုဖြစ်ပေါ်နေရာ ပတ်ဝန်းကျင်အရပ်၌ ဗူလိနတ်စ အကျိုးအပဲ့ အစုတ်အပြတ် အပိုင်းအစများဖြင့် ပြည့်နှက်လျက်ရှိ၏။ တွင်းနှုတ်ခမ်း၌ ဦးခေါင်းပြတ်တစ်ခုကို တွေ့ရလေရာ သွေးများစွန်းပေနေသဖြင့် လူကောင်မသဲကွဲသော်လည်း မျက်စိတစ်ဖက် ဟောက်တွင်းကြီးဖြစ်နေသည်ကို မြင်ရခြင်းဖြင့် ဖန်မျက်လုံးကျွတ်ထွက်သွားသော ကြင်ဗှာ၏ဦးခေါင်းဖြစ်သည်ဟု လျောင်ကီးသိရလေသည်။ အနီးအပါးတွင်လည်း အလောင်းများ အတုံးအရုံး ဖြစ်နေသည်ကို လျောင်ကီးမြင်ရလေသည်။

❖

တက္ကသိုလ်ကျောင်းသားသည် လျောင်ကီး၏ အထက်ပါအဖြစ်အပျက်ကို ကျွန်ုပ်အားပြောပြပြီးနောက် တရုတ်ပြည်ကြီးကို ဂျပန်တိုက်စဉ်က ကြင်ဗှာကဲ့သို့သော ရွှေမက်သူ သစ္စာဖောက်များလည်းရှိ၍၊ လျောင်ကီးကဲ့သို့ တိုင်းပြည်နှင့် အမျိုးသားအတွက် စွန့်စွန့်စားစား ဆောင်ရွက်သူများလည်း အနမတဂ္ဂပေါများကြောင်း၊ နန်ကင်းမြို့သို့ ကျွန်ုပ်တို့ရောက်သောအခါတွင် တိုင်းပြည်နှင့်အမျိုးသားအတွက် သက်စွန့်ကြိုးပမ်း ဆောင်ရွက်ခဲ့ဖူးသည့် အမျိုးသား၊ အမျိုးသမီးပေါင်း တစ်သိန်းကျော်မျှကို ချန်ကေရှိတ်အစိုးရက "သွေးအေးအေး"နှင့် သတ်ပစ်၍ ကျင်းဘစ်ကျင်းတွင် လူပေါင်း သုံးလေးဆယ်မြှုပ်နှံ သင်္ဂြိုဟ်ခဲ့သည့် အာဇာနည်ကုန်းကို ကျွန်ုပ်တို့မြင်ကြရဦးမည်ဖြစ်သောကြောင့် တိုင်းပြည်နှင့်အမျိုးသားကို ချစ်မြတ်နိုးသည့် အာဇာနည်များအား ချီးကျူးမြတ်နိုးသော အနေဖြင့် အာဇာနည်ကုန်းမှ ကျောက်စရစ်ခဲများ ဆောင်ကြဉ်းသွားရန် သတိပေးလိုက်ပေသည်။



နန်ကင်းမြို့ အာဇာနည်ကုန်းသို့ရောက်၍ တက္ကသိုလ်ကျောင်းသား သတိပေးဖူးသည့်အတိုင်း ကျောက်စရစ်ခဲများကောက်ယူခဲ့ရာ ၎င်းတို့မှာ သာမန်ကျောက်စရစ်ခဲများမဟုတ်ဘဲ အနီ၊ အညို၊ အပြာ၊ ခရမ်းရောင် စသည်ဖြင့် အသွေးအရောင်ပေါင်းစုံရှိကြ၍ ယနေ့တိုင် ကျွန်ုပ်ထံတွင် တရိုတသေ သိမ်းဆည်းထားရှိပါသေးသတည်း။

[သွေးသောက်၊ အမှတ်(၁၀၆)၊ နိုဝင်ဘာလ၊ ၁၉၅၄]

■

www.burmeseclassic.com

www.burmeseclassic.com

# အင်္ဂါဂြိုဟ်၌ လူရှိသလော

ကျွန်ုပ်သည် လွန်ခဲ့သော နှစ်ပေါင်း ၂၀ ကျော်ခန့်က ဓာတုဗေဒနည်းပြဆရာ ဦးတင်လှထံမှ ဤထူးဆန်းသော ဓာတ်မှန်အကြောင်းများကို ကြားဖူးသော်လည်း ယုံကြည်ဖွယ်ရာ မဟုတ်သည်သာမက ဖြစ်နိုင်သောအရာ မဟုတ်ဟု ယူဆသော ကြောင့် ဤအကြောင်းကို ရေးသားဖော်ပြခြင်း မပြုဘဲ ချန်ထားခဲ့သည်။ သို့ရာတွင် ပန်းကန်ပြားပျံများ အကြောင်းနှင့်ပတ်သက်၍ ဂျာမန်လောကဓာတ် ဆရာကြီး တစ်ဦး၏ တင်ပြချက်ကို သတင်းစာတစ်စောင်တွင် ဖတ်ရှုလိုက်ရသည်၌ အထက် ပါအယူအဆ ပြောင်းလဲခဲ့ချေပြီ။ ဂျာမန်လောကဓာတ်ဆရာ၏ ထင်မြင်ချက်ကို ဖတ်ရှုလိုက်ရသည်မှာ အောက်ပါအတိုင်းပေတည်း။

"အခြားကမ္ဘာများ၌ နေထိုင်ကြသော လူများသည် ဤကမ္ဘာမှ အဏုမြူလောကဓာတ်ပညာ တိုးတက်မှုများကို ကြည့်ရှုလေ့လာနေကြ သည်။ မကြာခဏ တွေ့မြင်နေရသော ပန်းကန်ပြားပျံများမှာ ဤကမ္ဘာ၏ အဏုမြူပညာ တိုးတက်မှုများကို လာရောက်လေ့လာကြသော အဆိုပါ လူများ စီးနင်းလိုက်ပါသည့်ယာဉ်များ ဖြစ်သည်ဟု မိမိယုံကြည်ကြောင်း အဆိုပါပန်းကန်ပြားပျံများသည် တစ်ကြိမ်တစ်ခါမှ ဤကမ္ဘာပေါ်သို့ ဆင်း ကျသည်ဟူ၍ မရှိသေးခြင်းကို ထောက်ခြင်းအားဖြင့် ထိုကမ္ဘာသားများ သည် ဤကမ္ဘာသားများထက် လောကဓာတ်ပညာဘက် ပိုမိုတတ်မြောက် ကြဟန် တူသည်ဟု မိမိခန့်မှန်းယူဆကြောင်း။"



အိန္ဒိယပြည်ခေါ် မဇ္ဈိမတိုင်းတွင် စကြဝဠာ အနန္တဟူသော အယူအဆ သည် ဂေါတမဗုဒ္ဓမြတ်စွာ ပွင့်တော်မမူမီကတည်းက ရှိနေ၍ ဗုဒ္ဓကိုယ်တော်တိုင်က လည်း ဤအတိုင်းပင် လက်ခံဟောတော်မူခဲ့၏။ ဤခေတ်လောကဓာတ်ပညာ အဆိုအားဖြင့်လည်း ကျွန်ုပ်တို့ မြင်နေရသော နေသည် ဆိုလာဆစ္စတမ်၏ ဗဟို ချက်ဖြစ်၍ ကျွန်ုပ်တို့ မှီတင်းနေထိုင်သော ကမ္ဘာမြေကြီးနှင့်တကွ အခြားသောဂြိုဟ် (Planet)များသည် နေကိုလှည့်ပတ်လျက်ရှိကြောင်း၊ အခြားသောဂြိုဟ်များမှာ သောကြာဂြိုဟ်၊ ကြာသပတေးဂြိုဟ်၊ အင်္ဂါဂြိုဟ်၊ နက်ပကျူး(န)ဂြိုဟ်၊ ယူရေနတ် (စ)ဂြိုဟ် စသည်တို့ဖြစ်၍ ကိုယ့်လမ်းကြောင်းနှင့်ကိုယ် "နေ" ကို လှည့်ပတ်လျက် ရှိကြကြောင်း၊ ကောင်းကင်၌ မြင်ရသော ကြယ်(Star)ခေါ် တောက်ပြောင်သော အလုံးကလေးများသည် ကျွန်ုပ်တို့၏ မျက်စိအမြင်အားဖြင့် သောကြာဂြိုဟ် (Venus)လောက်မျှ အရောင်မထွန်းပြောင်ကြသော်လည်း စင်စစ်အားဖြင့် အလွန် တရာ ဝေးကွာသောအရပ်၌ တည်ရှိသည့် "နေ"များဖြစ်ကြကြောင်း၊ ၎င်းတို့မှာ လည်း ကျွန်ုပ်တို့မြင်ရသော နေကဲ့သို့ပင် ဂြိုဟ်များ ခြံရံလှည့်ပတ်လျက်ရှိတန်သ လောက်သည် ဖြစ်ကြောင်း စသည်ဖြင့် သိနားလည်ကြလေသည်။ ဤမျှအထိမှာ လောကဓာတ်ပညာသည်များ၏ တွေးခေါ်မှန်းဆချက်မဟုတ်၊ ဝမ်းဗိုက်ထဲ၌ အ သည်းနှလုံးများ ရှိသည်ဟု သိကြရသကဲ့သို့ပင် တပ်အပ်သေချာ သိကြပြီးဖြစ်လေ သည်။

သို့သော် ကျွန်ုပ်တို့၏နေကို မြေကြီးလုံးနှင့်အတူ လှည့်ပတ်သွားလာလျက် ရှိသည့် ဂြိုဟ် (Planet) များ၌ သတ္တဝါ ရှိ မရှိ၊ အခြားသောကြယ် (Star) ခေါ် နေများကို ခြံရံလှည့်ပတ်လျက်ရှိသော ဂြိုဟ်များ၌ သတ္တဝါရှိ မရှိ ဆိုခြင်းမှာ မူ လောကဓာတ်ပညာအရ အမှန်းအဆမျှသာ ရှိသေး၏။ အင်္ဂါဂြိုဟ် (Mars) ၌မူ၊ သတ္တဝါရှိတန်လောက်သည်ဟု မှန်းဆကြ၏။ သို့ရာတွင် ဗုဒ္ဓမြတ်စွာဘုရား ပွင့်တော်မမူမီကတည်းက ဈာန်အဘိညာဉ်ရ ရသေ့များ၏ ထွက်ဆိုချက်အရ စကြ ဝဠာ အနန္တဟူသော စကားကို လက်ခံအတည်ပြုမည်ဆိုပါမူ အခြားသော နေများ တွင်လည်း ဤကမ္ဘာမြေကြီးကဲ့သို့ လှည့်ပတ်နေသည့် ဂြိုဟ်များရှိ၍ ၎င်းဂြိုဟ်များ သည်ပင်လျှင် အနန္တစကြာဝဠာ ဖြစ်ကြရပေမည်။ အံ့သြဖွယ်တစ်ခုမှာ ယခုလောက ဓာတ်ပညာနည်းဖြင့် မှန်းဆနိုင်ရုံမျှရှိသော စကြာဝဠာအနန္တကိစ္စကို မဇ္ဈိမတိုင်း ရသေ့များက နှစ်ပေါင်းထောင်သောင်းများစွာကတည်းက သိနှင့်ကြခြင်း ဖြစ် လေသည်။

ကမ္ဘာမြေကြီး၏ လုံးချင်းမျှလောက်ကိုပင် မယုံချင်လောက်အောင် လော ကဓာတ်ပညာဉာဏ် ဗဟုသုတ ခေါင်းပါးသော ပုဂ္ဂိုလ်များအဖို့မှာ ဤစကြ

www.burmeseclassic.com



နှာခေါင်းရှုံ့ကောင်း ရှုံ့ပေလိမ့်မည်။ ကျွန်ုပ်အဖို့ကား လောကဓာတ်ပညာအရ တွေ့ရှိရသော အခြင်းအရာများနှင့် ပတ်သက်၍ သစ္စာလေးပါး၊ လက္ခဏာရေးသုံးပါးတို့နှင့် မဆန့်ကျင်သမျှကာလပတ်လုံး အကြွင်းမဲ့ယုံကြည်သည်ဟု ဤနေရာ၌ ကြော်ငြာလိုက်၏။ ယခုအထိမှာ ထိုကဲ့သို့ ဆန့်ကျင်သော သဘောတရားများလည်း လောကဓာတ်ပညာ တစ်ခုလုံး၌ မတွေ့ရသေးချေ။ ထို့ကြောင့်လည်း လောကဓာတ်ပညာ ဆရာကြီးအပေါင်းတို့က ဗုဒ္ဓအဘိဓမ္မာ၏ သဘာဝကျခြင်း (ဝါ)လောကဓာတ်ပညာနှင့် ကိုက်ညီခြင်းကို ချီးကျူးထောက်ခံကြရခြင်း ဖြစ်လေသည်။ မပြုံးကြလေနှင့်၊ လောကဓာတ်ပညာနှင့် မကိုက်ညီသော ဘာသာအယူဝါဒများသည် လိုက်လိုက်လဲ့လဲ့ ယုံကြည်ရန် ကြာလေမဖြစ်နိုင်လေ ရှိနေလိမ့်မည် မလွဲပေတည်း။

လောကဓာတ်ဆရာကြီးများသည် ကျွန်ုပ်တို့ မြင်ကြရသော လ၌ သတ္တဝါရှိနိုင် မရှိနိုင် စုံစမ်းကြရာ မရှိနိုင်ဟု ဆုံးဖြတ်ချက်ချပြီးကြလေပြီ။ သို့သော် ကျွန်ုပ်တို့နှင့် အနီးကပ်ဆုံးသော အင်္ဂါဂြိုဟ်ခေါ် Mars ၌မူကား၊ သတ္တဝါရှိချင်ရှိနိုင်လောက်သည်ဟု တွက်ကိန်းရ၏။ အောက်ပါအဖြစ်အပျက်ကလေးမှာ သတ္တဝါရှိနိုင်လောက်သည်ဟူသော အတွေးအခေါ်ကို ထောက်ခံသည်ဖြစ်သောကြောင့် တစ်နည်းအားဖြင့် ယုတ္တိတန်သည်ဟု ဆိုသင့်ပေသည်။

လွန်ခဲ့သောနှစ်ပေါင်း ၂၀ ကျော်၊ ၃၀ ခန့်အခါက ရန်ကုန်မြို့ ကုန်သည်လမ်းတွင် ဝတ္ထုအဟောင်းအမြင်းများ အရောင်းအဝယ်ပြုသည့် "ကျူရီယို" ဆိုင်ကလေးတစ်ဆိုင် ရှိ၏။ လမ်းပေါ်မှ လျှောက်သွားသော ခရီးသည်များသည် ၎င်းဆိုင်ကလေးသို့ ခေါင်းငုံ့ကြည့်လိုက်ရာတွင် မှန်ပြတင်းပေါက်အနီး၌ ဆင်စွယ်သို့မဟုတ် သစ်သားဖြင့် ထုလုပ်သည့် လှော်လှေကလေးများ၊ လှည်းယာဉ်ကလေးများ စသည်တို့ကိုလည်းကောင်း၊ အတွင်းဘက်သို့ မျှော်ကြည့်လိုက်ရာ၌ ချိတ်ဆွဲထားသော ဆင်စွယ်ချောင်းကြီးများ၊ ရွှေချည်ထိုး ကန့်လန့်ကာကြီးများ၊ ယွန်းထည်ပစ္စည်းများ စသည်တို့ကိုလည်းကောင်း၊ စားပွဲကလေးများပေါ်၌ ကျားခေါင်းနှင့်ခေါ် ဦးခွံများ၊ ဆေးရည်စိမ်ထားသည့် ကင်းခြေများ၊ ကင်းမလက်မည်း၊ မြွေအမျိုးမျိုး ထည့်ထားသည့် ဖန်ဘူး၊ ဖန်ပုလင်းကြီးများကိုလည်းကောင်း၊ မှန်ဗီရိုကြီးထဲ၌ တိုလီမိုလီ ပစ္စည်းကလေးများကိုသော်လည်းကောင်း တွေ့မြင်မိကြပေလိမ့်မည်။

၎င်းကျူရီယိုဆိုင်ကလေးမှာ ပိုင်ရှင်သုံးလက် ပြောင်းလဲခဲ့ပြီဖြစ်ရာ ပထမဦးစွာ တည်ထောင်ခဲ့သူမှာ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးဖြစ်၍ ကျွန်ုပ်ကိုယ်တိုင် ၎င်းဆိုင်သို့ မကြာမကြာ ရောက်လာခဲ့ဖူးသော်လည်း တတိယဆက်ခံသူမှာ ကျွန်ုပ် မသိသောကြောင့် ကျွန်ုပ်မှာ ၎င်းဆိုင်ကလေးနှင့် အဆက်အသွယ်ပြတ်သွားခဲ့၏။



သို့ရာတွင် ရေးသားဖော်ပြလတ္တံ့သော ဓာတ်မှန်မှာ ပထမပိုင်ရှင် လက်ထက်က ကျွန်ုပ်ရှေ့တွင် ဝယ်ယူလိုက်သော ပစ္စည်းဖြစ်၍ ကျွန်ုပ်ကောင်းစွာ မှတ်မိ၏။ ဆိုင်ထဲ၌ ကျွန်ုပ်ရှိနေခိုက်တွင် ဂေါ်ရင်ဂျီကုလားတစ်ယောက်သည် တောင်းတစ်လုံးကိုရွက်လာ၍ ဆိုင်ရှင်အား ပြလေ၏။ တောင်းထဲ၌ ခရုသင်းဟောင်း၊ ကြေးနီအိုး၊ ကြေးနီခွက် စသည့် တိုလီမိုလီပစ္စည်း အမြောက်အမြား ပါရှိရာ ဈေးဆစ်ကြပြီးနောက် အဆုံးတွင် ၁၅ ကျပ်နှင့် အရောင်းအဝယ် ဖြစ်သွားသည်ကို တွေ့လိုက်ရသည်။

ထိုပစ္စည်းများအနက် အလျားတစ်မိုက်၊ အနံ ၄ လက်မခန့်ရှိ၍ သတ္တုတစ်မျိုးဖြင့် ကွပ်ထားသည့် မှန်ကလေးတစ်ချပ် ပါရှိ၏။ ၎င်းမှန်ကလေးမှာ မျက်နှာပြင် ညီညာစွာမရှိဘဲ အလယ်၌ ခပ်ခွက်ခွက်ရှိနေသည့်ပြင် မှန်သားမှာလည်း တစ်လက်မခန့်ရှိသည့် "တွတ်ကွက်" ကလေးများ ပြည့်လျက်ရှိ၏။ မှန်ကို ကြည့်လိုက်သည့်အခါ ကြည့်သူ၏မျက်နှာပေါ်ချင်မှ ပေါ်၍ ပေါ်ချင်ရာ ပေါ်တတ်သော သတ္တိရှိသောကြောင့် မည်ကဲ့သို့ အသုံးရှိသည်ဟု ကျွန်ုပ်တို့ နားမလည်ချေ။ ကျွန်ုပ်၏မိတ်ဆွေ ဆိုင်ရှင်သည်လည်း ဤမှန်ကို နားမလည်ဘဲ အခြားပစ္စည်းများနှင့် တွဲပါလာသောကြောင့်သာ ယူထားလိုက်ခြင်း ဖြစ်သည့်အလျောက် ဆေးကြောသုတ်တိုက်ပြီးသည့်နောက် မှန်ဗီရိုတစ်ခုထဲသို့ ထိုးထည့်ထားခြင်းကို နောက်တစ်ခေါက်တွင် ကျွန်ုပ် မြင်ခဲ့ရလေသည်။

ပထမဆိုင်ရှင်သည် ဟသ်ာတမြို့သို့ ပြောင်းရွှေ့သွားရ၍ ကျွန်ုပ်မှာ ၎င်းကျူရီယိုဆိုင်ကို မျက်ခြည်ပြတ်သွားခဲ့၏။ ထို့နောက် လေးငါးနှစ်ကြာရှိ၍ ကျွန်ုပ်နှင့် အတော်အတန် ရင်းနှီးသည့် မိတ်ဆွေတစ်ဦးဖြစ်သော ဖစ်ဇစ်(ကာစ)ပညာသင်ပြဆရာ ဦးတင်လှနှင့် စကားစပ်မိ၍ ပြောကြသည့်တွင်မှ ၎င်းကျူရီယိုဆိုင်မှ ထူးဆန်းသော မှန်ကလေးအကြောင်း ပေါ်ထွက်လာပြန်တော့သည်။ ဦးတင်လှမှာ ကျူရီယိုဆိုင်ရှင် တတိယပုဂ္ဂိုလ်နှင့် အကျွမ်းဝင်သည်ဖြစ်၍ အဆိုပါထူးဆန်းသော ဓာတ်မှန်ဖြစ်ထွေကို ကိုယ်တွေ့ကြုံရဖူးလေရာ ဦးတင်လှပြောပြသော စကားများအနက်မှ ဝတ္ထုသွားအနေဖြင့် အောက်ပါအတိုင်း ပြုပြင်စီရင် ရေးသားရခြင်း ဖြစ်ပါသတည်း။

ကျူရီယိုဆိုင်ကလေး၏ တတိယပိုင်ရှင် ဦးထွန်းဇော်မှာ ယူနီဗာစီတီ၌ တစ်နှစ်ခန့် ပညာသင်ဖူးသည့် မုဆိုးဖိုတစ်ယောက်ဖြစ်ရာ အလုပ်ပေါင်းများစွာ စမ်းသပ်လုပ်ကိုင်ပြီးသည့်နောက် မုဆိုးမတစ်ယောက်နှင့် အိမ်ထောင်ကျ၍ ၎င်းဆိုင်ကလေးကို ဝယ်ယူကာ ကျူရီယိုခေါ် (ပစ္စည်းအဟောင်းနှင့် အဆန်းများ ရောင်းဝယ်သည့်) ကုန်သည်ဘဝသို့ ရောက်ခဲ့ခြင်းဖြစ်လေသည်၊

www.burmeseclassic.com

www.burmeseclassic.com



ဦးထွန်းဖေ၏မယား မှဆိုးမဒေါ်သန်း၌ သမီးပျိုတစ်ယောက်နှင့် သားလူပျိုတစ်ယောက်ရှိရာ ဦးထွန်းဖေ အိမ်ထောင်ကျသော အခါတွင် မယားပါသမီးနှင့်သားအဖြစ် ပါလာကြ၍ လေးဦးသားတို့သည် ၎င်းဆိုင်နောက်ပိုင်းတွင် အထပ်ခိုးကလေး ဖြည့်စွက်ဆောက်လုပ်ကာ အတူတကွ နေထိုင်ကြလေသည်။ သမီးမဂျမ်းဒေါ်မှာ အဆင်တန်သလောက် အပေါက်ဆိုးသောကြောင့် အသက်အစိတ်ပြည့်လုနီးသည့်တိုင်အောင် အိမ်ထောင်မကျနိုင်ဘဲ ရှိရသည်ဟု ဦးထွန်းဖေ၏စွပ်စွဲခြင်းခံရသူ ဖြစ်သည်။ သား မောင်ကျောက်ပွင့်မှာ လက်မှုပညာ ချောက်ချီးချောက်ချက် တတ်သူဖြစ်၍ ကျူရီယို့ဆိုင်အတွက် ပန်းပုထည်များကို ဦးစီးလုပ်ကိုင်ပါမည်ဟု တာဝန်ယူသော်လည်း ဆိုင်ထဲမှာထက် ဘိလိယက်ခုံနှင့် ပိုကာဝိုင်းများတွင် အချိန်ဖြုန်းသည့် လူတောကလေးတစ်ယောက်ဖြစ်၏။ ဒေါ်သန်းမှာ ငယ်ငယ်ကလေးက အိမ်ထောင်ကျ၍ အသက်အစိတ်အရွယ် သမီးကြီးရှိပြီးသော်လည်း ဖြူဖြူတုတ်တုတ် နုနုဖပ်ဖပ် ရှိသည်နှင့် အသက် ၄၀ ပင် ပြည့်သေးသည်မထင်ရသော ရုပ်ရည်ရှိ၏။ သို့သော် ရုပ်ရည်နုဖပ်သလောက် လုချင်သောမိန်းမတစ်ယောက်ဖြစ်၍ ဆန်းပြားသမျှသော အဝတ်အထည်များကို သူ့သမီးနှင့် အလုအယက်ဝယ်ဝတ်ချင်တတ်၏။ ဤသို့သောအခြင်းအရာမျှကို ဖော်ပြလိုက်လျှင် ဦးထွန်းဖေမှာ မယားယူမှားလေသည်ဟု အကဲခတ်နိုင်လောက်လေသည်ဖြစ်၍ "သွားလေသူနှင့်အတူလိုက်ရရင် ကောင်းလေစွ" ဟု ဦးထွန်းဖေ၏ ညည်းတွားရေရွတ်ခြင်းများလည်း အကြောင်းခိုင်လုံသည်ဟု သဘောပေါက်ကြပေလိမ့်မည်။ စင်စစ်သော်ကား ဦးထွန်းဖေမှာ သားအမိသုံးယောက်တို့အလယ်တွင် "ဂျင်ကလယ်"သဖွယ် မွှေ့ချင်တိုင်း မွှေ့ခြင်းခံရရှာသူတစ်ယောက် ဖြစ်ချေ၏။

❖

တစ်နေ့သ၌ ဦးထွန်းဖေသည် ဆိုင်ထဲတွင် ပက်လက်ကုလားထိုင်တစ်လုံးပေါ်၌ထိုင်ကာ မိမိ၏ခေါင်းမွေးကို နုတ်နေကြသည်ဟု ယူဆသော သားအမိသုံးယောက်တို့အကြောင်းကို စဉ်းစားရင်း၊ စိတ်ချဉ်ပေါက်လျက်ရှိစဉ် ဘိုလိုဝတ်သော အိန္ဒိယတိုင်းရင်းသားနှစ်ယောက် ဝင်လာ၍ ဗီရိုထဲတွင် ထောင်ထားသောမှန်ကလေးကို စိတ်ဝင်စားစွာ ကြည့်ကြ၏။ ဦးထွန်းဖေ၏ ပစ္စည်းများကို ဝယ်ယူလေ့ရှိသူများမှာ ကမ္ဘာလှည့်ခရီးသည်များ (Tourists) သာ ဖြစ်ကြလေရာ၊ ဦးထွန်းဖေသည် ဘောင်းဘီဝတ်များကို မြင်လိုက်သောအခါ ကမ္ဘာလှည့်ခရီးသည်များထင်၍ ပျာယီးပျာယာထမည်ပြုပြီးမှ အိန္ဒိယတိုင်းရင်းသားများဖြစ်ကြောင်း



သိသောအခါတွင် "ကျောက်တုံးမှန့်မထွက်" ဟူသော စကားပုံကိုသတိရ၍ ခပ်အေးအေးပင် ထလာလေသည်။

ခရီးသည်နှစ်ယောက်လုံးမှာ ဝတ်ကောင်းစားလှ ဝတ်ဆင်ထားကြလေရာ တစ်ယောက်မှာ အသက်လေးဆယ်ခန့်ရှိ၍ ကျန်တစ်ယောက်မှာ နှစ်ဆယ်ကျော်ခန့် အရွယ်ရှိ၏။ အကြီးလူသည် အငယ်လူအား လေးစားသောအမူအရာ ဆော်ခြင်းကို ထောက်ခြင်းအားဖြင့် သူဌေးသားနှင့် စောင့်ရှောက်အုပ်ထိန်းရသော လူကြီးဖြစ်တန်ရာသည်ဟု ဦးထွန်းဖေခန့်မှန်း၏။ နှစ်ယောက်စလုံးသည် အာသံပိုးနှင့်သာရောင်ဝတ်စုံဖြင့် ဝတ်ဆင်ထားကြရာ အငယ်လူထက် အကြီးလူက အနည်းငယ်ပုခြင်းကိုလည်း ဦးထွန်းဖေ သတိပြုမိသည်။ လူနှစ်ယောက်တို့သည် မှန်ကလေးကို စိတ်ဝင်စားသော ကြည့်ခြင်းဖြင့်ကြည့်လျက် ၎င်းတို့အချင်းချင်း စကားဘိုးတိုးပြောကြသည်ကို တွေ့ရသောအခါ ဦးထွန်းဖေမှာ ပစ္စည်းတစ်ခု ရောင်းရချေတော့မည်ဟု ဝမ်းသာရမည့်အစား ထူးဆန်းစွာမျက်နှာပျက်သွား၏။

နောက်ဆုံး၌ အကြီးလူသည် ဦးထွန်းဖေအား မှန်ကလေး၏အဖိုးနှုန်းကို အင်္ဂလိပ်မေးလိုက်ရာ ဦးထွန်းဖေသည် ရွှေခြည်ကျားကန့်လန့်ကာကြီးအထက်ရှိ အထပ်ခိုးဆီသို့ မော့ကြည့်လျက် 'ငါးဆယ်ကျပ် ရောင်းပါမည်' ဟု ပြောလိုက်၏။ ဤတွင်အကြီးလူက 'အဖိုးများလွန်းလှသည်' ဟု ဦးထွန်းဖေအား ပြန်ပြော၍ အငယ်လူအားလည်း မတန်တဆ ဈေးကြီးပေး၍ မဝယ်ချင်ပါနှင့်ဟု ပြောလေသည်။ ထို့နောက် အကြီးလူနှင့် ဦးထွန်းဖေတို့သည် "များလွန်းသည်" "မများပါဘူး" စသည်ဖြင့် အပြန်အလှန် ဈေးဆစ်လျက်ရှိကြရာ ထိုအခါတွင် ရွှေချည်ထိုးကန့်လန့်ကာကြီးအထက်မှ ဒေါ်သန်း၏မျက်နှာ ဘွားခနဲပေါ်လာ၏။ ဦးထွန်းဖေသည် ဒေါ်သန်းကို မြင်သော်လည်း "ငါ့အထဲဝင်မရှုပ်နဲ့၊ တိတ်တိတ်နေ" ဟူသော အဓိပ္ပာယ်နှင့် မျက်နှာတင်းတင်း ထားလိုက်လေ၏။ အငယ်လူကမူ မည်သို့မျှ မပြောဘဲ ဆိုင်ရှင်နှင့်အကြီးလူတို့ ဆစ်ဆွက်နေကြခြင်းကို ကြည့်ရုံသာ ကြည့်နေလေသည်။

အကြီးလူ။ ။'လျှော့ပါဦးဗျ၊ များလွန်းပါတယ်'

ဆိုင်ရှင်။ ။'ကျွန်တော့်ပစ္စည်းကို ကျွန်တော် ကြိုက်တဲ့ဈေးရမှ ရောင်းမှာပဲ၊ ဝယ်တာ မဝယ်တာ ခင်ဗျာ့ သဘောအတိုင်းပဲ'

ကန့်လန့်ကာကြီးအထက်မှ ဒေါ်သန်းမှာကား ကြမ်းကို ခြေဖြင့်ဆောင့်ဆောင့်လုပ်နေ၏။ ဦးထွန်းဖေကမူ ၎င်းဘက်သို့ လုံးဝမလှည့်ဘဲ နှုတ်ခမ်းကိုကိုက်ထားလေသည်။

အငယ်လူ။ ။'ဒီလိုဆိုပေးမှ ဖြစ်မယ်ထင်တယ် အန်ကယ်'

www.burmeseclassic.com

www.burmeseclassic.com



အကြီးလူသည် ဘောင်းဘီအိတ်ထဲသို့နှိုက်၍ ငွေကို ထုတ်ကြည့်လိုက်ရာ ၃၅ ကျပ်မျှသာ ပါသည်ကို တွေ့သည်နှင့် ဤဈေးဖြင့်ရောင်းရန် တိုက်တွန်း၏။ ဒေါသန်းကလည်း ခြေဆောင့်၍ မရသည်နှင့် ချောင်းတဟွပ်ဟွပ်ဆိုးကာ အချက်ပေး၏။ သို့ရာတွင် ဦးထွန်းဇော်မူကား အထက်ပိုင်းဆီသို့ လုံးဝမော့မကြည့်ဘဲ တင်းမာနေ၏။ ဤတွင် အငယ်လူသည် မိမိ၌ ငွေကြေးအလွယ်တကူ ပါလေ၏လောဟု ဘောင်းဘီအိတ်ကိုနှိုက်ကြည့်နေစဉ်...

ဇော်။ ။'ဗိုရီးဆောရီးဗျာ၊ ကျွန်တော် မေ့နေလို့၊ ဒီပစ္စည်းဟာ ရောင်းဖို့မဟုတ်ပါဘူးဗျာ'

'ဘယ့်နှယ့်လုပ်တာလဲ။ ခင်ဗျားဟာ မရောင်းဘူးဆိုရင် ဘာကြောင့်ခုနက ဈေးနှုန်းဆိုရသလဲဗျ'

အထက်အရပ်မှ။ ။'အဟမ်း... အဟမ်း... အဟမ်း'

ဇော်။ ။'ကျွန်တော် မေ့သွားလို့ပါဗျာ၊ ဒီမှန်ကို လူတစ်ယောက်က ဈေးဆစ်ထားတယ်ဗျ။ သူ့ဆီကို စကားမပြန်ဘဲ ဘယ်သူ့မှ မရောင်းပါနဲ့လို့ မှာထားတယ်ဗျ'

ငယ်။ ။'ခင်ဗျားလုပ်ပုံ နည်းလမ်းမကျပါဘူး၊ မရောင်းချင်ရင် ဘာကြောင့် သီးသန့် ဖယ်မထားသလဲဗျ'

ဇော်။ ။'ကျွန်တော် သတိလစ်သွားလို့ပါဗျာ'

'ဘာမှ ရှုပ်မနေနဲ့၊ ရောင်းသာရောင်းလိုက်' ဟူသော အသံကို ကြားလိုက်ကြရသည်နှင့်တစ်ပြိုင်နက် ဝယ်သူများလှမ်းကြည့်လိုက်ကြဆဲတွင် ဒေါသန်းကိုယ်တိုင် ပေါ်လာ၍ ဒီလောက်လောဘကြီးလို့ ဘာဖြစ်မလဲ၊ ညာဖြစ်မလဲ စသည်ဖြင့် လင်ယောကျ်ားကို ဆူပူကြ်လေရာ ဦးထွန်းဇော်ကလည်း မိမိ၏အလုပ်ထဲတွင် ဝင်မရှုပ်ဖို့ ကန့်ကွက်လေသည်။ ဤတွင် လင်မယားနှစ်ယောက်တို့သည် ဈေးဝယ်များရှေ့တွင် တစ်ယောက်တစ်ခွန်း အပြန်အလှန် အချီအချ ဆူပူကြလေတော့သည်။ ဈေးဝယ်နှစ်ယောက်တို့သည် လင်မယားစကားများကြခြင်းကို ပြုံးစိစိမျက်နှာထားများနှင့် ကြည့်နေကြရာမှ မှန်ကလေးကိုရောင်းဖို့ ထောက်ခံသော ဒေါသန်း၏အကြောင်းပြချက်ကို တစ်ချက်တစ်ချက်တွင် ဖြည့်စွက်ထောက်ခံ ပြောဆိုကြလေသည်။ ဦးထွန်းဇော်မှာ သုံးယောက်နှင့်တစ်ယောက် ဖြစ်နေ၍ နိုင်အောင်မပြောတတ်သဖြင့် ဒေါ်ပွသော်လည်း လုံးဝအလျှော့မပေးဘဲ မှန်ကလေးကို ဈေးဆစ်ထားသော လူထံသို့ အကြောင်းမပြန်ဘဲ ရောင်းမိချေသော် မိမိ ခွေးဖြစ်လိမ့်မည်ဟု နောက်ဆုံးပိတ်ပြောကာ တင်းမာနေတော့သည်။



နောက်ဆုံး၌ အကြီးလူက မနက်ဖြန်အထိ အချိန်ပေး၍ သန်ဘက်ခါတွင် မိမိတို့ တစ်ခေါက်လာပါဦးမည်ဟု ပြောကာ ထွက်သွားကြလေရာ ဦးထွန်းဇော်နှင့် ဒေါသန်းတို့၏ စကားရည်လုပွဲမှာ ထိုအခါမှ လွတ်လပ်စွာပြောဆိုခွင့်ရကြသည့်အလျောက် "အသားကုန်"ကြဲကြလေတော့သည်။ ထိုအချိန်၌မူ နောက်ဖေးမီးဖိုချောင်၌ ချက်ပြုတ်လျက်ရှိသော မိန်းမပျိုကြီး မဂျမ်းဒေါ်လည်း ထွက်လာ၍ မိခင်ဘက်မှ စစ်ကူပေးလေသည်။

ဇော်။ ။'နင်တို့နားမလည်ပါဘူး၊ ဒီပစ္စည်းဟာက တစ်ရာအနည်းဆုံး တန်တယ်ဟ'

ဒေါ်။ ။'ဒါဖြင့် ၅၀ ကျပ်တောင်းတာ ဘယ်သူ့ကလဲ၊ အမေကလား'

သန်း။ ။'မဟုတ်ပေါင်အေရယ်၊ ညည်းအဖေပါ'

ဒေါ်။ ။'အံ့ဩပါရဲ့ အဖေရယ်၊ ကိုယ့်စကားကိုယ်ဖျက်တာများ ရှက်ဖို့ကောင်းလိုက်တာ၊ လူမျိုးကွဲတွေက အထင်အမြင်သေး...'

ဇော်။ ။'အောင်မယ် နင်တို့သားအမိက လူမျိုးကွဲအထင်သေးမှာများ ရှက်တတ်ကြလို့တဲ့၊ ဒီလိုဆိုရင် ဟိုတုန်းက အာလာကပ္ပချစ်တီးကို နင်တို့မြှူမြှူကြီး'

'ဘာလဲဗျ ဘာတွေလျှောက်ပြောနေကြတာလဲဗျ၊ တစ်ရပ်လုံးဆူလို့ပွက်လို့'

ဤစကားမှာ ဘီလီယက်ခုံမှပြန်လာသော မယားပါသား မောင်ကျော်မှင့်က ပြောလိုက်ခြင်းဖြစ်လေရာ ဦးထွန်းဇော်မှာ စစ်ကူတွေ များသည်ထက် များသာသည်ကို တွေ့ရ၍ 'အေး ဘာပြောပြော ဒီဟာ ငါ့ဆိုင်၊ ငါလုပ်ချင်တာ လုပ်မယ်။ ဘယ်သူမှ ဝင်မရှုပ်ကြနဲ့၊ ဒါနောက်ဆုံးစကားပဲ' ဟုဆိုကာ အထပ်ခိုးပေါ်သို့တက်သွားတော့သည်။

ကျူရီယိုဆိုင်ဟူသည်မှာ ဈေးဝယ်တွေ သူဝင်ငါထွက်ရှိသည်မဟုတ်ချေ၊ ဘစ်နေ့တွင် ဝယ်သူနှစ်ဦးသုံးဦး လာသည့်အနက် တစ်ဦးတလေ ဈေးတည့်၍ အရောင်းအဝယ်ဖြစ်လျှင် တည်နေနိုင်သောအလုပ်မျိုးဖြစ်သောကြောင့်၊ ဆိုင်ထဲ၌ ဘစ်ယောက်မျှ မရှိစေကာမူ ထိခိုက်ခြင်းမရှိလှချေ။

ဦးထွန်းဇော်သည် စိတ်ကောက်၍ အထပ်ခိုးပေါ်သို့တက်ပြီး အိပ်နေခိုက်တွင် သားအမိသုံးယောက်တို့သည် နောက်ဖေးခန်းသို့ဝင်၍ ဈေးနှာပါး[illegible] ခေတ်ကြီးတွင် ငွေ ၅၀ ကျပ်ကို လက်လွှတ်ခံလိုက်ရသော ဦးထွန်းဇော်၏ [illegible] ငှိုကာချဲ့ကာ ရေရွတ်ညည်းတွားကြလေ၏။ သမီးမဂျမ်းဒေါ်က သန်[illegible] လာဦးမည်ဆိုသောကြောင့် မျှော်လင့်စရာရှိသေးကြောင်း ပြောသော်လည်း ဒေါ်သန်းက ပိုက်ဆံတစ်ပြားကို နှစ်ပြားမှတ်၍ ခွာတတ်သော[illegible]

www.burmeseclassic.com



ငွေ ၅၀ ကျပ်ကို ရဖို့မှာ ဘုရားဈေးရှာရသည်ထက် ခဲယဉ်းလိမ့်မည်စသည်ဖြင့် စိတ်ပျက်စွာ ပြန်ပြောလေသည်။ ဒေါ်သန်းမှာ ငွေ ၅၀ ကျပ်ဟူသောအသံကို ကြားလိုက်ရကတည်းက တိုဘရာလ်ကိုးလုံချည် ဘယ်နှထည်၊ သမီးနှင့်အမေအတွက် ပဒုမ္မာတစ်အုပ်စီ၊ ပေါင်ဒါဘူး၊ ဘိုင်စကုတ်စသော စိတ်ကူးများသည် ဦးခေါင်းထဲတွင် အလျှိုအလျှို ပေါ်လာကြသည်ဖြစ်ရာ လက်ထဲသို့ရောက်လုနီးခါမှ လွတ်ထွက်သွားရလေသည်ဆိုကာ အကြီးအကျယ် စိတ်ပျက်ရလေသည်။

ဦးထွန်းဖော်မှုကား အထပ်ခိုးပေါ်သို့တက်၍ အိပ်ရာထဲသို့ပစ်လှဲပါသော်လည်း ငါသည် ဤသားအမိသုံးယောက်နှင့် အတူနေခြင်းဖြင့် ဘယ်နည်းနှင့်မျှ စိတ်၏ငြိမ်းချမ်းခြင်း မရနိုင်ဟု တပြောင်းပြန်ပြန် စဉ်းစားကာ တလွန့်လွန့် တလိမ့်လိမ့်ရှိနေတော့သည်။

ညနေခင်း၌ ဦးထွန်းဖော်သည် မုန်ကလေးကို ဗီရိုထဲမှ ထုတ်၍ အလွယ်တကူ လူမမြင်နိုင်လောက်သည့်နေရာသို့ ပြောင်းရွှေ့ထားခဲ့ပြီး အပြင်သို့ ထွက်သွား၏။ မကြာမီ ဒေါ်သန်းသည် ဆိုင်ထဲသို့ဆင်း၍ ဗီရိုထဲ၌ မုန်ကလေးကို မတွေ့ဘဲရှိရာတွင် တုန်လှုပ်သွား၏။ ဆိုင်ထဲ၌ ရှာဖွေသောအခါ ကျားဦးခွံတစ်ခု၏နောက်၌ ဝှက်ကွယ်ထားသည်ကို တွေ့သည်နှင့် ဗီရိုထဲတွင် ရှေ့ဆုံးတန်းမှ ခင်းကျင်းထားလိုက်လေသည်။

ဦးထွန်းဖော် ပြန်ရောက်လာသောအခါ ဗီရိုထဲတွင်ပြန်ရောက်နေသော မုန်ကလေးကို တွေ့သည်နှင့် ခဲယဉ်းသောနေရာတစ်ခုသို့ ရွှေပြောင်းထားလိုက်ပြန်သောရာ အိမ်သားအားလုံးမှာ မျက်နှာခပ်စူစူဖြစ်နေကြလေရာ သူတို့အနက်တွင် ဦးထွန်းဖော်၏ မျက်နှာကား အရှုအောင့်ဆုံးပေတည်း။

❖

နောက်တစ်နေ့နံနက်စောစော၌ ဦးထွန်းဖော်သည် ကျောင်းနေဖက်သူငယ်ချင်းဖြစ်သော နည်းပြဆရာ ဦးတင်လှ၏နေအိမ်သို့ မုန်ကလေးကိုယူသွား၍ မုန်ကလေး၏ ထူးဆန်းသော သဘာဝအကြောင်းကို ဆက်လက်ဆွေးနွေးကြသည်။ ဒေါ်သန်းသည် အိပ်ရာမှထလာသည်နှင့်တစ်ပြိုင်နက် မိမိထားသောနေရာသို့သွား၍ မုန်ကလေးကို ကြည့်လေ၏။ မုန်ကလေးကား မရှိတော့ချေ။ ဤတွင် ဒေါ်သန်းသည် တစ်ဆိုင်လုံး နှံ့အောင် မွှေနှောက်ရှာဖွေသေး၏။ သမီးမဂျမ်းဒေါ၏ အကူအညီကိုလည်း တောင်း၏။ သို့သော် မုန်ကလေးကို မတွေ့သည်နှင့် ဒေါ်ပွကား ဦးထွန်းဖော်ကို မျှော်နေတော့သည်။ ထမင်းစားချိန်၌ ဦးထွန်းဖော်ပြန်လာသောအခါ ဒေါ်သန်းသည် ဆိုင်တံခါးပေါက်မှ ဆီးကြို၍ ဦးထွန်းဖော်ကို ဆူလေ၏။ ဦးထွန်း



ဖော်သည် မုန်ကလေးကို ဦးတင်လှ၏အိမ်၌ ဝှက်ထားခဲ့သော်လည်း မုန့်မုန့်မပြောဘဲ ဆိုင်ထဲတွင်ရှာချင်ဟန် ပြုသေး၏။ အိမ်သားအားလုံး ဝိုင်းဝန်းရှာဖွေကြ၍ မတွေ့သောအခါ ဦးထွန်းဖော်က 'နင်တို့ ဘယ်မှာ ဝှက်ထားသလဲ' ဟူ၍ ကြိမ်းမောင်းရာ သားအမိသုံးယောက်ကလည်း ဦးထွန်းဖော်ကို ပြန်လှန်စွပ်စွဲကြလေသည်။ အလွန်အမင်း ဆူပွက်ကြသည်တွင် ဦးထွန်းဖော်သည် စိတ်ရှုပ်လာဟန်ပြု၍ ထမင်းမစားတော့ဘဲ ဆိုင်မှတစ်ဖန် ထွက်သွားပြန်လေသည်။

နေ့လယ်ခင်းတွင် မုန်ကလေးကို ဈေးဆစ်ထားသော အိန္ဒိယတိုင်းသားနှစ်ယောက် ရောက်လာကြ၍ အဆုံးအဖြတ်ကို မေးမြန်းသောအခါ ဒေါ်သန်းသည် မုန်ကလေး ပျောက်နေကြောင်းပြော၍ ငွေ ၅၀ ကျပ် လက်လွှတ်မည်စိုးသောကြောင့် ထိုလူနှစ်ယောက်၏ လိပ်စာကိုမေး၍ ရေးယူထားလိုက်၏။ မုန်ကလေးကို ပြန်တွေ့သည်နှင့်တစ်ပြိုင်နက် အကြောင်းကြားလိုက်ပါမည်ဟူ၍လည်း ဒေါ်သန်းက ကတိပေးလိုက်သည်။ ဝယ်သူနှစ်ယောက်တို့သည် ဆိုင်ရှင်များ၏လုပ်ပုံကို မယုံတယုံရှိ၍ မကျေနပ်သော်လည်း ဒေါ်သန်းတောင်းသည့် လိပ်စာကိုမူ ပေးထားခဲ့၏။ ၎င်းတို့မှာ ခရီးသည်များဖြစ်၍ "မင်တိုမင်ရှင်"ဟိုတယ်၌ တည်းခိုလျက်ရှိကြောင်း၊ ရန်ကုန်၌ လေးငါးရက်နေပြီးသည်နောက် အိန္ဒိယပြည်သို့ ပြန်ကြမည်အကြောင်းကိုလည်း ပြောသွားကြလေသည်။

ဤနေရာ၌ ဦးထွန်းဖော်သည် မုန်ကလေးကို အဖိုးငွေ ၅၀ ကျပ်နှင့် ရောင်းပါမည်ဟု ဈေးဆိုပြီးသည့်နောက်မှ စိတ်ပြောင်းလဲပြီး မရောင်းဘဲနေခဲ့ခြင်း၏ အကြောင်းရင်းကို ရှင်းလင်းဖော်ပြရပေမည်။

ကျူရီယိုဆိုင်ထဲသို့ ပထမပိုင်ရှင် လက်ထက်က ၎င်းမုန်ကလေးရောက်လာခဲ့ပုံ အခြင်းအရာကို အထက်တွင် ဖော်ပြခဲ့ပြီးဖြစ်ရာ တတိယပိုင်ရှင် ဦးထွန်းဖော်သည် ဒုတိယပိုင်ရှင်လက်ဝယ်မှ အခြားဝတ္ထုပစ္စည်းများနှင့်အတူ ပါလာခဲ့ခြင်းဖြစ်လေသည်။ ပထမ၌ ဦးထွန်းဖော်သည် "တွတ်ကွက်"တွေ ဖော်ထား၍ ကြည့်မဖြစ်သော ဤမုန်ကလေးကို အမြတ်တနိုးရှိလှသည်မဟုတ်၊ ဗီရိုထဲတွင် အခြားသော ဘိုလီမိုလီ ပစ္စည်းများနှင့်အတူ သောပြွမ်းရောပြွမ်း ထည့်ထားလိုက်လေသည်။ သို့သော် တစ်ညသ၌မူကား ဦးထွန်းဖော်သည် ဆိုင်ထဲတွင် ဆေးတံမော့ကျန်ရစ်ခဲ့သည်နှင့် အထပ်ခိုးပေါ်ရှိ အိပ်ရာထဲမှ ဆင်းလာ၍ ထိုင်နေကျဖြစ်သော ရွှက်ဆုံကုလားထိုင်ဆီသို့ ထူးဆန်းသောအခြင်းအရာတစ်ခုကို တွေ့မြင်လိုက်ရလေသည်။

လမ်းပေါ်၌ထွန်းထားသော ဓာတ်မီးလုံးမှ အလင်းရောင်သည် ခင်တဘောစ ဖြစ်နေသော တရုတ်ကတ်အကြားမှ မုန်ကလေးအနီးသို့ ထိုးဆင်းကျရောက်လာသည်တွင် မုန်ကလေးမှာ အလင်းရောင် တိုက်ရိုးထိုးခြင်းမခံရသဖြင့် ပြောင်ပြောင်

www.burmeseclassic.com



လက်လက် မနေသော်လည်း မှန်မျက်နှာပြင်ရှိ တွတ်ကွက်တစ်ခုပေါ်တွင် အရိပ်ထင်လျက် ရှိသည်ကို ဖျတ်ခနဲမြင်လိုက်ရသည်။ ဦးထွန်းဖော်သည် မှန်ကလေးထဲ၌ ပီသသောအရိပ် မထင်စဖူး ထင်နေသည်ကိုမြင်ရ၍ စိတ်ဝင်စားသည်နှင့် အနီးသို့ ချဉ်းကပ်ကာ ထင်ပေါ်နေသောအရိပ်ကို သေချာစွာကြည့်လေသည်။ မှန်မျက်နှာပြင်၌ "တွတ်ကွက်"တစ်ခုသည် တစ်လက်မခန့်မျှသာ ရှိသော်လည်း ၎င်းတွတ်ကွက်ထဲ၌ ပေါ်နေသော အရိပ်မှာ တောင်တန်းတစ်ခုနှင့် စမ်းချောင်းအပြင် ကျယ်ဝန်းသော လွင်ပြင်တစ်ခုလည်းမြင်ရ၏။ ဥပမာ မျက်စိ၏ သူငယ်အိမ်သည် သေးငယ်စွာ ရှိသော်လည်း ကျယ်ဝန်းသော ရှုခင်းကိုမြင်နိုင်သကဲ့သို့ပင်။

ဦးထွန်းဖော်သည် အဆိုပါရှုခင်းမြင်လိုက်ရ၍ အံ့သြစွာ ချဉ်းကပ်ပြီးသေချာစွာ ကြည့်လိုက်သောအခါ ကွင်းပြင်ကြီးပေါ်၌ လှုပ်လှုပ်ရွရွ ရှိနေသော အခြားအရာကို တွေ့ရပြန်လေသည်။ ထိုမျှမက နီးကပ်စွာ ကြည့်လိုက်ပြန်ရာတွင် လှုပ်လှုပ်ရွရွနေသော အရာများသည် လူသတ္တဝါများဖြစ်၍ တစ်ခုသော အရာဝတ္ထုကို စုပြုံကြည့်ရှုနေကြခြင်းဖြစ်သည်ဟု မြင်ရပြန်၏။ လူဆိုရသော်လည်း မိမိမြင်ရဖူးသည့် ဥရောပ၊ အမေရိက၊ အာရှတိုက်သားမျိုးမဟုတ်ခြင်းကိုလည်း သတိပြုမိ၏။ ထိုလူများ၏ ဦးခေါင်းသည် ၎င်းတို့၏ ကိုယ်လုံးနှင့် အဆမတန်အောင် ကြီးမား၍ မြင့်မောက်ကျယ်ဝန်းသော နဖူးလည်းရှိကြ၏။ အဝတ်အစားမှာ ဖားဖားလျားလျား ပွပွရွရွမဟုတ်၊ အသားနှင့်ကပ်လျက်ရှိသောကြောင့် ပထမ၌ အဝတ်များမပင် ပါပါလေစဟု ဦးထွန်းဖော် အောက်မေ့မိ၏။ သို့သော် ဖုံးကွယ်သင့်သော အင်္ဂါအစိတ်အပိုင်းကို ဖုန်းကွယ်လျက်ရှိနေသဖြင့်သာလျှင် အဝတ်ပါသည်ဟု ခန့်မှန်းရခြင်းဖြစ်လေသည်။ ဦးထွန်းဖော်သည် နှိုင်းယှဉ်အပ်သော အရာဝတ္ထု မတွေ့ရသောကြောင့် အရပ်နိမ့်ခြင်း၊ မြင့်ခြင်းကို မခန့်မှန်းတတ်သော်လည်း ၎င်းတို့၏ အချိုးအစားကို ကြည့်ရသောအားဖြင့် အရပ်ပုကြသည်ဟု ဆုံးဖြတ်လေသည်။

ထိုလူများသည် တစ်ခုသော အရာဝတ္ထုကို ဝိုင်းပြုံကြည့်နေရာမှ ရုတ်တရက် ဖယ်လိုက်ကြသည်တွင် ၎င်းတို့ကြည့်နေကြသော အရာဝတ္ထုမှာ လိပ်ကောင်ကဲ့သို့ ဝိုင်းတိုင်းတိုင်း ခုံးတုံးတုံး ရှိနေသည်ဟု ဦးထွန်းဖော်ထင်မိ၏။ နောက်တစ်ခဏ၌ လိပ်နှင့်တူသော အရာဝတ္ထုသည် တစ်ချက်တည်း အခိုးထုတ်၍ ဘွားခနဲ ကောင်းကင်သို့ တက်သွားလေရာ တစ်စက္ကန့်မျှ မကြာမီ ကြည့်နေသူများ၏ မျက်စိမှ ကွယ်ပျောက်သွားဟန်နှင့် လူစုကွဲသွားလေတော့သည်။ သို့ရာတွင် အရာဝတ္ထုမှာ ဦးထွန်းဖော်၏ မျက်စိမှ ကွယ်ပျောက်သေးသည်မဟုတ်ဘဲ မိမိထံသို့ တရွေ့ရွေ့ ချဉ်းကပ်လာသည်ဟု ဦးထွန်းဖော် ထင်ရသည်။ အတန်ကြာသော် လိပ်ခုံးနှင့်တူသော အရာဝတ္ထုသည် ပြောင်တောင်တောင်ရှိသော အလုံးကြီးတစ်ခု



ကို ချဉ်းကပ်လာသည်ကို ဦးထွန်းဖော် မြင်ရ၏။ ၎င်းအလုံးကြီးထဲ၌ မြင်ရသော အမှတ်အသားများမှာ မိမိမြင်ရဖူးသည်ဟု ဦးထွန်းဖော် ထင်မှတ်သည်နှင့် ထပ်ခါလောင်းကြည့်ပြန်ရာတွင် နားရွက်ထောင်သော ယုန်တစ်ကောင်နှင့်တူသည်ဟု စဉ်းစားမိသည်။ ငါသည် ဤအမှတ်အသားမျိုးကို မည်သည့်နေရာ၌ မြင်ဖူးချေသနည်းဟု ဦးထွန်းဖော် ဆင်ခြင်ပြန်သည်တွင် ပြည့်ဝန်းသောလ၌ မြင်ရဖူးသည့် အရိပ်နှင့်တူလှသည်တကားဟု စဉ်းစားမိလေ၏။

ထိုခဏ၌ လိပ်ခုံးသဏ္ဌာန်ရှိ၍ ကောင်းကင်၌ ရွေ့လျားနေသော အရာဝတ္ထုမှ မှန်ပြတင်းတစ်ခုပွင့်လာ၍ လူတစ်ယောက်ယောက်၏ မျက်နှာပေါ်လာလေရာ ထိုလူသည် ထိုမှဤမှ မျှော်ကြည့်နေဆဲတွင် ဦးထွန်းဖော်၏ "မျက်နှာနှင့် နီးကပ်စွာ ဘွားခနဲပေါ်လာ၍ မျက်လုံးချင်း တိုက်ဆိုင်မိကြလေသည်။ ထိုအခိုက်အတန့်၌ ကား ၎င်းလူ၏မျက်နှာသည် ဦးထွန်းဖော်၏မျက်နှာနှင့် တစ်မိုက်ခန့်မျှသာ ကွာဝေးသည်ဟု ဦးထွန်းဖော် မှတ်ထင်မိလေရာ ထိုလူသည်လည်း ဦးထွန်းဖော်ကို ဘွားခနဲမြင်ရ၍ လန့်သွားသည့်မျက်နှာထားမျိုး ဖြစ်သွားသည်ဟု ဦးထွန်းဖော် မြင်လိုက်ရသည့်နောက်တစ်ခဏ၌ ဦးထွန်းဖော်မှာ မိုက်ခနဲဖြစ်သွား၍ မှန်ထဲ၌ မြင်ရသော အရိပ်မှာလည်း ကွယ်ပျောက်သွားခဲ့လေပြီ။

ဦးထွန်းဖော်သည် ထိုအခြင်းအရာကို မဆုံးဖြတ်နိုင်အောင် ရှိနေ၏။ အကယ်ပင် မြင်ရခြင်းလော၊ စိတ်က ထင်မိထင်ရာ ထင်မြင်ခြင်းလော မပြောနိုင်ချေ၊ အကယ်ဖြစ်ခဲ့လျှင် ဘာကိုမြင်ခဲ့ခြင်း ဖြစ်လေသနည်း။ နားရွက်ထောင်သော ယုန်ကောင်သည် လမင်းတွင် မြင်ရသောအရိပ်နှင့် တူလှ၏။ အကယ်၍ လဖြစ်ခဲ့လျှင် လအနီးသို့ရောက်အောင် မည်သူတွေ သွားနိုင်သနည်း။ အရပ်ပု၍ ခေါင်းကြီးသော လူများသည် မည်သည့်တိုင်းပြည်သားများပေနည်း။ အခြားသော ကမ္ဘာမှလူများ လေလော၊ လိပ်ခုံးနှင့်တူသော ကိရိယာသည် လေယာဉ်ပျံပေလော။ သို့ဆိုလျှင် အတောင်လည်း မပါ၊ ရဟတ်လည်းမမြင်၊ မည်သည့်နည်းနှင့် ပျံသန်းနိုင်လေသနည်း။ အစရှိသော မေးခွန်းများသည် ဦးထွန်းဖော်၏ ဦးနှောက်ကို အချိန်ရှိသမျှ အလုပ်ပေးလျက်ရှိခဲ့လေသည်။

ဦးထွန်းဖော်သည် မှန်ကလေးထဲ၌ အထက်ပါ အခြင်းအရာများကို မြင်ရသည်မှာ မှန်ကလေးကို ဝယ်လာသူအိန္ဒိယလူမျိုးနှစ်ယောက် မပေါ်လာမီ တစ်လခန့်ကဖြစ်၍ ဤအဖြစ်အပျက်ကို မိမိ၏မိတ်ဆွေ ဦးတင်လှအား ပြောပြခဲ့သည်။ သို့ရာတွင် ဦးတင်လှသည် ဦးထွန်းဖော်အား မုသားပြောတတ်သူတစ်ယောက်ဟု မယူဆသော်လည်း အိပ်ရာထဲမှ အိပ်ချင်မူးတူးနှင့် ထထကြီး မြင်မိမြင်ရာတွေ မြင်နေသည်ဟု သဘောပိုက်သောကြောင့် စိတ်ဝင်စားခြင်းအရှိခဲ့ချေ

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဦးထွန်းဇော်ကိုမူ တော်သလိုပြန်ပြော၍ နောက်ထပ်ဘာတွေများ မြင်ရဦးမည်နည်းဟု စုံစမ်းဖို့သာ တိုက်တွန်းလိုက်လေသည်။ ဦးထွန်းဇော်ကမူ မိမိ၏စကားကို ယုံကြည်ဟန်မရှိကြောင်းရိပ်မိ၍ ဒေါခပ်ပွပွနှင့် ပြန်လာခဲ့ပြီး နောက်ညများတွင် မှန်ကလေးကို ကြည့်သေး၏။ သို့သော် ယခင်ကကဲ့သို့ ပီပီမမြင်ရဘဲ တစ်ချက်တစ်ချက်တွင် မှုန်ရီမှုန်မွား မထင်မရှားမျှသာ မြင်ရသောကြောင့် နောက်ဆုံး၌ ဦးထွန်းဇော်ကိုယ်တိုင် စိတ်ပျက်ပြီးလျှင် ရောင်းရန်ပစ္စည်းများထဲသို့ ပြန်လည်သွတ်သွင်းထားလိုက်လေသည်။ နောက်များမကြာမီ အိန္ဒိယတိုင်းသားနှစ်ယောက်ရောက်လာ၍ မှန်ရောင်းဖို့စုံစမ်းခြင်း ဖြစ်လေသည်။ ဦးထွန်းဇော်မှာ ယခင်ကရောင်းပစ်ပါတော့မည်ဟု ပြဋ္ဌာန်းပြီးဖြစ်သော်လည်း တကယ်ဝယ်သူလာသောအခါတွင် မရောင်းချင်ပြန်သည်နှင့် တောင်လိုလိုမြောက်လိုလိုပြောပြီး မှန်ကိုဝှက်ထား၍ မိတ်ဆွေဦးတင်လှ၏အိမ်သို့ ပြောင်းရွှေ့ဝှက်ထားခဲ့ခြင်း ဖြစ်လေသည်။

❖

လောကဓာတ်ပညာဘက်၌ နည်းပြဆရာတစ်ယောက်ဖြစ်သည့် အလျောက် တရုတ်ကတ်အကြားမှ ဓာတ်မီးရောင်ဝင်၍ မှန်ကလေးအနီးသို့ ရောက်ပုံအခြင်းအရာကို ကြားရသောအခါ ဦးတင်လှသည် မှန်ကလေး၏ အလင်းရောင်ကြိုက်ပုံ၊ မကြိုက်ပုံကို စဉ်းစားမိ၍ "ပန်းရ" အောင် ဘယ်ကဲ့သို့ စီစဉ်ရမည်ဟု အနည်းနည်းအဖုံဖုံ စမ်းသပ်ကြည့်လေသည်။ နောက်ဆုံး၌ သေတ္တာကလေးတစ်လုံးထဲတွင် အနက်ရောင် ကတ္တီပါထည်ကို ခြောက်မျက်နှာလုံးအပြည့်ခင်း၍ မှန်ကလေးကို အတွင်း၌ထည့်ပြီးလျှင် မျက်နှာချင်းဆိုင်ဘက်တွင် အပေါက်ကလေးတစ်ပေါက်ထွင်း၍ အလင်းရောင်ဝင်စေကာ အခြားအပေါက်ငယ်တစ်ခုမှ ချောင်းကြည့်ခြင်းသည် အကောင်းဆုံးသော နည်းဖြစ်သည်ဟု တွေ့ကြရလေသည်။ အလင်းရောင်ဆိုရာ၌လည်း နေရောင်ထက် ဓာတ်မီးပွင့်အားကောင်းကောင်းမှ အလင်းရောင်သည် သာလွန်ကောင်းမွန်ကြောင်း တွေ့ကြရလေသည်။

သို့ဖြစ်၍ ဦးတင်လှ၏အိမ်သို့ မှန်ကလေးရောက်သွားသည့် နေ့မှစ၍ လူနှစ်ယောက်တို့သည် ဤနည်းကို တကုပ်ကုပ် စုံစမ်းနေကြတော့သည်နှင့် ဦးထွန်းဇော်မှာ ကျူရီယိုဆိုင်သို့ အချိန်မှန်မှန်မပြန်တော့ဘဲ ဦးတင်လှအိမ်၌သာ နေ့ရောညပါ ကုန်တော့သည်ဖြစ်သောကြောင့် မယားဒေါ်သန်းနှင့် သမီးမဂျမ်းဒေါ်တို့၏ ကြိမ်းမောင်းဆူပူခြင်းကို ခံရလေသည်။

အထက်ပါနည်းကို တွေ့ကြ၍ သေတ္တာပေါက်မှ ချောင်းကြည့်ကြသည့်အခါတွင် ဦးတင်လှကြည့်ခြင်းထက် ဦးထွန်းဇော်ကြည့်ခြင်းက ပိုမိုပြီးထင်ရှားသည်ကို တွေ့ရ၏။ ဦးတင်လှသည် တောင်ကုန်း၊ လွင်ပြင်ကြီး၊ စမ်းချောင်းစသည်တို့ကို ရေးရေးမျှသာ မြင်ရလေရာ ဦးထွန်းဇော် ကြည့်သောအခါ၌ လူကောင်များကိုပါ ပီသသဲကွဲစွာ မြင်ရလေသည်။ ထူးခြားသောအခြင်းအရာတစ်ခုမှာ တစ်ကြိမ်ကြည့်၍ မြင်ရသောရှုခင်းနှင့် နောက်တစ်ကြိမ်ကြည့်၍ မြင်ရသောရှုခင်းသည် မတူသည့်ပြင် ဤတစ်ကြိမ်တွင် လက်ဝဲဘက် "တွတ်ကွက်" တစ်ကွက်ထဲ၌မြင်ရ၍ နောက်တစ်ကြိမ်တွင် လက်ယာဘက်တွတ်ကွက်ထဲ၌ မြင်ချင်မြင်ရပြန်လေသည်။ သို့သော် မည်သည့်အခါမဆို ဦးတင်လှကြည့်ခြင်းထက် ဦးထွန်းဇော်ကြည့်ခြင်းက ပိုမိုထင်ရှားပီသသည်ချည်းဖြစ်လေသည်။ သို့ဖြစ်ရကား အစီအစဉ်တစ်ခုပြုလုပ်ကြသည်မှာ ဦးထွန်းဇော်က အပေါက်ငယ်မှ ချောင်းကြည့်၍ မြင်ရသောအခြင်းအရာများကို ပြောပြသည့်အတိုင်း ဦးတင်လှက အနီး၌ထိုင်ကာ မှတ်စုစာအုပ်တွင် ရေးသားလေသည်။ သို့ရာတွင် မှန်သည် နေရောင်ကိုမကြိုက်သောကြောင့် ညဉ့်အချိန်များ၌ သာ၍အဆင်ပြေလေသည်။



ဦးတင်လှမှတ်စုစာအုပ်၌ မှတ်သားချက်အချို့ကို ဖော်ပြရမည်ဆိုသော် လိပ်ခုံးနှင့်တူသော အရာဝတ္ထုသည် ကွင်းပြင်ကြီးတစ်ခုမှ မြောက်ကြွကာတက်လာ၍ ဦးထွန်းဇော်ဆီသို့ အလွန်လျင်မြန်စွာ ရွေ့လာကြောင်း၊ ဦးထွန်းဇော်၏အသင်အားဖြင့် တစ်စက္ကန့်လျှင် မိုင် ၁၀၀ ထက်နည်းလိမ့်မည်မဟုတ်ကြောင်း၊ လိပ်ခုံးကြီးသည် လနှင့်တူသော အလုံးကြီးအနီးသို့ ရောက်သောအခါ ၎င်းကိုတစ်ပတ်ပတ်၍ လှည့်သည်ကိုမြင်ရကြောင်း ပါရှိလေသည်။

အခြားတစ်ကြိမ်၌ လိပ်ခုံးကြီးသည် ဤကမ္ဘာမြေကြီးအနီးသို့(ဦးထွန်းဇော်အထင်အရ အီတလီပြည်နှင့်တူသည်ဆို၏။)ရောက်လာ၍ ဘုရားရှိခိုးကျောင်းများ၏ ပါမှ နီးကပ်စွာ ပျံသွားကြောင်း၊ ထိုအချိန်တွင် အီတလီပြည်၌ ညအချိန် ဖြစ်နေ၍ မြို့ကြီးများ၌ ဓာတ်မီးပွင့်များကို မြင်ရသည်ဟု ဦးထွန်းဇော်က ဆိုလေသည်။

အခြားတစ်ကြိမ်၌ကား ဦးထွန်းဇော်သည် မိမိမြင်ရသော ကွင်းပြင်ကြီးအထက်၌ လနှစ်လုံး ထွက်နေသည်ကို မြင်ရသည်။ ထိုလနှစ်လုံးသည်လည်း အလွန်လျင်မြန်စွာ ရွေ့လျားနေကြသည်ဆို၏။ (ဦးတင်လှ၏မှတ်ချက်။ ၊ ဦးထွန်းဇော်သည် အင်္ဂါဂြိုဟ်ခေါ် Mars ကမ္ဘာလုံးကို မြင်ရခြင်းဖြစ်ဟန်တူသည်။)ကျွန်ုပ်တို့၏ ကမ္ဘာ၌ လတစ်လုံးရှိသကဲ့သို့ အင်္ဂါဂြိုဟ်ခေါ် ကမ္ဘာ၌ လနှစ်လုံးရှိသည်ဟု လောကဓာတ်ဆရာများက သိပြီးသားဖြစ်လေသည်။

အခြားသောအချိန်၌ တောင်ကမ်းပါးယံတွင် ဂူပေါက်ကလေးများ အောက်လုပ်နေထိုင်သော လူများကိုမြင်ရသည်။ လူများသည် တောင်ခြေရှိ ဂူပေါက်များဆီသို့ရောက်အောင် တဖြည်းဖြည်းတက်ကြသည်မဟုတ်ဘဲ တစ်ချက်တည်း

www.burmeseclassic.com



ခုန်လိုက်ခြင်းဖြင့် အလိုရှိသော ဂူပေါက်သို့ ရောက်ကြပြန်တူသည်။ တောင်ကမ်းပါးယံ၌ ဂူပေါက်များသည် ခိုအိမ်သဖွယ် မြောက်မြားလှသည်။ ပျားအုံ၌ရှိသော အပေါက်ကလေးများနှင့် တူသည်ဟူ၍လည်း ပြောသည်။

အထက်ပါအကြောင်းအရာများမှာ နည်းပြဆရာဦးတင်လှ၏ မှတ်စုစာအုပ်၌ ကျွန်ုပ်တွေ့ရသည့်အတိုင်း ဖြစ်လေရာ ဦးတင်လှသည် ဦးထွန်းဇော်မြင်ရသည့်အတိုင်း ပြောပြချက်များမှ မှတ်သားထားခြင်းဖြစ်သည်ဟု ဆိုလေသည်။ ဦးတင်လှမှာ ရိုးသားသည်ဟု ကျွန်ုပ်ယုံကြည်စိတ်ချသူဖြစ်၍ ရေးချင်ရာတွေ ရေးထားပြီး ကျွန်ုပ်အား ပြခြင်းဖြစ်သည်ဟု မယူဆချေ။ ဦးထွန်းဇော်က မမြင်ရဘဲလျက်နှင့် မြင်ရသည်ဟု ပြောရန်မှာလည်း အဓိပ္ပာယ်မရှိလှ။ ဤသို့ပြောခြင်းအားဖြင့် သူ့အဖို့၌ နာမည်ကြီးစရာလည်း ကျွန်ုပ်မမြင်ချေ။ ဖြစ်နိုင်သော အခြင်းအရာတစ်ခုမှာ ဦးထွန်းဇော်သည် သားအမိသုံးယောက်တို့၏ ညှင်းပန်းဆူပူခြင်းကြောင့် ဦးနှောက်ပျက်ပြီး တောက်တီးတောက်တဲ့တွေကို မျက်စိထဲ၌ မြင်နေခြင်းဖြစ်သည်ဟု ပြောစရာရှိ၏။ သို့သော် လနှစ်လုံးမြင်ရခြင်းနှင့် အချို့သောအချက်အလက်များသည် အင်္ဂါဂြိုဟ်သားများကို မြင်ရခြင်းဖြစ်သည်ဟု တွေးတောစရာ ဖြစ်နေပြန်ရာ ယခုတလော၌ ကမ္ဘာအရပ်ရပ်တွင် ပန်းကန်ပြားပျံများ မြင်တွေ့ကြရသည်ဟု သတင်းကြားသောအခါ ဦးထွန်းဇော်မြင်ရသော လိပ်ခုံးပုံသဏ္ဌာန်ရှိသည့် ကိရိယာသည်ပင်လျှင် ပန်းကန်ပြားပျံဖြစ်တန်ရာသည်ဟု တွေးစရာဖြစ်လာပြန်လေပြီ။

အကယ်၍လူတစ်ယောက်သည် မှန်တစ်ချပ်ကို ရှေ့တွင်ထောင်လျက် ခပ်စောင်းစောင်းကြည့်လိုက်သည်ဆိုအံ့။ မိမိ၏မျက်နှာရိပ်ကို မမြင်ရဘဲ မိမိနှင့်အလျဉ်းသင့်သည့်နေရာ၌ရှိသော လူတစ်ယောက်ကို မြင်ရပေလိမ့်မည်။ ထိုသူကမှန်ထဲသို့ကြည့်လိုက်သောအခါတွင်လည်း မိမိ၏မျက်နှာရိပ်ကို မမြင်ရဘဲ ပထမကြည့်နေသောလူနှင့် မျက်လုံးချင်းဆိုင်မိကြပေလိမ့်မည်။ အကယ်၍ ထိုနှစ်ယောက်တို့သည် လက်ထဲတွင် မှန်တစ်ချပ်စီကိုင်ကြလျက် အလျဉ်းသင့်အောင် ချိန်ကာကြည့်ကြမည်ဆိုလျှင်လည်း မိမိ၏မှန်ထဲတွင် အခြားသူများမျက်နှာကို အသီးသီးမြင်နိုင်ကြပေလိမ့်မည်။ ဆိုလိုခြင်းမှာ မှန်ထဲတွင် ကိုယ့်မျက်နှာ ကိုယ်မမြင်ရဘဲ အခြားလူနှင့် မျက်လုံးချင်းဆိုင်မိကြသည်ဟု ဆိုလိုခြင်းဖြစ်လေသည်။

ဦးထွန်းဇော်သည် မိမိ၏ဆိုင်ခန်းထဲတွင် မှန်ကလေးကို တစ်ယောက်တည်းကြည့်စဉ်က လွင်ပြင်ကြီးနှင့်တကွ စမ်းချောင်း၊ တောင်တန်း၊ လူအမြောက်အမြား၊ လိပ်ခုံးသဏ္ဌာန်ရှိကိရိယာ စသည်များကို မြင်ရသည်ဆိုခြင်းကို သတိပြုမိကြပေလိမ့်မည်။ ယင်းသို့ကြည့်နေစဉ်အတွင်း လိပ်ခုံးသဏ္ဌာန်ကိရိယာမှ မှန်ပြတင်း ပွင့်လာ၍ လူတစ်ယောက်နှင့် မျက်နှာချင်းဆိုင်မိကြသည်ဆိုရာ ထိုအခြင်းအ



ရာမှာ ဦးထွန်းဇော်၏မှန်နှင့် ထိုလူ၏လက်ရှိမှန်တို့သည် အလျဉ်းသင့်(ချိန်ကိုက်)သွားသည်နှင့် တစ်ယောက်ကိုတစ်ယောက် မြင်လိုက်ရခြင်း ဖြစ်ပေလိမ့်မည်။ ဤအချက်ကို လက်ခံခဲ့လျှင် အလွန်ဝေးလံသော အရပ်၌ရှိသည့် မှန်အချင်းချင်း အပြန်အလှန် အရိပ်ထင်၍ မြင်နိုင်ခြင်းမှာ ထိုဓာတ်မှန်၏ ထူးဆန်းသောသဘာဝပင် ဖြစ်ပေလိမ့်မည်။ ယင်းသို့ဆိုလျှင် ဦးထွန်းဇော်က အင်္ဂါဂြိုဟ်သားများကို မြင်ရရုံသာမက (ဤမှန်မျိုးလက်ကိုင်ရှိသော)အင်္ဂါဂြိုဟ်သားအချို့ကလည်း ကျွန်ုပ်တို့ကမ္ဘာသားများကို မြင်နိုင်ကြမည်သာ ဖြစ်လေသည်။ ဝတ္ထုအစ၌ ဖော်ပြခဲ့သော ဂျာမန်လောကဓာတ်ဆရာ၏ တွေးဆချက်အရ ကျွန်ုပ်တို့ ကမ္ဘာသားများအား စောင့်ကြည့်နေသူများ ရှိသည်ဆိုရာ မည်ကဲ့သို့သောနည်းဖြင့် စောင့်ကြည့်သည်ဟု မပြောပြနိုင်ခြားသော်လည်း သူ၏အတွေးအဆသည် မှန်ကန်သည့်လက္ခဏာ ရှိပေသည်။

ယုတ္တိရှိသော အခြင်းအရာတစ်ခု ထပ်လောင်းတွေ့ရှိရပြန်သည်မှာ ဦးတင်လှ၏ မှတ်စုစာအုပ်တစ်နေရာ၌ ဦးထွန်းဇော်သည် ဓာတ်မှန်ထဲ၌ အင်္ဂါဂြိုဟ်မျက်နှာပြင်၌ ညအချိန်၌ ကြည့်နေစဉ် ကောင်းကင်တွင် ပေါ်ထွက်လျက်ရှိသည့် ခုနစ်စဉ်ကြယ်စုကို မြင်ရသည်ဆို၏။ ဦးထွန်းဇော်ပြောပြသည့် အနေအထားအရ နက္ခတ်ဆရာကြီးတစ်ဦးအား ပြောပြသောအခါ ထိုနေ့ထိုရက်ထိုအချိန်တွင် ခုနစ်စဉ်ကြယ်စုကို ၎င်းအနေအထားအတိုင်း မြင်ရသည်ဆိုခြင်းမှာ အခြားသောနေရာများမှ မဖြစ်နိုင်၊ အင်္ဂါဂြိုဟ်မှနေ၍ ကြည့်ရသည့်အမြင်မျိုး ဖြစ်ရမည်ဟူ၍ ဆရာကြီးက ဘစ်ထစ်ချ ထွက်ဆိုလေသည်။

ထူးဆန်းသော အခြင်းအရာတစ်ခု ဖော်ပြရန် ကျန်သေးသည်မှာ ဦးထွန်းဇော်မှာ အင်္ဂါဂြိုဟ်သားများကို ဓာတ်မှန်ထဲ၌ မြင်ရဖန်များသောအခါတွင် သူတို့နှင့် ဆက်သွယ်ချင်သော စိတ်ဆန္ဒပေါ်ပေါက်လာ၏။ ဆိုလိုရင်းမှာ သူတို့ကို မြင်နိုင်သော ပုဂ္ဂိုလ်တစ်ဦးသည် ဤကမ္ဘာ၌ ရှိနေသည်ဟူ၍ သူတို့သိအောင် လုပ်ပြလို၏။ တစ်ခါက မှန်ထဲတွင် မျက်လုံးချင်းနီးကပ်စွာ တေ့ဆိုင်ဖူးသည့် အခြင်းအရာကို ဦးထွန်းဇော် သတိရ၏။ သို့ဖြစ်၍ ဤသို့သော အခွင့်အရေးမျိုး ပေါ်ပေါက်ဦးမည်ကို စောင့်မျှော်လျက်ရှိရာ တစ်ခါက ဓာတ်မှန်ထဲ၌ အင်္ဂါဂြိုဟ်သားတစ်ယောက်၏ မျက်နှာသည် နီးကပ်စွာပေါ်လာ၍ မျက်လုံးချင်းဆိုင်မိသည်နှင့်တစ်ပြိုင်နက် ဦးထွန်းဇော်က မှန်ကိုကိုင်လှုပ်ကာ 'ဘူးဝါး' ဟု အော်လိုက်၏။ နောက်တစ်ခဏ၌ မှန်ထဲ၌ လျှပ်စစ်မီးပစ်သကဲ့သို့ ဝင်းခနဲမြင်လိုက်ရသည်နှင့် ဦးထွန်းဇော်လန့်ပြီး သေတ္တာပေါက်မှ ခွာလိုက်မိရာ အနီးမှ စောင့်ကြည့်နေသော ဦးတင်လှသည်ပင် မိုးချုန်းသကဲ့သို့ ပြည်ဟိန်းသွားသောအသံကြီးကို သေတ္တာထဲမှ

www.burmeseclassic.com

www.burmeseclassic.com



ကြားလိုက်ရသေးသည်။ ဦးထွန်းဇော်သည် သေတ္တာပေါက်သို့ တစ်ဖန်ချဉ်းကပ် ပြန်ရာတွင် ထိုသူကိုမမြင်ရတော့ဟု ဆိုလေသည်။

ဦးတင်လှသည် ဦးထွန်းဇော်နှင့်အတူထိုင်လျက် ဦးထွန်းဇော်မြင်သည့်အတိုင်း ပြောပြသောအကြောင်းအရာများကို မှတ်သားရခြင်း၌ ငြီးငွေ့သည် မရှိဘဲ စိတ်ဝင်စားဆဲပင် ရှိနေသော်လည်း ကျောင်းသားများအား အစမ်းစာမေးပွဲပြုလုပ်၍ အဖြေစာရွက်များကို စစ်ဆေးရန် တာဝန်ရှိသောကြောင့် မအားမလပ်ဘဲ ရှိနေ၏။ သို့ဖြစ်၍ ဦးတင်လှ မအားမလပ်သည့် လေးငါးရက်အတွင်းတွင် ဦးထွန်းဇော်သည် ခတ်မှန်ကို မိမိ၏နေအိမ်ထဲတွင် ကြည့်တော့မည်ဆိုကာ ဦးတင်လှ၏အိမ်မှ ထွက် သွားလေသည်။ ဦးတင်လှမှာ ရက်သတ္တ တစ်ပတ်ခန့်တိုင်အောင် အလုပ်ရှုပ်နေခဲ့၍ ဦးထွန်းဇော်ကို သတိမရနိုင်မတတ် ဖြစ်ခဲ့၏။ ထိုအတောအတွင်း ဦးထွန်းဇော် လည်း တစ်ခေါက်တလေမှ မပေါက်လာခဲ့ချေ။

❖

၉ ရက်မြောက်သောနေ့၌ ဦးတင်လှသည် "ကိုယ့်လူ ငပိသားကောင်းလှ ချေသည်" ဟု သတိရ၍ အလုပ်ကိစ္စများလည်း ပြီးစီးသည်နှင့် ကုန်သည်လမ်းရှိ ဦးထွန်းဇော်၏ ကျူရီယိုဆိုင်သို့ သွားရောက်ခဲ့ရာ ဆိုင်အခြေအနေ တစ်မျိုးတစ်ဖုံ ဖြစ်နေသည်ကိုတွေ့ရ၍ ဦးတင်လှ အံ့သြသွား၏။ 'အိုဗျ ဆိုင်ရှင်တို့၊ ဈေးဝယ် လာနေတယ်ဗျ' ဟု အော်ပြောလိုက်သည်တွင် ရဟူဒီလူမျိုးတစ်ယောက် ထွက်လာ ၏။ ဦးတင်လှကမူ စာရေးတစ်ယောက် ငှားထားလေသလောဟု အောက်မေ့မိ၍ 'ခင်ဗျားဆရာ မရှိဘူးလား' ဟု အင်္ဂလိပ်လိုမေးလိုက်သည်။ ထိုလူသည် ဦးတင်လှ အား နားမလည်သောမျက်နှာထားနှင့် ကြည့်နေသဖြင့် 'ဦးထွန်းဇော် ဘယ်သွား သလဲ' ဟု ထပ်လောင်းမေးမြန်းသေး၏။ ဤတွင်မှ ရဟူဒီက သဘောပေါက်လာ၍ ဦးထွန်းဇော်သေဆုံးပြီး ဆိုင်ကို မယားဖြစ်သူက မိမိအားရောင်းခဲ့ကြောင်း ပြောပြ လေသည်။

အလွန်အံ့သြလှသော ဦးတင်လှသည် ကြက်သေ သေမတတ်ငေးကြည့် နေပြီးနောက် ဆိုင်ရှင်ရဟူဒီအား ဒေါ်သန်းတို့မိသားတစ်စု ပြောင်းရွှေ့သွားရာ အရပ်ကို မေးမြန်းရာ ရဟူဒီက ယမန်နေ့ကပင် ကျိုက်လတ်သို့ ပြောင်းသွားကြ သည်ဟု ပြန်ပြောလေသည်။ ဦးတင်လှသည် သူငယ်ချင်းဦးထွန်းဇော်သေဆုံးရ တကွ ခတ်မှန်ကလေးအကြောင်းကို မသိရဘဲ မနေနိုင်သော အခြေသို့ ရောက်နေ ရကား အခွင့်သုံးရက်ယူ၍ ကျိုက်လတ်သို့ လိုက်သွားလေသည်။ မယားဒေါ်သန်း



မှာ ဇာတိမြို့သူဖြစ်၍ ဦးတင်လှသွားပြီး စုံစမ်းရာတွင် ၎င်းမိသားတစ်စု နေထိုင်ကြ သောအိမ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားလေ၏။

ဒေါ်သန်းအား စုံစမ်းမေးမြန်း၍ သိရှိရသည်များမှာ ဦးထွန်းဇော်သည် မှန်ကလေးပျောက်သွားပြီးသည့်နောက် ဆိုင်၌ နေတော့သည်မရှိဘဲ နေ့စဉ်နှင့်အမျှ ထွက်သွား၍ စားရုံသောက်ရုံမျှသာ ပြန်လာတော့ကြောင်း။

တစ်ညနေတွင် ပျောက်သွားသော မှန်ကလေးကိုပြန်ယူလာပြီး ထိုည၌ အောက်ဆင်း၍ ဘာလုပ်သည်မသိ၊ မိမိမှာ စိတ်ကောက်ကောက်နှင့် အိပ်လိုက် ကြောင်း၊ နံနက်လင်း၍ သမီးမဂျမ်းဒေါ်က ဆိုင်ဖွင့်မည်ဟု ထလာရင်း အလန့်တ ကြား အော်လိုက်သဖြင့် မိမိဆင်းပြေးကြောင်း၊ ဆိုင်ခန်းသို့ရောက်သောအခါ ဦး ထွန်းဇော်မှာ မှန်ကလေးထည့်ထားသော သေတ္တာကလေးကိုပိုက်လျက် အသက် မရှိဘဲ ဖြစ်နေသည်ကို တွေ့ရကြောင်း၊ ဆရာဝန်ကမူ ဦးထွန်းဇော်သေနေသည်မှာ ၄ နာရီထက်မနည်းကြာပြီဖြစ်၍ သန်းခေါင်ကျော်လောက်က သေဆုံးဟန်ရှိသည် ဟု ထွက်ဆိုကြောင်း ပြောပြလေသည်။

လှ။ ။'ဆိုင်ကို ဘယ်လောက်နဲ့ ရောင်းလိုက်သလဲ'

သန်း။ ။'၃၅၀၀ ကျပ်နဲ့ ရောင်းခဲ့ပါတယ်'

လှ။ ။'ဒို့ သူ့အဲဒီမှန်ကလေးဟာကော'

သန်း။ ။'ဆိုင်ဝယ်လိုက်တဲ့ ရဟူဒီဆီမှာ ရှိမှာပေါ့၊ ကျွန်မဖြင့် ဒီမှန်ကို စိတ်နာ လွန်းလို့ လွှင့်တောင်ပစ်ချင်တယ်'

ဦးတင်လှမှာ အရပ်မဆိုးစေရုံမျှလောက်သာ ထိုင်ခဲ့၍ ချက်ချင်းလိုပင် ရန်ကုန်သို့ ပြန်ခဲ့လေသည်။ သင်္ဘောဆိုက်သည်နှင့်တစ်ပြိုင်နက် ဦးတင်လှသည် အိမ်သို့ မသွားသေးဘဲ ကုန်သည်လမ်းရှိ ကျူရီယိုဆိုင်သို့ တန်း၍သွားပြီးလျှင် ဆိုင်ရှင်ရဟူဒီအား မှန်ကလေးအကြောင်းကို စုံစမ်းလေသည်။ ရဟူဒီက ဤနေ့ နံနက်လယ်ကပင် အိန္ဒိယတိုင်းသားနှစ်ယောက်တို့အား ရောင်းလိုက်ကြောင်းပြော၍ ဦးတင်လှ ပက်လက်လန်သွားလေသည်။ ဦးတင်လှလည်း ဦးထွန်းဇော်ထံမှ ဤ အကြောင်းကို ကြားဖူးသည်နှင့်...

လှ။ ။'ဘယ်လို အိန္ဒိယတိုင်းသားတွေလဲဗျ'

ဒီ။ ။'ဘိုလိုဝတ်တဲ့ အထက်တန်းစားတွေပဲ၊ တစ်ယောက်က ခပ်ကြီးကြီး တစ်ယောက်က လူငယ်ပဲ'

'အငယ်လူက မြင့်တယ်၊ အကြီးလူက ပုတယ်၊ ဟုတ်လား'

'မှန်ပါတယ်၊ ခင်ဗျားသိလား'

'သိတယ်ဆိုပါတော့၊ ဘယ်လောက်နဲ့ ရောင်းလိုက်သလဲ'

www.burmeseclassic.com

www.burmeseclassic.com



'၃၅ ကျပ်နဲ့ ရောင်းလိုက်တယ်'

'ခင်ဗျားက ဘယ်လောက်တောင်းသလဲ'

'၃၅ ကျပ်တောင်းတယ်'

'ခြောက်လက်မလောက်ရှိတဲ့ မှန်ကလေးကို ခင်ဗျားက ၃၅ ကျပ် တောင်းရဲ သလား'

'သူတို့မျက်နှာထားတွေ မြင်ကတည်းက ဒီလောက်တောင်းရင် ရလိမ့်မယ် လို့ ကျွန်တော် သိပြီးပဲ'

ဤကား ရဟူဒီလူမျိုးတို့၏ ရောင်းရေးပါးနပ်မှုပေတည်းဟု ဦးတင်လှက သဘောကျ၏။

'သူတို့က ဈေးဆစ်သလား'

'အကြီးလူက ၂၅ ကျပ်ဆစ်တယ်၊ ကျွန်တော်က မရောင်းတော့ ဝယ်သွား တယ်'

'ဒီမှန်ကလေးဟာ ၁ ကျပ်၊ ၂ ကျပ်အပြင် ပိုမတန်ဘဲနဲ့ ဘာကြောင့် ၃၅ ကျပ်ပေးပြီး ဝယ်သွားကြတယ်ထင်သလဲ'

'ကျွန်တော်တို့ ကျူရိုယိုဆိုင်အလုပ်က ဒီလိုပဲ၊ ထူးထူးဆန်းဆန်း အဟောင်းပစ္စည်းဆိုရင် တန်ဖိုးရှိတယ်'

'ဒီမှန်ကလေးဟာက ဘာများထူးဆန်းလို့လဲ'

'ခွက်ခွက်ရှိတယ်၊ အကွက်ကလေးတွေပါတယ်၊ ဒီဟာမျိုး ဘယ်မှာ ရှိသလဲ'

'နို့ သေတ္တာကော'

'သူတို့ကို ပေးလိုက်တယ်'

'ခင်ဗျားက မှန်ကိုဘယ်လိုထားသလဲ'

'သေတ္တာကလေးပေါ်မှာ ထောင်ထားတယ်'

'သူတို့က ဒီမှန်နဲ့ ဒီသေတ္တာနဲ့အတူတူ အသုံးချရတယ်လို့သိသလား'

ရဟူဒီသည် ဤမျှဆန်းစစ်သော ဦးတင်လှအား အံ့သြဟန်နှင့် မော့ကြည့် သည်။

'မပြောတတ်ဘူး၊ ကျွန်တော် နားမလည်ဘူး။ သို့သော် သေတ္တာကလေး ကို သူတို့မြင်တော့ အံ့သြပုံရတယ်။ ဘာမှတော့ မပြောဘူး'

ဦးတင်လှမှာ ဤမျှထက်ပို၍ မေးမြန်းရန်မရှိသည်နှင့် အိမ်သို့ပြန်လာခဲ့သေ ၏။

❖



ကျွန်ုပ်သည် အထက်ပါအခြင်းအရာများကို ဦးတင်လှထံမှ ကြားနာရ သောအခါ၌ ပန်းကန်ပြားပုံများ သတင်းသည် မပေါ်ပေါက်ခဲ့သေးချေ။ သို့သော် လောကဓာတ်ပညာဘက်မှာ အတော်အတန် ကျွမ်းကျင်သောပုဂ္ဂိုလ်တစ်ဦးဖြစ် သောကြောင့် ၎င်း၏အယူအဆများကို သိလိုသည်နှင့် မေးမြန်းစုံစမ်းသေးသည်။

နုပ်။ ။'ခင်ဗျား ဘယ့်နှယ်ထင်သလဲ၊ တကယ်သတ္တိထူးရှိတဲ့ မှန်ပဲလားဗျ'

လှ။ ။'ကျွန်တော်တော့ ယနေ့တိုင် မဆုံးဖြတ်နိုင်သေးဘူးဗျာ၊ ကျွန်တော်ကိုယ် တိုင်ကြည့်တော့ မှုန်ရီမှုန်ဝါးလောက်ပဲ မြင်ရတယ်၊ ဦးထွန်းဇော်ကျတော့ ထင်းလို့တဲ့ဗျ'

'တကယ်သတ္တိထူးရှိတယ်လို့ လက်ခံရင် ဘယ်လိုယူဆရမလဲဗျာ'

'ကျွန်တော့် တွေးလုံးကတော့ အင်္ဂါဂြိုဟ်သားတွေဟာ လောကဓာတ် ပညာအရာမှာ ဒီကမ္ဘာသားတွေထက် စွမ်းလေတော့ ဒီကမ္ဘာကိုတောင် ရောက်ဖူး နေကြပြီထင်တယ်။ ဒီမှန်ဟာ ဒီကမ္ဘာသားရဲ့လက်ရာနဲ့ မတူဘူး၊ ကွပ်ထားတဲ့ သတ္တုကလည်း အဆန်းဗျ၊ ရွှေမဟုတ်ပေမဲ့ အညှိမတက်ဘူးဗျ၊ ပြီးတော့ မှန်ကို တွတ်ကွက်တွေ ဖော်ထားတယ်လို့ ဘယ်မှာ ခင်ဗျား တွေ့ဖူးသလဲ'

'အိန္ဒိယတိုင်းသားနှစ်ယောက်ဆိုတာ ဘယ်လိုဟာထင်သလဲဗျ'

'လောကဓာတ်ဆရာတွေနဲ့ပဲ တူတယ်၊ ဒီမှန်မျိုးအကြောင်းကို ကြားဖူးကြ လေရော့လား မဆိုနိုင်ဘူး'

'ဦးထွန်းဇော်သေတာကောဗျာ၊ ဘာကြောင့်ထင်သလဲ'

လှ။ ။'ကိုယ့်လူက သူတို့ကို ခဏခဏနှောင့်ယှက်လေတော့ သူတို့အတတ်နဲ့ သတ်လိုက်တယ်လို့ တွေးရမလိုဖြစ်နေတယ်ဗျ'

'ဘယ်ပုံနှောင့်ယှက်တာလဲ'

'သူတို့ကို ခေါ်စမ်းလား ဘာလားလုပ်တယ် ဟုတ်လား၊ ဒါကို သူတို့က ကြိုက်ချင်မှကြိုက်မယ်ဗျ'

'ဒီတိုင်း မှန်ရင်တော့ အသက်ပေးပြီး စုံစမ်းမိရာ ရောက်နေတော့တာပေါ့'

'လောကဓာတ်ပညာဘက်မှာ အသက်ပေးပြီး စုံစမ်းသွားကြတဲ့လူတွေ အပုံပေါ့ဗျ။ ဒါမျိုးက အဆန်းမဟုတ်တော့ပါဘူး'

[H.G.Wells ၏ The Crystal Egg ကို မှီသည်]

[သွေးသောက်၊ အမှတ် (၁၀၈)၊ ခန့်မှန်းစိုင် ... ]

■

www.burmeseclassic.com

# လူဆိုးခေတ်

အင်္ဂလိပ်ပြေး၍ ဂျပန်မဝင်ခင် မြန်မာပြည်ရှိ မြို့များတွင် လူဆိုးများသည် သုံးလေးရက်မျှ တန်ခိုးကြီးခဲ့ကြဖူးလေသည်။ အချို့သော မြို့ကြီးများ၌ မြို့သူမြို့သားများအား ၂၄ နာရီအတွင်း ထွက်ခွာရမည်ဟု အင်္ဂလိပ်အစိုးရက သတိပေးသော်လည်း အချို့သောမြို့များ၌မူ အရာရှိများနှင့် ပုလိပ်များသည် ကိုယ်လွတ်ရုန်းကာ ထွက်ပြေးကြ၍ မြို့သူမြို့သားများအား တိမ်းရှောင်ရန် အမိန့်ထုတ်ဖို့ သတိမရကြချေ။ ကသာမြို့မှာ ထိုကဲ့သို့ သတိမရသော မြို့တစ်မြို့ဖြစ်၍ အစိုးရဘက်ဆိုင်ရာတို့ ထွက်ပြေးကြသည့်နောက် မင်းမဲ့တိုင်းဖြစ်လျက် လူဆိုးများသည် မြို့သူမြို့သားအပေါ်တွင် သဘောရှိ အုပ်စိုးကြလေသည်။

ကသာမြို့မှ အစိုးရအရာရှိများ ထွက်ပြေးကြသည့်နောက်၊ ချန်ကေရှိတ်၏ တရုတ်စစ်တပ်များ ရောက်လာကြ၏။ ၎င်းတရုတ်စစ်တပ်များမှာ ဗြိတိသျှအစိုးရက ချန်ကေရှိတ်ထံမှ တောင်းယူ၍ ဂျပန်ကိုခုခံတိုက်ခိုက်ရန်ဆိုကာ ရောက်လာကြခြင်းဖြစ်ရာ ၎င်းတို့သည် ဂျပန်ကိုတိုက်ခြင်းထက် ရောက်လေရာအရပ်၌ နယ်သူနယ်သားများကို ဓားပြတိုက်၍ အောက်မှအထက်သို့ ဂျပန်ချီတက်တိုင်း ဆုတ်ခွာလာကြသည်တွင် ကသာမြို့သို့ ရောက်လာကြခြင်း ဖြစ်လေသည်။ ချန်ကေရှိတ်၏ တရုတ်စစ်တပ်များမှာ များသောအားဖြင့် ချည့်နဲ့သော တရုတ်ဘိန်းစားများနှင့် သေနတ်ကို မကိုင်နိုင်သည့် ၁၆ နှစ်အရွယ် တရုတ်သူငယ်ကလေးများ ပါဝင်ကြရာ ၎င်းတို့သည် ဖောင်တိန်နှင့် နာရီကို မမြင်ဖူးကြသည့်လက္ခဏာနှင့် အကင်းပါး



သော နယ်သူနယ်သားများထံတွင် မြင်ရတိုင်း အဆန်းအသစ်သဘောနှင့် ဖြုတ်ယူဘတ်ကြလေသည်။ တစ်ရာတန်သော လက်ပတ်နာရီကို အင်္ဂလိပ်စက္ကူအနွမ်း ၅ ကျပ်တန်ကလေးနှင့် ဖွတ်အတင်းဝယ်သူကဝယ်၍ အလကားဖြုတ်ယူသော တရုတ်စစ်သားများလည်း မရှားလှချေ။

မေလဆန်းတွင် ဗုံးချ၍ မေလ ၁၀ ရက်နေ့ည၌ ဂျပန်မဝင်မီ ကသာမြို့မှာ တရုတ်စစ်သားများ ကြီးစိုး၍ လူဆိုးများသည်လည်း တန်ခိုးကြီးလျက်ရှိကြ၏။ ထိုရက်များတွင် မြို့သူမြို့သားများသည် လူဆိုးများပြသမျှ ခံကြရ၍ တရုတ်စစ်ဗိုလ်ထံသို့ ပေါက်ရောက်အောင် တိုင်ကြားဝံ့သူလည်းမရှိ၊ တိုင်ကြားပြန်လျှင်လည်း အရေးယူမည် မယူမည်မသိရချေ။ လူဆိုးများသည် အင်္ဂလိပ်အစိုးရလက်ထက်ကတည်းက ရှိကြသူများ ဖြစ်သော်လည်း အဆိုပါရက်သတ္တပတ်အတွင်း ဘယ်ကဲ့သို့ နာမည်ကြီးသွားကြသည်မသိ။ "ပါးရွဲ့ငသိန်း"နှင့် "ခြေတိုဘထူး" ဆိုသူတို့မှာ မေလမတိုင်မီက ကြားဖူးချင်မှ ကြားဖူးကြမည်ဖြစ်သော်လည်း မေလ ၇ ရက်၊ ၈ ရက်နေ့များတွင် ကလေးသူငယ်ကစ သိနေကြရလေပြီ။ မြို့နယ်တစ်နယ်တွင် မင်းမဲ့အခြေသို့ ရောက်သွားသည်ဆိုက လူဆိုးများ နာမည်ကြီးလွယ်ခြင်းမှာ အံ့ဩဖွယ်ကောင်းလှသည်။ ပါးရွဲ့ငသိန်းနှင့် ခြေတိုဘထူးတို့၏ နာမည်များကို ကြေညာပေးသည့် သတင်းစာမရှိသော်လည်း ထိတ်ထိတ်ပျာပျာ ရှိနေကြသော ထိုအချိန်တွင် လူများသည် တခြားစကား ပြောစရာမရှိ၊ ဘယ်သူဆိုး၍ ဘယ်သူမိုက်သည်ဆိုခြင်းကို တိုးတိုးတိတ်တိတ် လက်ဆင့်ကမ်းပြောတတ်ကြသောကြောင့် သုံးလေးငါးရက်အတွင်း ဤမျှလောက် နာမည်ကြီးကြခြင်းဖြစ်ဟန်တူလေသည်။

ထူးဆန်းသောအခြင်းအရာတစ်ခုမှာ လူကောင်းများက လူဆိုးများကို ကြောက်ကြရသည်ဆိုခြင်းသည် မပြောပလောက်သေး၊ လူဆိုးအချင်းချင်း တန်ခိုးကြီးစဉ်ငယ်လိုက် ကြောက်ကြရပုံများမှာ အံ့ဖွယ်ရာ ကောင်းလှသည်။ သို့ဖြစ်၍ အခြားသော လူဆိုးများသည် ပါးရွဲ့ငသိန်းနှင့် ခြေတိုဘထူးဆိုလျှင် ရိုးတွင်းခြင်ဆီမှ စိမ့်၍ လန့်ကြ၏။ ပါးရွဲ့ငသိန်းသို့မဟုတ် ခြေတိုဘထူးက စိတ်ဆိုးသည်ဟု ကြားလိုက်ရသောလူဆိုးတစ်ယောက်သည် တရားခွင်၌ စက်ရှင်တရားသူကြီးက သေဒဏ်ချပေးသည်ကို ကြားလိုက်ရခြင်းကဲ့သို့ တုန်လှုပ်ချောက်ချားလေသည်။ အင်္ဂလိပ်ခေတ်၌ လူသတ်မှုတရားခံသည် နယ်ခံတို့ဖြတ်ကူး၍ [illegible] တစ်နိုင်ငံသို့ ထွက်ပြေးရန် ကြိုးစားသေး၏။ 'ငသိန်းနှင့် ဘထူး [illegible] ဘယ်' ဟူသော စကားကို ကြားလိုက်ရသောလူဆိုးတစ်ယောက်မှာမူ [illegible] ပေါက်မရှိသကဲ့သို့ ကြက်သေ သေသွားတတ်လေသည်။ [illegible] ကလေးက ကြောက်ရပုံမှာ ထိုရက်များ၌ တအံ့တဩရှိနေပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤတွင် ပါးရွဲ့သေိန်းသည် ထိုင်ရာမှ ထမည်ပြုသေးရာ ခြေတိုဘထူးက 'ဗျို့ကိုသိန်း၊ ကိုယ့်အလုပ် ပျက်ကုန်ပါ့မယ်' ဟု သတိပေးလိုက်မှ ထိုင်ချလိုက်သည်။

ပါး။ ။'ကောင်းပြီကွာ၊ ဦးရည်တစ်ပုလင်းနဲ့ အစိမ်းကြော်တစ်ပွဲယူခဲ့'

ခေါင်။ ။(ထိုင်ရာမှမထဘဲ)'ဟေ့ အရှူး၊ အစိမ်းကြော်တစ်ပွဲ။ ဟေ့ ကိုထွန်းမြွေ ဦးရည်တစ်လုံး ယူခဲ့ဗျာ' ဟု အသီးသီးပြောလိုက်ပြီးနောက် တူများကို ဆက်လက်၍ အဝတ်စုတ်ဖြင့် ပွတ်တိုက်နေသည်။

ထူး။ ။'ထွန်းမြွေဆိုတာ ရွှေဘိုသားမှတ်တယ်၊ ဟုတ်လား'

မြွေ။ ။'ဟုတ်တယ် ရွှေဘိုအနောက် မယ်သလီကုန်းက'

ပါး။ ။'မယ်သလီကုန်းရယ်လို့ ကြံကြံဖန်ဖန်ကွာ၊ မဲဇလီကုန်းမဟုတ်လားကွ'

မြွေ။ ။'မခေါ်တတ်ဘူးဗျ၊ ကျုပ်တို့ တစ်သက်လုံး မယ်သလီကုန်းခေါ်တာပဲ'

ထူး။ ။'အေးလေ ခေါ်ချင်တာခေါ်ပါ၊ ဦးရည်ပုလင်းသာ ယူခဲ့ပါ'

ထွန်းမြွေသည် ကြွက်လျှောက်ပေါ်၌ထောင်ထားသော ပုလင်းများအနက်မှ တစ်လုံးကို ယူပြီးလျှင် ခြောက်မြောင့်စားပွဲသို့ လာ၍တင်ထားသည်။

ပါး။ ။'တရုတ်စစ်သားတွေ ဒီဘက်ကို မလာဘူးလားဟေ့သာဂေါင်'

ခေါင်။ ။'နေ့ခင်းမှလာတယ်၊ ညမှာ မလာပါဘူး'

ပါး။ ။'မင်းစကားပြောတာ တိုတောင်းတောင်းနဲ့၊ မင်းက လူလည်လုပ်တာလား'

ခေါင်။ ။'ဘာ လူလည်လုပ်လို့လဲ'

ထူး။ ။'ဟေ့ ကိုသိန်း၊ စကားမရှည်စမ်းပါနဲ့၊ အလုပ်ပျက်ကုန်ပါ့မယ်ဗျ'

ပါး။ ။'ဟုတ်ဘူးဗျ၊ ဒီငနဲစကားပြောပုံက မာဆတ်ဆတ်နဲ့ဗျာ'
ဘထူးသည် သာဂေါင်သို့ လှမ်းကြည့်ပြီးနောက်...

ထူး။ ။'မာချင်မာ ဆတ်ချင်ဆတ်၊ နောင်ခါလာ နောင်ခါဈေးပေါ့ဗျာ၊ တစ်ခုမပြီးသေးဘဲနဲ့တစ်ခုသွားလုပ်ရင် တန်းလန်းတွေ ဖြစ်ကုန်မယ်ဗျ'

ပါး။ ။'ဟေ့ သာဂေါင်'

ခေါင်။ ။'ဘာလဲ'

ပါး။ ။'တုံးတိတိကြီးကွာ မင်းဟာက'

ခေါင်။ ။'ဒီလို ကျုပ် ပြောတတ်တာပဲ'

ပါး။ ။'ခုနင်တုန်းကမှ ဆရာနဲ့ဘာနဲ့ ထည့်ပြောသေးတယ်၊ အခု ဘာဖြစ်သွားတာလဲ'

ထူး။ ။'ဗျို့ ကိုသာဂေါင်၊ ပြောနေကျအတိုင်း ပြောပါဗျာ'

ခေါင်။ ။'ပြောနေကျမပြောလို့ ကျုပ်က ဘယ့်နှယ်ပြောသေးလို့လဲ'



ဤတွင် ပါးရွဲ့သေိန်းသည် စကားပြောမည်ပြုစဉ် နောက်ဖေးဆောင်မှ အရှူးသည် အစိမ်းကြော်တစ်ပွဲ ယူလာသည်နှင့် စကားပြတ်သွား၏။ အရှူးသည် သာဂေါင်သို့ လှမ်းကြည့်ရာ သာဂေါင်သည် ခြောက်ထောင့်စားပွဲကလေးဘက်သို့ မေးငေါ့ပြလိုက်သည်နှင့် အစိမ်းကြော်ပွဲကို လူနှစ်ယောက်၏ရှေ့၌ ချထားခဲ့သည်။ သာဂေါင်သည် တူများကို သုတ်သင်ပြီး၍ သံဖြူခွက်ထဲသို့ ထည့်ပြီးနောက် ဆေးပေါ့လိပ်သောက်ကာ စားပွဲတစ်ခု၌ ထိုင်လေသည်။

ပါးရွဲ့နှင့် ခြေတိုတို့သည် ဦးရည်နှင့် အစိမ်းကြော်ကို စားသောက်ရင်း–

ပါး။ ။'ထွီ... မင်းတို့ဟာက ဦးရည်ဆိုပြီး ပုံ့ရည်တွေပါလားကွ'

ခေါင်။ ။'ဒီဟာက ဦးရည်ပဲ၊ ပုံ့ရည်လိုချင် ရှိတယ်'

ပါး။ ။'ပုံ့ရည်လိုချင်တာ မဟုတ်ဘူးကွ၊ ဦးရည်လိုချင်တာ'

ခေါင်။ ။'အဲလေ ဒီဟာဦးရည်ပဲ၊ ခင်ဗျားက ဘာကြောင့် ပုံ့ရည်လို့ပြောသလဲ၊ ဟေ့ ကိုထွန်းမြွေ ပုံ့ရည်ပြလိုက်ပါဗျာ'

ထွန်းမြွေသည် ပုလင်းတစ်လုံးကို ယူလာ၍ လူနှစ်ယောက်၏ရှေ့၌ ချသား၏။ ပါးရွဲ့သည် ပုလင်းနှစ်လုံးကို နှိုင်းယှဉ်ကြည့်ရာ ပုလင်းအနက်ချည်းဖြစ်သောကြောင့် မခွဲခြားနိုင်သည်နှင့် ဖန်ခွက်ထဲသို့ ငုံ့ကြည့်၏။ ဖန်ခွက်များသည်း ဘီလပ်ရည်ပုလင်း ဖင်ပြတ်များဖြစ်သောကြောင့် အရက်များ၏ ကြည်ခြင်း၊ နောက်ခြင်းမှာ မသိမသာ ရှိနေတော့သည်။

ပါး။ ။'ကိုင်းကွာ ရှိပါစေတော့။ မင်းတို့ဦးရည်ဆိုလည်း ဦးရည်ပါပဲ' ဟု ဆိုကာ ဒုတိယပုလင်းကို ထွန်းမြွေလက်သို့ ပြန်ပေးလိုက်သည်။

ဦးရည်တစ်ပုလင်းကုန်၍ ဒုတိယပုလင်း မှာယူသောက်ကြရာတွင်–

ပါး။ ။'ဟေ့ သာဂေါင်'

ခေါင်။ ။'ဘာလဲ'

ပါး။ ။'မင်းက လူလည်လားကွ'

ခေါင်။ ။'ခင်ဗျား ထင်သလိုပေါ့'

ပါး။ ။'ဘယ့်နှယ် ငါထင်သလိုဖြစ်နိုင်ပါ့မလဲ၊ မင်းလူလည်မဟုတ်ဘဲနဲ့ ငါက လူလည်ထင်နေရင် မှန်နိုင်ပါ့မလား'

ခေါင်။ ။'မှန်တာ မမှန်တာ မသိဘူး၊ ခင်ဗျားထင်တာ ဟုတ်တာပဲ'

ပါး။ ။'ဩော် မင်းက ငါ့ကို မငြင်းဘူး။ ငါထင်တာဟုတ်တယ်၊ ဒီလိုပြောသလား။ ဟီ... ဟီ... ဟီ... ဒါဖြင့် ဒီလူ လူလည်ပဲ၊ ဟီ... ဟီ... ဟီ... ဟေ့ ထွန်းမြွေ မင်းကောလူလည်လားကွ'

မြွေ။ ။'ကျုပ်နားမလည်ပေါင်ဗျာ'

www.burmeseclassic.com

www.burmeseclassic.com



ထူး။ ။'လူလည်ဖြစ်မှာပေါ့ ကိုသိန်းရ၊ လူလည်မို့လို့ ရွှေဘိုက ဒီ ကသာရောက်နေတာပေါ့ ဟား... ဟား... ဟား'

ပါးရွဲ့သိန်းနှင့် ခြေတိုဘထူးတို့မှာ အရက်သမားထုံးစံအတိုင်း အူရွှင်ချည်တစ်ခါ၊ စိတ်ထန်ချည်တစ်လှည့်ဖြင့် ရှိနေကြ၍ အကြောင်းလုံလောက်စွာမရှိဘဲ ရယ်မောခြင်း၊ အကြောင်းလုံလောက်စွာမရှိဘဲ စိတ်ဆိုးခြင်းစသည့်ဖြင့် တစ်လှည့်စီ ပြောင်းလဲလျက်ရှိကြလေသည်။

ပါး။ ။'ဟေ့ ဖိုးသာဂေါင်'

ဂေါင်။ ။'ဘာလဲ'

ပါး။ ။'နောက်ဖေးက ပေါက်ဖော် ဘယ့်နှယ်ခေါ်သလဲ'

ဂေါင်။ ။'တရုတ်အဘိုးကြီး ပြောတာလား'

ပါး။ ။'အေးလေ အစိမ်းကြော်ပွဲယူခဲ့တဲ့ ပေါက်ဖော်ပေါ့'

ဂေါင်။ ။'အရှူးခေါ်တယ်'

ပါး။ ။'ခေါ်လိုက်စမ်းပါ၊ အရှူးကို'

ဂေါင်။ ။'ဘာလုပ်မလို့လဲ'

ပါး။ ။'ခေါ်လိုက်စမ်းပါ၊ ဒီခဏလို့'

ဂေါင်။ ။'လိုချင်တာရှိ ကျုပ်ကိုပြောပါ၊ ကျုပ်မှာပေးမှာပေါ့'

ပါး။ ။'ခေါ်လိုက်စမ်းပါ'

သာဂေါင်သည် ဖျန်ဖြေနေကျဖြစ်သော ခြေတိုဘထူး၏ မျက်နှာကိုလှမ်းကြည့်သေး၏။ သို့ရာတွင် ဘထူးက တစ်စုံတစ်ရာ စွက်ဖက်ခြင်း၊ ကန့်ကွက်ခြင်း မရှိဘဲ ပြုံးစိစိကြည့်နေလေသည်။

ပါး။ ။(ထပ်လောင်း)'အရှူးကိုခေါ်လိုက်ပါ'

ဂေါင်။ ။(အတန်ငယ်ဆိုင်းနေပြီး)'ဗျို့ အရှူး'

အရှူးသည် ခါးတွင် အဝတ်ကြီးပတ်လျက် အပေါက်ဝသို့ လာရပ်၍ 'ဘာလိုချင်သလဲ ဆရာကြီး'ဟု မေး၏။ ပါးရွဲ့က 'ဒီကိုလာခဲ့'ဟု ခေါ်လိုက်ရာ အရှူးသည် သာဂေါင်၏မျက်နှာကို လှမ်းကြည့်နေသဖြင့် သာဂေါင်က ဦးခေါင်း ညိတ်ကာ ထောက်ခံချက်ပေးလိုက်၍ ထိုအခါမှ အရှူးသည် ဆိုင်ရှေ့သို့ ထွက်လာ တော့သည်။

ပါးရွဲ့သည် အရက်ရောင်းသော ထွန်းမြေ့ဘက်သို့လှည့်၍–

ပါး။ ။'ဟေ့ထွန်းမြေ့'

မြေ့။ ။'ဘာလဲဗျ'

ပါး။ ။'ဘာလဲ လုပ်မနေနဲ့၊ ထွက်ခဲ့စမ်း'



ထွန်းမြေ့သည် ဆိုင်ရှင်သာဂေါင်ကို လှမ်းကြည့်သေး၏။ သာဂေါင်က ဦးခေါင်းညိတ်လိုက်သောအခါမှ စားပွဲခုံရှည်ကြီးကို ကျော်လွှား၍ ထွက်လာခဲ့၏။

ပါး။ ။'အရှူးအနားမှာ ရပ်နေ'

ထွန်းမြေ့လည်း ပြောသည့်အတိုင်း အရှူးနှင့်ယှဉ်လျက် ရပ်နေ၏။

ဤတွင် ပါးရွဲ့သည် ထိုင်ရာမှထ၍ အရှူးနှင့် ထွန်းမြေ့အနီးသို့ သွားပြီးလျှင်...

ပါး။ ။'ဟိုဘက် လှည့်လိုက်ကြစမ်း'

အရှူးနှင့် ထွန်းမြေ့သည် ခိုင်းသည့်အတိုင်း လှည့်လိုက်ကြသည်။

ပါး။ ။'လက်တွဲလိုက်ကြ'

လက်တွဲလိုက်ကြသည်။

ပါး။ ။'ရှေ့ကိုတည့်တည့်လျှောက်'

ထွန်းမြေ့က နောက်သို့ လှည့်ကြည့်နေသေး၏။

ပါး။ ။'ဘာကြည့်တာလဲကွ၊ လျှောက်ဆိုလျှောက်'

ဤတွင်မှ ထွန်းမြေ့နှင့်အရှူးသည် ရှေ့သို့လျှောက်ကြရာ အပေါက်နှင့် ဘည့်လျက်ရှိသဖြင့် နောက်ဖေးမီးဖိုချောင်သို့ ရောက်သွားစဉ် ပါးရွဲ့လည်း ၎င်းတို့ နောက် လိုက်ပါသွားသည်။

မျက်မှေးသာဂေါင်သည် ဆေးပေါ့လိပ်တဖွားဖွားနှင့် ခြေတိုဘထူးသို့ ကြည့်နေ၏။

ဘထူးကမူ သာဂေါင်၏မျက်နှာကိုမကြည့်ဘဲ အရက်ခန်း၌ ချိတ်ထားသော မှန်တစ်ချပ်သို့ ကြည့်နေ၏။ မှန်ထဲ၌ကား သာဂေါင်၏အရိပ် ပေါ်ထွက်နေသည်ကို မြင်ရသည်။

ဂေါင်။ ။'ခင်ဗျားတို့ ဘာလုပ်ကြတာလဲ'

ထူး။ ။'ဗျို့ ကိုသိန်း၊ ဟောဒီမှာသာဂေါင်က မေးနေတယ် ဘာလုပ်ကြတာလဲတဲ့'

မီးဖိုချောင်၌ရှိသော ပါးရွဲ့၏အသံက 'မင်းဘာသာပြောပါတော့လားကွ'

ထူး။ ။'ဘာလုပ်ကြမယ် ထင်သလဲ'

ဂေါင်။ ။'ဆိုနိုင်ဘူးလေ'

ထူး။ ။'မင်းထင်တာ ပြောစမ်းပါ'

ထိုအတောအတွင်း ခြေတိုဘထူးသည် သာဂေါင်၏မျက်နှာကို မကြည့်ဘဲ မှန်ထဲ၌ ပေါ်ထွက်လာသော သာဂေါင်၏အရိပ်ကို ကြည့်လျက် ပြောနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ခေါင်။ ။'ကျုပ် မထင်တတ်ပါဘူး'

ထူး။ ။'ဗျို့ ကိုသိန်း၊ ဟောဒီမှာ သာခေါင်က ပြောနေတယ်၊ ကျုပ်တို့ ဘာလုပ်ကြမယ်လို့ သူမထင်တတ်ဘူးတဲ့'

ပါး။ ။'ငါ ကြားပါတယ်ကွ'

ဤခဏ၌ ပါးရွဲ့သိန်းသည် မီးဖိုချောင်မှလာ၍ အပေါက်၌ရပ်ပြီးလျှင်—

ပါး။ ။'ဒီမှာကြည့်စမ်း သာခေါင်၊ နည်းနည်း ထစမ်း၊ ဟောဒီဘက်ကထိုင်ဟေ့ ဘထူး မင်းက ဒီဘက်နည်းနည်းရွှေ့ထိုင်' စသည်ဖြင့် ဓာတ်ပုံရိုက်ခါနီးတွင် မှန်ချိတ်သော ဓာတ်ပုံဆရာကဲ့သို့ သာခေါင်နှင့်၊ ဘထူးတို့၏ အနေအထိုင်များကို ပြုပြင်ပေးပြီးမှ မီးဖိုချောင်ထဲသို့ ပြန်ဝင်သွားသည်။

သာခေါင်ကို ဆေးပေါ့လိပ်ဖွာလျက် ဘထူးကို ကြည့်လျက်ရှိ၏။

ထူး။ ။'ဘာကြည့်တာလဲ၊ ဘာပြောချင်လို့လဲ ဆိုစမ်း'

သာခေါင်သည် မည်သို့မျှ ပြန်မပြောဘဲ ဆေးလိပ်ကို ဖွာလျက်ရှိသည်။

ထူး။ ။'ငါတို့ ဘာလုပ်ကြမယ်ဆိုတာ မင်းသိချင်သလား'

ခေါင်။ ။'သိချင်တယ်'

ထူး။ ။'သိချင် ငါပြောမယ်၊ ငါတို့ "ကျားကိုးစီး"ကို သတ်မလို့ကွ'

"ကျားကိုးစီး" ဆိုသည်မှာ ကရင်လက်ဝှေ့သမားတစ်ယောက်၏ နာမည်ဖြစ်ရာ အလွန်ထွားကျိုင်းသဖြင့် ကျားကိုးစီး စား၍မကုန်ဆိုသော စကားပုံအရ ကျားကိုးစီးဟူ၍ နာမည်ပေးထားကြခြင်း ဖြစ်လေသည်။

ထူး။ ။'ကျားကိုးစီးကို မင်းသိသလား'

ခေါင်။ ။'သိတာပေါ့'

ထူး။ ။'ဒီဆိုင်ကို သူညတိုင်းလာတယ် မဟုတ်လား'

ခေါင်။ ။'တစ်ခါတလေ လာတယ်'

ထူး။ ။'ဘယ်အချိန်လောက် လာတတ်သလဲ၊ ကိုးနာရီလောက် လာတတ်တယ်ဆို'

ခေါင်။ ။'လာရင်တော့ အဲဒီအချိန်လောက် လာတတ်တာပဲ'

ထူး။ ။'ငါတို့ သိပါတယ်ကွ၊ ၉ နာရီလောက် လာတတ်ပါတယ်'

ခေါင်။ ။'ကျားကိုးစီးကို ဘာကြောင့် ခင်ဗျားတို့ သတ်မှာလဲ။ သူက ခင်ဗျားတို့ကို ဘာလုပ်ဖူးလို့လဲ'

ထူး။ ။'လုပ်ဖူးရမှာထားလို့၊ တို့ကိုတောင် မမြင်ဖူးဘူး'

ဤတွင် နောက်ဖေးချောင်မှ ပါးရွဲ့က 'ဒီတစ်ခါ သူမြင်မှာပဲ၊ နောက်တစ်ကြိမ် တို့ကို သူမြင်စရာ အကြောင်းမရှိဘူး' ဟု အော်ပြောလိုက်သည်။



ခေါင်။ ။'ခင်ဗျားတို့က ဘာကြောင့် သူ့ကိုသတ်မှာလဲ၊ တွေ့လည်း မတွေ့ဖူးကြဘဲနဲ့'

ထူး။ ။'တို့အတွက်မဟုတ်ဘူးကွ။ သူငယ်ချင်းအတွက် သတ်ရမှာ'

'ဟေ့လူ သိပ်စကားမပြောနဲ့ကွ' ဟု ပါးရွဲ့က မီးဖိုချောင်မှအော်လိုက်သည်။

ထူး။ ။'သာခေါင်က သိချင်လို့ပြောရတာပါ ကိုသိန်းရာ'

ပါး။ ။'မင်းလူက သိချင်တာတွေ ဘာတွေနဲ့ ရှုပ်လိုက်တာကွာ။ ဟောဒီမှာ အရှုးနဲ့ ထွန်းပြွေကတော့ ကျောချင်းကပ်ပြီး ချည်ထားလိုက်တာ ငြိမ်လို့၊ တုတ်တုတ်တောင် မလှုပ်ဘူး'

ဤအတောအတွင်း၌ သာခေါင်သည် ဆိုင်ထဲ၌ရှိသော တိုင်ကပ်နာရီကြီးသို့ လှမ်းကြည့်လိုက်ရာ ရှစ်နာရီ လေးဆယ့်ငါးမိနစ် ရှိနေသည်ကို တွေ့ရသည်။

ထူး။ ။'ဟေ့ သာခေါင်'

ခေါင်။ ။'ဘာလဲ'

ထူး။ ။'ငါတို့ရှိတုန်းမှာ စားချင်သောက်ချင်တဲ့လူလာရင် အရက်လည်းကုန်ပြီ၊ စားစရာလည်း မရှိတော့ဘူးလို့ ပြောလိုက်။ နားလည်လား'

ခေါင်။ ။'ဟုတ်ကဲ့၊ နို့ပြီးတော့ ခင်ဗျားတို့က ကျုပ်တို့ကို ဘာလုပ်မှာလဲ'

ထူး။ ။'ခု မပြောနိုင်သေးဘူး။ နောက်တော့ သိလိမ့်မယ်။ ပုံတော်သလို ကြည့်လုပ်ရမှာပဲ'

သာခေါင်သည် နာရီကြီးကို မော့ကြည့်ရာ ကိုးနာရီထိုးဖို့ ဆယ်မိနစ် လိုသေးသည်ကို တွေ့ရ၏။

ထိုခဏ၌ ဆိုင်ရှေ့မှ လူနှစ်ယောက်ဝင်လာ၍ 'ဗျို့ ကိုသာခေါင် တောအရက်ရသေးလား'

ခေါင်။ ။'ကုန်သွားပြီ'

'ခေါက်ဆွဲကြော်ကော'

ခေါင်။ ။'ဝက်သားကုန်သွားပြီ'

'ဒါဖြင့် ဘာလို့ဆိုင်ဖွင့်ထားသေးတာလဲ၊ အရက်လည်းမရ၊ စားစရာလည်း မရှိ' ပြောပြောဆိုဆိုနှင့် လူနှစ်ယောက်သည် ပြန်ထွက်သွားကြ၏။

ထူး။ ။'မင်းတော်တယ် ငါ့လူ စာတတ်တယ်'

'စာတတ်မှာပေါ့ကွ၊ စာမတတ်ရင် သူ့နောက်စေ့ကို ငါက ဝင်ခွဲလိုက်မှာပေါ့' ဟု ပါးရွဲ့၏အသံဖြင့် မီးဖိုချောင်မှ ပြောလိုက်သည်။

ထူး။ ။'ဒါကြောင့် မဟုတ်ပါဘူး ကိုသိန်းရ။ ဒီလူက လူလည်း [illegible] ကောင်း စာတတ်ပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



ရှစ်နာရီ ငါးဆယ့်ငါးမိနစ်ရှိသောအခါ လူငယ်တစ်ယောက်သည် ဆိုင်ထဲသို့ဝင်လာ၍ ဦးရည်တစ်လုံး ယူသွားလိုသည်ဟု ပြောသဖြင့် သာဂေါင်က ဘထူးသို့လှမ်းကြည့်လိုက်၏။ ဘထူးက ခေါင်းညိတ်ပြလိုက်သည်တွင် သာဂေါင်သည် ထိုင်ရာမှထ၍ ဦးရည်ပုလင်းတစ်လုံး ရောင်းလိုက်၏။ ထို့နောက် မိမိ၏နေရာသို့ပြန်လာရာတွင် မီးဖိုတံခါးပေါက်အနီးမှ ဖြတ်လာရသဖြင့် မီးဖိုချောင်ဆီသို့ လှမ်းကြည့်လိုက်၏။ အရှုံးနှင့် ထွန်းဖြေ့တို့မှာ ကျောချင်းကပ်ကာ လက်ပြန်ကြိုးချည်ထားလျက်။ သူတို့အနီးတွင် ပါးရွဲ့သေိန်းက ခြောက်လုံးပြူးတစ်လက်နှင့်စောင့်နေသည်ကို မြင်ရသည်။

**(အင်္ဂလိပ်များ ထွက်ပြေးစက ခြောက်လုံးပြူးသေနတ်များသည် အရပ်သားများ၏လက်တွင် ဖောဖောသီသီ တွေ့လိုက်ရသည်။)**

သာဂေါင်သည် မမြင်ချင်ပြု၍ မိမိ၏နေရာသို့ ပြန်ထိုင်လိုက်သည်။

ထူး။ ။'ဦးရည်တစ်လုံး ဘယ်လောက်ရောင်းသလဲဟေ့'

ဂေါင်။ ။'တစ်ကျပ်ပါ'

ထူး။ ။'မင်း သိပ်ပွတာပေါ့လေ။ ကောက်ညှင်းတစ်ပြည် တစ်မတ်ဝယ်ပြီး ဦးရည်လေးလုံးထုတ် လေးကျပ်ရောင်း၊ အားကြီးပွတာပေါ့လေ'

ဂေါင်။ ။'ဒီလောက် မမြတ်ပါဘူးဗျာ'

ထူး။ ။'ငါတို့ နှစ်ပုလင်းသောက်တာ နှစ်ကျပ်ပေါ့ ဟုတ်လား'

ဂေါင်။ ။'ဟုတ်တယ်'

ထူး။ ။'ငါတို့ဆီက ပိုက်ဆံယူမှာလား'

ဂေါင်။ ။'မြတ်ချင်လို့ ဆိုင်ဖွင့်ထားတာပဲ'

ထူး။ ။'ငါတို့ဆီက ပိုက်ဆံယူမှာလား'

ဂေါင်။ ။'ပေးရင် ယူမှာပေါ့'

ထူး။ ။'မပေးရင်ကော'

သာဂေါင်လည်း အဖြေမပေးဘဲ ငေးကြည့်နေရာ...

'ပြောလိုက်လေကွာ' ဟု မီးဖိုချောင်မှ ပါးရွဲ့က အော်လိုက်၏။

ဂေါင်။ ။'မပေးရင်လည်း မရရှိပါဘူးဗျာ၊ ဟော ၉ နာရီ ထိုးပြီ၊ ကျားကိုးစီး မလာတော့ပါဘူး'

ထူး။ ။'ဗျို့ ကိုသိန်း၊ ၉ နာရီ ထိုးသွားပြီဗျ၊ ဘယ့်နှယ်လဲ'

ပါး။ ။'ငါးမိနစ်လောက် စောင့်ကြဦးစို့ကွာ'

၅ မိနစ်ခန့် ကြာပြန်သောအခါ တေးချင်းဆိုလျက် လျှောက်လာသောလူတစ်ယောက်၏ အသံကို လမ်းပေါ်မှ ကြားရပြီးနောက် ဆိုင်ထဲသို့ ဝင်လာရာ



သာဂေါင်က အရက်လည်း မရ၊ ဝက်သားလည်း ကုန်သွားပြီဖြစ်ကြောင်း ပြောပြသည်။

'ဘယ့်နှယ် အကြော်ဆိုင်လဲကွ၊ မင်းတို့ဟာက ဘာမှမရှိဘဲနဲ့ ဘာလို့ဖွင့်ထားသေးတာလဲ' ဟု ညည်းတွားရေရွတ်လျက် ပြန်ထွက်သွားသည်၊

ထူး။ ။'ဗျို့... ကိုသိန်း'

ပါး။ ။'ဘာလဲကွ'

ထူး။ ။'၉ နာရီ ငါးမိနစ် ရှိသွားပြီ'

ပါး။ ။'ထွန်းဖြေ့နဲ့ အရှုံးကို ဘယ့်နှယ်လုပ်မလဲ'

ထူး။ ။'နေပါစေဗျာ၊ ထားပစ်ခဲ့ပါ'

ပါး။ ။'နို့... သာဂေါင်ကောကွ'

ထူး။ ။'ကိစ္စမရှိပါဘူးဗျာ။ ထားပစ်ခဲ့ပါ'

ပါး။ ။'ဟုတ်ပါ့မလားကွ၊ ကျားကိုးစီးသိသွားရင် ခွကျကုန်လိမ့်မယ်'

ထူး။ ။'မသိနိုင်ပါဘူးဗျာ၊ ထားပစ်ခဲ့ပါ'

ပါးရွဲ့သေိန်းသည် မီးဖိုချောင်မှ ထွက်လာ၍ သာဂေါင်ကိုလှမ်းကြည့်လျက်...

ပါး။ ။'ငါ့လူ မင်း ကံကောင်းတယ်ကွာ'

ထူး။ ။'အေး ဟုတ်တယ်ကွ၊ မင်း ထီထိုး၊ ပေါက်လိမ့်မယ်'

ပါးရွဲ့သေိန်းသည် သေနတ်ကို ဘောင်းဘီအိတ်ထဲသို့ ထိုးထည့်၍ အရက်နှင့် အစိမ်းကြော်အတွက် ပိုက်ဆံပေးဖို့ အလျှင်း စကားမစပ်ဘဲ ဆိုင်ပြင်သို့ထွက်သွားသည်။

သာဂေါင်သည် ထိုင်ရာမှထလာ၍ ထိုသူနှစ်ယောက်ကို မျှော်ကြည့်သေး၏။ ခြေတိုသည် ပါးရွဲ့၏နံဘေးတွင် ထော့နဲ့ထော့နဲ့ လျှောက်ကာ အတူတွဲလျက် လမ်းကြားကလေးသို့ ချိုးဝင်သွားကြသည်ကို မြင်ရပြီးမှ မီးဖိုချောင်သို့ဝင်၍ တပည့်နှစ်ယောက်ကို အနှောင်အဖွဲ့မှ ဖြတ်ပေးရသည်။

ရှုံး။ ။'ဒီကောင်တွေ အားကီးမကောင်းဘူး၊ အားကီးဆိုးလယ်၊ ဘာလုပ်ဖို့ စုတို့ ဒီကို လာစလဲ'

ဂေါင်။ ။'ကျားကိုးစီးကိုသတ်မလို့ အရှုံးရဲ့။ ခါတိုင်း ဒီအချိန်လောက်ဆို ကျားကိုးစီးလာပြီး ခေါက်ဆွဲကြော် စားနေကျပဲ။ ဒီကနေ့ည သူမလာတာ ကံကောင်းတယ်၊ လာရင်သတ်မလို့တဲ့'

ရှုံး။ ။'ဘာစုတဲ့ ကျားကိုးစီးလား'

ဂေါင်။ ။'အေး'

www.burmeseclassic.com

www.burmeseclassic.com



ရှူး။ ။'ကျားကိုးစီး ဘာဖစ်လို့လဲ၊ အားကီး စဘောကောင်းတယ်မှတ်လား၊ ညတိုင်းညတိုင်း ခေါက်ဆွဲစားတယ်၊ ပိုက်ဆံပေးတယ်၊ လူကောင်းမှတ်လား'

ဂေါင်။ ။'အေးလေ ကျုပ်တို့ကတော့ လူကောင်းပဲ၊ သူတို့က သတ်ချင်သတဲ့'

ရှူး။ ။'ကံကောင်းလို့ပါလား၊ ဆရာကီး အားလုံးဒုက္ခဖစ်ကုန်မယ်'

ဂေါင်။ ။'အရှူး'

ဂေါင်။ ။'ကျားကိုးစီးကို သနားသလား'

ရှူး။ ။'သနားတာပေါ့'

ဂေါင်။ ။'ဟိုကောင်တွေက ကျားကိုးစီးကိုတွေ့ရင် သတ်လိမ့်မယ်။ လိုက်ရှာနေတယ်။ အဘိုးကြီးသွားပြောပါလား'

ရှူး။ ။'ဟာ မလုပ်နဲ့ ဒုက္ခဖစ်မယ်၊ မသွားချင်ဘူး'

ခြေပွ။ ။'ကျုပ် သွားမယ်ဗျာ။ ကျားကိုးစီးက သဘောကောင်းတယ်၊ ကစားဝိုင်းမှာ နိုင်တုန်းက ကျုပ်ကိုငွေတစ်ကျပ် ပေးဖူးတယ်'

ရှူး။ ။'ဟေး မလုပ်နဲ့ကောင်လေး၊ မင်းပါ ဒုက္ခရောက်သွားမယ်'

ဂေါင်။ ။'အဘိုးကြီးမသွားချင်နေ၊ သူသွားချင်သွားပါစေ'

ခြေပွ။ ။'ကျုပ် သွားပြောမယ် ဆရာ၊ ဘယ်မှာနေသလဲ'

အရှူးကမူ 'ကောင်ကလေးတွေ ဘာမှနားမလည်ဘူး' ဟု ဆိုကာ ထသွား၍ မိမိလုပ်ရန်ရှိသော အလုပ်များကို လုပ်ကိုင်လေတော့သည်။

ဂေါင်။ ။'ဇရစ်ချောင်ရွာထဲမှာ နေတယ်ကွ။ တံတားကလေးကူးပြီး လက်ဝဲဘက်က အိမ်ပဲ'

ခြေပွ။ ။'ကျုပ် သွားပြောမယ် ဆရာ'

ဂေါင်။ ။'အေး သွားပြောကွာ၊ အသက်ကယ်တယ်ဆိုတာ ကုသိုလ်ရတယ်ကွ'

ထွန်းပြေသည် ဆေးပေါ့လိပ်တစ်လိပ်ကို မီးညှိ၍ ဆိုင်ထဲမှထွက်ခဲ့ပြီးလျှင် လမ်းပေါ်တွင် ဆေးလိပ်မီးတဖွားဖွားနှင့် လျှောက်လာ၏။ အိမ်များကိုလွန်၍ ပိုလိုကွင်းထဲသို့ ရောက်သောအခါ နှစ်ထပ်ဦးထုပ်ကိုယ်စီနှင့် လျှောက်သွားကြသော ပါးရှဲ့သိန်းနှင့် ခြေတိုဘထူးတို့ကို ရှေ့တွင် မြင်ရ၏။ ထွန်းပြေသည် ဆေးပေါ့လိပ်ကို မြက်ထဲသို့ပစ်ချ၍ ထိုလူနှစ်ယောက်ကို ကွင်းပြီးလျှင် ရှေ့သို့ကျော်တက်၍ ခုန်းစိုင်းပြေးလေ၏။ ထိုညမှာ လ မသာသော်လည်း ကြယ်များအရောင်ကြောင့် ပိုလိုကွင်းကြီးထဲတွင် လူသွားလမ်းကလေးကို ထင်ရှားစွာ မြင်နိုင်ပေသည်။

ဇရစ်ချောင်ရွာသို့ ချဉ်းကပ်၍ တံတားလေးကို ဖြတ်ကူးပြီးနောက် လက်ဝဲဘက်သို့ ကြည့်လိုက်သောအခါ ဝင်းခြံကြီးထဲရှိ အိမ်တစ်ဆောင်မှ မီးရောင်



တလက်လက် ထွက်နေသည်ကို ထွန်းပြေ မြင်ရ၏။ ထွန်းပြေသည် ခြံတံခါး၌ ထိုးပိတ်ထားသော ဝါးလုံးကလန့်ကို ဖြည်းညင်းစွာ ဖြုတ်၍ ဝင်ပြေးသောအခါ အိမ်လှေကားရင်း၌ ကရင်မကြီးတစ်ယောက်နှင့် တွေ့၏။

ခြေပွ။ ။'ကျားကိုးစီး ရှိသလား'

'ရှိတယ်၊ ဘာလုပ်မလို့လဲ'

ခြေပွ။ ။'ခဏတွေ့ချင်တယ်၊ သိပ်အရေးကြီးတယ်'

'နေမကောင်းလို့ အိပ်နေတယ်ကွယ့်၊ အရေးကြီးရင် လာ လိုက်ခဲ့'

ကရင်မကြီးသည် ထွန်းပြေကိုအိမ်ပေါ်သို့ ခေါ်သွား၍ အခန်းတစ်ခု၏အဝသို့ ရောက်သောအခါ 'ဟောဒီမှာ သူငယ်ကလေးတစ်ယောက် မင်းကို တွေ့ချင်လို့တဲ့' ဟု ပြောလိုက်သည်တွင် အိပ်ရာပေါ်၌ လျောင်းနေသော ကျားကိုးစီးက 'ဘယ်သူလဲ' ဟု မေးလိုက်၏။

ခြေပွ။ ။'ကျုပ်ပါဗျ၊ ထွန်းပြေလေ၊ အကြော်ဆိုင်က ထွန်းပြေပေါ့'

ကျား။ ။'ဩော်... မင်းလား၊ ဘာကိစ္စလဲ။ လာလေကွာ'

ထွန်းပြေသည် အခန်းထဲသို့ဝင်သွား၍ အိပ်ရာအနီးသို့ ချဉ်းကပ်သည်တွင် တိုတောင်းသော မွေ့ရာပေါ်၌ ရှည်လျားသော ကျားကိုးစီး၏ကိုယ်လုံးကြီး မဆံ့သဖြင့် ခြေတစ်ပိုင်းလုံး လွန်ထွက်ကာ စန့်စန့်ကြီး အိပ်နေသော ကျားကိုးစီးကို မြင်ရသည်။

ကျား။ ။'ဘာကိစ္စလဲကွ'

ခြေပွ။ ။'လူနှစ်ယောက် ကျုပ်တို့ဆိုင်ထဲဝင်လာပြီး အရှူးနဲ့ကျုပ်ကို တုပ်ထားတယ်။ ခင်ဗျားကို သတ်မလို့တဲ့ ပြောတယ်'

ကျားကိုးစီးသည် မည်သို့မျှပြန်မပြောဘဲ ငေးကြည့်နေ၏။

ခြေပွ။ ။'သူတို့လက်ထဲမှာ သေနတ်ပါတယ်။ ခင်ဗျားကို ပစ်သတ်မလို့တဲ့'

ကျားကိုးစီးလည်း ကြောင်တောင်ငေး၍ ကြည့်နေသည်။

ခြေပွ။ ။'ကိုသာဂေါင်က ခင်ဗျားဆီ သွားပြောပါဆိုလို့ ကျုပ်ပြေးလာခဲ့တယ်၊ နောက်က သူတို့လာနေပြီ၊ ပိုလိုကွင်းထဲမှာ တွေ့ခဲ့တယ် မြန်မြန်လုပ်ဗျ'

ကျား။ ။'သူတို့လာရင်လည်း ငါ ဘာမှ မတတ်နိုင်ဘူးကွာ'

ခြေပွ။ ။'လူပုံလူပန်း ကျုပ်ပြောပြမယ်၊ တစ်ယောက်က ပါးရှဲ့နေတယ်ဗျ တစ်ယောက်က ခြေထောက်နဲ့ထောက်နဲ့ လျှောက်တယ်'

ကျား။ ။'ဟုတ်ပါတယ်၊ ငါသိပါတယ်'

ခြေပွ။ ။'ဒီနို့ ပြေးလေဗျာ၊ တော်တော်ကြာ သူတို့ရောက်လာတော့မယ်'

ကျား။ ။'လာရင်လည်း လာပေါ့ကွာ'

www.burmeseclassic.com



ငြွေ။ ။'မဟုတ်ဘူးဗျ၊ ခင်ဗျားကိုသတ်မှာ'
ကျား။ ။'သတ်ရင်လည်း ဘယ်တတ်နိုင်မလဲကွာ၊ မထူးပါဘူး'
ငြွေ။ ။'ဘယ့်နှယ် မထူးရမှာလဲဗျ။ အချိန်ရှိတုန်း ပြေးပါတော့လား'
ကျား။ ။'ပြေးလို့ အပိုပါပဲကွာ'
ငြွေ။ ။'သူတို့ အလကားခြောက်တာ မဟုတ်လား'
ကျား။ ။'ခြောက်တာ မဟုတ်ပါဘူးကွာ'

ပြောပြောဆိုဆိုနှင့် ကျားကိုးစီးသည် ပက်လက်အိပ်ရာမှ ထရံဘက်သို့ စောင်းလိုက်သည်။

ထွန်းငြွေသည် အလွန်စိတ်ပျက်သောအမူအရာနှင့် ကျားကိုးစီးကို လှမ်းကြည့်ပြီးနောက် အိမ်ပေါ်မှ ဆင်းလာခဲ့ရာ လှေကားထိပ်တွင် ကရင်မကြီးနှင့် တွေ့၍ ပြောခဲ့ပြီလားဟု မေး၏။ ထွန်းငြွေက 'ပြောလို့မရဘူး၊ လူဆိုးတွေ လာတော့မယ်၊ ခင်ဗျားထွက်ပြေးရင်ကောင်းတယ်'ဟု သတိပေးပြီးလျှင် ကတိုက်ကရိုက် ဆင်းပြေးလေသည်။ ခြံထဲမှထွက်လာ၍ တံခါးအနီးသို့ ရောက်သောအခါ တံတားပေါ်၌ လျှောက်လာသော လူနှစ်ယောက်ကို မြင်သည်နှင့် ချုံတစ်ချုံထဲသို့ လျှိုးနေလိုက်၏။ လူနှစ်ယောက်တို့သည် ချုံအနီးမှ ဖြတ်၍လျှောက်သွားကြစဉ်...

ပါး။ ။'ကိုယ့်မယားမဟုတ်ပေမဲ့ မယားခိုးတဲ့ကောင်တော့ သတ်ရမှာ အရသာရှိတယ်ကွာ'
ထူး။ ။'ဒီအထဲမှာ ငွေငါးရာ ရဦးမယ်ဆိုတော့ သိပ်နိပ်တာပေါ့ ကိုသိန်းရာ'

လူနှစ်ယောက်သည် ခြံဝင်းထဲသို့ ဝင်သွား၍ အိမ်ပေါ်သို့ တက်သွားကြသည်ကို ထွန်းငြွေသည် ချုံထဲမှ ချောင်းကြည့်နေ၏။ မကြာမီ သေနတ်သံတစ်ချက်ကြားလိုက်ရသည်တွင်မှ ထွန်းငြွေသည် ချုံထဲမှထွက်လာ၍ ပိုလိုကွင်းကြီးတစ်လျှောက် ပြေးလာခဲ့ပြီးလျှင် ဆိုင်ထဲသို့မောကြီးပန်းကြီး ဝင်လာလေသည်။

ဂေါင်။ ။'တွေ့ခဲ့လားဟေ့'
ငြွေ။ ။'တွေ့ခဲ့ပါ့ဗျား'
ဂေါင်။ ။'နို့ ဘယ့်နှယ်လဲကွ'
ငြွေ။ ။'ပြောတော့ ပြောတာပဲ၊ မထူးပါဘူးကွာဆိုပြီး ကရင်ကြီးက ထွက်မပြေးဘူးဗျ'
ဂေါင်။ ။'ဒီလိုဆိုရင် သွားရှာတော့မှာပဲကွာ'
ငြွေ။ ။'သွားရှာကြပြီ၊ သွားရှာကြပြီဗျ'
ဂေါင်။ ။'ဘယ့်နှယ်ပြောတာလဲ ထွန်းငြွေရ'



ငြွေ။ ။'ဟိုကောင်နှစ်ကောင်က ကရင်ကြီးကို ဇရစ်ချောင်ရွာထဲ သွားရှာကြတယ်၊ တွေ့သွားလေတော့ ကရင်ကြီးသွားရှာပြီဗျ'
ဂေါင်။ ။'ဟော...'
ငြွေ။ ။'ပြောမရလို့ ဆင်းလာပြီး ချုံထဲက ချောင်းကြည့်နေတော့ ဟိုလူနှစ်ယောက် တက်သွားပြီး သေနတ်သံကြားခဲ့ရတယ်'
ဂေါင်။ ။'အို ဘယ်လိုရန်ငြိုးပါလိမ့်ကွာ'
ငြွေ။ ။'ရန်ငြိုးမဟုတ်ဘူးဗျ၊ ငွေငါးရာ ရလို့ သတ်တာ၊ ကရင်ကြီးက သူများမယား ကြာခိုလို့တဲ့'
ဂေါင်။ ။'သြော် ဟုတ်လိမ့်မယ်ဟေ့၊ သစ်ကုန်သည် ဦးဘစောရဲ့ မယားနဲ့ ကျားကိုးစီးနဲ့ ယီးတီးယားတား ကြားတယ်။ ဒါကြောင့် ငွေပေးပြီး အသတ်ခိုင်းတာ ဖြစ်မှာပဲဟေ့'

မင်းမဲ့တိုင်းပြည်ဖြစ်နေသော ထိုရက်များတွင် လူတစ်ယောက်မက ၁၀ ယောက်သေဆုံးသော်လည်း အရေးယူမည့်သူ မရှိခဲ့။ မေ့မေ့ပျောက်ပျောက် ဖြစ်ခဲ့ရသော အမှုပေါင်းမှာ အမြို့မြို့ အရွာရွာတွင် မြောက်မြားစွာ ရှိခဲ့ပေလိမ့်သတည်း။

(Ernest Hemingway ၏ The Killers ကို မှီးပါသည်။)

[သွေးသောက်၊ အမှတ် (၉၆)၊ ဇန်နဝါရီလ ၁၉၅၄]

■

www.burmeseclassic.com

# ထီးကိုး

ကျွန်တော် မောင်ဘချောမှာ ရန်ကုန်ယူနီဗာစီတီကောလိပ်ကျောင်းမှ အိုင်အက်စီအတန်းကို အောင်မြင်ပြီးနောက် အိန္ဒိယပြည် ဒါရဒွန်းမြို့ရှိ သစ်တောကျောင်းတွင် ၂ နှစ်မျှ ပညာသင်ကြားခဲ့၍ သစ်တောစာမေးပွဲ အောင်မြင်သောအခါတွင် အထက်မြန်မာပြည် မိုးကုတ်သစ်တော ဒီဗီဇံနယ်အတွင်း အကောက်ဝန်ထောက်အဖြစ်နှင့် ၃ နှစ်ခန့်မျှ အမှုထမ်းခဲ့ဖူးပါသည်။ ထိုအချိန်ကာလ အတောအတွင်း သစ်တောဘက်ဌာန အရာရှိတို့၏ ထုံးစံအတိုင်း ငှက်ဖျားရောဂါစွဲကပ်ခဲ့ရာ တစ်လလျှင်တစ်ကြိမ်နှစ်ကြိမ်မျှ ငှက်ဖျားထလေ့ရှိသဖြင့် တဟီးဟီး တဟားဟားဖြင့် အဖျားတက်ခဲ့ရဖူးလေ၏။ သုံးနှစ် စေ့ကုန်သောအခါတွင် ငှက်ဖျားရောဂါကို အမြစ်ပြတ်အောင် ကုသရန် ရည်ရွယ်ချက်ဖြင့် အားလပ်ခွင့် ၃ လ ခံယူ၍ ရန်ကုန်ဆေးရုံကြီးသို့ လာရောက်ပြီးလျှင် အတွင်းလူနာအဖြစ်နှင့် ကုသခဲ့ဖူးပါသည်။

တစ်လခန့်ကြာ၍ လုံးဝအဖျားပြတ်လုမတတ် ရှိရာတွင် ယူနီဗာစီတီသိပ္ပံကျောင်းကြီး၌ ကျောင်းနေဖက်သူငယ်ချင်းဖြစ်ခဲ့ဖူး၍ ကသာနယ်ဘက်၌ အမှုထမ်းခဲ့ဖူးသော သူငယ်ချင်းကိုစိန်သော်ဆိုသူသည် ကျွန်တော်ကဲ့သို့ပင် ငှက်ဖျားရောဂါကုသရန်အတွက် ရန်ကုန်ဆေးရုံကြီးသို့ ဆိုက်ရောက်လာလေ၏။

ကိုစိန်သော်မှာ ကျွန်တော်နှင့်အတူ အိုင်အက်စီအတန်း အောင်မြင်ပြီးနောက် ဘီအက်စီအတန်းတို့၌ ဆက်လက်သင်ကြား၍ အောင်မြင်ပြီးသောအခါ



တွင် ဘီစီအက်စ် ကလပ်စ်ဝမ်း (B.C.S; Class 1) ခေါ် ဗမာ့ဝန်ထမ်းအထက်တန်းအရာရှိ စာမေးပွဲအောင်မြင်သဖြင့် ကသာနယ်၌ အလုပ်သင်ဝန်ထောက်အဖြစ်နှင့် အမှုထမ်းခဲ့လေသည်။ မိုးကုတ်သစ်တောနယ်နှင့် ကသာဒီစကြိတ်တို့မှာ အချို့နေရာများ၌ တစ်ထပ်တည်းရှိနေသဖြင့် ကျွန်တော်နှင့် ကိုစိန်သော်တို့ ရံဖန်ရံခါတွေ့ဆုံခွင့်ရခဲ့လေသည်။ ကျောင်းနေဖက်သူငယ်ချင်းဖြစ်သဖြင့် တစ်နယ်တည်းအတူသို့ အမှုထမ်းစဉ်တွင် ချစ်ကျွမ်းတဝင်ရှိခဲ့သည်သာမက၊ ရန်ကုန်ဆေးရုံကြီး၌ အတွင်းလူနာအဖြစ်နှင့် ဆုံစည်းမိကြပြန်လေရကား တစ်ယောက်နှင့်တစ်ယောက် လွန်စွာခင်မင်ရင်းနှီးကြသည်မှာ အထူးပြောဖွယ်ရာ မလိုပေ။

ကျွန်တော်တို့နှစ်ယောက်သည် ငှက်ဖျားကျသဖြင့် တစ်ယောက်နှင့်တစ်ယောက် တွေ့ဆုံကြရသည့်အခါတိုင်း ကျောင်းနေဖက်သူငယ်ချင်းများအကြောင်းနှင့် မိမိတို့အမှုထမ်းခဲ့သော နယ်သူနယ်သားတို့၏ ဓလေ့ထုံးစံအကြောင်းများကိုပါ ဆွေးနွေးနှီးနှောကြရခြင်းအားဖြင့် အချိန်ကုန်မှန်းမသိ ကုန်ကြ၍ အလွန်တရာ ကျေနပ်ပျော်ရွှင်စွာ ရှိနေကြလေ၏။ ကျွန်တော်တို့သည် နယ်ပယ်အတွင်း၌ တွေ့မြင်ကြားသိရသည့် အခြင်းအရာများအကြောင်းကို စိကုံးရေးသား၍ မဂ္ဂဇင်း၊ ဂျာနယ်စသည်တို့ကို ကလောင်နာမည်များဖြင့် ပေးပို့သောဝါသနာတွင်လည်း တူညီကြသည်ဖြစ်၍ သာမန်ကျောင်းနေဖက်သူငယ်ချင်းများထက် ပိုမိုချစ်ခင်ရင်းနှီးဖွယ်အကြောင်းတစ်ရပ် ဖြစ်လေ၏။

တစ်ခါက ကိုစိန်သော်သည် သေနတ်ပစ်ဝါသနာပါသည့်အလျောက် ကသာနယ်ဘက်တွင် နယ်လှည့်ထွက်ရင်း ဆတ်တစ်ကောင်ပစ်ခတ်မိရာ ၎င်းမှာ ဆတ်မဖြစ်နေသဖြင့် သစ်တောဥပဒေနှင့် ငြိစွန်းသော်လည်း ကျွန်တော်၏ ကူညီဖေးမခြင်းအတွက်ကြောင့် ဒဏ်ငွေတပ်ရိုက်ခြင်းမှ ချမ်းသာရာရခဲ့ဖူးလေသည်။ ကိုစိန်သော်သည် ဤကိစ္စအတွက် ကျွန်တော့်အား ကျေးဇူးတင်သည်ဖြစ်၍ တစ်ယောက်နှင့်တစ်ယောက် တိုး၍ချစ်ခင်ရင်းနှီးသောအခြေသို့ ရောက်ခဲ့ပြန်လေသည်။

ကျွန်တော်တို့ နှစ်ယောက်လုံးငှက်ဖျားရောဂါ ပျောက်ကင်း၍ ဆေးရုံမှဆင်းကြသောအခါ ခွင့်ရက်မှ တစ်လစီမျှ ကျန်သေးသည်ဖြစ်၍ ရန်ကုန်မြို့၌ ပျော်ရွှင်စွာအတူတကွ နေထိုင်ရန် ဆုံးဖြတ်ကြပြီးလျှင် ဘိုင်စကုတ်များ၊ ဆော်ပွဲများ၊ ပွဲလမ်းသဘင်များသို့ အတူတကွ သွားရောက်ကြလေ၏။ တစ်နေ့သ၌ ကျွန်တော်နှင့် ကိုစိန်သော်တို့သည် ရှိုင်ရယ်(လ်)ဟိုတယ်တွင် ဘီလိယက်ထိုး၍ ကစားကြပြီးနောက် စားပွဲငယ်တစ်ခု၌ထိုင်ကာ ဘီယာအနည်းငယ်ရှင်းသောက်လျက်ရှိကြစဉ် ဝေ့(စ်)ကုတ်၊ နက္ကတိုင်မှစ၍ အဝတ်အစား အပြည့်အစုံနှင့် သားသားနားနား ဝတ်ဆင်ထားသော အင်္ဂလိပ်ကပြားတစ်ယောက်သည် ဟိုတယ်သို့

www.burmeseclassic.com



သို့ဝင်လာ၍ မလှမ်းမကမ်းရှိ စားပွဲငယ်တစ်ခု၌ ထိုင်ပြီးလျှင် ဘိလိယက်ကစားသူများကိုကြည့်ရင်း အရက်တစ်ခွက်မှာယူ စားသောက်နေလေ၏။

ထိုသူသည် ကျွန်တော်တို့နှစ်ယောက်အား စိတ်ဝင်စားသောမျက်နှာနှင့် တစ်ခဏမျှ လှမ်းကြည့်ပြီးနောက် မျက်နှာလွှဲသွားပြီးလျှင် တစ်စုံတစ်ယောက်အား မျှော်လင့်စောင့်စားနေဟန် လက္ခဏာနှင့် ထိုင်နေလေ၏။

ကျွန်တော်။ ။'ကိုယ့်လူက ဂိုက်တွေဆိုက်တွေ သိပ်များတဲ့လူပဲဗျို့၊ ဘောင်းဘီ
တိုခေတ်မှာ ဒီလို ကျကျနန ဝတ်ထားတဲ့ ဘိုကပြားမျိုး မမြင်ရတာ ကြာလေတော့ အထူးအဆန်းလိုဖြစ်မနေဘူးလား ကိုစိန်သော်'

သော်။ ။'ကပြားဆိုတဲ့လူမျိုးက မဝတ်သေးရင် နေရော၊ ဝတ်မိရင် ဘိလပ်သား
အစစ်ထက်တောင် ဂိုက်ပြည့်ဆိုက်ပြည့် လုပ်ချင်တဲ့ လူတွေဗျ'

ကျွန်တော်သည် ထိုလူ၏ ရုပ်လက္ခဏာနှင့် ဝတ်စားဆင်ပြင်ပုံကို ဂရုတစိုက်ကြည့်မိသည်နှင့်တစ်ပြိုင်နက် ကောလိပ်ကျောင်းတွင် ရှိစဉ်က ကျွန်တော်နှင့် တစ်တန်းတည်း အတူသင်ကြားဖူးသော ဂျင်မီဆောင်းဒါးဆိုသူ ကပြားကလေးကို ကွက်ခနဲသတိရမိလေ၏။ ဆောင်းဒါးမှာ တစ်ခါတစ်ရံတွင် ဤကဲ့သို့ပင် သပ်ရပ်စွာ ဝတ်ဆင်လေ့ရှိရာ ကိုစိန်သော်ကလည်း ကျွန်တော်ကဲ့သို့ပင် ဆောင်းဒါးကို သတိရမိသည်ဟု ဖော်ထုတ်ပြောဆိုလေ၏။

ဂျင်မီဆောင်းဒါးမှာ ဝန်ရှင်တော်မင်းကြီးတစ်ယောက်၏ သားဖြစ်၍ ကောလိပ်ကျောင်းမှ ထွက်ပြီးနောက် ဆင်ပစ်ရန် ဝါသနာပါသည့်အလျောက် ဆင်ရိုင်းများ ပေါလှသည့်အထက်မြန်မာပြည်သို့ တက်သွားသလိုလိုကြားလိုက်ရသည်မှစ၍ ကျွန်တော်တို့နှင့် တစ်ခါတည်း အဆက်ပြတ်သွားခဲ့လေ၏။ ဘိုကပြားဖြစ်သော်လည်း ဆောင်းဒါးသည် ကျွန်တော်နှင့်ကိုစိန်သော်တို့ကို အလွန်ခင်မင်၍ အတူသွားအတူလာနေခဲ့ဖူးသဖြင့် အခြားသော ဘိုကပြားများ၏ မဲ့ရွဲ့လှောင်ပြောင်ခြင်းကို ခံခဲ့ရဖူးလေသည်။ ဆောင်းဒါးသည် အမိမြန်မာ၊ အဖအင်္ဂလိပ်တို့မှ ဆင်းသက်ပေါက်ဖွား၍ ၎င်း၏မိခင်မှာ မြန်မာမိန်းမများအနက်တွင် နာမည်ကြီးမိန်းမချောတစ်ယောက်ဖြစ်သဖြင့် ဂျင်မီဆောင်းဒါး၏ ရုပ်လက္ခဏာမှာလည်း ဘိလပ်သားအစစ်များထက် ကျွန်တော်တို့၏မျက်စိ၌ ချောမောလှပပေ၏။ အချို့သော ဘိလပ်သားများသည် ချောပင်ချောသော်လည်း ကြမ်းတမ်းသောအသားရှိ၍ မျောက်နှင့်တူသော အမူအရာမျိုးရှိ၏။ ဂျင်မီဆောင်းဒါးမှာ မြန်မာဆန်ဆန် နုချောချော၍ အမူအရာမှာလည်း ပြေပြစ်သိပ်သည်းခြင်း ရှိပေ၏။

အခြားစားပွဲ၌ ထိုင်နေသော ညှို့သည်ကပြားမှာ ရုပ်ချော၍ ဝတ်ပုံစားပုံမှာလည်း သပ်ရပ်သည့်အတွက် ကျွန်တော်နှင့် ကိုစိန်သော်တို့သည် အလားတူ



ချော၍ အလားတူ သပ်ရပ်သော ဂျင်မီဆောင်းဒါးကို သတိရမိကြခြင်း ဖြစ်လေသည်။

ကျွန်တော်။ ။'ဒါထက် ကိုစိန်သော်၊ ဂျင်မီဆောင်းဒါးအကြောင်းကို ခင်ဗျား
ဘာများ ကြားသေးသလဲ၊ ကျွန်တော်ဖြင့် မကြားရတာ ကြာပြီဗျ'

သော်။ ။'ထူးဆန်းပါပေ့ဗျာ၊ ကျုပ်ကလည်း သူ့အကြောင်းကိုပဲ စဉ်းစားနေတယ်၊
ဂျင်မီကတော့ သေရှာထင်ပါ့ဗျာ'

ကျွန်တော်။ ။'ဟုတ်ကဲ့လားဗျာ၊ ဘယ်တုန်းကလဲ၊ ရှမ်းပြည်နယ်ဘက် တက်
သွားတယ်ဆို'

သော်။ ။'သေတာ တော်တော်ကြာသွားပါပြီဗျာ။ သေတာမှ ရိုးရိုးမဟုတ်ဘူး၊
သေခြင်းဆိုးနဲ့တဲ့ဗျ'

ကျွန်တော်။ ။'ခင်ဗျား ဘယ့်နှယ်သိသလဲဗျာ'

သော်။ ။'သေသေချာချာကြီးတော့ မဟုတ်လှဘူး။ သို့သော် သူပဲဖြစ်ရမှာပဲ၊
နောက်များတော့ ပြောပြရသေးတာပေါ့ဗျာ၊ ဟိုဘက်က ခုံ အားပြန်ပြီ၊ စိတ်မကျေပွဲလေး တစ်ပွဲလောက် ထိုးလိုက်ကြစို့ဗျာ'

ယခင်က ဘိုကပြားလည်း အရက်တစ်ခွက် သောက်ပြီးသည်နောက် အဖော်တစ်ယောက်နှင့် ထွက်သွားလေရာ ကျွန်တော်နှင့် ကိုစိန်သော်တို့သည် ဘိလိယက်တစ်ပွဲ ထိုးကြပြန်သဖြင့် ဆောင်းဒါးအကြောင်းကို သတိမရဘဲ ဘိလိယက်တွင် စိတ်ပါဝင်စားလျက် အားကြိုးမာန်တက် ကစားကြလေ၏။ အမှတ်တစ်ရာ ပြည့်သည့်နောက် တစ်ယောက်တစ်ပွဲစီ အရှုံးအနိုင်ဖြစ်နေရာတွင် ကျွန်တော်တို့သည် ဒုတိယအကြိမ် ရပ်နား၍ ယခင်က စားပွဲတွင် ဘီယာသောက်ရင်း ကိုစိန်သော်က ဂျင်မီဆောင်းဒါးအကြောင်းကို ပြောပြလေ၏။

သော်။ ။'ကျုပ်က ခင်ဗျားသိတဲ့အတိုင်း သေနတ်ပစ် ဝါသနာပါလေတော့ ဟိုတစ်
နှစ်က ဆင်ပစ်ဖို့ လိုင်စင်လျှောက်ခဲ့တယ်။ တစ်နှစ်အတွက် နှစ်ကောင်ပစ်ဖို့ လိုင်စင်ရပြီးတဲ့နောက် မုဆိုးတစ်ယောက်နဲ့ နယ်လှည့်ရင်း တောဆင်လိုက်ရှာလိုက်ကြတာ ဟန်ရပန်ရ ဆင်ကြီးကြီးကို တစ်ကောင်မှ မတွေ့ဘူးဗျ။ ဆင်မဆော့ ဆင်ကလေးတွေတော့ တွေ့ပါရဲ့။ အစွယ်ကောင်းတဲ့ ဆင်ပေါက်ဆိုလို့ မတွေ့ရဘူး။ တစ်နေ့တော့ မုဆိုးနဲ့ကျုပ်နဲ့ သေနတ်တစ်လက်စီနဲ့ တောလည်ရာမှ ဆင်တစ်အုပ်ကိုတွေ့လေတော့ မုဆိုးကသစ်ပင်ပေါ်တက်ပြီး အစွယ်ကောင်းတဲ့ဆင်ပေါက်ကို ရွေးနေတုန်း ဆင်သင်းကွဲတစ်ကောင်က ကျုပ်တို့အနံ့ရလေသော် ကျုပ်တို့ဘက် အတင်းပြေးလာလိုက်တာ သစ်ပင်ပေါ်က မုဆိုးကရော ကျုပ်ကရော တစ်ပြိုင်တည်း ဆွဲလိုက်ကြတာ ကျတော့ ကျပါရဲ့၊ အစွယ်လေးက တစ်ချောင်း

www.burmeseclassic.com

www.burmeseclassic.com



လောက် ဖြစ်နေတယ်။ အမိန့်ရတာမှ နှစ်ကောင်ပစ်ဖို့လိုင်စင်ရှိတယ်၊ တစ်ကောင် ပစ်ပြီးပြီဆိုတော့ ပစ်ဖို့ရာ တစ်ကောင်တည်းကျန်တော့တာပေါ့ဗျ။ ရာသီကလည်း ကုန်လေဖို့ ရက်ပိုင်းလောက်သာ ကျန်တော့တယ်။ ဒီအတောအတွင်းမှာ ရအောင် ပစ်နိုင်ရင် ပစ်၊ မပစ်နိုင်ရင် ခင်ဗျားသိတဲ့အတိုင်း လိုင်စင်အချိန် ကုန်သွားတော့တာ ကိုးဗျ။ ဒီတောကှာ ကျုပ်မှာ ဆင်ရဖို့ သိပ်လောကြီးနေပြီး ဒီတောတစ်ဝိုက် ဘယ်နေရာ၊ ဘယ်ဌာနမှာ အစွယ်ကြီးတဲ့ဆင်ပေါက် ရှိလေသလဲလို့ အပူတပြင်း စုံစမ်းရတာပေါ့လေဗျာ။ ကျုပ်က လူတွေ့တိုင်းမေးတော့တာပဲ။ တစ်နေ့တော့ တော် တော်နားလည်ပါးလည်ရှိတဲ့ တောသားတစ်ယောက်က ဒီအရပ်မှ မိုင် ၁၅ မိုင် ခရီးလောက်မှာ ဇရာမအစွယ်ကြီးနဲ့ ဆင်ပေါက်ကြီးတစ်ကောင် ရှိတယ်တဲ့၊ မျက်နှာ ဖြူလူမျိုးတစ်ယောက်ဟာလည်း အဲဒီဆင်ကြီးကို ချောင်းပစ်နေတယ်လို့ ပြောတာ ကိုးဗျ။ ကျုပ်တို့နယ်မှာ ဆင်ပစ်ဝါသနာပါတဲ့ ဘိုဆိုလို့ အရေးပိုင်နဲ့ သစ်တောဝန် တို့သာ ရှိတဲ့အပြင် ဒီအရာရှိနှစ်ယောက်ဟာလည်း ကသာမြို့ရောက်နေကြောင်း ကျုပ်ကိုယ်တိုင် မြင်ခဲ့ရလေတော့ သူပြောတဲ့မျက်နှာဖြူဟာ အရာရှိတော့မဟုတ် ဘူး၊ လိုင်စင်မရှိဘဲ တိတ်တိတ်ပုန်း ခိုးပစ်တဲ့ အင်္ဂလိပ်မုဆိုးများ ဖြစ်လေရော့သ လားလို့ စဉ်းစားမိတာကိုးဗျ။ ဒါနဲ့ ဘယ်လိုပဲဖြစ်ဖြစ် သူမပစ်ရခင် ကျုပ်က ဦး အောင် ပစ်မယ်ဆိုတဲ့ အကြံနဲ့ ခုနင်က လူရွယ် ရွာသား လေးငါးယောက်ရယ်၊ စားစရာပစ္စည်း အပြည့်အစုံနဲ့ ခြေကျင်ထွက်လာခဲ့ကြတာကိုးဗျ။

'ညအချိန်မှာ စခန်းချတော့ ကျုပ်လူတောသားက တိတ်တိတ်ပုန်းမုဆိုး လုပ်ဖူးဟန်တူတယ်၊ ဆင်ပစ်တဲ့ရာဇဝင်အကြောင်း အတော်ပြောနိုင်တာကိုးဗျ။ ကျုပ်တို့ ပစ်ဖို့သွားကြတဲ့ ဆင်ကြီးဟာလည်း "ထီးကိုး"ကြီးတဲ့ဗျ။ အစွယ်ကြီး ဟာက မြေကြီးတိုက်နေတာပဲတဲ့။ သူ့ကို ပစ်ဖူးတဲ့မုဆိုးတွေ အတော်များပြီး သေ ရင်သေ၊ မသေရင် ထွက်ပြေးကြရတဲ့လူချည်းပဲတဲ့။ သူကိုယ်တိုင် ဆိပ်လုးမြားနဲ့ ချောင်းပစ်ဖူးလို့ ထွက်ပြေးခဲ့ရဖူးတယ်ပြောတယ်။

'နောက်တစ်နေ့ ညနေမှာ တောင်ပူစာကလေးတွေ ဟိုတစ်ခု သည်တစ်ခု ဖုဖုမောက်မောက် ဖြစ်နေတဲ့ နေရာရောက်တော့ အချိန်တယ်မကောင်းတာနဲ့ တစ် နေရာမှာ စခန်းချပြီး ညအိပ်ကြတယ်။ မနက်မိုးလင်းတော့ လား... လား တော သား မောင်မင်းကြီးသားမရှိဘူးဗျ။ ဘယ်အချိန်က ဘယ်လိုလစ်ပြေးလိုက်တယ် မဆိုနိုင်ဘူး။ ဆင်ကြီးကိုပဲကြောက်လို့လား၊ ဘာကြောင့်လဲ မပြောတတ်ပါဘူးဗျာ။

'ဒါပေမဲ့ တတ်နိုင်ပါဘူးဆိုပြီး သူပြောတဲ့ဟာ ဒီနေရာဖြစ်တန်ရာရဲ့ဆိုတဲ့ သဘောနဲ့ အနံ့အပြား ရှာဦးမယ်လို့ စိတ်ပိုင်းဖြတ်ပြီး တပည့်ရွာသား လေးငါး ယောက်နဲ့ ဟိုဟိုသည်သည် ခြေရာလက်ရာ ခံကြရာမှာ တိတ်တိတ်ပုန်းချောင်းထဲ



တဲ့ မျက်နှာဖြူဆိုသူရဲ့ ခြေရာလက်ရာ အစအနတွေ တွေ့ရတာကိုးဗျ၊ ဆောက်ထား ဆောင်ကလေးတစ်ခု အနီးမှာ သစ်ခက်တဲကလေးနဲ့၊ တဲရှေ့မှာ မီးဖိုနဲ့၊ တဲထဲမှာ အလိပ်ငါးဆယ်ဝင် နေဗီကပ်စီးကရက်သံဘူးထဲမှာ စီးကရက် သုံးလေးလိပ်နဲ့၊ သာမိုဓာတ်ဘူးတစ်ခု တဲမှာချိတ်လို့။ တဲထဲမှာ ရွက်ဖျင်ကင့်(ပ်)ကော့(တ်)ခပ်နုတ် စုတ်တစ်ခုနဲ့ တွေ့ရလေတော့ မျက်နှာဖြူဆိုတဲ့လူ စခန်းချတဲ့ နေရာကိုးလို့ ကျုပ် အကဲခတ်မိတယ်။ တဲထဲမှာ ခဏနားပြီး တောထဲလျှောက်ရှာကြလို့ တစ်နာရီ လောက် အကြာမှာ ဆင်သေကြီးတစ်ကောင်ကို တွေ့တယ်ဗျ။ ဆင်သေပြီး သုံး လေးရက်ကြာလို့ ဖူးရောင်နေတာကို ခင်ဗျားမြင်ဖူးရဲ့လား။

'တကယ်ကြောက်ဖို့ကောင်းတယ်ဗျို့။ နဂိုကမှ ကြီးရတဲ့အထဲ ဖူးဖူးရောင် ပြီး လေးဖက်ကားနေလိုက်တော့ ရှုံစရာ၊ ကြောက်စရာကောင်းလိုက်တာ လွန်ရော ဗျာ။ ဒါနဲ့ ကျုပ်တို့က နှာခေါင်းတွေပိတ်ပြီး သေသေချာချာကြည့်လိုက်ရာမှာ အစွယ်နှစ်ဖက်ကို ပုဆိန်နဲ့ပေါက်ထွင်းယူသွားတာ တွေ့ရတာကိုးဗျ။ သေသေချာ ချာ စဉ်းစားကြည့်တော့ ဒီအစွယ်ကလေး လိုချင်လို့ ဒီလောက်အကောင်ကြီးတစ် ကောင် သတ်ရတာဟာ နမြောစရာပဲဗျို့'

တော်။ ။'ကိုယ်တိုင် မလုပ်သေးခင်တော့ သူတစ်ပါး လုပ်ထားတာ နမြောတာပေါ့ ဗျာ'

သော်။ ။'ဒါတော့မှန်ပါတယ်၊ နောက်တစ်နေ့မှာ ကျုပ်ကိုယ်တိုင် တစ်ကောင်ပစ် ပြီး ပိဿာချိန် ၂၀ နီးပါးစီရှိတဲ့ အစွယ်ကြီး တွေ့ရတယ်'

တော်။ ။'မလှိုင်းစမ်းပါနဲ့ဗျာ၊ ပိဿာချိန် ၂၀ ဆိုတာ အင်မတန်ရခဲတာမျိုးပဲ'

သော်။ ။'အစစ်ပါ ကိုဘချော။ အဲဒီအပိုင်းက ဆင်တွေဟာ သိပ်ကြီးတယ်၊ ဒါ ထက် ကျုပ်စကား ဆုံးအောင်ပြောပါရစေဦး။ ကျုပ်မှာ ဆင်တစ်ကောင် နောက်ထပ်ရလို့ လိုင်စင်အတိုင်း နှစ်ကောင်ပြည့်သော်လည်း ဆင်ခြေရာကြီးတွေ အင်မတန်ကြီးတာတွေ့ပြီး လောဘထွက်လာတာကိုးဗျ။ နောက်ပြီးတော့ ဘယ် အဖြစ်ရောက်ရောက် နောက်ထပ်ပြီး တစ်ကောင်ပစ်ဦးမယ်လို့ စိတ်ထဲမှာ ဆုံးဖြတ် ပြီး ဆင်ကြီးကြီးတစ်ကောင် ရှာပြန်တာကိုး။ အဲဒီလိုရှာတုန်းမှာ ဆင်သေကြီးတစ် ကောင် တွေ့ပြန်ပါရောဗျ။ ဆင်သေကို ကြည့်ခြင်းအားဖြင့် နှစ်ဆယ့်လေးနာရီထက် မကျော်သေးဘူးလို့ ကျုပ်သိနိုင်တယ်။ ဒီတော့ကာ ကျုပ်တို့ မျက်နှာဖြူဟာ ဓလေ့ ဘ ဒီနေရာ ရောက်သွားတယ်လို့ ကျုပ်တို့ သိရတယ်။

'အဲဒီညက တောထဲက တစ်နေရာမှာ စခန်းချပြီး အိပ်ကြသော် ... သို့ လာတဲ့ဟာ ကျားတွေနဲ့ တွေ့လို့ ဒုက္ခရောက်လိုက်တာ ... ကောင်းကောင်းကို မအိပ်ရဘူး။ ထင်းတွေခုတ်၊ မီးတွေမှို့၊ တစ်ညလုံး ...

www.burmeseclassic.com

www.burmeseclassic.com



စောင့်နေရတယ်။ ကျားတစ်ကောင်က မီးပုံပတ်ပြီး ချောင်းနေလိုက်တာ တစ်ညလုံး အလစ်ကိုမခံ့ဘူး။ လစ်လိုက်ရင် ဝင်ဆွဲတော့မယ့် အတိုင်းပဲ။ နောက်တစ်နေ့ကျ တော့ ကျုပ်တို့လူစု ထွက်လာခဲ့ကြပြီး တောင်စွယ်ကလေးတစ်ခုပေါ် တက်ပြီး ရှေ့မျှော်ကြည့်လိုက်တော့ စနေထောင့်ဆီက မိုးတိမ်တွေက မည်းလို့၊ မကြာမီအ တွင်း လေကြီးမိုးကြီး ကျလာတော့မယ့်အတိုင်းပဲ။ ဒါနဲ့ ဒီကနေ့အဖို့ အမဲလိုက်လို့ တော်ပါ့မလားလို့ စဉ်းစားနေတုန်း စိတ်ထဲမှာ ဘာဖြစ်သွားတယ်မဆိုနိုင်ဘူး၊ ကောလိပ်ကျောင်းမှာတုန်းက ခင်မင်တဲ့ဂျင်မီဆောင်းဒါးကို ဖြုန်းဆိုသွားပြီး သတိ ရတယ်' ဟု ပြောပြီးနောက် ကိုစိန်သော်သည် ဘီယာတစ်ဖန်ခွက်ကို ကုန်အောင် သောက်၍ ပုလင်းမှ ဖြည့်စွက်၄င့်ထည့်ပြန်လေ၏။

တော်။ ။(ရုတ်တရက် တည့်မတ်စွာထိုင်လျက်)'ဘာ့ကြောင့် တောထဲမှာ သူ့ကို သတိရတာလဲဗျ'

သော်။ ။'ဘာကြောင့်လဲတော့ ကျုပ်မပြောနိုင်ဘူးဗျာ။ သိပ်ထူးဆန်းတာပဲ။ ယူနီ ဘာစီတီဘောလုံးအသင်းမှာ ဆောင်းဒါးနဲ့ ကျုပ်နဲ့ ဘယ်သူကက်ပတိန် ဖြစ်ထိုက်သလဲလို့ ရွေးချယ်တဲ့နှစ်ကို ခင်ဗျားသတိရတယ် မဟုတ်လား။ ကျုပ်က တောင်စွယ်ကလေးပေါ်ရပ်ပြီး စနေထောင့်ဘက်ဆီ မျှော်ကြည့်လိုက်ရာမှာ ဆောင်း ဒါးရဲ့ မျက်နှာကို ကွက်ခနဲမြင်လာပြီး ကောလိပ်ကျောင်းသားဘဝတုန်းက သူနဲ့ ကျုပ်တို့နဲ့ ခင်မင်တာတွေ၊ ဘောလုံးသင်း ကက်ပတိန်ဖြစ်ဖို့ ပြိုင်လုကြသော်လည်း သူငယ်ချင်းချင်း မိတ်မပျက်ဖို့ သူနဲ့ကျုပ်နဲ့ ပြောကြတာတွေ မျက်စိထဲမှာ ကွက်ခနဲ ပေါ်လာတယ်ဗျာ။ ဆောင်းဒါးက ကျုပ်အခန်းပေါ်က်လာပြီး "ဟေ့... စိန်သော် ဗိုလ်လုတာက တခြား၊ သူငယ်ချင်း ချစ်တာက တခြား။ ဘောလုံးသင်း ကက်ပ တိန် ဖြစ်ဖို့က မခက်ဘူး၊ တစ်သက်မှာ မိတ်ဆွေကောင်းတစ်ယောက်ဖြစ်ဖို့က ခက်တယ်ကွ" လို့ပြောဖူးတဲ့စကားကို ကျုပ်နားထဲမှာ ဆတ်ဆတ်ကြားလိုက်ရ တယ်ဗျာ။

'ဒီတော့ကာ ကျုပ်မျက်စိထဲမှာ တောကြီးတွေ၊ တောင်ကြီးတွေ၊ တိရစ္ဆာန် ရိုင်းတွေ တစ်ခါတည်းပျောက်ကွယ်သွားပြီး ဟိုကောလိပ်ကျောင်းတုန်းက ဆောင်းဒါးနဲ့ကျုပ်တို့နဲ့ အဖြစ်အပျက်တွေ အကုန်ပြန်ပေါ်လာတယ်ဗျ။ အဲဒီလိုဖြစ် ပြီး ငိုင်တိုင်တိုင်ရှိနေတုန်းမှာ တပည့်တစ်ယောက်က "သေနတ်သံကြားတယ် ဝန်ထောက်မင်း" လို့ ပြောလိုက်တော့မှ ရှေးဟောင်းနှောင်းဖြစ်တွေ ပျောက်သွား ပြီး တောကြီးမျက်မည်းထဲ ဘွားခနဲပြန်ရောက်သွားသလိုဖြစ်သွားတယ်။

'ဒီတော့ ကျုပ်က ဘယ်ဆီက ကြားသလဲဟေ့လို့ ပြန်မေးလိုက်တော့ တပည့်က တောင်ကုန်းကလေးကို ကျော်ပြီး လက်ညှိုးညွှန်ရင်း "ဟောဟိုဆီက



ထင်တယ် ဝန်ထောက်မင်း" လို့ ပြန်ပြောတယ်။ ဒါနဲ့ ကျုပ်က သူလက်ညှိုးညွှန်တဲ့ နေရာဆီကို မျှော်ကြည့်လိုက်တော့ လင်းတတစ်ကောင်ဟာ တိမ်တိုက်ထဲ ဝဲထွက် လာပြီး အဲဒီနေရာမှာ စက်ဝိုင်းလို လှည့်ပျံနေတာကို ကျုပ်မြင်လိုက်ရတယ်။ ကျုပ် မြင်သလိုပဲ တပည့်ကမြင်လို့ နှစ်ယောက်သား အတူတကွ ကြည့်နေကြတုန်းမှာ ဒုတိယလင်းတတစ်ကောင် ပေါ်ထွက်လာပြီး ပထမလင်းတ ရစ်ပျံသလို ရစ်ထည့် ပြီး မြေဘက်ကို ထိုးချသွားတာ မြင်လိုက်ရတယ်။

'ဒီတော့မှ တပည့်က "ဟိုနေရာမှာ အသေကောင်တစ်ခု ရှိတယ် ဝန် ထောက်မင်း" လို့ပြောတယ်။ သူပြောနေတုန်းမှာ လင်းတတွေ တစ်ကောင်ပြီးတစ် ကောင် ပေါ်ပေါက်လာပြီး မြေကြီးဘက်ကို ထိုးဆင်းသွားတာမြင်ရတယ်'

တော်။ ။'ဒီတော့ ခင်ဗျားတို့ ဘာလုပ်ကြသလဲ'

သော်။ ။'ကျုပ်တို့က သွားကြည့်ဖို့အကြံရပြီး အဲဒီနေရာဆီ လျှောက်သွားကြလို့ ရောက်တဲ့အခါ ကျုပ်စိတ်ထဲ တော်တော်တုန်လှုပ်သွားတယ်ဗျ။ ကျုပ်ထင် တာက ဆင်သေတစ်ကောင် တွေ့ရလိမ့်မယ်လို့ ထင်မိတယ်။ ကျုပ်တို့ ရောက် သွားလို့ လင်းတတွေက ဖယ်ပေးပြီး ခုနင်ကသူတို့ စုဝေးနေတဲ့ နေရာကို သွား ကြည့်ကြတော့ လား လား ဗျာ၊ ဆင်သေမဟုတ်ဘူးဗျို့'

တော်။ ။'နို့ ဘာလဲဗျာ'

သော်။ ။'ဘာလဲဆိုတော့ လူသေအလောင်းတစ်ခုရဲ့ အောက်ပိုင်းကြီးဗျ၊ ခါး တောင်းမြှောင်လောက်အောင် ကျိုက်ပြီး သူ့ပေါင်မှာ ထိုးကွင်းတွေ ပြည့် လို့၊ ပထမတော့ ကျုပ်ထင်မိတာက လင်းတတွေဟာ အထက်ပိုင်းစားပြီး အောက် ပိုင်းသာ ကျန်တော့တယ်လို့ ထင်မိတယ်။ သို့သော်လည်း အနားကပ်ပြီး သေသေ ချာချာကြည့်တော့ အသားတွေက တော်တော်ကြီးလတ်ဆတ်သေးတယ်ဗျ၊ အထက်ပိုင်းကို လင်းတတွေ စားထားတယ်ဆိုတာလည်း မဟုတ်နိုင်ဘူး၊ အသား ကိုစားရင် အရိုးတွေကျန်ရဦးမယ်။ အခုတော့ ဘာအရိုးမှမကျန်ဘဲ အထက်ပိုင်း သုံးလုံးပျောက်နေတယ်။ ဒါနဲ့ ကျုပ်ရယ်၊ ကျုပ်တပည့်တွေရယ် သေသေချာချာ ကြည့်ကြတော့ အလောင်းတစ်ပိုင်းဟာ လင်းတတွေ စားလို့ကုန်တာမဟုတ်ဘဲ မူလကတည်းက တစ်ပိုင်းပြတ်ကြီးဖြစ်နေတာကို တွေ့ရတာကိုးဗျ။ လက်စသတ်တော့ လူတစ်ယောက်ကို နှစ်ပိုင်းဖြစ်အောင် ဆွဲဆုတ်ပြီး ဖြတ်ထားတာနဲ့ တူတယ်။

'ခါးပိုင်းဆီမှာ အူတွေ၊ အကြောတွေက တစ်မျှင်စီ တစ်မျှင်စီဖြစ်ပြီး အရိုးနဲ့ ပြတ်သတ်နေတာကိုးဗျ။ လူတစ်ကောင်လုံးကို နှစ်ပိုင်းဖြစ်အောင် ဆွဲဖြတ်နိုင် ဘာဟာ ဘယ်လိုခွန်အားမျိုး လိုတယ်ဆိုတာ ခင်ဗျားစဉ်းစားကြည့်တော့ဗျာ။ ကျုပ်ဖြင့် အခုတောင် ကြက်သီးထမိသေးတယ်' ဟု ပြောလျက် ကိုစိန်သော်သည်

www.burmeseclassic.com

www.burmeseclassic.com



ရှုံ့မဲ့သောမျက်နှာဖြစ်ပေါ်လာပြီးလျှင် ဘီယာတစ်ခွက် သုံးလေးကျိုက်မျှသောက်ချ လိုက်လေ၏။

သော်။ ။'ဒါနဲ့ကျုပ်က ဒီအလောင်းရဲ့ သေခြင်းဆိုးသေရပုံအကြောင်းကို စိတ်ထဲ က တွေးတောနေတုန်းမှာ ကျုပ်အနားက "အမလေးဗျ" ဆိုပြီး လန့်ထွက် ပြေးလို့ ကျုပ်ကိုယ်တိုင်မှာလည်း ခပ်လန့်လန့်ဖြစ်နေတာနဲ့ "ဟဲ့ ခွေးမသား ဘာ ဖြစ်တာလဲ၊ လာခဲ့စမ်း" လို့ ဝေါက်ပြီး ပြန်ခေါ်လိုက်ရတယ်။ ဒီတော့မှ မလာချင် လာချင် ပြန်လာရင်း "ဟိုမှာ ဝန်ထောက်မင်း ဟိုမှာ" လို့ သစ်ပင်တစ်ပင်ကို လက်ညှိုးထိုးပြတာကိုးဗျ။ ဒီတော့ ကျုပ်က သူလက်ညှိုးထိုးတဲ့ သစ်ပင်ဆီကို လှမ်းကြည့်လိုက်တော့ လား လား ဗျာ၊ ရောင်ဆံမြိတ်ကွင်းနဲ့ငြိပြီး တန်းတန်းကြီး ဖြစ်နေတဲ့အလောင်းတစ်ပိုင်းကို တွေ့ရတာကိုးဗျ။

'နံရိုးတွေက ပြတ်သတ်ပြီး အသားတွေ၊ အကြောတွေ အမျှင်အမျှင်နဲ့ တိုးလိုတွဲလဲ ကျလို့ဗျ။ ဖြစ်ပျက်ပုံကတော့ ဒီလိုလေ...'

'ခုနင်က ထိုးကွင်းနဲ့မြင်ခဲ့ရတဲ့လူကို ဆင်က မိသွားပြီး တစ်ပိုင်းကို ခြေနဲ့ နင်းပြီး အထက်ပိုင်းကို အတင်းဆွဲဆုတ်ပြီး လွှင့်ပစ်လိုက်တာ သစ်ကိုင်းမှာ ဆံပင် နဲ့ သွားချိတ်နေဟန်တူတယ်'

ဤနေရာတွင် ကိုစိန်သော်သည် ငုံ့ထားသော ဘီယာခွက်ကို ကုန်စင် အောင် တစ်ခါတည်း မော့ချလိုက်လေ၏။

တော်။ ။'ဒါထက် နေပါဦးဗျာ၊ ဂျင်မီဆောင်းဒါးအကြောင်း ပြောစမ်းပါဦး'

သော်။ ။'ပြောပါမယ်လေ ရောက်လုပါပြီ။ ဒါနဲ့ ကျုပ်က တန်းလန်းကြီးဖြစ်နေတဲ့ အလောင်းတစ်ပိုင်းကို ကြည့်နေရင်း တပည့်တစ်ယောက်က "ဟိုဘက်နား မှာ လင်းတတွေဝဲနေတယ် ဝန်ထောက်မင်း" တဲ့၊ ပြောပြန်လေတော့ ကိုက်လေးငါး ရာလောက်ဝေးတဲ့ လင်းတတွေရှိရာ သွားကြည့်ကြတာကိုးဗျ။ ဟိုရောက်တော့ အလောင်းတစ်ခု တွေ့ပြန်ရောဗျို့။ ရွက်ဖျင်ဖိနပ်နဲ့၊ စတော့ကင်နဲ့၊ ဘောင်းဘီတိုနဲ့၊ ရှပ်အကျီနဲ့။ အသားကလည်းဖွေးလို့ လင်းတတွေ မစားရဲသေးလို့ ခပ်လှမ်းလှမ်း က စောင့်နေကြတယ်။ ဒါနဲ့ ကျုပ်ရော၊ ကျုပ်တပည့်တွေရယ် အလောင်းနားကပ် ပြီး သေသေချာချာကြည့်တော့ အသားဖြူပုံနဲ့ ဆံပင်နီကြောင်ကြောင် ကြည့်ရတာ ကတော့ ဘိုကပြားနဲ့တူတယ်ဗျ။ သူ့မျက်နှာမှာ နှာခေါင်းရော၊ နှုတ်ခမ်းရော၊ မေးစေ့ရော အားလုံးပြတ်ထွက်သွားပြီး မျက်လုံးနဲ့ မျက်ခုံးပဲ ကျန်တော့တယ်။

'အဲဒီမျက်လုံးမျက်ခုံးကို ကျုပ်မြင်မြင်ချင်း ဒီမျက်နှာကို မြင်ဖူးသလိုလိုရှိ ပါတယ်လို့ အောက်မေ့မိတယ်။ ကိုင်စမ်းကြည့်လိုက်တော့လည်း နွေးနွေးလေးရှိ တယ်ဗျ။ သေပြီးတာ သိပ်မကြာသေးဘူး။ ဒါနဲ့ကျုပ်က လက်မောင်းလှမ်းကြည့်



လိုက်တော့ ဘယ်ဘက်လက်မောင်းမှာ အင်္ဂလိပ်ရုပ်နဲ့ ကျောက်ဆူးပုံကြီး သွားမြင် မိတာကိုးဗျ။ ခင်ဗျား မှတ်မိသေးတယ် မဟုတ်လား ကိုဘချော။

'ကျုပ်တို့ ကျောင်းရောက်တဲ့နှစ်က လက်မောင်းမှာ ဆေးနက်ထိုးတာ ခေတ်စားလိုက်ကြတာလေ။ ဟိုခေတ်က လက်မောင်းမှာ ဆေးနက်ရှိမှ သတ္တိ ကောင်းပြီး "ဟီးရိုး" ဖြစ်တယ်လို့ ထင်ကြတယ်မဟုတ်လား။

တော်။ ။'သတိရပါတယ်၊ ခင်ဗျားတို့လူစု သိပ်ထိုးကြတာပဲ၊ ကျုပ်တောင်မှ မကော ပွက်လို့ ထိုးချင်လျက်သားနဲ့ မထိုးခဲ့ရဘူး။ ကျုပ် မှတ်မိပါတယ်'

သော်။ ။'အဲဒီတုန်းက ဆောင်းဒါးနဲ့ကျုပ်နဲ့ ဂေါ်ရာဆေးထိုးသမားကြီးဆီ သွားပြီး ဆေးထိုးကြတယ်။ ကျုပ်က ခြူးရုပ်ထိုးတယ်၊ ဆောင်းဒါးက ကျောက် ဆူးနဲ့ အင်္ဂလိပ်မရုပ်ထိုးတယ်။ မှတ်မိသေးလား' ဟုပြောလျက် ကိုစိန်သော်သည် ရှပ်အကျီလက်သီးကို ဖြုတ်၍ အကျီလက်ကို ပင့်ပြလေ၏။

သော်။ ။'အဲဒီဆေးနက်ရုပ်ကို မြင်ကတည်းက ဂျင်မီဆောင်းဒါးဆိုတာ ကျုပ်ပြော ဝံ့တယ်။ ဒီပြင်လူတွေလည်း ဒီအရုပ်မျိုး ထိုးကြပါရဲ့။ ဒါပေမဲ့ သူ့လက် မောင်းကိုတော့ ကျုပ်လက်မောင်းနဲ့ ခဏခဏ ယှဉ်ယှဉ်ပြီးကြည့်ဖူးလို့ သူ့အရုပ်ကို ကျုပ်ကောင်းကောင်းကြီး မှတ်မိတယ်ဗျ။ နှစ်ပေါင်းအတော်ကြာ ကွဲနေကြပေမဲ့ လက်မောင်းတစ်ဖက်တည်း မြင်ရစေတော့၊ ဆောင်းဒါးလက်မောင်းပဲလို့ ကျုပ်ပြော နိုင်တယ်။

'ဒါထက် လက်ယာဘက်လက်ကတော့ ဆင်နင်းမိတဲ့လက္ခဏာနဲ့ တစ်ခါ တည်း ကြေမွနေတယ်ဗျ။ ဖြစ်ပုံက ဒီလိုထင်ပါရဲ့၊ ဆင်ရိုက်လိုက်လို့ သူလဲနေရာ မှာ ဆင်ခြေထောက်ကြီးက သူ့မျက်နှာကို လှမ်းလာတာမြင်လိုက်ရလေတော့ မျက် နှာကို လက်နဲ့ရုတ်တရက် ကာလိုက်ရာမှာ လက်မောင်းရော၊ မျက်နှာတစ်ပိုင်းရော နင်းချသွားထင်ပါရဲ့ဗျာ၊ ဒါနဲ့ ကျုပ်က တပည့်တွေနဲ့ သူ့အလောင်းကိုမွှေ့ယူပြီး သစ်ပင်ရိပ်အောက် ရွှေ့ရာမှာ သူ့ငယ်ထိပ်မှာ သေနတ်ကျည်ဆန် ထိထားတဲ့ အပေါက်ကြီး တွေ့ရတာကိုးဗျ။

'နေစမ်းပါဦးလေ၊ ဆုံးအောင် ပြောစမ်းပါဦးမယ်။ သေတာလည်း မကြာ သေးဘူး၊ သေနတ်မှန်ထားတဲ့ ဒဏ်ရာလည်း တွေ့တယ်ဆိုတော့ ဖြန်းဆို ကျုပ် လန့်သွားပြီး သေနတ်ကို မောင်းတင်လိုက်မိတယ်။ နို့ပေမဲ့ အနီးအနားမှာ လင်းတ တွေကလွဲလို့ ဘာကောင်မှ မရှိပါဘူးဗျာ။

'ခုနင်တုန်းက စနေထောင့်မှာ မိုးတိမ်တွေ တက်လာတယ်လို့ ကျုပ် ပြော ခဲ့တယ်မဟုတ်လား။ ဒီအချိန်မှာ တိမ်တိုက်တွေ ခေါင်းပေါ်ရောက်လာပြီး တစ်မိုး လုံး မည်းလို့။ လေရောမိုးရော သွန်းချလာပါရောဗျာ၊ ဒီတော့ ကျုပ်တို့လူများ

www.burmeseclassic.com

www.burmeseclassic.com



နီးရာသစ်ပင်ရင်းကပ်ပြီး ဝပ်နေကြရတယ်။ သို့သော်လည်း သိပ်မကြာလှပါဘူး။ မိနစ် ၂၀ လောက် ရှာပြီး မိုးတိတ်သွားလေတော့ တပည့်တွေခေါ်ပြီး ဂျင်မီဆောင်းဒါးရဲ့အလောင်းကို ကျင်းခပ်တိမ်တိမ်ပဲတူးပြီး မြှုပ်ခဲ့ကြရတယ်။ ကျုပ် တစ်ခုစဉ်းစားမိတာက ဘာလဲဆိုတော့ ဆောင်းဒါးဟာ တောဆင်တွေ ခိုးပစ်ပြီး ဆင်စွယ်တွေ ယူနေတယ်ဆိုရင် သူနဲ့အတူ လူသုံးယောက်တော့ ပါမှာပဲလို့ စဉ်းစားမိတာနဲ့ သူ့တပည့်များရှိသေးရင် အနီးအနားမှာ တွေ့အောင်ရှာပြီး ဘယ်သူဘယ်ဝါဆိုတာ သေချာသထက် သေချာအောင် မေးမြန်းစုံစမ်းချင်တဲ့စိတ် ဖြစ်ပေါ်လာတယ်။ ဒါနဲ့ အလောင်းကိုမြှုပ်ပြီး အနီးအပါးမှာရှာကြတော့ သူ့အလောင်းနဲ့ အတောင် ၂၀ လောက်မှာ နှစ်လုံးပြူးသေနတ်တစ်လက် တွေ့ရတယ်။ နှစ်ဖက်လုံးမှာ ကျည်ဆန်ထိုးပြီး မရှိဘူး၊ ပြီးတော့ အဲဒီအနီးအပါးမှာပဲ ကျည်ဆန်ခွံတစ်ခု တွေ့ရတယ်။ ကောက်ကြည့်လိုက်တော့ ဒသမ ၂၅၆ တဲ့။

'ဒီအခွံက ကျည်ဆန်ရဲ့ ဆောင်းဒါးငယ်ထိပ်က အပေါက်နဲ့ဆိုရင် အရွယ်ချင်းလိုက်နေတာပဲဗျ။ ဒီတော့ကာ ဆောင်းဒါးကို ပစ်တဲ့လူဟာ တော်တော်နီးနီးကပ်ပြီးပစ်သွားတဲ့လက္ခဏာ ရှိတယ်။

'ငယ်ထိပ်မှန်ထားပုံ ကြည့်တော့လည်း ဆောင်းဒါး လဲနေတုန်းကို ပစ်လိုက်ဟန်တူတယ်။ ယုတ်မာလိုက်တဲ့ အကောင်ဗျာ။ နောက်ပြီး တစ်ခါ အနီးအပါးမှာ ကျုပ်တို့ လိုက်ရှာပြန်တော့ စခန်းချထားတဲ့ နေရာနှစ်ခု တွေ့တယ်ဗျာ။ ဖိုထားတဲ့ မီးဖိုမှာ မီးကျီးခဲလည်းမကျန်ဘူး၊ လူလည်းမတွေ့တော့ဘူး။ ဒီတော့ကာ ဆောင်းဒါး စုထားခဲ့တဲ့ ဆင်စွယ်တွေကို ယုတ်မာတဲ့တပည့်တစ်ယောက်က ပစ်သတ်ပြီး ခိုးသွားဟန် တူပါရဲ့'

ကိုစိန်သော်သည် ဖန်ခွက်ထဲသို့ ဘီယာကိုငှဲ့ထည့်ရင်း စီးကရက်တဖွာဖွာနှင့် သောက်နေလေ၏။

တော်။ ။'ဒီလောက်နဲ့တော့ ဟိုအလောင်းဟာ ဂျင်မီဆောင်းဒါးရယ်လို့ သိပ်ပြီး မကျေနပ်သေးဘူးဗျာ၊ လက်မောင်းက ဆေးနက်ဆိုတာ ဂေါ်ရာတိုင်းလိုလို ထိုးတတ်ကြတာမျိုးပဲဗျ'

သော်။ ။'နို့ပေမဲ့ သူ့ကို ကျုပ်က လုံးလုံးသတိမရဘဲ၊ ကမူစွန်းထိပ်မှာ ရပ်နေတုန်းက သူ့မျက်နှာကွက်ခနဲ မြင်လာတာ ဘယ့်နှယ်လုပ်မလဲဗျ။ ကျုပ်တော့ ဘာပြောပြောလေ၊ ဆောင်းဒါးမှ ဆောင်းဒါးပါပဲ'

တော်။ ။'မဆိုင်တာဗျာ၊ ဒီလို တောက်တီးတောက်တဲ့မျိုးတွေ'ဟု ပြော၍ စကားမဆုံးမီ ကျွန်တော်၏နောက်မှ ခြေသံကြားသဖြင့် လှည့်ကြည့်လိုက်သောအခါ ခပ်စောစောက ကျွန်တော်တို့မြင်ရသော ဘိုကပြားသည် ကျွန်တော်တို့နောက်တွင်

www.burmeseclassic.com



ရောက်နေ၍ ကိုစိန်သော်အား စိုက်ကြည့်နေလေ၏။

ထိုအခါ ကျွန်တော်တို့က ခပ်တင်းတင်းဖြင့် 'ကျွန်တော်တို့ စကားပြောတာ ခင်ဗျား ချောင်းနားထောင်နေသလား' ဟု မေးလိုက်၏။

ကပြား။ ။'စိတ်မရှိပါနဲ့ မိတ်ဆွေတို့၊ ခင်ဗျားတို့ မျက်နှာတွေကို မြင်ဖူးသလိုလိုရှိလို့ စောစောကတည်းက ကျွန်တော် စဉ်းစားနေတာ၊ အခုမှ [illegible] မိတ်ဆက်ဖို့ လာခြင်းဖြစ်ပါတယ်။ ကျွန်တော်က မြစ်ကြီးနား ရာဇဝတ်ဝန်[illegible] ဖြစ်ပါတယ်။ တစ်ခါတုန်းက အားလပ်ခွင့်ယူပြီး ကသာနယ်မှာ ဆင်ပစ်ရအောင် လာတော့ ခင်ဗျားတို့မျက်နှာတွေကို မြင်ဖူးတယ်ဆိုတာ ကျွန်တော် စဉ်းစားရပါတယ်။ ဟောဟိုက မိတ်ဆွေကိုတော့ အဝေးမှန်ပြောင်းနဲ့ လှမ်းကြည့်လို့ သေသေချာချာ မြင်ဖူးလို့ ကျွန်တော် ပြောနိုင်ပါတယ်။ ခင်ဗျားတို့ပြောနေတဲ့အကြောင်းအရာတွေကိုလည်း ကျွန်တော်ရိပ်မိလို့ မရှင်းလင်းတာ ရှင်းပေးချင်လို့ မိတ်ဆက်ရခြင်း ဖြစ်ပါတယ်' ဟုပြောသဖြင့် ကျွန်တော်တို့သည် ထိုသူအား ကုလားထိုင်တစ်လုံး ပေး၍ ဘွိုင်ကုလားအား ဘီယာပုလင်းများ ထပ်မံမှာယူကြလေ၏။

တော်။ ။'ခင်ဗျား မှတ်မိတာ တော်ပါပေ့ဗျာ၊ ကျုပ်ကဖြင့် လုံးလုံးမေ့လို့ မရဘူးဗျို့'

ပြား။ ။'ဆင်ပစ်ဖို့ လိုင်စင်လျှောက်တော့ ခင်ဗျားရုံးကို ကျွန်တော် လာယူရတာပဲ'

တော်။ ။'ဪ် သစ်တောဝန်မရှိခိုက် ခေတ္တ ကျုပ် ရုံးတက်ထိုင်ရတုန်းက မှတ်တယ်။ ဪ် သတိရပြီဗျို့'

သော်။ ။'ကျုပ်ကတော့ ခင်ဗျားကို မမြင်ဖူးပေါင်ဗျာ'

ပြား။ ။'ခင်ဗျားကတော့ မှန်ပါတယ်။ ကျွန်တော့်ကို မမြင်ဖူးပါဘူး။ ကျွန်တော်ကသာ ခင်ဗျားကို မြင်တာပါ။ လွန်ခဲ့တဲ့ တစ်နှစ်လောက်တုန်းက ကသာနယ်မှာ တောအုပ်ကြီးတစ်ခုအတွင်း အလောင်းတစ်ခုအနားမှာ ခင်ဗျား ရပ်နေတယ်မဟုတ်လား။ ခင်ဗျားက အလောင်းကို ငုံ့ထောက်ကြည့်နေရာမှ မတ်တတ်ထတဲ့ပြီး ဦးထုပ်ကိုချွတ်လိုက်တော့ ကျွန်တော်က မှန်ပြောင်းနဲ့ ကြည့်ခိုက်မို့ ခင်ဗျားမျက်နှာကို ကွက်ခနဲမြင်ပြီး မမေ့နိုင်အောင် စွဲနေပါတယ်'

သော်။ ။'အလို ဘုရားရေ၊ အဲဒါကို ခင်ဗျား မြင်သပေါ့လေ'

ပြား။ ။'မြင်ပါတယ်၊ နောက်ပြီး မိုးတွေ လေတွေ ကျလာသေး [illegible]

အဲဒီတုန်းကတည်းက ခင်ဗျားကို မိတ်ဖွဲ့မလို့ဘဲ၊ နို့ပေမဲ့ [illegible] နယ်မှာ အရာရှိ။ ကျုပ် လုပ်ထားတဲ့အလုပ်က ဥပဒေနဲ့နည်း[illegible] အမှန်ပြောရမှာဖြင့် ကျုပ် ရှောင်နေလိုက်ရတယ်'

www.burmeseclassic.com

www.burmeseclassic.com



သော်။ ။(မျက်နှာထား ခပ်တင်းတင်းနှင့် ထိုလူကို ကြည့်လျက်)'နေစမ်းပါဦးဗျာ။ ခင်ဗျားနာမည်က ဘယ်သူလဲ'

ပြား။ ။'ဂျွန်ဘာတင်ပါတဲ့။ သေတဲ့လူကို ခင်ဗျားသိသလား'

သော်။ ။'သိဆို ကျောင်းနေဖက် သူငယ်ချင်းပဲဗျ'

ပြား။ ။'ကျုပ်ကလည်း ထင်မိပါရဲ့။ ကိုင်းလေ ဘာဖြစ်ဖြစ် ပြောမိတဲ့လက်စနဲ့ ရှင်းလင်းပြီး ပြောပါတော့မယ်။ လွန်ခဲ့တဲ့နှစ်က အခွင့်နှစ်လခံပြီး မိဘများရှိတဲ့ မေမြို့(ပြင်ဦးလွင်)ကို မသွားသေးဘဲ ဆင်ပစ်ဝါသနာပါလေတော့ လိုင်စင်ယူပြီး ကသာနယ်ဘက်မှာ ဆင်ပစ်ခဲ့ပါတယ်။ ကျုပ်နဲ့အတူ ကချင်တပည့်လေးတစ်ယောက် ပါတယ်။ ဒါနဲ့ ရွှေလီဘက်ဆီတက်ပြီး ဆင်ပစ်တော့ လိုင်စင်ရတာက နှစ်ကောင်တည်း ရတယ်။ ငါးရက်မှ မကြာသေးဘူး၊ နှစ်ကောင်စလုံးပစ်ပြီး ဖြစ်နေရောဗျ။ လွယ်လွယ်နဲ့ ရလေတော့ လောဘထွက်ပြီး ဘယ်လိုပဲဖြစ်ဖြစ် တစ်ကောင်လောက်တော့ နောက်ထပ်ပစ်ဦးမယ်လို့ အကြံအစည်နဲ့ စုံစမ်းကြည့်ရာမှာ အင်မတန်ကြီးတဲ့ "ထီးကိုး" ကြီးတစ်ကောင် ရှိလေရဲ့လို့ သတင်းရတာနဲ့ ကျုပ် လိုက်ပြီး ချောင်းတာကိုးဗျ။

'ကချင်ကလေးနဲ့ ကျုပ်နဲ့ တစ်မနက်မှာ တောထဲလိုက်ကြည့်ကြတော့ အင်မတန်ကြီးတဲ့ ဆင်ခြေရာကွက်ကြီးတွေကို လတ်လတ်ဆတ်ဆတ် တွေ့ထားတာကိုးဗျ။ လေကလေးက တဖြူးဖြူးတော့ တိုက်နေတယ်၊ တိုက်ပေမဲ့ ဆင်ခြေရာကြီးလျှောက်သွားတဲ့ဘက်က တိုက်လာတဲ့လေဖြစ်လေတော့ ဆင်က လေတင်က၊ ကျုပ်တို့က လေအောက်ကဆိုတာ သိရတယ်။ ဒါနဲ့ ကချင်နဲ့ကျုပ်နဲ့ နာရီတစ်ဝက်လောက် ခပ်သုတ်သုတ် လိုက်သွားကြရာမှာ ဆင်နှာမောင်းရိုက်တဲ့အသံကို ကြားရတယ်။ ဒီတော့မှ ကျုပ်တို့ ခပ်သုတ်သုတ် မသွားဘဲ သတိနဲ့ ခပ်ဖြည်းဖြည်း လိုက်လာကြတော့ ကုန်းမြင့်ကလေးတစ်ခု အကျော်လိုက်မှာ အင်မတန်ကြီးတဲ့ ဆင်ကြီးတစ်ကောင်ဟာ ဟိုရှေ့က ကိုက်တစ်ရာလောက်က တောင်စောင်းမှာ လျှောက်သွားတာကို မြင်ရတာကိုးဗျ။ ကျုပ်ဘက်ကို ဖင်လှည့်နေတော့ အစွယ်ကိုတော့ ကောင်းကောင်းမမြင်ရဘူး။ ခေါင်းကြီးတစ်ချက် ငဲ့လိုက်တဲ့အခါကျတော့မှ ဖွေးခနဲဖွေးခနဲ မြင်ရတာပဲ။ ဒါနဲ့ ကျုပ်တို့က နံဘေးက ကွင်းပြီးသူ့ရှေ့ရောက်အောင် ခပ်သုတ်သုတ် ပန်းတက်ကြပြန်ရောဗျာ။

'တောင်စောင်းရောက်လို့ အောက်မျှော်ကြည့်လိုက်တော့ ဆင်ကြီးက ကျုပ်တို့အောက်မှာ ကိုက် ၈၀ လောက် ရောက်နေတယ်။ သူနေပုံကြည့်ရတာ အနံ့တစ်ခုခုရလို့ ငြိမ်ပြီးချောင်းနေတဲ့လက္ခဏာပဲ။ နှာမောင်းကြီးကလည်း အပေါ်မြှောက်ပြီး အနံ့ခံနေတယ်။ ကျွန်တော်က ဆင်ပစ်တဲ့အခါမှာ ဒသမ ၂၅၆ ကျည်ဆန်နဲ့ ခေါင်း



ကိုချိန်ပြီး ပစ်လေ့ရှိတယ်။ ပစ်ပြန်ရင်လည်း သေကွင်းကို အချက်မရမချင်း မပစ်ချင်ဘူး။ ဒါနဲ့ သေနတ်ကို ကျောက်တုံးတစ်တုံးမှာ တည်ပြီး ချက်ကောင်းဆီ စောင့်နေတယ်။ ဒါပေမဲ့ ချက်ကောင်းကို မရဘူးဗျ။ မောင်းဖြုတ်မယ်လုပ်လိုက်ရင်း သူက လှုပ်လိုက်ရင်းနဲ့ ကြိုက်တဲ့အနေအထားကို မရဘူး။ ဆင်ကလည်း တစ်ခုခု အနံ့ရလို့ လှုပ်လှုပ်ရွရွ ဖြစ်နေတဲ့လက္ခဏာ ရှိတယ်။

'ဒီလိုဖြစ်နေတုန်းမှာ ဆင်ဆီက တိုက်လာတဲ့ လေကလေးမှာ ကျုပ်မျက်နှာဝင်တိုးလိုက်သည်နှင့်တစ်ပြိုင်နက် ဆင်ကြီးက တစ်မျိုးတစ်မည် ဖြစ်လာပါရောဗျာ။ ပြောရဦးမယ်ဗျာ။

'ကြောင် ချောင်းတာတို့၊ ကျားချောင်းတာတို့ ခင်ဗျားတို့ မြင်ဖူးပါလိမ့်မယ်။ ဆင်ချောင်းတယ်ဆိုတာ ပြောလို့ယုံနိုင်စရာမရှိဘူး။ သိပ်ကြောက်စရာကောင်းတယ်ဗျို့။ သူ့နှာမောင်းမှာ ဘာအနံ့ရတယ် မဆိုနိုင်ဘူး သုတ်သုတ် သုတ်သုတ်နဲ့ တောင်ကမ်းပါးယံက လျှောဆင်းသွားပြီး စာကလေးကို ကြောင်ချောင်းသလို ရှိုရှိုကလေး လှမ်းသွားတာကိုးဗျ။ အမှန်ပြောရမှာဖြင့် ကျွန်တော်တော့ ကြောက်လာတယ်ဗျာ။ သိပ်ကြောက်လာတာပဲ။ ဒါပေမဲ့ သူ့နောက်ကို မလိုက်ဘဲလည်း မနေနိုင်ဘူး။ ဒါနဲ့ ခပ်သုတ်သုတ်လိုက်သွားလို့ ကျောက်တုံးကြီးတစ်တုံးပေါ် တက်လိုက်မိတာနဲ့တစ်ပြိုင်နက် ဆင်ကြီးက ကုန်းအော်တဲ့ပြီး သစ်ကိုင်းသစ်ခက်တွေ ဂျိုးဂျိုးဂွျန်းဂွျန်းမြည်အောင် အတင်းထိုးဆင်းလိုက်ပါလေရောဗျာ။ ဆင်ကြီးဟာ ခြုံထဲကလွန်ပြီး မြက်တွေနဲ့ စိမ်းနေတဲ့မြေပြန့်ကြီးနား ရောက်သွားတာကိုးဗျ။

'အဲဒီမြေပြန့်အလယ်မှာ လူနှစ်ယောက် ရပ်နေကြလေရဲ့။ တစ်ယောက်နဲ့ တစ်ယောက် ရှေ့ဆင့်နောက်ဆင့် ၅ ကိုက်လောက် ကွာလိမ့်မယ်။ သေနတ်တော့ ကိုယ်စီကိုင်လို့ပဲ။ ဒါနဲ့ ကျွန်တော် ကြည့်နေတုန်းမှာ ရှေ့လူက ရပ်တဲ့ပြီး နောက်က လူကို လက်ယပ်ခေါ်ပြီး သေနတ်ချင်း လဲကြတယ်။ ဒီအခါမှာ ဆင်ကြီးက သူတို့နဲ့ ကပ်သွားပြီဗျ။ ဟိုတုန်းကတော့ ရှို့ရှို့ကလေး သွားနေတာ၊ အခုတော့ တရကြမ်းအတင်းပြေးဝင်သွားလေတော့ မြန်လိုက်ပုံ မပြောပါနဲ့တော့။ ဒီတော့ ရှေ့က လူက တော်ပါပေတယ်ဗျာ။ သေနတ်ကို ကိုင်ပြီး ကျောက်ဆောင်လိုပဲ ငြိမ်ငြိမ်ရပ်တဲ့ပြီး ဆင်ကြီးဆီကို သေနတ်နှစ်ချက်လုံး ဆွဲလိုက်တာကိုး။

'ဒါပေမဲ့ ဆင်ကြီးက ဖြုံတောင်မဖြုံဘူးဗျာ၊ တိုးမြဲတိုင်း တိုးဝင်ပြေးတာပဲ။ ဒီအခါမှာ ဟိုလူက နောက်လှည့်ကြည့်ပြီး သေနတ်တောင်းရှာတယ်၊ တောင်း[illegible] နောက်လူက မရှိတော့ဘူးဗျ၊ ထွက်ပြေးနှင့်ပြီ။ ပြေးတဲ့လူကို ကျုပ်တော့ [illegible] တင်လိုပါဘူး။ သေဘေးကြီးကလည်း ကပ်နေပြီကိုးဗျ။ ဒီအခါမှာ [illegible] သတိ[illegible] ပြီး သေနတ်ကောက်တဲ့ပြီး ဆင်ကြီးကို ချိန်လိုက်တာကိုးဗျ၊ အဲဒီလို ချိန်နေတဲ့

www.burmeseclassic.com



တစ်ခဏအတွင်းမှာလည်း ဟိုလူလုပ်ပုံကို မြင်ရသေးတယ်။ တောလိုက်တဲ့ ခင်ဗျား သူငယ်ချင်းဗျာ၊ လုံးလုံးမပြေးဘူးဗျို့။ သူ့ဦးထုပ်ချွတ်တဲ့ပြီး ဆင်ကြီးကို လှမ်း ပေါက်လိုက်သေးတယ်။ နောက်ပြီးတော့မှ လက်နှစ်ဖက်ကို ရှေ့ပစ်ပြီး ဆင်ကြီးရဲ့ ရှေ့လက်နှစ်ဖက်အကြားကို ဒိုင်ဗင်ထိုးသွင်းလိုက်တာကိုး။ အဲဒီအခိုက်နဲ့ ကျွန် တော်က သေနတ်မောင်းဖြုတ်လိုက်တဲ့ အခိုက်နဲ့ တစ်ချိန်တည်း ကျနေတာကိုးဗျ။

'ကျွန်တော့်ကျည်ဆန်က ဆင်မထိဘဲနဲ့ သူ့ကိုထိသွားလေသလား မပြော တတ်ပါဘူး။ လူကတော့ လိမ့်ကျန်ရစ်ပြီး ဆင်ကြီးကတော့ လှည့်မကြည့်ဘဲ ထွက်ပြေးတဲ့လူနောက်ကို တည့်တည့်ကြီး တန်းလိုက်ပြီး ပျောက်ကွယ်သွားပါ ရောဗျာ။ ဒီတော့မှ ကျွန်တော် ကျောက်တုံးပေါ်က ခုန်ဆင်းပြီး ဟိုလူ့ဆီပြေးသွား တာကိုးဗျ။ မြေကြီးပေါ်မှာ ဘေးစောင်းကလေးလဲလို့၊ မျက်နှာကို ညာဘက်လက် မောင်းနဲ့ အုပ်လို့၊ ဒါနဲ့ ကျွန်တော်က သူ့လက်ကလေးကို အသာဖယ်ကြည့်လိုက် တော့ သူ့ဖြစ်ပုံ ကျုပ်မြင်ရတာ ခုတောင် ကြက်သီးထသေးတယ်ဗျာ'

ဘာတင်သည် ကျွန်ုပ်တို့ တည်ခင်းထားသော ဘီယာကိုယူ၍ ဂွတ်ဂွတ် မြည်အောင် သောက်ချလေ၏။

ပြား။ ။'မျက်နှာကတော့ ခင်ဗျားမြင်တဲ့အတိုင်းပေါ့လေ၊ တစ်ခြမ်းလုံးလုံး မရှိ တော့ဘူး။ မျက်လုံးကလေးကတော့ ကျွန်တော့်ကို ဖွင့်ကြည့်ရှာသေး တယ်။ ကျွန်တော်ကလည်း ကပြားအချင်းချင်းဖြစ်နေတာတွေ့လို့ ကရုဏာသက် ပြီး သူ့စိတ်ထဲဝင်ကြည့်မိပါတယ်။ ကျွန်တော်သာ သူ့လို မျက်နှာတစ်ခြမ်းလုံး မရှိတဲ့အဖြစ်မျိုးရောက်ရင် လူ့ပြည်မှာ မနေချင်တော့ဘူး၊ သူလည်းပဲ ဒီလိုပဲရှိလိမ့် မယ်လို့ ကျွန်တော်ယူဆတယ်။ ဒါကြောင့် ရေသွားရှာချေဦးမယ်လို့ သူ့ပြောပြီး ထွက်လာခဲ့၊ သူ့ခေါင်းရင်းရောက်တော့ သူ့ခေါင်းကို ကျွန်တော် သေနတ်နဲ့ပစ် လိုက်တာပဲ'

ထိုအခါ ကျွန်တော်နှင့် ကိုစိန်သော်တို့က "အို" ဟူ၍ တစ်ပြိုင်နက်တည်း ဆိုလိုက်မိကြ၏။

ပြား။ ။'ဒီနောက်မှ ကျွန်တော်က ကချင်လေးလိုက်ရှာပြီး တွေ့တွေ့ချင်း ဟိုလူ သွားကြည့်မယ်လုပ်တော့ ခင်ဗျားရောက်နေတာကို ကျုပ်မြင်ရတယ်။ ကျုပ်က မှန်ပြောင်းနဲ့ ကြည့်လိုက်တော့ ခုနင်ကပြောတဲ့အတိုင်း ခင်ဗျားမျက်နှာ ကွက်ကွက်ကလေးမြင်ပြီး ခုထက်ထိ ကျုပ် မမေ့နိုင်ဘူး'

သော်။ ။'ဒါဖြင့် ခင်ဗျား ဘယ့်နှယ်ကြောင့် ကျုပ်ဆီ လာသလဲဗျာ'

ပြား။ ။'အမှန်ပြောရမှာဖြင့် ဆင်ပစ်ရတာ ကိစ္စမရှိဘူး။ လူတစ်ယောက်ကို မလွှဲ သာလို့ ကရုဏာနဲ့ ပစ်ရတော့ စိတ်ထဲမှာ မကောင်းဘူးဗျာ။ ဘယ်သူ့မှ



မတွေ့ချင်ဘူး။ ဒီပြင်တစ်ကြောင်းကလည်း ဆင်ခိုးပစ်ဖို့ လာတဲ့လူဟာ အရှေ့ရှိနဲ့ မတွေ့ချင်ဘူးဗျ'

သော်။ ။(ပြုံးရယ်လျက်)'မထူးပါဘူးဗျာ၊ အဲဒီအချိန်မှာတော့ ကျုပ်လည်း ခိုးဆင် ဖို့ ကြံနေတဲ့လူပါပဲ'

ပြား။ ။'သြော် ဒါထက် ဆင်သေကြီးကိုတော့ နောက်နှစ်ရက်လောက်မှာ ကျုပ် တွေ့တယ်ဗျို့။ အစွယ်တစ်ချောင်းတင် ၃၅ ပိဿာတောင် ရှိတယ်'

သော်။ ။'ဒီလိုဆိုရင် ဆောင်းဒါးပစ်တဲ့ ဆင်ဗျ၊ သူ့မှာသားချင်းရှိရင် ခင်ဗျားက ထက်ဝက်ပေးထိုက်တယ်'

ပြား။ ။'ပေးဖို့ အဆင်သင့်ပါပဲဗျာ၊ တွေ့တဲ့နေ့ ကျွန်တော့်ကို အကြောင်းကြား လိုက်ပါ'

[သွေးသောက်၊ အမှတ် (၂၃)၊ အောက်တိုဘာလ ၁၉၄၇]

■

www.burmeseclassic.com

www.burmeseclassic.com

# ကာလယန္တရား

## အခန်း( ၁ )

### စကားချီး

ကာလစရီးသည် (အတိတ်သို့မဟုတ် အနာဂတ်ကာလများသို့ ယန္တရားစက်ဖြင့် ခရီးသွားသောသူ)သည် သူ၏နက်နဲသောပညာကို ကျွန်ုပ်တို့လူစုအား ရှင်းလင်းပြောပြလျက်ရှိ၏။ ကျွန်ုပ်တို့လူစုသည် ညစာစားပြီးသည်နောက် သူ၏ အထူးတလည်လုပ်ထားသော ကုလားထိုင်များပေါ်တွင် စည်းစိမ်ဖြင့် ထိုင်လျက် နားထောင်ကြ၏။

'ကျောင်းမှာ ကျုပ်တို့သင်ခဲ့ရတဲ့ ဂျီသြမေတြီဟာ အခြေခံကတည်းက လွဲနေတာဗျ။ ဒု၊ ဖြက် လုံးဝမရှိတဲ့ မျဉ်းကြောင်းဆိုတာ ဘယ်လိုနည်းနဲ့မျှ ဆွဲလို့ မဖြစ်နိုင်ဘူးလို့ ခင်ဗျားတို့ သိကြမှာပေါ့'

'မှန်တယ် ထားပါတော့ဗျာ'

'နို့ ပြီးတော့ ဝတ္ထုပစ္စည်းတစ်ခုဟာ အလျားရယ်၊ အနံရယ်၊ ဒုရယ်၊ ဒီသုံးခုထဲနဲ့ မဖြစ်နိုင်ဘူးဆိုတာကော နားလည်ကြရဲ့လား'

'နားမလည်ဘူးဗျာ'

'ဒီသုံးခုအပြင် ကာလဆိုတဲ့ သတ်မှတ်ချက်တစ်ခု ရှိရဦးမယ်။ ကာလဆိုတဲ့ သတ်မှတ်ချက်မရှိဘဲလျက် ပစ္စည်းတစ်ခုဟာ ဘယ်လိုလုပ်ပြီး တည်နေနိုင်ပါမလဲဗျ။ နက်နဲတယ်နော်၊ ခင်ဗျားတို့စဉ်းစားနိုင်မှ သဘောပေါက်မယ်။ ကာလအပိုင်းအခြားနဲ့ တည်မနေရင် ဝတ္ထုပစ္စည်းတစ်ခုဟာ မထင်ရှားနိုင်ဘူးဗျ၊ ဒီအချက်ကို လူတွေ သဘောမပေါက်ကြဘူး။ သူတို့က ဒု၊ ဖြက်၊ ဓောက်၊ ဒီသုံးခုပဲ ရှိ



တယ်လို့ ယူဆကြတယ်။ အမှန်မှာတော့ စည်းကမ်းချက် လေးခုနဲ့ ပြည့်စုံမှ ပစ္စည်းတစ်ခု ထင်ရှားဖြစ်ပေါ်နိုင်တယ်ဗျ။ ဝတ္ထုပစ္စည်းကို ကြည့်တဲ့လူ့နဲ့ဟာ ဒေါ ဏတစ်ခုတည်း အစဉ်လိုက်ဖြစ်ပျက်နေကြလေတော့ ကာလဆိုတဲ့ စည်းကမ်းချက် ပါမှ ဝတ္ထုပစ္စည်းတစ်ခု ဖြစ်ပေါ်နေနိုင်တယ် ဆိုတာကို လူများက သဘောမပေါက်ကြဘူး'

'ရေးရေးကလေးတော့ နားလည်သလိုလိုပဲခင်ဗျ'

'အဲဒါကို စတုတ္ထပမာဏလို့ ခေါ်တယ်။ တချို့က စတုတ္ထပမာဏဆိုတာ အဓိပ္ပာယ်တစ်မျိုး ပေါက်နေတယ်။ အလျားနဲ့ အနံသာရှိတဲ့ ကျောက်သင်ပုန်းကြီးပေါ်မှာ အလျား၊ အနံ၊ ဒု သုံးခုလုံးရှိတဲ့ စာအုပ်ပုံသဏ္ဍာန်တစ်ခု ရေးဆွဲလို့ ပြနိုင်သလိုပဲ ထိုသုံးခုလုံး ပြည့်စုံတဲ့ ဝတ္ထုပစ္စည်းတစ်ခုပေါ်မှာ စတုတ္ထပမာဏတစ်ခုတည်း ပေးလို့ဖြစ်နိုင်တယ်တဲ့ ပြောကြတယ်။ ဒီလိုမဟုတ်ပါဘူး။ စတုတ္ထပမာဏဆိုတာ ဒါကို ဆိုလိုတာမဟုတ်ဘူး၊ ကာလကို ဆိုလိုတယ်။ တည်တံ့နေသော အချိန်ကာလရှိမှသာ ဝတ္ထုပစ္စည်းတစ်ခု ဖြစ်ပေါ်မယ်'

'မရှင်းတရှင်းပဲခင်ဗျာ'

'ဒီမှာကြည့် လူတစ်ယောက်ကို ၅ နှစ်သားအရွယ်မှာ ဓာတ်ပုံရိုက်၊ ဒီနောက် ၁၀ နှစ်သားမှာတစ်ကြိမ်၊ ၁၅ နှစ်သားမှာတစ်ကြိမ်ရိုက်။ ဒီဓာတ်ပုံသုံးချပ်လုံးဟာ တစ်ဦးတည်းသောလူ၏ ပမာဏသုံးခုလို့ ဆိုရတယ်မဟုတ်လား'

'ဒီလိုတော့ ဆိုနိုင်ပါရဲ့'

'လောကဓာတ်နည်းအရတော့ ၅ မိနစ်၊ ၁၀ မိနစ်ဆိုတဲ့ ကာလအပိုင်းအခြားရယ်၊ ၅ ပေ၊ ၁၀ ပေဆိုတဲ့ အကွာအခြားရယ်၊ သဘောအားဖြင့် အတူတူပဲဗျ'

'ဒါဖြင့် တစ်ပိဿာ၊ နှစ်ပိဿာဆိုတဲ့ အလေးချိန်လည်း အတူတူပဲလား'

'ဟာ ဒါက တခြားပဲ၊ အလေးချိန်ဆိုတာ ပညတ်ပဲ'

'ကာလနဲ့ အကွာအဝေး အတိုင်းအထွာကတော့ ပညတ်မဟုတ်ဘူးလား'

'ပညတ်ပေမဲ့ အလေးချိန်နဲ့ နှိုင်းစာတော့ ပရမတ်တောင် ဖြစ်နေတယ်။ သို့သော် ဒါကို အသာထားလို့ ဟောဒီပြဒါးတိုင်ကိုကြည့်စမ်း၊ မနက်ခင်းအချိန်မှာ ပြဒါးဟာ ဟောဒီမှာ၊ နေ့ခင်းကျတော့ ဟောဒီထက် တက်လာတယ်၊ ညနေကျတော့ ဟောဒီကို ပြန်ကျတယ်။ တက်ချည် ဆင်းချည်နဲ့ မျဉ်းကြောင်းဆွဲ ပြီး မှတ်ထားတယ် ဆိုပါတော့။ ဒီဟာ တကယ်ရှိတဲ့ မျဉ်းကြောင်းလား မဟုတ်ဘူး။ သို့သော် သူ့အချိန်နဲ့သူ ပြဒါးရောက်တဲ့နေရာကို ဖော်ပြတဲ့အတွက် ကာလမျဉ်းကြောင်းလို့ ခေါ်ရမယ်'

'ရေးရေးကလေးတော့ နားလည်ပြီခင်ဗျာ'

www.burmeseclassic.com

www.burmeseclassic.com



'ဒီဟာကို အသာထားပြီး ကျုပ်တို့လူများဟာ အလျားလိုက်၊ အနံလိုက် ရွှေ့ပြောင်းနိုင်တယ်။ ရှေ့တိုးနောက်ငင် သွားနိုင်တယ်။ အထက်ကို “လေယာဉ်ပျံမှတစ်ပါး” လေး ငါး ခြောက်ပေလောက်သာ ခဏကလေး ခုန်တက်နိုင်တယ်ဆိုတာ သဘောကျရဲ့လား'

'သဘောကျပါတယ်၊ သို့သော် ထို့အတူ ပစ္စုပ္ပန်မှနေပြီး အတိတ်ကို ပြန်သွားနိုင်သလား'

'သွားနိုင်တယ်၊ ယန္တရားစက်နဲ့ သွားနိုင်တယ်။ ပစ္စုပ္ပန်ကနေပြီး အနာဂတ်သို့တော့ အလိုအလျောက် သွားနေကြလျက်ပဲ။ သို့သော် ဒီထက်သွားနိုင်တယ်။ အရှေ့တိုင်းဖြစ်စေ၊ အတိတ်သို့ ပြန်၍ဖြစ်စေ ယန္တရားစက်နဲ့ သွားနိုင်တယ်။ အရှေ့တိုင်းသားများက ရှေ့ကမ္ဘာ ၄၀၊ နောက်ကမ္ဘာ ၄၀ တိုင်အောင် စိတ်တန်ခိုးနဲ့ သွားကြည့်နိုင်တယ် ပြောတယ်။ ကျုပ်က စက်ကိရိယာနဲ့ သွားကြည့်ဖို့ ကြိုးစားနေတယ်'

'ဖြစ်နိုင်ပါ့မလားခင်ဗျာ'

'ကျုပ်ကြိုးစားလို့ ဖြစ်လုပြီဗျ'

'ဒီလိုဆို နေရာကျပေါ့ဗျာ၊ ငွေ ၁,၀၀၀ ကျပ်လောက် ဘဏ်တိုက်မှာ အပ်ထားလိုက်၊ နောက်နှစ်ပေါင်းတစ်ထောင်လောက်ကြာမှ သွားထုတ်ယူ အတိုးငွေ ဘယ်လောက်ရမလဲ'

'ဟိုအခါကျတော့ ဘုံဝါဒတိုင်းပြည်ဖြစ်နေရင် ခင်ဗျာ့ငွေတွေ ဘာသွားသုံးမလဲ'

'ကိုင်း ဒါထက် ခင်ဗျား စမ်းလုပ်ထားတဲ့ ယန္တရားစက်ဆိုတာ ကြည့်ပါရစေလားဗျာ'

ဤတွင် ကာလခရီးသည်,သည် ထိုင်ရာမှထ၍ သူ၏အလုပ်ခန်းထဲသို့ ဝင်သွားပြီးလျှင် စက်ကိရိယာလေးတစ်ခုကို ယူလာခဲ့လေ၏။

❖

## အခန်း(၂)
## ယန္တရားစက်

ယန္တရားစက်ကလေးမှာ သေးငယ်သော တိုင်ကပ်နာရီ သို့မဟုတ် “တိုက်ပရိုက်တာ” လက်နှိပ်စက်ကလေး ပမာဏရှိ၍ ဆင်စွယ်ဖြင့်လည်းကောင်း၊ ဒန်ရောင်ဖြင့်လည်းကောင်း၊ သလင်းမှန်ဖြင့်လည်းကောင်း ပြုလုပ်ထားသော အစိတ်အပိုင်းများ ပါရှိသည်ဖြစ်၍ တပြောင်ပြောင် တလက်လက်ရှိနေလေ၏။ ကာလအ



ခရီးသည်,သည် ယန္တရားကလေးကို ရှစ်ထောင့်ရှိသော စားပွဲကလေးပေါ်၌တင်၍ မီးအိမ်တစ်ခုကို အနီး၌ချထားပြီးလျှင် စားပွဲအနီးတွင် ကုလားထိုင်ပေါ်၌ ထိုင်ခဲ့လေ၏။ အခန်းတွင်း၌ အခြားနေရာများတွင် ဖယောင်းတိုင်များလည်း ထွန်းထားသဖြင့် တစ်ခန်းလုံး အတော်လင်းလျက်ရှိ၏။ ကျွန်ုပ်တို့လူစုအနက်တွင် ဆရာဝန်တစ်ယောက်၊ မြို့တော်ဝန်တစ်ယောက်၊ စိတ်ပညာပါရဂူတစ်ယောက်၊ လူငယ်တစ်ယောက်နှင့် ကျွန်ုပ်တို့ ပါဝင်ကြလေရာ ကျွန်ုပ်တို့သည် ကာလခရီးသည်၏ နက်နဲသောဉာဏ်ကို ရိပ်မိကြသဖြင့် ကျွန်ုပ်တို့အား မျက်လှည့်နည်းဖြင့် လှည့်စားခြင်းမပြုနိုင်အောင် အထူးဂရုပြု၍ ကြည့်နေကြလေ၏။ အချို့မှာ ကုလားထိုင်တွင် ထိုင်ကြ၍ အချို့မှာ ထိုသူ၏ပခုံးပေါ်မှ ကျော်လျက် စက်ယန္တရားကလေးကို ကြည့်နေကြ၏။

'ဒီယန္တရားကလေးဟာ နမူနာလောက် လုပ်စမ်းထားတာဗျ။ ဒီအပေါ်မှာ လူကိုယ်တိုင် လိုက်စီးလို့မဖြစ်နိုင်သေးဘူး။ သူ့ဘာသာသူအတိတ်၊ အနာဂတ်ကာလများသို့ သွားနိုင်ဖို့လောက်သာ တတ်နိုင်ပါလိမ့်မယ်။ သို့သော် သူနေရာကျလို့ အကြီးစားတစ်ခု လုပ်တဲ့အခါကျတော့ ကျုပ်က ဟောဒီနေရာမှာ ထိုင်လိုက်ရလိမ့်မယ်'

ခရီးသည်,သည် သေးငယ်သော ဘိုင်စကယ်ကုန်းနှီးသဖွယ် ရှိနေသည့် အစိတ်အပိုင်းကလေးကို ထောက်ပြလေရာ ကျွန်ုပ်တို့မှာ ခလုတ်တွေ ပြည့်နေလျက်ရှိသော စက်ကိရိယာကလေးကို အံ့သြစွာ ကြည့်နေလေ၏။ ဟုတ် မဟုတ် မဆိုနိုင်သော်လည်း စက်ကိရိယာမှာ အလွန်ရှုပ်ထွေး၍ ဆင်စွယ်ရောင်၊ ဒန်ရောင်၊ မှန်ရောင်တို့ဖြင့် အလွန်လှပ သပ်ရပ်လှပေ၏။

'ဒီယန္တရားကလေးကို ကျုပ်လုပ်နေတာ နှစ်နှစ်လောက်ရှိပြီဗျ။ ဟောဒီခလုတ်ကိုနှိပ်လိုက်ရင် အတိတ်ကာလကို ရောက်တယ်၊ ဟောဒီခလုတ်က အနာဂတ်ကာလအတွက်ဗျ။ ခလုတ်ကို ကျုပ် နှိပ်လိုက်ရင် ဒီစက်ကလေးဟာ ခင်ဗျားတို့ မျက်စိအောက်က ပျောက်ကွယ်သွားလိမ့်မယ်။ ဒါကြောင့် သေသေချာချာ ကြည့်ထားလိုက်ကြဗျ။ စားပွဲကိုလည်း သေသေချာချာ ကြည့်ကြ၊ မျက်လှည့် မဟုတ်ဘူးဗျ နော်'

ယင်းသို့ပြောပြီးနောက် ခရီးသည်,သည် စက်ခလုတ်ကို နှိပ်တော့မည်ပြီးမှ သူကိုယ်တိုင် မနှိပ်ဘဲ ခရီးသည် ပါရဂူကြီး၏လက်ကိုဆွဲ၍ ခလုတ်ကိုနှိပ်ရန် ပြောလေ၏။ ပါရဂူကြီးလည်း ညွှန်ပြသောခလုတ်ကလေးကို လက်နှင့်နှိပ်လိုက်သည်နှင့်တစ်ပြိုင်နက် အခန်းထဲမှာ လေကလေးအနည်းငယ်တိုက်ခတ်သော စားပွဲပေါ်ရှိ မီးအိမ်မှမီးလည်း အနည်းငယ်လှုပ်ရှားသွားပြီးလျှင် ယန္တရားကလေး

www.burmeseclassic.com



သည် ရုတ်တရက် ရှေ့နောက်လှည့်လိုက်၍ တဖြည်းဖြည်း မှေးမှိန်သွားရာမှ တစ်ခါတည်း ပျောက်ကွယ်သွားလေတော့၏။ ထိုအချိန်တွင် ဖယောင်းတိုင်တစ်တိုင်မှာလည်း လေဟပ်၍ ငြိမ်းသွားလေ၏။

ကျွန်ုပ်တို့အားလုံးမှာ ပါးစပ်များဟကာ ငေးနေကြပြီးမှ တစ်ယောက်၏မျက်နှာကို တစ်ယောက် လှမ်းကြည့်ကြလေ၏။

'ဒီဟာ တကယ်ပဲလား ဆရာကြီး၊ အနာဂတ်ကာလဆီကို စက်ကလေးဟာ တကယ်ပဲ ရောက်သွားတာပဲလား'

'တကယ်ပါဗျ၊ ဒါတွင်မကသေးဘူး၊ ကျုပ်မှာ ယန္တရားစက်ကြီးလုပ်ထားသေးတယ်။ ခုနင်က ဟာကလေးက နမူနာကလေးရှိသေးတယ်။ ဟိုဟာကြီးကမှ ကျုပ်ကိုယ်တိုင် လိုက်စီးသွားနိုင်လောက်အောင် လုပ်ထားတယ်ဗျ။ ပြီးလုပါပြီ၊ ပြီးတဲ့တစ်နေ့ကျတော့ ကျုပ်ကိုယ်တိုင် လည်ကြည့်ဦးမယ်'

'ဟုတ်ကဲ့လားဗျာ၊ ခုနင်က စက်ကလေးပျောက်သွားပုံက ဆန်းတယ်ဗျို့၊ ကျုပ်တော့ နားမလည်ဘူး'

ဤတွင် ပါရဂူကြီးက ရှင်းလင်းပြောပြသည်မှာ–

'မမြင်ရတာက တခြားကြောင့်မဟုတ်ဘူးဗျ၊ အလွန်လျင်မြန်စွာ လှုပ်ရှားနေတဲ့ ပစ္စည်းတစ်ခုကို ကျုပ်တို့မျက်စိက မီအောင်လိုက်နိုင်တဲ့ စွမ်းအားမရှိလို့မမြင်ရခြင်းဖြစ်တယ်။ ဥပမာ ဘီးတစ်ခုကို မွှတ်နေအောင် လှည့်လိုက်တဲ့အခါမှာ "စပုတ်"ခေါ်တဲ့ ဒေါက်တိုင်တွေကို ကျုပ်တို့ မမြင်ရဘူးမဟုတ်လား၊ အဲဒီလိုပေါ့ဗျ။ ခင်ဗျားတို့၊ ကျုပ်တို့က တစ်စက္ကန့်အချိန်ရောက်တုန်း စက်ကလေးက တစ်မိနစ်အချိန် ရောက်သွားတယ်ဆိုလျှင် ကျုပ်တို့ထက် အဆပေါင်း ၆၀ လျင်မြန်နေလို့မို့ ကျုပ်တို့က သူ့ကို ဘာမြင်နိုင်မှာလဲဗျ'

'ရေးတေးတေးတော့ သဘောပေါက်သလိုလိုပါပဲခင်ဗျာ'

'ခင်ဗျားတို့ အားလုံးက ဘယ်လိုသဘောရသလဲ'

'ခုချက်ချင်းတော့ မပြောသေးဘူး၊ နက်ဖြန်ကျတော့မှ စဉ်းစားပြီး အဖြေပေးပါရစေတော့' ဟု တစ်ယောက်က ပြောရာ အားလုံးသဘောတူကြ၏။

'ကိုင်း ဒါဖြင့် ယန္တရားကြီးကော ကြည့်ကြမလား'

'ကြည့်ချင်ပါခင်ဗျာ'

ခရီးသည်လည်း ကျွန်ုပ်တို့ကို သူ၏အလုပ်ခန်းထဲသို့ ခေါ်သွား၍ ပြီးစီးလုဆဲဆဲရှိနေသော ယန္တရားစက်ကြီးကို ပြလေရာ ၎င်းမှာ ကျွန်ုပ်တို့မျက်စိအောက်ဝယ်ပျောက်ကွယ်သွားသော စက်ကလေးအတိုင်းပင် ရှိနေလေ၏။ သို့ရာတွင် အချို့



နေရာများတွင် မတပ်ဆင်ရသေးသည့် သလင်းကျောက်များနှင့် ဆင်စွယ်တံချောင်းများသည် အနီးအပါးတွင် စုပုံလျက်ရှိ၏။

'ပြီးလုပါပြီ၊ မကြာခင် ကျုပ်ကိုယ်တိုင် အတိတ်၊ အနာဂတ်များကို သွားလည်ကြည့်ရဦးမယ်၊ ပြန်လာတော့ ခင်ဗျားတို့ကို ပြောပြရဦးမှာပေါ့လေ'

❖

## အခန်း ( ၃ )

## ကာလခရီးသည် ပြန်ရောက်လာခြင်း

ကျွန်ုပ်တို့သည် ကြာသပတေးနေ့တိုင်း ကာလခရီးသည်၏နေအိမ်၌ တွေ့ဆုံလေ့ရှိကြ၍ နောက်ကြာသပတေးပတ်တွင် ၎င်း၏နေအိမ်သို့ ရောက်သွားသောအခါ ဧည့်ခန်းအတွင်း၌ ဧည့်သည်လေးငါးယောက် ရောက်နေကြသော်လည်း အိမ်ရှင်ကာလခရီးသည်မှာ အခန်းတွင်း၌မရှိချေ။ ထိုညတွင် ကာလခရီးသည်၏ နေအိမ်၌ညစာစားဖို့ ဖိတ်ကြားထား၍ အချိန်မှာ ၇ နာရီခွဲ "ညစာစားချိန်"တိုင် ရောက်နေပြီဖြစ်ရာ ကျွန်ုပ်က အိမ်ရှင် ဘယ်သွားနေပါသနည်းဟု မေးသောအခါ ဧည့်သည်ဆရာဝန်က စာတစ်စောင်ထုတ်ပြ၍ ၇ နာရီခွဲအချိန်တွင် မိမိပြန်မရောက်ခဲ့လျှင်ညစာ စားနှင့်ကြဖို့ အိမ်ရှင်က မှာထားသွားကြောင်း ပြောပြလေ၏။ သို့ဖြစ်၍အချိန်လည်း နောက်နေပြီဖြစ်သောကြောင့် ဆရာဝန်သည် ညစာပြင်ရန်အတွက်ခေါင်းလောင်းထိုးလိုက်လေ၏။

ယခုရောက်နေသော ဧည့်သည်များအနက် ယခင်တစ်ပတ်က သူများမှာကျွန်ုပ်နှင့် ဆရာဝန်တို့အပြင် စိတ်ပညာပါရဂူသာဖြစ်ကြ၍ အခြားလူများမှာသတင်းစာအယ်ဒီတာတစ်ယောက်၊ သတင်းထောက်တစ်ယောက်နှင့် အခြားလူတစ်ယောက်တို့ ဖြစ်ကြ၏။ အိမ်ရှင်အဘယ်သို့ သွားသည်ကို တစ်ယောက်တစ်ခွန်းတွေးတောကြရာတွင် ကျွန်ုပ်က ကာလယန္တရားစက်နှင့် ခရီးထွက်နေလေသလောဟု ပြောလိုက်မိသဖြင့် အယ်ဒီတာက အဓိပ္ပာယ်ကို မေးသေး၏။ ထိုအခါ စိတ်ပညာ ပါရဂူကြီးက လွန်ခဲ့သော အပတ်က အဖြစ်အပျက်ကို အကျဉ်းချုပ်၍ပြောပြ၏။ သူ၏စကားမဆုံးမီ တံခါးပွင့်လာ၍ အိမ်ရှင်ပြန်ရောက်လာသည်တွင်ကျွန်ုပ်တို့အားလုံးမှာ သူ၏ထူးခြားပုံကို တွေ့မြင်ကြရသဖြင့် အံ့အားသင့်သွား၏။ 'အလိုလေး ဘာဖြစ်လာတာလဲ ဆရာကြီး' ဟု တစ်ပြိုင်တည်း [illegible]အိမ်ရှင်ကာလခရီးသည်၏အင်္ကျီမှာ ပေရေညစ်ပတ်၍ မြူမှုန်များလိမ်းကျံလျက်ရှိသည့်ပြင်၊ ဆံပင်မှာလည်း မြင်နေကျထက် အဖြူများ၍ စုတ်ဖွားနေသော သူ၏မျက်နှာ၌ သွေးမရှိသကဲ့သို့ ဖြူဖပ်ဖြူရော် ဖြစ်နေ၍ [illegible]

www.burmeseclassic.com



အနှာမကျက်တကျက် ရှိနေသည့် ကွဲရှထားသော ဒဏ်ရာတစ်ခုရှိလေ၏။ မျက်နှာထားမှာ ဒုက္ခအကြီးအကျယ် တွေ့လာခဲ့ရသည့် အမူအရာမျိုး ရှိနေလေရာ ခရီးသည်,သည် အခန်းထဲသို့ ခြေဖော့နင်းခြင်းဖြင့် ဝင်လာခဲ့လေ၏။

စားပွဲအနီးသို့ရောက်သောအခါ ကာလခရီးသည်လည်း ဝိုင်အရက်ပုလင်းကို ညွှန်ပြသဖြင့် ဆရာဝန်က တစ်ခွက်ငှဲ့ပေး၍ သောက်ချလိုက်ပြီးသည့်အခါမှ အတန်ငယ် သက်သာဟန်တူ၏။ ထို့နောက် ကျွန်ုပ်တို့၏ မေးခွန်းများကို မဖြေသေးဘဲ နောက်တစ်ခွက်သောက်ပြီးသောအခါမှ အိမ်ရှင်မှာ မျက်လုံးများကြည်လင်လာ၍ 'ကျွန်တော် ရေချိုးပြီး အဝတ်အစား လဲပြီးတဲ့နောက်မှ အဖြစ်အပျက်ကို ပြောပြပါတော့မယ်။ သိုးသားကလေး နည်းနည်းလောက် ချန်ထားလိုက်ကြပါဦးဗျာ။ ကျွန်တော် ဆာလွန်းလို့ပါ၊ ခင်ဗျားတို့တော့ စားနှင့်ကြပါတော့' ဟု ပြောပြီးလျှင် အခန်းထဲမှ ထွက်သွားပြန်လေ၏။ အိမ်ရှင်၏ခြေထောက်များမှာ ဖိနပ်မပါဘဲ ခြေအိတ်များသာ စွပ်လျက်ရှိသည်ကိုလည်း ကျွန်ုပ်မြင်လိုက်ရ၏။

အိမ်ရှင်ထွက်သွားသည့်နောက် ဧည့်သည်သစ်များသည် မည်သို့ဖြစ်လာရချေသနည်းဟု အမျိုးမျိုး တွေးတောကြသော်လည်း ဧည့်သည်ဟောင်းများဖြစ်သော ကျွန်ုပ်နှင့် ဆရာဝန်အပြင် စိတ်ပညာပါရဂူတို့ကမူ ယန္တရားစက်နှင့်ပတ်သက်၍ တစ်စုံတစ်ခု ကြုံတွေ့ခဲ့ဟန် တူသည်ဟု ခန့်မှန်းမိကြ၏။ ၎င်းနောက် ကျွန်ုပ်တို့သည် ညစာကို ဆက်လက်စားသောက်ရင်း စိတ်ပညာပါရဂူကြီးက အယ်ဒီတာအား ပြောပြခဲ့သော ယခင်အပတ်က အဖြစ်အပျက်ကို ဆက်လက်ပြောပြလေရာ ကြားရသောလူသစ်များသည် မယုံကြည်နိုင်သော မျက်နှာထားနှင့် ကြည့်နေလေ၏။ အယ်ဒီတာက 'သူ့အခန်းထဲမှာ ယန္တရားစက်ကို စီးလာခဲ့တာနဲ့ သူ့အဝတ်မှာ ဒါလောက် ပေကျံလာရသတဲ့လားဗျာ' ဟု ပြောသေး၏။ သတင်းထောက်ကလည်း ဤနည်းအတူ ပြက်ရယ်ပြု၍ အယ်ဒီတာကို ထောက်ခံ၏။ ထိုအတောအတွင်း အိမ်ရှင်ပြန်ရောက်လာခဲ့ရာ အဝတ်များ လဲလှယ်ပြီးသော်လည်း မျက်နှာထားမှာမူ ပင်ပန်းနွမ်းနယ်သော အမူအရာရှိနေသေးသည်ကို တွေ့ရ၏။

ထိုအခါ အယ်ဒီတာက 'အနာဂတ်ကာလကို ခင်ဗျား သွားလည်တယ်လို့ ပြောနေကြတယ်။ ရှေ့အပတ်မှာ ဘယ်မြင်းနိုင်မလဲလို့ သိခဲ့ရင် ကျုပ်တို့ကို ပြောစမ်းပါဦးဗျာ' ဟု ပြက်ရယ်ပြု၍ ပြောလိုက်၏။ အိမ်ရှင်က အနည်းငယ်ပြုံးလျက် သူ့အတွက်ထားသော နေရာတွင်ထိုင်၍ သိုးသားကို မြိန်ရှက်စွာ စားနေ၏။ ထို့နောက် 'ခင်ဗျားတို့ ထင်ချင်ရာထင်ကြ၊ ကျုပ်တော့ ဝမ်းမပြည့်မချင်း ဘာမှ ရှင်းလင်းမပြောနိုင်သေးဘူး' ဟု ပြောလျက် အိမ်ရှင်သည် စားစရာများကိုသာ စားနေလေ၏။



ကျွန်ုပ်က 'တစ်ခွန်းတည်း မေးပါရစေ၊ ခင်ဗျား ယန္တရားစက်နဲ့ ခရီးသွားခဲ့သလား' ဟု မေးလိုက်ရာ အိမ်ရှင်က ဦးခေါင်းညိတ်ပြလေ၏။ ဤတွင် ကျွန်ုပ်တို့သည် မယုံသူမယုံ၊ ယုံသူယုံလျက် ငေးကြည့်နေကြရလေ၏။ အိမ်ရှင်သည် အလွန်တရာ ဆာလောင်မွတ်သိပ်လာခဲ့သော အမူအရာနှင့် စားစရာများကို မြိန်ရှက်စွာ စားသောက်ပြီးနောက် ပန်းကန်ပြားကို ဖယ်ထားလိုက်၍ ကျွန်ုပ်တို့အားလုံးကို လှမ်းကြည့်လိုက်၏။

'ကိုင်း ကျွန်တော် တွေ့ကြုံခဲ့ရတဲ့အဖြစ်အပျက်ကို ပြောပြပါတော့မယ်။ သို့သော် ယုံချင်ယုံ မယုံချင်နေကြ၊ မေးခွန်းတော့ မထုတ်ကြပါနဲ့ဗျာ၊ သည်းခံကြပါ။ ကျွန်တော် မောလွန်းလို့၊ ကြုံတွေ့ခဲ့ရသမျှကို မှန်တဲ့အတိုင်း ကျွန်တော် ပြောပြပါမယ်။ ပြောပြီးပြီးချင်း ကျွန်တော် အိပ်ပါရစေ၊ ဘယ့်နှယ်လဲ သဘောတူကြရဲ့လား'

'သဘောတူပါတယ်ခင်ဗျား'

အိမ်ရှင်သည် ဆေးပြင်းလိပ်ကို မီးညှိ၍ ဝအောင် ရှုရှိုက်ပြီးနောက် အောက်ပါအတိုင်း ပြောပြလေ၏။

❖

## အခန်း ( ၄ )
## ကာလခရီးသွားခြင်း

'လွန်ခဲ့တဲ့ ကြာသပတေးပတ်တုန်းက ကာလယန္တရားစက်အကြောင်းကို ကျုပ် ပြောပြလို့ တချို့လူများ ကြားခဲ့ပြီးပြီ။ စက်ကိုလည်း မြင်ခဲ့ကြရပြီ။ အခု အဲဒီ ယန္တရားနဲ့ ကျွန်တော် ပြန်ရောက်လာခဲ့လို့ စက်မှာ နည်းနည်းပါးပါးတော့ ကျိုးပဲ့လာခဲ့တယ်။ လွန်ခဲ့တဲ့ သောကြာနေ့ကတည်းက ယန္တရားစက်ကို ပြီးအောင် လုပ်နိုင်မယ်ထင်ခဲ့တာ မပြီးဘူးဗျ။ ဒီကနေ့ မနက်မှပြီးတော့တယ်။ မနက် ၁၀ နာရီလောက်မှာ ပြီးလို့ စက်ပေါ်ထိုင်ပြီး ခလုတ်ကိုတစ်ချက်နှစ်ချက် နှိပ်လိုက်တော့ ကျွန်တော့်မှာ မူးသလိုလို ဝေသလိုလို ဖြစ်သွားတယ်။ ကိုယ့်ဟာကိုယ် ဘာဖြစ်မှန်းလည်း မသိဘူး။ သို့သော် နာရီကြီးကို လှမ်းကြည့်လိုက်တော့ သုံးနာရီခွဲလို နေတာ တွေ့ရတယ်။ ဒါနဲ့တစ်ခု စက်နှိုးတဲ့ခလုတ်ကို လက်နှစ်ဖက်နဲ့ ဆွဲကိုင်ပြီး ပေးလိုက်လို့ ငြိမ့်ခနဲဖြစ်သွားပြီးတဲ့နောက် အလုပ်ခန်းဟာ ဝိုးတိုးဝါးတားဖြစ်သွားရာကနေပြီး မှောင်သွားတယ်၊ အစေခံမိန်းမကြီးက အခန်းထဲဝင်လာပြီး ကျွန်တော့်ကိုမြင်ဟန်မရှိဘဲ ပြန်ထွက်သွားတယ်။ သူသွားတော့ ဖြည်းဖြည်းချင်း သွားရာပဲ ကျွန်တော့်မျက်စိထဲမှာတော့ ကောင်းကင်မှာ ဥက္ကာပျံသလို ထဲ သည်ထိုး ရှူးခနဲ

www.burmeseclassic.com



ထွက်သွားတာမြင်လိုက်ရတယ်။ ဒါနဲ့ စက်ခလုတ်ကို တစ်ဖက်အစွန်း တွန်းရွှေ့ပေးလိုက်တော့ ဖြုန်းဆို ညဖြစ်လာပြီး မကြာခင်ပဲ မနက်လင်းသွားတယ်...။

'ဒီနောက် အခန်းဟာလည်း ရေးရေး ရေးရေးနဲ့ မှိန်မှိန် မှေးမှေးသွားပြီး ညဖြစ်လာလိုက်၊ တစ်ဖန်လင်းပြီး နေ့ဖြစ်လာလိုက်၊ နောက်တစ်ခါ ညဖြစ်လာလိုက်၊ နောက်တစ်လှည့် နေ့ဖြစ်လာလိုက်။ ဒီလို တစ်လှည့်စီ လင်းချည်တစ်ခါ၊ မှောင်ချည်တစ်လှည့်နဲ့ တစ်နေ့ပြီးတစ်နေ့ ကူးကူးသွားတယ်။ ကျွန်တော့်နားထဲမှာတော့ ခွက်ထဲမှာ နားတစ်ဖက် သွင်းထားလို့ ကြားရတဲ့အသံမျိုး၊ တစီစီ တစီစီနဲ့ ဆက်ကာဆက်ကာ မြည်နေတော့တာပဲ။ ကာလခရီးသွားရတယ်ဆိုတာ စက်ပေါ်မှာ လိုက်ရတာ သိပ်မကောင်းလှဘူးဗျ၊ အတော်ကြီး အနေရခက်တယ်။ ဘာနဲ့ ဝင်တိုက်မိမလဲလို့ အမြဲလိုပဲ စိုးရိမ်နေမိတယ်။ ခလုတ်ကို ရွှေ့ရွှေ့ပေးပြီး နည်းနည်း မြန်ပေးလိုက်တော့ နေ့ပြီး ည၊ ညပြီး နေ့၊ ရိပ်ခနဲ ရိပ်ခနဲ ကူးပြောင်းသွားတယ်။ အတန်ကြာတော့ ကျွန်တော်ဟာ အလုပ်ခန်းထဲမှာ မဟုတ်တော့ဘဲ လဟာပြင်ထဲ ရောက်နေပြီး နေကိုလည်း ကျွန်တော်မြင်ရတယ်။ အလွန်နှေးပါတယ်ဆိုတဲ့ ခရုသတ္တဝါတောင် ကျွန်တော့်အဖို့ အလွန်မြန်ပြီး ဘာကိုမှ ကျွန်တော် မမြင်ရတော့ဘူး။ နေ့မြင်လိုက်၊ ညမြင်လိုက်၊ မှောင်ချည် လင်းချည်ဖြစ်ခြင်းများကြောင့် ကျွန်တော့်မျက်စိများလည်း ကျိန်းနေတော့တာပဲ။ မှောင်တဲ့အခိုက်အတန့်မှာ လထွက်လာပုံ၊ လတစ်ခြမ်းပဲ့ကနေပြီး လပြည့်ဝန်းဖြစ်သွားပုံများကိုလည်း ခဏချင်းအတွင်း ကျွန်တော် တွေ့ရတယ်။ ဒီနောက် မြန်သည်ထက်မြန်လာတော့ နေ့နဲ့ညဟာ ကောင်းကောင်း မကွဲပြားတော့ဘဲ တစ်ဆက်တည်း ခပ်မှေးမှေးအရောင်လို ဖြစ်ပေါ်နေတော့တာပဲ။ သစ်ပင်များဟာလည်း အခုခြောက်သွားလိုက်၊ အခုရွက်သစ်ပေါက်လိုက်၊ ချက်ချင်း ချက်ချင်း ပြောင်းလဲနေကြတယ်။ ဒီနောက်တော့ အဆောက်အအုံကြီးတွေ ပေါ်လာပြီး၊ အိပ်မက်ထဲမှာလို တရေးရေးနဲ့မှိန်ပြီး ကွယ်ပျောက်သွားကြတယ်။

'ဒီထက်ထိ မြန်လာတော့ တစ်ရာသီနဲ့တစ်ရာသီ နေသွားလမ်းပြောင်းလဲခြင်းများဟာ တစ်ခဏလေးလောက် ထင်ရတယ်။ နေက ခုပဲ တောင်ဘက်လမ်းသွားလိုက်၊ ခုပဲ မြောက်ဘက်လမ်း သွားလိုက်၊ ခဏခဏ လမ်းပြောင်းနေတာကို တွေ့ရတယ်။ ဒီအခါမှာ တစ်နှစ်ဆိုတဲ့ အချိန်ဟာ ကျွန်တော့်အဖို့ တစ်မိနစ်လောက်ပဲ ကြာတော့တယ်။ ခရီးထွက်စအချိန်တုန်းက လိုက်ရတာ မကောင်းသော်လည်း တော်တော်ကြာလာတဲ့တော့ နေလို့ထိုင်လို့ ကောင်းသလိုဖြစ်လာတယ်။ ငြိမ့်သလိုလို ထင်ရသေးတယ်။ ဒီအတောအတွင်း အဆောက်အအုံကြီးတွေ ပေါ်လာလိုက်၊ ပျောက်သွားလိုက်၊ တစ်လှည့်စီဖြစ်နေပြီး နောက်ပေါ်လာတဲ့ အဆောက်အအုံကြီး



တွေဟာ ကြာလေကြီးကျယ်လေ၊ ခမ်းနားလေဖြစ်လာကြတယ်။ တောင်အစ်အောင်းယံများမှာလည်း စိမ်းစိုချည်တစ်ခါ၊ ခြောက်သွေ့ချည်တစ်လှည့် ဖြစ်ရာကနေပြီး နောက်ဆုံးမှာ စိမ်းစိုသည်ထက် စိမ်းစိုလာတာကို ကျွန်တော်တွေ့ရတယ်။ ဒီအခါမှာ စက်ကိုရပ်ဖို့ သတိရတယ်။ သို့သော် အရှိန်နဲ့သွားရာမှာ ရပ်လိုက်လို့ရှိရင် တစ်ခုခုနဲ့ ဝင်ဆောင့်လေမလားလို့ စိုးရိမ်မိတယ်။ တစ်ကြောင်းမှာလည်း ကိုယ်ခန္ဓာမှာရှိတဲ့ ကလာပ်မှုန်များဟာ တစ်ခါတည်းလွင့်စင်ကြေမွသွားလေမလားလို့လည်း စဉ်းစားမိတယ်။ သို့သော်ဒီလိုစဉ်းစားရင်း စိတ်ထဲမှာ တုန်လှုပ်လာတာနဲ့ ကြောက်အားလန့်အားနဲ့ ခလုတ်ကိုဆွဲလိုက်မိလေတော့ စက်ရော၊ လူရော တလိမ့်ကောက်ကွေး ဖြစ်သွားတော့တာကို ခင်ဗျ။ နားထဲမှာမိုးကြိုးပစ်တဲ့အသံလို ဂျိန်းခနဲ ကြားလိုက်ရပြီးတဲ့နောက် ငိုက်ခနဲဖြစ်သွားရပြီး သတိရလာလို့ ကြည့်လိုက်တော့ ကျွန်တော့်မှာ မြက်ခင်းတစ်ခုပေါ်ထိုင်လို့၊ စက်ကတော့ ကျွန်တော့်ခြေရင်းမှာ ကျွမ်းထိုးမှောက်ခုံ ဖြစ်လို့ တွေ့ရတာကိုးခင်ဗျ။

'ဒီနောက် တောင်မြောက်လေးပါးကို ကြည့်လိုက်တော့ ဥယျာဉ်တစ်ခုထဲက မြက်ခင်းကလေးပေါ် ကျွန်တော်တို့ ရောက်နေတာကိုးခင်ဗျ။ ဥယျာဉ်ထဲမှာ ပွင့်တဲ့ပန်းက ပွင့်လို့၊ ကြွေတဲ့ပန်းက ကြွေလို့။ ဒီအခိုက်မှာ မိုးသီးတွေကလည်း ကောင်းကင်မှာ တဖြုန်းဖြုန်းကျနေလို့၊ ဥယျာဉ်ထဲမှာလည်း မိုးသီးတွေပုံလို့၊ ကျွန်တော့်တစ်ကိုယ်လုံးမှာလည်း ရွဲလို့ဗျာ။ ထိုင်ရာမှထပြီး ရှေ့လျှောက်ကြည့်လိုက်တော့ ကျောက်ဖြူနဲ့ ထုထားတဲ့ရုပ်တုကြီးတစ်ခုကို ခပ်လှမ်းလှမ်းမှာ တွေ့ရတယ်။ ဒီပြင်တော့ ဘာမှမမြင်ရဘူး။ အရပ်ကလည်း အတော်ကြီးတွေ ဖြန့်လို့ဗျ၊ ဒီနောက် မိုးသီးကျတာရပ်သွားလို့ ခပ်လှမ်းလှမ်းကို မျှော်ကြည့်နိုင်တဲ့ အခါကျတော့ တောင်ကမ်းပါးယံမှာ အလွန်ကြီးကျယ်တဲ့ အဆောက်အအုံတွေကို မြင်ရတယ်။ ဒီဟာတွေကိုကြည့်ရင်း ဘယ်သူနဲ့တွေ့လို့ ကျွန်တော့်ကို ဘယ်လိုလုပ်မှန်း မသိနိုင်ဘူးလို့ စဉ်းစားမိတာနဲ့ ကြောက်စိတ်ဝင်လာပြီး မှောက်နေပြီး ယန္တရားစက်ကိုလှန်အပေါ်တက်ထိုင်မိရင်ပဲ ငါပြေးချင်တဲ့အချိန်မှာ ပြေးနိုင်တယ်လို့ အတော်အတန်အကြောက်ပြေသွားတယ်။ ဒီအခါမှာ ရှေ့လှမ်းကြည့်လိုက်တော့ အဆောက်အအုံရှေ့မှာ အလွန်လှပနူးညံ့တဲ့ ဝတ်လုံကြီးများကို ဝတ်လျက်ရပ်နေကြတာကို တွေ့ရတယ်။ သူတို့က ကျွန်တော့်ကို မြင်လို့ ကျွန်တော့်ဘက် မျှော်ကြည့်နေကြတယ်။ ဒီနောက် သူတို့က အရပ်ကြီးနားကပ်ပြီး ကျွန်တော့်ဆီ ပြေးလာကြတယ်။

'သူတို့အထဲမှာ ရှေ့ဆုံးတစ်ယောက်က အရပ်လေးပေလောက်နဲ့ ခရမ်းရောင်ဝတ်လုံဝတ်ပြီး သားရေခါးပတ် ပတ်လို့ ဦးထုပ်မဆောင်းဘဲ ခြေဗလာတယ်။ သူ့ရုပ်က အလွန်လှ၊ အလွန်ကျက်သရေရှိ၊ အလွန်နူးညံ့သိမ်မွေ့တယ်လို့ ကျွန်

www.burmeseclassic.com

www.burmeseclassic.com



ဆော် ထင်တယ်။ သူ့ကိုမြင်တော့ ကျွန်တော့်မှာ ကြောက်စိတ်ပျောက်ပြီး ရဲတင်းလာတာနဲ့ စက်နှိုးဖို့ ပြင်နေတဲ့လက်ကို ရုပ်သိမ်းလိုက်တယ်။

❖

## အခန်း( ၅ )
## ရွှေခေတ်ကြီး

'အဲဒီ အနာဂတ်လူနဲ့ ကျွန်တော်နဲ့ မျက်နှာချင်းဆိုင်မိကြတော့ သူက ကျွန်တော့်မျက်နှာကို စေ့စေ့ကြည့်ပြီး ရယ်တယ်ဗျ။ နောက်ပြီးတော့မှ သူ့နောက်က လှနှစ်ယောက်ဘက်လှည့်ပြီး အလွန်နားဝင်ချိုတဲ့ ဘာသာစကားတစ်မျိုးနဲ့ စကားပြောလိုက်တယ်။ ဒီနောက် အခြားလူ ၁၀ ယောက်လောက် ရောက်လာကြပြီး တစ်ယောက်က ကျွန်တော့်ကို စကားပြောစမ်းတယ်။ ကျွန်တော် ဦးခေါင်းယမ်းပြတော့ သူက ကျွန်တော့်အနား တိုးလာပြီး ကျွန်တော့်လက်တို့၊ ကျောတို့ကို စမ်းသပ်ကြည့်တယ်။ နောက်တော့ ယန္တရားစက်ကို ကိုင်ကြည့်မယ်လုပ်တော့ ကျွန်တော်က မလုပ်နဲ့လို့ လက်ကာပြပြီး စက်နှိုးတဲ့ခလုတ်ကိုဖြုတ်ထားလိုက်တယ်။ ပြီးတော့မှ သူတို့ကို သေသေချာချာကြည့်တော့ သူတို့လုပ်ပုံက "အထိမခံ ကြွေပန်းကန်"ဆိုတာလို ထိလိုက်ရင် ကြွေကျတော့မလောက် နူးညံ့သိမ်မွေ့တာတွေကို တွေ့ရတယ်။ နားရွက်သေးသေး၊ ပါးစပ်ပေါက် ကျဉ်းကျဉ်း၊ နှုတ်ခမ်းနီနီ၊ မေးချွန်ချွန်၊ မျက်လုံးကြီးကြီးနဲ့ သိပ်နုတဲ့လူတွေပါပဲ။ သူတို့က ကျွန်တော့်ကို ဘာမှ မပြောလေတော့ ကျွန်တော်ကစတင်ပြီး စကားပြောကြည့်တယ်။

'ကျွန်တော်က ယန္တရားစက် ဆိုလိုတဲ့သဘောနဲ့ စက်ကိုပြလိုက်၊ နေကိုပြလိုက်လုပ်တော့ တစ်ယောက်က ကျွန်တော် လုပ်သလိုလုပ်ပြီး ပါးစပ်က မိုးချုန်းသလို မြည်ပြတယ်။ ဒီလူတွေဟာ သက္ကရာဇ် "၈၀၂,၀၀၀" ခုနှစ်က လူတွေဖြစ်လို့မို့ ဉာဏ်ပညာအလွန်ကြီးမားမယ်လို့ ထင်မိသော်လည်း တကယ်လက်တွေ့ကျတော့ အူကြောင်ကြောင်လူတွေဖြစ်နေမလားလို့ ကျွန်တော် စိုးရိမ်မိတယ်။ တစ်ယောက်သောသူ ပြောလိုတဲ့အဓိပ္ပာယ်က ကျွန်တော်ဟာ နေထဲမှာ လေမုန်တိုင်းတိုက်ခတ်ပါလာသလားလို့ မေးဟန်တူတယ်။ ဒီတော့ ကျွန်တော်က နေကိုလက်ညှိုးထိုးပြပြီး မိုးကြိုးပစ်တဲ့အသံနဲ့တူအောင် မြည်လိုက်တော့ အားလုံးလန့်ပြီး ထွက်ပြေးသွားကြတယ်။ တော်တော်ကလေး ကြာတော့မှ ရယ်သံမောသံနဲ့ ပြန်လာကြပြီး တစ်ယောက်က ကျွန်တော့်လည်ပင်းကို ပန်းကုံးစွပ်ပေးတယ်။ ဒီအခါမှာ အားလုံးက သဘောကျပြီး ပန်းတွေနဲ့ ကျွန်တော့်ကိုပေါက်လိုက်ကြတာ တော်ကောင်းလို့ ပန်းမွန်းမသေတယ်။ ဒီနောက် သူတို့က ကျွန်တော့်ကို အဆောက်အ



အုံကြီးတစ်ခုဆီ ခေါ်သွားကြတယ်။ ဒီအတောအတွင်း ရောက်လာလိုက်ကြတဲ့ လူတွေဟာ ပတ်ဝန်းကျင်တစ်ခုလုံး ပြည့်သွားတော့တာပဲ။ အဆောက်အအုံကြီးထဲရောက်တော့ ကျောက်စားပွဲတွေ အကြားမှာ ဖုံကြီးတွေ ခင်းထားပြီး ဖုံကြီးတွေပေါ်မှာ သူတို့ရော၊ ကျွန်တော်ရော ထိုင်ကြတယ်။ ဒီနောက် သူတို့လည်း သစ်သီးတွေစား၊ ကျွန်တော့်ကိုလည်း ကျွေးကြတယ်။

'အဆောက်အအုံကြီးဟာ အလွန်တရာ ကြီးကျယ်ခမ်းနားသော်လည်း အလွန်ဟောင်းမြင်းနေလို့ တချို့နေရာမှာ ဆွေးမြည့်နေတာကို တွေ့ရတယ်။ သစ်သီးများစားရင်း ကျွန်တော်က သစ်သီးများရဲ့ အမည်ကိုမေး၊ ဟိုလူ့နာမည်မေး၊ စားတယ်ဆိုတာ ဘယ်လိုခေါ်သလဲ၊ သောက်တယ်ဆိုတာ ဘယ်လိုပြောသလဲ၊ အမျိုးမျိုးလျှောက်ပြီးမေးလိုက်တာ နောက်ဆုံးမှာ စကားလုံး ဆယ့်လေးငါးလုံးလောက် ကျွန်တော် ပြောတတ်သွားရောဗျ။ နို့ပေမဲ့ အလွန်ပျင်းတဲ့ လူတွေဗျ။ ဒီလောက်ပြန်ပြောရတာဟာ သူတို့မှာ အင်မတန်အလုပ်ကြီးတစ်ခု ထင်နေကြပုံရတာနဲ့ တော်လောက်ပြီဆိုပြီး ကျွန်တော် စကားဖြတ်လိုက်ရတယ်။

❖

## အခန်း( ၆ )
## လူသတ္တဝါတို့၏ နေဝင်ချိန်

'ထူးဆန်းတာ တစ်ခုက ဒီလူကလေးတွေဟာ ဘယ်ဒင်းကိုမှ စိတ်ဝင်စားတဲ့ လက္ခဏာမရှိဘူး။ ပေါ့ပေါ့ကလေးနဲ့ ပျော်ပျော်ပါးပါး စားစားသောက်သောက် နေချင်တာလောက် ရှိကြတာပဲ။ ကျွန်တော့်ကို လာကြည့်ကြပြီး ပထမတော့ အံ့သြလိုလိုနဲ့၊ တော်တော်ကြာတော့ သူတို့ဟာသူတို့ ပြန်ထွက်သွားကြတာပဲ။ ပထမဦးဆုံး တွေ့တဲ့လူထုဟာ ပြန်ထွက်သွားကြတာ ကြာလှပြီ။ ကျွန်တော်လည်း အဆာပြေလို့ အဆောက်အအုံကြီးပြင်ဘက် ထွက်လာပြီး မျှော်ကြည့်လိုက်တော့ ကုန်းမြင့်ကလေးတစ်ခုကို မြင်ရလို့ ကုန်းမြင့်ကလေးပေါ်က တက်ကြည့်မယ်လို့ ခံတ်ကူးမိတယ်။

'ကျွန်တော့် ယန္တရားစက်မှာ ဖော်ပြတဲ့ ဇယားကွက်အတိုင်းဆိုရင် အဲဒီအချိန်ဟာ သက္ကရာဇ် "၈၀၂,၇၀၁" ခုနှစ်ဖြစ်တယ်။ ကုန်းမြင့်ဆီ လျှောက်သွားတော့ လမ်းခရီးမှာ အလွန်တရာ ကြီးကျယ်တဲ့အဆောက်အအုံကြီးတစ်ခု ပြိုပျက်နေတာကို တွေ့ရတယ်။ ကုန်းမြင့်ပေါ်ရောက်လို့ အောက်ကိုမျှော်ကြည့်လိုက်တော့ ကျွန်တော်တို့ ယခုခေတ်မှာလို အိမ်အဆောင်ဆောင် မတွေ့ရဘဲ နန်းဆောင်လို အဆောက်အအုံကြီးတွေကိုသာ မြင်ရတယ်။ အဆောက်အအုံတွေရဲ့အနားမှာ ...

www.burmeseclassic.com



လူအမြောက်အမြား စုပေါင်းနေကြဟန်တူရဲ့။ လက်စသတ်တော့ ဘုံဝါဒဖြစ်နေပြီ ကိုးလို့ ကျွန်တော် စဉ်းစားမိတယ်။

'ကျွန်တော့်နောက်က တကောက်ကောက် လိုက်ကြည့်နေကြတဲ့ လူလေးငါးယောက်ကို စိတ်ကူးတစ်ခုရလို့ လှမ်းကြည့်လိုက်မိပြန်တော့ သူတို့မှာ ဝတ်ထားတဲ့ အဝတ်အစားတွေဟာ ယခုခေတ်လို ပုံစံအမျိုးမျိုး၊ အရောင်အမျိုးမျိုးမဟုတ်ဘဲ အားလုံးတစ်သွေးတစ်ရောင် တစ်ပုံစံတည်းချည်းပဲဗျာ။ ယောကျ်ား၊ မိန်းမ၊ ကလေးသူငယ်အားလုံး အတူတူချည်းပဲ ဝတ်ထားကြတယ်။ တစ်နေရာမှာ အမိုးရှိတဲ့ ရေတွင်းတစ်ခုကို မြင်ရတော့ ဒီခေတ်မှာ ရေတွင်းရှိသေးသကိုးလို့ ကျွန်တော် အံ့ဩမိတယ်။ ဒီအခါမှာ ကျွန်တော့်အနားမှာ လူမရှိတော့ဘဲ ကျွန်တော်တစ်ယောက်တည်း ကျန်နေလေတော့ လွတ်လွတ်လပ်လပ်နဲ့ တောင်ထိပ်ရောက်အောင် ကျွန်တော် တက်လာခဲ့တယ်။ တောင်ထိပ်ရောက်လို့ ဝါကြန့်ကြန့်ရောင်ရှိတဲ့ ထိုင်ခုံတစ်ခုပေါ်မှာ ထိုင်ပြီးမျှော်ကြည့်လိုက်ရာမှာ နေဝင်ပြီးစမို့ အနောက်ဘက်ကောင်းမှာ ရွှေရောင်ခြည်သမ်းပြီး အားလုံးငြိမ်သက်တိတ်ဆိတ်လျက် ရှိတယ်။ မြေပြင်တစ်ခုလုံးဟာ ဥယျာဉ်ကြီးလို တစ်ဆက်တည်းဖြစ်နေပြီး ယခုလို သူ့နယ်ငါ့နယ် သတ်မှတ်တာတွေ မရှိဘဲ နန်းတော်လို ခမ်းနားတဲ့အဆောက်အအုံကြီးတွေချည်း ပြည့်နေတော့တယ်ဗျာ။ ယခုလို ကြည့်နေတုန်းမှာ ကျွန်တော်တစ်ခု စဉ်းစားမိတာက ယခုခေတ်လို တက်ကပ်မဟုတ်တော့ဘဲ ဆုတ်ကပ်ဖြစ်နေပြီလို့ ကျွန်တော်အံ့ဩမိတယ်။ လူတွေဟာ ဘေးအန္တရာယ်အမျိုးမျိုး၊ ကပ်အမျိုးမျိုးတို့ကို အောင်မြင်နိုင်နင်းအောင် ကြိုးစား၍ ထမြောက်အောင်မြင်ပြီးသည့်နောက် ထပ်လောင်းကြိုးစားဖို့ မလိုတော့ဘဲ အစားပေါပေါ၊ အဝတ်ပေါပေါနဲ့ စည်းစိမ်ခံလာကြလေတော့ နူးညံ့ပျော့ပျောင်းတဲ့ ခန္ဓာကိုယ်တွေနဲ့ ပျင်းရိတဲ့စိတ်တွေ ဝင်လာခဲ့ကြတာမို့ ဒီအဖြစ်မျိုး ရောက်ကုန်ကြဟန် တူတယ်လို့ စဉ်းစားမိတယ်။

❖

## အခန်း ( ၇ )

## ရုတ်တရက် လှုပ်ရှားပြောင်းလဲခြင်း

'တောင်ထိပ်ပေါ်မှာထိုင်ပြီး စိတ်ကူးယဉ်နေတုန်းမှာ လပြည့်ဝန်းကြီး ပေါ်ထွက်လာလို့ မြေပြင်တစ်လျှောက်လုံး ရွှေရောင်ခြည်သမ်းနေတာကို တွေ့ရတယ်။ ဒီအချိန်မှာ မြေပြင်မှာ လူတွေဟာ လှုပ်ရှားသွားလာခြင်းမပြုတော့ဘဲ ငြိမ်သက် တိတ်ဆိတ် အိပ်နေလေတော့ ဘယ်နေရာမှာ အိပ်ရပါမလဲလို့ စိတ်ကူးနဲ့ ကျွန်တော် တောင်ပေါ်



က ဆင်းလာခဲ့တယ်။ ပထမဦးစွာမြင်ရတဲ့ကျောက်တုံးကြီးအနီး ရောက်လာလို့ ကျွန်တော့်ယန္တရားစက် ထားခဲ့တဲ့နေရာကို လှမ်းကြည့်လိုက်တော့ ယန္တရားစက် မရှိတော့ဘူးဗျ။ ရင်ထဲမှာ ထိတ်သွားလိုက်ပုံတော့ ပြောစရာမရှိတော့ဘူး။ ကိုယ့်ခေတ်က လူတွေနဲ့ခွဲပြီး ဒီလူစုတွေထဲမှာ ငါဘယ်လိုလုပ်ပြီး နေရပါ့မလဲလို့ အများကြီး စိုးရိမ်ပူပန်သွားတယ်။ ခေါ်ကြည့်တော့လည်း ဘယ်သူကမှ ပြန် မထူးဘူးဗျ။ နှိုးစက်ကိုဖြုတ်ထားလို့ ကျွန်တော်လာခဲ့သလို ကာလခရီးသွားလို့တော့ မဖြစ်နိုင်ဘူး။ တစ်နေရာကတစ်နေရာကို ပြောင်းရွှေ့ပြီး ဝှက်ထားကြဟန်တူတယ်လို့တော့ ကျွန်တော်စဉ်းစားမိတယ်။

'ဒါနဲ့ ဟိုပြေးဒီပြေး အလဲလဲအကွဲကွဲနဲ့ လိုက်ရှာလိုက်တာ နောက်ဆုံးမှာ စောစောက ကျောက်တိုင်ကြီးရောက်သွားတော့ မှောင်လို့ တိတ်လို့။ ဒါနဲ့ အထဲဝင်ပြီး ရှာကြည့်တော့ ကန့်လန့်ကာကြီးတစ်ခု ချထားတာ တွေ့ရတယ်။ ကန့်လန့်ကာကိုပင့်ပြီး မီးခြစ်နဲ့ ခြစ်ကြည့်လိုက်တော့ အလွန်ကျယ်ဝန်းတဲ့အခန်းမကြီးတစ်ခုထဲမှာ ခုံကြီးတွေခင်းလို့၊ ခုံကြီးပေါ်မှာ လူ ၂၀ လောက် အိပ်ပျော်နေကြတယ်။ ဒီတော့ ကျွန်တော်က သူတို့ကို အော်နှိုးပြီး "ယန္တရားစက် ဘယ်မှာလဲ" လို့မေးတော့ ရယ်တဲ့လူက ရယ်၊ ကြောက်တဲ့လူကကြောက်၊ အံ့ဩတဲ့လူက အံ့ဩနေကြတယ်။ သူတို့ကိုမေးလို့ အကျိုးမရှိကြောင်းသိတာနဲ့ ပြန်ထွက်လာခဲ့ပြီး လရောင်ကောင်းကောင်းနဲ့ လိုက်ရှာလိုက်တာ နေရာတကာ ရောက်သော်လည်း ဘယ်မှာမှမတွေ့။ ကိုယ့်ဟာကိုယ် ဒေါသလည်းဖြစ်၊ မောလည်းမော၊ ပန်းလည်းပန်းပြီး လှဲမိလှဲရာ လှဲအိပ်လိုက်တာ နိုးလာတော့ နံနက်လင်းနေပါရောဗျား

'ဒီတော့မှ ကိုယ့်ဟာကိုယ် တဖြည်းဖြည်းစဉ်းစားပြီး တကယ်လို့ ယန္တရားစက် ပျောက်သွားပြီး ကိုယ့်ခေတ်ကို ပြန်မရောက်နိုင်လျှင် ဘယ်လိုလုပ်ရပါ့မလဲလို့ အကြံညဏ် ထုတ်မိတယ်။ နောက်ဆုံးမှာ တကယ်လို့ ပျောက်သွားရင်လည်း နောက်ထပ်ပြီး အသစ်တစ်ခုလုပ်တန်လုပ်ရတော့မှာပဲဆိုပြီး ကိုယ့်ကိုကိုယ် အားပေးရတယ်။ တကယ်ဆိုတော့လည်း စက်ကို သူတို့ ဝှက်ထားပုံရတယ်။ ဝှက်ထားလို့ရှိရင် ချော့လို့တစ်ခါ၊ ခြောက်လို့တစ်လှည့် ပရိယာယ်နဲ့ ပြန်ရအောင် လုပ်ရတော့မှာပဲလို့လည်း စိတ်ကူးမိတယ်။ ဒီတော့မှ ထိုင်ရာကထပြီး မြက်ခင်းပေါ် သေသေချာချာကြည့်တော့ ယန္တရားစက် ထားခဲ့တဲ့နေရာမှ ကျောက်ရုပ်ကြီးဆီကို မြေကြီးပေါ် လျှောက်မှာ အကြောင်းကြီးထင်နေသလို တွေ့ရတယ်။ ဒါနဲ့ ဒီအကြောင်းအတိုင်း လိုက်သွားလို့ ကျောက်ရုပ်ကြီးရောက်တော့ ကျောက်ရုပ်ကြီးရဲ့ အောက်ခုံဟာ လောဟာသတ္တုနဲ့ လုပ်ထားကြောင်း တွေ့ရတယ်။ ခုံကြီးကို သေချာ ခေါက်ကြည့်လိုက်တော့ လိုဏ်သံ ပါသလိုလို ခေါင်းပွဖြစ်နေဟန် တူတယ်။ ဒီတော့ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားမိတာက ကျွန်တော့်စက်ဟာ ခုံကြီးအတွင်းမှာ ကေန္တရှိရမယ်ဆိုပြီး အပေါက်လိုက်ရှာလိုက်တာ အပေါက်မတွေ့ရဘဲ ဆက်ထားတဲ့အစပ်ကိုတောင် မတွေ့ရဘူးဗျ။ ဒီအခိုက်မှာ လူနှစ်ယောက် လျှောက်လာကြလေတော့ ကျွန်တော်က ကျောက်ရုပ်ကြီးအောက်က လေဟာခုံကြီးကို လက်ညှိုးထိုးပြီး ဖွင့်ချင်တဲ့သဘောနဲ့ ခြေပြလက်ပြ ပြောပြတော့ လူနှစ်ယောက်ဟာ ထူးဆန်းတဲ့ မျက်နှာထားမျိုး ပေါ်လာတယ်ဗျ။ ဥပမာ ဂုဏ်သရေရှိမိန်းမတစ်ယောက်ကို မလျော်တဲ့စကားလိုက်ပြောမိလို့ ရှက်သွားတဲ့ မျက်နှာထားမျိုးပဲဗျ။ ဒီ့ပြင် လူတစ်ယောက်ကို ဒီနည်းအတိုင်း လုပ်ပြပြန်တော့လည်း ဒီလိုပဲရှက်သွားတဲ့ မျက်နှာထား ပေါ်လာတယ်။ ဒါပေမဲ့ ကျွန်တော့်ကိစ္စက အရေးကြီးလေတော့ သူ့ကို အတင်းဆွဲပြီး ကျောက်ရုပ်ဆီ ခေါ်သွားရာမှာ အလွန်ကြောက်လန့်စက်ဆုပ်တဲ့ မျက်နှာထားမျိုးဖြစ်ပေါ်လာတာနဲ့ မလုပ်ဝံ့ဘဲ လွှတ်လိုက်ပါရောဗျာ။ သို့သော်လည်း ကျွန်တော့်စက်ကို ပြန်ရဖို့လက်မလျှော့သေးဘဲ လောဟာခုံကြီးကို ကျောက်ခဲလုံးကြီးတစ်လုံးနဲ့ အကြိမ်ကြိမ်အဖန်ဖန် ထုလေတော့ ပန်းခိုင်ပန်းခက်တွေ တော်တော်ကျိုးပဲ့ကုန်တယ်။ ဒီအတောအတွင်းမှာ ခုံကြီးထဲက ကျွန်တော့်ကို လှောင်ရယ် ရယ်နေတဲ့အသံလိုလိုလည်း ကြားရတယ်ဗျ။ ကျွန်တော့်ကိုတော့ သူတို့ဘာမှမလုပ်ကြဘူး။ ခပ်လှမ်းလှမ်းကနေပြီး ကြည့်နေကြတယ်။ နောက်ဆုံးကျတော့ မောတာနဲ့ ကျောက်တုံးကြီး ချထားပြီးမှ လက်မှိုင်ချနေရပြန်ပါရောဗျာ။ တော်တော်အမောပြေတော့ ထိုင်ရာမှထပြီး လမ်းလျှောက်ရင်း စဉ်းစားရာမှာ သူတို့ပစ္စည်းကို ကျွန်တော်ဖျက်ဆီးပစ်လို့ အကျိုးမရှိတဲ့အဖြစ်ကို သဘောပေါက်လာလေတော့ တဖြည်းဖြည်းစောင့်ကြည့်ဖို့ အကြံရပြန်တယ်။

'ကျွန်တော် ခုကျပုံတစ်ခုက အနာဂတ်ကာလကို ရောက်စမ်းချင်တယ်ဆိုပြီး ကြိုးကြိုးပမ်းပမ်းနဲ့ ယန္တရားစက်ကြီးကိုလည်း နောက်ဆုံးမှာ ဖြစ်မြောက်ဖို့တကယ်လို့ အနာဂတ်လောကထဲ ရောက်နေရပြန်တော့ အသာမနေဘဲနဲ့ ကိုယ့်ခေတ်ကို ပြန်ရောက်ဖို့ ဒီလောက် အကြောင့်ကြစိုက်ရသလားဆိုပြီး ကိုယ့်ဟာကိုယ် ရယ်မိသေးတယ်။ ဒီနောက်မှာ နန်းတော်ကြီးထဲရောက်၊ ဟိုနေရာရောက်၊ ဒီနေရာရောက်နဲ့ လိုက်စုံစမ်းတဲ့အခါမှာ လူတွေက ကျွန်တော့်ကို ရွံ့ကြောက်တဲ့လက္ခဏာနဲ့ တော်တော်ရှောင်ကြကွင်းကြတယ်။ သူတို့အရုပ်ကြီးအောက်က လောဟာခုံကြီးကို ကျောက်ခဲနဲ့ထုမိလို့လားတော့ မဆိုနိုင်ဘူး။ ကျွန်တော်ကလည်း သူတို့ရှောင်ကွင်းမှန်းသိတော့ သူတို့နောက်မလိုက်ဘဲ ကိုယ့်ဘာသာကိုယ် ခပ်အေးအေးနဲ့ အမှုမဲ့အမှတ်မဲ့နေပြီး သူတို့ရဲ့ဘာသာစကားကို တတ်အောင်လေ့လာတော့တာပဲ။



'သူတို့စကားက ရှင်းလိုက်၊ ရိုးလိုက်တာ လွန်ပါရောဗျာ။ သာမန်နာမ်နဲ့ ကြိယာချည်းပဲ။ နာမ်ဆိုလို့ စိတ်ကူးနဲ့ ပတ်သက်၍ စိတ္တဇနာမ်တောင် သူတို့စကားထဲမှာ တစ်လုံးမှမရှိဘူး။ စကားလုံးကလည်း လူ၊ ခွေး၊ မြင်းဆိုတဲ့ စကားလုံးသံမျိုး များတယ်။ ကောင်းကင်၊ နက္ခတ်၊ ပညာအစရှိတဲ့ သုံးလုံးသံမျိုးဆိုတာတော့ တစ်ခုမှမရှိဘူး။ နောက်ဆုံးကျတော့ ကျွန်တော့်မှာ ယန္တရားစက်ပြန်ရဖို့ကိစ္စကို ဘေးချိတ်ထားပြီး ဘာသာစကားတတ်ဖို့ကိုသာ ကြိုးစားပြီး သင်ရတော့တာကိုးဗျ။ သို့သော် ကျွန်တော် ပထမဆိုက်ရောက်လာခဲ့တဲ့ ကျောက်ရုပ်ကြီးနားကတော့ မခွာနိုင်ဘူးပေါ့လေဗျာ။

❖

## အခန်း( ၈ )
## ရှင်းလင်းပြောပြခြင်း

'ကျွန်တော် ရောက်သမျှနေရာများမှာ မြေဩဇာ အလွန်ကောင်းပြီး သစ်ပင်တွေက စိမ်းစိမ်းစိုစို၊ အသီးနဲ့၊ အပွင့်နဲ့၊ အနံ့နဲ့ချည်းပဲဗျ။ အဆောက်အအုံကြီးတွေကလည်း ပုံသဏ္ဌာန်အမျိုးမျိုးနဲ့ ကြီးကျယ်ခမ်းနားတာချည်းပဲ။ ထူးခြားတာ တစ်ခုတ်ကတော့ ဟိုအနား ဒီအနားမှ ရေတွင်းဝိုင်းကြီးတွေ ဓဏာဓဏာတွေ့ရတယ်၊ တချို့မှာ အင်မတန်နက်တယ်။

'ကျွန်တော် တက်လာခဲ့တဲ့ တောင်ကမ်းပါးယံရှိ လမ်းကလေးပေါ်မှာတောင် ဒီလိုတွင်းတစ်ခုရှိတယ်။ တွင်းတွေမှာ လောဟာသတ္တုကို နံရံလုပ်ပြီးအပေါ်မှာ အမိုးကလေးပါတာချည်းပဲဗျ။ တောင်ကမ်းပါးယံက တွင်းနံဘေးထိုင်ပြီးအောက်ငုံ့ကြည့်လိုက်တော့ ရေလည်းမမြင်ရ၊ မီးခြစ်နဲ့ ခြစ်ကြည့်လို့တောင် ဘာမှမမြင်ရဘူးဗျ။ သို့သော် တွင်းနှုတ်ခမ်းမှာတော့ ဒိတ်ဒိတ်ဒိတ်နဲ့ စက်ခုတ်တဲ့ အသံမျိုးကြားရတယ်။ ပြီးတော့ မီးခြစ်နဲ့ခြစ်ကြည့်လိုက်တဲ့အခါမှာ လေကြောင်းဟာအထက်မှ အောက်သို့ တရှူးရှူးတိုက်နေတာ တွေ့ရတယ်။ စက္ကူစုတ်ကလေး ချကြည့်လိုက်တော့လည်း တဖြည်းဖြည်း ဝဲပြီး မကျဘဲ၊ ဖျတ်ခနဲ လေနဲ့ ခပ်လှ လိုက်သလို ဆင်းပြေးသွားတာ တွေ့ရတယ်။ ရေတွင်းတွေနဲ့ မလှမ်းမကမ်းမှာလည်း မျှော်စင်ကြီးတွေ တွေ့ရတယ်။ ဒီတော့ကာ ရေတွင်းတွေနဲ့ မျှော်စင်တွေဟာဆက်သွယ်ခြင်းရှိပြီး မြေအောက်မှာ လေသွင်းဖို့ တစ်နည်းနည်း စီမံထားတယ်လို့ကျွန်တော် စဉ်းစားမိတယ်။ တစ်ခု ထူးဆန်းတာရှိသေးတယ်၊ သူတို့အထဲမှာအဘိုးကြီးအဘွားကြီးရယ်လို့လည်း မတွေ့ရဘူး။ သင်္ချိုင်းလည်း မတွေ့ရဘူး။ကျွန်တော်ကရောက်ခဲ့ဖူးတဲ့ နန်းတော်ကြီးလို အဆောက်အအုံကြီးတွေထဲမှာ စက်

www.burmeseclassic.com



က်ရိယာနဲ့တူတာ တစ်ခုမှမတွေ့ရသော်လည်း သူတို့မှာ ဝတ်ထားတဲ့ အဝတ်အစားတွေဟာ အလွန်လှပကောင်းမွန်လေတော့ ဒီအဝတ်တွေကို သူတို့ဘယ်ဆီက ရသလဲလို့ နားမလည်နိုင်အောင် ဖြစ်နေတယ်။ သူတို့ဆီမှာ ဆိုင်ကနားလည်းမရှိ၊ အလုပ်ရုံလည်းမရှိ၊ နိုင်ငံခြားက သွင်းတဲ့အထိမ်းအမှတ်လည်း မတွေ့ရဘူး။ သူတို့မှာ တစ်နေ့လုံး ကလိုက်ခုန်လိုက်၊ လူပျိုလုပ်လိုက်၊ စားလိုက် သောက်လိုက်၊ အိပ်လိုက်၊ ဒါပဲ အလုပ်ရှိတာ တွေ့ရတယ်။

ကျွန်တော် ယန္တရားစက်အကြောင်းကို ဆက်ပြောရရင် ဒီစက်ကို အရုပ်ကြီးအောက်က အခေါင်းထဲသို့ ဘာကိစ္စအတွက် ဖက်ထားကြရသလဲတဲ့။ ကျွန်တော်ဖြင့် စဉ်းစားလို့မရဘူး။ ကွင်းကြီးတွေ၊ မျှော်စင်ကြီးတွေကကော ဘယ်လို အဓိပ္ပာယ် မပြောနိုင်ဘူး။

ကျွန်တော် ရောက်သွားပြီးတဲ့နောက် တတိယနေ့မှာ လူတွေ ရေချိုးနေတာ ကြည့်နေတုန်း တစ်ယောက်သောသူဟာ မျောပါသွားတော့ ကျန်တဲ့လူတွေအနက် ဘယ်သူမှကူပြီး မဆယ်ကြဘူး၊ ကြောင်တောင်ကြီး ကြည့်နေကြတယ်။ ဒီတော့ ကျွန်တော်က ရေထဲဆင်းဆယ်ပြီး ကုန်းပေါ်တင်လိုက်တော့ ကျွန်တော်ဆယ်ခဲ့တဲ့ဟာက မိန်းကလေးတစ်ယောက် ဖြစ်နေတာကိုး။ သို့သော် ကျွန်တော် ကျေးဇူးတင်ခံဖို့ မမျှော်လင့်ဘဲ ကိုယ့်ကိစ္စနဲ့ကိုယ် လျှောက်သွားပြီး နေ့လယ်လောက်မှာ ဒီမိန်းကလေးနဲ့ ပြန်တွေ့တော့ မိန်းကလေးက ကျွန်တော့်အဖို့ ပန်းကုံးကြီးလုပ်ထားပြီး လည်ပင်းကို စွပ်ပေးတယ်။ ဒီနောက် ကျောက်တုံးပေါ်မှာ နှစ်ယောက်အတူထိုင်ပြီး တစ်ယောက်နဲ့တစ်ယောက် စကားမပြောတတ်လို့ ပြုံးရုံလောက် ပြုံးပြပြီး တစ်ယောက်လက်တစ်ယောက် ကစ်ပေးလား၊ ဘာလားနဲ့ တော်တော်ကလေး ရင်းနှီးသွားရော ဆိုပါတော့ဗျာ။ သူ့နာမည်ကလေးက ဝီနာတဲ့။ ကျွန်တော့်ကို ခင်မင်ပြီး ကျွန်တော့်နောက် တကောက်ကောက် လိုက်နေပါရောဗျ။ ခြေထောက်ညောင်းတော့မှ မလိုက်နိုင်ဘဲ တကြော်ကြော်ခေါ်နေရစ်လေရဲ့။ သို့သော် ကျောက်ရုပ်ကြီးဆီ ကျွန်တော် ပြန်ရောက်တဲ့အချိန်ကျတော့ ဝီနာက ကျွန်တော့်ကို ကြိုဆိုနေပါရောဗျာ။ ဒီလိုနဲ့ သူနဲ့ကျွန်တော်နဲ့ တတွဲတွဲနေကြလေတော့ သူ့သဘာဝကလေးတွေကို ကျွန်တော် သိသိလာတာကိုးဗျ။ ဝီနာက မှောင်တာကြောက်တတ်တယ်။ မည်းမည်းအရာဝတ္ထု ကြောက်တတ်တယ်။ မှောင်ရိပ်ဆိုရင်ပဲ ကြောက်တယ်။ အထူးသဖြင့် မှောင်မိုက်ခြင်းကို အလွန်ကြောက်တယ်။

ဒီလူမျိုးရဲ့ထုံးစံက မှောင်မိုက်သည်နှင့်တစ်ပြိုင်နက် အိမ်ကြီးတွေထဲဝင်ပြီး လူစုလူဝေးနဲ့ အိပ်ကြတာကိုးဗျ။ မှောင်မိုက်တဲ့ညဆိုရင် အပြင်မှာ သူတို့ကို တစ်ခါမှ မတွေ့ဖူးဘူး။ ပထမတော့ ဝီနာက ကျွန်တော်နဲ့ ခွဲအိပ်ရလို့ တော်တော်စိတ်



ညစ်ရှာတယ်။ ဒီနောက်တော့ အရဲစွန့်ပြီး ကျွန်တော်နဲ့ အတူအပြင်မှာ အိပ်ရှာတယ်။

'ခြော် တစ်ခုတော့ မေ့ကျန်ရစ်လို့ ပြောရဦးမယ်။ ဝီနာကို မကယ်ဆယ်မီ တစ်နေ့က လင်းအားကြီးအချိန်လောက်မှာ ကျွန်တော် လန့်နိုးလာတယ်၊ အိပ်မက်ထဲမှာ ကျွန်တော် ရေနစ်လို့ ပင်လယ်ကျိုးလိုရေသတ္တဝါတွေက ကျွန်တော့်မျက်နှာကို ရွရွ ရွရွနဲ့ တက်ကြတယ်။ ကျွန်တော် လန့်နိုးလာတော့ မွဲပြာပြာ အကောင်ကြီးတစ်ကောင် ထွက်ပြေးသွားတာကို မြင်လိုက်ရသလိုလို ထင်တာနဲ့ ပြန်အိပ်လို့မရတော့ဘဲ စောစောစီးစီး ထပြီးလမ်းလျှောက်နေလိုက်တော့တယ်။ တောင်ပေါ်လှမ်းကြည့်လိုက်တော့ ဖြူဖြူအကောင်တွေ မြင်ရတယ်လို့ ထင်မိတယ်။ အဆောက်အအုံပျက်ကြီးနားမှာလည်း ဖြူဖြူအကောင်တွေက မည်းမည်းပုံသဏ္ဍာန်တစ်ခု ချီသွားကြသလိုလို မြင်ရတယ်။ အချိန်ကလည်း မလင်းတလင်းဖြစ်နေတော့ မသည်းမကွဲ မြင်ရတယ်။ နောက်ဆုံးမှာ ဖြူဖြူကောင်တွေဟာ ချုံတွေနားမှာ ပျောက်သွားကြတယ်။ ဒီနောက် ကောင်းကင်ကြီး လင်းလာလို့ ခုတင်က နေရာကို လှမ်းကြည့်တော့ ဖြူဖြူအကောင်တွေဆိုတာကကော ဘာမှ မမြင်ရတော့ဘူး။ ဒီဖြူဖြူကောင်တွေဟာ တစ္ဆေတွေပဲလား၊ သို့မဟုတ် ဘာကောင်တွေလဲလို့ တွေးတောနေတုန်း ဝီနာရေနစ်လို့ ကယ်ဆယ်ရတာနဲ့ ဒီအကြောင်းကို လုံးလုံးမေ့သွားတယ်။

'ထူးဆန်းတာ တစ်ခုရှိသေးတယ်။ ကျွန်တော်ဟာ နေရာပြောင်းရွှေ့ခြင်း မဟုတ်ဘဲ အင်္ဂလန်ပြည်အတွင်းမှာပဲ ရှိနေပြီး သက္ကရာဇ် ရှစ်သိန်းကျော်ခေတ်မှာ ရောက်နေခြင်းမျှဖြစ်သော်လည်း ရာသီဥတုဟာ အတော်ပြောင်းလဲနေပြီး အတော်ပူပြင်းနေတာကို တွေ့ရတယ်။ နေနဲ့ကမ္ဘာမြေကြီးနဲ့ တဖြည်းဖြည်း နီးသည်ထက် နီးသွားလေရော့သလား မဆိုနိုင်ဘူး။

'ဒါနဲ့ စတုတ္ထနေ့က ကျွန်တော် အိပ်ရာကနိုးလာပြီး နေပူပြင်းတဲ့အတွက် အဆောက်အအုံပျက်ကြီးရဲ့ အရိပ်အောက်မှာ ခိုနေတုန်း ထူးထူးဆန်းဆန်းတစ်ခု တွေ့ရတယ်။ အဆောက်အအုံပျက်ကြီးရဲ့အောက်ကူး လမ်းကြားတစ်ခု အနှံ့အာ ကျောက်တုံးအစအနတွေ ပိတ်ဆို့နေလို့ လမ်းကြားကလေးတစ်ခုလုံးဟာ မှောင်မိုက်နေလေတော့ ကျွန်တော်က မှောင်မိုက်ထဲမှာ လက်နဲ့စမ်းပြီး ဘာဖြည်းဖြည်း ဝင်သွားရာမှာ မျက်လုံးကြီးနှစ်လုံးက ကျွန်တော့်ကို စောင့်ကြည့်နေတာ မြင်လိုက်ရလို့ လန့်သွားတယ်။ မျက်လုံးကြီးနှစ်လုံးဟာကလည်း အပြင်ကနေ ... ဘင်ပါရဲ့။ ဝင်းဝင်း ဝင်းဝင်းနဲ့ တောက်လိုက်ပုံများ မပြောပါနဲ့တော့ ... ခတ်မီးနဲ့ ထိုးလိုက်သလား မှတ်ရတယ်။ ကျွန်တော်က ရှေ့ ... နောက်ဆုတ်ပေးပြန်ရင်လည်း ကိုယ့်နောက်ကို ဖိလိုက်လာမလားကြောက်သေးတော့

www.burmeseclassic.com



နောက်လည်းမဆုတ်ဝံ့၊ အံ့အားသင့်ပြီး ငေးကြည့်နေမိတယ်။ နောက်ဆုံးကျတော့မှ အရဲစွန့်ပြီး ပါးစပ်ကလည်း အော်၊ လက်ကလည်း ရှေ့လှမ်းပြီး စမ်းကြည့်လိုက်တော့ နူးညံ့တဲ့အရာဝတ္ထုကြီးတစ်ခုကို စမ်းမိတယ်။ နောက်တစ်ခဏကျတော့ မျက်လုံးကြီးနှစ်လုံးဟာ နံဘေးဘက် စောင်းသွားပြီး ဖွေးခနဲတစ်စုံတစ်ခု ပြေးသွားလိုက်တာကို မြင်ရတယ်။ ပြေးပြေးချင်း ကျောက်တုံးတစ်လုံးနဲ့ ဝင်တိုက်မိလို့ နံ့ဆားယိုင်သွားပြီး ကျောက်ပုံကြီးရဲ့ မှောင်ရိပ်ထဲမှာ ပျောက်သွားတယ်။

'ကျွန်တော့်စိတ်ထဲမှာ ပုံသဏ္ဍာန်ကတော့ မသဲကွဲလှဘူးဗျ။ ဖြူဖြူဖွေးဖွေးလို့သာ သတိပြုမိလိုက်တယ်။ မျက်လုံးကြီးနှစ်လုံးကတော့ နီပြာပြာအရောင်ရှိတယ်။ လက်နဲ့စမ်းမိလို့ နူးညံ့တယ်ဆိုတာကတော့ ဦးခေါင်းနဲ့ကျောပြင်မှာ အမွှေးတွေရှိတဲ့ လက္ခဏာပဲ။ ကျွန်တော့်စိတ်ထဲမှာ ခြေလေးချောင်းလေလား၊ ခြေနှစ်ချောင်းပဲလားလို့ မသဲကွဲဘူး။ အတော်ကလေးရဲလာလို့ သူပျောက်ကွယ်သွားတဲ့ ကျောက်ပုံကြီးထဲ ဝင်ရှာကြည့်တော့ ကျွန်တော်တွေ့နေကျဖြစ်တဲ့ ရေတွင်းဝိုင်းတစ်ခု တွေ့တယ်။ တွင်းပေါ်မှာ ကျောက်တိုင်ကြီးတစ်တိုင် လဲနေလို့ ပိတ်လုမတတ်ပဲဗျ။ ဒါနဲ့ ဒီတွင်းထဲ ဆင်းပြေးလေသလားလို့ မီးခြစ်နဲ့ခြစ်ကြည့်လိုက်တော့ ဖြူတူတူ သတ္တဝါတစ်ကောင်က ကျွန်တော့်ကို လှည့်ကြည့်ရင်း ဆင်းပြေးတာကို မြင်လိုက်ရတယ်။ ပုံပန်းသဏ္ဍာန်က လူလိုလို၊ ပင့်ကူလိုလိုရှိနေလေတော့ ကျွန်တော့်မှာ ကြက်သီးများတောင် ထမိသေးတယ်။ တွင်းနံရံမှာလည်း ခြေနဲ့လက်နဲ့ တွယ်ပြီးတက်ဖို့ဆင်းဖို့အတွက် လုပ်ထားတဲ့သတ္တုချောင်းတွေနဲ့ စီလို့ဗျ။ ခုနင်က သတ္တဝါက အဲဒီအချောင်းတွေကိုတွယ်ပြီး ဆင်းပြေးတာပဲ။ မီးခြစ်ဆံတစ်ချောင်းကုန်သွားလို့ နောက်တစ်ချောင်း ခြစ်ကြည့်တော့ သတ္တဝါက မရှိတော့ဘူးဗျ။

'ဒါနဲ့ ကျွန်တော်က တွင်းနှုတ်ခမ်းမှာထိုင်ပြီး စဉ်းစားတော့ စိတ်ကူးတစ်ခု ပေါ်လာတယ်။ ဘာလဲဆိုတော့ ဒါဝင်ရဲ့နည်းဥပဒေအရ လူသတ္တဝါဟာ ယခုခေတ်လိုတစ်မျိုးတည်းမဟုတ်တော့ဘဲ နှစ်မျိုးနှစ်စား ကွဲကွာသွားဟန်တူရဲ့လို့ စဉ်းစားမိတယ်။ မြေကြီးပေါ်မှာ ကျွန်တော်တွေ့ရတဲ့ အရပ်လေးပေသမားတွေက အထက်တန်းစားတစ်မျိုးဖြစ်ပြီး မြေကြီးအောက်မှာ အမြဲနေရတဲ့ အောက်တန်းစားသတ္တဝါတစ်မျိုးလည်း ပေါ်လာခဲ့ဟန်တူတယ်လို့ ကျွန်တော်တွေးမိတယ်။ ဒီအတိုင်းမှန်ရင် တွင်းထဲကို ကျွန်တော် ဆင်းကြည့်ပါက ဒီပြဿနာ ရှင်းသွားပြီး မြေအောက်သမားတွေရဲ့ အနေအထိုင်ကိုလည်း ကျွန်တော် သိရမှာပဲလို့ စဉ်းစားမိတယ်။ သို့သော် ကြောက်တဲ့စိတ်ကလည်း ရှိနေသေးတော့ ရုတ်တရက် ဆင်းမကြည့်ဝံ့ဘူးဗျ။

'ဒီလိုနေတုန်းမှာ မြေပေါ်သမားနှစ်ယောက် ပြေးလာကြပြီး အလင်းထဲက မှောင်ထဲရောက်တော့ ယောကျ်ားက မိန်းမကို ပန်းတွေနဲ့ပေါက်နေတာကို မြင်ရ



တယ်။ သူတို့က ကျွန်တော့်ကိုမြင်တော့ ကျွန်တော်က တွင်းကြီးအဓိပ္ပာယ်ကို မေးလိုတဲ့သဘောနဲ့ တွင်းကြီးကို လက်ညှိုးထိုးပြတော့ သူတို့က ရုက်ကိုးရွက်ကန်းမျက်နှာထား ဖြစ်လာပြီး ထွက်သွားမယ် လုပ်ကြတယ်။ ကျွန်တော်က မီးခြစ်ကို ခြစ်ပြတော့ စိတ်ဝင်စားတဲ့အမူအရာပြသော်လည်း တွင်းကိုပြလိုက်တော့ ခုနင်ကလိုပဲ မျက်နှာလွှဲသွားကြတယ်။ နောက်ဆုံးကျတော့ ဝီနာကိုမေးကြည့်တော့မယ်လို့ အောက်မေ့ပြီး သူတို့နှစ်ယောက်နဲ့ ခွဲခွာလာခဲ့တယ်။

'ကျွန်တော့်စိတ်ထဲမှာ ဒီတွင်းကြီးတွေ အနံ့အပြားရှိရပုံ၊ လေသွင်းလေထုတ်သဘောနဲ့ မျှော်စင်ကြီးတွေရှိရပုံ၊ မြေပေါ်သမားတွေ ဝတ်တဲ့အဝတ်အစားတွေဖြစ်ပေါ်လာပုံ အစရှိသည်တို့ကို တွေးမိနေပြီပေါ့ဗျာ။ လက်စသတ်တော့ အလုပ်သမားလူတန်းစားဆိုတဲ့ လူတွေဟာ ခုနှစ်ဆိုတဲ့ လူတန်းစားတွေနဲ့ ကြာလေကွဲလေ ကွဲကွဲသွားပြီး နောက်ဆုံးတစ်နေ့မှာ သူတို့က မြေကြီးအောက်ရောက်၊ ခုနှစ်ဆိုတဲ့ ဓိမ်ခံသမားတွေက မြေပေါ်မှာ ကျန်ရစ်။ သူတို့မှာတော့ ဝမ်းစာအတွက် လုပ်ဖို့ကိုင်ဖို့လည်း မလို၊ ဘေးအန္တရာယ်ဆိုတာမျိုးလည်း လုံးဝမရှိ။ ကပ်ရောဂါဆိုတာတွေကလည်း ဆေးဓာတ်ပညာကြောင့် လုံးဝကွယ်ပျောက်ပြီး စည်းစိမ်နဲ့ နူးညံ့နေလာကြလေတော့ နှစ်ပေါင်း ၈ သိန်းကျော်တဲ့ ထိုခေတ်အခါမှာ အားခွန်ဗလလည်းမရှိ၊ ဉာဏ်လည်းမရှိ၊ သတ္တိလည်းမရှိ၊ လုံ့လဝီရိယလည်းမရှိ။ တကယ့်ကြွေပန်းကန်အနုစားလူတစ်မျိုး ဖြစ်ကုန်ကြဟန် တူရဲ့လို့ စဉ်းစားမိတယ်။

'သို့သော် မြေပေါ်သမားတွေအကြောင်းကတော့ ဟုတ်ပြီ၊ ထားပါတော့။ မြေအောက်သမားတွေအကြောင်းက ကျွန်တော့်အဖို့ လက်တွေ့ဘာမှမရှိသေးဘူး။ ဒါကြောင့် ဝီနာနဲ့တွေ့တဲ့အခါမှ မေးကြည့်မယ်ဆိုတဲ့ အကြံအစည်အတိုင်း တွေ့လို့ မေးကြည့်ပြန်တော့ ဝီနာက ပထမတော့ နားမလည်ဘူးဗျ။ နောက်ဆုံးမှာ နားလည်အောင်ပြလို့ နားလည်တဲ့အခါကျတော့လည်း သူ့အဖို့မှာ ဒီအကြောင်းအရာကို စိတ်အာရုံ ရောက်ရခြင်းသည်ပင် အလွန်ပင်ပန်းတဲ့လက္ခဏာနဲ့ အသားတွေများ တုန်လို့ဗျ။ ကျွန်တော်က အတင်းမေးတော့လည်း ငိုရှာတော့တယ်၊ ဒီတော့ ကျွန်တော့်မှာ ဒီအကြောင်းတွေ သိချင်ရင် 'ဥစ္စာရှင်လို ဥစ္စာရှင်ခဲ' ဆိုတဲ့အတိုင်း လုပ်ရတော့မှာပဲလို့ ဆုံးဖြတ်လိုက်တယ်။

❖

## အခန်း( ၉ )
## မော်လော့သတ္တဝါများ

မြေအောက်သမားများမှာ အလင်းရောင်နဲ့ မတွေ့ရဘဲ ဘိုးဘေးဘီဘင်အဆက်ဆက်တည်းက ပေါက်ဖွားနေထိုင်ခဲ့ရတော့ သူတို့အရောင်အဆင်းဟာ 'အိမ်ထောင်'ဆိုတဲ့

www.burmeseclassic.com

www.burmeseclassic.com



မြေပိုးလိုလို၊ 'ထင်းပိုး'လိုလို ဖြူတူတူ ပျော့စိစိကြီး ရှိလေတော့ ကျွန်တော်ကိုယ်တိုင်တောင် ရွံမိသေးရဲ့။ ဝီနာတို့လူစုက ရွံတယ်ဆိုတာ အံ့သြစရာ မဟုတ်ပေဘူး။ ဒါ့ထက် မြေအောက်သတ္တဝါကို 'မော်လော့'တဲ့ဗျ၊ ဝီနာတို့လို မြေပေါ်သတ္တဝါတွေကို 'အီလွိုင်'တဲ့။ အဲဒီခေတ်က ခေါ်ကြတယ်။ ကျွန်တော် စဉ်းစားမိတာ တစ်ချက်က ကျွန်တော့် ယန္တရားစက်ကို 'အီလွိုင်'တွေ ဝှက်မှာမဟုတ်ဘူး၊ 'မော်လော့'တွေ ဝှက်ထားမှာပဲ။ ဒီစက်ကိုပြန်ရချင်ရင် 'မော်လော့'တွေနဲ့ အလုပ်လုပ်မှပဲလို့ ယုံကြည်တယ်။

'တစ်နေ့သဉ္စာတော့ ဝီနာတို့နေတဲ့ အဆောက်အအုံကြီးက အနောက်တောင်ဘက်ဆီ ရောက်သွားတော့ ဒီပြင်အဆောက်အအုံကြီးတွေထက် အများကြီးကြီးပြီး၊ စိမ်းပြာပြာ အရောင်ရှိတဲ့ အဆောက်အအုံကြီးတစ်ခုကို ကျွန်တော် တွေ့ရတယ်။ သို့သော် အချိန်က တော်တော်မိုးချုပ်နေလေတော့ ချက်ချင်းမစုံစမ်းခဲ့ဘဲ ဝီနာတို့ရှိရာကို ပြန်လာခဲ့တယ်။ နောက်တစ်နေ့နံနက်ကျတော့ စိမ်းပြာပြာ အဆောက်အအုံထိအောင် သွားနေဖို့မလိုပါဘူး။ နီးရာတွင်းတစ်တွင်းဆီသွားတော့ ဝီနာလည်း လိုက်လာတယ်။ တွင်းရောက်တော့ ဝီနာကိုနှုတ်ဆက်ပြီး တွင်းနှုတ်ခမ်းမှာ စိုက်တန်းရိုက်ထားတဲ့ သတ္တုချောင်းတွေကို ကိုင်ဆင်းသွားရောကိုးဗျ။

'ဝီနာက အတင်းဆွဲထားပေမယ့် ကျွန်တော်က ဖယ်ပစ်ခဲ့တယ်။ ဆင်းရမည့်တွင်းက ကိုက်ပေါင်း ၂၀၀ လောက် နက်လိမ့်မယ်။ ဒါနဲ့ သတ္တုချောင်းတွေကို တစ်ချောင်းပြီးတစ်ချောင်း ကိုင်ဆင်းသွားတော့ သတ္တုချောင်းတစ်ချောင်းဟာက ခြေထောက်အောက်မှာ ရုတ်တရက်ကွေးသွားတာနဲ့ ကျွန်တော့်မှာ လက်တစ်ဖက်တည်းနဲ့ တွဲလောင်းကြီးဖြစ်နေပြီး ကံကောင်းလို့ ပြုတ်ကျမသွားတယ်ဗျာ။ ဒီနောက် တစ်ခါဆက်ပြီး ဆင်းသွားရင်း အပေါ်မော့ကြည့်လိုက်တော့ ဟိုအတက်ကြီးမှာ ဝီနာရဲ့ခေါင်းဝိုင်းကလေးနဲ့ ကြယ်ကလေးတစ်လုံး မြင်ရတယ်ဗျ။ ကျွန်တော့်ခြေအောက်ဆီကတော့ စက်ခုတ်သံလို တဒိန်းဒိန်း တဂျုံးဂျုံးနဲ့ တဖြည်းဖြည်း ကျယ်သည်ထက် ကျယ်လာတဲ့အသံကို ကြားလိုက်ရတယ်ဗျ။ ဒီနောက်တော့ အထက်ကို မော့ကြည့်လိုက်ရာမှာ ဝီနာရဲ့ ခေါင်းကလေးမရှိတော့ဘူးဗျ။

'ဆင်းရတာ ညောင်းလွန်းလို့ တစ်ခါက ပြန်တက်မယ်လို့တောင် စိတ်ကူးမိသေးတယ်၊ သို့သော်လည်း မတက်ခင် ဆက်လက်ပြီး ဆင်းသွားတော့ ကျွန်တော့်လက်ယာဘက် တစ်ပေလောက် နံရံမှာ အပေါက်ကလေးတစ်ပေါက် တွေ့ရတယ်။ အပေါက်ကလေးထဲ ဝင်လိုက်သွားတော့ မြွှန်ခေါင်းတစ်ခု ဖြစ်နေတာ တွေ့ရလို့ အညောင်းဖြေရင်း ခေတ္တလှဲအိပ်နေမိသေးတယ်။ ညောင်းလိုက်ပုံတော့ မပြောနဲ့တော့ ခြေရော၊ လက်ရော၊ လူရော အားလုံး တောင့်တင်းနေအော



တာပဲဗျ။ ဒီအတောအတွင်း လေသွင်းတဲ့စက်သံတွေကလည်း နားထဲမှာ ဆူညံ...လို့ဗျာ။

'ဘယ်လောက်ကြာအောင် လှဲပြီးနားနေမိတယ် မဆိုနိုင်ဘူး။ ကျွန်တော့်မျက်နှာကို လက်ပျော့ကလေးနဲ့ တို့လိုက်လို့ ထထိုင်ပြီး မီးခြစ်ခြစ်ကြည့်လိုက်ရာမှာ ဟိုတစ်နေ့က ကျွန်တော်မြင်လိုက်ရတဲ့ သတ္တဝါမျိုးသုံးကောင် ဖွေးဖွေးဖွေးဖွေးနဲ့ ကုန်းကုန်း ကုန်းကုန်း ပြေးသွားကြတာကို မြင်လိုက်ရတယ်။ မှောင်ထဲမှာ အမြဲနေလာခဲ့ရလေတော့ သူတို့မျက်လုံးတွေဟာလည်း ဇီးကွက်များ၊ ကြောင်များမျက်လုံးလို ပြူးလို့ဗျား။ သူတို့ကတော့ မှောင်ထဲမှာ ကျွန်တော့်ကိုမြင်ကြရမှာပေါ့တယ်။ သို့သော် ကျွန်တော့်ကိုတော့ မကြောက်ကြဘူး။ အလင်းရောင်ကို ကြောက်ကြဟန်တူရဲ့။ မီးခြစ်လိုက်တော့ ထွက်ပြေးကြပြီး မှောင်ထဲက ကျွန်တော့်ကို ပြူးကြည့်နေကြတယ်။ ကျွန်တော့်စိတ်ထဲမှာ ထွက်ပြေးချင်သလိုလို ဖြစ်လာသော်လည်း ဒီကိစ္စ မပြီးဘဲမအေးဘူးဆိုပြီး ဆက်လိုက်သွားတော့ စက်သံတွေဟာ ဆူညံသည်ထက် ဆူညံလာတယ်။ နောက်ဆုံးမှာ မြွှန်ခေါင်းကြီးဆုံးပြီး မျက်စိတစ်ဆုံး ကျယ်ဝန်းတဲ့မြေတိုက်ခန်းကြီးထဲ ရောက်လာတယ်။

'မီးခြစ်ကို ခြစ်ကြည့်လိုက်တော့ စက်ကိရိယာကြီးတွေနဲ့ တူတဲ့ အရာဝတ္ထုကြီးများကို တွေ့ရတယ်။ ဒါတွေကို အရိပ်မှ ခိုကပ်နေတဲ့ "မော်လော့"တွေကိုလည်း မြင်ရတယ်။ လေကကောင်းကောင်းမသန့်လို့ အသက်ရှူကျပ်ရတဲ့အထဲမှာ သွေးလတ်လတ်ဆတ်ဆတ် အနံ့လည်းရတယ်။ အခန်းကြီးအလယ်ရှိ စားပွဲကလေးပေါ်မှာ စားစရာလိုလိုပြင်ထားတာ တွေ့ရတယ်။ စားစရာကကော သွေးရဲသံရဲနဲ့ အသားတုံးကြီးတစ်ခုနဲ့ တူပါရဲ့။ မီးခြစ်ဆံလည်း လောင်လို့ကုန်သွားရော မှောင်ကြီးအတိ ဖြစ်သွားပြန်ရော။ ကျွန်တော် ထွက်လာခဲ့တုန်းက အနာဂတ်ခေတ်ကြီးမှာ ကျွန်တော်တို့ပစ္စည်းတွေဟာ ခေတ်နောက်ကျပြီး အသုံးမဝင်ပေဘူး ထင်မိလို့ ဆေးတို့၊ လက်နက်တို့ ဘာမှမယူခဲ့မိဘူး။ မီးခြစ်ဘူး လေးလုံးပဲ ယူလာခဲ့မိတယ်။ အခန်းကြီးထဲ လျှောက်ကြည့်ချင်သော်လည်း မီးခြစ်ကုန်ခါနီးနေလို့ မကြည့်ခဲ့တော့ဘူး။ ဒီအတောအတွင်း ဆေးလိပ်သောက်ချင်လိုက်တာလွန်ပါရောဗျာ၊ ဆေးလိပ်မှ မယူခဲ့မိလို့ မသောက်ရဘူး။ မီးခြစ်ကလည်း ခဏခဏသုံးမိတာနဲ့ နောက်ဆုံး လေးဆံပဲ ကျန်တော့တယ်။

'ဒါနဲ့ မှောင်မိုက်ထဲမှာ ရပ်နေတုန်း ကျွန်တော့်လက်ကို တင်းသေ...လက်နဲ့ တို့ကြည့်ပြီး ကျွန်တော့်မျက်နှာကိုလည်း လျှောက်စမ်းကြည့်တယ်။ ...နံလိုက်တာကလည်း ဟောင်လို့။ တစ်ယောက်က ကျွန်တော့်လက်ထဲက မီးခြစ်...နှိုက်ယူတုန်း တချို့က ကျွန်တော့်အဝတ်ကို နောက်ကစမ်းကြည့်ကြတယ်၊ ကျွန်

www.burmeseclassic.com



တော်က အော်လိုက်ရင်း ထွက်ပြေးကြရင်း၊ တော်တော်ကြာ ပြန်ရောက်လာကြရင်းပဲဗျ။ အော်ဖန်များတော့ ကျွန်တော့်ကိုကြောက်တောင် မကြောက်ကြတော့ဘူး။ ရယ်နေကြတော့တယ်။ ဒီတော့ သူတို့က မကြောက်၊ ကျွန်တော်က ကြောက်လာတယ်။ နောက်ဆုံးမှာ ကြံရာမရတော့ မီးခြစ်နဲ့ခြစ်ခြောက်ပြီး သူတို့ထွက်ပြေးတုန်းမှာ ကျွန်တော်လည်း ထွက်ပြေးရတယ်။

မီးခြစ်ဆံလည်း ငြိမ်းရော ကျွန်တော်လည်း ပြွန်ခေါင်းထဲ ပြန်ရောက်ရော၊ သူတို့ကလည်း ကျွန်တော့်နောက်မှာ တရှုရှုနဲ့ ရောက်လာကြပြန်ရောဗျ။ ဒီတစ်ခါတော့ သူတို့က ကျွန်တော့်ကို အတင်းနောက်ပြန်ဆွဲခေါ်ကြတယ်။ ကျွန်တော်က မီးခြစ်တစ်ဆံခြစ်ပြီး သူတို့မျက်နှာတွေနား ယမ်းပြတော့မှ ပြန်ပြေးကြပြန်တယ်။ မျက်နှာထားတွေကလည်း ထူးဆန်းလိုက်တာဗျာ။ မေးစေ့လည်းမရှိ၊ မျက်ခမ်းလည်းမရှိ၊ မျက်လုံးတွေကလည်း နီပြာပြာနဲ့ဗျ။ နောက် တတိယမီးခြစ်လည်းကုန်ရော ကျွန်တော်လည်း ပြွန်ပေါက်ဝက တွင်းထဲ ပြန်ရောက်ရောဗျ။ ပြွန်ဝကနေပြီး သတ္တုချောင်းတွေကို လက်နဲ့စမ်းကြည့်နေတုန်း ကျွန်တော့်ခြေထောက်ကို နောက်ကပြန်ဆွဲခေါ်ကြတယ်ဗျ။ ဒီအခါမှာ စတုတ္ထ မီးခြစ်ဆံကို ခြစ်လိုက်လို့ သူတို့ရှိသွားရာမှာ သတ္တုချောင်းကို ကပျာကယာလှမ်းဆွဲပြီး တွင်းပေါ်ကို ကပျာကယာတက်ခဲ့ရတယ်။ မော်လော့ကလေးတစ်ကောင်ကတော့ ကျွန်တော့်နောက် ကပ်လိုက်လာပြီး ကျွန်တော့်ဖိနပ်ကို အတင်းဆွဲထားလို့ ဖိနပ်တစ်ဖက် ကျွတ်ကျန်ရစ်ခဲ့သေးတယ်ဗျ။ တွင်းထိပ်ရောက်လို့ မြေကြီးပေါ်ကို ကပျာကယာ မှောက်အိပ်လိုက်တော့ ဝီနာက ကျွန်တော့်လက်ကို နမ်းလိုက်တာလောက် သတိရပြီး ကျွန်တော်လည်း သတိလစ်သွားပါရောဗျာ။

❖

## အခန်း( ၁၀ )
## ညဥ့်တိုင်ရောက်သောအခါ

'ဒီကနေ ရှေ့လျှောက်တော့ ကျွန်တော့်မှာ သာပြီးစိတ်ဒုက္ခ ရောက်ရတယ်ဗျ။ ဟိုတုန်းကတော့ တွင်းကြီးထဲ ကျနေတဲ့လူတစ်ယောက်လိုပဲ။ တက်နိုင်တဲ့ အချိန်မှာ လွတ်ဖို့၊ မတက်နိုင်သေးရင်လည်း ဖြည်းဖြည်းတက်ဖို့ ရှိတယ်။ အခုတော့ ဒီလိုမကတော့ဘူး၊ ရန်သူကိုပါ ကြောက်နေရပြီး မော်လော့ဆိုတဲ့ သတ္တဝါတွေကို ကျွန်တော်က ရန်သူလို သဘောထားနေရပြီ။ သူတို့က ကျွန်တော့်ကို ဘယ်တော့ ဒုက္ခပေးကြမယ် မပြောနိုင်ဘူး။ အကြောင်းတစ်ခုကလည်း အီလွိုင်တွေကိုယ်တိုင်က မှောင်မိုက်တဲ့ညများမှာ မော်လော့တွေကို ကြောက်ကြရကြောင်း ဝီနာ



ဆီက ကျွန်တော် သိရပြီ။ သူတို့ဟာက ဒီလိုဗျ။ မြေပေါ်မှာ လသာနေတဲ့ ရက်များအတောအတွင်းတော့ ကိစ္စမရှိဘူး၊ လပြည့်ကျော်လို့ လမိုက်လာလေလေ မော်လော့တွေက မြေပေါ်တက်တက်ပြီး ကျက်စားကြလေလေပဲဗျ။

'အခါမှာ လပြည့်ကျော် ၉ ရက်၊ ၁၀ ရက်ရှိနေပြီမို့ မော်လော့တွေကို ကြောက်နေရပြီ။ လကွယ်ကနေ လဆန်း ၃-၄ ရက်နေ့တိုင်အောင် မြေပေါ်မှာ မှောင်မိုက်တဲ့အချိန်များမို့လို့ မော်လော့တွေ အထူးသရမ်းကြတော့တယ်ဆိုတာ အီလွိုင်တွေက ပူပန်နေကြပြီ။ ဟိုခေတ်တုန်းက မြေကြီးပေါ်မှာ အီလွိုင်တွေက ကြီးစိုးပြီး မော်လော့တွေ မြေအောက်ရောက်ကြရတာတော့ မှန်တယ်။ သို့သော် အဲဒီခေတ် ကျော်လွန်လာခဲ့လို့ ကမ္ဘာ့ထုံးစံအတိုင်း သူတစ်ပြန်ကိုယ်တစ်ပြန် လွှမ်းမိုးရမြဲမို့ ဒီအချိန်မှာ မော်လော့တွေကို အီလွိုင်တွေက ပြန်ကြောက်နေကြရပြန်ပြီ၊ သို့သော် အီလွိုင်တွေက ဘယ်လိုပင်ကြောက်သော်လည်း ၁၉ ရာပြည့်နှစ်သမားတစ်ယောက်ဖြစ်တဲ့ ကျွန်တော်ကတော့ သူတို့လိုမကြံတတ် မစည်တတ်ဖြစ်အောင် မကြောက်တော့ဘဲ ကိုယ့်ဘေးအန္တရာယ်ကို ကာကွယ်မည့်အကြံအစည် ထုတ်တာကိုးဗျ။

'ဒီတော့ ကျွန်တော်က ကာကွယ်ရေး လက်နက်တွေနဲ့ လုံခြုံစွာအိပ်ဖို့နေရာများ စီမံရတယ်။ ဒီအခါမှာ ဟိုတစ်နေ့က ကျွန်တော်မြင်ခဲ့ရတဲ့ စိမ်းပြာပြာအဆောက်အအုံကြီးကို သတိရမိတယ်။ ဒီတော့ ဝီနာကို ပခုံးထမ်းပြီး အဆောက်အအုံရောက်အောင် ကျွန်တော်သွားတယ်။ ဟိုလည်းရောက်ကရော နေဝင်လို့မှောင်လုနေပြီ။ လမ်းခရီးမှာ ဝီနာက ပခုံးပေါ်ချည်းလိုက်ရတာ ညောင်းလေတော့ အောက်ဆင်းပြီး ပန်းတွေခူး၊ ကျွန်တော့်အိတ်ထဲထည့်၊ ကျွန်တော့်အိတ်ထဲမှာ ပန်းတွေ ပြည့်နေရော'

ဤတွင် ကာလခရီးသည်,သည် အကျီအိတ်တွင်းသို့ နှိုက်ပြီး နွမ်းခြောက်လျက်ရှိသော ပန်းနှစ်ပွင့်ကို ထုတ်ပြီးလျှင် စားပွဲပေါ်၌ တင်ထားလေ၏။ ထို့နောက်မှ ဆက်လက်၍-

'ရောက်တယ်ဆိုပေမဲ့ စိမ်းပြာပြာ ပြတိုက်ကြီးကို မြင်ရုံမြင်ရသေးသာ[illegible] တကယ်ရောက်သေးတာ မဟုတ်ဘူး။ ပြတိုက်ဆီ မရောက်မီ တောင်ပူစာက[illegible] အနီးက ဖြတ်လာတော့ တောင်ကမ်းပါးယံမှာ သစ်ပင်တွေ ထူထပ်လေသော[illegible] တိုက်ကို မျက်ခြည်ပြတ်သွားပြန်ရောဗျ။ မှောင်လည်းမှောင်လုပြီ၊ ခရီး[illegible] တော်တော်လှမ်းသေးတယ်။ ကောင်းကင်မှ ကြယ်တာရာတွေက[illegible] လေ။ သို့သော် နှစ်ပေါင်း ၈ သိန်းကျော်လာခဲ့တော့ ကျွန်တော်[illegible] အစီအစဉ်အနေအထားမျိုး မဟုတ်တော့ဘဲ တစ်မျိုးတစ်မည် [illegible]

www.burmeseclassic.com

www.burmeseclassic.com



တောင်ဘက်မျက်နှာမှာ အလွန်တောက်ပတဲ့ ကြယ်ကြီးတစ်လုံး ထွက်နေတယ်။ နဂါးငွေ့ဆိုတဲ့ ကြယ်တန်းကြီးကတော့ ကျွန်တော်တို့ ခေတ်တုန်းက လိုလိုပဲဗျ။ ပြောင်းလဲခြင်း တယ်မတွေ့ရဘူး။

ဒီအခါမှာ ကျွန်တော်လည်း ခရီးပန်းလွန်းတာနဲ့ ဝီနာကို အသာချထားပြီး ကောင်းကင်ကို မျှော်ကြည့်နေတာကိုးဗျ။ ဝီနာကတော့ ကျွန်တော့်အားကိုးနဲ့ ကျွန်တော်ခင်းသိပ်ထားတဲ့ အကျီပေါ်မှာ အိပ်မောကျလို့ဗျ။ ကျွန်တော်ကိုယ်တိုင်လည်း တစ်ချက်တစ်ချက် ငိုက်ငိုက်သွားဟန် တူတယ်။ တော်တော်ကြီးကြာလို့ အရှေ့ဘက်ကောင်းကင်မှာ လင်းရောင်ပေါ်လာလို့ ကြည့်လိုက်တော့ လတစ်ခြမ်းပဲ့ကလေး ထွက်လာတယ်။ ဒီနောက်တော့ သိပ်မကြောက်တော့ဘူး။ အရုဏ်တက်ပြီး မိုးလင်းလာတော့တာပါပဲ။ တစ်ညလုံးမှာ မော်လော့တစ်ကောင်မှ မတွေ့ရလေတော့ ကျွန်တော်ကြောက်ခဲ့သမျှတွေဟာ အကြောင်းမဲ့အပိုသက်သက် ကြောက်မိတာ ထင်ပါရဲ့လို့တောင် အောက်မေ့မိတယ်။ ဒီအခါမှာ ကျွန်တော့်ခြေထောက်တွေဟာလည်း ဖိနပ်ပေါက်လို့ ကောင်းကောင်းမထောက်နိုင်တာနဲ့ ထိုင်ရာမှထမယ်လုပ်ပြီးမှ ပြန်ထိုင်လိုက်ရတယ်။

'တော်တော်ကြီး လင်းလာတော့ ကျွန်တော်တို့နှစ်ယောက် တောထဲမှာ သစ်သီးကလေးဘာလေး ရှာဖွေစား၊ စမ်းချောင်းမှ ရေသောက်၊ ကာကွယ်ရေး လက်နက်လုပ်ဖို့ ကျွန်တော်စိတ်ကူး၊ ကျောက်ရုပ်ကြီးအောက်က လောဟာခုံကြီးကိုလည်း တစ်နည်းနည်းနဲ့ ရိုက်ခွဲပြီး ကျွန်တော့်ယန္တရားစက်ကို မော်လော့တွေရဲ့ လက်ထဲက ပြန်လုယူ၊ ဝီနာကို စက်ပေါ်တင်၊ ကိုယ့်ခေတ်ကိုယ်ပြန်လာ။ အဲဒါမျိုးတွေ စိတ်ထဲမှာ အကြံထုတ်ရင်း တစ်နေ့လုံး အချိန်ကုန်ပြီး ညနေခင်းအချိန်မှ စိမ်းပြာပြာ ပြတိုက်ကြီးဆီကို ဆက်လက်ပြီး လျှောက်လာကြပြန်တာကိုးဗျ။

❖

## အခန်း( ၁၁ )
## စိမ်းပြာပြာ ကြွေနန်းကြီး

'နောက်တစ်နေ့ မွန်းတည့်ချိန်လောက်မှ ဝီနာနဲ့ ကျွန်တော်နဲ့ စိမ်းပြာပြာ ရဲတိုက်ကြီး ရောက်သွားကြတော့ အဆောက်အအုံကြီး ပြိုပျက်နေတာကို တွေ့ရတယ်။ ကျွန်တော်ထင်တဲ့အတိုင်း အဆောက်အအုံကြီးဟာက ကြွေထည်နဲ့ ဆောက်လုပ်ပြီး မှန်ပြတင်းတွေကလည်း ပြည့်လို့။ လက္ခဏာမှာ ပြတိုက်ကြီးနဲ့ တူပါရဲ့။ အထဲဝင်ကြည့်ကြတော့ အလယ်ကောင်မှာ အလွန်ကြီးမားတဲ့ တိရစ္ဆာန်ကြီးတွေရဲ့ အရိုးကြီးတွေတောင် ရှိသေးတယ်။ ကြွက်လျှောက်တွေပေါ်မှာ မှန်သေတ္တာတွေလည်း ရှိရဲ့။ သေတ္တာထဲမှာထားတဲ့ ပစ္စည်းတွေ မပျက်မစီး မဆွေးမမြည့်ဘဲ တည်အောင်ထိန်း ထောက်ခြင်းအားဖြင့် လေလုံအောင် လုပ်ထားတဲ့လက္ခဏာ ရှိတယ်။

ပြတိုက်ကြီးမှာ အဆောင်ဆောင် အခန်းခန်း ဖွဲ့ထားပြီး ပညာရပ်တစ်ခုစီ အတွက် အဆောင်တစ်ခုစီ သီးသန့်ထားဟန် တူတယ်။ တစ်နေရာမှာ စက်တိုင်ရိုယာအမျိုးမျိုးပြတဲ့ အခန်းနဲ့တူပါရဲ့။ စက်ကြီးနှစ်လုံး သုံးလုံး သံချေးတွေတက်ပြီး ပြိုပျက်နေတာကို တွေ့ရတယ်။ စက်ကြီးတစ်လုံးက သံချောင်းဘီးတစ်ချောင်းကို နှဲ့စမ်းလိုက်တော့ ပြုတ်ထွက်လာတာနဲ့ နေရာကျလှပြီဆိုပြီး ကျွန်တော်ယူလာခဲ့တယ်။ ဘာကြောင့်လဲဆိုတော့ မော်လော့တွေက ကျွန်တော့်ကိုတိုက်ခိုက်ရင် ဒီသံချောင်းကြီးနဲ့ ခုခံလိုက်ရရင်တော့ မော်လော့လေးငါးဆယ်ကောင် ကျွန်တော် မကြောက်ဘူးလို့ အောက်မေ့တယ်။

'အုံ့သြဖွယ်ကောင်းတဲ့ အခြင်းအရာတစ်ခုက မှန်သေတ္တာတစ်လုံးကို ကျွန်တော်ဖွင့်လိုက်တော့ ရှုံးခနဲမြည်တာကို ထောက်သဖြင့် လေလုံအောင်စီမံထားတဲ့ သေတ္တာဖြစ်ကြောင်း တွေ့ရတယ်။ အထဲမှာ ဘာတွေ့မှတ်သလဲ၊ အခြားတိုလီမိုလီ ပစ္စည်းများအပြင် မီးခြစ်တစ်လုံးကို တွေ့တယ်။ မီးခြစ်ကို ကောက်ခြစ်ကြည့်လိုက်တော့ ရှဲခနဲထတောက်လေရဲ့ဗျား။ နေရာကျလိုက်ပုံတော့ ဘယ်ပြောကောင်းမလဲ။ မော်လော့တွေဟာ မီးကိုကြောက်တယ်ဆိုတာ ကျွန်တော်သိရသော်လည်း ကျွန်တော့်မှာ မီးခြစ်တစ်ဆံမှ မကျန်တော့လို့ စိတ်ညစ်နေရတဲ့အထဲမှာ ဒီမီးခြစ်တွေ့လိုက်ရတော့ ကျွန်တော် အားကိုးဖို့ ဇရာမလက်နက်ကြီးတစ်ခု လက်ကိုင်ရသွားတော့တာကိုးဗျ။ နောက်ပြီး စဥ့်အိုးတစ်လုံးမှာ ချိတ်တံဆိပ်နဲ့ ပိတ်ထားတာ တွေ့ရလို့ ဖွင့်ကြည့်လိုက်တော့ အထဲမှာ ပရုတ်တွေ တွေ့ရသဗျား။ နေရာကျလှပြီ။ မီးခြစ်နဲ့ခြစ်၊ ပရုတ်တွေကို မီးနဲ့ရှို့လိုက်လို့ ဟုန်းခနဲမီးတောက်လာပြီဆိုမှဖြင့် မော်လော့တွေ ချောက်ဖို့ ဒီ့ထက်ကောင်းတဲ့ လက်နက် မရှိနိုင်တော့ဘူးဗျာ၊

'ဒီနောက် ဝီနာနဲ့ ကျွန်တော်နဲ့ ချောင်ခန်းတစ်ခုထဲ ဝင်ကြည့်ကြတော့ နှစ်ပရိစ္ဆေဒ ကြာရှည်စွာ စုပုံလျက်ရှိတဲ့ မြေမှုန်ပေါ်မှာ ခြေရာကလေးတွေ တွေ့ရတယ်ဗျ။ ကြည့်လိုက်တော့ လူကလေးတွေရဲ့ ခြေရာလို့ထင်ကြလိမ့်မယ်၊ အခုမှာတော့ မော်လော့တွေရဲ့ခြေရာကိုးဗျ။ ဒီနေရာမှာ ခပ်မှောင်မှောင် ရှိနေသလောက် ခပ်စောစောတုန်းက ကြွက်ပြေးတဲ့ခြေသံလိုလို ကျွန်တော် ကြားလိုက်မိသေးတာ၊ အဲဒီခေတ်မှာ ကြွက်လည်းမရှိဘူး၊ လူသတ္တဝါကို အနှောင့်အယှက်ပြုတဲ့ မျိုးတွေ သားရဲတိရစ္ဆာန်တို့ ကွယ်ကုန်ကြတာ ကြာလှပြီဗျ။ ဒီတော့ ကျွန်တော်ကြားလိုက်ရတဲ့ ခြေသံတွေဟာ မော်လော့တွေရဲ့ခြေသံဖြစ်ရမှာပဲ။ ဘယ်နှစ်ကြောင့် ဘယ်လို ပျောက်ကုန်ကြတယ်တော့ မပြောတတ်ဘူး။ ကျွန်တော့်စိတ်ထဲမှာ ဒီအကောင်တွေ



www.burmeseclassic.com

www.burmeseclassic.com



ကို မုန်းလည်းမုန်း၊ ရွံလည်းရွံနေတော့ လေးငါးဆယ်ကောင်လောက် ရိုက်သတ်စမ်းချင်တာနဲ့ တွေ့စမ်းပါရစေလို့တောင် ဆုတောင်းမိသေးတယ်။ သို့သော် သူတို့ကို ခုချက်ချင်း လိုက်ရှာဖို့တော့ အချိန်မရှိတာနဲ့ မရှာခဲ့ရဘူးပေါ့ဗျာ။ ဒီလိုနဲ့ ပြတိုက်ကြီးထဲမှာ ဟိုအဆောင်ဝင်ကြည့်၊ ဒီအဆောင် ဝင်ကြည့်နဲ့ ညနေစောင်းသွားတော့မှ ကြွေပြတိုက်ကြီးထဲက ကျွန်တော်တို့ ထွက်လာကြတော့တယ်။

ပြတိုက်ရှေ့က မြက်ခင်းပေါ်မှာ စားကောင်းတဲ့ အသီးအပင် သုံးလေးပင်တွေ့ရလေတော့ အသီးများ ခူးပြီး မြက်ခင်းပေါ်မှာ ထိုင်စားကြတယ်။ မကြာခင်နေဝင်သွားရာမှာ ကျွန်တော်က စက်ကြီးမှ ဖြုတ်ယူခဲ့တဲ့ သံချောင်းကြီးကို လက်မှာကိုင်၊ အိတ်တစ်ဖက်မှာ မီးခြစ်ဘူးနဲ့ ပရုတ်တွေထည့်ပြီး ကွင်းပြင်မှာ မီးဖိုနဲ့ အိပ်ကြဖို့ ပြင်ဆင်ကြတယ်။ ကျွန်တော့်အကြံက ဘယ်လိုလဲဆိုတော့ နောက်တစ်နေ့မှာ ကျောက်ရုပ်အောက်က လောဟာသတ္တုနဲ့ လုပ်ထားတဲ့ ပလ္လင်လိုခုံကြီးကို သံချောင်းကြီးနဲ့ ရိုက်ခွဲဖို့စိတ်ကူးထားတော့တာကိုးဗျ။

❖

## အခန်း(၁၂)
## မှောင်မိုက်ထဲ၌

'ကျွန်တော်က နောက်တစ်နေ့နံနက်စောစောမှာ ကျောက်ရုပ်ကြီးဆီ ရောက်ချင်လေတော့ ဒီညအဖို့ တတ်နိုင်သမျှရောက်အောင် ခရီးသွားကြတယ်ဗျ။ လမ်းမှာတွေ့တဲ့ထင်းခြောက်ကလေးတွေ ကောက်လို့ တစ်ပွေ့လောက်ရတော့ ဝီနာကိုလက်တစ်ဖက်ကတွဲ၊ ထင်းစည်းနဲ့ သံတုတ်ကို လက်တစ်ဖက်ကပွေ့ပြီး တော်တော်ကြီးရောက်အောင် လျှောက်လာခဲ့ကြတယ်။ နောက်ဆုံးမှာ နှစ်ယောက်စလုံး မောတော့မှ အိပ်ဖို့နေရာ ရွေးချယ်ကြတယ်။ ထင်းစည်းကလေးကိုချပြီး မီးမွှေးမလို့လုပ်တုန်း ကုန်းကုန်း ကုန်းကုန်းနဲ့ အကောင်သုံးကောင်ကို မြင်ရတယ်။ ကျွန်တော်တို့ ပတ်ဝန်းကျင်မှာ ကိုင်းပင်နဲ့ချုံတွေ ထူထပ်လေတော့ မော်လော့တွေက တိတ်တိတ်ကလေး ချဉ်းကပ်လျှင် ရုတ်တရက်မြင်ဖို့ခက်တယ်။ တောကြီးကတော့ ရှေ့မှာ တစ်မိုင်လောက်အကျယ်အဝန်း ရှိလိမ့်မယ်။ ဒါကြောင့် ဒီတောကို ကျော်လွန်အောင်ဖြတ်လျှောက်ပြီး တောင်ကုန်းကလေးရောက်လျှင်တော့ လုံခြုံတဲ့နေရာတွေ့လိမ့်မယ်လို့ ကျွန်တော်ယူဆတယ်။ ဟိုရောက်လို့ ပရုတ်တွေကို မီးရှို့လိုက်လျှင် တောထဲက သူတို့လာတာကို မြင်နိုင်လိမ့်မယ်လို့လည်း ယူဆတယ်။ တစ်ချက်ကလည်း သူတို့လိုက်လာလို့ မီးခြစ်နဲ့ရှို့ပြီး ခြောက်ရလျှင် ကျွန်တော် ယူလာခဲ့တဲ့ ထင်းစည်းဟာလည်း အပိုပဲဖြစ်နေလိမ့်မယ်လို့ သဘောရပြီး ထင်းစည်းကို



မယူခဲ့တော့တဲ့ ဒီနေရာမှာ မီးရှို့ထားခဲ့ဖို့ အကြံရတယ်။ ဒီမီးကို သူတို့မြင်ရင် ကျွန်တော်တို့နောက်ကို သူတို့မလိုက်ဝံ့ဘဲ ကြောက်ပြေးကြလိမ့်မယ်လို့ ထင်မျှော်လင့်တယ်။ ဒါ့ကြောင့် ထင်းစည်းကို မီးခြစ်နဲ့မီးရှို့လိုက်ရာမှာ ဝီနာက မီးကိုမြင်လျှင်မြင်ချင်း ခုန်ပေါက်မြူးထူးတော့တာကိုးဗျ။

'ဒီဒေသမှာတော့ မီးလောင်ဖို့ကလည်း ခဲယဉ်း၊ သူတို့ကိုယ်တိုင်ကလည်း ချက်ပြုတ်စားဖို့ မီးမွေးခြင်းမရှိ၊ မှောင်မိုက်လို့ မီးထွန်းတယ်မရှိတော့ မီးကို တစ်ခါမှ မြင်ဖူးကြဟန်မရှိဘူးဗျ။ ဒါကြောင့် ကျွန်တော်က ထင်းစည်းကို မီးရှို့ပေးလို့ မီးတောက်လာရင်ပဲ ဝီနာက ခုန်လားပေါက်လားနဲ့ ပျော်မြူးပြီး မီးပုံထဲတောင် ခုန်ဆင်းမလို့ ကျွန်တော်က မနည်းဆွဲထားရတယ်။ သူတို့လူစုက (မော်လော့ရော အီလွိုင်ရော)မီးဆိုတာ မမြင်ဖူးကြလေတော့ မီးသဘာဝကို လုံးဝနားမလည်ကြဘူး။ မော်လော့တွေကတော့ ကြောက်တယ်။ အီလွိုင်မျိုးဖြစ်တဲ့ ဝီနာကတော့ အပျော်ကြီးပျော်တယ်ဗျ။ သူ့ကို လောင်လိမ့်မယ်လို့တောင် နားမလည်ဘူး၊

'ဒါနဲ့ ထင်းစည်းကို မီးရှို့ထားခဲ့ပြီး ကျွန်တော်လည်း ဝီနာကို ဆွဲခေါ်ပြီး တောင်ကုန်းဘက်ရောက်အောင် တောထဲက ဖြတ်ပြေးပါရောဗျား။ ကျွန်တော့်မီးရောင်ကြောင့် တောထဲမှာလည်း ထိန်လို့။ တော်တော်ကြာလို့ လှည့်ကြည့်လိုက်တော့ ထင်းစီးကနေပြီး ချုံတွေ၊ ကိုင်းပင်တွေ ကူးစက်လောင်ကျွမ်းနေလို့ တစ်ဝိုက်ကြီး ပျံ့နှံ့သွားပါရောဗျား။ ကျွန်တော်ကတော့ ဝီနာကို လက်တစ်ဖက်ကဆွဲ၊ လက်တစ်ဖက်က သံတုတ်ကြီးကိုင်ပြီး ခပ်သုတ်သုတ် လျှောက်လာခဲ့တာပေါ့လေ။ အတန်သွားမိတော့ ကျွန်တော့်ပတ်ဝန်းကျင်မှာ ခြေသံတွေကြားရသလို ထင်မိတယ်။ သွားရင်းသွားရင်း ကျွန်တော် ကြားခဲ့ရဖူးတဲ့ အသံမျိုးတွေမျိုး ကြားရပါရောဗျား။ မော်လော့တွေ တော်တော်များများက ကျွန်တော်တို့ကို ဝိုင်းနေကြဟန်တူတယ်။

'ဒီနောက်တော့ ကျွန်တော့်လက်မောင်းကို ဆွဲလို ဆွဲ၊ အကျႌကို ဆွဲလို ဆွဲ လုပ်လာကြတာကိုးဗျ။ ဝီနာကတော့ တစ်ချက်လန့်တုန်သွားရာက ငြိမ်သွားပါရောဗျား။ ဒီအခါမှာ ကျွန်တော်က မီးခြစ်ကို သတိရတယ်။ သို့သော် မီးခြစ်မယ်ဆိုရင် ဝီနာကို ချထားဦးမှဖြစ်မှာကိုး။ ဒါနဲ့ သူ့ကိုချထားပြီး အကျႌအိတ်ထဲနှိုက်တုန်းမှာ ကျွန်တော့်ခြေထောက်နားဆီက လှုပ်လှုပ်ရှားရှားဖြစ်သွားတာ သိလိုက်ရတယ်။ ကျွန်တော့်ကျောတို့၊ လည်ပင်းတို့ကိုလည်း လက်ပျော့ကလေးတွေနဲ့ စမ်းကြည့်ကြတာကို သိရတယ်ဗျ။ ဒါနဲ့ မီးခြစ်တွေ့တော့ ရှီးခနဲခြစ်လိုက်သည်နှင့်တစ်ပြိုင်နက် ကျောဖြူကလေးတွေနဲ့ ထွက်ပြေးကြတာကို မြင်လိုက်တော့သည်။ မီးခြစ်ဆံလောင်သွားတဲ့အခါမှာ ပရုတ်တစ်လုံးကို မီးရှို့မယ်လုပ်တုန်းအင် ဒီနော

www.burmeseclassic.com



ကျွန်တော့်ခြေထောက်ဖက်ပြီး မြေကြီးပေါ်မှာ မှောက်နေတယ်ဗျ။ လှုပ်လည်းမလှုပ်ဘူး၊ ဒီတော့ ကျွန်တော်က အတော်ထိတ်သွားပြီး ပရုတ်တစ်လုံးကိုမီးရှို့၊ မြေကြီးပေါ်ပစ်ချ၊ ဒူးထောက်ပြီး ဝီနာကို ပွေ့ယူနေတုန်းမှာ တစ်တောလုံး မော်လေဘွေတွေ ပြို့နေတာကိုးဗျ။

'ဒါနဲ့ ဝီနာကို ပခုံးပေါ်ပွေ့တင်ပြီး ရှေ့ဆက်လျှောက်မယ်လုပ်တော့ တစ်ခု သတိရလို့ အတော်ထိတ်လန့်သွားမိတယ်။ ဘာကြောင့်လဲဆိုတော့ မီးရှို့တဲ့အလုပ်တွေ၊ ဝီနာပွေ့တဲ့အလုပ်တွေ လုပ်တုန်းက ကိုယ့်ကိုယ်ကို သုံးလေးပတ်လှည့်မိလေတော့ မျက်စိလည်သွားပြီး ဘယ်ဆက်သွားရမှန်းမသိ ဖြစ်တော့တာကိုး။ ခက်နေပြီ၊ သွားချင်တာက တောင်ကုန်းကလေးဘက်၊ တောင်ကုန်းကလေး ဘယ်ဘက်မှာ ရှိတယ်လို့လည်း ကျွန်တော် မပြောနိုင်တော့ဘူး။ ပြတိုက်ကြီးဘက် ခြေဦးလှည့်မိလို့ အဲဒီပြန်ရောက်နေမှာလည်း စိုးရသေးတယ်။ လူ့ကို ချွေးတလုံးလုံး ဖြစ်နေတော့တာပဲဗျို့။ ဒါနဲ့ မတတ်နိုင်ပါဘူးဆိုပြီး ဒီနေရာမှာပဲ မီးဖို၊ တစ်ညအိပ်ဖို့ ပြင်ဆင်ရတော့တာပဲ။

'ဒီတော့ ဝီနာကို မြေကြီးပေါ်ပြန်ချ၊ သစ်ကိုင်းခြောက်ကလေးတွေလိုက်ကောက်၊ မော်လေဘွေတွေကလည်း မှောင်မိုက်တဲ့အပိုင်းမှာ မျက်လုံးကလေးတွေ တဝင်းဝင်းနဲ့ စောင့်ကြည့်နေကြတာကိုးဗျ။ ပထမ ပရုတ်လုံးကုန်သွားလို့ ဒုတိယအလုံးကို ရှို့ဖို့မီးခြစ်နေတုန်းမှာ ဝီနာ့အနားက ဖြူဖြူကလေးနှစ်ကောင် ဖျတ်ခနဲထွက်ပြေးတယ်ဗျ။ တစ်ကောင်ဟာကတော့ သူ့မျက်စိမှာ အလင်းရောင်ထိုးလေဘော့ မပြေးတတ်တော့ဘဲ ပြေးမိပြေးရာ ကျွန်တော့်ဆီကို ပြေးလာရာမှာ ကျွန်တော်က မျက်နှာကို လက်သီးနဲ့သတ်လိုက်တာ ခွပ်ခနဲဆို ပုံလဲသွားပါရောဗျား။ ကျွန်တော်က ပရုတ်လုံးရှို့ထားပြီး ထင်းချောင်းကလေးတွေ ကောက်နေတုန်းမှာ ကျွန်တော့်ခေါင်းပေါ်က သစ်ကိုင်းတွေဟာ မိုးလည်းမရွာဘဲ ခြောက်သွေ့နေတာတွေ့ရလေတော့ သစ်ကိုင်းခြောက်လိုက်ရှာမနေဘဲ ခေါင်းပေါ်က သစ်ကိုင်းတွေကို အလွယ်တကူ ချိုးယူရတော့တယ်။ မကြာခင် ထင်းခြောက်တွေ၊ ထင်းစိုတွေမို့ မီးခိုးတအူအူနဲ့ မီးပုံတစ်ခုဖြစ်လာတော့မှ ဝီနာကို သေသေချာချာကြည့်တော့ အသေကောင်လိုပဲဗျ၊ မလှုပ်တော့ဘူး။ အသက်ရှူ၊ မရှူတောင် ကျွန်တော် မပြောတတ်တော့ဘူး။ ကျွန်တော့်မှာလည်း အအိပ်က ပျက်၊ မီးက ခိုး၊ ခရီးက ပန်းလေတော့ တစ်ချက်တစ်ချက် ငိုက်ခနဲငိုက်ခနဲ ဖြစ်သွားတယ်။

'ဒီအငိုက်မှာ သတိရလာလို့ အိတ်ထဲက မီးခြစ်ကို စမ်းကြည့်လိုက်တော့ မီးခြစ်ဘူးမရှိတော့ဘူးဗျို့။ ဒီအခါမှာ မော်လေဘွေတွေကလည်း ကျွန်တော့်ကို ဝိုင်းပြီဖက်ကြတာကိုးဗျ။ အမှန်တော့ ကျွန်တော်က ငိုက်ရုံမကဘဲ အိပ်ပျော်သွားသို့ မီးပုံကလည်း မီးငြိမ်းသွားပြီး မော်လေဘွေတွေက ကျွန်တော့်ဝိုင်းတွယ်ကြတော့တာကိုး။ ခြေထောက်ဆွဲသူကဆွဲ၊ ခါးဖက်သူကဖက်၊ လည်ပင်းညှစ်သူကညှစ်၊ ထွေစိစိနဲ့ သတ္တဝါတွေမို့ ရွံ့လိုက်တာကလည်း မပြောပါနဲ့တော့။ မှောင်လိုက်တာကလည်း မည်းလို့ဗျား။ တချို့က လည်ပင်းကို သွားကလေးတွေနဲ့ ကိုက်သေး[illegible] ဒါနဲ့ သူတို့ဝိုင်းတွယ်လို့ မြေကြီးပေါ်မှာ ကျွန်တော်လိမ့်သွားတော့ ကျွန်[illegible] က သံချောင်းကြီးကို သွားခတ်မိတာကိုးဗျ။ ဒီတော့မှ အတင်းလူးလဲထပြီး သူတို့ မျက်နှာကလေးတွေရှိလောက်တဲ့နေရာမှန်းပြီး သံတုတ်ကြီးနဲ့ ယမ်းလိုက်ရာ ပျော့စိပျော့စိနဲ့ ခွေကျကုန်လို့ နောက်ဆုံးမှာ သူတို့လက်က ကျွန်တော်လွတ်သွားတော့တာကိုး။ အဟုတ်ပြင်းပြင်းထန်ထန် ရိုက်ရတဲ့အခါမှာ အရသာတစ်မျိုး ပေါ်ထွက်လာတတ်တဲ့ သဘာဝတစ်ခုရှိတယ်ဗျ။ ကျွန်တော့်မှာလည်း အဲဒီအခါမှာ သူတို့နဲ့ တိုက်ရတာ အရသာကြီး ပေါ်လာပြီး မြိန်ရေရှက်ရေရှိလိုက်ပုံကတော့ မပြောပါနဲ့တော့။ သူတို့က အရေအတွက် များလွန်းလို့ ဝီနာနဲ့ကျွန်တော့်အဖို့ မျှော်လင့်ချက်မရှိတော့ဘူးဆိုတာတော့ ကျွန်တော်သိပါတယ်။ နို့ပေမဲ့ ကိုယ်သေရသလောက် သူတို့ကိုလည်း တတ်နိုင်သမျှ များများသေအောင် လုပ်သွားဦးမယ်ဆိုတဲ့ စိတ်မျိုးဝင်နေတော့တာကိုးဗျ။ ဒါနဲ့ သစ်ပင်တစ်ပင်ကို ကျောမှီပြီး သံတုတ်ကြီးနဲ့ ယမ်းလိုက်၊ သူတို့တစ်တွေအော်တဲ့၊ ညည်းတဲ့အသံတွေဟာ တစ်တောလုံး ပွက်ပွက်ရိုက်သွားတော့တာပဲ။ တစ်မိနစ်လောက်ကြာတော့ ကျွန်တော့်အနားကို တစ်ကောင်မှ မကပ်ဝံ့တော့ဘဲ အဝေးကအော်နေကြတာကိုးဗျ။ ဒီအခါမှာ ဒီအကောင်တွေ ငါ့ကို ကြောက်ကုန်ကြပြီထင်ပါရဲ့လို့ တစ်ချက်မျှော်လင့်မိတယ်။

'အဲဒီလိုမျှော်လင့်မိတုန်းမှာ တောကြီးဟာလည်း တဖြည်းဖြည်းလင်းသည်ထက် လင်းလာပြီး ကျွန်တော့်ခြေထောက်နားမှာ အတုံးအရုံးလဲနေတဲ့ မော်လေဘွေကလေးတွေတောင် တဖြည်းဖြည်းမြင်လာရတယ်။ ဒီပြင်မော်လေဘွေတွေကလည်း ဟိုအဝေးမှာ ပြေးလိုက်လွှားလိုက် လုပ်နေတာကို မြင်ရတယ်။ သူတို့ကျောတာလေးတွေဟာ မဖြူတော့ဘူး၊ ခပ်နီနီဖြစ်လာတယ်။ ကျွန်တော်က တအံ့တသြကြည့်နေမိတုန်းမှာ ဟိုအထက်ကောင်းကင်က မီးဖွားကလေးတစ်ဖွား လွင့်ဘာ[illegible] သွားတာကိုလည်း မြင်လိုက်ရတယ်။ နောက်တစ်ခဏမှာ မီးသင့်လောင်တဲ့ အနံ့[illegible] ရပြီး မီးတောက်လောင်တဲ့ အသံမျိုးတွေလည်း ကြားရတယ်။ ဒါနဲ့ သင်[illegible] ပြီး နောက်မျှော်ကြည့်လိုက်တော့ တောမီးလောင်နေတာ တွေ့ရတော့[illegible] လက်စသတ်တော့ ကျွန်တော်ရှို့ထားခဲ့တဲ့ ထင်းစည်းက ချုံတွေ သစ်ပင်တွေ ကူးစက်ပြီး တောမီးကြီးလောင်သွားတော့တာကိုး။



www.burmeseclassic.com

www.burmeseclassic.com



'ဝီနာကို ငုံ့ကြည့်လိုက်တော့ မရှိတော့ဘူး၊ တောမီးကလည်း နီးသည်ထက်နီးကပ်နေပြီ။ ဒီတော့မှ သံတုတ်ကြီးကိုင်ပြီး မော်လော့တွေပြေးတဲ့ဘက်ကို လိုက်ပြေးရတော့တာကိုးဗျ။ သေဘေးကြီး နောက်က ကပ်လိုက်နေပြီဗျို့။ တစ်ခါက ကျွန်တော့်ရှေ့မှာ တောမီးကရောက်နေလို့ တခြားဘက် ချိုးပြေးရသေးတယ်။ နောက်ဆုံးကျတော့မှ သစ်ပင်လုံးဝမရှိတဲ့ ကွက်လပ်ကလေးတစ်ခုရောက်လို့ နားနေတုန်းမှာ မော်လော့တစ်ကောင် သွေးရူးသွေးတန်း ပြေးလာပြီး ကျွန်တော် ရပ်သလို မရပ်ဘဲ တောက်လျှောက်ကြီးမီးထဲ ပြေးဝင်သွားတော့တာကိုးဗျ။

'ဒီနေရာမှာ အနာဂတ်ခေတ်ကြီးနဲ့ ပတ်သက်လို့ အထူးအဆန်းတစ်ခု တွေ့ခဲ့ရတယ်။ တောမီးလောင်တဲ့ အရောင်ဟပ်လို့ ထိန်ထိန်လင်းနေတဲ့ ကွက်လပ်ကြီးတစ်ခုရဲ့အလယ်မှာ ကုန်းမြင့်ကလေးတစ်ခုရှိတယ်။ ကုန်းမြင့်ထိပ်မှာ သစ်ပင်ကြီးတစ်ပင် ပေါက်နေတယ်။ ကုန်းမြင့်ကလေးအနီးမှာ မော်လော့သုံးလေးဆယ်လောက်ဟာ အလင်းရောင်နဲ့ အပူရှိန်ကြောင့် ယောင်တောင်ဖြစ်ပြီး ဟိုတိုးဒီဝှေ့၊ တစ်ယောက်နဲ့တစ်ယောက် ဝင်တိုက်မိလို တိုက်မိ ကယောင်ချောက်ချားဖြစ်နေကြတယ်။ အစတုန်းက ကျွန်တော်က သူတို့အဖြစ်ကို မရိပ်မိလေတော့ ကျွန်တော့်အနား ရောက်လာတဲ့ မော်လော့ကို သံတုတ်ကြီးနဲ့ ရိုက်လှဲချလိုက်တာ ကွေးခနဲ ကွေးခနဲ ပုံလျက်ပုံလျက် ကျကျသွားကြတယ်။ နောက်တော့ သူတို့တွေးပုံအမူအရာတွေကို သေသေချာချာ ကြည့်လိုက်တော့မှ သူတို့ဟာ အလင်းရောင်ထဲမှာ လုံးဝမျက်စိမမြင်တဲ့အကြောင်း သိရတော့တာကိုး။ ဒီနောက်တော့ ကျွန်တော့်အနား ရောက်လာတော့ ကျွန်တော် တစ်ယောက်မှ မရိုက်တော့ဘူး။ ဒီနောက်လည်း ကျွန်တော့်အနားကို တစ်ခါတစ်ခါ တစ်ယောက်တလေ ရောက်ရောက်လာသေးတယ်။ ကျွန်တော့်ကိုတော့ မမြင်ရှာကြပါဘူး။ တစ်ခါက တောမီးတော်တော်သေးသွားလို့ ကျွန်တော့်ကို သူတို့ မြင်ချေတော့မလားလို့ ကျွန်တော်က ကြိုတင်ပြီး ရိုက်မယ်လို့တောင် ကြံမိသေးတယ်။ သို့သော်လည်း တောမီးက တစ်ခါလောင်ပြီး ပြန်တောက်လာပြန်တာနဲ့ မရိုက်တော့ပါဘူး။

'ကျွန်တော်လည်း သူတို့အကြားမှ ဖြတ်ပြီး ဟိုလျှောက်ဒီလျှောက် ဝီနာကို ရှာသေးတယ်။ သို့သော်မတွေ့ရတော့ပါဘူး။ နောက်ဆုံးကျတော့ ကျွန်တော်က ကုန်းမြင့်ကလေးထိပ်မှာ ထိုင်ပြီး မျက်မမြင်မော်လော့တွေ တရှုရှုနဲ့ သွားကြလာကြ၊ သူတို့ချင်းအသံပေးကြတာတွေကို ကြည့်နေရင်း မော်လော့နှစ်ယောက် သုံးယောက်က ကျွန်တော့်ကိုဝင်တိုက်မိကြလို့ လက်သီးနဲ့ကောက်ထိုးပြီး ဖယ်လိုက်ပါတော့တယ်။ တစ်ခါတစ်ခါတော့ ကျွန်တော် ကြုံတွေ့နေရတဲ့ လူစုနဲ့ သူတို့အပြုအမူတွေက မရေမရာရှိလွန်းလို့ ကိုယ့်ဟာကိုယ် အိပ်မက်မက်နေတာများ ဖြစ်



ရှေ့သလားလို့ ကိုယ့်ကိုယ်ကို ဆိတ်စမ်းကြည့်၊ အော်ဟစ်ကြည့် လုပ်မိသေးတယ်။ အိပ်မက်မက်နေတာ ဖြစ်ရင်လည်း နိုးပါရစေတော့လို့ ဘုရားသခင်ကို ဆုတောင်းမိသေးတယ်။ အတန်ကြီး ကြာတော့မှ တောမီးတွေ လျော့သွားပြီး မီးခိုးတွေ တလူလူရှိနေတဲ့အကြားမှ နေရောင်ခြည် ပေါ်ပေါက်လာတော့တာပဲ။ နေထွက်လာချင်း ဝီနာကို ရှာသေးတယ်။ မတွေ့ရဘူးဗျ။ မော်လော့တွေ ထောင်ချောက်ထဲဝင်ပြီး တောထဲမှာ ပစ်ထားခဲ့ဟန် တူပါရဲ့။ ဒီအကြောင်းကို စဉ်းစားမိတော့ အနီးအနားမှာရှိတဲ့ မော်လော့တွေကို ရိုက်သတ်ချင်တဲ့စိတ် ပေါ်ပေါက်လာသေးတယ်။ နောက်တော့မှ မတော်ပါဘူးဆိုပြီး ချုပ်တည်းထားလိုက်ရတယ်။

'ကောင်းကောင်းကြီး လင်းလာတော့ ကုန်းမြင့်ပေါ်က မတ်တတ်ရပ်ကြည့်လိုက်တဲ့အခါမှာ ကြွေစိမ်းရောင်ဗြဲတိုက်တို့၊ ကျောက်ဖြူရုပ်ကြီးရှိတဲ့ နေရာတို့ကို မြင်ရတယ်ဗျ။ ဒီတော့မှ သံချောင်းကြီးကိုင်ပြီး ကျွန်တော့် ယန္တရားစက်ဝှက်ထားကြတဲ့ ကျောက်ရုပ်ကြီးဆီကို တဖြည်းဖြည်း လျှောက်လာခဲ့တယ်။ ခရီးပန်း၊ အိပ်ပျက်၊ ခြေထောက်ကနာ၊ ဝီနာ့ကို သနားတာက တစ်ဖက်နဲ့ အတော်ကြီး စိတ်ဆင်းရဲမိတာကိုးဗျ။ ဒီတုန်းက ခင်ဗျားတို့လူစုကိုလည်း ကျွန်တော် သတိရမိတယ်ဗျ။ ဒီအိမ်ကို ပြန်ရောက်ချင်လိုက်တာကလည်း မပြောပါနဲ့တော့၊ ဒါနဲ့ တောတွေထဲကဖြတ်ပြီး လျှောက်လာတုန်း ဘောင်းဘီအိတ်ထဲ နှိုက်ကြည့်လိုက်တော့ မီးခြစ်ဆံလေးငါးဆံ တွေ့ရတယ်ဗျ။ မီးခြစ်ဘူး ခိုးယူကြတုန်းက ဖိတ်ကျန်ရစ်ခဲ့တာနဲ့ တူပါရဲ့။

❖

## အခန်း( ၁၃ )

## ကျောက်ရုပ်ကြီးအောက်မှ ထောင်ချောက်

'နံနက် ၉ နာရီလောက်မှာ ကျွန်တော် လက်ဦးရောက်တဲ့နေ့က ထိုင်ကြည့်ခဲ့တဲ့ ဝါကြန့်ကြန့်သတ္တုနဲ့ လုပ်ထားတဲ့ ထိုနေရာကို ပြန်ရောက်တယ်။ ဒီနေရာက ထိုင်ကြည့်လိုက်တော့ ဟိုနေ့တုန်းက မြင်ခဲ့တဲ့အတိုင်းပဲ နန်းတော်လို အဆောက်အအုံကြီးတွေ၊ အမိုးနဲ့တွင်းကြီးတွေ၊ အနီးရှိ ချောင်းကလေးမှာ ရေချိုးနေကြတဲ့ အီလွိုင်တွေအားလုံး မြင်ရတယ်။ သို့သော် ဟိုနေ့တုန်းကတော့ သူတို့အပေါ်မှာ အထင်ကြီးခဲ့မိတယ်၊ အခုတော့ အထင်မကြီးတော့ဘူး။ ဘာကြောင့်လဲဆိုတော့ ကပ်တွေ ကျော်နင်းနိုင်အောင်၊ ဒုက္ခတွေမှ လွတ်မြောက်အောင်၊ အေးအေးချမ်းချမ်း အမျိုးမျိုးတွေ လွန်မြောက်အောင်ဆိုပြီး ကြိုးစားအားထုတ်ခဲ့ကြတဲ့ လူသဘာဝတွေ

www.burmeseclassic.com

www.burmeseclassic.com



ဟာ တကယ့်တကယ် လွန်မြောက်ပြန်တော့လည်း ယခုလို နုံချာညှိုးဖျော့တဲ့ အဖြစ်မျိုး ရောက်ကြလေကိုးလို့ သနားမိတယ်။ ဖော်ပြခဲ့တဲ့ ဒုက္ခဆင်းရဲနဲ့ ကပ်တွေကို ကျော်လွန်အောင် လုံ့လပြုလို့ ကျော်လွန်စအခါလေးမှာတော့ ချမ်းသာကြသလား မဆိုနိုင်ဘူး။ ဒီရှေ့လျှောက်ပြီး စည်းစိမ်ခံနေကြလို့ ဆုတ်ကပ်ဖြစ်လာတဲ့ အီလွိုင်တွေ လက်ထက်ကျတော့ တယ်မဟန်တော့ပါကလားလို့ စဉ်းစားမိတယ်။

'ဒုက္ခနဲ့တွေ့တော့မှ လွတ်အောင်ကြိုးစားရလို့ ဉာဏ်တွေထွက်လာတယ် ဆိုတာ လူတွေ သဘောမပေါက်ကြဘူး။ ပြောင်းလဲခြင်းမရှိ၊ ဒုက္ခမရှိတဲ့ နေရာမျိုးမှာ အကြံဉာဏ်ဆိုတာ မရှိနိုင်ဘူးဗျ။ ဒုက္ခကြပ်ကြပ်များလေ ဉာဏ်ထက်လေပဲ။ ဒါကြောင့် အီလွိုင်တွေ ကာယဗလ၊ ဉာဏဗလမရှိဘဲ အဆင်းသက်သက် ရှိတော့တယ်။ မော်လော့တွေမှာလည်း စက်ရုပ်တွေလို ဖြစ်ကုန်ရပြီ။

'သို့သော် မြေအောက်က စက်သမားက ဒီပြင်နေရာတွေမှာ နုံသော်လည်း မြေပေါ်သမားတွေထက်တော့ နည်းနည်းပါးပါး ဉာဏ်ထုတ်ရသေးတယ်။ သူတို့မှာ အသားစားစရာ မရှိတော့ ဘယ်လိုလုပ်ကြမလဲ၊ ဓာတ်တူသား စားကြရတယ်။ ဓာတ်တူသားဆိုတာ တခြားမဟုတ်ဘူး၊ အီလွိုင်သား ဆိုလိုတယ်။ ဟိုနေ့က မြေအောက်ကိုသွားတော့ စားပွဲပေါ်မှာ အသားတုံးကြီး တင်ထားတာ တွေ့ရတယ်။ အလွန်ညှီတယ်လို့ ကျွန်တော် ပြောတယ်မဟုတ်လား။ အဲဒါတခြား မဟုတ်ဘူးဗျ။ မြေပေါ်က အီလွိုင်ကိုဖမ်းပြီး မော်လော့တွေ စားတာဗျ။ သို့သော် ဒီအကြောင်း ရှေ့လျှောက်ပြောဖို့ ရှိပါသေးတယ်။

'ဒါနဲ့ ထိုင်ခုံပေါ်မှာထိုင်ရင်း စိတ်ကူးရာမှာ မိုက်ခနဲဖြစ်သွားလေတော့ မြက်ခင်းပေါ်မှာ လှဲပြီး အကြာကြီးအိပ်လိုက်တယ်။ နေဝင်ခါနီးမှ နိုးလာတော့ ကျောက်ရုပ်ကြီးဆီကို သံချောင်းကြီးကိုင်ဆင်းလာခဲ့တယ်။ ဒီနေရာမှာ မမျှော်လင့်တာတစ်ခု ကြုံတွေ့ရတယ်။ ကျောက်ရုပ်ကြီးဆီ ရောက်လာတော့ အောက်က လောဟာသတ္တုခုံကြီးမှာ မှန်ကူကွက်ဖော်ထားတဲ့ နေရာက တံခါးဖြစ်နေပြီး ပွင့်နေတာ တွေ့ရတယ်။ တံခါးမှာ လက်ယှက်မပါဘဲ အောက်လျောချပြီး ဖွင့်ရတဲ့တံခါးမျိုးကိုဗျ။ အထဲငုံ့ကြည့်လိုက်တော့ အခန်းကလေးတစ်ခန်း တွေ့ရပြီး ထောင့်တစ်ထောင့်က ပလ္လင်လိုဟာကလေးပေါ်မှာ ကျွန်တော့် ယန္တရားစက်တင်လို့ဗျ။ စိတ်ကူးတစ်ခုရတာနဲ့ အတွင်းကို ငုံ့ဝင်ကြည့်တော့ ယန္တရားစက်ကို ချေးတွေဘာတွေဆေးလို့၊ ဆီတွေဘာတွေ ထည့်လို့။ ကျွန်တော့်အထင်တော့ မော်လော့တွေက ကျွန်တော့်စက်ကို ဖြုတ်ကြည့်ကြဟန်တူတယ်။ စိတ်ကူးတစ်ခုရတယ်ဆိုတာ တခြားမဟုတ်ဘူး။ မော်လော့တွေက ကျွန်တော့်ကို ထောင်ဖမ်းဖို့ အကြံအစည်နဲ့ ယန္တရားစက်ကို ကျွန်တော်မြင်အောင် ဗန်းပြထားတယ်လို့ တွေးထင်မိတယ်။



'ကျွန်တော် တွေးတဲ့အတိုင်းပဲ၊ ငုံ့ဝင်သွားလို့ ယန္တရားစက်နား ရောက်သည်နှင့်တစ်ပြိုင်နက် လောဟာသတ္တုခုံကြီးမှ မှန်ကူကွက်တံခါးဟာ ဂျောင်းဆို လန်ကျပြီး အတွင်းမှာ ကျွန်တော် လှောင်မိလျက်သား ဖြစ်နေတော့တာကိုးဗျ။ ဒါပေမဲ့ ကျွန်တော်မလန့်ပါဘူး၊ အစကတည်းက သူတို့အကြံကို ရိပ်မိပြီးသားကလဲ။ ဒါကြောင့် ကျွန်တော်က ရယ်တောင်ရယ်လိုက်သေးတယ်။ သူတို့ကလည်း ကျွန်တော်မိနေပြီဆိုပြီး ရယ်ကြတာပေါ့လေ။ ကျွန်တော်က မီးခြစ်ဆံကို ခြစ်၊ စက်ပေါ်မှာ တက်ထိုင်ပြီး စက်နှိုးလိုက်ရုံ ရှိတော့တာကိုး။ သို့သော် တစ်ခုခက်တာက ဒီမီးခြစ်ဆံတွေက ဘူးရှိမှ ခြစ်လို့ရတဲ့ဟာမျိုး ဖြစ်နေပြန်ပါရောဗျ။ နေရာတကာ ခြစ်ချင်ရာ ခြစ်လို့ မီးပွင့်တဲ့ မီးခြစ်ဆံမျိုး မဟုတ်ဘဲဟာကိုး။ ဒီတော့မှ ကျွန်တော် ချွေးကျပြန်ရောဗျို့။ မော်လော့တွေက ကျွန်တော့်အနား ရောက်နေလို့ တစ်ကောင်က ကျွန်တော့်ကို လက်နဲ့စမ်းကြည့်နေပြီဗျ။

'ဒီတော့ ကျွန်တော်က အိတ်ထဲမှာ ဖြုတ်ထည့်ထားတဲ့ လက်ကိုင်နဲ့ယမ်းတဲ့ပြီး ကုန်းနှီးပေါ် ခုန်တက်လိုက်တော့ ကျွန်တော့်ကို လက်ကလေးတွေနဲ့ ခင်းလိုက်၊ ဆွဲလိုက်ကြတာဗျာ။ ကျွန်တော်ကလည်း လက်ကိုင်ကို ကပျာကယာ ပြန်တပ်၊ ခလုတ်ကို လက်နဲ့စမ်းနှိုး၊ စက်နိုးလာလို့ အရှိန်ရတော့မှ ကျွန်တော့်ကို ဆွဲထားတဲ့ လက်ကလေးတွေ ကွာကျနေရစ်ပြီး မှောင်မိုက်ရာမှ အလင်းထဲ ရောက်လာပြီး၊ လာခဲ့တုန်းက အဖြစ်မျိုးအတိုင်း ခရီးထွက်ခဲ့ရပြန်တာကိုးဗျ။

❖

## အခန်း(၁၄)
## ထပ်လောင်းတွေ့ရခြင်း

'ကာလယန္တရားနဲ့ ခရီးသွားရပုံဟာ ဘယ်လိုနေတဲ့အကြောင်း ကျွန်တော် ပြောပြခဲ့ပြီ။ ကုန်းနှီးပေါ်မှာ တည့်တည့်မထိုင်မိဘဲ တစ်စောင်းထိုင်လိုက်ရင်း တော်တော် ထွက်မိလို့ လက်တံတွေ ကြည့်လိုက်တော့ လက်တံတစ်ခုက နေ့တွေကို တစ်နေ့ပြီးတစ်နေ့ ပြတယ်။ လက်တံတစ်ခုက နေ့ပေါင်းတစ်ထောင်မှာမှ တစ်ကွက်ပြတယ်။ ဒီပြင်တစ်ခုက နေ့ပေါင်းတစ်သန်းမှာမှ တစ်ကွက်ပြတယ်။ ဒါနဲ့ လက်တံတွေကို သေသေချာချာ ကြည့်လိုက်တော့ ကျွန်တော်က ရောက်တဲ့နေရာက ခလုတ်ကို နောက်ပြန်လှည့်ဖို့ သတိမရဘဲ ရှေ့ဆက်ပြီး သွားသွားနေမိလို့ အနည်းသည်ထက် ဝေးသွားတာ တွေ့ရတော့တာကိုး။

'ပတ်ဝန်းကျင်အရပ်ကို လှမ်းကြည့်လိုက်တော့မှ ပင်လယ်အလည်း တိမ်တိမ်ကလေး၊ နေကလည်း နီလို့။ လူနေအိမ်ခြေရယ်လို့ မတွေ့ရဘဲ ဖွတ်လိုကောင်

www.burmeseclassic.com



တထာန်းလိုလို အကောင်ကြီးတွေကလည်း ပတ်ဝန်းကျင် တစ်လျှောက်မှာ ပြည့်လို့နေတော့တာပဲ။ ဒီအတိုင်း ဆက်သွားနေရင် ကမ္ဘာပျက်တဲ့ဆီအထိ ရောက်များသွားလေမလားလို့ စိုးရိမ်လာပြီး စက်ကို တဖြည်းဖြည်း ဘရိတ်အုပ်ရပ်၊ ဘက်ဂီယာပြန်သွင်း။ ဒီနောက်မှ တဖြည်းဖြည်း မြန်သည်ထက် မြန်မြန်မောင်းလာလိုက်တာ နောက်ဆုံးမှာ ကျွန်တော့်အလုပ်ခန်း နံရံတွေ ပေါ်ထွက်လာပြီး ကျွန်တော်သုံးနေကျ လက်နက်ကိရိယာတွေထဲ ရောက်လာလို့ စက်ကို ရပ်လိုက်တော့တာကိုး။ စက်ပေါ်ကဆင်းတော့ အကြောတွေဆိုင်းနေလို့ ခုံကလေးပေါ်မှာ ခဏထိုင်လိုက်ရသေးတယ်ဗျ။ တစ်ကိုယ်လုံးလည်း ကတုန်ကယင်ဖြစ်နေတော့တယ်။ တော်တော်ကြာအောင် ထိုင်မိတော့မှ နေသာထိုင်သာ ရှိလာပြီး ဒီအခန်းထဲ ဝင်လာခဲ့တော့ ခင်ဗျားတို့လူစုနဲ့ တွေ့တော့တာကိုး။ ခင်ဗျားတို့ကတော့ ယုံကြမယ် မဟုတ်ဘူးပေါ့လေ။ စိတ်ကူးနဲ့ ထွင်ပြောတာလား၊ အိပ်မက် မက်တာလားလို့ တွေးကြမှာပေါ့'

ကျွန်ုပ်တို့ ဧည့်သည်များသည် မည်သို့မျှ အဖြေမပေးဘဲ တစ်ယောက်၏ မျက်နှာကို တစ်ယောက် ကြည့်နေကြလေ၏။ နောက်ဆုံး၌ အယ်ဒီတာက 'ခင်ဗျားဟာ ဝတ္ထုရေးဆရာတစ်ယောက်ဖြစ်ရင် တော်တော်နေရာကျမယ်ဗျို့'ဟု ပြောလိုက်၏။

'ဒါဖြင့် ခင်ဗျားက မယုံဘူးပေါ့လေ'

'ခက်တယ်ဗျ'

'ကျွန်တော်ကလည်း ယုံကြည်ကြလိမ့်မယ် မထင်ဘူး။ အမှန်ပြောရရင် ခင်ဗျားတို့ မဆိုထားနဲ့၊ ကိုယ့်ဟာကိုယ်တောင် မယုံနိုင်အောင် ဖြစ်နေတယ်ဗျ'

ထို့နောက် ကာလခရီးသည်လည်း စားပွဲပေါ်၌တင်ထားသော ပန်းခြောက်ကလေးများနှင့် သူ၏လက်မှ အပွန်းအပဲ့များကို ကြည့်နေလေ၏။ စိတ်ပညာပါရဂူနှင့် ဆရာဝန်တို့လည်း ပန်းခြောက်တစ်ဖွဲ့စီ တောင်းယူကြ၏။

ထိုအချိန်၌ကား နာရီပြန်တစ်ချက် ထိုးလုပြီဖြစ်၍ ဧည့်သည်များမှာ အိမ်သို့ပြန်ရန် အခက်အခဲရှိနေကြသဖြင့် မြင်းရထား ရနိုင်မည့်နေရာကို ဆွေးနွေးလျက်ရှိစဉ် ကာလခရီးသည်က 'နေစမ်းပါဦးဗျာ၊ ကာလခရီးသွားတယ်ဆိုတာ ဟုတ်မှဟုတ်ကြရဲ့လား။ ကျုပ် အိပ်မက် မက်လာခဲ့တာများလား။ ကျုပ် ယန္တရားစက်ကို ကျုပ် သွားကြည့်စမ်းပါရစေဦးဗျာ'ဟု ပြော၍ မီးအိမ်ကို ယူပြီးလျှင် သူ၏အလုပ်ခန်းသို့ သွားသဖြင့် ကျွန်ုပ်တို့လည်း လိုက်သွားကြလေ၏။

ယန္တရားစက်မှာ အလုပ်ခန်း၏ တစ်ခုသောထောင့်၌ရှိ၍ အစွန်းအစက်များ စွန်းပေနေသည့်ပြင် တန်းကလေးတစ်ခုမှာလည်း အနည်းငယ်လိမ်ကောက်လျက်



ရှိ၏။ ယန္တရားစက်၏ အောက်ခြေ၌လည်း မြက်ပင်များနှင့် ရေညှိအနည်းငယ် ငြိတွယ်လျက်ရှိသည်ကို တွေ့ရ၏။

ကာလခရီးသည်,သည် လိမ်ကောက်နေသော တန်းကို လက်ဖြင့်စမ်းသပ်ပြီးနောက် 'ဟုတ်သားပဲဗျ၊ ကျွန်တော်ပြောတဲ့အတိုင်း ခရီးသွားခဲ့တာ မှန်သားပဲ' ဟုပြော၍ ဧည့်သည်အားလုံး ပြန်ဝင်လာခဲ့ကြလေ၏။ ကျွန်ုပ်တို့သည် ဘုတာရုံသို့ လျှောက်လာကြစဉ် ကာလခရီးသည်မှာ အခန်းဝမှရပ်၍ 'ဂွတ်နိုက်' ဟု ဟစ်အော်နှုတ်ဆက် နေရစ်လေ၏။

အခြားသော ဧည့်သည်များက ခရီးသည်၏ အတ္ထုပ္ပတ္တိကို မယုံကြည်ကြသော်လည်း ကျွန်ုပ်မှာ မဆုံးဖြတ်နိုင်သည်နှင့် မအိပ်နိုင်ဘဲ ဖြစ်နေ၏။ သို့ဖြစ်၍ ဤအကြောင်းကို ထပ်လောင်းစုံစမ်းဦးမည်ဟု နောက်တစ်နေ့၌ ခရီးသည်၏ နေအိမ်သို့ ထွက်လာခဲ့ရာ အလုပ်ခန်းထဲ၌ရှိသည်ဆိုသဖြင့် ထိုနေရာသို့ လိုက်သွားသော်လည်း ခရီးသည်ကို မတွေ့ရချေ။ သို့ရာတွင် ယန္တရားစက်မူကား အခန်းထောင့်၌ ရှိသဖြင့် လက်နှင့်တို့ကြည့်ရာ အနည်းငယ်ထိရုံမျှနှင့် ယိမ်းလှုပ်ရှားသွားသောကြောင့် လန့်သွားမိ၏။

ထို့နောက် ကျွန်ုပ်သည် အလုပ်ခန်းမှ ပြန်ထွက်လာ၍ လှေကားမှဆင်းလာသော ကာလခရီးသည်နှင့် တွေ့ဆုံမိသည်တွင် သူ၏လက်ထဲ၌ ဓာတ်ပုံရိုက်သော "ကင်မရာ" တစ်ခုနှင့် လွယ်အိတ်တစ်လုံးကို တွေ့မြင်ရ၏။

'ကျွန်တော်တော့ သိပ်အလုပ်ရှုပ်နေတာယ်ဗျာ။ ဒီကိစ္စ ဆက်လက် စုံစမ်းရဦးမယ်'

'ကာလခရီး သွားတယ်ဆိုတာ တကယ်ပဲလား ဆရာကြီးရယ်'

'တကယ်ပေါ့ဗျ၊ မကြာပါဘူးဗျာ၊ နာရီဝက်လောက်ပါ။ ခင်ဗျားထိုင်စောင့်နေရစ်ပါဦး။ ဒီတစ်ခါတော့ ဓာတ်ပုံလို၊ သက်သေခံပစ္စည်းတွေကို အလုံအလောက် ယူလာခဲ့မှာဗျို့'

ကာလခရီးသည်လည်း အလုပ်ခန်းထဲသို့ ဝင်သွား၍ ကျွန်ုပ်လည်း မှာစောင့်စာအုပ်နှင့် စောင့်နေရာ နာရီဝက်မက တစ်နာရီကျော်သော်လည်း ပြန်မထွက်လာသည်နှင့် ကျွန်ုပ်မှာ အိမ်သို့ပြန်သွားရ၏။ နောက်တစ်နေ့၌ ကျွန်ုပ်လာရောက်စုံစမ်းပါသော်လည်း ခရီးသည်မှာ ပြန်မလာသေးချေ။

ယနေ့သော်ကား ကာလခရီးသည် ပျောက်ကွယ်သွားသည်မှာ သုံးနှစ်တိတိ ရှိခဲ့လေပြီ။ ထိုနေ့မှစ၍ ယန္တရားစက်လည်း မကျန်ရစ်၊ လူလည်း မပေါ်လာတော့ဘဲ တစ်ခါတည်း စုပ်စမြုပ်စ မြုပ်ကွယ်သွားလေရာ ကမ္ဘာဦးကာလသော အရာဂတ်ခေတ်သို့ ရောက်သွားသည်၊ သို့တည်းမဟုတ် လူရိုင်းများ သောင်းကျန်း

www.burmeseclassic.com



သော အတိတ်ခေတ်သို့ ရောက်သွား၍ သူတို့၏ လက်ချက်ဖြင့် သေဆုံးရရှာသည် ဟူသော အခြင်းအရာမှာ ကျွန်ုပ်တို့ ညီ့သည်များ၏ တွေးဆချက်မျှသာဖြစ်ပေသတည်း။

(H.G.Wells ၏ The Time Machine ကို မှီးပါသည်။)

[တော်ဝင်မဂ္ဂဇင်း၊ အတွဲ (၁)၊ အမှတ် (၅)၊ ဇန်နဝါရီလ ၁၉၅၀]

BURMESE CLASSIC .com

www.burmeseclassic.com